
Harry Potter
AND THE
DEATHLY HALLOWS
J. K. ROWLING

# ဟယ်ရီပေါ်တာနှင့် မှော်ဝင်ရတနာ

ကောင်းမြတ်လွန်းသော် (ဆေးတက္ကသိုလ်) ဘာသာပြန်သည်။

# ဟယ်ရီပေါ်တာနှင့် မှော်ဝင်ရတနာ

(ပထမပိုင်း)

ဟယ်ရီမှာ မည်သို့မှ ဖြစ်နိုင်ဖွယ် မရှိသော ဗိုဒီမော့၏ ဝိညာဉ်ကိုယ်ပွားများကို ရှာဖွေဖျက်ဆီးရန် တာဝန်ကြီးတစ်ရပ်ကို ပခုံးပေါ် ထမ်းထားရသည်.....။ သူ၏အနာဂတ်တွင် မမြင်နိုင်သော

အန္တရာယ်များနှင့် ပြည့်နှက်နေသည့်နယ် ခံစားနေရသည်....။ သို့ရာတွင် ထိုတာဝန်ကို ပြီးစီးအောင် စွမ်းဆောင်နိုင်ရန် ဟယ်ရီတစ်ယောက် ကြိုးစားရပေမည်...။ သူ့ကို ချစ်ခင်သူများနှင့်

နွေးထွေးမှု ပေးနိုင်သော ဘာရိုးမှ စွန့်ခွာကာ ထိုလမ်းကြောင်းအတိုင်း မကြောက်မရွံ့ လျှောက်လှမ်းရပေမည်....။

ဤသတ္တမမြောက် စာအုပ်တွင် စောင့်မျှော်နေခဲ့ရသော မေးခွန်းများစွာကို ဖြေရှင်းပေးထားသည်....။ စာရေးဆရာကိုယ်တိုင် သင့်ဘေးနားတွင် ဖတ်ပြနေသကဲ့သို့

စိတ်ဝင်စားဖွယ်ရာကောင်းမည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်...။

ဟယ်ရီတစ်ယောက် ပရီဗက်ဒရိုက်လမ်းကအိမ်မှာ စိတ်မရှည်နိုင်စွာ စောင့်မျှော်နေရသည်။ ဖီးနစ်အဖွဲ့ဝင်များက သူ့ကို ဗိုဒီမော့နှင့် သူ့အပေါင်းပါများ မသိအောင် စောင့်ရှောက်ကာ

ဘေးကင်းရာသို့ ပို့ပေးပေလိမ့်မည်။ ထို့နောက်တွင် ဟယ်ရီ မည်ကဲ့သို့ ဆက်လက် လှုပ်ရှားမည်နည်း....။ ပရော်ဖက်ဆာ ဒမ်ဘယ်ဒိုးထားရစ်ခဲ့သည့် ဖြစ်နိုင်ဖွယ် မရှိသလောက်

ခက်ခဲသည့် တာဝန်များကို သူမည်ကဲ့သို့ စွမ်းဆောင်နိုင်မည်ဆိုသည်မှာ..................။

## ၁။ မိစ္ဆာသခင်ကြီး၏ အကြံအစည်

လမ်းကျဉ်းကလေး တစ်ခုအတွင်းဝယ် ရုတ်တရက်ဆိုသလိုပင် လူနှစ်ယောက် လေထဲမှ ဘွားခနဲ ပေါ်လာကြသည်။ နှစ်ယောက်စလုံး ခေတ္တမျှ ငြိမ်သက်နေပြီးနောက် ရုတ်ချည်းဆိုသလိုပင်

မှော်တောင်ဝှေးများကို ထုတ်ကာ တစ်ဦး၏ရင်ဝကို တစ်ဦး ချိန်ရွယ်ထားကြ၏။ သို့သော် ခဏချင်းမှာပင် တစ်ယောက်နှင့်တစ်ယောက် မှတ်မိသွားကြဟန်ဖြင့် မှော်တောင်ဝှေးများကို

သိမ်းဆည်းကာ အတူတူ လျှောက်လာကြရင်း...

"ဘာသတင်းရသေးလဲ..." အရပ်ရှည်ရှည်လူက မေးလိုက်၏။

"အခြေအနေကောင်းတယ်"

ဆီးဗားရပ်စ် စနိပ်က ချက်ချင်းပင် အဖြေပေးလိုက်သည်။

လမ်းကျဉ်းကလေး၏ ဘယ်ဘက်တွင် ဆူးပင်ပုများ ခြံစည်းရိုးသဖွယ် ကာရံနေပြီး ညာဘက်တွင်မူ ကျနစွာ အလှဆင်ထားသော စည်းရိုးများ ရှိနေသည်.

ရက်ဇ်လေက ...

"ငါ နောက်ကျနေပြီထင်တာ.."

သူ၏ရုပ်သွင်ကို ရှုပ်ထွေးနေသော သစ်ကိုင်းများကြားမှ ဖြာကျနေသောလရောင်အောက်တွင် မထင်မရှား မြင်နေရ၏...။

"ငါ ထင်တာထက်တော့ လုပ်ရကိုင်ရ ခက်တယ်... ဒါပေမယ့် သူ ကျေနပ်လိမ့်မယ် ထင်ရတာပဲ... မင်းရဲ့ အလုပ်ကော အဆင်ပြေခဲ့ရဲ့လား.."

စနိပ် ခေါင်းတစ်ချက် ညိတ်ပြလိုက်၏...။ သူတို့ ညာဘက်ရှိ လမ်းကျယ်ကြီး တစ်ခုထဲသို့ ချိုးကွေ့ဝင်လိုက်သည်။

ခြံစည်းရိုး ပန်းခြံများ အဆုံးဝယ် ဧရာမ သံတံခါးနှစ်ချပ် တပ်ဆင်ထားသော ဂိတ်ဝတစ်ခု ရှိနေသည်...။ နှစ်ယောက်စလုံး ခြေလှမ်းများကို မရပ်တန့်ချေ...။ ဆက်၍လျှောက်သွားရင်း

ဘယ်လက်များကို အလေးပြုသည့်သဏ္ဍာန်တစ်ခု လုပ်ကာ သံတံခါးအတွင်းသို့ မီးခိုးငွေ့များနှယ် ဖြတ်ဝင်သွားကြသည်။

ခြံစည်းရိုးအတွင်းဝယ် သူတို့၏ခြေသံများသာ ပဲ့တင်ထပ်နေ၏…။

ရုတ်တရက် သူတို့၏ ညာဘက်ခြမ်းတစ်နေရာမှ အသံတစ်သံ ထွက်ပေါ်လာသည်။ ရက်ဇ်လေ သူ၏မှော်တောင်ဝှေးကို ဆွဲထုတ်ကာ နောက်တစ်ခါ ချိန်ရွယ်လိုက်ပြန်၏…။ သို့ရာတွင်

သူကြားရသော အသံမှာ အဖြူရောင်ဒေါင်းတစ်ကောင် ခြံစည်းရိုးပေါ်တွင် သွားနေခြင်းမျှသာ ဖြစ်သည်…။

ရက်ဇ်လေ သူ၏မှော်တောင်ဝှေးကို ပြန်ထည့်လိုက်ရင်း…

"ဒေါင်းတစ်ကောင်ပဲ…"

လမ်းအဆုံး အမှောင်ထဲမှ ရုတ်ချည်းဆိုသလိုပင် ကြီးကျယ်ခမ်းနားလှသော အိမ်ကြီးတစ်ဆောင် ဘွားကနဲ ပေါ်လာ၏…။ ခြံ၏ဘေး အမှောင်ထဲတွင် ရေပန်းတစ်ခုကို မြင်နေရသည်…။

ရက်ဇ်လေနှင့် စနိပ်တို့ တံခါးဝဆီ တိုးကပ်သွားချိန်ဝယ် သူတို့၏ ခြေထောက်အောက်မှ အက်ကွဲသံများ ထွက်ပေါ်လာပြီး တံခါးမှာ အလိုအလျောက်ပင် ပွင့်သွားတော့သည်…။

ခန်းမကြီးမှာ ကျယ်ဝန်းပြီး ခပ်မှိန်မှိန် မီးရောင်အောက်ဝယ် သေသပ်စွာ အလှဆင်ထား၏…။ ခန်းလုံးပြည့်နီးပါး လှပသော ကော်ဇောကြီးကို ခင်းထားသည်…။

နံရံပေါ်ရှိ ဓါတ်ပုံများမှ လူများ ကြည့်နေကြသည်…။

နှစ်ယောက်စလုံး ကြီးမားလှသော သစ်သားတံခါးတစ်ခုရှေ့တွင် ရပ်တန့်လိုက်ကြသည်…။

အချိန်အနည်းငယ်မျှ တွေဝေနေပြီးနောက် စနိပ် တံခါးပေါ်ရှိ ကြေးလက်ကိုင်ကို လှည့်လိုက်သည်…။

အခန်းအတွင်းဝယ် လူများ ပြည့်နေသော်လည်း အပ်ကျသံပင် မကြားရအောင် ရှိသည်…။ အားလုံးမှာ စားပွဲရှည်တစ်ခုတွင် ဝိုင်းထိုင်နေကြ၏…။

အခန်းတွင်းရှိ အခြား ပရိဘောဂများကို အခန်းနံရံနှင့် ကပ်ထားကြသည်…။

အခန်းတွင်းဝယ် မီးအိမ်တစ်ခုဆီမှ တောက်လောင်နေသော မီးအလင်းရောင်က လွှမ်းခြုံထားသည်…။

စနိုပ်နှင့် ရက်ဇ်လေတို့မှာ ရုတ်တရက်မို့ မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ဘာကိုမှ မမြင်နိုင်ကြ...။ သူတို့မျက်လုံးများ ကျင့်သားရလာချိန်ဝယ် ထူးဆန်းသော အခြင်းအရာတစ်ခုကို

တွေ့လိုက်ကြရသည်...။

စားပွဲအပေါ် လေထဲဝယ် လူတစ်ယောက်မှာ ဇောက်ထိုးတွဲလောင်းကျနေ၏...။ မမြင်ရသည့် ကြိုးများနှင့် ချည်နှောင်ခံထားရသည့်သဖွယ် ဖြစ်နေသည်။

"ရက်ဇ်လေ... စနိုပ်..."

စားပွဲခုံထိပ်မှ ကျယ်လောင်သော အသံ ထွက်ပေါ်လာ၏...။

"မင်းတို့ နောက်ကျတယ်..."

အသံရှင်မှာ မီးဖိုရှေ့တည့်တည့်တွင် ထိုင်နေသဖြင့် ရုတ်တရက် ဝင်လာသူများအဖို့ အရိပ်သဏ္ဍာန်မှအပ ဘာကိုမှ မမြင်ရပေ...။ အနီးရောက်မှသာ ဆံပင်တစ်မွေးမျှ မရှိသော ခေါင်းနှင့်

မြွေတစ်ကောင်၏ နှာခေါင်းသဖွယ် အက်ကွဲကြောင်းမျှသာရှိသော မျက်နှာပေါ်တွင် မီးဝင်းဝင်းတောက်နေသော အနီရောင် မျက်ဝန်းအစုံကို မြင်တွေ့ရတော့သည်...။ မျက်ဆံများမှာ

ကြောင်တစ်ကောင်နှယ် ဒေါင်လိုက်ရှိနေပြီး အလွန်ဖျော့တော့သော အသားအရေ ရှိကာ ပုလဲသဖွယ် ဖြူဖွေးနေ၏။

ဗိုဒီမော့က သူ၏ ညာဘက်ကပ်ရပ် ထိုင်ခုံကို ညွှန်ပြရင်း...

"ဆီးဗားရပ်စ်... ဟောဒီမှာ ထိုင်..."

"ရက်ဇ်လေ... ဒိုလိုဟော့ဘေးမှာ ထိုင်..."

နှစ်ယောက်စလုံး သတ်မှတ်ထားသော နေရာများတွင် ဝင်ထိုင်လိုက်ကြ၏။ စားပွဲတွင် ထိုင်နေသမျှ လူများ၏ မျက်လုံးများမှာ စနိုပ်၏ ကိုယ်ပေါ်သို့ စုပြုံကျရောက်လာသည်...။

ဗိုဒီမော့ကလည်း သူ့ကိုပင် စတင်၍ စကားဆို၏...။

"ဘယ်လိုလဲ..."

"ဟယ်ရီပေါ်တာကို ဖီးနစ်အဖွဲ့က လူတွေက လာမယ့်စနေနေ့ညမှာပဲ နေရာပြောင်းကြလိမ့်မယ်.."

စားပွဲတွင် ထိုင်နေသူများ၏ စိတ်ဝင်စားမှုမှာ စနိပ်နှင့် ဗိုဒီမော့အပေါ်သို့ လုံးလုံးလျားလျား ကျရောက်သွားသည်...။

"စနေနေ့ည ... ဟုတ်လား..."

ဗိုဒီမော့က စဉ်းစားသလို ပြောရင်း သူ၏ ရဲရဲတောက်နေသော မျက်လုံးအစုံနှင့် စနိပ်ကို စူးစိုက်ကြည့်လိုက်သည်....။ ကြည့်နေသူများပင် ဗိုဒီမော့၏ အကြည့်ကြောင့် ထိတ်လန့်မှုကို

ခံစားလိုက်ရသည်...။

သို့ရာတွင် စနိပ်မှာမူ ဗိုဒီမော့အား အေးဆေးစွာ ပြန်ကြည့်နေ၏...။ တစ်ခဏအကြာတွင် ဗိုဒီမော့၏ နှုတ်ခမ်းသားမရှိသော ပါးစပ်အစုံမှာ ပြုံးသကဲ့သို့ တွန့်သွားပြီး...

"ကောင်းတယ် ... ကောင်းတယ် ... ဒီသတင်းက..."

"ကျွန်တော် စိတ်ချရတဲ့နေရာက ရခဲ့တာပါ..." စနိပ်က ဖြေလိုက်၏။

"သခင် ခင်ဗျား..."

ရက်ဖ်လေ ရှေ့သို့တိုးလာရင်း ဆိုလိုက်၏...။

"ကျွန်တော် ကြားတဲ့သတင်းကတော့ ဒီလိုမဟုတ်ပါဘူး သခင်..."

ရက်ဖ်လေ ခေတ္တမျှ ဆိုင်းငံ့ထားလိုက်၏...။ သို့ရာတွင် ဗိုဒီမော့ဆီမှ မည်သည့်စကားသံမှ ထွက်မလာ...။ ထို့ကြောင့် ...

"အော်ရာတစ်ယောက်ဖြစ်တဲ့ ဒဝ့စ်ရှ်ဆီက ကြားရတာကတော့ ဟယ်ရီပေါ်တာဟာ သူ့ရဲ့ ဆယ့်ခုနစ်နှစ်မြောက် မွေးနေ့ မရောက်မချင်း ဘယ်မှ သွားမှာ မဟုတ်ဘူးလို့ ဆိုပါတယ်...."

"သခင် ခင်ဗျား .... သူ့ကြည့်ရတာ တော်တော်ကို သေသေချာချာ သိထားပုံပါပဲ ... မမှားနိုင်ပါဘူး..."

စနိပ်က ပြုံးလိုက်ရင်း...

"ကျုပ် ရခဲ့တဲ့ သတင်းကတော့ သူတို့ သတင်းမှားတွေ လွှင့်မယ်ဆိုပဲ... ဒါပဲဖြစ်ရမယ်ဗျ..."

"သခင် ခင်ဗျား... ဒဲဝှစ်ရှဆီက သတင်းက ပိုမှန်နိုင်ပါတယ်..."

ရက်ဇ်လေက အလျှော့မပေးပဲ ဆို၏...။

"ငါ မင်းကို ဘယ်နှစ်ခါ ပြောရမလဲ ရက်ဇ်လေ... ဖီးနစ်အဖွဲ့က လူတွေက ဝန်ကြီးဌာနကိုကော အော်ရာတွေကိုပါ မယုံတာ ကြာပြီ... ငါတို့ ဝန်ကြီးဌာနကို ဝင်နိုင်တယ်ဆိုတာ

သူတို့သိတယ်..."

"ဒါဆို ဖီးနစ်အဖွဲ့ကလည်း တစ်ခုတော့ အမှန် သိတယ်ပေါ့..."

ရက်ဇ်လေ၏ အနီးမှ ခပ်ဝဝတစ်ယောက်က ပြောရင်း ပြုံးလိုက်သည်...။

သို့ရာတွင် ဗိုဒီမော့မှာ ဤစကားကို ရယ်စရာအဖြစ် မသတ်မှတ်ပေ...။ သူ့အတွေးထဲတွင် နစ်မျောနေ၏...။

"သခင် ခင်ဗျား..."

ရက်ဇ်လေ၏ စကားသံက ဆက်လက်ပေါ်ထွက်လာ၏....။

"ဒဲဝှစ်ရှရဲ့ သတင်းအတိုင်းဆိုရင် အော်ရာတစ်ဖွဲ့လုံးက သူ့ကို စောင့်ရှောက်ပြီး ပို့ပေးပါလိမ့်မယ်..."

ဗိုဒီမော့က သူ၏လက်ကို ထောင်ကာ တားလိုက်သဖြင့် ရက်ဇ်လေ လုံးဝတိတ်ဆိတ်သွားသည်...။ သူက စနိပ်ဘက်သို့ လှည့်လိုက်ပြီး...

"သူတို့ ကောင်လေးကို ဘယ်မှာ ဝှက်ဖို့ ကြံနေသလဲ..."

"ဖီးနစ်အဖွဲ့ရဲ့ အိမ်တစ်လုံးလုံးမှာပါပဲ..."

စနိပ်က ဆက်၍...

"သတင်းအရဆိုရင် အဲဒီနေရာမှာ ဖီးနစ်အဖွဲ့ကရော ဝန်ကြီးဌာနကပါ အကာအကွယ် ပေးထားမယ်လို့ သိရပါတယ်..."

"အဲဒီ့နေရာကိုသာ ရောက်သွားရင်တော့ သိပ်မလွယ်ဘူး... ဒါပေမယ့် ဝန်ကြီးဌာနကို လာမယ့် စနေနေ့မတိုင်ခင် သိမ်းမိရင်တော့ သူတို့ ဘာလုပ်သလဲ သိနိုင်မှာပဲ"

"ရက်ဇ်လေ..."

မိုဒီမော့ အသံကို မြှင့်လိုက်ပြီး...

"ဝန်ကြီးဌာနကို စနေနေ့မတိုင်ခင် သိမ်းနိုင်ပါ့မလား..."

ချက်ချင်းပင် ထိုင်နေသူအားလုံး ရက်ဇ်လေကို ကြည့်လိုက်ကြသည်။

"ကျွန်တော် ခက်ခက်ခဲခဲ ကြိုးစားပြီးတော့ ပီယက်စ် သစ်က်နက်စ်ကို အင်ပါးရီးယပ်စ် ကျိန်စာနဲ့ ထိန်းချုပ်နိုင်ခဲ့ပါတယ်..."

ထိုင်နေသူ အတော်များများ ရက်ဇ်လေကို အထင်တကြီး လှမ်းကြည့်ကြသည်...။

"ဒါ အစပဲ ရှိသေးတယ်..."

မိုဒီမော့ ဆက်ပြောပြန်သည်...။

"စကရင်ဂျီယော်ကို ငါတို့လူတွေနဲ့ ဝိုင်းထားဖို့ လိုတယ်... သူမသေရင် ငါ့အကြံတွေ အများကြီး နောက်ဆုတ်သွားနိုင်တယ်..."

"ဟုတ်ပါတယ် သခင်... ဒါပေမယ့် သစ်က်နက်စ်ဟာ မှော်ဥပဒေဌာနရဲ့ အကြီးအကဲပါ... တခြား ဝန်ကြီးဌာနက လူတွေနဲ့လည်း သိကျွမ်းပါတယ်... သူ့လို အရာရှိတစ်ယောက်ကို

ထိန်းချုပ်နိုင်ပြီဆိုရင် တခြားလူတွေကို သူကနေ တဆင့် ထိန်းချုပ်ဖို့ မခက်တော့ပါဘူး..."

မိုဒီမော့က...

"အချိန်မတန်ခင် သစ်က်နက်စ်ကို မရိပ်မိဖို့ လိုတယ်.... ဒီအတိုင်းဆိုရင် နောက် စနေမတိုင်ခင် ဝန်ကြီးဌာနကို မထိန်းချုပ်နိုင်လောက်သေးဘူး.. ဒီကောင်လေးကို သူပုန်းမယ့်နေရာမှာ

ဖမ်းဖို့ခက်ရင် လမ်းက စောင့်ဖမ်းကြမယ်..."

ရက်ဇ်လေက...

“ဒီလိုဆိုရင် အခြေအနေ ကောင်းပါတယ် သခင်... အခုဆိုရင် ကျွန်တော်တို့လူတွေ မှော်ပို့ဆောင်ရေး ဝန်ကြီးဌာနမှာပါ ရှိနေပါတယ်... ပေါ်တာသာ ဖလိုလမ်းကြောင်းတွေ သုံးရင်

ချက်ချင်း သိနိုင်ပါတယ်...”

စနိပ်က ရုတ်တရက်ထ၍...

“သူ ဒီလို မလုပ်ဘူး... ဖီးနစ်အဖွဲ့ကလူတွေ ဒီနည်းလမ်းကို မသုံးဘူး... သူတို့ ဝန်ကြီးဌာနကို မယုံဘူးဆိုတာ မေ့နေလား...”

“ဒါဆို ပိုကောင်းတာပေါ့... ဒီအတိုင်း ခရီးသွားမယ်ဆိုရင် ပိုတောင် လွယ်သေးတယ်...”

ဗိုဒီမော့ကပင် ဆက်၍...

“ကောင်လေးကို ငါကိုယ်တိုင် ရင်ဆိုင်မယ်.... ဟယ်ရီပေါ်တာရိုတဲ့ နေရာတွေမှာ အမှားလုပ်မိတာတွေ သိပ်များတယ်... ငါကိုယ်တိုင်လည်း အမှားလုပ်ခဲ့ဖူးတယ်... ဒီကောင်လေး

အသက်ရှည်နေတာ ဒီအမှားတွေကြောင့်ပဲ... သူ့အစွမ်း တစ်ခုတောင် မပါဘူး...”

ရှိသမျှ လူအားလုံး ဗိုဒီမော့ကို စိုးရိမ်တကြီး ကြည့်မိကြသည်...။ ဟယ်ရီပေါ်တာ အသက်ရှင်နေသေးသည့်အတွက် သူတို့အပေါ် အပြစ်တင်မည်ကို စိုးရွံ့နေကြ၏။ သို့ရာတွင် ဗိုဒီမော့မှာ

တစ်ကိုယ်တည်း ညည်းညူနေခြင်းမျှသာ ဖြစ်သည်...။

“ငါ တော်တော်လေး နမော်နမဲ့ နိုင်ခဲ့တယ်... ငါ့အကြံအစည်တွေ အကုန် စီစဉ်ထားသလို ဖြစ်မလာခဲ့ဘူး... ဒါပေမယ့် အခု ငါ သဘောပေါက်သွားပြီ... အရင်က ဘာလို့ မသိခဲ့ရတာလဲ...

ဟယ်ရီပေါ်တာကို သတ်ရမယ့်လူက ငါတစ်ယောက်ပဲ.. သတ်လည်း သတ်ရမှာပဲ...”

ထိုအချိန်မှာပင် စူးရှနာကျင်စွာ အော်ဟစ်သံတစ်ခု ထွက်ပေါ်လာ၏...။ အားလုံးနီးပါးပင် အသံလာရာ ခြေထောက်အောက်ဆီသို့ ငုံ့ကြည့်လိုက်ကြသည်...။

ဗိုဒီမော့က ...

“ကြွက်မြီး... အကျဉ်းသားကို တိတ်တိတ်နေခိုင်းစမ်း...”

"ဟုတ် ... ဟုတ်ကဲ့ပါ သခင်..."

စားပွဲအလယ်ခန့်ရှိ ခုံမှ ခပ်ပုပု လူတစ်ယောက်က ဖြေလိုက်၏...။ သူ၏ ခန္ဓာကိုယ် သေးကွေးမှုကြောင့် ရုတ်တရက်ကြည့်လိုက်လျှင် ထိုင်ခုံ၌ လူမရှိသလိုပင်...။ သူ၏ခုံမှ ရုတ်ချည်းထကာ

အခန်းတွင်းမှ ထွက်ခွာသွားတော့သည်...။

ဗိုဒီမော့က ဆက်၍...

"ငါ ပြောခဲ့သလိုပဲပေါ့..."

သူက စားပွဲတွင် ထိုင်နေသူအားလုံးကို ခြုံငုံကြည့်လိုက်ရင်း...

"ငါ အခု နားလည်လာပြီ... သူ့ကိုသတ်ဖို့အတွက် ဘယ်သူက ငါ့ကို မှော်တောင်ဝှေး ငှားမလဲ..."

ပတ်ဝန်းကျင်တွင် ရှိသမျှ လူအားလုံး ထိတ်လန့်သွားကြသည်...။

"ဘယ်သူမှ ဆန္ဒမရှိဘူးလား.... ဒါဆိုရင်... လူးစီးယပ်စ် မင်းမှာ မှော်တောင်ဝှေး ဆက်ကိုင်ဖို့ အကြောင်း မရှိတော့ဘူး..."

လူးစီးယပ်စ်မယ်လ်ဖွိုင်း မော့ကြည့်လိုက်သည်။ သူစကားပြောရာတွင် သူ့အသံမှာ ရှုတအက်ကွဲနေ၏။

"သ... သခင်..."

"မင်းရဲ့ မှော်တောင်ဝှေးကို ပေးစမ်း.. လူးစီးယပ်စ်..."

"ကျွန်... ကျွန်တော်..."

မယ်လ်ဖွိုင်း သူ၏ဇနီးဖြစ်သူကို တစ်ချက်လှည့်ကြည့်လိုက်သည်။ သူမမှာ သူ့ကဲ့သို့ပင် ရှေ့ကိုတည့်တည့် စိုက်ကြည့်နေကာ ဖြူဖျော့နေ၏။ သို့ရာတွင် သူမ၏ လက်တစ်ဖက်မှာ

စားပွဲအောက်မှနေ၍ သူ့လက်ကောက်ဝတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

မယ်လ်ဖွိုင်း သူ၏ မှော်တောင်ဝှေးကို အိတ်ထဲမှ နှိုက်ယူကာ ဗိုဒီမော့ထံ ကမ်းပေးလိုက်သည်။ သူက အနီရောင် မျက်လုံးများဖြင့် သေချာစစ်ဆေးကြည့်ပြီးမှ ...

"ဘာနဲ့ လုပ်ထားတာလဲ..."

"ဝက်သစ်ချသားနဲ့ပါ..."

"အထဲမှာက..."

"နဂါး နှလုံးသွေးကြောပါ.."

"ကောင်းတယ်..."

ဗိုဒီမော့ သူ၏ မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်ရင်း အလျားနှစ်ခုကို တိုင်းကြည့်လိုက်သည်။ လူးစီးယပ်စ်မယ်လ်ဖွိုင်း မသိစိတ်ဖြင့် လှုပ်ရှားမှု တစ်ခုကို လုပ်လိုက်မိသည်။ သူ ရုတ်တရက်

ဗိုဒီမော့၏ မှော်တောင်ဝှေးကို အလဲအလှယ်သဘောမျိုးဖြင့် လိုချင်လိုက်မိသည်။

"မင်းက ငါ့ရဲ့ မှော်တောင်ဝှေးကို လိုချင်တယ်ပေါ့..."

"မင်းကို ငါ လွတ်လပ်ခွင့် ပေးပြီးပြီလေ လူးစီးယပ်စ်ရဲ့ ... မင်းအတွက် မလုံလောက်သေးဘူးလား ... မင်းနဲ့ မင်းမိသားစုကို ကြည့်ရတာ သိပ်ပျော်ပုံမရဘူး... မင်းတို့အိမ်မှာ ငါ နေနေတာ

ဘာ မကျေနပ်စရာ ရှိလို့လဲ..."

"မရှိ... မရှိပါဘူး သခင်.."

"မင်း ညာနေတာပဲ..."

ဗိုဒီမော့၏ အသံမှာ ရှူးရှူလှ၏။ တဖြည်းဖြည်းနှင့် ရှူးရှူသည်ထက် ရှူးရှူသောအသံမှာ ပါးစပ်ပိတ်ထားလျက်မှ ထွက်ပေါ်လာနေ၏။ အချို့မှာ နားနှစ်ဖက်ကို လက်ဝါးနှင့် ပိတ်ထားကြ၏။

မကြာခင်မှာပင် မြွေကြီးတစ်ကောင် ဗိုဒီမော့၏ ထိုင်ခုံပေါ်သို့ တက်လာသည်။ နောက်ဆုံးတွင် သူ၏ ပခုံးပေါ်သို့ ရောက်ရှိသွား၏...။ လူ၏ ပေါင်လုံးခန့်တုတ်သော ဧရာမမြွေကြီးပင်...။

ဗိုဒီမော့ မြွေကြီးကို ပွတ်သပ်ရင်း မယ်လ်ဖွိုင်းကို ကြည့်ကာ...

"မင်းတို့ မယ်လ်ဖွိုင်းတွေကို ကြည့်ရတာ သိပ်မပျော်သလိုပဲ... ငါပြန်လာတာ ငါ့စွမ်းအားတွေ ပြန်ရလာတာ မင်းတို့ မကြိုက်ကြဘူးလား..."

"မဟုတ်ပါဘူး သခင်.... ဒါ ဒါ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ကြီးပါ..."

မယ်လ်ဖွိုင်း၏ ဇနီးမှာလည်း ခပ်တောင့်တောင့် ရပ်နေရာမှပင် ကမန်းကတန်း ခေါင်းညိတ်ထောက်ခံလိုက်သည်။ သူတို့၏ သားဖြစ်သူ ဒရာကိုမှာမူ ဗိုဒီမော့အား တစ်ချက်မျှ

မော့ကြည့်လိုက်ပြီးနောက် မျက်လုံးချင်း မဆုံမိစေရန် ကမန်းကတန်း ရှောင်လွှဲလိုက်၏။

ထိုအချိန်မှာပင် စားပွဲအလယ်မှ အသားမည်းမည်း မိန်းမတစ်ယောက် ရုတ်တရက် ထရပ်လိုက်တာ...

"ဒီအိမ်မှာ သခင်ကြီးလာရောက်နေထိုင်တာ မိသားစုရဲ့ ဂုဏ်သိက္ခာတက်ဖို့ပါပဲ... ကျွန်မတို့ အရမ်းကို ဂုဏ်ယူရပါတယ်... ဒီ့ထက် ဝမ်းသာစရာ ကောင်းတာ မရှိတော့ပါဘူး..."

သူမမှာ ညီမဖြစ်သူ၏ နံဘေးတွင် ထိုင်နေသော်လည်း အသွင်သဏ္ဍာန်မှအစ လုံးဝမတူညီပေ...။ သူမ၏ ဆံပင်များမှာ မည်းနက်နေပြီး မျက်ခွံများမှာ ထူးအမ်းအမ်း နိုင်လှသည်။

ဘဲလ်ထရစ် ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်ရင်း ဗိုဒီမော့ထံမှ စကားသံကို နားစွင့်လိုက်သည်။

"ဒီ့ထက် ဝမ်းသာစရာ မရှိတော့ဘူး... ဟုတ်လား..."

ဗိုဒီမော့ သူမ၏ စကားကို ထပ်မံရေရွတ်ရင်း...

"မင်းဆီက ဒီစကားကြားရတာ ဝမ်းသာစရာပဲ..."

သူမ၏ မျက်နှာတွင် ဝမ်းသာမှုကြောင့် မျက်ရည်များပင် ဝဲလာကာ...

"ကျွန်မ သခင့်ကို အမှန်တွေပဲ ပြောတာပါ..."

"မင်းတို့ မိသားစုရဲ့ ပျော်စရာ အကောင်းဆုံး အဖြစ်အပျက်လေး ရှိနေတာတောင်မှ ငါရှိနေတာကို ပိုဝမ်းသာတယ်ပေါ့..."

သူမ၏ မျက်နှာတွင် ဇဝေဇဝါဖြစ်သွားဟန်တို့ ပေါ်လွင်လာ၏။

"သခင် ဘာကို ဆိုလိုတာလဲ..."

“ငါ မင်းရဲ့ တူမအကြောင်း ပြောနေတာလေ ဘဲလ်ထရစ်ရဲ့… လူးစီးယပ်စ်နဲ့ နာစစ်ဆာတိုရဲ့ တူမလည်း တော်တယ် မဟုတ်လား… သူက သမန်းဝံပုလွေ ရေးမတ်စ်လူပင်နဲ့ လက်ထပ်တာ

ဘာကြာသေးလို့လဲ.. ဂုဏ်ယူစရာ မကောင်းဘူးလား…”

အခန်းအတွင်း၌ တသောသော ရယ်သံတို့ ထွက်ပေါ်လာ၏….။

အချို့မှာ စားပွဲကိုပင် လက်နှင့်ထုရင်း အားပါးတရ ရယ်မောကြသည်။

ရုတ်တရက် ဖြစ်ပေါ်လာသော ဆူညံမှုကို မကြိုက်ဟန်ဖြင့် မြွေကြီးမှာ ဒေါသတကြီး တွန်သံရှည် တစ်ချပြုလိုက်သည်။ သို့ရာတွင် ဘဲလ်ထရစ်နှင့် မယ်လ်ဖွိုင်းတို့၏ အရက်ကွဲပုံကို

အားရကျေနပ်နေသော သူများမှာ သတိမမူမိပေ…။

ဝမ်းသာမှုဖြင့် ပြည့်နှက်နေသော ဘဲလ်ထရစ်၏ မျက်နှာမှာ ချက်ချင်းပင် ရုပ်ဆိုးသွားကာ ရဲရဲနီတက်လာ၏။

“သူက ကျွန်မတို့ တူမ မဟုတ်တော့ဘူး…”

သူမ ရယ်သံများကို ဖုံးလွှမ်းကာ အော်ဟစ်လိုက်သည်။

“ကျွန်မတို့အားလုံး ကျွန်မတို့ညီမ သွေးမစစ်ကောင်နဲ့ လက်ထပ်ကတည်းက ကြည့်တောင် မကြည့်ဖြစ်တော့ဘူး.. ဒီကောင်စုတ်မလေးက ကျွန်မတို့နဲ့ ဘာမှ မသက်ဆိုင်ဘူး….”

ဗိုဒီမော့က…

“မင်းကော ဘယ်လိုလဲ ဒရာကို … သူတို့ကလေး ထိန်းပေးဖို့ အစီအစဉ် မရှိဘူးလား…”

ဒရာကို ကြောက်ရွံ့စွာပင် သူ၏ ဖခင်ကို မော့ကြည့်လိုက်သည်။ သူ့ဖခင်ကလည်း ငုံ့အကြည့်တွင် အကြည့်ချင်း ဆုံမိကြ၏…။

“တော်တော့… ရပ်ကြတော့…”

ဗိုဒီမော့က ရုတ်တရက် အော်ဟစ်လိုက်သည်။ ရယ်မောသံများ ချက်ချင်းပင် ရပ်တန့်သွားတော့သည်…။

“ငါတို့ရဲ့ ရှေးဟောင်းမျိုးရိုးတွေ အားလုံးရဲ့ မိသားစုဝင်တွေ တဖြည်းဖြည်း လျော့ကုန်ပြီ...”

သူက အသက်ပင် မရှုနိုင်ပဲ ဆက်၍...

“ကိုယ့်ကို ဒုက္ခပေးနေတဲ့ အစိတ်အပိုင်းတွေကို ရှင်းပစ်ရမယ်... ဒါမှမဟုတ်ရင် ဒီလိုမဖြစ်အောင် နေရမယ်....”

“မှန်ပါတယ် သခင်... အခွင့်သာတာနဲ့ ရှင်းထုတ်ပစ်သင့်ပါတယ်”

သူမ၏မျက်နှာတွင် စိတ်လှုပ်ရှားမှုကြောင့် မျက်ရည်များ ပြည့်လာပြန်၏။

“အခွင့်အရေး ရမှာပါ...”

ဗိုဒီမော့ အေးစက်စက် အသံနှင့်ပင် ဆက်၍...

“မင်းမိသားစုထဲမှာကော ... ပြီးရင် တစ်ကမ္ဘာလုံးပေါ့ ... ငါတို့ကို ဒုက္ခပေးနေတဲ့ လူတွေကို ရှင်းပစ်ရမယ်.... ဒါမှသာ အစစ်အမှန် မျိုးဆက်တွေပဲ ကျန်ရစ်လိမ့်မယ်...”

ဗိုဒီမော့ မယ်လ်ဖွိုင်း၏ မော်တောင်ဖေးကို မြှောက်လိုက်ပြီး စားပွဲပေါ်တွင် ချည်နှောင်ခံထားရသူထံ ဦးတည်လိုက်သည်။

အသံတစ်ချက် မြည်သွားပြီးနောက် ထိုသူမှာ ပြန်သတိရလာကာ မမြင်ရသော ကြိုးများကို ရုန်းကန်တော့သည်...။

“ငါတို့ရဲ့ အထူးဧည့်သည်တော်ကြီးကို မှတ်မိသလား ဆီးဗားရပ်စ်...”

စနိပ် ဖောက်ထိုးတွဲလောင်း ဖြစ်နေသူ၏ မျက်နှာကို ကြည့်လိုက်သည်။ အားလုံးပင် အဖမ်းခံထားရသူကို ဝိုင်းကြည့်ကြ၏။ သူမ၏ မျက်နှာ မီးရောင်အောက်သို့ အရောက်မှာပင် သူမက...

“ဆီးဗားရပ်စ် ... ကယ်... ကယ်ပါဦး...”

“ဒရာကို ... မင်းရော မှတ်မိသလား...”

ဗိုဒီမော့က မြွေကြီးကို ပွတ်သပ်ပေးရင်း မေးလိုက်သည်။ ဒရာကို ခေါင်းကို ခပ်သွက်သွက် ခါရမ်းလိုက်သည်။

"မင်း သူ့အတန်းချိန် မတက်ဖူးဘူးပေါ့... ကျန်တဲ့ မသိသေးတဲ့ သူတွေပါ
တစ်ခါတည်းပြောပြလိုက်မယ်... ငါတို့ ဒီည စုဝေးရတဲ့ အကြောင်းရင်းက ဟော့ဝပ်မှာ ခုချိန်ထိ

စာသင်နေဆဲဖြစ်တဲ့ ချာရတီဘားဘေ့ချ်ကြောင့်ပဲ..."

စားပွဲတွင် ထိုင်နေသူများ အချင်းချင်း တီးတိုးပြောသံများ ထွက်ပေါ်လာ၏။

"ပရော်ဖက်ဆာ ဘားဘေ့ချ်ဟာ ကျောင်းမှာ မက်ဂယ်တွေ အကြောင်းကို သင်တယ်... သူတို့နဲ့ ငါတို့
သိပ်မကွဲပြားဘူးဆိုတဲ့ အကြောင်းပေါ့..."

ဒက်အိတာတစ်ယောက်မှာ ကြမ်းပြင်ပေါ်သို့ တံတွေး ထွေးချလိုက်သည်။ ဘားဘေ့ချ်က ...

"ဆီးဗားရပ်စ် ... ကယ်ပါ... ကယ်ပါဦး..."

"တိတ်တိတ်နေစမ်း..."

ဗိုဒီမော့ ရုတ်တရက်ပင် သူ့လက်ထဲမှ တောင်ဝှေးကို ဝှေ့ယမ်းလိုက်သည်နှင့် သူမမှာ ပါးစပ်ထဲတွင်
တစ်ခုခု တစ်ဆို့နေသလို လုံးဝ တိတ်ဆိတ်သွားတော့သည်။

"စုန်းကဝေ ကလေးငယ်တွေရဲ့ စိတ်ကို အရောင်ဆိုးပေးနေတာပဲ... သူ နောက်ဆုံး စုန်းကဝေ
နေ့စဉ်သတင်းစာမှာ ဘာရေးခဲ့လဲ... သူက မက်ဂယ်တွေနဲ့ရော သမန်းဝံပုလွေတွေနဲ့ပါ

မိတ်ဆွေဖွဲ့ရမယ်တဲ့..."

ဒီတစ်ချီတွင်တော့ မည်သူမျှ မလှုပ်ရဲကြ...။ ဗိုဒီမော့၏ စကားသံထဲမှ ဒေါသကို သူတို့ ခံစားမိကြသည်။
ချာရတီဘားဘေ့ချ်မှာ စနိပ်ကို ကြည့်ရင်း မျက်ရည်များ စီးကျလာ၏။ စနိပ်

သူမကို တိတ်ဆိတ်စွာပင် ငေးကြည့်နေ၏။

"အာဗဒါ ကာဒါဗရာ..."

အစိမ်းရောင် အလင်းတန်းများ အခန်းထဲတွင် လင်းဖြာသွား၏။ ချာရတီမှာ စားပွဲအောက်သို့
ပြုတ်ကျသွားပြီး တုန်ရင်ကာ အကြောဆွဲလျှက်ရှိသည်။ ဒက်အိတာအများစု ထိုင်ခုံများမှ

ကမန်းကတန်း နောက်သို့ ခုန်ဆုတ်လိုက်ကြသည်။

ဒရာကိုမှာ သူ့ထိုင်ခုံပေါ်မှပင် ပြုတ်ကျသွားရသည်…။

“နာဂီနီ.. မင်းအတွက် ညစာရပြီ…”

ဗိုဒီမော့ သူ၏ မြွေကြီးကို ညင်သာစွာ ပြောလိုက်၏…။ မြွေကြီးမှာ သူ၏ ပခုံးပေါ်မှ စားပွဲဆီသို့ လျှောဆင်းသွားတော့သည်။

## ၂။ ဒမ်ဘယ်လ်ဒိုး အမှတ်တရ

ဟယ်ရီ သွေးများ တစ်စက်စက်ကျနေသော သူ၏ ညာလက်ကို ဘယ်လက်နှင့် ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။ အခန်းတံခါးကို ပခုံးစောင်းနှင့် တိုက်ဖွင့်လိုက်၏။ ရုတ်တရက် သူ

လက်ဖက်ရည်ခွက် တစ်ခွက်ကို အခန်းအပြင်သို့ ထွက်ထွက်ချင်း ခလုတ်တိုက်မိလိုက်၏…။

“ဟာ … ဘာလဲဟ…”

ဟယ်ရီ ပရီဗက်ဒရိုက် ပတ်ဝန်းကျင်ကို သေချာစွာ လေ့လာကြည့်လိုက်၏..။ မသင်္ကာစရာ ဘာမှ မတွေ့ရပေ…။ လက်ဖက်ရည်ခွက်မှာ ဒက်ဒလေ၏ ထောင်ချောက်တစ်ခု ဖြစ်နိုင်၏။

ဟယ်ရီ သူ၏ သွေးထွက်နေသော လက်ကို ခပ်မြင့်မြင့် မြှောက်ထားရင်း လက်ဖက်ရည်ခွက်အကွဲများကို သူ၏ အခန်းထဲမှ အမှိုက်ပုံးဆီသို့ ပစ်ထည့်လိုက်သည်။

ထို့နောက် ရေချိုးခန်းသို့သွားကာ သွေးထွက်နေသော လက်ချောင်းကို ရေဘုံဘိုင်မှရေဖြင့် ဆေးလိုက်သည်။

သူ့မွေးနေ့ရောက်ရန် လေးရက်လိုနေသေးသည်။ ထို့ကြောင့် မှော်ပညာကို သုံး၍ မရသေးပေ..။ အတော် စိတ်ပျက်စရာကောင်းသော ကိစ္စပင်..။ သို့ရာတွင် သူ့လက်ချောင်းမှ

ဒဏ်ရာအတွက်မူ ထိုကိစ္စမှာ သိပ်အရေးမကြီးလှပေ…။

သူ တစ်ခါမှ ဒဏ်ရာကုသနည်းကို မသင်ယူခဲ့ဖူး…။ ဤအချက်မှာ သူ့မှော်ပညာတွင် ဧရာမ အားနည်းချက်ကြီးပင်…။ ထို့နောက်တွင် လက်ဖက်ရည်များကို စက္ကူစုတ်နှင့် သုတ်နိုင်သမျှ

သုတ်လိုက်ပြီး သူ့အခန်းတံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။

ဟယ်ရီ တစ်မနက်လုံးလိုလိုပင် သူ၏သေတ္တာကို ရှင်းလင်းရေး လုပ်နေခဲ့သည်။ ကျောင်းသို့ စတင်တက်ကတည်းကစ၍ ခြောက်နှစ်လုံးလုံး မရှင်းလင်းဖြစ်ခဲ့သော သေတ္တာပင်။ အလွန်ဆိုး

အပေါ်ဆုံး သုံးပုံတစ်ပုံခန့်ကိုသာ ဖယ်ကာ တစ်နှစ်စာ လိုအပ်သမျှ ပစ္စည်းသစ်များနှင့် လဲလှယ်လေ့ရှိသည်။ ကလောင်တံအဟောင်းများ... ဟောင်းနွမ်းနေသော ခြေစွပ်များ စုပုံရှုပ်ပွနေ၏။

လွန်ခဲ့သော မိနစ်အနည်းငယ်ခန့်က ထိုအမှိုက်များကို ရှင်းရန် သူ၏ ညာလက်ဖြင့် ကျုံးယူလိုက်စဉ်တွင် ရုတ်တရက် နာကျင်သွားသော အသိကြောင့် လက်ကို ဆတ်ခနဲ ရုတ်လိုက်ရာ

သွေးများ တစ်စက်စက် ယိုကျနေသည်ကို ခံစားလိုက်ရသည်။

အခုတော့ ဟယ်ရီ အသေအချာ သတိထားကာ အမှိုက်များကို ဖယ်လိုက်သည်။ ပျက်စီးနေပြီဖြစ်သော သတိပေးမှန်ပြောင်းနှင့် အာအေဘီဟု စာတမ်းရေးထိုးထားသော

ရွှေရောင်လော့ကတ်လေး ထွက်လာပြီးနောက် သူ့လက်တွင် သွေးထွက်စေသော ပစ္စည်းကို တွေ့လိုက်ရသည်။

သူ့ကို ဆီးရီးယပ်စ်ပေးခဲ့သော မှန်ကလေး၏ အကွဲအစလေးတစ်ခုပင်။ သူ မှန်ကွဲစကလေးကို ဘေးတွင်ချထားရင်း ကျန်အပိုင်းအစများကို ရှာလိုက်သည်။ သို့ရာတွင် ကျန်မှန်ကွဲစများမှာ

ဖုန်မှုန့်များသဖွယ် ဖြစ်နေပေပြီ...။

ဟယ်ရီ မတ်တတ်ရပ်လိုက်ရင်း မှန်ကွဲစကို သေချာစွာ ကြည့်လိုက်သည်။ မှန်ထဲ၌ သူ၏ အစိမ်းရောင် မျက်လုံးတစ်စုံမှအပ ဘာကိုမှ မတွေ့ရပေ...။

ထို့နောက် သူ မှန်စကလေးကို စုန်းကဝေ နေ့စဉ်သတင်းစာပေါ်၌ တင်ထားလိုက်သည်။

နောက်ထပ် တစ်နာရီခန့်ကြာအောင် ရှင်းလင်းလိုက်တော့မှပင် သေတ္တာတစ်ခုလုံး ရှင်းတော့၏..။ အသုံးမဝင်သော ပစ္စည်းများကို လွှင့်ပစ်လိုက်ပြီးနောက် ကျန်ပစ္စည်းများကို အသုံးဝင်

မဝင် စစ်ဆေးလိုက်သည်။

ကျောင်းဝတ်စုံများ ကျောင်းစာအုပ်များ ဆေးကျိုသည့်အိုးနှင့် ကလောင်တံများကို ထောင့်တစ်ထောင့်တွင် စုပုံလိုက်သည်။ သူ့ခရီးအတွက် ဤပစ္စည်းများ မလိုအပ်ပေ...။ သူ့ဦးလေးနှင့်

အန်တီတို့ ဤပစ္စည်းများကို မည်ကဲ့သို့ စီစဉ်မလဲဟု ဟယ်ရီ တွေးနေမိသည်။

ရာဇဝတ်မှုနှင့် ငြိစွန်းနိုင်သော ပစ္စည်းများလို သဘောထားကာ ညသန်းခေါင်တွင် မီးရှို့ကောင်း ရှို့ပစ်နိုင်ပေသည်။

သူ၏ ရိုးရိုးအဝတ်များ ကိုယ်ပျောက်ဝတ်ရုံ ဆေးပစ္စည်းသေတ္တာ စာအုပ်တချို့နှင့် ဟက်ဂရစ်ပေးထားသော ဓာတ်ပုံစာအုပ်ကိုမူ သူ၏ မှော်တောင်ဝှေးနှင့်အတူ သေတ္တာထဲ

ပြန်ထည့်လိုက်သည်။

မရူဒါမြေပုံနှင့် အာအေဘီဟု ရေးထိုးထားသော လော့ကတ်တို့ကို အရှေ့ဘက်တွင် ထည့်လိုက်သည်။ အသုံးမဝင်သော်လည်း သူ ထိုလော့ကတ်ကို လွှင့်မပစ်နိုင်ပါ...။ အမှတ်တရ

ပစ္စည်းတစ်ခုအနေနှင့် သိမ်းဆည်းထားရပေမည်...။

စုန်းကဝေ နေ့စဉ်သတင်းစာများကို ဇီးကွက်လှောင်အိမ်အနီးတွင် စုပုံထားလိုက်သည်။

သူ သတင်းစာများကို တစ်စောင်ပြီး တစ်စောင် ကြည့်ပြီး အမှိုက်ပုံးထဲသို့ ပစ်ထည့်လိုက်သည်။

ဟယ်ဂရီ၏ ဇီးကွက်မလေးမှာမူ အပြင်ကို အချိန်နှင့်သာ ထွက်ခွင့်ပြု၍ အကြီးအကျယ် စိတ်ဆိုးနေ၏..။ ထို့ကြောင့် လှောင်အိမ်ထဲတွင် ငြိမ်သက်နေသည်။

သတင်းစာပုံကြီး ပါးလာသည်နှင့်အမျှ ဟယ်ရီ တစ်စောင်ပြီး တစ်စောင် ဂရုတစိုက် ရှာဖွေလိုက်သည်။

သူ ပရီဖက်ဒရိုက် ပြန်ရောက်ပြီး သိပ်မကြာခင် ရောက်လာခဲ့သော သတင်းစာပင်...။ သတင်းစာရှေ့ဘက်တွင် လူသားတို့နှင့် သိကောင်းစရာများ ဘာသာရပ်ကို သင်ကြားသော ဆရာမ

ချာရတီဘားဘေ့ချ် ပျောက်ဆုံးမှုကို ရေးထားသည်။ နောက်ဆုံးတွင် သူရှာတွေ့သွားပြီး စာမျက်နှာ တစ်ဆယ်ကို လှန်ကာ သူဖတ်ပြီးသား သတင်းတစ်ပုဒ်ကို ပြန်ဖတ်လိုက်သည်။
အဲဗက်စ် ဒမ်ဘယ်လ်ဒိုး အမှတ်တရ...
ရေးသားသူ... အဲဖီးရပ်စ် ဒေါ့ချ်
ကျွန်ုပ်သည် ဒမ်ဘယ်လ်ဒိုးနှင့် ဆယ့်တစ်နှစ်အရွယ်၌ပင် ဟော့ဝပ်ကျောင်းသို့ ရောက်ရောက်ချင်း စတင်တွေ့ဖူးခဲ့သည်။ ကျွန်ုပ်တို့ ရင်းနှီးခဲ့ခြင်းမှာ နှစ်ယောက်စလုံး အသိုင်းအဝန်း၏

ပြင်ပရောက်နေသည့်နယ် ခံစားရ၍ ဖြစ်နိုင်သည်...။

ကျွန်ုပ်သည် ကျောင်းတက်ခါနီးလေးမှာတင် နဂါးကျောက်ရောဂါကို ခံစားခဲ့ရပြီး ကျောင်းရောက်ချိန်တွင် သက်သာနေပြီ ဖြစ်သော်လည်း မျက်နှာပေါ်မှ ကျောက်ပေါက်ရာများနှင့်

အစိမ်းရောင်အကွက်များကြောင့် မည်သူမျှ အနားမကပ်ကြပေ...။

အဲဗက်စ်မှာမူ သူ့ဖခင်ကြောင့် လူအများ၏ ရောင်ကြည်ခြင်းကို ခံခဲ့ရ၏။ သူ၏ဖခင် ပါစီဗယ်မှာ မက်ဂယ်ကလေး သုံးယောက်ကို တိုက်ခိုက်မှုနှင့် အဖမ်းခံနေရသည်။ သူ့ဖခင်

(အက်စကာဘန် အကျဉ်းထောင်၌ သေသွားခဲ့သူ)မှာ ထိုအမှုကို မလုပ်ခဲ့ပါဟု သူ တစ်ခါမှ မငြင်းခဲ့ချေ...။

သူ့ကို နှစ်သိမ့်ရန် ကျွန်ုပ်မေးလိုက်သည်နှင့် သူ့ဖခင်တွင် အပြစ်ရှိကြောင်းကို ဝန်ခံခဲ့သည်။ သို့ရာတွင် တစ်ခါမျှ ဖြစ်စဉ်ကို တိတိကျကျ ပြောပြခဲ့ခြင်း မရှိပေ...။

အချို့မှာ သူ့ဖခင်၏ အဖြစ်အပျက်ကြောင့် အဲဗက်စ်ကိုပါ မက်ဂယ်မုန်းတီးရေးသမားဟု အထင်ရှိခဲ့ကြ၏။ အလွန်ကြီးမားသော အမှားတစ်ခုပင်...။ အဲဗက်စ်ကို သိသမျှလူအားလုံး

သိကြသည်မှာ သူတစ်ခါမှ မက်ဂယ်တို့ကို မုန်းတီးကြောင်း မဖော်ပြခဲ့ဖူးချေ..။ ထို့အပြင် သူ၏ မက်ဂယ်တို့ ရသင့်သော အခွင့်အရေးများအပေါ် တိုက်ပွဲဝင်မှုကြောင့်ပင်

ရန်သူများပြားလာခဲ့ရသည်...။

လအနည်းငယ်အကြာမှာပင် အဲဗက်စ်၏ အရှိန်အဝါကြောင့် သူ့ဖခင်၏ သတင်းမှာ မှေးမှိန်လာခဲ့ရသည်။ ပထမနှစ်အပြီးတွင် သူ့ကို မည်သူကမှ မက်ဂယ်မုန်းတီးသူ ရာဇဝတ်ကောင်၏

သားအဖြစ် မမြင်ကြတော့ပေ။

အားလုံး၏ အမြင်တွင် သူသည် ကျောင်း၏ သမိုင်းတစ်လျှောက်၌ အတော်ဆုံး ကျောင်းသားတစ်ယောက်ပင်...။ သူနောက်ပိုင်းတွင် ကျွန်ုပ်အား စာသင်ကြားရန် ဝါသနာပါသည်ဟု

ဝန်ခံခဲ့သည်...။

ကျောင်းတွင် ရှိသမျှ ဆုအားလုံးကို သိမ်းကျုံးရယူခဲ့ရုံမျှမက.. နောက်ပိုင်းတွင် ခေတ်သစ်မှော်လောကတွင် နာမည်ကြီးများ ဖြစ်ကြသော ဆေးဝါးဗေဒပညာရှင် နစ်ကိုလတ်ဖလမ်မယ်...

သမိုင်းပညာရှင် ဘာသိဒါဘက်ရော့.. မော်ပညာသီအိုရီပညာရှင် အဒဲဘက်ဝက်ဖလင်းတို့နှင့် ပူးပေါင်းခဲ့သည်။

သူရေးသားခဲ့သမျှ စာတမ်းများ စာအုပ်များ များစွာရှိခဲ့သည်။ ထင်ရှားခဲ့သော စာအုပ်များမှာ ယနေ့ခေတ် ရုပ်သွင်ပြောင်း အတတ်ပညာ ဂါထာမန္တန်ပညာ၏ စိန်ခေါ်မှုများ...

လက်တွေ့ဆေးပညာ စာအုပ်တို့ ဖြစ်ကြသည်။

ဒမ်ဘယ်လ်ဒိုး၏ အနာဂတ်မှာ လွန်စွာတောက်ပလာခဲ့ပြီး မည်သည့်အချိန်၌ မော်ဝန်ကြီး ဖြစ်လာမလဲဟု စောင့်ကြည့်ခဲ့ကြသည်..။ သို့ရာတွင် သူ၌ ဝန်ကြီးလုပ်ရန် ဝါသနာပါပုံ မရပေ..။

ဟော့ဝပ်ကို ကျွန်ုပ်တို့ရောက်ပြီး သုံးနှစ်အကြာမှာမူ အဲဗက်စ်၏ ညီဖြစ်သူ အက်ဘာဖို့ ကျောင်းသို့ရောက်လာခဲ့သည်။

သူတို့ညီအစ်ကိုမှာ လုံးဝနီးပါး မတူညီပေ...။ အက်ဘာဖို့မှာ စာအုပ်များကို စိတ်မဝင်စားရုံမျှမက အငြင်းအခုံဖြစ်လျှင် ရင်ဆိုင်ဖြေရှင်းချင်သူ ဖြစ်၏... သို့ရာတွင် သူတို့ညီအစ်ကိုအား

မချစ်ခင်ဟု ထင်က မှားပေလိမ့်မည်။

သူတို့ညီအစ်ကိုမှာ မကြာခဏပင် တပူးတွဲတွဲ ရှိတတ်သည်။

ကျွန်ုပ်နှင့် အဲဗက်စ်တို့ ကျောင်းမှ ထွက်ခွာခဲ့ချိန်ဝယ် ကမ္ဘာတစ်လွှားကို လှည့်လှည်သွားလာကာ နိုင်ငံရပ်ခြားမှ စုန်းကဝေများနှင့် တွေ့ဆုံ၍ ယဉ်ကျေးမှုများကို လေ့လာရန်

ကြံစည်ခဲ့ကြသည်။

သို့ရာတွင် အဲဗက်စ်၏ မိခင်ဖြစ်သူ ကန်ဒရာ သေဆုံးသွားသဖြင့် ခရီးစဉ် ပျက်ခဲ့ရ၏..။ ကျွန်ုပ်မှာလည်း ကန်ဒရာ၏ ဈာပနအချိန်ယူကာ နေပေးရင်း ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်သည်။

ထို့နောက်တွင် အဲဗက်စ်ကို ခွဲခွာကာ ထွက်လာခဲ့တော့၏။

ညီနှင့်ညီမကို စောင့်ရှောက်ရန် တာဝန်ရှိလာသော အဲဗက်စ်မှာ မည်သည့်နည်းနှင့်မျှ ကျွန်ုပ်၏ နောက်သို့ လိုက်လာရန် မဖြစ်နိုင်တော့ပေ။

ထိုအချိန်ကာလပိုင်းတွင် ကျွန်ုပ်တို့ အတွေ့အဆုံ အလွန်နည်းခဲ့သည်....။ ကျွန်ုပ်၏ ခရီးစဉ်နှင့် အံ့သြဖွယ်ရာများကိုမူ အဲဗက်စ်ဆီသို့ စာမှန်မှန်ရေးဖြစ်ခဲ့သည်။ သူ့စာများထဲတွင်မူ

သူ၏နေ့စဉ်ဘဝကို အနည်းငယ်သာ ဖော်ပြခဲ့၏..။ သူကဲ့သို့ အလွန်ထူးချွန်သော သူအတွက် ငြီးငွေ့ဖွယ်ရာ ဖြစ်နေပုံပင်...။ ကျွန်ုပ်၏ ခရီးစဉ် တစ်နှစ်ပြည့်ခါနီးဝယ် ထိတ်လန့်စရာ

သတင်းတစ်ခုကို ကြားလိုက်ရသည်..။

အဲဗက်စ်၏ ညီမဖြစ်သူ အာရီယာနာ သေးဆုံးမှု သတင်းပင်...။ အာရီယာနာမှာ ကျန်းမာရေးမကောင်းသည်မှာ ကြာခဲ့ပြီ ဖြစ်သော်လည်း အမေသေ၍ မကြာသေးမီ ညီမဖြစ်သူ သေဆုံးမှုမှာ

ညီအစ်ကိုနှစ်ယောက်စလုံးအတွက် ကြီးမားသော ထိုးနှက်မှုပင်... အဲဗက်စ်မှာ သူ့ညီမသေးဆုံးမှုအတွက် သူ့တာဝန်မကင်း အပြစ်ရှိသည်ဟု ယူဆခဲ့သည်..။ (သို့ရာတွင် သူ့အပြစ်

တစ်စုံတစ်ရာ မရှိခဲ့ပေ..။)

ကျွန်ုပ် အိမ်သို့ရောက်ချိန်ဝယ် အဲဗက်စ်မှာ လွန်စွာမှပင် ဝမ်းနည်း နေပုံ ရသည်..။ ထို့နောက်ပိုင်းတွင် အဲဗက်စ်တစ်ယောက် သူ့မိဘများ အကြောင်းရော ညီမအကြောင်းကိုပါ လုံးဝ

မပြောတော့သလောက်ပင်..။ ကျွန်ုပ်တို့ မိတ်ဆွေအားလုံးတို့ကလည်း ထိုအကြောင်းများကို မပြောမိစေရန် သတိထားခဲ့ကြသည်...။

နောက်ပိုင်းနှစ်များမှာ သူ၏ အကြီးအကျယ် အောင်မြင်မှုရခဲ့သော နှစ်များပင်...။ မှော်ပညာရှင်များအတွက် နဂါးသွေး အသုံးပြုနည်း ဆယ့်နှစ်မျိုးကို ဖော်ထုတ်ခဲ့ရာ မျိုးရိုးစဉ်ဆက်

တန်ဖိုးမဖြတ်နိုင်သော အသိပညာ ဖြစ်ခဲ့သည်..။

ဒမ်ဘယ်လ်ဒိုးနှင့် ဂရင်ဒီဝေါတို့ ၁၉၄၅ခုနှစ်တွင် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်..။ စုန်းကဝေသမိုင်းတွင် မကြုံဖူးသော တိုက်ပွဲတစ်ပွဲပင်... မျက်မြင်သက်သေများ အဆိုအရ လွန်စွာ

ကြောက်မက်ဖွယ်ရာ ကောင်းသော တိုက်ပွဲတစ်ပွဲ ဖြစ်ခဲ့သည်...။

ဒမ်ဘယ်လ်ဒိုး အနိုင်ရရှိလိုက်သော တိုက်ပွဲမှာ စုန်းကဝေ သမိုင်းကြောင်းကို တစ်ဆစ်ချိုး ပြောင်းလဲစေသည်ဟု မှတ်တမ်းတင်ခဲ့ကြသည်။ သူကိုယ်တိုင်ကမူ ထိုကိစ္စအတွက် တစ်ခါမှ

ဂုဏ်ယူဟန် မပြခဲ့ပေ..။

သူကဲ့သို့ မိတ်ဆွေတစ်ယောက်ကို ကျွန်ုပ် ထာဝရ ဆုံးရှုံးရပြီဖြစ်သည်..။ သို့ရာတွင် ကျွန်ုပ်၏ ဆုံးရှုံးမှုမှာ စုန်းကဝေလောကကြီး တစ်ခုလုံးနှင့် နှိုင်းယှဉ်လျှင် လွန်စွာမှပင်

သေးကွေးပါသေးသည်..။

ဟော့ဝပ်သမိုင်းတစ်လျှောက်တွင် အထင်ရှားဆုံးနှင့် ကြည်ညိုမှု အခံရဆုံး ကျောင်းအုပ်ကြီး ဖြစ်ခဲ့သည်..။ သူ သေဆုံးချိန်အထိ ကောင်းကျိုးများစွာကို အားထုတ်သွားခဲ့သည်..။

ဟယ်ရီ စာဖတ်ပြီးသွားသော်လည်း ရုပ်ပုံများကို ဆက်ငေးကြည့်နေမိသည်..။ ဒမ်ဘယ်လ်ဒိုးမှာ ပုံထဲမှာပင် သူ့ကို ကြင်နာစွာ ပြုံးပြနေ၏..။

သူ ဒမ်ဘယ်လ်ဒိုးအကြောင်းကို ကောင်းကောင်းသိသည်ဟု ထင်ခဲ့မိသည်..။ သို့ရာတွင် ဤဆောင်းပါးအရ သူ ဒမ်ဘယ်လ်ဒိုးအကြောင်းကို လုံးဝ မသိသလောက် ဖြစ်နေ၏..။ သူ တစ်ခါမှ

ဒမ်ဘယ်လ်ဒိုး၏ ငယ်စဉ်ဘဝကို မစဉ်းစားခဲ့ဖူးပေ..။ ဆယ်ကျော်သက်အရွယ် ဒမ်ဘယ်လ်ဒိုး၏ အသွင်မှာ ဟာမီယွန်နှင့် ခပ်ဆင်ဆင် တူသလိုပင်..။

သူ တစ်ခါမှ ဒမ်ဘယ်လ်ဒိုးကို အတိတ်အကြောင်း မမေးခဲ့ဖူး..။ ဒမ်ဘယ်လ်ဒိုးနှင့် ဂရင်ဒီဝေါတို့၏ တိုက်ပွဲကိုမူ သူ အားလုံးသိသလောက်တော့ သိထားခဲ့သည်..။ သို့ရာတွင် သူ တစ်ခါမှ

အသေးစိတ် မမေးကြည့်ဖူးပေ..။ သူတို့ဆွေးနွေးခဲ့သမျှ အကြောင်းများမှာ ဟယ်ရီ၏ အတိတ် ပစ္စုပ္ပန် အနာဂတ်တို့နှင့် ပတ်သက်သမျှ အကြောင်းများသာ ဖြစ်၏..။

ဟယ်ရီ သူ၏ အနာဂတ်မှာ လုံးဝ မရေရာပဲ အန္တရာယ်များနှင့် ပြည့်နက်နေမှန်း သတိထားမိသည်..။ သို့ရာတွင် သူ့၌ အစားထိုးမရသော ဆုံးရှုံးမှုတစ်ခုမှာ ဒမ်ဘယ်လ်ဒိုးအကြောင်းများကို

မမေးမိလိုက်ခြင်းပင်..။ သူမေးဖြစ်ခဲ့လျှင်လည်း ဒမ်ဘယ်လ်ဒိုး တစ်ယောက် ရိုးရိုးသားသား ဖြေပါ့မလားဟု ဟယ်ရီ သံသယရှိဆဲ ဖြစ်၏..။

မိနစ်အနည်းငယ်ကြာ တွေးနေမိပြီးနောက် ဟယ်ရီ ထိုဆောင်းပါးပါသော စာရွက်ကို ဖြဲလိုက်ပြီး သူ၏ မိစ္ဆာမှော်ပညာ ခုခံကာကွယ်နည်း စာအုပ်ထဲတွင် ညှပ်ထားလိုက်သည်...။ ထို့နောက်

ကျန်သမျှ သတင်းစာများကို အမှိုက်ပုံးထဲ ထည့်လိုက်ပြီး အခန်းကို လှည့်ပတ်ကြည့်လိုက်သည်...။

အခန်းမှာ အတော်ပင် သေသေသပ်သပ် ရှိသွား၏..။ အခန်းထဲတွင် ကျန်သောအရာဟူ၍ ယနေ့ထုတ် စုန်းကဝေ နေ့စဉ်သတင်းစာနှင့် မှန်ကွဲအစကလေးသာ မသိမ်းဆည်းရပဲ

ရှိတော့သည်..။

ဟယ်ရီ သတင်းစာပေါ်မှ မှန်ကွဲအစလေးကို ဖယ်လိုက်သည်...။ ထို့နောက် သတင်းစာကို ဖြန့်ဖတ်လိုက်သည်..။ သတင်းခေါင်းစဉ်များကိုသာ ဖတ်ပြီး သတင်းစာတစ်စောင်လုံးကို

ခပ်မြန်မြန် ကျော်ဖတ်လိုက်သည်..။ သို့ရာတွင် ဗိုဒီမော့အကြောင်း သတင်း တစ်ခုမှ မတွေ့ရ..။

မှော်ဝန်ကြီးဌာနမှာ ဗိုဒီမော့နှင့် ပတ်သက်သော သတင်းများကို အမှောင်ချထားပုံရသည်..။ ထို့နောက် သူမဖတ်မိပဲ ကျော်သွားသော ခေါင်းစဉ်တစ်ခုကို တွေ့လိုက်ရသည်..။

ပထမဆုံး စာမျက်နှာ၏ အောက်ပိုင်းတွင် စာလုံးသေးသေးဖြင့် ခေါင်းစဉ်တင်ထားပြီး ဒမ်ဘယ်လ်ဒိုး၏ ရုပ်ပုံနှင့် တွဲထားသော သတင်းတစ်ပုဒ်ပင်...။
ဒမ်ဘယ်လ်ဒိုးရဲ့ နောက်ဆုံးအမှန်တရားလား
ပြီးခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ စုန်းကဝေအများစုဟာ အကြီးကျယ်ဆုံးလို့ သူတို့ ယူဆထားတဲ့ စုန်းတစ်ယောက် ဆုံးရှုံးသွားရတဲ့အတွက် တုန်လှုပ်ခဲ့ကြပါတယ်..။

ဒါပေမယ့် ရီတာစကီတာရဲ့ အလိုအရတော့ သူ့ရဲ့စိတ်ပျက်ဖွယ် ကလေးဘဝ ဥပဒေမဲ့ နေထိုင်ခဲ့တဲ့ လူငယ်ဘဝနှင့် တခြား အပြစ်တွေကို ဒမ်ဘယ်လ်ဒိုးဟာ သူနှင့်အတူ သေရွာကို

ယူသွားခဲ့တာလို့ ဆိုပါတယ်..။

ဘာကြောင့် သူဟာ မှော်ဝန်ကြီးဖြစ်လာနိုင်ရဲ့သားနှင့် ကျောင်းအုပ်ဘဝကိုပဲ ကျေနပ်နေခဲ့တာလဲ..။ ဖီးနစ်အဖွဲ့လို့ လူသိကြတဲ့ အဖွဲ့ရဲ့ တကယ့် တာဝန်ဟာ ဘာလဲ.. ဒမ်ဘယ်လ်ဒိုး ဘယ်လို

သေဆုံးခဲ့တာလဲ..။

ဒီအဖြေတွေရော တခြား အကြောင်းအရာတွေကိုပါ သူမ၏ စာအုပ်အသစ်ဖြစ်တဲ့ 'ဒမ်ဘယ်လ်ဒိုး၏ ဘဝနှင့် သူ၏လိမ်ညာမှုများ' ထဲမှာ ရေးသား ဖော်ပြထားပါတယ်...။ စာမျက်နှာ (၁၃)

သို့...

ဟာယ်ရီ စာရွက်များကို ကမန်းကတန်းပင် စာမျက်နှာ (၁၃)သို့ လှန်လိုက်သည်...။
သတင်းစာမျက်နှာတွင် တွေ့ရသော ပုံမှာ သူနှင့် ရင်းနှီးပြီးသားပင်.. ရီတာစကီတာ၏ပုံကို ဂရုမစိုက်ပဲ

ဟာယ်ရီ စာကို ဆက်ဖတ်လိုက်သည်။

လူချင်းတွေ့ရတဲ့အခါ ရီတာဟာ သူ့ရဲ့ပုံထဲကထက် ပိုပြီး ခင်မင်ဖို့ ကောင်းပါတယ်..။ သူ့ရဲ့ မီးဖိုထဲမှာ လက်ဖက်ရည်နဲ့ ဧည့်ခံပြီးမှ တင်တာဗျူး စခဲ့ပါတယ်။

"ဒမ်းဘယ်လ်ဒိုးရဲ့ အကြောင်းဟာ အတ္တုပ္ပတ္တိရေးတဲ့သူတွေအတွက် တကယ့် အိပ်မက်ကြီးတစ်ခုပါ.. ကျွန်မရဲ့ စာအုပ်ဟာ ပထမဆုံးထုတ်ဝေတဲ့ စာအုပ် ဖြစ်မှာပါပဲ..."

စကီတာဟာ တကယ်မြန်ဆန်တဲ့ စာရေးဆရာပါ..။ သူ့ရဲ့ စာမျက်နှာ ကိုးရာရှိတဲ့ စာအုပ်ဟာ ဒမ်ဘယ်လ်ဒိုး သေပြီး လေးပတ်အကြာမှာ အပြီးသတ်နိုင်ခဲ့ပါတယ်..။ ကျွန်မ သူ့ကို

ဘယ်လိုများ ဒီလောက်မြန်မြန် ရေးသလဲလို့ မေးဖြစ်ခဲ့ပါတယ်။

"အိုး... ဒါကတော့ ကျွန်မက သတင်းထောက်လေ...... သတင်းတွေ မြန်မြန် စုဆောင်းတာက အကျင့်ပါနေပြီ... နောက်ပြီး စုန်းကဝေလောကမှာ သိဖို့လိုအပ်နေတာတွေကို

မြန်မြန်ဖြည့်ဆည်းပေးချင်တာလည်း ပါတာပေါ့..."

ကျွန်မက သူ့ကို အဲဖီးရပ်စ်ဒေါ်ဂျ်ရဲ့ မှတ်ချက်နဲ့ ပတ်သက်လို့ မေးဖြစ်ခဲ့ပါတယ်...။ အဲဖီးရပ်စ်ဟာ အကြံပေးအရာရှိဖြစ်ပြီး ဒမ်ဘယ်လ်ဒိုးရဲ့ ငယ်သူငယ်ချင်းပါ။ သူ့အလိုအရ စကီတာရဲ့

စာအုပ်မှာပါတဲ့အချက်တွေဟာ ဖားရှပ်ချောကလက် ကတ်ပြားလောက်တောင် မစုံဘူးလို့ ဆိုပါတယ်...။

စကီတာက ဒီအမေးကို ကြားတော့ အားပါးတရ ရယ်လိုက်ပြီး...

"ဒီလူက ခပ်ကြောင်ကြောင်ပါ... သူ့ကို ကျွန်မ ရေသူထီး ရေသူမတွေရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီး မေးဖူးပါတယ်..."

ဒါပေမယ့် ဒေါ်ဂျ်ရဲ့ အယူအဆဟာလည်း နေရာအတော်များများ ပျံ့နှံ့နေပါတယ်...။ စကီတာဟာ လေးပတ်လောက် အချိန်ကလေးနဲ့ ဒမ်ဘယ်လ်ဒိုးရဲ့ အံ့သြဖွယ်ရာ ဘဝတစ်ခုလုံးကို

ရှာဖွေတင်ပြနိုင်ပါ့မလား ဆိုတာပါပဲ...။

"ဒါက မခက်ပါဘူး.. ရွှေဂယ်လီရှန်တွေ များများသုံးလိုက်ရင် ဘယ်သူ့ဆီကမှ မပြောပြနိုင်ဘူးလို့ အဖြေမထွက်ဘူးလေ... လူတိုင်းက သူ့ကို အံ့ဩစရာ ကောင်းလောက်အောင်

တော်တယ်လို့ ထင်ကြတာ မဟုတ်ဘူး..."

စကီတာရဲ့ အလိုအရ ဒမ်ဘယ်လ်ဒိုးဟာ အပြစ် လုံးဝ ကင်းစင်ခဲ့တဲ့သူ မဟုတ်ပါဘူး။ သူမ ဘာတွေကို ရှာဖွေတွေ့ရှိခဲ့ပါသလဲ...။

"ကျွန်မရဲ့စာအုပ်ကို ဝယ်မဖတ်ပဲနဲ့ အားလုံးကို ပြောပြဖို့တော့ မဖြစ်နိုင်ဘူးလေ... ဒါပေမယ့် ဒမ်ဘယ်လ်ဒိုးကို အားလုံးဖြူစင်တယ်လို့ ထင်ထားတဲ့ လူတွေအတွက်တော့ စာအုပ်ထဲက

အမှန်တရားကို လက်ခံဖို့ ခက်လိမ့်မယ်.. သူဟာ မိစ္ဆာကောင်ကြီးလိုပဲ ငယ်ရွယ်စဉ်တုန်းက မကောင်းဆိုးဝါး မှော်ပညာတွေကို လေ့လာခဲ့ဖူးတယ်.... ငယ်ငယ်တုန်းက သူ့စိတ်ဓာတ်က

တော်တော့ကို ဆိုးသွမ်းခဲ့ဖူးတယ်... သူ့ရဲ့ အတိတ်ကို ဖုံးကွယ်ဖို့ ကြိုးစားခဲ့တာလို့ပဲ ပြောရမှာပဲ..."

စကီတာ ဆိုလိုချင်တာက ဒမ်ဘယ်လ်ဒိုးရဲ့ညီ အက်ဘာဖို့တစ်ယောက် မှော်ပညာအလွဲသုံးစားလုပ်မှုနှင့် တရားစွဲခံရခြင်းကို ရည်ညွှန်းသလားဟု
မေးကြည့်ရာတွင်...

"အိုး... အက်ဘာဖို့ရဲ့ ကိစ္စလောက်က အသေးအမွှားပါ.. ဒီ့ထက်ဆိုးတာတွေ ရှိသေးတယ်.. ကျွန်မပြောချင်တာက သူ့အမေနဲ့ ညီမအကြောင်းပါ.. ခက်ခက်ခဲခဲ ရှာဖွေထားရတဲ့

အမှန်တရားတွေပါ... တိတိကျကျသိချင်ရင်တော့ အခန်းကိုးကနေ ဆယ့်နှစ်ထိ ဖတ်ကြည့်ပေတော့... အခု ပြောနိုင်တာကတော့ ဒမ်ဘယ်လ်ဒိုးက သူ့မကောင်းမှုတွေကို

ဘယ်လူသိခံပါ့မလဲ..."

မိသားစုရေးရာတွေအပြီးမှာ ကျွန်မတို့ဟာ ဒမ်ဘယ်လ်ဒိုးရဲ့ ရှာဖွေတွေ့ရှိမှုတွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်...။

"သူက ဉာဏ်တော့ တော်တော် ကောင်းပါတယ်... ဒါပေမယ့် သူရှာဖွေတွေ့ရှိသမျှဟာ သူ့ကိုယ်ပိုင်ဉာဏ်တွေချည်းပဲလား.. ကျွန်မ အခန်းဆယ့်ခြောက်မှာ ရေးထားသလိုပေါ့..

အိုင်ဗာဒယ်လွန်ဆီက သူ အရင်ဆုံး နဂါးသွေး အသုံးပြုနည်း ရှစ်မျိုးကို ရှာဖွေထားတာကို ဒမ်ဘယ်လ်ဒိုးက ၄ားရမ်း အသုံးပြုသွားတယ်လို့ ဆိုထားတာပဲ…"

ဒါပေမယ့် စုန်းကဝေလောကအတွက် ဒမ်ဘယ်လ်ဒိုးရဲ့ အရေးပါပုံကိုတော့ ငြင်းမရဘူး မဟုတ်လားလို့ မေးကြည့်ခဲ့ပါတယ်။ သူဟာ မိစ္ဆာမှော်ပညာရှင် ဂရင်ဒီဝေါကို နှိမ်နှင်းခဲ့တယ် မ

ဟုတ်လားလို့ပေါ့…။ စကီတာကတော့ မခိုးမခန့် ပြုံးရင်းနဲ့ပဲ..

"ဂရင်ဒီဝေါအကြောင်း သတိပေးတာ ဝမ်းသာစရာပဲ.. ဒါ တကယ့်ကို ညစ်ပတ်မှုကြီး တစ်ခုပါ.. သမိုင်းဝင် တိုက်ပွဲတစ်ခု လုံးဝမဟုတ်ပါဘူး ကျွန်မရဲ့ စာအုပ်ကို ဖတ်ပြီးရင် ဂရင်ဒီဝေါဟာ

အေးအေးဆေးဆေး လက်နက်ချလိုက်တယ်ဆိုတာ သိလာပါလိမ့်မယ်…"

စကီတာ ဒီ့ထက် ဘာမှ ဆက်မပြောတော့ပါဘူး..။ ဒါကြောင့် တစ်ခြား အကြောင်းအရာတွေထက် စိတ်ဝင်စားဖို့ကောင်းတဲ့ အပိုင်းကို ပြောင်းလဲ ဆွေးနွေးခဲ့ပါတယ်။

"ကျွန်မ အခန်းတစ်ခန်းမှာ ပေါ်တာနဲ့ ဒမ်ဘယ်လ်ဒိုးရဲ့ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ရေးထားပါတယ်… တော်တော့ကို ပုံမှန်မဟုတ်တဲ့ ဆက်ဆံရေးပါပဲ.. အပြည့်အစုံ သိချင်ရင်တော့

စာအုပ်ကို ဝယ်ဖတ်ဖို့ ထပ်သတိပေးပါရစေ.. ဒါပေမယ့် သေချာတာကတော့ ပေါ်တာဟာ တော်တော် ပြဿနာများတဲ့ ကောင်လေးပါ… သူ့ကို ဒမ်ဘယ်လ်ဒိုးက ပုံမှန်ထက်ပိုပြီး

စိတ်ဝင်စားခဲ့ပုံပဲ"

စကီတာကို သူမနဲ့ ဟယ်ရီပေါ်တာ အဆက်အသွယ် ရှိသလားလို့ မေးကြည့်ဖြစ်ခဲ့ပါတယ်..။

"ကျွန်မတို့ ခုထက်ထိ ရင်းရင်းနှီးနှီးပါပဲ.. ပေါ်တာမှာ မိတ်ဆွေနည်းလှပါတယ်… ကျွန်မပြောချင်တာက ကျွန်မဟာ ဟယ်ရီပေါ်တာ အစစ်ကို သေချာနည်းလည်တဲ့ တစ်ဦးတည်းသော

သူပါပဲ…"

နောက်ထပ်မေးခွန်း တစ်ခုကတော့ ဒမ်ဘယ်လ်ဒိုးရဲ့ နောက်ဆုံး အချိန်ပိုင်းကလေးမှာ ပေါ်တာဟာ အတူတူရှိနေခဲ့သလား ဆိုတာပါပဲ။

"ကျွန်မ များများ မပြောချင်ဘူး... ဒီအကြောင်းအရာအားလုံး စာအုပ်ထဲမှာ ပါပါတယ်.. ဒါပေမယ့် ဟော့ဝပ်ကျောင်းထဲက မျက်မြင်သက်သေ တစ်ယောက်ရဲ့ အဆိုအရတော့ ပေါ်တာ့ကို

အဲဒီ့နေရာက ဒမ်ဘယ်လ်ဒိုး ပြုတ်ကျသွားပြီး မကြာခင် ထွက်ပြေးလာတာကို တွေ့တယ်လို့ ဆိုပါတယ်....... ပေါ်တာကတော့ ဆီးဗားရပ်စ် စနိပ်ရဲ့ လက်ချက်လို့ ဆိုပါတယ်.. ဒါ တကယ်

အမှန်ပဲလား... ကျွန်မရဲ့ စာအုပ်ကို ဖတ်ပြီးမှ သေချာစဉ်းစားဆုံးဖြတ်ရမယ့် ကိစ္စပါ..."

အဲဒီ့နောက်မှာ ကျွန်မ စကီတာဆီက ပြန်လာခဲ့ပါတယ်...။ ဒမ်ဘယ်လ်ဒိုးကို ထောက်ခံတဲ့သူတွေအတွက်ကတော့ စကီတာရဲ့ သတင်းတွေဟာ တုန်လှုပ်စရာပါ...။

ဟယ်ရီ စာပိုဒ်ကို ဖတ်၍ ပြီးသွားသော်လည်း ဆက်၍ ငေးကြည့်နေမိဆဲ။ ဒေါသများ ထိန်းမနိုင်အောင် တလိပ်လိပ် ကြွတက်လာကာ သတင်းစာကို လုံးထွေး၍ လွှင့်ပစ်လိုက်သည်။

သတင်းစာမှ အမှိုက်ပုံးထဲမှ တခြား အမှိုက်များနှင့် သွားရောက်ပူးပေါင်းနေတော့သည်။

သူ အခန်းတွင်း၌ အခိုပ္ပါယ်မဲ့ လျှောက်သွားရင်း ဘာမှမရှိသော အံဆွဲများကို မလိုအပ်ပဲ ဖွင့်ကြည့်မိသည်။ သူ့ကိုယ်သူ ဘာလုပ်နေမိမှန်းပင် သေချာမသိပဲ ရှိနေစဉ် သူ့ခေါင်းထဲ၌

စကီတာ၏ စကားလုံးများကို ကြားနေရသည်။

"ဒမ်ဘယ်လ်ဒိုးနဲ့ ပေါ်တာတို့ရဲ့ ဆက်ဆံရေးအကြောင်းကို တစ်ခန်းလုံး ရေးထားပါတယ်..."

"သူက ငယ်ငယ်တုန်းက မိစ္ဆာမှော်ပညာတွေကို လေ့လာခဲ့ဖူးတယ်..."

"လိမ်တာတွေချည်းပဲ..."

ဟယ်ရီ ကျုံးအောင်လိုက်သည်။ ပြတင်းပေါက်၏ တခြားတစ်ဖက်မှ အိမ်နီးချင်းများက သူ့ကို အံ့သြတကြီး ငေးကြည့်နေကြ၏...။

ဟယ်ရီ အိပ်ရာပေါ်သို့ ပစ်ထိုင်ချလိုက်သည်...။ အိပ်ရာပေါ်မှ မှန်ကွဲစကလေးကို ကောက်ယူရင်း သူ အတွေးများ ရှုပ်ထွေးနေခဲ့သည်။

ရုတ်တရက် အပြာရောင် အလင်းတန်းတစ်ခုကို လျှပ်တစ်ပြက် တွေ့လိုက်ရသည်။ ဟယ်ရီ ကြက်သေသေသွား၏...။ မှန်ကွဲစကလေးမှာ သူ့လက်ထဲမှ လွတ်ကျလုလုပင် ဖြစ်သွားရသည်..။

သူ့အတွေးသက်သက်သာ ဖြစ်ရမည်ဟု ဟယ်ရီ ထင်လိုက်သည်။

သူ နံရံတစ်လျှောက် သေချာကြည့်လိုက်သည်။ အပြာရောင် ရောင်ပြန်ဟပ်စရာ တစ်ခုမှ မတွေ့ရပေ..။ သူ မှန်ကွဲစထဲကို သေသေချာချာ ထပ်ကြည့်လိုက်ပြန်သည်။ သို့ရာတွင် သူ၏

အစိမ်းရောင် မျက်လုံးများမှ အပ ဘာကိုမှ မတွေ့ရပေ...။

သူ့စိတ်ထဲက ထင်ယောင်ထင်မှား ဖြစ်မိခြင်းသာ ဖြစ်ရမည်...။ တခြား အကြောင်း မရှိနိုင်..။ အဘယ်ကြောင့်ဆိုသော် သူမြင်လိုက်ရသော အပြာရောင်မှာ ဒမ်ဘယ်လ်ဒိုး၏ မျက်လုံးအစုံဟု

သူ အကြီးအကျယ် သံသယရှိနေ၍ပင်....။

**၃။ ဒါစလေ မိသားစုနှင့် ခွဲခွာခြင်း**

အိမ်ရှေ့တံခါးမကြီးကို ခပ်ကြမ်းကြမ်း ဆောင့်ပိတ်လိုက်သံနှင့်အတူ အော်ခေါ်သံကို ဟယ်ရီကြားလိုက်ရသည်။

"ဟေး... ဟိုကောင်လေး..."

နာမည်တပ်မခေါ်ပေမယ့် သူ့ဦးလေး ဘယ်သူ့ကို ခေါ်နေတယ်ဆိုတာကို ဟယ်ရီ ကောင်းကောင်း သိပါတယ်။ သူ မှန်ကွဲစလေးကို ဆက်ငေးနေခဲ့ပါတယ်...။ တကယ်ပဲ ဒမ်ဘယ်လ်ဒိုးရဲ့

မျက်လုံးတွေကို သူမြင်ခဲ့သလား...။

ဒါပေမယ့် သူ့ဦးလေးရဲ့ အော်ဟစ်သံက ပိုပြီး ကျယ်လောင်လာသည်။ ထို့ကြောင့် ဟယ်ရီ အိပ်ရာပေါ်မှ ဖြည်းဖြည်းထရင်း အခန်းတံခါးဆီသို့ ဦးတည်လာခဲ့သည်။ မှန်စကလေးကိုမူ

သူယူသွားမည့် ခရီးဆောင်အိတ်ထဲသို့ ထိုးထည့်ပစ်ခဲ့သည်။

"ဘာလို့ ဒီလောက်ကြာနေတာလဲ..."

အန်ကယ်ဗာနွန် အော်ဟစ်လိုက်သည်။ ဟယ်ရီ လှေကားထိပ်၌ပင် ရပ်နေသေး၍..

"ဒီကိုဆင်းလာခဲ့.. ငါ မင်းနဲ့ စကားပြောစရာ ရှိတယ်.."

ဟယ်ရီ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ကို ထည့်ထားရင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်...။ ဧည့်ခန်းထဲသို့ သူရောက်ချိန်ဝယ် ဒါစလေ မိသားစုသုံးယောက်စလုံးကို တွေ့လိုက်ရသည်။

သူတို့အားလုံး ခရီးထွက်ရန် ပြင်ဆင်ထားကြပုံပင်...။

အန်ကယ်ဗာနွန်မှာ ဂျာကင်ခပ်ထူထူကို ဇစ်တပ်ကာဝတ်ထားပြီး အန်တီပီကျူးနီးယားမှာမူ ကုတ်အင်္ကျီတစ်ထည်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား၏။ ဒတ်ဒလေမှာလည်း

သားရေဂျာကင်တစ်ထည်ကို ဝတ်ဆင်ထားသည်။

"ဘာကိစ္စရှိလို့လဲ.."

"ထိုင်စမ်းပါဦး.."

ဟယ်ရီ အံ့သြမှုကြောင့် မျက်ခုံးအစုံ မြင့်တက်သွား၏။

"ကျေးဇူးပြုပြီး ထိုင်စမ်းပါ.."

အန်ကယ်ဗာနွန်၏ အသံမှာ ပို၍ စူးစူးရှရှ နိုင်နေသလိုပင်...။

ဟယ်ရီ ထိုင်လိုက်သည်။ ဘာဖြစ်လာမည်ဆိုသည်ကို ဟယ်ရီ ကြိုသိနေသလိုပင်....။ အန်ကယ်ဗာနွန်မှာ အတော်ပင် စိတ်လှုပ်ရှားနေပုံရ၏။ အန်တီပီကျူးနီးယားနှင့် ဒတ်ဒလေတို့လည်း

သိပ်မကွာခြား..။ နောက်ဆုံးတွင် သူ၏ ပန်းရောင်သမ်းနေသော ဧရာမ မျက်နှာကြီးကို စိတ်အာရုံစူးစိုက်မှု ရစေရန် အစွမ်းကုန် ရှုံ့တွလိုက်ပြီး ဟယ်ရီ့ရှေ့တည့်တည့်တွင် ရပ်လိုက်ကာ...

"ငါ့စိတ်ကို ပြောင်းလိုက်ပြီ..."

"အံ့သြစရာပဲ..."

"ဒီလိုလေသံနဲ့ မပြောနဲ့..."

သို့ရာတွင် အန်ကယ်ဗာနွန် လက်ကာပြလိုက်၍ အန်တီပီကျူးနီးယားမှာ ဝင်မပါနိုင်ဘဲ ဖြစ်သွား၏။

"ဒါ ထောင်ချောက်တစ်ခုပဲ..."

အန်ကယ်ဗာနွန် ဟယ်ရီ့အား တစ်ချက်ကြည့်ရင်း ဆိုလိုက်သည်။

"ငါ ဒီစကားတွေကို လုံးဝမယုံနိုင်ဘူး... ငါတို့အားလုံး ဒီမှာပဲ နေမယ်.... ဘယ်ကိုမှ မသွားတော့ဘူး..."

ဟယ်ရီ သူ့ဦးလေးကို မော့ကြည့်လိုက်သည်။ သူ ဒေါသထွက်လာသလို တပြိုင်တည်းမှာပင် ရယ်ချင်စိတ်လည်း ဖြစ်လာခဲ့သည်။ ဗာနွန်ဒါစလေ တစ်ယောက် သူ၏ ဆုံးဖြတ်ချက်ကို

ပြင်ဆင်ခဲ့သည်မှာ နှစ်ဆယ့်လေးနာရီ တစ်ကြိမ်ကျဖြစ်ပြီး ပြီးခဲ့သော လေးပတ်စလုံးလိုလိုပင် ဖြစ်သည်။

သူ စိတ်ပြောင်းလေတိုင်း ပစ္စည်းများကို ထုပ်ပိုးလိုက်ပြန်ပြီး ပြန်နေရာချထားလိုက်နှင့် လွန်စွာမှပင် အလုပ်ရှုပ်နေခဲ့သည်...။

သူ သဘောအကျဆုံးဖြစ်ရပ်မှာ အန်ကယ်ဗာနွန်တစ်ယောက် အထုပ်ထဲတွင် ဒတ်ဒလေက အလေးမ ဝိတ်ပြားများထည့်ထားသည်ကို မသိဘဲ မပြီးခါမှ မနိုင်မနင်း ပြုတ်ကျကာ

ဝရုန်းသုန်းကား ဖြစ်သွားသော အဖြစ်အပျက်ပင်...။

"မင်းရဲ့ အဆိုအရ ပြောရရင်..."

အန်ကယ်ဗာနွန် စကားမပြောနိုင်သေးပဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပြန်၏...။ ပြီးမှ...

"ငါရော ပီကျူးနီးယားရော ဒတ်ဒလေရော အန္တရာယ် ကျရောက်တော့မယ် ဆိုပါတော့ ... မင်း မင်းတို့ရဲ့..."

"ဟုတ်တယ် ... ကျွန်တော်တို့ လူမျိုးတွေပဲ..."

"ငါ ... ငါမယုံဘူး..."

ဟယ်ရီ့ရှေ့တွင် ရပ်လိုက်ရင်း အန်ကယ် ဗာနွန်ပြောလိုက်သည်။

"ငါ ညတစ်ဝက်နီးပါး မအိပ်ပဲ စဉ်းစားပြီးပြီ... ဒါ ဒါ မင်း ငါတို့အိမ်ကို လိုချင်လို့ အကြံအဖန် လုပ်တာပဲ..."

"အိမ်... ဟုတ်လား.... ဘယ်အိမ်လဲ...."

"ဒီအိမ်ပဲပေါ့..."

အန်ကယ်ဗာနွန်၏ နဖူးတွင် သွေးတိုးနေသဖြင့် သွေးကြောကြီးများ ထောင်ထလာနေ၏..။

"ငါတို့ရဲ့အိမ်လေ... ဒီနေရာက အိမ်ဈေးတွေက ခေါင်ခိုက်အောင် မြင့်လာနေပြီ မဟုတ်လား... မင်းက ငါတို့ကို အိမ်က ထွက်သွားစေချင်တယ်... ပြီးရင် အိမ်ကို မင်းနာမည်ပေါက်အောင်

လုပ်မယ် မဟုတ်လား..."

ဟယ်ရီ စိတ်ပျက်လက်ပျက်လေသံဖြင့်...

"ဦးလေး စိတ်မှမှန်သေးရဲ့လား... ဒီအိမ်ကို အပိုင်စီးဖို့ ကြံနေတာ ဟုတ်လား... ဦးလေး ရုပ်ကြီးအတိုင်းပဲ ဦးလေးတကယ်တုံးသလား..."

"မင်း ဘယ်လိုပြောတာလဲ..."

အန်တီပီကျူးနီးယားက ထအော်လိုက်သည်။ သို့ရာတွင် အန်ကယ်ဗာနွန်က သူမကို လက်ဖေ့ယမ်းပြရင်း ဝင်မပါနိုင်အောင် တားလိုက်ပြန်သည်။ သူ့ဦးလေးပုံစံမှာ သူထင်သလောက်

ပေါက်ကွဲနေပုံမရချေ...။

ဟယ်ရီကပင် ဆက်၍...

"ဦးလေး မေ့နေပြီ ထင်တယ်... ကျွန်တော့်မှာ အိမ်ရှိပြီးသားလေ... ကျွန်တော့်ရဲ့ အုပ်ထိန်းသူက အိမ်ပါထားခဲ့တာပဲ... ဒီအိမ်ကို ဘာကိစ္စလိုချင်ရမှာလဲ... ဒီအိမ်မှာ အမှတ်ရစရာကောင်းတာ

ဘာရှိလို့လဲ..."

အခန်းထဲတွင် ရုတ်တရက် တိတ်ဆိတ်သွား၏...။ အန်ကယ်ဗာနွန် သူ့ရှေ့တွင် ထပ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း...

"မင်း ... မင်းပြောတော့ ... ဘာ ... ဘာ သခင်ကြီးက..."

"ဗိုဒီမော့..."

ဟယ်ရီ စိတ်မရှည်တော့ပဲ နာမည်ကို ပြောချလိုက်သည်...။

"ကျွန်တော် အကြိမ်ကြိမ် ပြောခဲ့ပြီးပြီ မဟုတ်လား... ဒါ သတင်းပေးရုံ သက်သက် ပြောပြနေတာ မဟုတ်ဘူး... ဒမ်ဘယ်လ်ဒိုးလည်း မနှစ်က ပြောပြခဲ့ပြီးပြီ ... ကင်းစလေနဲ့

မစ္စတာဝီစလေလည်း..."

အန်ကယ်ဗာနွန် စိတ်ဆိုးလာသဖြင့် လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

ပြီးခဲ့သော ရက်အနည်းငယ်က မဖိတ်ခေါ်ဘဲ လာရောက်ခဲ့သော ညီ့သည်နှစ်ယောက်အကြောင်းကို သူ ပြန်သတိရသွားပုံ ရသည်။

သူတို့ဆီသို့ ကင်းစလေရှက်ကယ်ဘော့နှင့် အာသာဝီစလေတို့ လာရောက်ခြင်းမှာ ဒါစလေအတွက် မနှစ်မြို့ဆုံး ဖြစ်ရပ်ပင်...။ အာသာဝီစလေမှာ အန်ကယ်ဗာနွန်၏ ညှေ့ခန်းတစ်ဝက်ခန့်ကို

ဖောက်ခွဲပစ်ခဲ့ဖူးသူမို့ ပို၍ပင် အခြေအနေက ဆိုးဝါးသွားသည်။

"သူတို့နှစ်ယောက်လည်း သေချာ ရှင်းပြသွားပြီးပြီ မဟုတ်လား..."

ဟယ်ရီ စိတ်မရှည်နိုင်စွာပင်...

"ကျွန်တော့်အသက် ဆယ့်ခုနှစ်နှစ် ပြည့်တာနဲ့ ဒီနေရာကို ကာကွယ်ထားတဲ့ အစီအရင်တွေ အကုန်ပျက်လိမ့်မယ်... ဒါဆိုရင် ကျွန်တော့်ကို ရှာတွေ့နိုင်သလို ဦးလေးတို့ကိုလည်း

ရှာတွေ့မှာပဲ... ဗိုဒီမော့က ဦးလေးတို့ကို နှိပ်စက်ပြီး ကျွန်တော် ဘယ်မှာ ရှိမလဲဆိုတာကို မေးမှာပဲ... ဒါမှမဟုတ်ရင် ဦးလေးတို့ကို ဖမ်းထားလိမ့်မယ်... ကျွန်တော် လာကယ်မယ်လို့

ယူဆပြီးတော့ပဲ..."

အန်ကယ်ဗာနွန်နှင့် ဟယ်ရီတို့ အကြည့်ချင်းဆုံမိကြသည်။ ထိုအချိန်ကလေးတွင် သူတို့နှစ်ယောက်စလုံး အတွေးတူနေကြမည်ဟု ဟယ်ရီထင်၏။

ထို့နောက်တွင် အန်ကယ်ဗာနွန် သူ့ထံလျှောက်လာပြန်ရာ ဟယ်ရီ သူ့စကားကို ဆက်လိုက်သည်။

"ဦးလေးတို့ တစ်နေရာမှာ သွားပုန်းနေရမယ်... ဖိုးနစ်အဖွဲ့က ကူညီမှာပါ... သူတို့အတတ်နိုင်ဆုံး အကောင်းဆုံး ကာကွယ်မှု ပေးထားပါလိမ့်မယ်..."

အန်ကယ်ဗာနွန် ဘာမှပြန်မဖြေပဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် ဆက်လျှောက်နေ၏။ ထို့နောက်...

"မင်းတို့ဆီမှာ မော်ဝန်ကြီးဌာနဆိုတာ ရှိတယ် မဟုတ်လား"

"ဟုတ်တယ်လေ..."

ဟယ်ရီအနည်းငယ် အံ့အားသင့်သွား၏။

"ဒါဆို ငါတို့ကို ဝန်ကြီးဌာနက ဘာကိစ္စ မစောင့်ရှောက်တာလဲ... ငါတို့ကို အစိုးရအဖွဲ့က စောင့်ရှောက်ပေးတာ အကောင်းဆုံး..."

ဟယ်ရီ အားပါးတရ ရယ်လိုက်သည်။ သူ့ကိုယ်သူ ရပ်တန့်၍ပင် မရတော့ဟု ထင်မိ၏။ သူ့ဦးလေး၏ ပုံမှန်အတွေးအခေါ် တစ်ခုပင်...။ ခိုင်ခိုင်မာမာ ရှိသောအရာကိုမှ ယုံကြည်ပုံရသည်။

"ဝီစလေနဲ့ ကင်းစလေတို့ ဘာပြောသွားသလဲ... ဝန်ကြီးဌာနမှာ ဗိုဒီမော့ရဲ့ လူတွေ ဝင်ပြီး နေရာယူနေပြီ..."

အန်ကယ်ဗာနွန် အသက်ပြင်းပြင်းရှူလိုက်ပြီး ... ဟယ်ရီ၏ ရှေ့တည့်တည့်တွင် ရပ်ကာ...

"ကောင်းပြီ.. မင်းနဲ့ဆက်ပြီး ငြင်းခုံမနေတော့ဘူး.. ငါတို့ ဒီအကာအကွယ် ပေးမယ့် ကိစ္စကို လက်ခံတယ်.. ဒါပေမယ့် ငါတို့ကို စောင့်ရှောက်မယ့်သူက ကင်းစလေ ဘာလို့မ

ဟုတ်ရတာလဲ..."

ဟယ်ရီ အတော်စိတ်ပျက်သွားသည်...။ ဒီမေးခွန်းကို သူဒါဇင်ဝက်မက ဖြေခဲ့ပြီးပြီ...။

"ကျွန်တော် ပြောပြီးသားပဲ... ကင်းစလေက လူတွေရဲ့ ဝန်ကြီးချုပ်ကို ကာကွယ်နေရတယ်လေ..."

"သူနဲ့ဆိုရင် အကောင်းဆုံးပဲ..."

အန်ကယ်ဗာနွန် တီဗွီကို လက်ညှိုးညွှန်ရင်းဆို၏..။ တီဗွီသတင်းထဲတွင် ကင်းစလေမှာ ဝန်ကြီးချုပ်၏နောက်တွင် တစ်ကောက်ကောက်လိုက်လျှက် ရှိသည်။ ကင်းစလေမှာ သာမန်လူတို့

ဝတ်စားပုံအတိုင်း ကွက်တိဝတ်စားထား၏။ ထို့ကြောင့်ပင် ဒါစလေတို့မှာ ကင်းစလေကို လိုလားနေခြင်းပင်...။

"သူကတော့ မဖြစ်နိုင်ဘူး.. ဒါပေမယ့် ဟက်စ်တီယာဂျုန်းနဲ့ ဒီဒဲလတ်ဒစ်ဂဲတို့လည်း မဆိုးပါဘူး..."

သည်းခံနိုင်စိတ် ကုန်ဆုံးနေပြီ ဖြစ်သော ဟယ်ရီ ထိုင်ရာမှ ထ၍ တီဗွီကို ညွှန်ပြရင်း...

"ဒီအဖြစ်အပျက်တွေဟာ မတော်တဆ ဖြစ်နေတာ မဟုတ်ဘူး... ကားတိုက်မှုတွေ မတော်တဆ ပေါက်ကွဲမှုတွေ သတင်းမှာ ပါလာသမျှ သူတို့လက်ချက်တွေချည်းပဲ..

လူတွေပျောက်နေတယ်.. သေနေကြတယ်.. ဒါတွေမှန်သမျှ ဗိုဒီမော့လက်ချက်ချည်းပဲ.. ကျွန်တော် အကြိမ်ကြိမ် ပြောခဲ့ပြီးပြီ.. မြူတွေထူနေတာတောင်မှ ဝိညာဉ်နှုတ်သတ္တဝါတွေ

လက်ချက်ပဲ.. ဘာလဲဆိုတာ သေချာမသိရင် ဦးလေးသားကိုသာ မေးကြည့်ပေတော့..."

ဒတ်ဒလေ ထိတ်လန့်စွာ သူ၏ လက်ဖြင့် ပါးစပ်ကို ပိတ်ထားလိုက်သည်။ ထို့နောက် လက်ကို ဖြည်းညင်းစွာ ရုပ်သိမ်းရင်း...

"နောက်... နောက်ထပ် အကောင်တွေ ရှိသေးသလား..."

ဟယ်ရီ ရယ်လိုက်ရင်း...

"ငါတို့ကို တိုက်ခိုက်တဲ့နှစ်ကောင်အပြင် ရှိသေးသလားလို့ ဆိုလိုချင်တာလား... ရှိသေးတာပေါ့.. ရာနဲ့ချီပြီး ရှိတယ်.. အခုဆိုရင် ထောင်နဲ့ချီနေလောက်ပြီ ထင်တယ်..."

အန်ကယ်ဗာနွန်က ရုတ်တရက်ဖြတ်၍ အော်ဟစ်လိုက်သည်။

"ကောင်းပြီ... ကောင်းပြီ... မင်းပြောတာကို ငါလက်ခံတယ်..."

"ဒီလိုပဲ ဖြစ်ရမှာပေါ့... ကျွန်တော့်အသက် ဆယ့်ခုနှစ်နှစ်ပြည့်တာနဲ့ ရှိရှိသမျှ ဒက်အိတာတွေရော... ဝိညာဉ်နှုတ်ကောင်တွေရော... အင်ဖာရီ (ဖုတ်သွင်းထားသော အလောင်းကောင်) တွေပါ

ဒီနေရာကို လာပြီးတိုက်ခိုက်မှာပဲ... ဦးလေး စုန်းကဝေတစ်ယောက်ကို ရင်ဆိုင်နိုင်ပါ့မလား... အကူအညီလိုတာ သေချာပါတယ်"

အန်တီပီကျူးနီးယားမှာ အန်ကယ်ဗာနွန်ကို ငေးကြည့်နေ၏။ ဒတ်ဒလေမှာမူ ဟယ်ရီ့ကို ငေးကြည့်နေသည်။

အန်ကယ်ဗာနွန်က…

"ငါ့အလုပ်ရော ဘယ်လိုလုပ်ရမလဲ… ဒတ်ဒလေရဲ့ ကျောင်းရော…"

ဟယ်ရီ ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဦးလေး နားမလည်သေးဘူးလား… သူတို့က ဦးလေးတို့ကို သတ်ပစ်လိမ့်မယ်… ကျွန်တော် မိဘတွေ သေသလို သေကုန်လိမ့်မယ်…"

ဒတ်ဒလေက ရုတ်တရက်ဝင်၍…

"အဖေ … ကျွန်တော် သူတို့နဲ့ လိုက်သွားမယ်…"

ဟယ်ရီ သူအနိုင်ရပြီဟု သိလိုက်သည်။ ဒတ်ဒလေသာ ဖီးနစ်အဖွဲ့၏ အကူအညီယူချင်လောက်အောင် ကြောက်ရွံ့နေပါက သူ့မိဘများပါ လိုက်သွားကြမည်မှာ သေချာ၏…။ သူတို့သားနှင့်

ခွဲနေကြမည် မဟုတ်ပေ။ ဟယ်ရီ နာရီကို လှမ်းကြည့်လိုက်ရင်း…

"သူတို့ နောက်ငါးမိနစ်ဆို ရောက်လာကြလိမ့်မယ်…"

ထို့နောက် ဟယ်ရီ အခန်းထဲမှ ထွက်လာခဲ့သည်။ သူ့ဦးလေး အဒေါ်နှင့် ညီဖြစ်သူတို့နှင့် ထာဝရ ခွဲခွာရခြင်းမှာ သူ့အတွက် ပျော်စရာ ဖြစ်သင့်သည်။ သို့ရာတွင် တစ်စုံတစ်ခုက သူ့ကို

ကသိကအောင့် ဖြစ်စေသလို ခံစားနေရ၏…။ ခွဲခွာခါနီးမှာ ဘာများ မှာကြားစရာ ရှိသလဲ..။ ဆယ့်ခြောက်နှစ်လုံးလုံး ကြည့်မရခဲ့သူတွေ အချင်းချင်း နှုတ်ဆက်၍ပင် မလွယ်ပါ…။

သူ့အခန်းထဲ ပြန်ဝင်ကာ ဟယ်ရီ ဇီးကွက်မလေး ဟက်ဝစ်ကို အစာကျွေးနေမိသည်..။ သို့ရာတွင် ဟက်ဝစ်မှာ အစာမစားပဲ ရှိနေသည်။ သူ့ကို စိတ်ဆိုးနေဆဲပင် ဖြစ်လိမ့်မည်…။

"ငါတို့ ဒီက သွားရတော့မှာပါ.. မကြာတော့ပါဘူး.. အဲဒီတော့မှ မင်းလည်း အပြင်ထွက်ပြီး ပျံလို့ရမှာပေါ့…"

တံခါးခေါင်းလောင်းသံကို ကြားလိုက်ရသည်။ ဟယ်ရီ ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ အခန်းထဲမှထွက်ကာ အောက်ထပ်သို့ ဆင်းခဲ့၏...။ ဟက်စ်တီယာနဲ့ ဒီဒဲလတ်တို့ကို ဒါစလေတွေနဲ့

လွှတ်ထားဖို့ လုံးဝမဖြစ်နိုင်မှန်း သူသိသည်။

သူတံခါးကို ဖွင့်လိုက်သည်နှင့် ခပ်သေးသေး ညှက်ညှက် လူတစ်ယောက်က သူ့ကို ဦးညွှတ်နှုတ်ဆက်ရင်း...

"တွေ့ရတာ ဂုဏ်ယူစရာပဲ ဟယ်ရီပေါ်တာ..."

"ကျေးဇူးပဲ ဒီဒဲလတ်..."

ဟက်စ်တီယာကမူ သူ့ကို လှိုက်လှိုက်လှဲလှဲ ပြုံးပြနေ၏..။

"ခင်ဗျားပါ ပါလာတာ အဆင်ပြေတာပေါ့.. သူတို့ ခရီးထွက်ဖို့ အဆင်သင့်ပဲ..."

ဒီဒဲလတ်မှာ ဧည့်ခန်းထဲသို့ ဝမ်းသာအားရ ဝင်သွားပြီး...

"ဟယ်ရီပေါ်တာရဲ့ ဆွေမျိုးတွေလား ... တွေ့ရတာ အင်မတန် ဝမ်းသာပါတယ်ဗျာ..."

ဒါစလေတို့ကို ကြည့်ရသည်ကတော့ လုံးဝပျော်ရွှင်ပုံမပေါ်ပေ..။ သူတို့ နောက်ထပ် စိတ်ပြောင်းဦးမလားဟု ဟယ်ရီ တွေးနေမိသည်။ ဒတ်ဒလေတစ်ယောက်မှာမူ စုန်းကဝေများကို

တွေ့ရသည်နှင့် သူ့အမေအနီးသို့ ပို၍ တိုးကပ်သွား၏။

"ခင်ဗျားတို့ အထုပ်အပိုးတွေပါ ပြင်ပြီးပြီပဲ.. ကောင်းတာပေါ့... ခရီးစဉ်ကတော့ ရှင်းပါတယ်.... ဟယ်ရီလည်း ပြောပြထားလောက်ပါပြီ... "

ဒီဒဲလတ်က ဆက်ပြောပြန်သည်။

"ဟယ်ရီ မသွားခင် ဒီအိမ်က ခွာမှ ဖြစ်မယ်.. ဒီအိမ်ထဲမှာ မှော်ပညာသုံးလို့ မဖြစ်ဘူး... ဟယ်ရီက အသက်မပြည့်သေးတော့ အဖမ်းခံနိုင်တယ်.... ကားမောင်းပြီး

ဆယ်မိုင်လောက်သွားရမယ်... ပြီးတော့မှ ကိုယ်ရောင်ဖျောက်နည်းနဲ့ လုံခြုံတဲ့ နေရာကို ပို့ပေးပါ့မယ်... အင်း... ဒါနဲ့ ခင်ဗျား ကားမောင်းတတ်မှာပါနော်..."

သူက အန်ကယ်ဇာနွန်ကို ယဉ်ယဉ်ကျေးကျေးပင် မေးလိုက်သည်။ သို့ရာတွင် အန်ကယ်ဇာနွန်ကမူ စိတ်မရှည်ဟန်ဖြင့်...

"ကျုပ် ကားကောင်းကောင်း မောင်းတတ်ပါတယ်ဗျ..."

"ခင်ဗျား တကယ်တော်တာပဲ.. ကျုပ်ဆို အဲဒီလို ကိစ္စတွေ ဘယ်လိုမှ နားမလည်နိုင်ဘူး..."

"ကားတောင် မမောင်းတတ်တဲ့ အလကားကောင်တွေပဲ..."

အန်ကယ်ဇာနွန် တတွတ်တွတ် ပြောနေသံကို ဒီဒဲလတ်ရော ဟက်စ်တီယာပါ မကြားလိုက်ချေ..။

ဒီဒဲလတ်ကပင် ဆက်၍ ဟယ်ရီ့အား..

"ဟယ်ရီ မင်းကတော့ ဒီမှာစောင့်နေခဲ့ပေတော့.. မင်းကို စောင့်ရှောက်ပြီး ပို့ပေးမယ့်သူတွေ လာလိမ့်မယ်.. အဲ .. အစီအစဉ်ကတော့ နည်းနည်းပြောင်းထားတယ်..."

"ဘယ်လို.. အစီအစဉ်ပြောင်းထားတယ် ... ဟုတ်လား"

ဟယ်ရီ ချက်ချင်းပင် ပြန်မေးလိုက်သည်။

"ကျွန်တော် သိထားတာက မူဒီ ဒီကိုလာပြီး ကျွန်တော့်ကို အတူတွဲခေါ်သွားမှာ မဟုတ်လား.."

ဟက်စ်တီယာက

"ဒီလို လုပ်လို့ မဖြစ်ဘူး... မင်းကို မူဒီက ရှင်းပြလိမ့်မယ်.."

ဒါစလေမိသားစုမှာ သူတို့ပြောသမျှ စကားလုံးများကို စိတ်ဝင်တစား နားထောင်နေရာမှ ရုတ်တရက် စူးစူးရှရှ အော်ဟစ်လိုက်သံကြောင့် လန့်ဖျတ်ကာ ထခုန်လိုက်ကြသည်။

"မြန်မြန် .. အချိန်မရှိဘူး.."

ဟယ်ရီအခန်းကို လှည့်ပတ်ကြည့်လိုက်သည်။ ထိုအသံမှာ ဒီဒဲလတ်၏ အိတ်ထောင်နာရီထံမှ လာသောအသံပင်..။

ဒီဒဲလတ်က ...

"ဟုတ်တယ်...ကျုပ်တို့မှာ အချိန်သိပ်မရှိဘူး..."

နာရီကို သူ၏ကုတ်အကျႌအတွင်း ပြန်ထည့်ရင်း ဒီဒဲလတ်က ...

"ငါတို့ မင်းဦးလေးမိသားစုကို ကိုယ်ရောင်ဖျောက် ခေါ်သွားတဲ့အချိန်နဲ့ မင်း ဒီအိမ်က ထွက်မယ့်အချိန်ကို ညှိထားတယ်.. ဒါမှ အကာအကွယ်တွေ ပျောက်သွားတဲ့အချိန်က ကွက်တိကျမှာ.."

သူက ဒါ့စလေဘက်သို့လှည့်၍...

"ခင်ဗျားတို့အားလုံး အဆင်သင့် ဖြစ်ပြီလား..."

တစ်ယောက်မှ သူ့မေးခွန်းကို ပြန်မဖြေကြပေ...။

"ငါတို့ အခန်းပြင်က စောင့်ကြရအောင် ဒီဒဲလတ်.."

ဟက်စ်တီယာ၏ အထင်မှာ ဟယ်ရီနှင့် သူ့မိသားစုတို့ လွတ်လွတ်လပ်လပ် နှုတ်ဆက်ခွင့် ရစေရန် ဖြစ်သည်။

"မလိုအပ်ပါဘူး..."

ဟယ်ရီ ခပ်သဲ့သဲ့ ရေရွတ်လိုက်သည်။ အန်ကယ်ဗားနွန် သဘောပေါက်သွားဟန်ဖြင့် ကျယ်လောင်စွာပင်..

"ကဲ.. ဒါဆို ငါတို့ သွားတော့မယ်.."

သူ၏ ညာလက်ကို ရှေ့သို့ကမ်းပေးရင်း ဟယ်ရီ့ကို လက်ဆွဲနှုတ်ဆက်ရန် ကြိုးစားလိုက်သည်။ သို့ရာတွင် သူ့လက်ကို ဆုပ်လျှက်သား အနေအထားနှင့်ပင် ဘာဆက်လုပ်ရမှန်း မသိပဲ

ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နှင့် တွေဝေနေ၏။

"သားလေး အဆင်သင့်ဖြစ်ပြီလား.."

အန်တီပီကျူးနီးယားက သူမ၏ အိတ်ထဲကို ပစ္စည်းတစ်ခုခု ရှာဖွေဟန်ဆောင်ရင်း ဟယ်ရီ့ကို မကြည့်မိစေရန် ရှောင်ရှားနေ၏..။

သူမ၏ အမေးကို ဒတ်ဒလေ ပြန်မဖြေပါ..။ ပါးစပ်အဟောင်းသားနှင့် ဟယ်ရီ့ကို ငေးကြည့်နေပုံမှာ သူ့အား ဘီလူးဂရပ်ကို သတိရစေသည်။

"ဒါဆို သွားကြစို့.."

အန်ကယ်ဗာနွန်က အခန်းဝမှနေ၍ သားအမိနှစ်ယောက်ကို ခေါ်လိုက်သည်။ ဒတ်ဒလေက ရုတ်တရက်ပင် မသဲမကွဲလေသံဖြင့်..

"ကျွန်တော်... နားမလည်နိုင်ဘူး..."

အန်တီပီကျူးနီးယားက သူမ၏ သားကို ငေးကြည့်ရင်း..

"ဘာတွေကို နားမလည်နိုင်တာလဲ သားရဲ့..."

ဒတ်ဒလေ သူ၏ ခပ်တုတ်တုတ်လက်ကို မြှောက်လိုက်ပြီး ဟယ်ရီ့ကို ညွှန်ပြရင်း...

"သူက ဘာလို့ ကျွန်တော်တို့နဲ့ လိုက်မလာတာလဲ.."

အန်ကယ်ဗာနွန်ရော အန်တီပီကျူးနီးယားပါ ကြက်သေသေကာ မတ်တတ်ရပ်လျှက် ရှိနေကြသည်..။ သူတို့ကြားရသော စကားကို မယုံနိုင်ကြ...။

"ဘာပြောတယ်.."

အန်ကယ်ဗာနွန်၏ အံ့သြမှု လွှမ်းမိုးထားသော အသံကျယ်ကြီးက ဟိန်းထွက်လာ၏..။ ဒတ်ဒလေက ထပ်၍..

"သူက ဘာလို့ ကျွန်တော်တို့နဲ့ တစ်ခါတည်း လိုက်မလာတာလဲ.."

"သူ.. သူက ငါတို့နဲ့ မလိုက်ချင်လို့ပေါ့..."

အန်ကယ်ဗာနွန်က ဟယ်ရီ့ဘက်ကို လှည့်ကြည့်လိုက်ပြီး...

"မင်း.. မင်းကလည်း မလိုက်ချင်ဘူး မဟုတ်လား.."

"လုံးဝပဲ.. စိတ်တောင် မကူးဖူးဘူး..."

ဟယ်ရီ ခပ်သွက်သွက်ပင် အဖြေမှန်ကို ပေးလိုက်သည်။

"ကဲ.. တွေ့ပြီလား.. လုပ်စမ်းပါ.. ငါတို့သွားကြစို့.."

အန်ကယ်ဗာနွန် လောဆော်လိုက်၏..။

အန်ကယ်ဗာနွန် အခန်းပြင်သို့ ထွက်သွား၏။ အိမ်ရှေ့တံခါးဖွင့်သံကို ကြားလိုက်ရ၏... ။ သို့ရာတွင် ဒတ်ဒလေမှာ နေရာမှပင် မရွေ့သောကြောင့် အန်တီပီကျူးနီးယားပါ

ခြေလှမ်းအနည်းငယ် လှမ်းပြီး ရပ်တန့်လိုက်ရသည်။

"ဘာဖြစ်ပြန်တာလဲ.."

အန်ကယ်ဗာနွန် အခန်းဝသို့ ပြန်ရောက်လာကာ အော်ဟစ်လိုက်သည်။

ဒတ်ဒလေ့ကို ကြည့်ရသည်မှာ အလွန်ခက်ခဲသည့် စကားလုံးအချို့ကို ပြောရန် ကြိုးစားနေရပုံပင်..။ အချိန်အနည်းငယ်ကြာအောင် ကြိုးစားရုန်းကန်ပြီးမှ သူက...

"သူ.. သူက ဘယ်သွားမလို့လဲ..."

အန်ကယ်ဗာနွန်နှင့် အန်တီပီကျူးနီးယားတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။ ဒတ်ဒလေက သူတို့ကို ထိတ်လန့်အောင် လုပ်နေတာကတော့ သေချာပေသည်။

ဟက်စ်တီယာဂျူန်းက ရုတ်တရက် ဝင်ကာ..

"ရှင်တို့တူ ဘယ်သွားမယ်ဆိုတာ ရှင်တို့ မသိဘူးလား.."

မယုံကြည်နိုင်ဟန်ဖြင့် သူမက မေးလိုက်၏။

အန်ကယ်ဗာနွန်က..

"ငါတို့ သိတာပေါ့.. သူ့လို အမျိုးအစားတွေနဲ့ ပေါင်းပြီး လျှောက်သွားကြမှာပဲ မဟုတ်လား... ဒတ်ဒလေ .. ကားပေါ်တက်တော့.. ငါတို့မှာ အချိန်မရှိဘူး.."

နောက်တစ်ကြိမ် အန်ကယ်ဗာနွန် တံခါးဝဆီသို့ ချီတက်သွားပြန်၏။ သို့ရာတွင် ဒတ်ဒလေမှာ နေရာမှပင် မရွေ့ချေ..။

"သူ့လို အမျိုးအစားတွေနဲ့ ဟုတ်လား..."

ဟက်စ်တီယာကို ကြည့်ရသည်မှာ အကြီးအကျယ် ပေါက်ကွဲနေပုံရသည်။ ဟယ်ရီ ဒီလိုပုံစံမျိုးကို တွေ့ဖူးပေါင်း များလှပြီ ဖြစ်သည်။ စုန်းကဝေများမှာ သူ့အမျိုးများက သူ့အပေါ် လုံးဝ

စိတ်မဝင်စားကြောင်းကို သိရသည်နှင့် ဟယ်ရီ့အတွက် ပေါက်ကွဲပေးနေကျပင်…။

"ကိစ္စမရှိပါဘူး.. တကယ့်ကို အရေးမကြီးပါဘူး.."

"ကိစ္စမရှိဘူး.. ဟုတ်လား"

ဟက်စ်တီယာက မေးလိုက်သည်။ သူမ၏အသံမှာ တဖြည်းဖြည်း မြင့်တင်လာပြီး…

"မင်း ဘာတွေ လုပ်ရမယ်ဆိုတာ သူတို့ တကယ် မသိကြဘူးလား… မင်းမှာ ဘယ်လို အန္တရာယ်တွေ ဝိုင်းနေသလဲ.. ဗိုဒီမော့ကို ဆန့်ကျင်တဲ့ အရေးမှာ မင်းဟာ

ဘယ်လောက်အရေးပါသလဲ.. သူတို့ ဒါတွေ မသိဘူးလား.."

"အာ… မသိကြဘူး.. သူတို့က ကျွန်တော့်ကို ဘာမှ အသုံးမကျဘူးလို့ ယူဆကြတယ်.. ရိုးနေပါပြီ.."

"ငါ မင်းကို အသုံးမကျဘူးလို့ မထင်ပါဘူး.."

ဒတ်ဒလေ၏ ပါးစပ်လှုပ်သွားခြင်းကိုသာ ဟယ်ရီ မမြင်လိုက်ရပါက သူ့နားကိုပင် သူယုံကြည်မိမည် မဟုတ်ပေ။ သို့တိုင်အောင် ဤစကားကို ပြောလိုက်သူမှာ သူ့တစ်ဝမ်းကွဲဖြစ်သူ

ဒတ်ဒလေမှန်း သေချာအောင် အချိန်တော်တော်ကြာကြာ ကြည့်ရင်း ဆုံးဖြတ်လိုက်ရ၏.. ။ ဒတ်ဒလေ၏ မျက်နှာပြင်တစ်ခုလုံး နီရဲနေ၏..၊ ဟယ်ရီကိုယ်တိုင်လည်း ရှက်နေသလိုလို မဝံ့မရဲ

ဖြစ်သွားသလိုလို ခံစားနေရသည်။

"ကျေး.. ကျေးဇူးပဲ ဒတ်ဒလေ.."

ဒတ်ဒလေ နောက်ထပ် စကားတစ်ခွန်း မပြောမီ အတန်ကြာအားယူပြီးမှ …

"မင်း ငါ့အသက်ကို ကယ်ခဲ့တာပဲ.."

"ဘာ.. ဒီလိုလည်း မဟုတ်ပါဘူး.."

ဟယ်ရီကဆက်၍..

"ဝိညာဉ်နှုတ်ကောင်တွေက မင်းရဲ့ ဝိညာဉ်ကိုပဲ စုပ်ယူမှာပါ.. လူကတော့ သေမသွားပါဘူး.."

သူ ဒတ်ဒလေကို တအံ့တဩ ငေးကြည့်နေမိသည်။ သူတို့နေ့ရာသီတစ်ခုလုံး အဆက်အဆံ မရှိခဲ့တာ သေချာသည်။ ဟယ်ရီ ပရီဗက်ဒရိုက်ကို ပြန်ရောက်ကတည်းက သူ့အခန်းထဲတွင်သာ

အနေများခဲ့သည်။

ဟယ်ရီ တစ်စုံတစ်ခုကို ချက်ချင်းပင် သဘောပေါက်လာ၏။ သူ မနက်က ခလုတ်တိုက်မိခဲ့သော လက်ဖက်ရည် ပန်းကန်လုံးမှာ ထောင်ချောက်တစ်ခု မဖြစ်နိုင်ပေ..။ သူ့အတွက် ဒတ်ဒလေ

တမင်တကာ လာချပေးထားခြင်းသာ ဖြစ်ရပေမည်။

ဒတ်ဒလေ တစ်ယောက် စကားပြောရန် ပါးစပ်ကို တစ်ကြိမ် နှစ်ကြိမ် ဟလိုက်ပြီး ပြန်၍ ငြိမ်သက်နေ၏..။ အန်တီပီကျူးနီးယားမှာ မျက်ရည်များ ဖြိုင်ဖြိုင်ကျလာကာ ဒတ်ဒလေကို ပွေး၍

ဖက်လိုက်၏..။

"သိပ်.. သိပ်လိမ်မာတဲ့ ကလေးပဲ.. ကျေးဇူးတင်စကားတောင် ပြောတတ်လာပြီ.."

လုံးဝသဘောကျတော့ဟန်မတူသော ဟက်စ်တီယာက ..

"သူ့ပါးစပ်က ကျေးဇူးတင်တယ် စကား တစ်ခွန်းမှ မကြားမိပါဘူး.. သူပြောတာက ဟယ်ရီ့ကို အသုံးမကျဘူးလို့ မထင်ဘူးပဲ ပြောတာပါ.."

"ဟုတ်တယ်... ဒါပေမယ့် ဒတ်ဒလေ ဒီလောက်ပြောတာကိုက.. ကျွန်တော့်ကို ချစ်ပါတယ်လို့ ပြောတာနဲ့ အတူတူပဲ.."

ဟယ်ရီ အန်တီပီကျူးနီးယား ဖြစ်ပျက်နေပုံကို ကြည့်ရင်း ရယ်ချင်စိတ်ဖြင့် ပြောလိုက်သည်။

"ငါတို့သွားမှာ မဟုတ်လား.."

အန်ကယ်ဗာနွန်က အခန်းဝတွင် ပေါ်လာကာ ထပ်၍ အော်ဟစ်ပြန်၏။

"ငါတို့မှာ အချိန်မရှိဘူးဆို.."

"ဟုတ်.. ဟုတ်ပါတယ်.."

အခန်းထဲမှ အဖြစ်အပျက်များကို စိတ်ဝင်တစား ရှိနေသော ဒီဒဲလတ်တစ်ယောက် ယခုမှပင် သတိဝင်လာဟန် ရှိသည်။

"ငါတို့သွားမှ ဖြစ်တော့မယ် ဟယ်ရီ.."

သူက ရှေ့ကို တိုးလာကာ ဟယ်ရီ၏ လက်ကို သူ့လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ရင်း..

"ကံကောင်းပါစေ ဟယ်ရီ.. ငါတို့ ထပ်တွေ့ကြသေးတာပေါ့.. မင်းရဲ့ ပခုံးပေါ်မှာ မှော်လောကကြီးတစ်ခုလုံးအတွက် တာဝန်ကြီးတစ်ရပ် ထမ်းထားရတယ်ဆိုတာ သတိရပါကွာ.."

"ကျေးဇူးတင်ပါတယ်.."

"နှုတ်ဆက်ခဲ့ပါတယ် ဟယ်ရီ.. ငါတို့စိတ်ထဲမှာ မင်းအမြဲ ရှိနေမှာပါ.."

ဟက်ဂ်စ်တီယာကပါ သူ့လက်ကို ဆုပ်ကိုင်ရင်း နှုတ်ဆက်စကားဆို၏..။

ဟယ်ရီ အန်တီပီကျူးနီးယားနှင့် ဒတ်ဒလေတို့ကို တစ်ချက်ကြည့်လိုက်ရင်း...

"အားလုံး အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်.."

ဒီဒဲလတ်ဒစ်ဂဲက..

"ငါတို့အားလုံး အဆင်ပြေမှာပါ.."

ဟုဆိုရင်း ဦးထုပ်ကို ဝှေ့ယမ်းနှုတ်ဆက်ကာ အခန်းပြင်သို့ထွက်သွား၏..။ သူ့နောက်မှ ဟက်ဂ်စ်တီယာပါ လိုက်ပါသွားသည်။

ဒတ်ဒလေ သူ့အမေဖက်ထားသည်ကို ဖြည်းညင်းစွာ ဖယ်ရှားလိုက်ပြီး ဟယ်ရီ့ဆီကို လျှောက်လာ၏..။ ထို့နောက် ဒတ်ဒလေ သူ၏လက်ကို ဟယ်ရီ့ဆီသို့ ကမ်းပေးလိုက်သည်။

"အံ့သြစရာပဲ ဒတ်ဒလေ.. ဝိညာဉ်နှုတ်ကောင်တွေက မင်းကို တစ်ခုခု ပြောင်းလဲပေးလိုက်သလားပဲ.."

"မပြောတတ်ဘူးလေ.. ငါတို့သွားတော့မယ်.. တွေ့ကြသေးတာပေါ့"

"ကောင်းပြီ"

ဟယ်ရီ ဒတ်ဒလေ့ကို လက်ဆွဲနှုတ်ဆက်လိုက်ရင်း ...

"တွေ့ဖြစ်လိမ့်မယ် ထင်တာပဲ.."

ဒတ်ဒလေ သူ့ကို ပြုံးပြလုလု ဖြစ်သွားပြီး အခန်းတွင်းမှ ပြေးထွက်သွား၏..။ ထို့နောက်
ကားတံခါးဖွင့်သံကို ဟယ်ရီ ကြားလိုက်ရသည်။

အန်တီပီကျူးနီးယားမှာ ထိုအသံကြောင့် လက်ကိုင်ပဝါနှင့် မျက်နှာကို အုပ်ထားရာမှ
မော့ကြည့်လိုက်သည်။ ဟယ်ရီနှင့်သူမ နှစ်ယောက်တည်း ကျန်ရစ်လိမ့်မည်ဟု ထင်ထားပုံမရချေ..။

ခပ်သွက်သွက်ပင် လက်ကိုင်ပဝါကို အိတ်ထဲပြန်ထည့်ရင်း..

"ကောင်းပြီ ငါတို့ သွားတော့မယ်.. ဂွတ်ဘိုင်.."

ဟု ဟယ်ရီ့ကို မကြည့်ပဲ နှုတ်ဆက်ကာ အခန်းပြင်သို့ ထွက်သွားတော့သည်။

"ဂွတ်ဘိုင်.."

ဟယ်ရီ ပြန်နှုတ်ဆက်လိုက်သည်။ သူမက ဟယ်ရီ့ကို နောက်ပြန်လှည့်ကြည့်၏..။ ထိုခဏ၌ သူမ
ဟယ်ရီ့ကို တစ်ခုခု ပြောချင်နေကြောင်း ဟယ်ရီ ခံစားလိုက်ရသည်။ သူမ စကားတစ်ခုခု

ပြောရန် ကြိုးစားနေပုံရသည်။ နောက်ဆုံးတွင် ခေါင်းကိုသာ ဆတ်ခနဲ ညိတ်ပြရင်း အခန်းအပြင်သို့
ထွက်သွားတော့သည်..။

**၄။ ဟယ်ရီပေါ်တာ ခုနစ်ယောက်**

ဟယ်ရီ သူ့အိပ်ခန်းဆီသို့ ပြန်ပြေးတက်လာခဲ့သည်။ သူ ပြတင်းပေါက်ဆီသို့ ဒတ်ဒလေတို့၏
ကားမထွက်မီ အချိန်မီ ရောက်လာခဲ့၏။ ဒီဒဲလတ်၏ ဦးထုပ်ချွန်ကို အန်တီပီကျူးနီးယားနှင့်

ဒတ်ဒလေတို့ကြားတွင် တွေ့နေရသည်။ ပရီဗက်ဒရိုက်၏ အဆုံးတွင် ကားမှာ ညာဘက်သို့
ကွေ့သွားပြီးနောက် ပျောက်ကွယ်သွားတော့၏။

ဟယ်ရီ သူ၏ ဇီးကွက်လှောင်အိမ်.. ဖိုင်းယားဘိုလ်တံမြက်စည်းနှင့် ခရီးဆောင်အိတ်တို့ကို ဆွဲယူရင်း သပ်သပ်ရပ်ရပ် ဖြစ်နေသော သူ့အိပ်ခန်းကို တစ်ချက် ကြည့်လိုက်မိသည်။ ထို့နောက်

အောက်ထပ်ကို ပြန်ဆင်းလာခဲ့ရင်း လှေကားရင်းတွင် သူ့ပစ္စည်းများကို စုပုံထားလိုက်၏။

သူ အိပ်ခန်းထဲဝယ် တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် ရှိနေပြီး ဤနေရာကို နောက်ဆုံးအနေနှင့် ခွဲခွာရတော့မည်မှန်း သိရသည်မှာ ထူးခြားနေသလို ခံစားရသည်။

သူ တစ်ယောက်တည်း အိမ်တွင် ရှိနေခဲ့သည့်အချိန်များမှာ ရှားပါးလှပြီး ဒါစလေတို့ မိသားစု အပြင်ထွက်ချိန်မှသာ ထိုအခွင့်အရေးကို ရလေ့ရှိသည်။ ထိုအချိန်များတွင် သူ

ရေခဲသေတ္တာထဲမှ အရသာရှိမည် ထင်ရသည်တို့ကို နှိုက်ယူစားသောက်တတ်သလို ဒတ်ဒလေ၏ ကွန်ပျူတာနှင့်လည်း ကစားတတ်သည်။

သို့မဟုတ်လျှင် တီဗွီရှေ့၌ ထိုင်ကာ သူကြည့်ချင်သည့် လိုင်းများကို စိတ်ကြိုက်ဖမ်းယူကြည့်လေ့ ရှိသည်။ ထိုအရာများကို ပြန်၍သတိရလာသည်မှာ သူ့အတွက် ထူးခြားသော

ခံစားမှုတစ်မျိုးပင်...။

"ဒီနေရာကို နောက်ဆုံးတစ်ခေါက်လောက် မကြည့်ချင်ဘူးလား..."

သူ ဟက်ဝစ်ကို မေးလိုက်သည်။ သူမကတော့ အတောင်ပံကြား ခေါင်းဝှက်ကာ ငြိမ်သက်နေဆဲပင်...။

"ငါတို့ ဒီကို ထပ်ရောက်တော့မှာ မဟုတ်ဘူး... ဒီမှာ သတိရစရာ အချိန်တွေ အများကြီး ရှိတယ် မဟုတ်လား... ဒတ်ဒလေကိုပဲ ကြည့်ပါလား... နောက်ဆုံး သူ အတော်လေး

ပြောင်းလဲသွားတယ် မဟုတ်လား... ဒမ်ဘယ်လ်ဒိုးလည်း မနှစ်က အိမ်ရှေ့တံခါးကို ဖြတ်ပြီး အိမ်ထဲဝင်လာခဲ့ဖူးတယ်လေ..."

ဟယ်ရီတစ်ယောက် သူ့အတွေးနှင့်သူ ခေတ္တငြိမ်နေမိသည်။ ဟက်ဝစ်မှာမူ သူမ၏ အတောင်ကြားတွင် ခေါင်းကိုဝှက်ကာ ငြိမ်သက်လျှက် ရှိနေဆဲပင်...။ ဟယ်ရီ တံခါးမကြီးကို

ကျောပေးထားလိုက်ရင်း...

"ဒီအောက်ကိုလည်း ကြည့်ဦး ဟက်ဝစ်.."

လှေကားအောက်မှ ဗီရိုတံခါးကို သူ ဆွဲဖွင့်လိုက်သည်။

“ဒါ ငါအိပ်လေ့ရှိတဲ့ နေရာပဲပေါ့… မင်း အဲဒီ့တုန်းက ငါ့ကို ဘယ်သိဦးမှာလဲ… ဒီနေရာ တော်တော် ကျဉ်းတာပဲ… ငါ သိပ်တောင် မမှတ်မိတော့ဘူး…”

ဟယ်ရီ ဗီရိုထဲတွင် ထည့်ထားသော ထီးများနှင့် ရှူးဖိနပ်များကို ငေးကြည့်ရင်း သူ မနက်တိုင်း ဗီရိုထဲတွင် နိုးလာပုံကို ပြန်အမှတ်ရမိသည်။

ထိုအချိန်များမှာ သူ့ကိုယ်သူ ဘာမှန်းမသိခင်က ဖြစ်သည်။ သူ့မိဘများ ဘာကြောင့် သေဆုံးခဲ့ရသည်ကိုကော သူ့ပတ်ဝန်းကျင်က ဖြစ်ပျက်နေသည့် ထူးဆန်းသည့် အဖြစ်အပျက်များကိုပါ

သူနားမလည်နိုင်ခင်က ဖြစ်သည်။ သို့ရာတွင် ထိုအချိန်ကတည်းက သူ အိပ်မက်ဆိုးများ မက်လေ့ရှိသည်။ သူ့ အိပ်မက်ထဲတွင် အစိမ်းရောင် အလင်းတန်းများကို မြင်ရလေ့ရှိသည်။ သူ

မိုးပျံ မော်တော်ဆိုင်ကယ်အကြောင်း ပြောမိတုန်းကဆိုလျှင် အန်ကယ်ဗာနွန်မှာ ကားတိုက်မိလုနီးပါးပင် ဖြစ်ခဲ့ရသည်။

ရုတ်တရက် ကျယ်လောင်သော အသံတစ်ခုကို နီးကပ်စွာ ကြားလိုက်ရသည်။ ဟယ်ရီ ရုတ်တရက် အသံလာရာဆီသို့ လှမ်းကြည့်လိုက်မိသည်။ သူ မီးဖိုခန်းထဲ ပြေးဝင်ကာ ပြတင်းပေါက်မှ

နေ၍ နောက်ဖေး ဥယျာဉ်ထဲသို့ ကြည့်မိ၏။

နောက်ဘက်တွင် အမှောင်ထုက ကြီးစိုးနေပြီ ဖြစ်သည်။ ထိုနေရာတွင် ပုံရိပ်ဖျောက်မန္တန်ကို ဖယ်ရှားလိုက်သဖြင့် ပေါ်လာသော ပုံရိပ်များကို တစ်ခုပြီး တစ်ခု တွေ့လိုက်ရသည်။

အထင်ရှားဆုံးမှာ ဟက်ဂရစ်တစ်ယောက် မော်တော်ဆိုင်ကယ်ကြီးပေါ်တွင် ဆိုင်ကယ်စီးဦးထုပ်နှင့် လေယာဉ်မောင်းစဉ် ဝတ်ဆင်တတ်သည့် မျက်မှန်ကို လေကာနိုင်ရန်

ဝတ်ဆင်ထားခြင်းပင် ဖြစ်သည်။ ဆိုင်ကယ်တွင် ဘေးတွဲတစ်ခု ပါလာ၏..။

အခြားလူများမှာ တံမြက်စည်းများပေါ်မှ ဆင်းလိုက်ကြပြီး နှစ်ယောက်မှာမူ အရိုးကျနေသော အနက်ရောင် တောင်ပံရှိသည့် မြင်းများပေါ်မှ ဆင်းလာကြသည်။

နောက်ဖေးတံခါးကို ကမန်းကတန်း ဖွင့်ကာ ဟယ်ရီ သူတို့ကြားထဲသို့ ပြေးသွားခဲ့သည်။ အော်ဟစ်နှုတ်ဆက်သံများကို ကြားလိုက်ရပြီးနောက် ဟာမီယွန်က သူ့ကို ပြေးဖက်လိုက်သည်။

ရွန်ကမူ သူ့နောက်ကျောကို ပုတ်၍ နှုတ်ဆက်လိုက်သည်။ ဟက်ဂရစ်က…

"အဆင်သင့်ပဲလား ဟယ်ရီ…"

"အဆင်သင့်ပဲလေ.. ဒါပေမယ့် ဒီလောက် လူတွေ အများကြီး လာမယ်လို့ ထင်မထားမိဘူး.."

"အစီအစဉ် ပြောင်းသွားတယ်လေ…"

မူဒီက ပြောလိုက်သည်။ သူ့လက်ထဲတွင် ဧရာမ အိတ်ကြီးနှစ်လုံးကို ကိုင်ထား၏။ သူ၏ မှော်မျက်လုံးမှာမူ ပတ်ဝန်းကျင် တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုလျှက်ရှိ၏။

"ငါတို့ ဘာမှ မပြောခင် အထဲဝင်ကြစို့…"

ဟယ်ရီ အားလုံးကို မီးဖိုခန်းထဲ ခေါ်လာခဲ့သည်။ မီးဖိုထဲတွင် ထိုင်သူကထိုင် နံရံကို မှီနေသူကနေဖြင့် ရယ်ရယ်မောမော စကားပြောလာကြသည်…။

ရွန်မှာ ပို၍ ပိန်ပိန်ရှည်ရှည် ဖြစ်လာကာ ဟာမီယွန်ကတော့ ထုံးစံအတိုင်းပင် သူမ၏ ရှုပ်ပွနေသော ဆံပင်များကို နောက်တွင် စုချည်ထား၏။ ဖရက်နှင် ဂျော့မှာမူ ပုံစံတူတူပင်

ပြုံးနေကြ၏…။

မစ္စတာဝီစလေက သူ့ကို ထုံးစံအတိုင်း ကြင်နာစွာ ကြည့်နေ၏…။ မူဒီတစ်ယောက်မှာ တည်တည်ငြိမ်ငြိမ် ရှိနေသော်လည်း သူ၏ မှော်မျက်လုံးကမူ ပတ်ဝန်းကျင်တစ်ခုလုံးကို

လှည့်ပတ်ကြည့်နေ၏။ တွန့်ခ်က သူမ၏ဆံပင်များကို ထုံးစံအတိုင်း ပန်းရောင်တောက်တောက် ဖြစ်အောင် ပြုပြင်ထား၏…။

လူပင်၏ဆံပင်များ ပို၍ အညိုရောင် ဖျော့ဖျော့ ဖြစ်လာသည်ဟု ထင်ရသည်…။ ဖလူရာက သူမ၏ ငွေရောင်ဆံပင်များနှင့် လှမြလှပနေပြီး ကင်းစလေပါပါလာသည်ကို တွေ့လိုက်ရသည်။

ဟက်ဂရစ်မှာမူ ထုံးစံအတိုင်း ရှုပ်ပွနေသော မုတ်ဆိတ်များနှင့် ဖြစ်ကာ မီးဖိုခန်းအမိုးနှင့် မလွတ်၍ ကုန်းကုန်းကွကွ ဖြစ်နေ၏…။

ထို့နောက်တွင် ဟယ်ရီ မွန်ဒန်းဂတ်စ် ဖလက်ချာကိုပါ တွေ့လိုက်ရသည်။ သူ ထိုသူများကို တွေ့ရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ သူတို့နှင့် ငြင်းခုံ ရန်ဖြစ်မည့်

ဖလက်ချာကိုပင် စိတ်မဆိုးနိုင်ပေ။

"ကင်းစလေ.. ခင်ဗျားက မက်ဂယ်ဝန်ကြီးချုပ်ကို စောင့်ရှောက်ပေးနေရတယ် မဟုတ်လား..."

ကင်းစလေက သူ၏ အမေးကို ...

"ငါ တစ်ညမရှိရုံနဲ့ သူ ဘာမှ ဖြစ်မသွားပါဘူး... မင်းက ပိုအရေးကြီးပါတယ်..."

တွန့်ခ်က သူမ၏ ဘယ်လက်ကို သူ့အားပြရင်း..

"ဟယ်ရီ ... ဒါ ဘာလို့ ထင်သလဲ..."

သူမလက်တွင် လက်စွပ်တစ်ကွင်းကို သူတွေ့လိုက်ရသည်။

"ခင်ဗျား လက်ထပ်လိုက်ပြီလား.."

ဟယ်ရီ ထအော်လိုက်ရင်း လူပင့်ကို လှမ်းကြည့်လိုက်၏...။

"မင်းကို မဖိတ်နိုင်တာ ဆောရီးပဲ ဟယ်ရီ.. ငါတို့ လူများများလည်း မဖိတ်ဖြစ်ခဲ့ပါဘူး.. အကျဉ်းချုံးပြီးပဲ လက်ထပ်လိုက်ကြတယ်..."

"ဒါ တကယ့် ဝမ်းသာစရာ သတင်းပဲ..."

"ငါတို့ နောက်မှ စကားစမြည်ပြောကြတာ ကောင်းလိမ့်မယ်..."

မူဒီ၏ အသံက ဟိန်းထွက်လာကာ မီးဖိုထဲတွင် တိတ်ဆိတ်သွားခဲ့သည်။ မူဒီ သူ့အိတ်ကြီးကို ခြေရင်းတွင် ချထားရင်း ဟယ်ရီ့ဘက်သို့လှည့်ကာ...

"ဒီဒဲလတ် မင်းကို ပြောသွားသလိုပဲ ဟယ်ရီ... ငါတို့ ပထမအကြံကို စွန့်လွှတ်ရလိမ့်မယ်... ပီယက်စ်သစ်က်နက်စ်ကို သူတို့ရသွားပြီ.. ငါတို့အတွက် တကယ့်ပြဿနာပဲ.. သူက ဒီအိမ်ကို

ဖလူကွန်ရက်နဲ့ကော ပေါ့ကီးကော ကိုယ်ရောင်ဖျောက်ပြီး ဝင်ထွက်ခွင့်ကိုပါ ပိတ်ထားတယ်.. မင်းကို မိစ္ဆာသခင်ကြီးရဲ့ လက်က ကာကွယ်ဖို့ ဆိုပြီး အကြောင်းပြတာပေါ့... လုံးဝအဓိပ္ပါယ်

မရှိတဲ့ ကိစ္စပဲ.. မင်းအမေရဲ့ အကာအကွယ် ရှိနေသေးသရွေ့ ဒီကိစ္စကို ပူစရာမလိုဘူး... သူ့ရဲ့အဓိက ရည်ရွယ်ချက်က မင်း ဒီအိမ်ထဲက ထွက်လို့မရအောင် လုပ်ချင်တာပဲ..."

"နောက်ထပ်ပြဿနာတစ်ခုက မင်းက အသက်မပြည့်သေးတော့ မင်းမှာ အမှတ်အသား ရှိနေတုန်းပဲ..."

"ဘာ.. ဘာအမှတ်အသားလဲ..."

မူဒီက စိတ်မရှည်နိုင်ဟန်ဖြင့်...

"ငါတို့မှော်လောကမှာ အသက်ဆယ့်ခုနစ်နှစ် မပြည့်မချင်း ဂါထာမန္တန်နဲ့ အမှတ်အသား လုပ်ထားတယ်.... ဒီနည်းနဲ့ မှော်ဝန်ကြီးဌာနက အသက်မပြည့်ပဲ မှော်ပညာသုံးရင် သိနိုင်တာပေါ့..

မင်းဖြစ်ဖြစ် ငါတို့ထဲက တစ်ယောက်ယောက်ဖြစ်ဖြစ် ဒီထဲကထွက်ဖို့ ဂါထာမန္တန်သုံးလိုက်တာနဲ့ သစ်က်နက်စ်က ချက်ချင်း သိမှာပဲ..."

ဟယ်ရီ မူဒီ၏ စကားကို လက်ခံရုံသာ ရှိတော့သည်။

"ဒါဆို ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ.."

"ငါတို့မှာ နည်းလမ်းတစ်ခုပဲ ကျန်တော့တယ်... မှော်ဝန်ကြီးဌာနက ဘယ်လိုမှ မသိနိုင်တဲ့ နည်းလမ်းပေါ့.. ဘာလို့လဲဆိုတော့ ငါတို့ ဘာဂါထာမှ မသုံးလို့ပဲ.. တံမြက်စည်းတွေရယ်..

သီစရယ် မြင်းတွေရယ်နဲ့ ဟက်ဂရစ်ရဲ့ဆိုင်ကယ်ပဲ..."

ဟယ်ရီ အစီအစဉ်ကို သဘောပေါက်သလို ရှိသွား၏...။ သို့ရာတွင် မူဒီ ဘာဆက်ပြောမည်ကို သူစောင့်နေလိုက်သည်။

"မင်းအမေရဲ့ အကာအကွယ်ဟာ အခြေအနေနှစ်ခုမှာပဲ ပျက်ပျယ်နိုင်တယ်.. မင်း အရွယ်ရောက်လာတဲ့ အချိန်ရယ်.. မင်းဒီနေရာကို မင်းရဲ့အိမ်လို့ မသတ်မှတ်တော့တဲ့ အချိန်မှာရယ်ပဲ...

မင်းဦးလေးနဲ့ အဒေါ်ဟာ မင်းနဲ့ခွဲသွားပြီ မဟုတ်လား.. မင်း သူတို့နဲ့ ဘယ်တော့မှ အတူတူမနေတော့ဘူး မဟုတ်လား"

ဟယ်ရီ ခေါင်းညိတ်ပြလိုက်သည်။

"ဒီတစ်ခါ မင်း ဒီနေရာက ခွာတာနဲ့ ပြန်လာစရာ မရှိတော့ဘူး.. ဒီတော့ မင်း ဒီဇရိယာအပြင်ကို ထွက်တာနဲ့ ဒီအကာအကွယ်ဟာ ပျက်သွားပြီ.... ငါတို့က စောစောထွက်ခွာဖို့ကို

ရွေးထားတယ်.. ဘာလို့လဲဆိုတော့ မင်းအသက်ပြည့်ပြည့်ချင်း မိစ္ဆာသခင်ကြီးဟာ မင်းဆီကို ရောက်လာမှာ မို့လို့ပဲ...”

“ငါတို့ရဲ့ တစ်ခုတည်းသော အားသာချက်က ငါတို့ဒီညထွက်ခွာမယ် ဆိုတာကို သူတို့မသိတာပဲ... ငါတို့ မှော်ဝန်ကြီးဌာနကို သတင်းမှားကြီး ပေးထားတယ်.. သူတို့က

မင်းအသက်မပြည့်မချင်း ဒီကမခွာဘူးလို့ ထင်နေကြတယ်.. ဒါပေမယ့် ငါတို့ ရင်ဆိုင်နေရတာက မိစ္ဆာသခင်ကြီး ဖြစ်တယ်... သူ့ကို ရက်မှားပြီး သတင်းလွှင့်ရုံနဲ့ စိတ်ချထားလို့ မဖြစ်ဘူး..

သူ့ဆီမှာ လေထဲမှာ ကင်းလှည့်ခိုင်းထားတဲ့ တပည့်တွေ အများကြီး ရှိတယ်... ဒါကြောင့်မို့လို့ ငါတို့ အိမ်တစ်ဒါဇင်လောက်ကို အဆောင့်တွေ ချထားတယ်.. အဲဒီ့နေရာတွေ အားလုံးကို

မင်းကိုထားမယ်ဆိုတဲ့ ပုံစံမျိုး ဖမ်းထားတယ်.. အဲဒီ့နေရာတွေကလည်း မင်းနဲ့ ပတ်သက်မှု ရှိနေတယ်.. ငါ့ရဲ့ အိမ်တို့ ကင်းစလေရဲ့အိမ်တို့ ဘာတို့ပေါ့လေ...”

“အင်း...”

ဟယ်ရီ အစီအစဉ်ကို သေချာပါ့မလားဟု သံသယဝင်နေမိသည်။

“မင်း တွန့်ခ်ရဲ့ မိဘတွေဆီကို သွားရမယ်.. အဲဒီ့အိမ်ရဲ့ အကာအကွယ် စက်ဝန်းထဲကို ရောက်တာနဲ့ မင်း ပေါ့ကီးကို သုံးပြီး ဘာရိုးကို သွားလို့ရပြီ.. နားလည်ရဲ့လား”

“နားလည်ပါတယ်.. သူတို့က ပထမဆုံး ကျွန်တော် အိမ်ဆယ့်နှစ်လုံးထဲက ဘယ်သွားမလဲဆိုတာ အရင် စဉ်းစားရမယ်.. ဒါပေမယ့် ကျွန်တော်တို့ ဆယ့်လေးယောက်စလုံး တွန့်ခ်အိမ်ကို

ဦးတည်သွားရင် မြင်ဖို့မလွယ်ဘူးလား..”

“အား.. ငါ မင်းကို အရေးအကြီးဆုံး တစ်ခုပြောဖို့ ကျန်သွားတယ်... ငါတို့ ဆယ့်လေးယောက်စလုံး သွားမှာ မဟုတ်ဘူး.. ဒီနေ့ည ကောင်းကင်မှာ ဟယ်ရီပေါ်တာ ခုနှစ်ယောက်တိတိ

ရှိမယ်... သူတို့ဆီမှာ စောင့်ရှောက်မယ့်သူ တစ်ယောက်စီပါမယ်.. တစ်တွဲ တစ်တွဲစီဟာ အိမ်တစ်ခုဆီကို ဦးတည်သွားလိမ့်မယ်..”

မူဒီ သူ၏ ဝတ်ရုံထဲမှ ရွှံများနှင့် သဏ္ဍာန်တူသည့် ဆေးရည်ဗူးတစ်ခုကို ဆွဲထုတ်လိုက်သည်..။ သူ ချက်ချင်းပင် ဘာဆိုတာကို နားလည်လိုက်သည်။ ချက်ချင်းပင် အစီအစဉ်အားလုံးကို

နားလည်သွားတော့သည်...။

"မဖြစ်ဘူး.."

သူ့အသံမှာ အတော်ကျယ်လောင်သွားသည်။

"လုံးဝ လက်မခံနိုင်ဘူး.."

ဟာမီယွန်က..

"ငါ သူတို့ကို ပြောပါတယ်.. နင် ဒီလိုပဲ ပြောလိမ့်မယ်လို့.."

"ကျွန်တော့်ကြောင့် လူခြောက်ယောက်ရဲ့ အသက်ဆုံးရှုံးနိုင်မယ့် ကိစ္စကို ခွင့်ပြုရမှာလား.."

ရှန်က...

"ဒီကိစ္စက ငါတို့အတွက် ပထမဆုံးမှ မဟုတ်တာ..."

"မဖြစ်ဘူး.. ငါ့လိုဟန်ဆောင်ရင် သိပ်အန္တရာယ်ကြီးတယ်.."

ဖရက်က..

"ငါတို့လည်းဒီကိစ္စကို သိပ်မကြိုက်လှပါဘူး.. တစ်ခုခုမှားသွားရင် တစ်သက်လုံး မင်းပုံစံကြီး ဖြစ်နေတော့မှာပဲ..."

ဟယ်ရီ သူ့စကားကို ပြုံးရုံပင် မပြုံးမိပေ..။

"ကျွန်တော် ခွင့်မပြုရင် ဒီကိစ္စ မဖြစ်နိုင်ဘူး... ကျွန်တော့်ရဲ့ ဆံပင် လိုတယ်မဟုတ်လား.."

"ဒါဆိုရင်တော့ ဒီအစီအစဉ်က မဖြစ်တော့ဘူးပေါ့.."

ဂျော့က ပြောလိုက်သည်။

"မင်းသဘောမတူရင် ငါတို့က မင်းဆံပင်နည်းနည်းကို လုံးဝ မရနိုင်ဘူးပေါ့.."

ဖရက်က...

"ဟုတ်ပ.. ငါတို့ဆယ့်သုံးယောက်က မှော်ပညာသုံးခွင့် မရှိသေးတဲ့ ငနဲလေးတစ်ကောင်နဲ့ ရင်ဆိုင်နေရတာပဲ.. လုံးဝ အခွင့်အရေး မရှိဘူး..."

"ရယ်စရာတွေ မပြောကြစမ်းပါနဲ့..."

မူဒီကမူ ရယ်စရာအဖြစ် မသတ်မှတ်ပဲ...

"အင်အားသုံးမှ ဖြစ်မယ်ဆိုရင်လည်း သုံးရမှာပဲ..."

"ဒီမှာ ရောက်နေတဲ့ လူတွေအားလုံး အရွယ်ရောက်ပြီးသားချည်းပဲ... သူတို့ဆန္ဒနဲ့ စွန့်စားဖို့ သဘောတူလာကြတာ.."

"ငါတို့ ထပ်ပြီး မငြင်းခုံရင်ကောင်းမယ်.. အချိန်မရှိဘူး.. ငါတို့ မင်းရဲ့ ဆံပင်နည်းနည်းလိုချင်တယ် ကောင်လေး..."

ဟယ်ရီက..

"ဒါရူးသွပ်တာပဲ.. ဒီလိုလုပ်ဖို့ လုံးဝမလို.."

သူ့စကား မဆုံးခင်မှာပင် မူဒီက...

"မလိုဘူး.. ဟုတ်လား.. မိစ္ဆာသခင်ကြီး အပြင်မှာ ရှိနေပြီး သူ့ဘေးမှာ ဝန်ကြီးဌာနက လူတစ်ဝက်လောက် ရှိနေတယ်.. ငါတို့ ကံကောင်းရင် သူက ငါတို့ရဲ့ သတင်းမှာကိုယုံပြီး မင်းရဲ့

မွေးနေ့ထိ စောင့်နေမှာပဲ.. ဒါပေမယ့် သူ ဒီနေရာမှာ လူစောင့်မထားဘူးဆိုတာ ဖြစ်နိုင်ပါ့မလား.. မင်းအမေရဲ့ အကာအကွယ် ရှိနေသရွေ့ သူတို့ မင်းကို မထိနိုင်ဘူး.. ဒါပေမယ့် အခု

ငါတို့က အကာအကွယ်ရဲ့ အပြင်ကို ထွက်ရတော့မယ်.. သူတို့ကလည်း ဒီနေရာကို အကြမ်းဖျဉ်း သိနေတယ်... ငါတို့ရဲ့ တစ်ခုတည်းသော ထွက်ပေါက်က ဟယ်ရီပေါ်တာ အတုတွေ

သုံးဖို့ပဲ.. ဘယ်လိုပဲဖြစ်ဖြစ် မိစ္ဆာသခင်ကြီးတောင် ခုနစ်ကိုယ်ခွဲ လိုက်နိုင်မှာ မဟုတ်ဘူး..."

ဟယ်ရီ ဟာမီယွန့်ကို ကြည့်လိုက်မိသည်...။ ဗိုဒီမော့ ခုနစ်ကိုယ်ခွဲခဲ့ကြောင်းကို သူတို့သာ အသိဆုံးပင်...။

"ပေါ်တာ ငါတို့ကို မင်းရဲ့ ဆံပင် နည်းနည်းပေးစမ်းပါ.."

ဟယ်ရီ ရွန်.ကို လှမ်းကြည့်.လိုက်တော့ ရွန်က လုပ်လိုက်ပါဟု သဘောပေါက်အောင် ပြုံးပြလိုက်သည်။

"အချိန်မရှိဘူး.. ပေးတော့..."

မူဒီ ထအော်လိုက်၏။ ဟယ်ရီ ဆံပင်အနည်းငယ်ကို ဆွဲနှုတ်လိုက်သည်။

"ဟုတ်ပြီ.."

မူဒီ ချက်ချင်းပင် ရှေ့သို့ တိုးလာပြီး ဖန်ပုလင်း၏ အဆို့ကို ဆွဲဖွင့်လိုက်သည်။

"ဒီအထဲကို ထည့်လိုက်ပေတော့..."

ဟယ်ရီ သူ့ဆံပင်များကို ရွှံ့ကဲ့သို့ ဆေးရည်ထဲသို့ ထည့်လိုက်သည်။ ဆေးရည်နှင့် ဆံပင်တို့ ထိတွေ့မိသည်နှင့် တစ်ပြိုင်နက် အမြှုပ်များထကာ မီးခိုးများ ထွက်လာပြီး ချက်ချင်းပင်

ကြည်လင်နေသော ရွှေရောင်ဆေးရည်အဖြစ် ပြောင်းလဲသွား၏..။

ဟာမီယွန်က..

"နင့်ရဲ့ ဆေးရည်ကတော့ ခရက်ဘီနဲ့ ဂွိုင်လီထက် အရသာကောင်းမယ့်ပုံပဲ ဟယ်ရီ.."

"ငါ.. ငါဆိုလိုတာက ဂွိုင်လီရဲ့ ဆေးရည်အရသာက တကယ့်မကောင်းဆိုးဝါး အရသာပဲ.."

"ဟုတ်ပြီ.. ပေါ်တာအတုတွေ တန်းစီကြပါ..."

ရွန်.. ဟာမီယွန်... ဖရက်.. ဂျော့နှင့် ဖလူရာတို့ တန်းစီရပ်လိုက်ကြသည်။

လူပင်က..

"တစ်ယောက်လိုနေတယ်..."

"ဒီမှာလေ..."

ဟက်ဂရစ်က မွန်ဒန်းဂတ်စ်ကို ဂုပ်မှဆွဲယူလာရင်း ဖလူရာ၏ နံဘေးတွင် ချထားလိုက်သည်။ ဖလူရာက နှာခေါင်းရှုံ့လိုက်ရင်း ဖရက်နှင့် ဂျော့တို့ ကြားထဲကို တိုးဝင်လိုက်၏..။

မွန်ဒန်းဂတ်စ်က ...

“ငါ ကာကွယ်တဲ့သူပဲ လုပ်မယ်လို့ ပြောထားတယ်လေ...”

မူဒီက ...

“ပါးစပ်ပိတ်ထားစမ်း.. ငါ မင်းကို ဘယ်နှစ်ခါ ပြောရမှာလဲ.. အလကားကောင်ရဲ့... သူတို့က ပေါ်တာကို ဖမ်းဖို့ပဲ ကြိုးစားမှာ ... သတ်မှာ မဟုတ်ဘူး.. ကာကွယ်ပေးမယ့် သူတွေသာ

အန္တရာယ် အများဆုံး ရှိနိုင်တယ်... ဒက်အိတာတွေက သူတို့ကို သတ်မှာပဲ...”

မွန်ဒန်းဂတ်စ်မှာ မရေမရာ ဖြစ်နေသေးပုံပင်..။ သို့ရာတွင် မူဒီက သူ့အိတ်ထဲမှ ကြက်ဥအရွယ်ခန့် ဖန်ခွက်ခြောက်လုံးကို ထုတ်ယူကာ ရုပ်သွင်ပြောင်းဆေးရည်ကို ငှဲ့လိုက်ပြီး

ခြောက်ယောက်စလုံးကို ပေးလိုက်၏..။

“အတူတူ သောက်လိုက်ကြစို့..”

ခြောက်ယောက်စလုံး ဆေးရည်ကို ပြိုင်တူမော့လိုက်ကြသည်။ အားလုံးဆေးရည် လည်ချောင်းထဲ ရောက်သည်နှင့် မျက်နှာများ ရှုံ့တွသွားကြပြီးနောက် ချက်ချင်းဆိုသလိုပင် သူတို့၏

အသွင်သဏ္ဍာန်များ ပြောင်းလဲသွားကြသည်။

ဟာမီယွန်နှင့် မွန်ဒန်းဂတ်စ်တို့မှာ ချက်ချင်းပင် အရပ်မြင့်တက်လာကြသည်..။ ရွန်.. ဖရက် နှင့် ဂျော့တို့မှာချက်ချင်း ပုသေးသွားကြသည်။ သူတို့၏ ဆံပင်များမှာ အနက်ရောင်

ဖြစ်သွားကြသည်။ ဟာမီယွန်နှင့် ဖလူရာတို့မှာ ဆံပင်များ ပါးသွားကြ၏။

မူဒီကမူ အေးအေးဆေးဆေးပင် သူ၏ အိတ်ကြီးကို ဖွင့်နေ၏။ သူ့အိတ်ထဲမှ ပစ္စည်းများကို နှိုက်ယူ၍ မတ်တတ်ရပ်လိုက်ချိန်ဝယ် သူ့ရှေ့၌ ဟယ်ရီပေါ်တာ ခြောက်ယောက်

ရောက်နေပေပြီ..။

ဖရက်နှင့်ဂျော့မှာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ရင်း..

"ဝိုး.. ငါတို့ ပုံစံ အတူတူ ဖြစ်နေပါလား..."

ဖရက်က ...

"ငါကပိုပြီး ကြည့်ကောင်းပါတယ်ကွ.."

သူ၏ ရုပ်သွင်ကို ရေနွေးခရား ရောင်ပြန်၌ ကြည့်ရင်း ပြောလိုက်၏။

မူဒီက..

"အဝတ်မတော်တဲ့ သူတွေ ဟော့ဒီမှာ ဝတ်စုံတွေ ရှိတယ်.. နောက်ပြီး မျက်မှန်တပ်ဖို့လည်း မမေ့ကြပါနဲ့.. အဝတ်အစား အပြည့်အစုံ ဝတ်ပြီးရင် ဟောဟိုအိတ်ထဲမှာ အထုပ်အပိုးတွေ

ရှိတယ်..."

ဟယ်ရီ ထိုမြင်ကွင်းကို မြင်နေရသည်မှာ အလွန်ထူးဆန်းနေသလို ခံစားနေရသည်။ သူ့ကိုယ်ပွား ခြောက်ယောက်စလုံးမှာ အိတ်ထဲမှ အဝတ်များကို ဆွဲထုတ်လိုက်ကြပြီး သူတို့အဝတ်များကို

ချွတ်ပစ်လိုက်သည်။

ဟယ်ရီ သူ့ကို နည်းနည်းတော့ အားနာသင့်သည်ဟု ထင်မိ၏။ သူတို့ကို ကြည့်ရသည်မှာ သူတို့ခန္ဓာကိုယ် မဟုတ်၍ လူမြင်မှာကို ဂရုစိုက်ပုံ သိပ်မပေါ်ပေ...။

ဟာမီယွန်က မျက်မှန်တပ်လိုက်ရင်း...

"ဟယ်ရီ.. နင့်မျက်စိက တော်တော် ဆိုးတာပဲ..."

အဝတ် ဝတ်ဆင်ပြီးကြသောအခါ သူတို့အားလုံး အိတ်ထဲမှ ဇီးကွက်လှောင်အိမ်နှင့် ခရီးဆောင်အိတ်တို့ကို ထုတ်ယူလိုက်ကြသည်။ လှောင်အိမ်တိုင်း၌ အဖြူရောင် ဇီးကွက်တစ်ကောင်စီ

ရှိနေ၏..။

"ဟုတ်ပြီ.. ငါလူတွေ တွဲပေးမယ်.. မွန်ဒန်းဂတ်စ်က ငါနဲ့ လိုက်ရမယ်.."

ဟယ်ရီက..

"ကျွန်တော်က ဘာလို့ မလိုက်ရတာလဲ..."

"မင်းကို သိပ်အာရုံမစိုက်စေချင်လို့ပဲ..."

မူဒီက ဆက်၍ ..

"အာသာနဲ့ ဖရက်.."

"ကျွန်တော်က ဂျော့ပါ..."

မူဒီညွှန်ပြလိုက်သော ဟယ်ရီ့ဆီမှ အသံထွက်လာ၏။

"ကျွန်တော်တို့ ဟယ်ရီ့ပုံစံ ပြောင်းသွားတာနဲ့ မခွဲခြားနိုင်တော့ဘူးလား..."

"ဆောရီးပဲ ဂျော့..."

"ကျွန်တော်က ဖရက်ပါ.. နောက်ကြည့်တာပါ.."

"ဒါ နောက်နေရမယ့် အချိန် မဟုတ်ဘူး.. ကျန်တဲ့တစ်ကောင် ဖရက်ဖြစ်ဖြစ် ဂျော့ဖြစ်ဖြစ် .. ရေးမတ်စ်နဲ့ လိုက်သွား..."

ဘီလ်က စကားဖြတ်၍ ...

"ကျွန်တော်နဲ့ ဖလူရာ သီစရယ်လ်ကို စီးမယ်.. သူက တံမြက်စည်း စီးရတာ သိပ်မကြိုက်ဘူး..."

"မစ္စဂရန်ဂျာက ကင်းစလေနဲ့ ကျန်တဲ့ သီစရယ်လ်ကို စီးသွား"

ဟယ်ရီ ဟာမီယွန့်အတွက် တံမြက်စည်းပျံထက်တော့ ပိုအဆင်ပြေလိမ့်မည်ဟု တွေးမိသည်။

"ဒါဆို မင်းနဲ့ငါပဲ ကျန်တော့တယ်..."

တွန့်ခ်က ရွှန့်ကို လှမ်းပြောလိုက်သည်။

"မင်းကတော့ ငါနဲ့သွားရမယ် ဟယ်ရီ.. အဆင်ပြေတယ် မဟုတ်လား"

ဟက်ဂရစ်က သူ့ကို ပြောလိုက်၏။

"ငါတို့ မော်တော်ဆိုင်ကယ် စီးရလိမ့်မယ်.. တံမြက်စည်းပျံကော သီစရယ်လ်တွေကော ငါ့အလေးချိန်ကို နိုင်မှာ မဟုတ်ဘူး.. ငါ့နောက်က လိုက်လို့တော့ နေရာလောက်မှာ မဟုတ်ဘူး..

မင်းဘေးတွဲထဲကပဲ လိုက်ရလိမ့်မယ်..."

"ရပါတယ်... အဆင်ပြေပါတယ်..."

မူဒီက..

"ဒက်အိတာတွေက မင်းကို တံမြက်စည်းပျံပေါ်မှာလို့ပဲ မျှော်လင့်လိမ့်မယ်... စနိပ်က မင်းအကြောင်းတွေ အကုန်ပြောပြထားပြီးလောက်ပြီ.. သေချာတာက သူတို့က တံမြက်စည်းပျံပေါ်က

ပေါ်တာကိုပဲ အရင်ဆုံးရွေးမှာပဲ.. ကဲ ဒါဆိုရင်.."

မူဒီ သူ၏အိတ်ကြီးကို ပြန်ထုတ်လိုက်၏။ အထဲတွင် ပေါ်တာအတုခြောက်ယောက်၏ အဝတ်များရှိနေသည်။

"နောက် သုံးမိနစ်နေရင် ဒီကထွက်မယ်.. နောက်ဖေးတံခါးကို သော့ခတ်မနေနဲ့တော့ .. သော့ခတ်ထားလည်း ဒီကောင်တွေ ဝင်လာနိုင်တာပဲ.. သွားကြစို့.."

ဟယ်ရီ သူ၏ ခရီးဆောင်အိတ် ဖိုင်းယားဘို့လ်တ်နှင့် ဟက်ဝစ်၏ လှောင်အိမ်တို့ကို ယူကာ နောက်ဘက် ဥယျာဉ်ထဲသို့ ရောက်လာခဲ့၏။

ဟယ်ရီ ဘေးတွဲထဲတွင် ထိုင်ရသည်ကို အနည်းငယ် ရှက်သလို ခံစားနေရသည်..။ သူ့တစ်ကိုယ်လုံး ပုဝင်နေသလို ခံစားရ၏..။ သူ့ခရီးဆောင်အိတ်နှင့် တံမြက်စည်းကို

ခြေထောက်အောက်တွင် ထိုးထည့်ကာ ဟက်ဝစ်၏ လှောင်အိမ်ကို ဒူးနှစ်လုံးကြားတွင် ညှပ်ထားလိုက်သည်။ ထိုင်ရသည်မှာ အတော့်ကို ကသိကအောင့်နိုင်လှသည်။

ဟက်ဂရစ် မော်တော်ဆိုင်ကယ်ပေါ် တက်ထိုင်လိုက်သည်နှင့် ဆိုင်ကယ်မှ မြေကြီးထဲသို့ နစ်ဝင်သွား၏...။

"ငါ ဒီဆိုင်ကယ်ကို နည်းနည်း ပြင်ဆင်ထားတယ်ကွ.. အာသာနဲ့ ပေါင်းပြီး ပြင်ထားတာလေ..."

ဟက်ဂရစ်က အမြန်နှုန်းပြ ဒိုင်ခွက်အနီးမှ ပန်းရောင်ခလုတ်တစ်ခုကို ညွှန်ပြလိုက်သည်..။

မစ္စတာဝီစလေက သူ၏ တံမြက်စည်းပျံနှင့် ဘေးနားတွင် လာရပ်ရင်း ...

"သတိထားပါ ဟက်ဂရစ်.. ဒါ သိပ်ပြီး သေချာတာ မဟုတ်ဘူး.. နောက်ပြီး အရေးပေါ်ကိစ္စမှာပဲ သုံးသင့်တယ်..."

"ဟုတ်ပြီ .. ငါတို့အားလုံး တစ်ပြိုင်နက်ထွက်ရမယ်.. ဒီလိုမှ မဟုတ်ရင် အလကားပဲ..."

အားလုံး တံမြက်စည်းပျံများပေါ်သို့ တက်လိုက်ကြသည်။

"မြဲမြဲကိုင်ထားစမ်း ရွန်"

တွန့်ခ်က ပြောလိုက်၏။ ရွန် လူပင့်ကို တစ်ချက်ကြည့်လိုက်ပြီး သူမ၏ခါးကို မြဲမြဲဖက်ထားလိုက်သည်။

ဟက်ဂရစ် မော်တော်ဆိုင်ကယ်ကို စက်နှိုးလိုက်သည်။ ဆိုင်ကယ်စက်သံမှာ ကျယ်လောင်လှပြီး သူ၏ ဘေးတွဲတစ်ခုလုံးပါ တုန်ခါနေ၏။

"အားလုံး ကံကောင်းကြပါစေ.."

မူဒီက အော်ဟစ်လိုက်၏။

"အားလုံး ဘားရိုးမှာ တစ်နာရီအတွင်း ပြန်ဆုံကြမယ်.. သုံးလို့ရေလိုက်တာနဲ့ စထွက်မယ်.. တစ်.. နှစ်.. သုံး.."

မော်တော်ဆိုင်ကယ်သံ အကျယ်ကြီး ထွက်လာကာ လေထဲသို့ ထိုးတက်သွားသည်ကို ဟယ်ရီ ခံစားလိုက်ရသည်။ သူ လေထဲသို့ လျင်မြန်စွာ ထိုးတက်နေ၏။ သူ့ဘေးတွင်လည်း

တံမြက်စည်းပျံများနှင့် သီစရယ်လ်များကို အတူတူတွေ့နေရသည်။

သူ့ခြေထောက်များမှာ ဟက်ဝစ်၏ လှောင်အိမ်နှင့် နံရံများကြားတွင် ညပ်နေပြီး သူ့ကို လွန်စွာမှ အနေရခက်စေ၏..။ ထို့ကြောင့် သူ အိမ်ကို နောက်ဆုံးတစ်ခေါက်ကြည့်ရန်ကိုပင်

မေ့သွားရသည်။

သူ သတိရ၍ ဘေးသို့ ငုံ့ကြည့်လိုက်ချိန်ဝယ် အိမ်ကလေးများစွာကြားထဲမှ သူမခွဲခြားတတ်တော့..။ သူတို့ ကောင်းကင်ပေါ်သို့ ပို၍ မြင့်အောင် တက်လာခဲ့ကြသည်...။

ရုတ်တရက်ဆိုသလိုပင် သူတို့အားလုံး အဝိုင်းခံလိုက်ရသည်။

အနည်းဆုံး အယောက်သုံးဆယ်ခန့်ရှိသော မျက်နှာဖုံးစွပ်များက သူတို့အားလုံးကို စက်ပိုင်းသဏ္ဍာန် ဝိုင်းထားကြ၏။

အော်ဟစ်သံများနှင့် အစိမ်းရောင်အလင်းတန်းများကို နေရာတကာ၌ တွေ့လိုက်ရသည်..။ ဟက်ဂရစ် အော်ဟစ်လိုက်ပြီး မော်တော်ဆိုင်ကယ်ကို တစ်ပတ် လှည့်ပစ်လိုက်၏။ ဟယ်ရီ

ဘယ်နေရာရောက်နေမှန်းပင် မသိနိုင်တော့..။ သူ့ခေါင်းပေါ်တွင် လမ်းမီးရောင်များကို မြင်နေရ၏။ သူ ဘေးတွဲထဲတွင် အသည်းအသန် ကုပ်တွယ်ထားရတော့သည်။

ဟက်ဝစ်၏ လှောင်အိမ်.. သူ့ခရီးဆောင်အိတ်နှင့် ဖိုင်းယားဘိုလ်တ်တို့မှာ သူ့ဒူးကြားထဲမှ ချော်ထွက်လာကြသည်။

"ဟက်ဝစ်.."

သူ၏ တံမြက်စည်းမှာ လွင့်စင်ကျသွား၏။ သူ့ခရီးဆောင်အိတ်နှင့် လှောင်အိမ်ကိုမူ အချိန်မီ ဖမ်းဆွဲထားလိုက်နိုင်သည်။ မော်တော်ဆိုင်ကယ်မှာ အတည့်ပြန်ဖြစ်သွားသဖြင့်

စိတ်သက်သာရာရမည် ကြံတုန်းမှာပင် အစိမ်းရောင် အလင်းတန်း တစ်ခုကို တွေ့လိုက်ရပြီး ဇီးကွက်မလေး ဟက်ဝစ်မှာ လှောင်အိမ်ကြမ်းပြင်ပေါ်သို့ ပုံကျသွား၏။

"ဟက်ဝစ်..."

မော်တော်ဆိုင်ကယ်မှာ ရှေ့သို့ တိုးထွက်သွား၏။ ဒက်အိတ်တာများမှာ ဟက်ဂရစ် အတင်း ထိုးဖောက်ထွက်သွား၍ ဖရိုဖရဲ ဖြစ်ကျန်ရစ်သည်။

"ဟက်ဝစ်.. ဟက်ဝစ်.."

သို့ရာတွင် ဇီးကွက်မလေးမှာ လုံးဝ လှုပ်ရှားမှု မရှိတော့ပါ..။ ဟယ်ရီ လုံးဝ မခံစားနိုင်လောက်အောင်ပင်..။ ထို့အတူ အခြားသူများအတွက် ပူပန်မှုကပါ တရိပ်ရိပ် တက်လာ၏။ သူ

နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ လူများစွာ ရွေ့လျားပျံသန်းနေ၏။ အစိမ်းရောင် အလင်းတန်းများ ရှုပ်ယှက်ခတ်နေ၏။ လူနှစ်ယောက်မှာ တံမြက်စည်းပျံတစ်ချောင်းနှင့် အဝေးသို့

ထွက်သွား၏။ သို့ရာတွင် သူ သေသေချာချာ မမြင်ရချေ..။

"ဟက်ဂရစ်.. ကျွန်တော်တို့ နောက်ပြန်လှည့်ရအောင်..."

ဟယ်ရီ ဆုညံနေသော ဆိုင်ကယ်အင်ဂျင်သံကို ကျော်၍ အော်ဟစ်လိုက်သည်။ သူ၏ မှော်တောင်ဝှေးကို ဆွဲထုတ်ရင်း ဟက်ဝစ်၏ လှောင်အိမ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်..။

ဟက်ဝစ်သေဆုံးသွားပြီ ဆိုသည်ကို သူမယုံနိုင်ပေ..။

"ဟက်ဂရစ်... ပြန်လှည့်မယ်..."

"ငါ့တာဝန်က မင်းကို ဘေးကင်းရာ ပို့ပေးဖို့ပဲ ဟယ်ရီ..."

ဟက်ဂရစ်က ပြန်အော်ပြောရင်း လီဗာကို ဖိနင်းလိုက်၏..။

"ရပ်လိုက်.. အခုရပ်လိုက်..."

ဟယ်ရီ အော်ဟစ်ရင်း နောက်သို့ လှည့်ကြည့်လိုက်သည်။ အစိမ်းရောင် အလင်းတန်းနှစ်ခုမှာ သူ့ဘယ်ဘက်ဘေးမှ ကပ်၍ ဖြတ်ကျော်သွား၏။

ဒက်အိတာလေးယောက်မှာ စက်ဝိုင်းထဲမှ ခွာလာကာ သူတို့နောက်သို့ လိုက်လာကြသည်။ ဟက်ဂရစ်၏ နောက်ကျောကို ချိန်ကာ ပစ်ခတ်နေကြ၏..။ ဟက်ဂရစ် ကောင်းကင်ပေါ်သို့

ထပ်တက်လိုက်သည်။ သို့ရာတွင် လေးယောက်စလုံး ထပ်ချပ်မကွာ လိုက်လာကာ ပို၍များသော ကျိန်စာများကို ပစ်လွှတ်လာကြသဖြင့် ဟယ်ရီပင် ဘေးတွဲထဲ၌ ပုနေရတော့သည်။

ရုတ်တရက် သူခေါင်းဖော်လိုက်ရင်း မှော်တောင်ဝှေးကို ချိန်ရွယ်လိုက်ကာ..

"စတူပီဖိုင်း.." ဟု အော်ဟစ်လိုက်သည်။

အနီရောင် အလင်းတန်းတစ်ခု သူ့တောင်ဝှေးမှ ပြေးထွက်လာကာ ဒက်အိတာများကြားမှ ဖြတ်ထွက်သွား၏..။

"ဟယ်ရီ.. မြဲမြဲကိုင်ထား.. ငါ ဒီကောင်တွေကို ရှင်းလိုက်မယ်..."

ဟက်ဂရစ် ဆီတိုင်ကီအနီးမှ အစိမ်းရောင် ခလုတ်တစ်ခုကို နှိပ်လိုက်သည်ကို ဟယ်ရီ တွေ့လိုက်ရသည်။

အုတ်နံရံကြီးတစ်ခုမှာ မော်တော်ဆိုင်ကယ် အိပ်ဇောပိုက်မှ ရုတ်တရက် ထွက်လာ၏။ ဟယ်ရီ နောက်သို့ လှည့်ကြည့်လိုက်ရာ လေထဲတွင် ချက်ချင်းပင် ကြီးမားလာသည်ကို တွေ့ရသည်။

ဒက်အိတာ သုံးယောက်မှာ ရှောင်တိမ်းလိုက်နိုင်သော်လည်း နောက်ဆုံးတစ်ယောက်မှာမူ ကံဆိုးသွားရသည်။

ရုတ်တရက် မြင်ကွင်းမှ ပျောက်ကွယ်သွားပြီးနောက် မြေပြင်ပေါ်သို့ ကျောက်တုံးတစ်တုံးပမာ ထိုးကျသွားတော့သည်။ သူ၏ တံမြက်စည်းပျံမှာ တစ်စစီ ဖြစ်သွားပေပြီ..။ တစ်ယောက်က

သူ့ကို ကယ်တင်ရန် အရှိန်ကို နှေးလိုက်၏..။ သို့ရာတွင် ဟက်ဂရစ်က ဆိုင်ကယ်ကို အရှိန်မြှင့်လိုက်၍ ထိုမြင်ကွင်းမှာ ပျောက်ကွယ်သွားတော့သည်။

နောက်ထပ် သေမင်းတမာန် ကျိန်စာများ ဟယ်ရီ၏ ခေါင်းပေါ်မှ ဖြတ်ပြေးသွားကြသည်။ ကျန်နှစ်ယောက်မှာ နောက်က ကပ်လိုက်လာဆဲဖြစ်ပြီး ဟက်ဂရစ်ကို ချိန်ရွယ်ပစ်ခတ်နေကြသည်။

ဟယ်ရီ နောက်ထပ် မေ့မျောကျိန်စာများကို သူတို့ဆီသို့ ပစ်လွှတ်လိုက်၏။

သူ၏ အနီရောင် ကျိန်စာနှင့် အစိမ်းရောင် အလင်းတန်းတို့ လေထဲတွင်ထိတွေ့ကာ ရောင်စုံမီးပွားများအဖြစ် ပေါက်ကွဲကုန်ကြသည်။ ဟယ်ရီ အောက်ဘက်မှ လူများ ကြည့်နေခဲ့လျှင်

မီးပန်းပစ်လွှတ်နေသည်ဟု ထင်ကြလိမ့်မည်ဟု တွေးနေမိသည်။

"ဒီမှာ နောက်ထပ် တစ်ခု..."

ဟက်ဂရစ် အော်ဟစ်လိုက်ရင်း ဒုတိယ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ဒီတစ်ခါတွင်တော့ ဇရာမပိုက်ကွန်ကြီးတစ်ခု အိပ်ဇောပိုက်ထဲမှ ထွက်လာ၏။ သို့ရာတွင် ဒက်အိတာများမှာ

ကြိုတင်မျှော်လင့်ထားကြဟန်ဖြင့် ရှောင်တိမ်းသွားကြသည်။ နောက်တွင် ကျန်နေခဲ့သူတစ်ယောက်ပါ မီလာပြီး သုံးယောက်စလုံး ကျိန်စာများကို အဆက်မပြတ် ပစ်ခတ်ရင်း နောက်မှ

လိုက်လာကြသည်။

"ဟယ်ရီ.. မြမြကိုင်ထား.. ဒါနဲ့ ရှင်းပစ်မှ ဖြစ်မယ်..."

ဟယ်ရီ ဟက်ဂရစ်တစ်ယောက် အမြန်နှုန်းပြဒိုင်ခွက်ဘေးမှ ပန်းရောင်ခလုတ်ကို နှိပ်လိုက်သည်ကို တွေ့လိုက်ရသည်။

လုံးဝမမှားနိုင်သော နဂါးတစ်ကောင်၏ အသံနှင့်အတူ နဂါးမီးလျှံများ အိပ်ဇောထဲမှ ထွက်လာ၏။ မော်တော်ဆိုင်ကယ်မှာ ရှေ့ဘက်သို့ ကျည်ဆန်တစ်တောင့်လို ပြေးထွက်သွားတော့သည်။

ဒက်အိတာများ အသည်းအသန်ပင် မီးတောက်များကို လွတ်အောင် ကပ်ရှောင်လိုက်ကြသည်ကို တွေ့ရ၏..။ ထို့အတူ သူ၏ ဘေးတွဲမှာလည်း အလွန်အမင်း တုန်ခါလာသည်။

မော်တော်ဆိုင်ကယ်နှင့် ဆက်ထားသော အပိုင်းမှာ အရှိန်ကြောင့် ပြုတ်ထွက်လုလု ဖြစ်နေပြီ...။

"အရေးမကြီးပါဘူး..."

ဟက်ဂရစ်က မော်တော်ဆိုင်ကယ် လက်ကိုင်ကို လွှတ်လိုက်၏။ သူ၏ ဘေးတွဲကလေးမှာ အလွန်အမင်း တုန်ခါနေပြီ ဖြစ်သည်။

"ငါပြင်လိုက်မယ် .. မပူနဲ့..."

ဟက်ဂရစ် သူ၏ ကုတ်အင်္ကျီထဲမှ ပန်းရောင်ထီးကို ဆွဲထုတ်လိုက်သည်။

"ဟက်ဂရစ် .. မလုပ်နဲ့ ကျွန်တော် ပြင်လိုက်မယ်..."

"ရီပရို.."

ဟက်ဂရစ်၏ ဂါထာမန္တန် ရွတ်ဖတ်သံနှင့်အတူ နားကွဲလုမတတ် ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။ သူ၏ ဘေးတွဲမှာ မော်တော်ဆိုင်ကယ်နှင့် လုံးဝ ကွဲကွာသွားတော့သည်။ ဟယ်ရီ

ရှေ့သို့ တိုးထွက်လာပြီးနောက်တွင် သူ၏ ဘေးတွဲမှာ အရှိန်ကုန်ကာ ပြုတ်ကျတော့သည်။

ဟယ်ရီ သူ၏ မှော်တောင်ဝှေးကို ဘေးတွဲဆီသို့ ချိန်ရွယ်ကာ ဂါထာတစ်ခုကို ကမန်းကတန်း ရွတ်ဖတ်လိုက်သည်။

"ဝင်ဂါးဒီးယမ်း လဗီယိုစာ..."

ဘေးတွဲလေးမှာ လေထဲတွင် ပေါလောမျောနေ၏..။ ထိန်းချုပ်မောင်းနှင်၍ မရသော်လည်း အနည်းဆုံးတော့ လေထဲတွင် လွင့်မျောနေသေး၏..။ သူ စက္ကန့်ပိုင်းမျှ စိတ်သက်သာရာ

ရသွားသည်။ သို့ရာတွင် သူ့အနီးသို့ ကျိန်စာများ တရကြမ်း ကျရောက်လာပြန်သည်။ ဒက်အိတာ သုံးယောက်မှာ သူနှင့် နီးလာချေပြီ..။

“ဟယ်ရီရေ.. ငါလာပြီဟ...”

ဟက်ဂရစ်၏ အော်သံကို ကြားလိုက်ရသည်။ သို့ရာတွင် သူ၏ ဘေးတွဲကလေးမှာ တဖြည်းဖြည်း ပြုတ်ကျစပြုလာသည်။ သူ့ခန္ဓာကိုယ်ကို ပုနိုင်သမျှ ပုထားရင်း အလယ်မှ

လူတစ်ယောက်ကို သေချာချိန်ရွယ်ကာ...

“အင်ပီဒီမန်တာ..”

ဒီတစ်ခါတော့ သူ၏ ကျိန်စာမှာ အလယ်မှ ဒက်အိတာ၏ ရင်ဘတ်ကို တည့်တည့်ထိမှန်သွားသည်။ ထိုသူမှာ မမြင်ရသော နံရံကြီးတစ်ခုကို ဝင်တိုက်မိသည်ပမာ လေထဲတွင် ကားယားကြီး

ဖြစ်နေ၏..။ ကျန်တစ်ယောက်မှာ ထိုသူနှင့် ဝင်တိုက်လုလု ဖြစ်သွားသည်။

ထိုအချိန်မှာပင် ဘေးတွဲမှာ အရှိန်ဖြင့် ပြုတ်ကျစပြုလာသည်..။ ကျန်နေသော ဒက်အိတာတစ်ယောက် ပစ်လိုက်သော ကျိန်စာမှာ သူနှင့် အလွန်နီးသွားသဖြင့် ဟယ်ရီ ဘေးတွဲထဲသို့

ဝပ်ချလိုက်ရသည်။

“ငါလာပြီ ဟယ်ရီ.. ငါလာပြီ..”

ဟက်ဂရစ် သူ့ကို ဘေးတွဲထဲမှ ဆွဲထုတ်ကာ မော်တော်ဆိုင်ကယ် နောက်ခုံပေါ်သို့ တင်ပေးလိုက်သည်။ ဟယ်ရီ သူ၏ ခရီးဆောင်အိတ်ကို ဆွဲယူလိုက်ပြီး ထိုင်လိုက်ချိန်ဝယ် ဟက်ဂရစ်ကို

ကျောပေးလျက်သား ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ဟယ်ရီတစ်ယောက် မော်တော်ဆိုင်ကယ်ကို ပြောင်းပြန်စီးမိလျက်သား ဖြစ်နေ၏။ သို့ရာတွင် သူ ဂရုမစိုက်နိုင်သေးပေ။ သူတို့

ဆိုင်ကယ်မှာ ချက်ချင်းပင် ဒက်အိတာနှစ်ယောက်နှင့် ဝေးရာသို့ ဆောင့်ထွက်သွား၏..။

ဟယ်ရီ ပါးစပ်ထဲမှ သွေးများကို ထွေးထုတ်လိုက်သည်..။ စောစောက ဝပ်ချလိုက်ရင်း တစ်ခုခုနှင့် ဆောင့်မိခြင်း ဖြစ်ရမည်..။ သူ၏ ပြုတ်ကျနေသော ဘေးတွဲကို မှော်တောင်ဝှေးနှင့်

ထိုးချိန်ရင်း ဟယ်ရီ အော်ဟစ်လိုက်သည်။

"ကွန်ဖရင်ဂို.."

ဘေးတွဲမှာ ပေါက်ကွဲထွက်သွား၏..။ သူ ဟက်ဝစ်အတွက် စိတ်မကောင်းဖြစ်မိသည်..။ အနီးဆုံးတွင် ရှိနေသော ဒက်အိတာမှာ တံမြက်စည်းပုံပေါ်မှ လွင့်စင်သွားပြီး ကျန်တစ်ယောက်ပါ

နောက်ဆုတ်သွားကာ ပျောက်ကွယ်သွား၏။

"ဟယ်ရီ.. ငါ့အပြစ်ပါ.. တကယ့်ကို စိတ်မကောင်းပါဘူး.. ငါ့ဘာသာ ငါမပြင်သင့်ဘူး.. မင်း နေရာ ရှိရဲ့လား.."

"ပြဿနာမရှိဘူး .. ဆက်သာမောင်းပါ..."

ဟယ်ရီ ပြန်အော်ပြောလိုက်သည်။ ထိုအချိန်မှာပင် နောက်ထပ် ဒက်အိတာနှစ်ယောက်မှာ သူတို့အနီး ရောက်လာပြန်၏..။

ကျိန်စာများ သူတို့ဆီလွင့်ပျံလာသည်နှင့် ဟက်ဂရစ် ဆိုင်ကယ်ကို မြွေလိမ်မြွေကောက် မောင်းတော့သည်။ ဟယ်ရီ ဟက်ဂရစ်တစ်ယောက် နဂါးမီးလျှံကို ထပ်မသုံးရဲတော့မှန်း သိသည်။

သူ့နောက်ထိုင်ခုံနှင့် အလွန်နီးကပ်နေ၏...။

ဟယ်ရီ မေ့မျောကျိန်စာများကို ဆက်ကာ ဆက်ကာပင် လိုက်လာသူများဆီသို့ ပစ်လွှတ်လိုက်သည်။ ထို့နောက်တွင် သူတို့ကို ပိတ်ဆို့ထားရန် ကျိန်စာတစ်ခု ပစ်လွှတ်လိုက်၏..။ အနီးဆုံး

ဒက်အိတာမှာ သူ၏ ကျိန်စာကို ရှောင်လိုက်ရသောကြောင့် မျက်နှာဖုံး ကျွတ်ကျသွားသည်..။

နောက်တစ်ကြိမ် သူ့တောင်ဝှေးမှ အနီရောင် အလင်းတန်းအောက်တွင် ထိုသူကို သူမြင်လိုက်ရသည်။ စတန်လေရှမ်ပိုက်ပင် ဖြစ်သည်။

"အိပ်စ်ပဲလီယာမတ်စ်.."

ဟယ်ရီ အော်ဟစ်လိုက်သည်။

"သူပဲ... သူပဲ .. ဟယ်ရီပေါ်တာ အစစ်က သူပဲ.."

မျက်နှာဖုံးနှင့် ဒက်အီတာတစ်ယောက်က အော်ဟစ်လိုက်သည်ကို ဟယ်ရီကောင်းကောင်း ကြားလိုက်ရသည်။ ထို့နောက်တွင် နောက်မှလိုက်လာသူများ အားလုံး မြင်ကွင်းမှ

ပျောက်ကွယ်သွားကြ၏...။

ဟက်ဂရစ်က..

"ဘယ်လိုဖြစ်တာလဲ ဟယ်ရီ.. ဘယ်ပျောက်ကုန်ကြတာလဲ..."

"ကျွန်တော်လည်း မသိဘူး.."

သို့ရာတွင် ဟယ်ရီ အပြင်းအထန် စဉ်းစားနေ၏...။ မျက်နှာဖုံးစွပ် ဒက်အီတာက သူ့ကို အစစ်ပဲဟု အော်ဟစ်သွားခဲ့သည်။ သူတို့ ဘယ်လိုသိနိုင်သလဲ..။ သူ မှောင်မည်းနေသော

ကောင်းကင်ကြီးကို လှည့်ပတ်ကြည့်လိုက်သည်။ ဘယ်ကို ပျောက်ကုန်ကြပါလိမ့်ဟူသော အတွေးက ဝင်လာ၏။

သူ ဟက်ဂရစ်၏ ကျောကို မျက်နှာမူကာ အတည့်ထိုင်လိုက်ပြီး ဟက်ဂရစ်၏ ကျောပြင်ကို သေချာကိုင်ထားလိုက်သည်။

"ဟက်ဂရစ်.. နဂါးမီးတောက်ကို ထပ်သုံးပေတော့... ဒီနေရာက လစ်ရအောင်..."

"ဒါဆို မြဲမြဲကိုင်ထားပေတော့ ဟယ်ရီ..."

နောက်ထပ် နားကွဲမတတ် အသံနှင့်အတူ အိပ်ဇောပိုက်ထဲမှ ဖြူပြာပြာ မီးတောက်များ ထိုးထွက်လာ၏။ သူ့ကိုယ်သူ အနောက်မှာ ကျန်ရစ်ခဲ့ပြီဟုပင် ထင်လိုက်မိသည်..။ ဟက်ဂရစ်က

မော်တော်ဆိုင်ကယ်ကို ပြန်ထိန်းလိုက်ရင်း..

"ငါတို့ သူတို့လက်က လွတ်ပြီထင်တယ် ဟယ်ရီ..." ဟု ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

သို့ရာတွင် ဟယ်ရီ စိတ်မချနိုင်သေးပဲ ရှိ၏။ သူ ဘယ်ညာပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

ဘာကြောင့် နောက်ပြန်ဆုတ်သွားကြရတာလဲ...။ ဟယ်ရီ အပြင်းအထန် စဉ်းစားလိုက်သည်။ ဒက်အိတာ တစ်ယောက်တွင် မော်တောင်ဝှေး ရှိနေဆဲဖြစ်သည်။ သူ စတန်လေကို

တောင်ဝှေးလွတ်ကျအောင် ကျိန်စာတိုက်လိုက်သည်နှင့် သူ့ကို ဟယ်ရီပေါ်တာ အစစ်ပဲဟု အော်ဟစ်သွားခဲ့သည်။

"ငါတို့ ရောက်ခါနီးပြီ ဟယ်ရီ.. ငါတို့ လွတ်တော့မယ်..."

မော်တော်ဆိုင်ကယ် အနည်းငယ် နိမ့်ဆင်းသွားသည်ဟု ဟယ်ရီ ထင်မိသည်။ သို့ရာတွင် မြေပြင်ပေါ်မှ မီးရောင်များမှာမူ သေးငယ်စွာသာ တွေ့မြင်နေရသေးသည်..။

ရုတ်တရက် ဆိုသလိုပင် နဖူးပေါ်မှ အမာရွတ်မှာ မီးလောင်သလို ခံစားလိုက်ရသည်။ ထိုအချိန်မှာပင် ဒက်အိတာများ ဘေးပတ်ပတ်လည်တွင် ပေါ်လာကြသည်။ သေမင်းတမာန်

ကျိန်စာနှစ်ခုမှာ ဟယ်ရီနှင့် လက်မအနည်းငယ် အကွာမှ ပွတ်ခါသီခါ လွဲသွား၏..။

ပြီးနောက် ဟယ်ရီ သူ့ကိုတွေ့လိုက်ရသည်။ ဗိုဒီမော့မှာ လေထဲတွင် မီးခိုးတန်းတစ်ခုပမာ ပျံသန်းလျှက်ရှိ၏။ မည်သည့်တံမြက်စည်းပျံမျှ မတွေ့ရပေ။ သူ၏ မြွေတစ်ကောင်နှင့်

ဆင်တူလှသော မျက်နှာမှာ အမှောင်ထဲ၌ပင် အရောင်ထွက်နေပြီး သူ၏ မော်တောင်ဝှေးကို ချိန်ရွယ်လိုက်သည်။

ဟက်ဂရစ် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် မော်တော်ဆိုင်ကယ်ကို ဒိုင်ဗင်ထိုးချလိုက်သည်။ ပြုတ်မကျအောင် အသေအလဲ ဖက်တွယ်ထားရင်းမှ ဟယ်ရီမေ့မျောကျိန်စာများကို တပြိုတမကြီး

ပစ်လွှတ်ပစ်လိုက်၏။ ခန္ဓာကိုယ်တစ်ခု သူ့ကိုကျော်ကာ လွင့်စင်ကျသွားသဖြင့် တစ်ယောက်ကို သေချာထိသွားမှန်း သိလိုက်သည်။

ထိုအချိန်မှာပင် ဆိုင်ကယ်အင်ဂျင်ဆီမှ ပေါက်ကွဲသံနှင့်အတူ ဆိုင်ကယ်မှာ ထိန်းမရတော့ပဲ မြွေလိမ်မြွေကောက် သွားနေတော့သည်။

အစိမ်းရောင် အလင်းတန်းများ သူတို့ကို ထပ်၍ ဖြတ်ကျော်သွားပြန်၏။ သူတို့ ဘယ်ရောက်နေမှန်းပင် ဟယ်ရီ မခန့်မှန်းနိုင်တော့..။ သူ၏ အမာရွတ်မှာလည်း အလွန်နာကျင်နေဆဲပင်။ သူ

စက္ကန့်ပိုင်းအတွင်း သေတော့မည်ဟု ဟယ်ရီ ထင်မိသည်။

ရုတ်တရက်ဆိုသလိုပင် မျက်နှာဖုံးစွပ်တစ်ယောက် အနားရောက်လာကာ သူ၏လက်ကို ခြောက်လိုက်သည်...။

"ဟိတ်..."

ဟက်ဂရစ်၏ ဒေါသတကြီး အော်ဟစ်သံနှင့်အတူ ဟက်ဂရစ် ထိုဒက်အိတာကို ခုန်အုပ်လိုက်သည်။ ဟက်ဂရစ်ကော ဒက်အိတာပါ အောက်သို့ ပြုတ်ကျသွားတော့သည်..။ တံမြက်စည်းမှာ

သူတို့၏ အလေးချိန်ကို မခံနိုင်ပေ..။

ဟယ်ရီ မော်တော်ဆိုင်ကယ်ပေါ်မှ လွင့်မကျစေရန် ဒူးနှစ်ဘက်ဖြင့် အတင်း ဖိညှပ်ထားရသည်။ ဗိုဒီမော့၏ အော်ဟစ်သံကို ကြားလိုက်ရသည်။

"သူ့ကို ချန်ထားကြ.."

လုံး၀ မျှော်လင့်ချက် မရှိနိုင်တော့ဟု ဟယ်ရီ ထင်မိသည်။ သူ့အနီးမှ နောက်ထပ် ဒက်အိတာတစ်ယောက် ဖြတ်ပျံသွား၏..။ ဟယ်ရီ သေမင်းတမာန် ကျိန်စာရွတ်သံကို ကြားလိုက်ရသည်။

"အာဗဒါ.."

နဖူးမှ အမာရွတ်၏ နာကျင်မှုကြောင့် ဟယ်ရီ မျက်စိစုံမှိတ်ထားမိသည်။ သို့ရာတွင် သူ၏ မော်တောင်ဝေးမှာ အလိုအလျောက်ပင် တုံ့ပြန်လိုက်သည်။ သူ့လက်ကို သံလိုက်တစ်ခုပမာ

ဆွဲယူသွားကာ ရွှေရောင်မီးတန်းကြီးတစ်ခု ထွက်လာသည်ကို ဟယ်ရီ မြင်လိုက်ရသည်။

ဒက်အိတာများ၏ အလန့်တကြား အော်ဟစ်သံများနှင့်အတူ ဗိုဒီမော့၏ ဒေါသတကြီး အော်ဟစ်သံကိုပါ ဟယ်ရီ ကြားလိုက်ရသည်။ ဟယ်ရီ သူနှင့် လက်တကမ်းအကွာတွင်

နဂါးမီးတောက် ထုတ်ပေးသည့်ခလုတ်ကို တွေ့လိုက်ရ၏။ သူ၏ အားနေသော လက်ဖြင့် ခလုတ်ကို ဖိနှိပ်လိုက်သည်။

မော်တော်ဆိုင်ကယ်မှာ မီးတောက်များကို ထုတ်လွှတ်လိုက်ပြီး မြေပြင်ပေါ်သို့ အလွန်လျင်မြန်စွာ ထိုးဆင်းသွား၏..။

"ဟက်ဂရစ်..."

ဟယ်ရီ အော်ဟစ်လိုက်သည်။ မော်တော်ဆိုင်ကယ်ကိုမူ သူ အတင်း ဖက်တွယ်ထားရ၏..။

"အက်ဆီယို.. ဟက်ဂရစ်.."

မော်တော်ဆိုင်ကယ်မှာ ပိုး၍ ပိုး၍ လျင်မြန်လာ၏..။ မြေပြင်ပေါ်မှ အလင်းရောင်များ
နီးသည်ထက်နီးလာသည်ကို တွေ့နေရသည်။ သူ မြေကြီးပေါ်သို့ ပြုတ်ကျတော့မည်..။ သို့ရာတွင်

ဘာတစ်ခုမှ မတတ်နိုင်ပဲ ရှိသည်။ သူ၏ နောက်ကျောဘက်ဆီမှ အော်ဟစ်လိုက်သံကို ဟယ်ရီ
ကြားလိုက်ရသည်။

"ဆယ်လ်ဝန်း.. မင်းရဲ့ မှော်တောင်ဝှေးပေးစမ်း..."

ဗိုဒီမော့ နီးလာပြီကို မမြင်ရခင်ကတည်းက သူ ခံစားမိခဲ့သည်။ ဘေးဘက်သို့ ကြည့်လိုက်သည်နှင့်
ဗိုဒီမော့၏ အနီရောင် မျက်လုံးအစုံကို သူတွေ့လိုက်ရ၏။ သူ၏ နောက်ဆုံး မြင်ကွင်း

ဖြစ်လိမ့်မည်။ ဗိုဒီမော့ နောက်တစ်ကြိမ် ကျိန်စာတိုက်ရန် ပြင်လိုက်သည်...။

ထို့နောက် ရုတ်တရက် ဆိုသလိုပင် ဗိုဒီမော့ ပျောက်ကွယ်သွား၏..။ ဟယ်ရီ မြေပြင်ပေါ်
ငုံ့ကြည့်လိုက်ရာ ဟက်ဂရစ်တစ်ယောက် ကို့ရို့ကားယား လဲကျနေသည်ကို တွေ့ရ၏..။ သူ

လက်ကိုင်ကို ဆွဲလှည့်ရင်း ဘရိတ်ကို ဖမ်းကြည့်လိုက်သည်။ သို့ရာတွင် နားကွဲလုမတတ်
မြေကြီးနှင့်ဆောင့်မိသော အသံကြီးကို ကြားလိုက်ရပြီး သူလည်း ရွှံ့ဗွက်အိုင်တစ်ခုထဲကို

ထိုးကျသွားတော့သည်။

**၅။ ကျဆုံးသွားသော သူရဲကောင်း**

"ဟက်ဂရစ်..."

ဟယ်ရီ သူ့ကိုယ်သူ အပျက်အစီးများကြားမှ ကုန်းရုန်းထနိုင်ရန် အတော်ကြိုးစားယူရသည်။ သူ
ကုန်းရုန်းထလိုက်ချိန်ဝယ် လက်များက ရွှံ့ထဲတွင် နစ်ဝင်သွားသည်...။

ရုတ်တရက်ကြီး ဗိုဒီမော့ ပျောက်ကွယ်သွားခြင်းကို ဟယ်ရီ နားမလည်နိုင်ပေ။ အမှောင်ထုထဲမှ
ရုတ်တရက် ပေါ်လာလေမလားဟု သူထင်နေမိသည်။ ပူနွေးသော အရည်တစ်ချို့ သူ့နဖူးဆီမှ

မေးစေ့ထိ စီးကျနေသည်ကို ဟယ်ရီ သိလိုက်၏..။ သူ ရွှံ့အိုင်ထဲမှ လေးဖက်ထောက် တက်လာရင်း
မြေကြီးပေါ်တွင် လဲကျနေသော ဟက်ဂရစ်ဆီသို့ ရောက်လာခဲ့သည်..။

"ဟက်ဂရစ် .. ပြန်ထူးစမ်းပါဦး.."

သို့ရာတွင် ဟက်ဂရစ်မှာ လုံးဝလှုပ်မလာပေ...။

"ဘယ်သူလဲ.. ဟယ်ရီပေါ်တာလား.."

ဟယ်ရီ ထိုလူ၏ အသံကို မမှတ်မိပေ..။ ထို့နောက် မိန်းမတစ်ယောက်၏ အော်ဟစ်ပြောသံကို ကြားလိုက်ရသည်။

"တက်ဒ် သူတို့ ဥယျာဉ်ထဲကို ပြုတ်ကျသွားတယ်.."

ဟယ်ရီ ဟက်ဂရစ်ကို အဆက်မပြတ် ခေါ်နေမိသည်။ သူ၏ ဒူးများ တဖြည်းဖြည်း ညွတ်ခွေကျလာသည်ကို သူနောက်ဆုံး သိလိုက်ရသည်။

ဟယ်ရီ သတိပြန်ရလာချိန်တွင် ဆိုဖာတစ်ခုပေါ်ဝယ် လဲလျောင်းနေမှန်း သတိပြုမိလိုက်သည်...။ သူ၏ ညာဘက်လက်နှင့် နံရိုးများမှာ သေလုမျောပါး နာကျင်နေ၏..။

သူ၏ ကျွတ်ထွက်သွားသော သွားမှာ ပြန်ပေါက်နေပြီ ဖြစ်သည်။ နဖူးပေါ်ရှိ အမာရွတ်မှာမူ တဆစ်ဆစ် နာကျင်နေဆဲပင်..။

"ဟက်ဂရစ်..."

သူ မျက်ဝန်းတို့ကို ဖွင့်လိုက်သည်နှင့် လုံးဝမရင်းနှီးသော အခန်းတစ်ခန်း၏ ဆိုဖာပေါ်တွင် ရောက်နေမှန်း သိလိုက်သည်။ သူ၏ ခရီးဆောင်အိတ်မှာ အနီးတွင် ချထားပြီး ရွှံ့များနှင့်

ပေပွနေ၏..။ ဗိုက်ပူပူနှင့် လူကြီးတစ်ယောက်မှာ သူ့ကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေ၏..။ ထိုသူက..

"ဟက်ဂရစ် အခြေအနေ ကောင်းပါတယ်ကွ.. ငါ့မိန်းမ သူ့ကို ပြုစုပေးနေပါတယ်.. မင်းကော ဘယ်လိုနေသေးလဲ.. ကျိုးပဲ့သွားတာ ရှိသေးလား.. ငါ မင်းရဲ့ နံရိုးရယ် လက်မောင်းရယ်

သွားရယ်ကိုတော့ ကုပေးထားပြီးပြီ..ငါက တက်ဒ်ပါ.. တက်ဒ်တွန့်ခ်ပါ.."

ဟယ်ရီ ခပ်မြန်မြန် ထထိုင်လိုက်သည်။ သူ မူးဝေနေဆဲပင် ဖြစ်၏..။

"ဗိုဒီမော့ရော..."

တက်ဒ်တွန့်ခ်က သူ၏လက်ဖြင့် ဟယ်ရီ့ပခုံးကို ဖိကိုင်ရင်း ထိုင်ခုံပေါ်တွင် ပြန်ထိုင်ခိုင်းလိုက်သည်...။

"စိတ်အေးအေးထားပါ.. မင်းတို့ ပြုတ်ကျတာ တော်တော် ဆိုးဆိုးဝါးဝါးပဲ.. ဘယ်လိုဖြစ်ကြတာလဲ.. မော်တော်ဆိုင်ကယ် ပြဿနာပေါ်တာလား... အာသာဝီစလေ ပေါက်ကရတွေ

လျှောက်လုပ်ပြန်ပြီ ထင်တယ်.."

"မဟုတ်ဘူး.."

ဟယ်ရီ သူ့ကို ပြန်ပြောလိုက်၏..။ သူ၏ အမာရွတ်မှာ ဒဏ်ရာအသစ်တစ်ခုပမာ နာကျင်လျှက် ရှိသည်...။

"ဒက်အိတာတွေ အများကြီး ကျွန်တော်တို့ကို ဝိုင်းလိုက်ကြတာပဲ..."

တက်ဒ်က..

"ဒက်အိတာ.. ဟုတ်လား.. သူတို့ မင်းဒီညထွက်လာမှာကို မသိဘူး မဟုတ်လား.. ဘယ်လို ဖြစ်ရတာလဲ..."

"သူတို့ သိနေတယ်.."

တက်ဒ်တွန့်ခ်က ခေါင်မိုးကို မော့ကြည့်လိုက်သည်။ သူကောင်းကင်ကို ဖောက်မြင်ရမည်ဟု ထင်နေပုံပင်...။

"ငါတို့ရဲ့ ကာကွယ်ရေး အစီအမံတွေ အလုပ်ဖြစ်တယ် မဟုတ်လား.. သူတို့ ကိုက်တစ်ရာအတွင်းကို ဘယ်ဘက်ကမှ ဖောက်မဝင်နိုင်ဘူး..."

ချက်ချင်းပင် ဘာကြောင့် ဗိုဒီမော့ ပျောက်ကွယ်သွားရသလဲ ဆိုသည်ကို ဟယ်ရီ နားလည်သွားသည်...။ ထိုနေရာမှာ သူတို့အကာအကွယ် အစီအမံထဲသို့ ဝင်ရောက်သွားခြင်း ဖြစ်ရမည်။

သူတို့အထက် ကိုက်တစ်ရာတွင် ဗိုဒီမော့တစ်ယောက် အစီအမံကို ထိုးဖောက်ဝင်ရန် လမ်းစရှာနေပေးလိမ့်မည်။

သူ ဆိုဖာပေါ်မှ ထလိုက်သည်..။ ဟက်ဂရစ်ကို သူကိုယ်တိုင် မြင်ရမှ ဟယ်ရီ ကျေနပ်နိုင်လိမ့်မည်။ သို့ရာတွင် သူ မတ်တတ်ပင် အနိုင်နိုင်ရပ်နေရ၏..။ ထိုအချိန်မှာပင် တံခါးတစ်ချပ်

ပွင့်သွားပြီး ဟက်ဂရစ်အထဲသို့ ကိုယ်ကို ကျုံ့ကာ ဝင်ရောက်လာ၏..။ သူ့မျက်နှာတွင် ရွှံ့များနှင့် သွေးများ ပေကျံနေသော်လည်း အသက်ရှင်နေသေးသည်မှာ အသေအချာပင်...။

"ဟယ်ရီ..."

ဟက်ဂရစ် စားပွဲနှစ်လုံးကို တိုက်ချလိုက်ပြီး အခန်းတစ်ခုလုံးကို နှစ်လှမ်းမျှ လှမ်းကာ သူ့ရှေ့သို့ ရောက်လာပြီး ဟယ်ရီ့ကို ပွေ့ဖက်လိုက်သည်..။ သူ၏ အသစ်ပြင်ဆင်ထားသော

နံရိုးများပင် ပြန်ကျိုးပြီဟု ဟယ်ရီ ထင်မိ၏..။

"ဟယ်ရီ.. မင်းဘယ်လို လွတ်လာတာလဲ.. ငါထင်တာက ငါတို့ နှစ်ယောက်စလုံး ကိစ္စချောပြီ ထင်နေတာ.."

"ကျွန်တော်လည်း ဒီလိုပဲ ထင်တာပဲ.. တကယ့်ကို မယုံနိုင်စရာပဲ..."

ဟက်ဂရစ်နောက်မှ အခန်းထဲ လိုက်ဝင်လာသူကို ဟယ်ရီ သတိပြုလိုက်မိသည်။

"ခင်ဗျား..."

ဟယ်ရီ အော်ဟစ်လိုက်ရင်း သူ၏ ဘောင်းဘီအိတ်ထဲ နှိုက်လိုက်၏..။ သို့ရာတွင် အိပ်ကပ်ထဲတွင် ဘာမှ မရှိပေ..။

"မင်းရဲ့ မှော်တောင်ဝှေးက ဒီမှာလေ ကလေးရဲ့.."

တက်ဒ်က သူ့ကို တောင်ဝှေးကမ်းပေးရင်း..

"မင်းရဲ့ ဘေးမှာ ကျနေတာ တွေ့လို့ ကောက်လာခဲ့တာ.. မင်းအော်လိုက်တာက ဦးရဲ့ ဇနီးလေ.."

"အိုး.. ကျွန်.. ကျွန်တော် မှားသွားလို့ပါ.. စိတ်မကောင်းပါဘူး.."

သူမ အခန်းမီးရောင်ထဲကို ဝင်လာသည်နှင့် အစ်မဖြစ်သူ ဘဲလ်ထရစ်နှင့် သိပ်မတူတော့ချေ..။ သူမဆံပင်များမှာ ပိုနည်းသလို အညိုနုရောင် သမ်းနေ၏..။ သူမ၏ မျက်လုံးများတွင်

ကြင်နာမှု အရိပ်အယောင်များကို တွေ့ရသည်။

“ငါတို့သမီး ဘယ်ရောက်နေသလဲ.. ဟက်ဂရစ်ပြောတော့ မင်းတို့ အတိုက်ခံခဲ့ရတယ်ဆို..”

“ကျွန်တော်တို့လည်း မသိဘူး.. ဘယ်သူ ဘာဖြစ်သွားလဲဆိုတာ မပြောနိုင်ဘူး..”

သူမနှင့် တက်ဒ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ဟယ်ရီ သူ့ကိုယ်သူ အပြစ်မကင်းသလို ခံစားလိုက်ရသည်။ တစ်ယောက်ယောက်သာ သေဆုံးသွားခဲ့လျှင် သူ၏

အပြစ်ပင်..။ ဤအစီအစဉ်ကို သူခွင့်ပြုလိုက်မိခဲ့သည် မဟုတ်ပါလား..။

“ငါတို့အားလုံး ဘားရိုးကို အချိန်မီသွားရမယ်... ဒါမှ တွန့်ခ်အကြောင်းကို သိရမယ်..”

တက်ဒ်က..

“ဒိုရာ ဘာမှဖြစ်မှာ မဟုတ်ပါဘူး.. သူ့ကိုယ်သူ ကာကွယ်နိုင်ပါတယ်.. သူ အော်ရာဖြစ်ခဲ့တာ ကြာပါပြီ.. ငါတို့ ပေါ့ကီးကို သုံးရမယ်..”

သူက ဟယ်ရီ့ကို လှည့်၍ သတိပေးလိုက်၏..။

“နောက်သုံးမိနစ်အတွင်း ဒီနေရာက သွားမှ ဖြစ်မယ်..”

ဟယ်ရီ သူ့ခရီးဆောင်အိတ်ကို ပခုံးပေါ်လွယ်လိုက်ရင်း..

“သွားကြတာပေါ့..”

“ကျွန်တော် တွန့်ခ်ကို ရောက်ရောက်ချင်း သတင်းပို့ခိုင်းလိုက်ပါ့မယ်.. ကျေးဇူးတင်ပါတယ်..”

ထို့နောက်တွင် သူတို့ တက်ဒ်တွန့်ခ် နောက်သို့လိုက်ရင်း အိပ်ခန်းထဲသို့ ရောက်လာခဲ့သည်။ ဟက်ဂရစ်မှာမူ တံခါးဘောင်များနှင့် မတိုက်မိစေရန် ကုန်းကုန်းကွကွနှင့် လိုက်ပါလာ၏..။

“ဒါ ပေါ့ကီးပဲ ကလေး..”

မစ္စတာတွန့်ခ်က ငွေရောင် ဘီးတစ်ချောင်းကို ညွှန်ပြလိုက်သည်။

“ကျေးဇူးတင်ပါတယ်..”

ဟယ်ရီ လက်ချောင်းကို တင်ကာ ထွက်ခွာရန် အသင့်ပြင်လိုက်သည်။

"နေပါဦး.. ဟယ်ရီ.. ဟက်ဝစ် ဘယ်ကျန်ခဲ့သလဲ.."

ဟက်ဂရစ်က မေးလိုက်သည်။

"သူ့ကို ကျိန်စာထိသွားတယ်..."

သူ့မျက်လုံးတွင် မျက်ရည်များ စို့လာသဖြင့် ဟယ်ရီ ရှက်သလိုလို ခံစားလိုက်ရသည်။ ဇီးကွက်မလေးမှာ သူ ဒါစလေတို့ အိမ်ပြန်တိုင်း မှော်လောကမှ တစ်ခုတည်းသော အဖော်ဖြစ်ခဲ့သည်။

ဟက်ဂရစ်က သူ့ပခုံးကို ပုတ်၍ နှစ်သိမ့်ရင်း..

"အရေးမကြီးပါဘူး.. သူက အိုလှပြီပဲ.."

ထိုအချိန်မှာပင် တက်ဒ်တွန့်ခ်က ..

"ဟက်ဂရစ်..." ဟု အော်ဟစ်သတိပေးလိုက်သည်။ ထိုအချိန်မှာပင် ဘီးကလေးမှာ အပြာရောင် အလင်းတန်းများ တောက်ပလာသည်..။ ဟက်ဂရစ်တစ်ယောက် ဘီးကို အချိန်မီ

လက်ဖျားကလေးနှင့် ထိလိုက်နိုင်၏..။

ဟယ်ရီ့တစ်ကိုယ်လုံး ထိန်းမရတော့ပဲ ချာလပတ်လည်ကာ ဘယ်ဆီမှန်းမသိ လွင့်စင်သွားသလို ခံစားလိုက်ရသည်...။ သူ၏ လက်ချောင်းမှာမူ ပေါ့ကီးနှင့် မခွာတမ်း

ကပ်လျှက်ရှိနေသည်..။

စက္ကန့်ပိုင်းလေးမှာပင် သူ့ခြေထောက်နှင့် မြေကြီးထိတွေ့မိကာ သူမြေကြီးပေါ်သို့ လေးဘက်ထောက် လဲကျသွား၏..။ သူ အော်ဟစ်ခေါ်သံများကို ကြားလိုက်ရသည်..။ တောက်ပမှု

မရှိတော့သော ဘီးကို ဟယ်ရီ ဘေးသို့ လွှင့်ပစ်လိုက်သည်။

ဟယ်ရီ မတ်တတ်ရပ်လိုက်သည်..။ သူ အနည်းငယ် ယိမ်းယိုင်နေသည်ဟု ထင်မိသည်..။ မစ္စဝီစလေနှင့် ဂျင်းနီတို့ နောက်ဖေးတံခါးမှ ပြေးဆင်းလာကြသည်ကို တွေ့လိုက်ရသည်။

"ဟယ်ရီ မင်းက ဟယ်ရီအစစ်ပါနော်.. ဘာဖြစ်ကြတာလဲ... ကျန်တဲ့သူတွေကော.."

မစ္စစ်ဝီစလေက အော်မေးလိုက်သည်။

"ခင်ဗျာ .. တစ်ယောက်မှ ပြန်မရောက်ကြသေးဘူးလား.."

သို့ရာတွင် မစ္စစ်ဝီစလေ၏ ဖြူလျော်လျော် မျက်နှာကို ကြည့်ကာ အဖြေကို ဟယ်ရီ ကြိုသိနေမိသည်..။

"ကျွန်တော်တို့ကို ဒက်အိတာတွေ အသင့်စောင့်နေတယ်... ကျွန်တော်တို့ စထွက်တာနဲ့ အဝိုင်းခံရတာပဲ.. သူတို့ ဒီညဆိုတာ ကြိုသိနေတယ်..."

ဟယ်ရီကပင် ဆက်၍ ...

"ကျန်တဲ့လူတွေ ဘာဖြစ်ကုန်သလဲတော့ မသိဘူး.. လေးယောက်က ကျွန်တော်တို့နောက်ကို လိုက်လာတယ်.. နောက်ဆုံး ဗိုဒီမော့ပါ မီလာတော့တာပဲ..."

သူ့လေသံကိုသူ အပြစ်ရှိသလို ဟယ်ရီ ခံစားနေရသည်..။ သူမရဲ့သားတွေ ဘာဖြစ်သွားမှန်း မသိတဲ့အတွက် ဆင်ခြေကန်နေမိသလို ခံစားနေရ၏..။ သို့ရာတွင် မစ္စစ်ဝီစလေက...

"မင်း ဘာမှ မဖြစ်တာ ကံကောင်းတာပဲ..."

သူ့ကို ဆွဲဖက်ထားလိုက်သည်။ ဤအပြုအမူမှာ သူနှင့် မထိုက်တန်သလို ဟယ်ရီ ခံစားနေရ၏...။

"ဘရန်ဒီလေး ဘာလေး မရှိဘူးလား မော်လီ.. ဆေးဝါးအဖြစ် သုံးဖို့ လိုနေတယ်..."

ဟက်ဂရစ်က တုန်တုန်ရီရီနှင့် ပြောလိုက်သည်။ သူမလုပ်ရမည်မှာ မှော်ပညာဖြင့် ခေါ်ယူပေးလိုက်ရန်ပင်...။ သို့ရာတွင် မစ္စစ်ဝီစလေမှာ မီးဖိုထဲသို့ ပြေးဝင်သွား၏..။ သူမ၏ မျက်နှာကို

မမြင်စေရန် ကြိုးစားနေသည်ဟု ဟယ်ရီ ထင်မိသည်။ သူ ဂျင်းနီကို ကြည့်လိုက်သည်နှင့် ဂျင်းနီက သူသိချင်သမျှကို မမေးရပဲ ပြောတော့သည်..။

"ရွန်နှင့် တွန့်ခ်က အရင်ဆုံး ပြန်ရောက်ရမှာ.. ဒါပေမယ့် သူတို့ ပေါ့ကီးကို မမီလိုက်ဘူး... သူတို့မပါပဲ ပြန်ရောက်လာတယ်လေ.."

သူမက မြေကြီးပေါ်မှ သံဖူးအစုတ်တစ်ခုကို ညွှန်ပြလိုက်သည်...။

"ဒါက နောက်တစ်ခု..."

သူမက နောက်ထပ် ဟောင်းနွမ်းနေသော ဘွတ်ဖိနပ်တစ်ဖက်ကို ညွှန်ပြလိုက်သည်..။

"ဒါက အဖေနဲ့ ဖရက်တို့ရဲ့ဟာပဲ ... ဒုတိယမြောက်ပေါ့.. ရှင်နဲ့ ဟက်ဂရစ်တို့က တတိယပဲ..."

သူမက နာရီကို ကြည့်လိုက်ရင်း..

"အချိန်မီမယ်ဆိုရင် ဂျော့နဲ့ လူပင်တို့ ရောက်လာတော့မယ်..."

မစ္စစ်ဝီစလေမှာ ဘရန်ဒီပုလင်းကို ကိုင်ရင်း ပြန်ရောက်လာ၏..။ သူမက ပုလင်းကို ဟက်ဂရစ်ထံ ပေးလိုက်သည်..။ ဟက်ဂရစ် အဖုံးကို ဖွင့်ကာ တစ်ကျိုက်တည်းနှင့် တစ်ပုလင်းလုံး

ကုန်အောင် မော့ချပစ်လိုက်သည်..။

"အမေ... ဟိုမှာ..."

ဂျင်းနီက ပေအနည်းငယ်အကွာကို ညွှန်ပြရင်း အော်ဟစ်လိုက်၏...။ အမှောင်ထဲတွင် အပြာရောင် အလင်းက ပေါ်ထွက်လာ၏..။ ပို၍ အလင်းရောင်တောက်ပလာပြီး နောက်တွင် လူပင်နှင့်

ဂျော့တို့ ချာလပတ်လည်ကာ ပြုတ်ကျလာကြသည်...။ တစ်စုံတစ်ရာ မှားယွင်းနေပြီဆိုသည်ကို ဟယ်ရီ ချက်ချင်း သိလိုက်၏..။

လူပင်က ဂျော့ကို ဖေးမထားရ၏..။ ဂျော့မှာ သတိလုံးဝ မရပဲ မျက်နှာတစ်ခုလုံး သွေးများ ဖုံးလွှမ်းနေ၏..။

ဟယ်ရီ ပြေးသွားကာ ဂျော့ကို ခြေထောက်မှ မယူလိုက်သည်။ သူနှင့် လူပင်တို့ ဂျော့ကို အိမ်ထဲသို့ သယ်လာခဲ့ကြသည်။ ဧည့်ခန်းထဲက ဆိုဖာပေါ်တွင် သူ့ကို တင်ထားလိုက်ရသည်...။

အခန်းတွင်းရှိ မီးရောင်ကြောင့် ဂျော့ကို သေချာစွာ မြင်လိုက်ကြရသည်..။

ဂျင်းနီပါးစပ်မှ ကြောက်လန့်တကြား အသံတစ်ချက် ထွက်သွားပြီး ဟယ်ရီမှာ အကျဉ်းအကျပ်ထဲ ရောက်သွားသလိုပင်..။ ဂျော့၏ နားရွက်တစ်ဖက် မရှိတော့ပေ။ ထိုနားရွက်ဘက်ရှိ

မျက်နှာတစ်ခြမ်းလုံးတွင် သွေးများစိုရွှဲနေ၏...။

မစ္စစ်ဝီစလေ သူမ၏ သားကိုကြည့်ရန် ငုံ့လိုက်ချိန်မှာပင် လူပင်က သူ့ကို လက်မောင်းမှ တရွတ်တိုက် ဆွဲခေါ်သွား၏...။

မီးဖိုခန်းထဲရောက်သည် အထိပင်..။ ဟက်ဂရစ်မှာ နောက်မှ လိုက်လာရင်း တံခါးပေါက်များကို ခက်ခက်ခဲခဲ ဖြတ်ကျော်နေရ၏..။

"ဟေး.. ဟယ်ရီ့ကို လွှတ်လိုက်စမ်းပါ..."

ဟက်ဂရစ် လှမ်းအော်လိုက်သည်...။ သို့ရာတွင် လူပင်မှာ သူ့ကို လုံးဝ အရေးမစိုက်ချေ..။

"ဟယ်ရီပေါ်တာ .. မင်း ငါ့ရုံးခန်းကို ဟော့ဝပ်မှာ ပထမဆုံး အကြိမ် ရောက်ခဲ့တုန်းက ဘာသတ္တဝါကို အခန်းထောင့်မှာ တွေ့ခဲ့သလဲ..."

သူက ဟယ်ရီ့ကို ဆွဲခါယမ်းရင်း...

"ဖြေစမ်းပါ..."

"ဂရင်ဒီလို းတွေလေ... မဟုတ်ဘူးလား..."

လူပင် ဟယ်ရီ့ကို လွှတ်လိုက်ပြီး မီးဖိုထဲမှ ကြောင်အိမ်ကို မှီနေလိုက်သည်..။

"ဒါ... ဒါ ဘာလုပ်တာလဲ.."

ဟက်ဂရစ် ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဆောရီးပဲ ဟယ်ရီ.. ဒါပေမယ့် ငါစစ်ဆေးကြည့်မှ ဖြစ်မယ်... ငါတို့ သစ္စာဖောက်ခံရတာပဲ... ဗိုဒီမော့က ငါတို့ ဒီညထွက်မယ်ဆိုတာ ကြိုသိနေတယ်... သူ့ကို ပြောနိုင်တဲ့သူဟာ

ဒီအစီအစဉ်မှာ ပါတဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်... မင်းလည်း အတု ဖြစ်နိုင်တယ်လေ..."

"ဒါဆို ငါ့ကိုရော ဘာကြောင့် မစစ်ဆေးသလဲ..."

ဟက်ဂရစ်မှာ တံခါးကြားမှ တိုးထွက်ရန် ကြိုးစားရင်း ပြောလိုက်သည်..။ လူပင်က ဟက်ဂရစ်ကို မော့ကြည့်ရင်း ...

"မင်းက ဘီလူးသွေး တစ်ဝက်ပါတယ်လေ... အသွင်သဏ္ဍာန်ပြောင်းဆေးရည်က လူတွေ အတွက်ပဲ အသုံးဝင်တယ်..."

"ဖီးနစ်အဖွဲ့ထဲက ဘယ်သူကမှ ဗိုဒီမော့ကို ပြောပြမှာ မဟုတ်ဘူး..."

ဟယ်ရီ ပြောလိုက်သည်။ တစ်ယောက်ယောက်၏ လက်ချက်ဖြစ်သည်ကို သူမယုံနိုင်ပေ...။

"ဗိုဒီမော့က နောက်ဆုံးမှ ကျွန်တော့်ဆီ ရောက်လာတာ.. အစက သူ ဘယ်သူက အစစ်မှန်းမသိဘူး... သူသာ အကြံအစည်ကို တကယ်သိထားရင် ကျွန်တော် ဟက်ဂရစ်နဲ့ တူတူရှိနေတာကို

သိရမှာပေါ့.."

"ဗိုဒီမော့ မင်းတို့ကို မီလာတယ် ဟုတ်လား.. ဘယ်လိုဖြစ်ခဲ့ကြသလဲ.. ဘယ်လို လွတ်လာတာလဲ..."

ဟယ်ရီ သူတို့ကို ဒက်အိတာများ အလိုက်ခံရသည်မှစ၍ သူ့ကို ဟယ်ရီ အစစ်မှန်းသိသွားသည်အထိ ရှင်းပြလိုက်သည်။

"သူတို့ မင်းကို ဘယ်လို မှတ်မိသွားတာလဲ.. ဘာသွားလုပ်မိလို့လဲ.."

ဟယ်ရီ သတိရစေရန် အတော် စဉ်းစားယူရသည်..။ ခရီးစဉ် တစ်လျှောက်လုံးမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေခဲ့ရသည်။

"ကျွန်တော် စတန်ရှန်ပိုက်ကို တွေ့လိုက်တယ်.. ဟို သူရဲကောင်း ဘတ်စ်ကားပေါ်က တစ်ယောက်လေ... ကျွန်တော် သူ့ကို လက်နက်မဲ့ဖြစ်အောင် ဂါထာမန်းလိုက်မိတယ်.. သူ့ကိုကြည့်ရတာ

စိတ်ထိန်းချုပ်ခံထားရတာပဲ ဖြစ်မယ် ထင်တယ်..."

လူပင် သူ့စကားကြောင့် ကြက်သေသေသွားပြီးမှ ...

"ဟယ်ရီ... ဒါလက်နက်မဲ့အောင် လုပ်ရမယ့် အချိန်မဟုတ်တော့ဘူး.. ဒီလူတွေက မင်းကို ဖမ်းပြီး သတ်မယ့်ကောင်တွေ.. မင်းမသတ်ချင်ရင်တောင်မှ မေ့အောင် လုပ်ပစ်သင့်တယ်.."

"ကျွန်တော်တို့က ကောင်းကင်ပေါ်မှာ ရောက်နေတာ.. စတန်ကလည်း စိတ်ညို့ခံနေရပုံပဲ.. ကျွန်တော် သူ့ကို မေ့အောင် လုပ်လိုက်ရင် ပြုတ်ကျပြီး သေသွားမှာပေါ့.. အာဗဒါ ကာဒါဗရာကို

သုံးတာနဲ့ ဘာထူးတော့မှာလဲ... လက်နက်မဲ့အောင် လုပ်နိုင်တဲ့ အိပ်စ်ပဲလီယာမတ်စ်နဲ့ ကျွန်တော် ဗိုဒီမော့လက်က လွတ်လာခဲ့ဖူးတာပဲ.."

လူပင်ကမူ သူ့ကို နားမလည်နိုင်သလို စိတ်ပျက်လက်ပျက် ကြည့်နေ၏။

"ဟုတ်ပါတယ် ဟယ်ရီ.. ဒီအဖြစ်အပျက်ကို ဒက်အိတာတွေ အများကြီး မြင်ထားကြတယ်လေ... ဒီနည်းလမ်းကို ဒီည ဒက်အိတာတွေရှေ့မှာ ထပ်သုံးတာ ကိုယ့်ကိုယ်ကို သေကြောင်းကြံတာနဲ့

အတူတူပဲ.."

ဟယ်ရီကမူ စိတ်ဆိုးဆိုးနှင့်ပင်..

"ဒါဆို ကျွန်တော်က စတန်ကို သတ်ပစ်ရမှာလား..."

"ဒီလိုမဟုတ်ပါဘူး.. ဒါပေမယ့် ဒက်အိတာတွေက မင်းကို ပြန်ပြီး တိုက်ခိုက်မယ်လို့ပဲ ထွက်ထားကြမှာပဲ... အိပ်စ်ပဲလီယာမတ်စ်ကလည်း အသုံးဝင်ပါတယ်... ဒါပေမယ့် သူတို့က ဒါကို

မင်းရဲ့ အမှတ်အသားလို့ သတ်မှတ်ထားကြပြီ.. ဒါကို ထပ်မလုပ်ဖြစ်ဖို့ လိုတယ်.."

လူပင်၏ စကားကို ဟယ်ရီ လက်မခံနိုင်အောင်ပင်...။

"ကျွန်တော့်လမ်းမှာ အနှောင့်အယှက် ဖြစ်နေတာနဲ့ အဲဒီလူတွေကို ဒုက္ခပေးပြီး လမ်းမရှင်းနိုင်ဘူး.. ဒါ ဗိုဒီမော့ရဲ့ လုပ်ရပ်ပဲ.."

ဟက်ဂရစ်မှာ တံခါးပေါက်မှ နောက်ဆုံးတွင် ထွက်၍ ရလာကာ ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်သည်။ ထိုင်ခုံမှာ သူ့အလေးချိန်ကြောင့် ကျိုးကျသွားတော့သည်။ ဟယ်ရီ လူပင့်ကို

မေးခွန်းထပ်ထုတ်လိုက်သည်။

"ဂျော့ရဲ့ အခြေအနေ ဘယ်လိုလဲ.."

လူပင်၏ စိတ်ပျက်လက်ပျက် အမူအရာမှာ ထိုမေးခွန်းကြောင့် ပျောက်ကွယ်သွား၏...။

"အခြေအနေ ကောင်းမှာပါ.. ဒါပေမယ့် ကျိန်စာနဲ့ ထိထားတာဆိုတော့ နားရွက်ကို ပြန်တပ်ပေးဖို့တော့ မဖြစ်နိုင်တော့ဘူး.."

ထိုအချိန်တွင် အပြင်ဘက်မှ အသံတစ်ချို့ ကြားလိုက်ရသည်။ လူပင် နောက်ဖေးတံခါးဆီသို့ ပြေးထွက်သွား၏..။ ဟယ်ရီပါ နောက်မှ အပြေးလိုက်သွားခဲ့သည်..။

လူရိပ်နှစ်ခု ခြံဝင်းထဲတွင် ပေါ်လာ၏..။ ဟယ်ရီ သူတို့ဆီ ပြေးသွားရင်း ဟာမီယွန်နှင့် ကင်းစလေတို့မှန်း သတိထားမိလိုက်သည်..။ ဟာမီယွန်က ဟယ်ရီ့ကို ပြေး၍ ပွေ့ဖက်လိုက်သည်။

သို့ရာတွင် ကင်းစလေမှာ သူတို့ကို တွေ့ရ၍ ဝမ်းသာပုံမရပေ..။

သူက သူ၏ မှော်တောင်ဝှေးကို မြှောက်ကာ လူပင်၏ ရင်ဝတည့်တည့်ကို ချိန်လိုက်ကာ..

"အဲဗက်စ် ဒမ်ဘယ်လ်ဒိုး ငါတို့နှစ်ယောက်ကို နောက်ဆုံး ဘာပြောသွားခဲ့သလဲ.."

လူပင်က ခပ်အေးအေးလေသံနှင့်ပင်..

"ငါတို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်က ဟယ်ရီပဲ .. သူ့ကို ယုံကြည်ရမယ်.."

ကင်းစလေ သူ၏ မှော်တောင်ဝှေးကို ဟယ်ရီ့ဘက်သို့ ချိန်လိုက်သည်။ သို့ရာတွင် လူပင်က..

"ဒါ ဟယ်ရီ အစစ်ပဲ.. ငါ စစ်ဆေးပြီးပြီ..."

"ကောင်းပြီ..."

ကင်းစလေ သူ၏ မှော်တောင်ဝှေးကို ပြန်သိမ်းလိုက်သည်။

"ဒါပေမယ့် တစ်ယောက်ယောက်က ငါတို့ကို သစ္စာဖောက်တာပဲ.. ဒီညဆိုတာ သိနေကြတယ်.."

"ထင်ရတာပဲ.. ဒါပေမယ့် ဟယ်ရီ ခုနစ်ယောက် ဖြစ်နေမယ်ဆိုတာ သူတို့မသိကြဘူး..."

"နည်းနည်း သက်သွားသွားတာပေါ့.. ဘယ်သူတွေ ပြန်ရောက်လာပြီလဲ..."

ကင်းစလေက စိတ်ပျက်လက်ပျက် မေးလိုက်သည်။

"ဟယ်ရီ.. ဟက်ဂရစ်... ဂျော့နဲ့ ငါပဲ ပြန်ရောက်သေးတယ်..."

ဟာမီယွန့်ထံမှ မသဲမကွဲ အသံတစ်ချက် ထွက်လာ၏..။

“မင်းတို့ ဘယ်လိုဖြစ်ခဲ့တာလဲ...”

လူပင်က ကင်းစလေကို မေးလိုက်သည်။

“ငါတို့နောက်ကို ငါးယောက်လိုက်လာတယ်... နှစ်ယောက် ဒဏ်ရာရသွားတယ်.. တစ်ယောက်ကတော့ သေမလားပဲ...”

ကင်းစလေက ဆက်ပြောပြန်သည်...။

“ငါတို့ မိစ္ဆာသခင်ကြီးကိုပါ တွေ့ခဲ့တယ်.. လမ်းတစ်ဝက်လောက်မှာ ငါတို့နောက်ကို လိုက်လာတယ်.. နောက်ပြီး ချက်ချင်း ပျောက်သွားရော.. ငါ မြင်ခဲ့ရတာကတော့ သူ... သူ...”

ဟယ်ရီက...

“သူ ပုံနိုင်တယ်... ကျွန်တော်လည်း သူ့ကိုတွေ့ခဲ့တယ်.. သူ ကျွန်တော်တို့နောက်ကို လိုက်လာတာပဲ...”

“ဒါကြောင့် သူပျောက်သွားတာကိုး... မင်းတို့နောက်ကို လိုက်သွားတာပဲ... ဒါပေမယ့် သူက ဘာလို့ ဦးတည်ချက်ပြောင်းရတာလဲ..”

“ဟယ်ရီ စတန်ရှန်ပိုက်ကို သွားပြီး သက်ညှာလိုက်တယ်လေ..”

“စတန်.. ဟုတ်လား.. သူက အက်စကာဘန်ထောင်ထဲမှာ မဟုတ်လား...”

ဟာမီယွန်က ရုတ်တရက် ဝင်မေးလိုက်သည်။ ကင်းစလေက ရယ်မောလိုက်ရင်း...

“ဟာမီယွန် ...ထောင်ဖောက်ပြေးကြတဲ့သူတွေ အခုတလော နည်းတာမှ မဟုတ်တာ.. ဝန်ကြီးဌာနက ထိန်းမှမထိန်းနိုင်တော့တာပဲ... ငါ ထရီဗာကိုတောင် တွေ့ခဲ့သေးတယ်.. သူလည်း

အထဲမှာ ရှိနေရမယ့်သူပဲ.. မင်းတို့ကော ဘာဖြစ်ခဲ့သေးလဲ ရေးမတ်စ်.. ဂျော့ ဘယ်ရောက်နေလဲ..”

“သူ့နားတစ်ဖက် ပြတ်သွားတယ်..”

ဟာမီယွန်၏ ထိတ်လန့်တကြား အော်ဟစ်သံ ထွက်ပေါ်တာ၏..။

“စနိပ်ရဲ့ လက်ချက်ပဲ...”

ဟယ်ရီ ဒေါသဖြင့် အော်ဟစ်လိုက်သည်..။

"စနိပ်... ဟုတ်လား..."

တိုက်ရင်းခိုက်ရင်းနဲ့ သူ့မျက်နှာဖုံး ကျွတ်ကျသွားတယ်လေ.. နောက်ပြီး ဆက်တမ်တမ်ပရာက စနိပ်ရဲ့ အကျွမ်းကျင်ဆုံး ကျိန်စာပဲ.. ငါသူ့ကို လက်စားချေ မလို့ပါပဲ.. ဒါပေမယ့် ဂျော့ကို

တံမြက်စည်းပေါ်က မကျအောင် ထိန်းနေရတော့ ဘာမှ မလုပ်နိုင်ခဲ့ဘူး..."

သူတို့လေးယောက်စလုံး စကားမဆိုဖြစ်တော့ပဲ ကောင်းကင်ကိုသာ မော့ကြည့်နေမိကြသည်..။ ကောင်းကင်ပေါ်တွင် မည်သည့်လှုပ်ရှားမှုကိုမှ မတွေ့ရပေ..။ တောက်ပနေသော

ကြယ်ကလေးများကိုသာ တွေ့နေရ၏..။ ပျံသန်းလာသည့် လူရိပ်လူယောင်ကို လုံးဝမတွေ့ရပေ..။

ရွှန် ဘယ်ရောက်နေလဲ။ ဖရက်နဲ့ မစ္စတာ ဝီစလေရော..။ ဘီလ်... ဖလူရာ... တွန့်ခ်.. မူဒီနဲ့ မွန်ဒန်းဂတ်စ်တို့ရော ... အန္တရာယ်ကင်းကြရဲ့လား... ဟယ်ရီ့အတွေးထဲတွင် အားလုံး ရ

ျပ်ထွေးနေ၏...။

"ဟယ်ရီ.. ငါ့ကို လာကူပါဦး.."

ဟက်ဂရစ်မှာ တံခါးဝတွင် ဝင်မရ ထွက်မရ ဖြစ်နေပြန်သည်။ အလုပ်တစ်ခု ရသွားသဖြင့် ဟယ်ရီ အနည်းငယ် စိတ်သက်သာရာ ရသလို ခံစားလိုက်ရသည်။ ဟယ်ရီ သူ့ကို

ဆွဲထုတ်ပေးပြီးနောက် ဧည့်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

မစ္စစ်ဝီစလေ သွေးများကို သုတ်သင်ရှင်းလင်းပေးပြီး ဖြစ်၍ ဂျော့၏ နားရွက်နေရာဝယ် အပေါက်တစ်ပေါက်သာ ကျန်ရစ်သည်...။

"သူ ဘယ်လို နေသေးလဲ..."

မစ္စစ်ဝီစလေက သူ့ကိုပြန်ကြည့်ရင်း...

"နားရွက်ပြန်ပေါက်လာအောင်တော့ လုပ်လို့မရတော့ဘူး.. ဒါက မိစ္ဆာမှော်ပညာနဲ့ ထိခိုက်မိတာလေ... ဒါက အရေးမကြီးပါဘူး... အရေးကြီးတာက သူ အသက်ရှင်နေတုန်းပဲလေ.."

"တော်သေးတာပေါ့..."

ဂျင်းနီက..

"တစ်ယောက်ယောက်အသံကို ခြံထဲမှာ ကြားလိုက်သလိုပဲ..."

"ဟာမီယွန်နဲ့ ကင်းစလေ ပြန်လာပြီလေ..."

"ဘုရားမလို့ပဲ..."

ဂျင်းနီ တီးတိုး ရေရွတ်လိုက်သည်။ သူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်..။ သူ
ဂျင်းနီကို ပွေ့ဖက်ချင်စိတ်တို့က ထိန်းမရနိုင်အောင် ပေါ်ပေါက်လာ၏...။ သို့ရာတွင် သူ

ဘာမှ မလုပ်နိုင်ခင်မှာပင် မီးဖိုခန်းထဲမှ ဆူညံသံတို့ကို ကြားလိုက်ရသည်။

"ငါ ဘယ်သူလဲဆိုတာ ပြီးမှ သက်သေပြနိုင်မယ် ကင်းစလေ.. ငါ့သားကို ကြည့်ဦးမယ်.. မင်း
နားလည်မယ်ဆိုရင် ဖယ်လိုက်စမ်း..."

မစ္စတာ ဝီစလေ ဤကဲ့သို့ အော်ဟစ်သံမျိုးကို ဟယ်ရီ တစ်ခါမှ မကြားဖူးခဲ့ပေ..။ သူ ဧည့်ခန်းထဲသို့
အပြေးဝင်လာ၏..။ သူ့နဖူးတွင် ချွေးများနှင့် ပြောင်လက်နေ၏..။ ဖရက်မှာ

နောက်တွင် ကပ်ပါလာ၏..။ နှစ်ယောက်စလုံး ဒဏ်ရာ မရလာကြချေ..။

"အာသာ .. ကံကြီးပေလို့ပဲ..."

မစ္စစ်ဝီစလေက ရှိုက်ငိုရင်း ပြောလိုက်သည်။ မစ္စတာဝီစလေမှာ ဂျော့အနီးတွင်
ဒူးထောက်ထိုင်လိုက်သည်။ ဖရက်မှာမူ လုံးဝစကားမပြောနိုင်ပဲ ရှိသည်..။ ဟယ်ရီ့တစ်သက်တွင် ဖရက်

ငြိမ်သက်နေသည်ကို ပထမဆုံး မြင်ဖူးခြင်းပင်...။

ဖရက်နှင့် သူ့ဖခင်တို့၏ အသံများကြောင့် ဂျော့ လူးလွန့်လာသည်။

မစ္စစ်ဝီစလေက ...

"ဂျော့ ဘယ်လိုနေသေးလဲ..."

"သူတော်စင် ဖြစ်သွားပြီ.."

ဂျော့က ခပ်တိုးတိုး ပြန်ဖြေလိုက်သည်။ ဖရက်က...

"သူ ဘာဖြစ်နေတာလဲ.. သူ့ရဲ့စိတ်ပါ ပုံမှန်မဟုတ်တော့ဘူးလား..."

ဂျော့က သူ၏ မျက်လုံးကို ဖွင့်ကြည့်လိုက်ရင်း ...

"သူတော်စင်ဆိုတာ ပေါက်ပေါက်မြောက်မြောက် ရှိမှ.. မင်း ငါ့မှာအပေါက်ရှိနေတာ မတွေ့ဘူးလား ဖရက်ရဲ့..."

မစ္စစ်ဝီစလေမှာ ပို၍ ရှိုက်ငိုလိုက်သည်။ ဖရက်၏ မျက်နှာတွင် သွေးရောင် အနည်းငယ် ပြန်လွှမ်းလာ၏...။

"အရူး... မင်း ဒီအချိန်တောင် ပေါက်ကရ ပြောနိုင်သေးလား..."

ဂျော့က သူ့အမေကို ပြုံးပြလိုက်ရင်း...

"အမေ.. ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကို ခွဲခြားလို့ ရသွားပြီ မဟုတ်လား"

သူက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း..

"ဟယ်ရီ မင်းက ဟယ်ရီ အစစ်ပါနော်..."

"ဟုတ်ပါတယ် ဂျော့..."

"ဘာပဲဖြစ်ဖြစ် မင်း ဒီကို ပြန်ရောက်လာပြီပဲ.. ဒါနဲ့ ရွန်နဲ့ ဘီလ်ကော ဘယ်ရောက်နေသလဲ..."

"သူတို့ ပြန်မရောက်သေးဘူး ဂျော့.."

မစ္စစ်ဝီစလေ၏ အဖြေစကားကြောင့် ဂျော့မျက်နှာမှ အပြုံးတို့ ပျောက်ကွယ်သွား၏..။ ဟယ်ရီ ဂျင်းနီနှင့်အတူ မီးဖိုခန်းဘက်ဆီသို့ လျှောက်လာခဲ့၏။ သူမက...

"ရွန်နဲ့ တွန့်ခ်တို့ ပြန်ရောက်သင့်ပြီ.. သူတို့သွားရမယ့် နေရာက သိပ်မဝေးဘူး.."

ဟယ်ရီ ဘာမှ ပြန်မပြောဖြစ်.. သူ ဘာရိုးကို ရောက်ကတည်းက သူ၏ ထိတ်လန့်မှုများကို ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။ သူတို့ နောက်ဘက်ခြံဝင်းထဲသို့ ဆင်းလာခဲ့ကြသည်..။ ဂျင်းနီက

သူ့လက်ကို ဆွဲကိုင်လိုက်၏...။

ကင်းစလေမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ကောင်းကင်ပေါ်ကို မကြာခဏ မော့ကြည့်လျှက်ရှိသည်..။

ဟက်ဂရစ်... ဟာမီယွန်နှင့် လူပင်တို့မှာ တန်းစီရပ်ရင်း ကောင်းကင်ကို မော့ကြည့်နေကြသည်..။ ဟယ်ရီနှင့် ဂျင်းနီ ရောက်လာသော်လည်း မည်သူမျှ သတိပြုမိပုံမပေါ်ပေ..။

မိနစ်များ ကုန်ဆုံးစေရန် နှစ်နဲ့ချီကြာမြင့်သည်ဟု ဟယ်ရီ ထင်မိသည်။ လေတိုးသံသဲ့သဲ့ ကြားလိုက်ရသဖြင့် အားလုံး အသံလာရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။

တံမြက်စည်းပျံတစ်ခုကို မြင်လိုက်ရပြီးနောက် မြေပြင်ပေါ်သို့ ဆင်းသက်လာ၏...။

"သူတို့ပဲ..."

ဟာမီယွန် အော်ဟစ်လိုက်သည်။

"ရေးမတ်စ်..."

တွန့်ခ်မှာ တံမြက်စည်းပေါ်မှ ဆင်းပြီးသည်နှင့် လူပင့်ကို ပြေးဖက်လိုက်သည်..။ လူပင့်မျက်နှာမှာ ဖြူလျော်လျော်ဖြစ်နေပြီး စကား မပြောနိုင်ပဲ ရှိသည်။ ရွန်မှာ ဟယ်ရီနှင့်

ဟာမီယွန်တို့ထံ လေးကန်စွာ လျှောက်လာရင်း..

"မင်းတို့ ဘာမှ မဖြစ်ဘူးနော်..."

ဟာမီယွန်က သူ့ထံပြေးသွားကာ ပွေ့ဖက်လိုက်၏..။ ရွန်က သူမ၏ကျောကို လက်နှင့်ပုတ်ကာ နှစ်သိမ့်လိုက်သည်။

"ငါဘာမှ မဖြစ်ပါဘူး..."

တွန့်ခ်က လူပင့်ကို ဖက်ထားရာမှ ပြန်၍ခွာလိုက်ပြီး...

“ရွန်က တကယ့်ကို တော်တာပဲ… ဒက်အိတာတစ်ယောက်ကို ရှုပ်ယှက်ခတ်အောင် ပျံနေရတဲ့ကြားထဲက မေ့မျောအောင် လုပ်လိုက်နိုင်တယ်…”

“တကယ်ပြောတာလား…”

ဟာမီယွန်က ရွန့်ကို ဖက်ထားရင်း မော့ကြည့်လိုက်သည်…။

“အံ့သြသွားတယ်ပေါ့.. ငါတို့က နောက်ဆုံးပြန်ရောက်တာ မဟုတ်လား…”

ဂျင်းနီက…

“မဟုတ်ဘူး.. ဘီလ်နဲ့ ဖလူရာရယ် မူဒီနဲ့ မွန်ဒန်းဂတ်စ်ရယ် မရောက်ကြသေးဘူး.. ဖေဖေနဲ့ မေမေကို သွားပြောလိုက်ဦးမယ်…”

ထို့နောက် သူမ အိမ်ထဲသို့ ပြေးဝင်သွား၏..။ လူပင်က ဒေါသသံဖြင့်

“ဘာတွေဖြစ်နေလို့ ဒီလောက်နောက်ကျနေရတာလဲ…”

“ဘဲလ်ထရစ်နဲ့ တွေ့နေလို့.. သူက ကျွန်မကို ဟယ်ရီ့လောက်နီးနီး လိုချင်နေတယ်… ကျွန်မကို သတ်ဖို့ကြိုးထားပုံပဲ… ကျွန်မလည်း သူ့ကို ရှင်းပစ်ချင်တာပဲ.. ဒါပေမယ့်

ရိုဒေါဖတ်စ်ကိုတော့ ဒဏ်ရာရအောင် လုပ်နိုင်ခဲ့တယ်… နောက်ဆုံး ကျွန်မတို့ ရွန့်ရဲ့ အဒေါ် မြူရီယယ်လ်ဆီကိုရောက်တော့ ပေါ့ကီးကို မမှီတော့ဘူး…”
လူပင် အံကို တင်းတင်းကြိတ်ထားလိုက်တယ်။ သူ ခေါင်းညိတ်ပြလိုက်သော်လည်း စကားပြောနိုင်သေးပုံ မပေါ်ပေ..။ တွန့်ခ်က ..

“မင်းတို့ကော ဘယ်လိုဖြစ်ကြသလဲ…”

သူတို့အားလုံး အဖြစ်အပျက်များကို ပြန်ပြောပြကြသည်။ သို့ရာတွင် ယခုထက်ထိ ဘီလ်.. ဖလူရာ… မူဒီနဲ့ မွန်ဒန်းဂတ်စ်တို့ မရောက်သေးကြောင်းကို တွေးမိတိုင်း

အလွန်ထိတ်လန့်ကြရ၏…။

“ငါ ဒေါင်းနင်းလမ်းကို ပြန်မှ ဖြစ်တော့မယ်..”

ကင်းစလေက နောက်ဆုံးအကြိမ်အဖြစ် ကောင်းကင်ကို မော့ကြည့်ရင်း ဆို၏..။

“သူတို့ ပြန်လာရင်သာ ငါ့ကို အကြောင်းကြားပေးပါ…”

လူပင် ခေါင်းညိတ်ပြလိုက်သည်။ အားလုံးကို လက်ပြနှုတ်ဆက်ပြီး ကင်းစလေ ခြံဝင်းတံခါးဆီသို့ ဦးတည်ထွက်ခွာသွားသည်။ ခြံဝင်းအလွန်တွင် ကိုယ်ရောင်ဖျောက်သွားကာ

ပျောက်ကွယ်သွားသံ သဲ့သဲ့ကို ဟယ်ရီ ကြားလိုက်ရသည်။

မစ္စတာဝီစလေတို့ ဇနီးမောင်နှံ နောက်ဖေးတံခါးမှ ပြေးဆင်းလာကြသည်။ ဂျင်းနီက သူတို့နောက်တွင် လိုက်ပါလာသည်။

နှစ်ယောက်စလုံး ရွန့်ကို ပွေ့ဖက်လိုက်ကြပြီး မစ္စစ်ဝီစလေက တွန့်ခ်အား..

“ကျေးဇူးတင်ပါတယ်.. ကျွန်မသားလေးကို ဂရုစိုက်ခဲ့တဲ့အတွက် တကယ့်ကို ကျေးဇူးတင်ပါတယ်…”

“မလိုပါဘူး မော်လီ..”

“ဂျော့ကော ဘယ်လိုနေသေးလဲ..”

လူပင်ကမေးလိုက်သည်..။ ရွန်က..

“ဂျော့ ဘာဖြစ်လို့လဲ…”

“သူ…”

မစ္စစ်ဝီစလေ၏ စကားမှာ အဆုံးမသတ်နိုင်လိုက်ပေ..။ သိစရယ်လ်တစ်ကောင်မှာ မြင်ကွင်းထဲ၌ ပေါ်လာပြီး သူတို့အနီးတွင် ဆင်းသက်လိုက်၏..။ ဘီလ်နှင့် ဖလူရာတို့ မြင်းပေါ်မှ

ဆင်းသက်လာကြသည်။ ဖရိုဖရဲ ဖြစ်နေကြသော်လည်း ဒဏ်ရာရကြပုံမပေါ်ပေ…။

“ဘီလ်.. ဘုရားမပေလို့ပဲ…”

မစ္စစ်ဝီစလေ ရှေ့သို့ ပြေးသွားကာ ဘီလ်ကို ဖက်လိုက်သည်။ သို့ရာတွင် ဘီလ်မှာ စိတ်မပါတပါ ပြန်ဖက်ထားရင်းမှ သူ့အဖေဘက်သို့ လှည့်ကာ…

“မူဒီ သေသွားပြီ…”

မည်သူ့ဆီကမှ စကားသံထွက်မလာသလို လှုပ်ရှားမှု တစ်ခုမျှ မပြုလုပ်ကြ..။ ဟယ်ရီ့ရင်ထဲ၌မူ တစ်စုံတစ်ခုကို လက်လွှတ် ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်...။

ဘီလ်က..

"ကျွန်တော်တို့ မြင်ခဲ့တယ်..."

ဖလူရာကပါ ခေါင်းညိတ်ထောက်ခံလိုက်သည်...။

"ကျွန်တော်တို့ ဝိုင်းထားတဲ့အထဲက ဖောက်ထွက်တဲ့အချိန်မှာပေါ့.. မူဒီက ကျွန်တော်တို့နဲ့ အနီးဆုံးပဲ.. မြောက်ဘက်ကို အတူတူ ဖောက်ထွက်ခဲ့ကြတယ်... ဗိုဒီမော့က လေထဲမှာပျံပြီး

ကျွန်တော်တို့နောက်ကို လိုက်လာတယ်... မွန်ဒန်းဂတ်စ်က ကြောက်ကြောက်နဲ့ အော်ဟစ်ပြီး ကိုယ်ရောင်ဖျောက် ပြေးသွားတယ်.. ဗိုဒီမော့ရဲ့ ကျိန်စာက မူဒီရဲ့ မျက်နှာကို ထိသွားတယ်.. သူ

တံမြက်စည်းပျံပေါ်က နောက်ပြန်လန်ကျသွားတော့တာပဲ... ကျွန်တော်တို့လည်း ဘာမှ မတတ်နိုင်ဘူး... နောက်မှာ ဒက်အိတာ ဒါဇင်ဝက်လောက်က ဝိုင်းလိုက်နေတယ်လေ.."

လူပင်က..

"ဟုတ်ပါတယ်ကွာ.. မင်းတို့ ဘယ်လိုမှ မတတ်နိုင်ပါဘူး..."

သူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း မတ်တတ်ရပ်မိနေကြသည်။ အလွန်ရဲရင့်သော မူဒီတစ်ယောက် သေပြီဆိုသည်ကို ဟယ်ရီ မယုံနိုင်လောက်အောင် ခံစားနေရ၏။

အပြင်တွင် ဆက်၍ စောင့်ကြည့်နေစရာ အကြောင်း မရှိတော့ပေ။ ထို့ကြောင့် အားလုံးပင် မစ္စတာ ဝီစလေနောက်မှ အိမ်ထဲသို့ လိုက်ဝင်ခဲ့ကြသည်။ ဧည့်ခန်းထဲဝယ် ဖရက်နှင့် ဂျော့မှာ

ရယ်မောရင်း စကားပြောနေ၏..။

ဖရက်က သူတို့၏ မျက်နှာများကို အကဲခတ်ရင်း..

"ဘာဖြစ်လို့လဲ.. ဘယ်သူဘာဖြစ်..."

မစ္စတာ ဝီစလေက ..

"မှုဒီသေပြီ.."

အမြွာနှစ်ယောက်၏ ပြုံးနေသော မျက်နှာများမှာ ချက်ချင်းပင် ပျက်ယွင်းသွား၏..။ တွန့်ခ်မှာ
လက်ကိုင်ပဝါနှင့် အုပ်ရင်း အသံတိတ်ငိုကြွေးနေသည်..။ မှုဒီနှင့် သူမ အလွန်ရင်းနှီးကြောင်း

ဟယ်ရီ သိသည်..။

ဟက်ဂရစ်မှာမူ အခန်းထောင့် ခပ်ကျယ်ကျယ်နေရာဝယ် ထိုင်ရင်း သူ၏ စားပွဲခင်းခန့်ရှိသော
လက်ကိုင်ပဝါနှင့် မျက်လုံးများကို သုတ်နေသည်။

ဘီလ်က ဗီရိုတစ်ခုကို ဆွဲဖွင့်လိုက်ပြီး အတွင်းမှ ဖိုင်းယားဝီစကီနှင့် ဖန်ခွက်များကို ထုတ်ယူလိုက်သည်။

ထို့နောက် သူ၏ မှော်တောင်ဝှေးကို ဝှေ့ယမ်းရင်း ဝီစကီအပြည့် ဖန်ခွက်ဆယ့်နှစ်ခွက်ကို
လူတိုင်းဆီသို့ အရောက်ပို့လိုက်သည်။ ဆယ့်သုံးခွက်မြောက်ကိုမူ သူကိုယ်တိုင် ကိုင်မြှော

က်ထားရင်း..

"မှုဒီ့အတွက်..."

အားလုံး သံပြိုင်ရွတ်ဆိုရင်း ပြိုင်တူသောက်ချလိုက်ကြသည်။ ဖိုင်းယားဝီစကီမှာ
ဟယ်ရီ့လည်ချောင်းထဲသို့ ပူနွေးစွာ ဝင်ရောက်သွား၏..။ သူ့တစ်ကိုယ်လုံး နွေးထွေးသွားသလို

ခံစားလိုက်ရပြီး နာကျင်ကိုက်ခဲနေမှုများ ပျောက်ကွယ်သွား၏..။

"ဒါဆို မွန်ဒန်းဂတ်စ်က ကိုယ်ရောင်ဖျောက်သွားတယ် ဆိုပါစို့..."

လူပင်က မေးလိုက်သည်။

ရုတ်တရက် အခြေအနေက ပြောင်းလဲသွား၏..။ အားလုံးပင် လူပင် ဘာဆက်ပြောမလဲကို
သိချင်နေကြသည်။ သူ ကြားရမည့် စကားအတွက် ဟယ်ရီ အနည်းငယ်

ထိတ်လန့်နေမိသလိုပင်..။

ဘီလ်က...

"ခင်ဗျား ဘာတွေ တွေးနေသလဲ ကျွန်တော် သိပါတယ်... ကျွန်တော်လည်း ဒီကိုပြန်လာတဲ့ လမ်းတစ်လျှောက်လုံး တွေးနေတာပဲ.. သူတို့ကြည့်ရတာ ကြိုသိနေသလိုပဲလေ.. ဒါပေမယ့်

မွန်ဒန်းဂတ်စ်ကတော့ သစ္စာဖောက် မဟုတ်နိုင်ဘူး.. သူတို့ ဟယ်ရီ ခုနစ်ယောက် ဖြစ်နေတာကို ကြိုမသိကြဘူး... တွေ့တွေ့ချင်း အကုန်ကြောင်ကုန်ကြတယ် မဟုတ်လား...

မွန်ဒန်းဂတ်စ်က ဒီအကြံကို ပေးခဲ့တာလေ... သူသာဆိုရင် အရေးကြီးတဲ့အပိုင်းကို မပြောပဲ နေပါ့မလား... ငါထင်တာကတော့ သူက အစကတည်းက လိုက်ချင်တာ မဟုတ်ဘူး.. မူဒီက

အတင်းခေါ်လို့ ပါလာတာ... မိစ္ဆာသခင်ကြီးက သူတို့ကို မဲလိုက်တော့ အကြောက်လွန်သွားတာပဲ ဖြစ်ရမယ်.. ဘယ်သူမဆို ဒီအခြေအနေမှာ ကြောက်မိကြမှာပဲလေ.."

တွန့်ခ်က ...

"မိစ္ဆာသခင်ကြီးက မူဒီတွက်ထားတဲ့ အတိုင်းပဲ.. သူပြောတာက ဟယ်ရီ့ကို အတော်ဆုံး အော်ရာနဲ့ ပါသွားမယ်လို့ ထင်မှာပဲတဲ့.. သူ တကယ်လည်း မူဒီ့နောက်ကို လိုက်တာပဲ..

မွန်ဒန်းဂတ်စ် ထွက်ပြေးသွားတော့မှ ကင်းစလေဆီကို လမ်းကြောင်းပြောင်းသွားတာ..."

ဖလူရာကမူ...

"ဒါပေမယ့် သူတို့က ဒီညကို ဘယ်လိုကြိုသိနေရတာလဲ.. တစ်ယောက်ယောက်က နမော်နမဲ့နဲ့ အပြင်လူကို ပြောမိတာပဲ ဖြစ်ရမယ်.. ဒီနည်းနဲ့ပဲ ရက်စွဲကိုတော့ သိနေပြီး

အစီအစဉ်တစ်ခုလုံးကို မသိတာ ဖြစ်ရမယ်..."

သူမက အားလုံးကို ကြည့်လိုက်သည်...။ မည်သူကမျှ သူတို့၏ ထင်မြင်ချက်ကို ထပ်မပြောချေ..။ အားလုံး တိတ်ဆိတ်နေကြ၏..။ ဟက်ဂရစ်၏ နှပ်ညှစ်သံကသာ အခန်းထဲဝယ်

ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။

ဟယ်ရီ ဟက်ဂရစ်ကို ကြည့်လိုက်သည်..။ ယနေ့ညတွင် သူ့အသက်ကို ဟက်ဂရစ်က အသက်နှင့်လဲ၍ ကာကွယ်ပေးခဲ့သည်။ သူယုံကြည်ရသော ချစ်ခင်ရသော ဟက်ဂရစ်သည်

တစ်ချိန်က ဗိုဒီမော့၏ နဂါးဥတစ်လုံးနှင့် ဖျားယောင်းမှုကြောင့် အရေးကြီးသော သတင်းတချို့ကို ပြောပြခဲ့မိသည်။

"မဖြစ်နိုင်ဘူး..."

ဟယ်ရီ၏ အော်ဟစ်သံက ကျယ်လောင်လှသဖြင့် အားလုံး သူ့ကို ဝိုင်းကြည့်မိကြသည်..။
ဖိုင်းယားဝီစကီကြောင့် သူ့အသံမှာ ပို၍ ကျယ်လောင်နေသည်ဟု ဟယ်ရီ ထင်သည်။

"ကျွန်တော် ပြောချင်တာက တစ်ယောက်ယောက်ကသာ မှားပြီး ပြောမိရင်လည်း သူတို့ ဒီလိုလုပ်ချင်လို့ မဖြစ်နိုင်ဘူး.. ဒါ သူ့အမှား မဖြစ်နိုင်ဘူး..."

သူ ပို၍ ကျယ်သောအသံနှင့် ဆက်၍...

"ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိရမယ်.. ကျွန်တော် အားလုံးကို ယုံတယ်.. ဒီအခန်းထဲက ဘယ်သူမှ ကျွန်တော့်ကို ဗိုဒီမော့ဆီ ရောင်းစားမှာ မဟုတ်ဘူး...

လုံးဝမဖြစ်နိုင်ဘူး..."

သူ့စကားအဆုံးတွင် တစ်ခန်းလုံး ပို၍ တိတ်ဆိတ်သွားသလိုပင်... ။ အားလုံး ဟယ်ရီ့ကို ငေးကြည့်နေ၏..။ ဟယ်ရီ အနည်းငယ် မျက်နှာပူလာသလို ခံစားလိုက်ရသဖြင့်

ဖိုင်းယားဝီစကီနည်းနည်း ထပ်မော့လိုက်သည်..။

သူ ထိုအချိန်ကလေးမှာပင် မူဒီ့ကို သတိရလိုက်သည်..။ မူဒီမှာ အမြဲတမ်းပင် ဒမ်ဘယ်လ်ဒိုး၏ လူများအပေါ် အယုံအကြည်လွယ်မှုကို ပြစ်တင်ရှုံ့ချနေသူ ဖြစ်၏..။

"ဟယ်ရီ.. မင်းစကားပြော တကယ်ကောင်းတာပဲ..."

"ဟုတ်တယ်..."

ဂျော့ကပါ ထောက်ခံရင်း နှစ်ယောက်စလုံး ပြုံးလိုက်ကြသည်။

လူပင်ကမူ ဟယ်ရီ့ကို ထူးထူးခြားခြား မျက်နှာအမူအရာဖြင့် ကြည့်နေ၏...။

"ကျွန်တော့်ကို အရူးလို့ ထင်နေသလား..."

ဟယ်ရီ သူ့ကို မေးလိုက်သည်...။

"မဟုတ်ပါဘူး.. မင်းက ဂျိမ်းစ်နဲ့ တကယ်တူတာပဲ.. သူလည်း မိတ်ဆွေ သူငယ်ချင်းတွေကို မယုံတာလောက် ရက်ဖို့ကောင်းတာ မရှိဘူးလို့ ထင်တဲ့သူပဲ..."

လူပင် ဘာကိုဆိုလိုချင်သလဲဆိုသည်ကို ဟယ်ရီ ကောင်းကောင်းသိသည်။ သူ့ဖခင်မှာ သူငယ်ချင်း၏ သစ္စာဖောက်မှုကို ခံခဲ့ရသည်။ သူ ချက်ချင်းပင် ဒေါသထွက်လာ၏။ ချက်ချင်းပင်

ငြင်းခုန်ရန် ပြင်လိုက်သည်။ သို့သော လူပင်မှာ သူ့ကို လှည့်ပင်မကြည့်တော့ပဲ ထိုင်ခုံတွင်ထိုင်လိုက်ရင်း ဘီလ်အား...

"ငါတို့ အလုပ်လုပ်စရာ ပေါ်လာပြီ.. ငါ ကင်းစလေကို ဘယ်နေရာလဲဆိုတာ..."

ဘီလ်က စကားကိုဖြတ်ကာ..

"မဟုတ်ဘူး.. ကျွန်တော်ပဲ လိုက်ခဲ့ပါ့မယ်..."

တွန့်ခ်နှင့် ဖလူရာတို့မှာ ပြိုင်တူပင်...

"ဘယ်သွားကြမလို့လဲ.."

လူပင်က..

"မူဒီ့ရဲ့အလောင်းကို ပြန်သွားရှာမလို့လေ..."

မစ္စစ်ဝီစလေက ဘီလ်ကို ကြည့်ရင်း...

"နောက်မှ ရှာလို့မရဘူးလား..."

"မရဘူး ဒက်အိတာတွေ ယူသွားရင် ခက်ကုန်မယ်..."

တစ်ယောက်မှ စကားမဟတော့..။လူပင်နှင့် ဘီလ်မှာ အားလုံးကို နှုတ်ဆက်ရင်း ထွက်ခွာသွားကြသည်...။

"ကျွန်တော်လည်း သွားမှ ဖြစ်မယ်..."

ဟယ်ရီ့စကားဆုံးသည်နှင့် မျက်စိဆယ်စုံက သူ့အပေါ်စုပြုံကျလာ၏..။ မစ္စစ်ဝီစလေက..

"ဘာပြောတယ်ဟယ်ရီ.. မမိုက်ချင်စမ်းပါနဲ့..."

"ကျွန်တော် ဒီမှာ မနေနိုင်ဘူး..."

ဟယ်ရီ သူ့နဖူးကို စမ်းလိုက်သည်။ ပြန်၍ စူးစူးရှရှ နာကျင်နေပြန်ပြီ ဖြစ်သည်။ ဤနည်းမျိုး မနာကျင်ခဲ့သည်မှာ တစ်နှစ်မကတော့...။

"ကျွန်တော် ဒီမှာရှိနေရင် အားလုံးအတွက် အန္တရာယ် ရှိတယ်... ဒီလို မဖြစ်စေချင်ဘူး..."

မစ္စစ်ဝီစလေကမူ..

"အို.. အတွေး မခေါင်စမ်းပါနဲ့... ဒီည ငါတို့ကြိုးစားခဲ့တာ မင်း ဒီကို အန္တရာယ် ကင်းကင်းနဲ့ ရောက်လာဖို့ပဲ.. ကံကောင်းလို့ ဒီအကြံအစည် အောင်မြင်ခဲ့တာ.. ဖလူရာကလည်း ပြင်သစ်မှာ

လက်မထပ်ပဲ ဒီမှာလက်ထပ်ဖို့ သဘောတူခဲ့တယ်.. ဒါမှ ငါတို့အားလုံး စုစုစည်းစည်းနဲ့ မင်းကို စောင့်ရှောက်နိုင်မှာပေါ့..."

သူမမှာ သူ့ကို နားမလည်နိုင်ဟု ဟယ်ရီ ယူဆမိသည်။ သူ့ခံစားချက်ကို ပိုဆိုးအောင် လုပ်နေသလိုပင်...။

"ဗိုဒီမော့သာ ကျွန်တော် ဒီမှာ ရှိတာကို သိသွားရင်..."

"အို.. ဘယ်လို သိနိုင်မှာလဲ..."

မစ္စစ်ဝီစလေက ဆက်၍...

"မင်းရှိနေတဲ့ နေရာတွေ တစ်ဒါဇင်လောက် ရှိတယ်... မင်း ဘယ်အိမ်မှာလဲ ဆိုတာ သူမသိပါဘူး..."

"ကျွန်တော့်အတွက် ကျွန်တော် ပူနေတာ မဟုတ်ဘူး..."

မစ္စတာဝီစလေက...

"ငါတို့ သိပါတယ်.. ဒါပေမယ့် မင်းသာထွက်သွားမယ်ဆိုရင် ဒီည ငါတို့ ကြိုးစားသမျှ အလကား ဖြစ်သွားလိမ့်မယ်..."

ဟက်ဂရစ်ကပါဝင်၍...

"မင်း ဘယ်မှ မသွားရဘူး ဟယ်ရီ.. မင်းကို ဒီရောက်လာအောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ပြီးမှ..."

ဂျော့ကပါ...

"ဟုတ်တယ် .. ငါ့နားရွက်တစ်ဖက်ကို အလကားအဖြစ်ခံမလို့လား..."

"ကျွန်တော် နားလည်ပါတယ်.."

"မူဒီလည်း ဒီလို ဖြစ်စေချင်မှာ မဟုတ်..."

"ကျွန်တော် နားလည်ပါတယ်ဆို..."

ဟယ်ရီ နောက်တစ်ကြိမ် အော်ဟစ်မိပြန်သည်။ သူ့ကို ဝိုင်းကာ အတင်းအကျပ် ပိတ်ဆို့ထားကြသလို ခံစားနေရ၏..။ သူတို့ သူ့အတွက် ဘာတွေ လုပ်ပေးခဲ့မှန်း ဟယ်ရီ မသိဟု

ထင်နေကြသလား..။ သူ ဘာကြောင့် ထွက်သွားချင်ရသလဲ..။ သူ့ကိုယ်စား ဝင်ပြီး ဒုက္ခမရောက်စေချင်လို့ ဆိုတာကို မသိကြဘူးလား..။

အချိန်အတော်ကြာ တိတ်ဆိတ်ငြိမ်သက်သွားကြပြီးမှ မစ္စစ်ဝီစလေက...

"ဟက်ဝစ်ကော ဟယ်ရီ.. သူ့ကို တစ်ခုခု ကျွေးရအောင်..."

သူ့ရင်ထဲတွင် ဖျစ်ညှစ်လိုက်သလို ခံစားလိုက်ရသည်...။ သူ အဖြေမပေးပဲ ဖိုင်းယားဝီစကီကိုသာ မော့ချလိုက်၏..။

ဟက်ဂရစ်က...

"ဘယ်လိုပဲဖြစ်ဖြစ် မင်းလွတ်လာပြန်ပြီ ဟယ်ရီ.. သူ့ကို မင်းတိုက်ထုတ်ပစ်လိုက်နိုင်ခဲ့တယ်လေ..."

ဟယ်ရီက စိတ်ဝင်စားမှု လုံးဝမရှိပဲ...

"ကျွန်တော် မဟုတ်ဘူး... ကျွန်တော်ရဲ့ မှော်တောင်ဝှေးက အလိုလို ပြန်တိုက်တာပဲ..."

အချိန်အနည်းငယ် တိတ်ဆိတ်သွားပြီးမှ ဟက်ဂရစ်က ...

"ဒါ မဖြစ်နိုင်ဘူး ဟယ်ရီ.. မင်းမသိပဲ မှော်ပညာကို သုံးမိလိုက်တာလား... မရည်ရွယ်ပဲ ဖြစ်သွားတာလား..."

"မဟုတ်ဘူး.. မော်တော်ဆိုင်ကယ်က ပျက်ကျနေတယ်... ဗိုဒီမော့ ဘယ်ရောက်နေမှန်းတောင် ကျွန်တော် မသိဘူး.. ဒါပေမယ့် ကျွန်တော့်တောင်ဝှေးက သူ့အလိုလို လက်ထဲမှာ

လှည့်ပတ်ရာပြီး ကျိန်စာနဲ့ ပစ်တော့တာပဲ.. ဒါပေမယ့် ဘာမှန်းတောင် ကျွန်တော် မသိဘူး.. တစ်ခါမှ ရွှေရောင်မီးတောက် ထွက်လာအောင် ကျွန်တော် မလုပ်ဖူးဘူး..."

မစ္စတာဝီစလေက ...

"တစ်ခါတလေမှာ သေရေးရှင်းရေးနဲ့ ကြုံလာပြီဆိုရင် အိပ်မက်တောင် မမက်ဖူးတဲ့ မှော်ပညာကို ဖန်တီးနိုင်တယ်.. ကလေးငယ်တွေမှာ တစ်ခါတလေ ဖြစ်လေ့ရှိတယ်.. ဘာမှ

မလေ့ကျင့်ရသေးခင်မှာပေါ့..."

"ဒီလိုလည်း မဟုတ်ဘူး..."

ဟယ်ရီ အံတင်းတင်းကြိတ်ရင်း ပြန်ဖြေလိုက်သည်။

သူ စိတ်ပျက်လက်ပျက် ဖြစ်နေသလို ဒေါသလည်း ထွက်နေမိသည်။ သူတို့အားလုံးက သူ့ထံတွင် ဗိုဒီမော့နှင့် ယှဉ်နိုင်သည့် အစွမ်းရှိသည်ဟု ထင်နေခြင်းကို မုန်းမိ၏..။

မည်သူမှ ဘာမှဆက်မပြောတော့ပေ..။ သူတို့ သူပြောပြသည်ကို မယုံကြမှန်း ဟယ်ရီ သိလိုက်သည်။ သူကိုယ်တိုင်လည်း မှော်တောင်ဝှေး တစ်ချောင်းက သူ့ဘာသာသူ ထ၍

မှော်ပညာအစွမ်းပြခြင်းကို မကြားဖူးပေ...။

သူ၏ အမာရွတ်မှာ အလွန်နာကျင်နေ၏...။ သူတတ်နိုင်သော တစ်ခုတည်းသော အရာမှာ ကျယ်ကျယ်လောင်လောင် မညည်းညူမိစေရန်ပင်...။ လေကောင်းလေသန့် ရှူရှိုက်ရန်

အကြောင်းပြ၍ ဟယ်ရီ အခန်းထဲမှ ထွက်လာခဲ့သည်။

သူ ခြံဝင်းထဲအရောက်တွင် အရိုးစုမြင်းသဏ္ဍာန် သီစရယ်လ်က သူ့ကို မော့ကြည့်ရင်း သူ၏ လင်းနို့တောင်ပံသဖွယ် တောင်ပံများကို ဖြန့်လိုက်သည်။ ဟယ်ရီ ဥယျာဉ်တံခါးဝတွင်

ရပ်လိုက်သည်။ ဥယျာဉ်ထဲတွင် အပင်များ ထူထပ်နေပြီ ဖြစ်သည်...။ သူ၏ နဖူးကို ပွတ်သပ်ရင်း ဒမ်ဘာယ်လ်ဒိုး အကြောင်းကို တွေးမိသည်။

ဒမ်ဘာယ်လ်ဒိုး သူ့ကို ယုံကြည်ခဲ့ကြောင်း သူသေသေချာချာ သိသည်။ သူ၏ မှော်တောင်ဝှေး အလိုအလျောက် တုန့်ပြန်သည့်ကိစ္စကို ဒမ်ဘာယ်လ်ဒိုးဆိုလျှင် သိပေလိမ့်မည်။

ဒမ်ဘာယ်လ်ဒိုးထံတွင် အဖြေများက အဆင်သင့် ရှိနေတတ်သည်..။

ပြီးတော့ မှော်တောင်ဝှေးများ အကြောင်းကိုလည်း ကောင်းကောင်းသိသည်။ သူ့မှော်တောင်ဝှေးနှင့် ဗိုဒီမော့၏ မှော်တောင်ဝှေးတို့၏ ထူးခြားသော ဆက်နွယ်ပတ်သက်မှုကိုပင်

ရှင်းပြခဲ့သေးသည် မဟုတ်ပါလား...။

သို့ရာတွင် ဒမ်ဘာယ်လ်ဒိုးသည် သူ၏ မိဘများနည်းတူ ဟယ်ရီနှင့် နောက်ထပ် စကားပြောနိုင်တော့မည် မဟုတ်ပေ..။ သူ့ရင်ထဲတွင် ပူလောင်လာသလို ခံစားနေရသည်။

ရုတ်တရက် ဆိုသလိုပင် သူ၏ အမာရွတ်မှ နာကျင်မှုမှာ ထိပ်ဆုံးသို့ ရောက်သွားပြီး သူ့နဖူးကို လက်နှင့်ဆုပ်ကိုင်ရင်း မျက်စိမှိတ်ထားလိုက်သည်။ သူ့နားထဲတွင် အသံများ

စတင်ကြားလာရ၏...။

"ခင်ဗျားပြောတော့ တောင်ဝှေးလဲလိုက်ရင် ဒီပြဿနာက ပြေလည်သွားမယ်ဆို..."

သူ၏ အာရုံထဲတွင် ပိန်လှီနေသော အဘိုးအိုတစ်ယောက် ကျောက်သား ကြမ်းပြင်ပေါ်ဝယ် လဲကျနေသည်ကို မြင်လာရ၏..။ နာကျင်မှုကြောင့် ပြင်းပြင်းထန်ထန်ပင် ညည်းညူအော်

ဟစ်နေ၏။

"မလုပ်ပါနဲ့တော့... တောင်းပန်ပါတယ်..."

"ခင်ဗျား ဗိုဒီမော့ကို ညာရဲသလား အိုလီဗန်ဒါ..."

"မညာပါဘူး .. ကျိန်ဆိုကျိန်ရဲပါတယ်.. တကယ်ပြောတာပါ..."

"ခင်ဗျား ပေါ်တာကို ကူညီတာပဲ..သူ့ကို လွတ်သွားအောင် ကူညီတာပဲ"

"မဟုတ်ဘူး.. မှော်တောင်ဝေး လဲလိုက်ရင် အဆင်ပြေသွားမယ်လို့ တကယ်ထင်လို့ပါ..."

"ဒါဆိုပြောစမ်း.. ဘယ်လိုဖြစ်တာလဲ.. လူးစီးယပ်စ်ရဲ့ မှော်တောင်ဝေး ပျက်စီးသွားပြီ..."

"ကျွန်တော်လည်း နားမလည်ပါဘူး.. မှော်တောင်ဝေးနှစ်ခုမှာပဲ ဆက်သွယ်မှုက ရှိနေတာပါ..."

"လူလိမ်..."

"မလုပ်ပါနဲ့ ...တောင်းပန်ပါတယ်"

ဗိုဒီမော့၏ လက် မြှောက်လိုက်ကာ မှော်တောင်ဝေးနှင့် ချိန်ရွယ်လိုက်သည်ကို ဟယ်ရီ မြင်လိုက်ရသည်။ ဗိုဒီမော့ ဒေါသအကြီးအကျယ် ပေါက်ကွဲနေသည်ကို သူခံစားမိ၏...။

"ဟယ်ရီ..."

သူ့အမြင်အာရုံအားလုံးမှာ စတင်မြင်ရစဉ်ကလိုပင် ချက်ချင်း ပျောက်ကွယ်သွားကြသည်...။

ဟယ်ရီ ဥယျာဉ်တံခါးကို ဆုပ်ကိုင်ရင်း အမှောင်ထဲတွင် တုန်တုန်ရီရီ ဖြစ်နေ၏..။ သူ့နှလုံးမှာ တဒိန်းဒိန်း ခုန်နေပြီး သူ့အမာရွတ်မှာ နာကျင်နေဆဲပင်..။ အချိန်အတော်ကြာမှပင် သူ့ဘေး၌

ရွန်နှင့် ဟာမီယွန်တို့ ရှိနေကြောင်းကို သတိပြုမိ၏..။

ဟာမီယွန်က...

"ဟယ်ရီ အိမ်ထဲဝင်ကြရအောင်..."

ထို့နောက် လေသံကို နှိမ့်ချလိုက်ပြီး...

"နင်ထွက်သွားဖို့ တွေးသေးသလား..."

ရွန်က ဟယ်ရီ့ပခုံးကို ပုတ်လိုက်ရင်း...

"မင်း ဒီမှာနေမှ ဖြစ်မယ် သူငယ်ချင်း.."

"နင်နေကောင်းရဲ့လား.. နင့်ကြည့်ရတာ သိပ်မဟန်ဘူး..."

ဟာမီယွန်က သူ့မျက်နှာနားသို့ တိုးကပ်ရင်း ကြည့်လိုက်သည်။

ဟယ်ရီက တုန်ရီနေလျက်ကပင်...

“ဘယ်လိုပဲဖြစ်ဖြစ် ငါ့အခြေအနေက အိုလီဗန်ဒါထက်တော့ ကောင်းပါသေးတယ်...”

သူ ဘာမြင်ခဲ့သည်ကို ပြောပြပြီးချိန်ဝယ် ရွန်မှာ ထိတ်လန့်သွားဟန် ရှိပြီး ဟာမီယွန်မှာမူ အကြီးအကျယ် ခြောက်ချားသွားရသည်။

“ဟယ်ရီ... ဒီလို မလုပ်သင့်ဘူးလေ.. ဒီဆက်သွယ်မှုကို ထပ်မလုပ်နဲ့တော့လေ.. ဒမ်ဘယ်လ်ဒိုးက နင့်ကို စိတ်တံခါးပိတ်ထားဖို့ ခိုင်းခဲ့တယ် မဟုတ်လား...”

သူ ပြန်မဖြေသောအခါ ဟာမီယွန်က သူ့လက်မောင်းကို ဆုပ်ကိုင်ကာ...

“ဟယ်ရီ.. သူက မှော်ဝန်ကြီးဌာနရော.. သတင်းစာတွေရော... မှော်လောကရဲ့ တစ်ဝက်လောက်ကိုရော ပိုင်နေပြီ.. နင့်ရဲ့ ခေါင်းထဲကိုပါ လုံးဝ ထပ်အဝင်မခံနဲ့တော့...”

**၆။ ညဝတ်အကျႌနှင့် အလောင်းစားကောင်**

မူဒီ့ကို ဆုံးရှုံးလိုက်ရ၍ ဝမ်းနည်းကြေကွဲမှုမှာ လာမည့်ရက်များကိုပါ လွှမ်းမိုးနေခဲ့သည်။ ဟယ်ရီ အခြားသော ဖီးနစ်အဖွဲ့ဝင်များကဲ့သို့ပင် ဝင်လိုက်ထွက်လိုက်လုပ်ရင်း

သတင်းစုဆောင်းချင်စိတ် ပေါ်နေ၏...။

ဟယ်ရီ သူ၏ ဝိညာဉ်ကိုယ်ပွားများကို ရှာဖွေမည့် ခရီးစဉ်ကိုသာ စိတ်ထဲတွင် ထည့်ထားခဲ့သည်။ ရွန်က...

“မင်း ဘာမှ လုပ်လို့ မရသေးဘူး... မင်းအသက် ဆယ့်နှစ်နှစ် မပြည့်မချင်း အမှတ်အသားက ရှိနေဦးမှာ.. ငါတို့ ဒီမှာလည်း အစီအစဉ် ဆွဲလို့ရပါတယ်.. မဟုတ်ဘူးလား...”

ထို့နောက် ရွန်က အသံတိုးတိုးဖြင့်...

“မင်း အဲဒီ့ဟာတွေ ဘယ်မှာလဲ သိပြီလား...”

“မသိဘူး...”

“ဟာမီယွန်တော့ ရှာနေတယ်လို့ ငါထင်တယ်...”

သူတို့နှစ်ယောက် ထမင်းစားပွဲတွင် ထိုင်နေကြခြင်း ဖြစ်သည်။ မစ္စတာဝီစလေနှင့် ဘီလ်မှာ အလုပ်သွားကြပြီ ဖြစ်သည်။ မစ္စစ်ဝီစလေမှာမူ အပေါ်ထပ်သို့ တက်ကာ ဟာမီယွန်နှင့် ဂျင်နီကို

သွားခေါ်နေ၏...။ ဖလူရာမှာ ရေသွာချိုးနေသည်။

"အမှတ်အသားက သုံးဆယ့်တစ်ရက်နေ့ဆို ပြယ်သွားပြီ.. ဒီလိုဆိုရင် လေးရက်ပဲ ကျန်တော့တယ်.. ပြီးတာနဲ့ ငါ..."

ရွန်က...

"ငါးရက်ပါကွ.. ငါတို့ လက်ထပ်ပွဲအထိ နေရမယ်လေ.. မနေရင် သူတို့ ငါတို့ကို သတ်လိမ့်မယ်..."

သူတို့ဆိုသည်မှာ ဖလူရာနှင့် မစ္စစ်ဝီစလေကို ရည်ညွှန်းမှန်း ဟယ်ရီ သဘောပေါက်လိုက်သည်။ ရွန်က ...

"တစ်ရက်ပဲ ပိုနေရမှာပါကွာ.."

"ဘယ်လောက် အရေးကြီးတယ်ဆိုတာ သူတို့ မသိဘူးလား..."

"မသိကြဘူး.. သဲလွန်စမှ မရှိတာပဲ.. ငါလည်း မင်းနဲ့အဲဒီ့အကြောင်း ဆွေးနွေးချင်နေတာ..."

ရွန်တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။ မစ္စစ်ဝီစလေ၏ အရိပ်အယောင်ကို မမြင်ရတော့မှ ဟယ်ရီ့အနားသို့ တိုးကပ်လာကာ...

"အမေက ငါနဲ့ ဟာမီယွန်ဆီက မေးဖို့ကြိုးနေတယ်... ငါတို့ ဘာသွားလုပ်မယ် ဆိုတာကိုပေါ့.. သူ မင်းကို ထပ်မေးလိမ့်မယ်.. သတိသာထားပေတော့... အဖေနဲ့ လူပင်လည်း ငါတို့ကို

မေးပြီးပြီ.. ဒါပေမယ့် ဒမ်ဘယ်လ်ဒိုးက ငါတို့ကလွဲလို့ ဘယ်သူ့ကိုမှ မပြောရဘူးလို့ မင်းကိုမှာသွားတယ် ပြောကတည်းက ထပ်မမေးတော့ဘူး.. အမေကတော့ မတူဘူး..

လုံးဝလက်လျှော့ပုံမရဘူး.."

ရွန်၏ ကြိုတင်ဟောကိန်းမှာ နာရီပိုင်းအတွင်းမှာပင် မှန်လာ၏...။ နေ့လည်စာစားပြီး မကြာခင်မှာပင် မစ္စစ်ဝီစလေက ဟယ်ရီ့ကို တစ်ခြားသူများနှင့် ခွဲထုတ်သွား၏..။ သူမက

ခြေအိတ်တစ်ဖက်တွေ့ထား၍ ဟယ်ရီ့ဟာ ဟုတ်မဟုတ် ကြည့်ခိုင်းရန်ဟု အကြောင်းပြခဲ့သည်...။
မီးဖိုခန်းထောင့်တစ်နေရာသို့ ရောက်သည်နှင့်...

"ရွန်နှင့် ဟာမီယွန် ပြောပုံအရတော့ မင်းတို့ ဟော့ဝပ်က ထွက်တော့မယ်ဆို..."

"ဟုတ်ပါတယ်..."

"မင်းတို့ ဘာလို့ ပညာဆက်မသင်ကြတော့တာလဲ..."

"ကျွန်တော့်ကို ဒမ်ဘယ်လ်ဒိုးက အလုပ်တချို့ ပေးခဲ့လို့ပါ... ရွန်နဲ့ ဟာမီယွန်လည်း သိတယ်..
သူတို့ကလည်း လိုက်ချင်ကြတယ်လေ..."

"ဘာအလုပ်ကိစ္စလဲ.."

"ဝမ်းနည်းပါတယ်.. ကျွန်တော် မပြောနိုင်ပါဘူး..."

"ငါနဲ့ အာသာမှာ သိခွင့်ရှိတယ် ထင်တယ်... မစ္စတာ ဂရင်ဂါနဲ့ မစ္စစ်ဂရင်ဂါတို့လည်း
သဘောတူကြမှာပဲ..."

ဟယ်ရီ သူမ၏ မျက်လုံးတည့်တည့်ကို ကြိုးစား၍ စိုက်ကြည့်နေလိုက်သည်။ သူမ၏ မျက်လုံးများမှာ
ဂျင်နီကဲ့သို့ပင် အညိုရောင် ဖြစ်၏..။

"ဒမ်ဘယ်လ်ဒိုးက ဘယ်သူ့ကိုမှ မသိစေချင်ဘူး မစ္စစ်ဝီစလေ.. ရွန်နဲ့ ဟာမီယွန်ကို မလိုက်ဖို့
ပြောပါသေးတယ်... သူတို့ကိုယ်တိုင် လိုက်ဖို့ ရွေးချယ်ခဲ့တာပါ..."

"မင်းလည်း မသွားသင့်ဘူးလို့ ငါထင်တယ်.. မင်းတို့အားလုံး အခုမှ အရွယ်ရောက်ခါစပဲ ရှိသေးတယ်..
ဒီကိစ္စက လုံးဝအဓိပ္ပာယ် မရှိဘူး.. ဒမ်ဘယ်လ်ဒိုး ကိစ္စ လုပ်စရာရှိရင် သူ့မှာ

ဖီးနစ်အဖွဲ့တစ်ခုလုံး ရှိနေတာပဲ... ဟယ်ရီ... မင်းနားလည်မှု လွဲနေတာ ဖြစ်ရမယ်.. သူက
သူလုပ်ချင်တာတစ်ခုခု ပြောခဲ့တာကို မင်းကို လုပ်စေချင်တယ်လို့များ မှားယူဆမိသလား..."

"ကျွန်တော် အထင်မမှားဘူး.. ဒါ ကျွန်တော့်ကိစ္စပဲ.."

သူ့လက်ထဲက ခြေအိတ်တစ်ဖက်ကို ပြန်ပေးလိုက်ရင်း..

"ဒါ ကျွန်တော့်ဟာ မဟုတ်ဘူး..."

"ဩော် .. အေး.. ဒါဆိုလည်း ပြီးတာပဲ..."

မစ္စစ်ဝီစလေ၏ လေသံမှာ ချက်ချင်းပင် ပုံမှန်ပြန်ဖြစ်သွားပြီး..

"ဒါဆိုရင်လည်း မင်း ဒီမှာရှိနေတုန်း ဘီလ်နဲ့ဖလူရာရဲ့ မင်္ဂလာပွဲအတွက် ကူညီပေးပါဦး.. လုပ်စရာတွေက အများကြီးပဲ.. ဟုတ်လား.."

"ဟုတ်.. ဟုတ်ကဲ့.."

ထို့နောက်တွင် မစ္စစ်ဝီစလေမှာ သူ့ကိုပြုံးပြရင်း ထွက်သွားတော့သည်။

ထိုအချိန်မှ စကာ မစ္စစ်ဝီစလေမှာ ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်တို့ကို မင်္ဂလာပွဲကိစ္စအတွက် အလုပ်များပေးထားသည်မှာ ဘာကိုမှ စဉ်းစားချိန် မရနိုင်အောင်ပင်...။

မစ္စစ်ဝီစလေမှာ မှုဒီနှင့်ပတ်သက်သော အတွေးများနှင့် သူတို့၏ ခရီးစဉ်ကို အလုပ်များဖြင့် မေ့ဖျောက်ခိုင်းထားခြင်းပင်...။ နှစ်ရက်ခန့် ဆက်တိုက် အလုပ်လုပ်ခဲ့ပြီးနောက် ဟယ်ရီ

သံသယ ဝင်လာ၏..။

သူမပေးထားသမျှ အလုပ်များမှာ သူ.. ရွန်နှင့် ဟာမီယွန်တို့ကို ဝေးဝေး ရောက်နေစေရန် ဖြစ်သည်။ သူတို့နှစ်ယောက်နှင့် စကားပြောခွင့်မရသည်မှာ ရောက်သည့်ညက

အိုလီဗန်ဒါအကြောင်း ပြောပြီကတည်းကပင်...။

ဂျင်နီက သူ့ကို လေသံတိုးတိုးဖြင့်...

"အမေထင်တာက ရှင်တို့သုံးယောက် ပူးပေါင်းကြံစည်ခွင့် မရရင် ဘာပဲဖြစ်ဖြစ် ခရီးထွက်ဖို့ နောက်ကျမှာပဲလို့ ထင်နေပုံပဲ.."

သူတို့ ညစာစားရင်း သုံးရက်မြောက်ညနေတွင် ပြောနေကြခြင်း ဖြစ်သည်...။

"ဒါဆို ဘာတွေ ဖြစ်လာမယ် ထင်နေသလဲ.. ငါတို့ကို ဒီမှာ ထိန်းသိမ်းထားရင်း တစ်ယောက်ယောက်က ဗိုဒီမော့ကို သတ်သွားမယ်များ ထင်နေသလား..."

သူ ဘာကိုမှ မစဉ်းစားမိပဲ လွှတ်ခနဲ ပြောချလိုက်၏..။ ဂျင်းနီ၏ မျက်နှာမှာ ချက်ချင်းပင် ဖွေးဆွတ်သွားပြီး...

"ဒါဆို တကယ်ပဲပေါ့.. ရှင် တကယ်ပဲ ဒီလိုလုပ်ဖို့ ကြိုးစားနေတယ်ပေါ့..."

"အာ.. ငါ... ငါ နောက်နေတာပါ..."

ဟယ်ရီက ကမန်းကတန်းပင် ဖုံးကွယ်ဖို့ ကြိုးစားလိုက်၏...။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိသည်။ ဂျင်းနီ၏ အမူအရာမှာ ကြောက်ရွံ့သွားခြင်းအပြင် အခြားတစ်ခုပါ ပါနေသည်ဟု သူ ထင်သည်။ ရုတ်တရက် ဒီလိုနှစ်ယောက်တည်း

မတွေ့ရသည်မှာ ဟော့ဝပ်မှာကတည်းကဟု ဟယ်ရီ သတိရမိသည်။ သူမလည်း သတိရသွားဟန် ရှိသည်..။ ထိုအချိန်မှာပင် အခန်းထဲသို့ မစ္စတာဝီစလေ.. ကင်းစလေနှင့် ဘီလ်တို့

ဝင်လာကြ၏..။

တစ်ခါတလေ သူတို့ညစာစားပွဲသို့ အခြား ဖီးနစ်အဖွဲ့ဝင်များပါ ရောက်လာတတ်သည်..။ အကြောင်းမှာ ဘားရိုးကို ယခုအခါ ဌာနချုပ်အဖြစ် သတ်မှတ်ထားခြင်းကြောင့် ဖြစ်သည်။

မစ္စတာဝီစလေက ဒမ်ဘယ်လ်ဒိုး သေသွားသည်နှင့် ဂရင်းမောဒ်အိမ်ကို ဒမ်ဘယ်လ်ဒိုး ပြောပြခဲ့သူ အယောက်နှစ်ဆယ်စလုံးမှာ လျှို့ဝှက်ချက် ထိန်းသိမ်းသူများ ဖြစ်သွားပြီဟု ပြော၏...။

"လူအယောက်နှစ်ဆယ်လောက်ဆိုတော့ ဖီဒီးလီ းယပ်စ် ဂါထာရဲ့ အစွမ်းက အရမ်းလျော့ကျသွားပြီ.. ဒက်အိတာတွေအတွက် လျှို့ဝှက်ချက်ကိုရဖို့ အဆနှစ်ဆယ်လောက် ပိုလွယ်သွားပြီ..

အဲဒီအိမ်မှာ ဆက်လုပ်ဖို့ မဖြစ်နိုင်တော့ဘူး..."

ဟယ်ရီက..

"စနိပ်က လိပ်စာကို ဒက်အိတာတွေကို ပြောပြီးလောက်ရောပေါ့..."

"မူဒီက စနိပ်ပြန်လာရင် ဒုက္ခပေးဖို့ ကျိန်စာတွေ ထားခဲ့တယ်.. ဒီကျိန်စာတွေက သူ့ကို မလာနိုင်အောင်တင်မကဘူး.. သူ့ပါးစပ်ကိုပါ ပိတ်ထားနိုင်မယ်လို့ ထင်ရတာပဲ.. ဒါပေမယ့်

သိပ်မသေချာဘူးလေ.. ဒီနေရာကို ဌာနချုပ်အဖြစ် ထပ်သုံးဖို့ကတော့ သိပ်မိုက်ရာကျလိမ့်မယ်…”

မီးဖိုချောင်မှာ လွန်စွာမှ လူများပြည့်နေ၏..။ ဟယ်ရီ ဂျင်းနီ၏ နံဘေးတွင် ထိုင်မိလျက်သား ဖြစ်နေ၏..။ သူမလက်နှင့် မထိမိအောင် သတိထားနေရသဖြင့် သူ၏ ကြက်သားကို

လှီးဖြတ်၍ မရနိုင်အောင် ရှိသည်။

ဟယ်ရီက ဘီလ်ကို…

“မူဒီ့အကြောင်း ဘာသတင်းရသေးလဲ…”

“ဘာမှ သတင်းမရဘူး..”

သူတို့ မူဒီ၏ ဈာပနကိုပင် မကျင်းပနိုင်ခဲ့ပေ..။ ဘီလ်နှင့်လူပင်တို့ သူ့အလောင်းကို ရှာမတွေ့ခဲ့၍ ဖြစ်သည်။ သူပြုတ်ကျသွားသော နေရာကို အတိအကျ သိနိုင်ရန် ခဲယဉ်းလှသည်။

“အနာဂတ် ဟောကိန်း သတင်းစာမှာတော့ အလောင်းတွေ့တယ်ဆိုတဲ့ သတင်းမပါသေးဘူး.. ဒါပေမယ့် ဒီရက်တွေမှာ သတင်းတွေ စိတ်မချရပါဘူး…”

“နောက်ပြီး ကျွန်တော် အသက်မပြည့်ပဲ မှော်ပညာသုံးမိတဲ့အတွက် ဝန်ကြီးဌာနက လုံးဝ မခေါ်ပါလား..”

ဟယ်ရီ မစ္စတာ ဝီစလေကို လှမ်းပြောလိုက်သည်။ မစ္စတာဝီစလေက ခေါင်းညိတ်ပြလိုက်၏..။

“ကျွန်တော့်မှာ ရွေးစရာ မရှိဘူးဆိုတာ သိလို့လား.. ဒါမှမဟုတ် ကျွန်တော့်ကို ဗိုဒီမော့ တိုက်ခိုက်တယ်ဆိုတာက ကမ္ဘာကို မသိစေချင်လို့လား..”

“ငါထင်တာကတော့ စကရင်ဂျီယော်က မိစ္ဆာသခင်ကြီး သူ့လို အစွမ်းရှိလာပြီဆိုတာကို ဝန်မခံချင်တာလား.. အက်ဇကာဘန်ထောင်ဖောက်တာကို မသိစေချင်တာလားပဲ…”

ဟယ်ရီက..

“သူတို့က ဘာကိစ္စ လူထုကို ပေးမသိတာလဲ…”

“ဝန်ကြီးဌာနက ဘယ်သူကမှ မဆန့်ကျင်ကြဘူးလား..”

ရွှန်က ဒေါသတကြီး ပြောလိုက်သည်။

“ရွှန်.. လူတွေအကုန် ကြောက်နေကြတယ်... သူတို့တွေ ဘာမှန်းညာမှန်း မသိပဲ ပျောက်သွားမှာကို ကြောက်နေကြတယ်.. သူတို့ကလေးတွေ အတိုက်ခိုက်ခံရမှာကို ကြောက်နေကြတယ်..

ဆိုးဆိုးဝါးဝါး ကောလဟာလတွေ အများကြီးပဲ... ဟော့ဝပ်က လူအကြောင်းသင်တဲ့ ပရော်ဖက်ဆာလည်း နုတ်ထွက်သွားတယ် ကြားတယ်.. သူ့ကိုမတွေ့ရတာ နှစ်ပတ်လောက်ရှိပြီ...

စကရင်ဂျီယော်လည်း သူ့ရုံခန်းတံခါးပိတ်ပြီး တစ်ရက်လုံး ဘာလုပ်နေမှန်း မသိဘူး.. သူ တစ်ခုခု ကြံစည်နေတယ် ထင်တာပဲ..”

ဖလူရာက..

“ငါတို့ မင်းကို ဘယ်လို ရုပ်ဖျက်ပေးရမလဲ ဆိုတာ စဉ်းစားရမယ် ဟယ်ရီ.. မင်္ဂလာပွဲမှာလည်း...”

ဟယ်ရီ သူမကို နားမလည်နိုင်သလို ကြည့်လိုက်သည်..။ သူမက..

“ငါတို့ ဧည့်သည်တွေထဲမှာ ဒက်အိတာတွေ မပါတာ သေချာပါတယ်.. ဒါပေမယ့် သူတို့ပါးစပ်ကို ပိတ်ထားနိုင်ဖို့က နောက်ပိုင်း မသေချာဘူးလေ...”

သူမ ဟက်ဂရစ်ကို မသက်ာဆဲဖြစ်ကြောင်း ဟယ်ရီ သတိထားမိလိုက်သည်။

“ဒါအကြံကောင်းပဲ..”

မစ္စစ်ဝီစလေကပါ ထောက်ခံလိုက်သည်။ သူမမှာ အလွန်ရှည်လျားသော အလုပ်လုပ်ရန် စာရင်းစာရွက်ကြီးကို ဖတ်လျက်ရှိသည်။

“ရွှန်.. အခန်းကို မရှင်းရသေးဘူးလား...”

ရွှန်က သူ့ဇွန်းကို ပစ်ချလိုက်ရင်း..

“ဘာလို့လဲ.. ဘာကိစ္စ ရှင်းရမှာလဲ.. ဟယ်ရီကော ကျွန်တော်ပါ အဆင်ပြေနေတာပဲလေ..”

“ငါတို့ ဒီမှာ မင်းအစ်ကိုရဲ့ မင်္ဂလာပွဲ လုပ်တော့မှာလေ...”

“သူတို့က ကျွန်တော့်အခန်းထဲမှာ လက်ထပ်ကြမှာမို့လို့လား..”

မစ္စတာဝီစလေက..

"မင်း အမေကို ဒီလို မပြောနဲ့လေ.. သူပြောသလို လုပ်လိုက်..."

ရွှန် ညည်းညူလိုက်ရင်း ပန်းကန်ထဲမှ နောက်ဆုံး လက်ကျန် ပန်းသီးကိတ်ကို ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

"ငါ့ပစ္စည်းတွေကို ငါကူရှင်းပေးပါ့မယ်.."

သို့ရာတွင် ဟယ်ရီ့ကို မစ္စစ်ဝီစလေက ချက်ချင်း တားဆီးလိုက်သည်။

"နေဦး ဟယ်ရီ.. မင်း အာသာနဲ့ ကြက်ခြံရှင်းလင်းရေးမှာ ကူပေးပါလား.. ဟာမီယွန်က အိပ်ရာခင်းတွေ လဲပေးပါလား.. မနက်ဖြန်ဆို ဧည့်သည်တွေ လာတော့မှာ.."

သို့ရာတွင် ကြက်ခြံမှာ များများ ရှင်းလင်းစရာ အလုပ်မရှိချေ...။

မစ္စတာဝီစလေက...

"မော်လီ့ကို ပြန်မပြောနဲ့နော် ဟယ်ရီ... တက်ဒ်တွန့်ခ်က စီးယီးရပ်စ်ရဲ့ ဆိုင်ကယ် အစိတ်အပိုင်းတွေ ပို့ပေးလိုက်တယ်.. ငါဒီထဲမှာ သိမ်းထားတယ်.. စိတ်ဝင်စားဖို့ သိပ်ကောင်းတာပဲ..

အိပ်ဇောပိုက်လည်း ပါတယ်.. ဘက်ထရီလည်း ပါတယ်.. နောက်ပြီး ဘရိတ်တွေကိုလည်း လေ့လာနိုင်တော့မယ်.. ငါအားလုံးကို ပြန်ဆင်ယူရမယ်.. မော်လီမရှိတဲ့အချိန်... အဲလေ..

ငါအားတဲ့အချိန်မှာပေါ့..."

သူတို့ အိမ်ပေါ်သို့ ပြန်တက်ခဲ့ချိန်ဝယ် မစ္စစ်ဝီစလေကို မတွေ့ရပေ။ ထို့ကြောင့် ဟယ်ရီ အပေါ်ထပ်သို့ လှစ်ခနဲ ပြေးတက်လာခဲ့သည်။

"ကျွန်တော် ရှင်းနေပါတယ်.... ရှင်းနေပါတယ်.. အော်.. မင်းပါလား"

ရွှန်က စိတ်သက်သာရာ ရသွားဟန်ဖြင့် ဆို၏..။ ဟယ်ရီ အခန်းထဲသို့ ဝင်လာခဲ့သည်..။ ရွှန်မှာ အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်၏..။ အခန်းမှာ ရှုပ်ပွမြဲ ရှုပ်ပွလျက်သာ ရှိ၏...။

တစ်ခုတည်းသော အပြောင်းအလဲမှာ အခန်းထောင့်တွင် ဟာမီယွန်တစ်ယောက် သူမ၏ ကြောင်ကြီး ခရွှန့်ရှိန့်နှင့်အတူ စာအုပ်များကို စီလျှက်ရှိသည်။

စာအုပ်ပုံနှစ်ပုံထဲတွင် သူ၏ စာအုပ်များ ပါကြောင်း ဟယ်ရီသိလိုက်သည်။ သူခုတင်ပေါ်တွင် ထိုင်မိသည်နှင့် ဟာမီယွန်က သူ့ကို လှမ်းနှုတ်ဆက်လိုက်သည်။

"နင်က ဘယ်လိုလုပ်ပြီး လစ်လာတာလဲ ဟာမီယွန်.."

"ရွန့်အမေက ငါနဲ့ဂျင်းနီကို မနေ့က အိပ်ရာခင်းတွေ လဲခိုင်းပြီးပြီဆိုတာ မေ့နေတယ်လေ.."

သူ့ကိုပြောရင်းနှင့်ပင် မော်အကွ္ခရာဘာသာ စာအုပ်ကို အပုံတစ်ပုံပေါ်တင်ရင်း မိစ္ဆာမှော်ပညာ သမိုင်းအတက်အကျ စာအုပ်ကို အခြားတစ်ပုံပေါ်သို့ တင်လိုက်၏..။

ရွန်က ဟယ်ရီ့အား..

"ငါတို့ မူဒီ့အကြောင်း ဆွေးနွေးနေတာ.. သူအသက်ရှင်နေသေးတယ် ထင်တယ်.."

"ဒါပေမယ့် ဘီလ်ကပြောတော့ သူ့ကို သေမင်းတမာန် ကျိန်စာ ထိသွားတယ်ဆို.."

"ဟုတ်တယ်လေ.. ဒါပေမယ့် ဘီလ်ကိုယ်တိုင်လည်း တိုက်ပွဲထဲမှာပဲဟာ... ဘယ်လောက်သေချာမှာလဲ.."

ဟာမီယွန်က..

"သေမင်းတမာန် ကျိန်စာက လွတ်သွားတယ်ပဲ ထားပါဦး.. မူဒီပြုတ်ကျသွားတဲ့ အမြင့်က ပေတစ်ထောင်ကျော်မယ်.."

"သူ့ကိုယ်သူ အကာအကွယ် လုပ်လို့ရတယ်လေ.."

ဟယ်ရီက..

"ဖလူရာပြောတော့ သူ့မော်တောင်ဝှေးပါ လွတ်သွားတယ်ဆို.."

ရွန်က သူ့ခေါင်းအုံးကို ကျကျနန ပြင်ဆင်လိုက်ရင်း...

"သူ့ကို သိပ်သေစေချင်နေကြသလား.."

ဟာမီယွန်က မယုံနိုင်ဟန်ဖြင့် ..

“ငါတို့ထဲက ဘယ်သူမှ သူ့ကို မသေစေချင်ဘူး ရွှန်.. သူသေသွားတာ တကယ်စိတ်မကောင်းပါဘူး... ဒါပေမယ့် ငါတို့ အမှန်ကို လက်ခံရမယ်လေ..”

ဟယ်ရီ တွေးကြည့်လိုက်သည်.. ။ မူဒီ့ခန္ဓာကိုယ်လည်း ဒမ်ဘယ်လ်ဒိုးလိုပဲ ကျိုးပဲ့နေပြီလား...။ သို့ရာတွင် မျက်လုံးတစ်လုံးကတော့ လှည့်ပတ်ကြည့်ရှုလျှက် ရှိနေဦးမည်..။ ဟယ်ရီ

ဝမ်းနည်းသလိုလို ရယ်ချင်သလိုလို ခံစားလိုက်ရသည်။

ရွှန်က...

“ဒက်အိတာတွေ အပျက်အစီးတွေနဲ့ ရောပြီး ရှင်းသွားတယ် ထင်တယ်.. ဒါကြောင့် ဘယ်သူမှ မတွေ့တော့တာပေါ့..”

“ဖြစ်နိုင်တယ်.. ဘာတီခရောချ်လိုပေါ့.. အရိုးဖြစ်ပြီး ဟက်ဂရစ်ရဲ့ ဥယျာဉ်ထဲမှာ အမြှုပ်ခံထားရတယ်လေ.. သူတို့ မူဒီ့ကို ပုံစံပြောင်းပြီး မြှုပ်ထားတာပဲ ဖြစ်ရမယ်..”

“တော်ကြပါတော့..”

ဟာမီယွန်၏ အော်သံနှင့်အတူ သူမ အားပါးတရ ငိုချလိုက်သည်ကို ဟယ်ရီ တွေ့လိုက်ရသည်။

ဟယ်ရီ သူ့အိပ်ရာထက်မှ လူးလဲထလိုက်ရင်း...

“ဟာမီယွန်.. နင့်ကို စိတ်မကောင်းဖြစ်အောင် လုပ်တာ မဟုတ်ပါဘူး..”

ရွှန်မှာ အိပ်ရာပေါ်မှ ခုန်ချသွားပြီး သူမထံ ရောက်သွား၏..။ ဟာမီယွန့်ကို လက်တစ်ဖက်ဖြင့် ဖက်ထားရင်း... သူ၏ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲထုတ်လိုက်၏..။ သို့ရာတွင်

သူ၏ လက်ကိုင်ပဝါမှာ အခန်းသန့်ရှင်းရေး လုပ်ထား၍ ဖုန်များနှင့် ညစ်ပတ်နေ၏..။

သူ၏ မှော်တောင်ဝှေးကို ကမန်းကတန်း ဆွဲထုတ်ရင်း လက်ကိုင်ပဝါကို ချိန်ရွယ်ကာ..

“တာဂျီယို..”

ဖုန်အတော်များများကို သူ့ဂါထာက ဖယ်ရှားပေးလိုက်၏..။ ရွှန် ကျေနပ်သွားဟန်ဖြင့် အနည်းငယ် မီးခိုးရောင်ပေါက်နေသေးသော လက်ကိုင်ပဝါကို ဟာမီယွန့်ထံသို့ ကမ်းပေးလိုက်သည်..။

"ကျေးဇူးပဲ ရွှန်.."

သူမက မျက်ရည်များကို သုတ်ရင်း ဆို၏..။

"ဒါ တကယ် ဆိုးဝါးတဲ့ အဖြစ်အပျက်ပဲ.. ဒမ်ဘယ်လ်ဒိုး သေပြီးတော့ မုဒီပါသေလိမ့်မယ်လို့ ထင်မထားမိဘူး.. သူ့ကိုကြည့်ရတာ တကယ် ကြမ်းတမ်းတယ်လေ"

"ငါနားလည်ပါတယ်.. သူသာ ဒီမှာရှိနေရင် ငါတို့ကို ဘာပြောမလဲ သိသလား.."

"အမြဲသတိထားဖို့ ပြောလိမ့်မယ် ထင်တယ်..."

ရွှန်က ခေါင်းညိတ်ပြရင်း..

"သေချာတာပေါ့.. သူဘာဖြစ်ခဲ့သလဲ ဆိုတာကနေ ပညာယူဖို့ သင်ခန်းစာယူဖို့ ပြောလိမ့်မယ်..ငါသိခဲ့တာ တစ်ခုကတော့ ဒီငကြောက်မွန်ဒန်းဂတ်စ်ကို လုံးဝမယုံဖို့ပဲ.."

ဟာမီယွန် တစ်ချက်ရယ်လိုက်ပြီး စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်သည်။ ရွှန်က သူမကို အနောက်မှ သိုင်းဖက်ထား၏...။ ရုတ်တရက် သူမလက်ထဲမှ တိရစ္ဆာန်ရိုင်းများ အကြောင်း

စာအုပ်မှာ ပြုတ်ကျသွား၏။

စာအုပ်ကို ချည်ထားသော ကြိုးများ ပြုတ်သွားကာ စာအုပ်မှာ ရွှန်၏ ခြေထောက်ကို ကိုက်ခဲထားတော့သည်..။

ဟယ်ရီ စာအုပ်ကို ဆွဲယူလိုက်ပြီး ကြိုးဖြင့် ပြန်ချည်ထားလိုက်သည်။ ရွှန်က သူ့အိပ်ရာဆီသို့ ထော့ကျိုးထော့ကျိုးဖြင့် ပြန်လျှောက်သွားရင်း..

"ဒီစာအုပ်တွေနဲ့ နင် ဘာလုပ်နေတာလဲ..."

"ဘယ်စာအုပ်ကို ယူသွားရင် ကောင်းမလဲ စဉ်းစားနေတာ.. ငါတို့ ဝိဉာဉ်ကိုယ်ပွားတွေကို လိုက်ရှာတဲ့အခါကျရင်ပေါ့..."

ရွှန်က သူ့နဖူးသူ လက်ဖြင့် ရိုက်လိုက်ရင်း..

"ဟုတ်သားပဲ.. ငါမေ့နေတာ.. ငါတို့ ဗိုဒီမော့နောက်ကို စာကြည့်တိုက်ကြီးနဲ့ အတူတူ လိုက်ရမှာပဲ.."

ဟာမီယွန်က ရွှန့်ကို ဂရုမစိုက်ပဲ..

"တချို့စာအုပ်တွေကို ဘာသာပြန်ရမယ်.."

ထို့နောက် သူမက ဟော့ဝပ်သမိုင်းစာအုပ်ကို ကောက်ယူလိုက်သည်။

ဟယ်ရီက မတ်တတ်ရပ်လိုက်ရင်း...

"ငါပြောစရာရှိတယ်.."

ရွှန်နှင့် ဟာမီယွန်တို့ သူ့ကို ပြိုင်တူကြည့်လိုက်ကြ၏..။

"ဒမ်ဘယ်လ်ဒိုးရဲ့ ဈာပနအခမ်းအနားမှာ မင်းတို့နှစ်ယောက်စလုံး ငါ့နောက်ကို လိုက်မယ်လို့ ပြောခဲ့တယ်နော်.."

ရွှန်နှင့် ဟာမီယွန်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ရင်း...

"ဒီကောင် စကားစလာပြီဟ"

"ငါတို့ ကြိုခန့်မှန်းပြီးသားပဲဟာ.."

ဟာမီယွန်က သက်ပြင်းချရင်း ပြော၏..။ ထို့နောက် စာအုပ်ပုံကြီးဘက်သို့ ပြန်လှည့်သွားကာ..

"ငါတော့ ဟော့ဝပ်သမိုင်း စာအုပ်ကို ယူသွားချင်တယ်.. အဲဒီ့နေရာကို ပြန်မသွားတော့ပေမယ့် ယူသွားမှ ဖြစ်မယ်..."

"ငါပြောမှာကို နားထောင်စမ်းပါ.."

ဟယ်ရီ အသံကိုမြှင့်၍ ပြောလိုက်သည်.. ဟာမီယွန်က..

"နင်နားထောင်ရမှာ ဟယ်ရီ.. ငါတို့နှစ်ယောက်စလုံး နင်နဲ့ လိုက်ခဲ့မယ်.. ဒီလို ဆုံးဖြတ်ပြီးတာ လနဲ့ချီနေပြီ.."

"ဒါပေမယ့်.."

"မင်းဆက်မပြောနဲ့တော့.."

ရွှန့်အော်သံက ထွက်လာ၏..။ ဟယ်ရီက..

“မင်းတို့ သေသေချာချာ စဉ်းစားပြီးကြပြီလား..”

ဟာမီယွန်က စာအုပ်တစ်အုပ်ကို ပစ်တင်လိုက်ရင်း စိတ်မရှည်နိုင်တော့ဟန်ဖြင့်

“ငါ အထုပ်အပိုးတွေ လုပ်နေတာ ဘယ်နှစ်ရက်ရှိပြီလဲ.. ဒါမှ ငါတို့ ထွက်သွားမယ့် အချိန်မှာ အဆင်သင့်ဖြစ်မှာလေ.. နောက်ပြီး ငါ မူဒီရဲ့ ရုပ်သွင်ပြောင်းဆေးရည်ကိုလည်း

ရွှန့်အမေမသိအောင် တိတ်တိတ်ကလေး ခိုးထားသေးတယ်”

“နောက်ပြီး ငါ့မိဘတွေရဲ့ မှတ်ဉာဏ်တွေကိုလည်း ပြင်ထားတယ်.. အခု သူတို့ကိုယ်သူတို့ ဝမ်းဒဲလ်နဲ့ မိုနီကာလို့ ထင်နေပြီ.. ဒီအချိန်လောက်ဆိုရင် သြစတေးလျကိုတောင်

ပြောင်းသွားလောက်ပြီ.. ဒါဆိုရင် ဗိုဒီမော့ သူတို့နောက်ကို လိုက်ဖို့ ပိုပြီး ခက်သွားလိမ့်မယ်.. ဘာလို့လဲဆိုတော့ နင့်အကြောင်း ငါနည်းနည်း ပြောပြထားမိတယ်..”

“ငါ ဝိညာဉ်ကိုယ်ပွားတွေကို လိုက်ရှာတဲ့ ခရီးမှာ အသက်ရှင်ကျန်ခဲ့မယ်ဆိုရင် သူတို့ကို ပြန်ရှာပြီး ငါ့ရဲ့ဂါထာကို ပြန်သိမ်းလိုက်ရုံပဲ.. ငါ ပြန်မသွားနိုင်ခဲ့ရင်လည်း.. ငါရဲ့ဂါထာက

သူတို့ကို လုံလုံခြုံခြုံနဲ့ ပျော်ရွှင်နေဖို့ အတွက် လုံလောက်မှာပါ.. ဝမ်းဒဲလ်နဲ့ မော်နီကာတို့မှာ သမီးတစ်ယောက် ရှိခဲ့တယ်ဆိုတာ သူတို့ မမှတ်မိတော့ဘူးလေ..”

ဟာမီယွန် နောက်တစ်ကြိမ် ငိုကြွေးနေပြီ ဖြစ်သည်..။ ရွှန် အိပ်ရာမှ ပြန်ထသွားကာ သူမကို ပွေ့ဖက်၍ နှစ်သိမ့်နေ၏။

“ငါကော ရွှန်ပါ နင့်နောက်ကို လိုက်ခဲ့ရင် ဘာတွေ ဖြစ်လာနိုင်သလဲဆိုတာ မသိဘူး နင်ထင်သလား.. ရွှန်.. နင်ဘာလုပ်ထားတယ်ဆိုတာ ပြလိုက်လေ..”

“ထားလိုက်စမ်းပါ.. ဒီကောင် ဂရုစိုက်မှာ မဟုတ်ပါဘူး...”

“ပြလိုက်စမ်းပါ.. ဒါမှ သူသဘောပေါက်မှာ..”

ရွှန် ဟာမီယွန်ကို ဖက်ထားရာမှ လွှတ်လိုက်ပြီး တံခါးဆီသို့ လျှောက်သွားလိုက်သည်။

"ဒီကိုလာခဲ့.."

"ဘာလဲဟ..."

ဟယ်ရီ ရွှန့်နောက်သို့ လိုက်သွားခဲ့သည်..။ ရွှန်က သူ၏ မှော်တောင်ဝှေးနှင့် မျက်နှာကျက် တစ်နေရာကို ညွှန်လိုက်ရင်း..

"ဒစ်ဆန်ဒို.."

ထိုနေရာတွင် အပေါက်တစ်ခုပေါ်လာကာ လှေကားတစ်ခု အောက်သို့ ကျလာ၏..။ ကြောက်မက်ဖွယ်ရာ ညည်းညူသံတစ်ခုက ပုပ်အဲ့အဲ့အနံ့နှင့်အတူ ထိုအပေါက်ထဲမှ ထွက်ပေါ်လာ၏..။

"ဒါ မင်းရဲ့ အလောင်းစားကောင် မဟုတ်လား..."

ဟယ်ရီ မေးခွန်းထုတ်လိုက်သည်။ သို့ရာတွင် သူ ထိုသတ္တဝါကို တစ်ခါမျှ မမြင်ဖူးခဲ့ပေ..။

"ဟုတ်တယ် .. လာကြည့်ကြည့်စမ်းပါ.."

ရွှန်က လှေကားပေါ် တက်သွားသဖြင့် ဟယ်ရီ နောက်မှ လိုက်တက်ခဲ့သည်။ စတိုခန်းကလေးသဖွယ် ဖြစ်ပြီး ခပ်သေးသေး အခန်းငယ်လေးသာ ဖြစ်သည်။ သူ့ခေါင်း အထဲသို့

ရောက်သည်နှင့် အလောင်းစားကောင်ကို သူနှင့်ပေ အနည်းငယ်အကွာတွင် တွေ့လိုက်ရသည်..။ ပါးစပ်ပြဲပြဲကို ဟကာ အားပါးတရ အိပ်ပျော်နေ၏..။

"ဟ.. အလောင်းစားကောင်တွေက ညဝတ်အကျီဝတ်တတ်သလား..."

"မဝတ်တတ်ဘူး.. ပြီးတော့ ဆံပင်အနီလည်း မရှိဘူး.. အဖုအပိန့်တွေလည်း ဒီလောက်မများဘူး.."

ထိုသတ္တဝါမှာ လူတစ်ယောက်နှင့် ပုံသဏ္ဍာန်ကော အရွယ်အစားပါ တူညီ၏..။ ဟယ်ရီ့မျက်လုံးများ မှောင်ထဲတွင် ကျင့်သားရလာသည်နှင့် ထိုညဝတ်အကျီမှာ ရွှန်၏ အကျီအဟောင်းမှန်း

မှတ်မိလိုက်သည်..။

နောက်ထပ် သူသေချာသိသည်မှာ ထိုသတ္တဝါများမှာ ပုံမှန်အားဖြင့် ကတုံးများသာ ဖြစ်ပြီး ခပ်ပိန်ပိန်သာ ဖြစ်သည်။ ထို့အပြင် ယခုလောက် အဖုအပိန့်များ မများနိုင်ပေ..။ ရွှန်က..

"သူနဲ့ငါ အတူတူပဲ သဘောပေါက်လား.."

"ဟင့်အင်း.. နားမလည်ဘူး.."

"ငါ အခန်းထဲရောက်မှ ပြန်ရှင်းပြမယ်.. ဒီမှာ အနံ့အသက် သိပ်ဆိုးတယ်.."

သူတို့ လှေကားပေါ်မှ ပြန်ဆင်းခဲ့သည်..။ ရွန်က မျက်နှာကျက်အပေါက်ကို ပိတ်လိုက်ကာ ဟာမီယွန့်အနီးတွင် ပြန်ထိုင်လိုက်၏..။

"ငါတို့ ထွက်သွားတာနဲ့ အလောင်းစားကောင်က ဒီမှာ ဆင်းနေလိမ့်မယ်.. သူလည်း ငါ့အခန်းကို ကြိုက်မယ် ထင်ရတာပဲ.. ပြောရတာတော့ ခက်တယ်.. ဒီကောင်က ညည်းညူသံလောက်ပဲ

ထွက်တတ်တာ.. ငါပြောပြတုန်းကတော့ ခေါင်းကို ဆက်တိုက်ညိတ်တာပဲ.. ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို ငါအဖြစ်နဲ့ ထားခဲ့ရမှာပဲ.."

ဟယ်ရီ အခုအချိန်ထိ တွေဝေနေဆဲပင်..။

"ဒီလိုလုပ်မှဖြစ်မယ်.. ငါတို့နှစ်ယောက်ပါ ဟော့ဝပ်က ပျောက်သွားတာနဲ့ မင်းနဲ့ပါသွားပြီလို့ သိကြမှာပဲ.. ဒါဆိုရင် ငါတို့ မိသားစုတွေဆီကို ဒက်အိတာတွေလာပြီး ငါတို့

ဘယ်ရောက်နေသလဲဆိုတဲ့ သတင်းကို မေးကြမှာပဲ..."

ဟာမီယွန်က..

"ငါကျတော့ အမေအဖေနဲ့ အတူ လစ်ပြေးသွားပြီလို့ ထင်သွားနိုင်တယ်.. မက်ဂယ်မွေးတဲ့ စုန်းကဝေအများစုက ပုန်းဖို့ လုပ်နေကြတယ် မဟုတ်လား..."

"ငါ့မိသားစုကျတော့ အကုန်ရှောင်နေလို့ မဖြစ်ဘူးလေ.. အရမ်း သိသာလွန်းသွားမယ်.. နောက်ပြီး သူတို့အလုပ်တွေကလည်း ရှိသေးတယ်.. ဒီတော့ ငါ အသည်းအသန်

နေမကောင်းဖြစ်နေပါတယ်လို့ သတင်းလွှင့်လိုက်မယ်.. တစ်ယောက်ယောက် လာစုံစမ်းရင်လည်း အိပ်ရာထဲက အလောင်းစားကောင်ကို ပြလိုက်ရုံပဲ.. ကူးစက်ရောဂါ တစ်ခုခုလို့

ပြောလိုက်ရင် ဘယ်သူမှ အနားကပ်ကြည့်မှာ မဟုတ်တော့ဘူး.. အသည်းအသန် နေမကောင်းနေတော့ စကားမပြောနိုင်လည်း ကိစ္စမရှိတော့ဘူးပေါ့.."

ဟယ်ရီက..

"မင်းအဖေနဲ့ အမေက ဒီအစီအစဉ်ကို လက်ခံသလား.."

"အဖေကလက်ခံတယ်လေ.. သူပဲ ဖရက်နဲ့ ဂျော့ကို ကူညီပြီး အလောင်းစားကောင်ကို
ပုံစံပြောင်းပေးတာပဲ.. အမေကတော့ မင်းလည်းမြင်သားပဲ.. ငါတို့ထွက်သွားတဲ့ အချိန်ထိ

ခွင့်ပြုချက်ပေးမှာ မဟုတ်ဘူး.."

အခန်းထဲတွင် ဟာမီယွန် စာအုပ်စီနေသည့်အသံမှအပ လုံးဝ တိတ်ဆိတ် ငြိမ်သက်သွားသည်..။

သူတို့ ကြိုတင်ပြင်ဆင်ကာ သူတို့၏ မိသားစုများကို ကာကွယ်ရန် ပြင်ဆင်ထားပုံကို ကြည့်ကာ ဟယ်ရီ
သဘောပေါက်လိုက်သည်။ သူတို့နှစ်ယောက် သူ့နောက်ကို လိုက်ခဲ့လိမ့်မည်။

တားဆီး၍ ရမည်မဟုတ်ပေ..။ မည်မျှ အန္တရာယ်ကြီးမားသည်ကို သူတို့ ကောင်းကောင်း
သဘောပေါက်ကြသည်..။ ဟယ်ရီ သူတို့နှစ်ယောက်စလုံးကို တစ်ခုခု ကျေးဇူးတင်ကြောင်း

ပြောလို၏..။ သို့သော် လုံလောက်မည့် စကားလုံး ရှာမရပဲ ရှိသည်။

အောက်ထပ်တွင် မစ္စစ်ဝီစလေ၏ အော်ဟစ်သံကို ကြားလိုက်ရသည်။ ရွန်က..

"ဖလူရာရဲ့ မိဘတွေက ဘာကြောင့် နှစ်ရက်တောင် ကြိုပြီး လာမှာလဲ မသိဘူး"

ဟာမီယွန်က..

"ဖလူရာရဲ့ညီမက သတို့သမီးအရံ လုပ်လိမ့်မယ်.. ဒီတော့ အစမ်းလေ့ကျင့်ထားဖို့ လိုတယ်.. သူ့ဟာသူ
လာဖို့ကလည်း ငယ်သေးတယ်လေ..."

"ဧည့်သည်တွေလာလည်း အမေ့ရဲ့ စိတ်ကတော့ ပြောင်းသွားမယ် မထင်ဘူး"

"ငါတို့ ဆုံးဖြတ်ရမှာက ဒီကထွက်ပြီးရင် ဘယ်ကိုသွားမလဲ ဆိုတာပဲ.. ဟယ်ရီ... နင်က ဂိုဒရစ်ဟောလို
းကို သွားချင်တယ်ဆိုတာ ငါသိပါတယ်.. ဘာကြောင့်လဲဆိုတာလည်း

ငါနားလည်တယ်.. ဒါပေမယ့် ငါတို့ ဝိညာဉ်ကိုယ်ပွားတွေကို ဦးစားပေး မရှာသင့်ဘူးလား.."

ဟယ်ရီကမူ ဟာမီယွန်မှာ သူ ဘာကြောင့် ဂိုဒရစ်ဟောလို းကို သွားချင်မှန်း နားမလည်ဟု ထင်မိသည်..။

"ငါတို့ ဝိညာဉ်ကိုယ်ပွားတွေ ဘယ်မှာ ရှိသလဲဆိုတာ သေချာသိရင်တော့ ဟုတ်တာပေါ့"

ထိုနေရာရှိ သူ့မိဘများ၏ အုတ်ဂူမှာ သူ့စိတ်ဝင်စားမှု၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်။ သူ့တွင် ရှင်းပြရန် ခက်ခဲသော ခံစားချက်တစ်ခု ရှိ၏..။ ထိုနေရာတွင် အဖြေတစ်ခုခု

ရှိနေသည်ဟု ထင်မိသည်..။ ထိုနေရာတွင် သူဗိုဒီမော့၏ သေမင်းတမာန် ကျိန်စာထိကာ အသက်ရှင်လျှက် ရှိခဲ့သောကြောင့်လည်း ဖြစ်နိုင်သည်။ မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို သူ

နားလည်လိုပေသည်..။

ဟာမီယွန်က..

"ဂိုဒရစ်ဟောလို းမှာ ဗိုဒီမော့ အစောင့်ချထားနိုင်တယ်လို့ နင် မထင်ဘူးလား.. နင့်မိဘတွေရဲ့ အုတ်ဂူဆီ နင်ပြန်လာနိုင်တယ်လို့ သူတွက်မှာပဲ.."

သူ ဟာမီယွန့်ကို ငြင်းခုံရန် စကားလုံး ရှာနေချိန်မှာပင် ရွှန်ရှုတ်တရက် စကားတစ်ခွန်း ပြောလိုက်သည်..။

"တကယ့် လည်ဆွဲအစစ်ကို ခိုးသွားတဲ့ အာအေဘီဆိုတဲ့ လူကို နင်သိပါတယ်နော်.."

ဟာမီယွန်က ခေါင်းညိတ်ပြလိုက်သည်။

"သူ့မှတ်တမ်းထဲမှာတော့ သူဖျက်ဆီးပစ်လိုက်မယ်လို့ ရေးခဲ့တယ် မဟုတ်လား"

ဟယ်ရီ သူ့ခရီးဆောင်အိတ်ထဲမှ ဝိညာဉ်ကိုယ်ပွားအတု အာအေဘီဟု အမည်ပါသော လည်ဆွဲကို ထုတ်ကာ မှတ်တမ်းကို ဖတ်လိုက်သည်။

"ကျွန်ုပ် ဝိညာဉ်ကိုယ်ပွားအစစ်ကို ခိုးယူသွားသည်.. ဖြစ်နိုင်သမျှ အမြန်ဆုံးနည်းဖြင့် ဖျက်ဆီးပစ်လိုက်မည်.."

ဟယ်ရီ စာကို ခပ်ကျယ်ကျယ် ဖတ်လိုက်သည်။

"သူဖျက်ပစ်လိုက်နိုင်ရင်ကော.."

ရွန်ကပင် ဆက်၍..

"ငါတို့အတွက် တစ်ခုစာ သက်သာသွားတာပေါ့.."

ဟာမီယွန်က..

"ဒါပေမယ့် ငါတို့ လည်ဆွဲနောက်ကို လိုက်ရဦးမှာပဲ.. ဒါမှ တကယ် ပျက်စီးသွားမသွား သိရမှာပေါ့.."

ရွန်က...

"ငါတို့လက်ထဲ ရောက်ပါပြီတဲ့.. ဝိညာဉ်ကိုယ်ပွားကို ဘယ်လို ဖျက်ဆီးရမှာလဲ.."

ဟာမီယွန်က..

"ငါ နည်းလမ်းရှာထားပါတယ်.."

ဟယ်ရီပါ စိတ်ဝင်စားလာကာ..

"ဘယ်လိုနည်းနဲ့လဲ.. ငါ့အထင်တော့ စာကြည့်တိုက်ထဲမှာ ဝိညာဉ်ကိုယ်ပွားနဲ့ ပတ်သက်တဲ့စာအုပ် မရှိပါဘူး.."

ဟာမီယွန်၏ မျက်နှာ ပန်းရောင်ဖြစ်သွားကာ..

"မရှိတော့တာပါ.. ဒမ်ဘယ်လ်ဒိုးက အားလုံးကို ဖယ်ထုတ်လိုက်တယ်လေ.. ဒါပေမယ့် ဖျက်ဆီးမပစ်ခဲ့ဘူး..."

ရွန့်မျက်လုံးများ ပြူးကျယ်လာကာ မတ်မတ်ထိုင်လိုက်၏..။ ဟာမီယွန်က သူတို့နှစ်ယောက်ကို မလုံမလဲ ကြည့်ရင်း..

"ငါ.. ငါခိုးလာတာ မဟုတ်ပါဘူး.. ဒမ်ဘယ်လ်ဒိုးက စင်တွေပေါ်က ဖယ်ထုတ်လိုက်ပေမယ့် ဒါ စာကြည့်တိုက်က စာအုပ်တွေပဲလေ.. သူက တစ်ယောက်ကိုမှ မကိုင်စေချင်တာပဲ ရှိတယ်..

ဒါပေမယ့် သူ လုံလုံခြုံခြုံ သိမ်းထားသင့်တယ်.."

ရွန်က..

"နင် ဘာကို ဆိုလိုချင်တာလဲ..."

ဟာမီယွန်က မျက်နှာငယ်လေးဖြင့်..

"အရမ်းလွယ်လွန်းနေတယ်.. ငါ ဆင့်ခေါ်ဂါထာရွတ်လိုက်တာနဲ့ စာအုပ်တွေ အကုန်လုံး ဒမ်ဘယ်လ်ဒိုးရဲ့ စာကြည့်ခန်း ပြတင်းပေါက်ကနေ မိန်းကလေးဆောင်ကို

တန်းရောက်လာတော့တာပဲ.."

"ဘယ်တုန်းက လုပ်လိုက်တာလဲ..."

ဟယ်ရီက ဟာမီယွန့်ကို မယုံနိုင်သလို ကြည့်ရင်း မေးလိုက်သည်..။

ဟာမီယွန်က အသံကို ပို၍တိုးလိုက်ပြီး...

"သူ... သူ... ဒမ်ဘယ်လ်ဒိုးရဲ့ အသုဘ ပြီးစလောက်ကပဲ .. ငါတို့ကျောင်းကထွက်မယ် နင်နဲ့အတူတူ ဝိညာဉ်ကိုယ်ပွားတွေ ရှာမယ် စိတ်ကူးကတည်းကပဲ.. ငါ အပေါ်ထပ်ကို ပစ္စည်းတွေ

သိမ်းဖို့တက်လာရင်းနဲ့ တစ်ခု စဉ်းစားမိတယ်လေ.. ငါတို့ ဒီအကြောင်းကို ပိုပြီးသိထားရင် အကျိုးရှိမယ်လို့.. ငါလည်း အခန်းထဲမှာ တစ်ယောက်တည်း ရှိနေတယ်.. ဒါနဲ့

ငါစမ်းကြည့်လိုက်တာ အလုပ်ဖြစ်သွားတယ်.. ပြတင်းပေါက်က ပျံပြီး ဝင်လာကြတာနဲ့ ငါလည်း အထုပ်ထဲ ထည့်ထားလိုက်တာပဲ..."

သူမက တံတွေးတစ်ချက် မျိုချလိုက်ရင်း အပြစ်ရှိသည့် လေသံဖြင့်...

"ဒမ်ဘယ်လ်ဒိုး စိတ်ဆိုးမယ်လို့တော့ ငါမထင်ဘူးလေ.. ငါတို့က ဝိညာဉ်ကိုယ်ပွားလုပ်ဖို့ ဒီစာအုပ်တွေကို သုံးမှာမှ မဟုတ်တာ.."

ရွန်က..

"နင့်ကို ဘယ်သူက အပြစ်ပြောနေလို့တုန်း.. အဲဒီ့စာအုပ်တွေကော.."

ဟာမီယွန်က စာအုပ်ပုံထဲမှ အနက်ရောင်သားရေကြိုးဖြင့် ချည်နှောင်ထားသော စာအုပ်တွဲကြီးကို ထုတ်ပြ၏..။

"ဒီစာအုပ်ထဲမှာ ဝိညာဉ်ကိုယ်ပွား ဘယ်လိုလုပ်ရမယ်ဆိုတာ ပါတယ်.. မိစ္ဆာမှော်ပညာ၏ လျှို့ဝှက်ချက်များတဲ့.. တကယ်ကြောက်ဖို့ ကောင်းတဲ့ စာအုပ်ပဲ.. ဒမ်ဘယ်လ်ဒိုး ဘယ်အချိန်က

ဒီစာအုပ်ကို သိမ်းထားသလဲ မသိဘူး.. သူ ကျောင်းအုပ်ဖြစ်မှ ဆိုရင်တော့ ဗိုဒီမော့လိုသမျှ အချက်အလက်တွေ အကုန်ရသွားပြီးရောပေါ့.."

"ဒီစာအုပ်ကို ဖတ်လေလေ ပိုပြီးကြောက်စရာ ကောင်းလေလေပဲ.. သူ ဘယ်လိုလုပ်ပြီး ဝိညာဉ်ကိုယ်ပွား ခြောက်ခုလုပ်ခဲ့တယ်ဆိုတာ ငါဖြင့်မယုံနိုင်ဘူး.. စာအုပ်ထဲမှာ သတိပေးထားတယ်..

ဝိညာဉ်ကို ခွဲထုတ်လိုက်ရင် ဘယ်လောက် အန္တရာယ်များတယ် ဆိုတာကိုပေါ့.. ဒါ တစ်ခုတည်းပဲ ရှိသေးတယ်နော်..."

ဟယ်ရီ သူ့ကို ဒမ်ဘယ်လ်ဒိုးက ဗိုဒီမော့မှာ သာမန် မိစ္ဆာများထက် သာလွန်ကြောင်း ပြောပြခဲ့သည်ကို အမှတ်ရမိသည်။

ရွန်က..

"ဝိညာဉ်တွေကို ပြန်စုစည်းလို့ မရဘူးလား.."

ဟာမီယွန်က ပြုံးလိုက်ရင်း..

"ရတယ်.. ဒါပေမယ့် အရမ်းနာကျင်ခံစားရမှာ သေချာတယ်.."

"ဘာလို့လဲ ... ဘယ်လိုလုပ်ရမှာလဲ.."

"နောင်တရရမယ်လေ.. ကိုယ်လုပ်ခဲ့တဲ့ဟာကို မှားပါတယ်လို့ တကယ်နောင်တရရမယ်.. ဒါ အခြေခံအချက်ပဲ.. ဒီနာကျင်မှုကြောင့် သေသွားမယ်ထင်ရတာပဲ.. ဒါပေမယ့် ဗိုဒီမော့

ဒီလိုလုပ်လိမ့်မယ်လို့ ထင်လို့လား.."

"မထင်ပါဘူး.. စာအုပ်ထဲမှာ ဝိညာဉ်ကိုယ်ပွားတွေကို ဘယ်လို ဖျက်ဆီးရမယ်ဆိုတာ ပါလား.."

"ပါတာပေါ့.."

ဟာမီယွန်က ဆွေးမြေ့နေသော စာရွက်များကို သတိထားလှန်ရင်း..

“မိစ္ဆာမှော်ပညာရှင်တွေက ဒီဝိညာဉ်ကိုယ်ပွားကို အစီအရင် ကောင်းကောင်းနဲ့ လုပ်ထားခဲ့တယ်တဲ့.. ငါဖတ်ရသမျှကတော့ ဟယ်ရီ ရစ်ဒဲလ်ရဲ့ ဒိုင်ယာရီကို ဖျက်ဆီးပစ်လိုက်တာက ဘယ်လို

ဖျက်ဆီးရမယ်ဆိုတဲ့ နည်းလမ်းရဲ့ အဖြေပဲ..”

ဟယ်ရီက..

“ဘာ.. ငါတို့က ဘတ်ဆဲလစ်ရဲ့ အစွယ်နဲ့ ထိုးရမှာလား..”

ရွန်ကမူ..

“အိုးဟိုး.. ငါတို့မှာ ဘတ်ဆဲလစ်ရဲ့ အစွယ်တွေ အများကြီး ရှိတာ ကံကောင်းတာပဲ.. များလွန်းလို့ ဘာလုပ်ပစ်ရမှန်း မသိဘူး..”

ဟာမီယွန်က..

“ဒါကိုဖျက်ဖို့ ဘတ်ဆဲလစ်အစွယ် ဖြစ်ဖို့ မလိုဘူး.. အရမ်း အဖျက်စွမ်းအား ကြီးဖို့ လိုတယ်.. ဒါမှ ဝိညာဉ်ကိုယ်ပွားက ကိုယ့်ကိုယ်ကို ပြန်မပြင်နိုင်တော့မှာ.. ဘတ်ဆဲလစ်ရဲ့ အဆိပ်က

ဖြေဆေးတစ်မျိုးပဲ ရှိတယ်.. ပြီးတော့ အရမ်းလည်း ရှားတယ်လေ..”

ဟယ်ရီက ခေါင်းညိတ်ထောက်ခံလိုက်ရင်း..

“ဖီးနစ်ငှက်ရဲ့ မျက်ရည်မဟုတ်လား..”

“ဟုတ်တယ်.. ငါတို့ပြဿနာက ဘတ်ဆဲလစ်ရဲ့ အဆိပ်လောက် ဖျက်ဆီးမှုစွမ်းအား ကြီးမားတဲ့ ပစ္စည်း အရမ်းရှားတယ်.. နောက်ပြီး သွားလေရာ ယူသွားရင် အန္တရာယ်များလွန်းတယ်..

ငါတို့ ဒီပြဿနာကို နည်းလမ်းရှာရမယ်.. ဘာလို့လဲဆိုတော့ ဝိညာဉ်ကိုယ်ပွားတွေက ထုရုံ ရိုက်ရုံနဲ့ ပျက်စီးမှာ မဟုတ်ဘူး..”

ရွန်က..

“ငါတို့ ဒီပစ္စည်းကို ဖျက်ဆီးပစ်လိုက်ရင် အထဲက ဝိညာဉ်က တစ်ခြားမှာ သွားခိုနေလို့ မရဘူးလား..”

"မရဘူး.. ဝိညာဉ်ကိုယ်ပွားတွေက လူနဲ့မတူဘူး.."

ဟယ်ရီနှင့်ရွန်မှာ လုံးဝနားမလည်နိုင်ဟန်ဖြင့် အူကြောင်ကြောင် ဖြစ်နေကြသည်။ ထို့ကြောင့် ဟာမီယွန်က..

"ငါ အခု ဓားတစ်လက်ကို ကောက်ကိုင်လိုက်ပြီး နင့်ကို ထိုးလိုက်ရင် နင့်ရဲ့ ဝိညာဉ်ကိုတော့ မထိခိုက်ဘူး.. ဟုတ်တယ် မဟုတ်လား.."

ရွန်က..

"ငါ့အတွက် တကယ် အဆင်ပြေမှာပဲ.. ကျေးဇူးပဲ.."

ရွန်ကော ဟယ်ရီပါ ရယ်မောလိုက်ကြသည်။

"ငါပြောချင်တာက နင့်ခန္ဓာကိုယ်ကို ဘယ်လိုပဲ ထိခိုက်မိပါစေ ဝိညာဉ်ကတော့ ဘာမှ မဖြစ်ဘူး မဟုတ်လား.. ဝိညာဉ်ကိုယ်ပွားတွေကျတော့ ဒီလို မဟုတ်ဘူး.. ဝိညာဉ်

အစိတ်အပိုင်းလေးက သူ့ရဲ့ ပစ္စည်းပေါ်မှာ လုံးဝ မှီခိုနေရတယ်.. ဒီပစ္စည်းမရှိရင် ဝိညာဉ်ပါ မရှင်သန်နိုင်ဘူး.."

ဟယ်ရီက..

"ငါ ဘတ်ဆဲလစ်အစွယ်နဲ့ ထိုးလိုက်တော့ ဒိုင်ယာရီလည်း သေသွားတာပဲ..."

ဒိုင်ယာရီထဲမှ မင်များ သွေးကဲ့သို့ စီးကျလာကာ ဗိုဒီမော့၏ ဝိညာဉ်အပိုင်းအစမှာ အော်ဟစ်ပျောက်ကွယ်သွားသည်ကို ဟယ်ရီ မြင်နေမိသည်..။

ဒိုင်ယာရီကို ဖျက်ဆီးလိုက်တာနဲ့ အဲဒီ့အထဲက ဝိညာဉ်လည်း မရှိနိုင်တော့ဘူး.. ဂျင်နီလည်း ဖျက်ဆီးပစ်ဖို့ ကြိုးစားတာပဲ.. ရေထဲပစ်ချလိုက်တယ်လေ.. ဒါပေမယ့် အသစ်အတိုင်း

ပြန်ရောက်လာတာပဲ.."

ရွန်က..

"နေစမ်းပါဦး.. ဒိုင်ယာရီထဲက ဝိညာဉ်က ဂျင်နီကို ထိန်းချုပ်ထားလိုက်တယ် မဟုတ်လား.. အဲဒါက ဘယ်လိုဖြစ်ရတာလဲ.."

"သူ့ရဲ့ လက်ခံပစ္စည်း ကောင်းနေသေးရင် အထဲက ဝိညာဉ်က ဝင်လိုက်ထွက်လိုက် လုပ်နိုင်တယ်.. နီးစပ်တဲ့ သူတစ်ယောက်ကို ထိန်းချုပ်လိုက်နိုင်တယ်လေ.. လက်ထဲမှာ ကိုင်ထားတာကို

ဆိုလိုတာ မဟုတ်ဘူးနော်.. ထိရုံ ကိုင်ရုံနဲ့ ဘာမှ မဖြစ်နိုင်ဘူး.. စိတ်နဲ့ပါ နီးစပ်မှ ဖြစ်နိုင်တယ်.. ဒီပစ္စည်းကို သိပ်နှစ်သက်မယ်ဆိုရင်ပေါ့.."

ဟယ်ရီက..

"ဒမ်ဘယ်လ်ဒိုး လက်စွပ်ကို ဘယ်လို ဖျက်ပစ်ခဲ့သလဲ မသိဘူး.. ငါဘာလို့ မမေးခဲ့မိသလဲ မသိဘူး.."

သူ ဒမ်ဘယ်လ်ဒိုးကို မမေးခဲ့မိသော ကိစ္စများစွာ ရှိနေသည်။ ဒမ်ဘယ်လ်ဒိုး အသက်ရှင်နေစဉ်က သူ အခွင့်အရေးကို ဖြုန်းတီးကာ မမေးခဲ့သော ကိစ္စများစွာ ကျန်ရှိနေသေးသည်။

အခန်းတံခါးမှာ ဂုန်းကနဲ ပွင့်သွားသဖြင့် ဟယ်ရီ့အတွေးများ ပြတ်တောက်သွားရသည်..။ ဟာမီယွန်မှာ ထိုအသံကြောင့် လန့်ဖျတ်ကာ မိစ္ဆာမှော်ပညာ၏ လျှို့ဝှက်ချက်များ စာအုပ်မှာ

လွတ်ကျသွား၏..။ ခရွှန့်ရှန့်မှာ အိပ်ရာအောက်သို့ ဝင်ပြေးသွား၏။

ရွန်မှာ အိပ်ရာထက်မှ ခုန်ထလိုက်ရာ ချောကလက်ဖား စက္ကူကို တက်နင်းမိပြီး မျက်နှာချင်းဆိုင်ရှိ နံရံနှင့် နဖူး ဆောင့်မိတော့သည်။

ဟယ်ရီမှာ လျှပ်တစ်ပြက်ပင် သူ၏ မှော်တောင်ဝှေးကို ဒိုင်ဗင်ပစ်၍ ယူလိုက်သည်..။ သို့ရာတွင် တံခါးဝတွင်ပေါ်လာသူမှာ မစ္စစ်ဝီစလေဖြစ်ပြီး သူမ၏ မျက်နှာတွင် ဒေါသအကြီးအကျယ်

ဖြစ်နေသော အသွင်ကို တွေ့ရ၏..။

"မင်းတို့ကို နှောင့်ယှက်ရတာတော့ စိတ်မကောင်းပါဘူး.. ဒါပေမယ့် အောက်ထပ်မှာ မင်္ဂလာလက်ဖွဲ့တွေ တစ်ပုံကြီး ရောက်နေတယ်... ကူပြီး အမျိုးအစား ခွဲပေးကြပါဦး.. မင်းတို့ ကူညီမှ

ဖြစ်လိမ့်မယ်.."

ဟာမီယွန်က ကမန်းကတန် ထိုင်နေရာမှ ထလိုက်သဖြင့် စာအုပ်များမှာ နေရာအနှံ့အပြားသို့ လွင့်ပျံသွားသည်။

"ဟုတ်လား.. အခုလာခဲ့ပါမယ်.."

သူတို့သုံးယောက်စလုံး မစ္စစ်ဝီစလေနောက်သို့ လိုက်လာခဲ့ကြသည်။

ရွှန်က ဟယ်ရီ့နားနားသို့ တိုးကပ်ကာ လေသံတိုးတိုးဖြင့်..

"ငါတို့တော့ အိမ်စေမှင်စာလေးတွေနဲ့ တူလာပြီ.. လက်ထပ်ပွဲပြီးတာနဲ့ အပျော်ဆုံးလူက ငါဖြစ်မှာပဲ.."

ဟယ်ရီက..

"ဟုတ်တာပေါ့.. ငါတို့မှာ ဝိညာဉ်ကိုယ်ပွားတွေ ရှာဖို့က လွဲပြီးအလုပ်မှ မရှိတာ.. ပျော်ပွဲစား ထွက်သလို နေမှာပဲ.."

ရွှန်က သူ့စကားကို ရယ်မောလိုက်သည်။ သို့ရာတွင် မစ္စစ်ဝီစလေ၏ အခန်းထဲမှ ဇရာမလက်ဖွဲ့ပုံကြီးကို မြင်ရသောအခါတွင် သူ့ရယ်သံမှာ ရပ်တန့်သွား၏။

နောက်တစ်နေ့ နေ့လည်ဆယ့်တစ်နာရီခန့်တွင် ဖလူရာ၏ မိသားစု ရောက်ရှိလာသည်။ ရွှန်မှာ သူ၏ ခြေအိတ် အရောင်တူ ရှာဝတ်ရန် အပေါ်ထပ်သို့ ပြေးတက်သွား၏..။ ဟယ်ရီမှာ

သူ့ဆံပင်များကို ပိပြားသွားအောင် ကြိုးစားလိုက်သည်..။ သူတို့အားလုံး သပ်သပ်ရပ်ရပ် ရှိပြီဟု ထင်ရချိန်ဝယ် ဧည့်သည်များကို ကြိုရန် နောက်ဖေးခြံဝင်းထဲသို့ ဆင်းခဲ့ကြသည်။

ဟယ်ရီ ဤမျှလောက် သပ်ရပ်နေသော ခြံဝင်းကို မမြင်ဖူးခဲ့ပေ..။ သံချေးတက်နေသော ဆေးကြိုအိုးများ.. ဘွတ်ဖိနပ်အစုတ်များနှင့် နောက်ဖေးတံခါးနားရှိ အမှိုက်ပုံကြီးမှာ မရှိတော့ပေ။

ထိုနေရာတွင် ပန်းအိုးနှစ်လုံးနှင့် ပန်းခြုံနှစ်ခု ရှိနေကာ လေမတိုက်ပဲနှင့် သစ်ရွက်များမှာ စိတ်ဝင်စားလောက်အောင် လှုပ်ရှားနေ၏..။

ကြက်ခြံကို သေချာပိတ်ထားပြီး အနီးရှိ ဥယျာဉ်ထဲမှ အပင်အားလုံးကို ခူးဆွတ်ရိတ်ဖြတ်ထားပြီး ဖြစ်သည်။ သို့ရာတွင် ဟယ်ရီမှာမူ အပင်များ ရှုပ်ထွေးကာ ထူထပ်နေသည်ကိုသာ ပို၍

သဘောတွေ့မိသည်..။

ဘာရီးကို ကာကွယ်ထားသော အစီအမံများ မည်မျှ များပြားသည် မသိပေ.. မည်သူမျှ ခြံဝင်းထဲသို့ တိုက်ရိုက် မှော်ပညာသုံး၍ လာရောက်ရန် မဖြစ်နိုင်တော့ပေ..။

ထို့ကြောင့် မစ္စတာဝီစလေမှာ ဖလူရာ၏ မိသားစုကို အနီးရှိ တောင်ကုန်းတစ်ခုပေါ်တွင် သွားကြိုနေသည်။ မကြာခင်မှာပင် မစ္စတာဝီစလေ၏ ရယ်မောသံကို ကြားလိုက်ရပြီး တံခါးဝသို့

ရောက်လာကြသည်..။

"မာမား.."

ဖလူရာက သူ့အမေကို အော်ဟစ်ရင်း ပြေးဖက်လိုက်သည်။

မွန်စီယာဒီလကွာမှာ ခပ်ပုပုဝဝဖြစ်ပြီး မုတ်ဆိတ်မွေးအနက်ရောင်များ ထိုးထိုးထောင်ထောင် ပေါက်နေ၏..။ သို့ရာတွင် သူ့ကို ကြည့်ရသည်မှာ သဘောကောင်းပုံရသည်။ သူက..

"ခင်ဗျားတို့ ဒုက္ခများနေပြီ ထင်တယ်.. ဖလူရာကပြောတော့ အရမ်းအလုပ်များနေကြတယ်ဆို.."

"အရေးမကြီးပါဘူးရှင်.. ဒါ ဘာမှ ဒုက္ခမဟုတ်ပါဘူး.."

မွန်စီယာဒီလကွာက မစ္စစ်ဝီစလေ၏ လက်ကို ဆုပ်ကိုင်ထားရင်းမှ..

"ကျွန်တော်တို့ မိသားစုနှစ်ခု ပေါင်းစည်းခွင့်ရတာ ဝမ်းသာဂုဏ်ယူစရာပဲ... ဒါက ကျွန်တော့်ဇနီး အပိုလင်းပါ.."

မဒမ်ဒီလကွာက မစ္စစ်ဝီစလေကို ပွေ့ဖက်နမ်းရှုံ့ရင်း နှုတ်ဆက်လိုက်သည်။

"ဒါက သမီးငယ်လေး ဂါဘရီရယ်လ်ပါ.."

ဂါဘရီရယ်လ်မှာ ဖလူရာနှင့် ခပ်ဆင်ဆင်တူပြီး ဆယ့်တစ်နှစ်ခန့်ရှိကာ ငွေရောင်ဆံပင်ရှည်များက ခါးအထိ ရှည်လျားနေသည်။ သူမက မစ္စစ်ဝီစလေကို ပြုံးပြလိုက်ပြီး

ပွေ့ဖက်နှုတ်ဆက်လိုက်သည်။ ထို့နောက် ဟယ်ရီ့ကို ရွှန်းရွှန်းစားစား ကြည့်လိုက်၏..။ ဂျင်နီက ချောင်းဟန့်သံတစ်ချက်ကို ခပ်ကျယ်ကျယ် လုပ်လိုက်၏။

မစ္စစ်ဝီစလေက..

"အထဲကို ကြွကြပါရှင်.."

ဒီလက္ခာမိသားစုမှာ ခင်မင်ဖွယ်ကောင်းသော ဧည့်သည်များပင်..။ သူတို့ပါ မင်္ဂလာပွဲအတွက် ဝိုင်းဝန်းကူညီပေးကြသည်။ မွန်ဒီယာဒီလက္ခာမှာ ထိုင်ခုံများကို နေရာချရာတွင်

ဝင်ရောက်ကူညီပေး၏..။ ဂါဘရီရယ်လ်မှာမူ သူ့အစ်မနောက်သို့ တကောက်ကောက်လိုက်ကာ အကူအညီပေးရင်း ပြင်သစ်စကားဖြင့် တွတ်ထိုးနေတတ်သည်။

တစ်ခုဆိုးသည်မှာ ဘာရီးမှာ လူများများ မဆန့်ပေ..။ မစ္စတာဝီစလေတို့ လင်မယားမှာ ယခုအခါ ဧည့်ခန်းတွင် အိပ်ကြပြီး မွန်စီယာဒီလက္ခာတို့ လင်မယားကို သူတို့အခန်းတွင်အိပ်ရန်

အတော်ပင် ဖျောင်းဖျယူကြရသည်။

ဂါဘရီရယ်လ်မှာမူ ဖလူရာနှင့်အတူ ပါစီ၏ အခန်းထဲတွင် အိပ်ကြသည်။ ဘီလ်နှင့် ချာလီမှာ တစ်ခန်းတည်း ပေါင်းနေကြ၏..။ သူတို့ ခရီးစဉ်အတွက် အစီအစဉ်ဆွဲရန် ကိစ္စမှာ

လုံးဝမဖြစ်နိုင်တော့ပေ..။ သူတို့သုံးယောက်မှာ လူရှုပ်လှသော အိမ်ထဲမှ ရှောင်တိမ်းနိုင်ရန် ကြက်များကို အစာကျွေးသည့် အလုပ်ကို တာဝန်ယူလိုက်ကြသည်။

ရွန်က..

“အမေက ငါတို့ချည်းပဲ လွှတ်ထားမှာကို မဟုတ်ဘူး..”

ရွန်ပြောသလိုပင် မစ္စစ်ဝီစလေမှာ လျှော်ဖွပ်ရန် အဝတ်များကို ခြင်းကြီးထဲထည့်ကာ ခြံထဲသို့ ဆင်းလိုက်လာ၏။ သူမက သူတို့အနီးသို့ လျှောက်လာပြီး..

“အိုး .. မင်းတို့ ကြက်စာကျွေးနေတာလား.. ကောင်းတာပေါ့.. ငါတို့ သူတို့ကို ထပ်ပြီး ပိတ်ထားရဦးမှာလေ..”

“ဧည့်သည်တွေ ရောက်လာရင် မင်းအထဲမှာပဲ နေသင့်တယ် ဟယ်ရီ.. လက်ထပ်ပွဲဆိုတော့ လူစုံလာမှာပဲ..”

“မင်းရဲ့ လုံခြုံရေးက အရေးကြီးတယ်လေ.. ဒါနဲ့ မင်းကို ငါမေးမလို့.. မင်းရဲ့ မွေးနေ့ပွဲကို ဘယ်လိုလုပ်ချင်သလဲ.. ဆယ့်ခုနစ်နှစ်ပြည့်တဲ့နေ့ဆိုတာ အရေးပါတယ်လေ..”

ဟယ်ရီက ကမန်းကတန်းပင်..

"ကျွန်တော် မွေးနေ့ပွဲ မလုပ်ချင်ပါဘူး.. တကယ်ပြောတာပါ.. ပုံမှန်ပဲ ညစာစားကြတာပေါ့.. နောက်နေ့ဆိုရင် မင်္ဂလာပွဲ မဟုတ်လား.."

"ဒါဆိုလည်း ပြီးတာပဲလေ.. ဒါပေမယ့် ရေးမတ်စ်နဲ့ တွန့်ခ်ကို ဖိတ်လိုက်မယ်.. ဟုတ်လား.. ဟက်ဂရစ်ကိုရော ဖိတ်လိုက်ရမလား.."

"ကောင်းသားပဲ.. ဒါပေမယ့် ဒုက္ခရှာမနေပါနဲ့တော့.."

"ဘာမှ ပြဿနာမရှိပါဘူး ကလေးရယ်.."

သူမက သူ့ကို သေသေချာချာ ကြည့်ရင်း ပြုံးပြကာ အနားမှ လှည့်ထွက်သွားတော့သည်။ သူမ၏ မော်တောင်ဝေးကို ဝေ့ယမ်းလိုက်သည်နှင့် စုပုံထားသော အဝတ်များမှာ

ကြိုးတန်းပေါ်တွင် အလိုအလျောက် လှမ်းပြီးသား ဖြစ်ကုန်ကြသည်။ မစ္စစ်ဝီစလေ ခံစားနေရသည်ကို သူနားလည်မိသည်။ သူမကို ဝမ်းနည်းကြေကွဲအောင် လုပ်မိခဲ့သည့်အတွက် ဟယ်ရီ

သူ့ကိုယ်သူ အပြစ်တင်မိ၏..။

**၇။ ဒမ်ဘယ်လ်ဒိုးရဲ့ သေတမ်းစာ**

သူ တောင်တက်လမ်းကလေးအတိုင်း နံနက်အရုဏ်တက် အလင်းရောင်နှင့်အတူ လျှောက်လှမ်းလာနေသည်။ အောက်ဘက်ရှိ မြူနှင်းများကြားဝယ် မြို့ကလေးတစ်မြို့ကို ခပ်မှုန်မှုန်

မြင်နေရ၏..။ သူ ရှာနေသောသူ ဤနေရာတွင် ရှိနေပါ့မလား။ သူ ထိုသူ့ကို မေးခွန်းတချို့ မေးစရာ ရှိနေသည်...။ ထိုသူ့ထံမှ အဖြေတစ်ခု အလျင်အမြန် လိုအပ်နေသည်။

"ဟေ့.. ထတော့လေ.."

ဟယ်ရီ မျက်လုံး ဖွင့်ကြည့်လိုက်သည်။ သူ ရွန်၏ အခန်းထဲရှိ သူ့အိပ်ရာပေါ်ဝယ် လဲလျောင်းလျက်ရှိသည်။ နေပင်မထွက်သေး၍ ပြတင်းပေါက်များမှာ မှောင်မည်းနေသေးသည်။

ဟယ်ရီ့နဖူးပေါ်ရှိ အမာရွတ်မှာ စူးစူးရှရှ နာကျင်လျက် ရှိနေသည်။

"မင်းအိပ်ပျော်နေရင်း ယောင်နေတာလား.."

"ငါ ယောင်မိလို့လား.."

"ဟုတ်တယ်.. မင်း ဂရိဂိုရီဗစ်ချ်လို့ချည်း ထပ်တလဲလဲ ယောင်နေတယ်..."

ဟယ်ရီ မျက်မှန်တပ်မထားသဖြင့် ရွှန်၏ မျက်နှာမှာ အနည်းငယ် ဝါးတားတား ဖြစ်နေသည်...။

"ဂရိဂိုရီဗစ်ချ်ဆိုတာ ဘယ်သူတုန်း.."

"ငါ ဘယ်သိပါ့မလဲ.. မင်းပြောနေတာပဲဟာ.."

ဟယ်ရီ သူ့နဖူးကို သပ်ရင်း စဉ်းစားလိုက်သည်။ ထိုနာမည်ကို အရင်က သူကြားခဲ့ဖူးသည် ထင်၏..။ သို့သော် စဉ်းစား၍ မရပေ..။

"ဗိုဒီမော့ ဒီလူကို လိုက်ရှာနေတယ် ထင်တယ်.."

"သနားစရာပဲ.."

ဟယ်ရီ သူ့နဖူးကို ပွတ်သပ်ရင်းနှင့်ပင် ထထိုင်လိုက်သည်..။ သူ အိပ်မက်ထဲတွင် မြင်ခဲ့သမျှကို ပြန်မှတ်မိစေရန် ကြိုးစားနေ၏..။ သို့ရာတွင် တောင်ပေါ်လမ်းကလေးနှင့် တောင်ကြားထဲရှိ

မြို့ငယ်လေးမှလွဲ၍ စဉ်းစားမရပေ...။

"သူ ခရီးထွက်နေတယ် ထင်တယ်.."

"ဘယ်သူလဲ.. ဂရိဂိုရီဗစ်ချ်လား..."

"မဟုတ်ဘူး... ဗိုဒီမော့ကို ပြောတာ... သူခရီးထွက်နေတယ်.. ဂရိဂိုရီဗစ်ချ်ကို လိုက်ရှာနေတယ်... ဗြိတိန်က မြင်ကွင်းနဲ့ မတူဘူး..."

"မင်းဆိုလိုတာက သူ့စိတ်ကို မင်းမြင်နေရပြန်ပြီပေါ့..."

ရွှန့်အသံမှာ စိတ်ပူပန်မှု ပါဝင်နေသည်။

"ဟာမီယွန့်ကို ပြန်မပြောနဲ့နော်.. သူက ငါ့အိပ်မက်ထဲမှာ တွေ့ရတာကိုတောင် ရပ်ပစ်ချင်နေတာ.."

ဟယ်ရီ အပြင်းအထန် စဉ်းစားနေသည်။ ဘာကြောင့် ဂရိဂိုရီဗစ်ချ်ဆိုတဲ့ နာမည်ကို ရင်းနှီးနေရတာလဲ..။

“ငါ .. ငါထင်တာကတော့ သူနဲ့ ကွစ်ဒစ်ချ်ကစားတာနဲ့ ပတ်သက်လိမ့်မယ်... ဒါပေမယ့် ဘာလဲဆိုတာ စဉ်းစားမရဘူး...”

ရွှန်က...

“ကွစ်ဒစ်ချ်.. ဟုတ်လား.. မင်းစဉ်းစားနေတာ ဂေါ်ဂိုဗစ်ချ်လား”

“ဘယ်သူ..”

“ဒရာဂိုမာ ဂေါ်ဂိုဗစ်ချ်လေ.. ချပ်ဒလေကန်နွန်ကို လွန်ခဲ့တဲ့ နှစ်နှစ်ကမှ စံချိန်တင်ကြေးနဲ့ ပြောင်းလာတဲ့ ရှေ့ဘောလုံးလိုက်သူလေ...”

“မဟုတ်ဘူး... ငါစဉ်းစားနေတာ သူမဖြစ်နိုင်ဘူး...”

“မဟုတ်တာပဲ ကောင်းပါတယ်ကွာ.. ပျော်ရွှင်ဖွယ်မွေးနေ့ ဖြစ်ပါစေဟယ်ရီ”

“ဝိုး.. ဟုတ်သားပဲ.. ငါမေ့နေတယ်.. ငါဆယ့်ခုနှစ်နှစ်ပြည့်ပြီပဲ..”

ဟယ်ရီ သူ့အိပ်ရာဘေးရှိ မှော်တောင်ဝှေးကို ကောက်ကိုင်ကာ စားပွဲပေါ်တွင် တင်ထားသော သူ့မျက်မှန်ရှိရာသို့ ချိန်လိုက်ရင်း..

“အက်ဆီယို...”

သူနှင့် ဘယ်လောက်မှ မဝေးသော်လည်း သူ့မျက်မှန် အလိုလို လွင့်မျောလာကာ မျက်နှာပေါ်ရောက်လာသည်က ပျော်စရာကောင်းလှသည်။

“ငပျင်းပဲ...”

ရွှန်၏ ရေရွတ်သံ ထွက်ပေါ်လာ၏..။ သူ့တွင် အမှတ်အသား မရှိတော့သည်ကို ဖော်ပြရန် ဟယ်ရီတစ်ယောက် ရွှန့်အခန်းထဲရှိ ပစ္စည်းများကို ပျံဝဲနေအောင် လုပ်ပစ်လိုက်သည်။

အိပ်ပျော်နေသော ဇီးကွက်ကလေး ပစ်ဝစ်ဂျီယွန်ပင် နိုးလာကာ လှောင်အိမ်ထဲတွင် စိတ်လှုပ်ရှားစွာ ပျံဝဲနေ၏..။ ထို့နောက် ဖိနပ်ကြိုးကို မှော်ပညာသုံး၍ ချည်နှောင်လိုက်သည်။ (ထို့ကြောင့်

လက်နှင့်ချည်သည်ထက် မိနစ်များစွာ ပိုကြာသွားရ၏) ထို့နောက်တွင် ရွှန်၏ ချပ်ဒလေကန်နွှန် အသင်းသားများ ရုပ်ပုံမှ လိမ်မော်ရောင် ဝတ်ရုံများကို အပြာရောင်သို့

ပြောင်းပစ်လိုက်၏..။

ရွှန်က...

"မင်းကို လေထဲမှာ ပျံသွားအောင် ငါ့လက်နဲ့တင် လုပ်လို့ရတယ်နော်.. ရော့.. ဒီမှာ .. မင်းအတွက် လက်ဆောင် .. ဒီမှာပဲ ဖြည်ကြည့်.. အမေမြင်လို့ မဖြစ်ဘူး.."

"စာအုပ်လား..."

လေးထောင့်သဏ္ဌာန် ပါဆယ်ကို လှမ်းယူရင်း ဟယ်ရီ မေးလိုက်သည်။

"ဒါ ရိုးရိုး စာအုပ် မဟုတ်ဘူး.. စုန်းကဝေများကို အောင်မြင်စွာ ချည်းကပ်နည်း ဆယ့်နှစ်နည်းတဲ့ ... ဒီထဲမှာ မိန်းကလေးတွေအကြောင်း သိသင့်တာ အကုန်ပါတယ်.. မနှစ်ကသာ

ငါဒီစာအုပ်ရခဲ့ရင် လာဗန်ဒါကို ဘယ်လိုရှင်းပြီး သူနဲ့အဆင်ပြေမယ့်နည်းကို သိရမှာ.. ထားပါတော့.. ဖရက်နဲ့ ဂျော့က ငါ့ကို တစ်အုပ်ပေးတယ်လေ.. အဲဒီ့ထဲက သိရတာတွေ

အများကြီးပဲ.. မင်းလည်း အံ့သြမှာပဲ.. အားလုံးကို မှော်တောင်ဝှေး သုံးရတာချည်း မဟုတ်ဘူး..."

သူတို့ အောက်ထပ် မီးဖိုထဲအရောက်ဝယ် လက်ဆောင်ထုပ်များက စားပွဲပေါ်ဝယ် စုပုံနေ၏..။ ဘီလ်နှင့် မွန်စီယာဒီလကွာတို့မှာ နံနက်စာကို လက်စသတ်လျှက် ရှိသည်..။ မစ္စစ်ဝီစလေမှာ

ဒယ်အိုးနှင့် တစ်ခုခု ကြော်နေရင်း သူတို့နှင့် လှမ်းစကားပြောနေ၏...။

"အာသာက မင်းကို ဆယ့်ခုနစ်နှစ်ပြည့် မွေးနေ့မှာ ပျော်ရွှင်ပါစေလို့ ဆုတောင်းသွားတယ် ဟယ်ရီ... သူ အလုပ်ကို စောစောထွက်သွားရတယ်... ဒါပေမယ့် ညနေစာတော့

အမီပြန်လိမ့်မယ်.. ထိပ်ဆုံးမှာ ငါတို့လက်ဆောင်လေ.."

ဟယ်ရီ စားပွဲတွင် ဝင်ထိုင်လိုက်ရင်း သူမညွှန်ပြသည့် လေးထောင့်သဏ္ဌာန်ပါဆယ်ထုပ်ကို ဖွင့်လိုက်သည်။ အထဲတွင် လက်ပတ်နာရီ တစ်လုံး ရှိနေသည်။ ရွှန်၏ ဆယ့်ခုနစ်နှစ်ပြည့်

မွေးနေ့က မစ္စတာဝီစလေတို့ပေးသည့် နာရီနှင့် အလွန်ပင်ဆင်တူ၏..။ ရွှေရောင်တောက်ပနေကာ နာရီလက်တံအစား ကြယ်ကလေးများ လှည့်ပတ်ပြေးလွှားနေ၏...။

"စုန်းကဝေတစ်ယောက်ကို သူအရွယ်ရောက်လာရင် လက်ပတ်နာရီ ပေးရတာ ထုံးစံပဲလေ.."

မစ္စစ်ဝီစလေက သူ့ကို စိတ်လှုပ်ရှားစွာ ကြည့်ရင်း ဆက်၍...

"ဒီနာရီက ရွန့်ဟာလောက် မသစ်မှာ စိုးရတယ်.. ဒါက အစ်ကိုဖေဘီယန်ရဲ့ နာရီလေ... သူက သူ့ပစ္စည်းကို လုံးဝဂရုမစိုက်တော့ဘူး... နောက်ဘက်မှာ နည်းနည်း သံချေးတက်နေပြီ

ထင်တယ်.. ဒါပေမယ့်.."

သူမ စကားမဆက်နိုင်ပဲ ရှိသည်...။ ဟယ်ရီ ထိုင်နေရာက ထကာ သူမကို ပွေ့ဖက်လိုက်သည်။ သူ ပါးစပ်နှင့် မပြောဖြစ်ခဲ့သော စကားလုံးများကို ပွေ့ဖက်၍ ပြောလိုက်ခြင်းပင်..။

သူမကလည်း နားလည်ဟန်တူ၏...။

ဟာမီယွန်က အခန်းထဲဝင်လာရင်း သူမ၏လက်ဆောင်ကို ထိပ်ဆုံးတွင် တင်ထားလိုက်သည်။

"ပျော်ရွှင်စရာ မွေးနေ့ဖြစ်ပါစေ ဟယ်ရီ... သိပ်တန်ဖိုးမရှိပါဘူးဟာ... နင်ကြိုက်မယ်လို့ မျှော်လင့်ရတာပဲ.. ဟဲ့ ... နင်ကော ဘာပေးသလဲ.."

ရွန်ကမူ သူမ၏ စကားကို ကြားပုံမပေါ်ချေ။ ရွန်က..

"လာစမ်းပါ... သူ့ရဲ့ လက်ဆောင်ကို ဖွင့်စမ်းပါ..."

ဟာမီယွန်က သူ့ကို သူခိုးဖမ်းမှန်ပြောင်းတစ်ခု လက်ဆောင်ပေး၏..။ နောက်အထုပ်တစ်ခုတွင် ဘီလ်နှင့် ဖလူရာက သူ့အတွက် မှော်ပညာဖြင့် စီမံထားသော မုတ်ဆိတ်ရိတ်ဓားတစ်ချောင်း

ပေးထား၏... ("အား.. ဒါက မင်းကို တကယ့်ကို အညင်သာဆုံး မုတ်ဆိတ်ရိတ်ပေးလိမ့်မယ်..."ဟု မွန်စီယာဒီလကွာက ပြောလိုက်သည်...။ "ဒါပေမယ့် ရှင်းရှင်းလင်းလင်း

ပြောဖို့လိုတယ်နော်.. ဒီလိုမှ မပြောရင် မင်းခန္ဓာကိုယ်က အမွေးတွေ နည်းကုန်လိမ့်မယ်..." ဟုလည်း သတိပေးလိုက်သေးသည်..)

ဒီလကွာ မိသားစုကမူ ချောကလက်ဘူးနှင့် ဖရက်နှင့်ဂျော့ထံမှ နောက်ဆုံးပေါ် ဟာသပစ္စည်း ဘူးကြီးတစ်ဘူးကို ရလိုက်သည်။

ကျန်သည့် လက်ဆောင်များကို ဖွင့်ရန် အချိန်မရလိုက်ပေ။ မဒမ် ဒီလကွာ ဖလူရာနှင့် ဂါဘရီရယ်လ်တို့ ဝင်လာ၍ မီးဖိုခန်းမှာ လူများ ပြည့်ကျပ်သွား၍ ဖြစ်သည်။

ဟာမီယွန်က...

"ပေး.. ငါပါ ကူသယ်ပေးမယ်..."ဟုဆိုရင်း ဟယ်ရီ့လက်ထဲမှ အထုပ်များကို ဆွဲယူကာ သုံးယောက်သား အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

"ဟယ်ရီ.. အထဲကို ခဏလောက်..."

ဂျင်းနီကို မထင်မှတ်ပဲ တွေ့လိုက်ရသည်။ ရွှန်ပါ ထိုနေရာတွင် ရပ်တန့်လိုက်သဖြင့် ဟာမီယွန်က လက်မောင်းမှ ဆွဲကာ အပေါ်ထပ်သို့ ခေါ်သွားတော့သည်။ စိတ်လှုပ်ရှားလျက်နှင့်ပင်

ဟယ်ရီ ဂျင်းနီအခန်းထဲ လိုက်ခဲ့သည်။

သူ တစ်ခါမှ ဂျင်းနီအခန်းထဲ မရောက်ခဲ့ဖူးချေ...။ အခန်းမှာ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ် ရှိသည်...။ နံရံပေါ်တွင် စုန်းကဝေ ဂီတဝိုင်းတစ်ခုဖြစ်သည့် ထူးဆန်းသော

ညီအစ်မများ၏ ပိုစတာနဲ့ ဟိုးလီ းဟက်ဒ်ဟာပီး အသင်းခေါင်းဆောင် ဂျူန်းတို့၏ ပုံများကို တွေ့ရသည်။

တစ်ချိန်က သူနှင့်ဂျင်းနီတို့ ကွစ်ဒစ်ချ် ကစားခဲ့ဖူးသော ကွက်လပ်တွင် ဧရာမ ရွက်ဖျင်တဲကြီးကို တွေ့ရ၏..။ ထိပ်ပိုင်းရှိ ရွှေရောင်အလံများမှာ ဂျင်းနီပြတင်းပေါက်ထိ

ရောက်နေကြသည်..။

ဂျင်းနီက ဟယ်ရီ့မျက်နှာကို မော့ကြည့်ကာ အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ရင်း...

"ပျော်ရွှင်စရာမွေးနေ့ ဖြစ်ပါစေ ဟယ်ရီ..."

"ကျေးဇူးပဲ ဂျင်းနီ..."

သူမက ဟယ်ရီ့ကိုသာ တစိုက်မတ်မတ် ငေးကြည့်နေ၏..။ သို့ရာတွင် ဟယ်ရီမှာ သူမကို ပြန်ကြည့်ရန် များစွာ ခက်ခဲနေသည်..။ အလွန်တောက်ပသော အလင်းရောင်ကို ကြည့်နေရသလို

ခံစားနေရသည်..။

"တကယ်လှတဲ့ ရှုခင်းပဲ..."

သူ ပြတင်းပေါက်မှတဆင့် အပြင်ကို ညွှန်ပြလိုက်သည်...။ ဂျင်းနီက ထိုစကားကို အသိအမှတ်မပြုပေ..။ ဟယ်ရီ သူမကို အပြစ်မတင်ရက်...။

"ရှင့်ကို ဘာပေးရမှန်း စဉ်းစားမရဘူး..."

"ငါ့ကို ဘာမှပေးဖို့ မလိုပါဘူး..."

"အသုံးလည်း ဝင်ရမယ် သေးလည်းသေးရမယ်... ဒီလိုမှ မဟုတ်ရင် ရှင် ဘယ်လိုလုပ်ပြီး သယ်သွားနိုင်မှာလဲ..."

ဟယ်ရီ သူမကို တစ်ချက်ကြည့်လိုက်သည်။ သူမ၏ မျက်နှာတွင် မျက်ရည်စတို့ကို မတွေ့ရပေ...။

ထိုအချက်မှာ ဂျင်းနီ၏ ချစ်စရာကောင်းသော အချက်တစ်ခုပင်...။ သူမမှာ ငိုခဲလှသည်..။ အစ်ကိုခြောက်ယောက် ရှိခြင်းကြောင့်များ ပို၍ ကြမ်းတမ်းနေသလားဟု တစ်ခါတစ်ခါ ဟယ်ရီ

တွေးမိ၏...။ သူမက သူ့အနီးသို့ ခြေတစ်လှမ်း ထပ်တိုးလာသည်။

"ကျွန်မ တွေးနေမိတယ်... ကျွန်မကို တစ်ခုခု သတိရနေခဲ့စေချင်တယ်လေ.. ရှင်သွားနေတဲ့ ခရီးတစ်လျှောက်မှာပေါ့.. မတော်တဆ ... ဗီးလာမလေးနဲ့ တွေ့နေရင် ဘယ်လိုလုပ်မလဲ..."

"ငါ့ရဲ့ ခရီးက ချိန်းတွေ့ဖို့ အခွင့်အရေး မရှိသလောက်ပါပဲ.. အဲဒီအချက်ကတော့ သေချာပါတယ်..."

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ... ကျွန်မကို သတိရနေဖို့ပေါ့..."

သူမက တီးတိုးပြောရင်း ဟယ်ရီ့ကို ဖက်နမ်းလိုက်သည်..။ သူမ တစ်ခါမှ ထိုကဲ့သို့ မနမ်းဖူးပေ...။ ဟယ်ရီလည်း သူမကို ပြန်နမ်းလိုက်၏..။ ဖိုင်းယားဝီစကီ သောက်ရသည်ထက်ပို၍

ချိုမြကာ အဆပေါင်းများစွာ နွေးထွေးသည်ဟု ဟယ်ရီထင်မိသည်...။ ကမ္ဘာပေါ်တွင် သူမတစ်ယောက်တည်းသာ ရှိသည်ဟု ဟယ်ရီ ထင်မိ၏..။ သူမ၏ နောက်ကျောကို လက်တစ်ဖက်ဖြင့်

ဖက်ထားရင်း လက်တစ်ဖက်က ရှည်လျားသော ဆံနွယ်များကို ဆော့ကစားနေမိသည်...။

ထိုအချိန်မှာပင် အခန်းတံခါးက ဝုန်းကနဲ ပွင့်သွားသဖြင့် နှစ်ယောက်သား ကမန်းကတန်း လူချင်းခွာလိုက်ရသည်...။ ရွန်က တံခါးဝတွင် ပေါ်လာရင်း...

"အိုး.. ဆောရီး.."

"ရွန်..."

ဟာမီယွန်ပါ အနောက်က ကသောကမျော လိုက်ပါလာ၏...။

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် ဂျင်နီက အသံတိုးတိုးဖြင့်...

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့.. မွေးနေ့မှာ ပျော်ရွှင်ပါစေ ဟယ်ရီ..."

ရွန်၏ နားနှစ်ဘက်မှာ ရဲတွတ်နေပြီး ဟာမီယွန်မှာ ဂနာမငြိမ် ဖြစ်နေ၏...။ ဟယ်ရီ အခန်းတံခါးကို ပြန်ပိတ်ကာ သူတို့နှစ်ယောက်ကို မောင်းထုတ်ပစ်ချင်မိသည်။ အခန်းတံခါး

ပွင့်သွားသည်နှင့် သူ့ပျော်ရွှင်မှုများ ပျောက်ကွယ်သွားသလိုပင်...။ သူ ဂျင်နီနှင့် ဝေးဝေးနေမည်ဟု ဆုံးဖြတ်ခဲ့သော အတွေးများသည် ရွန်နှင့်အတူ အခန်းတွင်း ဝင်လာကာ သူ၏

ပျော်ရွှင်စွာ မေ့လျော့နေမှုကို ဖျက်ဆီးလိုက်သည်။

သူ ဂျင်နီကို ငေးကြည့်နေမိသည်..။ သူ တစ်ခုခုပြောရန် ကြိုးစားလိုက်သော်လည်း ဘာပြောရမှန်း မသိပဲ ဖြစ်နေသည်။ သို့ရာတွင် သူမမှာ သူ့ကို ကျောပေးထားလိုက်ပြီ ဖြစ်သည်...။

ဂျင်နီ ငိုနေပြီလားဟု သူတွေးမိသည်..။ သို့ရာတွင် ရွန့်ရှေ့တွင် သူ မည်သို့မျှ နှစ်သိမ့်၍ မဖြစ်နိုင်ပါ...။

"နောက်မှ တွေ့ကြသေးတာပေါ့..."

သူ နှုတ်ဆက်ရင်း အခန်းထဲမှ ထွက်လာခဲ့သည်။ ရွှန်က အောက်ထပ်သို့ ပြေးဆင်းသွားပြီး မီးဖိုဆောင်က ဖြတ်ကာ နောက်ဖေး ဥယျာဉ်ထဲသို့ ရောက်သွား၏..။ ဟယ်ရီပါ နောက်က

အမီလိုက်သွား၏..။ ဟာမီယွန်ကမူ နောက်မှ လိုက်လာရင်း ထိတ်လန့်နေပုံရသည်။ သူတို့ သပ်သပ်ရပ်ရပ် ရိတ်ထားသော မြက်ခင်းအစပ်နား အရောက်တွင် ရွှန်က ဟယ်ရီ့ဘက်သို့

လှည့်လိုက်ပြီး....

"မင်း သူ့ကို အဆက်ဖြတ်လိုက်ပြီ မဟုတ်လား... အခု ဘာရှုပ်ပြန်တာလဲ..."

"ငါ သူ့ကို ရှုပ်တာ မဟုတ်ဘူး..."

ထိုအချိန်တွင် ဟာမီယွန်မှာ သူတို့နှစ်ယောက်ကို မီလာ၏...။

"ရွှန်..."

သို့ရာတွင် ရွှန်က သူမကို တိတ်တိတ်နေရန် လက်ဖြင့်တားလိုက်ရင်း ...

"မင်း အဆက်ဖြတ်လိုက်တုန်းက သူ ဘယ်လောက် စိတ်ဒုက္ခရောက်ရတယ် ထင်သလဲ..."

"ငါလည်း အတူတူပဲ.. စိတ်ညစ်ရတာပဲ... ငါ ဘာကြောင့် အဆက်ဖြတ်လိုက်သလဲ မင်းသိပါတယ်.. ငါ့ဆန္ဒကြောင့်လို့ မင်းထင်သလား..."

"ဟုတ်ပါတယ်... ဒါပေမယ့် မင်းက ဒီလိုသွားလုပ်တော့ သူ့ကို မျှော်လင့်ချက်သွားပေးသလို ဖြစ်နေမှာပေါ့..."

"သူက တုံးအနေတာ မဟုတ်ဘူး.. ဒီလို ဖြစ်မလာနိုင်တာ သိတယ်.. သူက ငါတို့နှစ်ယောက်ကို နောက်ဆုံး လက်ထပ်ရမယ်လို့ မျှော်လင့်ထားမှာ မဟုတ်ဘူး..."

ထိုးစကားအဆုံးတွင် ဟယ်ရီ့စိတ်ထဲ၌ သတို့သမီးဝတ်စုံ အဖြူနှင့် ဂျင်းနီမှာ သူတစ်ခါမှ မမြင်ဖူးသည့် လူတစ်ယောက်နှင့် လက်ထပ်နေသည့်ပုံကို မြင်ယောင်မိသည်။ သူမ၏

အနာဂတ်မှာ လွတ်လပ်သွားပြီဟု သူထင်မိသည်။ သူ၏ အနာဂတ်တွင်မူ.. သူ ဗိုဒီမော့မှ လွဲ၍ ဘာကိုမျှ မတွေ့ရပေ...။

"မင်း အခွင့်အရေး ရသမျှ သူ့အနားကပ်နေရင်..."

"နောက်တစ်ခါ မဖြစ်စေရပါဘူးကွာ... ဟုတ်ပြီလား.."

ဟက်ရီ ခပ်သွက်သွက်ပြောလိုက်သည်...။ မနက်ခင်းမှာ တိမ်ကင်းစင်နေသော်လည်း နေဝင်သွားသလို သူခံစားလိုက်ရသည်..။ ရွှန်ကို ကြည့်ရသည်မှာ စိတ်ဆိုးနေသလို စိတ်မကောင်း

ဖြစ်နေပုံလည်း ရသည်။ ခဏကြာမှ..

"ကောင်းပြီ... ကောင်းပြီလေ..."

ဂျင်နီ ထိုနေ့တစ်နေ့လုံး ဟယ်ရီနှင့် တစ်ယောက်ချင်းတွေ့ရန် မကြိုးစားတော့ပေ...။ သူ့ကို ကြည့်ပင် မကြည့်တော့ပေ..။ သို့ရာတွင် အိမ်သို့ ချာလီရောက်လာခြင်းက ဟယ်ရီ့ကို

စိတ်သက်သာရာရစေသည်...။ မစ္စစ်ဝီစလေမှာ ချက်ချင်းပင် ချာလီ့အား ထိုင်ခုံတွင် ထိုင်ခိုင်းကာ ဆံပင်ညှပ်ခိုင်းတော့သည်။

ဟယ်ရီ၏ မွေးနေ့ အထိမ်းအမှတ် ညစာစားပွဲမှာ ဘာရိုး၏ မီးဖိုခန်းကို ပြည့်ကျပ်ရုံမက လျှံသွားစေ၏..။ ထို့ကြောင့် ဥယျာဉ်ထဲတွင် စားပွဲများကို ဆက်ကာ ခင်းထားရသည်...။

ဖရက်နှင့်ဂျော့တို့၏ လက်ချက်ဖြင့် နံပါတ် (၁၇)မှာ ခရမ်းရောင်ဆည့်သည်များ အလယ်လေထဲတွင် လွင့်ပျံနေ၏..။

ဟာမီယွန်မှာမူ သူမ၏ မှော်တောင်ဝှေးမှ ပန်းရောင်နှင့် ရွှေရောင်ကြိုးများ ထွက်လာအောင် လုပ်ရင်း သစ်ပင်များနှင့် ချုံပုတ်များကို အလှဆင်နေ၏...။

"သိပ်လှတာပဲ..."

ရွှန်က ချီးကျူးလိုက်သည်..။

"နင့်မှာ ဒီကိစ္စတွေအတွက် တကယ့်ကို အမြင်ရှိတယ်..."

ဟာမီယွန်ကမူ ပန်းသီးရိုင်းပင်၏ အရွက်များကို ရွှေရောင်ပြောင်းပစ်နေသည်။

"ကျေးဇူးပဲ ရွှန်..."

နှစ်ယောက်စလုံး ကြည်နူးနေဟန် ရှိသည်.. ။ ဟယ်ရီပြုံးရင်း ထိုနေရာမှ လှည့်ထွက်လာခဲ့သည်...။ သူ ဂျင်းနီနှင့် မျက်လုံးချင်း ဆုံမိသဖြင့် ပြုံးပြလိုက်မိပြီးမှ ရွှန့်ကိုပေးထားသော ကတိကို

သတိရကာ ကမန်းကတန်း မွန်စီယာဒီလကွာနှင့် စကားပြောနေလိုက်ရသည်..။

"ဘေးကို... ဘေးကို..."

မစ္စစ်ဝီစလေက အော်ရင်းဟစ်ရင်းနှင့် အလွန်ကြီးမားသော ရွှေဘောလုံးကြီး တစ်ခုကို သူမ၏ရှေ့ လေထဲတွင် လွင့်မျောနေစေကာ သယ်ယူလာ၏..။ စက္ကန့်ပိုင်းအတွင်းမှာပင် ထိုအရာမှာ

သူ့အတွက် မွေးနေ့ကိတ်မုန့်း သိလိုက်သည်..။ မစ္စစ်ဝီစလေမှာ မညီညာသော မြေပြင်ကြောင့် ကိတ်မုန့်ကို ကိုယ်တိုင်သယ်မလာပဲ မှော်ပညာဖြင့် သယ်ဆောင်လာကာ စားပွဲအလယ်တွင်

ချထားလိုက်သည်...။

"တကယ့်အံ့သြစရာပဲ မစ္စစ်ဝီစလေ.."

"အို.. ဒါက ဘာမှ မဟုတ်ပါဘူးကွယ်..."

ရွှန်ကမူ သူ့ကို လက်မထောင်ပြလိုက်သည်...။ ခုနစ်နာရီတွင် ဧည့်သည်များ ရောက်လာကြသည်..။

ဖရက်နှင့် ဂျော့မှာ ခြံဝင်းအဆုံးတွင် စောင့်ရင်း ဧည့်သည်များကို ဝင်ခွင့်ပေးနေသည်...။ ဟက်ဂရစ်ကမူ ထိုပွဲအတွက် ဂုဏ်ယူစွာဖြင့် အကောင်းဆုံး ဝတ်ဆင်လာသည်။ သို့ရာတွင် သူ၏

သားမွေးဝတ်ရုံမှာ အမြင်ဆိုးလွန်းသည်ကို သတိပြုမိပုံမရပေ...။

လူပင်မှာ ဟယ်ရီ့ကို လက်ဆွဲနှုတ်ဆက်ရင်း ပြုံးပြလိုက်သော်လည်း ပျော်ရွှင်ပုံ မရဟု သူထင်သည်..။ သူ့ဘေးရှိ တွန့်ခ်မှာမူ ပြုံးရွှင်နေ၏...။ အနည်းငယ် ထူးဆန်းနေသည်ဟု ဟယ်ရီ

ထင်မိသည်...။

"ပျော်ရွှင်ဖွယ် မွေးနေ့ပါ ဟယ်ရီ..."

တွန့်ခ်က သူ့ကိုနှုတ်ဆက်လိုက်သည်...။

"ဆယ့်ခုနစ်နှစ်ပြည့်ပြီပေါ့ ... ဟုတ်လား"

ဟက်ဂရစ်က ဖရက်ကမ်းပေးသော ရေပုံးတမျှ ကြီးမားသည့် ဝိုင်ခွက်ကို လှမ်းယူရင်း ပြော၏..။

"ငါတို့ တွေ့ခဲ့တာ ခြောက်နှစ်ရှိပြီ ဟယ်ရီ... မင်းမှတ်မိရဲ့လား..."

"မှတ်မိတာပေါ့... ခင်ဗျား အရှေ့တံခါးကို ချိုးဖဲ့ပြီး ဝင်လာတယ်.. ဒတ်ဒလေကို ဝက်မြီးတပ်ပေးတယ်... ပြီးတော့ ကျွန်တော်က စုန်းတစ်ယောက်လို့ ပြောခဲ့တယ်လေ..."

"ငါတော့ အသေးစိတ် မမှတ်မိတော့ဘူး... ရွန်နဲ့ ဟာမီယွန်ကော .. ဘယ်လိုလဲ အဆင်ပြေကြတယ်နော်..."

ဟာမီယွန်က

"ကျွန်မတို့ အဆင်ပြေပါတယ်... ရှင်ကော..."

"အား .. မဆိုးလှပါဘူး.. အလုပ်တွေ ရှုပ်နေတယ်.. ယူနီကွန်းတွေ ထပ်မွေးနေတယ်.. မင်းတို့ပြန်လာရင် ငါပြမယ်..."

ရွန်နှင့် ဟာမီယွန်တို့ သူ့ကို လှမ်းကြည့်သည်ကို ဟယ်ရီ မသိချင်ယောင်ဆောင်လိုက်သည်..။ ဟက်ဂရစ်က သူ့အိပ်ကပ်ထဲတွင် မွှေနှောက်ရှာဖွေလိုက်ရင်း..

"ရော့.. ဟယ်ရီ.. ပထမတော့ ဘာပေးရမှန်း စဉ်းစားလို့ မရခဲ့ဘူး.. နောက်မှ သတိရတော့တယ်..."

သူက ကြိုးဖြင့် ဆွဲထားသော အမွေးထူထူနှင့် အိတ်ငယ်လေး တစ်လုံးကို လှမ်းပေးလိုက်သည်..။ လည်ပင်းတွင် ဆွဲထားရမည့် အိတ်မျိုးပင်...။

"မိုကီအရေခွံနဲ့ လုပ်ထားတဲ့ အိတ်လေ.. ဒီထဲက ပစ္စည်းကို ပိုင်ရှင်က လွဲလို့ ဘယ်သူမှ ထုတ်မရဘူး.. အရမ်းရှားတယ်..."

"ကျေးဇူးပဲ ဟက်ဂရစ်..."

"အရေးမကြီးပါဘူးကွာ.."

ဟက်ဂရစ်က အမှိုက်ပုံးအဖုံးနီးပါး ကြီးမားသည့် လက်ဝါးကြီးကို ခါယမ်းရင်း ပြောလိုက်သည်။

"ဟော.. ဟိုမှာ ချာလီပါလား.. ဟေး.. ချာလီ.."

ချာလီက ဟက်ဂရစ်ကို ပြန်၍ လက်ပြလိုက်သည်..။ ချာလီမှာ ရွှန်ထက် အရပ်ပုပြီး တုတ်တုတ်ခိုင်ခိုင်ရှိကာ သူ့လက်မောင်းများတွင် ခြစ်ရာရှရာများ မီးလောင်ရာ အမာရွတ်များနှင့် ပြည့်နက်နေ၏..။

"ဟက်ဂရစ် ... အခြေအနေကောင်းရဲ့လား.."

"စာမရေးတာ ကြာပြီ.. နော့ဘတ်ရော.. ဘယ်လိုလဲ..."

"နော့ဘတ်လား.."

ချာလီက ရယ်မောလိုက်ရင်း...

"ကျွန်တော်တို့ သူ့ကို အခု နော်ဘတ်တာလို့ ခေါ်တယ်..."

"ဟာ.. နော်ဘတ်က အမလားကွ..."

"ဟုတ်တယ်လေ.."

ဟာမီယွန်က...

"ဘယ်လိုလုပ်သိသလဲဟင်..."

"ကွဲပြားချက်တွေ အများကြီး ရှိတာပေါ့.."

ထို့နောက် ချာလီက အသံကို နှိမ့်ချလိုက်ရင်း..

"အဖေမြန်မြန်လာမှ ဖြစ်မယ်.. အမေ့ကို ကြည့်ရတာ စိတ်ရှည်တော့ပုံ မရဘူး..."

သူတို့အားလုံး မစ္စစ်ဝီစလေကို လှမ်းကြည့်လိုက်ကြသည်..။ သူမမှာ မဒမ်ဒီလကွာနှင့် စကားပြောရင်း တံခါးပေါက်ဆီသို့ မကြာခဏ လှမ်းကြည့်နေ၏..။ သူမက..

"ငါတို့ အာသာ့ကို မစောင့်တော့ပဲ စလိုက်ကြရအောင်.. သူ ပြန်လာနိုင်ပုံမရ.. အိုး..."

သူတို့အားလုံး ထိုအရာကို မြင်လိုက်ကြရသည်..။ အလင်းတန်းတစ်ခုမှာ ခြံဝင်းသို့ ဖြတ်၍ ပျံလာကာ စားပွဲပေါ်တည့်တည့် ရောက်လာပြီး ငွေရောင်တောက်ပနေသော မြွေပါတစ်ကောင်

ဖြစ်သွား၏.။ မြွေပါက နောက်ခြေထောက် နှစ်ဖက်ဖြင့် ရပ်ရင်း မစ္စတာဝီစလေ၏ အသံဖြင့် စကားပြောလိုက်သည်...။

"မော်ဝန်ကြီးပါ ငါနဲ့အတူ ပါလာလိမ့်မယ်..."

ထို့နောက်တွင် အစောင့်အရှောက် ဂါထာမှာ လေထဲတွင်ပင် ပျောက်ကွယ်သွား၏..။ လူပင်က ချက်ချင်းပင်...

"ငါတို့ ဒီမှာ မနေသင့်တော့ဘူး.. ဆောရီးပဲ ဟယ်ရီ .. နောက်မှပဲ ရှင်းပြတော့မယ်..."

သူက တွန့်ခ်၏ လက်ကို ဆွဲကာ ခြံစည်းရိုးကို ကျော်တက်၍ နှစ်ယောက်စလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်..။ မစ္စစ်ဝီစလေမှာ ထိတ်လန့်နေပုံရ၏..။

"မော်ဝန်ကြီး ပါလာမယ်.. ဘာကိစ္စလဲ.. နားမလည်နိုင်တော့ဘူး"

သို့ရာတွင် ထိုကိစ္စကို ဆွေးနွေးရန် အချိန်မရှိချေ..။ စက္ကန့်ပိုင်းအတွင်းမှာပင် မစ္စတာဝီစလေမှာ ခြံတံခါးဝတွင် ဘွားကနဲ ပေါ်လာ၏..။ သူ့နောက်တွင် မော်ဝန်ကြီး ရူးဖတ်စ်

စကရင်ဂျီယော်ပါ လိုက်ပါလာသည်။

နှစ်ယောက်စလုံး ခြံဝင်းကိုဖြတ်ကာ စားပွဲရှိရာသို့ လျှောက်လာကြသည်။ အားလုံး တိတ်တိတ်ဆိတ်ဆိတ်ပင် သူတို့နှစ်ယောက်ကို ငေးကြည့်နေမိသည်...။ စကရင်ဂျီယော်တစ်ယောက်

အလင်းရောင်ထဲ ဝင်လာသည်နှင့် သူ့ရုပ်သွင်မှာ သူနှင့် နောက်ဆုံးတွေ့ခဲ့စဉ်ကထက် အများကြီး အိုစာသွားမှန်း ဟယ်ရီ သတိပြုမိလိုက်သည်..။

သူက စားပွဲဘေးတွင် ရပ်လိုက်ရင်း ...

"အနှောင့်အယှက် ပေးသလို ဖြစ်သွားပြီ... မွေးနေ့ပွဲကို တကယ်ပဲ မနှောင့်ယှက်ချင်ပါဘူး..."

သူက ဧရာမ ရွှေဘောလုံးသဏ္ဍာန် ကိတ်မုန့်ကြီးကို တစ်ချက် ကြည့်လိုက်ရင်း...

"ပျော်ရွှင်မှုတွေ ရပါစေ ဟယ်ရီ..."

“ကျေးဇူးတင်ပါတယ်....”

“ငါ မင်းနဲ့ သီးသန့် စကားပြောချင်တယ်.. မစ္စတာ ရော်နယ် ဝီစလေနဲ့ မစ္စဟာမီယွန် ဂရင်ဂါတို့ပါ ပါတယ်...”

ရွန်က အံ့ဩသွားဟန်ဖြင့် ...

“ကျွန်တော်တို့ပါ ဟုတ်လား.. ဘာကြောင့်လဲ..”

“ငါတို့ ပိုပြီး လုံခြုံတဲ့နေရာ ရောက်မှ ပြောကြတာပေါ့.. ဒီမှာ လုံခြုံမယ့်နေရာ မရှိဘူးလား...”

သူက မစ္စတာ ဝီစလေကို လှမ်းမေးလိုက်သည်။ မစ္စတာ ဝီစလေမှာ စိတ်လှုပ်ရှားနေဟန်ဖြင့်...

“ရှိပါတယ်.. ဧည့်ခန်းထဲမှာ သွားပြောလို့ ရပါတယ်...”

စကရင်ဂျီယော်က ရွန့်အား...

“မင်းပဲ လမ်းပြပေတော့.. ခင်ဗျား ကျွန်တော်တို့နောက်ကို လိုက်လာဖို့ မလိုတော့ဘူး အာသာ...”

သူတို့သုံးယောက် ထရပ်လိုက်ချိန်ဝယ် မစ္စတာဝီစလေတို့ ဇနီးမောင်နှံ အချင်းချင်း စိုးရိမ်ပူပန်စွာ ကြည့်လိုက်သည်ကို ဟယ်ရီ မြင်လိုက်ရသည်။ သူတို့ တိတ်တိတ်ဆိတ်ဆိတ်ပင် အိမ်ထဲသို့

ဝင်ခဲ့ကြသည်...။ ကျန်နှစ်ယောက်စလုံး ဘာတွေးနေမလဲဆိုသည်ကို ဟယ်ရီ သိနေသည်..။ စကရင်ဂျီယော်မှာ သူတို့ ဟော့ဝပ်သို့ မသွားတော့မည်ကို ရိပ်မိနေပုံ ရသည်...။

ဧည့်ခန်းထဲရောက်သည်အထိ စကရင်ဂျီယော်မှာ စကားတစ်ခွန်းမျှ မဆိုချေ။ ဥယျာဉ်ထဲတွင် ရွှေရောင်များ တောက်ပနေသော်လည်း အိမ်ထဲတွင်မူ မှောင်နေပြီ ဖြစ်သည်။ ဟယ်ရီ

ဆီမီးအိမ်ကို မီးညှိလိုက်သည်..။ စကရင်ဂျီယော်မှာ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်..။ သူတို့သုံးယောက်မှာမူ ဆိုဖာပေါ်တွင် ပူးကပ်ထိုင်လိုက်ကြသည်..။

“ငါ မင်းတို့ကို မေးခွန်းတချို့ မေးစရာ ရှိတယ်.. ဒါကို သီးသန့်မေးတာ ပိုကောင်းမယ်လို့ ထင်တယ်... ဒီတော့ မင်းတို့နှစ်ယောက် အပေါ်ထပ်ကို တက်နေကြ.. ငါ ရော်နယ်ကို

စမေးမယ်..”

သူက ဟယ်ရီနှင့် ဟာမီယွန်ကို လက်ညှိုးညွှန်ရင်း ဆို၏…။ ဟယ်ရီကမူ…

“ကျွန်တော်တို့ ဘယ်မှ မသွားနိုင်ဘူး.. ကျွန်တော်တို့အားလုံးကို ပြောချင်ပြောနိုင်တယ်.. ဒီလိုမှ မဟုတ်ရင် မပြောနဲ့တော့…”

ဟာမီယွန်ကပါ ခေါင်းကို သွက်သွက်ညိတ်ရင်း ထောက်ခံ၏…။ စကရင်ဂျီယော်က ဟယ်ရီ့ကို အေးစက်စက်ကြည့်လိုက်သည်..။ ထို့နောက် …

“ကောင်းပြီလေ..”

သူက လည်ချောင်းတစ်ချက် ရှင်းရန် ချောင်းဟန့်လိုက်ပြီးမှ…

“ငါ ဒီကို ရောက်လာရတာက အဲဗက်စ် ဒမ်ဘယ်လ်ဒိုးရဲ့ သေတမ်းစာကြောင့်ပဲ…”

သူတို့သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်…။

“အံ့ဩသွားကြသလား.. ဒမ်ဘယ်လ်ဒိုးက မင်းတို့ကို တစ်ခုခုထားခဲ့မယ်လို့ မတွေးမိဘူးပေါ့…”

ရွန်က…

“ကျွန်… ကျွန်တော်တို့အားလုံးကိုလား .. ကျွန်တော်နဲ့ ဟာမီယွန်အတွက်ပါ ပါလား…”

“ဟုတ်တယ်.. အားလုံးအတွက်ပဲ…”

ဟယ်ရီက ချက်ချင်းပင်…

“ဒမ်ဘယ်လ်ဒိုး သေတာ တစ်လကျော်ပြီ.. ဘာလို့ ဒီလောက်ကြာမှ သူချန်ခဲ့တဲ့ ပစ္စည်းတွေကို လာပေးလာတဲ…”

ဟာမီယွန်က စကရင်ဂျီယော် အဖြေမပေးနိုင်ခင်မှာပင်…

“ထူးဆန်းသလားဟ.. သူတို့က ဒီပစ္စည်းတွေကို စစ်ဆေးချင်သေးတယ်လေ.. ရှင်တို့ ဒီလိုလုပ်ဖို့ မသင့်ဘူး…”

သူမ၏ အသံမှာ အနည်းငယ် တုန်ခါနေ၏..။ စကရင်ဂျီယော်က…

“ငါ့မှာ အခွင့်အရေး ရှိတယ်.. စစ်ဆေးခွင့်ပြုထားတဲ့ ဥပဒေ ရှိတယ်...”

“ဒီဥပဒေက မိစ္ဆာပစ္စည်းတွေ မပေးနိုင်အောင် တားဆီးတဲ့ ဥပဒေပဲ... နောက်ပြီး မစစ်ဆေးခင်မှာ သက်သေရှိဖို့လည်း လိုတယ်... ရှင်ဆိုလိုတာက ဒမ်ဘယ်လ်ဒိုးက ကျိန်စာတိုက်ထားတဲ့

ပစ္စည်းတွေ ထားခဲ့တယ်လို့ ထင်လို့လား...”

“မင်းက မော်ဥပဒေအကြောင်း ဆွေးနွေးချင်လို့လား မစ္စဂရန်ဂါ...”

“မဟုတ်ဘူး... ကျွန်မက မှန်မှန်ကန်ကန် ဖြစ်စေချင်တာ...”

ရွန်က ရယ်လိုက်သည်။ စကရင်ဂျီယော်မှာ ရွန့်ကို တစ်ချက်လှမ်းကြည့်လိုက်သော်လည်း ဟယ်ရီ့စကားကြောင့် သူ့ထံပြန်၍ အာရုံစိုက်လာ၏..။

“ဒါဆို ဘာလို့ ကျွန်တော်တို့ကို ပေးဖို့ ဆုံးဖြတ်လိုက်တာလဲ... စစ်ဆေးဖို့ သိမ်းမထားတော့ဘူးလား...”

ဟာမီယွန်ကပင် ဝင်၍ အဖြေပေးပြန်၏...။

“သိမ်းထားလို့ မရတော့ဘူးလေ.. ဘာလို့လဲဆိုတော့ သုံးဆယ့်တစ်ရက်ပြည့်သွားလို့ပဲ.. သူတို့ အန္တရာယ်ရှိပါတယ်လို့ သက်သေမပြနိုင်ပဲ ဒီ့ထက်ကြာကြာ သိမ်းထားခွင့်မရှိဘူး....

ဟုတ်ပါတယ်နော်...”

စကရင်ဂျီယော်မှာ ဟာမီယွန့်စကားကို ဂရုမစိုက်ပဲ ရွန့်ဘက်သို့လှည့်ကာ...

“မင်းနဲ့ ဒမ်ဘယ်လ်ဒိုး ရင်းနှီးသလား ရော်နယ်...”

“ဟင့်အင်း ... ဒီလောက် မရင်းနှီးပါဘူး.. ရင်းနှီးတာက ဟယ်ရီပါ...”

ရွန်က ဟယ်ရီနှင့် ဟာမီယွန့်ကို တစ်ချက် ကြည့်လိုက်သည်။ ဟာမီယွန်က ဆက်မပြောနဲ့တော့ဟု သတိပေးသည့် အကြည့်မျိုးနှင့် ကြည့်လိုက်သည်။ သို့ရာတွင် ရွန်၏စကားမှာ

လွန်သွားခဲ့ပြီဖြစ်သည်...။ စကရင်ဂျီယော်ကို ကြည့်ရသည်မှာ သူလိုချင်သည့်အဖြေ ရသွားဟန် ရှိသည်..။ သူက ရွန့်အဖြေထဲမှ မှားကွက်ကို ချက်ချင်း အခွင့်ကောင်းယူလိုက်သည်။

"မင်းနဲ့ ဒမ်ဘယ်လ်ဒိုး သိပ်မရင်းနှီးဘူးဆိုရင် သူက ဘာဖြစ်လို့ သေတမ်းစာထဲမှာ သတိတရ ရေးထားခဲ့ရတာလဲ… သူ လူပုဂ္ဂိုလ်နာမည်တပ်ပြီး ထားခဲ့တာ သိပ်နည်းတယ်..

သူ့ပိုင်ဆိုင်မှုအများစုရယ်… သူ့ရဲ့ ကိုယ်ပိုင်စာကြည့်တိုက်ရယ် သူ့ရဲ့ မှော်ပစ္စည်းတွေရယ် ရှိသမျှ အားလုံးနီးပါးကို ဟော့ဝပ်အတွက် ထားပစ်ခဲ့တယ်.. မင်းကို ဘာကြောင့်

သူရွေးထုတ်ထားခဲ့ရတာလဲ…"

"မသိဘူးလေ.. သိပ်… သိပ်မရင်းနှီးဘူးဆိုပေမယ့် … အဲ… သူ ကျွန်တော့်ကို သဘောကျလို့ ဖြစ်မှာပေါ့…"

ဟာမီယွန်ကပါ…

"နင်က ကျောင်းမှာ စံပြပဲ ရွန်.. ဒမ်ဘယ်လ်ဒိုးက နင့်ကို သိပ်သဘောကျတယ် မဟုတ်လား…"

ထိုစကားမှာ အမှန်တရားနှင့် လုံးဝမနီးစပ်ပေ…။ ရွန်နှင့် ဒမ်ဘယ်လ်ဒိုးမှာ နှစ်ယောက်တည်း မတွေ့ခဲ့ဖူးပေ…။ သူတို့နှစ်ယောက်တွင် တိုက်ရိုက်ပတ်သက်စရာ အကြောင်း လုံးဝမရှိခဲ့…။

သို့ရာတွင် စကရင်ဂျီယော်မှာ ထိုစကားကို သေချာနားထောင်ပုံမရ..။ သူ့ဝတ်ရုံထဲမှ အိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်သည်။ ဟက်ဂရစ် ဟယ်ရီ့ကို လက်ဆောင်ပေးသော

အိတ်ထက်ကြီး၏..။ ထိုအထဲမှ စာလွှာတစ်ခုကို သူ ထုတ်လိုက်ကာ ဖွင့်၍ ဖတ်ပြလိုက်သည်…။

"အဲဗက်စ် ပါစီဗယ်လ် ဝူဖရစ် ဘရိုင်ယန် ဒမ်ဘယ်လ်ဒိုး၏ သေတမ်းစာ… ဟောဒီမှာ.. ရော်နယ်ဘီလီယပ်စ် ဝီစလေအတွက် ကျွန်ုပ်၏ အလင်းထိန်းကိရိယာကို ထားရစ်ခဲ့သည်.. သူ

အသုံးပြုတိုင်း သတိရနေစေရန်အတွက် ဖြစ်သည်… တဲ့…"

စကရင်ဂျီယော်က အိတ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်…။ ထိုအရာကို ဟယ်ရီ မြင်ဖူးခဲ့သည်..။ ငွေရောင်မီးခြစ်တစ်ခုနှင့် ခပ်ဆင်ဆင်တူကာ အလင်းရောင်ကို စုပ်ယူနိုင်

ပြန်ထားနိုင်သော အစွမ်းရှိသည်။ စကရင်ဂျီယော်က အလင်းထိန်းကိရိယာကို ရွန့်အားပေးလိုက်၏..။ ရွန့်ကို ကြည့်ရသည်မှာ အံ့အားသင့်နေဟန် တူသည်…။

"ဒါ အရမ်း တန်ဖိုးရှိတဲ့ ပစ္စည်းပဲ.. လောကကြီးထဲမှာ နောက်တစ်ခုတောင် ရှိနိုင်ဖို့ ခဲယဉ်းတယ်.. ဒါ ဒမ်ဘယ်လ်ဒိုးရဲ့ လက်ရာပဲ … သူက ဒီလောက်ရှားတဲ့ ပစ္စည်းကို ဘာလို့ မင်းအတွက်

ထားခဲ့ရတာလဲ…"

ရွန်က အံ့အားသင့်နေဟန်ဖြင့် ခေါင်းခါပြ၏..။ စကရင်ဂျီယော်က…

"ဒမ်ဘယ်လ်ဒိုးမှာ တပည့်တွေ ထောင်နဲ့ချီပြီး ရှိတယ်.. ဒါပေမယ့် သူ့ရဲ့ သေတမ်းစာထဲမှာ သတိတရ ရေးထားတာက မင်းတို့ သုံးယောက်ပဲ.. ဒါ ဘာကြောင့်လဲ.. သူ့ရဲ့

အလင်းထိန်းကိရိယာကို မင်းဘယ်လိုသုံးမယ်လို့ ထင်လို့လဲ.. ဟင်.. မစ္စတာဝီစလေ.. ပြောပါဦး…"

ရွန်က…

"မီးငြိမ်းဖို့ သုံးရမှာပေါ့.. တခြား ဘာလုပ်လို့ ရမှာလဲ…"

စကရင်ဂျီယော်မှာ ရွန့်ကို ဘာမှတ်ချက်မှ မပေးပဲ ကြည့်နေ၏…။ ထို့နောက် ဒမ်ဘယ်လ်ဒိုး၏ သေတမ်းစာကို ဆက်ဖတ်လိုက်သည်။

"မစ္စဟာမီယွန်ဂျင်းဂရန်ဂါအတွက် ကျွန်ုပ်ရဲ့ ညီအစ်ကိုသုံးယောက် ပုံပြင်စာအုပ်ကို ထားခဲ့ပါတယ်… သူမအတွက် စိတ်ဝင်စားစရာ ဖြစ်မယ် မျှော်လင့်လို့ပါ…"

စကရင်ဂျီယော်က အိတ်ထဲမှ စာအုပ်လေးတစ်အုပ်ကို ထုတ်ယူလိုက်သည်..။ မိစ္ဆာမှော်ပညာ၏ လျှို့ဝှက်ချက်များ စာအုပ်လိုပင် ဟောင်းနွမ်းနေ၏..။ စာအုပ်မှာ စုတ်ပြဲစပြုကာ

အစွန်းအထင်းများ ထင်နေ၏..။ ဟာမီယွန်က စာအုပ်ကို တိတ်တိတ်ဆိတ်ဆိတ်ပင် လက်ခံယူလိုက်သည်..။ စာအုပ်ပေါ်ရှိ ခေါင်းစဉ်စာသားများမှာ ဖတ်၍ မရနိုင်အောင် ဟောင်းနွမ်းနေပြီ

ဖြစ်သည်..။ စာအုပ်ကိုကြည့်ရင်း ဟာမီယွန် ငိုချလိုက်သည်။

"မစ္စဂရင်ဂါ.. ဒီစာအုပ်ကို ဒမ်ဘယ်လ်ဒိုးက ဘာအတွက် ထားခဲ့တယ်လို့ ယူဆသလဲ…"

ဟာမီယွန်က မျက်ရည်များကို သုတ်ရင်း…

"ကျွန်မ စာအုပ်တွေကို ကြိုက်တာ သူသိတယ်လေ.."

"ဒါပေမယ့် ဘာကိစ္စ ဒီစာအုပ်ကို ပေးရတာလဲ..."

"မသိဘူး.. ကျွန်မကြိုက်မယ်ထင်လို့ ဖြစ်မှာပေါ့.."

"ဒမ်ဘယ်လ်ဒိုးနဲ့ လျှို့ဝှက် စာပို့နည်းများ ဆွေးနွေးဖြစ်သေးသလား..."

"မဆွေးနွေးဖူးပါဘူး.. နောက်ပြီး ဝန်ကြီးဌာနက စစ်ဆေးပြီးတာတောင် ဘာလျှို့ဝှက်ချက်မှ မတွေ့ရင် ကျွန်မလည်း တွေ့လိမ့်မယ် မထင်ဘူး..."

သူမက ငိုရှိုက်မှုကို ရပ်တန့်ရန် ကြိုးစားနေ၏...။ ပူးကပ်ထိုင်နေကြသဖြင့် ရွန်က ဟာမီယွန့်အား ဖက်၍ နှစ်သိမ့်ရန် ခက်ခဲနေသည်။

စကရင်ဂျီယော်က သေတမ်းစာကို ဆက်ဖတ်၏..။

"ဟယ်ရီ ဂျိမ်းစ်ပေါ်တာအတွက် .. သူ ပထမဆုံး ကွစ်ဒစ်ချ်ပြိုင်ပွဲတွင် ဖမ်းယူနိုင်ခဲ့သော ရွှေဘောလုံးကို ထားရစ်ခဲ့သည်... သူ၏ ကျွမ်းကျင်မှုအတွက် ချီးမြှင့်သော ဆုအဖြစ်

မှတ်ယူစေချင်သည်..."

စကရင်ဂျီယော်က တောင်ပံတဖျတ်ဖျတ် ခတ်လျှက်ရှိသော ရွှေရောင်ဘောလုံးကလေးကို ဟယ်ရီ့ထံသို့ ကမ်းပေးလိုက်သည်...။

"ဘာလို့ မင်းအတွက် ရွှေဘောလုံးကို ထားခဲ့တာလဲ..."

"မသိဘူးလေ.. စာထဲမှာ ရေးထားတဲ့အတိုင်းပဲ ဖြစ်မှာပါ.. သူ့ကို သတိရနေအောင် ဆုပေးခဲ့တာ ဖြစ်မှာပေါ့..."

"ဒါဆို ဒါက အမှတ်အသားတစ်ခု .. လက်ဆောင်တစ်ခုပဲပေါ့.. ဟုတ်လား..."

"ဟုတ်မှာပေါ့ .. ဒါ့အပြင် ဘာရှိသေးလို့လဲ..."

စကရင်ဂျီယော်က သူ့ထိုင်ခုံကို ဟယ်ရီ့အနီးသို့ ဆွဲယူလိုက်ရင်း..

"ငါမေးနေတယ်လေ.. မင်းရဲ့ မွေးနေ့ကိတ်ကလည်း ရွှေဘောလုံးပုံပဲ.. အဲဒါ ဘယ်လိုဖြစ်ရတာလဲ..."

ဟာမီယွန်က ရယ်မောလိုက်ရင်း...

"ဒါက ဟယ်ရီ့ကို ရွှေဘောလုံးဖမ်းတဲ့သူအဖြစ် ဂုဏ်ပြုထားတာလေ.. ဘာလဲ.. ကိတ်မုန့်ထဲမှာ လျှို့ဝှက်စာ ချန်ခဲ့တယ် ထင်လို့လား..."

"ကိတ်မုန့်ထဲမှာလို့ မထင်ပါဘူး.. ဒါပေမယ့် ရွှေဘောလုံးကတော့ ပစ္စည်းသေးသေးလေးတွေ ထည့်ဖွက်လို့ သိပ်ကောင်းတာပေါ့.. ဟုတ်တယ် မဟုတ်လား..."

ဟာမီယွန်က ချက်ချင်း အဖြေပေးလိုက်သည်..။

"ဘာလို့လဲဆိုတော့ ရွှေဘောလုံးတွေရဲ့ မှတ်ဉာဏ်ကြောင့်ပဲ..."

"ဘာပြောတယ်..."

ဟယ်ရီကော ရွန်ပါ တအံ့တသြ ဖြစ်သွားကြသည်..။ ကွစ်ဒစ်ချ်အကြောင်းကို ဟာမီယွန် များများမသိဟု သူတို့ထင်ကြသည်..။

စကရင်ဂျီယော်က ...

"သိပ်ဟုတ်တာပေါ့.. ရွှေဘောလုံးတွေဟာ လွှတ်လိုက်တဲ့အချိန်ထိ လူ့အသားနဲ့ မထိဖူးဘူး.. လုပ်တဲ့သူတွေကလည်း လက်အိတ်နဲ့ လုပ်ယူတာ.. သူ့မှာ သူ့ကို ပထမဆုံးထိတွေ့တဲ့သူကို

မှတ်မိနိုင်တဲ့ စွမ်းရည်ရှိတယ်.. ဒီရွှေဘောလုံးက မင်းကို မှတ်မိမှာပဲ ဟယ်ရီပေါ်တာ.. ဒမ်ဘယ်လ်ဒိုးဆိုတာ အင်မတန် မှော်ပညာတော်တဲ့သူပဲ.. သူက ဒီရွှေဘောလုံးကို မင်းလက်နဲ့ထိမှ

ပွင့်အောင် စီရင်ခဲ့ဖို့ အလွယ်ကလေးပဲ..."

သူက ဟယ်ရီ့ထံသို့ ရွှေဘောလုံးကို ကမ်းပေးလိုက်သည်..။ ဟယ်ရီ့ရင်ခုန်သံ မြန်လာ၏..။ စကရင်ဂျီယော်၏စကား မှန်နိုင်ကြောင်း သူသိသည်..။ သူ ဘယ်လိုလုပ် လက်နဲ့မထိပဲ

ယူရပါ့မလဲ..။

"ဘာမှ မပြောတော့ဘူးလား.. ကြည့်ရတာ ရွှေဘောလုံးထဲက ပစ္စည်းကို မင်းသိနေပုံပဲ..."

"မသိပါဘူး..."

ဟယ်ရီ ရွှေဘောလုံးကို ဘယ်လိုလုမ်းယူရလျှင် ကောင်းမည်လဲဟု အသည်းအသန် စဉ်းစာနေ၏..။ သူသာ သူများစိတ်ကို ဖတ်နိုင်တဲ့ မှော်ပညာကို သေသေချာချာတတ်လျှင် ဟာမီယွန်

ဘာတွေတွေးနေသလဲကို သိချင်နေမိသည်..။

"ယူလိုက်ပါ..."

ဟယ်ရီ မှော်ဝန်ကြီး၏ မျက်လုံးများကို ကြည့်ရင်း .. မယူလျှင် မဖြစ်တော့မှန်း သိလိုက်သည်..။ ဟယ်ရီ့လက်ထဲသို့ စကရင်ဂျီယော်က ရွှေဘောလုံးကို ဖြည်းညင်းစွာ

ထည့်ပေးလိုက်သည်...။

ဟယ်ရီ ရွှေဘောလုံးကို ဆုပ်ကိုင်ထားလိုက်သည်..။ သို့ရာတွင် ဘာမျှ ထူးခြားမလာပေ..။ စကရင်ဂျီယော်.. ရွန်နှင့် ဟာမီယွန်တို့ သုံးယောက်စလုံး ရွှေဘောလုံးကို မျက်တောင်မခတ်ပဲ

ငေးကြည့်နေ၏..။ ပုံစံတစ်ခုခု ပြောင်းသွားမည်ဟု သူတို့ မျှော်လင့်နေဆဲပင်...။

"ဒါ တကယ့်ကို စိတ်ကူးယဉ်ဆန်တာပဲ..."

ရွန်နှင့် ဟာမီယွန်တို့က သူ့အပြောကို သဘောတကျ ရယ်မောလိုက်သည်။

ဟာမီယွန်က ...

"ဒါဆို ကိစ္စပြီးပြီ မဟုတ်လား..."

စကရင်ဂျီယော်မှာ စိတ်ပျက်သွားဟန်ဖြင့်..

"မပြီးသေးဘူး.. ဒမ်ဘယ်လ်ဒိုးက မင်းကို နောက်တစ်ခု ထပ်ပေးခဲ့သေးတယ် ပေါ်တာ.."

"ဘာလဲ..." ဟယ်ရီ စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

"ဂိုဒရစ်ဂရစ်ဖင်ဒေါ်ရဲ့ ဓားပဲ..."

ရွန်ကော ဟာမီယွန်ပါ အလွန်အံ့သြသွားဟန်ဖြင့် ခပ်တောင့်တောင့်ကြီးများ ဖြစ်သွားကြသည်..။ သူ ပတ္တမြားလုံးကြီး မြှုပ်ထားသော ဓားလက်ကိုင်ကို ရှာဖွေကြည့်လိုက်သည်..။

စကရင်ဂျီယော်က ခါးကို အိတ်ထဲမှ ဆွဲမထုတ်ချေ..။ ထို့အပြင် ခါးမှာ ထိုအိတ်ထဲတွင်လည်း မဝင်ဆံ့လောက်ပေ...။

"ဒါဆို ဘယ်မှာလဲ.."

"စိတ်မကောင်းပါဘူး.. ဒီခါးကို ဒမ်ဘယ်လ်ဒိုး ပေးချင်တိုင်း ပေးပစ်ခွင့် မရှိဘူး.. ဂိုဒရစ်ဂရစ်ဖင်ဒေါ်ရဲ့ ခါးဟာ သမိုင်းဝင်ပစ္စည်းတစ်ခု.. ပြီးတော့ ဒီခါးကို..."

ထိုအချိန်မှာပင် ဟာမီယွန်က စိတ်ဆိုးဆိုးဖြင့် ဝင်၍...

"ဒီခါးကို ဟယ်ရီပိုင်တာပဲ... ဒီခါးက သူ့ဆီကို ရောက်လာတာ.. ဒီခါးကို အဆောင်ခွဲပေးတဲ့ ဦးထုပ်ထဲက သူဆွဲထုတ်တာ..."

"ယုံကြည်ရလောက်တဲ့ သမိုင်းပညာရှင်တွေ အဆိုအရတော့ ဒီခါးက ထိုက်တန်တဲ့ စစ်မှန်တဲ့ ဘယ်ဂရစ်ဖင်ဒေါ် ကျောင်းသားဆီကိုမဆို ရောက်လာလေ့ ရှိတယ်တဲ့.. ဒါဟာ

မစ္စတာပေါ်တာရဲ့ ပစ္စည်းမဟုတ်ဘူး.. ဒမ်ဘယ်လ်ဒိုး ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ်ပေါ့..."

စကရင်ဂျီယော်က ဟယ်ရီ့ဘက်ကို လှည့်လိုက်ရင်း...

"ဘာကြောင့်လို့ မင်းထင်သလဲ.."

ဟယ်ရီ စိတ်မတိုမိအောင် တတ်နိုင်သမျှ ထိန်းသိမ်းရင်း..

"ဘာကြောင့် ဒမ်ဘယ်လ်ဒိုးက ဒီခါးကို ပေးခဲ့ချင်သလဲ.. ဟုတ်လား.. ဒီခါးကို ကျွန်တော့်အခန်းနံရံမှာ ချိန်ထားရင် ကြည့်ကောင်းမယ် ထင်လို့ဖြစ်မှာပေါ့.."

"ဒါနောက်စရာ ကိစ္စမဟုတ်ဘူး ပေါ်တာ.. ဒမ်ဘယ်လ်ဒိုးက ဂိုဒရစ်ဂရစ်ဖင်ဒေါ်ရဲ့ ခါးကပဲ စလီသရင်ရဲ့ နေရာ ဆက်ခံသူကို ရှင်းပစ်နိုင်မယ် ထင်လို့လား.. ဒါမှ မဟုတ် သူလည်းပဲ

တခြားလူတွေလိုပဲ မင်းဟာ မိစ္ဆာသခင်ကြီးကို ရပ်တန့်နိုင်ဖို့ ကံကြမ္မာက ဖန်တီးပေးတဲ့သူလို့ ထင်လို့လား..."

ဟယ်ရီက...

"စိတ်ဝင်စားစရာ တော်တော်ကောင်းတဲ့ အတွေးပဲ.. တစ်ယောက်ယောက်ကများ ဗိုဒီမော့ကို ဓားနဲ့ထိုးဖို့ ကြံစည်ဖူးသလား.. ဒါဆိုရင်လည်း ဒီကိစ္စအတွက် လူတွေ သုံးသင့်တယ်.. ဘာမ

ဟုတ် ညာမဟုတ် အလင်းထိန်းကိရိယာကို စစ်ဆေးနေတာတို့ အက်ဇကာဘန် ထောင်ဖောက်ပြေးတဲ့ သတင်းကို ဖုံးကွယ်ထားတဲ့ ကိစ္စမျိုးမှာတို့ လူအင်အားမသုံးသင့်ဘူး.. ခင်ဗျား

ဒီအလုပ်ကို လုပ်နေတာလား ဝန်ကြီး.. ရုံးခန်းတံခါး ပိတ်ထားပြီးတော့ ရွှေဘောလုံးကို ဖွင့်ဖို့ ကြံနေသလား.. လူတွေ သေဘေးနဲ့ ရင်ဆိုင်နေရတယ်.. သေနေကြတယ်... ကျွန်တော်တောင်

သေတော့မလို့ပဲ.. ဗိုဒီမော့က ဒီကိုလာတဲ့ ခရီးတစ်လျှောက်လုံး နောက်ကလိုက်လာတာ .. သူက မူဒီ့ကို သတ်ပစ်လိုက်တယ်.. ဒီကိစ္စကိုလည်း ဝန်ကြီးဌာနက ဖုံးကွယ်ထားတယ်.. ဒါနဲ့များ

ကျွန်တော်တို့ကို ခင်ဗျားနဲ့ ပူးပေါင်းမယ် ထင်နေသလား..."

"မင်းသိပ်လွန်လာပြီ..."

စကရင်ဂျီယော်က အော်ဟစ်ရင်း မတ်တတ်ရပ်လိုက်သည်။ ဟယ်ရီလည်း ဝုန်းကနဲ ထရပ်လိုက်၏..။ စကရင်ဂျီယော်က ဟယ်ရီ့အနီးရောက်လာကာ သူ့ရင်ဘတ်ကို မှော်တောင်ဝှေးဖြင့်

ထိုးချိန်လိုက်သည်..။ တောင်ဝှေးထိပ်ဖျားမှာ ဟယ်ရီ့ရှပ်အင်္ကျီကို စီးကရက်မီးကဲ့သို့ အပေါက်တစ်ပေါက် ဖြစ်သွားစေသည်..။

"ဟေ့..."

ရွန်က နေရာမှ ခုန်ထကာ သူ၏ မှော်တောင်ဝှေးဖြင့် ထိုးချိန်လိုက်သည်။ သို့ရာတွင် ဟယ်ရီက ..

"မလုပ်နဲ့ ... သူ့ကို ငါတို့ကို ဖမ်းချုပ်ဖို့ အခွင့်အရေး ပေးချင်လို့လား.."

စကရင်ဂျီယော်က သူ့မျက်နှာအနီးကပ်ရင်း..

"မင်းကျောင်းမှာ မဟုတ်ဘူး.. ဒါကို သတိရစမ်းပါ.. ငါကလည်း ဒမ်ဘယ်လ်ဒိုး မဟုတ်ဘူး... မင်းလုပ်သမျှကို ခွင့်လွှတ်ပြီး မျက်နှာလွှဲ မနေနိုင်ဘူး.. မင်းနဖူးပေါ်မှာ

အမာရွတ်ရှိချင်ရှိလိမ့်မယ်.. ဒါပေမယ့် ဆယ့်ခုနစ်နှစ်သားလေးက ငါ့ကိုဘာလုပ်ပါ ညာလုပ်ပါ ပြောစရာမလိုဘူး.. မင်း ငါ့ကို လေးစားသင့်ပြီ ထင်တယ်..."

"အဲဒီ့အချိန်က ဝေးပါသေးတယ်…"

ထိုအချိန်မှာပင် အပြေးဝင်လာသော ခြေသံများကို ကြားလိုက်ရသည်..။ ထို့နောက်တွင် ဧည့်ခန်းတံခါး ဝုန်းကနဲ့ပွင့်သွားပြီး မစ္စတာဝီစလေတို့ ဇနီးမောင်နှံ ဝင်ရောက်လာ၏..။

မစ္စတာဝီစလေက ဟယ်ရီနှင့် ဝန်ကြီးတို့ မျက်နှာချင်းဆိုင် နီးနီးကပ်ကပ် ရပ်နေကြသည်ကို မြင်လျှင် ထိတ်လန့်သွားဟန်ဖြင့်…

"ကျွန်.. ကျွန်တော်.. အသံကြားမိလိုက်သလားလို့.."

စကရင်ဂျီယော်က ဟယ်ရီ့အနားမှ နောက်သို့ ပြန်ဆုတ်သွားသည်။

ဟယ်ရီ့ရုပ်အင်္ကျီပေါ်မှ မီးကျွမ်းသွားသည့် အပေါက်ကို ကြည့်ရင်း သူ စိတ်မထိန်းနိုင်ပဲ ဖြစ်သွားရပုံကို နောင်တရဟန် ရှိသည်။

"ဘာ.. ဘာမှ မဟုတ်ပါဘူး…"

သူက ဟယ်ရီ့ကို ကြည့်လိုက်ရင်း..

"မင်းကော ဒမ်ဘယ်လ်ဒိုးကော တွေးသလို ဆုံးဖြတ်သလိုပဲ ငါတို့ ဝန်ကြီးဌာနလည်း ဆုံးဖြတ်ထားပါတယ်.. ငါတို့နဲ့အတူ လက်တွဲသင့်တယ်.."

"ကျွန်တော် ဝန်ကြီးဌာနရဲ့ လုပ်နည်း လုပ်ဟန်တွေကို မကြိုက်ဘူးလေ.. ဝန်ကြီးမေ့နေပြီလား…"

စကရင်ဂျီယော်၏ အမူအရာမှာ ချက်ချင်းပင် တင်းမာခက်ထန်သွား၏..။ သူ စကား ဆက်မပြောတော့ပဲ အခန်းတွင်းမှ ထွက်သွားတော့သည်..။ မစ္စစ်ဝီစလေမှာ နောက်မှ ကမန်းကတန်း

လိုက်ပါသွား၏..။ မိနစ်အနည်းငယ်အတွင်းမှာပင် သူမ၏ အသံကို ကြားလိုက်ရသည်..။

"သူ ပြန်သွားပြီ…"

မစ္စတာဝီစလေက …

"သူက ဘာလိုချင်တာလဲ.. ဘာကိစ္စလဲ.."

"ကျွန်တော်တို့ကို ဒမ်ဘယ်လ်ဒိုး ပေးခဲ့တဲ့ ပစ္စည်းတွေ လာပေးတာ.. သူ့ရဲ့ သေတမ်းစာအရလေ.."

ဥယျာဉ်ထဲရှိ ထမင်းစားပွဲဝိုင်းတွင် ဒမ်ဘယ်လ်ဒိုး၏ ပစ္စည်းသုံးမျိုးကို တစ်ယောက်တစ်လက် ပြောင်းကြည့်ကြသည်..။ သို့ရာတွင် မည်သူမျှ ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့ကို ရွှေဘောလုံးအား

ဘာကြောင့် ပေးခဲ့မှန်း မခန့်မှန်းနိုင်ကြပေ။

မစ္စတာဝီစလေမှာ အလင်းထိန်းကိရိယာကို နောက်ထပ်သုံးကြိမ်မြောက် လေ့လာနေချိန်ဝယ် မစ္စစ်ဝီစလေက..

"ဟယ်ရီ.. အားလုံး ဆာနေကြပြီ.. မင်းမပါပဲ မစချင်လို့ စောင့်နေကြတာ.. စားလိုက်ကြရအောင်.."

အားလုံး ခပ်သွက်သွက်စားကာ ဟယ်ရီ့ကို ဆုတောင်းပေးကြပြီး လူစုခွဲလိုက်ကြသည်..။ ဟက်ဂရစ်မှာမူ နောက်တစ်နေ့တွင်လည်း မင်္ဂလာပွဲ တက်ရောက်ရမည် ဖြစ်ရာ မပြန်တော့ပေ..။

သို့ရာတွင် ယခုအချိန်၌ ဘာရိုးတွင် သူ့အတွက် နေရာမရှိနိုင်ပေ။ ထို့ကြောင့် အနီးအနားရှိ ကွင်းပြင်ထဲ၌ ရွက်ဖျင်တဲထိုးကာ အိပ်ရ၏..။

"ငါတို့နဲ့ အပေါ်ထပ်မှာ လာတွေ့လှည့်.."

ဟယ်ရီက.. ဟာမီယွန်၏ အနီးသို့ တိုးကပ်ကာ ခပ်တိုးတိုး ပြောလိုက်သည်

"အားလုံး အိပ်သွားရင် တွေ့ကြမယ်..."

ရွန်၏ အခန်းထဲ ပြန်ရောက်ချိန်ဝယ် ရွန်မှာ အလင်းထိန်းကိရိယာကို စစ်ဆေးကြည့်နေ၏..။ ဟယ်ရီကမူ ဟက်ဂရစ်ပေးသော မိုကီအကြေးခွံ အိတ်ကလေးထဲသို့ ပစ္စည်းများ ထည့်နေ၏..။

ရွှေများထည့်ရန် သူမရည်ရွယ်ပါ..။ သူတန်ဖိုးအထားဆုံး ပစ္စည်းများကို ထည့်လိုက်သည်..။ သို့ရာတွင် အချို့ပစ္စည်းများမှာ လုံးဝအသုံးမဝင်တော့သလို တန်ဖိုးမရှိတော့ပေ..။ မရူဒါမြေပုံ..

စီးရီးယပ်စ်၏ မှန်ကွဲအစကလေးနှင့် အာအေဘီဆွဲပြားလေးတို့ ဖြစ်သည်..။

သူ ကြိုးကို တင်းတင်းဆွဲကာ ပြန်ပိတ်ရင်း လည်ပင်း၌ ဆွဲထားလိုက်သည်။ ထို့နောက် ရွှေဘောလုံးကို ကိုင်ရင်း သေချာကြည့်လိုက်၏..။ နောက်ဆုံးတွင် ဟာမီယွန်က တံခါးခေါက်ရင်း

အခန်းထဲ ခပ်ဖွဖွ နင်းကာ ဝင်လာ၏..။

သူမက လေ့ကားဘက်ဆီလှည့်ကာ မှော်တောင်ဝှေးကို ဖေ့ယမ်းရင်း.. ပါးစပ်မှ ခပ်တိုးတိုး ရေရွတ်လိုက်သည်..။

"မတ်ဖလီရာတို.."

"ဒီဂါထာကို မသုံးသင့်ဘူးလို့ နင်ထင်တယ်ဆို..."

ရွန်က မေးလိုက်၏...။

"အခြေအနေက မတူတော့ဘူးဟ.. ပြစမ်းပါဦး.. နင့်ရဲ့ အလင်းထိန်းကိရိယာကို.."

ရွန်က သူ့ရှေ့တွင် ကိုင်ထားရင်း ခလုတ်တစ်ချက် နှိပ်လိုက်သည်။ သူတို့ ထွန်းထားသော မီးအိမ်မှာ ချက်ချင်း ငြိမ်းသွား၏..။

ထို့နောက် ရွန်က နောက်တစ်ချက် ခလုတ်နှိပ်လိုက်သည်တွင် မီးအိမ်မှာ ချက်ချင်း မီးပြန်လင်းလာသည်..။

"တကယ်ကောင်းတာပဲ.. သူတို့ပြောတော့ ဒါကို ဒမ်ဘယ်လ်ဒိုး တီထွင်ခဲ့တာဆို..."

"ဟုတ်လောက်တယ်.. ဒါပေမယ့် ဒမ်ဘယ်လ်ဒိုးက နင့်ကို မီးငြိမ်းဖို့သက်သက်တော့ ပေးတာ မဖြစ်နိုင်ဘူး..."

ဟယ်ရီက..

"ဝန်ကြီးဌာနက သူ့သေတမ်းစာနဲ့ ပစ္စည်းတွေကို စစ်မယ်လို့ ဒမ်ဘယ်လ်ဒိုး သိနိုင်သလား.."

"သေချာတာပေါ့.. ဒါကြောင့် သူ့သေတမ်းစာထဲမှာ ဘာမှ မမှာနိုင်တာပေါ့.. ဒါပေမယ့် ဘာမှန်းသိဖို့က ခက်နေပြီ.."

ရွန်က..

"ဒါဆို သူက ဘာကိစ္စ အသက်ရှင်နေတုန်းက မပြောခဲ့တာလဲ.."

"ငါထင်တာကတော့ ဒီပစ္စည်းတွေကို ဝန်ကြီးဌာနကနေတောင်မှ တဆင့် ငါတို့ဆီ ခက်ခက်ခဲခဲ ပို့ရတယ်ဆိုတော့ တကယ်အရေးကြီးလိမ့်မယ်.. ဒါကြောင့် ငါတို့ကို လွယ်လွယ်နဲ့

ပေးမသိတာပဲ.. သူက နည်းနည်း ထူးဆန်းတယ်ဟ.."

ရွှန်က..

"ငါပြောသားပဲ..သူက အရမ်းတော်တယ်.. ဒါပေမယ့် တစ်ခါတစ်ခါ ကြောင်တယ်ဟ .. နားမလည်နိုင်ဘူး.. ဟယ်ရီ့ကိုကော ဘာကိစ္စ ရွှေဘောလုံးပေးခဲ့တာလဲ.."

ဟာမီယွန်က..

"ငါလည်း နားမလည်ဘူး.. စကရင်ဂျီယော်က နင့်ကို ယူခိုင်းတုန်းက တစ်ခုခု ဖြစ်ပြီလို့ ထင်နေတာ.."

ဟယ်ရီက ရွှေဘောလုံးလေးကို ကိုင်မြှောက်လိုက်ရင်း ..

"ငါ စကရင်ဂျီယော်ရှေ့မှာ သိပ်ပြီးလိုလိုချင်ချင် မရှိဝံ့ဘူးလေ.. သေချာဖွင့်ဖို့ မကြိုးစားခဲ့ဘူး..."

"နင်က ဘာပြောချင်တာလဲ.."

"ဒီရွှေဘောလုံးက ငါ့ရဲ့ ပထမဆုံးပြိုင်ပွဲမှာ မိခဲ့တဲ့ ဘောလုံးမဟုတ်လား..."

ဟာမီယွန်မှာ တစ်ခုခုကို သတိရသွားဟန် ရှိသည်..။ရွှန်ကမူ..

"ဒါ မင်းမျိုချလုလု ဖြစ်ခဲ့တဲ့ ဘောလုံးမဟုတ်လား..."

"ဟုတ်တာပေါ့..."

ထို့နောက် ဟယ်ရီ ရင်ခုန်သံမြန်မြန်နှင့်ပင် ရွှေဘောလုံးကို ပါးစပ်နှင့် ဖိချလိုက်သည်။ သို့ရာတွင် မည်သို့မျှ မထူးခြားပေ..။ အကြီးအကျယ် စိတ်ပျက်သွားကာ သူ ရွှေဘောလုံးကို

ပြန်ချထားလိုက်သည်..။ ဟာမီယွန်က ရုတ်တရက်ပင်...

"စာ... စာရေးထားတယ်.. ကြည့်စမ်း..."

သူ့စိတ်လှုပ်ရှားမှုကြောင့် လက်ထဲမှ ဘောလုံးမှာ လွတ်ကျလုလု ဖြစ်သွားရသည်။ ရွှေရောက်မျက်နှာပြင်ပေါ်ဝယ် စာရေးထား၏..။ အရင်တစ်ခေါက် ထိုနေရာတွင် မည်သည့်စာမျှ

ရှိမနေချေ..။ လက်ရေးကို ကြည့်ကာ ဒမ်ဘယ်လ်ဒိုး၏ လက်ရေးမှန်း ဟယ်ရီ သေချာသိလိုက်သည်။

"အချိန်နီးရင် ပွင့်လိမ့်မည်.."

သူ စာကို ဖတ်ပြီးသည်နှင့် စာကပျောက်ကွယ်သွား၏..။

"ဒါ ဘာကို ဆိုလိုတာလဲ..."

ဟာမီယွန်ကော ရွှန်ပါ ခေါင်းခါပြကြသည်။

"အချိန်နီးရင် ပွင့်မယ်တဲ့ .. ဘယ်အချိန်လဲ..."

သို့ရာတွင် သူတို့ မည်မျှ ကြိုးစားကြိုးစား အဖြေနှင့်ကား နီးစပ်မလာပေ..။ နောက်ဆုံးတွင် သူတို့ အခိပ္ပါယ်ရှာရန် လက်လျှော့လိုက်ချိန်ဝယ် ရွှန်က..

"ဓားကကော .. ဘာကိစ္စ ဟယ်ရီ့ကို ဓားပေးခဲ့ချင်ရတာလဲ.."

"သူက ငါ့ကို ဘာကိစ္စ မပြောခဲ့တာလဲ.. ငါတို့ စကားပြောနေတဲ့ မနစ်က တစ်ချိန်လုံး နံရံပေါ်မှာ ရှိနေတာပဲ.. သူက ငါ့ကို ပေးချင်ရင် ဘာလို့ အဲဒီ့တုန်းက မပေးရတာလဲ.."

သူ့ဦးနှောက်မှာ စာမေးပွဲခန်းထဲတွင် ထိုင်နေရသလို ဖြစ်နေသည်။ မည်မျှ စဥ်းစားစဥ်းစား အဖြေမထွက်နိုင်ချေ..။ သူ မနစ်က ဒမ်ဘယ်လ်ဒိုးနဲ့ ပြောခဲ့သမျှမှာ ဘာတွေများ မေ့နေခဲ့သလဲ..။

ဒမ်ဘယ်လ်ဒိုးက တကယ်ကော သူနားလည်စေချင်တဲ့ ဆန္ဒရှိရဲ့လား..။

"နောက်ပြီး ဒီပုံပြင်စာအုပ်ကကော.. ညီအစ်ကိုသုံးယောက် ပုံပြင်ကို ငါ တစ်ခါမှ မကြားဖူးဘူး.."

ရွှန်က..

"နင်က ဒီပုံပြင်ကို မသိဘူး.. ဟုတ်လား.. နင်နောက်နေတာလား.."

ဟာမီယွန်က အံ့အားသင့်ဟန်ဖြင့်..

"ငါ တကယ်မသိဘူး.. နင်သိသလား.."

"ငါ သိတာပေါ့.."

ဟယ်ရီပါ ရွှန်.ကို မော့ကြည့်လိုက်သည်..။ ဟာမီယွန် မဖတ်ဖူးသော စာအုပ်ကို ရွှန်ဖတ်ဖူးနေခြင်းမှာ ထူးဆန်းနေသည်။ ရွှန်မှာမူ သူတို့ အံ့သြနေသောကြောင့် အူကြောင်ကြောင်

ဖြစ်နေ၏..။

"ဟာ.. ဒါကလေးပုံပြင်တွေပဲဟာ.. ကံကောင်းစေသော ရေပန်းတို့ ဘာတို့ ပုံပြင်တွေပဲဟာ.."

ဟာမီယွန်က ပြုံးလိုက်ရင်း..

"နင်ဘာပြောတာလဲ.."

ရွှန်က မယုံနိုင်ဟန်ဖြင့်..

"မနောက်စမ်းပါနဲ့ ဒီပုံပြင်တွေကို ကလေးကတည်းက လူတိုင်းသိတယ်"

"ရွှန်.. ငါကော ဟယ်ရီကော မက်ဂယ်တွေထဲမှာ ကြီးလာရတာ နင်လည်း သိရဲ့သားနဲ့.. ငါတို့ ဒီလိုပုံပြင်တွေ မကြားဖူးဘူး.. ငါတို့ကြားဖူးတာက စနိုးဝှိုက်နဲ့ လူပုလေး ခုနစ်ယောက်တို့

စင်ဒရဲလားတို့.."

"ဒါက ဘာတွေလဲ .. ရောဂါ နာမည်တွေလား.."

"ဒါ ကလေးပုံပြင်တွေလေ.."

ရွှန်က ထိုအခါမှ..

"ဟုတ်သားပဲ.. ဒါတွေပဲ နင်တို့သိမှာပေါ့.. ဒီမှာတော့ အဲဒီလို ပုံပြင်တွေ မရှိဘူး..."

"ဒါပေမယ့် ဒမ်ဘယ်လ်ဒိုးက ဘာကိစ္စ ငါ့ကို ပုံပြင်ဖတ်ခိုင်းရတာလဲ.."

ထိုအချိန်တွင် အောက်ထပ်မှ လှုပ်ရှားသံတစ်ခု ကြားလိုက်ရသည်..။ ရွှန်က..

"ချာလီထင်တယ်.. အမေအိပ်ပျော်နေပြီဆိုတော့ သူ့ဆံပင်တွေ ပြန်ရှည်အောင်လုပ်ဖို့ ခိုးထွက်တာ ဖြစ်မယ်.."

ဟာမီယွန်က..

"ငါတို့လည်း အိပ်ကြစို့.. မနက်ဖြန် ကြာကြာ အိပ်နိုင်မှာ မဟုတ်ဘူး..."

"ဟုတ်တယ်.. မနက်ဖြန် မင်္ဂလာပွဲ ရှိတော့ ဘယ်လိုမှ အိပ်လို့ရမှာ မဟုတ်ဘူး.. ငါ မီးငြိမ်းလိုက်တော့မယ်.."

ဟာမီယွန် ထွက်သွားသည်နှင့် ရှန်က သူ၏ အလင်းထိန်းကိရိယာဖြင့် မီးငြိမ်းပစ်လိုက်တော့သည်..။

**၈။ မင်္ဂလာပွဲ**

နောက်တစ်နေ့ နေ့လယ်သုံးနာရီခန့်တွင် ဟယ်ရီ.. ရှန်.. ဟာမီယွန်နှင့် ဂျော့တို့မှာ ရွက်ဖျင်တဲကြီး၏ အပြင်တွင် ဧည့်သည်များကို ကြိုရန် ရပ်စောင့်နေကြသည်။ ဟယ်ရီမှာ

ရုပ်ပြောင်းဆေးရည်များများ သောက်ထားကာ ဝီစလေတို့၏ မက်ဂယ်မွေးတစ်ဝမ်းကွဲ ညီတစ်ယောက်၏ အသင်သဏ္ဍာန်ကို ယူထားသည်။

ဖရက်က သူ့ဆံပင်ကို ရအောင် ခိုးယူလာခဲ့သည်..။ သူတို့၏ အစီအစဉ်မှာ သူတို့၏ တစ်ဝမ်းကွဲဘာနီအဖြစ် အားလုံးကို မိတ်ဆက်ပေးရန် ဖြစ်သည်..။

သူတို့လေးယောက်စလုံး ထိုင်ခုံပုံစံများကို ကိုင်ကာ ဧည့်သည်များကို နေရာချထားပေးနေသည်..။ အဖြူရောင် ဝတ်ထားသော စားပွဲထိုးများနှင့် ရွှေရောင်အကျီများကို ဝတ်ဆင်ထားသော

တီးဝိုင်းအဖွဲ့များမှာ တစ်နာရီခန့် စောရောက်လာပြီး သစ်ပင်အောက်တွင် ထိုင်နေကြသည်..။

ဟယ်ရီ့အနောက်ဘက်ရှိ ရွက်ဖျင်တဲထဲတွင်မူ စားပွဲများ တန်းစီခင်းထားကာ ပန်းရောင်ကော်ဇော ခင်းထား၏..။ ရွက်ဖျင်တဲ၏ ဒေါက်တိုင်များကို အဖြူရောင်နှင့် ရွှေရောင်ပန်းများနှင့်

အလှဆင်ထားသည်။

ဖရက်နှင့်ဂျော့မှာလက်ထပ်မည့် နေရာတည့်တည့်တွင် ဧရာမ ရွှေရောင်ဘောလုံးကြီးများကို ချိတ်ဆွဲထားသည်..။ သူ အယောင်ဆောင်ထားသော မက်ဂယ်မှာ သူ့ထက် အနည်းငယ်

ဝနေသဖြင့် သူ့အကျီမှာ ကျပ်နေကာ အိုက်စပ်စပ် ဖြစ်နေသည်..။

ဖရက်က..

"ငါ လက်ထပ်ရင် ဒီလိုမလိုတာတွေ မလုပ်ဘူး.. ကြိုက်တာဝတ်ပြီး လာလို့ရတဲ့ ပွဲပဲလုပ်မယ်.. ဒီအတွက် အမေ့ကိုတော့ ခန္ဓာကိုယ်ချုပ်တဲ့ ကျိန်စာနဲ့ ထိန်းထားရမှာပဲ..."

ဂျော့က...

"ဒီမနက် သိပ်မဆိုးပါဘူးကွ.. ပါစီမလာလို့ဆိုပြီးတော့ တစ်ချက်ငိုတာပဲ ရှိတယ်.. သူ့ကို ဘယ်သူက လာစေချင်လို့လဲ.. အိုး.. လာကြပြန်ပြီဟ.."

ဧည့်သည်များမှာ ခြံတံခါးဝတွင် ပေါ်လာကြပြန်သည်..။ အားလုံး တောက်တောက်ပပ ဝတ်ဆင်လာကြသည်..။ ကျောက်မျက်ရတနာများမှာ အရောင် တလက်လက် တောက်ပနေ၏..။

စကားပြောသံများမှာ နီးလာသည်နှင့်အမျှ ကျယ်လောက်သည်ထက် ကျယ်လောင်လာ၏...။

ဂျော့က..

"ဒါ ဖလူရာရဲ့ အမျိုးတွေပဲ.. အင်္ဂလိပ်စကား နားမလည်မှာတော့ သေချာတယ်.. ငါ့တာဝန်ပဲ ထားလိုက်ပါ.."

ထို့နောက်တွင် နှစ်ယောက်စလုံး လှပသော ပြင်သစ်သူနှစ်ယောက်အနီး ကပ်ကာ ပြင်သစ်လို နှုတ်ဆက်ရင်း အထဲသို့ ဦးဆောင်ဝင်သွားကြသည်။ ရွှန်ကမူ မစ္စတာဝီစလေ၏ ဝန်ကြီးဌာနမှ

လုပ်ဖော်ကိုင်ဖက် ပါကင်ကို နေရာချပေးရန် ပါသွား၏..။ ဟယ်ရီ့အတွက်မူ နားလေးနေသော အဘိုးအိုလင်မယားသာ ကျန်ရစ်ခဲ့သည်..။

ထိုအချိန်မှာပင် ရွက်ဖျင်တဲရှေ့၌ တွန့်ခ်နှင့် လူပင်တို့ကို တွေ့လိုက်ရသည်..။ တွန့်ခ်က ..

"အာသာက မင်းကို ဆံပင်ကောက်ကောက်နဲ့ တစ်ယောက်လို့ ပြောလိုက်တယ်.. မနေ့ညက ကိစ္စအတွက် တောင်းပန်ပါတယ်..."

ဟယ်ရီ သူတို့အတွက် နေရာသို့ ခေါ်သွားပေးနေစဉ် တွန့်ခ်က တီးတိုးပြောနေခြင်း ဖြစ်သည်။

"ဝန်ကြီးဌာနက အခုအချိန်မှာ သမန်းဝံပုလွေကိစ္စကို သိပ်တင်းကျပ်နေတယ်... ငါတို့ရှိနေတာ ဘယ်လိုပဲဖြစ်ဖြစ် မင်းအတွက် မကောင်းဘူးလေ.."

"ကိစ္စမရှိပါဘူး.. ကျွန်တော် နားလည်ပါတယ်.."

လူပင်ကမူ သူ့ကို တစ်ချက်သာ ပြုံးပြကာ ငြိမ်သက်သွားပြန်၏..။ သူ လူပင့်ကို နားမလည်နိုင်ပဲ ရှိသည်..။ သို့ရာတွင် ထိုကိစ္စကို ဆွေးနွေးရန် အချိန်မပေးနိုင်ပေ..။ ဟက်ဂရစ်မှာလည်း

ဝရုန်းသုန်းကား ဖြစ်လျှက်ရှိသည်။

ဖရက်ညွှန်ပြသော နေရာကို အမှတ်မှားကာ ထိုင်မိသဖြင့် သူ့အတွက် မှော်ပညာဖြင့် အထူးစီရင်ထားသော ထိုင်ခုံပေါ်တွင် မထိုင်မိပဲ တခြားနေရာတွင် ထိုင်ချလိုက်ရာ ထိုင်ခုံအားလုံးမှာ

မီးခြစ်ဆံများပမာ ကျိုးကြေသွား၏..။

မစ္စတာဝီစလေက အကျိုးအပဲ့များကို ပြင်ဆင်လိုက်ချိန်ဝယ် ဟက်ဂရစ်မှာ အားလုံးနီးပါးကြားအောင် အော်ဟစ်တောင်းပန်လိုက်သည်..။ သူ တဲဝသို့ ပြန်ရောက်ချိန်ဝယ် ရွှန်မှာ

ထူးဆန်းသော ပုံသဏ္ဍာန်ရှိသည့် စုန်းကဝေ တစ်ယောက်နှင့် ရင်ဆိုင်နေရသည်။

ပခုံးခန့်ထိရှည်သော အဖြူရောင်ဆံပင်များ ရှိပြီး ကြက်ဥနှစ်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။ ကြိဂံသဏ္ဍာန် မျက်လုံးနှင့် ဆင်ဆင်တူသော အမှတ်အသားပါသည့် ရွှေဆွဲကြိုးကို

လည်ပင်းတွင် ဆွဲထား၏..။

“ဇီနိုဖီးလီ းယပ်စ် လပ်ဖ်ဂွဒ်ပါ..”

သူက ဟယ်ရီ့ကို လက်ဆွဲနှုတ်ဆက်ရင်း ပြော၏..။

“ဦးသမီးနဲ့ ဦးနဲ့ ဟောဟိုဘက်က တောင်ကုန်းမှာ နေပါတယ်.. ဒါနဲ့ မင်းလည်း ဦးရဲ့သမီးလူနာကို သိမယ်ထင်တယ်..”

သူက ရွှန့်ကို လှမ်းမေးလိုက်သည်...။

“ဟုတ်ပါတယ်.. ဒါနဲ့သူကော ..မပါဘူးလား..”

“သူ ဥယျာဉ်ထဲမှာ အလုပ်တွေ ရှုပ်နေလို့ ကျန်ရစ်ခဲ့တယ်..”

သူ နောက်ထပ်ရောက်လာသူများကို နေရာချထားအပြီးမှာပင် လူနာ အပြေးရောက်လာပြီး..

“ဟယ်ရီ.. ဟယ်ရီ..”

ဟယ်ရီက ကမန်းကတန်းပင်..

"ငါ့နာမည်က ဘာနီပါဟ.."

"နင် နာမည်ပါ ပြောင်းထားတယ်ပေါ့.."

"ဟုတ်တယ်.. နင်ဘယ်လို သိသလဲ..."

"နင့်ရဲ့ အမူအရာကို ကြည့်ပြီး သိတာပေါ့.."

လူနာမှာ အဝါရောင်တောက်တောက် ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူ့ခေါင်းတွင်မူ ဧရာမ နေကြာပန်းပွင့်ကြီးကို ပန်ထား၏..။ လူနာက သူ့ဖခင်အား..

"ဖေဖေ.. ဒီမှာကြည့်ပါဦး.. မြေကြီးထဲက နာနာဘာဝလေးက သမီးကို ကိုက်လိုက်တယ်.."

"တကယ်ကောင်းတာပဲ.. နာနာဘာဝလေးတွေရဲ့ တံတွေးက အင်မတန် အကျိုးရှိတယ်.."

မစ္စတာ လပ်ဖ်ဂွဒ်က သူမလက်ကို ဆွဲယူကြည့်ရင်း ပြောလိုက်သည်။

"ရွှန်ကတော့ ရယ်ချင်မှာပဲ... အဖေက မြေအောက်က နာနာဘာဝလေးတွေရဲ့ မှော်ပညာကို လေ့လာနေတာလေ..."

"ဟုတ်လား.. နင် အဲဒီ့ဒဏ်ရာကို ဘာဆေးမှ မထည့်ပဲ ထားမလို့လား"

"အရေးမကြီးပါဘူး.."

လူနာက သူ့လက်ညှိုးကို ပါးစပ်ထဲ ထည့်စုပ်ထားလိုက်ရင်း ဟယ်ရီ့ကို သေသေချာချာ ကြည့်ကာ..

"နင် တကယ်ကြည့်ကောင်းတာပဲ.. ငါ အဖေ့ကို ပြောပါတယ်..အားလုံးနီးပါး ပွဲတက်ဝတ်စုံတွေ ဝတ်လာမှာပဲလို့.. သူက ကံကောင်းအောင်လို့ နေရောင်ပါတဲ့ အဝတ်အစား

ဝတ်ရမယ်ဆိုတော့ ငါလည်း မတတ်နိုင်ဘူး.."

ရွှန်မှာ အသက်ခပ်ကြီးကြီး စုန်းမကြီးတစ်ယောက်ကို လက်ဆွဲကာ ခေါ်လာရင်း သူတို့အနီးရောက်လာ၏..။ သူမက ပါးစပ်မှ တတွတ်တွတ်ဖြင့်..

"ရွှန်.. မင်းဆံပင်တွေ အရမ်းရှည်နေပြီ.. ငါဖြင့် မှတ်တောင်မမှတ်မိဘူး.. ဟိုဟာ ဓိနိဖီးလီ းယပ်စ် လပ်ဖ်ဂွဒ် မဟုတ်လား.. သူက ဘာကြီးဝတ်ထားတာလဲ.. ဟင်.. သူကကော.."

သူမက ဟယ်ရီ့ဘက်သို့ လှည့်၍ မေးလိုက်သည်။

"အိုး.. ဒါက ကျွန်တော်တို့ တဝမ်းကွဲညီ ဘာနီလေ.. အန်တီမြူရီယယ်လ်ရဲ့ "

"နောက်ထပ် ဝီစလေ တစ်ယောက်လား.. နင်တို့ကလည်း မွေးပဲမွေးနိုင်လွန်းတယ်.. ငါ မှတ်ကို မမှတ်မိတော့ဘူး.. ဟယ်ရီပေါ်တာကော.. ဒီကို မလာဘူးလား.. ငါက သူ့ကိုတွေ့ရမယ်

ထင်နေတာ.. သူက နင့်သူငယ်ချင်း မဟုတ်လား.. ဒါမှမဟုတ် နင် သက်သက်ကြွားနေတာလား.."

"ဟင့်အင်း.. သူမလာဘူး.."

"မလာနိုင်ဘူးပေါ့.. သူ့ကို ပုံထဲမှာ မြင်ရသလောက် ခင်စရာ မရှိဘူး ထင်ပါတယ်.. ကဲ.. ရော်နယ် .. ငါ့ကို ထိုင်ခုံကောင်းကောင်း ရှာပေးစမ်း.. ငါ့အသက်က တစ်ရာ့ခုနစ်နှစ် ရှိနေပြီ..

ကြာကြာမရပ်နိုင်တော့ဘူးဟဲ့.."

ရွှန်က ဟယ်ရီ့ကို အဓိပ္ပါယ်ပါပါ တစ်ချက်ကြည့်လိုက်ပြီး လူအုပ်ထဲသို့ တိုးဝင်ပျောက်ကွယ်သွား၏..။ နောက်ထပ် ဧည့်သည်တစ်ဒါဇင်ခန့် ထပ်ရောက်လာကြပြန်သည်..။

ရွက်ဖျင်တဲကြီးမှာ လူများနှင့် ပြည့်လုလု ဖြစ်လာသည်..။

ရွှန်က သူ့အနီးပြန်ရောက်လာကာ နဖူးမှ ချွေးများကို သုတ်ရင်း..

"မြူရီရယ်လ်နဲ့တွေ့ရတာ တကယ် အိပ်မက်ဆိုးမက်ရတာပဲ.. သူက ခရစ်စမတ်တိုင်း လာနေကျလေ.. ဖရက်နဲ့ ဂျော့က သူ့ထိုင်ခုံအောက်မှာ အမြဲတမ်း နောက်ချေးဗုံးကို ဖောက်နေကျ..

အဖေကပြောတော့ သူ့သေတမ်းစာထဲက သူတို့နှစ်ယောက်ကို ထုတ်ပစ်လိုက်ပြီ ပြောတာပဲ.. အဲဒီလိုလုပ်လို့ သူတို့က ဂရုစိုက်မှာလား.."

ထိုအချိန်တွင် ဟာမီယွန်က သူတို့အနား ရောက်လာ၏..။ ရွှန်က..

"နင် သိပ်လှနေပါလား..."

“နင်က အမြဲ အံ့သြနေတာချည်းပဲ..”

သို့ရာတွင် သူမမှာ ကျေကျေနပ်နပ် ပြုံးနေ၏..။ သူမမှာ ဆင်စွယ်ရောင် ဝတ်စုံကို အရောင်တူ ဒေါက်ဖိနပ်နှင့် ဝတ်ထားသည်..။ သူမဆံပင်များမှာ အရောင်များ တောက်ပနေသည်..။

“နင့်အန်တီ မြူရီရယ်လ်ကတော့ ဒီလိုမထင်ဘူးဟ.. ငါ သူနဲ့ အိမ်ပေါ်ထပ်မှာ ဆုံခဲ့တယ်.. သူက ငါ့ကို မက်ဂယ်က မွေးတာလားလို့ မေးပြီးတာနဲ့ ရုပ်ကလည်းဆိုးသေး .. ပိန်ကလည်း

ပိန်သေးတဲ့..”

“သူ့စကားကို အရေးမစိုက်နဲ့ဟ.. ဒီအဖွားကြီးက ရိုင်းရိုင်းပြောတတ်တယ်..”

ဂျော့ကပါ ဖရက်နဲ့အတူတူ ဝင်လာရင်း..

“မြူရီရယ်လ်အကြောင်း ပြောနေကြတာလား.. သူက ငါ့နားရွက်ကိုလည်း ကြည့်ရဆိုးတယ်လို့ ပြောသွားသေးတယ်..”

“သူ့ထက် အန်ကယ်လ် ဆီးလီ းယပ်စ်ကို ရှိနေစေချင်တာ... သူနဲ့ဆိုရင် မင်္ဂလာပွဲက ပိုပျော်ဖို့ကောင်းမှာ..”

ဟာမီယွန်က..

“ဦးလေးဆီးလီ းယပ်စ်ဆိုတာ မရဏနိမိတ်ကို မြင်ပြီး နှစ်ဆယ့်လေးနာရီအတွင်း သေသွားတဲ့ တစ်ယောက် မဟုတ်လား..”

“ဟုတ်တယ်..”

ဂျော့က ခေါင်းညိတ်ပြလိုက်သည်..။

သူတို့အားလုံး ရယ်ရယ်မောမောနှင့် စကားပြောနေမိကြသဖြင့် နောက်ကျမှ ရောက်လာသူတစ်ယောက်ကို သတိမထားလိုက်မိကြပေ..။

ထိုသူမှာ ဆံပင်အနက်ရောင်ရှိကာ ခပ်ကောက်ကောက် နှာခေါင်းနှင့် မျက်ခုံးမွေးထူထူရှိသော လူငယ်တစ်ယောက်ပင်..။ ထိုသူက သူ၏ဖိတ်စာကို ရွန့်ထံ လှမ်းပေးလိုက်ရင်း မျက်စိကမူ

ဟာမီယွန့်ထံ ကြည့်ရင်းမှ ..

"မင်း သိပ်လှနေပါလား.."

"ဗစ်တာ.."

ဟာမီယွန် ရုတ်တရက် အံ့ဩသွားဟန်ဖြင့် သူမ၏ လက်ထဲမှ လက်ကိုင်အိတ်လေး လွတ်ကျသွား၏..။ အိတ်ကလေးမှာ အရွယ်နှင့်မလိုက်အောင် ကျယ်လောင်သော မြည်သံတစ်ခု

ဖြစ်ပေါ်လာ၏..။ သူမက ရုက်ရုက်နှင့်ပင် အိတ်ကို ပြန်ကောက်ရင်း..

"ရှင်လာမယ်လို့ မထင်မိဘူး.. နေကောင်းတယ်နော်.."

ရွှန့်ကို ကြည့်ရသည်မှာ ပို၍နီရဲလာသည်ဟု ထင်ရ၏..။ သူက ဗစ်တာ၏ ဖိတ်စာကို ဖတ်လိုက်ရင်း..

"ခင်ဗျား ဒီကို ဘယ်လို ရောက်လာတာလဲ.."

"ဖလူရာက ငါ့ကို ဖိတ်လိုက်တာလေ.."

ဟယ်ရီကမူ ဗစ်တာခရမ်နှင့် ပတ်သက်၍ မည်သည့်မကျေနပ်ချက်မှ မရှိ၍ ခပ်အေးအေးပင် လက်ဆွဲနှုတ်ဆက်ကာ သူ့နံဘေးရှိခုံတွင် ထိုင်ရန် ဖိတ်ခေါ်လိုက်သည်..။

"မင်း သူငယ်ချင်းကို ကြည့်ရတာ ငါ့ကို ကြည့်ပုံ မရဘူး.."

ထို့နောက် ဟယ်ရီ၏ အနီရောင်ဆံပင်များကို ကြည့်ရင်း..

"အား.. မင်းတို့က အမျိုးတွေ ထင်တယ်.."

"တစ်ဝမ်းကွဲတွေပါ..."

ခရမ်မှာ မည်သို့ဖြစ်စေ ထင်ရှားသော ကွစ်ဒစ်ချ်ကစားသမား တစ်ယောက် ဖြစ်ရာ သူ့ကို စိတ်ဝင်တစား လည်ပြန်ကြည့်သူများ မနည်းပေ..။ ထိုအချိန်မှာပင် ဧည့်သည်များကို

နေရာချပေးနေသော ရွှန်.. ဟာမီယွန်.. ဖရက်နှင့် ဂျော့တို့ ပြန်ရောက်လာကြသည်..။

ဖရက်က..

“ထိုင်ကြစို့.. မထိုင်ရင် ငါတို့ကို သတို့သမီးက တက်နင်းသွားလိမ့်မယ်...”

ဟယ်ရီတို့သုံးယောက် ဒုတိယတန်းရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ကြသည်..။ ဟာမီယွန့်မျက်နှာမှာ ပန်းရောင်သမ်းနေဆဲ ဖြစ်သလို ရွန့်နားရွက်နှစ်ဖက်မှာလည်း ရဲရဲနီလျက်ရှိသည်..။ ရွန်က

ဟယ်ရီ့အနီး တိုးကပ်ကာ..

“တွေ့လား .. ဒီကောင်က မှတ်ဆိတ်တွေ ဘာတွေနဲ့..”

မစ္စတာဝီစလေတို့ ဇနီးမောင်နှံမှာ ဟိုဟိုဒီဒီသွားရင်း ဆွေမျိုးများကို နှုတ်ဆက်နေ၏..။ အချိန်အနည်းငယ်အကြာတွင် ဘီလ်နှင့် ချာလီတို့ ထရပ်လိုက်ကြသည်..။ ပွဲတက်ဝတ်စုံများကို

ဝတ်ဆင်ထားကြပြီး ရင်ဘတ်တွင် နှင်းဆီဖြူတစ်ပွင့်စီ ထိုးထားကြ၏..။ ထို့နောက် ရွှေဘောလုံးများဆီမှ ဂီတသံများ ထွက်လာသဖြင့် အားလုံး တိတ်ဆိတ်သွားကြသည်..။

“အိုး ...”

အပေါက်ဝဆီသို့ လှည့်ကြည့်လိုက်သော ဟာမီယွန့်ထံမှ အာမေဋိတ်သံ တစ်သံ ထွက်လာ၏..။ အားလုံးဆီမှလည်း ခပ်သဲ့သဲ့အသံများ ထွက်ပေါ်လာ၏..။ မွန်စီယာဒီလကွာနှင့်

ဖလူရာတို့မှာ ရွက်ဖျင်တဲအတွင်းသို့ ဝင်လာကြပြီ ဖြစ်သည်။ ဖလူရာမှာ အလွန်ရိုးသော အဖြူရောင် သတို့သမီး ဝတ်စုံကိုသာ ဝတ်ဆင်ထားသော်လည်း သူမ၏ခန္ဓာကိုယ်မှ ငွေရောင်များ

ဖြာထွက်နေသလို ထင်ရ၏..။

သူမ၏ အရောင်တောက်ပနေမှုမှာ သာမန်အချိန်တွင် အခြားလူများ၏ အလှကို မှေးမှိန်သွားစေ၏..။ယနေ့တွင်မူ အခြားသူများကိုပါ ပို၍ အလှတိုးလာစေသည်..။ ဂျင်းနီနှင့်

ဂါဘရီရယ်လ်မှာ ရွှေရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ အရင်ကထက် ပို၍လှနေသည်ဟု ဟယ်ရီ ထင်မိသည်..။

“လူကြီးမင်းတို့ခင်ဗျား.. ကျွန်တော်တို့ ဒီနေ့ ဒီမှာ စုစည်းကြတာ ဇနီးမောင်နှံနှစ်ယောက်ကို ကောင်းချီးပေးကြဖို့ပါပဲ...”

ဂျင်းနီမှာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ဟယ်ရီ့ကို မြင်သည်တွင် မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်..။ ဟယ်ရီ၏ စိတ်မှာ လက်ထပ်ပွဲ အခမ်းအနားဆီမှ ကျောင်းဆီသို့

လွင့်မျောသွားခဲ့သည်..။

"ဝီလီယမ်အာသာ.. ဖလူရာအစ်စ်ဘဲလ်နဲ့ လက်ထပ်မှာလား.."

ရှေ့ဆုံးခုံတန်းဝယ် မစ္စစ်ဝီစလေနှင့် မဒမ်ဒီလကွာတို့မှာ အသံတိတ် ရှိုက်ငိုနေကြသည်..။ ဟာမီယွန်က ဟယ်ရီ့ကို လှည့်ကြည့်ရင်း ပြုံးပြလိုက်သည်..။ သူမ မျက်လုံးတွင်လည်း

မျက်ရည်များ ရှိနေ၏..။

"သင်တို့နှစ်ယောက်ကို အကြင်လင်မယားအဖြစ် ကြေငြာလိုက်တယ်.."

လက်ထပ်ပေးနေသော စုန်းကဝေမှာ သူ၏ မှော်တောင်ဝှေးကို ဝှေ့ယမ်းလိုက်သည်..။ ဘီလ်နှင့် ဖလူရာတို့၏ ခေါင်းပေါ်မှ ငွေရောင်ကြယ်ပွင့်ကလေးများ ကျလာပြီး သူတို့ခန္ဓာကိုယ်ကို

ကွေ့ပတ်ကျဆင်းသွားကြသည်..။

ဖရက်နှင့်ဂျော့တို့၏ အော်ဟစ်အားပေးသံနှင့်အတူ ဦးခေါင်းပေါ်တွင် ချိတ်ဆွဲထားသော ရွှေရောင်ဘောလုံး ပေါက်သွားကာ အတွင်းမှ ငှက်များ ပျံထွက်လာ၏..။

"အားလုံး ကျေးဇူးပြုပြီး မတ်တတ်ရပ်ပေးကြပါ.."

ထိုသူက သူ၏ မှော်တောင်ဝှေးကို ထပ်၍ ဝှေ့ယမ်းလိုက်သည်တွင် ရွက်ဖျင်စကြီးနှင့် သူတို့၏ထိုင်ခုံများ ပျောက်ကွယ်သွားသည်..။ ခန်းမကြီး၏ အလယ်တွင် ကပွဲစင်မြင့်တစ်ခု

ပေါ်လာကာ သူတို့၏ထိုင်ခုံများမှာ အဖြူရောင် စားပွဲခင်းခင်ထားသော စားပွဲများဆီသို့ ရောက်ကုန်ကြသည်..။

"တယ်ဟုတ်ပါလား.."

ရွှန့်စကားသံနှင့်အတူ စားပွဲထိုးများမှာ နေရာအနှံ့အပြားမှ ပေါ်လာကြသည်..။ အချို့မှာ ငွေရောင်ဗန်းပေါ်တွင် အချိုရည်... ဘတ်တာဘီယာနှင့် ဖိုင်းယားဝီစကီတို့ကို သယ်လာကာ

အချို့က ကိတ်မုန့်များ အသားညှပ်ပေါင်မုန့်များကို သယ်လာကြ၏..။

ဟာမီယွန် နေရာမှ ထလိုက်ကာ ဘီလ်နှင့် ဖလူရာတို့ ရောက်နေသည့် နေရာကို လှုအုပ်ပေါ်မှ ခြေဖျားထောက်ကြည့်ရင်း..

“ငါတို့ ဝမ်းသာစကား သွားပြောရအောင်..”

“ငါတို့ နောက်မှ ပြောလို့ရပါတယ်..”

ရွှန်ကပြောရင်း အနီးမှ ဖြတ်သွားသော ဗန်းထဲမှ ဘတ်တာဘီယာသုံးခွက်ကို ဆွဲယူထားလိုက်သည်..။ ဟယ်ရီ့ထံ တစ်ခွက်ကမ်းပေးရင်း..

“ဟာမီယွန်.. ငါတို့ စားပွဲတစ်လုံး ယူထားရအောင် ...ဟာ.. အဲဒီ့နေရာကို မသွားနဲ့ ... အန်တီမြူရီရယ်လ်နဲ့ နီးနီးမနေနဲ့..”

ရွှန်က ရှေ့သို့ဆက်သွားရင်း ဘယ်ညာကို သေချာကြည့်သွားသည်..။ ဟယ်ရီ သေချာသိသည်မှာ သူ ခရမ့်ကို ရှောင်ရန် ကြိုးစားနေခြင်းပင်...။ သူတို့ ရွှက်ဖျင်တဲ၏

အခြားဘက်ခြမ်းအရောက်တွင် စားပွဲများ အားလုံး ပြည့်နေပြီး တစ်နေရာ လွတ်နေသည်ကို တွေ့ရ၏။ လူနာတစ်ယောက်တည်း ထိုင်နေသော စားပွဲဝိုင်းပင်..။

“ငါတို့ပါ ဒီမှာ ထိုင်မယ်နော်..”

“ရတာပေါ့ .. အဖေကတော့ ဘီလ်နဲ့ ဖလူရာကို လက်ဆောင်သွားပေးနေတယ်...”

“ဘာပါလိမ့်.. တစ်သက်လုံးစာ လုံလောက်မယ့် ဂါဒီမြစ်တွေလား..”

ဟာမီယွန်က ရွှန့်ခြေထောက်ကို စားပွဲအောက်မှ ကန်ထည့်လိုက်၏..။ ရွှန့်မျက်နှာတွင် နာကျင်မှု အရိပ်အယောင်ကို တွေ့လိုက်ရသည်..။

တီးဝိုင်းမှာ စတင်တီးခတ်နေပြီ ဖြစ်သည်..။ ဘီလ်နှင့်ဖလူရာတို့မှာ ကပွဲစင်မြင့်ပေါ်သို့ အရင်ဆုံး တက်သွားကြသည်..။ လက်ခုပ်သံများ ထွက်ပေါ်လာပြီးနောက်တွင် မစ္စတာဝီစလေနှင့်

မဒမ်ဒီလကွာတို့က တစ်တွဲ မစ္စစ်ဝီစလေနှင့်ဖလူရာ၏ ဖခင်တို့က တစ်တွဲ စင်မြင့်ပေါ် တက်သွားကြ၏..။

လူနာက သီချင်းသံကို စည်းချက်လိုက်ရင်း ...

"ငါ ဒီသီချင်းကို သိပ်ကြိုက်တာပဲ..."

ထို့နောက်တွင် လူနာမှာ စင်မြင့်ပေါ်တက်သွားကာ သီချင်းသံနှင့်အတူ တစ်ယောက်တည်း ကနေတော့သည်..။

"သူ တကယ် အကတော်တာပဲ..."

ရွှန်က ပြောလိုက်သည်..။ သို့ရာတွင် ရွှန်၏ မျက်နှာပေါ်မှ အပြုံးမှာ ချက်ချင်း ပျောက်ကွယ်သွား၏..။ အကြောင်းမှာ ဗစ်တာခရမ်တစ်ယောက် လူနာ၏ လွတ်နေသော ထိုင်ခုံတွင်

ဝင်ထိုင်လိုက်၍ ဖြစ်သည်..။ ဟာမီယွန်မှာ ရှိုးတို့ရှန်းတန့် ဖြစ်သွား၏..။ သို့ရာတွင် ခရမ်မှာ သူမကို စကားပြောရန် လာခြင်းမဟုတ်ပေ..။ သူက...

"အဝါရောင် ဝတ်ထားတဲ့သူက ဘယ်သူလဲ မသိဘူး..."

ရွှန်က..

"သူက ဓိနိုဖီးလီ ၊ယပ်စ် လပ်ဖ်ဂွဒ်လေ.. ကျွန်တော့်အဖေရဲ့ သူငယ်ချင်း.."

ထို့နောက် ရွှန်က ဟာမီယွန့်ဘက်လှည့်ကာ..

"လာဟာ ... သွားကကြရအောင်..."

သူမက သဘောတကျပင် နေရာမှ ထလိုက်ကာ သူတို့နှစ်ယောက်စလုံး ကပွဲစင်မြင့်ပေါ်ရှိ လူအုပ်ကြားထဲတွင် ပျောက်ကွယ်သွားကြသည်..။

ခရမ်က...

"သူတို့နှစ်ယောက် တွဲနေကြပြီလား..."

"အဲဒီလို ပုံစံမျိုးပါပဲ.."

"ဒါနဲ့ မင်းက.."

"ဘာနီ ဝီစလေပါ.."

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

“ဘာနီ.. မင်း ဒီ လပ်ဖ်ဂွန်ဆိုတဲ့ သူကို ကောင်းကောင်းသိလား...”

“မသိဘူး.. ဒီနေ့မှ တွေ့ဖူးတာ.. ဘာလို့လဲ..”

ခရမ်က သူ့ဖုန်ခွက်ကို သောက်လိုက်ရင်း ဇီနိုဖီးလီ းယပ်စ် ကို လိုက်ကြည့်နေ၏။

“ဘာလို့လဲဆိုတော့ ... သူသာ ဖလူရာရဲ့ ဧည့်သည်မဟုတ်ဘူးဆိုရင် သူ့ကို ငါ ဒီနေရာမှာပဲ စိန်ခေါ်ပြီး စီးချင်းယှဉ်လိုက်မယ်.. ဒီညစ်ပတ်စုတ်ပြတ်တဲ့ အမှတ်အသားကို ရင်ဘတ်မှာ

ဘာကိစ္စ ဆွဲလာရတာလဲ..”

“အမှတ်အသား... ဟုတ်လား..”

ဟယ်ရီပါ ဇီနိုဖီးလီ းယပ်စ်ကို ကြည့်မိ၏။ သူ့ရင်ဘတ်ပေါ်တွင် တောက်ပနေသော တြိဂံသဏ္ဍာန်မျက်လုံးကို တွေ့နေရသည်။

“ဘာဖြစ်လို့လဲ.. ဒါ ဘာမို့လို့လဲ...”

“ဒါ ဂရင်ဒီဝေါ်ရဲ့ အမှတ်အသားပဲ...”

“ဂရင်ဒီဝေါ်... ဟုတ်လား.. ဒမ်ဘယ်လ်ဒိုး နိုမ်နင်းခဲ့တဲ့ မိစ္ဆာမှော်ပညာရှင်လား...”

“သေချာတာပေါ့..”

ခရမ်မှာ အံကို တင်းတင်းကြိတ်ထားရင်း..

“ဂရင်ဒီဝေါက လူအများကြီး သတ်ခဲ့တယ်.. ငါ့အဖိုးအပါအဝင်ပေါ့... သူက ဒီတိုင်းပြည်မှာတော့ တန်ခိုးမတက်ခဲ့ဘူးလေ.. လူတွေက သူ ဒမ်ဘယ်လ်ဒိုးကို ကြောက်တယ်လို့

ပြောကြတယ်.. ဖြစ်နိုင်ပါတယ်.. သူဘယ်လို အဆုံးသတ်သွားလဲ ကြည့်ပါလား...”

သူက ဇီနိုဖီးလီ းယပ်စ်ကို လက်ညှိုးညွှန်ရင်း ...

"ဒါ သူ့ရဲ့ အမှတ်အသားပဲ… ငါ ချက်ချင်းသိတယ်.. ဒရမ်ခရမ်ကျောင်းရဲ့ နံရံမှာ ဂရင်ဒီဝေါက ဒီအမှတ်အသားကို ကျောင်းသားဘဝက ရေးထားခဲ့တယ်.. တချို့တိုးအေတွေက

ဒီတံဆိပ်ကို ကူးပြီး အင်္ကျီတွေ စာအုပ်တွေမှာ အထင်တကြီး ရေးထားကြတယ်လေ.. ငါ အဲဒီလူကို သိပ် ပညာပေးချင်တာ…"

"ဒါ … ဒါ ဂရင်ဒီဝေါရဲ့ အမှတ်အသားဆိုတာ သေချာလို့လား…"

"ငါ လုံးဝ မမှားဘူး.. ဒီတံဆိပ်ကို နံရံပေါ်မှာ နှစ်ပေါင်းများစွာ မြင်လာတာပဲဟာ…"

ဟယ်ရီက..

"ဒီလိုထင်တယ်.. ဇီနိုဖီးလီ းယပ်စ်က ဘာမှန်း သေချာသိပုံမရဘူး.. သူတို့မိသားစုက ထူးဆန်းတယ်.. ဟောဟိုမှာ သူ့ရဲ့ သမီးလေ…"

လူနာမှာ တစ်ယောက်တည်း ကနေဆဲပင်.. သူမ၏လက်များကို ခေါင်းပေါ်တွင် မရပ်မနား ဝှေ့ယမ်းနေ၏…။

"သူ ဘာလုပ်နေတာလဲ…"

"မသိဘူးလေ…"

ခရမ်မှာ ဟယ်ရီက သူ့ကို စိတ်ပြောင်းအောင် လုပ်ပေးနေကြောင်း သိပုံမရပေ..။ သူက သူ၏ မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်ကာ သူ့ပေါင်ပေါ်တွင် လှုပ်ခါကစားနေ၏။ ထိပ်ဖျားမှ

မီးပွားကလေးများ လွင့်စင်ထွက်နေသည်..။

"ဂရီဂိုရီဗစ်ချ်.."

ဟယ်ရီ ကျယ်လောင်စွာ အော်လိုက်သည်..။ ခရမ်က သူ့ကို တအံ့တသြ လှမ်းကြည့်၏။ သို့ရာတွင် ဟယ်ရီမှာ အလွန် စိတ်လှုပ်ရှားနေသဖြင့် သူ့ကို ဂရုမပြုနိုင်ပေ..။ ခရမ်၏

မှော်တောင်ဝှေးကို မြင်သည်နှင့် သူ တစ်ခုခုကို သတိရသွားသည်..။ ကျောင်းသုံးကျောင်းပြိုင်ပွဲတွင် အိုလီဗန်ဒါက ထိုတောင်ဝှေးကို သေချာစစ်ဆေးကြည့်ခဲ့ဖူးသည်..။

"သူက ဘာဖြစ်လို့လဲ.."

"သူက မော်တောင်ဝေး လုပ်တဲ့သူ မဟုတ်လား.."

"ငါ သိပါတယ်.."

"သူ မင်းရဲ့ မော်တောင်ဝေးကို လုပ်ပေးတာ မဟုတ်လား.. ဒါကြောင့် ငါတွေးနေတာ.. ကွစ်ဒစ်ချ်နဲ့ ပတ်သက်.."

ခရမ်မှာ ပို၍ ပို၍ သံသယဖြစ်လာဟန်နှင့်..

"ဂရီဂိုရီဗစ်ချ်က ငါ့ရဲ့ မော်တောင်ဝေးကို လုပ်ပေးတာ မင်း ဘယ်လိုလုပ်သိသလဲ..."

"ကျွန်တော် တစ်နေရာရာမှာ ဖတ်ဖူးတယ် ထင်တာပဲ.. မဂ္ဂဇင်းထဲမှာ ဖြစ်... ဖြစ်ရမယ်.."

"ငါ တစ်ခါမှ မဂ္ဂဇင်း အင်တာဗျူးမှာ မော်တောင်ဝေးအကြောင်း ပြောဖူးတယ်လို့ မထင်ဘူး.."

"အာ.. ဒါနဲ့ အခု ဂရီဂိုရီဗစ်ချ် ဘယ်မှာနေလဲ သိလား.."

ခရမ်မှာ စဉ်းစားမရနိုင်ဟန်ဖြင့်..

"သူ အနားယူသွားတာ နှစ်နဲ့ချီနေပြီ.. ငါက သူ့ရဲ့ နောက်ဆုံး မော်တောင်ဝေးကို ဝယ်ခဲ့တာ.. သူ့ရဲ့ တောင်ဝေးတွေက အရမ်းကောင်းတယ်.. မင်းတို့ ဗြိတိန်မှာလည်း အိုလီဗန်ဒါကို

အများဆုံး သုံးကြသလိုပေါ့.."

ဟယ်ရီ စကားဆက်မပြောတော့ပဲ ကနေသူများကို ကြည့်နေဟန်ဆောင်နေလိုက်သည်...။ သူ တကယ်တော့ အပြင်းအထန် စဉ်းစားနေ၏..။ ဗိုဒီမော့မှာ နောက်ထပ် မော်တောင်ဝေး

ပညာရှင်တစ်ယောက်ကို ရှာနေပြန်ချေပြီ..။

သေချာသည်မှာ ဟယ်ရီ့မော်တောင်ဝေးက သူ့ကို လိုက်ဖမ်းစဉ် လုပ်လိုက်သည့် ကိစ္စအတွက်ပင် ဖြစ်ရမည်..။

သူ၏ ဖီးနစ်ငှက်မွေးထည့်ထားသော မော်တောင်ဝေးမှာ ဗိုဒီမော့ ငှားလာသော တောင်ဝေးကို အနိုင်ယူခဲ့သည်..။ ထိုကိစ္စကို အိုလီဗန်ဒါ ရှင်းမပြနိုင်ပေ..။ ဂရီဂိုရီဗစ်ချ်ကတော

အိုလီဗန်ဒါထက် ပိုသိနိုင်သလား..။ အိုလီဗန်ဒါ မသိသော မော်တောင်ဝေး၏ လျှို့ဝှက်ချက်ကို သိနေနိုင်သလား..။

"ဒီကောင်မလေး တော်တော်လှတာပဲ.."

ခရမ်မှာ ဂျင်းနီကို ညွှန်ပြရင်း ပြောလိုက်သည်..။

"မင်းရဲ့ အမျိုးပဲ မဟုတ်လား.."

"ဟုတ်တယ်.."

ဟယ်ရီ ဖြေသာဖြေလိုက်ရသော်လည်း မကျေမနပ် ဖြစ်မိသည်။ ထို့ကြောင့်...

"သူ့မှာ ရည်းစားရှိတယ်.. အရမ်း သဝန်တိုတတ်တယ်.. အကောင်ကလည်း အကြီးကြီးပဲ.. ခင်ဗျား သွားမစတာ ကောင်းမယ်.."

"ဟား.."

ခရမ် ညည်းညူလိုက်ရင်း သူ့ဖန်ခွက်ကို ကုန်အောင် မော့ချလိုက်ကာ မတ်တပ်ရပ်လိုက်သည်..။

"ရှိသမျှ ကောင်မလေး လှလှတွေမှာ သူ့လူနဲ့သူ ရှိပြီးသားဆိုတော့ ကမ္ဘာ့အဆင့် ကွစ်ဒစ်ချ်ကစားသမား ဖြစ်ရတာ ဘာကောင်းတော့မှာဲ.."

ထို့နောက် နေရာက ထွက်ခွာသွားတော့သည်..။ ဟယ်ရီ ဖြတ်သွားသော စားပွဲထိုးထံမှ အသားညှပ်ပေါင်မုန့်တစ်ခုကို ယူလိုက်ရင်း ကပွဲစင်မြင့်ကိုပတ်ကာ တခြားဘက်ကို

လျှောက်လာခဲ့သည်။ သူ ရွန့်ကို ရှာကာ ဂရီဂိုရှိဗစ်ချ်အကြောင်း ပြောပြချင်နေမိသည်..။ ရွန်မှာ ဤလူအုပ်ထဲဝယ် ဟာမီယွန်နှင့် တွဲကနေပေလိမ့်မည်...။

ဂျင်းနီမှာ ဖရက်နှင့် ဂျော့၏သူငယ်ချင်း လီဂျော်ဒန်နှင့် တွဲကလျှက်ရှိသည်..။ သူ ရွန့်ကို ပေးထားသော ကတိကို မနည်း ထိန်းနိုင်ရန် ကြိုးစားလိုက်ရသည်။

သူ တစ်ခါမှ မင်္ဂလာဧည့်ခံပွဲသို့ မရောက်ဖူးချေ..။ ထို့ကြောင့် မက်ဂယ်တို့၏ မင်္ဂလာဆောင်နှင့် စုန်းကဝေတို့၏ လက်ထပ်ပွဲ ဘာကွာခြားမှန်း မသိပေ..။ သေချာသည်ကတော့

ဖီးနစ်ငှက်နှစ်ကောင်ရုပ်ပုံ ထိပ်တွင် တပ်ထားသော မင်္ဂလာကိတ်မှာ လှီးလိုက်သည်နှင့် ငှက်နှစ်ကောင် ထပျံသွားခြင်းနှင့် ရှန်ပိန် ပုလင်းများ လေထဲတွင် ဝဲပျံနေခြင်းတို့ကို

မက်ဂယ်မင်္ဂလာပွဲတွင် မတွေ့ရနိုင်ပေ...။

ညနေစောင်းလာသည်နှင့် တပြိုင်နက် လေထဲတွင် လွင့်မျောနေသော ရွှေရောင်မီးအိမ်များကို ထွန်းညှိလိုက်ကြသည်။ ဖရက်နှင့်ဂျော့မှာ ဖလူရာ၏ ဝမ်းကွဲညီမများနှင့်အတူ လူအုပ်ထဲမှ

ပျောက်သွားကြ၏။ ချာလီ.. ဟက်ဂရစ်နှင့် နောက်တစ်ယောက်တို့မှာ သီချင်းအော်ဆိုနေကြသည်။

လူများကြားထဲတွင် ရွန့်ကို လိုက်ရှာရင်း တစ်နေရာတွင် အဖိုးအိုတစ်ယောက် စားပွဲတွင် တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့လိုက်ရသည်။ သူ၏ ဆံပင်များမှာ ဖွေးဖွေးဖြူနေပြီး သူ့ကို

မြင်ဖူးသည်ဟု ဟယ်ရီ ထင်မိသည်။

ဟယ်ရီ သူ့ဦးနှောက်ကို အလုပ်ပေးလိုက်သည်။ သူ ရုတ်တရက် သတိရလိုက်၏။ ထိုသူမှာ အဲဖီးရပ်စ်ဒေါ့ချ်ပင် ဖြစ်သည်။ ဖီးနစ်အဖွဲ့ဝင်ဖြစ်ကာ ဒမ်ဘယ်လ်ဒိုး၏ နာရေးအမှတ်တရကို

ရေးသားခဲ့သူပင်..။ ဟယ်ရီ သူ့အနားသို့ တိုးကပ်သွားရင်း..

"ကျွန်တော် ဒီမှာ ထိုင်လို့ရလား.."

"ရပါတယ်ကွယ် .. ထိုင်ပါ.."

ဒေါ့ချ်က အသံ ခပ်စူးစူးဖြင့် ပြန်ပြော၏။ ဟယ်ရီ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း..

"မစ္စတာဒေါ့ချ် ကျွန်တော်က ဟယ်ရီပေါ်တာပါ.."

ဒေါ့ချ်မှာ ရုတ်တရက် ဟာခနဲ ဖြစ်သွားပြီးမှ..

"မင်းကိုးကွ.. အာသာကတော့ မင်း ဒီထဲမှာ ရုပ်ဖျက်နေတယ်လို့ ပြောသားပဲ.. တကယ့်ကို တွေ့ရတာ ဝမ်းသာမိတယ်.. ဂုဏ်ယူစရာလည်း ကောင်းပါတယ်.."

ဒေါ့ချ်က ဝမ်းမြောက်ဝမ်းသာနှင့် ဟယ်ရီ့အတွက် ရှန်ပိန်တစ်ခွက် ငှဲ့ပေးလိုက်ရင်း..

"ငါ မင်းဆီ စာရေးမလို့ပဲ.. ဒမ်ဘယ်လ်ဒိုးက မထင်မှတ်ပဲ ဒီလိုဖြစ်သွားတော့ မင်းအတွက်က.."

ဒေါ့ချ်၏ ခပ်သေးသေးမျက်လုံးများတွင် မျက်ရည်များ ပြည့်လာ၏..။

"စုန်းကဝေ နေ့စဉ်သတင်းစာမှာ မစ္စတာဒေါ့ချ်ရေးတဲ့ နာရေးအမှတ်တရ စာကို ဖတ်ရတယ်... ဒမ်ဘယ်လ်ဒိုးနဲ့ ဒီလောက် ရင်းနှီးမယ်လို့ မထင်ခဲ့မိဘူး.."

ဒေါ့ချ်က မျက်လုံးများကို လက်ကိုင်ပဝါနှင့်သုတ်ရင်း..

"ခင်တာပေါ့ကွာ.. ငါနဲ့ခင်ခဲ့တာ ကြာလှပြီပဲ.. အက်ဘာဖို့ကို ထည့်မတွက်ရင်ပေါ့.. ဘယ်သူကမှလည်း သူ့ကို ထည့်မတွက်ကြပါဘူး.."

"မစ္စတာဒေါ့ချ်.. သတင်းစာထဲမှာ ပြောထားတာကတော့.."

"ငါ့ကို အဲဖီးရပ်စ်လို့ပဲ ခေါ်ပါကွာ.."

"အဲဖီးရပ်စ် .. ရီတာစကီတာရဲ့ အင်တာဗျူးကို တွေ့ပြီးပြီလား.."

ဒေါ့ချ်၏ မျက်နှာမှာ ဒေါသကြောင့် အရောင်ပြောင်းသွား၏..။

"ငါ ဖတ်ပြီးပါပြီ ဟယ်ရီ.. ငါ့ကို သူနဲ့ စကားပြောအောင် သက်သက် နှောင့်ယှက်တာနဲ့ ငါလည်း နည်းနည်း ရိုင်းသွားမိတယ်.. ငါ့ကို အင်တာဗျူးထဲမှာ ဘယ်လိုမကောင်းပြောထားသလဲ ..

တွေ့တယ်မဟုတ်လား.."

ဟယ်ရီက..

"အင်တာဗျူးမှာ စကီတာက ဒမ်ဘယ်လ်ဒိုး ငယ်ငယ်တုန်းက မိစ္ဆာမှော်ပညာတွေ လေ့လာဖူးတယ် ဆိုထားပါလား.."

ဒေါ့ချ်က ချက်ချင်းပင်..

"သူပြောသမျှ တစ်လုံးမှ မယုံနဲ့.. မင်းရဲ့မှတ်ဉာဏ်ထဲက ဒမ်ဘယ်လ်ဒိုးရဲ့ ဂုဏ်သိက္ခာကို ဘာကြောင့်မှ အကျမခံစမ်းပါနဲ့.."

ဟယ်ရီ ဒေါ့ချ်ကို ကြည့်လိုက်သည်။ သူ၏ မျက်နှာမှာ စိတ်ပျက်မှု.. နာကျင်မှုများနှင့် ရောထွေးနေ၏..။ ဒေါ့ချ်ထင်သလို လွယ်ကူရဲ့လား။ သူလွယ်လွယ်လေးနဲ့ ယုံလိုက်ရမှာလား..။ သူ

သေချာသိဖို့ လိုတယ်ဆိုတာကို ဒေါ့ချ် နားမလည်ဘူးလား..။

ဒေါ့ချ်တစ်ယောက် ဟယ်ရီ၏ စိတ်ခံစားချက်ကို သံသယဝင်နေပုံရသည်..။ သူက အလွန် စိတ်ပူနေဟန်ဖြင့် ခပ်သွက်သွက်ပင်..

"ဟယ်ရီ.. ရီတာစကီတာက အရမ်း ဆိုးဝါးတဲ့.."

သို့ရာတွင် သူ့စကားကို ခပ်ရှရှ အသံတစ်သံက ဖြတ်တောက်လိုက်သည်..။

"ရီတာစကီတာလား.. အိုး .. သူ့ကို အရမ်းကြိုက်တာပေါ့.. အမြဲဖတ်တယ်လေ.."

ဟယ်ရီကော ဒေါ့ချ်ပါ မော့ကြည့်လိုက်ကြသည်။ အန်တီမြူရီရယ်လ်ကို လက်ထဲတွင် ရှန်ပိန်ခွက်နှင့် တွေ့ရ၏။

"ဟယ်လို မြူရီရယ်လ် .. ငါတို့ ဆွေးနွေးနေတာက.."

ဒေါ့ချ်၏ စကား မဆုံးလိုက်ချေ..။ မြူရီရယ်လ်ဟ အော်သံက ထွက်လာ၏..။

"ဟေ့.. ဟိုတစ်ယောက်.. ငါ့ကို ထိုင်ခုံပေးစမ်း.. ငါ့အသက်က တစ်ရာ့ခုနစ်နှစ် ရှိပြီဆိုတာ နားမလည်ဘူးလား.."

ဆံပင်အနီရောင်နှင့် ဝီစလေတို့၏ ဝမ်းကွဲမှာ ထိုင်ခုံမှ ကမန်းကတန်း ထရပ်လိုက်ရသည်။ အန်တီမြူရီရယ်လ်က ခုံကို သန်သန်မြန်မြန် ဆွဲယူကာ သူတို့စားပွဲတွင် ဝင်ထိုင်လိုက်၏..။ သူက

ဟယ်ရီ့ကို..

"အိုး .. မင်းက ဘာရီလားဘာလားဆိုတဲ့ ကောင်လေးမဟုတ်လား.."

ထို့နောက် အဲဖီးရပ်စ်ဘက်လှည့်ကာ..

"အဲဖီးရပ်စ်.. ရီတာစကီတာအကြောင်း ရှင် ဘာပြောနေတာလဲ.. ရှင်သိတယ် မဟုတ်လား.. သူက ဒမ်ဘယ်လ်ဒိုးရဲ့ အတ္ထုပ္ပတ္တိကို ထုတ်မလို့လေ.. ကျွန်မ ဖတ်ချင်လှပြီ.. ဖလော့ရင့်နှင့်

ဘလော့ဆိုင်မှာ ကြိုပြီး မှာထားဖို့ သတိထားရမယ်.."

ဒေါ်ချိုမှာ ရုတ်တရက် ဘာပြောရမှန်း သိပုံမရပေ..။ အန်တီမြူရီရယ်လ်က သူ့ဖန်ခွက်ကို ကုန်အောင်မော့လိုက်ကာ ဖြတ်သွားသော စားပွဲထိုးတစ်ယောက်ကို လှမ်းဆွဲရင်း

ထပ်ထည့်ခိုင်းနေ၏..။ သူမက နောက်ထပ် ရှန်ပိန်ကို တစ်ငုံ အားပါးတရ ငုံလိုက်ရင်း..

"ဒမ်ဘယ်လ်ဒိုး အကြောင်းက ကောလဟာလတွေ အများကြီး ကြားနေရတယ်.."

"တစ်ခုမှ သတင်းမှန် မပါဘူး.."

ဒေါ်ချို၏ မျက်နှာမှာ နီရဲလာပြန်သည်..။

"နင်ကတော့ ဒီလိုပဲ ပြောမှာပေါ့ အဲဖီးရပ်စ်ရဲ့.. မင်းသူ့ကို ဘယ်လောက်ခင်သလဲဆိုတာ နာရေးအမှတ်တရစာကို ဖတ်ကြည့်ရုံနဲ့ သိနိုင်တာပဲ.."

"ဒါ ခင်တာနဲ့ မဆိုင်ဘူး.. ဒါ တကယ့် အဖြစ်မှန်ပဲ.."

"ရှင်က သူ့ကိုသူတော်စင် ထင်နေလား.. သူ့ရဲ့ စကွစ်ဘ်ညီမကို သူ ဘယ်လိုလုပ်လိုက်သလဲ.."

"မြူရီရယ်လ်.."

ဒေါ်ချိုက အလန့်တကြား အော်ဟစ်လိုက်သည်..။

သူ့ရင်ထဲတွင် အေးစိမ့်စိမ့် ဖြစ်သွားခြင်းမှာ ရေခဲစိမ်ရှန်ပိန်ကြောင့် မဟုတ်မှန်း ဟယ်ရီ သေချာသိသည်..။

"အန်တီဘာပြောတာလဲ.. ဘယ်သူက သူ့ညီမကို စကွစ်ဘ်လို့ ပြောသလဲ.. သူက နေမကောင်းဖြစ်နေတာလို့ ကျွန်တော် ထင်တာ.."

"ဒီလိုဆို မင်းထင်တာ မှားတာပေါ့ ဘာရီရယ်.. အေးလေ.. မင်း ဘယ်လိုလုပ် သိနိုင်ပါ့မလဲ.. မင်း မမွေးခင် နှစ်ပေါင်းများစွာက ကိစ္စပဲဟာ.. အဲဒီတုန်းက အသက်ရှင်နေခဲ့တဲ့

တို့လိုလူတွေတောင်မှ သေချာမသိကြဘူး... ဒါကြောင့် စကီတာရဲ့ စာအုပ်ကို ဖတ်ချင်တာပေါ့.. ဒမ်ဘယ်လ်ဒိုးက သူ့ညီမအကြောင်း ဘာမှ ပြောတာမှ မဟုတ်တာ.."

ဒေါ်ချို့က ဒေါသတကြီးနှင့်..

"အမှားတွေ .. အကုန်လုံး အမှားတွေချည်းပဲ.."

ဟယ်ရီကလည်း "သူ့ညီမကို စကွစ်ဘ်ပါလို့ တစ်ခါမှ ကျွန်တော့်ကို မပြောဖူးပါဘူး.."

မြူရီရယ်လ်က သူ့ဘက်သို့လှည့်ရင်း..

"သူက မင်းကို ဘာကြောင့် ပြောပြရမှာတုန်း.."

အဲဖီးရပ်စ်က..

"အဲဗက်စ်က အာရီယာနာ အကြောင်းကို မပြောတာက သူ့ညီမသေသွားတဲ့ ကိစ္စကို သိပ်ခံစားရလွန်းလို့ပဲ ဖြစ်မယ်.."

မြူရီရယ်လ်က..

"ဒါဆို ဘာကိစ္စ သူ့ညီမကို ဘယ်သူမှ မမြင်ဖူးတာလဲ.. ငါတို့တွေထဲက တစ်ဝက်လောက်က သူ့မှာ ညီမရှိတယ်ဆိုတာ မသိကြဘူး.. သူတို့အိမ်ထဲက အခေါင်းကို ထမ်းထုတ်သွားတဲ့

အချိန်အထိပဲ.. သူ့ညီမ အခန်းထဲ အပိတ်ခံထားရတဲ့ အချိန်မှာ ဒမ်ဘယ်လ်ဒိုး ဘယ်ရောက်နေသလဲ.."

ဟယ်ရီက..

"ဘာကိစ္စ အခန်းထဲမှာ ပိတ်ခံရတယ်လို့ ပြောရတာလဲ.."

ဒေါ်ချို့ကို ကြည့်ရသည်မှာ ပို၍ ကသိကအောင့် ဖြစ်နေဟန်ရှိသည်။

အန်တီမြူရီရယ်လ်မှာ သူမ၏ စူးစူးဝါးဝါးနိုင်လှသော အသံဖြင့်ပင် အဖြေပေးလိုက်သည်။

"ဒမ်ဘယ်လ်ဒိုးရဲ့ အမေက အရမ်းဆိုးတာ.. မက်ဂယ်တွေကမွေးတာလို့ ပြောတာပဲ.. သူကတော့ မဟုတ်သလို ဟန်ဆောင်တာပေါ့.."

ဒေါ်ချို့က စိတ်ဆင်းရဲနေဟန်ဖြင့်..

"ကန်ဒရာက တစ်ခါမှ ဟန်မဆောင်ခဲ့ဖူးပါဘူး.."

အန်တီမြူရီရယ်လ်က သူ့ကို လုံးဝ ဂရုမစိုက်ပဲ ဆက်၍ ..

"အရမ်း ကြွားဝါဂုဏ်ယူတတ်တဲ့ မိန်းမလေး.. သူလိုလူမျိုးက စကွစ်ဘ်ကလေး မွေးလာတော့.."

"အာရီယာနာက စကွစ်ဘ် မဟုတ်ဘူး။။"

"ဒါ နင့်အပြောပဲ ရှိတာပဲလေ အဲဖီးရပ်စ်ရဲ့... ဒါဆို သူ့ကို ဘာကိစ္စ ဟော့ဝပ်မှာ မတွေ့ရတာလဲ.. ငါတို့ခေတ်က စကွစ်ဘ်တွေကို သိပ်ပြီး လူသိမခံကြဘူး.. ဒါကြောင့်ပဲ ဒီကောင်မလေးကို

အိမ်ထဲမှာ သော့ခတ်ထားတာ ဖြစ်မှာပေါ့.."

ဒေါ့ချ်က..

"ဒီလို ဖြစ်ခဲ့တာ မဟုတ်ပါဘူးလို့ ငါ ဘယ်နှစ်ခါ ပြောရမှာလဲ.."

သို့ရာတွင် အန်တီမြူရီရယ်လ်မှာ ဟယ်ရီ့ကို ဆက်၍ စကားပြောလိုက်၏..။

"စကွစ်ဘ်တွေကို အများစုက မက်ဂယ်ကျောင်းကို ပို့ကြတယ်.. မက်ဂယ်တွေထဲမှာ ကျင်လည်ခိုင်းလိုက်တယ်.. စုန်းကဝေကျောင်းမှာ ထားဖို့က ဖြစ်မှ မဖြစ်နိုင်ပဲလေ.. ဒါပေမယ့်

ကန်ဒရာဒမ်ဘယ်လ်ဒိုးကတော့ ဒီလို သူ့သမီးကို မက်ဂယ်တွေထဲ လွှတ်ဖို့လည်း တွေးမိပုံ မရဘူး..."

"အာရီယာနာက အရမ်း နေမကောင်းဖြစ်နေတယ်.. ဒါကြောင့်မို့လို့ ကျောင်းတက်ဖို့ မဖြစ်နိုင်ခဲ့ဘူး.."

"အိမ်ပြင်ကို ထွက်ခွင့်မရတာပါ.. နေမကောင်းရင်လည်း စိန့်မန်ဂိုကို ခေါ်သွားပါလား.."

"မြူရီရယ်လ်.. ဆေးကု မကုဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိနိုင်မှာလဲ.."

"အဲဖီးရပ်စ် .. ငါ့ရဲ့ တစ်ဝမ်းကွဲ လန်ဆီလော့က စိန့်မန်ဂိုဆေးရုံက ဆေးကုသသူတစ်ယောက်ပဲ .. သူ တစ်ခါမှ အာရီယာနာကို မမြင်ဖူးခဲ့ဘူး.."

ဒေါ့ချ်မှာ စိတ်မကောင်းဖြစ်၍ ငိုတော့မည့်မျက်နှာထားနှင့် ဖြစ်နေသည်။ အန်တီမြူရီရယ်လ်မှာမူ အကြီးအကျယ် ကျေနပ်နေဟန်ဖြင့် နောက်ထပ် ရှန်ပိန်တစ်ခွက် ထပ်ယူနေ၏..။

ဟယ်ရီမှာမူ တစ်ချိန်က ဒါစလေတို့ သူ့ကို ဘယ်လို ပိတ်လှောင်ထားခဲ့သည်ကို စဉ်းစားနေမိသည်။ သူ့ကို စုန်းကဝေတစ်ယောက် ဖြစ်၍ ပတ်ဝန်းကျင်က မြင်မည်ကို စိုးရိမ်ကြ၍ပင်..။

ဒမ်ဘယ်လ်ဒိုးရဲ့ ညီမရော သူ့လိုအဖြစ်မျိုး ကြုံခဲ့ရသလား..။ မြူရီရယ်လ်က သူ့စကားကို ဆက်လိုက်သည်။

"ကန်ဒရာသာ အရင်သေမသွားခဲ့ရင် သူကိုယ်တိုင်တောင် အာရီယာနာကို သတ်ချင်သတ်မှာ.."

ဒေါ့ချ်က အကြီးအကျယ် မကျေမနပ်ဖြစ်နေသံဖြင့်..

"ဘယ်လိုပြောလိုက်တာလဲ မြူရီရယ်လ် .. အမေက သမီးကို သတ်မတဲ့လား... မဖြစ်နိုင်တာတွေ..."

"သူ့သမီးကိုတောင် နှစ်ပေါင်းများစွာ ချုပ်ထားသေးတာပဲ.. ဘာလို့ မဖြစ်နိုင်ရမှာလဲ.. ဒါပေမယ့် ဒီလိုတော့ မဖြစ်ခဲ့ဘူးလေ.. ကန်ဒရာက အရင် သေသွားခဲ့တာကိုး.. ဒီတော့ ဖြစ်နိုင်တာက

အာရီယာနာက ထွက်ပြေးဖို့ ကြိုးစားရင်းနဲ့ ကန်ဒရာကို သတ်မိသွားတာပဲ ဖြစ်ရမယ်.."

အန်တီမြူရီရယ်လ်က စဉ်းစဉ်းစားစား လုပ်နေဟန်ဖြင့် ပြောသည်။

"အဲဖီးရပ်စ်... နင် အာရီယာနာရဲ့ အသုဘကို သွားခဲ့တယ် မဟုတ်လား..."

"ဟုတ်တယ် .. တကယ့်ကို ဝမ်းနည်းဖို့ကောင်းတဲ့ အခိုက်အတန့်ပဲ.. အဲဗက်စ်ခမျာ အသည်းကွဲမတတ် ခံစားနေရတယ်.."

"အသည်းကွဲရုံတင်မကဘူး.. အက်ဘာဖို့ကလည်း အဲဗက်စ်ရဲ့ နှာခေါင်းရိုးကို လမ်းတဝက်လောက်မှာ ချိုးလိုက်သေးတယ် မဟုတ်လား.."

ယခင်က ထိတ်ထိတ်လန့်လန့် ရှိခဲ့သော ဒေါ့ချ်၏ မျက်နှာမှာ ယခုအခါတွင် အဆိုးဝါးဆုံး ဖြစ်သွား၏။ ဒီတစ်ချီတွင် မြူရီရယ်လ်၏ စကားက သူ့အရှိက်ကို ထိသွားပုံရသည်..။

"ခင်ဗျား .. ခင်ဗျား ဘယ်လို.."

"ကျွန်မအမေနဲ့ ဘက်သီဒါဘက်ရှော့နဲ့က သူငယ်ချင်းတွေလေ.. ဘက်သီဒါက အမေ့ကို ပြောပြနေတုန်း ကျွန်မ တံခါးဝကနေ နားထောင်ခဲ့တာပေါ့... ဘက်သီဒါ ပြောပုံအရဆိုရင်

အက်ဘာဖို့က အားလုံး အဲဗက်စ်ရဲ့ အမှားပဲလို့ အော်ဟစ်ပြီး လက်သီးနဲ့ ထိုးခဲ့တယ်ဆိုပဲ.. အဲဗက်စ်က လုံးဝ မခုခံဘူး... ဒါ မထူးဆန်းဘူးလား.. အဲဗက်စ်သာ အက်ဘာဖို့ကို ယှဉ်ရင်

လက်နှစ်ဖက် နောက်ပစ်ထားရင်တောင် နိုင်တယ်..."

မြူရီရယ်လ်က ရှန်ပိန်ကို ထပ်သောက်လိုက်ပြန်သည်။ ဒေါ့ချ်ကို ကောင်းကောင်း ဒုက္ခပေးနေသော ထိုအဖြစ်အပျက်များသည် သူမကို ပို၍ တက်ကြွလာစေ၏။ ဟယ်ရီ ဘာကို

တွေးရမှန်းပင် မသိတော့ပေ..။ သူ အမှန်တရားကို သိချင်မိသည်။ သို့ရာတွင် ဒေါ့ချ်မှာ ဘာစကားမှ ဆက်မပြောတော့ပဲ စိတ်ပျက်လက်ပျက် ထိုင်နေ၏..။

ဟယ်ရီ လုံးဝ မယုံကြည်နိုင်သည်မှာ အိမ်ထဲတွင် ဤမျှရက်စက်သော ကိစ္စ ဖြစ်ပွားခဲ့ပါလျက် ဒမ်ဘယ်လ်ဒိုး လက်ပိုက်ကြည့်နေခြင်းပင်..။ ထိုဇာတ်လမ်းတွင် ထူးခြားမှု ရှိနေသည်ဟု သူ

ထင်၏..။

မြူရီရယ်လ်က လက်ထဲမှ ဖန်ခွက်ကို ပြန်ချထားကာ..

"နောက်တစ်ခု ရှိသေးတယ်.. ဘက်သီဒါက ရီတာစကီတာကို တစ်ခုခု ပြောလိမ့်မယ်ထင်တယ်.. သူ့ရဲ့ အင်တာဗျူးမှာ ဒမ်ဘယ်လ်ဒိုးရဲ့ အနီးစပ်ဆုံး သတင်းပေးတဲ့သူ ရှိတယ်လို့

ပြောသွားတယ် မဟုတ်လား.. ဒါ အာရီယာနာရဲ့ အကြောင်းပဲ ဖြစ်ရမယ်.."

"ဘက်သီဒါက ဘယ်တော့မှ စကီတာနဲ့ စကားပြောမှာ မဟုတ်ဘူး.."

ဟယ်ရီက..

"ဘက်သီဒါဘက်ရှော့က မှော်ပညာသမိုင်းကို ရေးတဲ့သူ မဟုတ်လား.."

ထိုနာမည်မှာ ဟယ်ရီ၏ ကျောင်းစာအုပ်အဖုံးတွင် တွေ့နေကျ ဖြစ်သော်လည်း သူ ဂရုမပြုမိခဲ့ပေ..။ ဒေါ့ချ်က..

"ဟုတ်တယ် .. အတော်ဆုံး သမိုင်းပညာရှင်ပဲ ... ပြီးတော့ အဲဗက်စ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပဲ.."

"အခုတော့ သူငယ်ပြန်နေပြီလို့ သတင်းကြားတာပဲ.."

"ဒီလိုဆိုရင် စကီတာက သူ့အပေါ်မှာ ပိုပြီး အမြတ်မထုတ်သင့်ဘူး.. ဘက်သီဒါပြောသမျှကို ယုံလို့မှ မရတော့တဲ့ဟာ..."

အန်တီမြူရီရယ်လ်ကမူ..

"အိုး ... မှတ်ဉာဏ်ပြန်ပေါ်အောင် လုပ်တဲ့နည်းတွေ အများကြီးပဲဟာ... ဒီနည်းတွေအကုန် ရီတာစကီတာ သိမှာပဲ... ဘက်သီဒါ တကယ်ပဲ သူငယ်ပြန်သွားလည်း သူ့ဆီမှာ ဒမ်ဘယ်လ်ဒိုးရဲ့

စာတို့ .. ဓာတ်ပုံတို့ ရှိဦးမှာပဲ.. သူနဲ့ ဒမ်ဘယ်လ်ဒိုး ခင်တာ ကြာလှပြီပဲဟာ.. ဂိုဒရစ်ဟောလို းက သွားလို့ အလကား မဖြစ်ပါဘူး.."

ဘက်တာဘီယာကို မော့သောက်နေသော ဟယ်ရီမှာ ရုတ်တရက် သီးသွား၏။ ဒေါ့ချ်က ချက်ချင်းပင် ချောင်းဆိုးနေသော ဟယ်ရီ့ကျောပြင်ကို ပုတ်ပေးလိုက်သည်..။ သူ

စကားပြောနိုင်သည်နှင့် ချက်ချင်းပင်...

"ဘက်သီဒါဘက်ရှော့က ဂိုဒရစ်ဟောလို းမှာ နေတာလား.."

"ဟုတ်တယ်လေ.. သူက အဲဒီ့မှာ တစ်သက်လုံး နေလာတာ.. ဒမ်ဘယ်လ်ဒိုး မိသားစုက ပါစီဗယ်လ် အဖမ်းခံရမှ ပြောင်းလာကြတာ.. သူတို့က အိမ်နီးနားချင်းတွေလေ.."

"ဒမ်ဘယ်လ်ဒိုး မိသားစုလည်း ဂိုဒရစ်ဟောလို းမှာ နေခဲ့တာလား..."

"ဟုတ်တယ်လေ ဘာရီရဲ့.."

ဟယ်ရီ အလွန် စိတ်ပျက်သွားသလို ခံစားလိုက်ရသည်။ ခြောက်နှစ်လုံးလုံး ဒမ်ဘယ်လ်ဒိုးက သူ ဂိုဒရစ်ဟောလို းတွင် နေခဲ့ကြောင်း သူတို့နှစ်ယောက်စလုံး အတူတူပင် ထိုနေရာ၌

ချစ်ခင်သူများကို ဆုံးရှုံးခဲ့ရကြောင်း ရှင်းမပြခဲ့.. ဘာကြောင့်လဲ.. ဆိုသော အမေးကို ဟယ်ရီ့စိတ်ထဲတွင် မေးနေမိသည်...။

သို့ရာတွင် ထိုကိစ္စသည် အရေးကြီးမကြီး သူကိုယ်တိုင်ပင် မသေချာ..။ အရေးမကြီး၍ မပြောခြင်း ဖြစ်နိုင်သော်လည်း သူ့ကို ညာနေသလို ခံစားရ၏..။ ဟယ်ရီ အတွေးထဲတွင်

နစ်မျောနေ၏..။ ဟာမီယွန် သူ့အနီးတွင် ထိုင်ခုံတစ်လုံး ဆွဲယူကာ ထိုင်လိုက်သည်ကိုပင် သတိမထားမိပေ..။

"ငါတော့ နောက်ထပ် မကနိုင်တော့ဘူး..."

သူမက ဒေါက်ဖိနပ်ကို ချွတ်ကာ ခြေဖဝါးများကို နှိပ်နယ်ရင်း ပြောလိုက်သည်..။

"ရွှန်ကတော့ ဘတ်တာဘီယာ ထပ်သွားယူနေတယ်.. ငါ ထူးဆန်းတာ တွေ့ခဲ့တယ်ဟ.. ဗစ်တာနဲ့ လူနာ့အဖေတို့ ငြင်းခုံနေကြတယ်... ပြီးတော့ ဗစ်တာက စိတ်ဆိုးပြီး ထွက်သွားရော..."

သူက စကားကို ရပ်လိုက်ရင်း ဟယ်ရီ့ဘက်လှည့်ကာ...

"ဟယ်ရီ.. နင် နေကောင်းရဲ့လား..."

ဟယ်ရီ ဘာပြန်ပြောရမှန်း မသိပေ..။

သို့သော် ထိုအခိုက်အတန့်မှာပင် ကပွဲကြမ်းပြင်ပေါ် ငွေရောင်အရာတစ်ခု ပြုတ်ကျလာ၏..။ ငွေရောင်တောက်ပနေသော တောကြောင်ကြီးဖြစ်ကာ အနီးရှိကနေသူများ အံ့အားသင့်ကာ

ရပ်ကြည့်နေကြသည်..။

ထို့နောက် အစောင့်အရှောက်ရုပ်သွင်မှာ ပါးစပ်ဟလိုက်ပြီး ကင်းစလေရှက်ကယ်လ်ဘို့တ်၏ ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်...။

"ဝန်ကြီးဌာန ကျသွားပြီ.. စကရင်ဂျီယော်လည်း သေသွားပြီ.. သူတို့ လာနေကြပြီ.."

## ၉။ ပုန်းခိုရမည့် နေရာ

ဟယ်ရီနှင့် ဟာမီယွန်တို့ နေရာမှ ဝုန်းကနဲထကာ မှော်တောင်ဝှေးများကို ဆွဲထုတ်လိုက်ကြသည်...။ လူအတော်များများမှာ ဘာဖြစ်နေမှန်း ရုတ်တရက် မသိကြပေ..။ ဟိုကြည့်ဒီကြည့်

ကြည့်နေကြဆဲ ရှိသည်..။ ထိုအချိန်တွင် တစ်ယောက်ယောက်က အလန့်တကြား ထအော်လိုက်သည်..။

ဟယ်ရီကော ဟာမီယွန်ပါ ထိတ်လန့်တကြား ဖြစ်နေသော လူအုပ်ထဲသို့ အတင်း တိုးဝင်လာခဲ့ကြသည်..။ အများစုမှာ ကိုယ်ရောင်ဖျောက်ကာ ထွက်ပြေးကြပြီ ဖြစ်သည်..။ ဤ

သည်ကိုကြည့်၍ ဘာရီးကို ကာကွယ်ထားသော အကာအကွယ်များ မရှိတော့ကြောင်း သိသာလှ၏..။

“ရွှန်.. ရွှန်.. နင် ဘယ်ရောက်နေလဲ..”

ဟာမီယွန်က အော်ခေါ်လိုက်သည်..။

သူတို့ ကပွဲစင်ကို ဖြတ်ပြေးလာရင်း လူအုပ်ထဲတွင် မျက်နှာဖုံးစွပ်နှင့် လူရိပ်များ ပေါ်လာသည်ကို တွေ့လိုက်ရသည်..။ ထိုအချိန်မှာပင် လူပင်ကော တွန့်ခ်ပါ သူတို့၏

မော်တောင်ဝှေးများကို ကိုင်ရင်း ‘ပရိုတီဂို’ဟု အော်ဟစ်လိုက်သည်ကို ဟယ်ရီ ကြားလိုက်ရသည်..။

“ရွှန်.. ရွှန်..”

ဟာမီယွန်မှာ ရှိုက်သံတစ်ဝက်နှင့် လူအုပ်ကြားထဲ ဖြတ်ပြေးရင်း အော်ခေါ်နေ၏..။ ဟယ်ရီ လူချင်းကွဲမသွားစေရန် သူမ၏ လက်ကို တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်...။

ထို့နောက် သူတို့ ရွှန့်ကို တွေ့လိုက်ရသည်..။ သူက ဟာမီယွန်၏ လွတ်နေသော လက်တစ်ဖက်ကို ဆွဲလိုက်သည်..။

ထိုအချိန်မှာပင် ဟယ်ရီ့အမြင်အာရုံတွင် တဖြည်းဖြည်း အမှောင်ထုက လွှမ်းမိုးလာ၏..။ သူ ခံစားမိသည်မှာ ဟာမီယွန် လက်က သူ့ကို ဆုပ်ကိုင်ထားခြင်းပင်..။ အားလုံးနှင့်ဝေးရာကို

လွင့်မျောသွားသည်ဟု သူ ခံစားလိုက်ရသည်..။

“ငါတို့ ဘယ်ရောက်နေတာလဲ...”

ရွှန့်အသံကို ကြားလိုက်ရ၏..။ ဟယ်ရီ မျက်စိဖွင့်ကြည့်လိုက်သည်..။ သူတို့ လက်ထပ်ပွဲ အခမ်းအနားထဲမှာပင် ရှိနေသေးသည်ဟု ထင်လိုက်မိသေးသည်..။ ပတ်ဝန်းကျင်တွင် လူများကို

တွေ့နေရသည်...။

ဟာမီယွန်က..

“တော့တင်ဟမ် လမ်းမကြီးပေါ်မှာ.. ဆက်သာလျှောက်ကြ.. ငါတို့ အဝတ်အစားလဲဖို့ လိုတယ်...”

သူတို့ ပလက်ဖောင်းအတိုင်း မပြေးရုံတမယ် လျှောက်လာခဲ့ကြသည်..။ လမ်းတလျှောက်တွင် ညဖက် လမ်းလျှောက်ထွက်သူများနှင့် ပြည့်နေ၏..။ ဟယ်ရီနှင့် ရွှန်မှာ ပွဲတက်ဝတ်စုံများကို

ဝတ်ဆင်ထားကြဆဲပင်..။

"ဟာမီယွန်.. ငါတို့မှာ လဲစရာအဝတ်မှ ပါမလာပဲ.."

ရွှန့်စကားအဆုံးတွင် ဟာမီယွန်က အားပါးတရ ပြုံးလိုက်၏..။

"ငါ့မှာကော ဘာကိစ္စ ကိုယ်ပျောက်ဝတ်ရုံ ပါမလာရသလဲ..."

ဟယ်ရီ သူ့အသုံးမကျမှုအတွက် ကိုယ့်ကိုယ်ကို ကျိန်ဆဲရင်း..

"မနှစ်က တစ်နှစ်လုံးတောင် ကိုယ်နဲ့မကွာ ထားခဲ့ပြီးမှကွာ.."

"အရေးမကြီးဘူး.. ငါ့မှာ ကိုယ်ပျောက်ဝတ်ရုံလည်း ပါတယ်.. နင်တို့ရဲ့ အဝတ်အစားတွေလည်းပါတယ်.. လောလောဆည်သာ ဟန်မပျက်နေကြ... ဟုတ်ပြီ... ဟိုမှာ..."

ဟာမီယွန်က လမ်းကြားတစ်ခုအတွင်း ချိုးချလိုက်သည်..။

"နင့်မှာ ကိုယ်ပျောက်ဝတ်ရုံရော အဝတ်အစားတွေပါ ပါလာတယ်လို့ ပြောတာလား.."

ဟယ်ရီက သူမကိုကြည့်၍ မေးလိုက်၏..။ ဟာမီယွန့်ထဲတွင် သူမ၏ လက်ကိုင်အိတ်ကလေးမှအပ ဘာမှ ပါမလာပေ..။ သူမက အပြေးအလွှား သွားနေရင်းမှ..

"ရော့.. ဒီမှာလေ.."

ဟယ်ရီနှင့် ရွှန်တို့ အလွန်အံ့ဩသွားကြ၏..။ သူမက လက်ကိုင်အိတ်ထဲမှ ဂျင်းဘောင်းဘီနှစ်ထည်.. ရှပ်အကျႌနှစ်ထည်နှင့် ခြေအိတ်များကို ထုတ်လိုက်ပြီး နောက်ဆုံးတွင် ငွေရောင်

ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်လိုက်သည်..။

"ဘယ်.. ဘယ်လိုလုပ်ပြီး..."

"ပုံသဏ္ဍာန်မပြောင်းပဲ ချဲ့ကားပေးနိုင်တဲ့ အစီအရင်လေ.. အရမ်းရှုပ်ထွေးတယ်.. ဒါပေမယ့် ငါလုပ်ကြည့်တာတော့ အဆင်ပြေသားပဲ.. ငါတို့လိုသမျှအားလုံးကို ဒီထဲမှာ ထည့်ထားတယ်..."

သူမက လက်ကိုင်အိတ်ကလေးကို လှုပ်ပြလိုက်သည်…။ အတွင်းမှ ပစ္စည်းချင်း ထိသံများမှာ ဇရာမပစ္စည်းများ အချင်းချင်း ထိသံနှယ် ကြားနေရ၏..။ ကုန်သေတ္တာကြီးတစ်ခုကို

လှုပ်ခါပြလိုက်သလိုပင်..။

"ဒုက္ခပါပဲ.. စာအုပ်တွေ အစည်းပြေကုန်ပြီထင်တယ်…"

ဟာမီယွန်က အိတ်ထဲသို့ ချောင်းကြည့်ရင်း ပြော၏..။

"ဟယ်ရီ.. ကိုယ်ပျောက်ဝတ်ရုံ ခြုံထားလေ.. ရွန်… မြန်မြန် အဝတ်အစားလဲလေဟာ.."

ဟယ်ရီက ရွန်တစ်ယောက် အဝတ်လဲနေစဉ်တွင်..

"နင် ဘယ်တုန်းတည်းက လုပ်ထားတာလဲ.."

"ငါ ဘာရိုးမှာတည်းက ပြောသားပဲ.. ငါ ပစ္စည်းတွေ ထုပ်ပိုးနေတာ အတော်ကြာပါပြီလို့… ဒါမှ ငါတို့ မြန်မြန်ထွက်လာချင်ရင် အဆင်ပြေမှာကိုး… နင့်ကျောပိုးအိတ်ကိုတော့ မနက်ကမှ

ထည့်ထားလိုက်တာ.. နင် အဝတ်လဲပြီးစကပေါ့.. ငါ.. ငါ စိုးရိမ်လာသလို ခံစားမိတာနဲ့.."

"နင် တကယ် အံ့သြဖို့ ကောင်းတာပဲ…"

ရွန်က သူ၏ ပွဲတက်ဝတ်စုံကို ပြန်ပေးရင်း ပြောလိုက်သည်..။ ဟာမီယွန်က အိတ်ထဲသို့ ပြန်ထည့်လိုက်ရင်း..

"ဟယ်ရီ.. ကိုယ်ပျောက်ဝတ်ရုံကို ခြုံထားတော့လေ.."

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို သူ့ပခုံးပေါ်မှ ခေါင်းပေါ်ထိ ဖုံးအောင် ဆွဲခြုံလိုက်သည်..။ ထိုအချိန်မှာပင် ဘာဖြစ်ခဲ့သလဲဆိုသည်ကို သူ သတိရလာသည်..။

"ကျန်တဲ့သူတွေ.. လက်ထပ်ပွဲကလူတွေ.."

"ငါတို့ စိုးရိမ်နေလို့ အလာကားပဲ.. သူတို့က နင့်ကို လိုက်ရှာနေတာ.. ငါတို့ပြန်သွားမှ ပိုပြီး အန္တရာယ်များလိမ့်မယ်.."

ဟာမီယွန်က ခပ်တိုးတိုး ပြောလိုက်၏..။ ရွှန်ကပါ ဟယ်ရီ အငြင်းအခုံ လုပ်တော့မည်ကို ကြိုသိနေဟန်ဖြင့်..

"သူပြောတာ မှန်တယ် ဟယ်ရီ.. ပြီးတော့ ဖီးနစ်အဖွဲ့တစ်ခုလုံး နီးပါး အဲဒီ့မှာ ရှိနေတာပဲ.. သူတို့ ကျန်တဲ့သူတွေကို ကယ်နိုင်မှာပါ.."

ဟယ်ရီ ခေါင်းညိတ်ပြလိုက်သည်..။ ပြီးမှ သူတို့ သူ့ကို မမြင်နိုင်မှန်း သတိရသွားသဖြင့်...

"အေးလေ.. ဟုတ်ပါတယ်..."

သို့ရာတွင် ဟယ်ရီ့အတွေးထဲသို့ ဂျင်နီ ဝင်ရောက်လာပြန်သည်..။ သူမအတွက် စိုးရိမ်စိတ်က သူ့ရင်ထဲတွင် မှန်တိုင်းတစ်ခုလို မွှေနေ၏..။ ဟာမီယွန်က..

"လာကြ.. ငါတို့ ဆက်သွားရအောင်.."

သူတို့ လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့ကြသည်..။ လမ်းတစ်ဖက်ရှိ ပလက်ဖောင်းပေါ်ဝယ် လူအချို့ သီချင်းဆိုရင်း သူတို့ကို လက်များ ဝှေ့ယမ်းပြနေ၏..။ ရွှန်က..

"ဒီနေရာကို ဘာလို့ ရွေးလိုက်တာလဲ..."

"မသိဘူး.. ငါ့ခေါင်းထဲမှာ ရုတ်တရက် ပေါ်လာတာလေ.. ဒါပေမယ့် ငါတို့ မက်ဂယ်လောကမှာ ပိုပြီး လုံခြုံလိမ့်မယ်.. ငါတို့ ဒီကို ရောက်နေမယ်လို့ထင်မှာ မဟုတ်ဘူး.."

ရွှန်က..

"ဟုတ်တယ်.. ဒါပေမယ့် အရမ်း ထင်သာမြင်သာ ဖြစ်မနေဘူးလား.."

"ငါတို့ လီလီကော်ဒရွှန်မှာ အခန်းသွားငှားလို့ မဖြစ်ဘူးလေ.. ဂရင်းမောဒ် အိမ်ကလည်း စနိပ်သာ အထဲကို ဝင်နိုင်ရင် ခက်မယ်.. ငါ့မိဘတွေရဲ့ အိမ်ဆိုရင် အဆင်ပြေမယ်ထင်တယ်..

ဒါတောင် ရောက်မလာဘူး မပြောနိုင်ဘူး..."

တစ်ဖက် ပလက်ဖောင်းပေါ်မှ လူတစ်ယောက်မှာ ဟာမီယွန့်ကို လှမ်း၍ နောက်ပြောင်လိုက်သည်..။ ရွှန်က တစ်ခုခုပြန်အော်ရန် ပြင်လိုက်ချိန်မှာပင် ဟာမီယွန်က..

"ငါတို့ ထိုင်ဖို့ တစ်နေရာရာ ရှာရအောင်.. ဟောဟိုနေရာဆို မဆိုးဘူး..."

ထိုနေရာမှာ ညလုံးပေါက် ဖွင့်သည့် ကော်ဖီဆိုင် သေးသေးကလေး ဖြစ်၏..။ လူတစ်ယောက်မှ ရှိမနေပေ..။ ဟယ်ရီက အရင်ဆုံး ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီးမှ ရွန်က သူနှင့်

မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်...။

ဟာမီယွန်မှာမူ ဆိုင်ပေါက်ဝကို ကျောပေးထားရသည်ကို စိတ်မလုံဟန်ဖြင့် ခဏခဏ နောက်လှည့်ကြည့်နေ၏...။ ဟယ်ရီကမူ ငြိမ်ငြိမ်လေး ထိုင်နေရသည်ကို မနှစ်သက်ပေ..။

လျှောက်သွားနေခြင်းက ပို၍ ရည်ရွယ်ချက်ရှိသလို ခံစားရ၏..။

သူ့ခန္ဓာကိုယ်မှ ရုပ်သွင်ပြောင်းဆေးရည်၏ အစွမ်း ကုန်ဆုံးသွားပြီမှန်း ဟယ်ရီ သတိထားမိသည်..။ သူ့လက်များမှာ နဂို ပုံသဏ္ဍာန်နှင့် အရွယ်အစား ပြန်ဖြစ်လာကြသည်။ ဟယ်ရီ

အိတ်ထဲမှ မျက်မှန်ကို ထုတ်တပ်လိုက်၏။

မိနစ်အနည်းငယ်အကြာတွင် ရွန်က..

"ငါတို့ လီလီကော်ဒရွန်နဲ့ သိပ်မဝေးတော့ဘူး .. သိလား.."

"ရွန်.. ငါတို့ သွားလို့မဖြစ်ဘူး.."

"ဒီမှာလည်း နေလို့ မဖြစ်ဘူး.. ဘာဖြစ်နေလဲ သိရမှ ဖြစ်မယ်.."

"ငါတို့ သိပြီးသားပဲ.. ဗိုဒီမော့က ဝန်ကြီးဌာနကို သိမ်းလိုက်ပြီ.. ဒီ့ထက်ပိုပြီး ဘာသိစရာ လိုသေးလဲ.."

"ဟုတ်ပါတယ်.. ငါက သဘော ပြောတာပါ.."

သူတို့ စကားစပြတ်ကာ တိတ်ဆိတ်သွားကြပြန်သည်..။ စားပွဲထိုးကို ဟာမီယွန်က ကော်ဖီနှစ်ခွက် မှာလိုက်၏..။ ဟယ်ရီမှာ ကိုယ်ပျောက်နေသည့်အတွက် သူ့အတွက်မှာပါက

ထူးဆန်းသလို ဖြစ်နေလိမ့်မည်...။

ထွားကျိုင်းသန်မာသော အလုပ်သမားနှစ်ယောက် ဆိုင်အတွင်းသို့ ဝင်လာကာ အနီးရှိ စားပွဲခုံတွင် ဝင်ထိုင်လိုက်သည်..။ ဟာမီယွန်က စကားသံကို လေသံမျှသာ ကျယ်စေပြီး...

“ငါတို့ ကိုယ်ရောင်ဖျောက်ပြီး တောရွာတွေဘက်ကို သွားရအောင် .. အဲဒီ့ကမှ ကျန်တဲ့လူတွေဆီ သတင်းပို့ကြတာပေါ့..”

ရွှန်က..

“ဒါဆို နင် စကားပြောတဲ့ အစောင့်အရှောက်ကို ဖန်ဆင်းနိုင်ပြီပေါ့...”

“ထင်တာပဲ.. ငါ လေ့ကျင့်ထားတယ်...”

“ဒီလိုလုပ်လို့တော့ သူတို့ ပြဿနာဖြစ်မယ် မထင်ဘူး.. အဖမ်းတောင်ခံနေကြရပြီလား မသိဘူး.. အား... တော်တော်ဆိုးတဲ့ အရသာပဲ...”

ရွှန်က ကော်ဖီကို မော့သောက်ရင်း ပြောလိုက်သည်..။ စားပွဲထိုးမလေးမှာ ရွှန့်စကားကို ကြားသွားသဖြင့် မကျေမနပ် တစ်ချက်ကြည့်ရင်း အသစ်ဝင်လာသူများကို မေးရန်

ချဉ်းကပ်သွား၏။ ဟယ်ရီ အသစ်ဝင်လာသူ နှစ်ယောက်ကို ကြည့်လိုက်မိသည်။ ပို၍ တုတ်ခိုင်ထွားကျိုင်းသူက စားပွဲထိုးကို လက်ဟန်ဖြင့် နှင်ထုတ်လိုက်၏။

“ဒါဆိုလည်း သွားကြစို့ဟာ.. ဒီဟာကြီးကို ငါ မသောက်ချင်ဘူး.. နင့်မှာ မက်ဂယ် ပိုက်ဆံပါလား...”

“ပါပါတယ်ဟ.. ငါ စုထားသမျှ ဘာရိုးမလာခင် ထုတ်လာခဲ့တယ်.. အောက်ခြေမှာလို့ ထင်တာပဲ...”

ဟာမီယွန်က သူ့လက်ဆွဲအိတ်ကို နှိုက်လိုက်သည်..။

အလုပ်သမားနှစ်ယောက်စလုံး ပုံစံတူ လှုပ်ရှားလိုက်ကြသည်။ ဟယ်ရီပါ နည်းနည်းမှ တုံ့ဆိုင်းမနေပဲ သူတို့အတိုင်း လိုက်လှုပ်ရှားလိုက်သည်။ သုံးယောက်စလုံး ပြိုင်တူပင်

မှော်တောင်ဝှေးများကို ဆွဲထုတ်လိုက်ကြသည်။

ရွှန်မှာမူ စက္ကန့်အနည်းငယ် နောက်ကျပြီးမှ အခြေအနေကို သုံးသပ်မိသွားသည်။ သူက စားပွဲပေါ်မှ ခုန်ထကာ ဟာမီယွန့်ကို တွန်းဖယ်ပစ်လိုက်၏။ ဒက်အိတာနှစ်ယောက်၏ ကျိန်စာမှာ

ရွှန့်ဦးခေါင်း ရှိနေခဲ့သောနေရာမှ နံရံကို ထိမှန်သွားသည်။ ကိုယ်ပျောက်လျှက်နှင့်ပင် ဟယ်ရီ ဂါထာတစ်ခုကို အော်ဟစ်ရွတ်လိုက်၏။

“စတူပီဖိုင်း..”

ထွားကျိုင်းလှသော ဒက်အိတာတစ်ယောက်မှာ မျက်နှာတည့်တည့်တွင် အနီရောင် အလင်းတန်း ထိမှန်ခံရကာ ဘေးသို့ပြုတ်ကျ၍ မေ့မျောသွား၏..။ သူ၏အဖော်မှာ

မည်သူပစ်လိုက်သည်ကို မမြင်ရ၍ ရှန့်ကို နောက်ထပ် တိုက်ခိုက်လိုက်၏။

တောက်ပြောင်နေသော အနက်ရောင် ကြိုးတစ်ချောင်းမှာ သူ၏ တောင်ဝှေးထိပ်မှ လွင့်ပျံလာကာ ရှန့်ကို ခေါင်းမှ ခြေထောက်ထိ ချည်နှောင်ထားလိုက်၏..။

စားပွဲထိုးမလေးမှာ ကြောက်လန့်တကြား အော်ဟစ်ကာ တံခါးဆီသို့ ပြေးတော့သည်။ ဟယ်ရီ နောက်ထပ် မေ့မျောကျိန်စာကို ရှန့်ကို ချည်နှောင်ထားသည့် ဒက်အိတာထံ

ပစ်လွှတ်လိုက်သည်။ သို့ရာတွင် ကျိန်စာမှာ လွဲသွားကာ ပြတင်းတံခါးကို ထိ၍ ပြန်ကန်လာပြီး ထွက်ပြေးသွားသော စားပွဲထိုးမလေးကို ထိကာ မေ့မျောသွားစေ၏။

"အိပ်စ်ပဲလ်ဆို.."

ဟူသော ဒက်အိတာ၏ အော်ဟစ်သံနှင့်အတူ ဟယ်ရီ့နောက်ကျောမှ စားပွဲခုံမှာ ပေါက်ကွဲသွား၏။

ပေါက်ကွဲမှုအရှိန်ကြောင့် ဟယ်ရီ လွင့်စဉ်သွားကာ နံရံနှင့် ဝင်ဆောင့်မိပြီး သူ့လက်ထဲမှ မှော်တောင်ဝှေး လွတ်ကျသွားသလို ကိုယ်ပျောက်ဝတ်ရုံပါ လျှောကျသွား၏..။

"ပက်ထရီးဖိကပ်စ် တိုတယ်လပ်စ်.."

ဟာမီယွန့်အော်သံအဆုံးတွင် ဒက်အိတာမှာ ကျောက်ရုပ်ကြီးတစ်ရုပ်လို ကြမ်းပြင်ပေါ်သို့ လဲကျသွား၏..။ ဟာမီယွန်မှာ ခုံအောက်မှ လေးဘက်ထောက်၍ ထွက်လာ၏..။ သူမ၏

ဆံပင်ပေါ်တွင်ရော ခန္ဓာကိုယ်တွင်ပါ ဖန်ကွဲအစအနများ ကပ်နေကာ တုန်လှုပ်နေပုံရ၏။

"ဒ.. ဒစ်ဖင်ဒို.."

သူမက မှော်တောင်ဝှေးကို ရှန့်ထံချိန်ကာ ဂါထာရွတ်လိုက်၏..။ ရှန်၏ နာနာကျင်ကျင်အော်သံက ထွက်ပေါ်လာ၏။ သူမ၏ ကျိန်စာက သူ့ဒူးခေါင်းတွင် ခပ်နက်နက်ရှရာကြီးတစ်ခုကို

ဖြစ်သွားစေ၏..။

"ဆောရီးပဲ ရှန်... ငါ့လက်တွေ တုန်နေတယ်.. ဒစ်ဖင်ဒို.."

ရှန့်ခန္ဓာကိုယ်ပေါ်မှ ကြိုးများ ပြုတ်ထွက်သွား၏.. ရှန်က သူ့လက်များကို ထုံကျင်မှု ပျောက်စေရန် လှုပ်ခါပေးနေ၏။ ဟယ်ရီ သူ့မှော်တောင်ဝှေးကို ပြန်ကောက်လိုက်သည်..။ သူက

ထွားကျိုင်းသော ဒက်အိတ်တာကို ကြည့်ရင်း...

"ငါ သူ့ကို မမှတ်မိလိုက်ဘူး ဖြစ်သွားသည်.. သူက ဒမ်ဘယ်လ်ဒိုး သေတဲ့ညက ပါလာတာပဲ.."

သူက ပို၍မည်းသော ဒက်အိတ်တာကို ကြည့်လိုက်သည်။ ထိုသူမှာ မလှုပ်ရှားနိုင် ဖြစ်နေသဖြင့် မျက်လုံးဖြင့်သာ ဟယ်ရီတို့ကို လိုက်ကြည့်နေသည်။ ရှန်က...

"ဒါ ဒိုလိုဟော့ပဲ .. သူ့ကိုငါ ဆုငွေထုတ်ထားတဲ့ ပိုစတာထဲမှာ တွေ့ဖူးတယ်.. ဒီကောင်ကြီးက ဘော်ဖင်ရိုလီ ဖြစ်ရမယ်..."

ဟာမီယွန်က..

"သူတို့နာမည်က အရေးမကြီးပါဘူး.. သူတို့ ငါတို့ကို ဘယ်လိုတွေ့သွားတာလဲ.. အခု ဘာလုပ်ကြမလဲ..."

သူမ၏ ကြောက်ရွံ့မှုမှာ ဟယ်ရီ့ ဦးနှောက်ကို ကြည်လင်လာစေ၏..။

"တံခါးကို သော့ခတ်လိုက်.. ရှန်.. မီးပိတ်လိုက်..."

သူ တောင့်တောင့်ကြီး ဖြစ်နေသော ဒိုလိုဟော့ကို ကြည့်ရင်း ခပ်သွက်သွက် စဉ်းစားလိုက်သည်..။ ဟာမီယွန်၏ သော့ခတ်လိုက်သံနှင့် ရှန်က သူ၏ အလင်းထိန်းကိရိယာနှင့် မီးငြိ

ိမ်းလိုက်ချင်းတို့မှာ တပြိုင်တည်းလိုလိုပင်..။

ရှန်က အမှောင်ထဲ၌ပင် ဟယ်ရီ့ကို တီးတိုးမေးလိုက်သည်..။

"ဒီနှစ်ယောက်ကို ဘယ်လိုလုပ်မလဲ.. သတ်ပစ်လိုက်မလား.. သူတို့ဆိုရင်လည်း ငါတို့ကို သတ်ပစ်မှာပဲဟာ..."

ဟာမီယွန် တစ်ချက်တုန်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်သွား၏..။ ဟယ်ရီက ခေါင်းခါရမ်းပြရင်း...

"ငါတို့ သူတို့ရဲ့ မှတ်ဉာဏ်တွေကိုပဲ ဖျောက်ပစ်ရမယ်.. ဒီနည်းက ပိုအဆင်ပြေတယ်... သတ်ပစ်လိုက်ရင် ငါတို့ဒီရောက်ခဲ့တာကို သိသွားလိမ့်မယ်.."

ရွှန်က စိတ်သက်သာရာရသွားသော အသံဖြင့်..

"မင်းသဘောပဲ .. ဒါပေမယ့် ငါတစ်ခါမှ မှတ်ဉာဏ်ကို မဖျောက်ဖူးဘူးနော်.."

ဟာမီယွန်က..

"ငါလည်း မလုပ်ဖူးဘူး.. ဒါပေမယ့် သဘောတရားကိုတော့ သိတယ်.."

သူမက အသက်ကို အားပါးတရ ရှူလိုက်ပြီး မှော်တောင်ဝှေးနှင့် ဒိုလိုဟော့ကို ချိန်ရွယ်ကာ..

"အော့ဘ်လီ းဗီးယတ်..."

ချက်ချင်းပင် ဒိုလိုဟော့၏ မျက်လုံးများမှာ အိပ်မက်မက်နေသည့်နှယ် ကြောင်တောင်တောင် ဖြစ်သွား၏။

"နင် တကယ်တော်တာပဲ.."

ဟယ်ရီက သူမ၏ ကျောပြင်ကို ပုတ်၍ ချီးကျူးလိုက်ရင်း..

"နောက်တစ်ယောက်နဲ့ စားပွဲထိုးကိုပါ နင်တာဝန်ယူလိုက်.. ငါနဲ့ရွှန် ရှင်းလင်းရေး လုပ်လိုက်ဦးမယ်..."

ရွှန်က ပျက်စီးနေသော ကော်ဖီဆိုင်ကို လှည့်ပတ်ကြည့်ရင်း...

"ရှင်းလင်းရမယ်.. ဘာအတွက်လဲ..."

"သူတို့သတိရလာရင် ဒီလိုစုတ်ပြတ်ပျက်စီးနေတာတွေ တွေ့တာနဲ့ ဘယ်လိုဖြစ်တာလဲဆိုတာ မစဉ်းစားပဲနေမလား..."

"သြော်.. အေး.. ဟုတ်သားပဲ.."

ရွှန်က သူ့မှော်တောင်ဝှေးကို ခက်ခက်ခဲခဲ ထုတ်ယူရင်း..

“ခုနက ဘယ်လိုထုတ်လို့ ရပါ့မလဲ.. ဟာမီယွန်.. နင်က အတင်း ထုပ်ပိုးထားတော့ ငါ့ဂျင်းဘောင်းဘီက ကျပ်နေတာပေါ့...”

“ဆောရီးပဲ ရွှန်...”

ဟာမီယွန်က စားပွဲထိုးကို တစ်နေရာသို့ ရွှေ့သွား၏..။ ရွှန်က မော်တောင်ဝှေးကို ဘောင်းဘီအိတ်ထဲ မထည့်သင့်ကြောင်း ပွစိပွစိ လုပ်သွားသည်ကို ဟယ်ရီ ကြားလိုက်မိသည်..။

ကော်ဖီဆိုင်တစ်ခုလုံး နဂိုအခြေအနေ ပြန်ရောက်ချိန်ဝယ် သူတို့ ဒက်အိတာနှစ်ယောက်ကို စားပွဲပေါ်သို့ မျက်နှာချင်းဆိုင် ထိုင်လျက်သားဖြစ်အောင် မတင်ထားလိုက်ကြ၏။

ဟာမီယွန်က ထိုလူနှစ်ယောက်ကို ကြည့်ရင်း..

“သူတို့ ဘယ်လိုသိတာလဲ.. ငါတို့ ဒီမှာ ရှိတာကို ဘယ်လိုသိသလဲ..”

သူမက ဟယ်ရီ့ဘက်သို့လှည့်ကာ..

“နင့်မှာများ အမှတ်အသား ရှိနေသေးသလား ဟယ်ရီ...”

သို့ရာတွင် ရွှန်က..

“မဖြစ်နိုင်ဘူး.. ဆယ့်နှစ်နှစ်ရောက်တာနဲ့ အမှတ်အသားက ပျက်သွားတယ်... ဒါ စုန်းကဝေတွေရဲ့ ဥပဒေပဲ.. လူကြီးအပေါ်မှာ ထားလို့မရဘူး...”

“နင်ထင်သလို မဟုတ်ပဲ ဒက်အိတာတွေက ဆယ့်နှစ်ကျော်ရင်လည်း အမှတ်အသားထားလို့ရမယ့် နည်းကို တွေ့ထားရင်ကော...”

“ဒါပေမယ့် ... ဟယ်ရီ ဘယ်ဒက်အိတာနဲ့မှ ပြီးခဲ့တဲ့ တစ်ရက်လုံးလုံး မတွေ့ခဲ့ဘူး... ဘယ်လိုလုပ် အမှတ်အသား ပြန်ထားလို့ ရမှာလဲ...”

ဟာမီယွန် ပြန်၍ အဖြေမပေးချေ..။ ဟယ်ရီမှာမူ တွေဝေနေမိသည်။ တကယ်ပဲ ဒက်အိတာတွေ ဒီနည်းသုံးခဲ့သလား..။ သူက...

“ငါလည်း မှော်ပညာ သုံးမရဘူး.. မင်းတို့လည်း ငါ့အနီးမှာ မှော်ပညာသုံးမရဘူးဆိုရင် ဒီအတိုင်းနေလို့ မဖြစ်ဘူး...”

"ငါတို့ နင်နဲ့ ခွဲမသွားနိုင်ဘူး..."

ဟာမီယွန်က အသေအချာပင် ဆို၏..။ ရွှန်က..

"ငါတို့ ပုန်းဖို့ လုံခြုံတဲ့နေရာ လိုလာပြီ... ဒါမှ သေချာစဥ်းစားဖို့ အချိန်ရမယ်..."

"ဂရင်းမောဒ်အိမ်ကို သွားကြစို့..."

"မရှူးစမ်းပါနဲ့ ဟယ်ရီရယ်.. စနိပ် အဲဒီ့အိမ်ထဲကို ဝင်နိုင်တယ်လေ..."

"ရွှန့်အဖေက သူ့ကို မဝင်နိုင်အောင် ကျိန်စာတိုက်ထားတယ် ပြောတာပဲ.. အဲဒီ့ကျိန်စာတွေ အလုပ်မဖြစ်ရော ဘာဖြစ်သလဲ..."

ဟာမီယွန်က သူနှင့် ငြင်းခုံရန် ပါးစပ်ပြင်လိုက်၏...။ သို့သော် သူကပင်ဆက်၍ ...

"ဘာဖြစ်သလဲ.. ငါကိုယ်တိုင်က စနိပ်ကို အရမ်းတွေ့ချင်နေတာ.."

"ဒါ.. ဒါပေမယ့်..."

"ဟာမီယွန် တခြား ဘယ်နေရာ ရှိသေးလို့လဲ.. ဒါ ငါတို့အတွက် အသင့်တော်ဆုံးပဲ.. စနိပ်တစ်ယောက်ပဲ ဂရုစိုက်ရမယ်.. တကယ်လို့ ငါ့ဆီမှာ အမှတ်အသား ရှိနေတယ်ဆိုရင်

ငါတို့ဒက်အိတာတွေ အားလုံးနဲ့ ရင်ဆိုင်ရလိမ့်မယ်... အဲဒီအိမ်ထဲမှာ ဆိုရင် ဒီလူတွေ ဝင်မလာနိုင်ဘူးလေ.."

ဟာမီယွန်ထပ်၍ မငြင်းတော့ပေ။ သို့ရာတွင် သိပ်သဘောကျဟန်မတူ..။ ဟာမီယွန် ကော်ဖီဆိုင်တံခါးကို သော့ပြန်ဖွင့်လိုက်၏..။ ရွှန်က မီးများ ပြန်ထွန်းပေးလိုက်သည်..။ ထို့နောက်

ဟယ်ရီက တစ် နှစ် သုံး ဟု အချက်ပြလိုက်ပြီး မေ့နေသူ သုံးယောက်စလုံး၏ ကျိန်စာများကို ဖြေပေးလိုက်ကြသည်..။

သို့ရာတွင် နိုးလာသူများမှာ အမူးပင် မပြေသေးပဲ ဘာမှန်းညာမှန်း မသိခင် အချိန်မှာပင် သူတို့သုံးယောက်မှာ ထိုနေရာမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်..။

စက္ကန့်အနည်းငယ် အကြာမှာတင် ဟယ်ရီ မျက်လုံးတို့ကို ဖွင့်ကြည့်လိုက်သည်။
နံပါတ်ဆယ့်နှစ်အိမ်ကို သူတို့သာ မြင်ကြရသည်။ အိမ်၏ လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားသူ

ဒမ်ဘယ်လ်ဒိုးက ပြောပြထား၍ပင်။

သူတို့ အိမ်ဆီသို့ အပြေးသွားရင်း ပတ်ဝန်းကျင်ကို စောင့်ကြည့်နေသူ ရှိမရှိ ကြည့်လာခဲ့သည်။
သူတို့ ကျောက်လှေကားများကို အပြေးတက်ခဲ့ကာ ဟယ်ရီက တံခါးကို

မှော်တောင်ဝှေးဖြင့် ခေါက်လိုက်သည်။ တံခါးပွင့်သွားသည်နှင့် သူတို့ ခပ်သွက်သွက် ဝင်ခဲ့ကြ၏။

ဟယ်ရီ တံခါးကို ပြန်ပိတ်လိုက်သည်နှင့် မီးအိမ်မှာ အလိုလို မီးလင်းလာကာ လမ်းတစ်လျှောက်ကို
မြင်သာစေသည်။ ဟယ်ရီ အရင်က မြင်ခဲ့ဖူးသည့် အတိုင်းပင် ရှုပ်ပွကာ

ပင့်ကူအိမ်များ တက်နေ၏။ အနက်ရောင် ခန်းဆီးရှည်ကြီးများက ဆီးရီးယပ်စ်မိခင်၏ ပုံတူကားချပ်ကို
အုပ်ထားသည်။ သို့ရာတွင် ဘေးဘက်ရှိ ထီးများတင်သည့်စင်ကို သူ့နေရာတွင်

မတွေ့ရပဲ... လဲကျနေသည်ကို တွေ့ရသည်။

ဟာမီယွန်က လဲကျနေသော စင်ကို ညွှန်ပြရင်း လေသံဖြင့်..

"တစ်ယောက်ယောက် ဝင်သွားတယ်နဲ့ တူတယ်..."

"ဖီးနစ်အဖွဲ့က လူတွေ ထွက်သွားတုန်းက တိုက်မိတာလည်း ဖြစ်နိုင်တာပဲ..."

ရွန်က ပြောလိုက်သည်။ ဟယ်ရီက..

"သူတို့ စနိပ်မဝင်နိုင်အောင် ကျိန်စာတိုက်ထားတာက ဘယ်နားမှာလဲ..."

"သူကိုယ်တိုင်လာမှ အစွမ်းပြမယ် ထင်တယ်.."

ရွန်က သူ့ထင်မြင်ချက်ကို ပြောသည်။ သို့ရာတွင် သူတို့ တံခါးနားမှ နေ၍ အိမ်ထဲသို့
မဝင်ရဲသေးချေ။

ဟယ်ရီက..

"ငါတို့ ဒီနားမှာပဲ ရပ်နေလို့ မဖြစ်ဘူး.." ဟုဆိုရင်း ရှေ့သို့ ခြေလှမ်းတစ်လှမ်း တိုးလိုက်သည်...။

"ဆီးဗားရပ်စ် စနိုပ်..."

မူဒီ၏ ခပ်တိုးတိုး အသံက အမှောင်ထဲမှ ထွက်ပေါ်လာ၏။ သုံးယောက်သား လန့်ဖြတ်ကာ နောက်သို့ ခုန်ဆုတ်လိုက်ကြသည်။

"ကျွန်တော်တို့က စနိုပ် မဟုတ်ဘူး..."

ဟယ်ရီ ထိုစကားကို ပြောအပြီးမှာပင် အေးစိမ့်သော လေတစ်ချက်က တိုက်ခတ်သွားကာ သူ့လျှာကို လိပ်သွားစေ၏။ ထို့ကြောင့် သူ စကားဆက်ပြော၍ မရတော့ပေ။ သို့ရာတွင်

သူ့လျှာမှာ မကြာလိုက်ပဲ ပြန်ကောင်းသွား၏။

ကျန်နှစ်ယောက်မှာ ထိုခံစားချက်ကို ခံစားလိုက်ရပုံ ပေါ်သည်။ ရွှန့်ထံမှ ပျို့အန်သံကို ကြားလိုက်ရပြီး ဟာမီယွန်ကမူ ထိတ်ထိတ်လန့်လန့်နှင့်..။

"ဒါ လျှာကို ချုပ်တဲ့ ကျိန်စာပဲ... မူဒီက စနိုပ်အတွက် ထားခဲ့တာ ဖြစ်ရမယ်..."

ဟယ်ရီ နောက်ထပ်ခြေတစ်လှမ်း ထပ်လှမ်းလိုက်ပြန်သည်။ တစ်စုံတစ်ခု ခန်းမအဆုံးဆီမှ ရွေ့လျားလာနေ၏..။ သူတို့ ဘာမှမပြောနိုင်ခင်မှာပင် ပုံရိပ်တစ်ခုက ကော်ဇောထဲမှ

ထွက်လာ၏..။ ရှည်လျားကာ အရောင်မှိန်မှိန်နှင့် ကြောက်မက်ဖွယ်ရာ ရှိသည်..။ ဟာမီယွန် လန့်အော်လိုက်သလို မစ္စစ်ဘလက်မှာလည်း ပန်းချီကားထဲမှ လန့်အော်လိုက်၏။

အညိုရောင် အရိပ်မှာ သူတို့ဆီသို့ ပို၍ လျင်မြန်စွာ တိုးကပ်လာနေသည်။ ဆံပင်များမှာ ခါးလည်ထိရှည်ကာ မုတ်ဆိတ်များက တလူလူ လွင့်နေ၏...။ မျက်နှာမှာ အသားမရှိသလောက်

ဖြစ်ပြီး မျက်လုံးအိမ်နှစ်ခုမှာ ဟောက်ပက်ဖြစ်နေသည်။ ဆွေးမြေ့ပုတ်သိုးနေသော လက်ကို မြှောက်ကာ ဟယ်ရီ့ကို လက်ညှိုးထိုးလိုက်၏..။

"မဟုတ်ဘူး..."

ဟယ်ရီ အော်ဟစ်ရင်း သူ့မှော်တောင်ဝှေးကို မြှောက်လိုက်သည်..။ သို့သော် သူ ဘာဂါထာမှ မရွတ်ဖြစ်ပေ...။

"ကျွန်တော်တို့ မဟုတ်ဘူး.. ကျွန်တော်တို့ ခင်ဗျားကို မသတ်ဘူး"

မသတ်ဘူးဆိုသော စကားအဆုံးဝယ် ထိုရုပ်ပုံမှာ ဖုန်မှုန့်များအဖြစ် ပေါက်ကွဲသွား၏..။ ချောင်းတဟွတ်ဟွတ်ဆိုးရင်း မျက်ရည်များကြားမှပင် ဟယ်ရီ ဟာမီယွန့်ကို လိုက်ရှာလိုက်သည်..။

ဟာမီယွန်မှာ ကြမ်းပြင်ပေါ်တွင် လက်နှစ်ဘက်ကို ခေါင်းပေါ်တင်ထားရင်း ပြားပြားဝပ်နေသည်..။

တစ်ကိုယ်လုံး တုန်ရီနေသော ရွန်က သူမ၏ ပခုံးကိုပုတ်ရင်း နှစ်သိမ့်နေ၏..။

"အရေးမကြီးတော့ဘူး.. ပျောက်.. ပျောက်သွားပါပြီ.."

ဖုန်မှုန့်များမှာ သူတို့အနီးဝယ် မြူနှင်းများလို ဖုံးလွှမ်းနေဆဲပင်..။ မစ္စစ်ဘလက်မှာလည်း အော်ဟစ်နေဆဲပင်...။

"မျိုးမစစ်တွေ.. ဒီအိမ်ကို အရှက်ရအောင် လုပ်နေကြတယ်.."

"ပါးစပ်ပိတ်ထား.."

ဟယ်ရီ အော်ဟစ်ရင်း သူ့မှော်တောင်ဝှေးကို သူမထံ ချိန်ရွယ်လိုက်သည်..။ တောင်ဝှေးထိပ်မှ အနီရောင် အလင်းတန်းတစ်ခု ပြေးထွက်သွားကာ ခန်းဆီးစကို ပိတ်ပစ်လိုက်ပြီး

အသံတိတ်သွားစေ၏..။

"ဒါ.. ဒါ.."

ဟာမီယွန့်ဆီမှ အသံထွက်လာ၏။ ရွန်က သူမကို ဖေးမလိုက်သည်...။

"ဟုတ်တယ်.. သူပဲ.. ဒါပေမယ့် အစစ်မဟုတ်ဘူး.. စနိပ်ကို ခြောက်လှန့်ဖို့ လုပ်ထားတာပဲ..."

တကယ်ရော အလုပ်ဖြစ်ရဲ့လားဟု ဟယ်ရီ တွေးနေမိသည်။ ဒမ်ဘယ်လ်ဒိုးကို သူသတ်လိုက်သလိုမျိုး ဒီကြောက်စရာပုံရိပ်ကိုကော လွယ်လွယ်နဲ့ ရှင်းမပစ်လိုက်နိုင်ဘူးလား...။

ကျန်နှစ်ယောက်ကို ဦးဆောင်၍ ဟယ်ရီ ခန်းမကြီးထဲသို့ ဆက်ဝင်လာခဲ့သည်..။ နောက်ထပ် ကြောက်လန့်စရာ ပုံရိပ်များ ထွက်လာလေဦးမလားဟု မျှော်လင့်ထားသော်လည်း ကြွက်များမှ

အပ အခြားလှုပ်ရှားမှုကို မတွေ့ရချေ..။

"ငါတို့ အထဲမဝင်ခင် စစ်ဆေးကြည့်သင့်တယ်..."

ဟာမီယွန်က တီးတိုးပြောရင်း သူမ၏ မှော်တောင်ဝှေးကို မြှောက်လိုက်၏....။

"ဟိုမီနမ် ရီဗီလီယို.."

ဘာမျှ ထူးထူးခြားခြား ဖြစ်မလာပေ..။

"အခုပဲ နင်အရမ်းလန့်ထားတယ် မဟုတ်လား.. ဘာတွေ ထပ်လုပ်နေပြန်တာလဲ.."

ရွန်က သူမကို ကြင်ကြင်နာနာပင် မေးလိုက်သည်။

"ဒါ လူရှိမရှိ ဖော်ပြနိုင်တဲ့ ဂါထာပဲ.. ငါတို့က လွဲလို့ ဘယ်သူမှ မရှိဘူး..."

"အပေါ်ထပ်ကို တက်ကြစို့..."

ဟာမီယွန်က ကြောက်ကြောက်လန့်လန့်နှင့်ပင် ဦးဆောင်ကာ အပေါ်ထပ်သို့ တက်ခဲ့ကြသည်..။ သူတို့ တကျွီကျွီမြည်နေသော လှေကားမှ တဆင့် ပထမထပ်သို့ တက်ခဲ့သည်..။

ဟာမီယွန်က မှော်တောင်ဝှေးကို ဝှေ့ယမ်းရင်း မီးအိမ်ကို မီးထွန်းညှိလိုက်သည်..။ ထို့နောက် ဆိုဖာဆီသို့ သွားကာ လက်ပိုက်ရင်း ခပ်ကုပ်ကုပ်ကလေး ထိုင်နေလိုက်သည်..။ ရွန်ကမူ

ပြတင်းပေါက်မှ ခန်းဆီးစကို ဘေးဘက်သို့ အနည်းငယ် ဆွဲဟထားသည်..။

"အပြင်ကို ဘာမှ မမြင်ရလို့ မဖြစ်ဘူး... ဟယ်ရီ့မှာ နင်ထင်သလိုသာ အမှတ်အသား ကျန်နေသေးရင် သူတို့ ဒီနေရာကို လိုက်လာကြမှာပဲ.. ဒီအိမ်ထဲကို မဝင်နိုင်ပေမယ့် .. ဟေ့.. ဟယ်ရီ..

မင်းဘယ်လိုဖြစ်တာလဲ.."

ဟယ်ရီမှာ အလွန်ပြင်းထန်သော နာကျင်မှုဒဏ်ကို ခံစားနေရ၏..။ သူ၏ အမာရွတ်မှာ မီးလောင်သလို ခံစားနေရကာ စိတ်ထဲတွင် ပုံရိပ်များကို တဖျတ်ဖျတ် မြင်လာရသည်..။

အရိပ်တစ်ခုကို မြင်နေရပြီး အကြီးအကျယ် ဒေါသထွက်လာသည်ဟု ခံစားနေရသည်...။

ရွန်က ဟယ်ရီ့ထံ အပြေးရောက်လာပြီး..

"မင်း.. မင်း ဘာမြင်ရသလဲ.. သူ.. သူက ငါ့အိမ်မှာလား..."

"မသိဘူး.. ဒါပေမယ့် သူ အရမ်းဒေါသထွက်နေတယ်.."

"ဒါ.. ဒါဆို သူ ဘာရိုးမှာပဲ ဖြစ်ရမယ်.. မင်းဘာမှ မမြင်ရဘူးလား.. သူ တစ်ယောက်ယောက်ကို ကျိန်စာတိုက်နေသလား.."

"ငါမသိဘူး.. ဒေါသထွက်နေတာပဲ ခံစားနေရတယ်..."

ဟာမီယွန်က အထိတ်တလန့် လေသံဖြင့်..

"နင့်အမာရွတ်က နာပြန်ပြီလား.. ဘာဖြစ်တာလဲ.. ဒီဆက်သွယ်မှုက မရှိတော့ဘူး မဟုတ်လား..."

"ခဏတော့ ပျောက်သွားတာပဲ..."

ဟယ်ရီ သူမ၏ မေးခွန်းကို ကြိုးစားဖြေလိုက်သည်..။ အမာရွတ်က အလွန်နာကျင်နေရာ အာရုံစိုက်နိုင်ဖို့ ခံယဉ်းလှသည်..။

"သူ့ကိုယ်သူ မထိန်းနိုင်တဲ့အချိန်မျိုးမှာ ပြန်ပြီး ပေါ်လာတတ်တယ်.. အဲဒီလို ဖြစ်တယ်ထင်တာပဲ..."

"ဒါဆိုလည်း နင့်စိတ်ကို ပိတ်ထားလေ.. ဒမ်ဘယ်လ်ဒိုးက ဒီအဆက်အသွယ်ကို မသုံးစေချင်ဘူး ဟယ်ရီ... နင့်စိတ်ကို ပိတ်မထားရင် ဗိုဒီမော့က သတင်းအမှားတွေ ထည့်ပေးနိုင်တယ်..."

ဟယ်ရီက အံတင်းတင်းကြိတ်ရင်း...

"ငါသိပါတယ်..."

ဟာမီယွန် သူ့ကို သတိပေးစရာပင် မလိုပေ..။ ဗိုဒီမော့က တစ်ခါက သူတို့၏ ဆက်သွယ်မှုကို သုံးကာ သူ့ကို ထောင်ချောက်ဆင်ခဲ့ဖူးသည်..။ ထို့ကြောင့် ဆီးရီးယပ်စ် သေခဲ့ရသည်..။

သူပြတင်းပေါက်ကို မှီနေလိုက်၏..။ သူ့အမာရွတ်ဆီမှ နာကျင်မှုမှာ ပို၍ဆိုးဝါးလာသဖြင့် အသည်းအသန်ပင် တောင့်ခံနေရသည်...။

သူ ရွန်နှင့် ဟာမီယွန့်ကို ကျောပေးကာ ဘလက်မိသားစု ဇယားကို ကြည့်နေဟန် ဆောင်နေလိုက်သည်..။ ထိုအချိန်မှာပင် ဟာမီယွန်၏ အော်ဟစ်သံ ထွက်ပေါ်လာ၏။ ဟယ်ရီ

သူ့မော်တောင်ဖေ့းကို ဆွဲထုတ်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်…။

ငွေရောင်တောက်ပနေသော အစောင့်အရှောက် ရုပ်သွင်မှာ အခန်းတွင်းသို့ ရောက်လာပြီး
သူတို့ရှေ့ကြမ်းပြင်ပေါ်တွင် မြွေပါတစ်ကောင် ဖြစ်သွားပြီး ရွှန့်အဖေ၏ အသံဖြင့်…

“မိသားစုတွေ ဘာမှမဖြစ်ဘူး.. သတင်းပြန်မပို့နဲ့.. ငါတို့ကို စောင့်ကြည့်နေကြတယ်…”

အစောင့်အရှောက်မှာ လေထဲတွင် ပျောက်ကွယ်သွား၏..။ ရွှန် ဝမ်းသာအားရ အော်ဟစ်လိုက်ပြီး
ဆိုဖာပေါ် ပစ်ထိုင်ချလိုက်သည်..။ ဟာမီယွန်ကပါ ရွှန်နှင့်အတူ ထိုင်လိုက်ရင်း..

“သူတို့ အန္တရာယ် မရှိကြဘူး.. ကောင်းလိုက်တာ…”

ရွှန်က ရယ်ရင်းနှင့် သူမကို ပွေ့ဖက်လိုက်သည်..။ ထို့နောက် သူက …

“ဟယ်ရီ .. ငါ…’

“အရေးမကြီးပါဘူး… ဒါ မင်းရဲ့ မိသားစုပဲ.. မင်း စိုးရိမ်မှာပေါ့.. ငါလည်း ဒီလိုပဲ ခံစားရပါတယ်…”

သူ ဂျင်နီကို တွေးလိုက်ရင်း…

“ငါလည်း တကယ် စိတ်ပူမိပါတယ်…”

ဟယ်ရီ နာကျင်မှုကို တောင့်မထားတော့..။ သူ လက်လျှော့ အရှုံးပေးလိုက်ရန် စဉ်းစားမိသည်…။

“ငါ ရေချိုးခန်းဘက် သွားဦးမယ်…”

ထို့နောက် မပြေးရုံတမယ်ပင် အခန်းထဲမှ ထွက်လာခဲ့သည်…။ သူအချိန်မီရုံကလေးပင်..။
အခန်းတံခါးကို တုန်ရီနေသော လက်များနှင့် ပိတ်လိုက်ပြီးသည်နှင့် ခေါင်းကို ကိုင်ရင်း

ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်..။

သူ ဒေါသထွက်နေသည်ကို ခံစားနေရ၏..။ ထိုဒေါသမှာ သူ၏ စိတ်ကို တဖြည်းဖြည်း
ဖုံးလွှမ်းသွားသည်။ အခန်းကျယ်ကြီး တစ်ခုကို သူ မြင်လာရသည်..။ အခန်းထဲဝယ် မီးဖိုမှ

မီးအလင်းရောင်သာ ရှိ၏။ ထွားကျိုင်းလှသော ဒက်အိတာ တစ်ယောက်မှာ ကြမ်းပြင်ပေါ်ဝယ် လဲကျရင်း
စူးစူးရှရှ အော်ဟစ်နေ၏..။

ခပ်ပိန်ပိန် လူရိပ်တစ်ရိပ်မှာ အပေါ်တွင် မိုးရပ်နေရင်း မှော်တောင်ဝှေးကို ဆန့်တန်းထား၏။ ဟယ်ရီ့ပါးစပ်မှ အေးစက်စက်နိုင်သော အသံ ထွက်ပေါ်လာသည်ဟု ထင်လိုက်ရသည်..။

"မင်းကို ငါ နာဂီနီကို ကျွေးလိုက်ရမလား.. ဒီတစ်ခါ ငါ ခွင့်မလွှတ်သင့်ဘူး ထင်တယ်.. ငါ့ကို ဒီကိစ္စနဲ့ ပြန်ခေါ်တယ် ဟုတ်လား.. ဟယ်ရီပော်တာ လွတ်သွားပြန်ပြီလို့ ပြောဖို့

သက်သက်နဲ့ ပြန်ခေါ်တယ်.. ဒရာကို.. ရိုလီကို နောက်ထပ် အရသာလေး မြည်းစမ်းခိုင်းလိုက်ပါဦး.. လုပ်စမ်း.. မလုပ်ရင် မင်းပါ ဒီလိုဖြစ်သွားမယ်"

ဟယ်ရီ အသက်ကို ပြင်းပြင်းရှူကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ကျောက်သား ကြမ်းပြင်ပေါ်ဝယ် သူ ဆန့်ဆန့်ကြီးလဲနေ၏။ မယ်ဖွိုင်း၏ ထိတ်လန့်နေသော မျက်နှာကို

သူမြင်ယောင်နေဆဲပင်..။ သူမြင်ခဲ့ရသော မြင်ကွင်းအတွက် ဟယ်ရီ စိတ်မသက်မသာ ဖြစ်နေဆဲပင်...။

ထိုအချိန်တွင် တံခါးခေါက်သံကို ကြားလိုက်ရသည်..။ ဟယ်ရီ ဟာမီယွန်၏ အသံကို ကြားသည်နှင့် ကမန်းကတန်း ထလိုက်သည်..။

"ဟယ်ရီ.. နင် သွားပွတ်တံ ယူမလား.. ငါ့မှာ ပါလာတယ်..."

"ယူမယ်.. ကျေးဇူးပဲ..."

သူ့အသံကို ပုံမှန်ဖြစ်ရန် ထိန်းပြောရင်း ဟယ်ရီ သူမကို တံခါးဖွင့်ပေးလိုက်တော့သည်..။

**၁၀။ ခရီချာ၏ ဇာတ်လမ်း**

နောက်တစ်နေ့ နံနက်တွင် ဟယ်ရီ စောစောစီးစီး နိုးလာ၏..။ ခန်းဆီးစကြီး၏ ဘေးပြတင်းပေါက်မှ ကောင်းကင်ကို မြင်နေရသည်..။ အရုဏ်တက်လုပြီမှန်း ဟယ်ရီ သိလိုက်သည်..။

အသံအားလုံး တိတ်ဆိတ်ငြိမ်သက်နေ၏..။ ရွန်နှင့် ဟာမီယွန်တို့ထံမှ အသက်ရှူသံ တိုးတိုးကို ကြားနေရသည်..။

ဟယ်ရီ သူတို့နှစ်ယောက်ကို ကြည့်မိသည်..။ ရွန်မှာ ဟာမီယွန့်ကို ဦးစားပေးသည့်အနေဖြင့် ဆိုဖာကို ကြမ်းပြင်ပေါ်ချကာ အိပ်စေသဖြင့် သူမ၏ အရိပ်မှာ ရွန့်ထက်မြင့်တက်နေ၏..။

သူတို့နှစ်ယောက်မှာ လက်ချင်းဆုပ်ကိုရင်း အိပ်ပျော်နေကြသည်။ ထိုအဖြစ်အပျက်မှာ ဟယ်ရီ့ကို ပို၍ အထီးကျန်ဆန်စေ၏..။

ဟယ်ရီ မည်းမှောင်နေသော မျက်နှာကျက်ကို ကြည့်ရင်း စဉ်းစားခန်း ဝင်နေမိသည်..။ လွန်ခဲ့သော နှစ်ဆယ့်လေးနာရီက သူ ရွက်ဖျင်တဲရှေ့ဝယ် ရပ်လျှက် ဗြည့်သည်များကို

ကြိုဆိုနေခဲ့ရသည်။ ထိုအဖြစ်အပျက်မှာ အလွန်ကြာမြင့်နေသလို ခံစားရ၏။

သူ လဲအိပ်နေရင်း ဝိညာဉ်ကိုယ်ပွားများ အကြောင်းကို တွေးနေမိသည်။ ဒမ်ဘယ်လ်ဒိုး သူ့အတွက် ထားခဲ့သော ရုပ်ထွေးလုသည့် တာဝန်တစ်ခုပင်..။ ဒမ်ဘယ်လ်ဒိုး သေသွားတုန်းက

ခံစားခဲ့ရသည့် ဝမ်းနည်းမှုမှာ အနည်းငယ် ပြောင်းလဲလာသလိုပင်..။

မြူရီရယ်လ်ဆီမှ ကြားခဲ့ရသော သတင်းများမှာ သူ့ခေါင်းထဲဝယ် ရောဂါတစ်ခုလို ပျံ့ပွားနေရာယူနေကြသည်..။ သူ စံပြအဖြစ် ထားခဲ့သော စုန်းကဝေတစ်ယောက်၏ ပုံစံကို ဖျက်ဆီးရန်

ကြိုးစားနေကြသည်..။

ဒီအဖြစ်အပျက်တွေကို ဒမ်ဘယ်လ်ဒိုး လက်ခံခဲ့သလား..။ သူလည်း ဒါစလေတို့လိုပဲလား..။ သူ့ကို မထိခိုက်လာသရွေ့ ဒီကိစ္စတွေကို ဂရုမစိုက်ပဲ ဥပေက္ခာပြုထားနိုင်သလား..။

အချုပ်အနှောင် ခံထားရတဲ့ သူ့ညီမကို တကယ်ပဲ ဂရုမစိုက်ပဲ ပစ်ထားခဲ့သလား..။

ဟယ်ရီ ဂိုဒရစ်ဟောလို ‌း အကြောင်းကို တွေးနေမိသည်..။ ထိုနေရာတွင် ဒမ်ဘယ်လ်ဒိုး မိသားစု၏ သင်္ချိုင်းရှိနေမှန်း တစ်ခါမှ မပြောပြခဲ့ဖူးချေ..။

သူ ဒမ်ဘယ်လ်ဒိုး ချန်ထားခဲ့သော ထူးဆန်းသည့် ပစ္စည်းများ အကြောင်းကိုလည်း တွေးနေမိသည်..။ မကျေနပ်ချက်များက ပို၍ များပြားလာသလိုပင်..။ သူ့ကို ဘာကြောင့်များ

ကြိုမပြောခဲ့သလဲဟု တွေးနေမိသည်..။ ဘာကြောင့် သေချာ ရှင်းမပြခဲ့သလဲ..။ ဟယ်ရီ့ကို ဒမ်ဘယ်လ်ဒိုး တကယ်ကော ဂရုစိုက်ရဲ့လား..။

သူ့ကို မယုံကြည်ရဘူးလို့ ဒမ်ဘယ်လ်ဒိုး သတ်မှတ်ထားသလား..။ ဟယ်ရီ ဤနေရာတွင် လဲလျောင်းနေရင်း စိတ်ပျက်စရာများကို ဆက်မတွေးချင်တော့..။ စိတ်ပြောင်းစရာ တစ်ခုခုကို

လုပ်မှပဲ တွေးရင်း နေရာမှ ထလိုက်သည်။ သူ့မော်တောင်ဝှေးကို ကောက်ယူကာ အခန်းထဲမှ ထွက်ခဲ့၏..။

ထို့နောက် “လူးမို့စ်” ဟု ခပ်တိုးတိုး ရေရွတ်ရင်း မော်တောင်ဝှေးထိပ်ဖျားမှ အလင်းရောင် အားကိုးဖြင့် အပေါ်ထပ်သို့ တက်လာခဲ့သည်..။

ဒုတိယထပ်တွင် ယခင်က သူနှင့်ရွန်တို့ အိပ်ခဲ့သော အိပ်ခန်းရှိသည်။ သူ အခန်းထဲသို့ ကြည့်လိုက်သည်။ ဘီရိုတံခါးများမှာ ပွင့်လျှက်ရှိပြီး အိပ်ရာမှာ ဖရိုဖရဲဖြစ်လျှက် ရှိသည်..။ ဟယ်ရီ

အောက်ထပ်ရှိ လဲကျနေသည့် ထီးတင်သည့်စင်ကို သတိရလိုက်သည်။ ဖီးနစ်အဖွဲ့ဝင်များ မရှိတော့သည့်အချိန်တွင် တစ်ယောက်ယောက်က အိမ်ထဲဝင်ရှာသွားပုံ ရသည်..။ စနိုပ်များလား..

ဒါမှမဟုတ် မွန်ဒန်းဂတ်စ်လည်း ဖြစ်နိုင်သည်ဟု ဟယ်ရီ တွေးမိသည်။

မွန်ဒန်းဂတ်စ်မှာ ဆီးရီးယပ်စ် မသေခင်ကရော သေပြီးမှပါ ဤအိမ်မှ ပစ္စည်းများကို ခိုးယူခဲ့သူ ဖြစ်သည်။ ဟယ်ရီ ဆီးရီးယပ်စ်၏ အဘေးဖြစ်သူ ဖီးနီးယပ်စ် ဘလက်၏ ပန်းချီကားနေရာကို

ကြည့်လိုက်သည်..။

သို့သော် ပန်းချီကားအတွင်း၌ ဖီးနီးယပ်စ် ရှိမနေချေ..။ ဖီးနီးယပ်စ်နစ်ဂဲလပ်မှာ ညအချိန်များကို ဟော့ဝပ်ကျောင်းအုပ်ရုံးခန်းတွင် ကုန်ဆုံးလေ့ရှိသည်။

ဟယ်ရီ လှေကားအတိုင်း ထိပ်ဆုံးထပ်သို့ ထပ်တက်လာခဲ့သည်..။ ထိုနေရာတွင် တံခါးနှစ်ချပ်သာ ရှိ၏..။ သူနှင့် မျက်နှာချင်းဆိုင် အခန်းတံခါးပေါ်ဝယ် ဆီးရီးယပ်စ်ဟူသော

နာမည်ရေးထားသည်..။

ဟယ်ရီ တစ်ခါမျှ ဆီးရီးယပ်စ်၏ အိပ်ခန်းထဲ ဝင်မကြည့်ဖူး..။ သူ တံခါးကို တွန်းဖွင့်ရင်း လက်တစ်ဘက်က မော်တောင်ဝှေးကို မြင့်မြင့် မြှောက်ထားလိုက်သည်..။ အခန်းထဲသို့

အလင်းရောင် ကောင်းကောင်း ရစေရန်ပင်..။

အခန်းထဲဝယ် ကုတင်တစ်လုံး ရှိပြီး ပြတင်းပေါက်တစ်ပေါက် ရှိ၏..။ အခန်းတစ်ခုလုံးတွင် ဖုန်များ ပင့်ကူမျှင်များနှင့် ရှုပ်ပွနေ၏..။ ဟယ်ရီ အခန်းထဲသို့ ဝင်လာခဲ့သည်..။ ကြွက်များ

ပြေးလွှားသံကို ကြားနေရ၏..။

ဆီးရီးယပ်စ်မှာ အခန်းနံရံတွင် ပိုစတာများကို အပြည့်နီးပါး ကပ်ထား၏..။ ပိုစတာများကို ခွာမရအောင် ဆီးရီးယပ်စ် မန်းမှုတ်ထားခဲ့ဟန် တူသည်..။ ဂရစ်ဖင်ဒေါတံဆိပ်များကို နေရာအနှံ့

တွေ့ရ၏..။

ကျန်မိသားစုဝင်များမှာ စလီသရင်ကျောင်းဆောင်မှ ဖြစ်ကြရာ ဤသည်မှာ ဆီးရီးယပ်စ်၏ ထူးခြားချက်ပင်..။ မော်တော်ဆိုင်ကယ်ပုံများကိုလည်း နံရံပေါ်တွင် တွေ့ရ၏..။ ထို့အပြင်

ရေကူးဝတ်စုံနှင့် မက်ဂယ် မိန်းကလေးပုံများကိုပါ တွေ့ရသည်..။ ထိုပုံများမှာ မက်ဂယ်ဟု ဟယ်ရီ သေချာပြောနိုင်ခြင်းမှာ ဓာတ်ပုံများမှာ ရုပ်သေများ ဖြစ်နေကြ၍ပင်..။

ဟယ်ရီ့အကြည့်မှာ တစ်နေရာတွင် ရပ်တန့်သွား၏..။ နံရံပေါ်ဝယ် စုန်းကဝေ ဓာတ်ပုံဆို၍ ထိုတစ်ပုံသာ ရှိသည်..။ ဟော့ဝပ်ကျောင်းသားလေးယောက်မှာ လက်ချင်းချိတ်ထားကာ

ပြုံးပြနေ၏..။

ဟယ်ရီ သူ့အဖေ၏ ပုံမှန်း ချက်ချင်းမှတ်မိလိုက်သည်..။ သူ့ကဲ့သို့ပင် မသပ်မရပ်နိုင်သော ဆံပင်အနက်ရောင်နှင့် ဖြစ်ကာ မျက်မှန်တပ်ထား၏..။ သူ့ဘေးတွင် ဆီးရီးယပ်စ်ကို

တွေ့ရသည်..။ ဟယ်ရီ မှတ်မိသော သူ့ရုပ်သွင်ထက် အများကြီးနုပျိုကာ ပျော်ရွှင်နေပုံရသည်..။ ဆီးရီးယပ်စ်ဘေးတွင် ပက်တီဂရူးကို တွေ့ရသည်။ အခြားသူများထက် ခေါင်းတစ်လုံးခန့်

နိမ့်ကာ ပုပုဝဝစြဖ်သည်။ ဂျိမ်းစ်၏ အခြားတစ်ဘက်တွင်မူ လူပင်ကို တွေ့ရသည်..။ ဟယ်ရီ ဓာတ်ပုံကို နံရံမှ ခွာယူရန် ကြိုးစားလိုက်သည်..။ ဆီးရီးယပ်စ်မှာ သူ့အတွက် အကုန်

ထားရစ်ခဲ့သည်ဖြစ်ရာ ဤဓာတ်ပုံကိုလည်း သူပိုင်ပေသည်..။ သို့ရာတွင် ဓာတ်ပုံကို ခွာယူ၍ မရပေ..။ ဆီးရီးယပ်စ်မှာ သူ့အခန်းကို သူ့မိဘများ ပြင်ဆင်မည်စိုး၍ ကာကွယ်ထားခဲ့ပုံပင်..။

ဟယ်ရီ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ အပြင်ဘက်မှ ကောင်းကင်တွင် အလင်းရောင် ပေါ်စပြုလာသည်..။ ကြမ်းပြင်ပေါ်ရှိ ပြန့်ကျဲနေသော အရာဝတ္ထုများကို

သူမြင်ရစပြု၏..။ ဆီးရီးယပ်စ်၏ အခန်းကိုလည်း ရှာဖွေသွားပုံပင်..။ သို့ရာတွင် ဤအခန်းထဲတွင် အဖိုးတန်ပစ္စည်း တစ်ခုမှ မရှိပေ..။ စာအုပ်အချို့ကို လှုပ်ခါချသွားပုံဖြင့် စာရွက်များ

ပျံ့ကျဲနေ၏..။

ဟယ်ရီ စာရွက်အချို့ကို ကောက်ယူလိုက်ပြီး ဖတ်ကြည့်လိုက်သည်။ တစ်ရွက်မှာ မှော်ပညာသမိုင်း စာအုပ်မှဖြစ်ပြီး ကျန်တစ်ရွက်မှာ မော်တော်ဆိုင်ကယ် ပြင်ဆင်နည်းပင်..။

တတိယစာရွက်မှာ လက်ရေးနှင့် ဖြစ်ပြီး တွန့်ကျေနေ၏..။ ဟယ်ရီ စာရွက်ကို ဖြန့်ဖတ်လိုက်သည်..။

ဆီးရီးယပ်စ်ရေ..

ဟယ်ရီ မွေးနေ့လက်ဆောင်အတွက် အရမ်းကျေးဇူးတင်တယ် သူငယ်ချင်း.. ဒီလက်ဆောင်ကို သူသိပ်ကြိုက်ပုံပဲ.. တစ်နှစ်သားပဲ ရှိသေးပေမယ့် ကစားစရာ တံမြက်စည်းပျံလေးပေါ်မှာ

သိပ်သဘောကျနေတယ်... ငါ ဓာတ်ပုံပါ ထည့်ပေးလိုက်တယ်.. နင်သိတဲ့ အတိုင်းပဲ.. တံမြက်စည်းက နှစ်ပေလောက်ပဲ ပျံတက်နိုင်ပေမယ့် သူ့ကြောင့် ကြောင်တစ်ကောင် သေတော့မလို့..

နောက်ပြီး ပီးကျူးနီးယား ခရစ်စမတ်က ပို့လိုက်တဲ့ ပန်းအိုးကြီးလည်း ကွဲသွားတယ်။ ဂျိမ်းစ်ကတော့ သိပ်သဘောကျနေတယ်.. သူကြီးလာရင် တကယ့် ကွစ်ဒစ်ချ်ကစားသမားကောင်း

တစ်ယောက်ဖြစ်လာမှာပဲလို့ ပြောနေတယ်..။

မွေးနေ့ပွဲကတော့ တိတ်တိတ်ဆိတ်ဆိတ်ပဲ..။ ဘက်သီဒါပဲ လက်ဖက်ရည် လာသောက်တယ်လေ..။ နင်မလာနိုင်တာ ငါတို့ စိတ်မကောင်းဘူး..။ ဒါပေမယ့် ဖီးနစ်အဖွဲ့ရဲ့ အလုပ်တွေက

ပိုအရေးကြီးတယ် မဟုတ်လား.. ဟယ်ရီကလည်း သူ့မွေးနေ့ကိုတောင် မသိနိုင်လောက်အောင် ငယ်သေးပါတယ်..။

ဂျိမ်းစ်ကတော့ ဒီနေရာမှာ ပုန်းနေရတာ သိပ်ပျော်ပုံမရဘူး။ သူကတော့ ငါ့ကို မပြောပါဘူး.. ဒါပေမယ့် ငါသိနေတာပဲ.. ဒမ်ဘယ်လ်ဒိုးက သူ့ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို ပြန်မပေးသေးဘူး..

ဒီတော့ အပြင်ထွက်မရဘူး ဖြစ်နေတယ်.. နင်လာလည်နိုင်ရင်တော့ သူ နည်းနည်း စိတ်ချမ်းသာလာမယ် ထင်တာပဲ..။

ဘာသီဒါကတော့ ငါတို့ဆီကို ခဏခဏ လာပါတယ်..။ လာတိုင်းလည်း ဒမ်ဘယ်လ်ဒိုးနဲ့ ပတ်သက်တဲ့ အကြောင်းတွေ ပြောပြတယ်.. ယုံနိုင်စရာတောင် မရှိဘူး .. ဒမ်ဘယ်လ်ဒိုး...

ဟယ်ရီ့တစ်ကိုယ်လုံး ခံစားချက် ကင်းမဲ့သွားသလိုပင်..။ သူ စာရွက်ကို ကိုင်ထားရင်း ငြိမ်သက်နေမိသည်။ သို့ရာတွင် သူ့ရင်တွင်း၌မူ ပျော်ရွှင်မှုများနှင့် ပြည့်နှက်နေ၏..။ သူ

ကုတင်ပေါ်တွင် ထိုင်ချလိုက်သည်..။

သူ စာကို နောက်တစ်ခေါက် ထပ်ဖတ်လိုက်သည်..။ ပထမတစ်ခါကထက် ပို၍ ဘာကိုမှ နားလည်မလာချေ..။ ထို့နောက် လက်ရေးကို သေချာကြည့်မိသည်..။ သူမ၏ ဂျီစာလုံးရေးပုံနှင့်

သူ့ရေးပုံမှာ အတူတူပင် ဖြစ်သည်..။ ထိုစာမှာ သူ့အတွက်တော့ အဖိုးမဖြတ်နိုင်သည့် ရတနာပင်..။ လီလီပေါ်တာ တစ်ချိန်က တကယ်သက်ရှိထင်ရှား ရှိခဲ့ကြောင်း ပြသသည့်

သက်သေပင်..။

သူ့မျက်လုံးမှ မျက်ရည်စများကို စိတ်မရှည်နိုင်စွာ သုတ်ပစ်ရင်း ဟယ်ရီ စာရွက်ကို ထပ်ဖတ်လိုက်သည်..။ ဒီတစ်ကြိမ်တွင်တော့ အဓိပ္ပါယ်ကိုပါ သေသေချာချာ တွေးရင်း ဖတ်လိုက်သည်။

သူတို့တွင် ကြောင်တစ်ကောင် ရှိခဲ့သည်..။ သူ့မိဘများနှင့်အတူ သေဆုံး၍ပဲသွားသလား ထွက်ပြေးသွားသလား မပြောနိုင်ပေ..။ ဆီးရီးယပ်စ်မှာ သူ့ကို ပထမဆုံး တံမြက်စည်းပျံ

ဝယ်ပေးခဲ့သူပင်..။

သူတို့မိဘများနှင့် ဘာသီဒါဘက်ရှော့တို့ ခင်မင်ရင်းနှီးကြသည်..။ ဒမ်ဘယ်လ်ဒိုးကများ မိတ်ဆက်ပေးထားသလား..။ ဒမ်ဘယ်လ်ဒိုးက သူ့ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို ပြန်မပေးသေးဘူး

ဆိုပါလား..။ ထိုစာသားပဲ အနည်းငယ် ရယ်စရာ ဖြစ်နေသည်ဟု ဟယ်ရီ ထင်သည်..။

ဘာကြောင့် ဒမ်ဘယ်လ်ဒိုးက သူ့ဖခင်ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို ငှားထားရသလဲ..။ ဟယ်ရီ သူ၏ ကျောင်းအုပ်ဆရာကြီးက သူ့ကို နှစ်များစွာက ပြောခဲ့သည့် စကားကို

ပြန်ကြားယောင်မိသည်..။

"ငါ့အတွက် ကိုယ်ဖျောက်ဖို့ ကိုယ်ပျောက်ဝတ်ရုံ မလိုပါဘူး.."

ဒါဆို ဖီးနစ်အဖွဲ့ထဲက ခပ်ညံ့ညံ့တစ်ယောက်မှာ ဒီဝတ်ရုံ သုံးစရာလိုနေလို့ ဒမ်ဘယ်လ်ဒိုးက ကြားထဲက ငှားပေးတာလား..။

ဘက်သီဒါမှာ ဒမ်ဘယ်လ်ဒိုးအကြောင်း ဘာတွေပြောခဲ့သလဲ…။

စာမှာ ထိုနေရာတွင်ပင် ပြတ်တောက်သွား၏..။ ဟယ်ရီ ကြမ်းပြင်ပေါ်တွင် သေသေချာချာ ရှာဖွေလိုက်သည်..။ အံဆွဲများကို ဖွင့်ကြည့်သည်။ စာအုပ်များကို လှုပ်ခါချသည်..။

ကုလားထိုင်ပေါ်တက်၍ ဘီရိုပေါ်သို့ လက်နှင့် လျှောက်စမ်းကြည့်သည်..။ ကုတင်အောက်.. ထိုင်ခုံအောက်များကို လေးဘက်ထောက် ဝင်ကြည့်၏..။

နောက်ဆုံးတွင် ကြမ်းပြင်နှင့် မျက်နှာအပ်ကြည့်မှ စာရွက်စုတ်တစ်ခုနှင့် တူသည့် အရာတစ်ခုကို တွေ့ရသည်..။ သူဆွဲထုတ်လိုက်ချိန်ဝယ် ထိုအရာမှာ လီလီ၏ စာထဲတွင် ပါသော

ဓာတ်ပုံပင် ဖြစ်တော့သည်….။

ဆံပင်အနက်နှင့် ကလေးငယ်လေးမှာ ဓာတ်ပုံထဲတွင် တံမြက်စည်းပျံလေးကိုစီးကာ ပျံသန်းရင်း အားပါးတရ ရယ်မောနေ၏..။ ဂျိမ်းစ်၏ ခြေထောက်နှစ်ဘက်ကိုသာ မြင်ရပြီး သူ့နောက်သို့

လိုက်ပါနေ၏..။ ဟယ်ရီ စာကော ဓာတ်ပုံကိုပါ အိတ်ထဲတွင် သိမ်းထားလိုက်သည်..။ ထို့နောက် စာရွက်ပြတ်ကို သူ ဆက်ရှာပြန်သည်..။

နောက်ထပ်တစ်နာရီနီးပါး ရှာပြီးချိန်ဝယ် စာရွက်မှာ ဤအခန်းထဲဝယ် မရှိတော့ဟု ဟယ်ရီ သေချာသိသွားသည်..။ ဆယ့်ခြောက်နှစ်မျှ ကြာသောကာလက ရေးထားခဲ့သော စာမှာ

ထိုအချိန်ကတည်းက ပြတ်တောက်နေသည်လား.. အခန်းကို ရှာဖွေသူက ယူသွားသလား .. ဟယ်ရီ မသိနိုင်ပေ..

သူ ပထမစာရွက်ကို ပြန်ဖတ်ကာ သဲလွန်စ ရှာလိုက်သည်..။ သူ၏ ကစားစရာ တံမြက်စည်းပျံကိုတော့ ဒက်အိတာများ စိတ်ဝင်စားမည်မထင်။ အသုံးဝင်နိုင်သော တစ်ခုတည်းသော

အရာမှာ ဒမ်ဘယ်လ်ဒိုးနှင့် ပတ်သက်သည့် သတင်းပင်..

“ဟယ်ရီ.. ဟယ်ရီ..”

“ငါ ဒီမှာ ရှိတယ်.. ဘာဖြစ်လို့လဲ..”

တံခါးအပြင်ဘက်မှ ခြေသံများကို ကြားလိုက်ရပြီး ဟာမီယွန် အခန်းတွင်းသို့ ဝုန်းကနဲ ဝင်ရောက်လာ၏..။ သူမက အသက်ပင် မရှူအားသေးပဲ...

"ငါတို့နိုးလာတော့ နင့်ကို ဘယ်မှာမှ ရှာမတွေ့လို့ .. ရွန် ... ငါ ဟယ်ရီ့ကို တွေ့ပြီ.."

ရွန့်အသံမှာ အောက်ထပ်အတော်ဝေးဝေးဆီမှ ထွက်ပေါ်လာ၏။

"ဟုတ်လား.. ဒီကောင့်ကို ငါ့ကိုယ်စား ကောင်းကောင်းဆဲပေးစမ်းပါ.."

"ဟယ်ရီ.. ဒီလိုပျောက်မသွားစမ်းပါနဲ့... ငါတို့လန့်လွန်းလို့ပါ.. ဒါနဲ့ နင် ဒီမှာ ဘာတက်လုပ်နေတာလဲ..."

သူမက ရှုပ်ပွနေသော အခန်းကို ကြည့်ရင်းဆို၏။

"ဒီမှာကြည့်စမ်း .. ငါတွေ့ထားတာ.."

သူ့အမေ၏စာကို လှမ်းပေးလိုက်သည်..။ ဟာမီယွန်က စာကို ယူဖတ်လိုက်သည်..။ သူမ စာဖတ်ပြီး၍ မော့ကြည့်လိုက်ချိန်တွင်..

"ဒီမှာ ..ဒါလည်းပါတယ်..."

သူက ဓာတ်ပုံကိုပါ ကမ်းပေးလိုက်သည်..။ ဟာမီယွန်က ဓာတ်ပုံကို ကြည့်ရင်း ပြုံးလိုက်သည်..။

"ငါ ကျန်တဲ့အပိုင်းကို လိုက်ရှာနေတာ.. ဒီမှာရှိပုံမရဘူး..."

"ဒီရှုပ်ပွနေတာတွေက နင်လုပ်တာလား.. တခြားတစ်ယောက် လက်ချက်လား..."

"ငါ့ထက်အရင် တစ်ယောက်ယောက် အခန်းကို ရှာသွားပုံပဲ..."

"ငါလည်း ထင်တာပဲ.. ငါကြည့်ခဲ့သမျှ အခန်းတွေအားလုံး ဒီပုံစံအတိုင်းပဲ ... သူတို့ ဘာကိုလိုချင်တာလဲ..."

"စနိုပ်သာဆိုရင်တော့ ဖီးနစ်အဖွဲ့ရဲ့ သတင်းတစ်ခုခုပဲ ဖြစ်မှာပေါ့.."

"ဒါပေမယ့် သူ့မှာ သတင်းအားလုံး ရှိနေတာပဲ.. ဘာများ ထပ်လိုဦးမှာလဲ..."

"ငါထင်တာကတော့ ဒမ်ဘယ်လ်ဒိုးနဲ့ ပတ်သက်တဲ့ သတင်းတစ်ခုခု ဆိုရင်ကော.. နင် ဘက်သီဒါအကြောင်း သိတယ် မဟုတ်လား..."

"ဘယ်သူလဲ.."

"ဘက်သီဒါ ဘက်ရှော့လေ..."

ဟာမီယွန်မှာ စိတ်ဝင်စားလာဟန်ဖြင့်...

"မှော်ပညာသမိုင်းကို ရေးတဲ့သူ မဟုတ်လား.. နင့်မိဘတွေက သူနဲ့သိတာကိုး.. သူက တကယ်တော်တဲ့ သမိုင်းပညာရှင်ပဲ.."

"သူအသက်ရှင်နေတုန်းပဲ.. ဂိုဒရစ်ဟောလို းမှာ နေတယ်... ရွန့်အဒေါ် မြူရီရယ်လ်က ဒီအကြောင်း ငါ့ကို လက်ထပ်ပွဲမှာ ပြောပြခဲ့တာပေါ့... သူက ဒမ်ဘယ်လ်ဒိုး မိသားစုနဲ့လည်း သိပုံပဲ..

စကားပြောရရင် စိတ်ဝင်စားဖို့ ကောင်းမယ်.."

ဟာမီယွန်က သူ့ကို စာနာနားလည်စွာ ပြုံးပြ၏..။ သူ စာနင့် ခါတ်ပုံကို ပြန်ယူကာ လည်ပင်းတွင် ဆွဲထားသော အိတ်ထဲသို့ ထည့်လိုက်သည်။

"နင် သူနဲ့ ဘာလို့ စကားပြောချင်သလဲ ငါနားလည်ပါတယ်.. ဒါပေမယ့် ဒီကိစ္စက ငါတို့ ဝိညာဉ်ကိုယ်ပွားတွေ လိုက်ရှာမယ့် ခရီးမှာ အထောက်အကူ ပေးနိုင်မှာ မဟုတ်ဘူး.. နင်

ဂိုဒရစ်ဟောလို းကို အရမ်းသွားချင်မှန်း ငါသိပါတယ် ဟယ်ရီ.. ဒါပေမယ့် ငါကြောက်နေတယ်.. မနေ့က ငါတို့ကို ဒက်အီတာတွေ ဘယ်လောက်လွယ်လွယ် ရှာတွေ့သလဲ.. နင့်မိဘတွေရဲ့

သင်္ချိုင်းကို မသွားသင့်ဘူး ဟယ်ရီ.. ငါတို့ အဲဒီ့ကို လာနိုင်တယ်လို့ သူတို့ တွက်ထားမှာပဲ..."

ဟယ်ရီက သူမကို မကြည့်ပဲ...

"ဒီကိစ္စတင်မကဘူး.. မြူရီရယ်လ်က ဒမ်ဘယ်လ်ဒိုးနဲ့ ပတ်သက်တာတွေ အများကြီး ပြောခဲ့သေးတယ်.. ငါ အမှန်ကို သိချင်တယ်.."

သူ မြူရီရယ်လ် ပြောသမျှကို ပြန်ပြောပြလိုက်သည်။ ဟာမီယွန်က..

"နင် ဘာကြောင့် မကျေမနပ် ဖြစ်ရသလဲဆိုတာ ငါ သဘောပေါက်ပါတယ်"

“ငါမကျေနပ်တာ မဟုတ်ဘူး.. မှန်သလား မှားသလားပဲ သိချင်တာ”

ဟယ်ရီ ခပ်တည်တည် လိမ်ညာလိုက်သည်..။

“ဟယ်ရီ... နင် အမှန်တရားကို မြူရီရယ်လ်တို့ ရီတာစကီတာတို့ဆီက ကြားရမယ် ထင်နေသလား.. ဘာဖြစ်လို့ သူတို့ ပြောသမျှ ယုံရတာလဲ.. နင် ဒမ်ဘယ်လ်ဒိုးအကြောင်းကို

သေချာသိတာပဲ..”

“ငါ သူ့အကြောင်းသိတယ် ထင်ရတာပဲ...”

“ရီတာစကီတာ နင့်အကြောင်း ရေးသမျှ မှန်တာ ဘယ်နှစ်ခုပါသလဲ.. နင်မသိတာလည်း မဟုတ်ဘူး.. ဒေါ့ချ်ပြောတာ မှန်တယ်.. သူတို့ရဲ့ စကားတွေလောက်နဲ့ ဒမ်ဘယ်လ်ဒိုးအကြောင်း

မှတ်ဉာဏ်ကို မဖျက်ဆီးသင့်ဘူး...”

သူ အမှန်တရားကို သိချင်လာပြန်သည်။ ဘာကြောင့် အားလုံးက သူ့ကို ဝိုင်းတားနေကြသလဲ..။

“ငါတို့ မီးဖိုထဲ သွားရအောင် .. မနက်စာ တစ်ခုခု ရှာစားရမယ်လေ..”

သူ သဘောတူလိုက်ကာ နောက်မှ လိုက်လာခဲ့သည်..။ ဒုတိယတံခါးကို ဖြတ်ကျော်လာသည့်တွင် ဆေးဖြင့်ရေးထားသော စာတန်းကို တွေ့ရသည်..။ တက်လာတုန်းက မှောင်နေသဖြင့်

သတိမပြုမိခဲ့ပေ..။ လက်ရေးဖြင့် သပ်သပ်ရပ်ရပ် ရေးထားသော စာတန်းတစ်ခုဖြစ်သည်..။

“ရီဂူလပ်စ် အာထရက်စ် ဘလက်၏ ခွင့်ပြုချက်မရပဲ မဝင်ရ”

စိတ်လှုပ်ရှားမှုကို ဟယ်ရီ ကောင်းကောင်းသိလိုက်သည်။ သို့သော် ဘာကြောင့်မှန်း ရုတ်တရက် မသိလိုက်..။ သူ စာကို နောက်တစ်ကြိမ် ထပ်ဖတ်လိုက်သည်..။ ဟာမီယွန်မှာ

အောက်ထပ်သို့ ဆင်းသွားပြီ ဖြစ်သည်။

“ဟာမီယွန် .. အပေါ်ကို ပြန်တက်ခဲ့စမ်းပါ...”

“ဘာဖြစ်လို့လဲ..”

"အာအေဘီကို ငါတွေ့ပြီလို့ ထင်တာပဲ..."

ဟာမီယွန့်ထံမှ အာမေဒိုတ်သံနှင့်အတူ အပေါ်ထပ်သို့ ပြန်ပြေးတက်လာ၏..။

"နင့်အမေရဲ့ စာထဲမှာလား.. ငါတော့ မတွေ့မိ.."

ဟယ်ရီက ခေါင်းခါယမ်းရင်း ရီဂူလပ်စ်၏ တံခါးကို ညွှန်ပြလိုက်သည်..။ သူမက စာကိုဖတ်ပြီး သူ၏လက်ကို တင်းတင်းဆုပ်ကိုင်လိုက်၏..။

"ဆီးရီးယပ်စ်ရဲ့ ညီပဲ.."

"သူက ဒက်အိတာ တစ်ယောက်ပဲ.. သူငယ်ငယ်လေးတည်းက ဒက်အိတာဖြစ်ခဲ့တာ.. ပြီးမှ ကြောက်လန့်ပြီး ထွက်ပြေးတော့ သူ့ကို သတ်ပစ်လိုက်ကြတာတဲ့.."

"ကြည့်ရတာ သူ့ကို အန္တရာယ်ပေးဖို့ ကြံတဲ့ ဗိုဒီမော့ကို ဖြုတ်ချချင်တဲ့ ဆန္ဒ သူ့မှာ ရှိခဲ့မှာပဲ.."

ဟာမီယွန်က ဟယ်ရီ့လက်ကို လွှတ်လိုက်ရင်း လှေကားလက်ရန်းပေါ်မှ အောက်ထပ်သို့ ငုံ့ကြည့်ရင်း..

"ရွှန်... ရွှန်.. နင်အပေါ်ကို မြန်မြန် တက်ခဲ့စမ်းပါ..."

ရွှန်မှာ လက်ထဲတွင် မှော်တောင်ဝှေးကို ကိုင်ရင်း မောကြီးပန်းကြီးဖြင့် အပေါ်ထပ်သို့ ရောက်လာ၏..။

"ဘာကိစ္စလဲဟ.. ရောမ ပင့်ကူကြီးတွေ့လို့ဆိုရင်တော့ မနက်စာစားပြီးမှပဲ ဆက်ပြောကြရင် ကောင်းမယ်.."

ဟာမီယွန်က တံခါးရှိရာသို့ လက်ညှိုးညွှန်ပြ၏...။

"ဘာလဲ.. ဒါ ဆီးရီးယပ်စ်ရဲ့ ညီပဲ .. မဟုတ်ဘူးလား.. ရီဂူလပ်စ် အာထရပ်စ် ... ရီဂူလပ်စ် ... အာအေဘီ.. ဒါ... ဒါ .. ဆွဲကြိုးပေါ်က နာမည်ပဲဖြစ်.. ဖြစ်ရမယ်..."

ဟယ်ရီက...

"ကြည့်ကြတာပေါ့..."

သူ တံခါးကို တွန်းကြည့်လိုက်သည်..။ သို့ရာတွင် တံခါးမှာ သော့ခတ်ထား၏..။ ဟာမီယွန်က သူမ၏ မှော်တောင်ဝှေးဖြင့် တံခါးလက်ကိုင်ကို ချိန်ရွယ်ကာ..

"အလိုဟိုမိုရာ.."

သော့ဖွင့်သံတစ်ချက် ကြားလိုက်ရပြီး တံခါးပွင့်သွားတော့သည်..။

သူတို့သုံးယောက်စလုံး အခန်းထဲသို့ ဟိုကြည့်ဒီကြည့်ဖြင့် ဝင်ခဲ့ကြသည်. ရီဂူလပ်စ်၏ အိပ်ခန်းမှာ ဆီးရီးယပ်စ် အခန်းထက် အနည်းငယ်ကျဉ်း၏..။ ဆီးရီးယပ်စ်၏ အခန်းတွင်

အခြားမိသားစုများနှင့် မတူညီမှုကို ထင်ထင်ရှားရှား တွေ့ရသလို ရီဂူလပ်စ် အခန်းနှင့်မူ ဆန့်ကျင်ဘက်ဖြစ်၏..။

စလီသရင်ကျောင်းဆောင်၏ အရောင်ဖြစ်သော မြစိမ်းရောင်နှင့် ငွေရောင်ကို နေရာအနှံ့အပြား၌ တွေ့ရ၏..။ ဘလက်မိသားစု၏ တံဆိပ်ကိုလည်း နံရံပေါ်တွင် တွေ့ရသည်..။

ထို့နောက်တွင် သတင်းစာဖြတ်ပိုင်းများ စုပုံထားသည်ကို တွေ့ရ၏..။ ဟာမီယွန်က စာရွက်များကို ယူကြည့်၍...

"အားလုံး ဗိုဒီမော့အကြောင်းတွေချည်းပဲ.. ရီဂူလပ်စ်က သူ့ကို အရင်ကတည်းက သဘောကျခဲ့ပုံပဲ.."

ဟာမီယွန်က ခုတင်ပေါ်တွင် ထိုင်ရင်း စာရွက်များကို ဆက်ဖတ်နေ၏..။ ဟယ်ရီမှာမူ နောက်ထပ် ဓာတ်ပုံတစ်ပုံကို တွေ့လိုက်သည်..။ ဟော့ဝပ်ကွစ်ဒစ်ချ် အသင်းမှာ ပြုံးရင်း လက်များ

ဝှေ့ယမ်းပြနေ၏..။

သူ အနီးသို့ ကပ်ကြည့်လိုက်ရာ ရင်ဘတ်ပေါ်တွင် မြွေတစ်ကောင်ပုံကို တွေ့လိုက်ရသည်..။ စလီသရင်အသင်းသားများပင်..။ ရီဂူလပ်စ်မှာ ရှေ့ဆုံးတန်းဝယ် ထိုင်နေ၏..။ ဆီးရီးယပ်စ်နှင့်

ပုံစံဆင်သော်လည်း ဆီးရီးယပ်စ်ထက် သေးသွယ်ကာ ခန့်ညားမှု မရှိချေ..။ ဟယ်ရီက..

"သူလည်း ရှေ့ဘောလုံး ဖမ်းတဲ့သူပဲ.."

"ဘာပြောတယ်..."

ဟာမီယွန်မှာ စာရွက်ပိုင်းများကို ဖတ်နေသဖြင့် သူ့စကားကို စိတ်မဝင်စားပေ..။

"သူက အလယ်မှာ ထိုင်နေတယ်.. ဒါ ရွှေဘောလုံးသမားရဲ့ နေရာပဲ.. အရေးမကြီးပါဘူး.."

ဟယ်ရီ သူ့စကားကို ရပ်လိုက်၏..။ မည်သူမျှ နားမထောင်နေသည့်အတွက်ပင်..။ ရွှန်မှာ လေးဘက်ထောက်ကာ ဘီရိုအောက်ကို နှိုက်ရှာနေ၏..။ ဟယ်ရီကမူ အခန်းထဲလှည့်ပတ်ကြည့်ရင်း

ဂုက်လို့ ကောင်းမည့်နေရာကို ရှာဖွေနေသည်..။

ဤအခန်းကိုလည်း သူတို့အရင် တစ်ယောက်ယောက်က ရှာဖွေသွားပုံ ရသည်..။ အံဆွဲထဲမှ ပစ္စည်းများမှာ ရှုပ်ပွကျန်ရစ်သည်..။ မင်အိုးများ.. ကလောင်တံ အဟောင်းများ

လုံးဝအသုံးမဝင်တော့သည့် ကျောင်းစာအုပ် အဟောင်းများကို တွေ့ရသည်..။

ဟာမီယွန်က..

"အလွယ်နည်း သုံးကြည့်ရအောင်ဟာ .. အက်ဆီယိုလော့ကတ်.."

ဘာမှ ထူးခြားမလာပေ..။ ခန်းဆီးကြားတွင် ရှာနေသော ရွှန်မှာ စိတ်ပျက်သွားသော လေသံဖြင့်...

"ဒါဆို ... ဒီမှာ မရှိတော့ဘူးပေါ့ .. ဟုတ်လား..."

"ရှိနိုင်သေးတယ်... ဆင့်ခေါ်ဂါထာသုံးမရအောင် စီရင်ထားတာ ဖြစ်နိုင်တယ်.. အဲဒီလိုဆို ဘယ်လိုမှ မှော်ပညာနဲ့ ခေါ်ယူလို့ မရနိုင်ဘူး..."

ဟယ်ရီက..

"ဗိုဒီမော့ ကျောက်ရေခွက်ထဲမှာ စီရင်ထားသလိုပေါ့.."

သူ ဘယ်လိုမှ လော့ကတ်တစ်ခုကို ခေါ်၍ မရခဲ့သည်ကို သတိရမိသည်..။ ရွှန်က..

"ဒါဆို ဘယ်လိုရှာရမှာလဲ.."

"ငါတို့ ဒီအတိုင်း လျှောက်ရှာရတော့မှာပဲ.."

"ဒါ အကြံကောင်းပဲ.."

ရွှန်က ပြောရင်းနှင့်ပင် ခန်းဆီးများ အကြားတွင် ဆက်၍ ရှာဖွေလိုက်သည်။ သူတို့သုံးယောက် အခန်းကို တစ်လက်မ မကျန် ပိုက်စိပ်တိုက် ရှာဖွေလိုက်သည်မှာ တစ်နာရီမက

ကြာသွား၏..။ နောက်ဆုံးတွင် ဤအခန်းထဲဝယ် လော့ကတ်အစစ် မရှိနိုင်ဟု ဆုံးဖြတ်လိုက်ကြသည်။

နေထွက်လာပြီဖြစ်၍ ပြတင်းပေါက်မှ နေရောင်ကို မြင်လာရသည်..။ ဟာမီယွန်က..

"ဒီအိမ်တစ်နေရာရာမှာပဲ ရှိရမယ်..."

သူတို့ အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်..။ ရွှန်နှင့် ဟယ်ရီမှာ စိတ်ပျက်လာသလောက် သူမကမူ ပို၍ စိတ်ထက်သန်လာပုံ ရသည်..။

"သူ ဖျက်လို့ ရမရတော့ မသေချာဘူး.. ဒါပေမယ့် ဗိုဒီမော့ မမြင်နိုင်တဲ့ နေရာမှာ ဝှက်ထားမှာတော့ သေချာတယ်.. မနှစ်က ငါတို့လာနေတုန်းက ဘယ်လောက် ဆိုးဝါးတဲ့ ပစ္စည်းတွေ

များသလဲ.. နာရီက လျှပ်စီးကြောင်းတွေနဲ့ လူတိုင်းကို လိုက်ပစ်တယ်.. ဝတ်ရုံဟောင်းကြီးက ရွှန့်ကို နပန်းသတ်တယ်.. ဒါ ရီဂူလပ်စ်က လော့ကတ်ကို ကာကွယ်ဖို့ လုပ်ထားတာ

ဖြစ်ရမယ်.. ငါတို့ သတိမထားမိလို့ပဲ ဖြစ် ... ဖြစ်..."

ဟယ်ရီနှင့် ရွှန် သူမကို ကြည့်လိုက်သည်..။ သူမမှာ လေထဲတွင် ခြေတစ်ဖက်မြှောက်ရင်း ရပ်တန့်နေ၏..။ တစ်စုံတစ်ခုကို အပြင်းအထန် စဉ်းစားနေပုံရသည်...။

"ဘာဖြစ်တာလဲဟ.."

"ငါ.. ငါ လော့ကတ်ကို တွေ့ဖူးတယ်..."

"ဘာပြောတယ်..."

ဟယ်ရီကော ရွှန်ပါ ပြိုင်တူ မေးလိုက်ကြသည်..။

"ဧည့်ခန်းထဲက ဘီရိုထဲမှာလေ.. ဘယ်သူမှ မဖွင့်နိုင်ဘူးလေ..."

ဟယ်ရီပါ သတိရသွားသည်..။ သူတို့ ထိုအရာကို တစ်လှည့်စီ ဖွင့်ဖို့ ကြိုးစားခဲ့ကြသေးသည်..။ ထိုလော့ကတ်ကို အမှိုက်များနှင့် အတူတူ ပစ်ထားလိုက်ကြသည်။

"ခရီချာက ငါတို့ဆီက ပစ္စည်းအတော်များများ ပြန်နှိုက်ထားတယ် မဟုတ်လား..."

ဟယ်ရီ ပြောလိုက်သည်..။ သူတို့အတွက် တစ်ခုတည်းသော ခပ်ပါးပါး ကျန်နေသည့် မျှော်လင့်ချက်ပင်...။

"အားလုံးကို မီးဖိုခန်းထဲက သူ့ရဲ့ ဘီရိုထဲထည့်ထားတယ် မဟုတ်လား.. လာ..."

သူ လှေကားကို တစ်ခါဆင်းလျှင် နှစ်ထစ်နှုန်းဖြင့် ခုန်ပျံကျော်လွှားရင်း ပြေးဆင်းလာခဲ့သည်..။ ကျန်နှစ်ယောက်ပါ သူ့နောက်မှ တရကြမ်း လိုက်လာကြသည်..။ သူတို့အသံမှာ

အလွန်ဆူညံသွားသောကြောင့် ဆီးရီးယပ်စ်အမေ၏ ပန်းချီကားချပ်မှာ နိုးလာပြီး စတင်အော်ဟစ်တော့သည်..။

သူတို့က ဂရုမစိုက်နိုင်ပဲ မြေအောက်ခန်းတံခါးကိုသာ တွန်းဖွင့်ကာ မီးဖိုထဲသို့ ပြေးဝင်ခဲ့သည်..။

ထို့နောက် ခရီချာ၏ ဘီရိုတံခါးကို ဆွဲဖွင့်လိုက်သည်..။ အထဲတွင် ညစ်ပတ်နေသော စောင်များ စုပုံလျှက် ရှိသည်..။ ထိုနေရာတွင် တစ်ချိန်က ခရီချာ အိပ်ခဲ့သည်။ သို့သော် ခရီချာ

စုဆောင်းထားသည့် အရောင်တလက်လက် ထွက်နေသည့် အဖိုးမတန်လှသော ပစ္စည်းများကို မတွေ့ရတော့ပေ..။

သဘာဝ၏ ထူးခြားဆန်းကျယ်သော အချက်များ.. မှော်ပညာနှင့် သတ္တဝါများ အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်လာပုံ ဟူသော စာအုပ်ကို အတွေ့တွင် ဟယ်ရီ ကိုယ့်မျက်စိကိုယ် မယုံနိုင်သလို

ဖြစ်မိသည်။

ဟယ်ရီ စောင်များကို ဆွဲယူကာ ခါချလိုက်သည်..။ ကြွက်သေတစ်ကောင်သာ စောင်ထဲမှ ထွက်ကျလာ၏..။ ရွန်မှာ ချက်ချင်းပင် ထိုင်ခုံပေါ် တက်လိုက်သလို ဟာမီယွန်မှာ

အထိတ်တလန့်နှင့် မျက်စိကို မှိတ်ထားလိုက်သည်..။

"ဒီလောက်နဲ့ လက်လျှော့လို့ မဖြစ်သေးဘူး.."

ဟယ်ရီ ရေရွတ်ရင်း အသံကို မြှင့်လိုက်ကာ..

"ခရီချာ..."

ကျယ်လောင်သော အသံတစ်သံနှင့်အတူ ဟယ်ရီ ဆီးရီးယပ်စ်ထံမှ မလိုချင်ပဲ ရလာခဲ့သော အိမ်စေမှင်စာကလေးမှာ လေထဲတွင် ချက်ချင်းပေါ်လာကာ သူ့ရှေ့သို့ ရောက်လာ၏..။

လင်းနို့သဖွယ် နားရွက်များရှိပြီး လူ့တစ်ဝက်ခန့်သာ ရှိကာ သူ့အရေပြားမှာ တွန့်လိမ်နေ၏..။ သူ့ခန္ဓာကိုယ်တွင် စုတ်ပြတ်နေသော အဝတ်စကို ဝတ်ဆင်ထားသည်။ ပထမအကြိမ်

စတွေ့စကတည်းက ဝတ်ထားသော အဝတ်စပင်..။ သူ၏ စိတ်သဘောထားမှာလည်း အဝတ်စလိုပင် ပြောင်းလဲပုံမရပေ..။

"သခင်..."

ခရီချာ သူ၏ ဖားကြီးတစ်ကောင်လို ခပ်ကြွဲကြွဲအသံမျိုးနှင့် ထူးလိုက်၏..။ ထို့နောက် သူ့ကို ဦးညွှတ်ဂါရဝပြုလိုက်ပြီး

"ကျွန်တော့် သခင်မကြီးရဲ့ အိမ်ကို မျိုးဖျက်ကောင် ရွှန်နဲ့ မျိုးမစစ်တဲ့..."

ဟယ်ရီက ချက်ချင်းပင် ဟိန်းဟောက်လိုက်၏..။

"မင်းပါးစပ်က မျိုးဖျက်ကောင်တို့ မျိုးမစစ်တို့ မပြောဖို့ ငါ တားမြစ်တယ်.."

သူ ခရီချာကို ကြည့်လိုက်သည်..။ ဆီးရီးယပ်စ်ကို သစ္စာမဖောက်ခဲ့လျှင်သော်မှ လက်ခံချင်စရာကောင်းသော သတ္တဝါဟု သူမထင်ပေ..။ ဟယ်ရီ မှင်စာကလေးကို ငုံ့ကြည့်ရင်း...

"ငါ မင်းကို မေးစရာ ရှိတယ်.. မင်း အမှန်အတိုင်း ဖြေဖို့ ငါ အမိန့်ပေးတယ်... နားလည်လား..."

"နားလည်ပါတယ် သခင်..."

ခရီချာက နောက်တစ်ခါ ဦးညွှတ်ရင်း ပြောပြန်၏..။ သူ၏ နှုတ်ခမ်းများ တစ်လှုပ်လှုပ် ရေရွတ်နေသည်ကို ကြည့်ရင်း သူတားမြစ်ထားသည့် အချက်ကို အသံမထွက်ပဲ ရေရွတ်နေကြောင်း

ဟယ်ရီ တွေးမိသည်..။

"လွန်ခဲ့တဲ့ နှစ်နှစ်က အပေါ်ထပ်က ညဉ့်ခန်းထဲမှာ ရွှေလော့ကတ်တစ်ခု ရှိတယ်... ငါတို့ အမှိုက်ပုံးထဲ ထည့်ပစ်လိုက်တယ်.. မင်းပြန်ခိုးထားသလား..."

အချိန်အနည်းငယ် တိတ်ဆိတ်သွားပြီးနောက် ခရီချာက မတ်မတ်ရပ်ကာ ဟယ်ရီ့မျက်နှာကို ကြည့်ရင်း..

"ဟုတ်ပါတယ်.."

"အခု ဘယ်မှာလဲ..."

ဟယ်ရီ စိတ်ထက်သန်စွာ မေးလိုက်သည်။ ရွန်နှင့် ဟာမီယွန်မှာ တစ်ယောက်နှင့်တစ်ယောက် ပျော်ရွှင်စွာ ကြည့်လိုက်သည်..။ ခရီချာက မျက်လုံးများကို ပိတ်ထားလိုက်ရင်း..

"မရှိတော့ဘူး..."

"မရှိတော့ဘူး .. ဟုတ်လား.. ဘယ်ရောက်သွားသလဲ..."

မှင်စာကလေးမှာ တုန်ရီသွား၏..။ ဟယ်ရီက ထပ်၍ ..

"ခရီချာ ငါ အမိန့်ပေးနေတယ်..."

"မွန်ဒန်းဂတ်စ် ဖလက်ချာ.. သူ.. သူ့လက်ချက်ပဲ.. အားလုံး သူ ခိုးသွားတယ်.. မစ္စဘယ်လာနဲ့ မစ္စဆစ်စီရဲ့ ပုံတွေ.. သခင်မကြီးရဲ့ လက်အိတ်.. ပထမတန်းစား မာလင်တံဆိပ်ရယ်..

မိသားစုတံဆိပ်ပါတဲ့ ဖလားရယ်.. ပြီးတော့ မာစတာ ရီဂူလပ်စ်ရဲ့ လော့ကတ်ရယ်.. ခရီချာ သူ့အမိန့်ကို မဆောင်ရွက်ပေးနိုင်ခဲ့ဘူး..."

ခရီချာမှာ အသက်ပြင်းပြင်းရှူနေသဖြင့် ရင်ဘတ်တစ်ခုလုံး နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။ ခရီချာ သူ့ကိုယ်သူ အနီးရှိ မီးဖိုမှ သံတန်းနှင့် ပြေးတိုက်လိုက်၏..။ ဟာမီယွန့်ထံမှ

အလန့်တကြား အော်ဟစ်သံ ထွက်ပေါ်လာသည်..။

ဟယ်ရီ အသံအားလုံးကို လွှမ်းသွားအောင် အော်လိုက်သည်။

"ခရီချာ.. ငါ မင်းကို ငြိမ်ငြိမ်နေဖို့ အမိန့်ပေးတယ်..."

ခရီချာမှာ ချက်ချင်း ငြိမ်သက်သွားကာ ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေ၏..။ သူ့မျက်လုံးများမှ မျက်ရည်များ စီးကျနေသည်..။

"ဟယ်ရီ.. သူ့ကို ထခိုင်းလိုက်စမ်းပါ..."

"ဘာလဲ .. နောက်တစ်ခါ ထပ်ပြီး ခေါင်းနဲ့ တိုက်ခိုက်ဦးမလို့လား.."

ဟယ်ရီ မှင်စာလေးနံဘေးတွင် ဒူးထောက်ထိုင်ရင်း..

"ခရီချာ .. ငါ အမှန်အတိုင်း သိချင်တယ်.. မွန်ဒန်းဂတ်စ် ဖလက်ချာ ခိုးသွားတာကို ဘယ်လိုသိသလဲ..."

"ခရီချာ ကိုယ်တိုင်မြင်တာ..."

သူ့မျက်လုံးမှ မျက်ရည်များမှာ ပါးစပ်ထဲသို့ စီးဝင်နေ၏..။

"သူ ခရီချာရဲ့ ဘီရိုထဲက ခရီချာ့ပစ္စည်းတွေ အကုန်ယူပြီး ထွက်လာတယ်.. ခရီချာ ရပ်ခိုင်းပေမယ့် မွန်ဒန်းဂတ်စ် ဖလက်ချာက ရယ်ပြီး ထွက်ပြေးသွားတယ်.."

"ဒီလော့ကတ်ကို မာစတာရီဂူလပ်စ်ဟာလို့ မင်းပြောတယ်နော်.. ဘာကြောင့်လဲ... ဘယ်ကရခဲ့လို့လဲ.. ဒါကို ရီဂူလပ်စ် ဘယ်လိုလုပ်ခဲ့သလဲ.. ခရီချာ .. ထထိုင်ပြီး ငါ့ကို မင်းသိသမျှ

ပြောပြစမ်း.. ရီဂူလပ်စ်နဲ့ ပတ်သက်သမျှ အားလုံးကို ပြောပြစမ်း"

မှင်စာမှာ ထထိုင်လိုက်ပြီး သူ့မျက်နှာကို ဒူးနှစ်လုံးကြားတွင် ဝှက်ကာ ဘောလုံးတစ်လုံးလို ကွေးနေလိုက်သည်။ ထို့နောက် ရှေ့တိုးနောက်ဆုတ် လှုပ်ခါရင်း သူစ၍ပြော၏..။

အသံများတိုးကာ တုန်ရီနေသော်လည်း တိတ်ဆိတ်နေသည့် မီးဖိုခန်းထဲဝယ် ကောင်းစွာ ကြားရပေသည်..။

"မာစတာ ဆီးရီးယပ်စ် အိမ်က ထွက်ပြေးသွားတယ်.. သခင်မကြီး ဒီကိုစ္စနဲ့ ပတ်သက်လို့ အကြီးအကျယ် ခံစားခဲ့ရတယ်.. ဒါပေမယ့် မာစတာ ရီဂူးလပ်စ်ကတော့ ဒီလိုမဟုတ်ဘူး.. သူက

နှစ်ပေါင်းများစွာကတည်းက မိစ္ဆာသခင်ကြီး အကြောင်း ပြောပြောနေတာ.. မိစ္ဆာသခင်ကြီးက စုန်းကဝေတွေကို ပုန်းကွယ်နေရာက ထွက်ပြီး မက်ဂယ်တွေကို အုပ်ချုပ်နိုင်ဖို့

ခေါင်းဆောင်မယ့်လူလို့ အမြဲပြောနေတာ.. သူ့အသက်ဆယ့်ခြောက်နှစ်မှာ မိစ္ဆာသခင်ကြီးနဲ့ ပူးပေါင်းလိုက်တယ်.. အရမ်းကို ပျော်ရွှင်ပြီး ဂုဏ်ယူနေတာပေါ့.."

"ဒီလိုနဲ့ တစ်နှစ်လောက်အကြာမှာ မာစတာရီဂူးလပ်စ် မီးဖိုထဲရောက်လာပြီး ခရီချာနဲ့ တွေ့တယ်.. သူက ... သူက .. မိစ္ဆာသခင်ကြီးက မှင်စာတစ်ကောင် လိုနေတယ်တဲ့..."

ဟယ်ရီက..

"ဗိုဒီမော့က မှင်စာလိုနေတယ်.. ဟုတ်လား.."

ရွန်နှင့် ဟာမီယွန်တို့လည်း သူ့လိုပင် တွေဝေနေကြပုံရသည်။

"ဟုတ်တယ်.. မာစတာ ရီဂူးလပ်စ်က ခရီချာကို ပေးဖို့ ဆုံးဖြတ်လိုက်တယ်.. ဒါ .. ဒါက
သူ့အတွက်ကော ခရီချာ့အတွက်ပါ ဂုဏ်ယူစရာပဲတဲ့.. ပြီးတော့ မိစ္ဆာသခင်ကြီး ခိုင်းသမျှ

လုပ်ပေးပြီးတာနဲ့ အိမ်ကို ပြန်လာခဲ့ဖို့ အမိန့်ပေးလိုက်တယ်..."

သူ့စကားသံတွင် ငိုရှိုက်သံတို့ ရောစွက်လာ၏..။

"ဒါနဲ့ ခရီချာ မိစ္ဆာသခင်ကြီးဆီ သွားတယ်. မိစ္ဆာသခင်ကြီးက ဘာလုပ်ရမယ် မပြောဘူး.. ခရီချာကို
သူနဲ့အတူ ပင်လယ်ကမ်းခြေနားက လိုဏ်ဂူတစ်ခုဆီ ခေါ်သွားတယ်.. ဂူထဲမှာ

အနက်ရောင်ရေကန်ကြီးတစ်ခု ရှိတယ်.."

ဟယ်ရီ ဆံပင်မွေးများ ထောင်လာသလို ခံစားလိုက်ရသည်။ ခရီချာ၏ အသံမှာ အနက်ရောင်ရေပြင်ထဲမှ
သူ့ဆီလာနေသလို ခံစားလိုက်ရသည်..။ သူကိုယ်တိုင် ထိုနေရာတွင်

ရောက်နေသကဲ့သို့ ဟယ်ရီ မြင်ယောင်လာသည်..။

"အဲဒီ့မှာ လှေတစ်စင်း ရှိတယ်..."

ဟယ်ရီ ထိုလှေကို ကောင်းကောင်းသိသည်..။ အစိမ်းရောင်ရှိကာ သေးငယ်လှသည်..။
လူတစ်ယောက်ကိုသာ သယ်ဆောင်သွားနိုင်သည်။ ဗိုဒီမော့ ထိုနည်းဖြင့် ဝိညာဉ်ကိုယ်ပွားတားမည့်

နေရာ၏ လုံခြုံမှုကို စမ်းသပ်ခဲ့ပုံပင်...။

"ရေပြင်အလယ်က ကျွန်းပေါ်မှာ ဆေးရည်တွေ ပြည့်နေတဲ့ ကျောက်ခွက်ကြီး တစ်ခု ရှိတယ်...
မိစ္ဆာသခင်ကြီးက ခရီချာကို သောက်ခိုင်းတော့တာပဲ..."

မှင်စာလေးမှာ တစ်ကိုယ်လုံး တုန်ရီနေ၏..။

"ခရီချာ သောက်ရင်း သောက်ရင်းနဲ့ ကြောက်စရာတွေ မြင်လာရတယ်.. ခန္ဓာကိုယ်ထဲမှာ မီးလောင်နေသလိုပဲ.. ခရီချာ မာစတာ ရီဂူလပ်စ်ကိုကော သခင်မကြီးကိုကော ကယ်ဖို့

အော်ခေါ်မိတယ်.. မိစ္ဆာသခင်ကြီးက ရယ်ပြီးတော့ ခရီချာကို ကုန်တဲ့အထိ တိုက်တယ်.. ပြီးတော့ လော့ကတ်ကို ကျောက်ခွက်ထဲထည့်ပြီး ဆေးရည်တွေ ပြန်ဖြည့်လိုက်တယ်..

နောက်ပြီးတော့ မိစ္ဆာသခင်ကြီးက ခရီချာကို ထားခဲ့ပြီး လှေနဲ့ပြန်ထွက်သွားတယ်.."

ဤကဲ့သို့ ဖြစ်မည်ကို ဟယ်ရီ ကြိုသိနေ၏..။ ဗိုဒီမော့မှာ အကြင်နာကင်းမဲ့စွာပင် ခရီချာကို ထားပစ်ခဲ့ပေလိမ့်မည်..။ ခရီချာသောက်ခဲ့ရသော အဆိပ်ရည်မှာ လွန်စွာ ရေငတ်စေသည်..

ရေသောက်ရန် ကြိုးစားလိုက်လျှင် ...။

ဟယ်ရီ ဆက်မတွေးတတ်တော့..။ သို့ရာတွင် ခရီချာ ဘယ်လိုနည်းဖြင့် လွတ်လာသည်ကို သူနားမလည်နိုင်ချေ..။

"ခရီချာ ရေအရမ်းငတ်လာတယ်.. ဒါနဲ့ ကျွန်းစပ်ကို တွားသွားပြီး ရေသောက်လိုက်တာနဲ့ ရေထဲက လက်တွေက ခရီချာကို ရေအောက်ကို ဆွဲချတော့တာပဲ..."

"မင်း ဘယ်လို လွတ်လာတာလဲ..."

ခရီချာ သူ၏ ခေါင်းကိုမော့ကာ ဟယ်ရီ့ကို ကြည့်လိုက်ရင်း..

"မာစတာ ရီဂူလပ်စ်က ခရီချာကို ပြန်လာခဲ့ဖို့ အမိန့်ပေးထားတယ်လေ"

"ငါသိပါတယ်.. ဒါပေမယ့် အင်ဖာရီတွေလက်က ဘယ်လိုလွတ်လာတာလဲ"

သူ့အမေးကို ခရီချာ နားလည်ပုံမရပေ..။

"မာစတာ ရီဂူလပ်စ်က ခရီချာကို ပြန်လာဖို့ အမိန့်ပေးထားတယ်လေ"

"ငါသိပါတယ်.. ဒါပေမယ့်..."

ရွန်က..

"တကယ်ထူးဆန်းနေလို့လား ဟယ်ရီ.. သူ ကိုယ်ရောင်ဖျောက်ပြီး ထွက်လာခဲ့တာလေ.."

"ဒါပေမယ့် ဒီဂူထဲမှာ ကိုယ်ရောင်ဖျောက်ပြီး ဝင်ထွက်လို့ မရဘူး.. ရခဲ့ရင် ဒမ်ဘယ်လ်ဒိုးက..."

ရွှန်က ချက်ချင်းပင်...

"မှင်စာလေးတွေရဲ့ မှော်ပညာက စုန်းတွေနဲ့ မတူဘူး.. သူတို့ ဟော့ဝပ်ထဲကိုလည်း ကိုယ်ရောင်ဖျောက်ပြီး ဝင်နိုင်ထွက်နိုင်တယ် ငါတို့ကျ မရဘူး..."

ဟယ်ရီ စဉ်းစားနေမိသည်..။ ဗိုဒီမော့ ဘာကိစ္စ ဤအမှားကြီးကို ကျူးလွန်ခဲ့သလဲ..။ သူတွေးနေစဉ်မှာပင် ဟာမီယွန်က..

"ဗိုဒီမော့က မှင်စာတွေကို လုံးဝ ဂရုမစိုက်ဘူးလေ.. သူမလုပ်နိုင်တဲ့ မှော်ပညာမျိုး သူတို့ဆီမှာ ရှိတာ သတိထားမိပုံ မရဘူး..."

ခရီချာက..

"အိမ်စေမှင်စာတွေအတွက် သခင်ရဲ့အမိန့်ဟာ အပြင်းထန်ဆုံး လိုက်နာရမယ့် ဥပဒေပဲ .. ခရီချာ့ကို အိမ်ပြန်လာခိုင်းထားတယ်.. ဒါကြောင့် ခရီချာပြန်လာတယ်.."

ဟာမီယွန်က ကြင်နာစွာဖြင့် ...

"မင်းကို အမိန့်ပေးတဲ့ အတိုင်း လုပ်တာပဲပေါ့.. တစ်ခါမှ အမိန့်ကို မချိုးဖောက်ဖူးဘူးပေါ့..."

ခရီချာက ခေါင်းခါယမ်း ပြလိုက်သည်။

"ပြန်ရောက်လာတော့ ဘာဆက်ဖြစ်သလဲ.. ဘာဖြစ်ခဲ့သလဲဆိုတာ ပြန်ပြောပြတော့ ရီဂူလပ်စ်က ဘာပြောသလဲ..."

"မာစတာ ရီဂူလပ်စ်က အရမ်းကို စိတ်ပူသွားပုံပဲ... သူက ခရီချာကို အိမ်ထဲမှာ ပုန်းနေခိုင်းတယ်.. သိပ်မကြာခင် မာစတာ ရီဂူလပ်စ် ပြန်ရောက်လာပြီး ခရီချာကို ဘီရိုထဲမှာ

ညဘက်ကြီးလာရှာတယ်.. မာစတာ ရီဂူလပ်စ်ကို ကြည့်ရတာ အရမ်းစိတ်ဆင်းရဲနေသလိုပဲ.. သူက ခရီချာကို မိစ္ဆာသခင်ကြီးနဲ့ သွားခဲ့တဲ့ လိုဏ်ဂူဆီ ခေါ်သွားဖို့ ပြောတယ်.."

ဟယ်ရီ သူတို့ ဘယ်လိုသွားခဲ့မလဲကို မြင်ယောင်လာ၏..။ ဂူတံခါးကို ဘယ်လိုဖွင့်ရမည်ကို ခရီချာ ကောင်းကောင်းသိသည်။ လှေကို ဘယ်လိုခေါ်ရမလဲကိုလည်း သူသိလိမ့်မည်။

ဟာယ်ရီက မကျေမနပ် ဖြစ်နေသံဖြင့် …

"သူက မင်းကို ဆေးရည်တွေ ထပ်သောက်ခိုင်းသလား.."

ခရီချာမှာ သူ၏ခေါင်းကို ခါယမ်းပြရင်း ငိုကြွေးတော့သည်..။ ဟာမီယွန်မှာမူ ပါးစပ်ကို လက်ဝါးနှင့်အုပ်လိုက်၏..။ သူမ တစ်ခုခုကို နားလည်သဘောပေါက်သွားပုံ ရသည်..။

"မာစတာ ရီဂူလပ်စ်က အိတ်ထဲက ပုံစံတူ လော့ကတ်တစ်ခုကို ထုတ်ယူလိုက်တယ်.. သူက ခရီချာကို ပေးပြီး ခွက်ထဲက ဆေးရည်တွေ ကုန်သွားရင် ပစ္စည်းချင်း လဲလိုက်ရမယ်တဲ့…"

ခရီချာမှာ ပို၍ ငိုကြွေးလာသဖြင့် သူ့စကားကို နားလည်ရန် အတော်ပင် အာရုံစိုက်နေရသည်..။

"သူ.. သူက ခရီချာကို သူမပါပဲ ပြန်သွားရမယ်လို့ အမိန့်ပေးတယ်… ပြီးတော့ သူ .. သူဘာလုပ်သလဲဆိုတာ သ.. သခင်မကြီးကို မ.. မပြောရဘူးတဲ့.. နောက်ပြီး ပထမထားခဲ့တဲ့

လော့ကတ်ကို ဖျက်ဆီးရမယ်တဲ့.. ပြီးတော့.. သူ .. သူ ဆေးရည်တွေ အကုန် သောက်ချလိုက်တယ်… ခရီချာ လော့ကတ်ချင်းလဲပြီး မာစတာရီဂူလပ်စ် ရေအောင်ဆွဲချခံရတာကို ကြည့်..

ကြည့်နေမိတယ်.. ပြီး… ပြီးမှ…"

"ခရီချာရယ်…"

ဟာမီယွန်မှာ ငိုကြွေးရင်း ခရီချာ့နံဘေးတွင် ဒူးထောက်ထိုင်ကာ သူ့ကို ပွေ့ဖက်ရန် ပြင်လိုက်သည်..။ သို့ရာတွင် ခရီချာမှာ နေရာမှ ဆတ်ခနဲ ခုန်ထကာ သူမနှင့် ဝေးရာသို့

ရှောင်တိမ်းရင်း..

"မျိုးမစစ်တဲ့ သူက ခရီချာကို ကိုင်တယ်.. ခရီချာကို ကိုင်တယ်.. ခရီချာ ခွင့်မပြုနိုင်ဘူး.. သခင်မကြီးသိရင် ဘာပြောမလဲ.."

"သူ့ကို မျိုးမစစ်လို့ မခေါ်ပါနဲ့လို့ ပြောထားတယ် မဟုတ်လား"

ဟယ်ရီ ကြိမ်းမောင်းလိုက်သည်..။

သို့ရာတွင် မှင်စာမှာ သူ့ကိုယ်သူ အပြစ်ပေးနေပြီ ဖြစ်သည်..။ မြေကြီးပေါ်လှဲချရင်း သူ့နဖူးနှင့်ကြမ်းပြင်ကို ဆောင့်နေ၏..။

ဟာမီယွန်က..

"သူ့ကို ရပ်ခိုင်းလိုက်စမ်းပါ.. ရပ်ခိုင်းစမ်းပါ.. ဘယ်လောက်ဆိုးဝါးသလဲဆိုတာ နင်သိပြီလား.."

ဟယ်ရီ အော်ဟစ်လိုက်သည်..။

"ခရီချာ.. ရပ်စမ်း.. ရပ်လိုက်စမ်း.."

မှင်စာလေးမှာ ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေ၏..။ အသက်ပြင်းပြင်း ရှူရင်း မောဟိုက်နေ၏..။ သူ့နှာခေါင်းမှ အစိမ်းရောင် အကျိအချွဲများ ထွက်ကျနေသည်။ နဖူးတွင်

ဖူးယောင်လာကာ မျက်လုံးများမှာ ယောင်ကိုင်းပြီး မျက်ရည်များ စီးကျနေ၏..။ ထိုမျှလောက် သနားစရာကောင်းသော မြင်ကွင်းကို ဟယ်ရီ မမြင်ဖူးခဲ့ပေ..။

သို့ရာတွင် ဇာတ်လမ်းအပြည့်အစုံကို သိရမှ ဖြစ်မည်ဟု ဆုံးဖြတ်ထားသဖြင့်..

"ဒါဆို မင်း အိမ်ကိုယူလာခဲ့ပြီး ဖျက်ဆီးဖို့ ကြိုးစားခဲ့တယ်ပေါ့"

"ခရီချာ လုပ်သမျှ အရာတောင် မထင်ဘူး.. ခရီချာ အားလုံး လုပ်ကြည့်တယ်.. သိသမျှ အကုန်လုံးပဲ.. တစ်ခုမှ အလုပ်မဖြစ်ဘူး.. အရမ်းအစွမ်းထက်တဲ့ ဂါထာမျိုးစုံ သုံးကြည့်တယ်..

ဖျက်ဆီးပစ်ဖို့ဆိုရင် ဒီဟာကို ဖွင့်နိုင်ရမယ်ဆိုတာ ခရီချာ သိတယ်.. ဒါပေမယ့် ခရီချာ ဘယ်လိုမှ ဖွင့်မရဘူး.. ခရီချာ ကိုယ့်ကိုကိုယ် အပြစ်ပေးတယ်.. ထပ်ကြိုးစားတယ်..

အပြစ်ပေးတယ်.. ထပ်ကြိုးစားတယ်.. ခရီချာ အမိန့်ကို မနာခံလိုက်နိုင်ဘူး.. လော့ကတ်ကို မဖျက်ဆီးလိုက်နိုင်ဘူး.. သခင်မကြီးလည်း မာစတာရီဂူလပ်စ် ပျောက်သွားတာနဲ့ ရူးမတတ်ပဲ..

ခရီချာလည်း ဘာဖြစ်သလဲဆိုတာ ပြောခွင့်မရှိဘူး.. မာစတာ ရီဂူလပ်စ်က မိသားစုတစ်ခုလုံးကို မပြောရဘူးလို့ တား.. တားထားတယ်လေ.."

ခရီချာမှာ စကားမဆက်နိုင်တော့ပဲ ရှိုက်ကြီးတငင် ငိုကြွေးနေပြန်သည်။ ဟာမီယွန်မှာလည်း မျက်ရည်များ စီးကျနေ၏..။ သို့ရာတွင် နောက်တစ်ခါ ခရီချာ့ကို ထိရဲပုံမရချေ..။

ခရီချာကို ကြည့်မရသော ရွှန်ပင် စိတ်ဒုက္ခဖြစ်နေပုံရသည်။ ဟယ်ရီ မတ်တပ်ပြန်ထလိုက်ရင်း ခေါင်းကိုခါယမ်းကာ...

"ငါ မင်းကို နားမလည်နိုင်ဘူး ခရီချာ.. ဗိုဒီမော့က မင်းကို သတ်ဖို့ ကြိုးစားခဲ့တယ်... ရိဂူလပ်စ်က ဗိုဒီမော့ကို ဆန့်ကျင်ရင်း သေခဲ့ရတယ်.. ဒါတောင် မင်းက ဆီးရီးယပ်စ်ကို

သစ္စာဖောက်သေးတယ်.. မင်းက နာဆစ်စာနဲ့ ဘဲလ်ထရစ်တို့ဆီသွားပြီး ပျော်ပျော်ကြီး သတင်းပေးသေးတယ်..."

ဟာမီယွန်က မျက်လုံးနစ်ဘက်ကို လက်နှင့် သုတ်ရင်းမှ..

"ဟယ်ရီ.. ခရီချာ ဒါမျိုး မတွေးတတ်ဘူး.. သူက ကျွန်ပဲ.. အမြဲတမ်း ဆိုးဝါးရက်စက်တဲ့ အပြုအမူကိုပဲ ခံစားနေရတာ.. ဗိုဒီမော့ သူ့ကို ဒီလိုဆက်ဆံတာ သူ့အတွက် ဘာမှမထူးခြားဘူး..

စုန်းကဝေတွေရဲ့ တိုက်ပွဲနဲ့ ခရီချာလို အိမ်ကျွန်နဲ့ ဘာမှမသက်ဆိုင်ဘူး.. သူ့ကို ကောင်းတဲ့သူအပေါ် သူသစ္စာရှိမှာပဲ.. မစ္စစ်ဘလက်တို့ ရိဂူလပ်စ်တို့လိုပေါ့.. ဒီတော့ သူက စိတ်ပါပါနဲ့ ...

သူတို့ကိစ္စတွေကို လုပ်ပေးတယ်.. သစ္စာရှိတယ်.. နင်ဘာပြောမလဲ ငါသိတယ်.."

သူမက ဟယ်ရီ ဆင်ခြေပေးရန် ပြင်နေစဉ်မှာပင် ကြိုတားလိုက်၏..။

"ရိဂူလပ်စ်ဟာ နောက်ဆုံးမှာ စိတ်ပြောင်းသွားပုံပဲ.. ဒါပေမယ့် သူ ခရီချာကို ရှင်းပြခဲ့ပုံမရဘူး.. ဘာလို့လဲဆိုတော့ ရိဂူလပ်စ်ရဲ့ မိသားစုဟာ တကယ့် ရှေးဟောင်း စုန်းကဝေမျိုးဆက်ပဲ..

သူ့အကြောင်းသာ မပေါ်ရင် ကျန်တဲ့သူတွေ လုံခြုံနေမှာပဲလေ..."

"ဆီးရီးယပ်စ်ကျတော့..."

"ဆီးရီးယပ်စ်က ခရီချာ့အပေါ်မှာ သိပ်ဆိုးပါတယ် ဟယ်ရီ.. ဒါ အမှန်ပဲဆိုတာ နင်သိပါတယ်.. ခရီချာတစ်ယောက်တည်း နေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ.. ပြီးမှ ဆီးရီးယပ်စ်က

ရောက်လာတယ်.. သူ့အတွက် ဂရုစိုက်မှု ကြင်နာမှုပေးဖို့ လိုတယ်.. ငါသေချာတာက မစ္စဆစ်စီနဲ့ မစ္စဘယ်လာတို့က ခရီချာ့အပေါ်မှာ ကောင်းကြပုံပဲ.. ဒါကြောင့် သူက ကျေးဇူးတင်တဲ့

အနေနဲ့ သူတို့သိချင်သမျှ ပြောပြခဲ့ပုံပဲ.. ငါပြောခဲ့တာ ကြာပါပြီ.. အိမ်စေမှင်စာလေးတွေကို ဆိုးဆိုးဝါးဝါး မဆက်ဆံသင့်ဘူးလို့.. ဗိုဒီမော့လည်း ဒီလိုဆက်ဆံခဲ့တယ်.. ဆီးရီးယပ်စ်လည်း

သိပ်မထူးခဲ့ဘူး..."

ဟယ်ရီ ဘာမှ ပြန်မပြောနိုင်တော့ ..။ ကြမ်းပြင်ပေါ်ဝယ် ငိုရှိုက်နေသော ခရီချာ့ကိုကြည့်ရင်း ဆီးရီးယပ်စ်သေပြီး နာရီပိုင်းအတွင်း ဒမ်ဘယ်လ်ဒိုးပြောခဲ့သော စကားကို

ကြားယောင်လာမိသည်...။

"ဆီးရီးယပ်စ်ကို ကြည့်ရတာ ခရီချာ့ကို ခံစားချက်ရှိတဲ့ လူလိုပဲ ခံစားတတ်တဲ့ သတ္တဝါလို့ တစ်ခါမှ မြင်ပုံမရဘူး.."

အချိန်အနည်းငယ်အကြာတွင် ဟယ်ရီက..

"ခရီချာ ... မင်း.. မင်းအဆင်ပြေမယ်ထင်ရင် ထိုင်နေစမ်းပါ...'

မိနစ်အတန်ကြာသည်တွင် ခရီချာမှာ ရှိုက်ရင်းနှင့်ငိုသံတိတ်သွား၏..။ ထို့နောက် သူထထိုင်လိုက်ရင်း မျက်လုံးများကို လက်ခုံဖြင့် ပွတ်သပ်နေ၏..။

"ခရီချာ.. မင်းကို ငါ တစ်ခုလုပ်ပေးစေချင်တယ်.."

ဟယ်ရီ ဟာမီယွန်ကို စစ်ကူတောင်းသည့်အနေဖြင့် လှမ်းကြည့်လိုက်သည်..။ သူ အမိန့်ကို တတ်နိုင်သမျှ ကြင်ကြင်နာနာ ပေးချင်၏..။ သို့ရာတွင် အမိန့်မဟုတ်သလို ပြော၍လည်း

မဖြစ်ချေ..။

သို့ရာတွင် သူ့လေသံပြောင်းလဲသွားသဖြင့် သူမက အားပေးသလို ပြုံးပြရင်း သူ့အပြုအမူကို ထောက်ခံလိုက်သည်..။

"ခရီချာ ငါ မင်းကို မွန်ဒန်းဂတ်စ်ကို သွားရှာဖို့ လွှတ်ချင်တယ်.. ငါတို့ မာစတာ ရီဂူလပ်စ်ရဲ့ လော့ကတ် ဘယ်ရောက်သွားသလဲဆိုတာ သိဖို့လိုတယ်.. ဒါ အရမ်းအရေးကြီးတယ်.. ငါတို့

မာစတာ ရီဂူလပ်စ်စခဲ့တဲ့ အလုပ်ကို ပြီးအောင် လုပ်ပေးရမယ်.. သူသေခဲ့တာ အလကား မဖြစ်အောင် လုပ်ပေးရမယ်..."

ခရီချာက လက်နှစ်ဘက်ကို ချလိုက်ရင်း ဟယ်ရီ့ကို ကြည့်လိုက်သည်..။

"မွန်ဒန်းဂတ်စ်ဖလက်ချာကို လိုက်ရှာရမှာလား..."

"ဟုတ်တယ်.. သူ့ကို ဒီနေရာကို ခေါ်လာခဲ့.. ငါတို့ကို ဒီကိစ္စ လုပ်ပေးနိုင်မလား"

ခရီချာ ခေါင်းညိတ်ရင်း မတ်တပ်ထရပ်လိုက်သည်..။

ဟယ်ရီ ရုတ်တရက် တစ်ခုခုကို ဆုံးဖြတ်ရင်း ဟက်ဂရစ်ပေးထားသော အိတ်ကလေးကို ဆွဲထုတ်လိုက်သည်..။ ထိုအထဲတွင် ရီဂူလပ်စ် ထားရစ်ခဲ့သော ဝိညာဉ်ကိုယ်ပွားအတုကို

ယူလိုက်ရင်း...

"ခရီချာ.. မင်းကိုငါ ဒါကို ပေးလိုက်မယ်..."

လော့ကတ်ကို ခရီချာ့လက်ထဲထည့်ပေးရင်း သူပြောလိုက်သည်။

"ဒါ ရီဂူလပ်စ်ရဲ့ ပစ္စည်းပဲ.. သူကလည်း မင်းကို ဒီပစ္စည်းပေးချင်စိတ် ရှိမှာပဲ.. မင်းဆောင်ရွက်ပေးခဲ့သမျှ ကိစ္စအားလုံးရဲ့ ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့..."

"အရမ်း ထိရောက်သွားပြီ သူငယ်ချင်း..."

ရွန်က ပြောလိုက်သည်။ အကြောင်းမှာ မှင်စာလေးမှာ လက်ထဲမှ လော့ကတ်ကို တစ်ချက်ကြည့်ရင်း စိတ်လှုပ်ရှားမှု ကြေကွဲမှု ပေါင်းစည်းနေသော အသံဖြင့် စူးစူးဝါးဝါး အော်ဟစ်ရင်း

မြေကြီးပေါ်သို့ လဲကျသွား၏..။

သူတို့ နာရီဝက်နီးပါးကြာအောင် ခရီချာ့ကို နှစ်သိမ့်ယူရ၏..။

ဘလက်မိသားစု၏ ရတနာပစ္စည်းတစ်ခုကို သူ့ကိုယ်ပိုင်အဖြစ် ရရှိလိုက်သဖြင့် မခံစားနိုင်အောင် ဖြစ်သွားပုံရသည်..။ သူ့ခြေထောက်ပေါ်တွင် သူ ရပ်တည်ရန်

အလွန်အားနည်းသွားပုံရသည်။

အနည်းငယ် ရပ်နိုင်လာသည်နှင့် သူတို့အားလုံး သူ့ကို သူ၏ ဘီရိုဆီသို့ လိုက်ပို့လိုက်ကြသည်..။ ခရီချာမှာ သူ၏ လော့ကတ်ကို ညစ်ပတ်နေသော စောင်များအတွင်း

ထိုးထည့်လိုက်သည်..။ သူတို့အားလုံးကလည်း သူမရှိသည့်အချိန်တွင် ဤပစ္စည်းကို ပထမဦးစားပေးအဖြစ် စောင့်ရှောက်ပါမည်ဟု ကတိပြုလိုက်ကြသည်..။

ထို့နောက် ဟယ်ရီနှင့် ရွန်ကို ဦးညွှတ်အရိုအသေ ပေးလိုက်သည်။ ဟာမီယွန်ကိုပင် ဦးညွှတ်လိုက်သလို တစ်ချက်မျှ ရယ်ဖွယ်ရာ တွန့်ခနဲ လှုပ်ရှားပြလိုက်ပြီးနောက် "ဖောက်"ခနဲ

အသံတစ်ချက် မြည်ကာ ကိုယ်ရောင်ပျောက်သွားတော့သည်။

**၁၁။ ဆုငွေ**

ခရီချာမှာ အင်ဖာရီများ ပြည့်နှက်နေသည့် ရေကန်ထဲမှ လွတ်လာနိုင်လျှင် မွန်ဒန်းဂတ်စ်ကို ဖမ်းရန် အလွန်ဆုံး နာရီပိုင်းသာ ကြာမည်ဟု ဟယ်ရီ ယူဆခဲ့သည်..။ ထို့အတွက် သူ

တစ်မနက်လုံး မျှော်လင့်နေခဲ့၏..။ သို့ရာတွင် နေ့လည်ရောက်သည်အထိ ခရီချာ ပြန်ရောက်မလာပေ..။

ညဘက်အရောက်တွင် သူ အတော် စိတ်ပျက်လာပြီ ဖြစ်သည်..။ ညစာမှာလည်း မှိုတက်နေသော ပေါင်မုန့်မျှသာ ဖြစ်ပြီး ဟာမီယွန် ပုံသဏ္ဍာန်ပြောင်းရန် ကြိုးစားသော်လည်း

မအောင်မြင်ပေ..။

နောက်တစ်ရက်တွင်လည်း ခရီချာ ပြန်ရောက်မလာပေ..။ တတိယမြောက် နေ့တွင်လည်း ပြန်မလာပေ..။ သို့ရာတွင် ဝတ်ရုံရှည်နှင့် လူနှစ်ယောက်မှာမူ နံပါတ်ဆယ့်နှစ်အိမ်ရှေ့

မြေကွက်လပ်တွင် ပေါ်လာကြသည်..။ သူတို့မှာ မမြင်နိုင်သည့် အိမ်ရှိရာသို့ မမိုတ်မသုန် စောင့်ကြည့်နေကြ၏..။

သူတို့သုံးယောက်မှာ ဧည့်ခန်းပြတင်းပေါက်မှ ကြည့်ရင်း ရွန်က..

"ဒက်အိတာတွေပဲ ဖြစ်ရမယ်.. ငါတို့အထဲမှာ ဆိုတာ သိနေနိုင်သလား"

ဟာမီယွန်က...

"ငါတော့မထင်ဘူး.. ဒီလိုဆိုရင် စနိပ်ကို အရင်လွှတ်မှာပေါ့.."

ရွန်က..

"သူ မူဒီ့ရဲ့ ကျိန်စာမိပြီး ပြန်မပြောနိုင်တာလို့ နင်ထင်သလား"

"ဟုတ်နိုင်တယ်.. ဒီလိုမှ မဟုတ်ရင် အထဲကို ဝင်တဲ့နည်း ပြောပြလိုက်ရုံပေါ့.. ငါတို့ ဒီကို လာမလာ စောင့်ကြည့်နေတာပဲ ဖြစ်ရမယ်.. ဟယ်ရီ ဒီအိမ်ကို ပိုင်တာ သူတို့သိလောက်တယ်.."

ဟယ်ရီက..

"ဘယ်လိုနည်းနဲ့.."

"ဝန်ကြီးဌာနက သေတမ်းစာတွေကို စစ်ဆေးတယ်လေ... ဆီးရီးယပ်စ် ဒီအိမ်ကို ထားခဲ့မှန်း သိမှာပဲ..."

အိမ်ပြင်တွင် ဒက်အိတာများ ရောက်ရှိနေခြင်းဖြင့် အိမ်ထဲတွင် နေသူများ အဖို့ ပို၍ စိတ်ဒုက္ခရောက်စေသည်..။ မစ္စတာဝီစလေ၏ အစောင့်အရှောက်နှင့် ပို့လွှတ်လိုက်သော သတင်းမှအပ

ထပ်မရကြပေ..။ ထို့ကြောင့် ပို၍ပင် စိတ်ဖိစီးလာကြ၏..။

ရွန်မှာ သူ၏ အလင်းထိန်းကိရိယာဖြင့် အိမ်ထဲရှိ မီးများကို ဖွင့်လိုက် ပိတ်လိုက် လုပ်နေတတ်သည်..။ သူ့စိတ်ကို အလုပ်ပေးနေခြင်းပင်..။ သို့ရာတွင် ခရီချာကိုစောင့်ရင်း

ညီအစ်ကိုသုံးယောက် ပုံပြင်ကို ဖတ်နေသည့် ဟာမီယွန့်အတွက်မူ ကြီးစွာသော အနှောင့်အယှက်ပင်..။ မီးလင်းလိုက် မှိတ်လိုက်ဖြစ်နေသည်ကို သည်းမခံနိုင်သော အဆုံးဝယ် ဟာမီယွန်

အော်ဟစ်လိုက်သည်။

"နင် မရပ်နိုင်ဘူးလား.."

"ဆောရီးပဲ..."

ရွန်က မီးများကို ပြန်ထွန်းရင်း ပြောလိုက်သည်...။

"ငါ ဘာလုပ်နေမိမှန်းတောင် သတိမထားမိဘူး..."

"နင့်မှာ အလုပ်တစ်ခုခု လုပ်နေစရာ မရှိဘူးလား.."

"ဘာလဲ.. နင့်လို ကလေးပုံပြင် ဖတ်နေရမှာလား.."

"ဒီစာအုပ်ကို ဒမ်ဘယ်လ်ဒိုးပေးခဲ့တာ ရွန်.."

"ငါ့ကိုလည်း အလင်းထိန်းကိရိယာ ပေးခဲ့တာပဲ.. ငါလည်း အသုံးချသင့်တယ်"

ဗျစ်တောက်ဗျစ်တောက် ပြောနေကြသည်ကို နားမခံနိုင်တော့သည့်အတွက် ဟယ်ရီ အခန်းထဲမှ ထွက်လာခဲ့သည်..။ ကျန်နှစ်ယောက်စလုံး သတိမပြုမိကြပေ...။ သူ အောက်ထပ်သို့

ဆင်းကာ မီးဖိုခန်းဘက်ဆီသို့ လာခဲ့၏..။

ဤရက်ပိုင်းအတွင်း ဟယ်ရီ မီးဖိုချောင်ဘက်သို့ မကြာခဏ လာလေ့ရှိသည်..။ ထိုနေရာသို့ ခရီချာ ပြန်လာဖို့ များသောကြောင့်ပင်..။ သို့ရာတွင် လှေကားတစ်ဝက်အရောက်မှာပင်

အိမ်ရှေ့တံခါးခေါက်သံ ကြားလိုက်ရပြီး တံခါးသော့ပွင့်သွားသံကို ကြားလိုက်ရသည်..။

သူ့တစ်ကိုယ်လုံး တောင့်တင်းသွားသလို ဖြစ်သွားသည်ဟု ဟယ်ရီထင်မိသည်။ သူ၏ မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်ကာ နံရံတစ်နေရာကို အကာအကွယ်ယူ၍

စောင့်ကြည့်နေလိုက်သည်...။

တံခါးပွင့်သွားပြီးနောက် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသော သဏ္ဌာန်တစ်ခု အိမ်တွင်းသို့ ဝင်ရောက်လာကာ တံခါးကို ပြန်ပိတ်လိုက်သည်..။ ထိုသူရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်နှင့်

မူဒီ၏ "ဆီးဗားရပ်စ် စနိပ်"ဟု ခေါ်သံကို ကြားလိုက်ရသည်။ ထို့နောက် အရိပ်သဏ္ဌာန်မှာ ခန်းမအဆုံးမှ ပေါ်လာကာ လက်များကို ဆန့်တန်း၍ ထိုသူ့ဆီသို့ လျှင်မြန်စွာ

ရွေ့လျားသွား၏..။

"ခင်ဗျားကို ကျွန်တော် မသတ်ဘူး..."

ထိုစကားသံအဆုံးဝယ် ကျိန်စာပျယ်သွားကာ အရိပ်သဏ္ဌာန်မှာ ဖုန်မှုန့်များ အဖြစ်ပေါက်ကွဲသွား၏..။ အိမ်ထဲဝင်လာသူမှာ ထူထပ်လှသော ဖုန်မှုန့်များကို ရုတ်တရက် ဖြတ်၍

ဝင်မလာနိုင်ပဲ ရှိသည်..။

ဟယ်ရီ မော်တောင်ဝှေးဖြင့် ချိန်ရွယ်ထားရင်း..

“မလှုပ်နဲ့...”

သူ မစ္စဘလက်၏ ပန်းချီကားကို မေ့လျော့သွားသဖြင့် သူ့အော်ဟစ်သံအဆုံးဝယ် သူမ၏ ခန်းဆီးစမှ ပွင့်သွားပြီး စတင်အော်ဟစ်တော့သည်..။

“ငါ့အိမ်ထဲမှာ မျိုးမစစ်တွေ ရောက်နေပါလား...”

ရွန်ကော ဟာမီယွန်ပါ အပေါ်ထပ်မှ ပြေးဆင်းလာကြပြီး သူတို့၏ မော်တောင်ဝှေးများဖြင့် ချိန်ထားကြသည်..။

“မပစ်ကြပါနဲ့... ငါ ရေးမတ်စ်ပါ...”

“အိုး... တော်သေးတာပေါ့...”

ဟာမီယွန်က သူမ၏ တောင်ဝှေးဖြင့် မစ္စစ်ဘလက်၏ ပန်းချီကားကို ငြိမ်သွားအောင် လုပ်လိုက်သည်..။ ရွန်ကလည်း သူ့တောင်ဝှေးကို ပြန်ချထားလိုက်သည်...။ သို့ရာတွင် ဟယ်ရီကမူ

ဆက်၍ ချိန်ရွယ်ထားဆဲပင်....။

“အပြင်ကို ထွက်လာခဲ့...”

လူပင် မီးရောင်ရှိရာသို့ လက်မြှောက်ကာ လျှောက်လာရင်း...

“ငါက ရေးမတ်စ် ဂျွန်လူပင်ပါ... သမန်းဝံပုလွေပါ... ငါ့ကို လပြည့်လို့လည်း ခေါ်တယ်... မရူဒါမြေပုံကို လုပ်တဲ့ လူလေးယောက်ထဲက တစ်ယောက်ပါ... နင်ဖန်ဒိုရာကို

လက်ထပ်ထားတယ်... သူ့ကို တွန့်ခ်လို့ အသိများကြတယ်.. မင်းကို အစောင့်အရှောက် ဘယ်လိုခေါ်ရမယ်ဆိုတာ ငါ သင်ပေးခဲ့တယ် ဟယ်ရီ.. သမင်ဖိုကြီးတစ်ကောင်ရဲ့

ပုံသဏ္ဌာန်ရှိတယ်လေ...”

“အင်း ... ဟုတ်ပြီ”

ဟယ်ရီ သူ့မှော်တောင်ဝေှးကို ချလိုက်ရင်း…

“ကျွန်တော် စစ်ဆေးသင့်တယ် ထင်လို့ပါ…”

“မင်းရဲ့ မိစ္ဆာမှော်ပညာ ကာကွယ်ရေး ဆရာဟောင်းတစ်ယောက် အနေနဲ့ ပြောရရင် ငါလည်း လုံးဝသဘောတူတယ်.. ဒီအချိန်မှာ သေချာအောင် စစ်ဆေးရမယ်… မင်းတို့နှစ်ယောက်က

သိပ်အယုံလွယ်လွန်းတယ်…”

လူပင်ကို ကြည့်ရသည်မှာ အင်အားကုန်ခမ်းနေဟန် ရှိသည်။ သို့ရာတွင် သူတို့နှင့် တွေ့ရသည့်အတွက် ကျေနပ်နေပုံရသည်..။

“ဆီးဗားရပ်စ် မလာသေးဘူးပေါ့ ဟုတ်လား..”

“ဟုတ်တယ်.. ဘယ်လို အခြေအနေရှိလဲ… အားလုံး အခြေအနေကောင်းကြရဲ့လား…”

“ကောင်းပါတယ်.. ဒါပေမယ့် အားလုံး စောင့်ကြည့်ခံနေရတယ်.. အပြင်မှာလည်း ဒက်အီတာတွေ တွေ့ခဲ့တယ်…”

“ကျွန်တော်တို့ သိပါတယ်…”

“ငါ လေ့ကားထိပ်ဆုံးကို ရောက်ဖို့ တော်တော်ကြိုးစားပြီး ကိုယ်ရောင်ပြန်ဖော်ယူရတယ်… ဒါမှ ဒီကောင်တွေ မမြင်မှာ မဟုတ်လား.. ဒီထဲမှာ ရှိနေတာကိုတော့ မသိနိုင်ဘူး… မင်းနဲ့

အဆက်အသွယ် ရှိနိုင်တဲ့ နေရာတိုင်းကို လိုက်ရှာနေကြတယ်.. အောက်ထပ်ကို သွားကြစို့… ပြောစရာတွေ အများကြီး ရှိသေးတယ်…”

သူတို့ မီးဖိုခန်းထဲသို့ ဝင်ခဲ့ကြသည်…။ ဟာမီယွန်က သူမ၏ မှော်တောင်ဝှေးဖြင့် မီးထွန်းလိုက်သည်..။ လူပင်က သူ့ဝတ်ရုံထဲမှ ဘတ်တာဘီယာအချို့ကို ဆွဲထုတ်လိုက်ပြီး စားပွဲတွင်

ဝိုင်းထိုင်လိုက်ကြသည်…။

“ငါ ဒီနားရောက်နေတာ သုံးရက်လောက် ရှိပြီ… ငါ့နောက်က လိုက်နေတဲ့ကောင်တွေကို ခြေရာဖျောက်နေရလို့ ကြာနေတာ… မင်းတို့ကော ဒီကို တန်းလာခဲ့ကြတာလား”

“မဟုတ်ဘူး.. ကျွန်တော်တို့ တော့တင်ဟမ်လမ်းမကြီးပေါ်မှာ ဒက်အီတာတွေနဲ့ တွေ့ခဲ့သေးတယ်…”

"ဘာပြောတယ်..."

သူတို့ ဘာဖြစ်ခဲ့သည်ကို ရှင်းပြလိုက်သည်..။ လူပင် အလွန် အံ့အားသင့်သွားပုံ ရသည်...။

"ဒီကောင်တွေ ဘာလို့ ဒီလောက်မြန်မြန် သိရတာလဲ... ကိုယ်ရောင်ဖျောက်သွားတဲ့ သူကို ခြေရာခံလိုက်ဖို့ မဖြစ်နိုင်ဘူး... မင်းနဲ့အတူတူ ဆွဲခေါ်မသွားရင်ပေါ့"

"ပြီးတော့ သူတို့ကို ကြည့်ရတာ ကျွန်တော်တို့ဆီ ဦးတည်လာတာ သေချာတယ်..."

ဟာမီယွန်က...

"ကျွန်မတို့ တွေးနေမိတယ်... ဟယ်ရီ့မှာ အမှတ်အသား ကျန်နေသေးလား မသိဘူး..."

"မဖြစ်နိုင်ဘူး.."

ဟယ်ရီ ထိုစကားအကြားတွင် အလွန် စိတ်သက်သာရာ ရသွားသည်...။

"သူတို့က မင်းဒီမှာ ရှိနေနိုင်တယ်လို့ သိပြီးသားပဲ.. ဒါပေမယ့် တော့တင်ဟမ်လမ်းမကြီးပေါ်မှာ ဘယ်လိုသိသွားသလဲ... ဒီကိစ္စ တကယ်စိတ်ပူစရာ ကောင်းတယ်..."

လူပင်မှာ စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသည်...။ သို့ရာတွင် ဟယ်ရီမှာ ထိုပြဿနာကို သိပ်စိတ်မပူမိပေ...။

"ကျွန်တော်တို့ ထွက်သွားပြီးတော့ ဘာဖြစ်သေးသလဲ.. ရွန့်အဖေပြောတဲ့ သတင်းရပြီးကတည်းက ဘာမှ မကြားရသေးဘူး..."

"ကင်းစလေက ငါတို့ကို ကယ်လိုက်တာပဲ... သူသတိပေးလို့ ဧည့်သည်အတော်များများ ကိုယ်ရောင်ဖျောက်ပြီး လွတ်သွားကြတယ်..."

"လာတဲ့လူတွေက ဒက်အိတာတွေလား.. ဝန်ကြီးဌာနကလား..."

"ရောနေကြတယ်.. ဒါပေမယ့် သူတို့ ရည်ရွယ်ချက်က ခုချိန်မှာ အတူတူပဲလေ.. သူတို့ မင်း အဲဒီ့မှာလို့ သေချာမသိဘူး ဟယ်ရီ.. အာသာကြားတဲ့ သတင်းအရဆိုရင် သူတို့

စကရင်ဂျီယော်ကို နှိပ်စက်ပြီး မင်းရှိတဲ့နေ ရာကို မေးသေးတယ်တဲ့.. အဲဒါသာမှန်ရင် သူ မင်းကို ကာကွယ်ပေးသွားတာပဲ..."

သူနှင့် ရွှန်... ဟာမီယွန်တို့ အပြန်အလှန် ကြည့်လိုက်မိကြသည်...။ စိတ်မကောင်းဖြစ်မိသလို ကျေးဇူးလည်း တင်မိသည်...။ သူ စကရင်ဂျီယော်၏ လုပ်ပုံကိုင်ပုံကို လုံးဝမကြိုက်ပေ..။

သို့ရာတွင် လူပင် ပြောသလိုသာမှန်ပါက သူ့ကို ကာကွယ်ဖို့ ကြိုးစားသွားခဲ့သည်မှာ လုံးဝမငြင်းနိုင်သော ကိစ္စပင်...။

"ဒက်အိတာတွေက ဘာရိုးတစ်အိမ်လုံးအနှံ့ ရှာကြတာပဲ.. အလောင်းစားကောင်ကို တွေ့ပေမယ့် အနားမကပ်ကြဘူး.. ပြီးတော့ ကျန်နေတဲ့သူတွေကို နာရီအတော်ကြာကြာ စစ်တယ်.. မင်းရဲ့

သတင်းကို လိုက်နေတာပဲ ဟယ်ရီ.. ဒါပေမယ့် ဖီးနစ်အဖွဲ့ဝင်တွေကလွဲလို့ မင်း ဒီမှာ ရှိနိုင်တယ်ဆိုတာ ဘယ်သူမှ မသိကြဘူးလေ..."

"တစ်ချိန်တည်းလိုလိုပဲ တခြား ဖီးနစ်အဖွဲ့ဝင်တွေရဲ့ အိမ်တွေကိုလည်း ဝင်ရှာကြတယ်.. အသေအပျောက် မရှိပါဘူး..."

ဟယ်ရီ ဘာမေးတော့မည်ကို သိနေသော လူပင်က အဖြေချက်ချင်း ထည့်ပြောလိုက်သည်...။

"ဒါပေမယ့် အရမ်း ကြမ်းတမ်းတယ်.. ဒီဒဲလတ် ဒစ်ဂဲလ်ရဲ့ အိမ်ကို မီးရှို့ပစ်လိုက်တယ်... ဒါပေမယ့် သူက အိမ်မှာ မရှိဘူး.. တွန့်ခ်ရဲ့ မိသားစုကို ခရူရှေးတပ်ကျိန်စာနဲ့ သုံးပြီး စစ်တယ်...

သူတို့တွေ တော်တော် ခံလိုက်ရတယ်... ဒါပေမယ့် ဘာမှ မဖြစ်ကြပါဘူး..."

"ဒက်အိတာတွေက အကာအကွယ်တွေကို ဖြတ်ဝင်လာနိုင်သလား..."

ဟယ်ရီ သူ ဗိုဒီမော့လက်က လွတ်မြောက်လာခဲ့သော ညက အကာအကွယ်များ လွန်စွာ ထိရောက်မှုရှိခဲ့ပုံကို ပြန်တွေးရင်း မေးလိုက်သည်...။

"ဟယ်ရီ.. ဒက်အိတာတွေက အခု ဝန်ကြီးဌာနရဲ့ အကူအညီကို အပြည့်အဝ ရသွားပြီ.. အရမ်း ရက်စက်ပြင်းထန်တဲ့ ဂါထာတွေ ကျိန်စာတွေကို အဖမ်းခံရမှာ မကြောက်ရပဲ လုပ်လို့ရတယ်..

ငါတို့ လုပ်ထားသမျှ အကာအကွယ်တွေကို နည်းမျိုးစုံသုံးပြီး ဖောက်ဝင်ခွင့် ရှိသွားပြီလေ..."

ဟာမီယွန်က စိတ်ဆိုးနေသံဖြင့်...

"သူတို့က ဟယ်ရီ ရှိမယ့်နေရာကို နှိပ်စက်ပြီး မေးဖို့ အခွင့်ရထားကြပြီလား..."

"အင်း... ဆိုပါတော့..."

လူပင်က သူ့အိတ်ထဲမှ စုန်းကဝေနေ့စဉ်သတင်းစာကို ဆွဲထုတ်လိုက်သည်။

"ဒီမှာ..."

သူက သတင်းစာကို ဟယ်ရီ့ဘက်သို့ ပို့လိုက်ရင်း...

"မင်းလည်း အနေးနဲ့အမြန် သိမှာပဲဟာ.. ဒါ မင်းကို လိုက်ဖမ်းဖို့ အကြောင်းပြချက်ပဲ..."

ဟယ်ရီ သတင်းစာကို ဖြန့်လိုက်သည်..။ သူ၏ ဓာတ်ပုံကို သတင်းစာ ရှေ့မျက်နှာတွင် ပြည့်လုနီးပါးတွေ့ရပြီး ခေါင်းစဉ်ကို ဖတ်ကြည့်လိုက်သည်...။

"အဲလ်ဗက်စ်ဒမ်ဘယ်လ်ဒိုး သေဆုံးသော ကိစ္စနှင့် ပတ်သက်၍ မေးမြန်းစစ်ဆေးရန် အလိုရှိသည်..."

ရွှန်နှင့် ဟာမီယွန်ထံမှ အကြီးအကျယ် ဒေါသထွက်နေသော အသံကိုယ်စီ ထွက်ပေါ်လာ၏..။ သို့ရာတွင် ဟယ်ရီ တစ်ခွန်းမျှ မပြောပေ..။ သူ သတင်းစာကို ဖယ်ထားလိုက်သည်...။

ဖတ်ချင်စိတ် မရှိပေ...။ ဘာတွေရေးထားမည်ကို ကြိုသိနေသည့် အတွက်ကြောင့်ပင်...။

မျှော်စင်ထိပ်တွင် ရှိနေသူများသာ ဒမ်ဘယ်လ်ဒိုးကို ဘယ်သူသတ်သည်ကို သိကြကာ ရီတာစကီတာက သတင်းရေးပြီးသား ဖြစ်သည်..။ ဒမ်ဘယ်လ်ဒိုး သေပြီး မကြာခင်မှာပင် ဟယ်ရီ

ထိုနေရာမှ ပြေးသွားသည်ကို မြင်သူများ ရှိကြသည်...။

"ငါ စိတ်မကောင်းပါဘူး ဟယ်ရီ..."

လူပင်က ပြောသည်...။ ဟာမီယွန်က ဒေါသတကြီးနှင့်..

"ဒါဆို စုန်းကဝေနေ့စဉ် သတင်းစာကိုလည်း ဒက်အိတာတွေ သိမ်းမိသွားပြီပေါ့..."

လူပင်က ခေါင်းညိတ်ပြလိုက်သည်...။

"ဒါပေမယ့် ဘာဖြစ်နေသလဲ လူတွေ မသိကြဘူးလား..."

"သူတို့က အားလုံးကို တိတ်နေအောင် ထိန်းထားနိုင်တယ်.. စကရင်ဂျီယော် သေသွားပေမယ့် တရားဝင်စာမှာတော့ နှုတ်ထွက်သွားတယ်လို့ပဲ ပါတယ်.. သူ့နေရာကို

ပီယက်စ်သစ်က်နက်စ်က ယူထားတယ်.. အင်ပါးရီးယပ်စ် ကျိန်စာနဲ့ အထိန်းခံထားရတဲ့ သူလေ..."

"ဘာကိစ္စ ဗိုဒီမော့က သူ့ကိုယ်သူ ဝန်ကြီးအဖြစ် မကြေညာတာလဲ.."

ရွန်က မေးလိုက်သည်..။

လူပင်က ရယ်မောလိုက်၏..။

"သူ့အတွက် မလိုအပ်ဘူးလေ.. သူက တကယ့်ဝန်ကြီး အာဏာရထားပြီးပြီလေ.. ဘာကိစ္စ ဝန်ကြီးဌာနက ခုံမှာ ထိုင်နေရမှာလဲ.. သူ့ရဲ့ ရုပ်သေးရုပ် သစ်က်နက်စ်က အလုပ်အားလုံးကို

လုပ်ပေးနေတဲ့ အချိန်မှာ သူ့အာဏာစက်ကို ချဲ့ထွင်ဖို့ ဆက်လှုပ်ရှားတော့မှာပေါ့..."

"လူတော်တော်များများ ရိပ်မိကြပါတယ်... ပြီးခဲ့တဲ့ တစ်ရက်နှစ်ရက် အတွင်းမှာပဲ ဝန်ကြီးဌာနရဲ့ လုပ်ကိုင်ပုံတွေ ပြောင်းသွားတာ မနည်းဘူး.. နောက်ကွယ်မှာ ဗိုဒီမော့ရှိမယ်လို့

တီးတိုးပြောနေကြတာပဲ.. ဒါပေမယ့် သူတို့ ထုတ်မပြောရဲကြဘူး.. ဘယ်သူ့ကို ယုံရမှန်း မသိကြဘူး.. သူတို့ထင်တာ မှန်နေလို့ ထုတ်ပြောလိုက်မိရင် အန္တရာယ်ကြုံရမှာကို

ကြောက်နေကြတယ်.. ဗိုဒီမော့က တော်တော်လည်တာပဲ... သူ့ကိုယ်သူ ဝန်ကြီးအဖြစ် ကြေငြာလိုက်ရင် ပုန်ကန်မှုတွေ ဖြစ်လာနိုင်တယ်.. နောက်ကွယ်ကနေ ကြိုးကိုင်ထားတော့ အားလုံး

မသေမချာ ဖြစ်ပြီး ရှုပ်ထွေးကုန်ရော..."

ဟယ်ရီက...

"ဝန်ကြီးဌာနရဲ့ မူဝါဒပြောင်းလဲသွားတာက ဗိုဒီမော့အစား ကျွန်တော့်ကို သတိထားဖို့ ကြေငြာတာလား..."

"ဒါ သူ့အကြံရဲ့ အစိတ်အပိုင်းတစ်ခုပဲ... ဒမ်ဘယ်လ်ဒိုး သေပြီဆိုတော့ မင်းဟာ ဗိုဒီမော့ကို ဆန့်ကျင်တဲ့လူတွေအတွက် စံပြပဲ.. ခေါင်းဆောင်ပဲ.. ဒီတော့ မင်းနဲ့ ဒမ်ဘယ်လ်ဒိုး သေဆုံးမှု

ပတ်သက်ပါတယ်လို့ ကြေငြာလိုက်တော့ မင်းရဲ့ ခေါင်းကို ဆုငွေထုတ်နိုင်ရုံတင် မကဘူး မင်းကို ကာကွယ်ပေးချင်တဲ့ လူတွေအထဲမှာပါ သံသယတွေ ဝင်ကုန်နိုင်တာပေါ့..."

"နောက်ပြီး ဝန်ကြီးဌာနက မက်ဂယ်မွေးတဲ့သူတွေကိုလည်း စပြီး ပြဿနာရှာနေပြီ..."

လူပင်က သတင်းစာကို လက်ညှိုးထိုးပြရင်း...

"နံပါတ်နှစ် မျက်နှာကိုကြည့်လိုက်..."

ဟာမီယွန်က သတင်းစာကို မသတီသလို ကိုင်ရင်း အသံထွက် ဖတ်လိုက်သည်။

မက်ဂယ်မွေးသူများ စာရင်းသွင်းရန်... ဝန်ကြီးဌာနမှ မက်ဂယ်မွေးသူများနှင့် သက်ဆိုင်သည်တို့ကို စတင် လေ့လာနေပြီ ဖြစ်သည်.. သူတို့ မှော်ပညာကို မည်ကဲ့သို့ ပိုင်ဆိုင်လာသည်ကို

သိရှိနိုင်ရန်ပင်...

လက်ရှိလေ့လာချက်အရ မှော်ပညာမှာ မျိုးဆက်တစ်ခုမှ တစ်ခုသို့သာ စုန်းကဝေများ မွေးဖွားစဉ်တွင် လက်ဆင့်ကမ်းပေးနိုင်သည်... စုန်းကဝေမိသားစုနှင့် လုံးဝပတ်သက်မှု မရှိသော

မက်ဂယ်မွေးသူများမှာ မှော်ပညာကို ခိုးယူခြင်း (သို့မဟုတ်) အဓမ္မနည်းဖြင့် ရယူလာခဲ့ခြင်း ဖြစ်နိုင်သည်..

ဝန်ကြီးဌာနမှာ ထိုကိစ္စကို ဖော်ထုတ်နိုင်ရန် ဆုံးဖြတ်ထားပြီး မက်ဂယ်မွေးသူများကို မေးမြန်းနိုင်ရန်အတွက် ဖိတ်ခေါ်ထားသည်.. မက်ဂယ်မွေးသူများ စာရင်းသွင်းရန် ဌာနစိတ်တစ်ခုပါ

အသင့်ဖွင့်လှစ်ထားပြီး ဖြစ်သည်...။

"လူတွေ ဒီလို အဖြစ်မခံသင့်ဘူး..."

"ဖြစ်နေပြီ ရွန်.. မက်ဂယ်မွေးတဲ့လူတွေ ပြဿနာ တက်နေပြီ..."

ရွန်က...

"ဘာကိစ္စ မော်ပညာကို ခိုးတယ်လို့ ပြောရတာလဲ.. ဒါ စိတ်နဲ့ ဆိုင်တဲ့ ကိစ္စပဲ.. မော်ပညာကိုသာ ခိုးယူလို့ရရင် စကွစ်ဘ်ဆိုတာ ဘယ်မှာ ရှိတော့မှာလဲ..."

လူပင်က...

"ငါသိပါတယ်.. ဒါပေမယ့် မင်းမှာ နီးနီးစပ်စပ် စုန်းကဝေအမျိုး တစ်ယောက်မရှိရင်တော့ ခိုးတယ်လို့ စွပ်စွဲခံရပြီး အပြစ်ပေးခံရမှာပဲ..."

ရွန်က ဟာမီယွန့်ဘက် တစ်ချက်ကြည့်လိုက်ပြီး...

"စုန်းကဝေ မျိုးစစ်တဲ့သူနဲ့ သွေးတစ်ဝက်ပါတဲ့ သူက မက်ဂယ်မွေးတဲ့သူကို မိသားစုဝင်ပါလို့ ကျိန်တွယ်ပြီး ပြောရင်ရော.. ကျွန်တော် ဟာမီယွန့်ကို ဝမ်းကွဲပါလို့ အားလုံးကို ပြောပြမယ်..."

ဟာမီယွန်က ရွန့်လက်ကို ဖျစ်ညှစ်လိုက်ရင်း...

"ကျေးဇူးပဲ ရွန်.. ဒါပေမယ့် ဒီလိုလုပ်ဖို့ မလိုပါဘူး..."

ရွန်က သူမလက်ကို ဆုပ်ကိုင်ထားရင်း...

"နင့်မှာ ရွေးချယ်စရာ မရှိဘူး.. နင့်ကို ငါ့မိသားစုဇယား သင်ပေးမယ်.. ဒါမှ နင်ဖြေနိုင်မှာ..."

ဟာမီယွန်မှာ အားပါးတရ ရယ်လိုက်ရင်း...

"ရွန်.. ငါတို့က ဟယ်ရီပေါ်တာနဲ့ အတူရှိနေတာလေ.. တစ်နိုင်ငံလုံးမှာ အလိုအရှိဆုံး အကြော်ငြာခံထားရတဲ့ သူလေ.. ဒီတော့ ဒီကိစ္စက မလိုတော့ဘူး... ကျောင်းပြန်တက်မယ်

စိတ်ကူးရင်တော့ တစ်မျိုးပေါ့.. ဗိုဒီမော့က ဟော့ဝပ်ကို ဘာလုပ်ဖို့ ကြံနေသလဲ..."

"စုန်းကဝေ ကလေးငယ်တိုင်း မဖြစ်မနေ ကျောင်းတက်ရမယ်လို့ မနေ့ကပဲ ကြေငြာတယ်.. ဒါ အပြောင်းအလဲပဲ.. အရင်က ဒါဟာ တာဝန်တစ်ခုအနေနဲ့ မလုပ်မဖြစ် မဟုတ်ဘူး... ဗြိတိန်က

ရှိသမျှ စုန်းကဝေ အားလုံးနီးပါးက ဟော့ဝပ် ကျောင်းထွက်တွေပါ... ဒါပေမယ့် ဒီနည်းနဲ့ ဗိုဒီမော့က စုန်းကဝေ လောကတစ်ခုလုံး လူငယ်ကအစ သူ့မျက်စိအောက်မှာ ထားလိုက်တာပဲ...

နောက်ပြီး မက်ဂယ်မွေးတွေကိုလည်း စစ်ထုတ်နိုင်တယ်လေ.. ဘာလို့လဲဆိုတော့ ကျောင်းမတက်ခင် အားလုံးက မျိုးရိုးစဉ်ဆက် အခြေအနေကို ပြရတယ်လေ.. စုန်းကဝေမိသားစုက

ဆင်းသက်လာတဲ့သူမှ ကျောင်းနေခွင့်ရတယ်..”

ဟယ်ရီ ဒေါသထွက်မိသလို စိတ်ထဲတွင် မကောင်းဖြစ်မိသည်။

“ဒါ.. ဒါ...”

လူပင်က...

“ငါ နားလည်ပါတယ်.. မင်းဘာမှ မပြောနိုင်သေးဘူးဆိုတာ ငါသိပါတယ် ဟယ်ရီ.. ဒါပေမယ့် ဖီးနစ်အဖွဲ့တစ်ဖွဲ့လုံးက မင်းကို ဒမ်ဘယ်လ်ဒိုး တာဝန်ပေးခဲ့တယ်လို့ ယူဆထားကြတယ်..”

“ဟုတ်တယ် .. ရှန်ကော ဟာမီယွန်ပါ ပါတယ်.. သူတို့လည်း ကျွန်တော်နဲ့ လိုက်ကြလိမ့်မယ်..”

“မင်းတို့ရဲ့ တာဝန်က ဘာလဲဆိုတာ ငါ့ကိုပြောပြနိုင်မလား..”

သူ တခြားအဖြေကို ပြောင်းမဖြေနိုင်သည့်အတွက် ဟယ်ရီ စိတ်မကောင်းဖြစ်မိသည်။

“ကျွန်တော် ပြောမပြနိုင်ဘူး ရေးမတ်စ်.. ဒမ်ဘယ်လ်ဒိုးတောင် မပြောရင် ကျွန်တော်လည်း မပြောနိုင်ဘူး...”

“မင်း ဒီလိုပဲ ပြောမယ်လို့ ငါထင်သားပဲ...”

လူပင်က စိတ်ပျက်လက်ပျက် ပြောသည်...။

“ဒါပေမယ့် ငါက မင်းအတွက် အသုံးဝင်မှာပါ.. ငါ ဘာတွေ လုပ်နိုင်စွမ်း ရှိတယ်ဆိုတာ မင်းနားလည်ပါတယ်.. ငါ မင်းတို့ကို ကာကွယ်ပေးဖို့ လိုက်ခဲ့မယ်.. မင်းတို့ ဘာလုပ်နေသလဲ

ငါ့ကို အတိအကျ ပြောဖို့ မလိုပါဘူး...”

ဟယ်ရီ တွေဝေသွား၏..။ အလွန် လက်ခံချင်စရာကောင်းသော တောင်းဆိုချက်ပင်..။ သို့ရာတွင် လူပင် တစ်ချိန်လုံး ပါနေပါက သူတို့ လျှို့ဝှက်ချက်ကို ကြာကြာထိန်းထားရန်

မလွယ်ပေ..။ လူပင် မရိပ်မိပဲ နေမည်မဟုတ်ပေ..။

ဟာမီယွန်ကမူ စိတ်ရှုပ်ထွေးနေဟန်ဖြင့်...

"တွန့်ခ်ကိုရော ဘယ်လိုလုပ်မလဲ..."

"ဘာဖြစ်လို့လဲ..."

"ရှင် သူနဲ့ လက်ထပ်ထားတယ်လေ.. ဒီလိုထွက်သွားရင် သူ ဘယ်လို ခံစားရရှာမလဲ..."

"တွန့်ခ်အတွက် လုံးဝစိတ်ချရပါတယ်... သူ့မိဘတွေအိမ်မှာ ငါထားခဲ့တယ်..."

လူပင့်စကားသံတွင် တစ်ခုခု ထူးခြားနေ၏..။ အေးစက်စက်နိုင်လှသည်ဟု ဟယ်ရီ ထင်သည်..။ ထို့အပြင် သူ့မိဘများအိမ်တွင် ပုန်းခိုင်းထားခြင်းကလည်း သဘာဝမကျချေ..။ သူမမှာ

ဖီးနစ်အဖွဲ့ဝင် တစ်ယောက်ဖြစ်သလို လူပ်ရှားတိုက်ခိုက်မှုကိုလည်း နှစ်သက်မှန်း ဟယ်ရီ သိသည်..။

ဟာမီယွန်က...

"ရေးမတ်စ်.. ရှင်နဲ့ တွန့်ခ်တို့ အဆင်ပြေကြရဲ့လား..."

"အဆင်ပြေပါတယ်..."

လူပင် ခေတ္တမျှ အားယူလိုက်ပြီးနောက်...

"သူ ... သူတောင် ကလေးရတော့မယ်..."

"ဝမ်းသာစရာ ကောင်းလိုက်တာ..."

ဟာမီယွန့်ဆီမှ စကားသံထွက်လာ၏။

လူပင် အားယူ၍ ပြုံးလိုက်ပြီး...

"မင်း ငါ့တောင်းဆိုချက်ကို လက်ခံသလား.. ဒမ်ဘယ်လ်ဒိုးဆိုရင်တောင် ငြင်းလိမ့်မယ်လို့ ငါမထင်ဘူး.. မင်းတို့ အရမ်းခက်ခဲတဲ့ မှော်ပညာတွေနဲ့ ရင်ဆိုင်ကြရလိမ့်မယ်..."

ရွန်ကော ဟာမီယွန်ပါ ဟယ်ရီ့ကို လှမ်းကြည့်လိုက်ကြသည်...။

"တွန့်ခ်ကို သူ့မိဘတွေဆီမှာ ထားခဲ့ပြီး ကျွန်တော်တို့နဲ့ လိုက်မလို့လား ..."

"သူ့မိဘတွေဆီမှာ ဘာအန္တရာယ်မှ မရှိနိုင်ဘူး.. ဟယ်ရီ.. ဂျိမ်းစ်ကလည်း ငါ့ကို မင်းနဲ့ အတူတူ လိုက်စေချင်မှာပဲ..."

"ဟုတ်ချင်မှ ဟုတ်မှာပေါ့.. ကျွန်တော် ထင်တာက အဖေသာဆိုရင် ကိုယ့်ကလေးအနားမှာပဲ နေစေချင်မယ်လို့ ထင်တာပဲ..."

လူပင့်မျက်နှာမှာ အရောင်ပြောင်းသွား၏။ ရှွန်ကမူ အခန်းတွင်းသို့ လှည့်ပတ်ကြည့်နေသည်..။ ဟာမီယွန်ကမူ သူတို့နှစ်ယောက်ကို ကြည့်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေပုံရ၏..။

"မင်း နားမလည်သေးဘူး..."

"ဒါဆိုလည်း ရှင်းပြလေ.."

လူပင်က တံတွေးတစ်ချက် မျိုချရင်း တွန့်တွန့်ဆုတ်ဆုတ်နှင့်ပင်..

"ငါ .. ငါတွန့်ခ်ကို လက်ထပ်မိတာ တကယ့်အမှားကြီး တစ်ခုပဲ.. ငါ့ဦးနှောက်ကို ဆန့်ကျင်ပြီး ငါလုပ်ခဲ့မိတယ်.. ငါ အခု အရမ်းနောင်တရနေပြီ.."

ဟယ်ရီက...

"ကျွန်တော် နားလည်ပြီ.. ဒီတော့ တွန့်ခ်နဲ့ ကလေးကို ပစ်ထားခဲ့ပြီး ကျွန်တော်တို့နဲ့ လိုက်မယ်ပေါ့..."

လူပင် ထိုင်နေရာမှ ဝုန်းကနဲ ထရပ်လိုက်သည်..။ သူ့ထိုင်ခုံမှာ နောက်ဘက်သို့ လဲကျသွား၏..။ သူ ဟယ်ရီ့ကို စူးစူးရှရှ ကြည့်လိုက်သည်..။ ဟယ်ရီ့တစ်သက်တွင် ပထမဆုံးအကြိမ်အဖြစ်

သမန်းဝံပုလွေတစ်ကောင်၏ အရိပ်အယောင်ကို လူပင့်ထံတွင် တွေ့လိုက်ရသည်...။

"ငါ ငါ့မိန်းမနဲ့ ကလေးကို ဘယ်လောက် ဒုက္ခပေးခဲ့သလဲဆိုတာ မင်း နားမလည်ဘူးလား.. ငါ သူ့ကို လက်မထပ်သင့်ဘူး.. အခု သူ့ကိုပါ လူတွေနဲ့ အဝေးကို ပို့သလို ဖြစ်နေပြီ..."

လူပင် လဲကျနေသော ထိုင်ခုံကို ကန်ထုတ်လိုက်၏...။

"မင်းက ငါ့ကို ဖီးနစ်အဖွဲ့ထဲမှာရယ်.. ဟော့ဝပ်မှာရယ်ပဲ မြင်ဖူးတာကိုး.. ငါတို့လို သတ္တဝါတွေကို ကျန်တဲ့ စုန်းကဝေလောကမှာ ဘယ်လိုသတ်မှတ်သလဲ မင်းမသိဘူး.. ငါဘာလဲဆိုတာ

သိတာနဲ့ စကားမပြောနိုင် ဖြစ်သွားတဲ့ သူတွေ အများကြီးပဲ.. သူ့မိသားစုကတောင် ငါ့ကို လက်ထပ်တာကို မနှစ်မြို့နိုင်ဘူး.. ဘယ်မိဘကကော သူတို့သမီး သမန်းဝံပုလွေနဲ့

လက်ထပ်တာကို သဘောကျမှာလဲ.. နောက်ပြီး ကလေး.. ကလေး..."

လူပင် သူ့ဆံပင်များကို လက်နှင့် ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်...။

"ငါ့လို သတ္တဝါမျိုးဟာ .. မွေးဖွားလာတာ မဟုတ်ဘူး.. ဒါ စိတ်သက်သာရာရစရာ တစ်ချက်ပဲ.. ဒီလိုမဟုတ်ပဲ ငါ့ကြောင့် အပြစ်မဲ့တဲ့ ကလေးမှာပါ ပြဿနာရှိရင် ငါ့ကိုယ်ငါ

ခွင့်လွှတ်နိုင်ပါ့မလား.. ငါ့လို ရှက်စရာကောင်းတဲ့ အဖေတစ်ယောက်သာ မရှိရင် သူ့အတွက် ပိုကောင်းတာပေါ့..."

ဟာမီယွန်က မျက်ရည်များ စီးကျလျှက် အသံတိုးတိုးဖြင့်..

"ရေးမတ်စ် ဒီလို မပြောပါနဲ့ .. ရှင့်ကလေးက ရှင့်ကို ဘယ်လိုလုပ် ရှက်စရာကောင်းတယ်လို့ ထင်မှာလဲ..."

ဟယ်ရီက...

"ငါတော့ ဒီလို မထင်ဘူး ဟာမီယွန်.. ငါတော့ သူ့အတွက် အရမ်း ရှက်တာပဲ..."

ဟယ်ရီတစ်ယောက် ဘယ်လိုက ဘယ်လို စိတ်ဆိုးလာသလဲ မသိချေ..။ သူ နေရာမှ ဝုန်းကနဲ ထရပ်လိုက်မိသည်။

"ကျွန်တော့်အဖေက အမေနဲ့ ကျွန်တော့်ကို ကာကွယ်ဖို့ ကြိုးစားရင်း သေခဲ့တယ်... သူက ခင်ဗျား ခင်ဗျားကလေးကို ထားခဲ့ပြီး ကျွန်တော်တို့နဲ့ လိုက်ဖို့ ပြောမယ်လို့ ထင်သလား..."

"မင်း... မင်း .. ဒီလိုပြောသလား.. ပြောရဲသလား.."

"ခင်ဗျား ကိုယ့်ကိုယ်ကို နာမည်ကြီးချင်နေတာပဲ.. ဒါကြောင့် ကျွန်တော်တို့နဲ့ လိုက်ချင်နေတာပေါ့.."

"ဟယ်ရီ မပြောပါနဲ့တော့.."

ဟာမီယွန်က တောင်းပန်လိုက်သည်.. ။ သို့ရာတွင် ဟယ်ရီက လူပင့်ကို စေ့စေ့ကြည့်ရင်း...

"ယုံတောင် မယုံနိုင်ဘူး.. ကျွန်တော့်ကို ဝိညာဉ်နှုတ်သတ္တဝါတွေကို ရင်ဆိုင်နိုင်မယ့် နည်းလမ်းကို သင်ပေးတဲ့လူက တကယ် သူရဲဘောကြောင်တဲ့ သူပဲ..."

လူပင် သူ၏ မှော်တောင်ဝှေးကို အလွန်လျှင်မြန်စွာ ဆွဲထုတ်လိုက်သဖြင့် ဟယ်ရီ သူ့မှော်တောင်ဝှေးကို ထုတ်ရန် အချိန်မမီလိုက်ပေ..။ ထို့နောက် ဝုန်းကနဲ ပေါက်ကွဲသံနှင့်အတူ ဟယ်ရီ

မီးဖိုနံရံဆီသို့ လွင့်စင်သွားကာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား၏..။ လူပင် လှည့်ထွက်သွားသည်ကို ဟယ်ရီ တွေ့လိုက်ရသည်..။

"ရေးမတ်စ်.. ရေးမတ်စ် .. ပြန်လာခဲ့.."

ဟာမီယွန် အော်ဟစ်လိုက်သည်..။ သို့ရာတွင် လူပင် ပြန်မထူးချေ..။ မကြာခင်မှာပင် အိမ်ရှေ့တံခါးပိတ်သံကို ကြားလိုက်ရသည်..။

"ဟယ်ရီ..နင်ဘယ်လို ပြောလိုက်တာလဲ.."

ဟယ်ရီ မတ်တတ်ထရပ်လိုက်သည်..။ နံရံနှင့် ဆောင့်မိ၍ ခေါင်းတွင် ဘုတစ်ခု ထွက်လာသည်ကို သူသိလိုက်သည်..။ ဒေါသထွက်နေဆဲ ဖြစ်၍ သူ့တစ်ကိုယ်လုံး တုန်ရီနေ၏..။

"ငါ့ကို ဒီလိုမကြည့်ပါနဲ့..."

သူ ဟာမီယွန့်ကို လှမ်းအော်လိုက်သည်..။ ရွန်က..

"မင်း မဆိုင်တဲ့သူကိုပါ ဆွဲမထည့်နဲ့..."

ဟာမီယွန်က သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်လိုက်ရင်း..

"ငါတို့ ရန်မဖြစ်ရဘူး..."

"မင်း လူပင့်ကို ဒီလိုမပြောသင့်ဘူး..."

"သူက ဒီလို အပြောခံရအောင် လုပ်တာကိုး..."

သူ့စိတ်ထဲဝယ် ပုံရိပ်များစွာ ပြန်မြင်ယောင်လာ၏..။ ဟယ်ရီက...

"မိဘတွေဟာ မဖြစ်နိုင်လွန်းမှသာ သူတို့ရဲ့ ကလေးတွေကို ထားရစ်ခဲ့သင့်တယ်.."

"ဟယ်ရီ..."

ဟာမီယွန်က သူ့လက်တစ်ဖက်ကို ဆန့်တန်းပေး၏..။ သို့ရာတွင် ဟယ်ရီ ဂရုမစိုက်ပဲ နေလိုက်သည်..။ လူပင့်မျက်နှာကို သူမြင်ယောင်နေမိသည်။ သူ အကြီးအကျယ်

နောင်တရနေမိသည်..။ ရွန်ကော ဟာမီယွန်ပါ အသံမထွက်ကြ..။ သူ့ကိုကြည့်ကာ အသံတိတ် စကားပြောနေကြမည်ကိုတော့ ဟယ်ရီ လှည့်မကြည့်ပဲ သိနေ၏..။

သူ နောက်ဘက်သို့ ပြန်လှည့်လိုက်ရင်း..

"ငါ သူ့ကို သူရဲဘောကြောင်တယ်လို့ မပြောသင့်ဘူး..."

ရွန်က ချက်ချင်းပင်..

"မှန်တယ်.. မင်းမပြောသင့်ဘူး.."

"ဒါပေမယ့် သူဒီလို လုပ်ခဲ့တာပဲ..."

ဟာမီယွန်က...

"ဒါပေမယ့်ဟာ ..."

"ငါနားလည်ပါတယ်.. သူတွန့်ခ်ဆီ ပြန်သွားတာနဲ့တင် ဘာပဲဖြစ်ဖြစ် တန်ပါတယ်ဟာ..."

ဟယ်ရီခေါင်းငုံ့ရင်း သူ့အဖေအကြောင်း စဉ်းစားနေမိသည်။ သူ့အဖေဆိုရင် သူ့ကို ထောက်ခံပဲ ထောက်ခံမလား အပြစ်ပဲ တင်မလားဟု သူ မဝေခွဲတတ်ပေ...။

မီးဖိုခန်းတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်..။ လူပင်ယူလာခဲ့သော စုန်းကဝေ နေ့စဉ်သတင်းစာမှာ စားပွဲပေါ်တွင် တင်လျက်သား ကျန်ရစ်ခဲ့၏..။ သူ စားပွဲဆီသို့

လျှောက်လာခဲ့ရင်း သတင်းစာကို ဆွဲကာ ထိုင်လိုက်သည်။

ထို့နောက် သတင်းစာကို ဟိုဟိုဒီဒီလှန်ရင်း စိတ်ဝင်တစား ဖတ်နေဟန် ဆောင်လိုက်သည်..။ သူ စာလုံးတစ်လုံးမှ မဖတ်ဖြစ်ပေ..။ သူ့စိတ်ထဲတွင် လူပင်နှင့် ဖြစ်ပျက်ခဲ့သည်တို့သာ

နေရာယူထား၏..။

ရွှန်နှင့် ဟာမီယွန်တို့ သူမကြားအောင် ကြိတ်၍ တီးတိုးတီးတိုး လုပ်နေကြပြီကို သူသေချာသိ၏...။ သူ စာမျက်နှာ တစ်မျက်နှာတွင် ဒမ်ဘယ်လ်ဒိုးနာမည်ကို တွေ့လိုက်ရသည်..။

ထို့နောက် မိသားစု ဓာတ်ပုံတစ်ပုံနှင့်အတူ ဓာတ်ပုံအောက်ဘက်ဝယ် ဒမ်ဘယ်လ်ဒိုး မိသားစု.. ဘယ်မှညာသို့ ... အဲဗက်စ်... ပါစီဗယ်လ်နှင့် မွေးခါစ အာရီယာနာ ..ကန်ဒရာ..

အက်ဘာဖို့... ဟူသော စာသားကို တွေ့လိုက်ရသည်...။

သူ ဓာတ်ပုံကို ဂရုတစိုက် လေ့လာကြည့်လိုက်သည်..။ ဒမ်ဘယ်လ်ဒိုး၏ ဖခင်ဖြစ်သူ ပါစီဗယ်လ်မှာ ခန့်ညားသော ရုပ်ရည်ရှိပြီး မျက်လုံးများမှာ အရောင်တောက်ပလှသည်..။

အာရီယာနာကိုမူ သေချာစွာ မမြင်ရပေ..။ ကန်ဒရာမှာ အနက်ရောင် ဆံပင်ရှည်များရှိပြီး မျက်လုံးများမှာ အနက်ရောင် ဖြစ်သည်...။

အဲဗက်စ်ကော အက်ဘာဖို့ပါ ပခုံးခန့်ထိ ရှည်လျားသော ဆံပင်များနှင့် ဖြစ်သည်..။ အဲဗက်စ်မှာ ပို၍ အသက်ကြီးပုံရသော်လည်း ညီအစ်ကိုနှစ်ယောက်မှာ တော်တော်ပင် ဆင်တူ၏..။

သူ ယခုခံစားနေရသည်ထက် ဘာမှပို၍ မဆိုးဝါးနိုင်ဟု ယူဆကာ ဟယ်ရီ အောက်မှ စာကို ဆက်ဖတ်လိုက်သည်...။

စိတ်ကြီးဝင်နေသော ကန်ဒရာမှာ သူ့ယောကျ်ားဖြစ်သူ လူသိရှင်ကြား အဖမ်းခံရပြီးနောက် မိသားစုတစ်စုလုံးကို ဂိုဒရစ်ဟောလို းတွင် အခြေချရန် ဆုံးဖြတ်ခဲ့သည်...။

ထိုရွာကလေးမှာ နောင်တစ်ချိန်တွင် ဟယ်ရီပေါ်တာကြောင့် နာမည်ကျော်လာခဲ့သည်..။ ဂိုဒရစ်ဟောလို းတွင် စုန်းကဝေမိသားစု များစွာ ရှိသည်.. သို့ရာတွင် ကန်ဒရာမှာ

တစ်စုံတစ်ယောက်နှင့်မျှ မသိသောကြောင့် ယခင်ရွာမှာကဲ့သို့ စုံစမ်းမေးမြန်းခံရခြင်း မရှိပေ..။ အိမ်နီးနားချင်းများနှင့် လုံးဝမဆက်ဆံသောကြောင့် မကြာခင်မှာပင် သူမ၏ မိသားစုမှာ

အထီးကျန်ဆန်လာခဲ့ရသည်။

ဘာသီဒါဘက်ရော့က...

"သူတို့ကို အိမ်မှာ ဖုတ်ထားတဲ့ ကိတ်မုန့်တွေနဲ့ မိတ်သွားဆက်တာ တံခါးပိတ်ထားကြတယ်လေ... ပထမတစ်နှစ်လုံး ကောင်လေးနှစ်ယောက်ကိုပဲ တွေ့ဖူးတယ်.. သမီးရှိမှန်းတောင်

မသိခဲ့ရဘူး... နောက်တော့မှ ညဘက်ကြီး ကန်ဒရာနှင့် အာရီယာနာတို့ နောက်ဘက် ပန်းခြံထဲ ဆင်းလာတာ တွေ့ဖူးတယ်.. ပန်းခြံထဲ တစ်ပတ်ပတ်ပြီးတာနဲ့ ပြန်ဝင်သွားကြရော..."

ကန်ဒရာမှာ ဂိုဒရစ်ဟောလို းကို ပြောင်းလာခြင်းဖြင့် အာရီယာနာကို လုံးဝ ဖျောက်ထားနိုင်မည်ဟု ယူဆပုံရသည်..။ အာရီယာနာ ပျောက်သွားချိန်မှာ အသက် ခုနစ်နှစ်မပြည့်တပြည့်ပင်..။

ထိုအရွယ်မှာ အားလုံး ယူဆလက်ခံထားကြသလို မှော်ပညာသာ ရှိပါက ထူးခြားမှု စတင်ပြရမည့် အရွယ်ပင်..။

ယခုအချိန်ထိ အသက်ရှင်နေသူ မည်သူမျှ အာရီယာနာ မှော်ပညာနှင့် ပတ်သက်သည့် ထူးခြားမှု တစ်ခုတစ်လေ ပြသခဲ့သည်ကို မမှတ်မိကြပေ..။ သေချာသည်ကတော့ ကန်ဒရာမှာ

စကွစ်ဘ်ကလေးမွေးသည်ဟု အပြောခံရမည်ကို ရှက်လှ၍ အာရီယာနာကို ဝှက်ထားရန် ကြံခြင်းဖြစ်ပုံရသည်...။

အာရီယာနာကို သိသော ပတ်ဝန်းကျင်မှ ရှောင်ပြေးခြင်းအားဖြင့် သူမကို ချုပ်နှောင်ထားဖို့ ပိုလွယ်ပေလိမ့်မည်..။ အာရီယာနာ အကြောင်း သေချာသိသော လူနည်းစုမှာလည်း

ယုံကြည်ရသူများသာ ဖြစ်သည်..။

ညီအစ်ကိုနှစ်ယောက်စလုံးမှာ မိခင်ဖြစ်သူ သင်ပေးထားသည့် အတိုင်း ကျန်းမာရေးမကောင်း၍ ကျောင်းမတက်နိုင်ပါဟုသာ အကြောင်းပြကြသည်..။

အဲဗက်စ်ဒမ်ဘယ်လ်ဒိုးနှင့် ဟော့ဝပ်ကျောင်းတက်စဉ်ကာလကို နောက်အပတ်တွင် ဆက်လက်ဖတ်ရှုပါရန်...

စာကို ဖတ်ပြီးသည်နှင့် သူ့ထင်မြင်ချက် မှားသွားပြီမှန်း ဟယ်ရီ သိလိုက်သည်..။ ထိုစာကို ဖတ်လိုက်သဖြင့် သူ့ခံစားချက်မှာ ပို၍ပင် ဆိုးဝါးသွား၏..။ သူ ပျော်ရွှင်နေပုံရသော

မိသားစုဓာတ်ပုံကို ကြည့်ရင်း တွေးမိသည်..။

ဒါ တကယ်ပဲလား.. သူ ဘယ်လိုနည်းနဲ့ အမှန်ကို သိနိုင်မလဲ.. သူ ဂိုဒရစ်ဟောလို းသို့ ပို၍ သွားချင်စိတ် ဖြစ်ပေါ်လာ၏..။ ဘက်သီဒါတစ်ယောက် သူနှင့် စကားပြောဖို့

မဖြစ်နိုင်လျှင်သော်မှ သူ ထိုနေရာကို သွားချင်သည်..။ ထိုအချိန်မှာပင် နားကွဲလုမတတ် ကျယ်လောင်သော ဖောင်းကနဲ မြည်သံကို ကြားလိုက်ရ၏..။

ဟယ်ရီ ပထမဦးဆုံး အကြိမ်အဖြစ် ခရီချာ့ကို မေ့လျော့နေမိသည်..။ သူ မတ်တပ်ရပ်ကာ လှော်ကြသွားချိန်မှာပင် ခရီချာက သူ့ကို ဦးညွှတ်အရိုအသေ ပေးလိုက်ပြီး...

"ခရီချာ သူခိုး မွန်ဒန်းဂတ်စ် ဖလက်ချာကို ဖမ်းလာခဲ့ပါပြီ သခင်"

မွန်ဒန်းဂတ်စ်၏ မော်တောင်ဖေ့းမှာ လွင့်စင်သွားပြီးနောက် ဟာမီယွန်က ဖမ်းယူထားလိုက်သည်..။ မွန်ဒန်းဂတ်စ်မှာ လေကားရှိရာသို့ တစ်ရှိန်ထိုး ပြေးတော့သည်..။ သို့ရာတွင် ရွန်က

ခုန်အုပ်ကာ ဖမ်းလိုက်သဖြင့် ကြမ်းပြင်နှင့် ဝုန်းကနဲ ဆောင့်မိတော့သည်...။

ရွန်၏ ဖမ်းချုပ်ထားမှုမှ လွတ်အောင် ကြိုးစားရုန်းကန်ရင်း သူက...

"ငါ ဘာလုပ်လို့လဲ.. ဘာကိစ္စ မှင်စာတစ်ကောင်ကို လွှတ်ပြီး ငါ့ကို ဖမ်းခိုင်းရတာလဲ.. မင်းတို့ ဘာတွေ မဟုတ်တရုတ် ကြံနေသလဲ.. လွှတ်.. လွှတ်စမ်း.. မလွှတ်ရင် ငါ့အကြောင်း

သိသွားမယ်..."

"ခင်ဗျားရဲ့ အခြေအနေက ခြိမ်းခြောက်ဖို့ မသင့်တော်ဘူး..."

ဟယ်ရီ သတင်းစာကို ဘေးဘက်သို့ လွှင့်ပစ်လိုက်ရင်း မွန်ဒန်းဂတ်စ်ဘေးတွင် ဒူးထောက်ထိုင်လိုက်သည်..။ မွန်ဒန်းဂတ်စ်မှာ ရုန်းကန်မှုကို ရပ်ကာ ကြောက်ရွံ့သွားပုံရသည်..။ ရွန်က

မောမောပန်းပန်းနှင့် ထရပ်လိုက်သည်..။

ဟယ်ရီ သူ့တောင်ဝှေးကို မွန်ဒန်းဂတ်စ်နှာခေါင်းနှင့် ထိုလုမတတ် ထိုးချိန်လိုက်သည်..။

"သူခိုးဖမ်းဖို့ နောက်ကျခဲ့တဲ့အတွက် ခရီချာ တောင်းပန်ပါတယ်သခင်..."

ခရီချာ၏ အက်ကွဲကွဲအသံ ထွက်ပေါ်လာ၏...။

"ဖလက်ချာဟာ ဘယ်လို ရှောင်တိမ်းရမယ်ဆိုတာ ကောင်းကောင်းသိပုံ ရပါတယ်.. သူ့မှာ ပုန်းရမယ့် နေရာတွေလည်း အများကြီးပဲ.. ဒါပေမယ့် ခရီချာ နောက်ဆုံးမှာ သူခိုးကို

ချောင်ပိတ်ဖမ်းနိုင်ခဲ့ပါတယ်...."

"မင်းတော်တယ်.. ခရီချာ..."

ဟယ်ရီ့စကားအဆုံးတွင် မှင်စာလေးက သူ့ကို ဦးညွတ်လိုက်ပြန်သည်..။

"ကျွန်တော်တို့ ခင်ဗျားကို မေးစရာ ရှိတယ်..."

မွန်ဒန်းဂတ်စ်မှာ ချက်ချင်းပင် အော်ဟစ်၍...

"ငါ အရမ်းကြောက်သွားလို့ပါကွာ.. ငါအစကတည်းက လိုက်ချင်တာမှ မဟုတ်တာ.. နောက်ပြီး မိစ္ဆာသခင်ကြီးကလည်း နောက်ကလိုက်လာသေးတယ်.. ငါမလုပ်ချင်ဘူးလို့ အစကတည်းက

ပြောသားပဲ..."

ဟာမီယွန်က..

"ကျွန်မတို့ထဲက ဘယ်သူကမှ ကိုယ်ရောင်ဖျောက်ပြီး ထွက်မပြေးခဲ့ဘူး.."

"မင်းတို့က သူရဲကောင်းအဖွဲ့တွေပဲ... ဒါပေမယ့် ငါကတော့ ငါ့ကိုယ်ငါ အသေမခံနိုင်ဘူး..."

"ခင်ဗျားထွက်ပြေးတဲ့ကိစ္စ ကျုပ်တို့ စိတ်မဝင်စားဘူး..."

ဟယ်ရီက သူ့မျော်တောင်ဝှေးကို မွန်ဒန်းဂတ်စ်၏ မျက်လုံးနား ရွှေ့လိုက်ရင်း ပြောလိုက်သည်..

"ခင်ဗျားကို ယုံကြည်လို့ မရဘူးဆိုတာ ... ကျုပ်တို့ နားလည်ပြီးသားပဲ..."

"ဒါဆိုရင်လည်း ငါ့ကို ဘာကိစ္စ အိမ်စေမှင်စာလွှတ်ပြီး ဖမ်းခိုင်းရတာလဲ..."

ဟယ်ရီက…

“ပါးစပ်ပိတ်ထား.. သေချာနားထောင်…”

ဟယ်ရီ့မော်တောင်ဖုေးမှာ သူ့နှာခေါင်းနှင့် အလွန်နီးကပ်နေသဖြင့် အလွတ်မပေးပဲ ကြည့်ရင်း မွန်ဒန်းဂတ်စ်မှာ မျက်စိနှစ်လုံး အလယ်တွင် ကပ်နေတော့သည်…။

“ခင်ဗျား ဒီအိမ်ထဲက တန်ဖိုးရှိတဲ့ ပစ္စည်းတွေ မသွားတုန်းက…”

သို့ရာတွင် မွန်ဒန်းဂတ်စ်က သူ့စကားကို ဖြတ်၍…

“ဒီပစ္စည်းအစုတ်တွေကို ဆီးရီးယပ်စ်က ဂရုမှ မစိုက်တာပဲ…”

တဖုန်းဖုန်းနှင့် ပြေးလာသော ခြေသံကို ကြားလိုက်ရပြီး.. ကြေးရောင်တစ်ချက် လက်သွားသည်ကို မြင်လိုက်ရ၏..။ ထို့နောက် တဒေါင်ဒေါင် တဒင်ဒင် မြည်သံနှင့်အတူ နာနာကျင်ကျင်

အော်ဟစ်သံပါ ထွက်ပေါ်လာ၏..

ခရီချာမှာ မွန်ဒန်းဂတ်စ်ဆီ တဟုန်ထိုး ပြေးလာကာ ဒယ်အိုးနှင့် ခေါင်းကို အားပါးတရ ထုရိုက်နေ၏..။

“ဒီကောင့်ကို ပြန်ခေါ်ကြပါဟ.. အမလေးဗျ..”

မွန်ဒန်းဂတ်စ် အသည်းအသန် အော်ဟစ်နေ၏.. ခရီချာက လေးလံလှသည့် ဒယ်အိုးကို တစ်ချီမြှောက်လိုက်ပြန်သည်..။

“ခရီချာ … မလုပ်နဲ့…”

ခရီချာ့လက်ကလေးမှာ ဒယ်အိုး၏ အလေးချိန်ကြောင့် တုန်နေသည့်ကြားမှပင်.. မြှောက်ထားရင်းမှ..

“တစ်ချက်လောက် ထပ်ထုလို့ မရဘူးလား သခင်..”

ရွှန်က ရယ်လိုက်သည်.. ဟယ်ရီက..

“သူ သတိရနေမှ ဖြစ်မယ် ခရီချာ.. ဒါပေမယ့် ခေါင်းမာနေရင်တော့ မင်းသဘောပဲ…”

"ကျေးဇူးတင်ပါတယ် သခင်..."

ခရီချာ ဦးညွှတ်ကာ နောက်သို့ ဆုတ်သွား၏... သူ့မျက်လုံးများကမူ မွန်ဒန်းဂတ်စ်ဆီမှ မခွာသေးပေ...။

"ခင်ဗျား ဒီအိမ်ထဲက တန်ဖိုးရှိတဲ့ ပစ္စည်းမှန်သမျှ ယူသွားတုန်းက .. မီးဖိုထဲက ဘီရိုထဲက ပစ္စည်းတွေပါ ယူသွားတယ်... အဲဒီ့အထဲက လော့ကတ်တစ်ခုပါတယ်.. အဲဒီ့ပစ္စည်းကို ခင်ဗျား

ဘာလုပ်ပစ်လိုက်သလဲ..."

မွန်ဒန်းဂတ်စ်က...

"ဘာကြောင့်လဲ.. တန်ဖိုးအရမ်းကြီးလို့လား..."

ဟာမီယွန်က..

"ရှင့်ဆီမှာ ရှိသေးတယ်ပေါ့..."

ရွန်က အပြစ်တင်သော လေသံဖြင့်

"ဘယ်ရှိတော့မှာလဲ.. သူ ပိုက်ဆံပိုတောင်းမိရင် ကောင်းမှာပဲလို့ တွေးနေတာ နေမှာပေါ့.."

"ပိုတောင်းရမယ်.. ငါ့မှာ ပိုက်ဆံတောင်မရပဲ ပေးပစ်လိုက်ရတယ်..."

"ခင်ဗျား ဘာပြောတာလဲ..."

"ငါ ဒိုင်ယာဂွန်နာ လမ်းကြားမှာ ရောင်းနေတုန်း မိန်းမကြီးတစ်ယောက် ရောက်လာပြီး မှော်ဝင်ပစ္စည်းတွေရောင်းဖို့ လိုင်စင်ရှိလို့လားတဲ့.. မရှိရင် ငါ့ကို ဒဏ်ရိုက်တော့မှာ.. ဒါပေမယ့်

သူက အဲဒီ့လော့ကတ်ကို သဘောကျသွားပြီး ယူထားလိုက်တယ်.. ပြီးတော့ ငါ့ကို လွှတ်ပေးလိုက်တာပဲ..."

"အဲဒီ့မိန်းမက ဘယ်သူလဲ..."

"မသိဘူး.. ဝန်ကြီးဌာနကပဲ ဖြစ်ရမယ်..."

မွန်ဒန်းဂတ်စ်က စဉ်းစားလိုက်ပြီး..

"သေးသေးကွေးကွေးပဲ .. ထိပ်မှာ ဖဲပြားနဲ့..."

သူက ခေတ္တထပ်စဥ်းစားပြီးမှ ...

"ကြည့်ရတာ ဖားပြုပ်နဲ့တူတယ်.."

ဟယ်ရီ့လက်ထဲမှ မော်တောင်ဖွေး လွတ်ကျသွား၏။ အနီရောင်မီးပွားများ လွင့်စင်ကာ မွန်ဒန်းဂတ်စ် မျက်ခုံးကို ထိမှန်၍ မီးစွဲလောင်တော့၏..။

"အက်ဂွါမန်တီ"

ဟာမီယွန်နဲ့ အော်ဟစ်သံနှင့်အတူ သူမ၏ မော်တောင်ဖွေးထိပ်မှ ရေပန်းတစ်ခု ထွက်လာကာ မီးကိုငြိမ်းသတ်လိုက်၏..။

ဟယ်ရီ သူတို့နှစ်ယောက်၏ မျက်နှာတွင်လည်း သူ့လိုပင် ထိတ်လန့်မှုကို တွေ့နေရ၏...။

**၁၂။ မော်ပညာသာလျှင် အစွမ်းဆုံးဖြစ်သည်**

တဖြည်းဖြည်းနှင့် ဩဂုတ်လ ကုန်သွားခဲ့သည်..။ နံပါတ်ဆယ့်နှစ်အိမ် ရှိနေသည်ကို ပတ်ဝန်းကျင်မှ အိမ်များက မမြင်ရချေ..။ မက်ဂယ်များမှာမူ နံပါတ်ဆယ့်တစ်အိမ်ဘေးတွင်

နံပါတ်ဆယ့်သုံး ရှိနေသည့်အဖြစ်ကို ရယ်စရာ တစ်ခုအဖြစ်သာ သဘောထားကြသည်..။

သို့ရာတွင် အိမ်ပြင်ရှိ မြက်ခင်းပြင်ဆီသို့ ရောက်လာသော အမည်မသိ ဧည့်သည်များ ပို၍ ပို၍ များလာ၏..။ တခြား အလုပ်မရှိပဲ နံပါတ်တစ်ဆယ့်တစ်နှင့် ဆယ့်သုံးကြားကို

စောင့်ကြည့်နေသူများ ပေါ်များလာသည်..။

ရောက်လာသူများမှာ နေ့တိုင်း မတူညီကြသော်လည်း အားလုံးမှာ သာမန်လူတို့၏ အဝတ်အစားများကို နှစ်သက်ပုံမရပေ..။ လန်ဒန်သားအများစုမှာ ထူးထူးဆန်းဆန်း

ဝတ်စားထားသူများကို အနည်းငယ် သတိထားမိသော်လည်း ဂရုမစိုက်ကြပေ...။

စက်တင်ဘာလ အစပိုင်းတွင် ဤနေရာကို စောင့်ကြည့်သူများ ပို၍ များပြားလာ၏..။ ဝတ်ရုံရှည် ဝတ်ထားသူ ဒါဇင်ဝက်နီးပါး စောင့်ကြည့်နေကြ၏..။ ညနေစောင်းတွင် မိုးများ

ရွာချလာ၏..။

စောင့်နေသူတစ်ယောက်မှာ တစ်ခုခု ထူးခြားမှုကို မြင်လိုက်သဖြင့် အနားမှလူကို လက်တို့ပြီး ပြလိုက်သည်..။ သို့ရာတွင် သူတို့ သေချာကြည့်လိုက်သည်တွင် မည်သည့်အရာကိုမျှ

မတွေ့ရချေ..။

ထိုအချိန်တွင် နံပါတ်ဆယ့်နှစ်အိမ်တွင်း၌ ဟယ်ရီမှာ ခန်းမကြီးအတွင်းသို့ ရောက်ခါစပင် ရှိသေးသည်..။

သူ ကိုယ်ရောင်ပြန်ဖော်ချိန်ဝယ် ထိပ်ဆုံးလေ့ကားထစ်နှင့် အံလွဲကာ လဲကျမတတ် ဖြစ်သွားရသည်..။

သူ့တံတောင်ဆစ်ကိုပင် ဒက်အိတာများ မြင်သွားသည်ဟု ဟယ်ရီ ထင်မိသည်။ အိမ်ရှေ့တံခါးကို အသေအချာပိတ်ရင်း သူ့ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်သည်..။ ထို့နောက်

မီးဖိုခန်းရှိရာသို့ ဦးတည်ကာ ခပ်သွက်သွက် လျှောက်လာခဲ့သည်..။ သူ့လက်ထဲတွင် ခိုးယူလာခဲ့သော စုန်းကဝေ နေ့စဉ် သတင်းစာကို ကိုင်ထားသည်..။

ကြားနေကျ "ဆီးဗားရပ်စ် စနိပ်"ဟူသော တီးတိုးရေရွတ်သံကို ကြားလိုက်ရပြီး သူ့လျှာမှာ လိပ်ခွေသွား၏..။ စကားပြောနိုင်သည်နှင့် ..." ကျွန်တော် ခင်ဗျားကို မသတ်ဘူး"ဟု ဟယ်ရီ

ပြောလိုက်သည်..။

သူ့ထံဦးတည်နေသော ရုပ်သွင်မှာ ပေါက်ကွဲသွားပြီး ဖုန်မှုန့်များ လွင့်ပျံလာ၏...။ အားလုံးကို သေသေချာချာ မြင်ရသည်အထိ ဟယ်ရီ စောင့်နေလိုက်ပြီး မီးဖိုခန်းဘက်

ဆက်ထွက်လာခဲ့သည်..။ သူ မစ္စစ်ဘလက်၏ ပန်းချီကားချပ် သူ့စကားကို မကြားနိုင်သော နေရာရောက်မှ..

"ငါ့မှာ သတင်းထူးပါလာတယ်.. မင်းတို့တော့ ကြိုက်မယ် မထင်ဘူး"

မီးဖိုခန်းမှာ မမှတ်မိလောက်အောင် ပြောင်းလဲသွားပြီ ဖြစ်သည်..။ နံရံများ ကြမ်းပြင်များမှာ ပြောင်လက်တောက်ပနေ၏..။ ကြေးအိုးများ ဒယ်အိုးများမှာ ပြောင်လက်တောက်ပနေအောင်

တိုက်ချွတ်ထားပြီး သစ်သားစားပွဲမှာလည်း သန့်ရှင်းသပ်ရပ်နေသည်..။ စားပွဲပေါ်တွင် ညစာအတွက် ပန်းကန်ပြားများ ဖန်ခွက်များ အသင့်ရှိနေ၏..။

သို့ရာတွင် ဤအခန်းထဲဝယ် အထူးခြားဆုံး ပြောင်းလဲသွားသူမှာ မှင်စာကလေးဖြစ်ပြီး ဖြူဖွေးနေသော အဝတ်စကို ဝတ်ဆင်ထားသည်..။ ရိဂူလပ်စ်၏ လော့ကတ်မှာ သူ့ရင်ဘတ်ပေါ်ဝယ်

ရှိနေ၏..။ သူက ဟယ်ရီ့ထံ အလျင်အမြန် ရောက်လာရင်း..

"ဖိနပ်ချွတ်လိုက်ပါ သခင်.. နောက်ပြီး ညစာမစားခင် လက်ဆေးလိုက်ပါဦး.."

ခရီချာက သူ့ကိုယ်ပျောက်ဝတ်ရုံကို ယူလိုက်ပြီး နံရံရှိ ချိတ်တွင် ချိတ်ထားလိုက်သည်..။

ရွန်က..

"ဘာဖြစ်လာတာလဲ..."

သူနှင့် ဟာမီယွန်တို့နှစ်ယောက်မှာ မှတ်စုများ လက်နှင့်ရေးထားသော မြေပုံစာရွက်များနှင့်အတူ စားပွဲပေါ်တွင် ထိုင်နေကြသည်..။ ဟယ်ရီက သတင်းစာကို သူတို့ စားပွဲပေါ်တွင်

ပစ်တင်လိုက်သည်..။

သူတို့ ရင်းရင်းနှီးနှီး သိနေသော ဆံပင်နက်နက် နှာခေါင်းကောက်ကောက် မျက်နှာတစ်ခု၏ ဓာတ်ပုံကို ခေါင်းစဉ်တစ်ခုအောက်တွင် တွေ့လိုက်ရသည်..။

"ဆီးဗားရပ်စ် စနိပ်ကို ဟော့ဝပ်ကျောင်းအုပ်အဖြစ် ခန့်အပ်လိုက်ခြင်း"

"အိုး..."

ရွန်ကော ဟာမီယွန်ပါ ကျယ်လောင်စွာ အော်ဟစ်လိုက်၏..။

ဟာမီယွန်က လျင်မြန်စွာပင် သတင်းစာကို ယူလိုက်ပြီး ကျယ်ကျယ်လောင်လောင် ဖတ်ပြလိုက်သည်...။

ဟော့ဝပ်ကျောင်း၌ နှစ်ပေါင်းများစွာ ဆေးရည်ဘာသာရပ် ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆီးဗားရပ်စ် စနိပ်အား ယနေ့ ကျောင်းအုပ်အဖြစ် ခန့်အပ်လိုက်သည်။

မက်ဂယ်လေ့လာရေး ဘာသာရပ်ဆရာ အနားယူသွားသဖြင့် အလက်တိုကာရိုးအား ခန့်ထားသည်.. သူမ၏ အစ်ကို အမီကပ်စ်မှာ မိစ္ဆာမှော်ပညာ ကာကွယ်ရေး ဘာသာရပ်ကို

သင်ကြားမည် ဖြစ်သည်..။ စုန်းကဝေ လောက၏ ရိုးရာအစဉ်အလာကို ထိန်းသိမ်းနိုင်မည့် အကောင်းဆုံး ကျောင်းအုပ်ပင် ဖြစ်သည်..။

"ဆီးဗားရပ်စ်စနိပ်က ကျောင်းအုပ်လုပ်မယ်.. ဘာအတွက်လဲ.. လူသတ်ဖို့လား.. သူများနားရွက်ကို ဖြတ်ထုတ်ဖို့လား..."

သူမက စိတ်ဆိုးဆိုးနှင့် ထအော်လိုက်သည်... ။ ရွန်ကော ဟယ်ရီပါ ရုတ်တရက်မို့ လန့်ဖျတ်သွားကြသည်..။ သူမက စားပွဲမှ ထကာ အခန်းတွင်းသို့ ပြေးဝင်သွားရင်း အော်ဟစ်သွား၏..။

"ငါ ပြန်လာခဲ့မယ်..."

ရွန်က..

"သူ တော်တော် စိတ်ဆိုးနေပုံပဲ..."

သူက သတင်းစာကို ဆွဲယူကာ စနိပ်အကြောင်းကို ဆက်ဖတ်ရင်း...

"တခြား ဆရာတွေကကော လက်ခံကြသလား.. မက်ဂေါ်နာဂေါ်ရော ဖလစ်ဝစ်ရော စပရောက်ရော အမှန်ကို သိထားကြတာပဲ.. သူတို့ စနိပ်ကို ကျောင်းအုပ်အဖြစ် လက်မခံသင့်ဘူး.. ဒီ

ကာရိုးကရော ဘယ်သူလဲ..."

"ဒက်အိတာပဲ... အထဲမှာ သူတို့ ခုတ်ပုံပါတယ်.. ငါ သူတို့ကို မျှော်စင်အပေါ်ဆုံးထပ်မှာ ဒမ်ဘယ်လ်ဒိုး သေတဲ့ညက တွေ့ခဲ့ပြီးသား.. တခြား ဆရာတွေလည်း ဘာတတ်နိုင်မှာလဲ..

ဝန်ကြီးဌာနရော ဗိုဒီမော့ပါ စနိပ်နောက်မှာ ရှိနေရင် ဆက်နေပြီး သင်မလား ဒါမှမဟုတ် အက်ဇကာဘန်မှာ သွားနေမလားလို့ပဲ ရွေးစရာ ရှိတယ်... ငါထင်တာ သူတို့ဆက်နေရင်းနဲ့

ကျောင်းသားတွေကို တတ်နိုင်သရွေ့ ကာကွယ်ပေးလိမ့်မယ်.."

ခရီချာမှာ စားပွဲဆီသို့ ဇရာမဇလုံကြီးကို ကိုင်ကာ ရောက်လာပြီး သူ့ပန်းကန်လုံးထဲသို့ စွပ်ပြုတ်ထည့်ပေးရင်း လေချွန်နေ၏..။

"ကျေးဇူးပဲ ခရီချာ.."

ဟယ်ရီ စနိပ်မျက်နှာကို မမြင်ချင်သဖြင့် သတင်းစာကို ခေါက်ထားလိုက်သည်..။

"ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ စနိပ် ဘယ်မှာလဲဆိုတာ သေချာသိရပြီပေါ့"

သူ စွပ်ပြုတ်ကို စသောက်ကြည့်လိုက်သည်..။ ခရီချာ၏ အချက်အပြုတ် လက်ရာမှာ သူ့ကို ရီဂူလပ်စ်၏ လော့ကတ်ကိုပေးပြီးကတည်းက အံ့သြဖွယ်ရာ တိုးတက်လာ၏..။ သူက ရွန့်ကို..

"အိမ်ကို စောင့်ကြည့်နေတဲ့ ဒက်အိတာတွေ တစ်ပုံကြီးပဲ.. အရင်ကထက် များလာတယ်.. ငါထင်တာတော့ သူတို့က ငါတို့ ပစ္စည်းတွေ သယ်ပြီး ကျောင်းကို သွားလိမ့်မယ်လို့များ

ထင်နေသလား မသိဘူး.."

ရွန်က...

"ရထားထွက်သွားတာတောင် ခြောက်နာရီလောက်ရှိပြီပဲ.. ငါတို့ လိုက်မသွားဖြစ်တာ တစ်မျိုးကြီးလိုပဲ..."

ဟယ်ရီ့စိတ်ထဲတွင် ကြက်သွေးရောင် ရေနွေးငွေ့ စက်ခေါင်းကြီးကို မြင်ယောင်နေမိသည်..။ သူသေချာသိသည်မှာ ယခုအချိန်တွင် ဂျင်းနီ.. နဗီးလ်နှင့် လူနာတို့မှာ အတူတူ

ရှိနေကြလိမ့်မည်..။ ထို့အပြင် သူတို့ ဘယ်ရောက်နေသလဲဟုပဲ တွေးနေမည်လား စနိပ်ကို ဘယ်လို ဆန့်ကျင်ရမည်ဆိုသည်ကိုပဲ ဆွေးနွေးနေမလားဟု တွေးနေမိ၏..။ ဟယ်ရီက....

"ငါ ပြန်လာတုန်းက မြင်သွားတော့မလို့.. လှေကားထိပ်ကို ကို့ရို့ကားယား ရောက်လာတော့ ဝတ်ရုံက ကျွတ်သွားတယ်.."

"ငါတော့ အမြဲဖြစ်နေကျပဲ.. ဟော.. ပြန်လာပြီ.."

ထိုအချိန်တွင် ဟာမီယွန်မှာ အခန်းတွင်းသို့ ပြန်ဝင်လာသည်..။

"နင်ဘာသွားလုပ်တာလဲ.."

"ငါ ဒါကို သတိရသွားလို့..."

သူမမှာ ပန်းချီကားချပ်ကြီးတစ်ခုကို ယူလာ၏...။ သူမက ထိုပန်းချီကားချပ်ကို လက်ကိုင်အိတ်ထဲသို့ အတင်းပင် ထိုးထည့်လိုက်သည်..။ ပန်းချီကားမှာ လက်ကိုင်အိတ်ထက် အဆများစွာ

ကြီးနေသော်လည်း အိတ်ထဲသို့ ရှောရှောရှူရှူပင် ဝင်ရောက် ပျောက်ကွယ်သွားတော့သည်..။

"ဖီးနီးယပ်စ်နစ်ဂဲလပ်စ်ရဲ့ ပုံလေ..."

သူမက လက်ကိုင်အိတ်ကို စားပွဲပေါ်ပစ်တင်လိုက်ရာ ထုံးစံအတိုင်းပင် ဆူဆူညံညံ အသံများ ထွက်ပေါ်လာ၏..။

ရွှန်က နားမလည်နိုင်ဟန်ဖြင့်...

"ဘာကိစ္စတုန်း..."

သို့ရာတွင် ဟယ်ရီကမူ ကောင်းကောင်းကြီး နားလည်ပေသည်..။ ဖီးနီးယပ်စ်နစ်ဂဲလပ်စ်၏ ရုပ်ပုံမှာ ဤအိမ်နှင့် ဟော့ဝပ်ရှိ ကျောင်းအုပ်ကြီး ရုံးခန်းအတွင်းသို့ လှည့်ပတ်သွားလာနိုင်၏..။

ဟာမီယွန်က ရွှန့်ကို ရှင်းပြလိုက်သည်...။

"စနိပ်က ဖီးနီးယပ်စ်ကို လွှတ်ပြီး ဒီအိမ်ထဲကို ကြည့်ခိုင်းရင် ဘယ်လိုလုပ်မလဲ.. အခုဆိုရင် ဖီးနီးယပ်စ် ငါ့အိတ်ထဲကိုပဲ မြင်တော့မယ်..."

"တကယ့်အကြံကောင်းပဲ..."

ဟာမီယွန်က စွပ်ပြုတ်ပန်းကန်ကို ဆွဲယူလိုက်ရင်း..

"ဟယ်ရီ.. ဒီနေ့ ဘာတွေ ဖြစ်လာခဲ့သလဲ..."

"ဘာမှမဖြစ်ပါဘူး.. ဝန်ကြီးဌာနရဲ့ အဝင်အထွက်တွေကို စောင့်ကြည့်ခဲ့တာပဲ.. သူ့ကို မတွေ့ဘူး.. မင်းအဖေကို ငါမြင်ခဲ့တယ် ရွှန် .. အခြေအနေ ကောင်းနေပုံပဲ"

ရွှန်က ခေါင်းညိတ်ပြလိုက်သည်..။ သူတို့အားလုံး မစ္စတာဝီစလေကို ရုံးတက်ရုံးဆင်းချိန်တွင် ဆက်သွယ်ရန် ကြိုးစားခြင်းမှာ အလွန်အန္တရာယ်ကြီးသည်ဟု သဘောတူထားကြသည်...။

“အဖေ ငါ့ကိုပြောတာတော့ ဝန်ကြီးဌာနက လူအတော်များများက ဖလူကွန်ယက်ကိုပဲ သုံးတယ်.. ဒါကြောင့် ငါတို့ အမ်ဘရစ်ချ်ကို မတွေ့ရတာပဲ .. သူ လမ်းလျှောက်လာလိမ့်မယ်လို့

ငါတော့ မထင်ဘူး..”

“ရယ်စရာပုံစံနဲ့ စုန်းအိုကြီးတစ်ယောက်ရယ် နောက်ပြီး ရေတပ်ဝတ်စုံလိုဟာမျိုးနဲ့ ခပ်သေးသေး တစ်ယာက်ရယ်ကတော့..”

“ဒါ မှော်ပညာထိန်းသိမ်းရေးဌာနက လူတွေပဲ ဖြစ်ရမယ်…”

“နင် ဘယ်လိုလုပ်သိသလဲ..”

“အဖေပြောတာတော့ မှော်ပညာ ထိန်းသိမ်းရေးဌာကစိတ်က လူတွေအားလုံး ရေတပ်ထဲကလို အပြာရောင်တွေ ဝတ်တယ်တဲ့…”

“နင်မှ ငါတို့ကို ပြောမပြတာ…”

ဟာမီယွန်က စောစောက လုပ်လက်စ မှတ်စုစာရွက်များနှင့် မြေပုံတို့ကို ပြန်ကိုင်လိုက်သည်..။ သူမက မှတ်စုစာရွက်များကို ရှာဖွေလိုက်ရင်း…

“ဒီမှာ အပြာရောင် ဝတ်စုံအကြောင်း လုံးဝမပါဘူး…”

“ဒါ ဘာအရေးကြီးလို့လဲဟာ..”

“ရွန်.. ဒါလည်း အရေးကြီးတာပဲ.. ငါတို့ ဝန်ကြီးဌာနထဲ ဝင်မယ်ဆိုရင် အသေးအမွှားလေးက အစ အရေးကြီးတယ်..”

“ဆောရီး .. ငါမေ့သွားလို့ပါ…”

“အဲဒီ့နေရာလောက် အန္တရာယ်များတဲ့နေရာ ကမ္ဘာပေါ်မှာ ရှိမှာ မဟုတ်ဘူး ရွန်…”

ထိုအချိန်မှာပင် ဟယ်ရီက…

“ငါတို့ မနက်ဖြန်ပဲ သွားကြစို့…”

ဟာမီယွန်မှာ စွပ်ပြုတ်သောက်ခါနီးဆဲဆဲ ပါးစပ်ဟလျှက်နှင့် ငြိမ်သက်သွားသလို ရှန်မှာ စွပ်ပြုတ်သီး၍ ချောင်းတဟွတ်ဟွတ် ဆိုးတော့သည်…။

“မနက်ဖြန် ဟုတ်လား.. နင်တကယ် ပြောနေတာလား ဟယ်ရီ…”

“တကယ်ပြောနေတာ .. ငါတို့ နောက်ထပ် အပေါက်ဝကနေ တစ်လလောက် ထပ်စောင့်ကြည့်လည်း အခုထက်ပိုပြီး ဘာမှ ထူးခြားမယ် မထင်ဘူး.. ငါတို့ ကြာနေလေ လော့ကတ်က

အဝေးကို ရောက်သွားဖို့ လွယ်လေပဲ… အမ်ဘရစ်ချ် ဒီပစ္စည်းကို လွှင့်ပစ်လိုက်နိုင်တယ်.. ဖွင့်လို့ လုံးဝမရဘူးဆိုတာ နင်တို့ သတိရဦးလေ..”

ရှန်က..

“ဒါမှမဟုတ် ဖွင့်လို့ရသွားပြီဆိုရင် မိုဒီမော့က သူ့ကိုဝင်ပူးပြီးလောက်ပြီ…”

“သူ့အတွက် ဘာမှမထူးခြားလောက်ပါဘူး.. အရင်ကတည်းက သူလည်း မိစ္ဆာနီးပါး ဆိုးဝါးရက်စက်တာပဲ…”

ဟာမီယွန်မှာမူ ငြိမ်သက်ရင်း စဉ်းစားခန်းဝင်နေ၏..။ ဟယ်ရီက သူမကို…

“ငါတို့ အရေးကြီးတဲ့ အချက်တွေအားလုံး သိထားပြီးပြီ.. အခု သူတို့ ဝန်ကြီးဌာနထဲကို ကိုယ်ရောင်ဖျောက်ပြီး အဝင်အထွက် မလုပ်တော့ဘူး.. အရမ်းရာထူးကြီးတဲ့ လူတွေကိုပဲ

ဖလူကွန်ယက်နဲ့ ဆက်သွယ်ခွင့် ပေးထားတယ်..နောက်ပြီး အမ်ဘရစ်ချ်ရဲ့ရုံးခန်း ဘယ်မှာ ရှိသလဲဆိုတာလည်း ငါတို့ အကြမ်းဖျဉ်း သိတယ်… နောက်ပြီး အထဲကိုဝင်ဖို့ ဒင်္ဂါပြားတို့

တိုကင်တို့ သုံးရတယ်ဆိုတာလည်း ငါတို့သိတယ်…”

“ဒါပေမယ့် ငါတို့မှာ တစ်ခုမှ မရှိဘူးလေ…”

“ငါတို့ရဲ့ အကြံအတိုင်းဖြစ်လာရင် ရလာမှာပေါ့…”

ဟယ်ရီက ခပ်အေးအေးပင် ဆက်ပြော၏..။

“ငါမသိဘူး ဟယ်ရီ… တကယ်မပြောတတ်တော့ဘူး.. ငါတို့ မှားသွားနိုင်တဲ့ ကိစ္စတွေ အများကြီးပဲ…”

"ငါတို့နောက်သုံးလလောက် အချိန်ယူလည်း ဒီလိုပဲ နေမှာပဲ.. ဒီတော့ လက်တွေ့လုပ်ရမယ့် အချိန်ရောက်ပြီ..

ရွှန်နှင့် ဟာမီယွန်တို့၏ မျက်နှာများကို ကြည့်၍ သူတို့ထိတ်လန့်နေကြောင်း ဟယ်ရီ ကောင်းကောင်းပြောနိုင်သည်..။ သူကိုယ်တိုင်လည်း ယုံကြည်ချက် မရှိလှပေ..။ သို့ရာတွင် သူတို့၏

အကြံအစည်ကို အကောင်အထည်ဖော်ရန် အချိန်ရောက်ပြီဟု သူယူဆ၏။

သူတို့ ပြီးခဲ့သည့် လေးပတ်စလုံး တစ်ယာက်တစ်လှည့်ဆီ ကိုယ်ပျောက်ဝတ်ရုံခြုံကာ ဝန်ကြီးဌာနဝင်ပေါက်သို့ သွား၍စောင့်ကြည့်ခဲ့ကြသည်...။

သူတို့ ဝန်ကြီးဌာနမှ အလုပ်သမားများနောက်ကို နောက်ယောင်ခံလိုက်ကာ ပြောနေသော စကားများကို နားထောင်ခဲ့ကြသည်..။ တစ်ခါတစ်ရံ တစ်ယောက်ယောက်၏ အိတ်ထဲမှ

သတင်းစာကို နှိုက်ယူဖို့ အခွင့်အရေး ရတတ်သည်..။ တဖြည်းဖြည်းနှင့် မြေပုံနှင့် အချက်အလက်များ စုဆောင်းယူခဲ့ကြသည်..။

ရွှန်က...

"ကောင်းပြီလေ.. ငါတို့ ဒီကိစ္စကို သဘောတူပြီသား..."

"ငါတို့ နင့်ကို အပေါက်ဝမှာ ကိုယ်ပျောက်ဝတ်ရုံနဲ့ သွားစောင့်ဖို့ပဲ သဘောတူထားတာ.. ဒီကိစ္စက မတူဘူး..."

ရွှန်က သူတို့ နှိုက်ယူလာခဲ့သော သတင်းစာပုံကို လက်ညှိုးထိုးပြရင်း..

"နင့် နာမည်က မက်ဂယ်မွေးသူများ စုံစမ်းရေးအဖွဲ့ကို မလာတဲ့အထဲမှာ ပါနေတယ်..."

"နင်လည်း ဘာရိုးမှာ အကြီးအကျယ် နေမကောင်း ဖြစ်နေတယ် မဟုတ်ဘူးလား.. သွားဖို့ မသင့်ဆုံးကတော့ ဟယ်ရီပဲ.. သူ့ခေါင်းကို ဂယ်လီယွန် တစ်သောင်း ဆုငွေ ထုတ်ထားတယ် မ

ဟုတ်လား..."

ဟယ်ရီက..

"အေး .. ဒါဆိုလည်း ငါနေခဲ့မယ်လေ.. နင်တို့ ဗိုဒီမော့ကို ရှင်းပြီးရင် ငါ့ကို အကြောင်းကြားလိုက်ပေါ့ဟာ..."

ရွှန်ကော ဟာမီယွန်ပါ ရယ်လိုက်ကြသည်..။ ထိုအချိန်မှာပင် ဟယ်ရီ့နဖူးမှ အမာရွတ်မှာ မခံမရပ်နိုင်အောင် နာကျင်လာသည်..။ ဟာမီယွန် သူ့ကို မသင်္ကာသလို ကြည့်လိုက်သဖြင့်

ဟယ်ရီ ဆံပင်သပ်တင်ချင်ယောင် ဆောင်လိုက်ရသည်။ ရွှန်ကမူ သတိမထားမိပဲ...

"ငါတို့ သုံးယောက်လုံး သွားမယ်ဆိုရင် ခွဲထွက်မှရမယ်.. ကိုယ်ပျောက်ဝတ်ရုံထဲမှာ သုံးယောက်လုံး မဆန့်နိုင်ဘူး.."

ဟယ်ရီ့အမာရွတ်မှာ ပို၍ အခြေအနေဆိုးလာသဖြင့် နေရာမှ သူထလိုက်သည်။ ခရီချာက ကမန်းကတန်းပင် သူ့အနား ရောက်လာပြီး...

"သခင် စွပ်ပြုတ်ကုန်အောင် မသောက်ပါလား.. တခြား ဘာစားချင်သေးသလဲ..."

"ကျေးဇူးပဲ ခရီချာ.. ငါပြန်လာခဲ့မယ်.. ရေချိုးခန်းသွားမလို့.."

ဟယ်ရီ ဟာမီယွန့်အကြည့်ကို မသိချင်ယောင်ဆောင်ကာ အပေါ်ထပ်သို့ အပြေးတက်ခဲ့ရင်း ရေချိုးခန်းတံခါးကို ပိတ်ထားလိုက်သည်..။ သူ နံရံကို မှီရင်း မျက်စိများကို

မှိတ်ထားလိုက်သည်...။

လမ်းကြားလေး တစ်ခုအတိုင်း သူသွားနေ၏..။ ဘေးဘက်ရှိ အိမ်များမှာ မြင့်မားကြသည်..။ အိမ်တစ်ခုအနီးသို့ တိုးကပ်သွားကာ တံခါးကို တွန်းဖွင့်လိုက်သည်..။

"ဂရီဂိုရှိဗစ်ချ်..."

အေးစက်စက်အသံဖြင့် အိမ်တွင်းသို့ လှမ်းခေါ်လိုက်၏...။

အိမ်အတွင်းရှိ မိန်းမတစ်ယောက်မှာ ခေါင်းခါပြရင်း တံခါးပိတ်ရန် ကြိုးစားနေ၏..။ အဖြူရောင်လက်မှာ တံခါးဘောင်ကို ပိတ်မရနိုင်ရန် ဆုပ်ကိုင်ထား၏..။

"ငါ ဂရီဂိုရှိဗစ်ချ်နဲ့ တွေ့ချင်တယ်..."

သူမက ခေါင်းခါပြရင်း...

"သူ ဒီမှာ မနေဘူး.. သူ့ကို မသိဘူး.."

တံခါးကို ပိတ်ရန် မကြိုးစားတော့ပဲ သူမ အိမ်ထဲသို့ ဝင်ပြေးသွားသည်။ သူမနောက်မှ လေဟုန်စီးလိုက်သွားရင်း မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်ကာ..

"သူ ဘယ်မှာလဲ..."

"သူ ပြောင်းသွားပြီ.. ကျွန်မ ဘာမှ မသိဘူး.. မသိဘူး.."

သူမှော်တောင်ဝှေးကို မြှောက်လိုက်သည်..။ မိန်းမကြီးမှာ စူးစူးဝါးဝါး အော်ဟစ်လိုက်သလို ကလေးငယ်နှစ်ယောက်မှာ အခန်းထဲသို့ ပြေးဝင်လာ၏..။ သူမက ကလေးများကို ပွေ့ဖက်ကာ

ကာကွယ်ရန် ကြိုးစားစဉ်မှာပင် အစိမ်းရောင် အလင်းများကို မြင်လိုက်ရသည်..။

"ဟယ်ရီ.. ဟယ်ရီ.."

သူ မျက်လုံးဖွင့်ကြည့်လိုက်သည်..။ ကြမ်းပြင်ပေါ်ဝယ် သူလဲကျနေ၏..။ ဟာမီယွန်မှာ တံခါးကို တဒုန်းဒုန်း ထုနေသည်..။

"ဟယ်ရီ.. တံခါးဖွင့်စမ်းပါ.."

သူ ထရပ်ကာ တံခါးကို ဖွင့်ပေးလိုက်သည်..။ ဟာမီယွန်မှာ အထဲသို့ ရောက်လာပြီး သူကို မသက်သာသလို ကြည့်၏..။ ရွန်ကမူ သူမ၏ နောက်ဝယ် မှော်တောင်ဝှေးကို ကိုင်ရင်း ပါလာ၏..။

"နင်ဘာလုပ်နေတာလဲ..."

"ငါဘာလုပ်နေတယ် ထင်လို့လဲ..."

ရွန်က...

"ငါတို့ အော်ခေါ်နေတာ အကြာကြီးပဲ..."

"ငါ.. ငါအိပ်ငိုက်သွားလို့ပါ.."

ဟာမီယွန်က..

"ဟယ်ရီ.. ငါတို့ကို မညာချင်စမ်းပါနဲ့ဟာ .. နင့်အမာရွတ် နာလာတယ် ဆိုတာ ငါတို့ သိပါတယ်.."

ဟယ်ရီ ရေချိုး ကြွေဇလုံပေါ်တွင် ထိုင်လိုက်သည်..။ ထို့နောက်...

"ဟုတ်တယ်.. ဗိုဒီမော့ မိန်းမတစ်ယောက်ကို သတ်နေတယ်.. အခုဆိုရင် တစ်မိသားစုလုံးတောင် သတ်ပြီးလောက်ပြီ.. သူ ဒီလိုမလုပ်သင့်ဘူး.. သူနဲ့တွေ့တာနဲ့ အသတ်ခံရသလို ဖြစ်နေပြီ.."

"ဟယ်ရီ.. ငါတို့ ဒီလိုဆက်လုပ်နေလို့ မဖြစ်ဘူး.. ဒမ်ဘယ်လ်ဒိုးက နင့်ကို စိတ်တံခါးပိတ်နည်း သုံးခိုင်းတယ် မဟုတ်လား.. ဒီအဆက်အသွယ်ကို မသုံးသင့်ဘူး ဗိုဒီမော့က

အသုံးချသွားနိုင်တယ်.. နင် သူလူသတ်နေတာတွေ သိရတော့ကော ဘာထူးမှာလဲ..."

"ထူးတာပေါ့.. သူ ဘယ်မှာရှိသလဲ ငါသိရတာပေါ့.."

"ဒါဆို နင်က ဒီလိုပဲ ဆက်လုပ်နေဦးမှာပေါ့.."

"ဟာမီယွန် .. ငါ တကယ် မတတ်နိုင်ဘူး.. စိတ်တံခါးပိတ်တဲ့နည်းမှာ ငါ ဘယ်လောက်ညံ့ဖျင်းသလဲ နင်မသိတာလည်း မဟုတ်ပဲနဲ့.."

"နင် သေချာမကြိုးစားလို့ပါ.. နင် နင်ဘာလို့ ဒါကို ကြိုက်နေတာလဲ ဟယ်ရီ.. ငါ နားမလည်နိုင်တော့ဘူး.."

သူ မတ်တပ်ထကာ ကြည့်လိုက်သော အကြည့်ကြောင့် ဟာမီယွန် တုန်လှုပ်သွား၏..။

"ကြိုက်တယ်.. ဟုတ်လား.. နင်ဆိုရင်ကော ကြိုက်မှာလား"

"ငါ .. ငါဒီလိုပြောတာ မဟုတ်ပါဘူး.."

"ငါ ဒီလိုဖြစ်နေတာကို အရမ်းမုန်းတယ်.. နင်သိလား.. ဒါပေမယ့် ငါ ဒါကို အသုံးချနိုင်ဖို့ ကြိုးစားရမယ်..."

"ဒါပေမယ့် ဒမ်ဘယ်လ်ဒိုးက.."

"ဒမ်ဘယ်လ်ဒိုးကို ခေါက်ထားလိုက်စမ်းပါ.. ဒါ ငါ့ဆုံးဖြတ်ချက်ပါ... သူ ဘာလို့ ဂရီဂိုရိုဗစ်ချ်နောက် လိုက်နေတာလဲ ငါသိချင်တယ်.."

"ဘယ်သူ..."

"သူက နိုင်ငံခြားက မော်တောင်ဝေး လုပ်တဲ့သူပဲ.. ခရမ်္တောင်ဝေးကို သူလုပ်ပေးတာ.. တကယ်တော်တယ်လို့ ခရမ်က ပြောတယ်.."

ရွှန်က..

"ဒါပေမယ့် မင်းပြောသလိုဆိုရင် ဗိုဒီမော့ဆီမှာ အိုလီဗန်ဒါ ရှိနေပြီပဲ.. သူက နောက်တစ်ယောက်ကို ဘာလုပ်ဖို့လဲ..."

"ဂရီဂိုရီဗစ်ချ်က ပိုတော်တယ် ထင်လို့လား.. ဒါမှမဟုတ် ဂရီဂိုရီဗစ်ချ်ကို ငါ့ရဲ့ မော်တောင်ဝေးက ဘာဖြစ်လို့ သူ့ကို တိုက်ခိုက်ရတာလဲလို့ မေးမလို့လား.. ဘာလို့လဲဆိုတော့ ဒီကိစ္စကို

အိုလီဗန်ဒါ မဖြေရှင်းနိုင်ဘူး..."

ဟယ်ရီ ဖုန်မှုန့်များတက်ကာ အက်ကွဲနေသော မှန်ထဲမှတဆင့် ရွှန်နှင့် ဟာမီယွန့်ကို သူ့နောက်ဝယ် အချင်းချင်း ကြည့်နေကြသည်ကို တွေ့ရသည်..။

ဟာမီယွန်က..

"ဟယ်ရီ.. နင့်မော်တောင်ဝေး လုပ်တယ်လို့ပဲ နင်ပြောနေတယ်.. ဒါပေမယ့် ဒါနင်လုပ်တာပဲ.. နင့်မှာရှိတဲ့ အစွမ်းကို ဘာကိစ္စ ဝန်မခံချင်ရတာလဲ..."

"ဘာလို့လဲဆိုတော့ ငါ့လက်ချက်မဟုတ်လို့ပဲ.. ဒါကို ဗိုဒီမော့လည်း ကောင်းကောင်းသိတယ်..."

ဟာမီယွန် သူ့အဖြေကို မကျေနပ်မှန်း ဟယ်ရီသိသည်..။ ရွှန်က..

"ထားလိုက်တော့.. ဒီကိစ္စက နောက်မှ ရှင်းတာပေါ့.. ငါတို့ မနက်ဖြန် ဝန်ကြီးဌာနကို သွားမယ်ဆိုရင် အစီအစဉ်ဆွဲဖို့ လိုမယ်လို့ နင်မထင်ဘူးလား..."

ဟာမီယွန် ထိုစကားကို လက်ခံလိုက်သော်လည်း ကျေနပ်မည် မဟုတ်ကြောင်း ဟယ်ရီ ကောင်းကောင်းသိသည်..။ ထို့နောက် သူတို့ အောက်ထပ် မီးဖိုထဲ ပြန်ဝင်လာခဲ့ကြသည်။ ခရီချာက

သူတို့အတွက် အသားနှပ်ဟင်းနှင့် မုန့်များ ယူပေး၏..။

သူတို့ ညဉ့်အတော်နက်သည်အထိ အိပ်ရာမဝင်ဖြစ်ခဲ့ကြပေ။ သူတို့ အစီအစဉ်ကို နာရီအတော်ကြာကြာ ထပ်ခါထပ်ခါ ဆွေးနွေးကြသည်။ ဟယ်ရီမှာ ဆီးရီးယပ်စ်၏ အခန်းတွင်

အိပ်သည်။ သို့ရာတွင် သူ ချက်ချင်း မအိပ်နိုင်ပဲ မီးထွန်းကာ ခါတ်ပုံထဲမှ သူ့အဖေနှင့် သူငယ်ချင်းများကို ကြည့်နေမိသည်။ ထို့နောက် မီးငြိမ်းကာ အိပ်စက်လိုက်သည်။

မနက် အရုဏ်တက်သွားသည်မှာ ဘာမှ မကြာလိုက်ပေ။ ရွှန်က သူ့အခန်းထဲ နှိုးရန် ဝင်လာရင်း

"မင်းကြည့်ရတာ အတော်ဆိုးနေပါလား..."

"ကိစ္စမရှိပါဘူး.."

သူတို့ ဟာမီယွန်ကို မီးဖိုထဲဝယ် တွေ့ရ၏။ သူမမှာ ခရီချာ စီစဉ်ပေးသော ကော်ဖီနှင့် ကိတ်မုန့်ကို စားသောက်နေသည်။

"ဝတ်ရုံရှည်တွေလည်းပါပြီ..."

သူမက လက်ကိုင်အိတ်ထဲ ငုံ့ကြည့်ရင်း ပြောနေသည်။

"ရုပ်သွင်ပြောင်းဆေးရည်.. ကိုယ်ပျောက်ဝတ်ရုံ .. အင်း.. အကုန်တော့ စုံပါပြီ"

သူတို့ မနက်စာကို ခပ်သွက်သွက်စားကာ အပေါ်ထပ်သို့ ပြန်တက်ခဲ့ကြသည်။ သူတို့အားလုံး အိမ်ပြင်သို့ သတိထားကာ ထွက်ခဲ့ကြသည်။ သူတို့ကို စောင့်ကြည့်နေသော

ဒက်အိတာများကို မြင်နေရသည်။

ဟာမီယွန်နှင့် ရွှန် အတူတူ ပျောက်ကွယ်သွားပြီးနောက် သူ့ကိုခေါ်ရန် ဟာမီယွန် ပြန်ရောက်လာ၏။

ထို့နောက် ထုံးစံအတိုင်း အသက်ရှူရပ်လုမတတ် အမှောင်ထုအတွင်း နစ်မြုပ်သွားကာ လမ်းကြားလေးတစ်ခုအတွင်းသို့ ရောက်လာခဲ့သည်။ ထိုနေရာမှာ ယခုအချိန်တွင်

တိတ်ဆိတ်ခြောက်ကပ်နေ၏။ အစောဆုံး ဆိုသည့် ဝန်ကြီးဌာနမှ အလုပ်သမားမှာ နံနက်ရှစ်နာရီမှ ဤနေရာသို့ ရောက်လေ့ရှိသည်။

ဟာမီယွန်က နာရီကြည့်ရင်း..

"သူ နောက်ငါးမိနစ်ဆို ရောက်လာတော့မယ်.. ငါ သူ့ကို မေ့အောင် လုပ်ပြီးတာနဲ့..."

ရွှန်က..

"ဟာမီယွန် .. ငါတို့ သိပါတယ်.. နောက်ပြီး သူမလာခင် ငါတို့ တံခါးဖွင့်ထားရမယ် မဟုတ်လား..."

ဟာမီယွန်က အလန့်တကြားနှင့်..

"ငါ မေ့တော့မလို့ .. နောက်ဆုတ်ကြ..."

သူမက မှော်တောင်ဝှေးကို နောက်ဖေးတံခါးပေါက်ကို ချိန်လိုက်သည်..။ တံခါးမှာ "ဝုန်း"ကနဲ ပွင့်သွားသည်..။ တံခါးနောက်ဝယ် မှောင်မည်းနေသော လျှောက်လမ်းကလေးကို

တွေ့ရသည်..။ ဟာမီယွန်မှာ တံခါးကို ဆွဲပိတ်ထားလိုက်သည်..။ ထို့နောက် သူမက..

"ကဲ.. ငါတို့ အခု ကိုယ်ပျောက်ဝတ်ရုံ ပြန်ခြုံကြစို့..."

ထို့နောက် သူတို့ သုံးယောက်စလုံး ကိုယ်ပျောက်ဝတ်ရုံ ခြုံလွှမ်းထားလိုက်ကြ၏..။ မိနစ်ပိုင်းအတွင်းမှာပင် 'ဖောက်'ကနဲ အသံတစ်ချက် မြည်သွားပြီး ဝန်ကြီးဌာနမှ အမျိုးသမီးတစ်ယောက်

သူတို့ရှေ့နားတွင် ဘွားကနဲ ပေါ်လာ၏..။ သူမမှာ ဘာကိုမှ သတိမထားမိခင်မှာပင် ဟာမီယွန် အသံမထွက်ပဲ မန်းမှုတ်လိုက်သော ကျိန်စာထိမှန်ကာ လဲကျသွားတော့သည်..။

"တကယ်ကောင်းတဲ့ လက်ရာပဲ ဟာမီယွန်.."

ရွှန်က အမှိုက်ပုံးတစ်ခုအကွယ်မှ ပေါ်လာရင်း ပြော၏..။ ထို့နောက်တွင် သူတို့ နောက်ဖေးလမ်းကြားတစ်ခုအတွင်းသို့ သယ်လာခဲ့ကြသည်..။ ဟာမီယွန်က ဆံပင်အချို့ကို ယူလိုက်ပြီး

သူမ၏ လက်ကိုင်အိတ်ထဲမှ ရုပ်သွင်ပြောင်းဆေးရည်ကို ထုတ်ယူလိုက်သည်။ ရွှန်ကမူ သူမ၏ လက်ကိုင်အိတ်ကို မွှေနှောက် ရှာဖွေနေ၏..။

သူက ဟာမီယွန်ထံ ရွှေရောင်ဒင်္ဂါးများကို ကမ်းပေးလိုက်သည်..။ ထို့နောက် ကတ်ပြားလေး တစ်ခုကို ဖတ်လိုက်ရင်း..

"သူ့နာမည်က မက်ဖဲလ်ဒါဟော့ကတ်တဲ့.. မှော်ပညာ အလွဲသုံးစားမှု ဖြေရှင်းရေးဌာနကပဲ.. နင် ဒီကတ်ပြားကိုပါ ယူသွားရမယ်..."

ဟာမီယွန်က ရုပ်သွင်ပြောင်းဆေးရည်ကို သောက်ချလိုက်သည်..။ စက္ကန့်ပိုင်းအတွင်းမှာပင် သူတို့အနီးဝယ် ဒုတိယမြောက် မက်ဖဲလ်ဒါဟော့ကတ်တစ်ယောက် ရောက်လာ၏..။ သူမက

မက်ဖဲလ်ဒါထံမှ မျက်မှန်ကို ယူတပ်လိုက်သည်..။

"ငါတို့ နောက်ကျနေပြီ.. မှော်ပညာထိန်းသိမ်းရေးဌာနကလူ လာတော့မယ်.."

ဟယ်ရီနှင့် ရွန်တို့ ကိုယ်ပျောက်ဝတ်ရုံ ခြုံလိုက်ကြသည်..။ ဟာမီယွန်မှာမူ နောက်ထပ်ရောက်လာမည့် လူကို စောင့်နေ၏..။ စက္ကန့်ပိုင်းအတွင်းမှာပင် နောက်ထပ် 'ဖောက်'ကနဲ

အသံကြားလိုက်ရပြီး ခပ်သေးသေး စုန်းတစ်ယောက် ရောက်ချလာသည်။

"ဟယ်လို ... မက်ဖဲလ်ဒါ.."

"ဟယ်လို.. ဒီနေ့ ဘယ်လိုလဲ..."

ဟာမီယွန်က ပြန်နှုတ်ဆက်လိုက်သည်..။ လွန်စွာ စိတ်ပျက်နေဟန် ရှိသော ထိုသူက..

"အခြေအနေ မကောင်းပါဘူးဟာ..."

"အိုး.. ကြားရတာ စိတ်မကောင်းပါဘူး"

ဟာမီယွန်နှင့် ထိုသူတို့ လမ်းမကြီးဆီသို့ ဦးတည်သွားနေချိန်တွင် ဟယ်ရီတို့က နောက်မှ တိတ်တဆိတ် လိုက်လာခဲ့ကြသည်..။

ဟာမီယွန်က သူ့ကို လမ်းမပေါ်မရောက်ခင် တားမြစ်နိုင်ရန် ကြိုးစားနေ၏..။ ထို့နောက်..

"ရော့.. သကြားလုံး စားပါဦး..."

"နေပါစေ.. ကျေးဇူးပဲ..."

"စားစမ်းပါ.."

ဟာမီယွန်က သကြားလုံးကို အတင်းထိုးကျွေး၏..။ သကြားလုံးမှာ သူ့လျှာပေါ်ရောက်သည်နှင့် ချက်ချင်းပင် အစွမ်းပြတော့သည်..။ ထိုသူမှာ ချက်ချင်းပင် ပျို့အန်တော့သည်..။

သူ့ခေါင်းမှ ဆံပင်အချို့ ဟာမီယွန် နှုတ်ယူလိုက်သည်ကိုပင် မသိနိုင်လောက်အောင် ပျို့အန်နေ၏..။

"ဒုက္ခပါပဲ.. ရှင် ဒီနေ့ ခွင့်ယူသင့်တယ်..."

"မ.. မဖြစ်.. သူ.."

သူ့မှာ ပျို့အန်နေရသဖြင့် လမ်းပင် ကောင်းကောင်းမလျှောက်နိုင်ချေ..။

"သွား.. သွားမှ.. ဖြစ်.."

"ဒါ သက်သက်မဲ့ ဒုက္ခရှာတာပဲ.. ဒီအခြေအနေနဲ့ ရှင်အလုပ်သွားလို့ ဖြစ်မလား.. ရှင် စိန့်မန်ဂိုကို သွားပြီး ကုသင့်တယ်..."

ထိုသူမှာမတ်မတ်ပင်မရပ်နိုင်တော့ပဲ လေးဘက်ထောက်ကာ လမ်းမကြီးပေါ် သွားရန် ကြိုးစားနေ၏..။ ဟာမီယွန်က အော်ဟစ်လိုက်သည်။

"ရှင် ဒီအခြေအနေနဲ့ အလုပ်သွားလို့ မဖြစ်ဘူး..."

နောက်ဆုံးတွင် ထိုသူမှာ အမှန်တရားကို လက်ခံသွားဟန် ရှိသည်..။ ဟာမီယွန့် အကူအညီကိုယူကာ မတ်တတ်ရပ်လိုက်ပြီးနောက် ပျောက်ကွယ်သွားတော့၏..။ ရွှန်ကမူ သူအန်နေဆဲမှာပင်

ထိုသူ၏ လက်ဆွဲအိတ်ကို ဆွဲယူထားလိုက်ပြီး ဖြစ်သည်။

"အာ..."

ဟာမီယွန်က သူမ၏ စကတ်ကို ဆွဲမရင်း လမ်းမပေါ်ရှိ အန်ဖတ်များကို ရှောင်ရှားနေ၏..။

"သူ့ကိုပါ မေ့သွားအောင် လုပ်လိုက်ရင် ပြီးတာပဲ.."

ရွှန်က လက်ကိုင်အိတ်ကို ဆွဲထားရင်းမှ ...

"ဒါပေမယ့် မေ့နေတဲ့ လူတွေ အရမ်းများရင် မကောင်းဘူးလေ.. ကဲ .. ဆံပင်ကို ဆေးရည်ထဲထည့်တော့လေဟာ..."

မိနစ်ပိုင်းအတွင်းမှာပင် ရှန့်ပုံစံမှာ ခပ်သေးသေး စုန်းကဝေနှင့် ချွတ်စွပ်ဖြစ်သွား၏..။ သူက
အိတ်ထဲတွင် ခေါက်ထည့်ထားသော အပြာရောင် ဝတ်ရုံကို ဝတ်လိုက်ရင်း..

"သူ ဘာလို့ ဒီဝတ်စုံကို ထုတ်မဝတ်တာလဲ.. သူ အရမ်းသွားချင်နေတာလည်း ထူးဆန်းတယ်..
ဘာပဲဖြစ်ဖြစ် ငါတော့ ရက်ကာတာမိုး ဖြစ်သွားပြီ..."

ဟာမီယွန်က ဟယ်ရီ့အား ..

"နင်ဒီမှာ စောင့်နေဦး.. နင့်အတွက် ဆံပင် သွားရှာလိုက်ဦးမယ်..."

ဟယ်ရီ ဆယ်မိနစ်ခန့် စောင့်နေရသည်။ ဟယ်ရီ့အတွက်မူ အလွန်ကြာသည်ဟု ထင်မှတ်မိသည်..။
နောက်ဆုံးတွင် ရှန်နှင့် ဟာမီယွန်တို့ ပြန်ရောက်လာကြသည်..။

ဟာမီယွန်က ဟယ်ရီ့အား ခပ်ကောက်ကောက် ဆံပင်များကို ထိုးပေးရင်း..

"ဘယ်သူမှန်းတော့ မသိဘူး.. သူကတော့ နှာခေါင်းသွေးလျှံပြီး အိမ်ပြန်သွားပြီ.. ရော့ .. နင်
ဒီဝတ်ရုံတွေ လိုမယ်.. သူ့အရပ်က အမြင့်ကြီးပဲ.."

သူမက ခရီချာ လျှော်ဖွတ်ပေးလိုက်သော ဝတ်ရုံကို ဆွဲထုတ်လိုက်သည်။ ပြီးသည်နှင့် ဟယ်ရီ
ဆေးသောက်ချလိုက်ရင်း အဝတ်အစားလဲလိုက်၏..။ ပုံသဏ္ဌာန်ပြောင်းလဲသွားသည်နှင့်

သူ့အရပ်မှာ ခြောက်ပေခန့် မြင့်သွားသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ကြွက်သားများနှင့်
ကြံ့ခိုင်သန်စွမ်းနေ၏..။ သူ့မျက်နှာတွင် မုတ်ဆိတ်မွေးများပါ ပေါက်နေ၏..။

ကိုယ်ပျောက်ဝတ်ရုံကို အိတ်ထဲထည့်လိုက်ရင်း မျက်မှန်ကိုပါ အိတ်ထဲထည့်ထားလိုက်သည်..။

ရှန်က သူတို့အပေါ် မိုးကြည့်နေသော ဟယ်ရီ့အား ကြည့်ရင်း..

"ဟား ...ကြောက်စရာကြီးပါလားဟ.."

ဟာမီယွန်က..

"ရော့ ငါ့ဆီက တိုကင်တစ်ခုယူ.. သွားကြစို့.. ကိုးနာရီထိုးတော့မယ်"

သူတို့ လမ်းကြားထဲမှ အတူထွက်ခဲ့ကြသည်..။ ကိုကင်ါးဆယ်ခန့် လူရှုပ်သော ပလက်ဖောင်းကို ဖြတ်လျှောက်လာခဲ့ပြီးနောက် .. ကျား မ ဟု ဆိုင်းဘုတ်တပ်ထားသော နေရာသို့

ရောက်လာကြသည်..။

ဟာမီယွန်က..

"နောက်မှ ပြန်ဆုံကြတာပေါ့..." ဟု စိတ်လှုပ်ရှားစွာ ပြောရင်း 'မ'ဟူသော ဆိုင်းဘုတ်အောက်မှ လှေကားအတိုင်း ဆင်းသွားတော့သည်။

ဟယ်ရီနှင့်ရွန်မှာ အများသုံးအိမ်သာသဖွယ် ဖြစ်နေသော လှေကားအတိုင်း ဆင်းသွားကြသည်..။

အပြာရောင် ဝတ်စုံဝတ်ထားသော နောက်တစ်ယောက်က သူတို့ကို နှုတ်ဆက်ရင်း သူ၏ ရွှေရောင်ဒင်္ဂါးများကို တံခါးတစ်ချပ်ထဲ ထည့်လိုက်သည်..။

"တော်တော်ဆိုးဝါးတာပဲ ရက်ရေ.. ငါတို့အားလုံးကို ဒီပုံစံမျိုးနဲ့ အလုပ်လာခိုင်းထားတယ်.. သူတို့က ဟယ်ရီပေါ်တာများ ရောက်လာမယ် ထင်နေသလား မသိဘူး..."

ထို့နောက် ထိုသူမှာ သူ့စကားသူ သဘောကျကာ အားပါးတရ ရယ်၏..။ ရွန်ကမူ အားယူ၍ ပြုံးပြလိုက်ပြီး...

"ဟုတ်တယ်.. တော်တော် တုံးတဲ့သူတွေပဲ..."

ထို့နောက် ရွန်ကော ဟယ်ရီပါ အိမ်သာခန်းများ အတွင်းသို့ လိုက်ဝင်ခဲ့ကြသည်..။ ဟယ်ရီ့ဘေးနှစ်ဘက်မှ ရေဆွဲချသံများ ကြားလိုက်ရသည်..။ သူ အိမ်သာအောက်ခြေမှ အပေါက်ကို

ငုံ့ကြည့်နေစဉ်မှာပင် တစ်ဘက်ခန်းထဲသို့ ဝင်လာသော ခြေအစုံကို တွေ့ရ၏..။

သူ တခြားဘက်သို့ လှည့်ကြည့်လိုက်ရာ ရွန့်ကို တွေ့လိုက်ရသည်။ ရွန်က .. လေသံတိုးတိုးဖြင့်..

"ငါတို့ အိမ်သာကျင်းထဲကို ဝင်ရမယ် ထင်တယ်..."

"ဖြစ်နိုင်တယ်.."

ထို့နောက် ဟယ်ရီ စိတ်ပျက်လက်ပျက်နှင့် အိမ်သာထဲသို့ ဝင်ချလိုက်သည်..။ သူ မှန်သွားပြီကို ဟယ်ရီ သိလိုက်၏..။ ရေထဲတွင် ရုပ်နေရသည်ဟု ထင်ရသော်လည်း သူ့ဖိနပ်ရော ဝတ်ရုံပါ

ခြောက်ခြောက်သွေ့သွေ့ပင်..။

ထို့နောက် သူ ရေခလုတ်ကို ဆွဲချလိုက်သည်နှင့် ဝန်ကြီးဌာန၏ မီးဖိုထဲသို့ ရောက်လာတော့သည်။

အဝင်ခန်းမကြီးမှာ ဟယ်ရီ မှတ်မိသည့် ပုံသဏ္ဍာန်ထက်ပို၍ မည်းမှောင်နေ၏..။ အရင်တစ်ခါက ရွှေရောင်ရေပန်းတစ်ခုက ခန်းမအလယ်မှနေ၍ အားလုံးကို လင်းထိန်နေစေခဲ့သည်..။

ယခုမူ ထိုနေရာဝယ် အနက်ရောင် ကျောက်ရုပ်ကြီးက နေရာယူထားသည်။ ကျောက်ရုပ်ကြီး၏ အောက်ခြေဝယ် တစ်ပေခန့်မြင့်သည့် စာလုံးကြီးများဖြင့် မှော်ပညာသာလျှင်

အစွမ်းဆုံးဖြစ်သည်ဟု ရေးသားထား၏..။

ဟယ်ရီ သူ့နောက်မှ လူတစ်ယောက် ရောက်လာသည်ကို သိလိုက်သည်။ ထိုသူက..

"လမ်းဖယ်စမ်းပါ.. ခင်ဗျား.. အိုး .. ရမ်ကွန်းပါလား.. ဆောရီးပဲ..."

ကြောက်ကြောက်လန့်လန့်နှင့်ပင် ထိပ်ပြောင်နေသူမှာ ခပ်သုတ်သုတ် ထွက်ခွာသွား၏..။

'ရွှတ်..' ဟူသော လေသံတိုးတိုးကြောင့် ဟယ်ရီ ဟိုဟိုဒီဒီ ကြည့်လိုက်သည်..။ ရုပ်တုဘေးတွင် ဝန်ကြီးဌာနမှ အလုပ်သမားအယောင်ဆောင် ရွန်နှင့် ဟာမီယွန်ကို တွေ့လိုက်ရသဖြင့် သူ

ခပ်သွက်သွက် လျှောက်သွားလိုက်သည်..။

"နင် အဆင်ပြေသားပဲ..."

"အဆင်မပြေဘူး.. ကြွေအိုးထဲမှာ ညပ်နေသေးတယ်.."

"ရယ်စရာ မပြောနဲ့ ရွန်.. ဒါ တကယ်ဆိုးတာပဲ.."

ဟယ်ရီက ရုပ်ထုကြီးကို မော့ကြည့်ရင်း..

"ဘာပေါ်မှာ ထိုင်နေတာလဲ နင်ကြည့်ပြီးပြီလား..."

စုန်းကဝေနှစ်ယောက် ယှဉ်တွဲကာထိုင်နေသော ပလ္လင်ကြီးမှာ သေးငယ်သော လူသဏ္ဍာန်များစွာဖြင့် ထုလုပ်ထား၏..။ ရာပေါင်းများစွာသော ယောကျာ်းမိန်းမနှင့်ကလေးများ ဖြစ်ပြီး

အားလုံးမှာ ရုပ်ဆိုးကြကာ စုန်းကဝေ နှစ်ယောက်ကို ပင့်တင်ပေးထားကြသည်..။

“မက်ဂယ်တွေလေ.. ထားလိုက်စမ်းပါ.. သွားကြစို့..”

သူတို့ စုန်းကဝေများကြားထဲတွင် ရောနှောကာ ရွှေရောင်ဂိတ်ပေါက်ဝ တစ်ခုဆီသို့ လိုက်ပါသွားကြသည်..။ ပတ်ဝန်းကျင်ကို တတ်နိုင်သရွေ့ လှည့်ပတ်ကြည့်ရှုသော်လည်း အမ်ဘရစ်ချ်၏

အရိပ်အယောင်ကို မတွေ့ရပေ..။

တံခါးဝကို ဖြတ်ကျော်အပြီးတွင် ခန်းမငယ်လေး တစ်ခုအတွင်းသို့ ရောက်ရှိလာ၏..။ သူတို့ အခန်းထဲ ရောက်ချိန်မှာပင် ...

“ကာတာမိုး..”

သူတို့ လှည့်ပတ်ကြည့်လိုက်ကြသည်..။ ဒမ်ဘယ်လ်ဒိုး သေဆုံးစဉ်က ရှိနေခဲ့သော ဒက်အိတာတစ်ယောက် သူတို့ဆီသို့ လျှောက်လာနေသည်ကို တွေ့ရ၏..။ သူတို့ ပတ်ဝန်းကျင်ရှိ

လုပ်သားများ အားလုံး မျက်လွှာချကာ တိတ်ဆိတ်ကုန်ကြသည်။

ထိတ်လန့်မှုကို သူတို့အားလုံး ခံစားလိုက်ရသည်။ သူတို့နားမှ အလုပ်သမားတစ်ယောက်က လှမ်း၍ နှုတ်ဆက်လိုက်သော်လည်း ရက်ဇလေမှာ အရေးမစိုက်ချေ..။

“ငါ မှော်ပညာထိန်းသိမ်းရေး ဌာနစိတ်က လူတွေကို ခေါ်ထားတယ် ကာတာမိုး.. ငါ့ရုံးခန်းထဲမှာ မိုးရွာနေတုန်းပဲ...”

ရွန်ကတစ်ယောက်ယောက်များ ဝင်၍ တာဝန်ယူလေမလားဟု မျှော်လင့်ချက်ဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ သို့ရာတွင် မည်သူမှ စကားတစ်ခွန်းပင် မဟကြချေ..။

“မင်းရုံခန်းထဲမှာ မိုးရွာနေတယ် ဟုတ်လား.. ဒါ ဒါ သိပ်ကောင်းတဲ့ ကိစ္စမဟုတ်ဘူး...”

ရွန်က စိတ်လှုပ်ရှားစွာ တစ်ချက်ရယ်လိုက်၏..။ ရက်ဇလေ၏ မျက်လုံးများ ပို၍ ပြူးကျယ်လာကာ..

“မင်းက ဒါကို ရယ်စရာလို့ ထင်နေသလား ကာတာမိုး.. ဟင်..”

ရွှန့်အနီးရှိ စုန်းများမှာ ခပ်ဝေးဝေးသို့ ချက်ချင်းရှဲသွား၏..။

"မဟုတ်ပါဘူး.. ဒီလိုဆိုလိုတာ မဟုတ်ပါဘူး..."

"ငါ အောက်ထပ်ကို ဆင်းလာတာ မင်းမိန်းမကို စစ်ဆေးဖို့ဆိုတာ မင်းသိတယ်နော်.. မင်း သူ့လက်ကို ဆွဲပြီး စောင့်နေမယ်လို့ ငါထင်နေတာ.. ဘာလဲ.. မင်းမိန်းမကို စွန့်ပစ်လိုက်ပြီလား..

ဒီလိုဆိုရင်တော့ မင်းလိမ်မာတယ် ပြောရမှာပဲ.. နောက်တစ်ခါ မျိုးရိုးစစ်တဲ့သူကိုပဲ ရှာယူပေါ့ကွာ.."

ဟာမီယွန့်ထံမှ ထိတ်လန့်သော အသံတစ်ချက် လွှတ်ကနဲ ထွက်သွား၏။ ရက်ဇ်လေ ကြည့်လိုက်သည်တွင် သူမက တစ်ဘက်လှည့်ကာ ချောင်းဆိုးချင်ယောင် ဆောင်နေလိုက်သည်..။

"ဝန်ကြီးဌာနရဲ့ မှော်ပညာ ဥပဒေရေးရာဌာနမှာ ဒီအလုပ် ဘယ်လောက် အရေးကြီးတယ် ငါ ဒီအလုပ်ကို ဘယ်လောက် အလေးထားတယ်ဆိုတာ မင်းသိတယ်နော်.."

"သိ.. သိပါတယ်.."

ရွှန်က အသံခပ်တိုးတိုးဖြင့် ဖြေလိုက်၏။

"ဒါဆိုရင် ငါပြောသလို လုပ်စမ်းပါ...နောက်တစ်နာရီအတွင်းမှာမှ ငါ့ရုံးခန်း မိုးမတိတ်ဘူးဆိုရင် မင်းမိန်းမရဲ့ မျိုးရိုးက ပိုပြီး မသင်္ကာစရာ ဖြစ်သွားနိုင်တယ်"

ထို့နောက် ရက်ဇ်လေမှာ အနီးရှိ ဓာတ်လှေကားတစ်ခုအတွင်းသို့ ဝင်သွား၏..။ ဟယ်ရီ ရွှန်နှင့် ဟာမီယွန်တို့လည်း ဓာတ်လှေကားနောက်တစ်ခုပေါ် တက်လိုက်သည်။ သို့ရာတွင်

သူတို့နောက်မှ ကူးစက်ရောဂါတစ်ခု ရှိနေသည့်ပမာ မည်သူမျှ လိုက်မလာကြချေ..။ ထို့နောက် တံခါး ပိတ်သွားပြီး ဓာတ်လှေကားမှာ အပေါ်သို့ တက်သွားသည်..။

ရွှန်က သူတို့နှစ်ယောက်အား ချက်ချင်းပင်..

"ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ..."

သူ့ကို ကြည့်ရသည်မှာ စိတ်ပျက်လက်ပျက် ဖြစ်နေပုံရသည်..။

"ငါ .. ငါမသွားရင် ငါ့မိန်းမတော့ .. အဲ.. ကာတာမိုးရဲ့ မိန်းမတော့..."

"ငါတို့ပါ လိုက်ခဲ့မယ်.. ငါတို့ အတူတူ ရှိနေသင့်တယ်..."

ရွှန်က ဟယ်ရီ့စကားကို ခေါင်းခါငြင်းဆန်ရင်း...

"ငါတို့မှာ အချိန်များများ မရဘူး.. မင်းတို့နှစ်ယောက်ပဲ အမ်ဘရစ်ချ်ကို သွားရှာကြပေတော့.. ငါကတော့ ရက်ဗ်လေရဲ့ ရုံးခန်းကို သွားမှပဲ.. ဒါပေမယ့် မိုးရွာနေတာကို ငါ ဘယ်လို

ရပ်အောင်လုပ်ရမလဲ..."

ဟာမီယွန်က..

"ဖိုင်းနိုက်အင်ကမ်တာတမ်နဲ့ စမ်းကြည့်ပါလား.. ကျိန်စာတိုက်ထားတာ ဆိုရင်တော့ ရပ်သွားမှာပဲ.. ဒါမှမဟုတ်ရင်တော့ ဂါထာတစ်ခုခုနဲ့ ရာသီဥတုကို ပြောင်းလဲထားတာပဲ.. ဒါဆိုရင်

ပိုခက်သွားပြီ.. နင် အင်ပါးဗီးရပ်စ်ကို သုံးပြီး ပစ္စည်းတွေကို အရင်ကာကွယ်ထားရမယ်.."

"နင် ဖြည်းဖြည်း နောက်တစ်ခါလောက် ထပ်ပြောစမ်းပါ..."

ရွှန်က သူ့အိတ်ထဲတွင် ကလောင်တံကို လိုက်ရှာရင်း ပြော၏..။ ထိုအချိန်မှာပင် ဓာတ်လှေကားရပ်သွားပြီး မိန်းကလေးအသံတစ်သံ ထွက်ပေါ်လာသည်..။

"စတုတ္ထထပ်ကို ရောက်ပါပြီ.. မှော်ပညာနှင့်ဆိုင်သော သတ္တဝါများ ထိန်းသိမ်းရေးဌာန.. တိရစ္ဆာန်ရိုင်းများ ဌာနစိတ်.. ဝိညာဉ်ဌာနစိတ်.. ဂေါ့ဘလင် ဌာနစိတ်တို့ ရှိပါတယ်..."

ထို့နောက် တံခါးပွင့်သွားကာ စုန်းကဝေအချို့ ဓာတ်လှေကားထဲသို့ ဝင်လာကြသည်..။ နှုတ်ခမ်းမွေးများ ထူထူရှိနေသော တစ်ယောက်က ဟယ်ရီ့ကို ကြည့်၍...

"ဟယ်လို.. အဲလ်ဗတ်..."

သူက ရွှန်နှင့် ဟာမီယွန်ကို တစ်ချက်ကြည့်လိုက်သည်..။ ဟာမီယွန်မှာ ရွှန့်ကို အသံတိုးတိုးဖြင့် ရှင်းပြနေ၏..။ ထိုသူက ဟယ်ရီ့နားသို့ တိုးကပ်လာကာ နှစ်ကိုယ်ကြားလေသံဖြင့်..

"ဒတ်ခရက်စ်ဝဲလ်ရဲ့ ဂေါ့ဘလင်ဌာနစိတ်က အလုပ်ကို ငါရဖို့ နီးနေပြီ..."

ဟယ်ရီ သူ့ကို ပြန်ပြုံးပြလိုက်၏..။ ဓာတ်လှေကား ရပ်သွားပြီးနောက် တံခါးပွင့်သွားပြန်၏..။

"ဒုတိယထပ်ကို ရောက်ပါပြီ.. မှော်ပညာ ဥပဒေဌာနစိတ်တွေ ဖြစ်တဲ့ မှော်ပညာအလွဲသုံးစားမှု ထိန်းသိမ်းရေး ဌာန.. အော်ရာ ဌာနချုပ်တို့ ရှိပါတယ်"

ဟာမီယွန် ရွှန့်ကို တွန်းထုတ်လိုက်သည်ကို ဟယ်ရီ တွေ့လိုက်ရသည်..။ ထို့နောက် တခြား စုန်းကဝေများနှင့်အတူ လျှောက်သွားသဖြင့် ဓာတ်လှေကားထဲဝယ် ဟယ်ရီနှင့် ဟာမီယွန်သာ

ကျန်ရစ်သည်..။ တံခါးပိတ်သွားသည်နှင့် ဟာမီယွန်က..

"အမှန်ဆိုရင် ငါလိုက်သွားသင့်တယ် ဟယ်ရီ.. သူ ဘာလုပ်ရမှန်း သိပုံမရဘူး.. သူ့ကိုသာ မိသွားရင် အကုန်လုံးတော့..."

"ပထမထပ် မှော်ဝန်ကြီးဌာနကို ရောက်ပါပြီ..." ဟူသော အသံနှင့်အတူ ဓာတ်လှေကားတံခါး ပွင့်သွားပြီးနောက် ဟာမီယွန့်ထံမှ အလန့်တကြား အသံတစ်ချက် ထွက်ပေါ်လာ၏..။

လူလေးယောက် ရပ်လျှက်ရှိပြီး နှစ်ယောက်မှာ စကားလက်ဆုံကျနေကြသည်..။ တစ်ယောက်မှာ ဆံပင်ရှည်နှင့် ဖြစ်ပြီး ရွှေရောင်နှင့် အနက်ရောင် ရောစပ်ထားသော ဝတ်ရုံရှည်ဝတ်ထားပြီး

နောက်တစ်ယောက်မှာ ဆံပင်တိုတိုကို ဖဲပြားချည်ထားကာ ဖားပြုပ်နှင့် တူလှသော မိန်းမတစ်ယောက်ပင်..။

**၁၃။ မက်ဂယ်မွေး စုန်းကဝေများ မှတ်ပုံတင်ရန် သတ်မှတ်ခြင်း**

အမ်ဘရစ်ချ်က ဟာမီယွန်ကို တွေ့သည်နှင့်...

"အား .. မက်ဖဲလ်ဒါပါလား.. ထရေဗာ နင့်ကို လွှတ်လိုက်တာ မဟုတ်လား.."

"ဟုတ်... ဟုတ်ကဲ့..."

"ကောင်းတယ်.. မင်းရောက်လာတော့ အဆင်ပြေသွားပြီ..."

ထို့နောက် သူမက အနက်ရောင်နှင့် ရွှေရောင် ဝတ်ဆင်ထားသူဘက်သို့ လှည့်ပြီး...

"ဒါဆို ပြဿနာ မရှိတော့ဘူး ဝန်ကြီး.. မက်ဖဲလ်ဒါက မှတ်တမ်းရေးပေးနိုင်ရင် ကျွန်မတို့ ချက်ချင်း စလို့ရပြီ..."

သူမက လက်ထဲမှ မှတ်တမ်းကို ကြည့်ရင်း..

“ဒီနေ့ ဆယ်ယောက် စစ်စရာ ရှိတယ်.. တစ်ယောက်က ဝန်ကြီးဌာနက ဝန်ထမ်းရဲ့ ဇနီးတဲ့.. ကျွတ် ... ကျွတ် .. ဒီနေရာမှာတောင် ဒီလိုဖြစ်နေမှကိုး...”

သူမက ခာတ်လေ့ကားထဲဝင်ကာ ဟာမီယွန့်နံဘေးတွင် ရပ်လိုက်သည်။

“ငါတို့ အောက်ဆုံးထပ်ကို သွားမယ် မက်ဖဲလ်ဒါ .. မင်းလိုသမျှ တရားရုံးထဲမှာ ရှိတယ်.. အဲလ်ဗတ်.. မင်းက အပြင်ထွက်မှာ မဟုတ်ဘူးလား...”

“ဟုတ်တယ်.. ထွက်မှာပါ..”

ဟယ်ရီက ရမ်ကွန်း၏ အသံဖြင့် ပြန်ဖြေလိုက်သည်..။ ဟယ်ရီ အပြင်ထွက်လိုက်သည်..။ ခာတ်လေ့ကားတံခါး ပြန်ပိတ်သွား၏..။ ဟာမီယွန်၏ စိတ်လှုပ်ရှားနေသော မျက်နှာကို

သူတွေ့လိုက်ရသည်..။

ထိုအချိန်တွင် ဝန်ကြီးအသစ်က သူ့ကို...

“ရမ်ကွန်း ဒီအပေါ်ကို ဘာလာလုပ်တာလဲ”

သူ၏ ဆံပင်များမှာ ရှည်လျားကာ မှတ်ဆိတ်မွေးအချို့ပင် ဖြူစပြုနေ၏..။ နဖူးမှာ မောက်လှသောကြောင့် မျက်လုံးများပေါ်သို့ အရိပ်ကျနေ၏..။

ဟယ်ရီ ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ..

“စကားပြောစရာ နည်းနည်းရှိလို့ပါ.. အာသာဝီစလေ ဒီအပေါ်ကို တက်လာတယ်ဆိုလို့ လိုက်လာတာပါ...”

ပီယက်စ်သစ်က်နက်စ်က

“သူ မသင်္ကာစရာ ကောင်းတဲ့သူတွေနဲ့ ဆက်သွယ်တာကို မိပြီလား...”

“မဟုတ်ပါဘူး.. ဒီလိုမတွေ့သေးပါဘူး...”

"အရေးမကြီးပါဘူး.. အချိန်တန်ရင်မိမှာပေါ့.. မျိုးနွယ်ကို သစ္စာဖောက်တဲ့သူတွေလည်း မျိုးမစစ်တဲ့သူတွေလိုပဲ ဆိုးဝါးလွန်းတယ်.. ရမ်ကွန်း ... ကဲ.. သွားဦးမယ်.."

"ဟုတ်ကဲ့..."

သစ်ကိုနက်စ် ထွက်ခွာသွားသည်ကို ဟယ်ရီ စောင့်ကြည့်နေလိုက်သည်..။ ဝန်ကြီး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ထုတ်ကာ ခြုံလိုက်ပြီး

ကော်ရစ်ဒါအတိုင်း ဆန့်ကျင်ဘက်သို့ လျှောက်လာခဲ့သည်..။ ရမ်ကွန်းမှာ အလွန်အရပ်ရှည်သဖြင့် ဟယ်ရီမှာ ခြေထောက်မပေါ်စေရန် ခါးကိုင်းကာ လျှောက်နေရသည်..။

သူ သစ်သားတံခါးများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့သည်..။ တံခါးပေါ်ဝယ် နာမည်များ ရေးထိုးထား၏..။ ဝန်ကြီးဌာန၏ ထူးဆန်းမှု ရှုပ်ထွေးမှုနှင့် အစီအမံများမှာ သူ ရွှန်နှင့်

ဟာမီယွန်တို့ လေးပတ်တိတိ ရေးဆွဲခဲ့သည့် အစီအစဉ်ကို ရယ်စရာဖြစ်အောင် လုပ်နေသလိုပင်...။

သူတို့အားလုံး အထဲသို့ မသိအောင် ဝင်နိုင်ဖို့ကိုသာ အာရုံစိုက်ခဲ့ကြသည်..။ သူတို့ လူကွဲသွားခဲ့လျှင် ဘာလုပ်ရမည်ကို မစဉ်းစားထားခဲ့ပေ..။ ယခုအခါတွင် ဟာမီယွန်မှာ တရားရုံးအတွင်း

ရောက်နေပြီး နာရီပေါင်းများစွာ ကြာမြင့်မည်မှာ သေချာနေသည်..။

ရွှန်မှာ သူ မည်သို့မျှ မတတ်နိုင်သည့် မှော်ပညာရပ်များနှင့် လုံးထွေးနေမည်မှာ သေချာသည်..။

မိန်းမတစ်ယောက်၏ ကံကြမ္မာမှာ ရွှန့်အလုပ်ပေါ်တွင် တည်မှီနေသလို ဖြစ်နေသည်...။

ဟယ်ရီမှာမူ အပေါ်ဆုံးထပ်တွင် တစ်ယောက်တည်း လျှောက်ရှာနေရသည်..။ သူနံရံတစ်ခုကို မှီရင်း ဘာလုပ်ရမည်ကို စဉ်းစားလိုက်သည်။ အသံအားလုံး တိတ်ဆိတ်နေ၏...။ စကားပြောသံ

ခြေသံများကို လုံးဝမကြားရချေ..။

သူမရဲ့ ရုံးခန်း ဒီအထပ်မှာပဲ ရှိရမယ်ဟု ဟယ်ရီ တွေးနေမိသည်..။ သို့သော် အမ်ဘရစ်ချ်မှာ သူမ၏ ရတနာပစ္စည်းများကို ရုံးခန်းထဲတွင် ထားမည်ဟု မထင်ပေ..။ သို့သော်လည်း

မရှာကြည့်ပဲ ထား၍လည်း မဖြစ်ချေ..။ ထို့ကြောင့် သူ ကော်ရစ်ဒါအတိုင်း ဆက်လျှောက်လာခဲ့သည်..။

တံခါးပေါ်ရှိ နာမည်များကို သတိထားဖတ်ရင်း ဟယ်ရီ ထောင့်ချိုးတစ်ခုဆီသို့ ရောက်လာခဲ့သည်..။ အခြားတစ်ဘက် ကော်ရစ်ဒါတွင် စုန်းကဝေများမှာ စားပွဲခုံလေးများကိုယ်စီနှင့်

ထိုင်လျှက်ရှိကြသည်....။ ဟယ်ရီ သူတို့ကို ခေတ္တ ရပ်ကြည့်နေမိသည်..။ သူတို့အားလုံးမှာ မှော်တောင်ဝှေးများကို စုပေါင်း၍ ဝှေ့ယမ်းလျှက်ရှိပြီး ရောင်စုံလေးထောင့်စက္ကူများမှာ

စွန်များသဖွယ် ပျံဝဲနေ၏..။

သူ စောင့်ကြည့်နေမိသည်မှာ လက်ကမ်းစာစောင်များ ပုံထားသော နေရာအနီးသို့ အရောက်သွားကာ ဖတ်ကြည့်လိုက်သည်..။ ပန်းရောင်စာရွက်ပေါ်တွင် ရွှေရောင် စာလုံးဖြင့်

ရေးထားသည်မှာ..

"မျိုးမစစ်သူများနှင့် သူတို့ပေးနိုင်သော အန္တရာယ်များ..."

ထိုခေါင်းစဉ်အောက်ဝယ် နှင်းဆီနီတစ်ပွင့်ကို ပေါင်းပင်များက ဝိုင်းရံထားပုံကို တွေ့ရသည်..။ မည်သူရေးမှန်း နာမည်တပ်မထားသော်လည်း ဟယ်ရီ ရိပ်မိသလို ရှိသည်..။ သူ့အနီးရှိ

စုန်းကဝေတစ်ယောက်က သူ၏ မှော်တောင်ဝှေးကို ဝှေ့ယမ်းရင်း...

"ဒီအဖွားကြီးက မျိုးမစစ်တဲ့ သူတွေကိုပဲ နေ့တိုင်း စစ်ဆေးနေတော့တာပဲ..."

"သတိထားပြောစမ်းပါ..."

နောက်တစ်ယောက်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်းပြော၏။

"ဘာလဲ... သူ့မှာ မှော်နားပါ ရနေပြီလား.. မျက်လုံးတင် မကတော့ဘူးလား"

ထိုသူက မဟော်ဂနီရောင် တောက်ပြောင်နေသော တံခါးတစ်ချပ်ကို လှမ်းကြည့်လိုက်သည်..။ တံခါးပေါ်တွင် လက်ကမ်းစာစောင် များစွာ ကပ်ထားသည်ကို တွေ့ရသည်။ ဟယ်ရီပါ

လိုက်ကြည့်လိုက်ပြီး ချက်ချင်းဆိုသလိုပင် ဒေါသ အကြီးအကျယ် ထွက်လာ၏..။

တံခါးပေါ်ရှိ ပုံမှန် ချောင်းကြည့်ရန် အပေါက်ရှိသော နေရာတွင် ကြီးမားသော အပြာရောင် မျက်လုံးတစ်လုံးကို တွေ့ရသည်..။ အလက်စ်တာ မူဒီကို သိသည့်လူများအတွက်မူ

အလွန်ရင်းနှီးနေသည့် မျက်လုံးပင်..။

ဟယ်ရီ ခေတ္တမျှ သူဘာလာလုပ်သည်ကို မေ့လျော့သွားသည်..။ သူကိုယ်ပျောက်လျှက် ရှိသည်ကိုပင် မေ့လျော့သွား၏..။ တံခါးဆီသို့ သူလျှောက်လာရင်း မျက်လုံးကို

သေချာကြည့်လိုက်သည်..။ လှုပ်ရှားမှုမရှိပဲ အပေါ်သို့ ကြည့်ကာ ငြိမ်သက်နေ၏..။ အောက်ဘက်တွင်..

"ဒိုလိုရက်စ် အမ်ဘရစ်ချ်.. မက်ဂယ်မွေးများ စာရင်းပြုလုပ်ရေး ဌာနမှူး..."

ဟူသော စာတန်းကို တွေ့ရသည်။ ဟယ်ရီ အနီးရှိ လက်ကမ်းစာစောင်လုပ်နေသော စုန်းကဝေတစ်ဒါဇင်ခန့်ကို ကြည့်မိသည်။ သူတို့ အလုပ်ကို လွန်စွာ စိတ်ဝင်စားနေကြသော်လည်း

ရုံးခန်းတံခါး သူတို့ရှေ့တွင် ပွင့်သွားလျှင်မူ သတိမထားမိပဲ နေကြမည် မဟုတ်ပေ..။

သူ့အိတ်ထဲမှ ထူးဆန်းသော ပစ္စည်းတစ်ခုကို ဟယ်ရီ ဆွဲထုတ်လိုက်သည်။ လှုပ်ရှားနေသော ခြေထောက်များ ပါရှိပြီး ခန္ဓာကိုယ်တွင် ရာဘာဖြင့် ပြုလုပ်ထားသည်..။ ဖရက်နှင့် ဂျော့တို့

လက်ရာဖြစ်သော အာရုံလွှဲဗုံးကို သူ ကြမ်းပြင်ပေါ်သို့ ချထားလိုက်သည်..။

ထိုအရာမှာ ချက်ချင်းပင် လက်ကမ်းစာစောင် လုပ်နေသော စုန်းကဝေများကြားမှ ဖြတ်လျှောက်ဝင်သွား၏..။ ဟယ်ရီ လက်ကို တံခါးလက်ကိုင်ပေါ်တွင် တင်ရင်း စောင့်နေ၏..။ ခေတ္တမျှ

အကြာမှာပင် ဝုန်းကနဲ အသံနှင့်အတူ အနက်ရောင် မီးခိုးများ ထောင့်တစ်နေရာမှ ထွက်ပေါ်လာသည်..။

လက်ကမ်းစာစောင် လုပ်နေသူအားလုံး အလန့်တကြား အော်ဟစ်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ကြသည်..။ ဟယ်ရီ တံခါးလက်ကိုင်ကို လှည့်ဖွင့်ကာ ရုံးခန်းအတွင်းသို့

ဝင်လိုက်ပြီး တံခါးပြန်ပိတ်လိုက်သည်..။

သူ အတိတ်ကာလကို ပြန်ရောက်သွားသလို ဟယ်ရီ ခံစားလိုက်ရသည်။ ရုံးခန်းမှာ ဟော့ဝပ်ရှိ အမ်ဘရစ်ချ်၏ အခန်းနှင့် အတူတူပင်..။ တံခါးနောက်ဘက်ရှိ မူဒီ၏ မျက်လုံးနေရာတွင်

မှန်ပြောင်းတစ်ခုကို တွေ့ရ၏..။ ဤနည်းဖြင့် တံခါး၏ အခြားတစ်ဘက်ရှိ အလုပ်သမားများကို ချောင်းကြည့်နိုင်ပေမည်..။ ဟယ်ရီ မှန်ပြောင်းမှတဆင့် အပြင်ကို ကြည့်လိုက်သည်..။

အပြင်ရှိ အလုပ်သမားများမှာ အာရုံလွှဲဖုံးနေရာမှာပင် စုပြုံနေကြဆဲပင်...။ ဟယ်ရီ တယ်လီစကုပ်ကို ဆွဲဖြုတ်လိုက်ပြီး မှော်မျက်လုံးကို ထုတ်ယူကာ အိတ်ထဲသို့ ထိုးထည့်လိုက်သည်..။

ထို့နောက် သူ အခန်းဘက်သို့ ပြန်လှည့်ရင်း မှော်တောင်ဝှေးကို မြှောက်လိုက်ကာ..

"အက်ဆီယိုလော့ကတ်..."

ဘာမှ ထူးခြားမလာပေ..။ ထူးခြားမှု ရှိလိမ့်မည်ဟုလည်း သူမျှော်လင့်မထားပေ..။

အမ်ဘရစ်ချ်မှာ ကာကွယ်ရေးဂါထာများကို ကောင်းကောင်းသိသည်မှာ သေချာပေသည်။ သူ စားပွဲဆီသို့ ခပ်သွက်သွက် သွားကာ အံဆွဲများကို ဖွင့်လိုက်သည်..။ ကလောင်တံများ

မှတ်စုစာအုပ်များနှင့် စာရွက်ညှပ်သည့် ကလစ်များကိုသာ တွေ့ရသည်..။ လော့ကတ်ကို လုံးဝမတွေ့ရချေ..။

စားပွဲနောက်တွင် ဖိုင်တွဲများထည့်သည့် ဘီရိုတစ်ခု ရှိနေသည်..။ ဟယ်ရီ ဘီရိုကို ဖွင့်ရှာလိုက်သည်..။ ဖိုင်တွဲများကို နာမည်များ တပ်ထား၏..။ အောက်ဆုံးအံဆွဲသို့ အရောက်တွင်

ဟယ်ရီ့အာရုံကို ဖမ်းစားနိုင်သော ဖိုင်တွဲကို တွေ့လိုက်ရသည်။ မစ္စတာ ဝီစလေ၏ ဖိုင်တွဲပင်..။

သူ ဆွဲထုတ်ကာ ဖွင့်ဖတ်လိုက်သည်..။

'အာသာဝီစလေ...'

မျိုးရိုးအခြေအနေ–မျိုးရိုး အစစ်အမှန်မှ ဆင်းသက်လာသည်..။

သို့ရာတွင် မက်ဂယ်များကို အလွန် စိတ်ဝင်စားစည်..။

ဖီးနစ်အဖွဲ့ဝင် တစ်ယောက်ဖြစ်သည်..။

မိသားစု–ဇနီးမှာ မျိုးရိုးစစ်သူဖြစ်သည်..။ ကလေးခုနစ်ယောက် ရှိသည်..။ အငယ်ဆုံး နှစ်ယောက်မှာ ဟော့ဝပ်တွင် ပညာသင်နေဆဲ ဖြစ်သည်..။ အငယ်ဆုံးသားဖြစ်သူမှာ အိမ်တွင်

အကြီးအကျယ် နေမကောင်းဖြစ်နေ၏..။ ဝန်ကြီးဌာနမှ စုံစမ်းရေးမှူးများ အတည်ပြုပြီး ဖြစ်သည်..။

လုံခြုံရေးအစီအမံ–စောင့်ကြည့်နေဆဲ ဖြစ်သည်။ လှုပ်ရှားမှု မှန်သမျှကို စောင့်ကြည့်နေသည်..။
မသင်္ကာဖွယ်ရာ အဆင့်(၁)အဖြစ် သတ်မှတ်ထားသူနှင့် အဆက်အသွယ် ရှိသည်။

(ဝီစလေမိသားစုနှင့် ယခင်ကာလများက အတူနေထိုင်ခဲ့ဖူးသည်။)

"မသင်္ကာဖွယ်ရာ အဆင့်(၁) ဆိုပါလား..."

ဟယ်ရီ ရေရွတ်ရင် မစ္စတာဝီစလေဖိုင်ကို ပြန်ထည့်ကာ အံဆွဲကို ပိတ်လိုက်သည်..။
ဘယ်သူ့ကိုဆိုလိုသလဲ ဆိုသည်ကို ဟယ်ရီ ချက်ချင်းပင် သဘောပေါက်လိုက်သည်..။ ထို့အပြင်

သူမတ်တတ်ရပ်ကာ ရုံးခန်းကို လှည့်ပတ်ကြည့်လိုက်ချိန်ဝယ် ပို၍ သေချာသွား၏..။

သူ၏ ပိုစတာနှင့်အတူ ရင်ဘတ်ပေါ်ဝယ် 'မသင်္ကာဖွယ်ရာ အဆင့်(၁)'ဟူသော စာတမ်းကို
တွေ့လိုက်ရသည်..။ ပန်းရောင် မှတ်ချက်စာရွက်လေးတစ်ခုကို ထောင့်တွင် ကပ်ထား၏..။

သူ့ရှေ့သို့ တိုးကာ မှတ်ချက်စာကို ဖတ်ကြည့်လိုက်သည်..။ အမ်ဘရစ်ချ်၏ လက်ရေးဖြင့် ...
'အပြစ်ပေးရန်...' ဟု ရေးသားထား၏..။

ပို၍ပို၍ ဒေါသထွက်လာသော ဟယ်ရီမှာ ပန်းအိုးအောက်ခြေနှင့် ခြင်းတောင်းများထဲသို့
လိုက်ရှာကြည့်လိုက်သည်..။ သို့ရာတွင် လောကတ်ကို လုံးဝမတွေ့ရပေ..။ သူ ရုံးခန်းကို

နောက်ဆုံးအကြိမ်အဖြစ် လှည့်ပတ်ကြည့်လိုက်သည်။ ထိုအချိန်မှာပင် ဒမ်ဘယ်လ်ဒိုးက သူ့ကို
စာအုပ်စင်၏ အပေါ်ရှိ မှန်ထဲမှ လှမ်းကြည့်နေသည်ကို မြင်လိုက်ရသဖြင့် ဟယ်ရီ့ရင်ခုန်သံ

မြန်သွားရသည်။

ဟယ်ရီ ကမန်းကတန်းပင် အခန်းကို ဖြတ်လျှောက်ကာ လက်နှင့် ကိုင်ကြည့်လိုက်သည်..။ ချက်ချင်းပင်
ထိုအရာမှာ မှန်တစ်ချပ်မဟုတ်ပဲ စာအုပ်တစ်အုပ်၏ အဖုံးသာဖြစ်မှန်း

သူသိလိုက်သည်..။ ဟယ်ရီ သတိမပြုမိလိုက်သည့် လက်ရေးသေ့သေ့ဖြင့် ရေးထားသည့်
စာတမ်းကို တွေ့လိုက်ရသည်...။

'အဲဗက်စ် ဒမ်ဘယ်လ်ဒိုး၏ ဘဝနှင့် သူ၏လိမ်ညာမှုများ...'

နောက်ထပ် ခပ်သေးသေး လက်ရေးစာကြောင်းတစ်ခုက..

'ရီတာစကီတာ.. အရောင်းအသွက်ဆုံး စာရေးဆရာ...'

ဟယ်ရီ စာအုပ်ကို ဖွင့်လိုက်သည်..။ ထို့နောက် ဟိုလှန်ဒီလှန် လှန်ကြည့်ရင်း
စာမျက်နှာပြည့်ထည့်ထားသော လူငယ်နှစ်ယောက်၏ ဓာတ်ပုံကို တွေ့ရသည်။ နှစ်ယောက်စလုံး

ရယ်ရယ်မောမောနှင့် တစ်ယောက်ပခုံးကို တစ်ယောက် ဖက်ထားကြသည်။ ဒမ်ဘယ်လ်ဒိုးမှာ
ထိုအချိန်က မုတ်ဆိတ်မွေး အနည်းငယ်သာ ရှိသေးသည်။ သူ့ဘေးရှိ လူငယ်မှာမူ

ရွှေရောင်ဆံပင်ကောက်ကောက်များက ပခုံးထိ ရှိနေသည်...။

ဒေါ့ချ်ငယ်ငယ်က ရုပ်ပုံလားဟု ဟယ်ရီ စဉ်းစားနေမိသည်..။ သို့ရာတွင် သူ စာတမ်းကို
မဖတ်နိုင်ခင်မှာပင် ရုံးခန်းတံခါး ပွင့်သွားသည်..။

သစ်ကိနက်စ်သာ သူ့ဘက်သို့ ကြည့်နေခဲ့လျှင် ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံပြန်ခြုံရန် အခွင့်အရေး
ရှိမည် မဟုတ်ပေ..။ယခုမူ သစ်ကိနက်စ်မှာ လှုပ်ရှားမှု တစ်ခုခုကိုသာ

မြင်လိုက်သလိုရှိသဖြင့် ခေတ္တမျှ ငြိမ်သက်သွားကာ ဟယ်ရီရှိနေသော နေရာကို မသင်္ကာသလို
ကြည့်နေ၏...။

သို့ရာတွင် သူမြင်လိုက်သောအရာမှာ ဒမ်ဘယ်လ်ဒိုး၏ ဓာတ်ပုံသာ ဖြစ်ရမည်ဟု
ဆုံးဖြတ်လိုက်ပုံရသည်..။ သစ်ကိနက်စ်က စားပွဲဆီသို့ လျှောက်သွားရင်း မှော်တောင်ဝှေးကို ထုတ်ကာ

စာရေးရန် အဆင်သင့်ဖြစ်နေသော ကလောင်တံကို ချိန်ရွယ်လိုက်သည်..။ ချက်ချင်းပင် ကလောင်တံမှာ
အမ်ဘရစ်ချ်အတွက် မှတ်စုတစ်ခုကို ရေးပေးနေ၏...။ ဟယ်ရီ သတိကြီးစွာထားကာ

ပွင့်နေသော တံခါးမှတဆင့် အပြင်သို့ ပြန်ထွက်ခဲ့သည်...။

လက်ကမ်းစာစောင်လုပ်နေသူများမှာ အာရုံလွှဲဖုံးနားတွင် ဝိုင်းရုံလျှက် ရှိဆဲပင်..။ ဟယ်ရီ
ကော်ရစ်ဒါအတိုင်း အလျှင်အမြန် လျှောက်သွားစဉ် တစ်ယောက်က...

"ဒါ စမ်းသပ်တီထွင်မှု ဌာနက လွတ်လာတာပဲ ဖြစ်ရမယ်.. အရမ်းပေါ့ဆတဲ့ ကောင်တွေပဲ..
ဟိုတစ်ခါကလည်း အဆိပ်ရှိတဲ့ ဘဲတွေလွတ်လာတယ်.."

ဓာတ်လှေကားဆီသို့ အလျှင်အမြန် ပြန်လာရင်း ဟယ်ရီ သူ့အစီအစဉ်ကို ပြန်သုံးသပ်လိုက်သည်..။
လော့ကတ်မှာ ဝန်ကြီးဌာနထဲဝယ် ရှိပုံမရပေ..။

အမ်ဘာရစ်ချ်ကို ပြုစားကာ မေးရန်မှာလည်း သူမ တရားရုံးထဲတွင် လူများစွာနှင့် ရှိနေသရွေ့ မဖြစ်နိုင်ပေ..။ သူတို့အတွက် အရေးအကြီးဆုံး ကိစ္စမှာ ဝန်ကြီးဌာနမှ မရိပ်မိခင် အမြန်ဆုံး

ပြန်ထွက်ကာ နောက်တစ်ကြိမ် ထပ်ကြိုးစားရန်ပင်..။ ရွှန့်ကို အရင်တွေ့အောင် ရှာကာ ဟာမီယွန့်ကို တရားရုံးထဲမှ ခေါ်ထုတ်ရမည့် နည်းလမ်းကို စဉ်စားရှိသာ ရှိတော့သည်..။

ဓာတ်လှေကားထဲတွင် လူရှင်းလျှက်ရှိသည်..။ ဟယ်ရီ အထဲသို့ဝင်ကာ အောက်သို့ ဆင်းသွားသည်နှင့် ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်သည်..။ ဒုတိယထပ်တွင် ရပ်လိုက်သည်နှင့်

တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည့် ရွှန် ဓာတ်လှေကားထဲသို့ ဝင်လာ၏..။

"မင်္ဂလာနံနက်ခင်းပါ..."

ရွှန်က ဟယ်ရီ့ကို နှုတ်ဆက်လိုက်၏...။

"ရွှန်.. ငါပါ.. ဟယ်ရီပါ.."

"ဟယ်ရီ.. ငါ မင်းပုံစံကို မေ့သွားတယ်.. ဟာမီယွန်ကော ဘယ်ရောက်နေသလဲ.."

"သူ အမ်ဘာရစ်ချ်နဲ့အတူ တရားရုံးထဲပါသွားတယ်.. အခြေအနေက ငြင်းလို့မှ မရနိုင်တာ.."

ဟယ်ရီ စကားဆက်ပြောရန် ကြံစဉ်မှာပင် ဓာတ်လှေကားက ရပ်တန့်သွား၏..။ တံခါးပွင့်သွားပြီးနောက် မစ္စတာဝီစလေနှင့် မိန်းမကြီးတစ်ယောက် ဓာတ်လှေကားထဲသို့ ဝင်လာကြသည်..။

"ခင်ဗျားပြောတာကို ကျွန်တော် နားလည်ပါတယ် ဝါကန်ဒါ.. ဒါပေမယ့်.."

မစ္စတာဝီစလေမှာ ဟယ်ရီ့ကို မြင်သည်နှင့် စကားရပ်သွားပြီး လွန်စွာ မနှစ်မြို့ဟန်ဖြင့် ကြည့်နေ၏..။ ထို့နောက် ဓာတ်လှေကားမှာ အောက်သို့ ဆင်းသွားသည်..။

မစ္စတာဝီစလေက ရေများတစက်စက်ကျလျှက် စိုရွှဲနေသော ရွှန့်ကို ကြည့်ရင်း..

"ဟယ်လို.. ရက်... မင်းမိန်းမ ဒီနေ့ အစစ်ခံရဖို့ ရှိတယ် မဟုတ်လား.. ဘာဖြစ်လာတာလဲ.. တစ်ကိုယ်လုံး စိုရွှဲနေတာပဲ..."

"ရက်ဇ်လေရဲ့ ရုံးခန်းမှာ မိုးရွာနေတယ်..."

ရွှန်က မျက်နှာကို သေချာမကြည့်ပဲ ပြန်ဖြေ၏..။ သူ့ကို မစ္စတာဝီစလေ မှတ်မိသွားမည်ကို စိုးရွံ့နေမှန်း ဟယ်ရီ ရိပ်မိလိုက်သည်..။

"ကျွန်တော် မိုးကို ရပ်အောင် လုပ်လို့မရဘူး.. ဒါနဲ့ ဘာနီပေးလ်စ်ဝေါ့ကို သွားခေါ်ဖို့ ထွက်လာတာ.."

မစ္စတာဝီစလေက...

"ဟုတ်တယ်... ရုံးခန်းတော်တော်များများ မိုးရွာနေတယ်.. ခင်ဗျား မက်တီရီလိုဂျင့် ရီကန်တိုကို စမ်းကြည့်ပြီးပြီလား.. ဘလက်ချ်လေရဲ့ ရုံးခန်းတုန်းကတော့ အဆင်ပြေသွားတယ်.."

ရွှန်က..

"စမ်းမကြည့်ဖြစ်ဘူး.. ကျေးဇူးပဲ.. အ.. အဲ... အာသာ..."

ဓာတ်လှေကားတံခါး ပြန်ပွင့်သွား၏..။ မိန်းမကြီး အပြင်ထွက်သွားသည်နှင့် ရွှန်ကပါ အပြင်ကို လိုက်ထွက်လိုက်သည်..။ ဟယ်ရီ သူ့နောက်မှ လိုက်ထွက်ရန် ပြင်လိုက်ချိန်တွင်

ပါစီဝီစလေမှာ ဓာတ်လှေကားထဲသို့ ဝင်လာ၏။ စာရွက်တစ်ခုကို သဲကြီးမဲကြီး ဖတ်ရှုလာသည်...။

ပါစီမှာ ဓာတ်လှေကားတံခါး ပြန်မပိတ်ခင်လေးမှာတင် သူ့အဖေနှင့် အတူရှိနေကြောင်း သတိထားမိသွားသည်..။ သူက မစ္စတာဝီစလေကို မြင်သည်နှင့် ဓာတ်လှေကားတံခါးကို

ပြန်ဖွင့်ကာ အပြင်သို့ ပြန်ထွက်သွား၏..။ ဟယ်ရီ ဒုတိယအကြိမ်မြောက် အပြင်သို့ လိုက်ထွက်ရန် ပြင်လိုက်သည်..။ သို့ရာတွင် ဒီတစ်ခါတော့ မစ္စတာဝီစလေက လက်ဆန့်ကာ

တားထားလိုက်သည်..။

"ခဏလေး.. ရမ်ကွန်း..."

ဓာတ်လှေကားတံခါးမှာ ပိတ်သွားပြီး သူတို့ နောက်တစ်ထပ်သို့ ဆက်ဆင်းလာခဲ့သည်..။ မစ္စတာဝီစလေက..

"ဒတ်ခရက်စ်ဝဲလ်ရဲ့ သတင်းကို ခင်ဗျား ပေးလိုက်တာလို့ ကြားတယ်.."

မစ္စတာဝီစလေ၏ ဒေါသမှာ ပါစီနှင့် တွေ့လိုက်ရသဖြင့် ပို၍ အရှိန်မြင့်လာပုံရသည်..။ သူ ဘာမှမသိသလို ဟန်ဆောင်နေရန် ဆုံးဖြတ်လိုက်သည်..။

"ဟင်.. ဘယ်လို.."

"ဟန်ဆောင်မနေစမ်းပါနဲ့ ရမ်ကွန်း.. သူ့မိသားစုမျိုးရိုးကို ညာတဲ့လူကို ခင်ဗျား ဖော်ကောင်လုပ်လိုက်တယ် မဟုတ်လား..."

"ငါ .. ငါလုပ်ရင်ကော ဘာဖြစ်သလဲ..."

"ဒတ်ခရက်စ်ဝဲလ်က ခင်ဗျားထက် ဆယ်ဆလောက်သာတယ်.. သူသာ အက်ဇကာဘန်က အသက်ရှင်လျှက် ထွက်လာရင် ခင်ဗျား သူနဲ့ ရှင်းရမှာပဲ..."

ဟယ်ရီက စကားဖြတ်ကာ..

"အာသာ... ခင်ဗျားကို နောက်ယောင်ခံလိုက်နေတယ် ဆိုတာ သိလား"

မစ္စတာဝီစလေ၏ အသံမှာ ပို၍ ကျယ်လာပြီး...

"ဒါ ခြိမ်းခြောက်တာလား ရမ်ကွန်း.."

"မဟုတ်ပါဘူး.. ဒါတကယ့်သတင်းပဲ.. ခင်ဗျားရဲ့ လှုပ်ရှားမှု အားလုံးကို စောင့်ကြည့်နေကြတယ်.."

ဓာတ်လှေကားတံခါး ပွင့်သွားပြန်သည်..။ သူတို့ ခန်းမကြီးထဲသို့ ပြန်ရောက်လာကြသည်..။ မစ္စတာဝီစလေ ဟယ်ရီ့ကို နာနာကြည်းကြည်း တစ်ချက်ကြည့်ကာ ဓာတ်လှေကားထဲမှ

ထွက်ခွာသွား၏..။ ရမ်ကွန်းအစား တခြားတစ်ယောက်ပုံစံ ယူခဲ့မိဖို့ ကောင်းသည်ဟု ဟယ်ရီ တွေးနေမိသည်။

ထို့နောက် ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ပြန်ခြုံထားလိုက်သည်..။ သူ ဟာမီယွန်ကို ရုံးခန်းထဲမှ ဆွဲထုတ်နိုင်ရန် ကြိုးစားရပေဦးမည်..။ ရွန်ကမူ မိုးရွာနေသော ရုံးခန်းနှင့် အလုပ်ရှု

ပ်နေပေလိမ့်မည်...။

ဓာတ်လှေကားတံခါး ပွင့်သွားသည်နှင့် မီးတုတ်များ ထွန်းညှိထားသော ကျောက်သားလမ်းအတိုင်း သူလျှောက်လာခဲ့သည်။ ခပ်ဝေးဝေးတွင် ရှိနေသော တံခါးကိုကြည့်ရင်း ဟယ်ရီ

အနည်းငယ် တုန်ရီနေမိသည်။

သူမြင်နေရသော တံခါးဆီသို့ မသွားပဲ ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။ ထိုနေရာတွင် တရားရုံးရှိသည်ကို သူကောင်းကောင်း မှတ်မိသည်..။ သူ ဘာလုပ်ရမည်ကို သွားရင်းလာရင်း

စဉ်းစားလာခဲ့သည်။ သူ့တွင် အာရုံလွှဲဗုံးအချို့ ရှိသေးသည်။

သို့ရာတွင် ရမ်ကွန်းအဖြစ်နှင့်ပဲ တံခါးခေါက်ကာ ဝင်သွားရမလားဟုလည်း တွေးနေမိသည်။ သို့သော် ရမ်ကွန်းမှာ မက်ဖဲလ်ဒါကို တရားရုံးထဲမှ ခေါ်ထုတ်သွားနိုင်လောက်အောင်

အရေးပါသလား ဟယ်ရီ မသိပေ..။ ထို့အပြင် ဟာမီယွန် ပြန်ရောက်မလာပါက မသင်္ကာဖြစ်ကာ လိုက်ရှာကြလျှင် သူတို့ အပြင်ပြန်မထွက်နိုင်ပဲ ဖြစ်သွားနိုင်သည်။

သူ အတွေးထဲတွင် နစ်မျောနေမိသဖြင့် သူ့တစ်ကိုယ်လုံး အေးစိမ့်စိမ့် ဖြစ်လာသည်ကို ရုတ်တရက် သတိမပြုမိပေ..။ မြူများကြားထဲသို့ သူတိုးဝင်လာလေ ပို၍ ပို၍ အေးစိမ့်လာလေပင်

ဖြစ်သည်..။ အအေးဓာတ်မှာ သူ့ရင်ဘတ်ထဲအထိ အသက်ရှူတိုင်းလိုက်ဝင်ကာ အဆုပ်များ အေးခဲလုမတတ် ဖြစ်လာ၏..။ ထို့နောက် ရုတ်ခြည်းပင် သူ့စိတ်ထဲတွင် စိတ်ဓာတ်ကျကာ

မျှော်လင့်ချက်မဲ့သလို ခံစားလိုက်ရသည်..။

ဝိညာဉ်နုတ်သတ္တဝါတွေပဲဟု ဟယ်ရီ ချက်ချင်း တွေးမိလိုက်သည်။ လှေကားအဆုံးရောက်ပြီး ညာဘက်သို့ လှည့်လိုက်သည်နှင့် ဆိုးဝါးသော မြင်ကွင်းကို ဟယ်ရီ မြင်လိုက်ရသည်..။

တရားရုံးပြင်ပရှိ လမ်းပေါ်ဝယ် ဝတ်ရုံမည်းကို ခြုံကာ မျက်နှာကို ဖုံးကွယ်ထားသည့် အရိပ်မဲကြီးများနှင့် ပြည့်နှက်နေ၏..။

အစစ်ဆေးခံရမည့် မက်ဂယ်မွေးသူများမှာ ခုံတန်းရှည်ပေါ်ဝယ် တုန်တုန်ရီရီနှင့် ထိုင်နေကြ၏..။ အများစုမှာ မျက်နှာကို လက်နှစ်ဘက်အုပ်ကာ စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်..။

သူတို့ကိုယ်သူတို့ ဝိညာဉ်နုတ်သတ္တဝါများ ရန်မှ ကာကွယ်ထားခြင်းလည်း ဖြစ်နိုင်သည်..။ အချို့မှာ မိသားစုနှင့်အတူ လာကြပြီး အချို့မှာ တစ်ယောက်တည်း လာကြသည်..။

"တောင့်ထားစမ်းပါ..." ဟု သူ့ဘာသာသူ ဟယ်ရီ အားပေးမိသည်..။ သူ ဤနေရာတွင် အစောင့်အရှောက်ဂါထာကို သုံး၍ မဖြစ်ပေ..။ ထို့ကြောင့် အသံလုံနိုင်သမျှ လုံအောင် ထိန်းရင်း

ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။ သူ ရှေ့သို့ တိုးလာလေလေ အေးစက်မှုက သူ့နှလုံးသားဆီသို့ပင် ရောက်ရှိလာသည်ဟု ခံစားရသည်။ သို့သော် သူ့အကူအညီကို လိုအပ်နေမည့် ရွန်နှင့်

ဟာမီယွန်ကိုသာအတွေးထဲတွင် ထည့်ကာ ဟယ်ရီ ရှေ့သို့ ဆက်တိုးလာခဲ့သည်။

လေထဲတွင် လွင့်မျောနေသည့် အမဲရောင် အရိပ်သဏ္ဍာန်များဘေးမှ ဖြတ်ကျော်သွားရသည်မှာ ကြောက်လန့်စရာ ကောင်းလှသည်..။ ခေါင်းစွပ်အောက်ရှိ မျက်စိမပါသည့် မျက်နှာများမှာ

သူ့ကို လိုက်ကြည့်နေကြ၏..။ ကြည့်ရသည်မှာ သူတို့ရှေ့မှ လူတစ်ယောက် ဖြတ်သွားသည်ကို အာရုံခံစားမိကြဟန် တူသည်..။

ရုတ်တရက်ဆိုသလိုပင် ခြောက်ချားဖွယ်ရာ တိတ်ဆိတ်မှုကို ဖြိုခွဲလျှက် တံခါးတစ်ချပ် ဝုန်းကနဲ ပွင့်သွားကာ အော်ဟစ်သံတစ်သံ ထွက်ပေါ်လာ၏..။

"မဟုတ်ဘူး.. မဟုတ်ဘူး.. ကျွန်တော့်မှာ သွေးတစ်ဝက် နှောထားတယ်... ကျွန်တော့်အဖေဟာ စုန်းပဲ.. အာကီအယ်လ်ဒါတန်ဆိုတာ တံမြက်စည်းပျံ ဒီဇိုင်းထုတ်တဲ့လူပဲ .. ဖယ်ကြစမ်း..

ဖယ်ကြစမ်း..."

ထိုအချိန်မှာပင် အမ်ဘရစ်ချ်၏ အသံ ထွက်ပေါ်လာ၏..။

"ဒါ နောက်ဆုံး သတိပေးခြင်းပဲ.. ဆက်ပြီး ရုန်းကန်နေမယ်ဆိုရင် ဝိညာဉ်နှုတ်သတ္တဝါတွေရဲ့ အနမ်းနဲ့ ပေးတွေ့လိုက်မယ်.."

ထိုသူ၏ အော်ဟစ်သံ ချက်ချင်း တိတ်ဆိတ်သွား၏..။ ရှိုက်သံသဲ့သဲ့ကိုသာ ကော်ရစ်ဒါတစ်လျှောက် ကြားနေရသည်..။

"ခေါ်သွားကြတော့.."

ဝိညာဉ်နှုတ် သတ္တဝါနှစ်ကောင်မှာ မေ့မျောနေဟန်တူသည့် လူတစ်ယောက်ကို ဆွဲထုတ်သွားကြသည်..။ သူတို့မှာ ထိုသူ့ကို ကော်ရစ်ဒါအတိုင်း ဆွဲခေါ်သွားကြသည်..။

"နောက်တစ်ယောက်.. မာရီကာတာမိုး..."

အမ်ဘာရစ်ချ်၏ ခေါ်သံကို ကြားလိုက်ရသည်..။

ခပ်သေးသေး မိန်းမတစ်ယောက် ထရပ်လိုက်သည်..။ သူမတစ်ကိုယ်လုံး တုန်ရီနေ၏..။ သူမ၏
ဆံပင်များမှာ အနက်ရောင်ဖြစ်ပြီး ဝတ်ရုံရှည်ကို ဝတ်ဆင်ထား၏..။ သူမ၏

မျက်နှာတစ်ခုလုံးမှာ သွေးဆုတ် ဖြူလျော်နေ၏..။

သူ့ကိုယ်သူ ဘာလုပ်မိမှန်းပင် ဟယ်ရီ သတိမထားမိပဲ သူမနှင့် အတူတူ လိုက်ဝင်လာခဲ့မိသည်..။
တံခါးပိတ်လိုက်ချိန်ဝယ် သူ တရားရုံးထဲသို့ ရောက်နေပြီ ဖြစ်သည်။

သူ တစ်ချိန်က ရောက်ခဲ့ဖူးသော အခန်းနှင့် မတူသည်ကို ဟယ်ရီ သတိထားမိလိုက်သည်..။
ဤအခန်းမှာ သေးငယ်သော်လည်း မျက်နှာကျက်မှာမူ အတော်မြင့်မားနေ၏..။

အခန်းထဲရောက်သည်နှင့် ရေတွင်းတစ်ခု၏ အောက်ခြေတွင် ပတ်မိနေသလို ခံစားလိုက်ရသည်။

အခန်းထဲဝယ် ဝိဉာဉ်နှုတ်သတ္တဝါများစွာ ရှိနေ၏..။ သူတို့မှာ အမြင့်ဆုံး ထောင့်နေရာများတွင်
နေရာယူထားကြသည်..။

အမ်ဘာရစ်ချ်နှင့်အတူ ရက်ဖ်လေကို တွေ့ရပြီး ဟာမီယွန့်မျက်နှာမှာ မစ္စစ်ကာတာမိုးနီးပါးပင်
ဖြူဖွေးနေ၏..။ သူတို့ရှေ့တွင် ငွေရောင်တောက်ပနေသော အမွေးရှည်ကြောင်တစ်ကောင်မှာ

အပေါ်တက်လိုက် အောက်ဆင်းလိုက် လုပ်နေ၏..။ ဟယ်ရီ ချက်ချင်းပင် ဤအရာမှာ
တရားသူကြီးများကို ဝိဉာဉ်နှုတ်သတ္တဝါများ၏ အနှောင့်အယှက်ပေးခြင်းမှ ကာကွယ်ထားကြောင်း

သဘောပေါက်လိုက်သည်..။

“ထိုင်ပါ..”

မစ္စစ်ကာတာမိုးမှာ ရှေ့တွင် တစ်ခုတည်းရှိသည့် ခုံပေါ်တွင် ထိုင်လိုက်သည်။ သူမ ထိုင်လိုက်သည်နှင့်
သံကြိုးများ ထွက်လာကာ သူမကို ချုပ်နှောင် ထားလိုက်သည်..။

အမ်ဘာရစ်ချ်က..

“မင်းက မာရီအဲလီဇဘက် ကာတာမိုးနော်..”

မစ္စစ်ကာတာမိုးက ခေါင်းညိတ်ပြလိုက်သည်..။

“မော်ပညာထိန်းသိမ်းရေးဌာနက ရီဂျင်နယ် ကာတာမိုးနဲ့ လက်ထပ်ခဲ့တယ်နော်..”

မစ္စစ်ကာတာမိုးမှာ မျက်ရည်များ စီးကျလာရင်း..

“သူ.. သူ ဘယ်ရောက်နေမှန်း မသိဘူး... ကျွန်မကို လာတွေ့မယ် ပြောထားပြီးတော့ ရောက်မလာဘူး...”

အမ်ဘာရစ်ချ်က ဂရုမစိုက်ပဲ..

“မေစီ.. အယ်လီနဲ့ အဲဖရက်ကာတာမိုးတို့ရဲ့အမေ ဟုတ်တယ်နော်...”

မစ္စစ်ကာတာမိုးမှာ ပို၍သည်းထန်စွာ ငိုကြွေးရင်း..

“သူတို့ အရမ်းကြောက်နေကြတယ်.. ကျွန်မ အိမ်ပြန်မလာနိုင်မှာ စိုးနေကြတယ်”

ရက်ဖ်လေက တံတွေးတစ်ချက်ထွေးလိုက်ရင်း...

“မျိုးမစစ်တဲ့သူရဲ့ ကလေးတွေကို ဘာကိစ္စ စာနာထောက်ထားစရာ လိုမှာလဲ”

မစ္စစ်ကာတာမိုး၏ ငိုရှိုက်သံမှာ ဟယ်ရီ့ခြေသံကို ဖုံးကွယ်ပေးသလို ဖြစ်နေ၏..။ ဟယ်ရီ အမ်ဘာရစ်ချ်တို့ ရှိနေရာ စင်မြင့်ဆီသို့ ပို၍ နီးအောင် တိုးကပ်လာခဲ့၏။

အစောင့်အရှောက် လှည့်ပတ်သွားလာနေသော နေရာကို ဖြတ်ကျော်မိသည်နှင့် အပူချိန် ချက်ချင်း ပြောင်းလဲသွား၏..။ ထိုနေရာတွင် ပုံမှန်အတိုင်းပင် ပူနွေးကာ သက်သောင့်သက်သာ

ရှိလှသည်။

ထိုအစောင့်အရှောက်မှာ အမ်ဘာရစ်ချ်၏ အစောင့်အရှောက်မှန်း သေချာသည်..။ အမ်ဘာရစ်ချ်မှာ အလွန်ပျော်ရွှင်နေသဖြင့် အစောင့်အရှောက်မှာ ငွေရောင်များ လွန်စွာတောက်ပနေ၏...။

ဟယ်ရီ အလွန်သတိထားကာ အမ်ဘာရစ်ချ်တို့၏ နောက်ဘက် တစ်ဆင့်မြင့်သော နေရာသို့ သွားကာ ထိုင်ခုံတစ်ခုတွင် ထိုင်နေလိုက်သည်..။

ဟာမီယွန် တစ်ခုခု မှားသွားမည်ကို သူ ပူပန်မိသည်။ သူ မက်ဖ်လီယာတို ဂါထာကို အမ်ဘာရစ်ချ်နှင့် ရက်ဇ်လေတို့အပေါ်တွင် မန်းမှုတ်ကာ ဟာမီယွန်ကို ဆက်သွယ်ရန် စဉ်းစားမိသည်..။

သို့ရာတွင် သူ အသံတိုးတိုးနှင့် ပြောလျှင်ပင် ဟာမီယွန်လန့်သွားနိုင်သဖြင့် ထိုအကြံကို သူ တော်တော် စဉ်းစားနေရသည်..။

ထိုအချိန်မှာပင် အမ်ဘာရစ်ချ်က အသံကိုမြှင့်ကာ စကားပြောလိုက်သဖြင့် ဟယ်ရီ အခွင့်အရေးကို လက်လွှတ်မခံပဲ အသုံးချလိုက်သည်..။ ဟာမီယွန့်နားနားကပ်ကာ လေသံမျှဖြင့်..

“ငါ နင့်နောက်မှာ ရှိတယ်..”

ဟယ်ရီ တွက်ဆထားလိုက်သလိုပင် သူမမှာ အလန့်တကြား ထခုန်သဖြင့် မင်အိုးပင် မှောက်လုမတတ် ဖြစ်သွားရသည်..။ သို့ရာတွင် အမ်ဘာရစ်ချ်ရော ရက်ဇ်လေပါ မစ္စစ်ကာတာမိုးကိုသာ

အာရုံစိုက်နေ၍ သတိမပြုမိပေ..။

“ဝန်ကြီးဌာနကို လာတုန်းက ယူလာတဲ့ မှော်တောင်ဝှေးဟာ ရစ်လေးပိုင်းသုံးပိုင်း လက်မရှည်တယ်.. ချယ်ရီသားနဲ့ လုပ်ထားတယ်.. ယူနီကွန်းမြင်းရဲ့ အမွေးနဲ့ လုပ်ထားတယ်..

မှတ်မိတယ်နော်”

မစ္စစ်ကာတာမိုးက မျက်ရည်များကို သုတ်ရင်း ခေါင်းညိတ်ပြ၏..။

“ဘယ် စုန်းကဝေဆီက ဒီတောင်ဝှေးကို ခိုးလာတယ်ဆိုတာ ပြောပြနိုင်မလား..”

“ခိုး.. ခိုးလာတယ်.. မဟုတ်ရပါဘူးရှင်.. ကျွန်မအသက် ဆယ့်တစ်နှစ်မှာ ဝယ်ခဲ့တာပါ.. မှော်တောင်ဝှေးက ကျွန်မကို ရွေးချယ်ခဲ့တာပါ..”

သူမမှာ ပို၍ သည်းထန်စွာ ငိုတော့၏..။

အမ်ဘာရစ်ချ်၏ ပျော်ရွှင်စွာ ရယ်မောနေသံကို ကြားရသည်မှာ ဟယ်ရီ့အဖို့ ချက်ချင်းပင် ထကာ တိုက်ခိုက်ပစ်လိုက်ချင်လာသည်..။ သူမက ရှေ့သို့ကိုင်းကာ သေချာစကားပြောရန်

ပြင်ဆင်လိုက်၏..။ ထိုအခါ ရွှေရောင်လော့ကတ်တစ်ခုမှာ သူမ လည်ပင်းတွင် ရှိနေပြီး ရှေ့သို့ တွဲကျလာ၏..။

ဟာမီယွန် လည်ဆွဲကိုမြင်ကာ တစ်ချက် အသံထွက်သွားသော်လည်း အမ်ဘရစ်ချ်နှင့် ရက်ဇ်လေ၏ အာရုံမှာ သူမအပေါ်တွင် မရှိချေ..။

အမ်ဘရစ်ချ်က ...

"မဖြစ်နိုင်ဘူး.. မစ္စစ်ကာတာမိုး .. မော်တောင်ဖေ့းက စုန်းကဝေတွေကိုပဲ ရွေးချယ်တယ်.. ရှင်က စုန်းမှမဟုတ်တာ... ရှင်ဖြေထားတဲ့ မေးခွန်းတွေကို ကြည့်ရအောင်.. မက်ဖဲလ်ဒါ..

ဒီကိုပေးစမ်းပါ.."

ဟာမီယွန်၏ လက်များ တုန်ရီနေ၏..။ သူမက နံဘေးရှိ စာရွက်ပုံကြီးထဲမှ မစ္စစ်ကာတာမိုး၏ နာမည်ပါသော စာရွက်ကိုရှာကာ ပေးလိုက်၏..။ ထို့နောက် ဟာမီယွန်က အမ်ဘရစ်ချ်၏

လည်ဆွဲကို လက်ညှိုးညွှန်ရင်း...

"ဒါ.. ဒါအရမ်းလှတာပဲ ဒိုလိုရက်စ်.."

အမ်ဘရစ်ချ်မှာ အောက်သို့ ငုံ့ကြည့်ရင်း..

"ဘာလဲ.. ဪ.. ဒါလား.. မိသားစုပိုင် ရတနာလေ.. ဟောဒီ အက်စ်က ဆယ်လ်ဝန်းကို ရည်ညွှန်းတာလေ.. တကယ်စစ်မှန်တဲ့ မျိုးရိုးပေါ့..."

သူက မစ္စစ်ကာတာမိုး၏ အဖြေစာရွက်ကို ကြည့်ရင်း..

"ရှင်ရဲ့ မျိုးရိုးကတော့ တကယ့်ကို စစ်မှန်တာပဲ.. ဒီမှာ.. မိဘ အလုပ်အကိုင်က ကုန်စိမ်းရောင်းသူတဲ့.."

ရက်ဇ်လေမှာ အားပါးတရ ရယ်လိုက်သည်။

အမ်ဘရစ်ချ် ညာနေပြီမှန်း ဟယ်ရီ သိလိုက်သည်။ သူ့ခေါင်းထဲဝယ် ဒေါသကြောင့် သွေးများ တဒိုင်းဒိုင်း တိုးနေ၏..။ သူမ ယူလာခဲ့သော လော့ကတ်ကို အသုံးချကာ မျိုးရိုးစစ်ကြောင်း

သက်သေပြနေခြင်းပင်..။ ဟယ်ရီ ဘာကိုမှ ဂရုမစိုက်တော့ပဲ မော်တောင်ဖေ့းကို မြှောက်လိုက်ကာ..

"စတူပီဖိုင်း..."

အနီရောင် အလင်းတန်းတစ်ခု ပြေးထွက်သွားပြီးနောက် အမ်ဘာရစ်ချ်လဲကျသွားပြီး နဖူးနှင့်စားပွဲစွန်း ဆောင့်မိသွားသည်။ သူမ၏လက်ထဲမှ မစ္စစ်ကာတာမိုး၏ စာရွက်မှာ လွတ်ကျသွားပြီး

ငွေရောင်ကြောင်ကလေးမှာ ပျောက်ကွယ်သွား၏။

ရေခဲတမျှ အေးစက်လှသော လေများမှာ သူတို့ဆီသို့ လိမ့်၍ ဝင်လာ၏...။ ရက်ဖ်လေမှာ ကြောင်တောင်တောင် ဖြစ်သွားကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ဝတ်ရုံအောက်မှ

ထွက်ပေါ်နေသော ဟယ်ရီ၏ မှော်တောင်ဝှေးကို တွေ့သွားကာ သူ၏ မှော်တောင်ဝှေးကို ဆွဲထုတ်ရန် ကြိုးစားလိုက်သည်..။ သို့ရာတွင် သူ အလွန်နောက်ကျသွားပြီ ဖြစ်သည်။

"စတူပီဖိုင်း.."ဟူသော ဟယ်ရီ့အသံနှင့်အတူ ရက်ဖ်လေမှာ ကြမ်းပြင်ပေါ်လဲကျကာ ဆန့်ဆန့်ကြီး ဖြစ်နေ၏..။

"ဟယ်ရီ..."

"ဟာမီယွန်.. ငါက ဒီမှာထိုင်နေပြီး သူ ဟန်ဆောင်နေတာကို ကြည့်နေနိုင်မယ် ထင်သလား.."

"ဟယ်ရီ.. မစ္စစ်ကာတာမိုးကို မြန်မြန်ကူလိုက်.."

ဟယ်ရီ တစ်ဘက်သို့ လျှင်မြန်စွာ လှည့်ရင်း ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ချလိုက်သည်..။ ဝိညာဉ်နှုတ်သတ္တဝါများမှာ မစ္စစ်ကာတာမိုးထံ ဦးတည်လာနေကြသည်..။ အစောင့်အရှောက်ဂါထာ

မရှိတော့၍လား သူတို့၏ သခင်များ မရှိတော့မှန်း ခံစားမိ၍လား မပြောနိုင်ပေ...။

မစ္စစ်ကာတာမိုးမှာ သူမအနီးသို့ ဝိညာဉ်နှုတ်သတ္တဝါများ ရောက်လာသဖြင့် ကြောက်လန့်တကြား အော်ဟစ်လိုက်သည်..။

"အိပ်စပက်တို ပက်ထရိုနမ်.."

ဟယ်ရီ့အသံနှင့်အတူ သူ့မှော်တောင်ဝှေးထိပ်ဖျားမှ ငွေရောင်သမင်ဖိုကြီး ထွက်လာကာ ဝိညာဉ်နှုတ်သတ္တဝါများထံ ခုန်ပေါက် ဦးတည်သွား၏..။ ဝိညာဉ်နှုတ်သတ္တဝါများမှာ ချက်ချင်း

နောက်ဆုတ်သွားပြီး အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွား၏..။

သမင်ဖို၏ အလင်းရောင်မှာ ကြောက်ထက် ပို၍ တောက်ပကာ ပူနွေးမှုကို ဖြစ်စေပြီး အခန်းထဲဝယ် လှည့်ပတ်ပြေးလွှားနေ၏။

"ဝိညာဉ်ကိုယ်ပွားကို ယူလိုက်..."

ဟယ်ရီက ဟာမီယွန်ကို ပြောလိုက်သည်။

သူက အောက်ကို ပြေးဆင်းရင်း ကိုယ်ပျောက်ဝတ်ရုံကို အိတ်ထဲသို့ ပြန်ထည့်ကာ မစ္စစ်ကာတာမိုး အနီးသို့သွားလိုက်သည်..။

သူမက သူ့မျက်နှာကို ကြည့်ရင်း..

"ရှင်.. ရှင်ပါလား.. ဒါ.. ဒါပေမယ့် ရက်ပြောတော့ ရှင်ကကျွန်မနာမည်ကို အမေးခံရမယ့် စာရင်းမှာ ထည့်ခဲ့တာဆို..."

ဟယ်ရီက သူမကို ချုပ်နှောင်ထားသော သံကြိုးများကို ဆောင့်ဆွဲဖြုတ်နေရင်းမှ...

"ဟုတ်လို့လား.. အဲ.. ကျုပ်စိတ်ပြောင်းသွားပြီ.. ဒစ်ဖင်ဒို..."

ဘာမှ ထူးခြားမလာပေ..။ ထို့ကြောင့်..

"ဟာမီယွန်.. ငါ ဒီသံကြိုးကို ဘယ်လိုလုပ်ရမလဲ.."

"ခဏလေး.. ငါ ဒီမှာ လုပ်စရာရှိသေးတယ်.."

"ဟာမီယွန်.. ငါတို့ ပတ်ပတ်လည်မှာ ဝိညာဉ်နှုတ်သတ္တဝါတွေချည်းပဲ.."

"ငါသိတယ် ဟယ်ရီ... ဒါပေမယ့် သူသတိရလာလို့ လော့ကတ်ကို မတွေ့ရင် ခက်မယ်.. ငါ အစားထားခဲ့ဖို့ ကြိုးစားနေတယ်.. ဂျီမီနီယို.. ဟုတ်ပြီ.. ဒါဆိုရင် မသိနိုင်လောက်ဘူး.."

ဟာမီယွန်မှာ အောက်ဘက်သို့ ပြေးဆင်းလာကာ...

"စမ်းကြည့်ရအောင် .. ရီလက်ရှီယို.."

သံကြိုးများမှာ ချက်ချင်းပင် လက်တန်းထဲသို့ ပြန်ဝင်သွား၏။ မစ္စစ်ကာတာမိုးမှာ ကြောက်ရွံ့နေဆဲပင်..။ သူမက..

"ကျွန်မတော့ နားမလည်နိုင်တော့ဘူး"

"ခင်ဗျား ကျွန်တော်တို့နဲ့ အတူတူ ဒီနေရာက ထွက်သွားမှ ဖြစ်မယ်..."

ဟယ်ရီက သူမကို ဆွဲထူရင်း ပြောလိုက်သည်..။

"ကလေးတွေကို ခေါ်ပြီး ဖြစ်နိုင်ရင် ဒီနိုင်ငံထဲက ပြေးပေးတော့.. ဒီနေရာမှာ ဘယ်လိုလဲဆိုတာ မြင်ပြီးပြီပဲ.. တရားမျှတမှု မရှိဘူး.."

ဟာမီယွန်က..

"ဟယ်ရီ.. ငါတို့ ဒီအထဲက ဘယ်လိုထွက်ကြမလဲ.. အပြင်မှာ ဝိညာဉ်နှုတ်သတ္တဝါတွေ အများကြီးပဲ..."

"အစောင့်အရှောက်တွေ ရှိသားပဲ.."

ဟယ်ရီက သူ့မှော်တောင်ဝှေးကို တံခါးဆီသို့ ညွှန်ပြလိုက်သည်..။ သမင်ဖိုကြီးမှာ တံခါးဆီသို့ ဖြည်းညင်းစွာ လျှောက်သွား၏။

"ငါတို့ တတ်နိုင်သရွေ့ စုစည်းပြီး သွားရမယ်.. နင့်အစောင့်အရှောက်ကို ခေါ်တော့ ဟာမီယွန်.."

"အိပ်.. အိပ်စပက်တိုပက်ထရိုနမ်.."

ဟာမီယွန် ဂါထာရွတ်လိုက်သော်လည်း ဘာမှ ထူးခြားမလာချေ..။

ဟယ်ရီက တွေဝေငေးငိုင်နေသော မစ္စစ်ကာတာမိုးဘက်လှည့်ကာ..

"ဒါ သူ ပြဿနာအမြဲတွေ့နေရတဲ့ တစ်ခုတည်းသော ဂါထာပဲ.. တကယ့်ပြဿနာပဲ.. လုပ်စမ်းပါ.. ကြိုးစားလိုက်စမ်းပါ.."

"အိပ်စပက်တိုပက်ထရိုနမ်..."

ငွေရောင်ဖျံတစ်ကောင် ဟာမီယွန့်မှော်တောင်ဝှေးထိပ်မှ ထွက်လာကာ လေထဲမှာပင် ကူးခတ်ရင်း သမင်ဖိုနှင့် သွား၍ ပူးပေါင်းလိုက်သည်..။

"သွားကြစို့..."

ဟယ်ရီ ပြောရင်းနှင့် ဟာမီယွန်နှင့် မစ္စစ်ကာတာမိုးတို့ကို ဦးဆောင်ကာ တံခါးဆီသို့ ဦးတည်လိုက်သည်။ အစောင့်အရှောက်များ အခန်းအပြင် ထွက်သွားသည်နှင့် ကြောက်လန့်တကြား

အော်ဟစ်သံများကို ကြားလိုက်ရသည်။

ဟယ်ရီ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်..။ ဝိညာဉ်နှုတ်သတ္တဝါများမှာ နောက်သို့ ဆုတ်သွားကာ အမှောင်ရိပ်ထဲဝယ် ပျောက်ကွယ်သွားကြ၏..။ သူက စောင့်နေသော

မက်ဂယ်မွေးသူများ အားလုံးကို..

"ခင်ဗျားတို့အားလုံး အိမ်ပြန်ပြီး မိသားစုနဲ့ အတူတူ ပုန်းနေကြပါ.. ဖြစ်နိုင်ရင် အဝေးကို ထွက်သွားကြပါ.. ဝန်ကြီးဌာနနဲ့ ဝေးရာကို သွားကြပါ.. ဒါ ... ဒါ အစီအစဉ်အသစ်ပဲ.. အခု

အစောင့်အရှောက်တွေ နောက်ကို လိုက်သွားရင် ခန်းမကြီးကို ပြန်ရောက်ပါလိမ့်မယ်.."

သူတို့ကျောက်လှေကားအတိုင်း ဓာတ်လှေကားဆီသို့ အခက်အခဲ မရှိပဲ ရောက်လာခဲ့သည်..။ သို့ရာတွင် ခန်းမကြီးအတွင်းသို့ သမင်ဖိုနှင့် ဖျံတို့ ခြံရံကာ တရားစွဲခံထားရသော

မက်ဂယ်မွေးသူ အယောက်နှစ်ဆယ်ခန့်နှင့်သာ ဝင်သွားပါက မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ပေသည်..။ ထိုအချိန်မှာပင် ဓာတ်လှေကားတံခါး ပွင့်သွားပြီး..

"ရက်.."

မစ္စစ်ကာတာမိုး အော်ဟစ်ရင်း ရွန့်ကို ပြေးဖက်လိုက်၏..။

"ရမ်ကွန်းက ကျွန်မတို့ကို ခေါ်ထုတ်လာတာ.. သူ အမ်ဘရစ်ချ်နဲ့ ရက်ဇ်လေကို တိုက်ခိုက်ပြီးမှ ထွက်လာလို့ရတာ.. ကျွန်မတို့ကို ဒီတိုင်းပြည်က ထွက်သွားခိုင်းနေတယ်.. အဲဒီ့အတိုင်း

လုပ်တာပဲ ကောင်းမယ် ရက်...အိမ်ကိုပြန်ပြီး ကလေးတွေကို ခေါ်ရအောင် .. ရှင်.. ရှင် ဘာဖြစ်လို့ စိုရွှဲနေတာလဲ.."

ရွန်က...

"ရေတွေပါ.. ဟယ်ရီ.. သူတို့ ဝန်ကြီးဌာနထဲကို အပြင်လူရောက်နေတာ သိသွားပြီ.. အမ်ဘရစ်ချ်တံခါးမှာ အပေါက်တစ်ခုတွေ့လို့တဲ့.. ငါတို့ ငါးမိနစ်လောက်ပဲ အချိန်ရမယ်.."

ဟာမီယွန်၏ အစောင့်အရှောက်မှာ 'ဖောက်'ကနဲ အသံတစ်ချက် မြည်ကာ ပျောက်သွားပြီး သူမမှာ လွန်စွာ ထိတ်လန့်နေဟန်ဖြင့်..

"ဟယ်ရီ.. ငါတို့ ဒီထဲမှာ ပိတ်မိနေရင်..."

"ငါတို့ မြန်မြန်သွားနိုင်ရင် ဖြစ်ပါတယ်..."

ဟယ်ရီက သူ့နောက်မှလိုက်ပါလာသူ အားလုံးကို ဦးတည်ကာ ပြောလိုက်သည်။ အားလုံးက ဟယ်ရီ့ကိုသာ ကြည့်နေကြသည်။

"ဘယ်သူ့ဆီမှာ မှော်တောင်ဝှေးပါသလဲ.."

တစ်ဝက်ခန့်က မှော်တောင်ဝှေးများကို မြှောက်ပြကြ၏..။

"ဟုတ်ပြီ.. မှော်တောင်ဝှေးမရှိတဲ့လူတွေက ရှိတဲ့လူတွေနဲ့ အတူတူ နေကြမယ်.. ကျွန်တော်တို့ အမြန်ဆုံး လှုပ်ရှားနိုင်မှ ဖြစ်မယ်.."

သူတို့အားလုံး ဓာတ်လှေကားနှစ်ခုထဲသို့ ဝင်လိုက်ကြသည်..။ ဟယ်ရီ၏ အစောင့်အရှောက် သမင်ဖိုကြီးမှာ ဓာတ်လှေကားတံခါးဝတွင် ရပ်ကာ စောင့်ပေးနေ၏..။

"အဌမထပ် .. ခန်းမကြီးကို ရောက်ပါပြီ.."

ဓာတ်လှေကားတံခါး ပွင့်သွားသည်နှင့် ပြဿနာတက်ပြီမှန်း ဟယ်ရီ သိလိုက်၏..။ ခန်းမကြီး တစ်ခုလုံးတွင် စုန်းကဝေများ ပြည့်နေကာ မီးဖိုများကို တစ်ခုပြီးတစ်ခု လိုက်ပိတ်နေ၏..။

ဟာမီယွန်က...

"ဟယ်ရီ.. ဘယ်လို လုပ်ကြမလဲ.."

"ရပ်ကြစမ်း.."

ဟယ်ရီ အော်ဟစ်လိုက်၏..။ ကျယ်လောင်လှသော ရမ်ကွန်း၏ အော်ဟစ်သံမှာ ခန်းမကြီး တစ်ခုလုံး ပဲ့တင်ထပ်သွားသည်။ မီးဖိုများကို ပိတ်ဆို့နေသူအားလုံး ရပ်တန့်သွား၏..။ ဟယ်ရီက

သူ့နောက်မှ လူများကို လေသံမျှဖြင့်..

"နောက်ကလိုက်ခဲ့ကြ.."ဟုဆိုရင်း ရှေ့သို့ ဦးဆောင်လာခဲ့သည်။

ထိပ်ပြောင်ပြောင်နှင့်လူက..

"ဘာကိစ္စလဲ အဲလ်ဖတ်.."

"ဒီလူတွေ အပြင်ကို ပို့ပေးရမယ် မပိတ်နဲ့ဦး..."

ရမ်ကွန်းတွင် ရှိသမျှ အခွင့်အရေးအားလုံးကို ဟယ်ရီ အသုံးချကြည့်လိုက်သည်။ သူ့ရှေ့တွင် ရှိနေသူများမှာ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ရင်း..

"ငါတို့ကို ထွက်ပေါက်အားလုံး ပိတ်ပြီး ဘယ်သူ့မှ ပေးမထွက်ရဘူးလို့ အမိန့်ပေးထားတယ်.."

ဟယ်ရီက အကြီးအကျယ် ပေါက်ကွဲသွားသော လေသံဖြင့်..

"ငါ့ကို မင်းဆန့်ကျင်နေတာလား.. မင်းရဲ့ မိသားစုမျိုးရိုးကို ငါ စစ်ဆေးလိုက်ရမလား.. ဒတ်ခရက်စ်ဝဲလ် ဘာဖြစ်သွားသလဲ.."

ထိပ်ပြောင်နှင့် လူမှာ ထိတ်လန့်သွားပုံရပြီး..

"ဆောရီးပဲ ရမ်ကွန်း.. ငါဒီလို ဆိုလိုတာ မဟုတ်ပါဘူး.. သူတို့က ဒီကို အစစ်ဆေးခံဖို့ ရောက်နေတာဆိုတော့.."

"သူတို့အားလုံး မျိုးရိုး အစစ်တွေပဲ..."

ဟယ်ရီ့အသံမှာ နောက်တစ်ကြိမ် ခန်းမထဲဝယ် ပဲ့တင်ထပ်သွား၏။

"မင်းတို့တွေထက် မျိုးရိုးသန့်တယ်.. ဖယ်ကြစမ်း.."

ထို့နောက်တွင် သူ မက်ဂယ်မွေးသူများကို နှစ်ယောက်တစ်တွဲစီ မီးဖိုထဲ သွင်းလိုက်သည်။ ဝန်ကြီးဌာနမှ လူများမှာ ဘာလုပ်ရမှန်း မသိပဲ ဖြစ်နေကြသည်..။ ထိုအချိန်မှာပင်..

"မာရီ.."

မစ္စစ်ကာတာမိုးမှာ နောက်သို့ လှည့်ကြည့်လိုက်၏..။ ရက်ကာတာမိုးအစစ်မှာ ခုတင်လှေကားထဲမှ ထွက်လာ၏..။ ပျို့အန်မနေတော့သော်လည်း ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

"ရက်.."

သူမက ရက်နှင့် ရွှန့်ကို တစ်လှည့်စီ ကြည့်နေ၏..။ ထိပ်ပြောင်နှင့် လူမှာ ရက်နှင့် ရွှန့်ကို ကြည့်ရင်း တအံ့တသြ ဖြစ်နေ၏။

"ဟင်.. ဘာတွေဖြစ်ကုန်ပြီလဲ..."

ရက်ဇ်လေမှာ နောက်ထပ် ခုတင်လှေကား တစ်ခုမှ ပြေးထွက်လာရင်း..

"ထွက်ပေါက်တွေကို ပိတ်လိုက် .. ပိတ်လိုက်တော့.."

သို့ရာတွင် မစ္စစ်ကာတာမိုးမှလွဲ၍ မက်ဂယ်မွေးသူများ အားလုံးမှာ ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။ ထိပ်ပြောင်နှင့်လူက မှော်တောင်ဝှေးကို မြှောက်လိုက်သဖြင့် ဟယ်ရီ သူ၏

ဇရာမလက်သီးကြီးဖြင့် ထိုးထည့်လိုက်ရာ လေထဲသို့ မြောက်တက်လွင့်စင်သွားတော့သည်..။ ဟယ်ရီက..

"ဒီလူက မက်ဂယ်မွေးတဲ့သူတွေ လွတ်အောင် ကူညီနေတယ် ရက်ဇ်လေ..."

ထိပ်ပြောင်၏ သူငယ်ချင်းများမှာ မကျေမနပ်နှင့် အော်ဟစ်လိုက်၏..။

ထိုအချိန်မှာပင် ရွှန်မှာ မစ္စစ်ကာတာမိုးကို ဆွဲခေါ်ကာ မီးဖိုထဲသို့ ဝင်ရောက် ပျောက်ကွယ်သွား၏။ ရက်ဇ်လေမှာ ဇဝေဇဝါဖြစ်နေဟန်ဖြင့် ဟယ်ရီနှင့် အထိုးခံလိုက်ရသူတို့ကို တစ်လှည့်စီ

ကြည့်နေ၏..။ ထိုအချိန်တွင် ရက်ကာတာမိုး အစစ်က..

"ကျုပ် မိန်းမနဲ့ ရှိနေတာ ဘယ်သူလဲ.. ဘာတွေဖြစ်ကုန်ပြီလဲ.."

ရက်ဇ်လေ၏ မျက်နှာတွင် ဘာတွေဖြစ်နေသည်ကို ရိပ်မိသွားဟန် ပေါ်လာ၏။

"လာ.."

ဟယ်ရီ ဟာမီယွန်.လက်ကို ဆွဲကာ မီးဖိုထဲသို့ ခုန်ဝင်လိုက်၏။ ရက်ဖ်လေ၏ ကျိန်စာမှာ ဟယ်ရီ.ခေါင်းပေါ်မှ ကပ်ကျော်သွား၏။ သူတို့ အိမ်သာထဲမှ ထွက်မလာခင်

ချာလပတ်လည်သွားသည်ကို ခံစားလိုက်ရသည်။ ဟယ်ရီ တံခါးကို ဖွင့်လိုက်သည်နှင့် ရွန်.ကို မစ္စစ်ကာတာမိုးက ချုပ်နှောင်ထားဆဲ ရှိသည်ကို တွေ့ရ၏..။

"ရက်.. ကျွန်မ နားမလည်တော့ဘူး.."

"လွှတ်ပါ.. ကျွန်တော် ခင်ဗျား ယောကျ်ား မဟုတ်ဘူး.. ခင်ဗျား အိမ်ကို ပြန်သင့်ပြီ..."

သူတို့.နောက်ဘက် အိမ်သာထဲမှ အသံဗလံများ ကြားလိုက်ရပြီး ရက်ဖ်လေကို ဟယ်ရီ တွေ့လိုက်ရသည်..။

"လွှတ်လိုက်..."

ဟယ်ရီ အော်ဟစ်လိုက်ရင်း ဟာမီယွန်.လက်နှင့် ရွန်.လက်မောင်းကို ဆုပ်ကိုင်ကာ ကိုယ်ရောင်ဖျောက်နည်းကို သုံးလိုက်သည်။

အမှောင်ထုထဲသို့ သူတို့ နှစ်မြုပ်ဝင်သွားပြီးနောက် တစ်ခုခု မှားနေပြီကို ဟယ်ရီ ခံစားလိုက်ရသည်..။ ဟာမီယွန်.လက်မှာ သူ.လက်ထဲမှ လွှတ်လုမတတ် ဖြစ်နေသည်..။

ဟယ်ရီ အသက်ရှူကျပ်လာသလို ခံစားရသည်..။ အမှောင်ထုထဲတွင် ရောက်နေပြီး လက်တစ်ဘက်က ရွန်.ကို ဆုပ်ကိုင်ထားကာ ကျန်တစ်ဘက်က ဟာမီယွန်.ကို ဆုပ်ကိုင်ထားသော်လည်း

ဟာမီယွန်၏ လက်ချောင်းကလေးများကိုသာ ဆုပ်ကိုင်မိတော့သည်..။ ထိုလက်ချောင်းများပင် တဖြည်းဖြည်း ချော်ထွက်နေ၏..။

ထို.နောက် သူ နံပါတ်ဆယ်.နှစ်နှင့် မြွေရုပ်လက်ကိုင်တပ်ထားသော တံခါးကို တွေ့လိုက်ရသည်..။ သူ အသက်မရှူနိုင်ခင်မှာပင် စူးစူးဝါးဝါး အော်ဟစ်သံနှင့်အတူ ပန်းရောင်

အလင်းတန်းများကို တွေ့လိုက်ရသည်..။ ဟာမီယွန်.လက်မှာ သူ.လက်ကို တင်းတင်းဆုပ်ကိုင်လိုက်ပြီးနောက် အမှောင်ထုထဲသို့ ဟယ်ရီ နောက်တစ်ခေါက် ကျရောက်သွားပြန်သည်..။

**၁၄။ ဘယ်သူမှန်းမသိတဲ့သူခိုး**

ဟယ်ရီ မျက်လုံးဖွင့်ကြည့်လိုက်သည်..။ မျက်လုံးထဲဝယ် ရွှေရောင်နှင့် အစိမ်းရောင်များကို ရိုးတိုးရိပ်တိတ် မြင်နေရ၏။ ဘာဖြစ်သွားမှန်း သူမသိပေ..။ သူမြင်နေရသော အရာများမှာ

သစ်ရွက်သစ်ခက်များ ဖြစ်မည်ထင်မိသည်..။

အသက်ရှူနိုင်ရန် ကြိုးစားရင်း သူမြင်ရသော အရိပ်များမှာ သစ်ရွက်များကြားမှ နေရောင်ဖြာကျနေခြင်းမှန်း သိလိုက်သည်..။ သူ့မျက်မှန်နားတွင် အရာဝတ္ထုတစ်ခု ရှိနေမှန်း

သိလိုက်သည်..။

သို့ရာတွင် သူအားယူကာ ထကြည့်လိုက်ချိန်ဝယ် ထိုအရာမှာ ရွှန်၏ ခြေထောက်ဖြစ်မှန်း သိလိုက်သည်..။ သူလှည့်ပတ်ကြည့်လိုက်ရာ ဟာမီယွန်ကိုပါ လဲကျလျှက်တွေ့ရ၏..။

ဟယ်ရီ သူတို့ တားမြစ်တောအုပ်ထဲသို့ ရောက်နေသည်ဟု ထင်မိသည်..။ ဟော့ဝပ်ကျောင်းနယ်မြေအတွင်း ပြန်ရောက်လာခြင်းသည် အလွန် မိုက်မဲရာ ကျသည်ဟု ဟယ်ရီ သိသော်လည်း

သူ ရင်တစ်ချက် ခုန်သွားသည်ကတော့ အမှန်ပင်..။ မကြာခင်မှာပင် ရွှန့်ထံမှ ညည်းညူသံကို ကြားလိုက်ရသည်..။

ဟယ်ရီ သူ့ထံသို့ တွားသွားလာရင်း ဤနေရာမှာ တားမြစ်တောအုပ်မဟုတ်မှန်း သိလာ၏...။ သစ်ပင်များမှာ ပို၍နုငယ်သေးကာ ခပ်ကျဲကျဲသာ ပေါက်ရောက်နေ၏။

ဟာမီယွန့်ကိုပါ ရွှန့်အနီးဝယ် ဒူးထောက်ထိုင်နေသည်ကို တွေ့ရ၏။ သူ ရွှန့်ကို ကြည့်လိုက်ချိန်ဝယ် အခြားစိတ်ပူစရာကိစ္စများကို မေ့လျော့သွား၏။

ရွှန်၏ ဘယ်ဘက် ခန္ဓာကိုယ်တစ်ခြမ်းလုံး သွေးများ ရွှဲနစ်နေပြီး သူ့မျက်နှာမှာ ဖြူလျော်နေ၏..။ ရုပ်သွင်ပြောင်းဆေးရည်မှာ အာနိသင် ကုန်လာပြီ ဖြစ်၍ တဖြည်းဖြည်း သူ့ရုပ်သွင်သို့

ပြန်ပြောင်းလဲလာနေသည်။

“သူ ဘာဖြစ်သွားတာလဲ..”

“အရိုးကျိုးသွားတာ ထင်တယ်..”

သူမက ရွှန်၏ ဝတ်ရုံကို သွေးအများဆုံး ထွက်နေသော နေရာမှ စုတ်ဖြဲပစ်ရန် ကြိုးစားနေ၏..။ ဟယ်ရီ ကြည့်ရင်း ကြည့်ရင်း ထိတ်လန့်လာ၏..။ ဟယ်ရီ့တစ်သက်တွင် ထိုမျှဆိုးသော

ဒဏ်ရာကို မမြင်ဖူးခဲ့..။ ရွှန့်လက်မောင်းဝယ် အသားစိုင်အတော်များများ ပဲ့ထွက်သွားကာ ဟောင်းလောင်း ဖြစ်နေ၏..။

"ဟယ်ရီ.. ငါ့အိတ်ထဲက ဒစ်တနီအဆီပုလင်းကို ယူပေးစမ်းပါ..."

ဟယ်ရီ ဟာမီယွန် လဲကျနေခဲ့သော နေရာကို ပြေးသွားကာ သူမ၏ လက်ကိုင်အိတ်ထဲသို့ ရှာဖွေလိုက်သည်..။ လက်ထဲဝယ် ပစ္စည်းမျိုးစုံကို စမ်းသပ်မိနေ၏..။ စာအုပ်များ ဖိနပ်များ

စသည်ဖြင့် မဆုံးနိုင်အောင်ပင်...။

"မြန်မြန်.."

ဟယ်ရီ သူ့မှော်တောင်ဝှေးကို မြေကြီးပေါ်မှ ကောက်ယူကာ အိတ်ထဲသို့ ထိုးချိန်လိုက်ပြီး...

"အက်ဆီယိုဒစ်တနီ.."

အညိုရောင် ပုလင်းလေးတစ်လုံး အိတ်ထဲမှ ထွက်လာ၏..။ ဟယ်ရီ ဖမ်းယူလိုက်ပြီး ဟာမီယွန်နှင့် ရွှန့်ထံ ခပ်သွက်သွက် ပြန်လာခဲ့သည်..။ ရွှန့်မျက်ခွံများမှာ တစ်ဝက်ပွင့်လျှက်ရှိပြီး

မျက်သားဖြူဖြူကို မြင်နေရ၏..။

"သူမေ့နေပြီ.."

ဟာမီယွန်က ပြော၏..။ သူမမှာလည်း ဖြူဖျော့ဖျော့ ဖြစ်နေပြီး မက်ဖဲလ်ဒါနှင့် လုံးဝ မတူတော့ပေ..။

"ပုလင်းအဖုံး ဖွင့်ပေးစမ်းပါဟာ.. ငါ့လက်တွေ တုန်နေလို့ .."

ဟယ်ရီ အဖုံးကို ဖွင့်ပေးလိုက်သည်..။ ဟာမီယွန်က ပုလင်းကို လှမ်းယူကာ သွေးထွက်နေသော ဒဏ်ရာပေါ်သို့ ဆေးစက်သုံးစက် ချပေးလိုက်သည်။ အစိမ်းရောင် မီးခိုးများ

ထွက်လာပြီးနောက် မီးခိုးများ ရှင်းသွားချိန်ဝယ် သွေးထွက်ရပ်သွား၏..။ ထို့အပြင် ဒဏ်ရာမှာ ရက်များစွာ ကြာပြီးသော ဒဏ်ရာဟောင်းတစ်ခုပမာ ကျက်သွားပြီး အရေပြားပင်

ပြန်ဖြစ်နေ၏..။

"အိုး .. တယ်ဟုတ်ပါလား.."

ဟာမီယွန်က..

"ငါ ဒီလောက်ပဲ လုပ်ရဲတယ်.. သူ့ကို လုံးဝကောင်းသွားစေမယ့် ဂါထာရှိတယ်.. ဒါပေမယ့် ငါ စမ်းမကြည့်ရဲဘူး.. ပိုဆိုးသွားရင် ခက်မယ်.. အခုတောင်မှ သွေးထွက်တာ

အရမ်းများနေပြီ.."

ဟယ်ရီက..

"သူက ဘယ်လိုလုပ်ပြီး ဒဏ်ရာရသွားတာလဲ.. ငါတို့ ဘာလို့ ဒီနေရာ ရောက်နေရတာလဲ.. ငါတို့ ဂရင်းမော်ဒ်အိမ်ကို ပြန်ရမှာ မဟုတ်လား.."

ဟာမီယွန်မှာ သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ငိုတော့မလို မျက်နှာနှင့် ...

"ဟယ်ရီ.. ငါတို့ ပြန်လို့ ဖြစ်တော့မယ်လို့ မထင်ဘူး.."

"ဘာ.. ဘာဖြစ်လို့..."

"ငါတို့ ကိုယ်ရောင်ဖျောက်တဲ့အချိန်မှာ ရက်ဇ်လေက ငါ့ကို မိသွားတယ်.. ငါဘယ်လိုမှ ခါချလို့ မရဘူး.. သူပါ ငါ့ကိုကိုင်ပြီး ဂရင်းမော်ဒ်အိမ်အထိ ပါလာတယ်... ပြီး... ပြီးတော့ သူ

အိမ်တံခါးကို တွေ့သွားတယ်လို့ ငါထင်တယ်.. သူ တစ်ချက် အားလျော့သွားတာနဲ့ ငါရုန်းထွက်ပြီး နင်တို့ကို ဒီခေါ်လာတာပဲ.."

"ဒါ .. ဒါဆိုရင် သူက ဟိုမှာ ကျန်ခဲ့မှာပေါ့.. သူ.. သူအထဲကို ဝင်လို့ရမယ်လို့ ထင်သလား..."

သူမမှာ ခေါင်းညိတ်ပြရင်း မျက်ရည်များ စီးကျလာ၏..။

"ငါတော့ သူဝင်နိုင်မယ် ထင်တာပဲ.. ငါ သူ့ကို ရီဗဲလ်ရှင်းကျိန်စာနဲ့ လွင့်သွားအောင် လုပ်ပစ်လိုက်တယ်.. ဒါပေမယ့် သူက ဖီဒီးလီ းယပ်စ်ဂါထာရဲ့ အကာအကွယ်ထဲကို

ရောက်လာပြီးသားလေ.. ဒမ်ဘယ်လ်ဒိုး သေသွားတော့ ငါတို့က လျှို့ဝှက်ချက်ကို ထိန်းသိမ်းတဲ့လူတွေလေ.... ငါ ... ငါ သူ့ကို လျှို့ဝှက်ချက်ကို ပြောမိသလို ဖြစ်သွားပြီပေါ့.. မ

ဟုတ်ဘူးလား.."

သူမ၏ ယူဆချက်မှန်မည်ကို ဟယ်ရီ သိသည်..။ ရက်ဇ်လေသာ အိမ်ထဲသို့ ဝင်နိုင်လျှင် သူတို့ ပြန်သွားစရာ အကြောင်းမရှိတော့..။ ယခုလောက်ဆိုလျှင် အခြားသော ဒက်အိတာများကိုပါ

ကိုယ်ရောင်ဖျောက်ကာ ပြန်ခေါ်လာပြီးလောက်ပေပြီ..။

ထိုအိမ်မှာ စိတ်ပျက်ဖွယ်ရာ ကောင်းသော်လည်း သူတို့အတွက် အလုံခြုံဆုံး နေရာပင်..။ ခရီချာမှာ ယခုအခါ ပို၍ ဆက်ဆံရေး ပြေပြစ်လာသဖြင့် နေရထိုင်ရသည်မှာ ယခင်ကထက်

အဆင်ပြေလာ၏..။ ယခုအချိန်လောက်ဆိုလျှင် ခရီချာမှာ သူတို့အတွက် ချက်ပြုတ်ရင်း အလုပ်ရှုပ်နေလောက်ပြီဟု ဟယ်ရီ တွေးမိသည်..။

"ဟယ်ရီ ငါတောင်းပန်ပါတယ်ဟာ.. ငါ့အပြစ်ပါ.."

"မရှုးစမ်းပါနဲ့ .. နင်နဲ့ ဘာမှမဆိုင်ဘူး... တကယ်တော့ ငါ့အပြစ်ပဲ.."

ဟယ်ရီက သူ့အိတ်ထဲသို့ နှိုက်လိုက်ရင်း မူဒီ၏ မှော်မျက်လုံးကို ထုတ်လိုက်သည်..။ ဟာမီယွန်မှာ အလွန်ထိတ်လန့်သွားပုံရ၏..။

"အမ်ဘရစ်ချ်က ဒီမျက်လုံးကို သူ့အခန်းဝမှာ ချောင်းကြည့်ဖို့ တပ်ထားတယ်လေ.. ငါ ဒီအတိုင်း မထားခဲ့နိုင်ဘူး.. ဒါပေမယ့် ဒါကြောင့်ပဲ သူတို့ လူစိမ်းဝင်နေတာကို သိသွားကြတာ.."

ဟာမီယွန် ဘာမှ ပြန်မပြောခင်မှာပင် ရွှန့်ဆီမှ ညည်းညူသံထွက်လာပြီး မျက်လုံးဖွင့်ကြည့်၏..။ သူ့မျက်နှာတွင် ချွေးတွေ သီးနေ၏..။

ဟာမီယွန်က...

"နင်ဘယ်လိုနေသေးလဲဟင်.."

"ဘာမှ သိပ်မဖြစ်ပါဘူး.. ငါတို့ ဘယ်ရောက်နေတာလဲ.."

"ကွစ်ဒစ်ချ် ကမ္ဘာ့ဖလားကျင်းပခဲ့တဲ့ တောအုပ်လေး.. ငါ လုံလုံခြုံခြုံရှိမယ့် နေရာကို စဉ်းစားလိုက်တော့.."

"ပထမဆုံး စဉ်းစားမိတာ ဒီနေရာပဲ ဆိုပါတော့..."

ဟယ်ရီက သူမ၏ စကားကို အဆုံးသတ်ပေးလိုက်သည်..။ သူတို့နောက်ဆုံးအကြိမ် ကိုယ်ရောင်ဖျောက်ခဲ့စဉ်က အဖြစ်အပျက်ကို ဟယ်ရီ ပြန်တွေးမိသည်။ သူတို့ကို ဒက်အိတာများ

မိနစ်ပိုင်းအတွင်း ရှာတွေ့ခဲ့ကြသည်..။

ဘယ်လိုနည်းနဲ့ ရှာတွေ့ခဲ့သလဲဟု ဟယ်ရီ စဉ်းစားနေမိသည်။ သူ့စိတ်ထဲကိုများ မိုဒီမော့ ဝင်ကြည့်ခဲ့လေသလား..။ အခုကော သူတို့ ဘယ်မှာလဲဆိုတာ သိနေပြီလား..။

"ငါတို့ ဆက်သွားသင့်တယ်လို့ မင်းတို့ မထင်ဘူးလား.."

ရွန့်မျက်နှာကို ကြည့်ခြင်းအားဖြင့် သူတွေးသည်ကိုပင် တွေးနေကြောင်း ဟယ်ရီ နားလည်လိုက်သည်..။

"ငါလည်း မပြောတတ်ဘူး..."

ရွန်မှာ ဖြူဖျော့ကာ အားနည်းနေဆဲပင်..။ သူယခုအချိန်ထိ ထမထိုင်နိုင်သေးပေ..။ ထနိုင်ရန်လည်း အင်အားရှိပုံ မရချေ..။ သူ့ကို နေရာရွှေ့ခိုင်းရန် မသင့်ကြောင်း ဟယ်ရီ တွေးမိ၏..။

"အခု လောလောဆည်တော့ ဒီမှာပဲ နေကြတာပေါ့..."

ဟာမီယွန်မှာ စိတ်သက်သာရာ ရသွားဟန်ဖြင့် နေရာမှ ထလိုက်၏။ ရွန်က...

"နင်ဘယ်သွားမလို့လဲ..."

"ငါတို့ ဒီမှာနေမယ်ဆိုရင် အကာအကွယ်တွေ စီမံထားမှ ဖြစ်မှာပေါ့..."

ထို့နောက် သူမမှာ မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်ကာ ရွန်နှင့် ဟယ်ရီတို့ကို ဝိုင်းပတ်၍ စက်ဝိုင်းသဏ္ဍာန် လျှောက်ရင်း ပါးစပ်မှ တီးတိုးရေရွတ်နေ၏..။ ပတ်ဝန်းကျင်လေထုထဲတွင်

အနည်းငယ် ပြောင်းလဲလာသည်ကို ဟယ်ရီ သတိထားမိလိုက်သည်။

"ဆယ်လ်ဗီယို ဟက်ဇီယာ.. ပရိုတီဂိုတိုတယ်လမ်.. ရီပယ်လိုမက်ဂယ်တမ်.. မက်ဖီလီယာတို.."

ဟာမီယွန်မှာ ဂါထာများ ဆက်တိုက်ရွတ်ဆိုနေရင်းမှ ဟယ်ရီ့အား..

"ဟယ်ရီ .. ရွက်ဖျင်တဲကို ထုတ်လိုက်တော့လေ.."

"ရွက်ဖျင်တဲ.. ဘယ်.. ဘယ်က.."

"ငါ့အိတ်ထဲမှာလေ.."

"အိတ်... ထဲမှာ.. သြော်.. ဟုတ်သားပဲ..."

သူ ဒီတစ်ခါတော့ အိတ်ထဲကို အသည်းအသန် လက်နှိုက်ရှာဖို့ မကြိုးစားတော့ပဲ ဆင့်ခေါ်ဂါထာကို သုံးလိုက်သည်..။ ရွက်ဖျင်တဲမှာ အိတ်ထဲမှ ရွက်ဖျင်စများ ကြိုးများ တိုင်များ

ရောထွေးကာ ထွက်လာ၏..။ ထိုရွက်ဖျင်တဲမှာ ကွစ်ဒစ်ချ် ကမ္ဘာ့ဖလားကျင်းပစဉ်က သူတို့သုံးခဲ့သော ရွက်ဖျင်တဲပင် ဖြစ်ကြောင်း ဟယ်ရီ မှတ်မိလိုက်သည်။

သူက ရွက်ဖျင်တဲထိုးရန် ပြင်ဆင်ရင်း..

"ငါသိသလောက်တော့ ဒီတဲကို ဝန်ကြီးဌာနက ပါကင်ဆိုတဲ့သူ ပိုင်တာ မဟုတ်လား..."

"သူက ပြန်မလိုချင်တော့ဘူးလေ.. သူ့ခါးနာတဲ့ရောဂါက ဆိုးနေတာကိုး"

ဟာမီယွန်မှာ ပြောရင်းနှင့် သူမ၏ မှော်တောင်ဝှေးကို ရှုပ်ထွေးစွာ ဝှေ့ယမ်းလှုပ်ရှားနေ၏..။

"ဒါနဲ့ ရွှန့်အဖေက ငါ့ကို ငှားလိုက်တာ.."

"အီရက်တို.."

ဟာမီယွန်က ပုံပန်းမကျ ဖြစ်နေသော ရွက်ဖျင်တဲကို မှော်တောင်ဝှေးနှင့်ချိန်ရင်း ဂါထာတစ်ခု ရွတ်လိုက်၏..။ ရွက်ဖျင်တဲမှာ ချက်ချင်းပင် သပ်သပ်ရပ်ရပ် ဖြစ်သွားသည်..။ ဟယ်ရီ

မရိုက်ရသေးပဲ ကြိုးများ အားလုံးမှာလည်း မြေပေါ်ဝယ် ငုတ်စိုက်ကာ ချည်ပြီးသား ဖြစ်သွား၏..။

"ကေ့ဗ်အင်နီမီဆမ်.."

ဟာမီယွန်မှာ ကောင်းကင်ဆီသို့ ချိန်ရွယ်ကာ ဂါထာရွတ်လိုက်ရင်း သူမ၏ အစီအမံများကို အဆုံးသတ်လိုက်၏..။

"ဒါ ငါလုပ်နိုင်တာ အကုန်ပဲ.. အနည်းဆုံးတော့ သူတို့လာရင် ငါတို့သိမှာပဲ.. ဒါပေမယ့် ဗို..."

"ဒီနာမည်ကို မခေါ်စမ်းပါနဲ့..."

ရှန်က ချက်ချင်းပင် တားဆီးလိုက်သည်..။

ဟာမီယွန်နှင့် ဟယ်ရီတို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်မိကြသည်...။

ရှန်က...

"ဆောရီးပဲ.. ဒါပေမယ့် ဒီနာမည်ကို ကြားရတာ နိမိတ်မကောင်းသလို ခံစားရတယ်.. သူ .. သူ့ကို မိစ္ဆာသခင်ကြီးလို့ပဲ ခေါ်ကြစမ်းပါဟာ..."

ဟယ်ရီက..

"နာမည်ကို မကြောက်သင့်ဘူးလို့ ဒမ်ဘယ်လ်ဒိုးက ပြောခဲ့တယ် မဟုတ်လား..."

"သူ့နာမည်ကို ခေါ်ခဲ့တဲ့ ဒမ်ဘယ်လ်ဒိုး ဘာဖြစ်သွားသလဲ.. ငါ.. ငါတို့ သူ့ကို လေးစားမှုနည်းနည်း ရှိသင့်တယ် ထင်တယ်.."

"လေးစားရမယ် ဟုတ်လား..."

ဟယ်ရီ သူနှင့်ငြင်းရန် ကြံလိုက်သော်လည်း ဟာမီယွန်က သူ့ကို သတိပေးသလို လှမ်းကြည့်၏..။ ရှန် ဤမျှ အားနည်းနေချိန်တွင် ငြင်းခုန်နေရန် မသင့်ဟု ဟယ်ရီ တွေးလိုက်မိသည်..။

ဟယ်ရီနှင့် ဟာမီယွန်မှာ ရှန့်ကို ရွက်ဖျင်တဲထဲသို့ ရွှေ့လိုက်ကြသည်..။ တဲအတွင်းပိုင်းပုံစံမှာလည်း ဟယ်ရီ မှတ်မိသည့်အတိုင်းပင်..။ ဧည့်ခန်း ရေချိုးခန်း မီးဖို အားလုံး

အရင်အတိုင်းပင်..။

သူတို့ ရှန့်ကို အိပ်ရာပေါ် တင်ပေးလိုက်ကြသည်..။ ဤမျှ ခရီးလေးကိုပင် ပင်ပန်းသွားဟန်တူသော ရှန်မှာ အိပ်ရာပေါ်ဝယ် မျက်စိမှိတ်ကာ အနားယူနေ၏..။

ဟာမီယွန်က..

“ငါ လက်ဖက်ရည် ဖျော်လိုက်ဦးမယ်...”

ရေနွေးခရားကို သူမ၏ အိတ်ထဲမှ ထုတ်ကာ မီးဖိုထဲသို့ ဝင်သွား၏..။ ဟယ်ရီလည်း အပူတစ်ခုခုကို သောက်ချင်နေမိသည်..။ အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ရွန်က..

“ကာတာမိုးတို့ ဘာဖြစ်သွားမယ် ထင်သလဲ..”

ဟာမီယွန်က..

“ကံကောင်းရင် သူတို့ ထွက်ပြေးနိုင်မှာပါ..”

သူမက လက်ဖက်ရည်ပန်းကန်များကို သယ်လာရင်း..

‘အခုလောက်ဆိုရင် သူတို့ ကိုယ်ရောင်ဖျောက်ပြီး တစ်မိသားစုလုံး ဒီတိုင်းပြည်က ပြေးကြရောပေါ့.. ဒီလိုလုပ်ဖို့ ဟယ်ရီ ပြောခဲ့တာပဲ..”

ရွန်က...

“ငါတော့ လွတ်သွားကြပါစေလို့ မျှော်လင့်ရတာပဲ..”

ရွန်မှာ လက်ဖက်ရည် သောက်လိုက်ရသဖြင့် အနည်းငယ် နေသာထိုင်သာ ရှိသွားပုံရသည်..။ မျက်နှာပေါ်ဝယ် သွေးရောင်အနည်းငယ် ပြန်ပေါ်လာ၏..။

“ရက်ကာတာမိုးဆိုတဲ့ လူက သိပ်ပါးနပ်ပုံမရဘူး.. ငါ့ကို လူတွေ သူလို့ ထင်ပြီး ဆက်ဆံတုန်းက ဒီလိုပဲ ယူဆရတယ်.. သူတို့ လွတ်သွားပါစေ.. ဒါမှမဟုတ်ပဲ သူတို့သာ အက်ဇကာဘန်ကို

ရောက်သွားရင် ငါတို့ အပြစ်မကင်းဘူး”

ဟယ်ရီ ဟာမီယွန့်ကို တစ်ချက်ကြည့်ကာ မေးခွန်းတစ်ခု မေးချင်လာ၏..။ မစ္စစ်ကာတာမိုးတွင် မှော်တောင်ဝှေး မရှိတော့၍ သူမ၏ ခင်ပွန်းနှင့် အတူတူ ကိုယ်ရောင်ဖျောက်ကာ ထွက်ပြေးနိုင်ပါတော့မလားဟု သူ သံသယ ဝင်နေမိသည်..။ သို့ရာတွင် သူ

ထိုမေးခွန်းကို မမေးဖြစ်ပေ..။

ဟယ်ရီက ဟာမီယွန့်အား ဦးတည်ကာ မေးလိုက်သည်..။

"နင် ရလာခဲ့တယ် မဟုတ်လား..."

"ဟင်.. ဘာ.. ဘာကို ရရမှာလဲ..."

"ငါတို့ အဲဒီ့ကို ဘာသွားလုပ်တာလဲ.. လော့ကတ်သွားရှာတာ မဟုတ်လား.. အခု ဘယ်မှာလဲ.."

ရွန်က ခေါင်းအုံးပေါ်မှ အားယူထလိုက်ရင်း အော်ဟစ်လိုက်၏..။

"မင်းတို့ ရလာတယ် ဟုတ်လား.. ငါ့ကို ဘာလို့ မပြောကြတာလဲ.. မင်းတို့ ငါ့ကို ပြောသင့်တာပေါ့.."

ဟာမီယွန်က..

"ဘယ်အချိန် ငါကပြောရမှာလဲ.. ဒက်အိတာတွေလက်က သေပြေးရှင်ပြေး ပြေးနေရတယ် မဟုတ်လား.. ဟောဒီမှာ.."

သူမက လော့ကတ်ကို အိတ်ထဲမှ ထုတ်ကာ ရွန့်ကို ပေးလိုက်သည်..။ လော့ကတ်မှာ ကြက်ဥတစ်လုံးနီးပါး ကြီးမားကာ အက်ခ်စာလုံးကို အစိမ်းရောင် ကျောက်တုံးများစီကာ

ပုံဖော်ထား၏..။ ရွန်က..

"ခရီချာ ဖျက်ဖို့ ကြိုးစားပြီကတည်းက ဘယ်သူမှ ထပ်ကြိုးစားခဲ့ပုံမရဘူး.. ဒါ ဝိညာဉ်ကိုယ်ပွားပဲ မဟုတ်လား.."

ဟာမီယွန်က ရွန့်လက်ထဲမှ ပြန်ယူကာ အနီးကပ်ကြည့်ရင်း...

"ငါတော့ ထင်တာပဲ.. ဒီလိုမှ မဟုတ်ရင် အပျက်အစီး တစ်ခုခု ရှိနေမှာပေါ့.."

သူမက ဟယ်ရီ့ကို လှမ်းပေးလိုက်၏..။ ဟယ်ရီ လက်ချောင်းများကြားထဲဝယ် လှည့်ပတ်ကြည့်လိုက်သည်..။ လော့ကတ်မှာ အကောင်းပကတိ ရှိကာ ပြောင်လက် တောက်ပနေ၏..။ သူ

ဒိုင်ယာရီ ပျက်စီးသွားပုံနှင့် ဒမ်ဘယ်လ်ဒိုး ဖျက်ဆီးပစ်လိုက်၍ လက်စွပ်ပေါ်ရှိ ကျောက်တုံးဝယ် အက်ကွဲရာ ဖြစ်သွားပုံတို့ကို ပြန်မြင်ယောင်လာမိသည်..။ ဟယ်ရီက..

"ခရီချာပြောတာ မှန်လိမ့်မယ်လို့ ငါထင်တယ်.. ငါတို့ ဒီလည်ဆွဲကို ဖျက်ဆီးဖို့ဆိုရင် အရင်ဆုံးပွင့်အောင် ဖွင့်ရမယ်.."

သူတို့အားလုံး နည်းမျိုးစုံ ကြိုးစားကြည့်သော်လည်း လော့ကတ်မှာ ထူးခြားမလာပေ..။ သူ့လက်ချောင်းများနှင့် ဖွင့်ရန် ကြိုးစားကြည့်သော်လည်း အလကားပင်..။ ဟာမီယွန်ကလည်း

ဂါထာမျိုးစုံ သုံးကြည့်၏..။ သို့ရာတွင် မည်သို့မျှ မထူးခြား..။

ရွန်က လော့ကတ်ကို လက်ထဲဝယ် ဆုပ်ကိုင်ထားရင်း..

"ဒါပေမယ့် မင်း ခံစားမိတယ် မဟုတ်လား.."

"ဘာလဲ.. ဘာကိုလဲ.."

ရွန်က ဝိညာဉ်ကိုယ်ပွားကို ဟယ်ရီ့ဆီ ကမ်းပေးလိုက်သည်..။ ခဏအတွင်းမှာပင် ရွန်ဘာကိုဆိုလိုသလဲ ဆိုတာကို ဟယ်ရီ သဘောပေါက်သွား၏..။ လော့ကတ်အတွင်းမှ နှလုံးခုန်နေသလို

လှုပ်ရှားမှုကို ခံစားမိလိုက်သည်..။ ဟာမီယွန်က..

"ငါတို့ ဒီဟာကို ဘယ်လိုလုပ်ကြမလဲ.."

ဟယ်ရီက..

"ငါတို့ ဘယ်လိုဖျက်ဆီးရမလဲ ဆိုတာကို မသိမချင်း သေချာသိမ်းထားရမှာပဲ"

ထို့နောက် သူ လော့ကတ်ကို လည်ပင်းတွင် ဆွဲထားလိုက်သည်..။ လွယ်ကူစွာ မတွေ့စေရန် အင်္ကျီထဲထည့်ဆွဲထားလိုက်၏..။ သူက ဆက်၍..

"ငါတို့ အပြင်မှာ အလှည့်ကျ စောင့်သင့်တယ်လို့ ထင်တယ်.. နောက်ပြီး စားစရာ ရှာဖို့လည်း ရှိတယ်.. မင်း ဒီမှာနေခဲ့..."

သူ ရွန့်ကို ခပ်ပြတ်ပြတ် ပြောလိုက်၏..။ အကြောင်းမှာ ရွန်မှာ နေရာမှထကာ သူ့နောက်လိုက်ရန် ပြင်နေသောကြောင့်ပင်..။

ဟာမီယွန် သူ့မွေးနေ့တွင် ပေးထားသော အချက်ပေးမှန်ပြောင်းကို ဟယ်ရီ ရွှက်ဖျင်တဲထဲက စားပွဲပေါ်ဝယ် သေချာတင်ထားလိုက်သည်။ ဟယ်ရီနှင့် ဟာမီယွန်တို့ တစ်နေကုန် တစ်လှည့်စီ

ကင်းစောင့်နေကြသည်..။

သို့ရာတွင် အချက်ပေးမှန်ပြောင်းမှာ တစ်နေကုန် ငြိမ်သက်နေ၏..။ ဟာမီယွန်၏ အကာအကွယ် အစီအမံများကြောင့်လား လူများ ဤနေရာကို လာခဲ၍ပဲလား မပြောနိုင်ပေ..။

ဟယ်ရီ မှော်တောင်ဝှေးဖြင့် မီးထွန်းရင်း ညဆယ်နာရီတွင် ဟာမီယွန်နှင့် လူချင်းလဲလိုက်သည်..။ ကောင်းကင်တွင် တစ်ချက်တစ်ချက် ဖြတ်ပျံသွားသော လင်းနို့များမှအပ

ရှင်းလင်းနေ၏..။

ဟယ်ရီ ဗိုက်ဆာလာသလို မူးနောက်နောက် ဖြစ်ချင်လာ၏..။ ဟာမီယွန့်အိတ်ထဲဝယ် မည်သည့် အစားအသောက်ကိုမှ ထည့်မယူလာခဲ့မိပေ..။ ထို့ကြောင့် ယနေ့ညစားဖို့ စားစရာမရှိပဲ

ဖြစ်နေ၏..။ ဟာမီယွန်မှာ တောထဲက မှိုအချို့နှုတ်လာကာ သူတို့ကို ချက်ပြုတ်ကျွေး၏။

ရွှန်မှာ အနည်းငယ်စားပြီးသည်နှင့် မအီမသာ ဖြစ်သွားဟန်ဖြင့် ဆက်မစားတော့ပေ..။ ဟယ်ရီကိုယ်တိုင်လည်း ဟာမီယွန် စိတ်မကောင်းမဖြစ်ရုံသာ ဟန်ပြ စားဖြစ်ခဲ့သည်။

ရုတ်တရက်ဆိုသလိုပင် ပတ်ဝန်းကျင်မှ အသံအချို့ ကြားလိုက်ရသည်..။ တိရစ္ဆာန်တို့၏ အသံများ ဖြစ်မည်ဟု ယူဆရသော်လည်း ဟယ်ရီ မှော်တောင်ဝှေးကို ဆုပ်ကိုင်ကာ သတိနှင့်

စောင့်ကြည့်နေလိုက်သည်။

သူ့စိတ်ထဲတွင် မသက်မသာ ခံစားနေရသည်..။ ဘာမှ စားစရာမရှိသောကြောင့် ဖြစ်နိုင်သည်ဟု ဟယ်ရီ တွေးနေမိသည်။ သူ ဝိညာဉ်ကိုယ်ပွားကိုသာ အရယူနိုင်ခဲ့လျှင် ပို၍

တက်ကြွလာနိုင်သည်ဟု ထင်ခဲ့မိသည်..။ သို့ရာတွင် သူထင်သလို မဟုတ်ပေ..။

အမှောင်ထဲကို ငေးကြည့်နေရင်း မျှော်လင့်ချက်မဲ့နေသလို ခံစားနေရသည်..။ သူ ဤ ဝိညာဉ်ကိုယ်ပွားကို တွေ့ရန် အချိန်များစွာ ပေးခဲ့ရသည်..။ ယခု ရှာတွေ့သောအခါတွင်

ဘာဆက်လုပ်ရမှန်းမသိပဲ လမ်းပျောက်နေသလို ခံစားရ၏..။

အခြား ဝိညာဉ်ကိုယ်ပွားများမှာ တစ်နေရာရာတွင် ရှိနေကြဆဲပင်..။ သို့သော် သူ့တွင် သဲလွန်စတစ်ခုမှ မရှိချေ..။ မည်သည့် ပစ္စည်းများ ဖြစ်မှန်းပင် သူ အကုန်လုံး မသိပေ..။ ယခုပင်

သူ့လက်ထဲရှိ ဝိညာဉ်ကိုယ်ပွားကို မည်ကဲ့သို့ ဖျက်ဆီးရမည်ကို မသိပေ..။

သူ့ရင်ဘတ်ပေါ်ဝယ် ကပ်နေသော ဝိညာဉ်ကိုယ်ပွားမှာ သူ့ကိုယ်ငွေ့ကြောင့် ပူနွေးလာရမည့်အစား အေးစက်နေ၏..။ သူ့ရင်ဘတ်နှင့် ကပ်လျှက် လော့ကတ်ထဲမှ နှလုံးခုန်နေသည်ကို သူ

ခံစားသိရှိနေရသည်။

သူ အမှောင်ထဲမှာ ထိုင်နေရင်း အတိတ်နိမိတ်ဆိုးများကို ကြိုမြင်နေသလို စိတ်တထင့်ထင့် ဖြစ်လာမိသည်..။ ထိုအရာများကို မေ့ဖျောက်ပစ်ရန် ကြိုးစားသော်လည်း မအောင်မြင်ပေ..။

တစ်ယောက် အသက်ရှင်နေရင် ကျန်တစ်ယောက်က အသက်ရှင်နေဖို့ မဖြစ်နိုင်ဟူသော စကားကို ကြားယောင်လာမိသည်။

ရွန်နှင့် ဟာမီယွန်တို့မှာ ဤကိစ္စထဲဝယ် မပါချင်ပဲ ထွက်သွားလိုပါက အချိန်မရွေး ထွက်သွားနိုင်ကြသည်..။ သို့ရာတွင် သူကမူ ဤကဲ့သို့ ရှောင်ပြေး၍ မရပေ..။ သူ့ကိုယ်သူ မတွေးနဲ့ဟု

ပြောနေသော်လည်း ဟယ်ရီ မတွေးပဲ မနေနိုင်ချေ..။

သူ့အမာရွတ်မှာ တဖြည်းဖြည်း နာကျင်စပြုလာသည်။ သူ့အတွေးများကြောင့်လားဟု ဟယ်ရီ ပူပန်စွာ စဉ်းစားရင်း အခြားအကြောင်းအရာ တစ်ခုခုကို ပြောင်းတွေးရန်

ကြိုးစားလိုက်သည်..။

သူတို့ ပြန်အလာကို မျှော်နေမည်ဖြစ်သော ခရီချာ့ကို သူတွေးမိသည်။ ခရီချာ တိတ်တိတ်ဆိတ်ဆိတ်ပဲ နေမလား သူသိသမျှကို ဒက်အီတာများကို ပြောပြနေမလား သူမသိနိုင်ပေ..။

သို့ရာတွင် ခရီချာမှာ သူ့ဘက်ကို ပါလာပြီဟု သူယုံကြည်ကြည့်ချင်သည်။ သူ့အပေါ် သစ္စာရှိလာပြီဟု ထင်မိသည်..။ သို့သော် သေချာမပြောနိုင်ပေ..။

သူရော ဟာမီယွန်ပါ ခရီချာ့ကို မခေါ်ရန် ဆုံးဖြတ်ထားကြသည်..။ ခရီချာနှင့်အတူ ဝန်ကြီးဌာနလူများ ကပ်ပါလာမည် စိုး၍ပင်..။ မှင်စာများ ကိုယ်ရောင်ဖျောက်လျှင် လူများပါ တွဲ၍

လိုက်ပါနိုင်သလားဆိုတာကို သူတို့ ဝေခွဲမရပေ..။

ဟယ်ရီ့ အမာရွတ်မှာ မီးလောင်သလို နာကျင်လာပြီ ဖြစ်သည်။ သူတို့ နားမလည်သော အရာများစွာ ရှိသေးသည်ဟု ဟယ်ရီ ခံစားနေရသည်။ ဘာကြောင့် သူ့ကို ဒမ်ဘယ်လ်ဒိုး

သေချာရှင်းမပြခဲ့သလဲ သူနားမလည်နိုင်ပေ..။ သူ အသက်ရှင်နေဖို့ အချိန်အများကြီး ရှိသေးတယ်လို့များ တွက်ဆခဲ့သလား..။

"ငါ့ကိုပေးစမ်း ဂရီဂိုရိုဗစ်ချ်..."

ဟယ်ရီ့အသံမှာ ကျယ်လောင်ကာ အေးစက်စက်နိုင်နေသည်..။ မော်တောင်ဝေးကို ဖြူဖွေးနေသော လက်ချောင်းများနှင့် ကိုင်ထား၏..။ သူ မော်တောင်ဝေးဖြင့် ချိန်ရွယ်ထားသူမှာ

လေထဲတွင် ဇောက်ထိုးတွဲလောင်းကျနေ၏..။ သူ့ကို မည်သည့်ကြိုးနှင့်မျှ ချိတ်ဆွဲထားခြင်း မရှိပေ..။ ထိုလူ၏ မျက်နှာမှာ အကြီးအကျယ် ကြောက်ရွံ့နေဟန်ရှိပြီး ခေါင်းမှစီးကျနေသော

သွေးများကြောင့် မျက်နှာတစ်ခုလုံး ပေရေနေ၏။ ဆံပင်အားလုံး ဖွေးဖွေးဖြူနေကာ ရှုပ်ပွနေသော မုတ်ဆိတ်မွေးများ ရှိ၏..။

"မရှိဘူး.. ကျုပ်မှာ မရှိတော့ဘူး.. အခိုးခံရတာ ကြာလှပြီ..."

"ဗိုဒီမော့ကို ညာဖို့ မကြိုးစားနဲ့ ဂရီဂိုရိုဗစ်ချ်.. ငါမသိတာ ဘာမှမရှိဘူး..."

ဇောက်ထိုး မြင်နေသူ၏ မျက်လုံးများမှာ ကြောက်လန့်မှုကြောင့် ပို၍ ပြူးကျယ်လာပြီးနောက် ဟယ်ရီ့အမြင်အာရုံများ အမှောင်အတိ ကျသွားသည်..။

မှောင်မည်းနေသော ကော်ရစ်ဒါတစ်ခုအတိုင်း ဟယ်ရီ လျှောက်လာရင်း ဂရီဂိုရိုဗစ်ချ်တစ်ယောက် အော်ဟစ်ရင်း အိပ်ယာထဲမှ နိုးလာကာ လမ်းအတိုင်း ဖြတ်ပြေးသွားသည်ကို

တွေ့လိုက်ရသည်..။ ဂရီဂိုရိုဗစ်ချ်မှာ များစွာ အသက်ငယ်လှသေးသည်..။ သူပြေးဝင်သွားသော အခန်းမှာ အလုပ်ခန်းတစ်ခုဖြစ်ပြီး သစ်သားစများနှင့် ရှုပ်ပွနေကာ ရွှေရောင်အလင်းများ

ဖြာကျနေ၏..။

ပြတင်းပေါက်တွင် ရွှေရောင်ဆံပင်နှင့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရပြီး သူ့မျက်နှာကို အလင်းရောင်အောက်ဝယ် စက္ကန့်ပိုင်းမျှ တွေ့လိုက်ရ၏..။ ထိုသူ၏မျက်နှာမှာ

ယောက်ျားပီသကာ ခန့်ညားပြီး ဝမ်းသာနေပုံရ၏..။ သူက ချက်ချင်းပင် မေ့မျောကျိန်စာတစ်ခုကို ပစလွှတ်လိုက်ပြီး ပြတင်းပေါက်မှ ခုန်ဆင်းသွားတော့သည်..။

ထို့နောက်တွင် ဂရီဂိုရီဗစ်ချ်၏ ကြောက်ရွံ့မှု လွှမ်းမိုးနေသော မျက်လုံးများကို ဟယ်ရီ ပြန်မြင်လာ၏..။

"အဲဒီ့သူခိုးက ဘယ်သူလဲ ဂရီဂိုရီဗစ်ချ်.."

"မသိဘူး.. စုံစမ်းလို့ မရခဲ့ဘူး.. မ.. မလုပ်ပါနဲ့..."

အော်ဟစ်သံများ ဆက်တိုက်ကြားလိုက်ရပြီးနောက် အစိမ်းရောင် အလင်းတန်းများကို ဟယ်ရီ တွေ့လိုက်ရသည်..။

"ဟယ်ရီ.."

သူမျက်လုံးဖွင့်ကြည့်လိုက်သည်..။ သူ့နဖူးမှ နာကျင်မှုကို အပြင်းအထန် ခံစားနေရ၏..။ သူ့ခန္ဓာကိုယ်တစ်ဝက်မှာ ရွက်ဖျင်တဲထဲသို့ ရောက်နေ၏..။ သူ မြေကြီးပေါ်သို့

လဲကျမေ့မျောသွားခြင်းပင်..။ သူ ဟာမီယွန်ကို မော့ကြည့်လိုက်သည်..။

"အိပ်မက်မက်နေတာပါ.. ငါ အိပ်ငိုက်သွားတယ် ထင်တယ်.."

သူကမန်းကတန်း ထထိုင်ရင်း ဖြေရှင်းချက်ပေးလိုက်သည်..။

"နင့်ရဲ့ အမာရွတ် နာပြန်ပြီ မဟုတ်လား.. နင့်မျက်နှာကို ကြည့်ရုံနဲ့ ငါသိပါတယ် .. နင် ဗို..."

"သူ့နာမည်ကို မခေါ်နဲ့.."

ရွန်၏ ဒေါသဖြစ်နေသော အသံက တဲထဲက ထွက်ပေါ်လာ၏..။ ဟာမီယွန်က..

"ကောင်းပြီ.. မိစ္ဆာသခင်ကြီးရဲ့ စိတ်ထဲကို ဝင်ကြည့်ပြန်ပြီလား.."

ဟယ်ရီက...

"ငါ ဒီလိုဖြစ်အောင် ရည်ရွယ်တာမှ မဟုတ်တာ.. ဒါအိပ်မက်ပဲ.. ဟာမီယွန် .. နင်ကော အိပ်မက်ကို ရွေးမက်လို့ ရသလား.."

“နင် စိတ်တံတိုင်းကာနည်းကိုသာ အောင်မြင်ခဲ့ရင်..”

သို့ရာတွင် ဟယ်ရီမှာ ဟာမီယွန်နှင့် ငြင်းရန် စိတ်မဝင်စားပေ။ သူ ဘာမြင်ခဲ့သလဲဆိုသည်ကိုသာ ပြောပြချင်စိတ်ပေါ်နေ၏...။

“သူ ဂရီဂိုရိုဗစ်ချ်ကို တွေ့သွားပြီ.. သတ်ပစ်လိုက်ပြီလို့ ငါထင်တာပဲ.. ဒါပေမယ့် သူမသတ်ခင် ဂရီဂိုရိုဗစ်ချ်ရဲ့ စိတ်ထဲကို ဝင်ကြည့်သေးတယ်...”

“ငါ နင့်အစား စောင့်ပေးမယ်.. နင်ပင်ပန်းလွန်းလို့ အိပ်ပျော်သွားတာ ဖြစ်ရမယ်...”

“ငါပြီးအောင် စောင့်နိုင်ပါတယ်...”

“မဖြစ်ဘူး.. နင်အရမ်းပင်ပန်းနေတယ်.. သွားလှဲနေချည်..”

ဟာမီယွန့်ကြည့်ရသည်မှာ စိတ်ဆိုးနေပုံရသည်။ ဟယ်ရီ ဘာမှ ပြောမနေတော့ပဲ ရွက်ဖျင်တဲထဲ ပြန်ဝင်လာခဲ့သည်။ ရွန်မှာ အိပ်စင်အောက်ဘက် မွေ့ရာပေါ်ဝယ် ဖျော့တော့စွာ

လဲလျောင်းနေ၏..။ သူ ကုတင်အပေါ်ထပ်သို့ တက်ကာ လဲလျောင်းနေလိုက်သည်..။ မိနစ်အတော်ကြာကြာတွင် ရွန်က ဟာမီယွန်မကြားစေရန် အသံတိုးတိုးဖြင့် ...

“မိစ္ဆာသခင်ကြီး ဘာတွေလုပ်နေသလဲ..”

ဟယ်ရီ မျက်စိမှိတ်ကာ အသေးစိတ် မှတ်မိစေရန် ပြန်စဥ်းစားလိုက်ရင်း လေသံဖြင့်ပင် ပြန်ဖြေလိုက်သည်။

“သူ ဂရီဂိုရိုဗစ်ချ်ကို တွေ့သွားပြီ.. ချုပ်ထားပြီး နှိပ်စက်နေတယ်..”

“သူချုပ်ထားရင် ဂရီဂိုရိုဗစ်ချ်က ဘယ်လိုလုပ်ပြီး မှော်တောင်ဝှေးအသစ် လုပ်ပေးနိုင်တော့မှာလဲ...”

“ငါလည်း မသိဘူး.. ထူးတော့ ထူးဆန်းတယ်..”

ဟယ်ရီ မျက်လုံးများကို မှိတ်ရင်း သေချာပြန်တွေးကြည့်လိုက်သည်..။ သူ တွေးကြည့်လေ အဓိပ္ပါယ်မရှိလေပင်..။ ဗိုဒီမော့မှာ ဟယ်ရီ့မှော်တောင်ဝှေး အကြောင်းကို တစ်ခွန်းမျှ မဟခဲ့ပေ..။

ဆက်စပ်မှု ရှိကြောင်းလည်း မပြောခဲ့ပေ..။ ပို၍ စွမ်းအားထက်ကာ ဟယ်ရီ့မှော်တောင်ဝှေးကို အနိုင်ယူနိုင်သော တောင်ဝှေးတစ်ခု မလုပ်ခိုင်းခဲ့ပေ..။

"သူ ဂရီဂိုရီဗစ်ချ်ဆီက တစ်ခုခု လိုချင်နေတယ်.."

ဟယ်ရီ မျက်လုံးများကို ပိတ်ထားကာ စဉ်းစားရင်း ဆက်ပြော၏..။

"သူ့ကိုပေးဖို့ ပြောနေတယ်.. ဒါပေမယ့် ဂရီဂိုရီဗစ်ချ်က သူ့ဆီက ခိုးသွားပြီလို့ ပြောတယ်..."

ဂရီဂိုရီဗစ်ချ်၏ စိတ်ထဲကို သူနှင့် ဗိုဒီမော့မြင်ခဲ့ပုံကို ဟယ်ရီ ပြန်မြင်ယောင်လာမိသည်..။

"သူ ဂရီဂိုရီဗစ်ချ်ရဲ့ စိတ်ထဲ ဝင်ကြည့်တယ်.. ခပ်ငယ်ငယ် လူငယ်တစ်ယောက်က ဂရီဂိုရီဗစ်ချ်ကို ကျိန်စာနဲ့ ပစ်ပြီး ပြတင်းပေါက်က ခုန်ဆင်းသွားတာ တွေ့ရတယ်.. ကြည့်ရတာ

မိစ္ဆာသခင်ကြီး လိုချင်တဲ့ဟာကို သူ ခိုးသွားပုံပဲ.. အဲ.. အဲဒီ့လူကို ငါတစ်နေရာရာမှာ မြင်ဖူးနေတယ်..."

ဟယ်ရီ ထိုသူငယ်၏ မျက်နှာကို နောက်တစ်ကြိမ် မြင်ချင်စိတ် ပေါ်လာ၏..။ ဂရီဂိုရီဗစ်ချ် အဆိုအရ ဤကိစ္စမှာ နှစ်ပေါင်းများစွာ ကြာခဲ့ပေပြီ..။ ဤသို့ဆိုလျှင် သူ ဘာကြောင့်

ထိုလူငယ်ကို မြင်ဖူးနေရသလဲ..။

အချိန်အနည်းငယ်ကြာမှ ရွန်က..

"သူခိုးလက်ထဲမှာ ဘာကိုင်ထားသလဲ မမြင်လိုက်ဘူးလား..."

"မမြင်လိုက်ဘူး.. ခပ်သေးသေး ပစ္စည်းပဲ ဖြစ်ရမယ်..."

"ဟယ်ရီ.. သူ ဝိညာဉ်ကိုယ်ပွားလုပ်ဖို့ ပစ္စည်းလိုက်ရှာနေတယ်လို့ မင်းမထင်ဘူးလား.."

"ငါလည်း မပြောတတ်ဘူး.. ဖြစ်တော့ ဖြစ်နိုင်တာပဲ.. ဒါပေမယ့် နောက်တစ်ခု ထပ်လုပ်မယ်ဆိုရင် သူ့အတွက် အန္တရာယ် မရှိနိုင်ဘူးလား.. ဟာမီယွန်ပြောတော့ သူ့ရဲ့ ဝိညာဉ်ကို

ခွဲနိုင်တာ ဒါအကုန်ပဲဆို..."

"ဟုတ်တော့ ဟုတ်ပါတယ်.. ဒါပေမယ့် သူမသိရင်ကော..."

"ဒါလည်း ဖြစ်နိုင်တာပဲ.."

သို့ရာတွင် ဗိုဒီမော့မှာ မှောင်တောင်ဝှေးနှစ်ခု ဆက်စပ်နေသည့် ကိစ္စကို ဖြေရှင်းဖို့ ကြိုးစားနေခြင်းမှန်း သူသေချာသိသည်။ သို့ရာတွင် ဘာကိုမှ မမေးမြန်းပဲ သတ်ပစ်လိုက်သည်ကိုတော့

သူနားမလည်နိုင်ပေ..။

ဗိုဒီမော့ ဘာကို ရှာဖို့ ကြိုးစားနေသလဲ..။ ဝန်ကြီးဌာနရော မှော်လောကကြီး တစ်ခုလုံးနီးပါးကိုပါ ခြယ်လှယ် ကြိုးကိုင်ထားပြီးမှ အဝေး တစ်နေရာတွင် ရှိနေသော ဂရီဂိုရိုဗစ်ချ်ထံမှ

ပစ္စည်းကို လိုချင်နေခြင်းမှာ ဟယ်ရီ့အတွက် စဉ်းစားမရနိုင်သော ပြဿနာပင်..။

ပစ္စည်းခိုးသွားသူ၏ မျက်နှာကို ဟယ်ရီ ပြန်မြင်ယောင်ကြည့်မိသည်။ ဖရက်နှင့် ဂျော့တို့၏ မျက်နှာတွင် မြင်ရတတ်သည့် နောက်ပြောင်တတ်သည့် ပုံစံမျိုးကို ထိုသူ့မျက်နှာတွင်

တွေ့ရ၏..။ သူမြင်ဖူးတာ သေချာသော်လည်း စဉ်းစား၍ မရပေ..။

ဂရီဂိုရိုဗစ်ချ် သေပြီးနောက်ဝယ် ထိုသူခိုးမှာ အန္တရာယ် ကျရောက်ပေတော့မည်..။ အောက်ဘက်မှ ရွန့်ဟောက်သံထွက်ပေါ်လာပြီး မကြာခင်မှာပင် ဟယ်ရီပါ အိပ်ပျော်သွားတော့သည်..။

**၁၅။ ဂေါ်ဘလင်တို့၏ ကလဲ့စား**

နောက်တစ်နေ့ မနက်စောစောဝယ် မည်သူမျှ မနိုးသေးခင်မှာပင် ဟယ်ရီတစ်ယောက်တည်း သစ်တောထဲသို့ ဝင်လာခဲ့သည်။ ထို့နောက် သစ်တောထဲရှိ သက်တမ်းအရှည်ဆုံးဟု

ထင်ရသည့် သစ်ပင်ကြီးအောက်ဝယ် မူဒီ၏ မျက်လုံးကို မြှုပ်နှံလိုက်သည်..။ သစ်ခေါက်ပေါ်ဝယ် သူ့မှော်တောင်ဝှေးနှင့် ကြက်ခြေခတ်သင်္ကေတ မှတ်သားထားလိုက်၏..။

သူ ဒီ့ထက် ပိုကောင်းအောင် လုပ်မပေးနိုင်ပေ..။ သို့ရာတွင် ဒိုလိုရက်စ် အမ်ဘရစ်ချ်၏ အခန်းတံခါးဝယ် နေရသည်ထက်တော့ မူဒီ ပိုသဘောကျလိမ့်မည်ဟု ဟယ်ရီ ယူဆလိုက်သည်..။

ထို့နောက် သူရွက်ဖျင်တဲရှိရာသို့ ပြန်လာခဲ့သည်။ သူတို့နိုးလာလျှင် ဘာဆက်လုပ်ရမည်ကို တိုင်ပင်ရပေမည်..။

ဟယ်ရီကော ဟာမီယွန်ပါ တစ်နေရာထဲတွင် ကြာကြာမနေရန် စဉ်းစားကြ၏..။ ရွန်ကပါ ထိုကိစ္စကို သဘောတူ၏..။ ထို့နောက် ဟာမီယွန်က သူမ၏ အကာအကွယ် အစီအမံများကို

ရုပ်သိမ်းနေချိန်ဝယ် ဟယ်ရီနှင့်ရွန်က ခြေရာလက်ရာမကျန်အောင် ဖျောက်ဖျက်ပစ်နေကြသည်..။

ထို့နောက် သူတို့ မြို့လေးတစ်ခု၏ အစွန်သို့ ကိုယ်ရောင်ဖျောက်ကာ လာခဲ့ကြသည်..။ သူတို့ သစ်ပင်များကြားဝယ် ရွက်ဖျင်တဲထိုးရင်း အကာအကွယ် အသစ်များကို ပြန်လုပ်ကြပြီးနောက်

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကိုခြုံကာ မြို့ကလေးဆီသို့ ဦးတည်လာခဲ့သည်။

သို့ရာတွင် မြို့ထဲသို့ သူဝင်လိုက်ရုံနှင့်ပင် သဘာဝမကျသော ချမ်းစိမ့်မှုကို ခံစားလိုက်ရပြီး မြူနှင်းများကျလာကာ ကောင်းကင်တစ်ခုလုံး မှောင်မည်းသွား၏..။

ဟယ်ရီ ရွက်ဖျင်တဲဆီသို့ လက်ဗလာနှင့် မောကြီးပန်းကြီး ပြန်ရောက်လာကာ သူ့ပါးစပ်မှ "ဝိညာဉ်နှုတ်သတ္တဝါတွေ"ဟုသာ စကားတစ်ခွန်း ပြောနိုင်၏..။

ရွန်က မကျေမနပ်နှင့် ...

"မင်း အရမ်းစွမ်းတဲ့ အစောင့်အရှောက်ကို ခေါ်နိုင်တာပဲဟာ..."

သူက အမောတကောနှင့်ပင်..

"ငါ.. ငါခေါ်လို့မရဘူး.. ထွက်.. ထွက်မလာဘူး.."

သူတို့၏ အံ့အားသင့်ကာ စိတ်ပျက်လက်ပျက် ဖြစ်နေသော မျက်နှာများကို မြင်ရသည့်အခါ ဟယ်ရီ ရှက်သလို ခံစားရသည်..။ သူကြုံတွေ့ခဲ့ရသည်မှာ တကယ့်အိပ်မက်ဆိုးပင်..။

အဝေးတွင် ဝိညာဉ်နှုတ်သတ္တဝါများကို မြင်နေရပြီး သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်း မရှိပဲ ဖြစ်နေ၏..။

ထို့ကြောင့် ဟယ်ရီ သတ္တိအားလုံး ကြက်ပျောက် ငှက်ပျောက် ပျောက်ကာ ထွက်ပြေးလာခဲ့သည်..။ သူ ဝိညာဉ်နှုတ်သတ္တဝါများကို မက်ဂယ်များကြားထဲဝယ် ဒီအတိုင်းထားပစ်ခဲ့၏..။

မက်ဂယ်များမှာ ဤသတ္တဝါများကို မမြင်နိုင်သော်လည်း ခံစားနိုင်စွမ်း ရှိကြသည်..။

"ဒါဆို ငါတို့ ဘာမှ စားစရာမရှိတော့ဘူးပေါ့.."

ဟာမီယွန်က..

"နင်တိတ်တိတ်နေစမ်း ရွန်.. ဟယ်ရီ နင်ဘာဖြစ်သွားသေးလဲ.. ဘာဖြစ်လို့ အစောင့်အရှောက်ကို မခေါ်နိုင်ဘူးလို့ ထင်ရတာလဲ.. မနေ့ကတောင် နင်ခေါ်နိုင်ခဲ့သေးတာပဲ.."

"ငါလည်း နားမလည်ဘူး.."

သူ ထိုင်ခုံပေါ်ဝယ် စိတ်ပျက်လက်ပျက် ထိုင်ရင်း ပို၍ အရှက်ကွဲသလို ခံစားနေရသည်..။

သူ တစ်ခုခု မှားယွင်းနေသလို ခံစားနေရ၏..။ မနေ့က ကိစ္စများမှာ အလွန် ကြာမြင့်နေသလိုပင်..။ ယနေ့ပင် သူ အသက်ဆယ့်သုံးနှစ် ပြန်ဖြစ်သွားသလို ခံစားနေရသည်..။

ဝိညာဉ်နှုတ်သတ္တဝါများကြောင့် ဟော့ဝပ်ရထားပေါ်ဝယ် လဲကျခဲ့ရသည့်အရွယ် ပြန်ရောက်သွားသလို ယုံကြည်ချက်ကင်းမဲ့နေ၏..။

ရွန်က ထိုင်ခုံတစ်ခုကို ကန်လိုက်ရင်း..

"ငါ အရမ်း ဆာနေပြီ.. ငါသေမတတ် ဖြစ်ပြီးကတည်းက ဘာမှ ဟုတ်တိပတ်တိ မစားရသေးဘူး..."

ဟယ်ရီက ဒေါသထွက်ထွက်နှင့်..

"ဒါဆိုလည်း မင်းကိုယ်တိုင်ပဲ ဝိညာဉ်နှုတ်သတ္တဝါတွေကို ရှင်းပြီး သွားပေတော့..."

"သွားချင်တာပေါ့.. ဒါပေမယ့် ငါ့လက်တစ်ဘက် ခုထက်ထိ ပတ်တီးစည်းထားရတုန်းပဲ ဆိုတာ မင်းမသိဘူးလား..."

"ဒါဆိုလည်း ကောင်းတာပဲ..."

"မင်း ဘာပြောတာလဲ.. ဟေ.."

ဟာမီယွန်က နဖူးကို လက်နှင့်ရိုက်ရင်း..

"ဟုတ်သားပဲ..." ဟု အော်ဟစ်လိုက်သဖြင့် သူတို့နှစ်ယောက်လုံး တိတ်ဆိတ်သွားကြသည်..။ သူမက စိတ်မရှည်နိုင်ဟန်နှင့် ဆက်၍...

"ဟယ်ရီ ငါ့ကို လော့ကတ်ပေးစမ်းပါ..."

ဟယ်ရီ လော့ကတ်ကို ချွတ်ကာ သူမလက်ထဲ ထည့်ပေးလိုက်၏..။ လော့ကတ် သူ့အရေပြားနှင့် မထိတွေ့တော့သည်နှင့် ဟယ်ရီ့တစ်ကိုယ်လုံး လွတ်လပ် ပေါ့ပါးသွားသလိုပင် ..။

စောစောက သူဘယ်လို စိတ်ဒုက္ခရောက်ခဲ့သည်ကိုပင် မမှတ်မိတော့သလိုပင်..။

ဟာမီယွန်က..

"ဘယ်လိုလဲ.. နေလို့ ကောင်းသွားပြီလား.."

"ဟုတ်တယ်.. အရမ်းကောင်းသွားတယ်.."

"ဟယ်ရီ.."

သူမက သူ့ရှေ့တွင် ဒူးထောက်ထိုင်လိုက်ရင်း သူ့ကို အလွန်နေမကောင်းဖြစ်နေသဖြင့် မေးနေသည့် လေသံမျိုးဖြင့်...

"နင့်ကို သူ ဝင်ပူးသွားပြီလို့ နင်ထင်သလား..."

"ဘာပြောတယ်.. မဖြစ်နိုင်တာ.. ငါဘာလုပ်ခဲ့သလဲ အားလုံး ပြန်မှတ်မိတယ်.. ငါ့ကို ဝင်ပူးနေရင် ငါဘယ်လိုလုပ် ပြန်မှတ်မိနိုင်မှာလဲ.. မဟုတ်ဘူးလား.. ဂျင်းနီတုန်းကဆိုရင်

သူမမှတ်မိတဲ့အချိန်တွေ ရှိတယ်လို့ ငါ့ကို ပြောဖူးတယ်..."

ဟာမီယွန်က သက်ပြင်းချလိုက်ရင်း ရွှေရောင်လော့ကတ်ကို ငုံ့ကြည့်ကာ...

"ကြည့်ရတာ ငါတို့ မဝတ်ထားသင့်ဘူး ထင်တယ်.. တဲထဲမှာ သိမ်းထားကြရအောင်..."

ဟယ်ရီက လုံးဝလက်မခံနိုင်ဟန်ဖြင့်...

"ငါတို့ ဒီလိုထားလို့ မဖြစ်ဘူး.. ပျောက်သွားရင် ခိုးသွားရင် ဘယ်လိုလုပ်မလဲ.."

"ကောင်းပြီလေ..."

ဟာမီယွန်က လော့ကတ်ကို သူမလည်ပင်းတွင် ဆွဲထားလိုက်သည်..။

"ဒါပေမယ့် ငါတို့ အလှည့်ကျ ဆွဲရမယ်.. ဘယ်သူမှ ကြာကြာ ဆွဲမထားရဘူး.. ဟုတ်ပြီလား.."

ရွန်က စိတ်မရှည်နိုင်ဟန်ဖြင့်..

“ဟုတ်ပါပြီ.. ဒီကိစ္စရှင်းပြီးရင် ငါတို့ စားစရာ သွားရှာလို့ ရပြီမဟုတ်လား...”

ဟာမီယွန်က ဟယ်ရီ့ကို တစ်ချက်ကြည့်လိုက်ရင်း ...

“ဟုတ်ပါတယ်.. ဒါပေမယ့် တခြားနေရာမှာ ရှာကြစို့.. ဒီလို ဝိညာဉ်နှုတ်သတ္တဝါတွေ ရှိနေတဲ့ နေရာမှာ ဆက်နေဖို့ မသင့်ဘူး..”

နောက်ဆုံးတွင် သူတို့ ဝေးကွာလှသော လယ်ကွင်းတစ်နေရာဝယ် အခြေချလိုက်နိုင်ပြီး ယာခင်းထဲမှ ကြက်ဥနှင့် ပေါင်မုန့်များ ရလာခဲ့ကြသည်။

သူတို့ ကြက်ဥနှင့် ပေါင်မုန့်မီးကင်များ စားနေချိန်ဝယ် ဟာမီယွန်က စိတ်ဒုက္ခရောက်နေသော လေသံဖြင့်..

“ဒါ ခိုးတာတော့ မဟုတ်ပါဘူးနော်.. ငါ ကြက်ခြံထဲမှာ ပိုက်ဆံထားခဲ့တာပဲဟာ...”

ရွန်က ပလုပ်ပလောင်း စားနေရင်းမှ..

“စိတ်အေးအေးထားစမ်းပါ.. မပူစမ်းပါနဲ့...”

တကယ်လည်း စားစရာ ကောင်းကောင်းရှိချိန်ဝယ် စိတ်အေးလက်အေး နေနိုင်ကြပေသည်..။ ဝိညာဉ်နှုတ်သတ္တဝါများနှင့် ပတ်သက်ကာ ငြင်းခုန်ခဲ့သည်များကို မေ့ကာ ရယ်ရယ်မောမော

စကားပြောခဲ့ကြသည်..။ ဟယ်ရီမှာ ပို၍ စိတ်ပျော်ရွှင်လာသလို မျှော်လင့်ချက်များဖြင့် ပြန်၍ ပြည့်ဝလာ၏..။

ဗိုက်ထဲတွင် အစာမရှိပါက စိတ်ပျက်ဖို့ ကောင်းသည်ဆိုသည်မှာ လက်တွေ့ပင်..။ သို့သော် ဟယ်ရီ့အတွက်မူ ဤအချက်က အနည်းငယ် ထူးဆန်းနေ၏..။ ဒါစလေ မိသားစုနှင့်နေစဉ်က

သူငတ်မွတ်ခဲ့သော အချိန် မနည်းလှပေ..။ ဟာမီယွန်မှာ တချို့ညများတွင် ဘယ်ရီသီးအချို့နှင့် ဘီစကစ်များသာ ရလာခဲ့သည်..။ သူမမှာ ပုံမှန်ထက်ပို၍ စိတ်တိုနေကာ တစ်ယောက်တည်း

နေတတ်လာ၏..။ ရွန်မှာမူ တစ်နေ့လျှင် သုံးနပ်စားရမှ ကျေနပ်ကာ ဗိုက်ဆာသည်နှင့် နည်းမျိုးစုံ ဂျီကျတော့သည်..။ ရွန် ဝိညာဉ်ကိုယ်ပွား သိမ်းထားရသော အလှည့်နှင့် အစားအစာ

မရှိသည့်အချိန် တိုက်ဆိုင်နေပါက ပို၍ ဆိုးတော့သည်..။

"ဘယ်ကို နောက်ထပ်သွားကြမှာလဲ.." ဆိုသော စကားကို သူ အမြဲပြောလေ့ရှိသည်..။
သူကိုယ်တိုင်လည်း ဘယ်သွားရမှန်း သိပုံမပေါ်ပေ..။

ဟယ်ရီရော ဟာမီယွန်ပါ ကျန်နေသေးသည့် ဝိညာဉ်ကိုယ်ပွားများကို ရှာဖွေရန်နှင့် သူတို့လက်ထဲရှိ
တစ်ခုကို ဖျက်ပစ်ရန် တိုင်ပင်ခဲ့ကြသည်..။ သို့ရာတွင် သူတို့တွင် ဘာသတင်းမှ

အသစ်ထပ်မရသောကြောင့် အခက်တွေ့နေကြ၏..။

ဒမ်ဘယ်လ်ဒိုး၏ အလိုအရ ဗိုဒီမော့မှာ ဝိညာဉ်ကိုယ်ပွားများကို သူ့အတွက် အရေးပါသော
နေရာများတွင် ဝှက်ထားခဲ့နိုင်သည်။ ဗိုဒီမော့နေခဲ့သော သွားခဲ့သော နေရာများကို

သူတို့သိသရွေ့ စုစည်းခဲ့ကြသည်..။

သူကြီးပြင်းလာခဲ့သည့် မိဘမဲ့ဂေဟာ .. ပညာသင်ကြားခဲ့သည့် ဟော့ဂဝ်ကျောင်း...
သူအလုပ်လုပ်ခဲ့သည့် ဘိုဂင်နှင့် ဘာ့ဂတ်ဆိုင်.. ထို့နောက် အဲလ်ဘေးနီးယားရှိ တောအုပ်တို့မှာ

သူတို့သိသမျှ အခြေခံအချက်များပင်..။

ရွန်က စိတ်ပျက်လက်ပျက်ဖြင့်..

"ဒါဆိုလည်း အဲလ်ဘေးနီးယားကို သွားပြီး ရှာကြစို့.. တိုင်းပြည်တစ်ခုလုံးကို ရှာရင် နေ့တစ်ဝက်ပဲ
ကြာမှာပါ.."ဟု ရွဲ့လိုက်၏..။

"အဲဒီ့မှာ မဖြစ်နိုင်ဘူး... သူ အဝေးကို ထွက်ပြေးမသွားခင်မှာ ဝိညာဉ်ကိုယ်ပွား ငါးခု လုပ်ပြီးတာ
သေချာတယ်.. နောက်ပြီး ဒမ်ဘယ်လ်ဒိုး ပြောတာက မြွေကခြောက်ခုမြောက်ပဲတဲ့.. မြွေက

အဲလ်ဘေးနီးယားမှာ မဟုတ်ဘူး.. သူက ဗို.."

"ငါမပြောနဲ့လို့ ပြောထားတယ် မဟုတ်လား.."

"မြွေက မိစ္ဆာသခင်ကြီးနဲ့ အတူတူ ရှိနေတာပဲ.. ရပြီလား.. နင်ကျေနပ်သွားသလား ရွန်..."

ဟယ်ရီက တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်ရင်း..

"ဘိုဂင်နဲ့ ဘာ့ဂတ်ဆိုင်ထဲမှာလည်း ဝှက်ထားတာ မဖြစ်နိုင်ဘူး.. အဲဒီ့ပစ္စည်းတွေက
မကောင်းဆိုးဝါးတွေပဲ.. ဝိညာဉ်ကိုယ်ပွား လုပ်ရလောက်အောင် အဖိုးမတန်ဘူးလို့ ငါထင်တယ်.."

ရွန်က စိတ်မဝင်စားဟန်ဖြင့် သမ်းဝေလိုက်သည်..။ ဟယ်ရီက ဂရုမစိုက်ပဲ ဆက်၍...

"သူ ဟော့ဝဂ်မှာ တစ်ခုခု ဝှက်ထားခဲ့တယ်လို့ ငါထင်တယ်.."

ဟာမီယွန်က သက်ပြင်းချလိုက်ရင်း...

"ဒါပေမယ့် ဒမ်ဘယ်လ်ဒိုး မတွေ့ပဲနေမယ် မထင်ဘူး ဟယ်ရီ.."

သို့ရာတွင် ဟယ်ရီက အလျှော့မပေးပဲ ငြင်းချက်ထုတ်လိုက်၏..။

"ဒမ်ဘယ်လ်ဒိုး ကိုယ်တိုင် ငါ့ကို ပြောဖူးတယ်.. ဟော့ဝဂ်ရဲ့ လျှို့ဝှက်ချက်တွေ အားလုံးကို သူမသိပါဘူးတဲ့.. သူမသိပဲ ဗို.."

"ဟော့.."

"မိစ္ဆာသခင်ကြီးဆိုရင်ပြီလား.."

ဟယ်ရီ စိတ်တိုတိုဖြင့် အော်ဟစ်လိုက်သည်..။

"မိစ္ဆာသခင်ကြီးအတွက် အရေးပါတဲ့နေရာတွေထဲမှာ ဟော့ဝဂ်က ထိပ်ဆုံးကပဲ..."

ရွန်က..

"အဲဒါ သူ့ကျောင်းလေ.. ဖြစ်နိုင်ပါ့မလား.."

"ဟုတ်တယ်.. အဲဒါ သူ့ကျောင်းပဲ.. သူ့အတွက် ပထမဆုံး အိမ်လို့ ပြောနိုင်တဲ့နေရာပဲ.. သူ့အတွက် တကယ်ထူးတဲ့ နေရာပဲ.."

ဟာမီယွန်က..

"နင်ပြောတော့ မိစ္ဆာသခင်ကြီးက ဒမ်ဘယ်လ်ဒိုးဆီမှာ အလုပ် တောင်းဖူးတယ်ဆို.."

"ဟုတ်တယ်လေ..."

"ပြီးတော့ ဒမ်ဘယ်လ်ဒိုးက သူတစ်ခုခုကို ရှာဖို့ ပြန်လာတယ်လို့ ထင်တယ် မဟုတ်လား.. ကျောင်းကို စတည်ထောင်ခဲ့တဲ့သူတစ်ယောက်ယောက်ရဲ့ ပစ္စည်းကို ဝိညာဉ်ကိုယ်ပွားလုပ်ဖို့ မ

ဟုတ်လား.."

"ဟုတ်တယ်..."

"ဒါပေမယ့် အလုပ်မရခဲ့ဘူး မဟုတ်လား.. ဒီလိုဆိုရင် သူအဲဒီ့ပစ္စည်းကို ရှာပြီး ဖွက်ဖို့ အချိန် ဘယ်ရမလဲ.."

ဟယ်ရီမှာ စိတ်ပျက်လက်ပျက်နှင့်ပင် ...

"ကောင်းပြီလေ.. ဒါဆိုလည်း.. ဟော့ဝက်ကို မေ့လိုက်ကြစို့.."

မည်သည့်သဲလွန်စမှ မရှိသောကြောင့် သူတို့ လန်ဒန်သို့ ကိုယ်ပျောက်ဝတ်ရုံ ခြုံကာ ထွက်လာခဲ့ပြီး ဗိုဒီမော့ကြီးပြင်းလာခဲ့ရာ မိဘမဲ့ ဂေဟာသို့ သွားရောက်ခဲ့ကြသည်..။ ဟာမီယွန်မှာ

စာကြည့်ခန်းထဲထိ ခိုးဝင်ကာ စာရွက်စာတမ်းများ ဖတ်ရှုခဲ့၍ ဤနေရာကို နှစ်ပေါင်းများစွာကပင် ပြင်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်..။

ဟာမီယွန်က..

"ငါတို့ ဖောင်ဒေးရှင်း တစ်ခုလုံးကို တူးကြည့်ရမလို ဖြစ်နေပြီ.."

ဟယ်ရီကမူ ...

"သူ ဒီမှာ ဝိညာဉ်ကိုယ်ပွားကို ထားမှာ မဟုတ်ဘူး.."

ထိုကိစ္စကို သူ သဘောပေါက်ခဲ့သည်မှာ ကြာပေပြီ..။ မိဘမဲ့ဂေဟာမှာ ဗိုဒီမော့ ထွက်သွားရန် ကြံခဲ့သော နေရာဖြစ်သည်။ ထို့ကြောင့် သူ့ ဝိညာဉ် တစ်စိတ်တစ်ပိုင်းကို ထိုနေရာတွင်

ထားခဲ့မည် မထင်ပေ..။

ဒမ်ဘယ်လ်ဒိုး ပြောခဲ့ပုံအရ ဗိုဒီမော့မှာ ထူးခြားဆန်းကြယ်ကာ ဂုဏ်ယူဖွယ်ရာကောင်းမည့် နေရာမျိုးကိုသာ ရွေးချယ်ပေလိမ့်မည်..။ ဤမျှ စိတ်ပျက်ဖွယ်ရာ ကောင်းသောနေရာမှာ ေ

ဟာ့ဝဂ်ကျောင်း ဝန်ကြီးဌာန ဂရင်းဂေါ့ဘဏ် စသည်တို့နှင့် ယှဥ်လိုက်လျှင် လုံးဝမဖြစ်နိုင်ပေ..။

မည်သည့်အကြံဉာဏ် အသစ်မျှ မရပဲနှင့် သူတို့ နိုင်ငံတစ်ဝှမ်းလုံး လျှောက်သွားကာ
ရှာဖွေခဲ့ကြသည်..။ သူတို့၏ ရွက်ဖျင်တဲကို ညတိုင်း နေရာပြောင်းကြသည်..။ မနက်တိုင်း

ခြေရာလက်ရာ တစ်ခုမှ မကျန်အောင် ဖျောက်ဖျက်ကာ ကိုယ်ရောင်ဖျောက်၍ လူသူမရှိသော
တောအုပ်များ .. တောင်ကုန်းများ လိုဏ်ဂူများ၌ နေထိုင်ခဲ့ကြသည်..။

ဆယ့်နှစ်နာရီခြား တစ်ခါ ဝိညာဥ်ကိုယ်ပွားကို အလှည့်ကျ ဝတ်ဆင်ခဲ့ကြသည်..။
ဟယ်ရီ့အမာရွတ်မှာလည်း နာကျင်နေဆဲပင်..။ သူ သတိပြုမိသည်မှာ ဝိညာဥ်ကိုယ်ပွားကို

ဆွဲထားချိန်ဝယ် ပိုဆိုးတတ်၏..။ တစ်ခါတစ်ရံ သူကိုယ်တိုင် နာကျင်မှုကို တောင့်မခံနိုင်ပဲ
ရှိတတ်သည်..။

သူ့မျက်နှာ တစ်ချက်မဲ့သွားသည်နှင့် ရွန်က..

"ဘာလဲ.. မင်းဘာမြင်လဲ.."ဟု မေးလေ့ရှိသည်..။

ဟယ်ရီကလည်း အမြဲလိုလိုပင်..

"ဂရီဂိုရိုဗစ်ချ်ဆီက ပစ္စည်းခိုးသွားတဲ့ လူရဲ့ မျက်နှာကိုပဲ မြင်နေတယ်"ဟု ဖြေလေ့ရှိ၏..။

ထိုကဲ့သို့ အဖြေပေးလိုက်တိုင်း ရွန် မကျေမနပ်နှင့် လှည့်ထွက်သွားတတ်၏..။ ရွန်မှာ သူ့မိသားစုနှင့်
ပတ်သက်သော သတင်း .. ဖီးနစ်အဖွဲ့နှင့် ပတ်သက်သော သတင်းများကို

ကြားချင်နေမှန်း ဟယ်ရီ နားလည်ထားသည်။

သို့ရာတွင် ဟယ်ရီမှာ တယ်လီဗေးရှင်းလို လိုရာကို ဖမ်းယူကြည့်ရှုနိုင်သည် မဟုတ်ချေ..။ ဗိုဒီမော့
စဉ်းစားသမျှကိုသာ မြင်နိုင်ခြင်း ဖြစ်သည်..။ ယခုအချိန်တွင် ဗိုဒီမော့မှာ

သူခိုးအပေါ်တွင်သာ အာရုံစိုက်နေဟန် ရှိသည်။ တစ်ခု သေချာသည်ကတော့ ဗိုဒီမော့လည်း
ဟယ်ရီ့ထက် ပိုမသိခြင်းပင်..။

ဟယ်ရီမှာ အချိန်တိုင်း နာကျင်နေမှုနှင့် သူခိုး၏ မျက်နှာကို တဖျတ်ဖျတ်မြင်နေရခြင်းကို
တတ်နိုင်သရွေ့ ဖုံးကွယ်ထားရသည်။

ရက်ပေါင်းများစွာ ကြာလာပြီးနောက်တွင် ရွှန်နှင့် ဟာမီယွန်တို့မှာ သူ့အကြောင်း ပြောနေကြသည်ဟု ဟယ်ရီ သံသယ ရှိလာ၏..။ ဟယ်ရီ ရွက်ဖျင်တဲထဲသို့ ဝင်လာသည့်အချိန်တိုင်း

သူတို့ စကားပြောနေခြင်းကို ရပ်လိုက်ကြသည်။ ထို့အပြင် သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ကာ စကားပြောနေသည်ကို ခပ်ဝေးဝေးမှ နှစ်ကြိမ်ခန့် တွေ့ခဲ့ရသည်..။ ထိုအကြိမ်တိုင်းတွင် သူ

အနီးရောက်လာသည်နှင့် စကားပြောရပ်လိုက်ကြကာ တစ်ခုခု လုပ်နေဟန် ဆောင်ကြ၏..။

သူတို့ခရီးမှာ ရည်ရွယ်ချက်မဲ့ ဖြစ်နေခြင်းကို ဆွေးနွေးနေကြခြင်း ဖြစ်မည်ဟု ဟယ်ရီ မတွေးပဲ မနေနိုင်ချေ..။ သူတို့က သူ့တွင် လျှို့ဝှက်ထားသော အစီအစဉ်များ ရှိသည်ဟု ထင်နေဟန်

ရှိသည်..။

ရွှန်ကမူ သူ့မကျေနပ်ချက်ကို ပြသရန် ဝန်မလေးပေ..။ ဟာမီယွန်ပါ သူ၏ ခေါင်းဆောင်မှု ညံ့ဖျင်းသည့်အတွက် စိတ်ပျက်လာမည်ကို ဟယ်ရီ စိုးရိမ်မိသည်..။ ဟယ်ရီ စဉ်းစားရသရွေ့

ဝိညာဉ်ကိုယ်ပွား နောက်တစ်ခုမှာ ဟော့ဝဂ်မှာပင် ရှိနိုင်သည်။ ကျန်နှစ်ယောက်စလုံး ထိုအတွေးကို သဘောမတူကြသဖြင့် ဟယ်ရီ ဆက်မပြောတော့ပေ..။

သူတို့ လှည့်လည်သွားလာနေစဉ်မှာပင် ဆောင်းဦးရာသီသို့ ဝင်ရောက်စပြုလာသည်။ သူတို့ စခန်းချရာနေရာတွင် သစ်ရွက်ကြွေများ စုပုံနေတတ်၏..။ သဘာဝအလျှောက်

ဖြစ်ပေါ်လာသော မြူနှင်းများနှင့် ဝိညာဉ်နှုတ်သတ္တဝါများကြောင့် ဖြစ်လာသော မြူနှင်းများက သူတို့ကို ဒုက္ခပေးသလို မိုးများ လေများကပါ ထပ်ဆင့် ဒုက္ခပေးကြ၏..။

သို့ရာတွင် ဟာမီယွန်မှာ ယခုအခါ စားကောင်းသော မှိုများကို ခွဲခြားနိုင်စွမ်း ရှိလာပြီ ဖြစ်သည်..။ မည်သူနှင့်မှ သူတို့ မဆုံခဲ့သလို ပြင်ပတွင် ဗိုဒီမော့ ဘာတွေလုပ်နေသည်ကိုလည်း

မကြားကြရပေ..။

တစ်ညတွင် မြစ်ကမ်းပါးတစ်ခုပေါ်တွင် နေရာယူကာ သူတို့ ငါးများကို ကင်စားနေကြသည်..။ ရွှန်မှာ နည်းမျိုးစုံနှင့် ညည်းတွားနေ၏..။ သူ့လည်ပင်းတွင် ဝိညာဉ်ကိုယ်ပွား လော့ကတ်ကို

ဆွဲထားမှန်း ဟယ်ရီ ချက်ချင်း သိလိုက်သည်..။ ရွှန်မှာ ထိုလည်ဆွဲမရှိချိန်ဝယ် ဘာပဲပြောပြော အနည်းငယ်တော့ အခြေအနေ ပိုကောင်းပေသည်..။

"ငါ့အမေဆိုရင် လေထဲက အစားအစာတွေ ယူပေးနိုင်တယ်"

ဟာမီယွန်က..

"နင့်အမေ လေထဲက အစားအစာတွေ ရောက်လာအောင် မလုပ်နိုင်ဘူး.. ဘယ်သူမှလည်း မလုပ်နိုင်ဘူး.. အစားအစာဆိုတာ ဂမ့်ရဲ့ ဥပဒေအရ ပုံသဏ္ဍာန်ပြောင်းလဲ ဖန်ဆင်းလို့မရတဲ့

ခြွင်းချက်ငါးမျိုးထဲက တစ်ခုပဲ.."

ရွန်က ငါးရိုးကို ပါးစပ်ထဲမှ ထွေးထုတ်လိုက်ရင်း..

"ငါနားလည်အောင် ပြောစမ်းပါ..."

"ဘာမှမရှိပဲ အစားအစာရလာအောင် ဖန်ဆင်းလို့ မရနိုင်ဘူး ရွန်.. ဘယ်နေရာမှာ ရှိသလဲဆိုတာ သိရင် ဆင့်ခေါ်ဂါထာ သုံးလို့ရတယ်.. ပုံသဏ္ဍာန်ပြောင်းပေးချင်ရင် ဖြစ်တယ်..

အရေအတွက် များလာအောင် လုပ်တတ်ရင် ရတယ်.."

"ဒီဟာကိုတော့ များလာအောင် မလုပ်စမ်းပါနဲ့.. ဆိုးဝါးလိုက်တဲ့ အရသာ..."

"ဟယ်ရီ ဖမ်းလာတာကို ငါတတ်နိုင်သမျှ အကောင်းဆုံး လုပ်ပေးထားတာပဲ.. ငါပဲ အမြဲတမ်း အစားအစာ ပြင်ဆင်ပေးတာပဲ မဟုတ်လား.. ဘာလဲ ငါက မိန်းကလေးမို့လို့လား"

"မဟုတ်ဘူး.. နင့်ရဲ့ မှော်ပညာက အကောင်းဆုံးမို့လို့ပဲ..."

ရွန်က ပြန်အော်လိုက်၏..။ ဟာမီယွန်က နေရာမှ ဝုန်းကနဲ ထရပ်လိုက်၏..။

"ဒါဆိုလည်း နင်ပဲ ချက်ပြုတ်ရေးကို တာဝန်ယူတော့ ရွန်.. နင်ပဲ ပစ္စည်းတွေရှာပြီး စားကောင်းအောင် ဖန်ဆင်းယူပေတော့.. ငါကတော့ ဒီနေရာမှာ ထိုင်ပြီး နင်ချက်သမျှကို

ညည်းညူပြမယ်.. ဘယ်လိုလဲ.."

ဟယ်ရီပါ နေရာမှ ထလိုက်ရင်း..

"တော်တော့ .. နှစ်ယောက်စလုံး တော်ကြတော့.."

ဟာမီယွန်မှာ အကြီးအကျယ် ပေါက်ကွဲနေဟန် ရှိသည်။

"နင် သူ့ကို သည်းခံနိုင်သလား.. တစ်ခါမှတောင် ဝင်မချက်ပဲနဲ့များ.."

"ဟာမီယွန်.. တိတ်တိတ်နေစမ်း.. ငါ အသံတွေ ကြားနေရတယ်.."

သူက လက်တစ်ဘက်ကို မြှောက်ကာ သူတို့ကို စကားမပြောရန် တားထားရင်း ကြိုးစားနားထောင်လိုက်သည်..။ သူတို့ဘေးမှ မြစ်ရေစီးသံများကြားမှပင် အသံအချို့ကို သူကြားလိုက်ရသည်။

သူအချက်ပေးမှန်ပြောင်းကို ကြည့်လိုက်သော်လည်း လှုပ်ရှားမှု မရှိပေ..။ သူက ဟာမီယွန့်ကို လေသံမျှဖြင့် မေးလိုက်သည်။

"နင်မတ်ဖီလီယာတို ဂါထာနဲ့ ကာကွယ်ထားတယ် မဟုတ်လား..."

သူမက အသံတိုးတိုးဖြင့်..

"ငါ အားလုံးလုပ်ထားတယ်.. မတ်ဖီလီယာတိုရော မက်ဂယ်တွေ မလာနိုင်အောင်ရော ပုံဖျောက်ဂါထာရော အကုန်လုံးပဲ.. ဘယ်သူပဲဖြစ်ဖြစ် ငါတို့ရှိမှန်း သိမှာ မဟုတ်ဘူး"

ဟယ်ရီ သစ်တုံးများကို ဖယ်ပစ်နေသော အသံများကို ကြားနေရသည်..။ လူအတော်များများမှာ သူတို့ ရွက်ဖျင်တဲရှိရာ ကမ်းပါးပေါ်သို့ တက်လာနေကြပုံရ၏..။ သူတို့အားလုံး

မော်တောင်ဝှေးများကို ဆွဲထုတ်ကာ စောင့်ဆိုင်းနေလိုက်ကြသည်။ သူတို့ ပတ်ပတ်လည်ရှိ အကာအကွယ်မှာ သာမန် စုန်းကဝေများနှင့် မက်ဂယ်များအတွက်မူ

ကောင်းကောင်းလုံလောက်ပေသည်..။ ဒက်အိတာများသာ ဖြစ်ပါက သူတို့၏ အကာအကွယ်များကို မိစ္ဆာမှော်ပညာနှင့် စတင် စမ်းသပ်ရမည့် အချိန်ပင်..။

ထိုလူများမှာ ကမ်းပါးထိပ်သို့ ရောက်လာပြီ ဖြစ်သဖြင့် အသံများမှာ ပို၍ ဆူညံလာ၏..။ ပေနှစ်ဆယ်ခန့်ပင် သူတို့နှင့် မကွာတော့မှန်း ဟယ်ရီ တွက်ဆလိုက်သည်..။ သို့ရာတွင်

မြစ်ရေစီးသံများကြောင့် အမှန်ကို ပြောရန်မှု ခဲယဉ်းလှသည်..။

ဟာမီယွန်မှာ သူမ၏ လက်ကိုင်အိတ်ထဲသို့ မွှေနှောက်ရှာဖွေကာ သူ့ခိုးနားရွက်သုံးစုံကို ဆွဲထုတ်လိုက်သည်။ ဟယ်ရီကော ရွှန်ပါ တစ်ဘက်ကို နားရွက်တွင် ကပ်ကာ ကြိုးဖြင့်

ဆက်သွယ်ထားသော အခြားတစ်ဘက်ကို ရွက်ဖျင်တဲအပြင် ထုတ်ထားလိုက်၏..။

စင်္ကြန့်ပိုင်းအတွင်းမှာပင် ယောကျ်ားကြီးတစ်ယောက်၏ အသံကို ဟယ်ရီ ကြားလိုက်ရသည်..။

"ဒီနေရာမှာ ဆဲလ်မွှန်ငါးတွေ ရှိနိုင်တယ်.. သိပ်စောလွန်းနေသလားတော့ မသိဘူး.. အက်ဆီယို ဆဲလ်မွှန်..."

ခပ်ဝေးဝေးဆီမှ ရေပွက်သံများ ကြားလိုက်ရပြီးနောက် ငါးကို ဆီး၍ ဖမ်းယူကြသည့် အသံများ ကြားနေရ၏..။ ဟယ်ရီ အသံများကို ကြားရစေရန် ပို၍ အာရုံစိုက်လိုက်သည်။ စကားပြောသံ

အချို့ကို ကြားရသော်လည်း လူသားတို့၏ ဘာသာစကား မဟုတ်ကြောင်း ဟယ်ရီ သိလိုက်သည်..။ စကားသံများမှာ ကြမ်းတမ်းကာ ကာရန်မညီပဲ.. ဆူညံနေသော သူနှစ်ယောက်

အပြန်အလှန်ပြောနေကြခြင်း ဖြစ်သည်..။ တစ်ယောက်မှာ ကျန်တစ်ယောက်ထက် အနည်းငယ် အသံတိုးကာ စကားပြောနေး၏..။

သူတို့နှင့် မဝေးလှသော နေရာတွင် မီးပုံတစ်ခုကို တွေ့လိုက်ရပြီးနောက် ဆဲလ်မွှန်ငါးကင်နံ့က သူတို့တဲထဲထိ ရောက်ရှိလာ၏..။ ထို့နောက်တွင် ဇွန်းပန်းကန်သံများကို

ကြားလိုက်ရပြီးနောက် ပထမစကားပြောခဲ့သူကပင်..

"ရော့.. ဂရစ်ဟွတ်နဲ့ ဂေါ်နပ်..."

"ဂေါ်ဘလင်တွေပဲ.."

ဟာမီယွန်က ဟယ်ရီ့ကို ပြောသဖြင့် သူခေါင်းညိတ်ပြလိုက်သည်..။ ဂေါ်ဘလင်နှစ်ကောင်စလုံးမှာ အင်္ဂလိပ်စကားဖြင့်ပင်..

"ကျေးဇူးတင်ပါတယ်.."ဟု ပြိုင်တူ ပြောလိုက်ကြသည်။

နောက်ထပ် လူတစ်ယောက်က..

"မင်းတို့သုံးယောက် ထွက်ပြေးနေတာ ကြာပြီပေါ့ .. ဟုတ်လား.."

ထိုလူ၏ အသံကို ဟယ်ရီ ကောင်းကောင်းရင်းနှီးနေ၏..။

"ခြောက်ပတ်လား ခုနှစ်ပတ်လား မသိတော့ပါဘူး.. ဂရစ်ဟွတ်နဲ့ ချက်ချင်းဆိုသလို ဆုံတာပဲ.. နောက်တော်တော်ကြာမှ ဂေါ်နပ်နဲ့ တွေ့တယ်.. ဘာပဲဖြစ်ဖြစ် အဖော်တွေရှိတော့

တော်သေးတာပေ့ါ.."

ထို့နောက်ဝယ် စကားသံများ ခေတ္တ တိတ်ဆိတ်သွားပြီး ဖွန်းသံပန်းကန်သံများကို ကြားနေရသည်..။ အတန်ကြာမှ ပထမလူက..

"ဘာလို့ ခင်ဗျားကော ထွက်ပြေးလာတာလဲ တက်ဒ်.."

တက်ဒ်က ..

"သူတို့ လိုက်ဖမ်းတော့မယ်ဆိုတာ သိလိုက်လို့လေ.."

ဟယ်ရီ တက်ဒ်ဆိုသည်မှာ တွန့်ခ်၏ အဖေမှန်း မှတ်မိလိုက်သည်..။

"ပြီးခဲ့တဲ့အပတ်က ဒက်အိတာတွေ အိမ်နားမှာ ခြေချင်းလိမ်နေကြတာနဲ့ ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တာပဲ.. နောက်ပြီး မက်ဂယ်မွေး စာရင်းပေးဖို့လည်း ငြင်းပစ်ခဲ့သေးတယ်.. ဒီတော့

တစ်ချိန်မှာ ထွက်ပြေးရတော့မယ်ဆိုတာ သိပြီးသားပဲ.. ကျွန်တော့်ဇနီးကတော့ ပြဿနာ ရှိမှာ မဟုတ်ဘူး.. သူက စုန်းကဝေမျိုးရိုးထဲကပဲ.. နောက်ပြီး ဒင်းန်နဲ့ သိပ်မကြာခင်

သွားဆုံတာပဲ.. ဟုတ်တယ် မဟုတ်လား.."

"ဟုတ်ပါတယ်.."

နောက်ထပ် စကားသံတစ်ခုကို ကြားလိုက်ရသဖြင့် သုံးယောက်စလုံး တစ်ယောက်ကို တစ်ယောက် ကြည့်မိလိုက်ကြသည်..။ သူတို့အားလုံး ဒင်းန် သောမတ်စ်၏ အသံကို ကောင်းကောင်း

မှတ်မိကြသည်..။ ပထမလူက..

"မက်ဂယ်မွေးတာပဲလား.."

ဒင်းနိက ...

“မသေချာဘူး.. ကျွန်တော့်အဖေက အမေ့ကို ကျွန်တော် ကလေးဘဝကတည်းက ထားပစ်ခဲ့တာ.. သူ စုန်းဟုတ်မဟုတ် မသိနိုင်ဘူး..”

ခေတ္တမျှ တိတ်ဆိတ်သွားကြပြီးမှ တက်ဒ်က..

“ဒတ် .. ခင်ဗျားနဲ့ ဆုံမိတော့ တကယ်အံ့သြသွားတယ်ဗျာ.. ခင်ဗျားကို ဖမ်းသွားပြီလို့ သတင်းကြားနေရတာ..”

ဒတ်က..

“အဲဒါ တကယ်ပဲဗျ.. အက်ဇကာဘန် မရောက်ခင် လမ်းတစ်ဝက်လောက်မှာ ကျုပ် ထွက်ပြေးတာ.. ဒဲဝှစ်ရှ်ကို မေ့အောင်လုပ်ပြီး သူ့တံမြက်စည်းပျံနဲ့ လစ်ပြေးလာတာပဲ.. သူ့ကြည့်ရတာ

ပုံမှန်မဟုတ်ဘူး.. အူကြောင်ကြောင် ဖြစ်နေတယ် ဒီလိုဖြစ်အောင် လုပ်သွားတဲ့ စုန်းကို တွေ့ရင် လက်ဆွဲနှုတ်ဆက်လိုက်ချင်ပါရဲ့ ... သူ ငါ့အသက်ကို ကယ်လိုက်တာပဲ”

တက်ဒ်က..

“မင်းတို့နှစ်ယောက်ကကော ဘယ်လိုဖြစ်တာလဲ.. ဂေါ့ဘလင်တွေက မိစ္ဆာသခင်ကြီးရဲ့ ဘက်တော်သားတွေ မဟုတ်လား...”

အသံကျယ်ကျယ်နှင့် ဂေါ်ဘလင်က..

“ခင်ဗျား မှားနေပြီ.. ကျုပ်တို့က ဘယ်ဘက်ကမှ မဟုတ်ဘူး.. ဒါ စုန်းကဝေတွေရဲ့ စစ်ပွဲပဲ..”

“ဒါဆို ဘာကိစ္စပုန်းနေရသလဲ..”

“ကျုပ်တို့ မျိုးနွယ်တွေ မလုပ်သင့်ဘူး ထင်တာတွေ ခိုင်းနေလို့ပဲ.. ကျုပ်တို့က အိမ်စေမှင်စာတွေ မဟုတ်ဘူး...”

တက်ဒ်က..

“မင်းတို့ကို ဘာခိုင်းလို့လဲ..”

"လုံးဝ မလုပ်သင့်တဲ့ အလုပ်တွေပေါ့..."

"ဂရစ်ဟွတ်ကကော ဘာဖြစ်လို့လဲ.."

"သူလည်း ဒီလိုပဲ.. ဂရင်းဂေါ့ဟာ ကျုပ်တို့ရဲ့ ထိန်းချုပ်မှုအောက်မှာ မရှိတော့ဘူး.. ဘယ်သူမှ စုန်းကဝေတွေကို သခင်အဖြစ် လက်မခံချင်ကြဘူးလေ.."

ထို့နောက်တွင် ဂေါ့ဘလင်နှစ်ကောင်မှာ အချင်းချင်းတီးတိုးပြောရင်း ရယ်မောလိုက်ကြသည်..။ ဒင်းန်က..

"ဘာကိစ္စ ရယ်နေကြတာလဲ.."

ဒတ်က..

"သူက ပြောနေတယ်.. စုန်းကဝေတွေ နားမလည်တဲ့ ကိစ္စတွေလည်း ရှိသေးတယ်တဲ့.."

ဒင်းန်က ခေတ္တမျှ စဉ်းစားလိုက်ပြီး..

"ကျွန်တော်တော့ နားမလည်ဘူး.."

ဂရစ်ဟွတ်က..

"ငါထွက်မလာခင် နည်းနည်း လက်စားချေပစ်ခဲ့တယ်.."

တက်ဒ်က ..

"တယ်ဟုတ်တဲ့ ဂေါ်ဘလင်ပါလား.. ဒက်အိတာ တစ်ယောက်ယောက်ကို ထိပ်တန်းလုံခြုံရေးရှိတဲ့ ငွေတိုက်ထဲမှာတော့ ပိတ်မထားခဲ့ပါဘူးနော်.."

"ပိတ်ထားခဲ့လည်း သူတို့ဓားက ပြန်ထွက်လာနိုင်အောင် ကူညီနိုင်မယ် မထင်ဘူး"

ဂေါ်နပ်က နောက်တစ်ကြိမ် ရယ်လိုက်ပြီး ဒတ်ကလည်း ရယ်လိုက်၏..။ တက်ဒ်က ..

"ဒင်းန်ရော .. ငါပါ နားမလည်နိုင်တော့ဘူး.."

ဂရစ်ဟွတ်က..

"ဆီးဗားရပ်စ် စနိုပ်လည်း ဒီလိုပဲ.."

ထို့နောက်တွင် ဂေါ်ဘလင်နှစ်ကောင်မှာ တဟားဟား ရယ်ကြတော့သည်။ ဟယ်ရီကော ဟာမီယွန်ပါ တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း ပို၍ နားစိုက်ထောင်လိုက်ကြ၏..။

ဒတ်က..

"မင်း သတင်းမကြားဘူးလား တက်ဒ်.. ဂရစ်ဖင်ဒေါရဲ့ ဓားကို ရုံးခန်းထဲက ခိုးဖို့ ကြိုးစားတဲ့ ကလေးတွေ အကြောင်းလေ.."

ထိုသတင်းမှာ ဟယ်ရီ့တစ်ကိုယ်လုံးကို တောင့်တင်းသွားစေ၏...။

"မကြားမိဘူး.. သတင်းစာထဲမှာ မပါဘူး မဟုတ်လား.."

"ဘယ်ပါလိမ့်မလဲ.. ဂရစ်ဟွတ်က ဘီလ်ဝီစလေဆီက ကြားလာခဲ့တာ.. ခိုးဖို့ကြိုးစားတဲ့ ကလေးတွေထဲက တစ်ယောက်က သူ့ရဲ့ ညီမလေ..."

ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်ကို ကြည့်လိုက်သည်..။ သူတို့အားလုံး သူခိုးနားရွက်များကို အသေအလဲ ဆုပ်ကိုင်ထားကာ နားထောင်နေကြ၏..။

"သူနဲ့ တခြားကလေးတွေက ဓားကို မှန်ဘီရိုထဲက ထုတ်ယူကြတယ်လေ.. လေ့ကားက သယ်ထုတ်နေတုန်း စနိုပ်က မိသွားတာပဲ.."

တက်ဒ်က...

"သူတို့က ဒီဓားကို ဘာလုပ်ဖို့လဲ.. မိစ္ဆာသခင်ကြီးကို ရင်ဆိုင်ဖို့လား.. စနိုပ်ကို ရှင်းပစ်ချင်တာလား.."

"ဘာပဲလုပ်ချင်ချင် မလွယ်တော့ဘူး.. စနိုပ်က ဓားကို ဒီနေရာမှာ ထားရတာ မလုံခြုံဘူးဆိုပြီး ဂရင်းဂေါ့ဘဏ်ကို ပို့လိုက်တယ်လေ.. မိစ္ဆာသခင်ကြီးဆီက အမိန့်ရလို့ပဲ ဖြစ်မှာပေါ့.."

ဂေါ်ဘလင်မှာ ထပ်၍ ရယ်ပြန်၏..။

တက်ဒ်က..

"ငါတော့ ဘာရယ်စရာကိစ္စမှ မတွေ့မိသေးဘူး.."

ဂရစ်ဟွတ်က..

"အတုကြီးလေ.. အတုကြီးပဲ.."

"ဂရစ်ဖင်ဒေါ် ဓားကလား.."

"ဟုတ်တာပေါ့.. ဒါပေမယ့် တကယ်ကောင်းတဲ့ လက်ရာပဲ.. ဒါပေမယ့် စုန်းကဝေလက်ရာမှန်း သိသာတယ်.. ဒီဓားကို ဂေါ်ဘလင်တွေ လုပ်ခဲ့တာ.. ဂေါ်ဘလင်တွေလုပ်တဲ့

လက်နက်တွေမှာ ရှိတဲ့ အစွမ်းသတ္တိ ပါမလာဘူး.. တကယ့်ဓားအစစ်က ဘယ်မှာပဲ ရှိရှိ ဂရင်းဂေါ့မှာတော့ မဟုတ်ဘူး.."

တက်ဒ်က..

"ငါနားလည်ပြီ.. မင်းတို့ ဒက်အိတာတွေကို ပြောမပြလိုက်ဘူး ဆိုပါတော့"

"သူတို့ကို ဘာကိစ္စနဲ့ ဒုက္ခပေးနေတော့မှာလဲ.. စိတ်ချမ်းသာပါစေ.."

ယခုတစ်ခါတွင်တော့ တက်ဒ်ကော ဒင်းန်ပါ ကူရယ်ပေးကြ၏..။

ရွက်ဖျင်တဲထဲတွင် ဟယ်ရီမှာ မျက်လုံးများ မှိတ်ထားရင်း သူ အဖြေသိချင်နေသည့် ကိစ္စကို မေးကြပါစေဟု ဆုတောင်းနေ၏..။ ဟယ်ရီ့စိတ်ထဲ၌ ဆယ်မိနစ်ခန့် အကြာ (အမှန်စင်စစ်တွင်မူ

နောက်တစ်မိနစ်ခန့်အကြာ) တွင်မှ ဒင်းန်က ...

"ဂျင်းနီနဲ့ တခြားသူတွေ ဘာဖြစ်သွားကြလဲ.."

ဂရစ်ဟွတ်က ချက်ချင်းပင်...

"သူတို့ ရက်ရက်စက်စက်ကို အပြစ်ပေးခံရတာပေါ့..."

တက်ဒ်က..

"သူတို့ ဘာမှ မဖြစ်ဘူး မဟုတ်လား.. ဝီစလေ မိသားစုက နောက်တစ်ယောက်ယောက်ကို ထပ်ပြီး ဒဏ်ရာမရစေချင်တော့ဘူး"

"ငါသိသလောက်တော့ သူတို့ ဘာဒဏ်ရာမှ မရကြပါဘူး.."

"ကံကောင်းတာပဲ.. စနိုပ်ရဲ့ စိတ်ဓာတ်နဲ့ဆိုရင် အသက်ရှင်ရင်တောင် ကံကောင်းဆိုတဲ့ ပုံစံမျိုး..."

ဒတ်က..

"ဒါဆို ခင်ဗျားက ဒမ်ဘယ်လ်ဒိုးကို စနိုပ်သတ်တယ်ဆိုတာကို ယုံကြည်တယ်ပေါ့.."

တက်ဒ်က..

"ဟုတ်တယ်လေ.. ယုံတာပေါ့.. ခင်ဗျား ဒီအခြေအနေ ရောက်နေတာတောင်မှ ပေါ်တာနဲ့ ပတ်သက်ပြီး ဝေခွဲမရသေးဘူးလား.."

"ဒီလိုအချိန်မျိုးမှာ ဘာကိုယုံရမလဲဆိုတာ အင်မတန် ဝေခွဲရခက်တာပဲ..."

ဒတ်က စိတ်ပျက်လက်ပျက်နှင့် ညည်းညူလိုက်၏..။

ဒင်းန်က..

"ကျွန်တော် ဟယ်ရီပေါ်တာကို သိတယ်.. သူဟာ တကယ့် အစစ်အမှန်ပဲလို့ ကျွန်တော် ထင်တယ်.. ကယ်တင်ရှင်ပဲ ခေါ်ခေါ် ဖြေရှင်းသူပဲ ခေါ်ခေါ် ကြိုက်သလိုသာ ခေါ်ကြပေတော့..."

ဒတ်က..

"ဟုတ်ပါတယ်.. ဒီလိုပဲ ယုံကြည်ကြတဲ့သူတွေ များပါတယ်.. ငါကိုယ်တိုင်လည်း ယုံကြည်ချင်ပါတယ်.. ဒါပေမယ့် အခု သူဘယ်ရောက်နေသလဲ.. ကြည့်ရတဲ့ အခြေအနေကတော့

ထွက်ပြေးနေပုံပဲ... ငါတို့မသိတာ တစ်ခုခု သူသိမယ်... ငါတို့ထက် ပိုပြီး စွမ်းအားရှိမယ်ဆိုရင် ခုချိန်မှာ တိုက်ပွဲဝင်နေသင့်တာပေါ့.. ပုန်းမနေသင့်ဘူး.. နောက်ပြီး စုန်းကဝေ

နေ့စဉ်သတင်းစာက ပြောတော့.."

တက်ဒ်က ချက်ချင်းပင် စကားဖြတ်ကာ..

"စုန်းကဝေ နေ့စဉ်သတင်းစာ .. ဟုတ်လား.. အခုထက်ထိ ဆက်ဖတ်နေသေးတယ်ဆိုရင်
ခင်ဗျားကိုယ်တိုင်က အညာခံချင်နေတာပဲ ဒတ်.. အမှန်ကို သိချင်ရင် ကွစ်ဘလာကို ဖတ်စမ်းပါ.."

ရုတ်တရက် ပို့ဖြူ့အန်သံ ကျောကုန်းကို တဖုန်းဖုန်း ပုတ်ပေးသံများ ကြားလိုက်ရပြီးနောက်ဝယ် ဒတ်မှာ
ငါးရိုးကို ခက်ခက်ခဲခဲ မျိုချလိုက်ရ၏..။ ထို့နောက် သူက..

"ကွစ်ဘလာကို ဖတ်ရမယ်.. လပ်ဖ်ဂွဒ်လို အူကြောင်ကြောင်လူရဲ့ သတင်းစာကို ဖတ်ရမယ်.."

တက်ဒ်က..

"ဒီရက်ပိုင်းမှာ ဖတ်သင့်တယ်.. စုန်းကဝေနေ့စဉ် သတင်းစာမှာ မပါတဲ့ သတင်းတွေ ပါတယ်..
ဘယ်လောက်ကြာကြာ ခံမလဲတော့ ငါလည်း မသိဘူး.. ဒါပေမယ့် သူ့ရဲ့ ရှေ့မျက်နှာမှာ

မိစ္ဆာသခင်ကြီးကို ဆန့်ကျင်တဲ့ သူတိုင်းဟာ ဟယ်ရီပေါ်တာကို ပထမဦးစားပေး အနေနဲ့
ကူညီသင့်တယ်လို့ အမြဲလိုလို ပါတယ်.."

"ကမ္ဘာပေါ်က ပျောက်သွားသလိုလို ပျောက်သွားတဲ့ ကောင်လေးကို ကူညီဖို့ ခက်တယ်.."

တက်ဒ်က..

"ကျုပ် ပြောပြမယ်.. သူ့ကို ဖမ်းလို့မမိသေးတာကိုက တကယ် ချီးကျူးစရာ ကောင်းလှပြီ.. ကျုပ်လည်း
သူ့ကို နမူနာ ယူခဲ့တာပဲ.. ကျုပ်တို့အတွက် ဘာအရေးကြီးလဲ.. လွတ်လွတ်လပ်လပ်

နေရဖို့ပဲ မဟုတ်လား.."

ဒတ်က..

"ကျုပ် ပြောချင်တာလဲ အဲဒီ့ကိစ္စပဲ.. ဝန်ကြီးဌာန တစ်ခုလုံးရော ဒက်အိတာတွေရော စုပြုံလိုက်နေမှတော့
ကျုပ်ထင်တာ မိလောက်ပြီ ထင်တယ်.. သူ့ကိုဖမ်းပြီး လူမသိအောင်

သတ်ပစ်လိုက်ရင်ရော ဘယ်လိုလုပ်မလဲ.."

"ဒီလိုမပြောပါနဲ့ ဒတ်ရာ.."

ခက်ရင်းသံ ဓွန်းသံများမှ အပ ဘာကိုမှ မကြားရပဲ ရှိသည်။ ပြန်၍ စကားပြောကြသောအခါ ဤကမ်းပါးပေါ်တွင် အိပ်မလား သစ်တောထဲတွင် အိပ်မလားကို တိုင်ပင်နေကြခြင်း ဖြစ်၏..။

သစ်ပင်များက ပို၍ အကာအကွယ် ပေးနိုင်သည်ဟု ဆုံးဖြတ်ပြီးနောက် သူတို့မီးပုံကို ငြိမ်းသတ်ကာ အောက်ပြန်ဆင်းသွားကြတော့သည်..။

သူတို့သုံးယောက်စလုံး သူခိုးနားရွက်များကို ရုပ်သိမ်းလိုက်သည်..။ ဟယ်ရီမှာ စိတ်လှုပ်ရှားမှုကြောင့် စကားကိုပင် ကောင်းကောင်းမပြောနိုင်ပဲ ရှိ၏..။

"ဂျင်နီ.. သူက ဓား.. ဓား.."

ဟာမီယွန်က..

"ငါ နားလည်ပါတယ်.."

သူမက လက်ကိုင်အိတ်သေးသေးလေးကို ဖွင့်ကာ လက်တစ်ချောင်းလုံး နှိုက်၍ ရှာဖွေလိုက်ရင်း..

"ဟော.. တွေ့ပြီ.."

တဖြည်းဖြည်းနှင့် ပန်းချီကားဘောင်တစ်ခု အိတ်ထဲမှ ထွက်လာ၏..

ဟယ်ရီချက်ချင်းပင် သူမကို ကူညီလိုက်သည်..။ သူတို့ ပန်းချီကား တစ်ချပ်လုံးကို ဆွဲထုတ်ပြီးချိန်ဝယ် ဟာမီယွန်က မှော်တောင်ဝှေးကို ချိန်ရွယ်ကာ ကိုင်ထားရင်း..

"တစ်ယောက်ယောက်ကသာ ရုံးခန်းထဲမှာ ဓားအစစ်ကို အတုနဲ့ လဲလိုက်ရင် ဖီးနီးယပ်စ်နစ်ဂဲလပ်စ် မြင်ရမယ်.. သူ့ပန်းချီကားက မှန်ဘီရှိနားမှာပဲ.."

ဟယ်ရီက..

"သူ အိပ်ပျော်မနေရင်ပေါ့ဟာ.."

ထိုအချိန်မှာပင် ဟာမီယွန်က ဟောင်းလောင်းဖြစ်နေသော ပိတ်စပေါ်သို့ သူမ၏ မှော်တောင်ဝှေးကို ချိန်ရွယ်ထားရင်း..

"ဖီးနီးယပ်စ်.. ဖီးနီးယပ်စ်နစ်ဂဲလပ်စ်.."

ဘာမှထူးမလာချေ..။ သူမက ထပ်၍..

"ပရော်ဖက်ဆာ ဘလက် ကျေးဇူးပြုပြီး စကားပြောပါရစေ.."

"အဲဒီလို ယဉ်ကျေးတာ မမှားဘူး.."

ဖီးနီးယပ်စ်၏ အသံကို ကြားလိုက်ရပြီးနောက် ချက်ချင်းဆိုသလို ပန်းချီကားဘောင်ထဲသို့ သူရောက်လာ၏။

"အော့ဘ်ကူရီ.."

ဟာမီယွန်၏ ဂါထာရွတ်သံနှင့်အတူ ပန်းချီကားထဲမှ ဖီးနီးယပ်စ်၏ မျက်လုံးများကို အဝတ်စတစ်ခုက စည်းထားလိုက်၍ မမြင်မစမ်း ဖြစ်ကာ ပန်းချီကားဘောင်ကို ဝင်တိုက်တော့သည်..။

"ဟေ့ .. ဘယ်လိုလုပ်တာလဲ.. မင်းတို့ ဘယ်သူတွေလဲ.."

ဟာမီယွန်က..

"တကယ် စိတ်မကောင်းပါဘူး ပရော်ဖက်ဆာ ဘလက်.. ဒါပေမယ့် ကြိုတင်ကာကွယ်တာ မမှားဘူးလေ.."

"ဖယ်လိုက်စမ်း.. အခု ဖယ်လိုက်စမ်း.. မင်း တကယ့် လက်ရာကောင်းကို ပျက်စီးအောင် လုပ်နေတာလား.. ငါ ဘယ်ရောက်နေတာလဲ.. ဘာတွေဖြစ်နေတာလဲ.."

ဟယ်ရီက..

"ဘယ်နေရာလဲဆိုတာ အရေးမကြီးပါဘူး.."

ဖီးနီးယပ်စ်နီဂဲလပ်စ်မှာ ကြက်သေသေသွားကာ မျက်နှာပေါ်မှ အဝတ်စကို ဆွဲခွာရန် မကြိုးစည်တော့ပဲ..

"ဒါ .. ဒါ အရှောင်အတိမ်းကောင်းလွန်းတဲ့ မစ္စတာပေါ်တာရဲ့ အသံလား"

"ဖြစ်ကောင်းဖြစ်နိုင်ပါတယ်.."

ဟယ်ရီ ဖီးနီးယပ်စ်၏ စိတ်ဝင်စားမှုကို ဤနည်းဖြင့် ဆွဲဆောင်ထားလိုက်သည်..။

“ကျွန်တော်တို့မှာ မေးခွန်း တော်တော်များများ ရှိတယ်.. ဂရစ်ဖင်ဒေါ စားနဲ့ ပတ်သက်လို့..”

“အား.. ဒီကိစ္စလား..”

ဖီးနီးယပ်စ်က အသံလာရာ ဟယ်ရီ့ဘက်သို့ လှည့်ရင်း..

“ဒီကောင်မစုတ်လေးက တစ်စက်မှ ဉာဏ်ရှိတာ မဟုတ်ဘူး..”

ရွန်က ဒေါသတကြီးနှင့်..

“ကျုပ်ညီမကို ဒီလိုမပြောနဲ့..”

ဖီးနီးယပ်စ်၏ မျက်ခုံးများ တွန့်သွားပြီး...

“တခြား ဘယ်သူ ရှိသေးလဲ.. ဒီအသံက ငါ့ကို မကျေနပ်ပုံပဲ.. ဒီကောင်မလေးရော
သူ့သူငယ်ချင်းတွေရော ငတုံးတွေပဲ.. ကျောင်းအုပ်ဆီကတောင် စားကိုခိုးရဲတယ်..”

ဟယ်ရီက..

“သူတို့ ခိုးတာ မဟုတ်ဘူး.. ဒီဓားကို စနိပ်မပိုင်ဘူး..”

“ဒီဓားကို ကျောင်းက ပိုင်တယ်.. ဒီလိုဆင်ခြေမျိုးပဲ ဝိစလေလေးက ပေးတာပဲ.. သူရော ဟိုငတုံး
လောင်းဘော့တွန်ရော လူနာဆိုတဲ့ ကောင်မလေးရော အပြစ်ပေးခံရတာ နည်းတောင်

နည်းသေးတယ်..”

ဟာမီယွန်က..

“သူတို့တွေထဲမှာ တစ်ယောက်မှ ငတုံးအတွေ မပါဘူး..”

ဖီးနီးယပ်စ်က နောက်တစ်ကြိမ် မျက်စိမှ အဝတ်စကို ဆွဲခွာရန် ကြိုးစားရင်း..

“ငါ ဘယ်ရောက်နေတာလဲ.. ငါ့ကို ဘယ်ခေါ်လာကြတာလဲ.. ဘာကိစ္စ ငါ့အိမ်ထဲကနေ
ဖြုတ်လာကြတာလဲ..”

ဟယ်ရီက အရေးတကြီးပင်..

"ဒါတွေက အရေးမကြီးပါဘူး.. စနိပ်က သူတို့ကို ဘယ်လို အပြစ်ပေးလိုက်သလဲ.."

"ပရော်ဖက်ဆာ စနိပ်က သူတို့ကို တားမြစ်တောအုပ်ထဲကို လွှတ်လိုက်တယ်လေ.. လူရိုင်းကြီး ဟက်ဂရစ်ခိုင်းသမျှ လုပ်ဖို့ပေါ့.."

"ဟက်ဂရစ်က လူရိုင်းမဟုတ်ဘူး.."

ဟာမီယွန်က ချက်ချင်း ပြန်ပြော၏..။ ဟယ်ရီက..

"စနိပ်က ဒါကို အပြစ်ဒဏ်လို့ ထင်နေသလား.. သူတို့ သုံးယောက်စလုံး ဟက်ဂရစ်နဲ့ ပြောပြီး ဟားနေကြမှာပဲ.. တားမြစ်တောအုပ်ထဲက အန္တရာယ်လောက်ကို သူတို့က စာမဖွဲ့ဘူး..

ဒီ့ထက်မကတဲ့ အန္တရာယ်တွေ သူတို့ ကြုံဖူးကြတယ်.."

သူ စိတ်သက်သာရာ ရသွားသည်။ ဒီ့ထက်မက ဆိုးဝါးသည်များကို သူ မျှော်လင့်ထားခဲ့၏..။

"ကျွန်တော်တို့ တကယ်သိချင်တာက ဒီဓားကို ဘယ်သူများ သူတို့အရင် ဘီရိုထဲက ထုတ်ဖူးသလဲ.. သန့်ရှင်းဖို့တို့ ဘာတို့အတွက်ပေါ့.."

"မက်ဂယ်က မွေးတာတွေပဲ ဖြစ်ရမယ်.. ဂေါ်ဘလင်တွေလုပ်တဲ့ လက်နက်ဟာ ဘယ်တော့မှ သန့်ရှင်းပေးဖို့ မလိုဘူး.. ဂေါ်ဘလင်တွေရဲ့ ငွေစင်နဲ့ သွန်းထားတဲ့ ဒီဓားမှာ

တုံးသွားတယ်ဆိုတာလည်း မရှိဘူး.."

ဖီးနီးယပ်စ်က ..

"ငါ ရုံးခန်းကို ပြန်တော့မယ်.."

သူက မျက်လုံးတွင် အဝတ်စည်းနှင့်ပင် ပြန်ရန် ထွက်ပေါက် ရှာနေ၏..။ ထိုအချိန်မှာပင် ဟယ်ရီ့ခေါင်းထဲသို့ အကြံတစ်ချက် ဝင်လာ၏..။

"ဒမ်ဘယ်လ်ဒိုးကို ခင်ဗျား ခေါ်လာနိုင်သလား.."

"ဟင်.. မင်းဘာပြောတာလဲ.."

"ဒမ်ဘယ်လ်ဒိုးရဲ့ ပန်းချီကားချပ် ရှိတယ် မဟုတ်လား.. သူ့ကိုပါ ဒီကိုခေါ်လာလို့ ရမလား.."

"ကြည့်ရတာ မက်ဂယ်မွေးတဲ့သူပဲ တုံးတာ ဟုတ်ပုံမရဘူး ပေါ်တာ.. ဟော့ဝဂ်မှာ ပန်းချီကားတွေက တစ်ခုနဲ့ တစ်ခု ဆက်သွယ်လို့ရတာ မှန်တယ်.. ဒါပေမယ့် ရဲတိုက်အပြင်ကို

ထွက်မရဘူး.. နောက်ထပ် ပန်းချီကားချပ်တစ်ခု အပြင်မှာ ရှိသေးရင်တော့ တစ်မျိုးပေါ့.. ဒမ်ဘယ်လ်ဒိုး ဒီကို ဘယ်လိုလုပ် လာနိုင်မှာလဲ.. မင်းတို့ ဒီလိုဆက်ဆံပုံနဲ့ ငါလည်း

ပြန်မလာတော့ဘူး.."

ပရော်ဖက်ဆာ ဖီးနီးယပ်စ်မှာ ထွက်ပေါက်ရရန် အသည်းအသန် ကြိုးစားရှာနေ၏..။ ဟာမီယွန်က..

"ပရော်ဖက်ဆာ ဘလက် .. ဂျင်းနီတို့ ဓားကိုမထုတ်ခင် ဘယ်သူ ယူထုတ်ခဲ့သေးလဲ.. ကျေးဇူးပြုပြီး ပြောပြပါလား.."

"ငါသိသလောက်တော့ ဒမ်ဘယ်လ်ဒိုး လက်စွပ်ကို ဖျက်ဆီးပစ်လိုက်တုန်းကပဲ အပြင်ရောက်ဖူးတယ်.."

ဟာမီယွန်မှာ ဟယ်ရီ့ကို အလန့်တကြား လှမ်းကြည့်၏..။ သူတို့ နှစ်ယောက်စလုံး ဖီးနီးယပ်စ်ရှေ့တွင် ဘာမှမပြောရဲပေ..။ ဖီးနီးယပ်စ်မှာ နောက်ဆုံးတွင် ထွက်ပေါက်ရှာတွေ့သွားပြီး..

"ကဲ.. သွားတော့မယ်.."

သူ၏ ဦးထုပ်မျှသာ ပန်းချီကားဘောင်ထဲဝယ် ကျန်ချိန်တွင် ဟယ်ရီက..

"ခဏနေဦး.. ခင်ဗျား ဒီအကြောင်း စနိပ်ကို ပြောလိုက်သေးသလား.."

"ပရော်ဖက်ဆာ စနိပ်မှာ ဒမ်ဘယ်လ်ဒိုး ဘာလုပ်ခဲ့တယ်ဆိုတာ စုံစမ်းဖို့ထက် အရေးကြီးတဲ့ အလုပ်တွေ အများကြီးပဲ ပေါ်တာ .. ငါသွားပြီ.."

ထို့နောက် ပန်းချီကားထဲမှ လုံးဝပျောက်ကွယ်သွားတော့သည်။

"ဟယ်ရီ.."

"ငါသိတယ်.."

သူ လေထဲတွင် မကျေမနပ်နှင့် လက်သီးတစ်ချက် ထိုးလိုက်သည်။ သူ ရှက်ဖျင်တဲတစ်နေရာဝယ် ထိုင်ရင်း ငိုင်နေမိ၏..။ ဆာရန်ပင် သတိမရချေ..။ ဟာမီယွန်မှာ ပန်းချီကားချပ်ကို

လက်ကိုင်အိတ်ထဲ ပြန်ထည့်ပြီးမှ ဟယ်ရီ့ဆီသို့ လျှောက်လာ၏..။

"ဓားက ဝိညာဉ်ကိုယ်ပွားကို ဖျက်ပစ်နိုင်တယ်.. ဂေါ်ဘလင်ဓားဟာ ပိုပြီး အစွမ်းထက်တဲ့ဟာကို စုပ်ယူနိုင်တယ်တဲ့.. အခုဆိုရင် ဓားထဲမှာ ဘတ်ဆဲလစ်ရဲ့ အဆိပ်တွေနဲ့ ပြည့်နေပြီ.."

"ဒမ်ဘယ်လ်ဒိုး ငါ့ကို မပေးသေးတာက သူ လော့ကတ်ကို ဖျက်ရင် သုံးရဦးမှာမို့လို့ပဲ.."

"နောက်ပြီး နင့်ကို သေတမ်းစာအရ ပေးထားခဲ့လည်း ပေးမှာ မဟုတ်ဘူးဆိုတာ သိမှာပဲ.."

"ဒါကြောင့် သူ အတုတစ်ခု လုပ်ထားခဲ့တယ်.."

"ပြီးတော့ အတုကို မှန်ဘီရိုထဲ ထည့်ပစ်ခဲ့တယ်.."

"ဒါဆိုရင် အစစ်ကို ဘယ်မှာထားခဲ့သလဲ.."

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်..။ အဖြေနှင့် အလွန်နီးကပ်နေပြီဟု ဟယ်ရီ ခံစားနေရသည်..။ ဘာကြောင့် ဒမ်ဘယ်လ်ဒိုးက သူ့ကို မပြောခဲ့သလဲ..။

ဒါမှမဟုတ် သူပဲနားမလည်ခဲ့တာလား..။

ဟာမီယွန်က..

"စဉ်းစားစမ်းပါ.. ဘယ်မှာထားခဲ့နိုင်သလဲ.."

"ဟော့ဝက်မှာတော့ မဖြစ်နိုင်ဘူး.."

"ဟော့မိဒ်ရွာမှာလား.."

"သရဲခြောက်တဲ့အိမ်လား.. ဘယ်သူမှတော့ အထဲဝင်မှာ မဟုတ်ဘူး.."

"ဒါပေမယ့် စနိပ်က ဝင်လို့ရတဲ့ နည်းလမ်းကိုသိတယ်.. အန္တရာယ် မများလွန်းဘူးလား.."

"ဒမ်ဘယ်လ်ဒိုးက စနိပ်ကို ယုံတယ်လေ.."

ဟယ်ရီ သူမကို သတိပေးလိုက်သည်..။

ဘယ်လိုပဲဖြစ်ဖြစ် ဒမ်ဘယ်လ်ဒိုးမှာ ဓားကို သေချာဝှက်ထားခဲ့ပုံရသည်..။

"ကြည့်ရတာ ခပ်ဝေးဝေးမှာ ဝှက်ခဲ့ပုံပဲ.. နင်ဘယ်လိုထင်လဲ.. ရွန်.. ရွန်.. မင်းဘယ်မှာလဲ.."

ဟယ်ရီ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏..။ ခေတ္တအားဖြင့် ရွန် တဲအပြင် ထွက်သွားပြီဟု ထင်လိုက်မိသည်။ သို့ရာတွင် ရွန်မှာ အမှောင်ရိပ်ထဲတွင် ရှိနေသော ကုတင်ပေါ်ဝယ်

လဲလျောင်းနေ၏..။

"အခုမှ ငါ့ကို သတိရတယ်ပေါ့.."

"ဘာပြောတယ်.."

ရွန်က ကုတင်ပေါ်မှ ထလာရင်း မကျေမနပ်နှင့် ဆို၏..။

"မင်းတို့ပဲ ဆက်ပြောကြပါ.. ငါ အနှောင့်အယှက် မပေးချင်ဘူး.."

ဟယ်ရီ ဟာမီယွန့်ကို အကူအညီရလိုရငြား မော့ကြည့်မိသည်..။ သူမမှာ ခေါင်းကိုသာ တွင်တွင်ခါယမ်းနေသော်လည်း သူ့လိုပင် ဘာပြောရမှန်း သိပုံမရပေ..။ ထို့ကြောင့် ဟယ်ရီက..

"မင်းဘာဖြစ်နေတာလဲ.."

"ငါ.. ငါ ဘာမှ မဖြစ်ပါဘူး.."

ရွန်က ဟယ်ရီ့ကို မကြည့်ပဲ ဖြေ၏..။ ထိုအချိန်မှာပင် ခေါင်းပေါ်ဝယ် တပေါက်ပေါက်ကျသံများ ကြားရသည်..။ အပြင်တွင် မိုးရွာလာပေပြီ..။

"မဟုတ်ဘူး.. မင်းမှာ ပြဿနာတစ်ခုခု ရှိနေတယ်... ငါတို့ကို ထုတ်ပြောပါလား.."

"ကောင်းပြီ.. ငါပြောပြမယ်... ငါ့ကို နောက်တစ်ခါ ရွက်ဖျင်တဲကို ဆောက်လိုက်သိမ်းလိုက် မလုပ်ခိုင်းနဲ့တော့.. နောက်ထပ် ပစ္စည်းတစ်ခု ထပ်ရှာမယ်လည်း မပြောနဲ့တော့... မင်းမသိတဲ့

ပစ္စည်းစာရင်းထဲမှာပဲ ထည့်ထားလိုက်တော့.."

"ငါမသိဘူး ဟုတ်လား.."

မိုးသံများမှာ ပို၍ ဆူညံလာ၏..။ ရွှန်မှာ သူထိတ်လန့်သည့် ကိစ္စကို ထုတ်ဖော်ပြောလာပေပြီ..။

"ငါ ဒီလို နေရတာကို မကြိုက်ဘူး.. ငါ့လက်တစ်ဘက်ကလည်း ခုထိ ကောင်းကောင်း မသက်သာသေးဘူး.. စားစရာလည်း မရှိဘူး.. ညဘက် ဆိုရင်လည်း ချမ်းချမ်းစီးစီးထဲမှာ အိပ်ရတာ..

ငါက မင်း တစ်ခုခုကို သိမယ်ထင်ခဲ့တာ.. ငါတို့ တစ်ခုခု လုပ်နိုင်မယ် မျှော်လင့်ခဲ့တာ"

"ရွှန်.."

ဟာမီယွန့်အသံကို ရွှန် မကြားချင်ယောင် ဆောင်လိုက်၏..။ ဟယ်ရီက..

"မင်း ဘာလုပ်ဖို့ သဘောတူခဲ့တယ်ဆိုတာ မင်းသိတယ်လို့ ငါထင်နေတာ.."

"ငါသိတယ်လို့ ထင်တာပဲ.."

"ဒါဆို ဒီလိုနေနေရတာ ဘာဖြစ်သလဲ.."

ဟယ်ရီ ပြောရင်းနှင့် တဖြည်းဖြည်း စိတ်တိုလာ၏..။ ထို့ကြောင့်..

"ငါတို့ ဟော်တယ်ကြီးပေါ်မှာ နေနေရတယ် ထင်လို့လား.. နေ့တိုင်း ဝိညာဉ်ကိုယ်ပွားတွေ ရှာတွေ့နေမယ် ထင်နေလား.. မင်းအမေဆီကို ခရစ်စမတ်အမီ ပြန်နိုင်မယ်များ ထင်နေသလား.."

"ငါတို့က မင်းဘာလုပ်ရမယ်ဆိုတာ သိတယ် ထင်နေတာ.."

ရွှန်က ပြန်အော်လိုက်သည်။ သူ့စကားများမှာ ဟယ်ရီ့ကို ဓားထက်ထက်နှင့် ထိုးသလို နာကျင်စေ၏..။

"ငါတို့ ထင်တာက ဒမ်ဘယ်လ်ဒိုးက မင်းကို ဘာလုပ်ရမယ်ဆိုတာ ပြောခဲ့မယ် ထင်တာပေါ့.. မင်းမှာ တကယ့်အစီအစဉ် တစ်ခုခု ရှိမယ် ထင်တာ.."

"ရွှန်.."

ဟာမီယွန်က ဒီတစ်ခါတွင် ကျယ်ကျယ်ခေါ်လိုက်သော်လည်း ရွှန်က မကြားချင်ယောင် ထပ်ဆောင်နေလိုက်သည်။

ဟယ်ရီက..

"ငါ မင်းတို့ကို စိတ်ဓာတ်ကျစေခဲ့တဲ့ အတွက် တောင်းပန်ပါတယ်.. ငါအစကတည်းက အားလုံးပြောပြပြီးသားပဲ.. ငါ့ကို ဒမ်ဘယ်လ်ဒိုး ပြောသမျှ အားလုံး ငါ မင်းတို့ကို ပြောပြီးပြီပဲ..

နောက်ပြီး မင်းမေ့နေတာ ရှိသေးတယ်.. ငါတို့ ဝိညာဉ်ကိုယ်ပွားတစ်ခု တွေ့ထားပြီးပြီလေ.."

"ဟုတ်ပါတယ် .. ငါတို့ အဲဒါကို ရှင်းပစ်ဖို့ အတော်နီးစပ်နေပြီပဲ..ကျန်တဲ့ဟာတွေ ရှာတွေ့ဖို့ နီးစပ်သလောက်ကို နီးစပ်နေပြီ.."

"ရွန်.. အဲဒီ့လော့ကတ်ကို ချွတ်လိုက်စမ်း.."

သူမ၏ အသံမှာ သိသိသာသာ တင်းမာနေ၏..။

"ချွတ်လိုက်စမ်းပါ.. ဒီဟာကို တစ်နေကုန် ဝတ်မထားရရင် နင် ဒီလိုပြောမှာ မဟုတ်ပါဘူး.."

"သူ ပြောမှာပါ.."

ဟယ်ရီက ပြောလိုက်သည်။ သူ ရွန့်အတွက် ပေးသော ဆင်ခြေများကို မကြားချင်တော့ပေ..။

"နင်တို့နှစ်ယောက်ပေါင်းပြီး ငါ့အကြောင်းပြောနေတာ ငါမသိဘူး ထင်လား.. မင်းတို့ ဒီလိုတွေးလိမ့်မယ်ဆိုတာ ငါမတွေးမိပဲ နေမလား..."

"ဟယ်ရီ.. ငါတို့က ဒီလို မဟုတ်.."

ရွန်က..

"နင် ညာမနေစမ်းပါနဲ့ .. နင်လည်း ဒီလိုပဲ ပြောတာပဲ.. နင် စိတ်ပျက်တယ်လို့ ပြောတယ်လေ.. သူ ဒီ့ထက်ပိုသိသင့်တယ်လို့ နင်ထင်တယ်ဆို.."

"ငါ ဒီလို မပြောဘူး ဟယ်ရီ.. တကယ် မပြောဘူး.."

ဟာမီယွန်က ငိုယိုရင်း အတင်းငြင်း၏..။ ထိုအချိန်မှာပင် မီးဖိုထဲရှိ မီးငြိမ်းသွားသဖြင့် မှောင်အတိကျသွား၏..။ ဂရစ်ဖင်ဒေါ်ဓားမှာ သူတို့ မသိသော တစ်နေရာရာတွင် ဝှက်ထားပေမည်..။

လူငယ်သုံးယောက် အင်အားဖြင့် ရှာဖွေရန် ဆိုသည်မှာ..

"ဒါဆို မင်းက ဒီမှာ ဘာလုပ်နေတာလဲ.."

ဟယ်ရီက ရွန့်ကို မေးလိုက်၏..။

"ဘာပြောတယ်.."

"မင်းအိမ်ကို မင်းပြန်ပါတော့လား.."

"ငါပြန်မှာပါ.."

ရွန်က အပြန်အလှန် အော်ဟစ်ရင်း ရှေ့သို့ တိုးလာ၏..။

"မင်း ငါ့ညီမအကြောင်း သူတို့ပြောတာ ကြားလိုက်တယ် မဟုတ်လား.. ဒါတောင် မင်းက အရေးမစိုက်ဘူး.. တားမြစ်တောအုပ်ဆိုရင် ဘာမှအန္တရာယ်မရှိနိုင်ဘူးလို့ ဆိုလိုချင်တာလား.. မင်း

သူ့ကို လုံးဝဂရုမစိုက်ဘူး.. ဒါပေမယ့် ငါကတော့ ဂရုစိုက်ရမယ်.. အဲဒီ့တောထဲက ဧရာမ ပင့်ကူကြီးတွေ အခြား သတ္တဝါတွေကို ဘယ်သွားထားမလဲ"

"ငါဆိုလိုတာက သူနဲ့အတူတူ တခြားလူတွေလည်း ပါတယ်.. ပြီးတော့ ဟက်ဂရစ်နဲ့ပဲဟာ.."

"သေချာတာပေါ့ .. မင်း တကယ်ကို ဂရုမစိုက်ပါဘူး.. ငါ့မိသားစုကိုရော ဘယ်လိုလုပ်မလဲ.. ဝီစလေမိသားစုထဲက နောက်တစ်ယောက် ဒဏ်ရာထပ်ရဖို့ မသင့်တော့ဘူးဆိုတာ

မင်းကြားတယ် မဟုတ်လား..."

"အင်း.."

"ဒါပေမယ့် ဘာကိုဆိုလိုသလဲ မစဉ်းစားမိဘူး မဟုတ်လား.."

ဟာမီယွန်က သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်ရင်း..

"ရွန်.. ဒီလို ပြောနေရုံနဲ့ ဘာမှထူးမလာနိုင်ဘူး... ငါထင်တာတော့ တခြားလူတွေ ဒဏ်ရာထပ်ရတာ မဖြစ်နိုင်ဘူး.. ဘီလ်မှာလည်း အမာရွတ်တွေနဲ့.. ဂျော့မှာလည်း နားရွက်တစ်ဘက်

မရှိတော့ဘူး.. နောက်ပြီး နင်ကလည်း နေမကောင်းဖြစ်နေတယ်လို့ အားလုံးက ထင်ကြတယ်လေ.. သူ ဒါကိုပဲ ဆိုလိုတာပါဟာ..."

"နင်က သေချာလို့လား.. နင်တို့နှစ်ယောက် အတွက်ကတော့ ဘာအရေးလဲ.. နင်တို့မိဘတွေက ဘေးကင်းနေတာပဲ.."

"ငါ့မိဘတွေ သေပြီကွ.."

ဟယ်ရီ အော်ဟစ်လိုက်သည်။ ရွန်ကလည်း ပြန်အော်၏..။

"ငါ့မိဘတွေလည်း အဲ့ဒီလို ဖြစ်ကာနီးပြီ.."

"သွားတော့ .. ဒါဆိုလည်း ထွက်သွားတော့.. နေပြန်ကောင်းချင်ယောင် ဆောင်ပြီး ပြန်သွားတော့.. မင်းအမေက မင်းကို ဝဝလင်လင် ကျွေးလိမ့်မယ်.."

ရွန်က ရုတ်တရက် လှုပ်ရှားမှု တစ်ခုကို လုပ်လိုက်၏..။ ဟယ်ရီ ချက်ချင်းပင် တုံ့ပြန်လိုက်သည်..။

သို့ရာတွင် သူတို့၏ တောင်ဝှေးများ အိတ်ထဲမှ လွတ်လွတ်ကျွတ်ကျွတ် မထွက်ခင်မှာပင် ဟာမီယွန်က သူမ၏ မှော်တောင်ဝှေးကို မြှောက်လိုက်ရင်း....

"ပရိုတီဂို"ဟု အော်ဟစ်လိုက်သည်။

မျက်စိဖြင့် မမြင်နိုင်သော အကာအရံတစ်ခုက သူမနှင့် ဟယ်ရီကို တစ်ဘက် ရွန့်ကို တစ်ဘက် ကာရံထားလိုက်သည်။ အားလုံး နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်ပေးလိုက်ရ၏..။

ဟယ်ရီ ရွန့်ကိုကြည့်ရင်း အကြီးအကျယ် မကျေမနပ် ဖြစ်လာ၏..။

"ဝိညာဉ်ကိုယ်ပွားကို ထားခဲ့..."

ရွန်က ဆွဲကြိုးကို ကုလားထိုင်ပေါ် ပစ်တင်လိုက်ရင်း ဟာမီယွန့်ဘက်လှည့်ကာ..

"နင်ဘာလုပ်မှာလဲ.."

"နင်.. နင်ဘာပြောတာလဲ.."

"နင် ဒီမှာ နေခဲ့မှာလား.. ငါနဲ့လိုက်ခဲ့မှာလား.."

"ငါ .. ငါနေခဲ့မှာပေါ့.. ရွှန်.. ငါတို့ ဟယ်ရီနဲ့ အတူတူသွားမယ် ပြောထားတယ်လေ.. ငါတို့ သူ့ကို ကူညီမယ်ပြော.."

"ငါ သဘောပေါက်ပြီ.. နင်က သူ့ကို ရွေးလိုက်တာပဲ.."

"ရွှန်.. ပြန်လာခဲ့.. ပြန်လာခဲ့.."

သို့ရာတွင် ဟာမီယွန်မှာ သူမ၏ အကာအရံနှင့် ဝင်တိုက်မိနေ၏..။ သူမ အကာအရံကို ဖျောက်လိုက်ချိန်ဝယ် ရွှန်မှာ အပြင်သို့ ထွက်သွားပြီ ဖြစ်သည်။ ဟယ်ရီ နေရာတွင် မလှုပ်မရှား

ရပ်နေရင်း သူမ အော်ဟစ်ခေါ်နေသံကို နားထောင်နေမိသည်။ မိနစ်အနည်းငယ်အကြာတွင် သူမပြန်ဝင်လာကာ...

"သူ.. သူ ကိုယ်ရောင်ဖျောက်သွားပြီ.."

သူမ ကုလားထိုင်ပေါ်သို့ ပစ်လှဲချရင်း ငိုကြွေးတော့သည်။

ဟယ်ရီ မူးဝေနေသလို ခံစားနေရသည်..။ သူ ဝိညာဉ်ကိုယ်ပွားကို ကောက်ယူကာ လည်ပင်းတွင် ဆွဲထားလိုက်ပြီး ရွှန့်အိပ်ရာပေါ်မှ စောင်များကို ဆွဲယူကာ ဟာမီယွန့်ထံ

ပစ်ပေးလိုက်သည်..။ ထို့နောက် အပေါ်ထပ်ရှိ သူ့အိပ်ရာပေါ်သို့ တက်ကာ ခေါင်မိုးကို အမိုပွါယ်မဲ့ ငေးကြည့်နေမိသည်။ မိုးများက အပြင်တွင် သည်းသည်းမဲမဲ ရွာနေဆဲပင်..။

**၁၆။ ဂိုဒရစ်ဟောလိုး သို့ အပြန်ခရီး**

ဟယ်ရီ အိပ်ရာမှ နိုးလာပြီးနောက် မနေ့ညက ဘာဖြစ်ခဲ့သည်ကို အတန်ကြာအောင် စဉ်းစားယူရသည်..။ ထို့နောက်တွင် ထိုအဖြစ်အပျက်များမှာ အိပ်မက်တစ်ခုသာ ဖြစ်ပါစေဟု သူ

ကလေးဆန်ဆန် ဆုတောင်းမိ၏..။ သို့ရာတွင် ရွှန်၏ အိပ်ရာပေါ်တွင် ရှင်းလင်းလျှက် ရှိသည်။

ဟာမီယွန်မှာ မီးဖိုထဲတွင် အလုပ်ရှုပ်နေ၏..။ သူထလာသည်ကို မြင်သည်နှင့် တစ်ဘက်သို့ ကမန်းကတန်း လှည့်သွား၏..။ သူမ ငိုနေသည်ဟု ဟယ်ရီ ထင်မိသည်။

"ရွှန်မရှိတော့ပါလား.."ဟု ဟယ်ရီ တွေးနေမိသည်။

သူ ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲပြီးချိန်ထိ ထိုအတွေးကို ဆက်တွေးနေမိသည်..။

"ရွှန်ပြန်လာတော့မှာ မဟုတ်ဘူး.." ဟူသော အတွေးက သူ့ကို တတိတိ နှိပ်စက်နေ၏..။

ထိုအချက်မှာ ရိုးရှင်းကာ သိသာလွယ်ကူလွန်း၏..။ သူတို့၏ အကာအကွယ် အစီအမံများကြောင့် ဤနေရာမှ ထွက်ခွာသွားသည်နှင့် ရွှန် သူတို့ကို ရှာဖွေနိုင်မည် မဟုတ်တော့ပေ..။

သူနှင့် ဟာမီယွန်တို့ နံနက်စာကို တိတ်ဆိတ်စွာ စားသောက်လိုက်ကြသည်။ ဟာမီယွန့်မျက်လုံးများမှာ မို့အစ်ကာ နီရဲနေ၏..။ သူမ တစ်ညလုံး အိပ်ခဲ့ဟန် မတူပေ..။ ထို့နောက်တွင်

သူတို့ ပစ္စည်းများကို သိမ်းဆည်းကြ၏..။ ဟာမီယွန်မှာ အလွန်နွေးကွေးစွာ အလုပ်လုပ်နေ၏..။

ဤမြစ်ကမ်းပါးတွင် တတ်နိုင်သမျှ သူမ အချိန်ဖြုန်းလိုကြောင်း ဟယ်ရီ သဘောပေါက်မိသည်။ ရွှန်များ ပြန်လာမလားဟု သူမ မျှော်လင့်နေပုံပင်..။ ဟယ်ရီ ကိုယ်တိုင်လည်း

အနည်းငယ်တော့ မျှော်လင့်မိ၏..။

သူတို့ နံဘေးရှိ မြစ်ရေများမှာ မိုးကြောင့် တဖြည်းဖြည်း တက်လာကာ သူတို့ရှိနေသော မြစ်ကမ်းနဖူးသို့ ရောက်လုလုထိ မြင့်တက်လာ၏..။ သူတို့ ပုံမှန် ထွက်ခွာနေကျ အချိန်ထက်

နာရီအတော်ကြာမှပင် ရွက်ဖျင်တဲကို သိမ်း၍ ပြီးကြသည်..။

ဟာမီယွန်မှာ သူမ၏ လက်ကိုင်အိတ်ထဲသို့ သုံးကြိမ်တိတိ စစ်ဆေးပြီးချိန်ဝယ် နောက်ထပ် အချိန်ဆွဲစရာ အကြောင်းပြချက် ကုန်ခမ်းသွား၏..။ ထို့ကြောင့် သူတို့နှစ်ယောက်

တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်၍ ထိုနေရာမှ ကိုယ်ရောင်ဖျောက်ခဲ့ကြပြီး တောင်ကုန်းတစ်ခုအနီးဝယ် ပြန်ပေါ်လာကြသည်..။

ထိုနေရာသို့ရောက်သည်နှင့် ဟာမီယွန်မှာ သူ့လက်ကို လွှတ်လိုက်ပြီး ခပ်ဝေးဝေးရှိ ကျောက်တုံးတစ်တုံးပေါ်ဝယ် ထိုင်ရင်း ငိုကြွေးနေ၏..။ သူသွား၍ နှစ်သိမ့်ချင်သော်လည်း တစ်ခုခုက

သူ့ကိုဆွဲထားသလို နေရာမှ ရွှေ့မရပဲ ဖြစ်နေ၏..။

ဟယ်ရီ ခေါင်းထဲမှ အတွေးများကို မောင်းထုတ်ပစ်လိုက်ရင်း ဟာမီယွန့်ကို အလည်ခံ၍ထားကာ စက်ကိုင်းသဏ္ဍာန် ပတ်လျှောက်ရင်း ဟာမီယွန် လုပ်လေ့ရှိသည့် ကာကွယ်ရေး အစီအမံ

ဂါထာများကို ရွတ်ဆိုလိုက်သည်။

နောက်ရက်များတွင်လည်း သူတို့ ရွှန့်အကြောင်းကို မဆွေးနွေးဖြစ်ကြပေ..။ ဟယ်ရီက သူ့အကြောင်းကို ထပ်မပြောရန် ဆုံးဖြတ်ထားသလို ဟာမီယွန်ကလည်း ရွှန့်အကြောင်းကို

ပြောနေခြင်းဖြင့် ဘာမှ မထူးခြားဟု ယူဆထားပုံရ၏..။

သို့သော် ညအချိန်များတွင် သူမ ကြိတ်ငိုတတ်သည်ကိုတော့ ဟယ်ရီ သတိထားမိသည်..။ ထိုအချိန်များတွင် ဟယ်ရီမှာ မရူဒါမြေပုံကို ကြည့်ကာ ဟော့ဂဝ်ကျောင်းထဲသို့

ရွှန်ပြန်ရောက်နေမနေကို စုံစမ်းလေ့ရှိသည်..။ ရွှန်မှာ စုန်းကဝေမိသားစုမှ ဆင်းသက်လာသူဖြစ်ရာ ဟော့ဂဝ်ပြန်သွားဖို့ရာ အခက်အခဲ မရှိနိုင်ပေ။ သို့သော် ရွှန့်ကို ကျောင်းတွင်

မတွေ့ရပေ..။

သို့ရာတွင် ဟယ်ရီမှာ ညတိုင်းလိုလို မြေပုံကို ထုတ်ကြည့်ရင်း ဂျင်နီကို စောင့်ကြည့်လေ့ ရှိသည်..။ သူမ အဆင်ပြေပြေ ရှိလိမ့်မည်ဟု သူမျှော်လင့်ရှာသာ တတ်နိုင်သည်..။

နေ့အချိန်များတွင် ဂရစ်ဖင်ဒေါ်ဓား ရှိနိုင်မည့် နေရာကို ဆွေးနွေးကြသော်လည်း ပို၍ ဝေးနေ၏..။ ဒမ်ဘယ်လ်ဒိုးက သူ့ကို ပစ္စည်းဝှက်မည့် အကြောင်းအရာနှင့် ပတ်သက်၍

ဘာပြောခဲ့မှန်း ဟယ်ရီ စဉ်းစားမရချေ..။

သူ ရွှန်နှင့် ဒမ်ဘယ်လ်ဒိုး ဘယ်သူ့ကို ပို၍ စိတ်ဆိုးရမှန်း စဉ်းစားမရပဲ ရှိ၏..။ ရွှန်ပြောခဲ့သလိုပင် ဒမ်ဘယ်လ်ဒိုးမှာ သူ့ကို ဘာမှ ပြောမသွားခဲ့ပေ..။

သူ တဖြည်းဖြည်း စိတ်ဓာတ်ကျလာ၏..။ သူဘာမှ မသိပေ..။ ဘာကိုမှလည်း စဉ်းစားမရပေ..။ ဟာမီယွန်ပါ သူ့အနီးမှ ထွက်ခွာသွားမည်ကို ဟယ်ရီ စိုးရွံ့နေမိ၏..။ သူနှင့် ဟာမီယွန်တို့

တဖြည်းဖြည်းနှင့် စကားမပြောဖြစ်ကြသလောက် ဖြစ်လာသည်။

ဟာမီယွန်မှာ လက်ကိုင်အိတ်ထဲမှ ဖီးနီးယပ်စ်၏ ပန်းချီကားချပ်ကို ထုတ်ကာ ထိုင်ခုံပေါ်ဝယ် တင်ထား၏..။ လူတစ်ယောက် လျော့သွားသဖြင့် အစားထိုးရန် စဉ်းစားနေသလားဟု ဟယ်ရီ

တွေးမိသည်..။

ဖီးနီးယပ်စ်မှာ နောက်ထပ်မလာတော့ဘူးဟု ပြောသွားသော်လည်း ဟယ်ရီ ဘာလုပ်နေသလဲ
သိချင်စိတ်ကြောင့် မကြာခဏပင် မျက်လုံးများကို အဝတ်စီးထားလျှက်နှင့်

ပြန်ရောက်ရောက်လာ၏..။ ဘာပဲဖြစ်ဖြစ် သူ့ကိုတွေ့ရသည်နှင့် စကားပြောဖော် တစ်ယောက်ရသဖြင့်
ဟယ်ရီ ဝမ်းသာမိသည်..။ ဟော့ဝဂ်မှ သတင်းများကိုလည်း သူတို့ သိကြရသည်..။

သို့ရာတွင် ဖီးနီးယပ်စ်မှာ သတင်းယူရန် သင့်လျှော်သူ တစ်ယောက်ကား မဟုတ်ချေ..။ သူက စနိပ်ကို
သဘောကျ၏..။ အကြောင်းမှာ ဖီးနီးယပ်စ်မှာ စလီသရင်ကျောင်းဆောင်မှ ပထမဆုံး

ကျောင်းအုပ်ဖြစ်ခဲ့သူ ဖြစ်၍ပင်..။ ထို့ကြောင့် စနိပ်ကို အပြစ်တင်၍ မရသလို စနိပ်နှင့် ပတ်သက်၍
ဘာမှ စုံစမ်းမရပဲ ရှိ၏..။

သို့ရာတွင် သူ့ထံမှ စနိပ်မှာ ကျောင်းသားများ သောင်းကျန်း၍ ညည်းညူနေကြောင်း ကြားရသလို
ဂျင်နီကို ဟော့မိဒ်ရှာသွားခွင့် ပိတ်လိုက်ခြင်းလည်း ကြားရ၏..။ စနိပ်မှာ အမ်ဘရစ်ချ်

အမိန့်ထုတ်ခဲ့သလို ကျောင်းသား ကျောင်းသူသုံးယောက်ထပ် ပိုခွင့်မပေးပဲ အဖွဲ့အစည်းများကိုပါ
တားဆီးထား၏..။

ထိုအချက်များကိုကြည့်၍ ဂျင်နီ နဗီးလ်နှင့် လူနာတို့မှာ ဒမ်ဘယ်လ်ဒိုးအဖွဲ့ကို
ပြန်ဖွဲ့စည်းနေကြပုံရသည်။ ထိုသတင်းကြောင့် ဂျင်နီကို တွေ့ချင်စိတ် ပို၍ ပြင်းပြလာ၏..။ ကျောင်းကို

ပြန်သွားကာ စနိပ်ကို အနှောင့်အယှက် ပေးချင်စိတ်တို့ ထိန်းမနိုင်သိမ်းမရ ပေါ်ပေါက်လာ၏..။

သို့သော် သူ့ခေါင်းကို ဂယ်လီယွန် တစ်ယောင်းဈေး သတ်မှတ်ထားကတည်းက ဟော့ဝဂ်ကို သွားရမည့်
ကိစ္စမှာ ဝန်ကြီးဌာနဆီ သွားသကဲ့သို့ပင် ခက်ခဲပေလိမ့်မည်..။ ဖီးနီးယပ်စ်မှာ

မကြာခဏဆိုသလိုပင် သူတို့ ဘယ်ရောက်နေသလဲဆိုသည်ကို မသိမသာ မေးတတ်၏..။
ထိုသို့မေးတိုင်း ဟာမီယွန်က သူ့ကို ချက်ချင်း အိတ်ထဲပြန်ထည့်ပစ်တတ်သည်..။

ရာသီဥတုမှာ တဖြည်းဖြည်း ပို၍ အေးလာ၏..။ သူတို့မှာလည်း တစ်နေရာတွင် ကြာကြာမနေရဲပဲ
ရှိသည်..။ ထို့ကြောင့် အင်္ဂလန်တောင်ပိုင်းတွင် ဆက်မနေရဲတော့ပဲ တခြားနေရာများကိုပါ

လှည့်ပတ်သွားလာနေရသည်..။

တစ်ခုသောညနေတွင် အကြံပြုရန် ကျန်နေသော တစ်ခုတည်းသော နေရာကို ဟာမီယွန့်အား ပြောရန် ဟယ်ရီ စဉ်းစားမိလိုက်သည်..။ ယနေ့ညနေတွင် သူတို့ အစားကောင်းကောင်း

စားထားကြရသည်..။

ဟာမီယွန်မှာ ကိုယ်ပျောက်ဝတ်ရုံခြုံ၍ စုပါမတ်ကတ်တစ်ခုအတွင်း ဝင်ရောက်ကာ စားသောက်စရာများ ယူလာခဲ့သည်။ (ပိုက်ဆံကို ငွေသိမ်းစက်ထဲသို့ အသာထည့်ထားပေးခဲ့၏..)

ဤကဲ့သို့ ဗိုက်ပြည့်နေသည့် အချိန်ဝယ် သူမကို ပြော၍ကောင်းလိမ့်မည်ဟု ဟယ်ရီ တွက်ဆထားသည်..။ ထို့ပြင် ဝိညာဉ်ကိုယ်ပွားကိုလည်း မည်သူမျှ မဝတ်ကြပဲ စားပွဲပေါ်တွင် ခေတ္တ

တင်ထားကြသည်..။ ထို့ကြောင့် အခြေအနေကောင်းနေသည်ဟု ဟယ်ရီ တွက်ဆကာ..

"ဟာမီယွန်.."

"ဟင်.."

သူမမှာ ပုံပြင်စာအုပ်ကို ဖတ်လျှက် ကုလားထိုင်ပေါ်တွင် ထိုင်နေ၏..။ ပုံပြင်စာအုပ်ထဲမှ ဘာအချက်အလက်များ တွေ့နိုင်မည်လဲ ဆိုသည်ကို ဟယ်ရီ စဉ်းစားမရပေ။ ဟယ်ရီ

လည်ချောင်းရှင်းလိုက်၏..။ သူ မည်ကဲ့သို့ ဆက်ပြောရမည်မှန်း မသိပေ..။

"ဟာမီယွန်.. ငါ စဉ်းစားနေတာ တစ်ခုရှိတယ်.."

"ဟယ်ရီ.. ငါ့ကို တစ်ခုလောက် ကူညီစမ်းပါ.."

သူမမှာ သူ့စကားကို ကြားပုံမပေါ်ပေ..။ သူမက ရှေ့သို့ ငုံ့ရင်း ပုံပြင်စာအုပ်ကို သူ့ဆီ ထိုးပြကာ..

"ဒီအမှတ်အသားကို ကြည့်စမ်း.."

သူမက စာမျက်နှာတစ်ခု၏ ထိပ်ဘက်ကို လက်ညှိုးညွှန်ပြ၏..။ ထိုအပေါ်တွင် ရေးထားသည်မှာ ပုံပြင် ခေါင်းစဉ်ဟု သူထင်၏..။ သို့ရာတွင် အရုပ်စာများကို သူမဖတ်တတ်ပေ..။

ထိုနေရာတွင် ကြိဂံပုံသဏ္ဍာန်မျက်လုံးပုံ တစ်ပုံ ရှိနေ၏..။

"ဟာမီယွန်.. ငါရှေးဟောင်း အက္ခရာ အရုပ်စာတွေကို မသင်ဖူးဘူး.."

"ငါသိပါတယ်.. ဒါပေမယ့် ဒါအရုပ်အကွာ မဟုတ်ဘူး.. အဘိဓာန် စာအုပ်ထဲက ပုံတွေနဲ့ မတူဘူး.. မျက်လုံးပုံလို့ပဲ ငါထင်တယ်.. ဒါပေမယ့် မဟုတ်ဘူး.. ဒါကို မင်နဲ့

ရေးထည့်ထားတာ.. ဒါ နဂိုစာအုပ်ထဲက ပုံမဟုတ်ဘူး နင် ဒီပုံမျိုး မြင်ဖူးသလား .. စဉ်းစားကြည့်စမ်းပါ.."

"နေစမ်းပါဦး.. ဒါ လူနာ့အဖေ လည်ပင်းမှာ ဆွဲလာတဲ့ တံဆိပ်နဲ့ အတူတူပဲ မဟုတ်လား.."

ဟယ်ရီက အနီးကပ် သေချာကြည့်ရင်း ပြောလိုက်၏..

"ဟုတ်လောက်တယ်.. ငါလည်း ဒီလိုပဲ ထင်တယ်.."

"ဒါဆို ဂရင်ဒီဝေါ်ရဲ့ အမှတ်အသားပဲ.."

ဟာမီယွန်က ပါးစပ်အဟောင်းသားနှင့် သူ့ကို ငေးကြည့်ရင်း..

"ဘာပြောတယ်.."

"ငါ့ကို ခရမ်ပြောပြတာ..."

သူ့ကို ဗစ်တာခရမ်ပြောပြသမျှကို ဟာမီယွန့်ကို ပြန်ပြောပြလိုက်၏..။ ဟာမီယွန်က အံ့အားသင့်နေဟန်ဖြင့်..

"ဂရင်ဒီဝေါ်ရဲ့ အမှတ်အသား ဟုတ်လား.."

သူမက ထူးဆန်းသော ပုံသဏ္ဍာန်ကို ကြည့်ရင်း..

"သူ့မှာ အမှတ်အသား ရှိတယ်လို့ ငါတစ်ခါမှ မကြားဖူးဘူး.. ငါဖတ်ဖူးသမျှ စာအုပ်ထဲမှာလည်း မတွေ့ဘူး.."

"ငါပြောသားပဲ.. ခရမ်ပြောတာတော့ ဂရင်ဒီဝေါ်က သူတို့ကျောင်းနံရံမှာ ဒီအမှတ်အသားကို ရေးပစ်ခဲ့တယ်တဲ့.."

"ဒါ အရမ်းထူးဆန်းတယ်.. မိစ္ဆာမှော်ပညာ အမှတ်အသားတစ်ခုက ကလေးပုံပြင်ထဲ ဘယ်လိုလုပ် ရောက်နေရတာလဲ.."

ဟယ်ရီကပါ

"ဟုတ်တယ်.. ထူးဆန်းတာတော့ အမှန်ပဲ.. စကရင်ဂျီယော်ကပါ ဒီဟာကို သတိထားမိနိုင်တယ်လို့ နင်ထင်သလား.."

"ငါတော့ သိပ်မထင်ဘူး.. ငါ့လိုပဲ မျက်လုံးပုံလို့ပဲ ထင်မှာပဲ... ကျန်တဲ့ ပုံပြင်တွေမှာလည်း ဒီလိုပုံလေးတွေ အများကြီးပါတယ်.."

ဟယ်ရီ သူပြောချင်သည့် စကားကို နောက်တစ်ကြိမ် ပြောရန် ကြိုးစားလိုက်၏..။

"ဟာမီယွန်..."

"ဟင်..."

"ငါတစ်ခုတွေးနေတယ်.. ငါ.. ငါ ဂိုဒရစ်ဟောလို းကို သွားကြည့်ချင်တယ်"

"ဟုတ်တယ်.. ငါလည်း ဒီလိုပဲ တွေးနေတယ်.. ငါတို့ သွားကြည့်သင့်တယ်"

"နင် ငါပြောတာကို သေချာကြားပါတယ်နော်.."

"ကြားပါတယ်ဟယ်.. နင် ဂိုဒရစ်ဟောလို းကို သွားချင်နေတယ် မဟုတ်လား... ငါသဘောတူတယ်.. ငါလည်း တခြားနေရာတွေကို စဉ်းစားလို့ မရဘူး.. နောက်ပြီး ဂိုဒရစ်ဟောလို းဆိုတာ

ဂိုဒရစ်ဂရင်ဖင်ဒေါရဲ့ မွေးဇာတိပဲ.."

"ဘာ.. ဘာပြောတယ်..."

"ဓားက အဲဒီ့မှာ ရှိနိုင်တယ် ဟယ်ရီ.. ဒမ်ဘယ်လ်ဒိုးက နင်အဲဒီ့ကို ပြန်သွားချင်တယ်ဆိုတာ သိမှာပဲ.."

"အဲဒီနေရာမှာ တကယ်ပဲ ဂိုဒရစ်ဂရစ်ဖင်ဒေါကို မွေးခဲ့တာလား.."

"ဟယ်ရီ.. နင် မှော်ပညာသမိုင်းစာအုပ်ကို တစ်ခါမှ ဖွင့်မဖတ်ဖူးဘူးလား.."

"ဝယ်လာတုန်းကတော့ တစ်ခါလား ဖွင့်ဖတ်ဖူးတယ်.. အဲဒီ့တစ်ခါပဲ.."

"ရွာကို သူ့နာမည်ပေးထားတယ်လေဟာ.. နင်ဆက်စပ်ကြည့်ပါလား.."

သူမက လက်ကိုင်အိတ်ကို ဖွင့်ကာ အထဲမှ မော်ပညာသမိုင်းစာအုပ်ကို ဆွဲထုတ်လိုက်ပြီး စာမျက်နှာအချို့ကို လှန်လှော ရှာဖွေလိုက်၏..။ ထို့နောက်..

"ဟောဒီမှာ ... နားထောင်..

၁၆၈၉ခုနှစ်က သဘောတူခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ လုံခြုံရေး အစီအစဉ်အရ စုန်းကဝေများသည် လုံခြုံစွာ ခြေရာဖျောက်နေရန် သဘောတူညီခဲ့ကြသည်။ စုန်းကဝေများ

စုစည်းနေထိုင်သော ကျေးရွာလေးများ ပေါ်ပေါက်လာ၏..။ အချို့ကျေးရွာများကို စုန်းကဝေများ တစ်ဝက် မက်ဂယ်များ တစ်ဝက်ခန့် ရှိ၏..။ ဤကဲ့သို့ ကျေးရွားများကြားဝယ် ဂိုဒရစ်ဓ

ဟာလို းမှာ အထင်ရှားဆုံး ဖြစ်၏..။ အကြောင်းမှာ ဂိုဒရစ်ဂရစ်ဖင်ဒေါ၏ မွေးရပ်ဇာတိဖြစ်ခြင်းနှင့် ဘိုးမန်းရိုက်ဆိုသူက ပထမဦးဆုံး ရွှေဘောလုံးကို စတင်သွန်းလုပ်ခဲ့ရာ နေရာ

ဖြစ်သောကြောင့် ဖြစ်သည်။ သင်္ချိုင်းဝယ် မြောက်များလှစွာသော စုန်းကဝေ မိသားစုတို့၏ အုတ်ဂူများ ရှိနေသဖြင့် ဤနေရာရှိ သင်္ချိုင်းမှာ သရဲခြောက်သည်ဟု နာမည်ကျော်သည်မှာ

မထူးဆန်းပေ.."

ဟာမီယွန်က စာအုပ်ကို ပိတ်လိုက်ပြီး..

"နင်နဲ့ နင့်မိဘတွေအကြောင်းတော့ မပါဘူး.. ဘာလို့လဲဆိုတော့ ဒီစာအုပ်က ဆယ့်ကိုးရာစုအထိပဲ ရေးထားတာ.. ဒါပေမယ့် နင်စဉ်းစားကြည့်လေ.. ဂိုဒရစ်ဟောလို းရယ်

ဂိုဒရစ်ဂရစ်ဖင်ဒေါရယ်.. ဂရစ်ဖင်ဒေါဓားရယ်.. ဆက်စပ်မှု မရှိဘူးလား.."

"ဟုတ်တယ်.. ဖြစ်နိုင်တယ်.."

သို့ရာတွင် ဓားနှင့်ပတ်သက်၍ ဟယ်ရီ တစ်ကြိမ်မျှပင် မစဉ်းစားမိခဲ့ချေ..။ သူ ထိုရွာသို့ သွားချင်သည်မှာ သူ့မိဘများ၏ သင်္ချိုင်းရှိနေသည့်အပြင် သူ့အိမ်ပါရှိနေ၍ပင်..။ ထို့အပြင်

ဘက်သီဒါ ဘက်ရှော့ကိုပါ သူတွေ့ချင်မိသည်။

"မြူရီရယ်လ် ပြောခဲ့တာ နင်မှတ်မိသလား.."

"ဘယ်သူလဲ.."

ဟယ်ရီ ရှန့်နာမည်ကို ထုတ်မပြောလိုပေ..။ ထို့ကြောင့်..

"ဂျင်နီအဒေါ်လေဟာ.. မင်္ဂလာပွဲတုန်းက ငါတို့ တွေ့ခဲ့တယ်လေ.."

"အင်း.. သိပြီ..."

"သူက ဘက်သီဒါ ဘက်ရှော့ အဲဒီ့မှာ အသက်ရှင်လျှက် ရှိတုန်းပဲလို့ ပြောတယ်.."

"ဘက်သီဒါဘက်ရှော့.."

သူမက မှော်ပညာ သမိုင်းစာအုပ်အဖုံးပေါ်မှ နာမည်ကို လက်ချောင်းများနှင့် တို့ထိရင်း..

"ငါထင်တာကတော့.."

ဟာမီယွန့်ထံမှ အလန့်တကြား အာမေဋိတ်သံတစ်ချက် ထွက်လာ၏..။ ဟယ်ရီ ရုတ်တရက် ထိတ်လန့်သွားကာ မှော်တောင်ဝှေးကို ဆွဲထုတ်ရင်း ရှက်ဖျင်တဲဝကို ကြည့်မိ၏။

ဒက်အိတာများ တဲအတွင်း တရကြမ်း ဝင်လာကြပြီဟု ထင်မှတ်လိုက်မိသည်။

"ဘာလဲဟ.."

တံခါးဝတွင် ဘာမှမတွေ့ရမှ စိတ်သက်သာရာ ရသွားကာ သူ ဟာမီယွန့်ကို လှည့်မေးလိုက်၏..။

"ဘာလို့ အလန့်တကြား ထအော်ရတာလဲ.. ငါက ဒက်အိတာတွေများ ဝင်လာပြီလားလို့.."

"ဟယ်ရီ.. ဘက်သီဒါဆီမှာ ဓားရှိချင်ရှိနေမှာ.. ဒမ်ဘယ်လ်ဒိုးက သူ့ကို အပ်ခဲ့တာ မဖြစ်နိုင်ဘူးလား.."

ဟယ်ရီ ဖြစ်နိုင်ချေ ရှိသည်တို့ကို စဉ်းစားကြည့်မိသည်။ ဘက်သီဒါမှ ယခုအချိန်တွင် အလွန်အိုမင်းနေပေပြီ..။ ထို့အပြင် မြူရီရယ်လ်၏ အဆိုအရ သူမမှာ သူငယ်ပြန်နေပြီဟု သိရသည်..။

ဒမ်ဘယ်လ်ဒိုးမှာ ဤကဲ့သို့ လူတစ်ယောက်ထံ၀ယ် ဓားကို အပ်နှံထားခဲ့မည်ဆိုသည်မှာ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားရကျပ်လှသည်။ သို့ရာတွင် ယခုအချိန်မှာ ဟာမီယွန်၏ ထင်မြင်ချက်ကို

ငြင်းခုန်နေရမည့် အချိန် မဟုတ်ပေ..။

"အင်း.. ဖြစ်နိုင်တာပဲ.. ဒါဆို ငါတို့သွားကြမယ် မဟုတ်လား.."

"သွားကြတာပေါ့.. ဒါပေမယ့် ငါတို့ ဂရုစိုက်မှ ဖြစ်မယ် ဟယ်ရီ.. ငါတို့ နှစ်ယောက် ကိုယ်ပျောက်ဝတ်ရုံ ခြုံပြီး ကိုယ်ရောင်ဖျောက်ဖို့ လေ့ကျင့်ရမယ်.. ငါတို့နှစ်ယောက်ပူး

ကိုယ်ပျောက်ဝတ်ရုံခြုံပြီး ကိုယ်ရောင်မဖျောက်ဖူးသေးဘူး.. နောက်ပြီး ငါတို့ ရုပ်ပြောင်းဆေးရည်ကိုလည်း သုံးသင့်တယ်.. ဒီတော့ ငါတို့ ဆံပင်ရှာဖို့ လိုမယ်.. ငါတို့ ရုပ်ဖျက်သွားရင်

ပိုလုံခြုံမယ်လို့ ငါထင်တယ်.."

ဟယ်ရီ သူမပြောသမျှကို ခေါင်းညိတ်သဘောတူလိုက်၏..။ ပထမဆုံးအကြိမ်အဖြစ် သူ စိတ်လှုပ်ရှားနေမိသည်..။

သူ့အိမ်ရှိရာသို့ သူပြန်သွားခွင့်ရတော့မည်..။ ဗိုဒီမော့ကြောင့်သာ သူ ဒုက္ခမရောက်ခဲ့ရပါက ထိုနေရာတွင် သူကြီးပြင်းလာပေလိမ့်မည်..။ ကျောင်းပိတ်ရက်တိုင်း အိမ်ပြန်ကာ

သူငယ်ချင်းများကိုပါ အိမ်သို့ ဖိတ်ခေါ်နိုင်လိမ့်မည်..။

သူ့တွင် ညီအစ်ကိုမောင်နှမများပင် ရှိနေနိုင်၏..။ သူ၏ ဆယ့်နှစ်နှစ်ပြည့် မွေးနေ့ကိတ်ကို လုပ်ပေးသူမှာ သူ့မိခင် ကိုယ်တိုင် ဖြစ်လိမ့်မည်..။ သူ့ဘ၀ထဲမှ ပျောက်ဆုံးသွားခဲ့သော နေရာကို

သူပြန်ကြည့်ခွင့်ရပေတော့မည်..။

ထိုနေ့ညတွင် ဟာမီယွန် အိပ်ပျော်သွားသည်နှင့် ဟယ်ရီ သူ့ကျောပိုးအိတ်ကို သူမ၏ လက်ကိုင်အိတ်ထဲမှ ထုတ်ကာ ဟက်ဂရစ်ပေးထားသော ဓာတ်ပုံများကို ထုတ်ကြည့်နေမိသည်။

သူ့မိဘများမှာ ဓာတ်ပုံထဲမှ ပြုံးပြရင်း လက်ဝှေ့ယမ်း နှုတ်ဆက်နေ၏..။

ဟယ်ရီ့ သဘောအရသာဆိုလျှင် နောက်တစ်နေ့မှာပင် ဂိုဒရစ်ဟောလို းကို ထွက်သွားလိုက်မည် ဖြစ်သည်...။ သို့သော် ဟာမီယွန်ကမူ သူ့လိုမတွေးပေ..။ ဗိုဒီမော့က ထိုနေရာသို့ ဟယ်ရီ

ပြန်လာမည်ကို တွက်ဆထားလိမ့်မည်ဟု သူမက စဉ်းစားသည်။ ထို့ကြောင့် ဖြစ်နိုင်သမျှ အကောင်းဆုံး ရုပ်ဖျက်ပြီးမှ သွားရန် စဉ်းစား၏..။

ထို့ကြောင့် ပြင်ဆင်နေရင်းနှင် အချိန်တစ်ပတ်တိတိ ကြာသွား၏။ ထိုအချိန်အတွင်းဝယ် ခရစ်စမတ်အတွက် ဈေးဝယ်ထွက်လာကြသော မက်ဂယ်များထံမှ ဆံပင်များ အရယူလိုက်နိုင်ပြီး

ကိုယ်ပျောက်ဝတ်ရုံခြုံကာ နှစ်ယောက်တွဲ၍ ကိုယ်ရောင်ဖျောက်နည်းကို အောင်မြင်စွာ လေ့ကျင့်နိုင်ခဲ့သည်။ ထို့ကြောင့် ဟာမီယွန်က ခရီးထွက်ကြရန် သဘောတူလိုက်၏..။

သူတို့ ရွာထဲကို ညအချိန်လောက်မှ အမှောင်ကို အကာအကွယ်ယူကာ ဝင်ရောက်ရန် စဉ်းစားထားသည်။ ထို့ကြောင့် ရုပ်သွင်ပြောင်းဆေးရည်ကို ညနေစောင်းအချိန်လောက်မှ

သောက်လိုက်ကြသည်..။ ဟယ်ရီမှာ ထိပ်ပြောင်ပြောင်နှင့် သက်လတ်ပိုင်းအရွယ် မက်ဂယ်တစ်ယောက် ဖြစ်သွားပြီး ဟာမီယွန်မှာ ထိုသူ၏ ခပ်သေးသေး ဇနီးအသွင် ပြောင်းသွား၏..။

သူတို့ ပစ္စည်းအားလုံးကို ဟာမီယွန်၏ လက်ကိုင်အိတ်ထဲ ထည့်လာခဲ့ကြသည်..။ သို့ရာတွင် ဝိညာဉ်ကိုယ်ပွား လော့ကတ်ကိုမူ ဟယ်ရီ့လည်ပင်းတွင် ဆွဲလာခဲ့၏..။ ထို့နောက်တွင် သူတို့

ကိုယ်ပျောက်ဝတ်ရုံခြုံကာ ကိုယ်ရောင်ဖျောက်၍ ခရီးဆန့်ခဲ့ကြသည်။

သူတို့နှင်းများ ဖုံးလွှမ်းနေသော နေရာတစ်ခုသို့ ရောက်လာခဲ့ကြသည်..။ လမ်းကလေး၏ တစ်ဘက်တစ်ချက်စီဝယ် အိမ်များရှိနေပြီး အိမ်တိုင်းဝယ် ခရစ်စမတ်အတွက်

ပြင်ဆင်ထားကြ၏..။ သူတို့နှင့် သိပ်မဝေးလှသော နေရာဝယ် မီးရောင်များကို တွေ့နေရသည်..။

ဟာမီယွန်က..

"နှင်းတွေချည်းပဲ.. ငါ ဘာလို့ နှင်းတွေကို မတွေးမိရတာလဲ.. ငါတို့ ခြေရာတွေ ထင်ကျန်နေမှာပေါ့.. နင် ရှေ့ကသွား.. ငါခြေရာတွေကို ရှင်းပစ်လိုက်မယ်.."

ဟယ်ရီ ရွာထဲသို့ ခြေရာများကို မှော်ပညာသုံး၍ ဖျောက်ဖျက်ရင်း တွန့်ဆုတ်တွန့်ဆုတ် နှင့် ဝင်မသွားချင်ပေ..။

"ဝတ်ရုံကြီး ချွတ်လိုက်ရအောင်ပါဟာ.. ငါတို့ ရုပ်တွေက နဂိုရုပ်မှ မဟုတ်လာ.. ဒီနားမှာ ဘယ်သူမှလည်း မရှိဘူး.."

ဟယ်ရီ ဝတ်ရုံကို အိတ်ထဲထည့်ထားလိုက်ပြီး ရွာထဲသို့ ဆက်ဝင်ခဲ့ကြ၏..။ ဟယ်ရီ နှင်းထဲတွင် မြုပ်လုမတတ်ဖြစ်နေသည့် အိမ်များကို ကြည့်ရင်း သူ ဤမြင်ကွင်းကို မှတ်မိသလားဟု

စဉ်းစားကြည့်မိသည်..။ သို့ရာတွင် ဤကိစ္စမှာ လုံးဝမဖြစ်နိုင်ပေ..။ သူ ဤနေရာမှ ခွဲခွာလာခဲ့စဉ်က တစ်နှစ်သားသာ ရှိသေးပေသည်..။

မကြာခင် ဆိုင်ခန်းများ စာတိုက် ရုံးနှင့် အရက်ဆိုင်တစ်ဆိုင်အပြင် ဘုရားရှိခိုးကျောင်း တစ်ကျောင်းကိုပါ တွေ့ရ၏..။ နှင်းများမှာ အလွန်ထူထပ်စွာ ကျဆင်းနေ၏..။

လမ်းလျှောက်ရသည်မှာ နှင်းများနှင့် ချော်နေ၏။ ရွာသားများမှာ သူတို့အနားဝယ် ရှုပ်ယှက်ခတ်သွားလာနေကြ၏..။ အရက်ဆိုင်ထဲမှ သီချင်းသံနှင့် ရယ်မောသံများကို ကြားနေရသည်..။

ဟာမီယွန်က ဘုရားရှိခိုးကျောင်းကို ကြည့်ရင်း..

"နင့်အဖေနဲ့ အမေရဲ့ အုတ်ဂူတွေက ဒီနောက်မှာပဲ ဖြစ်ရမယ်.. ငါ သင်္ချိုင်းကို လှမ်းမြင်နေရတယ်.."

ဟယ်ရီ့စိတ်ထဲတွင် အလွန်အမင်း လှုပ်ရှားနေမိ၏..။ သူ ထိုမြင်ကွင်းကို မြင်ချင်သလား သေချာမသိပေ..။ ဟာမီယွန်ကလည်း သူ့ခံစားချက်ကို ရိပ်မိပုံရ၏..။ ထို့ကြောင့် သူမက

သူ့လက်ကိုဆွဲကာ ပထမဆုံးအကြိမ်အဖြစ် ဦးဆောင် ခေါ်သွား၏..။ သို့ရာတွင် သူမက တစ်နေရာတွင် ရပ်တန့်သွားပြီး..

"ဟယ်ရီ.. ကြည့်စမ်း"

သူမက စစ်ပွဲအမှတ်တရ ကျောက်စာတိုင်ကို ညွှန်ပြလိုက်၏..။ သူတို့ အနီးသို့ ရောက်သည်နှင့် ကျောက်စာတိုင်မှာ ပုံစံပြောင်းသွား၏..။ လူသုံးယောက်၏ ရုပ်တုသဏ္ဌာန် ဖြစ်သွား၏..။

ယောကျ်ားဖြစ်သူမှာ မသေမသပ် ဆံပင်များရှိပြီး မျက်မှန်တပ်ထားကာ မိန်းမဖြစ်သူမှာ ချောမောလှပ၍ ကလေးတစ်ယောက်ကို ချီထား၏..။ ရုပ်တုအပေါ်ဝယ် နှင်းများ ဖုံးလွှမ်းနေ၏..။

ဟယ်ရီ အနီးသို့ တိုးကပ်ရင်း အမေနှင့် အဖေ၏ မျက်နှာများကို ငေးကြည့်နေမိသည်။ ဤနေရာဝယ် ရုပ်တုရှိလိမ့်မည်ဟု ဟယ်ရီ တစ်ခါမှ မတွေးခဲ့မိပေ။ သူ့ကိုယ်သူ ရုပ်တုအဖြစ်

ပြန်မြင်ရသည်မှာ ထူးဆန်းနေ၏..။ ရုပ်တုရှိ ကလေးငယ်မှာ နဖူးပေါ်ဝယ် အမာရွတ်မရှိသေးပဲ ပျော်ရွှင်နေပုံရသည်..။ ဟယ်ရီ စိတ်ကျေနပ်အောင် ကြည့်ပြီးသည်နှင့် သူတို့

ဘုရားကျောင်းရှိရာသို့ ဆက်လာခဲ့သည်..။

သူတို့ တစ်ဘက်လမ်းသို့ အရောက်ဝယ် ဟယ်ရီ နောက်ပြန်လှည့်ကြည့်လိုက်၏..။ ရုပ်တုမှာ အမှတ်တရကျောက်စာတိုင် ပြန်ဖြစ်သွားပေပြီ..။

သူတို့ဘုရားရှိခိုးကျောင်းနား နီးကပ်လာသည်နှင့် ဓမ္မတေးသံများကို ကြားလိုက်ရသည်..။

ထိုအသံမှာ ဟယ်ရီ့အတွက် ဟော့ဝဂ်ကို သတိရစေ၏..။ ဟော့ဝဂ်တွင် သူတို့ ခရစ်စမတ် သီချင်းဆိုခဲ့ကြသည်ကို အမှတ်ရစေ၏..။ သင်္ချိုင်းသို့သွားရာ လမ်းဝယ် တံခါးတစ်ချပ်က

ပိတ်ဆို့ထား၏..။ ဟာမီယွန်က တံခါးကို ခပ်သွက်သွက် တွန်းဖွင့်ရင်း သူတို့ သင်္ချိုင်းထဲသို့ ဝင်ခဲ့ကြသည်။

ဤလမ်းဝယ် နှင်းများမှာ ပို၍ ထူထပ်နေ၏..။ သူတို့ ဘုရားရှိခိုးကျောင်းကို ပတ်ကာ နောက်ဘက်သို့ အရောက်သွားခဲ့သည်..။ ဘုရားကျောင်းနောက်ဝယ် နှင်းများဖုံးနေသော

အုတ်ဂူများရှိနေပြီး ဘုရားကျောင်း၏ ရောင်စုံမှန်များကို ဖြတ်လာသော အလင်းရောင်အောက်ဝယ် အပြာရောင် အနီရောင် အစိမ်းရောင် ရွှေရောင် အရောင်မျိုးစုံ တောက်ပနေ၏..။

သူ၏ အင်္ကျီအိတ်ထဲမှ မှော်တောင်ဝှေးကို တင်းတင်းဆုပ်ကိုင်ရင်း ဟယ်ရီ အနီးဆုံး အုတ်ဂူတစ်ခုဆီသို့ လျှောက်လာခဲ့သည်..။

"ဒီမှာကြည့်စမ်း.. အက်ဘော့တဲ့.. ဟာနာရဲ့ အမျိုးတစ်ယောက်ယောက် ဖြစ်နိုင်တယ်.."

"နင့်အသံ တိုးတိုး ပြောစမ်းပါ.."

သူတို့ သင်္ချိုင်းအထဲသို့ လျှောက်လာခဲ့သည်..။ တဖြည်းဖြည်းနှင့် ပို၍ ပို၍ အမှောင်ထုက ကြီးစိုးလာ၏။

"ဟယ်ရီ.. ဒီမှာ ကြည့်စမ်း.."

ဟာမီယွန်မှာ သူနှင့် အုတ်ဂူနှစ်ခု ခြားနေ၏..။ သူ ချက်ချင်းပင် ဟာမီယွန့်အနီးသို့ အပြေးသွားရင်း...

"တွေ့.. တွေ့ပြီလား..."

"မတွေ့သေးပါဘူး.. ဒါပေမယ့် ဒါကို ကြည့်စမ်းပါ.."

သူမက အုတ်ဂူတစ်ခုကို လက်ညှိုးထိုးပြ၏။ ဟယ်ရီ အုတ်ဂူပေါ်ရှိ စာတမ်းကို ဖတ်ကြည့်လိုက်သည်..။ 'ကန်ဒရာ ဒမ်ဘယ်လ်ဒိုး'ဟူသော နာမည်နှင့် သူမ၏သမီး အာရီယာနာ ဟူသော

စာတမ်းကို တွေ့လိုက်ရသည်..။

ရီတာစကီတာနှင့် မြူရီရယ်လ်တို့၏ အချို့အချက်အလက်များမှာ မှန်ပေသည်..။ ဒမ်ဘယ်လ်ဒိုး မိသားစုမှာ ဤနေရာ၀ယ် နေထိုင်ခဲ့ပြီး အချို့မှာ ဤနေရာ၀ယ် သေဆုံးခဲ့ကြ၏..။

အုတ်ဂူကို ကိုယ်တိုင်မြင်ရသည်မှာ ကြားရသည်ထက်ပင် စိတ်ကို ပို၍ ဒုက္ခရောက်စေသည်..။ သူနှင့် ဒမ်ဘယ်လ်ဒိုးတို့တွင် ဤသင်္ချိုင်းနှင့် ပတ်သက်စရာများ ရှိနေသော်လည်း

ဒမ်ဘယ်လ်ဒိုးမှာ တစ်ခါမှ သူ့ကို ပြောမပြခဲ့ပေ..။ သူတို့နှစ်ယောက် အတူတူ ဤနေရာသို့ လာသင့်သည်ဟု ဟယ်ရီ ထင်သည်။

သို့ရာတွင် ဒမ်ဘယ်လ်ဒိုးအဖို့ သင်္ချိုင်းထဲရှိ မိသားစု မြေပုံမှာ ဟယ်ရီ့ကို ခိုင်းရမည့် အလုပ်ထက် ပိုအရေးပါသည်ဟု ထင်ပုံမရပေ..။

ဟာမီယွန်က ဟယ်ရီ့ကို ကြည့်နေ၏..။ သူ့မျက်နှာ အမှောင်ရိပ်ထဲ ရောက်နေသည်ကိုပင် ဟယ်ရီ ကျေးဇူးတင်မိသည်..။

"သူ တစ်ခါမှ မပြောဖူးတာ သေချာလား.."

"သေချာတာပေါ့.. ဆက်ရှာကြစို့.."

ဟယ်ရီ နာနာကြည်းကြည်းပြောရင်း ထိုနေရာမှ လှည့်ထွက်လာခဲ့၏။ သူတို့ အုတ်ဂူကို မမြင်ခဲ့လျှင် ကောင်းမည်ဟု တွေးနေမိသည်..။

"ဒီမှာ.."

ဟာမီယွန်၏ အော်သံ ထပ်ထွက်လာ၏..။ သို့သော်..

"ဟာ.. မဟုတ်ဘူးဟ.. ငါ.. ပေါ်တာလို့ ရေးထားတယ် ထင်နေတာ.."

သူမက ညစ်ပတ်ကာ ရေညှိတက်နေသော ကျောက်ပြားကို ပွတ်သပ်ရင်း သေချာကြည့်နေ၏..။

"ဟယ်ရီ.. ဒီကို ပြန်လာခဲ့စမ်းပါ.."

ဟယ်ရီ နောက်ပြန်မလှည့်ချင်သော်လည်း ပြန်လှည့်လာရပြန်သည်..။

"ဘာလဲ..."

"ဒီမှာကြည့်စမ်း.."

သင်္ချိုင်းကျောက်စာမှာ လွန်စွာအိုမင်းနေပြီဖြစ်၍ နာမည်ကို ဖတ်၍ မရနိုင်လောက်အောင်ပင်..။
ဟာမီယွန်က နာမည်အောက်ဘက်ရှိ အမှတ်အသား တစ်ခုကိုပြရင်း..

"ဟယ်ရီ.. ဒါ စာအုပ်ထဲမှာပါတဲ့ အမှတ်အသား မဟုတ်လား..."

ကျောက်ပြားမှာ လွန်စွာ သက်တမ်းရင့်နေပြီမို့ ဘာပုံစံမျိုး ထွင်းထားသည်ကို ကြည့်၍ ခက်လှသည်။
သို့ရာတွင် တြိဂံသဏ္ဍာန်တစ်ခုကိုမူ ကြည့်၍ မြင်နိုင်၏..။

"အေး .. ဖြစ်နိုင်တယ်.."

"အစ်ဂ်နိုးတပ်စ် လို့ ရေးထားတယ်ဟ...."

"ငါ့မိဘတွေ အုတ်ဂူကို သွားရှာလိုက်ဦးမယ်.."

ဟယ်ရီ ဟာမီယွန့်ကို အုတ်ဂူနားတွင် ထားခဲ့ကာ တခြားဘက်ဆီသို့ ဆက်လျှောက်လာခဲ့သည်။

အချို့နေရာများတွင် မျိုးရိုးစဉ်ဆက်စုကာ မြှုပ်နှံထားကြ၏။ တဖြည်းဖြည်းနှင့် သူ
သင်္ချိုင်းနောက်ဘက်သို့ ရောက်လာသည်။ အမှောင်ထုနှင့် တိတ်ဆိတ်မှုက ပို၍ ကြီးစိုးလာ၏..။ ဟယ်ရီ

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ဝိညာဉ်နှုတ်သတ္တဝါများ ရောက်လာမည်ကို စိုးရိမ်လာမိသည်..။
ထိုအချိန်မှာပင် ဘုရားကျောင်း အတွင်းမှလူများ ထွက်သွားသံ ကြားလိုက်ရပြီး မီးများ

မှိတ်သွား၏..။

ထိုအခိုက် ဟာမီယွန့်အသံက အမှောင်ထုကို ဖောက်ထွင်းကာ တတိယအကြိမ်မြောက် ပေါ်ထွက်လာ၏..။

"ဟယ်ရီ.. ဒီမှာ ... ဒီမှာ ငါတွေ့ပြီ.."

ဒီတစ်ခါတော့ သူ့အဖေနှင့်အမေ အုတ်ဂူကို တွေ့ပြီဟု သူမ၏ အသံကို ကြားရုံနှင့် ဟယ်ရီ သေချာသိလိုက်သည်..။ ဟယ်ရီ သူမအသံလာရာဆီသို့ အပြေးလာခဲ့သည်..။ သူ့စိတ်ထဲတွင်

ဒမ်ဘယ်လ်ဒိုးသေစဉ်ကလို စိတ်ဆင်းရဲမှုမျိုးကို ခံစားနေရ၏..။

အုတ်ဂူမှာ ကန်ဒရာ၏ဂူနှင့် နှစ်ခုကျော်မျှသာဝေးကာ အဖြူရောင် ကျောက်သားဖြင့် တည်ဆောက်ထား၏..။ အဖြူရောင် ကျောက်သားမှာ အမှောင်ထဲတွင် တောက်ပနေသဖြင့်

ဖတ်ရလွယ်ကူစေ၏..။ ခပ်ဝေးဝေးမှပင် ရေးထားသော စာသားကို မြင်နိုင်၏..။

ဂျိမ်းစ်ပေါ်တာ လီလီပေါ်တာ
၂၇.၃.၁၉၆၀ ၃၀.၁.၁၉၆၀
၃၁.၁၀.၁၉၈၁ ၃၁.၁၀.၁၉၈၁

'အနိုင်ယူရမည့် နောက်ဆုံးရန်သူမှာ သေမင်းပင် ဖြစ်သည်...'

ဟယ်ရီ ထိုစာကိုဖတ်ကြည့်လိုက်သော်လည်း သူ့ခေါင်းထဲတွင် အဓိပ္ပါယ်ကို ရှင်းလင်းစွာ မသိပဲဖြစ်နေ၏..။ ထိုစာတမ်းကိုဖတ်ရင်း သူ့ခေါင်းထဲဝယ် ရှုပ်ထွေးလာ၏..။

"ဒါ ဒက်အိတာတွေရဲ့ အတွေးမျိုးပဲ.. ဒီမှာ ဘာလို့ ရေးထားတာလဲ.."

"သေမင်းကို ဒက်အိတာတွေလို အနိုင်ယူရမယ်လို့ ပြောတာမဟုတ်ဘူး ဟယ်ရီ.. သေမင်းကို လက်ခံနိုင်ရမယ်လို့ ဆိုလိုတာ .. ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခိုင်းတာ..."

ဟယ်ရီ မျက်ရည်များ စီးကျလာသည်ကို သတိထားလိုက်မိသည်..။ ပူနွေးသော မျက်ရည်များမှာ ပါးပြင်ပေါ်တွင် အေးခံသွားကြ၏..။ သူ မျက်ရည်များကို သုတ်မပစ်မိချေ..။

ဟန်ဆောင်နေရမည့် အချိန် မဟုတ်..။ ထိုခဏမှာပင် သူကိုယ်တိုင်ပါ ဤနေရာတွင် လှဲလျောင်းနေချင်စိတ် ဖြစ်ပေါ်လာမိသည်..။

ဟာမီယွန်မှာ သူ့လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ဖျစ်ညှစ်ရင်း အားပေးလိုက်သည်။ သူ
လှည့်မကြည့်သော်လည်း ပြန်၍ တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။ အေးမြလှသော ညလေကို

ရှူရှိုက်ရင်း သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ရန် ကြိုးစားလိုက်သည်။ သူတို့အတွက် သူ တစ်ခုခု ယူလာခဲ့ဖို့
သင့်သော်လည်း သူ မတွေးမိခဲ့ပေ..။ သင်္ချိုင်းထဲရှိ ရှိသမျှ သစ်ပင်များမှာလည်း

အရွက်ပင် မရှိတော့ပဲ နှင်းများ ဖုံးအုပ်လျှက်ရှိသည်..။

သို့ရာတွင် ဟာမီယွန်က မှော်တောင်ဝှေးကို လေထဲတွင် ဝှေ့ယမ်းလိုက်ရာ ခရစ်စမတ်နှင်းဆီပွင့်များ
သူတို့ရှေ့တွင် ပေါ်လာ၏..။ ဟယ်ရီ လှမ်းယူလိုက်ရင်း အုတ်ဂူပေါ်သို့

တင်ထားလိုက်သည်..။

သူ မတ်တပ်ပြန်ရပ်လိုက်သည်နှင့် ဤနေရာမှ ထွက်ခွာချင်လာသည်..။ ဤနေရာတွင် ဆက်နေရန် သူ
မစွမ်းနိုင်တော့ပေ..။ သူ ဟာမီယွန့်ပခုံးကို ဖက်လိုက်၏..။ ဟာမီယွန်က သူ့ခါးကို

ပြန်ဖက်ရင်း သူတို့နှစ်ယောက်လုံး သင်္ချိုင်းထဲမှ တိတ်တိတ်ဆိတ်ဆိတ်ပင် ပြန်ထွက်လာခဲ့ကြသည်..။

**၁၇။ ဘက်သီဒါ၏ လျှို့ဝှက်ချက်**

"ဟယ်ရီ.. ခဏရပ်ဦး.."

"ဘာဖြစ်လို့လဲ.."

သူတို့ အုတ်ဂူတစ်ခုနားအရောက်မှာပင် ဟာမီယွန့်အသံကို ကြားလိုက်ရသည်...။

"တစ်ယောက်ယောက် ငါတို့ကို ကြည့်နေတယ်.. ဟောဟိုက ချုံပုတ်ထဲမှာ.. ငါ
သေချာတွေ့လိုက်ရတယ်.."

သူတို့ နေရာမှာပင်ရပ်ကာ အမှောင်ထုထဲကို စူးစိုက်ကြည့်လိုက်ကြသည်..။ သို့ရာတွင် ဟယ်ရီ ဘာကိုမှ
မတွေ့ပေ..။

"နင် သေချာတွေ့တာလား.."

"တစ်ခုခု ရွေ့သွားတာ ငါမြင်လိုက်တယ်.. ငါကျိန်ပြောရဲတယ်.."

သူမက မော်တောင်ဝှေးကို ဆွဲထုတ်နိုင်ရန် ဟယ်ရီ့နံဘေးမှ ခွာလိုက်၏..။

"ငါတို့က မက်ဂယ်တွေ ပုံစံမျိုးပဲ.."

"မက်ဂယ်တွေက စုန်းကဝေတွေရဲ့ အုတ်ဂူပေါ်လာပြီး ပန်းစည်းတင်သွားမှာလား.. ဟယ်ရီ..ငါ သေချာတွေ့လိုက်တယ်.."

ဟယ်ရီ မော်ပညာသမိုင်း စာအုပ်ထဲမှ စာသားများကို ပြန်စဉ်းစားကြည့်လိုက်သည်..။ ဤသချိုင်းမှာ သရဲခြောက်သည်ဟု အဆိုရှိ၏..။ သရဲသာ တကယ်ခြောက်ခဲ့လျှင်..။

ဟယ်ရီ့အတွေးမဆုံးခင်မှာပင် ချုံပုတ်ထဲက နှင်းများ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်..။ သရဲသာဆိုပါက နှင်းများကို ပုံပျက်စေမည် မဟုတ်...။

ဟယ်ရီ ခေတ္တကြည့်လိုက်ပြီးမှ..

"ကြောင်ပဲဖြစ်လိမ့်မယ်.. ဒါမှမဟုတ်ရင် ငှက်တစ်ကောင်ကောင်ပဲ.. ဒက်အိတာတွေသာဆို ငါတို့ သေပြီပေါ့.. ဒါပေမယ့် ဒီထဲကထွက်ပြီး ဝတ်ရုံပြန်ခြုံထားရအောင်.."

ထို့နောက် သူတို့ ထွက်ပေါက်ဝဆီသို့ ရောက်လာခဲ့ကြသည်..။ သူတို့ နှစ်ယောက်စလုံး ကိုယ်ပျောက်ဝတ်ရုံ ပြန်ခြုံထားလိုက်ကြသည်..။ အရက်ဆိုင်ထဲဝယ် လူများ ပို၍များပြားလာကာ

အသံများ ဆူညံနေသည်..။ ဟာမီယွန်က သူ့လက်ကိုဆွဲကာ...

"လာ ... ဒီဘက်ကို သွားကြည့်ရအောင်.."

သူတို့ဝင်လာခဲ့သောလမ်းနှင့် ဆန့်ကျင်ဘက်သို့ ထွက်လာခဲ့ကြသည်..။ သူတို့ မှောင်မည်းနေသော လမ်းများအတိုင်း ခပ်သွက်သွက် ဖြတ်လျှောက်လာခဲ့သည်..။ ဟာမီယွန်က..

"ငါတို့ ဘက်သီဒါရဲ့ အိမ်ကို ဘယ်လိုရှာကြမလဲ.."

ဟာမီယွန်က နောက်ဘက်သို့ လှည့်ကြည့်လှည့်ကြည့် လုပ်ရင်း..

"ဟယ်ရီ.. နင်ဘယ်လိုထင်လဲ.."

သူ့လက်မောင်းကို ဆွဲခါရင်းမေးသော်လည်း ဟယ်ရီ ပြန်မဖြေဖြစ်..။ အိမ်များအဆုံးတွင်ရှိသော အရိပ်မည်းတစ်ခုကိုသာ သူ အာရုံစိုက်နေမိ၏..။ ထို့နောက် သူ ဟာမီယွန့်ကိုဆွဲကာ

ထိုနေရာသို့ ကမန်းကတန်း လျှောက်သွားလိုက်သည်..။ ဟာမီယွန်မှာ သူ့နောက်မှ ချော်မလဲအောင် မနည်း ကြိုးစားလိုက်လာရ၏..။

"ဟယ်ရီ..."

"ကြည့်.. ကြည့်စမ်းပါ.. ဟာမီယွန်.."

"ငါ ဘာမှမတွေ့ .. အိုး.."

အကာအကွယ်များမှာ ဂျိမ်းစ်နှင့် လီလီတို့နှင့်အတူတူ ပျက်စီးသွားကြပုံရသည်..။ သူ့အိမ်ကို သူ မြင်နေရသည်။ ခြံဝင်းတစ်ခုလုံးမှာ ပျက်စီးနေပြီဖြစ်သည်..။ မြက်ပင်များမှာ

ခါးလည်ခန့်ထိ ရှည်လျားစွာ ပေါက်ရောက်နေ၏..။

အိမ်နံရံအတော်များများမှာ မလဲပြိုသေးသော်လည်း နွယ်ပင်များနှင့် ပြည့်နေကာ နှင်းများ ဖုံးလွှမ်းနေ၏..။ အိမ်၏ညာဘက် အပေါ်ထပ်မှာမူ ပြိုကျပျက်စီးနေ၏..။ ထိုနေရာတွင်

ကျိန်စာမှာ ဗိုဒီမော့အား တန်ပြန်ထိခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ဟယ်ရီတွေးမိ၏..။ အိမ်အပေါ်ထပ် တစ်ခြမ်းလုံး ပွင့်ထွက်သွားအောင် စွမ်းနိုင်သော ကျိန်စာမှာ ဤကျိန်စာသာ

ဖြစ်ရပေလိမ့်မည်..။

ဟယ်ရီနှင့် ဟာမီယွန်တို့ တံခါးဝမှာရပ်ရင်း ကြည့်နေမိကြသည်..။ ဟာမီယွန်က..

"ဘာကိစ္စ ဒီအိမ်ကို ပြန်မပြင်ကြတာလဲ.."

"ပြန်ပြင်လို့ မရနိုင်လို့လားမှ မသိတာ.. မိစ္ဆာမှော်ပညာကြောင့် ရတဲ့ ဒဏ်ရာတွေ အမာရွတ်ကျန်ခဲ့သလိုပဲ ထင်တယ်.."

ဟယ်ရီ လက်တစ်ဖက်ကို ကိုယ်ပျောက်ဝတ်ရုံအောက်မှ ထုတ်ကာ ခြံတံခါးကို ဆုပ်ကိုင်ထားလိုက်သည်..။ သူ တံခါးဖွင့်၍ ဝင်သွားရန် စိတ်မကူးမိပေ..။ အိမ်၏

အစိတ်အပိုင်းတစ်ခုအနေနှင့် ကိုင်ကြည့်ချင်စိတ် ရှိ၍သာ ဖြစ်သည်..။

"နင် အထဲကို ဝင်မကြည့်ပါဘူးနော်.. ကြည့်ရတာ အန္တရာယ်ကင်းပုံမရဘူး.. အိုး.. ဟယ်ရီ ... ကြည့်ပါဦး.."

သူ့လက်နှင့် တံခါးကို ကိုင်လိုက်ခြင်းကြောင့် သူတို့ရှေ့မြေပြင်ပေါ်ဝယ် သစ်သားဆိုင်းဘုတ်တစ်ခုမှာ မြက်ပင်များကြားမှ ဘွားကနဲ ထွက်ပေါ်လာ၏..။ သစ်သားပြားပေါ်ဝယ်

ရွှေရောင်စာလုံးများဖြင့် ရေးထားသည်မှာ..

ဤနေရာဝယ် ၃၁ရက် အောက်တိုဘာ ၁၉၈၁ ခုနှစ် ညအချိန်ဝယ် လီလီနှင့် ဂျိမ်းစ်ပေါ်တာတို့ အသက်ဆုံးရှုံးခဲ့သည်..။ သူတို့၏ သားဖြစ်သူ ဟယ်ရီမှာ စုန်းကဝေလောက၏

သေမင်းတမာန် ကျိန်စာမှ ပထမဆုံး အသက်ရှင်လျက် လွတ်မြောက်လာခဲ့သူအဖြစ် ကျန်ရစ်ခဲ့သည်..။ ဤအိမ်မှာ မက်ဂယ်များ လုံးဝ မမြင်နိုင်ပဲ ပေါ်တာမိသားစု အမှတ်တရအဖြစ်

ပျက်စီးနေသော အခြေအနေအတိုင်းပင် မပြုမပြင် ထားရစ်ပေသည်...။

ထိုစာအပြင် အခြားသော ဤနေရာကို လာကြည့်သူများပါ ရေးထားခဲ့သည့် စာများကိုပါ တွေ့ရ၏..။ အချို့မှာ လက်မှတ်များကို ထာဝရမင်များသုံးကာ ရေးထိုးထားခဲ့ကြသည်..။ အချို့မှာ

သစ်သားပြားပေါ်ဝယ် နာမည်များ ထွင်းပစ်ခဲ့ကြသည်..။ အချို့မှာ စာများ ရေးထားခဲ့ကြသည်။ စာအားလုံးမှာ ဆယ့်ခြောက်နှစ်တာ ကာလကို ဖြတ်ကျော်လာခဲ့သော်လည်း အရောင်များ

တောက်ပနေကြကာ တူညီသော အဓိပ္ပါယ်ကိုသာ ညွှန်းဆိုနေကြသည်..။

"မင်း ဘယ်မှာပဲ ရှိနေနေ ကံကောင်းပါစေလို့ ဆုတောင်းပါတယ် ဟယ်ရီ.. မင်း ဒီစာကို ဖတ်ရတဲ့အချိန်မှာ ငါတို့အားလုံး မင်းနောက်မှာ အမြဲရှိတယ်ဆိုတာ သတိရပါ.. ဟယ်ရီပေါ်တာ

အသက်ရှည်ရှည်နဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ပါစေ.."

ဟာမီယွန်က..

"သူတို့ ဆိုင်းဘုတ်ပေါ်မှာ ဒီလို လျှောက်မရေးသင့်ဘူး.."

သို့ရာတွင် ဟယ်ရီက သူမကို ပြုံးပြလိုက်ရင်း..

"ဒါ တကယ့် အကြံကောင်းပဲ.. ငါ သူတို့ကို ကျေးဇူးတင်သင့်တယ်.. ငါ.."

သူ့စကားသံ ရပ်တန့်သွား၏..။ သူတို့ဆီသို့ အရိပ်သဏ္ဍာန်တစ်ခု အဝေးဆီမှ တရွေ့ရွေ့လာနေ၏..။ ထိုအရိပ်မှာ မိန်းမတစ်ယောက်ဟု ဟယ်ရီထင်မိသည်..။ သူမမှာ ခပ်ဖြည်းဖြည်း

လျှောက်လာနေ၏..။ နှင်းများနှင့် ချော်နေ၍လည်း ဖြစ်နိုင်သည်..။

သူမ လမ်းလျှောက်လာပုံကို ကြည့်ရုံဖြင့် အလွန်အိုမင်းနေပြီမှန်း သိသာသည်..။ သူမ တဖြည်းဖြည်း နီးကပ်လာသည်ကို သူတို့ စောင့်ကြည့်နေမိသည်..။ သူမ အိမ်တစ်အိမ်အိမ်ထဲများ

ဝင်သွားလေမလားဟု ဟယ်ရီ ထင်မိသေးသော်လည်း သူတို့ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာကာ သူတို့နှင့် ကိုက်အနည်းငယ်သာ ဝေးကွာသော လမ်းမပေါ်၌ သူတို့ဘက်သို့

မျက်နှာမူ၍ ရပ်တန့်လိုက်၏။

ဟာမီယွန်က သူ့လက်မောင်းကို ဆိတ်ကာ သတိပေးနေ၏..။ သို့ရာတွင် ဤအဖွားကြီးမှာ မက်ဂယ်မဖြစ်နိုင်ကြောင်း ဟယ်ရီ သတိထားမိပြီးသားပင်..။

သူမမှာ ထိုနေရာဝယ်ရပ်ရင်း အိမ်ကို ငေးကြည့်နေ၏..။ မက်ဂယ်သာဆိုပါက ဤအိမ်ကို မြင်နိုင်မည်မဟုတ်ပေ..။ သို့ရာတွင် စုန်းကဝေတစ်ယောက် အနေနှင့်လည်း ဤမျှအေးခဲနေသော

ညအချိန်တွင် အပြင်ထွက်၍ ဤအိမ်ကို လာကြည့်သည်မှာ ထူးဆန်းနေပေသည်..။

သို့သော် သူနှင့် ဟာမီယွန့်ကိုမူ သူမ မြင်နိုင်လိမ့်မည်မဟုတ်ပေ...။ သို့ရာတွင် သူတို့ရှိနေသည်ကို သူမ သိနေသည်ဟု ဟယ်ရီ ထူးထူးဆန်းဆန်း ခံစားနေရ၏..။

ထိုအချိန်မှာပင် အဖွားကြီးက လက်ကိုမြှောက်ကာ သူတို့ကို လက်ယပ်ခေါ်လိုက်သည်.. ဟာမီယွန်က သူ့အနီးသို့ တိုးကပ်လာရင်း..

"သူ ဘယ်လိုလုပ် သိတာလဲ.."

သူ ခေါင်းခါယမ်းပြလိုက်သည်..။ အဖွားကြီးမှာ သူတို့ကို ထပ်ခေါ်နေပြန်၏..။ ဟယ်ရီ မည်သည့်အကြောင်းပြချက်မှ မရှိပဲနှင့် သူမကို သိနေသလို ခံစားလိုက်ရသည်..။ သူမမှာ သူတို့ကို

စောင့်မျှော်နေသည်လား..။ ဒမ်ဘယ်လ်ဒိုးက သူမကို စောင့်နေဖို့ ခိုင်းထားခဲ့သည်လား..။ သင်္ချိုင်းထဲတွင် သူတို့ကို ချောင်းကြည့်ခဲ့သည်မှာ ဤအဖွားကြီးပဲ ဖြစ်သလား..။နောက်ဆုံးတွင်

ဟယ်ရီ စကားပြောလိုက်သည်..။ ဟာမီယွန်မှာမူ အလန့်တကြား ထခုန်လိုက်သည်..။

"အဖွားက ဘက်သီဒါလား..."

အဖွားအိုက ခေါင်းညိတ်ရင်း သူတို့ကို လက်ယပ်ခေါ်ပြန်၏..။ ကိုယ်ပျောက်ဝတ်ရုံအောက်ဝယ် သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်..။ ဟယ်ရီက

မျက်ခုံးပင့်ပြလိုက်ရာ ဟာမီယွန်က စိတ်လှုပ်ရှားစွာ ခေါင်းညိတ်ပြ၏..။ သူတို့ စ၍ ခြေလှမ်းသည်နှင့် သူမက နောက်ပြန်လှည့်ကာ ဦးဆောင်သွားတော့သည်..။

အိမ်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့ပြီးနောက် တံခါးဝတစ်ခုဝယ် သူမက ရပ်တန့်လိုက်၏..။ ထို့နောက် ခြံဝင်းကို ဖြတ်ကျော်ကာ သူတို့ ဆက်လိုက်လာခဲ့ကြ၏..။ ခြံဝင်းထဲမှာ မြက်ပင်များ

ရှည်လျားစွာ ပေါက်ရောက်နေကြ၏..။ သူမမှာ အိမ်ရှေ့တံခါးကို သော့နှင့် အတန်ကြာအောင် ဖွင့်ပြီးမှ တံခါးပွင့်သွားကာ သူတို့ကို အရင်ပေးဝင်လိုက်၏..။

သူမဆီမှ ဆိုးဝါးသော အနံ့များ ထွက်နေ၏။ သို့မဟုတ်လျှင်လည်း အိမ်ထဲမှ အနံ့အသက် မကောင်းသောကြောင့် ဖြစ်ရမည်..။

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲဖယ်လိုက်ရင်း နှာခေါင်းရှုံ့ကာ စဉ်းစားမိ၏..။ ဟယ်ရီ သူ့ဘေးမှ အဖွားအိုကို ကြည့်မိ၏..။ သူမမှာ သေးသေးကွေးကွေး နိုင်လှပြီး အသက်အရွယ်ကြောင့်

ခါးပါ ကိုင်းနေပြီဖြစ်ရာ ဟယ်ရီ့ ရင်ဘတ်ခန့်သာ အရပ်မြင့်တော့သည်..။ သူမက တံခါးပိတ်လိုက်ပြီးနောက် ဟယ်ရီ့ကို ငေးကြည့်နေလိုက်သည်..။

သူမ၏ မျက်မှန်မှာ အလွန်ထူကာ မျက်နှာတစ်ခုလုံး အရိုးပေါ် အရေတင်လျက်ရှိပြီး မှဲ့ခြောက်များက ပြည့်နှက်နေ၏..။ သူ့ကို ဘယ်လိုသိနိုင်သလဲ ဟယ်ရီ စဉ်းစားမရနိုင်ပေ..။ သူ့ပုံစံမှာ

ထိပ်ပြောင်ပြောင်နှင့် မက်ဂယ်တစ်ယောက်နှင့်သာ တူပေလိမ့်မည်..။

"ဘက်သီဒါ.."

ဟယ်ရီက ထပ်ခေါ်လိုက်သည်..။ သူမက ခေါင်းညိတ်လိုက်ပြန်၏..။

သူဆွဲလာခဲ့သော ဝိညာဉ်ကိုယ်ပွားလော့ကတ်ထဲမှ တစ်စုံတစ်ရာ နိုးထလာကာ နှလုံးခုန်သကဲ့သို့
လှုပ်ရှားလာသည်ကို ဟယ်ရီ ခံစားလိုက်ရသည်..။ သူ ဖျက်ဆီးခံရခါနီးပြီဟုများ

သိနေလေသလားဟု ဟယ်ရီ တွေးမိသည်..။ ဘက်သီဒါမှာ ဟာမီယွန့်ကို မမြင်သည့်ပုံစံနှင့်
ဝင်တိုက်ကာ အခန်းတစ်ခုထဲ ဝင်ရောက်သွား၏..။

"ဟယ်ရီ.. ငါတော့ သိပ်မထင်ဘူး.."

"အရေးမကြီးပါဘူး.. သူ့ပုံစံက ကြည့်ပါဦး.. တစ်ခုခုဖြစ်ရင် ငါတို့ အသာလေး ထိန်းနိုင်ပါတယ်..
ငါပြောသားပဲ .. သူက ဘယ်လိုမှတော့ ပုံမှန်ဖြစ်မှာ မဟုတ်ဘူး.. မြူရီရယ်လ်က သူ

သူငယ်ပြန်နေတယ်တောင် ပြောတာ.."

ထိုအချိန်မှာပင် ဘက်သီဒါက တစ်ဖက်ခန်းမှနေ၍...

"ဒီကိုလာခဲ့..."

ဟာမီယွန်မှာ လန့်ဖျတ်သွားပြီး ဟယ်ရီ့လက်မောင်းကို ဆုပ်ကိုင်ထားလိုက်၏..။

"ဘာမှ မဖြစ်ပါဘူးဟာ..."

ဟယ်ရီ သူမကို နှစ်သိမ့်ရင်း တစ်ဘက်ခန်းထဲသို့ ဦးဆောင်ဝင်လာခဲ့သည်။ ဘက်သီဒါမှာ
ဖယောင်းတိုင်အနီးတွင် ရပ်နေ၏..။ အခန်းမှာ မှောင်မည်းကာ ညစ်ပတ်နေမှန်း သိသာလှသည်..။

ခြေထောက်များမှာ ဖုန်ထူထူများကို နင်းမိကာ ဟယ်ရီ့နှာခေါင်းထဲဝယ် အသားများ ပုပ်သိုးနေသလို
ပုပ်အဲ့အဲ့အနံ့တစ်ခုကို ရလိုက်သည်။

သူမ၏ အိမ်ထဲသို့ မည်သူတစ်ယောက်မှ ဝင်ကြည့်ကြပုံမရဟု ဟယ်ရီ တွေးမိသည်..။ သူမမှာ
မှော်ပညာကိုသုံးရန်ပင် မေ့လျော့နေပုံရ၏။ ဖယောင်းတိုင်ကို လက်နှင့်ပင်ထွန်းရန်

ကြိုးစားနေ၏..။

"ကျွန်တော်လုပ်ပေးပါ့မယ်..."

ဟယ်ရီက မီးခြစ်နှင့် ဖယောင်းတိုင်ကို ယူလိုက်သည်။ ထို့နောက် သူဖယောင်းတိုင် ထွန်းလိုက်၏..။ ဟယ်ရီ ဖယောင်းတိုင် တင်ထားရန် နေရာ ရှာလိုက်သည်..။ထို့နောက်တွင် ဓာတ်ပုံများ

အတော်များများ စုပုံတင်ထားသည့် ဗီရိုတစ်ခုပေါ်တွင် တင်ထားလိုက်သည်။ ဖယောင်းတိုင်မီး အလင်းရောင်အောက်တွင် ဓာတ်ပုံတစ်ပုံ လှုပ်ရှားသွားသည်ကို ဟယ်ရီ တွေ့လိုက်သည်။

"တာဂျီယို.."

ဟယ်ရီ့ထံမှ ဂါထာရွတ်ဖတ်သံနှင့်အတူ ဓာတ်ပုံများပေါ်မှ ဖုန်များ ပျောက်ကွယ်သွား၏..။ ဟယ်ရီ ဓာတ်ပုံတစ်ပုံကို အမှတ်မထင် ကြည့်လိုက်မိသည်။ ထိုပုံမှာ ရွှေရောင်ဆံပင်များရှိသည့်

သူမြင်ခဲ့ရသော သူခိုးဖြစ်သူပင်..။

ထိုပုံကိုမြင်လိုက်သည်နှင့် သူ့ကို မြင်ခဲ့ဖူးသည့်နေရာကို ဟယ်ရီ ချက်ချင်း မှတ်မိလိုက်သည်..။ အဲဗက်စ်ဒမ်ဘယ်လ်ဒိုး၏ ဘဝနှင့် သူ၏လိမ်ညာမှုများ စာအုပ်ထဲမှ ဒမ်ဘယ်လ်ဒိုးနှင့်

ဖက်ကာ ဓာတ်ပုံရိုက်ထားသည့် လူငယ်ပင်..။

"မစ္စဘက်ရော့.. ဒါ.. ဒါ ဘယ်သူလဲဟင်..."

ဟယ်ရီ့အသံများ တုန်ခါနေ၏..။ ဘက်သီဒါမှာ အခန်းလယ်ဝယ်ရပ်ရင်း ဟယ်ရီ့ကို ကြည့်နေ၏..။

"မစ္စဘက်ရော့ ..."

ဟယ်ရီက ထပ်ခေါ်ရင်း ဓာတ်ပုံကို ကိုင်ကာ ရှေ့သို့ တိုးလိုက်သည်..။ ဘက်သီဒါက သူ့ကို လှမ်းကြည့်လိုက်သည်..။ ဟယ်ရီ့ရင်ဘတ်ပေါ်ရှိ ဝိညာဉ်ကိုယ်ပွား၏ နှလုံးခုန်သံ ပိုမြန်လာ၏..။

ဘက်သီဒါက ဓာတ်ပုံကို တစ်ချက်ကြည့်လိုက်သည်။

"သူ့ကိုသိလား.. ဒီလူကိုသိလား.. သူ ဘယ်သူလဲဟင်..."

ဟယ်ရီအသံကို ပိုကျယ်လိုက်ပြီး သူမ နားလည်စေရန် ထပ်မေးလိုက်သည်။ ဘက်သီဒါမှာ ဘာမှ သိပုံမရပေ..။ ဟယ်ရီ အတော်ပင် စိတ်ပျက်သွားမိသည်။ ရီတာစကီတာ တစ်ယောက်

သူမကို ဘယ်လိုများ အင်တာဗျူးလုပ်ခဲ့သလဲ...။

"ဒါ ဘယ်သူလဲဟင်.."

သူ ကျယ်လောင်စွာပင် ဆက်မေး၏..။ ဟာမီယွန်က နားမလည်နိုင်ဟန်ဖြင့်...

"ဟယ်ရီ.. နင် ဘာတွေမေးနေတာလဲ..."

"ဒါ ဂရိဂိုရီဗစ်ချ်ဆီက ပစ္စည်းခိုးသွားတဲ့ ကောင်လေးပုံပဲ ဟာမီယွန်..."

ဘက်သီဒါမှာမူ သူဘာပြောပြော ငေးကြည့်၍သာ နေ၏..။

"ကျွန်မတို့ကို ဘာကိစ္စခေါ်လာတာလဲ မစ္စဘက်သီဒါ .. ပြောစရာတစ်ခုခု ရှိလို့လား..."

ဘက်သီဒါမှာ ဟာမီယွန့်စကားကို ကြားပုံမရပေ..။ ဟယ်ရီ့အနီးသို့သာ တိုးကပ်ကြည့်ရင်း သူမ ခေါင်းတစ်ချက်ဆတ်ပြကာ အဝင်ခန်းမဆီသို့ လှမ်းကြည့်လိုက်၏..။

"ကျွန်တော်တို့ကို ပြန်ခိုင်းနေတာလား..."

သူမက နောက်တစ်ခါ အမူအရာ ပြလိုက်၏..။ သူ့ကို လက်ညှိုးထိုး၏..။ ထို့နောက် သူမကိုယ်သူမ လက်ညှိုးညွှန်ကာ အပေါ်ထပ်သို့ လက်ညှိုးထပ်ထိုးပြ၏..။

"ဟာမီယွန်.. သူက ငါနဲ့အတူတူ အပေါ်ထပ်ကို သွားချင်တယ် ထင်တယ်.."

ဟာမီယွန်က..

"ဒါဆိုလည်း သွားကြစို့လေ.."

သို့ရာတွင် ဟာမီယွန် လှုပ်ရှားလိုက်သည်နှင့် ဘက်သီဒါက ခေါင်းကို တွင်တွင်ခါပြရင်း သူမကိုယ်သူမ လက်ညှိုးညွှန်ကာ ဟယ်ရီ့ကိုပါ ထပ်၍ ညွှန်ပြ၏..။

"သူက ငါ့ကို တစ်ယောက်တည်း လိုက်ခဲ့ပါတဲ့.."

"ဘာကြောင့်လဲ.."

ဟာမီယွန့်အသံက အခန်းထဲဝယ် ကျယ်လောင်စွာ ပေါ်ထွက်လာ၏..။ ဘက်သီဒါကမူ ခေါင်းကိုသာ တွင်တွင် ခါယမ်းပြ၏..။

“ဒမ်ဘယ်လ်ဒိုးက ငါ့ကိုမှပဲ ဓားပေးပါလို့ မှာထားသလားမှ မသိတာ..”

“သူက နင့်ကို တကယ်သိတယ်ထင်လို့လား..”

“သေချာပါတယ်.. သူသိတယ်လို့ ငါထင်တယ်..”

“ဒါဆိုလည်းသွားလေ .. ဒါပေမယ့် မြန်မြန်လုပ်နော် ဟယ်ရီ..”

ဟယ်ရီက ဘက်သီဒါအား..

“အဖွား အရင်သွားပါ..”

သူ့စကားကို နားလည်ဟန်နှင့် ဘက်သီဒါ အခန်းထဲမှ ထွက်ခွာသွား၏..။ ဟယ်ရီ ဟာမီယွန်ဘက်လှည့်ကာ အားပေးသလို ပြုံးပြလိုက်၏..။ သို့ရာတွင် သူမက မြင်ပုံမရပေ..။ ဟယ်ရီ

အခန်းအပြင်သို့ ထွက်လိုက်ရင်း သူ့လက်ထဲမှ ဓာတ်ပုံကို အကျႌအိတ်ထဲသို့ ထိုးထည့်လိုက်သည်..။

ဟယ်ရီ အလွန်ကျဉ်းမြောင်းကာ မတ်သော လှေကားလေးအတိုင်း ဘက်သီဒါနောက်မှ လိုက်တက်ခဲ့သည်။ ထို့နောက်တွင် သူတို့ အမိုးနိမ့်နိမ့်အောက်ရှိ အိပ်ခန်းတစ်ခုထဲသို့

ရောက်လာခဲ့ကြသည်။ အခန်းတစ်ခုလုံး မှောင်မည်းကာ အနံ့ဆိုးများ လှိုင့်ပျံနေ၏..။ ထိုအချိန်မှာပင် ဘက်သီဒါက အခန်းတံခါး ပိတ်လိုက်သဖြင့် ပိုမှောင်သွား၏..။

“လူးမို့စ်..”

ဟယ်ရီ့ဂါထာရွတ်သံနှင့်အတူ သူ့မှော်တောင်ဝေှးထိပ်မှ အလင်းရောင် ထွက်ပေါ်လာ၏..။ ဘက်သီဒါက သူ့အနီးသို့ တိုးကပ်လာရင်း..

“မင်း ပေါ်တာလား...”

“ဟုတ်ပါတယ်..”

သူမက ခေါင်းညိတ်လိုက်သည်။ ထိုအချိန်မှာပင် ဝိညာဉ်ကိုယ်ပွားထဲမှ နှလုံးခုန်နှုန်းမှာ သူ့နှလုံးခုန်သံထက်ပင် ပို၍ မြန်ဆန်လာ၏..။

“ကျွန်တော့်ဖို့ တစ်ခုခုများ ပေးစရာရှိသလား..”

ထိုအချိန်မှာပင် သူမက မျက်လုံးများကို မှိတ်လိုက်၏..။ အဖြစ်အပျက်များမှာ အလွန်လျင်မြန်စွာ ဖြစ်ပေါ်လာကြသည်။ ဟယ်ရီ့အမာရွတ်မှာ ချက်ချင်းဆိုသလိုပင် အလွန်ပြင်းပြင်းထန်ထန်

နာကျင်လာ၏..။ ထိုအချိန်မှာပင် ပျော်ရွှင်စွာ အော်ဟစ်ပြောလိုက်သံကို ဟယ်ရီ ကြားလိုက်ရသည်..။

"ဖမ်းထားလိုက်စမ်း.."

ဟယ်ရီ တစ်ချက်မျှ ယိမ်းယိုင်သွား၏..။ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း သေချာမသိပေ..။

"ကျွန်တော့်ကို ဘာများ ပေးစရာ ရှိသလဲ.."

သူ နောက်တစ်ကြိမ် အသံကျယ်ကျယ်ဖြင့် ထပ်မေးလိုက်ပြန်သည်..။

"ဟောဟိုမှာ.."

သူမက အခန်းထောင့်တစ်နေရာကို လက်ညှိုးညွှန်ပြ၏..။ ဟယ်ရီ သူ့လက်ထဲမှ မှော်တောင်ဝှေးကို မြှောက်ကာ ကြည့်လိုက်သည်..။ ထိုနေရာတွင် ခန်းဆီးတစ်ခုနှင့် စားပွဲခုံတစ်လုံးကို

တွေ့ရ၏..။ ဟယ်ရီက ဘက်သီဒါကိုသာစူးစိုက်ကြည့်နေရင်း..

"ဘာလဲ.."

သူ စားပွဲခုံနားသို့ ရောက်သွား၏...။ အဝတ်စပုံကြီးတစ်ခု ရှိနေပြီး ဆိုးဝါးသော အနံ့အသက်များ ထွက်ပေါ်နေ၏..။

"အဲဒီမှာ.."

တစ်ချက်မျှ ဟယ်ရီ သူမညွှန်ပြသောနေရာကို ထပ်ကြည့်လိုက်သည်။ လက်ကိုင်ရိုးတွင် ပတ္တမြားလုံးကြီး မြှုပ်နှံထားသည့်ဓားကိုများ တွေ့ရလေမလားဟု ဟယ်ရီ တစ်ချက်မျှ

ရှာဖွေလိုက်သည်..။ ထိုအချိန်မှာပင် သူမက ထူးဆန်းစွာ လှုပ်ရှားလိုက်သည်..။ ထိုလှုပ်ရှားမှု အလုံးစုံကို သူ့မျက်လုံးထောင့်မှ ဟယ်ရီ သေချာမြင်လိုက်ရ၏..။

ရုတ်တရက် သူ နောက်ပြန်လှည့်လိုက်သော်လည်း ထိတ်လန့်မှုကြောင့် လှုပ်ရှားရန်
မေ့လျော့သွား၏..။ အဖွားအို၏ ခန္ဓာကိုယ်မှာ လဲပြိုကျသွားပြီး လည်ပင်းနေရာမှ ဧရာမ

မြွေကြီးတစ်ကောင် ထွက်လာ၏..။

သူ့မှော်တောင်ဝှေးကို မြှောက်လိုက်ချိန်မှာပင် မြွေကြီးက သူ့ကို ပေါက်ချလိုက်သည်..။
သူ့လက်မောင်းကို အကိုက်ခံလိုက်ရသဖြင့် မှော်တောင်ဝှေးမှာ လွင့်စင်သွားကာ စားပွဲပေါ်ရှိ

ညစ်ပတ်နေသော အဝတ်ပုံထဲသို့ ပြုတ်ကျသွား၏..။

သူ ဘေးသို့ လိမ့်ချလိုက်သဖြင့် နောက်ထပ် ရိုက်ချလာသော မြွေအမြီးနှင့် လက်မတင်ကလေး
လွတ်ထွက်သွား၏..။ စားပွဲပေါ်မှ မှန်ကွဲစများမှာ သူ့အပေါ်သို့ မိုးရွာသလို ကျလာ၏..။

အောက်ထပ်ဆီမှ ဟာမီယွန့်အသံကို ကြားလိုက်ရသည်..။

“ဟယ်ရီ...”

သူ ပြန်ထူးရန် အသက်ပင် မရှူအားပေ..။ ထိုအချိန်မှာပင် မြွေကြီးက သူ့ကို ရစ်ပတ်လိုက်သည်..။

“မလုပ်နဲ့..”

ဟယ်ရီ့ခေါင်းထဲတွင် အသံများ ကြားလာရပြန်သည်..။

“ဟုတ်ပြီ.. ဖမ်းထား .. ဖမ်းထားလိုက်..”

“အက်ဆီယို မှော်တောင်ဝှေး....”

သူ ဂါထာရွတ်လိုက်သော်လည်း မှော်တောင်ဝှေးမှာ သူ့လက်ထဲ ရောက်မလာပေ..။ သူ့လက်မှာလည်း
မြွေကြီးကို တွန်းထုတ်နေရ၍ လုံးဝမအားပေ..။ ထိုသို့မလုပ်လျှင်လည်း သူ

အသက်ရှူနိုင်မည် မဟုတ်တော့ပေ..။ သူ မေ့မျောလုဆဲဆဲ ဖြစ်လာ၏..။ နာကျင်မှု.. မွန်းကျပ်နေမှုတို့
ပျောက်ကွယ်ကာ ပေါ့ပါးလွတ်လပ်သလို ခံစားလာရသည်..။

သို့ရာတွင် ချက်ချင်းပင် ပြန်၍ သတိဝင်လာသည်။ နာဂီနီမှာ သူ့ကို လွှတ်လိုက်ပေပြီ..။ သူ ချက်ချင်း
ထရပ်ရန် ကြိုးစားရင်း မြွေကြီးနှင့် ဟာမီယွန်ကို မြင်လိုက်ရသည်..။ ဟာမီယွန်မှာ

မြွေပေါက်ချက်မှလွတ်အောင် ခုန်ရှောင်လိုက်ရသဖြင့် သူမ၏ကျိန်စာမှာ ပြတင်းပေါက်မှန်ကိုသာ ထိမှန်ကာ မှန်များ ကွဲကြေသွားကြသည်။ အခန်းထဲသို့ အေးစက်နေသည့်လေများ

တရကြမ်း ဝင်လာ၏..။ မှန်ကွဲစများကို ရှောင်တိမ်းရင်း ဟယ်ရီ သူ့မှော်တောင်ဝှေးကို ခြေထောက်ဖြင့် တက်နင်းမိလိုက်သည်..။ သူ မှော်တောင်ဝှေးကို ကောက်ယူလိုက်သည်..။

ယခုအခါတွင် အခန်းကျဉ်းလေးတစ်ခုလုံးမှာ မြွေကြီးဖြင့်သာ ပြည့်နှက်နေ၏..။ ဟာမီယွန်နီကို လုံးဝမမြင်ရသဖြင့် ဟယ်ရီ အကြီးအကျယ် စိတ်ပူသွားရသည်။ ထိုအချိန်လေးမှာပင်

ဝုန်းကနဲ မြည်သံနှင့်အတူ အနီရောင် အလင်းများကို မြင်လိုက်ရပြီး မြွေကြီးမှာ လွင့်စင်သွား၏..။ ဟယ်ရီ သူ၏ မှော်တောင်ဝှေးကို မြှောက်လိုက်ချိန်ဝယ် နဖူးမှ အမာရွတ်မှာ

အလွန်နာကျင်သွား၏..။ နှစ်ပေါင်းများစွာ အတွင်း အပြင်းထန်ဆုံး နာကျင်မှုပင်..။

"သူလာနေပြီ ဟာမီယွန်.. သူလာနေပြီ.."

ထိုအချိန်မှာပင် မြွေကြီးမှာ ကြမ်းပြင်ပေါ်ပြန်ကျလာပြီး ကျယ်လောင်စွာ တွန်သံပေးနေ၏..။ အခန်းတစ်ခုလုံး မှန်တိုင်းကျနေသလိုပင်..။ ရှိသမျှ ပစ္စည်းအားလုံး တစစီဖြစ်ကာ

လွင့်ပျံကုန်၏..။ ဟယ်ရီ ဟာမီယွန်နီကို ဆွဲခေါ်ရင်း ရှောင်တိမ်းလိုက်သည်..။

မြွေကြီးမှာ နောက်တစ်ကြိမ် တိုက်ခိုက်ရန် အားယူလိုက်ပြန်သည်။ မြွေထက်ပိုကြောက်ရသော အန္တရာယ်ကြီး ရှိနေသည်ကို ဟယ်ရီ သိနေ၏..။ သူ့ဦးခေါင်းတစ်ခုလုံး ပေါက်ကွဲလုမတတ်

နာကျင်နေသည်..။ ယခုလောက်ဆိုလျှင် ဗြိတ်ခါးဝသို့ ရောက်လောက်ပေပြီ..။

မြွေကြီးက နောက်တစ်ကြိမ် ပေါက်လိုက်ပြန်သည်။ ဟယ်ရီ ဟာမီယွန်နီကိုပါ ဆွဲရင်း အားယူကာ ခုန်ရှောင်လိုက်၏..။ ထိုအချိန်မှာပင် ဟာမီယွန်နီထံမှ..

"ကွန်ဖရင်ဂို..."

ဟု အော်ဟစ်သံနှင့်အတူ အခန်းတစ်ခုလုံး ပေါက်ကွဲကာ မှန်စများ သူတို့ထံ လွင့်ပျံလာ၏..။ သူ့လက်တစ်ဖက်တွင် ပူကနဲဖြစ်သွားသည်ကို ဟယ်ရီ ခံစားမိလိုက်သည်..။

မှန်ကွဲစတစ်ခုက သူ့ပါးကို ရှသွားချိန်တွင် ဟယ်ရီ ဟာမီယွန်ကိုဆွဲကာ ကျိုးပဲ့ ပျက်စီးနေသော ပြတင်းပေါက်မှတဆင့် အပြင်သို့ ခုန်ထွက်လိုက်သည်..။ ဟာမီယွန့်ထံမှ

ကြောက်လန့်တကြား အော်ဟစ်သံက ညဉ့်ယံကို ဖုံးလွှမ်းသွား၏..။

ထိုအချိန်မှာပင် ဟယ်ရီမှာ ချက်ချင်း ဗိုဒီမော့ဖြစ်သွားသလို ခံစားလိုက်ရသည်..။ သူက ပျက်စီးစုတ်ပြတ်နေသော အခန်းကို ဖြတ်ကျော်ကာ ပြေးလာ၏..။ သူ၏

အဖြူရောင်လက်ချောင်းများနှင့် ပြတင်းပေါက်ကို ခုန်ထွက်သွားသော ထိပ်ပြောင်လူကို ဖမ်းဆွဲရန် ကြိုးစားလိုက်ချိန်မှာပင် ထိုသူကော မိန်းမပါ လေထဲတွင် လှစ်ကနဲ

ပျောက်ကွယ်သွား၏..။

ထို့ကြောင့် ဗိုဒီမော့ ဒေါသတကြီး အော်ဟစ်လိုက်၏..။ သူ၏ အော်ဟစ်သံမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို ပျံ့နှံ့သွား၏..။

ဟယ်ရီ့တစ်ကိုယ်လုံး အလွန်နာကျင် ပင်ပန်းနေ၏..။ သူ့ကိုယ်သူ သေပြီလားဟု ဟယ်ရီ ထင်မိသည်။ သို့ရာတွင် သေသောသူမှာ နာကျင်မှုကို ခံစားနေရမည် မထင်ပေ × × × × ×

ညမှာ စိုစွတ်အေးမြနေ၏..။ လမ်းပေါ်တွင် ဖရုံသီး ဦးထုပ်များဆောင်းထားသော မက်ဂယ်ကလေးများ သွားလာနေ၏..။ ဆိုင်များ၏ အဝင်ဝတွင် ပင့်ကူရုပ်ပုံများ ချိတ်ဆွဲထားကြသည်။ သူ

ထိုအရာများကို လေထဲတွင် ဝဲပျံရင်း မြင်နေရ၏..။ မက်ဂယ်များကို သူ လုံးဝ စိတ်မဝင်စားပေ..။ သူ့တွင်ရှိနေသော စွမ်းပကားမှာ ဤကဲ့သို့ အဆင့်အတန်းနိမ့်ကျသူများကို လုံးဝ

ထည့်တွက်စရာမလိုဟု သူ ယူဆသည်..။

“တကယ်ကောင်းတဲ့ ဝတ်စုံပဲ မစ္စတာ..”

သူ့ဝတ်ရုံရှည်ကိုကြည့်ရင်း ကလေးတစ်ယောက်က ချီးကျူး၏...။ သို့ရာတွင် သူ့မျက်နှာကို သေချာမြင်လိုက်ရသည်နှင့် ကလေးမှာ ကြောက်လန့်ကာ ထွက်ပြေးသွားတော့သည်..။

သူ့လက်များက ဝတ်ရုံအောက်မှ မှော်တောင်ဝှေးကို ကိုင်ထား၏..။ သို့ရာတွင် မလိုအပ်သေးဟု သူ ဆုံးဖြတ်ထားသည်။

လမ်းတလျှောက် လျှောက်လာခဲ့ရင်း သူ၏ ဦးတည်ချက်ကို တွေ့လိုက်ရသည်..။ အကာအကွယ် အစီအရင်မှာ ကျိုးပေါက်သွားပြီ ဖြစ်သော်လည်း သူတို့ မသိကြသေးပေ..။ သူ အသံ

လုံးဝမထွက်စေပဲ ခြံစည်းရိုးပေါ်သို့ ပျံတက်ကာ အတွင်းသို့ ဝင်လာခဲ့သည်။

ခန်းဆီးများချမထားသဖြင့် ဧည့်ခန်းထဲသို့ သူ မြင်နိုင်၏..။ အနက်ရောင် ဆံပင်ရှိကာ မျက်မှန်တပ်ထားသော အမျိုးသားတစ်ယောက်မှာ သူ့မှော်တောင်ဝှေးထိပ်မှ မီးခိုးများ

ထွက်လာအောင်လုပ်ရင်း ကလေးငယ်နှင့် ဆော့နေ၏..။ ကလေးငယ်မှာ ရယ်မောရင်း မီးခိုးများကို သူ့လက်ကလေးနှင့် ဖမ်းဆုပ်ရန် ကြိုးစားနေ၏..။

အခန်းတံခါးပွင့်လာပြီး မိခင်ဖြစ်သူ ဝင်လာကာ တစ်ခုခု ပြောနေ၏..။ ဖခင်ဖြစ်သူက ကလေးကို အမေ့လက်ထဲအပ်လိုက်ရင်း မှော်တောင်ဝှေးကို ဆိုဖာပေါ် ပစ်ချလိုက်ကာ

သမ်းဝေနေ၏..။

သူက မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်၏..။ တံခါးဝမှ အသံတစ်ချက် မြည်သွားသော်လည်း ဂျိမ်းစ်ပေါ်တာ ကြားပုံမရပေ..။ သူ့မှော်တောင်ဝှေးနှင့် တံခါးကို ချိန်ရွယ်လိုက်စဉ်မှာပင်

တံခါးက ဝုန်းကနဲ ပွင့်ထွက်သွား၏..။

ဂျိမ်းစ်မှာ အပြင်သို့ ပြေးထွက်လာ၏..။ သူ၏ မှော်တောင်ဝှေးကိုပင် ယူမလာချေ..။ အလွန်လွယ်ကူလှသည်ဟု သူ တွေးမိလိုက်သည်။

"လီလီ.. ဟယ်ရီ့ကိုခေါ်ပြီး ပြေးတော့.. ဟိုကောင်ကြီးပဲ.. ငါ ခုခံထားလိုက်မယ်..."

မှော်တောင်ဝှေး လက်ထဲမရှိပဲ သူ့ကို ခုခံရန် ကြံစည်နေသတဲ့လား ဟုတွေးရင်း ဗိုဒီမော့ အားပါးတရ ရယ်မောလိုက်၏..။

"အာဗဒါ ကာဒါဗရာ.."

အစိမ်းရောင် အလင်းတန်းများ အခန်းတစ်ခုလုံး ဖုံးလွှမ်းသွားကာ ဂျိမ်းစ်ပေါ်တာမှာ အရုပ်ကြိုးပြတ် လဲကျသွား၏..။

မိန်းမတစ်ယောက်၏ အပေါ်ထပ်ဆီမှ အော်ဟစ်သံကို သူ ကြားလိုက်ရ၏။ သူ အပေါ်ထပ်သို့ တက်လာခဲ့သည်..။ သူမတွင်လည်း မှောင်တောင်ဇေး မရှိပေ..။ အလွန်ပင် မိုက်မဲကြသည်ဟု

သူ တွေးမိသည်..။ သူတို့၏ လုံခြုံမှုကို သူငယ်ချင်းထံ အပ်နှံထားကာ လက်နက်များကိုပင် ဂရုမထားကြပေ..။

သူက မှော်တောင်ဝှေးကို တစ်ချက် ဝှေ့ယမ်းလိုက်ကာ တံခါးကို ဖွင့်လိုက်၏။ တံခါးဝတွင် စုပုံထားသော ထိုင်ခုံများ သေတ္တာများ လွင့်စင်သွားကြသည်..။ သူမမှာကလေးကိုချီရင်း

ရပ်နေ၏..။ သူ့ကိုမြင်သည်နှင့် ကလေးကို ကုတင်ပေါ်သို့ ချထားလိုက်ပြီး သူ့ဘက်လှည့်ကာ လက်နှစ်ဖက်ကို ဆန့်တန်း၍ ကာကွယ်ထား၏..။

"မလုပ်ပါနဲ့ .. ဟယ်ရီ့ကို မသတ်ပါနဲ့.."

"ဘေးဖယ်လိုက်စမ်း.. ဘေးဖယ်စမ်း.."

"မသတ်ပါနဲ့ .. ဟယ်ရီ့ကို မသတ်ပါနဲ့.. သူ့အစား ကျွန်မကိုပဲ သတ်ပါ.."

"ငါ နောက်ဆုံးအကြိမ် သတိပေးနေတာနော်.."

"မလုပ်ပါနဲ့ .. ဟယ်ရီ့ကို မသတ်ပါနဲ့.. ကျွန်မ ရှင်ခိုင်းသမျှ အကုန်လုပ်ပါ့မယ်.. သူ့ကို မသတ်ပါနဲ့.."

"ဖယ်စမ်း .. ဘေးဖယ်လိုက်စမ်း.."

သူမကို ခွန်အားသုံး၍ ဖယ်မှ ဖြစ်ပေမည်..။ သို့သော် နှစ်ယောက်စလုံးကို ရှင်းပစ်လိုက်လျှင် ပိုလွယ်ပေလိမ့်မည်..။ အစိမ်းရောင် အလင်းက အခန်းတစ်ခုလုံးကို ဖုံးလွှမ်းသွားပြီးနောက် သူမ

လဲပြိုကျသွား၏..။ ကလေးငယ်မှာ မငိုတော့ပဲ ကုတင်ကို ကာရံထားသည့် တိုင်ကလေးများကို ဆုပ်ကိုင်ရင်း မတ်တပ်ရပ်လာ၏..။

ကလေးငယ်မှာ သူ့ကို ဘာမှမသိပဲ ငေးကြည့်နေ၏..။ သူ မှော်တောင်ဝှေးကို မြှောက်လိုက်ကာ ကလေးငယ်၏ မျက်နှာတည့်တည့်ကို အသေအချာ ချိန်ရွယ်လိုက်၏..။ သူ့ကို

အန္တရာယ်ပေးနိုင်မည့်သူကို သေချာ ဖျက်ဆီးပစ်ရပေမည်..။ ကလေးငယ်မှာ စတင်ငိုကြွေးတော့၏..။

"အာဗဒါ ကာဒါဗရာ.."

ဂါထာ တစ်ခုလုံး အဆုံးမှာပင် သူ့ခန္ဓာကိုယ်တစ်ခုလုံး တစ်စစီ ကွဲကြေသွား၏..။ နာကျင်မှုနှင့် ကြောက်လန့်မှုမှုတပါး သူ ဘာမှ မသိတော့..။ ကလေးငယ်နှင့် လွန်စွာဝေးကွာသော

တစ်နေရာဝယ် သူ ပုန်းခိုနေရတော့သည်..။

"အား..."

သူ ကျိုးပဲ့ပျက်စီးနေသော ပြတင်းတံခါးဝဝယ်ရပ်ရင်း မကျေမနပ် အော်ဟစ်လိုက်၏..။ သူ၏ အကြီးမားဆုံး ကျဆုံးမှုကို ပြန်အမှတ်ရနေမိသည်..။ ရုတ်တရက် ငုံ့ကြည့်ရင်း သူ

တစ်စုံတစ်ရာကို တွေ့လိုက်ရ၏ × × × × ×

"အား..."

"ဟယ်ရီ.. နင် ဘာမှ မဖြစ်တော့ဘူး.. စိတ်မပူနဲ့တော့.."

သူ ခါးကိုင်းကာ ဓာတ်ပုံတစ်ခုကို ကောက်ယူလိုက်၏..။ သူမသိသော သူခိုး၏ဓာတ်ပုံကို သူ တွေ့လိုက်ရသည် × × × × ×

"ငါ ကျကျန်ရစ်ခဲ့ပြီ... ကျကျန်ခဲ့ပြီ..."

"ဟယ်ရီ.. နင်ဘာမှမဖြစ်ပါဘူး.. ထစမ်းပါ.."

သူ့ကိုယ်သူ ဟယ်ရီမှန်း သတိရလာ၏..။ သူ ဗိုဒီမော့ မဟုတ်ပေ..။ ဗိုဒီမော့၏ အတွေးများကို မြင်နေရခြင်းသာ ဖြစ်သည်..။ သူ မျက်လုံး ဖွင့်ကြည့်လိုက်သည်..။

"ဟယ်ရီ.. နင် နေလို့ကောင်းရဲ့လား..."

"အင်း..."

သူ ခပ်တည်တည်နှင့် ညာလိုက်၏..။ သူ ရွက်ဖျင်တဲထဲ ပြန်ရောက်နေကာ ခုတင်ပေါ်ဝယ် လှဲလျောင်းနေ၏..။ အရုဏ်တက်လုပြီဟု သူ သိလိုက်သည်..။ သူ့တစ်ကိုယ်လုံး ချွေးများနှင့်

ရွဲနစ်နေ၏..။

"ငါတို့ လွတ်လာတယ်ပေါ့.."

"အင်း.. ငါ နင့်ကို ဂါထာသုံးပြီး ကုတင်ပေါ် မ တင်ထားတာ.. ငါ နင့်ကို ဘယ်လိုမှ မမနိုင်ဘူး.. ပြီးတော့ နင်လည်း နေသိပ်မကောင်းဘူး.."

သူမမျက်လုံးထဲဝယ် ရက်ရွှံ့နေဟန်ကို တွေ့ရ၏..။ လက်ထဲဝယ် လက်ကိုင်ပဝါစလေးကို တွေ့ရ၏..။ သူမ သူ့မျက်နှာကို ချွေးသုတ်ပေးနေပုံပင်..။

"နင် အရမ်းနေမကောင်း ဖြစ်နေတယ်.."

"ငါတို့ ပြန်ရောက်တာ ကြာပြီလား.."

"နှစ်နာရီ သုံးနာရီလောက် ရှိပြီ.. အခု မိုးလင်းခါနီးပြီ.."

"ငါ ဘာဖြစ်သွားတာလဲ.. မေ့သွားတာလား..."

ဟာမီယွန်က စိတ်မသက်မသာဖြစ်နေဟန်ဖြင့်....

"မဟုတ်ဘူး... နင် အော်လိုက် ညည်းလိုက်နဲ့ ဘာတွေပြောမှန်းလည်း မသိဘူး..."

ဟယ်ရီ စိတ်မသက်မသာ ဖြစ်မိ၏..။ သူ ဗိုဒီမော့လိုများ ကျိန်စာတွေ အော်ဟစ်မိသလား.. ကလေးလေးလိုများ အော်ငိုမိသလား.. မသေချာပေ..။

"ငါ နင့်ကိုယ်ပေါ်က ဝိညာဉ်ကိုယ်ပွားကို ချွတ်လို့မရဘူး.. နင့်အသားထဲကို မြုပ်ဝင်နေတယ်.. နင့်ရင်ဘတ်မှာတော့ အရာကြီး ထင်ကျန်ခဲ့တော့မှာပဲ... ငါ ဂါထာသုံးပြီး

ခွာယူလိုက်ရတယ်... နင့်ကို မြွေကလည်း ကိုက်လိုက်တယ်... ဒါပေမယ့် ငါ ဒဏ်ရာကို သန့်ရှင်းပြီး ဒစ်တနီဆေးရည် ထည့်ထားပြီးပြီ..."

သူ့ကိုယ်ပေါ်တွင် ချွေးများနှင့် ရွှဲနစ်နေသော တီရှပ်ကို ဆွဲချွတ်ပစ်လိုက်ရင်း ငုံ့ကြည့်လိုက်မိသည်..။ သူ့နှလုံးသားနေရာတည့်တည့်ဝယ် ဘဲဥပုံ အနီရောင် အရာကြီးတစ်ခု ထင်နေ၏..။

သူ့လက်မောင်းပေါ်ဝယ် ကျက်စပြုနေပြီဖြစ်သော ဒဏ်ရာကိုလည်း တွေ့ရ၏..။

"ဝိညာဉ်ကိုယ်ပွားရော ဘယ်သွားထားသလဲ..."

"ငါ့အိတ်ထဲ ထည့်ထားတယ်.. ခဏလောက်တော့ ငါတို့ ဝတ်မထားသင့်ဘူးလို့ ထင်တယ်လေ.."

သူ အိပ်ရာပေါ်တွင် ပြန်လှဲချလိုက်သည်..။

"ငါတို့ ဂိုဒရစ်ဟောလို းကို မသွားသင့်ဘူး.. အားလုံး ငါ့အမှားတွေချည်းပဲ... ငါတောင်းပန်ပါတယ် ဟာမီယွန်..."

"ဒါ နင့်အမှား မဟုတ်ပါဘူး .. ငါကိုယ်တိုင်လည်း သွားချင်ခဲ့တာပဲ... ဒမ်ဘယ်လ်ဒိုးက ဓားကို အဲဒီမှာ ထားခဲ့မယ်လို့ ထင်တာကိုး.."

"ငါတို့တွက်တာ မှားသွားတာပဲ..."

"နင့်ကို အပေါ်ထပ်ခေါ်သွားပြီး ဘာတွေဖြစ်ကြတာလဲ ဟယ်ရီ.. မြွေက အဲဒီမှာ ပုန်းနေတာလား.. ဘက်သီဒါ့ကို သတ်ပြီး နင့်ကို ဆက်တိုက်ခိုက်တာလား..."

"မဟုတ်ဘူး.. သူက မြွေပဲ.. ဒါမှမဟုတ်ရင်လည်း မြွေက သူပဲဖြစ်မယ်..."

"ဘာ ... ဘာပြောတယ်..."

သူ မျက်လုံးများကို မှိတ်လိုက်၏...။ ကြောက်စရာအဖြစ်အပျက်ကို သူ မြင်ယောင်နေဆဲပင်...။

"ဘက်သီဒါ သေတာ အတော်ကြာလောက်ပြီ .. မြွေက သူ့ကိုယ်ထဲ ဝင်နေတယ်.. မိစ္ဆာကောင်ကြီးက သူ့ကို ဂိုဒရစ်ဟောလို းမှာ စောင့်ခိုင်းထားတာပဲ.. နင်ပြောတာမှန်တယ် ဟာမီယွန်..

ငါလာမယ်ဆိုတာ ကြိုတွက်ထားတာပဲ.."

"မြွေက သူ့ကိုယ်ထဲမှာ ... ဟုတ်လား..."

သူ မျက်လုံးဖွင့်ကြည့်လိုက်သည်...။ ဟာမီယွန်မှာ မယုံမရဲ ဖြစ်နေဟန်ရှိ၏..။

"လူပင်က ငါတို့မသိနိုင်တဲ့ မှော်ပညာတွေ အများကြီးရှိတယ်လို့ ပြောခဲ့သားပဲ.. သူကနင့်ရှေ့မှာ ဘယ်စကားပြောချင်ပါ့မလဲ.. ဘာလို့လဲဆိုတော့ မြွေစကားနဲ့ ပြောရမှာကိုး.. ငါ အစက

မစဉ်းစားမိခဲ့ဘူး.. ငါက သူပြောသမျှ နားလည်နေတာကိုး... အဲဒီ့အခန်းထဲရောက်မှပဲ မြွေက မိစ္ဆာကောင်ကြီးဆီကို သတင်းပို့လိုက်တာပဲ.. သူ အရမ်းစိတ်လှုပ်ရှားပြီး ငါ့ကို ဖမ်းထားဖို့

ပြောတာကို ငါသိလိုက်တယ်.. နောက်ပြီးတော့..."

မြွေကြီးမှာ ဘက်သီဒါ၏ လည်ပင်းနေရာမှ ထိုးထွက်လာသည်ကို ဟယ်ရီ အမှတ်ရနေဆဲပင်..။ သို့ရာတွင် ဟာမီယွန် အတိအကျ သိရန် မလိုဟု သူ ဆုံးဖြတ်လိုက်၏..။

"နောက်ပြီးတော့ မြွေပုံစံပြောင်းသွားပြီး တိုက်ခိုက်တော့တာပဲ.."

သူက လက်မောင်းမှအနာကို ငုံ့ကြည့်ရင်း...

"ငါ့ကို သတ်ဖို့ ရည်ရွယ်ချက် မရှိဘူး.. ဟိုကောင်ကြီးရောက်လာတဲ့အထိ ထိန်းထားချင်ရုံပဲ..."

သူသာ မြွေကိုသတ်နိုင်ခဲ့လျှင် အများကြီး အကျိုးရှိပေလိမ့်မည်ဟု ဟယ်ရီ တွေးနေမိသည်..။ ထို့နောက် သူ အိပ်ရာမှ ထလိုက်၏..။

"ဟယ်ရီ .. နင်အနားယူသင့်တယ်..."

"တကယ် နားသင့်တာ နင်ပဲ.. နင့်ပုံစံကြည့်ရတာ မဟန်ဘူး.. ငါ ဘာမှ မဖြစ်ပါဘူး.. ငါ ကင်းစောင့်ပေးထားမယ်.. ငါ့ရဲ့ မှော်တောင်ဝှေးရော..."

သူမ ဘာအဖြေမှမပေးပဲ သူ့ကိုသာ ငေးကြည့်နေ၏..။

"ဟာမီယွန်.. ငါ့မှော်တောင်ဝှေးရော..."

သူမမှာ နှုတ်ခမ်းကို သွားဖြင့်ကိုက်ထားရင်း မျက်ရည်များ စီးကျလာ၏..။

"ဟယ်ရီ..."

"ငါ့မှော်တောင်ဝှေး ဘယ်မှာလဲ..."

သူမက ကုတင်ဘေးမှ ယူပေး၏..။ ဖီးနစ်ငှက်တောင် ထည့်ထားသော တောင်ဝှေးမှာ နှစ်ပိုင်းပြတ်လုတဲတဲသာ ကျန်တော့သည်..။ အလယ်ရှိ ဖီးနစ်ငှက်တောင်လေးသာ တွဲမထားလျှင်

နှစ်ပိုင်းဖြစ်ပေတော့မည်..။ သစ်သားလက်ကိုင်မှာ လုံးဝ နှစ်ပိုင်းပြတ်နေပေပြီ..။ ဟယ်ရီ လက်နှင့် တယုတယ ယူလိုက်၏..။ သက်ရှိသတ္တဝါတစ်ကောင်ကောင် ဒဏ်ရာအပြင်းအထန်

ရနေသလို ကိုင်လိုက်ခြင်းပင်..။ သူ ဘာကိုမှ မှန်မှန်ကန်ကန် မတွေးနိုင်ပဲရှိ၏..။ ကြောက်ရွံ့ထိတ်လန့် စိုးရိမ်စိတ်တို့ကသာ ဖုံးလွှမ်းနေ၏..။ ထို့နောက် မှော်တောင်ဝှေးကို ဟာမီယွန့်ထံ

ထိုးပေးရင်း...

"ပြင်ပေးစမ်းပါ..."

"ဟယ်ရီ ဒီလိုကျိုးသွားရင် ငါတော့မထင်..."

"လုပ်စမ်းပါ ကြိုးစားကြည့်စမ်းပါ.."

"ရီ.. ရီပရို..."

လက်ကိုင်နှစ်ပိုင်းမှာ ပြန်ဆက်သွား၏။ ဟယ်ရီ ကိုင်မြှောက်လိုက်ရင်း...

"လူးမို့စ်..."

တောင်ဝှေးထိပ်မှ မီးပွားများ ထွက်လာကာ ချက်ချင်း ငြိမ်းသေသွား၏။ ဟယ်ရီ ဟာမီယွန့်အား ချိန်ရွယ်လိုက်ရင်း...

"အိပ်စ်ပဲလီယာမတ်စ်.."

ဟာမီယွန့်တောင်ဝှေးမှာ အနည်းငယ် လှုပ်ရှားသွားသော်လည်း လက်ထဲမှ လွတ်မသွားပေ..။ ထိုကဲ့သို့ လုပ်ခြင်းမှာပင် ဟယ်ရီ့တောင်ဝှေးကို နှစ်ပိုင်းပြန်ကျိုးသွားစေ၏..။ ဟယ်ရီ

တုန်လှုပ်ခြောက်ချားစွာ ငေးကြည့်နေမိ၏..။

"ဟယ်ရီ.. ငါ စိတ်မကောင်းပါဘူးဟာ.. ဒါ ငါ့လက်ချက်ပဲ.. ငါတို့ ထွက်သွားမယ်ကြံတော့ မြွေက လှမ်းပေါက်တယ်လေ.. အဲဒီမှာ ငါ ပေါက်ကွဲကျိန်စာကို သုံးလိုက်မိတယ်..

အခန်းတစ်ခုလုံးကို ပျံ့သွားတော့ အဲဒီမှာ ထိသွားတာပဲဖြစ်မယ်..."

"ဒါ မတော်တဆဖြစ်တာပဲဟာ .. ငါတို့ ပြန်ပြင်နိုင်မယ့် နည်းလမ်းရှာကြတာပေါ့..."

ဟာမီယွန်က မျက်ရည်များ တပေါက်ပေါက် စီးကျနေရင်းမှ...

"ဟယ်ရီ .. ပြင်လို့ရမယ်လို့ ငါမထင်ဘူး.. ရွှန့်တောင်ဝှေး ကျိုးသွားတာကို မှတ်မိလား.. ဘယ်လိုမှ ပြန်ပြင်လို့မရဘူးလေ.. သူ အသစ်ထပ်ဝယ်ရတာပဲ..."

ဟယ်ရီ အိုလီဗန်ဒါအကြောင်း တွေးလိုက်မိသည်..။ ဗိုဒီမော့က သူ့ကို ဖမ်းဆီးထားဆဲပင်..။ ဂရီဂိုရိုဗစ်ချ်မှာလည်း သေခဲ့ပေပြီ..။ သူ မည်ကဲ့သို့ မှော်တောင်ဝှေးအသစ် ရှာရမည်နည်း..။

"ကဲ .. ဒါဆိုရင်လည်း နင့်မှော်တောင်ဝှေးကိုပဲ ခဏငှားပေတော့.. ငါ ကင်းစောင့်နေတုန်း သုံးရမယ်.."

သူမက ငိုကြွေးနေလျှင်နှင့်ပင် မှော်တောင်ဝှေးကို လှမ်းပေး၏..။

ဟယ်ရီ လှမ်းယူရင်း ရွက်ဖျင်တဲအပြင်သို့ ထွက်လာခဲ့တော့သည်...။

**၁၈။ အဲဗက်စ်ဒမ်ဘယ်လ်ဒိုး၏ဘဝနှင့် သူ၏လိမ်ညာမှုများ**

နေထွက်လာသည်နှင့် သန့်စင်လှသော နေရောင်ခြည်က သူ့အပေါ်ဖြာကျလာ၏..။ သို့ရာတွင် သူ၏ ခံစားချက်တို့ကို ပြောင်းလဲမသွားစေနိုင်ပေ..။ ဟယ်ရီ ရွက်ဖျင်တဲအဝတွင် ထိုင်ရင်း

လေသန့်သန့်ကို တဝကြီး ရှူလိုက်သည်..။ နှင်းများ ထူထပ်စွာကျနေသော တောင်ကုန်းများကြားမှ နေထွက်လာသည်ကို ကြည့်နေရသည်မှာ အလွန်နှစ်သက်ဖို့ကောင်းသော်လည်း ဟယ်ရီ

မခံစားနိုင်ပဲ ရှိသည်..။

သူ့ခန္ဓာကိုယ်မှ သွေးထွက်ခဲ့သည့် အကြမ်အရေအတွက်ကို သူကိုယ်တိုင်ပင် မမှတ်မိပေ..။ သူ့ညာလက်မောင်းတွင် ရှိသမျှ အရိုးများ ပျောက်ကွယ်သွားသည်ကိုပင် သူ ကြုံခဲ့ရဖူးသည်..။

ယခုခရီးစဉ်မှာလည်း သူ့ရင်ဘက်နှင့် လက်မောင်းတို့တွင် အမာရွတ်များ ထပ်ရလာခဲ့သည်..။ သို့ရာတွင် ထိုအဖြစ်အပျက်များကို သူ တစ်ခါမှ ဆိုးဆိုးဝါးဝါး မခံစားခဲ့ဖူးပေ..။

ယခုမူ သူ့ခန္ဓာကိုယ်ပေါ်မှ အကောင်းဆုံး မှော်ပညာ အစိတ်အပိုင်းတစ်ခု ပျောက်ကွယ်သွားသည်ဟု သူ ခံစားနေရသည်..။ သို့ရာတွင် ဟာမီယွန်ကို သူ မပြောချင်ပေ..။

ဟာမီယွန်ဘာပြောမည်ကို သူ သိနေသည်..။ မှော်တောင်ဝှေးမှာ စုန်းကဝေတစ်ယောက် စွမ်းသလောက်သာ စွမ်းသည်ဟု သူမ ပြောပေလိမ့်မည်..။

သို့ရာတွင် သူ့အဖြစ်အပျက်မှာ ဤကဲ့သို့ မဟုတ်ပေ။ သူ့ မှော်တောင်ဝှေးမှာ လေထဲတွင် ချာလပတ်လည်ကာ ဗိုဒီမော့ထံ ရွှေရောင်မီးတောက်များ ပစ်လွှတ်ခဲ့သည်ကို သူ

မြင်ခဲ့ရဖူးသည်။ သူ့မှာ အမြွာ ဖီးနစ်ငှက်မွေးတောင်၏ ကာကွယ်မှု မရှိတော့ပေ။

ထိုအချက်ကို သူ မည်မျှအားကိုးကြောင်း ယခုမှ သဘောပေါက်လာ၏။ သူ၏ မှော်တောင်ဝှေးကျိုးကို အကျီအိတ်ထဲမှ ဆွဲထုတ်ကာ လည်ပင်းတွင် ဆွဲထားသော ဟက်ဂရစ်ပေးထားသည့်

အိတ်ကလေးထဲသို့ ထည့်လိုက်သည်။ အိတ်ထဲတွင် ကျိုးပဲ့ပျက်စီးနေသော ပစ္စည်းများနှင့် ပြည့်နှက်နေပေပြီ။

ဒမ်ဘယ်လ်ဒိုးမှာ သူတို့ကို ဘာဦးတည်ချက်မှ ထားမပေးခဲ့ပေ။ သူတို့အဖြစ်မှာ အမှောင်ထဲတွင် လမ်းပျောက်နေသလိုပင်။ သူ့ကို ဘာမှ သေချာ ရှင်းမပြခဲ့သလို ဘာကိုမှလည်း

ပေးမထားခဲ့ပေ။ သူတို့တွင် ဝိညာဉ်ကိုယ်ပွားများကို ဖျက်ဆီးရန် ဓားမရှိချေ။ ယခုအခါတွင် ဟယ်ရီ့၌ မှော်တောင်ဝှေးပင် မရှိတော့ပေ။ ထို့အပြင် သူ လွှတ်ကျခဲ့သော ဓာတ်ပုံကို

ဗိုဒီမော့ ရသွားပေပြီ။ ယခုအခါတွင် သူခိုးဖြစ်သူကို ရှာဖွေရန် လုံလောက်သော သတင်းအချက်အလက်တို့ ဗိုဒီမော့ထံ၌ ပြည့်စုံသွားလောက်ပေပြီ။

"ဟယ်ရီ..."

ဟာမီယွန့်ကို ကြည့်ရသည်မှာ ကြောက်ရွံ့ ထိတ်လန့်နေပုံရ၏။ သူမလက်ထဲတွင် လက်ဖက်ရည်နှစ်ခွက်ကို ကိုင်လာ၏။

"ကျေးဇူးပဲ..."

ဟယ်ရီ လက်ဖက်ရည်ခွက်တစ်ခွက်ကို လှမ်းယူရင်း ပြောလိုက်သည်။

"ငါ နင့်ကို တစ်ခုပြောစရာ ရှိလို့..."

"ပြောလေ.."

သူ စကားပြောချင်စိတ် မရှိသော်လည်း ဟာမီယွန် စိတ်မကောင်း ဖြစ်မည်စိုး၍ သဘောတူလိုက်၏။

"နင် ဓာတ်ပုံထဲကလူ ဘယ်သူလဲဆိုတာ သိချင်တယ် မဟုတ်လား.. ငါ့မှာ စာအုပ်ရှိတယ်.."

သူမက စာအုပ်တစ်အုပ်ကို ထိုးပေးလိုက်သည်..။ "အဲဗက်စ် ဒမ်ဘယ်လ်ဒိုး၏ဘဝနှင့် သူ၏ လိမ်ညာမှုများ" ဟူသော စာအုပ်ပင်..။

"နင်.. ဘယ်... ဘယ်က ... ဘယ်လိုရ.."

"ဒီစာအုပ်ကို ဘက်သီဒါရဲ့ ဧည့်ခန်းထဲမှာတွေ့ခဲ့တာ.. ဟောဒီစာရွက်နဲ့ အတူတူပေါ့..."

ဟာမီယွန်က စာရွက်ကို ကျယ်ကျယ်လောင်လောင် ဖတ်ပြလိုက်၏..။

"ဘက်သီ... အကူအညီပေးတာ ကျေးဇူးတင်ပါတယ်.. စာအုပ်ပို့ပေးလိုက်တာ နှစ်သက်မယ်လို့ ထင်ပါတယ်.. ရှင်မမှတ်မိပဲနဲ့ အားလုံးကို ပြောပြခဲ့တာ ကျေးဇူးတင်ပါတယ်.. ရီတာ...တဲ့..

ငါထင်တာကတော့ ဘက်သီဒါအစစ် အသက်ရှင်နေတုန်းက ဒီစာအုပ်ရောက်လာခဲ့ပုံပဲ.. ဒါပေမယ့် သူ ဖတ်ဖြစ်ပုံ မရဘူး..."

"ဖြစ်နိုင်လောက်တယ်..."

ဟယ်ရီ စာအုပ်ဖုံးပေါ်မှ ဒမ်ဘယ်လ်ဒိုး၏ ပုံကို ကြည့်ရင်း ပျော့်ရှင်သလို ခံစားနေရသည်..။ ယခု သူ့ကို ဒမ်ဘယ်လ်ဒိုး ပြောမပြခဲ့သည်များကို သူ သိခွင့်ရပေတော့မည်...။

"နင် ငါ့ကို အရမ်းစိတ်ဆိုးနေတယ် မဟုတ်လား..."

ဟာမီယွန်က ပြောရင်းနှင့် မျက်ရည်များ စီးကျလာပြန်သည်..။

"မဟုတ်ပါဘူး.. ငါ နင့်ကို စိတ်မဆိုးပါဘူး.. ဒါ မတော်တဆ ဖြစ်တာပဲ.. နင်က ငါ့ကို အဲဒီက ထွက်လာနိုင်ဖို့ ကြိုးစားခဲ့တာပဲ.. နောက်ပြီး နင့်ကြောင့်သာ မဟုတ်ရင် ငါ

သေနေလောက်ပြီ.."

သူ ပြုံးပြလိုက်ရင်း စာအုပ်ပေါ်သို့ ပြန်၍ အာရုံစိုက်လိုက်သည်...။ စာအုပ်မှာ လုံးဝ အသစ်စက်စက်ပင်..။ သူ စာမျက်နှာများကို လှန်ကာ ဓာတ်ပုံကို ရှာလိုက်၏..။

သိပ်မကြာခင်မှာပင် ဒမ်ဘယ်လ်ဒိုးနှင့် ရယ်မောပြောဆိုနေသည့် ဓာတ်ပုံကို တွေ့လိုက်ရ၏။ ဟယ်ရီ အညွှန်းစာကို ဖတ်လိုက်သည်..။

မိခင်သေပြီး မကြာခင် တွေ့ရသော အဲဗက်စ်ဒမ်ဘယ်လ်ဒိုးနှင့် သူ့သူငယ်ချင်း ဂဲလ်လတ်ဂရင်ဒီဝေါတို့၏ပုံ

ဟယ်ရီ စာကို ဖတ်အပြီးမှာပင် အကြီးအကျယ် အံ့အားသင့်သွား၏..။ ဂရင်ဒီဝေါ ဆိုပါလား..။ ဟယ်ရီ ဟာမီယွန့်ကို ကြည့်လိုက်၏။ သူမကိုယ်တိုင်လည်း မယုံနိုင်ဖြစ်နေပုံပင်..။

အတန်ကြာမှ ဟယ်ရီ့ကို မော့ကြည့်ရင်း...

"ဂရင်ဒီဝေါဆိုပဲ..."

အခြားဓာတ်ပုံများကို လျစ်လျူရှုကာ ဟယ်ရီ စာမျက်နှာများပေါ်တွင် ထိုနာမည်ကို ထပ်ရှာလိုက်၏။ သူ နာမည်ကို တွေ့လိုက်ရ၍ အလောတကြီး ဖတ်လိုက်သော်လည်း ဘာကိုမှ

နားမလည်နိုင်ပေ..။ ထို့ကြောင့် ထိုအခန်း၏ အစကို လိုက်၍ရှာရပြန်သည်..။ ထို့နောက် သူကော ဟာမီယွန်ပါ အတူအတွ ဖတ်လိုက်ကြသည်..။

သူ့ရဲ့ ဆယ့်ရှစ်နှစ်မြောက်မွေးနေ့နီးလာတဲ့ ဒမ်ဘယ်လ်ဒိုးဟာ ဟော့ဝက်က အောင်မြင်မှုများစွာနဲ့ ထွက်လာခဲ့ပါတယ်..။ ကျောင်းသားခေါင်းဆောင်... အတန်းခေါင်းဆောင် ...

ဘာနာဘပ်စ်ဖင်ကလေရဲ့ မှော်ဂါထာဆု စတဲ့ ဆုတွေ အများကြီးနဲ့ပေါ့..။ ဒမ်ဘယ်လ်ဒိုးဟာ ဒေါ့ချ်နဲ့ ခရီးလှည့်လည်ထွက်ဖို့ တိုင်ပင်ခဲ့ပါတယ်...။

သူတို့နှစ်ယောက်ဟာ လီကီကော်ဒရွန်မှာ တည်းခိုနေရင်း နောက်တစ်နေ့မနက် ဂရိကိုသွားဖို့ ကြံစည်ခဲ့ကြပါတယ်..။ ဒါပေမယ့် ဒမ်ဘယ်လ်ဒိုးမိခင်ဆုံးကြောင်း

သတင်းရောက်လာတဲ့အခါမှာ ဒမ်ဘယ်လ်ဒိုးဟာ ဂိုဒရစ်ဟောလို းကို ချက်ချင်း ပြန်သွားခဲ့ရပါတယ်..။ သူ့ညီနဲ့ ညီမကို စောင့်ရှောက်ဖို့ပါ..။ ဒါပေမယ့် သူ တကယ်ပဲ သူတို့ကို

ဂရုတစိုက် စောင့်ရှောက်ခဲ့ပါသလား..။

ဂိုဒရစ်ဟောလို းရဲ့ အစွန်အဖျားမှာ နေခဲ့တဲ့ စမိခ်ကတော့...

"သူနဲ့ အက်ဘာဖို့နဲ့ လုံးဝ မတည့်ကြဘူး.. သူတို့နှစ်ယောက် အတူတူ သွားတာ လာတာ တစ်ခါမှ မတွေ့ဖူးဘူး..."

သူ့ညီနဲ့အတူ မနေရင် အဲဗက်စ် ဘာတွေ လုပ်နေခဲ့သလဲ..။ ထိုအခါ သူ့ညီမကို လှောင်ပိတ်ထားမှုမှာ ပို၍ ထင်ရှားလာ၏။ အာရီယာနာကို ပိတ်လှောင်ထားခဲ့သူ သေဆုံးသွားသော်လည်း

သူမအခြေအနေမှာ တိုးတက်မလာခဲ့..။ သူမ ရှိနေကြောင်းကို သိသူ အနည်းငယ်သာ ရှိပြီး ထိုသူများမှာ ဒေါ့ချ်ကဲ့သို့ပင် အလွန်နေမကောင်း ဖြစ်နေသည်ဟူသော အကြောင်းပြချက်ကို

လက်ခံသူများပင်...။

မိသားစုနှင့် ထိုကဲ့သို့ ရင်းနှီးသူ နောက်တစ်ယောက်မှာ ဘက်သီဒါ ဘက်ရှော့ပင် ဖြစ်သည်။ သူမမှာ ထင်ရှားကျော်ကြားသော သမိုင်းပညာရှင်တစ်ယောက် ဖြစ်ကာ ဂိုဒရစ်ဟောလို းတွင်

နှစ်ပေါင်းများစွာကတည်းက နေခဲ့သူ ဖြစ်၏။ ဒမ်ဘယ်လ်ဒိုး၏ မိခင် သေချိန်ဝယ် သူမနှင့် စကားသေချာ ပြောဖူးသူမှာ ဘက်သီဒါတစ်ယောက်သာ ရှိလေ၏..။

စုန်းကဝေလောကတစ်ခုလုံး သိကြသလိုပင် ဘက်သီဒါကလည်း ကန်ဒရာ အရွယ်မရောက်သေးပဲ သေဆုံးရခြင်းမှာ ဂါထာမန္တန်တစ်ခု မှားယွင်း၍ ပြန်ထိမှန်ခံရခြင်းကြောင့်ဟု ဆို၏..။

ထို့ကြောင့် ကြိုးစားပမ်းစားပင် ဘက်သီဒါကို သစ္စာဆေးရည်တိုက်ကာ အမှန်အားလုံး ပြောပြစေရန် ကြိုးစားခဲ့ရသည်..။ အဖြစ်အပျက်အားလုံးကို သေသေချာချာသိသူမှာ

သူမတစ်ယောက်သာ ရှိ၍ပင်...။

ဒမ်ဘယ်လ်ဒိုးအိမ်သို့ ပြန်ရောက်သွားခဲ့သော နွေရာသီမှာပင် ဘက်သီဒါမှာလည်း သူမ၏တူဖြစ်သူ ဂရင်ဒီဝေါကို အိမ်တွင် လက်ခံထားခဲ့သည်..။ ဂရင်ဒီဝေါမှာ မိစ္ဆာမှော်ပညာနှင့်

ပတ်သက်၍ အလွန် ထင်ရှားခဲ့သူပင်..။ မိစ္ဆာသခင်ကြီးပေါ်လာ၍သာ ထိပ်ဆုံးနေရာတွင် သတ်မှတ်မခံရခြင်း ဖြစ်သည်..။ ဂရင်ဒီဝေါမှာ သူ၏ အာဏာစက်ကို ဗြိတိန်တွင် မဖြန့်ကျက်ခဲ့

၍လည်း သူ့အကြောင်းကို ဤနေရာရှိ လူများ မသိကြခြင်း ဖြစ်သည်...။

ဒရမ်ခရမ်ကျောင်းထွက်ဖြစ်ပြီး ထိုကျောင်းမှာ မိစ္ဆာမှော်ပညာနှင့် ပတ်သက်၍ နာမည်ကြီးလှသည်..။ ဂရင်ဒီဝေါမှာ ဒမ်ဘယ်လ်ဒိုးကဲ့သို့ပင် ထူးချွန်သူ ဖြစ်သည်။ သို့ရာတွင် ဂရင်ဒီဝေါမှာ

ဆုများရရှိစေရန် မကြိုးစားခဲ့ပေ..။ သူ၏ မိစ္ဆာမှော်ပညာ စမ်းသပ်ချက်များကြောင့် ဒရမ်ခရမ် ကျောင်းကပင် သူ့ကို လက်မခံနိုင်တော့ပဲ အသက်ဆယ့်ခြောက်နှစ်ဝယ်

ထုတ်ပယ်ပစ်လိုက်၏...။

ဂရင်ဒီဝေါမှာ သူ့အဒေါ်ဆီသို့ အလည်အပတ်လာရင်း ဒမ်ဘယ်လ်ဒိုးနှင့် ခင်မင်ရင်းနှီးခဲ့ကြသည်..။ ဘက်သီဒါက..

"သူက ကျွန်မအတွက်တော့ ချစ်စရာကောင်းလေးပါပဲ.. နောက်ပိုင်း သူ ဘာတွေပဲဖြစ်ဖြစ်ပေါ့.. ဒါနဲ့ သူ့ကို အဲဗက်စ်နဲ့မိတ်ဆက်ပေးမိတယ်.. အဲဗက်စ်ခမျာ အပေါင်းအသင်း

မရှိရှာဘူးလေ... သူတို့ချက်ချင်းပဲ ခင်မင်သွားကြတာပဲ... သူတို့နှစ်ယောက် တစ်နေကုန် တိုင်ပင်ဆွေးနွေးနေကြတာပဲ.. တစ်နေ့မှာ ကျွန်မရဲ့တူ ပြတင်းပေါက်ကို ဇီးကွက်တစ်ကောင်

စာယူလာတယ်.. ဂဲလ်လတ်ဆီကို ဒမ်ဘယ်လ်ဒိုးက ပြန်လိုက်တဲ့စာပဲ..."

အဲဒီ့စာထဲမှာ ဘာတွေပါလဲ...။ ဒမ်ဘယ်လ်ဒိုးကို ထောက်ခံတဲ့သူတွေ အတွက်ကတော့ တကယ့် ထိတ်လန့်စရာ ကိစ္စကြီးပဲ...။

(မူရင်းစာအတိုင်း စာမျက်နှာ ၄၆၃မှာ ဖော်ပြထားပါတယ်...)

ဂဲလ်လတ်...

မင်းပြောတဲ့ မက်ဂယ်တွေအပေါ်မှာ စုန်းကဝေတွေ အုပ်စိုးနိုင်ရမယ် ဆိုတဲ့အကြံကို ငါ သဘောကျတယ်..။ ငါတို့မှာ စွမ်းအားတွေ ရှိတယ်..။ ဒီစွမ်းအားတွေကြောင့် သူတို့ကို

အုပ်ချုပ်သင့်တယ်.. ဒါပေမယ့် ငါတို့ အစီအစဉ်ကို သေချာချမှတ်နိုင်မှ ဖြစ်မယ်.. ငါတို့ ဘယ်လို အစီအစဉ် စကြမလဲ...။

ငါတို့ ပိုပြီး ကြီးကျယ်မြင့်မြတ်ဖို့အတွက် သူတို့ကို ထိန်းချုပ်ထားနိုင်ရမယ်..။ အဲဒီ့နေရာမှာ မင်းနဲ့ငါ နည်းနည်းကွဲလွဲနေတယ်...။ ငါတို့ လိုအပ်သလောက်ပဲ အင်အား သုံးသင့်တယ်လို့

ထင်တယ်...။ (ဒရမ်ခရမ်ကျောင်းမှာလဲ မင်း ဒီလိုပဲ မှားခဲ့တာပဲ မဟုတ်လား.. ဒါပေမယ့် ငါ အပြစ်မတင်ပါဘူး.. ဒီလိုမှ မဟုတ်ရင် မင်းနဲ့ငါ ဘယ်တွေ့ခွင့်ရမလ...)

အဲဗက်စ်....

သူ့ကို ကြည်ညိုသူများအဖို့ ထိတ်လန့်ကြောက်ရွံ့မှုနှင့် အံ့သြမှုများကို ဖြစ်စေနိုင်သော စာတစ်စောင်ပင် ဖြစ်သည်..။ အဲဗက်စ်ဒမ်ဘယ်လ်ဒိုးမှာ တစ်ချိန်က မက်ဂယ်များအပေါ်တွင်

စိုးမိုးရန် ကြံစည်ခဲ့ဖူးသည်မှာ မငြင်းနိုင်သော အချက်ပင်..။ ဒမ်ဘယ်လ်ဒိုးကို မက်ဂယ်မွေးသူများအား အမြဲကာကွယ်ပေးသူဟု ထင်ထားသူများအတွက်တော့ တကယ့်ကို

စိတ်ပျက်ဖွယ်ရာပင် ဖြစ်ပေလိမ့်မည်...။

ဒမ်ဘယ်လ်ဒိုးမှာ သူ၏ အာဏာစက်ကို မြှင့်တင်နိုင်ရန် ကြိုးစားခဲ့သည်မှာ အထင်အရှားပင်..။

သူတို့နှစ်ယောက် နှစ်လနီးပါး ခင်မင်စွာ ဆက်ဆံခဲ့ပြီးနောက် ဒမ်ဘယ်လ်ဒိုးနှင့် ဂရင်ဒီဝေါတို့ ခွဲခွာခဲ့ကြသည်..။ တစ်ခါမှ ထပ်မံတွေ့ဆုံခြင်း မရှိကြတော့ပေ..။ သူတို့နှစ်ယောက်၏

အထူးထင်ရှားလှသည့် စီးချင်းထိုးပွဲ မတိုင်မီအထိပင်..။ ဘာကြောင့်များ သူတို့ချက်ချင်း လမ်းခွဲခဲ့ကြတာလဲ..။ ဒမ်ဘယ်လ်ဒိုးတစ်ယောက် အမြင်မှန်ရသွားသလား..။ ဤကဲ့သို့ မ

ဟုတ်ပေ...။

ဘက်သီဒါက...

"အာရီယာနာ သေသွားတာနဲ့ ပတ်သက်လိမ့်မယ် ထင်တာပဲ.. အဲဒီ့နေ့က ဂဲလ်လတ်က အဲဒီ့အိမ်ထဲမှာ ရှိနေတယ်လေ.. သူ မျက်စိမျက်နှာပျက်ပြီး အိမ်ပြန်ရောက်လာတယ်..

နောက်တစ်နေ့မှာပဲ ကျွန်မကို အိမ်ပြန်ချင်တယ်လို့ ပြောတယ်.. သူ့ကိုကြည့်ရတာ အရမ်းကို စိတ်ခတ်ကျနေသလိုပဲ.. ဒါနဲ့ နောက်တစ်နေ့မှာပဲ ပေါ့ကီးနဲ့ ပြန်လွှတ်လိုက်တယ်.. အဲဒါ

သူ့ကို နောက်ဆုံး တွေ့ရခြင်းပဲ..."

"အာရီယာနာ ဆုံးတဲ့အချိန်မှာ အဲဗက်စ်လည်း ရှိနေတယ်... သူတို့ညီအစ်ကိုအတွက်တော့ တကယ့်ကို ဆိုးဝါးတဲ့ အဖြစ်အပျက်ပဲ .. အက်လာဖို့က အဲဗက်စ်ကို အပြစ်တင်တယ်..

ဒီလိုအချိန်မှာ စိတ်တိုချင်နေကြတာ ထုံးစံပါပဲ.. ဒါပေမယ့် အက်ဘာဖို့ကတော့ ပိုပြီး စိတ်ဆိုးနေပုံရတယ်... နောက်ပြီး အဲဗက်စ် နှာခေါင်းရိုးကျိုးအောင်လည်း ဈာပန အခမ်းအနားထဲမှာပဲ

ထိုးကြိတ်ခဲ့သေးတယ်.. ဆိုးတာတစ်ခုက ဂဲလ်လတ်က ဈာပနအထိ မနေခဲ့တာပဲ.. သူသာရှိရင် အဲဗက်စ်ကို နှစ်သိမ့်နိုင်လိမ့်မယ် ထင်တယ်..."

ဤရန်ပွဲကို ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့သူ အနည်းစုသာ သိကြ၏..။ မေးခွန်းများလည်း အမြောက်အများပင် ထွက်ပေါ်လာ၏..။ ဘာကြောင့် အက်ဘာဖို့က ဒမ်ဘယ်လ်ဒိုးကို

သူ့ညီမသေတာနဲ့ ပတ်သက်ပြီး အပြစ်တင်ရသလဲ..။ သူ ဘာကြောင့် ဒီလို ပေါက်ကွဲရသလဲ..။ တခြားသော အကြောင်းပြချက်တွေများ ရှိသေးသလား...။

ဂရင်ဒီဝေါမှာ ကျောင်းမှ ကျောင်းသားတစ်ယောက်ကို သေလုနီးပါး တိုက်ခိုက်မှုအတွက် ကျောင်းထုတ်ခံရသူ ဖြစ်သည်။ သူနှင့်ရော ပတ်သက်နေသလား..။ မပတ်သက်လျှင်

မည်သည့်ကိစ္စကြောင့် ချက်ချင်း ထွက်ခွာသွားသလဲ..။ အဲဗက်စ်ကလည်း သူနှင့် ထပ်မတွေ့တော့ချေ..။ စုန်းကဝေလောကတစ်ခုလုံးက ဝိုင်းဝန်းတောင်းပန်ကြ၍သာ နောက်ဆုံး

ယှဉ်ပြိုင်ဖြစ်ခဲ့ခြင်း ဖြစ်သည်..။

ဒမ်ဘယ်လ်ဒိုးကော ဂရင်ဒီဝေါပါ သူတို့ ခင်မင်ရင်းနှီးခဲ့ဖူးကြောင်းကို ထုတ်ဖော်မပြောကြပေ..။ သို့ရာတွင် ဂရင်ဒီဝေါကို ရင်ဆိုင်ရန် ငါးနှစ်နီးပါးမျှ ဒမ်ဘယ်လ်ဒိုး နှောင့်နှေးခဲ့သည်မှာ

ငြင်းမရပေ..။ သူတို့ သူငယ်ချင်းဖြစ်ခဲ့ဖူးသော အချက်ကြောင့် ဒမ်ဘယ်လ်ဒိုး လက်နှေးခဲ့သလား...။

အာရီယာနာ သေဆုံးမှုမှာလည်း ထူးဆန်းလှသည်။ မိစ္ဆာမှော်ပညာ၏ အစမ်းသပ်ခံများ ဖြစ်ခဲ့လေသလား..။ လူငယ်နှစ်ယောက် လေ့ကျင့်နေစဉ် သူမ မတော်တဆ ထိုနေရာသို့

ရောက်သွားခဲ့လေသလား..။ သူတို့ နှစ်ယောက် ပိုပြီး ကြီးကျယ်မြင့်မြတ်ဖို့ကြံတဲ့ လမ်းခရီးမှာ သူမဟာ ပထမဆုံး သားကောင် ဖြစ်ခဲ့သလား...။

အခန်းမှာ ထိုနေရာမှာပင် အဆုံးသတ်ထား၏။ ဟာမီယွန်က သူ့ကို တစ်ချက်ကြည့်ရင်း စာအုပ်ကို ပိတ်လိုက်၏။

"ဟယ်ရီ..."

သူ ခေါင်းကို ခါယမ်းပြလိုက်သည်။ သူ့ရင်ထဲတွင် တစ်စုံတစ်ခု ကွဲကြေသွားသလို ခံစားနေရသည်။ သူ ဒမ်ဘယ်လ်ဒိုးကို ယုံကြည်ခဲ့၏..။ သူ၏ ဉာဏ်ပညာနှင့် ဂုဏ်သိက္ခာကို သူ

ယုံကြည်ခဲ့သည်..။ အားလုံးဆုံးရှုံးသွားသလိုပင်..။ သူ ဘာတွေ ဆက်ပြီး ဆုံးရှုံးနေဦးမှာလဲ..။ ရှုန်... ဒမ်ဘယ်လ်ဒိုး.. သူ့ရဲ့ မှော်တောင်ဝှေး.. ပြီးတော့ကော...။

"ဟယ်ရီ.. ငါပြောတာကို နားထောင်စမ်းပါ.. ဒီစာကို ဖတ်ရတာ မကောင်းတာတော့ မှန်တယ်.. ဒါပေမယ့် .. ဒါ ရီတာစကီတာ ရေးထားတာဆိုတာ နင်မမေ့သင့်ဘူး..."

"နင် ဂရင်ဒီဝေါ်ဆီကို ရေးထားတဲ့စာကို ဖတ်လိုက်တယ် မဟုတ်လား.."

"အင်း .. ဖတ်.. ဖတ်လိုက်တယ်.."

ဟာမီယွန်က အေးစက်နေသော လက်ဖက်ရည်ကို သောက်လိုက်ရင်း...

"ဒီ.. ဒီကိစ္စကတော့ အဆိုးဆုံးပဲ.. ဘက်သီဒါကတော့ စကားအဖြစ် ပြောလိုက်တာပဲ.. ဒါပေမယ့် ပိုပြီး ကြီးကျယ်မြင့်မြတ်စေဖို့ ဆိုတဲ့စကားက ဂရင်ဒီဝေါ်ရဲ့ ဆောင်ပုဒ်ဖြစ်သွားတယ်.. သူ

ဒီစကားလုံးကို ဒမ်ဘယ်လ်ဒိုးဆီက ရသွားတာပဲ.. ဒမ်ဘယ်လ်ဒိုးက သူ့ကို အကြံပေးလိုက်သလိုပဲ.. ဒီစကားလုံးကို နာမန်ဂတ် အဝင်ဝမှာတောင် ရေးထားတယ်ဆိုပဲ..."

"ဘာလဲဟ .. နာမန်ဂတ်ဆိုတာ..."

"သူ့ရဲ့ ရန်သူတွေကို ဖမ်းဖို့ ဂရင်ဒီဝေါ် ဆောက်ထားတဲ့ အကျဉ်းထောင်လေ.. နောက်ဆုံးတော့ သူကိုယ်တိုင် အဲဒီထဲမှာပဲ ဒမ်ဘယ်လ်ဒိုး လက်ချက်နဲ့ အဖမ်းခံလိုက်ရတယ်..

ဘယ်လိုပဲဖြစ်ဖြစ် ဒမ်ဘယ်လ်ဒိုးရဲ့ အကြံဉာဏ်ကြောင့် သူ ဒီလို ဖြစ်သွားတာကတော့ ဆိုးတယ်ဟ.. ဒါပေမယ့် ရီတာကတောင် မညာနိုင်တာက သူတို့ နွေရာသီတစ်ခုမှာ

တစ်လနှစ်လလောက်ပဲ ခင်ခဲ့တယ် ဆိုတာပဲ.. ပြီးတော့ သူတို့က သိပ်ငယ်ရွယ်သေးတယ်..."

ဟယ်ရီ ဒေါသသံမပါစေရန် ထိန်းသိမ်းရင်း...

"နင် ဒီလို ပြောမယ်လို့ ငါထင်သားပဲ.. သူတို့က သိပ်ငယ်သေးတယ် ဟုတ်လား... သူတို့အသက်နဲ့ အခု ငါတို့အသက် အတူတူပဲ.. ငါတို့ အခု ဘာလုပ်နေလဲ.. အသက်စွန့်ပြီး

မိစ္ဆာမှော်ပညာကို ဆန့်ကျင်နေတယ်.... သူ ဘာလုပ်ခဲ့သလဲ.. သူ့ရဲ့ အသစ်စက်စက် သူငယ်ချင်းနဲ့ မက်ဂယ်တွေအပေါ် လွှမ်းမိုးနိုင်ဖို့ ကြိုးစားနေတယ်..."

သူ့ဒေါသတို့ ပျောက်သွားစေရန် ဟယ်ရီ လမ်းထလျှောက်နေလိုက်သည်..။ ဟာမီယွန်က..

“ငါ ဒမ်ဘယ်လ်ဒိုးကို ကာကွယ်ပေးနေတာ မဟုတ်ဘူး.. ဒါပေမယ့် ဟယ်ရီ.. သူ့အမေသေပြီးစ အိမ်မှာ တစ်ယောက်တည်း ဖြစ်နေတဲ့အချိန်...”

“တစ်ယောက်တည်း ဟုတ်လား.. သူ တစ်ယောက်တည်း မဟုတ်ဘူး.. သူ့မှာ ညီနဲ့ညီမ ရှိသေးတယ်.. သူ့ရဲ့ စက္ကွစ်ဘ်ဖြစ်နေတဲ့ ညီမလေး...”

“ငါ လုံးဝမယုံဘူး.. ဒီကောင်မလေးနဲ့ပတ်သက်တဲ့ မှားယွင်းမှုတစ်ခုခု ရှိလိမ့်မယ်.. ဒါပေမယ့် သူ့ကို စက္ကွစ်ဘ်လို့ ငါမထင်ဘူး.. ငါတို့သိတဲ့ ဒမ်ဘယ်လ်ဒိုးက ဒီလိုကိစ္စမျိုးကို

ဘယ်တော့မှ ခွင့်ပြုမှာ မဟုတ်ဘူး...”

“ငါတို့ သိတယ်လို့ ထင်တဲ့ ဒမ်ဘယ်လ်ဒိုးကလည်း ဘယ်တုန်းကမှ မက်ဂယ်တွေကို အင်အားသုံးပြီး အုပ်ချုပ်ဖို့ မစဉ်းစားဖူးဘူး...”

သူ အော်ဟစ်လိုက်ရာ အနီးရှိ သစ်ပင်ပေါ်မှ ငှက်များပင် ထပျံပြေးကြ၏..။

“သူ ပြောင်းလဲသွားခဲ့တာပဲ ဟယ်ရီ.. ဒါ ရှင်းရှင်းလေးပဲ.. သူ့အသက် ဆယ့်နှစ်နှစ်မှာ ဒီကိစ္စတွေကို ယုံကြည်ခဲ့လိမ့်မယ်.. ဒါပေမယ့် ကျန်တဲ့ ဘဝတစ်လျှောက်လုံး သူ မိစ္ဆာမှော်ပညာကို

ဆန့်ကျင်ခဲ့တာပဲ... ဒမ်ဘယ်လ်ဒိုးပဲ ဂရင်ဒီဝေါကို နှိမ်နင်းခဲ့တယ်.. မက်ဂယ်နဲ့ မက်ဂယ်မွေး စုန်းကဝေ အခွင့်အရေးအတွက်လည်း သူပဲ ဦးဆောင်လှုပ်ရှားခဲ့တယ်.. မိစ္ဆာကောင်ကြီးကို

အစကတည်းက ရင်ဆိုင်ခဲ့တာလည်း သူပဲ... သူ့ကို နှိမ်နင်းဖို့ ကြိုးစားရင်းပဲ သူသေခဲ့ရတာ မဟုတ်လား...”

သူတို့နှစ်ယောက်ကြားတွင် ရှိနေသော စာအုပ်ပေါ်မှ ဒမ်ဘယ်လ်ဒိုးမှာ သူတို့ကို ပြုံးပြနေ၏...။

“ဟယ်ရီ.. ငါလည်း တကယ် စိတ်မကောင်းပါဘူး.. ဒါပေမယ့် နင် စိတ်ဆိုးနေတဲ့ တကယ့် အကြောင်းအရင်းက ဒီအကြောင်းတွေကို ဒမ်ဘယ်လ်ဒိုးက နင့်ကို ကိုယ်တိုင်ပြောမပြခဲ့လို့ မ

ဟုတ်လား...”

“ဖြစ်နိုင်ပါတယ်...”

ဟယ်ရီ သူ့ခေါင်းကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ရင်း ဘာလုပ်ရမှန်း မသိအောင် ဖြစ်မိသည်။ သူ ဒေါသ အကြီးအကျယ် ထွက်နေ၏..။

"သူ ငါ့ကို ဘာတောင်းဆိုခဲ့သလဲ ဟာမီယွန်.. ငါ့အသက်ကို စွန့်ပြီး လုပ်ရမယ့် ကိစ္စကို ခိုင်းခဲ့တယ်.. ပြီးတော့ ... ပြီးတော့ ငါ့ကို ဘာမှ ရှင်းမပြခဲ့ဘူး... သူ့ကို မျက်စိမှိတ်ပြီး

ယုံကြည်ခိုင်းခဲ့တယ်.. ငါ့ကိုယ်ငါလည်း ယုံကြည်ပြီး လုပ်ရမယ်တဲ့.. ဒါပေမယ့် သူ ငါ့ကို တစ်ခါမှ အမှန်ကို ပြောမပြခဲ့ဘူး..."

သူ့အသံမှာ အက်ကွဲနေ၏..။ ဟာမီယွန်က...

"သူ နင့်ကို ချစ်တယ်... ဒါကို ငါ သေချာသိပါတယ်ဟယ်.."

"သူ ဘယ်သူ့ကို ချစ်သလဲ ငါမသိဘူး ဟာမီယွန်.. ဒါပေမယ့် ငါ မဟုတ်တာကတော့ သေချာတယ်... သူ ငါ့ကို ဒီလို အရှုပ်အထွေးထဲထားခဲ့တာ အချစ်မဟုတ်ဘူး.. သူ

ဂရင်ဒီဝေါလောက်တောင်မှ ငါ့ကို ပွင့်ပွင့်လင်းလင်း မတိုင်ပင်ခဲ့ဘူး.."

ဟယ်ရီ သူ နှင်းပေါ်တွင် ပစ်ချထားခဲ့သော ဟာမီယွန်၏ မှော်တောင်ဝှေးကို ပြန်ကောက်ယူလိုက်ရင်း...

"လက်ဖက်ရည် လာတိုက်တာ ကျေးဇူးပဲ.. ငါ့အလှည့်ပြီးအောင် ဆက်စောင့်လိုက်မယ်.. နင် နွေးတဲ့အထဲမှာပဲ နေပါ..."

သူမမှာ အနည်းငယ် တုံ့ဆိုင်းသွားသော်လည်း စာအုပ်ကို ကောက်ယူလိုက်ကာ ရွက်ဖျင်တဲထဲသို့ ပြန်ဝင်သွား၏။ သို့ရာတွင် အထဲသို့ မဝင်ခင် သူ့ခေါင်းကို လက်ဖြင့် အသာအယာ

ပွတ်သပ်သွားခဲ့သည်။ ဟယ်ရီ မျက်လုံးတို့ကို မှိတ်ထားမိသည်..။ သူမပြောသလို ဒမ်ဘယ်လ်ဒိုး သူ့ကို တကယ်ပဲ ဂရုစိုက်သလား..။ သူ့ကို ဂရုစိုက်ပါစေဟု ဆိုတောင်းမိသည်ကိုပင် ဟယ်ရီ

သူ့ကိုယ်သူ မကျေမနပ်ဖြစ်မိ၏..။

**၁၉။ ငွေရောင်သမင်မ**

ဟာမီယွန် ကင်းစောင့်ရန် အလှည့်ကျချိန်မှာ နှင်းများ ထူထပ်စွာ ကျနေပြီး သန်းခေါင်ယံ တိုင်ပေပြီ...။ ဟယ်ရီ့အိပ်မက်များမှာ အလွန်ပင် အနှောင့်အယှက် ပေးနေ၏..။ သူမကြာခဏပင်

နိုးနိုးနေ၏..။ တစ်ယောက်ယောက်က သူ့ကို အဝေးမှ ခေါ်နေသလို ထင်မိ၏..။ လေတိုးသံများကလည်း နားထဲဝယ် ခြေသံပမာ ကြားယောင်နေမိသည်။

နောက်ဆုံးတွင် သူ အိပ်ရာမှထကာ ဟာမီယွန့်အနီးသို့ သွားနေလိုက်သည်။ ဟာမီယွန်မှာ ရွက်ဖျင်တဲဝတွင် ထိုင်ကာ မှော်ပညာသမိုင်း စာအုပ်ကို မှော်တောင်ဝှေးထိပ်မှ အလင်းရောင်ဖြင့်

ဖတ်နေ၏..။ နှင်းများမှာ ထူထပ်စွာ ကျရောက်နေဆဲပင်..။ သူက စောစောစီးစီး သိမ်းဆည်းကာ ထွက်ခွာဖို့ အကြံပေးရာ ဟာမီယွန် စိတ်သက်သာရာ ရသွားပုံပေါ်၏..။

"ငါတို့ ပိုပြီး အကာအကွယ် ကောင်းတဲ့ နေရာကို သွားရအောင်.. ငါ အပြင်မှာ လူတွေ သွားလာနေတဲ့ အသံ ကြားတယ်လို့ ထင်တယ်.. ငါ တစ်ယောက်ယောက်ကိုတောင်

တစ်ချက်လောက် ရိပ်ခနဲ တွေ့လိုက်သလိုပဲ..."

ဟယ်ရီ စားပွဲပေါ်ရှိ သူခိုးအချက်ပြမှန်ပြောင်းကို ကြည့်လိုက်မိသော်လည်း လုံးဝလှုပ်ရှားမှု မရှိပေ..။

"ငါ့စိတ်ထင်တာပဲ ဖြစ်မှာပါ.. ဒါပေမယ့် ငါတို့ လိုလိုမယ်မယ် ကိုယ်ပျောက်ဝတ်ရုံခြုံပြီး ကိုယ်ရောင်ဖျောက်သွားရင် ကောင်းမယ်.."

နာရီဝက်အတွင်းမှာပင် ရွက်ဖျင်တဲကို ခေါက်သိမ်းပြီး ဟာမီယွန်၏ လက်ကိုင်အိတ်ထဲ ထည့်လိုက်သည်..။ ထို့နောက် ဟယ်ရီက ဝိညာဉ်ကိုယ်ပွားကို လည်ပင်းတွင် ဆွဲထားကာ

ကိုယ်ရောင်ဖျောက်ခဲ့ကြသည်။

နှင်းများထူထပ်ကာ ကျနေသော မြေပြင်တစ်ခုပေါ်သို့ သူတို့ ရောက်လာခဲ့ကြသည်..။

"ငါတို့ ဘယ်ရောက်လာတာလဲ..."

ဟာမီယွန်က အိတ်ထဲမှ ရွက်ဖျင်တဲကို ပြန်ထုတ်နေ၏..။

"ဒင်းန်တောအုပ်လေ.. ငါ့အဖေအမေနဲ့ အတူ တစ်ခါလာဖူးတယ်"

ဤနေရာတွင်လည်း နှင်းများကျနေကာ အလွန်ချမ်းအေးလှသည်။ သို့ရာတွင် တောအုပ်ထဲတွင် ဖြစ်၍ လေအေးအေး၏ ဒဏ်ကိုမူ မခံရပေ..။ တစ်နေ့လုံးလိုလို ရွက်ဖျင်တဲထဲတွင်

ဟာမီယွန်လုပ်ထားသော အပြာရောင် မီးတောက်နှင့် အနွေးခံကာနေကြ၏...။

နှစ်ညခန့် အိပ်မပျော်ပဲ ရှိခဲ့ပြီးနောက် ဟယ်ရီ့ စိတ်ထဲဝယ် ပို၍ သတိထားစရာ များလာ၏..။ သူတို့ ဂိုဒရစ်ဟောလို းမှ လက်မတင်ကလေး လွတ်လာခဲ့ခြင်း ဖြစ်သည်..။ ဗိုဒီမော့မှာ

အရင်ကထက်ပို၍ နီးလာကာ ပို၍ ခြိမ်းခြောက်လာ၏..။ ညအမှောင်ချိန်ဝယ် ဟာမီယွန်က ကင်းစောင့်ပေးမည် ပြောသော်လည်း ဟယ်ရီ လက်မခံပဲ ငြင်းပယ်လိုက်သည်။

ဟယ်ရီ ရွက်ဖျင်တဲဝသို့ ထိုင်ခုံကို ရွှေ့ကာ ထိုင်လိုက်သည်။ သူ့တွင် ရှိသမျှ ဆွယ်တာများ ထပ်ဝတ်ထားသည့်တိုင် အေးစက်နေသေး၏..။ အမှောင်ထုမှာ တဖြည်းဖြည်း သိပ်သည်းလာကာ

ပတ်ဝန်းကျင်ကို လုံးဝမမြင်ရတော့ပေ..။ သူ မရူဒါမြေပုံကို ထုတ်ကြည့်၍ ဂျင်းနီကို ရှာရန် စဉ်းစားမိသော်လည်း ခရစ်စမတ်ကျောင်းပိတ်ရက်မှန်း ရုတ်ချည်းသတိရလိုက်သည်။

တောထဲတွင် ဖြစ်၍ အနည်းငယ်မျှသော လှုပ်ရှားမှုကပင် ထိန်လန့်စရာ ဖြစ်နေ၏..။ တောထဲတွင် တောကောင်များ ပြည့်နှက်နေမည် ဖြစ်ကြောင်း ဟယ်ရီ သိသည်။

သို့သော် တိတ်ဆိတ်နေပါစေဟု သူ တောင့်တမိသည်။ သို့မှသာ သူ အသံများကို သေသေချာချာ ခွဲခြားနိုင်ပေမည်..။ ထိုအချိန်မှာပင် ဝတ်ရုံရှည်လှုပ်ရှားသံ တစ်ခုကို

သူကြားလိုက်ရသည်ဟု ထင်မိသည်။ သူ သေချာနားထောင်နေစဉ်မှာပင် နောက်တစ်ကြိမ် ထပ်ကြားလိုက်ရ၏..။

သူတို့၏ အကာအကွယ် အစီအရင်များ လပေါင်းများစွာ အမှားအယွင်း မရှိခဲ့ပေ..။ သို့သော် ယခုမည်ကဲ့သို့ ဖြစ်ရသလဲ.. ဟယ်ရီ မသိနိုင်ပေ..။ သို့ရာတွင် တစ်ခုခုကို သူ ထူးထူးခြားခြား

ခံစားနေရ၏..။

သူ အိပ်ပျော်မသွားစေရန် ကြိုးစားရင်း စောင့်ကြည့်နေမိသည်။ ညက ပို၍မှောင်လာ၏..။ ထိုအချိန်မှာပင် တောက်ပနေသော ငွေရောင်အရာ တစ်ခု သူ့ရှေ့တွင် ပေါ်လာကာ

သစ်ပင်များဆီမှ လျှောက်လာ၏..။ အသံ လုံးဝမထွက်ပေ..။ သူ့ဆီသို့ အလင်းရောင်သာ ရောက်ရှိလာ၏..။

သူခုန်ထလိုက်ရင်း ဟာမီယွန်၏ မှော်တောင်ဝှေးဖြင့် ချိန်ရွယ်လိုက်သည်။ ထိုအရာမှာ ဝက်သစ်ချပင်ကြီးနောက်မှ ထွက်ပေါ်လာပြီး အလင်းရောင်မှာ ပို၍ တောက်ပလာကာ နီးသည်ထက်

နီးကပ်လာ၏..။ ငွေရောင် တောက်ပနေသော သမင်မတစ်ကောင်ပင်...။

တိတ်တိတ်ဆိတ်ဆိတ်ပင် ရှိနေပြီး နှင်းပေါ်တွင် မည်သည့် ခြေရာမှ ထင်မကျန်ရစ်ပေ..။ သူ့ဆီသို့ လျှောက်လာရင်း ခေါင်းကိုမော့ထား၏..။

ဟယ်ရီ သတ္တဝါကို ငေးကြည့်နေမိသည်..။ အလွန် အံ့ဩနေမိ၏..။ သို့သော် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ကြောင့် မဟုတ်ပေ..။ သူ အလွန်ရင်းနှီးနေသည့်အတွက် အံ့ဩမိခြင်းပင်..။

သူမအလာကို သူစောင့်နေသည်ဟု ခံစားမိသည်။ သူတို့တွေ့ဆုံဖို့ကိစ္စကို သူမေ့လျော့နေခဲ့သလို ခံစားနေမိရ၏။

ဟာမီယွန်ကို အော်ခေါ်ရန် ကြံနေသည့် အကြံအစည်မှာ ထူးထူးခြားခြားပင် ပျောက်ကွယ်သွား၏..။ သူ သေချာသိနေသည်မှာ သမင်မလေးမှာ သူ့ဆီသို့ လာခြင်းဖြစ်သည်..။

သူတစ်ယောက်တည်းဆီသို့သာ လာခြင်းဖြစ်သည်...။

တစ်ယောက်ကို တစ်ယောက် အတန်ကြာ ငေးကြည့်နေပြီးနောက် သူမမှာ နောက်ပြန်လှည့်ကာ ထွက်ခွာသွား၏...။

“မသွားနဲ့.. ပြန်လာခဲ့...”

ဟယ်ရီ့ စကားသံမှာ အက်ကွဲနေ၏..။ သို့ရာတွင် သူမမှာ နောက်ပြန်လှည့်ထွက်သွားပြီ ဖြစ်သည်။ စက္ကန့်အတော်ကြာကြာ သူ တွန့်ဆုတ်နေမိသည်။ သူ့စိတ်ထဲတွင် ဤအရာမှာ

ထောင်ချောက်တစ်ခု ဖြစ်နိုင်ကြောင်း အကြိမ်ကြိမ် သတိပေးနေမိသည်။ သို့ရာတွင် သူ၏ မသိစိတ်ကမူ ဤအရာမှာ မိစ္ဆာမှော်ပညာ မဟုတ်ကြောင်း အသေအချာသိနေ၏..။ ထို့ကြောင့်

ဟယ်ရီ သမင်မနောက်သို့ စတင်လိုက်တော့သည်။

နှင်းထဲတွင် သူ့ခြေသံများ ပေါ်ထွက်လာကာ ခြေရာများ ထင်ကျန်ခဲ့၏..။ သို့ရာတွင် သမင်မမှာမူ အသံမထွက်ပဲ သစ်ပင်များကို ဖြတ်ကျော်သွားလျှက် ရှိသည်။ တောအုပ်ထဲသို့ ပို၍နက်ရ

ှိုင်းစွာ ဝင်ရောက်လာခဲ့သည်။ ဟယ်ရီ နောက်မှ လျှင်မြန်စွာ လိုက်ပါလာခဲ့၏..။ တစ်နေရာရာတွင် သူ့ကို တစ်ခုခု ပြောလိမ့်မည်ဟု ဟယ်ရီ ယူဆမိသည်...။

ထို့နောက် တစ်နေရာတွင် ရပ်တန့်သွား၏..။ သူမ၏ ဦးခေါင်းကို သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ ပြေးကာ လာခဲ့၏..။ မေးခွန်းများက သူ့ခေါင်းထဲဝယ် ပလုံစီနေ၏..။

သို့သော် သူ့ပါးစပ်ကို ဟလိုက်ချိန်မှာပင် သမင်မက ပျောက်ကွယ်သွားတော့သည်...။

သူမရှိနေစဉ်က မဖြစ်ပေါ်ခဲ့သော ထိန်လန့်မှုများ သူ့တွင် ပေါ်ပေါက်လာ၏..။

"လူးမို့စ်..."

သူ၏ ခပ်တိုးတိုး ရေရွတ်သံနှင့် အတူ မှော်တောင်ဝှေးထိပ်မှ အလင်းရောင် ထွက်ပေါ်လာ၏..။ သူ ထိုနေရာမှာပင် ရပ်ကာ တောထဲမှ အသံများကို နားထောင်နေမိ၏..။ သူ

ချုံခိုတိုက်ခံရတော့မည်လား ဟု တွေးမိသည်။ အမှောင်ထဲတွင်များ သူ့ကို စောင့်ကြည့်နေကြသလားဟု စဉ်းစားမိ၏..။

သူ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်..။ သို့ရာတွင် မည်သူမှ သူ့ဆီပြေးမလာသလို အစိမ်းရောင် အလင်းတန်းများလည်း လွင့်ပျံမလာပေ...။ ဒါဆို ဘာကိစ္စ သူ့ကို ဒီနေရာထိ

ခေါ်လာခဲ့ရသလဲ ဟု တွေးမိပြန်၏။

အရောင်တစ်ချက် လက်ခနဲ ဖြစ်သွားသဖြင့် ဟယ်ရီ မှော်တောင်ဝှေးထိပ်မှ အလင်းရောင်ဖြင့် လှည့်ပတ်ကြည့်လိုက်သည်..။ သို့ရာတွင် အေးခဲနေသော ရေကန်လေးတစ်ခုမှ လွဲ၍

ဘာမှမတွေ့ပေ။ ဟယ်ရီ အနီးကပ်၍ သေချာကြည့်လိုက။ ရေခဲများက သူ၏ပုံရိပ်နှင့် အလင်းရောင်ကို ရောင်ပြန်ဟပ်နေကြသည်။ သို့ရာတွင် ရေကန်အောက်ဘက်ရှိ အညိုရောင်

နှင်းထုများကြားဝယ် ငွေရောင် အရာတစ်ခုက တောက်ပနေ၏..။

ဟယ်ရီ့ ရင်ခုန်သံ မြန်လာ၏..။ သူ ရေကန်ဘေးတွင် ဒူးထောက်ထိုင်ရင်း မှော်တောင်ဝှေးကို ရေခဲပြင်နှင့် ကပ်ကာ အလင်းရောင်အားကို တတ်နိုင်သရွေ့ မြှင့်တင်လိုက်၏..။ အနီရောင်

တစ်ချက်လက်သွား၏..။ လက်ကိုင်ရိုးတွင် ပတ္တမြား မြှုပ်ထားသော ဓားပင်..။ ဂရစ်ဖင်ဒေါဓားမှာ တောအုပ်ထဲရှိ ရေကန်အောက်ခြေဝယ် လှဲလျောင်းနေ၏..။

သူ အသက်ပင် မရှူမိပဲ ငေးကြည့်နေမိ၏..။ သူ တကယ့်ကို နားမလည်နိုင်ပေ။

ဓားမှာ သူတို့ စခန်းချနေသော နေရာနှင့် အလွန်နီးသည့် ရေကန်ထဲသို့ မည်ကဲ့သို့ ရောက်ရှိလာခဲ့သနည်း..။ သူ နားမလည်နိုင်သော အရာတစ်ခုခုက ဟာမီယွန်ကို ဆွဲဆောင်၍

ခေါ်လာခဲ့သည်လား..။ အစောင့်အရှောက်ဂါထာကြောင့် ဖြစ်ရမည်ဟု သူယူဆထားသည့် သမင်မသည် ဤရေကန်စောင့်ပေပဲလား...။

ဓားကို သူတို့ ရောက်လာမှ ရေကန်ထဲ ထည့်ခဲ့သလား..။ ထိုသို့ဆိုလျှင် ဟယ်ရီ့ကို ဓားပေးချင်သူက မည်သည့်နေရာ ရောက်သွားသလဲ..။ နောက်ထပ်တစ်ကြိမ် မှော်တောင်ဝှေးထိပ်မှ

မီးရောင်ဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေလိုက်ပြန်သည်။ သို့ရာတွင် လူရိပ်လူယောင် မတွေ့ရပေ..။ ကြောက်ရွံ့စိုးရိမ်မှု တော်တော်များများ လျော့ပါးသွားပြီးနောက် သူ ဓားကို ပြန်၍

အာရုံစိုက်လိုက်သည်...။

သူ ငွေရောင်ဓားသဏ္ဍာန်ကို မှော်တောင်ဝှေးနှင့် ညွှန်လိုက်ရင်း...

"အက်ဆီယို..."

ဓားသဏ္ဍာန်မှာ လှုပ်ပင်မလှုပ်ချေ..။ သို့သော် သူမျှော်လင့်မထားပေ...။ ဤမျှ လွယ်မည်ဆိုလျှင် ဓားမှာ မြေပြင်ပေါ်တွင် သူ့အလာကို စောင့်နေပေလိမ့်မည်..။ ဤကဲ့သို့

ရေကန်အောက်ခြေတွင် နစ်မြုပ်နေမည် မဟုတ်ပေ..။

ဓား သူ့ဆီသို့ မည်ကဲ့သို့ ရောက်လာသည်ကို သူ စဉ်းစားကြည့်လိုက်၏။ သူ အန္တရာယ်ကြုံနေရသဖြင့် အကူအညီ တောင်းခံခဲ့စဉ်ကပင်..။

"ကယ်ပါဦး..."

သူ ရေရွတ်လိုက်သော်လည်း ဓားမှာ လုံးဝလှုပ်ရှားမှု မရှိပေ..။ မည်ကဲ့သို့ လုပ်ရမည်ကို ဟယ်ရီ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားကြည့်လိုက်၏။ သူ ဓားကို ရယူနိုင်ခဲ့စဉ်က

ဒမ်ဘယ်လ်ဒိုး ဘာပြောခဲ့သလဲ...။

"တကယ့် ဂရစ်ဖင်ဒေါအဆောင်သား အစစ်မှသာ ဓားကို ဦးထုပ်ထဲက ဆွဲထုတ်နိုင်စွမ်း ရှိတယ်"

ဂရစ်ဖင်ဒေါ်အဆောင်သား တစ်ယောက်ရဲ့ အရည်အချင်းက ဘာတွေလဲ..။ ဟယ်ရီ့တွင် အဖြေရှိပြီးသားပင်..။ "သူတို့ရဲ့ ရဲဝံ့မှု... စိတ်ဓာတ်နှင့် သူရဲကောင်းပီသမှုတို့က

ဂရစ်ဖင်ဒေါ်များကို ခွဲခြားပေးသည်..." ဟူသော စကားကို သူသိပြီးသားပင်...။

သူ ရပ်တန့်လိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်၏..။ သူ ဘာလုပ်ရမည်ကို သိသွားပေပြီ...။ သူ့ကိုယ်သူ မညာတမ်း ဝန်ခံရလျှင် ဓားကိုစတင်တွေ့သည့် အချိန်ကတည်းက

သူသိပြီးသားပင်..။

သူ ပတ်ဝန်းကျင်ရှိ သစ်တောကို လှည့်ပတ်ကြည့်လိုက်သည်..။ မည်သူမျှ သူ့ကို တိုက်ခိုက်ရန် မရှိကြောင်း သေချာအောင် ကြည့်လိုက်၏..။ ရှိခဲ့လျှင်လည်း သူ့ကို အလစ်ဖမ်းတိုက်ခိုက်ရန်

အခွင့်အရေးများစွာ ရခဲ့ပေမည်..။ ဤမျှလောက် ကြာသည်အထိ အတိုက်ခိုက်မခံရခြင်းမှာ မည်သူမျှ မရှိ၍ပင်...။

တုန်ရီနေသော လက်များဖြင့် ဟယ်ရီ သူ့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်ပစ်လိုက်သည်..။ ဟာမီယွန်ကို ခေါ်၍ ဤကိစ္စကို သူ့ကိုယ်စား မလုပ်ခိုင်းခြင်းကပင် သူရဲကောင်းဆန်လှပြီဟု

ဟယ်ရီ မရေမရာ တွေးနေမိသည်...။

ယခုအခါတွင် သူ့တစ်ကိုယ်လုံး တုန်နေကာ မေးရိုက်သံက ဆိုးဆိုးဝါးဝါး ပေါ်ထွက်နေ၏..။ သို့ရာတွင် သူ့အဝတ်များကို ဆက်ချွတ်လိုက်ရာ နောက်ဆုံးတွင် အတွင်းခံကလေးသာ

ကျန်တော့သည်..။ သူ့လည်ပင်းတွင် ဆွဲထားသော ဟက်ဂရစ်ပေးထားသည့် အိတ်ကလေးပိုပါ သူ့အဝတ်များပေါ်တွင် ပုံထားလိုက်၏..။ ထို့နောက် မှော်တောင်ဝှေးဖြင့် ရေခဲပြင်ကို

ချိန်ရွယ်ကာ

"ဒစ်ဖင်ဒို..."

ရေခဲပြင် အက်ကွဲသံမှာ တိတ်ဆိတ်နေသော ညတွင် ဆူညံလှ၏..။ ရေကန်ပေါ်တွင် အေးခဲလျှက် ရှိသော မျက်နှာပြင်မှာ အက်ကွဲသွားပေပြီ..။

ဟယ်ရီ ထင်ထားသလို ရေမှာမနက်လှပေ..။ သို့ရာတွင် ရေထဲသို့ လုံး၀ ငုပ်ယူမှသာ ဓားကို ရရှိမည် ဖြစ်သည်..။ သူလုပ်ရမည့် အလုပ်မှာ အလွန်မလွယ်ကူမှန်း ဟယ်ရီ သိ၏။ သူ

ဟာမီယွန်၏ မှော်တောင်ဝှေးကို ရေကန်ဘေးတွင် အလင်းရောင်ပေးနိုင်အောင် ချထားလိုက်ပြီး ရေကန်နံဘေးတွင် မတ်တပ်ရပ်လိုက်သည်။

ထို့နောက် ရေထဲတွင် မည်မျှအေးနေမည်ကို မစဉ်းစားပဲ ဟယ်ရီ ရေထဲသို့ ခုန်ချလိုက်သည်..။ သူ ရေထဲတွင် ပခုံးမျှသာ ပေါ်အောင် နစ်မြုပ်သွားချိန်ဝယ် အအေးဓာတ်ကို အပြင်းအထန်

ခံစားနေရသည်..။ သူ့အဆုပ်ထဲတွင် ရှိသမျှလေများ အေးခဲကုန်ပြီဟု ထင်ရ၏..။ အသက်ကို ခက်ခက်ခဲခဲ ရှူနေရ၏..။ သူ့တစ်ကိုယ်လုံး အပြင်းအထန် တုန်ခါနေ၏..။

သူ့ခြေထောက်များနှင့် ဓားကို ထိတွေ့မိနေသည်။ သူ ရေထဲသို့ တစ်ကြိမ်သာ ငုပ်၍ ယူချင်၏..။

သူ အသက်ကို ရှူရင်း စက္ကန့်အတန်ကြာ စောင့်ဆိုင်းနေလိုက်သည်။ အဆင်သင့်ဖြစ်ပြီဟု ယူဆသည်နှင့် ချက်ချင်းရေထဲသို့ ငုပ်လိုက်၏..။ အအေးဒဏ်မှာ အလွန်ဆိုးဝါးလှ၏..။

သူ့တစ်ကိုယ်လုံးကို မီးလောင်သလို ခံစားနေရသည်။ သူအောက်ခြေသို့ရောက်အောင် ကူးခတ်လိုက်စဉ်မှာပင် တစ်ကိုယ်လုံး အေးခဲသွားမလားဟု ထင်မှတ်ရသည်..။

သူ ချက်ချင်းပင် ဓားကို လက်ကိုင်မှတဆင့် ဆွဲယူလိုက်သည်..။ ထိုအချိန်မှာပင် သူ့လည်ပင်းကို တစ်စုံတစ်ခုက ဆွဲညှစ်လိုက်၏..။ ရေထဲက အပင်များဟု သူထင်လိုက်မိသော်လည်း

သူရေငုပ်ခဲ့စဉ်က မတွေ့ခဲ့ပေ။ ကျန်လက်တစ်ဘက်ဖြင့် ဟယ်ရီ လည်ပင်းကို စမ်းသပ်လိုက်သည်။ ဝိညာဉ်ကိုယ်ပွား လော့ကတ်မှာ ကြိုးများ တဖြည်းဖြည်း တင်းကျပ်လာပြီး

သူ့လည်ပင်းကို ညှစ်နေခြင်းပင်...။

ဟယ်ရီ ရေမျက်နှာပြင်ပေါ်သို့ အသည်းအသန် ပြန်တက်နိုင်ရန်ကြိုးစားလိုက်၏...။ သို့ရာတွင် ရေပေါ်သို့ ပြန်မရောက်နိုင်ပေ..။ သူ အသည်းအသန်ပင် လည်ပင်းမှ ဆွဲကြိုးကို ချွတ်ပစ်ရန်

ကြိုးစားလိုက်၏..။ သို့ရာတွင် ထုံကျဉ်နေသော သူ့လက်များမှာ ဆွဲကြိုးကို ဖြတ်မပစ်နိုင်ပေ..။

ဟယ်ရီ တဖြည်းဖြည်းနှင့် အသိစိတ်တို့ လွတ်ကင်းစပြုလာသည်။ သူ ဘာမှ မတတ်နိုင်တော့။ ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွား၏။ သူ၏ ရင်ဘတ်ကို လာဖက်ထားသော

လက်များမှာ သေမင်း၏ လက်များပင် ဖြစ်ရမည်။

ချောင်းတဟွတ်ဟွတ်ဆိုးကာ ရေများကို တဝေါဝေါ အန်ထုတ်ရင်း သူ နှင်းမြေပြင်ပေါ်သို့ မှောက်လျှက်သား ပြန်ရောက်လာ၏..။ သူ့ တစ်သက်နှင့် တစ်ကိုယ် ထိုမျှထိ အအေးဒဏ်ကို

မခံစားဖူးခဲ့ပေ..။ သူ့အနီးတွင် တစ်ယောက်ယောက်၏ အသက်ရှူသံပြင်းပြင်းနှင့် ချောင်းဆိုးနေသံကို ကြားလိုက်ရသည်။

ဟာမီယွန် နောက်တစ်ကြိမ် ထပ်ရောက်လာကာ သူ့ကို ကယ်တင်လိုက်ခြင်း ဖြစ်မည်ဟု တွေးနေမိ၏။ သို့ရာတွင် သူမ၏အသံနှင့် မတူပေ။ ခြေသံအရရော ချောင်းဆိုးသံအရပါ

မဖြစ်နိုင်ချေ..။ ဟယ်ရီ့တွင် သူ့ကို ကယ်တင်ခဲ့သူကို ခေါင်းထောင်ကြည့်ရန်ပင် ခွန်အားမရှိချေ။ သူ လုပ်နိုင်သည်မှာ လက်တစ်ဖက်ကို မြှောက်၍ လည်ပင်းကို စမ်းကြည့်ခြင်းပင်..။

ဝိဉာဉ်ကိုယ်ပွားမှာ မရှိတော့ပေ။ တစ်ယောက်ယောက်က ဖြတ်တောက်ပစ်လိုက်ခြင်းပင်..။ ထိုအချိန်မှာပင် မောပန်းတကြီးနှင့် ပြောလိုက်သော စကားသံကို သူကြားလိုက်ရ၏။

"မင်း ... ရူး .. နေသလား..."

ထိုအသံကြောင့် ဟယ်ရီ အလွန် အံ့အားသင့်သွား၏။ သူ့ခန္ဓာကိုယ်ထဲသို့ ထထိုင်နိုင်ရန် ခွန်အားတို့ စီးဝင်လာ၏။

တစ်ကိုယ်လုံး တုန်ရီလျှက် သူ အားယူထရပ်လိုက်သည်။ သူ့ရှေ့တွင် ရွန်ရပ်နေ၏။ အဝတ်အစား အပြည့်အစုံ ဝတ်ထားသော်လည်း ရေများစိုရွှဲကာ ကပ်နေ၏။ လက်တစ်ဖက်က

ဂရစ်ဖင်ဒေါဓားကို ကိုင်ထားပြီး အခြားတစ်ဖက်က ကြိုးပြတ်နေသော ဝိဉာဉ်ကိုယ်ပွားလော့ကတ်ကို ကိုင်ထား၏။

"ဘယ်လိုဖြစ်တာလဲ.. ဘာကိစ္စ ဒီဟာကိုချွတ်ပြီးမှ ရေမငုပ်တာလဲ..."

ရွန်က ဝိဉာဉ်ကိုယ်ပွားကို ကိုင်မြှောက်ပြရင်း ဆို၏။ ဟယ်ရီ အဖြေမပေးနိုင်ပဲ ရှိသည်။ ရွန်ပြန်ရောက်လာခြင်းနှင့် ယှဉ်လိုက်လျှင် ငွေရောင်သမင်မမှာ ဘာမှ မဟုတ်ပေ...။ သူလုံးဝ

မယုံကြည်နိုင်သလို ဖြစ်နေ၏။

အေးလွန်းသဖြင့် ခိုက်ခိုက်တုန်နေရင်း သူ ရေစပ်ရှိ အဝတ်များကို ပြန်၍ ဝတ်လိုက်သည်။ ရွှန်ပြန်ရောက်လာခြင်းမှာ တကယ်မှ ဟုတ်ပါ့မလားဟု ဟယ်ရီ တွေးနေမိသည်။ သို့ရာတွင် ရွှန်

တကယ်ပင် ပြန်ရောက်လာကာ ရေထဲဆင်း၍ သူ့ကို ကယ်တင်ခဲ့ပေပြီ။

"မင်း.. မင်းပါလား.."

ဟယ်ရီ့ပါးစပ်မှ နောက်ဆုံးတွင် စကားသံ ထွက်ပေါ်လာ၏။ သူ့အသံက တုန်ခါကာ အားနည်းလွန်းနေ၏။

"အင်း.. ဟုတ်တယ်..."

"ဒီသမင်မက မင်းဖန်ဆင်းတာပေါ့..."

"ဘာ ... မဟုတ်ဘူး .. ငါက မင်းလုပ်တယ် ထင်နေတာ..."

"ငါ့အစောင့်အရှောက်က သမင်ဖိုလေ..."

"အင်း.. ငါထင်တော့ ထင်သားပဲ.. ဦးချိုမှ မပါတာ.."

ဟယ်ရီ ဟက်ဂရစ်၏ အိတ်ကလေးကို လည်ပင်းတွင် ပြန်ဆွဲထားလိုက်၏။

ထို့နောက်တွင် နောက်ဆုံးပိတ် ဆွယ်တာကို ထပ်ဝတ်လိုက်ပြီးနောက် ဟာမီယွန်၏ မှော်တောင်ဝှေးကို ကောက်ယူလိုက်သည်။

"မင်း ဘယ်လိုလုပ် ဒီကို ရောက်လာတာလဲ.."

ဤကဲ့သို့ အမေးခံရမည်ကို ရွှန် မျှော်လင့်ထားခဲ့ပြီးသားပင်...။

"အင်း... ငါ ... ငါ ပြန်လာခဲ့တာလေ.. မင်း... မင်းငါ့ကို လက်ခံချင်သေးတယ် ဆိုရင်ပေါ့..."

သူတို့နှစ်ယောက်စလုံး ခေတ္တမျှ တိတ်ဆိတ်သွားကြသည်။ ရွှန်မှာ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော အရာကို ကြည့်ရင်း အံ့သြနေဟန် ရှိ၏။ သူက ဓားကို ဟယ်ရီမြင်သာအောင် မြှောက်ပြလိုက်ရင်း...

"ငါ ဓားကိုပါ ထုတ်ယူလာခဲ့တယ်.. ဒါကြောင့်မို့လို့ မင်းရေထဲ ဆင်းတာ မဟုတ်လား..."

"ဟုတ်တယ်.. ဒါပေမယ့် မင်း ဒီကို ဘယ်လိုရောက်လာတာလဲ.. ငါတို့ကို ဘယ်လိုရှာတွေ့တာလဲ.."

"ပြောရမယ်ဆိုရင် အရှည်ကြီးပဲ.. ငါ ဒီတောထဲမှာ လိုက်ရှာနေတာ အတော်ကြာပြီ.. ငါ သစ်ပင်အောက်မှာ ခဏနားနေတုန်း သမင်နဲ့ မင်းကို တွေ့ရတာပဲ..."

"တခြား တစ်ယောက်ယောက်ကို တွေ့မိသေးလား..."

"ဟင့်အင်း.."

ရွှန်က တစ်ချက်မျှ ကိုက်အနည်းငယ်အကွာမှ ပူးကပ်ပေါက်နေသော သစ်ပင်နှစ်ပင်ကို ကြည့်လိုက်ရင်း...

"ဟိုဘက်နားမှာ တစ်ခုခု လှုပ်ရှားသွားတယ်လို့တော့ ငါ ထင်တာပဲ.. ဒါပေမယ့် အဲဒီ့အချိန်မှာ ရေကန်ဆီကို ငါပြေးလာနေတဲ့အချိန်လေ.. မင်းက ပြန်မှ တက်မလာတာ... ဒီတော့

ငါမကြည့်လိုက်နိုင် .. ဟေး..."

ရွှန့်စကား မဆုံးခင်မှာပင် ဟယ်ရီ ထိုနေရာသို့ ပြေးလာခဲ့သည်။ ဝက်သစ်ချပင်ကြီး နှစ်ပင် နီးကပ်စွာ ပေါက်ရောက်နေပြီး ကြားထဲတွင် လက်မအနည်းငယ်သာ လွတ်နေ၏။ ပုန်းအောင်း

ကြည့်ရှုရန် အကောင်းဆုံးနေရာ ဖြစ်သည်။ ဟယ်ရီ သစ်မြစ်များကြားကို ကြည့်သော်လည်း နှင်းများမရှိ၍ ခြေရာလည်း မကျန်ရစ်ပေ...။

"ဘာတွေ့လဲ..."

"ဘာမှ မရှိဘူး.."

"ဒါဆို ဓားက ဘယ်လိုလုပ်ပြီး ရေကန်ထဲရောက်နေတာလဲ.."

"အစောင့်အရှောက်ကို ဖန်ဆင်းတဲ့လူ လက်ချက်ပဲ.."

သူတို့နှစ်ယောက်စလုံး ဓားကို ကြည့်မိကြသည်။

"ဒါ အစစ်လို့ မင်းထင်သလား.."

"စမ်းသပ်ကြည့်ဖို့ တစ်နည်းပဲ ရှိတယ်.."

ရွှန့်လက်ထဲရှိ ဝိညာဉ်ကိုယ်ပွားမှာ အနည်းငယ် လှုပ်ရှားနေ၏။ အထဲရှိ ဝိညာဉ် လှုပ်ရှားလာပြန်ပြီဟု ဟယ်ရီ သိလိုက်သည်။ ဓားရှိနေမှန်းကို ခံစားမိ၍သာ ဟယ်ရီ့ကိုသတ်ရန်

ကြံစည်ခဲ့ခြင်းပင်..။ ယခုအချိန်မှာ ဆွေးနွေးနေရမည့် အချိန် မဟုတ်ပေ။ ဤဝိညာဉ်ကိုယ်ပွားကို ဖျက်ဆီးပစ်ရပေမည်။ ဟယ်ရီ မှော်တောင်ဝှေးကို မြှောက်ကိုင်ကာ ပတ်ဝန်းကျင်ကို

လှည့်ပတ်ရှာလိုက်သည်။ သစ်ပင်တစ်ပင်အောက်တွင် ကျောက်ဆောင်တစ်ခု ရှိနေသည်ကို သူတွေ့လိုက်ရ၏။

"ဒီဘက်ကိုလာ..."

ဟယ်ရီ ရှေ့မှ ဦးဆောင်လာခဲ့သည်။ ထို့နောက် ဝိညာဉ်ကိုယ်ပွားကို တောင်းယူလိုက်သည်။ ရွှန်က ဓားကိုပါ ထပ်၍ပေးသောအခါ ဟယ်ရီ ငြင်းလိုက်၏။

"မဟုတ်ဘူး... မင်းတာဝန်ပဲ..."

ရွှန်မှာ အကြီးအကျယ် ထိတ်လန့်သွားပုံရပြီး..

"ငါ .. ဟုတ်လား.. ဘာ.. ဘာဖြစ်လို့လဲ..."

"ရေကန်ထဲက ဓားကို ဆွဲထုတ်ခဲ့တာ မင်းပဲ.. ဒီတော့ မင်းပဲ ဒီကိစ္စကို လုပ်ရမယ်လို့ ငါထင်တယ်..."

သူ ရွှန့်ကို မျက်နှာသာပေးခြင်း မဟုတ်ပေ..။ ဤကိစ္စမှာ ရွှန့်တာဝန်သာ ဖြစ်ကြောင်း သူသိနေသည်။ ဒမ်ဘယ်လ်ဒိုးမှာ မည်သို့ပင်ဖြစ်စေ ဟယ်ရီ့ကို မှော်ပညာ၏ တွက်ချက်မရနိုင်သော

ကိစ္စရပ်များကို သင်ကြားပေးနိုင်ခဲ့သည်။

"ငါ လော့ကတ်ကို ဖွင့်လိုက်မယ်.. မင်းက ဓားနဲ့ထိုးရမယ်.. ချက်ချင်းနော်.. ဟုတ်လား.. ဘာလို့လဲဆိုတော့ ဒီထဲကကောင်က ခုခံမှာပဲ.. ဒိုင်ယာရီထဲက ရစ်ဒယ်ရဲ့ ဝိညာဉ်က ငါ့ကို

သတ်ဖို့လုပ်ခဲ့တယ်..."

ရွှန်က ထိန်လန့်နေဟန်ဖြင့်...

"မင်း ဘယ်လိုလုပ် ဖွင့်မှာလဲ..."

"ငါ မြွေစကားကို သုံးပြီး ဖွင့်ငိင်းမယ်.."

စကားဆုံးသည်နှင့် သူ ဘာပြောရမလဲကို ဟယ်ရီ အလိုလို သိလာ၏..။ သူ အဖုံးပေါ်ရှိ အက်စ်စာလုံးကိုကြည့်ရင်း မြွေတစ်ကောင်ဟု ထင်မြင်ရန် မခက်လှပေ..။

"မလုပ်နဲ့ .. မဖွင့်နဲ့.. ငါ အလေးအနက်ပြောတာ.."

"ဘာလို့လဲ.. ငါတို့ ဒါကို ရှင်းပစ်မှ ဖြစ်မယ်.. လနဲ့ချီကြာနေပြီ..."

"ဒီပစ္စည်းက ငါ့အတွက် မကောင်းဆိုးဝါးပဲ.."

ရွန်က နောက်သို့ ဆုတ်သွားရင်း ပြော၏။

"ငါ ... ငါမလုပ်နိုင်ဘူး.. ငါ ဆင်ခြေပေးနေတာ မဟုတ်ဘူး ဟယ်ရီ.. ဒါပေမယ့် ဒီပစ္စည်းက မင်းနဲ့ ဟာမီယွန်ထက် ငါ့ကိုပိုပြီး ဒုက္ခပေးတယ်.. ငါတစ်ခါမှ မတွေးဖူးတဲ့ အတွေးတွေ

ပေါ်လာတယ်.. ငါလည်း ရှင်းမပြတတ်ဘူး.. ဒီဟာကိုချွတ်ထားရင် ပြန်ကောင်းသွားပြန်ရော.. ငါ .. ငါလုပ်နိုင်မယ် မထင်ဘူး ဟယ်ရီ..."

ရွန်က ခေါင်းတခါခါနှင့် နောက်သို့ ထပ်ဆုတ်သွား၏..။

"မင်း လုပ်နိုင်ပါတယ်.. မင်း ဓားကို ရထားပြီပဲ.. အသုံးပြုရမယ့် သူက မင်းပဲရွန်.. ရှင်းပစ်လိုက်စမ်းပါ..."

ရွန် တံတွေးတစ်ချက် မြိုချလိုက်ရင်း ကျောက်တုံးနားကို ပြန်လျှောက်လာ၏...။

"ဘယ်.. ဘယ်တော့လဲ..."

"ငါ သုံးလို့ ရေလိုက်တာနဲ့ စမယ်..."

ဟယ်ရီ လော့ကတ်ကိုကြည့်ရင်း အက်စ်စာလုံးပေါ်တွင် အာရုံစိုက်ကာ မြွေတစ်ကောင်ကဲ့သို့ မြင်ကြည့်လိုက်သည်။ ထိုကဲ့သို့ ထင်မြင်ရသည်မှာ အလွန်ပင် လွယ်ကူလှသည်။

"တစ်.. နှစ်... သုံး.. ဖွင့်စမ်း..."

နောက်ဆုံးစကားလုံးမှာ မြွေတစ်ကောင်တွန့်သံလို မြည်သွားပြီး လော့ကတ်မှာ ချပ်ကနဲ ပွင့်သွား၏။ လော့ကတ်ထဲမှ တွန်ရစ်ဒယ်၏ မျက်လုံးအစုံ ပေါ်လာပြီး တခဏအတွင်းမှာပင်

နီရဲကာ မြွေတစ်ကောင်၏ မျက်လုံးများသဖွယ် ဖြစ်လာ၏..။

"ထိုးတော့..."

ဟယ်ရီ လော့ကတ်ကို ကျောက်တုံးပေါ်တွင် ထိန်းထားရင်း အော်ပြောလိုက်သည်။

ရွန်က တုန်ရီနေသော လက်များဖြင့် ဓားကို မြှောက်လိုက်သည်။ ဟယ်ရီက လော့ကတ်ကို သေချာဆုပ်ကိုင်ထား၏။ ထိုအချိန်မှာပင် ဝိညာဉ်ကိုယ်ပွားထဲမှ စူးရှသော

အသံတစ်သံထွက်ပေါ်လာ၏..။

"မင်းရဲ့ စိတ်ကို ငါမြင်ပြီးသား .. မင်းကို ငါပိုင်တယ်..."

"နားထောင်မနေနဲ့ .. ထိုးထည့်လိုက်.."

"ရော်နယ်ဝီစလေ.. ငါမင်းရဲ့ အိပ်မက်တွေကို မြင်ထားပြီးသားပါ. .. မင်းရဲ့ ကြောက်ရွံ့မှုတွေကို ငါသိပြီးသားပါ... မင်းဖြစ်ချင်တာတွေ ဖြစ်လာနိုင်သလို မဖြစ်ချင်တာတွေလည်း

ဖြစ်လာနိုင်တာပဲ..."

"ထိုးထည့်လိုက်..."

ဟယ်ရီ့အော်သံမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို ပဲ့တင်ထပ်သွား၏..။ ရွန့်လက်ထဲမှ ဓားမှာ တုန်ခါနေသလို သူကိုယ်တိုင်လည်း ရစ်ဒယ်၏ မျက်လုံးများကို စိုက်ကြည့်နေ၏..။

"မင်းအမေကလည်း သူ့သမီးလောက် မင်းကို မချစ်ဘူး.. ဂရုမစိုက်ဘူး.. မင်းရဲ့ ကောင်မလေးကလည်း မင်းကို ဂရုမစိုက်ဘူး.. အမြဲတမ်း ဒုတိယဖြစ်နေတယ်.. သူများရဲ့ အရိပ်အောက်မှာပဲ

နေနေရတယ်.."

"ရွန်.. ထိုးထည့်လိုက်တော့..."

ဟယ်ရီ ထပ်၍ အော်လိုက်ပြန်သည်..။ သူ့လက်ထဲမှ လော့ကတ်မှာ ရှန်းကန်လှုပ်ရှားနေပေပြီ..။ ဘာတွေဆက်ဖြစ်လာမည်ကို သူ ကြိုသိနေ၏..။ ရွှန်က ဓားကို ပို၍ မြှောက်လိုက်သည်။

ရစ်ဒယ်၏ မျက်လုံးများမှာ ပို၍ နီရဲတောက်ပလာကြသည်။ မျက်လုံးနှစ်ခုထဲမှ ပူဖောင်းနှစ်ခုထွက်လာသလို ဟယ်ရီနှင့် ဟာမီယွန်တို့၏ ခေါင်းများ ထိုးထွက်လာကြသည်။

ရွှန် ထိတ်လန့်စွာ အော်ဟစ်ရင်း နောက်သို့ ဆုတ်လိုက်၏..။ ပုံရိပ်များမှာမူ ရင်ဘတ်မှခါး... ခါးမှခြေထောက်ထိ ထွက်လာကြကာ လော့ကတ်ပေါ်တွင် အမြစ်တစ်ခုမှ

သစ်ပင်နှစ်ပင်ပေါက်နေသလို ရပ်နေကြ၏။ ဟယ်ရီအစစ်မှာပင် လော့ကတ်မှာ အလွန်ပူလောင်လာသောကြောင့် လက်ကို လွှတ်လိုက်ရ၏..။

"ရွှန်..."

ဟယ်ရီ အော်လိုက်သည်။ သို့ရာတွင် ရစ်ဒယ်မှ ဖြစ်လာသော ဟယ်ရီမှာ ယခုအခါတွင် ဗိုဒီမော့၏အသံဖြင့် ရွှန့်ကို စကားပြောနေလေပြီ..။

"ဘာလို့ ပြန်လာတာလဲ.. မင်းမရှိရင် ပိုကောင်းတယ်... ပိုပျော်တယ်.. ငါတို့ မင်းကို အမြဲတမ်း လှောင်ရယ်ရယ်နေရတာ.. မင်းက ငကြောက်ပဲ... ငတုံးပဲ..."

ရစ်ဒယ်ဟာမီယွန်ကမူ...

"နင်အရူးပဲ.. နင့်ကို ဘယ်သူက ဂရုစိုက်မှာလဲ.. ဟယ်ရီပေါ်တာက ဘေးမှာ ရှိနေမှတော့ နင့်ကို ဘယ်သူက ကြည့်ချင်မှာလဲ.. နင်က ဘာအသုံးကျမှာလဲ.. ဖြေရှင်းသူနဲ့ နင်က

ယှဉ်နိုင်မလား..."

ဟာမီယွန်မှာ အစစ်ထက်ပို၍လှပကာ ပို၍ ကြောက်မက်ဖွယ်ရာ ရှိ၏။ ဟယ်ရီ ကုန်းအော်လိုက်၏..။

"ရွှန်.. ထိုးထည့်လိုက်စမ်းပါ..."

သို့ရာတွင် ရွှန်မှာ လုံးဝမလှုပ်ရှားပေ..။ သူ့မျက်လုံးများက ပြူးကျယ်နေကာ သူ့ရှေ့ရှိ ရစ်ဒယ်ဟယ်ရီနှင့် ရစ်ဒယ်ဟာမီယွန်ကိုသာ မြင်နေ၏..။ သူတို့၏ဆံပင်များမှာ မီးလျှံများပမာ

လွင့်ပျံနေပြီး မျက်လုံးများက ရဲရဲတောက်နေ၏..။

"မင်းအမေတောင်မှ မင်းကို မလိုချင်ဘူး.. ငါ့ကိုပဲ သားလို့ သတ်မှတ်လိမ့်မယ်.."

ရစ်ဒယ် ဟာမီယွန်ကမူ ...

"နင့်ကို ဘယ်မိန်းကလေးကမှ မလိုချင်ဘူး.. နင်က သူနဲ့ယှဉ်ရင် အလကားပဲ..."

ထို့နောက် သူမက မြွေတစ်ကောင်နှယ် ရစ်ဒယ်ဟယ်ရီကို ပွေ့ဖက်ရင်း နမ်းလိုက်၏..။ သူတို့၏ ရှေ့တွင်ရပ်နေသော ရွန်၏ မျက်နှာတွင် ဒေါသအရိပ်အယောင်ကို တွေ့လိုက်ရပြီး ဓားကို

ပို၍ မြှောက်လိုက်၏..။

"ထိုးထည့်လိုက် ရွန်..."

ရွန် သူ့ဆီသို့ လှမ်းကြည့်လိုက်သော အကြည့်မှာ ရဲရဲတောက်နေသည်ကို တွေ့လိုက်ရသည်။

"ရွန်..."

ဓားရောင်တစ်ချက် လက်ကနဲ ဖြစ်သွား၏..။ ဟယ်ရီ နေရာမှ လိမ့်ရှောင်လိုက်သည်။ သံသံချင်းထိတွေ့သံနှင့်အတူ စူးရှသော ညည်းတွားသံကို ကြားလိုက်ရသည်။ ဟယ်ရီ နှင်းပြင်ပေါ်တွင်

ပြန်ရပ်လိုက်ရင်း မှော်တောင်ဝှေးကို အသင့်ကိုင်ကာ ခုခံကာကွယ်ရန် ပြင်ဆင်ထားလိုက်သည်..။ သို့ရာတွင် တိုက်ခိုက်စရာ အကြောင်း မရှိပေ..။

သူနှင့် ဟာမီယွန်တို့၏ ပုံရိပ်များမှာ ပျောက်ကွယ်သွားပြီး ရွန်သာ ဓားကိုကိုင်၍ ကျန်ရစ်ခဲ့၏..။ သူ့ရှေ့ရှိ ပျက်စီးနေပြီဖြစ်သော လော့ကတ်ကို ငုံ့ကြည့်နေ၏..။

ဟယ်ရီ သူ့ဆီသို့ ဖြည်းဖြည်းလျှောက်လာရင်း ဘာပြောရမှန်းမသိအောင် ဖြစ်နေမိ၏..။ ရွန်မှာ အသက်ကို အငမ်းမရ ရှူနေ၏..။ သူ၏ မျက်လုံးများမှာ အနီရောင်မရှိတော့ပဲ

မူလအပြာရောင်သာ ပြန်လွှမ်းမိုးနေပြီ ဖြစ်သည်။

ဟယ်ရီ ဘာကိုမှ မမြင်လိုက်သော ပုံစံမျိုးဖြင့် ဝိညာဉ်ကိုယ်ပွားလော့ကတ်ကို ကောက်ယူလိုက်သည်..။ လော့ကတ်ထဲမှ မီးခိုးအနည်းငယ် ထွက်နေ၏..။ လော့ကတ်ထဲရှိ ဝိညာဉ်မှာ

လုံးဝပျောက်ကွယ်သွားပေပြီ..။ ရွန့်ကို ဒုက္ခပေးခဲ့ခြင်းမှာ နောက်ဆုံး ဒုက္ခပေးခဲ့ခြင်းပင်..။

ရွန်က လက်ထဲမှ ဓားကို လွှတ်ချလိုက်ပြီး ဒူးထောက်ထိုင်ကာ လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလိုက်၏..။ သူ့တစ်ကိုယ်လုံး တုန်ခါနေ၏..။ အအေးဒဏ်ကြောင့် မဟုတ်မှန်း ဟယ်ရီ

သဘောပေါက်သည်။ ဟယ်ရီ လော့ကတ်ကို အိတ်ထဲထည့်ရင်း ရွန့်ဘေးတွင် ဒူးထောက်ထိုင်ကာ သူ့ပခုံးကို ကိုင်ထားရင်း...

"မင်းထွက်သွားပြီးတော့ သူ တစ်ပတ်လောက် ငိုနေခဲ့တယ်.. ပိုပြီး ကြာချင်လည်း ကြာနိုင်တယ်.. ငါ့ကို မမြင်စေချင်တာ ဖြစ်နိုင်တယ်.. ငါတို့ နှစ်ယောက်စလုံး စကားမပြောဖြစ်တဲ့ညတွေ

အများကြီးပဲ.. မင်းမရှိတော့..."

သူ့စကားကို ဆုံးအောင် မပြောနိုင်ပေ..။ ရွန်ပြန်ရောက်လာပြီ ဖြစ်ရာ သူမရှိလျှင် မည်မျှခက်ခဲကြောင်း နားလည်ခဲ့ပေပြီ။ သူက ဆက်၍...

"ဟာမီယွန်က ငါ့အစ်မအရင်းလိုပါပဲ.. သူလည်း ငါ့လိုပဲ ခံစားတယ်ဆိုတာ ငါသိပါတယ်.. အမြဲတမ်းလည်း ဒီအတိုင်းပါပဲ.. မင်းသိမယ်လို့ ငါထင်တယ်..."

ရွန်က ဘာမှ ပြန်မဖြေပဲ တစ်ဘက်သို့ လှည့်သွား၏..။ ဟယ်ရီ နေရာမှထကာ ရွန်၏ ကျောပိုးအိတ်ကြီးကို သွားကောက်လိုက်သည်။ ရွန် သူ့ဆီကို ကယ်တင်ရန် ပြေးလာစဉ်က

လွှတ်ချထားခဲ့ခြင်း ဖြစ်သည်။ သူ ကျောပိုးအိတ်ကို လွယ်လိုက်ကာ ရွန့်ထံ ပြန်လာခဲ့သည်။ ရွန်ကပါ ထရပ်လိုက်ရင်း...

"ငါ တောင်းပန်ပါတယ်ကွာ.. ငါ.. ငါ ဒီလိုထွက်မသွားသင့်ဘူး.. ငါ ... ငါ..."

"မင်း ဒီည တကယ့်ကို စွမ်းဆောင်ခဲ့တာပဲ.. ငါ့ကို ကယ်ခဲ့တယ်.. ဓားကိုယူပြီး ဝိညာဉ်ကိုယ်ပွားကို ဖျက်ဆီးပစ်နိုင်တယ်..."

"ငါ့ကို ဒီလို ချီးကျူးဖို့ မတန်ပါဘူး..."

"မင်းက ဘာကိစ္စပဲလုပ်လုပ် ငါ့အတွက် ထိုက်တန်ပါတယ်.. ငါပြောချင်တာ ကြာပြီ..."

သူ လျှောက်လာခဲ့သော ခရီးမှာ မနီးလှသော်လည်း ရွန်နှင့်အတူ ပြန်လာခဲ့သောအခါ အချိန်အနည်းငယ်အတွင်းမှာပင် ပြန်ရောက်လာခဲ့သည်..။ ဟယ်ရီ ဟာမီယွန့်ကို နှိုးကာ

ပြောပြချင်လှပြီ ဖြစ်သည်..။ သူ ရှက်ဖျင်တဲထဲသို့ စိတ်လှုပ်ရှားစွာ ဝင်လာခဲ့စဉ်တွင် ရွှန်က နောက်တွင် တွန့်ဆုတ်တွန့်ဆုတ်နှင့် ကျန်ရစ်၏..။

ရှက်ဖျင်တဲထဲတွင် အလွန်နွေးထွေးနေသည်ဟု ခံစားရသည်..။ ကြမ်းပြင်ပေါ်ရှိ ပန်းကန်လုံးထဲဝယ် အပြာရောင် မီးတောက်မှာ တောက်လောင်နေဆဲပင်..။ ဟာမီယွန်မှာ စောင်ခြုံကာ

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသဖြင့် ဟယ်ရီ အကြိမ်ကြိမ်ခေါ်ယူမှ လှုပ်လာ၏..။

"ဟာမီယွန်..."

သူမက ချက်ချင်းပင် နေရာမှ ထလာကာ ဆံပင်များကို ဖယ်လိုက်သည်။

"ဘာဖြစ်လို့လဲ ဟယ်ရီ..."

"ဘာမှ မဖြစ်ပါဘူး.. အားလုံး အဆင်ပြေပါတယ်.. ဒီကို လူတစ်ယောက် ရောက်လာတယ်.."

"နင် ဘာပြောတာလဲ .. ဘယ်သူလဲ..."

ထိုအချိန်မှာပင် လက်ထဲတွင် ဓားကိုကိုင်ကာ ရေများတစက်စက်ကျနေသည့် ရွှန့်ကို သူမ တွေ့သွား၏..။ ဟယ်ရီ ထောင့်တစ်ထောင့်တွင် ရွှန်၏ ကျောပိုးအိတ်ကို ချထားရင်း

အခြေအနေကို စောင့်ကြည့်နေလိုက်သည်..။

ဟာမီယွန်မှာ အိပ်ရာမှထကာ အိပ်မက်မက်ရင်း လမ်းလျှောက်လာသူပမာ ရွှန့်ထံသို့ လျှောက်သွား၏..။ သူမ ရွှန့်ရှေ့တွင် ရပ်လိုက်၏။ သူမ၏ မျက်လုံးများမှာ ပို၍ ပြူးကျယ်လာ၏..။

ရွှန်က မချင့်မရဲနှင့် ပြုံးပြလိုက်သည်..။

ဟာမီယွန်မှာ ရုတ်ခြည်းပင် ရှေ့သို့တိုးသွားကာ ရွှန့်တစ်ကိုယ်လုံး သူမလက်လှမ်းမီသမျှ နေရာလပ်မကျန်အောင် ထုနှက်တော့သည်..။

"အိုး... အား.. ဟ.. ဟာ... ဟာမီယွန်.. မလုပ်...အား..."

"နင်က ဘာအသုံးကျ... သလဲ.. ရော်နယ်ဝီစလေ..."

သူမက စကားလုံးတစ်လုံးလျှင် တစ်ချက် ထုနက်နေ၏။ ရွှန်က သူ့ခေါင်းကို ကာရင်း နောက်ဆုတ်သွားသော်လည်း ဟာမီယွန်က ရှေ့သို့တိုးလာ၏..။

"နင်က ဒီလောက်ကြာပြီးမှ ပြန်လာရဲတယ်ပေါ့.. အိုး.. ငါ့ရဲ့ မော်တောင်ဖုံးကော..."

သူမ၏ ပုံစံမှာ ဟယ်ရီ့လက်ထဲမှ အတင်းလုယူမည့်ပုံပေါက်နေသဖြင့် ဟယ်ရီ ချက်ချင်းပင် တုံ့ပြန်လိုက်သည်...။

"ပရိုတီဂို..."

မမြင်ရသော အကာအရံတစ်ခုက သူမနှင့် ရွှန့်ကြားထဲဝယ် ဖြစ်ပေါ်လာကာ ထိုအရှိန်ကြောင့်ပင် ဟာမီယွန်မှာ နောက်ပြန်လဲကျသွား၏။ သို့သော် သူမမှာ ချက်ချင်းပင် ခုန်ထလာ၏..။

"ဟာမီယွန်.. စိတ်ထိန်း.."

"ငါ့ကို ဘာလုပ်ရမယ်လို့ လာမပြောနဲ့ ဟယ်ရီပေါ်တာ..."

သူမက စူးစူးဝါးဝါး အော်ဟစ်လိုက်၏..။

"နင် ဒီလိုလုပ်ရဲလား... ပြန်ပေးစမ်း.. အခု ပြန်ပေးစမ်း.. ပြီးတော့ နင်..."

သူမက ရွှန့်ထံ လက်ညှိုးညွှန်လိုက်၏..။ သူမ၏ပုံစံမှာ ကျိန်စာတိုက်လိုက်သလိုပင်..။ ရွှန် နောက်သို့ ခြေလှမ်းများစွာ ဆုတ်ပြေးသွားသည်ကို ဟယ်ရီ အပြစ်မတင်မိပေ..။

"ငါ နင့်နောက်ကို ပြေးလိုက်ခဲ့တယ်.. နင့်ကို အော်ခေါ်ခဲ့တယ်.. ငါ တောင်းပန်ခဲ့တယ်..."

"ငါ သိပါတယ် ဟာမီယွန်.. ငါ တောင်းပန်ပါတယ်.. တကယ့်ကို စိတ်..."

"ဘာ.. နင်က တောင်းပန်တယ်.. စိတ်မကောင်းဘူးပေါ့.. ဟုတ်လား.."

သူမက ရယ်လိုက်သည်။ ရယ်သံမှာ စူးရှကာ ထိတ်လန့်စရာ ကောင်းလှသည်..။ ရွှန်က ဟယ်ရီ့ကို အကူအညီတောင်းသလို ကြည့်၏..။ သို့ရာတွင် ဟယ်ရီက သူ့ကို မဲ့ပြုံးသာ

ပြုံးပြနိုင်၏..။ သူလည်း မကူနိုင်ပေ..။

"နင် ဒီလောက် အကြာကြီးနေမှ ပြန်လာပြီး စိတ်မကောင်းပါဘူး .. တောင်းပန်ပါတယ် ဆိုတာနဲ့ ကျေရောလား..."

"ငါက ဘာပြောရဦးမှာလဲ.."

ရွှန်က ပြန်အော်လိုက်သည်။ ရွှန်ပြန်၍ ရန်ဖြစ်သည်ကို ဟယ်ရီ သဘောကျမိ၏..။ အခြေအနေက အကောင်းဘက်သို့ ဦးတည်လာခြင်းပင်...။

"ငါ ဘယ်သိမလဲ..."

ဟာမီယွန်က ဆိုးဆိုးဝါးဝါးပင် ပြန်အော်၏..။ ဟယ်ရီက ကြားဖြတ်ကာ...

"ဟာမီယွန်.. သူက ငါ့အသက်ကို ကယ်ခဲ့...."

"ငါ ဂရုမစိုက်ဘူး.. သူ ဘာလုပ်ခဲ့သလဲ ငါစိတ်မဝင်စားဘူး.. ဒီအချိန်တွေထဲမှာ ငါတို့သေသွားနိုင်တယ်..."

ရွှန်က ပြန်လည်အော်ဟစ်ရင်း သူမအနီးသို့ နီးနိုင်သမျှ နီးအောင် တိုးကပ်သွားသည်။

"နင်တို့ မသေဘူးဆိုတာ ငါသိတယ်.. ဟယ်ရီ့သတင်းက သတင်းစာမှာရော ရေဒီယိုမှာပါ အဆက်မပြတ် ပါနေတာ.. သူတို့ နေရာအနှံ့ လိုက်ရှာနေကြတယ်.. ကောလဟာလ

သတင်းတွေလည်း အများကြီးပဲ .. နင်တို့သေရင် ငါချက်ချင်းသိမှာပဲ... ဘာနဲ့ တူသလဲဆိုတော့ .."

"နင့်အတွက် ဘာနဲ့ တူသလဲ .. ငါ ဂရုမစိုက်ဘူး..."

ဟာမီယွန့်အသံမှာ စူးရှလွန်းသဖြင့် ကြားနိုင်ရန်ပင် ခက်ခဲလာ၏..။ သို့ရာတွင် သူမက ဘာမှ ဆက်မပြောတော့ပဲ ခေတ္တမျှ ငြိမ်သက်သွား၏။ ရွှန်က ထိုအခွင့်အရေးကို အမိအရ

ဖမ်းယူလိုက်သည်...။

"ငါ ကိုယ်ရောင်ဖျောက်သွား ပြီးပြီးချင်းပဲ ပြန်လာချင်စိတ် ပေါ်လာတာပါဟာ.. ဒါပေမယ့် ဖမ်းဆီးရေးအဖွဲ့နဲ့ သွားတိုးနေလို့ ဘယ်မှသွားလို့ မရတော့ဘူး...."

ဟယ်ရီက...

"ဘာ.. ဘာအဖွဲ့..."

ထိုအချိန်မှာပင် ဟာမီယွန်မှာ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"ဖမ်းဆီးရေး အဖွဲ့တွေလေ.. နေရာအနှံ့မှာပဲ.. မက်ဂယ်မွေးတဲ့သူတွေနဲ့ သစ္စာဖောက်တွေကို ဖမ်းပေးပြီး ဝန်ကြီးဌာနက ဆုငွေထုတ်နေတဲ့ အဖွဲ့ပေါ့... ငါက တစ်ယောက်တည်းလည်း

ဖြစ်ပြန်.. ကျောင်းနေတဲ့ အရွယ်လည်း ဖြစ်ပြန်ဆိုတော့ သူတို့ အရမ်းစိတ်ဝင်စားသွားကြတယ်.. ငါ့ကို ပုန်းနေတဲ့ မက်ဂယ်မွေးတဲ့သူလို့ ထင်ကြတယ်လေ.. ငါ့ကို

ဝန်ကြီးဌာနခေါ်မသွားအောင် မြန်မြန်ပြောယူရတယ်..."

"မင်းက ဘယ်လိုပြောလိုက်တာလဲ..."

"ငါ့ကိုယ်ငါ စတန်ရှမ်ပိုက်လို့ ပြောလိုက်တယ်လေ.. ပထမဆုံး ခေါင်းထဲဝင်လာတဲ့ နာမည်ပေါ့..."

"သူတို့က ဒါကို ယုံသလား..."

"သူတို့ကို ကြည့်ရတာ သိပ်လျှင်ပုံမရဘူးကွ..."

ရွန်က ဟာမီယွန့်ထံ တစ်ချက်ကြည့်လိုက်သည်..။ သို့ရာတွင် သူမ၏ အမူအရာမှာ တင်းမာနေဆဲပင်...။

"ဒါပေမယ့် သူတို့က ငါ့ကို စတန်ပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ဖမ်းချင်နေကြပုံပဲ... စဉ်းစားကြည့်ရင် ကြောက်စရာတော့ ကောင်းသားကွ... သူတို့က ငါးယောက် ငါက တစ်ယောက်တည်း

.. ငါ့ရဲ့ မှော်တောင်ဝှေးကလည်း သူတို့ဆီမှာ... ဒါပေမယ့် သူတို့ထဲ နှစ်ယောက်က ထရန်ဖြစ်တယ်လေ... ကျန်တဲ့သူတွေ အာရုံလွဲသွားတုန်း ငါ့ကို ချုပ်ထားတဲ့ တစ်ယောက်ရဲ့ဗိုက်ကို

လက်သီးနဲ့ထိုးပြီး သူ့မှော်တောင်ဝှေးကို လုလိုက်တယ်... ပြီးတော့ ငါ့မှော်တောင်ဝှေး ကိုင်ထားတဲ့သူကို လက်နက်မဲ့ဖြစ်အောင် မန်းမှုတ်လိုက်ပြီး ငါ့မှော်တောင်ဝှေးလည်းရရော

တစ်ခါတည်း ကိုယ်ရောင်ဖျောက်ပြီး လစ်ခဲ့ရတယ်... ငါက ဒီလို အရေးတကြီး ကိုယ်ရောင်ဖျောက်ရင် ထုံးစံအတိုင်း ဒဏ်ရာရတော့တာပဲ..."

ရွန်က သူ့ဘ၏ညာဘက်လက်ကို ထောင်ပြ၏..။ လက်သည်းနှစ်ခု လုံးဝ မရှိတော့ပေ..။ ဟာမီယွန်က မျက်ခုံးတစ်ချက် ပင့်လိုက်၏...။

"ငါလည်း မြစ်ကမ်းပါးကို ပြန်လာရော.. နင်တို့ မရှိကြတော့ဘူး..."

ဟာမီယွန်က..

"တကယ် စိတ်ဝင်စားဖို့ ကောင်းတဲ့ ဇာတ်လမ်းပဲ.. နင် အရမ်း လန့်သွားတယ်ပေါ့ ဟုတ်လား.. အဲဒီ့အချိန်မှာ ငါတို့က ဂိုဒရစ်ဟောလို းကို သွားခဲ့တယ်.. နောက်ပြီး ဘာဖြစ်ခဲ့သလဲ..

ဟင်.. ဟယ်ရီ .. နင်မှတ်မိတယ် မဟုတ်လား.. မိစ္ဆာကောင်ကြီးရဲ့ မြွေက ငါတို့နှစ်ယောက်စလုံးကို သတ်ဖို့ ကြိုးစားတယ်.. နောက်ပြီး မိစ္ဆာကောင်ကြီး ကိုယ်တိုင်ရောက်လာပြီး ငါတို့နဲ့

စက္ကန့်ပိုင်းလေးပဲ ကပ်လွဲသွားတာ မဟုတ်လား..."

"ဘာ.. ဘာပြောတယ်.."

ရွန်က ဟာမီယွန့်ဆီမှတဆင့် ဟယ်ရီ့ကို ကြည့်လိုက်သည်။ သို့သော် ဟာမီယွန်က သူ့ကို ဂရုမစိုက်ချေ...။

"နင်စဉ်းစားကြည့်စမ်း ဟယ်ရီ... လက်သည်းခွံလေး ကျွတ်သွားတာနဲ့ ငါတို့ ခံစားခဲ့ရတာနဲ့ နှိုင်းယှဉ်ကြည့်စမ်း..."

ဟယ်ရီက...

"ဟာမီယွန် .. ငါ့အသက်ကို ရွန်ကယ်ခဲ့တာ..."

သူမက သူ့စကားကို ကြားပုံမပြချေ..။ သူမက ရွန့်ကို လုံးဝမကြည့်ပဲ...

"ဒါပေမယ့် ငါသိချင်တာတစ်ခုရှိတယ်.. ငါတို့ကိုနင် ဘာလို့ ဒီလောက် တိတိကျကျ ရှာတွေ့တာလဲ.. ဒါအရေးကြီးတယ်.. ဒီကိစ္စကို သိရမှ ငါတို့ မလာစေချင်တဲ့သူတွေ မလာနိုင်အောင်

တားနိုင်မယ်..."

ရွန်က သူ့အိတ်ထဲမှ ငွေရောင်အရာဝတ္ထုတစ်ခုကို ထုတ်ယူရင်း...

"ဒါကြောင့်ပဲ..."

ဟာမီယွန်က ရှန်ပြသော ပစ္စည်းကိုကြည့်ရင်း...

"အလင်းထိန်း ကိရိယာကြောင့် ဟုတ်လား..."

သူမမှာ အလွန်အံ့သြနေဟန်ဖြင့် ဒေါသထွက်ရန် မေ့လျော့နေ၏..။ ရှန်က...

"ဒီပစ္စည်းက မီးထွန်းရုံ မီးငြိမ်းရုံသက်သက် မဟုတ်ဘူး.. ငါလည်း ဘာလို့ ဒီလိုဖြစ်ရတာလဲ နားမလည်ဘူး.. အရင်တုန်းကကျတော့ ဘာမှ မထူးခြားခဲ့ဘူး.. ဘာလို့လဲဆိုတော့

ငါထွက်သွားပြီကတည်းက ပြန်လာချင်နေခဲ့တာပဲ.. ခရစ်စမတ်မနက်တစ်ခု ငါ အစောကြီး ရေဒီယိုနားထောင်နေတုန်း နင့်အသံကို ကြားလိုက်ရတယ်.."

"နင် ငါ့အသံကို ရေဒီယိုမှာ ကြားရတယ်..."

"မဟုတ်ဘူး.. ငါ့အိတ်ကပ်ထဲက ထွက်လာတာ.."

သူက အလင်းထိန်းကိရိယာကို ထောင်ပြရင်း...

"ဒီထဲက ထွက်လာတာ.."

"ငါ ဘာပြောသလဲ..."

"နင် ငါ့နာမည်ရှန်ဆိုတာနဲ့ မှော်တောင်ဝှေးအကြောင်း တစ်ခုခု ပြောလိုက်တယ်..."

ဟာမီယွန့် မျက်နှာမှာ ရဲရဲနီသွား၏..။ ဟယ်ရီ ချက်ချင်း မှတ်မိလိုက်သည်..။ ဤသည်မှာ ရှန့်နာမည်ကို သူတို့နှစ်ယောက် ပထမဆုံးအကြိမ် ထုတ်ပြောမိခြင်းပင်..။

ဟယ်ရီ့မှော်တောင်ဝှေးကို ပြင်ဆင်ရန်အကြောင်း ပြောကြစဉ်အခါက ဖြစ်သည်။ ရှန်က...

"ဒါနဲ့ ငါ အပြင်ကို ထုတ်ယူလိုက်တယ်.. ကြည့်ရတာကတော့ ဘာမှ ထူးခြားမလာဘူး.. ဒါပေမယ့် နင့်အသံကို ကြားလိုက်တာ သေချာတယ်.. ဒါနဲ့ ငါ ခလုတ်နှိပ်ကြည့်လိုက်တယ်..

ငါ့အခန်းထဲက မီးတွေ အကုန်ငြိမ်းသွားပေမယ့် နောက်ထပ်အလင်းရောင်တစ်ခု ပြတင်းပေါက်မှာ ပေါ်လာတယ်..."

ရွန်က သူတို့နှစ်ယောက်စလုံးကို မြင်ဟန်မတူပဲ ဆက်ပြော၏..။

"အလင်းလုံးလေးတစ်ခုပဲ.. ပေါ့ကီးတွေနားမှာ တွေ့ရတတ်တဲ့ အလင်းရောင်လို ပြာလဲ့လဲ့ အရောင်မျိုးပဲ.. နင်တို့သိတယ် မဟုတ်လား..."

"အင်း..."

ဟယ်ရီရော ဟာမီယွန်ပါ ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

"ငါ ချက်ချင်း တစ်ခုခုကို သဘောပေါက်လိုက်တယ်.. ဒါနဲ့ ငါ့ပစ္စည်းတွေ အကုန်သိမ်းဆည်းပြီး ခြံဝင်းထဲကို ဆင်းခဲ့တယ်.. အလင်းလုံးလေးက အဲဒီ့မှာ ဝဲပျံရင်း ငါ့ကို စောင့်နေတယ်..

နောက်ပြီး ငါလည်း သူ့နောက်ကို လိုက်လာရော ငါ့ကိုယ်ထဲကို ဝင်သွားတော့တာပဲ..."

"ဟင်.. မင်းဘာပြောတယ်..."

သူကြားလိုက်ရသည့် စကားမှာ မှန်သည်မထင်၍ ဟယ်ရီ ပြန်မေးလိုက်၏..။ ရွန်က...

"အလင်းလုံးလေးက ငါ့ဆီကို လွင့်မျောလာတာကွ.. ငါ့ရင်ဘတ်ထဲ ဝင်သွားပြီး ဒီနေရာတည့်တည့်ကို ရောက်သွားတယ်.."

ရွန်က သူ့နှလုံးသား အနီးကို လက်ညှိုးဖြင့် ထောက်ပြရင်း ဆို၏..။

"ငါ့ကိုယ်ထဲမှာ ပူနေတာကို ခံစားရတယ်.. ပြီးတော့ ငါချက်ချင်းပဲ ဘာလုပ်ရမယ်ဆိုတာ သိသွားတယ်.. ငါသွားချင်တဲ့နေရာကို ခေါ်သွားမယ်ဆိုတာ ငါသိနေတယ်.. ပြီးတော့ ငါ

ကိုယ်ရောင်ဖျောက်လိုက်တာ တောင်ကုန်းတစ်ခုဘေးကို ရောက်လာတယ်.. ပတ်ဝန်းကျင်တစ်ခုလုံး နှင်းတွေချည်းပဲ..."

ဟယ်ရီက...

"ငါတို့ အဲဒီမှာ ရှိနေတယ်.. ငါတို့ နှစ်ညတောင် နေခဲ့တာ.. ဒုတိယညမှာ ငါ အသံတွေ ကြားရသလိုပဲ.. အမှောင်ထဲကနေ ခေါ်နေသလိုပဲ..."

"အဲဒါ ငါပဲ.. မင်းတို့ရဲ့ အကာအကွယ်တွေက ဘယ်လိုပဲဖြစ်ဖြစ် အလုပ်ဖြစ်တာ အမှန်ပဲ.. ငါ မင်းတို့ကို မြင်လည်း မမြင်ရဘူး.. ကြားလည်း မကြားရဘူး.. မင်းတို့ ဒီနားမှာပဲ ဆိုတာ

ငါသိနေတယ်.. ဒါနဲ့ ငါလည်း မင်းတို့များ ပေါ်လာမလားလို့ ပတ်ဝန်းကျင်မှာ စောင့်ကြည့်နေခဲ့တာပဲ.. မင်းတို့ ရွက်ဖျင်တဲကို သိမ်းရင်း ထွက်လာရမယ်လို့ ငါက

တွက်ဆထားတာကိုး.."

ဟာမီယွန်က...

"ငါတို့က ကိုယ်ပျောက်ဝတ်ရုံခြုံပြီး ကိုယ်ရောင်ဖျောက်သွားတာလေ.. နောက်ပြီး မနက်အစောကြီးထွက်သွားတာ..."

"ငါ တောင်ကုန်းပေါ်မှာ တစ်နေကုန်နေခဲ့တာ.. ဒါပေမယ့် မှောင်လာတဲ့ အချိန်မှာပဲ ငါတော့ လွဲသွားပြီဆိုတာ သိလိုက်တယ်... ငါ အလင်းထိန်းကိရိယာကို နောက်တစ်ခါ ခလုတ်နှိပ်ပြီး

အလင်းရောင်ကို ခေါ်လိုက်တယ်.. ပြီးတော့ ငါ့ကိုယ်ထဲဝင်သွားတာနဲ့ ငါလည်း ကိုယ်ရောင်ဖျောက်ပြီး ဒီတောအုပ်ထဲ ရောက်လာတာပဲ... ငါက မင်းတို့ကို မြင်မှ မမြင်နိုင်တာ..

တစ်ယောက်ယောက်နဲ့ တွေ့ပါစေလို့ပဲ မျှော်လင့်ရတာပေါ့.. အဲဒီ့နောက်တော့ ဟယ်ရီ့ကို တွေ့ရတာပဲ.. တကယ်တော့ သမင်မကို အရင်မြင်တာပါ..."

"နင် ဘာကို တွေ့တယ်.."

ဟာမီယွန်က မေးလိုက်၏..။ သူတို့ ဘာတွေဖြစ်ပျက်ခဲ့သလဲကို ပြန်၍ ရှင်းပြရသည်။ ဟာမီယွန်မှာ အလွန်စိတ်ဝင်စားနေသဖြင့် ဒေါသထွက်ရန် လုံးဝသတိမရတော့ချေ...။

"ဒါပေမယ့် ဒါ အစောင့်အရှောက်ဂါထာနဲ့ ဖန်ဆင်းထားတာပဲ ဖြစ်ရမယ်.. ဘယ်သူ ဖန်ဆင်းတာလဲ မတွေ့လိုက်ရဘူးလား.. နောက်ပြီး နင့်ကို ဓားဆီခေါ်သွားတယ် ဟုတ်လား..

တကယ့်ကို မယုံနိုင်စရာပဲ..."

ရွန်က ဟယ်ရီ ရေထဲဆင်းသွားသည်ကို စောင့်ကြည့်နေခဲ့ပုံနှင့် ပြန်တက်မလာသောအခါ ကယ်တင်ခဲ့ပုံများကို ပြောပြနေ၏..။ သို့ရာတွင် လော့ကတ်ကို ဖွင့်သည်အထိသာ သူပြောနိုင်ပြီး

ဆက်ပြောရန် တွန့်ဆုတ်သွား၏..။ ဟယ်ရီက သူ့စကားကို ဖြတ်၍...

"နောက်ပြီးတော့ ရှန်က ဓားနဲ့ ထိုးထည့်လိုက်တာပဲ.."

"ဒီ ... ဒီလိုနဲ့ပဲ ပျက်သွားရောလား..."

"အင်း.. အော်သံတော့ ထွက်လာသေးတယ် .. ရော့ .. ဒီမှာ.."

ဟယ်ရီက ရှန့်ကိုတစ်ချက်ကြည့်ရင်း လော့ကတ်ကို ဟာမီယွန့်ထံ ပစ်ပေးလိုက်၏။ ဟာမီယွန်က လော့ကတ်ကို ချက်ချင်းပင် ကောက်ယူကာ စစ်ဆေးကြည့်နေ၏..။ နောက်ဆုံးတွင်

ဘာမှ မဖြစ်နိုင်တော့ဟု ဟယ်ရီ ဆုံးဖြတ်ကာ သူတို့နှစ်ယောက်ကြားထဲမှ အကာအရံကို ပယ်ဖျက်လိုက်သည်..။ ထို့နောက် ရှန့်ဘက်သို့လှည့်ကာ...

"မင်း ဖမ်းဆီးရေးအဖွဲ့လက်ထဲက မှော်တောင်ဝှေး အပိုတစ်ခု ယူလာတယ်ဆို..."

"ဟင်.. အင်း.. ဟုတ်တယ်.."

သူက ကျောပိုးအိတ်ကို ဖွင့်ကာ အထဲမှ အနက်ရောင် မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်ရင်း...

"ဒီမှာလေ.. ဘယ်လိုပဲဖြစ်ဖြစ် အပိုရှိရင် မမှားဘူးလားလို့.."

ဟယ်ရီက မှော်တောင်ဝှေးကို တောင်းလိုက်ရင်း...

"မင်းပြောတာ မှန်တယ်..ငါ့ဟာ ကျိုးသွားပြီ..."

"မင်း နောက်နေတာလား..."

ထိုအချိန်မှာပင် ဟာမီယွန်က မတ်တတ်ထရပ်လိုက်သဖြင့် ရှန်တစ်ယောက် တိတ်ဆိတ်သွားပြန်သည်..။ ဟာမီယွန်က ပျက်စီးနေပြီဖြစ်သော လော့ကတ်ကို လက်ကိုင်အိတ်ထဲထည့်ရင်း

သူမကုတင်ပေါ် ပြန်တက်အိပ်ကာ စကား ဆက်မပြောတော့ပေ..။

ရှန်က ဟယ်ရီ့ကို မှော်တောင်ဝှေး ကမ်းပေးလိုက်သည်..။ ဟယ်ရီက..

"မင်း အကောင်းဆုံး မျှော်လင့်နိုင်တာ ဒီလောက်ပဲ..."

"ဟုတ်တယ်.. ဘယ်လိုပဲဖြစ်ဖြစ် တော်သေးတာပေါ့.."

"ငါ ခွင့်လွှတ်လိုက်ပြီလို့ မထင်နဲ့ဦးနော်..."

ဟာမီယွန့်အသံက စောင်ထဲမှ ထွက်ပေါ်လာ၏..။ ရွှန်က ပြုံးလိုက်ရင်း သူ့ကျောပိုးအိတ်ထဲမှ ညဝတ်အင်္ကျီကို ထုတ်ယူလိုက်သည်..။

ကောင်းမြတ်လွန်းသော်

ဟယ်ရီပေါ်တာနှင့် မှော်ဝင်ရတနာ
ဒုတိယပိုင်း (ဇာတ်သိမ်း)

အလုံခြုံဆုံးနေရာဟု အားလုံးက သတ်မှတ်ကြသည့် ဂရင်းဂေါ့ဘဏ်တိုက်ထဲသို့ ဟယ်ရီ မဖြစ်မနေ ထိုးဖောက်ဝင်ရောက်ရန် ကိစ္စ ရှိလာသည်...။ ဟယ်ရီ အရမ်း နာကြည်းမုန်းတီးခဲ့သူ

တစ်ယောက်၏ အဖြစ်မှန်ကို သိခွင့်ရလာသော အခါမှာပင် သူ ရှေ့ဆက်လုပ်ရမည့် အလုပ်ကို ဟယ်ရီ သေချာသိလာသည်..။ သူ ချစ်ခင်သူများ အားလုံးကို

ကာကွယ်စောင့်ရှောက်လိုခြင်းမှာ ဟယ်ရီ၏ အကြီးမားဆုံးသော ဆန္ဒ ဖြစ်သည်..။ နောက်ဆုံး ဝိညာဉ်ကိုယ်ပွားကို ဖျက်ဆီးပစ်ရန် အလွန်တရာ ခက်ခဲလှသည်..။ ဟော့ဝက်ကျောင်းမှ

ရဲဝံ့သော နှလုံးသားရှိသူတို့၏ မဆုတ်မနစ် ကြိုးစား တွန်းလှန်မှု၊ ပူးပေါင်းပါဝင်မှု တို့ဖြင့် မှော်လောက၏ သမိုင်းတွင်မည့် အကြီးကျယ်ဆုံးသော တိုက်ပွဲကြီးကို ဆင်နွှဲရပေတော့မည်...။

ဤသတ္တမမြောက် စာအုပ်တွင် စောင့်မျှော်နေခဲ့ရသော မေးခွန်းများစွာကို ဖြေရှင်းပေးထားသည်....။ စာရေးဆရာကိုယ်တိုင် သင့်ဘေးနားတွင် ဖတ်ပြနေသကဲ့သို့

စိတ်ဝင်စားဖွယ်ရာကောင်းမည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်...။

မှော်ဝင်ရတနာများနှင့် ဝိညာဉ်ကိုယ်ပွားများအကြား မည်သည့်ကိစ္စကို ဦးစားပေးရန် ဟယ်ရီ ဆုံးဖြတ်ရွေးချယ်ရပေတော့မည်...။ မှော်ဝင်ရတနာများ အားလုံးကို ပိုင်ဆိုင်ပြီး သေမင်းကို

အောင်နိုင်သူအဖြစ် ရွေးချယ်ရမည်လော.. ဝိညာဉ်ကိုယ်ပွားများ အားလုံးကို ဖျက်ဆီးပြီး မိစ္ဆာ သခင်ကြီးကို သုတ်သင်ရမည်လော...။

သေချာသည်ကတော့ သူ့တွင် ကိစ္စနှစ်ခုလုံးအတွက် အချိန်အလုံအလောက် မရှိတော့ပေ..။ မိစ္ဆာသခင်ကြီးမှာ မကြာခင် အချိန်ကာလအတွင်းမှာပင် သူ၏ ဝိညာဉ်ကိုယ်ပွားများကို

ဖျက်ဆီးရန် ဟယ်ရီ ကြိုးစားနေကြောင်း သိသွားသောအခါ...

## ၂၀။ ဇီနိုဖီးလီ းယပ်စ် လပ်ဖ်ဂွဒ်

ဟာမီယွန်၏ ဒေါသများ တစ်ညတည်းနှင့် ပြေပျောက်သွားလိမ့်မည်ဟု ဟယ်ရီ မယူဆပေ..။ ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် သူမ မကျေမချမ်းနှင့် စကားမပြောပဲ ရှိနေခြင်းကို

မအံ့သြမိ..။ ရွန်ကမူ သူမနှင့် အတူရှိနေချိန်တိုင်း အကြီးအကျယ် စိတ်ထိခိုက်နေပုံမျိုး ဖမ်းထားသည်။ သူတို့သုံးယောက် တစ်စုတစ်ဝေးတည်း ရှိချိန်တွင် ဟယ်ရီတစ်ယောက်သာ

စိတ်မဆင်းရဲသည့်ပုံစံ ရှိနေ၏။

ရွန်မှာ ဟယ်ရီနှင့်သာ စကားပြောခွင့် ရသော်လည်း သူ့ ကြည့်ရသည်မှာ ပျော်ရွှင်နေပုံ ရ၏။ သူက အဆက်မပြတ်ဆိုသလိုပင်...

"တစ်ယောက်ယောက်ကတော့ ငါတို့ကို ကူညီနေပြီ.. ဒီသမင်မကို လွှတ်လိုက်တဲ့သူက ငါတို့ဘက်ကလူပဲ... ဝိညာဉ်ကိုယ်ပွားတစ်ခုတော့ ဖျက်ဆီးပစ်လိုက်နိုင်ပြီကွ..."

သူတို့နှစ်ယောက် အခြား ဝိညာဉ်ကိုယ်ပွားများ ရှိနိုင်သည့်နေရာများကို ဆွေးနွေး စဉ်းစားဖြစ်ကြသည်။ ပထမတစ်ခု အောင်မြင်လိုက်ပြီဖြစ်၍ ပို၍ ယုံကြည်ချက်ရှိလာကြ၏။

ရုတ်တရက်ဆိုသလို ငွေရောင်သမင်မ ရောက်လာခြင်း... ဂရစ်ဖင်ဒေါ်ဓားကို ရှာတွေ့ခြင်းနှင့် ရွန်ရောက်လာခြင်းတို့က ဟယ်ရီ့ကို အလွန်ပျော်ရွှင်စေသဖြင့် ခပ်တည်တည်နေရန်

မတတ်နိုင်ပဲ ရှိသည်။

နေ့လည်ခင်းတွင် သူတို့နှစ်ယောက် ဟာမီယွန့်မျက်စိအောက်မှ သစ်သီးရှာရန် အကြောင်းပြချက်ဖြင့် လစ်ထွက်လာခဲ့ရင်း အပြန်အလှန် ဆွေးနွေးကြပြန်၏။ ထိုအချိန်မှပင် ဟယ်ရီမှာ

သူနှင့် ဟာမီယွန်တို့ လှည့်ပတ်သွားလာခဲ့ပုံကို အစအဆုံး ပြောပြနိုင်တော့သည်။ ရွန်ကလည်း စုန်းကဝေလောကတွင် ပြောင်းလဲမှုများ ဖြစ်နေပုံကို သူ့ကို အသေးစိတ်ပြောပြသည်။ ရွန်က

မက်ဂယ်မွေးများစွာ ဝန်ကြီးဌာနလက်မှ ထွက်ပြေးနေကြပုံကို ပြောနေရင်းမှ...

"မင်းတို့ ဘယ်လိုလုပ်ပြီး သူ့နာမည်ကို မပြောရကောင်းမှန်း သိတာလဲ..."

"ဟင်... ဘာလဲ..."

"မင်းရော ဟာမီယွန်ရော မိစ္ဆာကောင်ကြီးရဲ့ နာမည်ကို မပြောကြတော့ဘူးလေ..."

"ဩော်.. ဒါလား.. ငါတို့ အကျင့်ဆိုးတစ်ခု အကျင့်ပါသွားတာပါ... ဒါပေမယ့်
သူ့နာမည်ကိုခေါ်ရင်လည်း ငါ့အတွက် ပြဿနာမရှိပါဘူး... ဗို..."

"မခေါ်နဲ့ ..."

ရွှန်၏ အလန့်တကြား အော်ဟစ်သံက ဟယ်ရီ့ကို လန့်ဖျတ်သွားစေ၏...။ ရွှန်က...

"ဆောရီးပဲကွာ.. ဒါပေမယ့် ဒီနာမည်က ကျိန်စာတိုက်ထားတာ ... ဒီနည်းနဲ့ သူတို့ လူတွေကို
ခြေရာခံခဲ့တာ... သူ့နာမည်ကို ခေါ်လိုက်တာနဲ့ အကာအကွယ် အစီအရင်တွေ

ပျက်ပြယ်သွားတယ်.. ဒီ.. ဒီနည်းနဲ့ သူတို့ ငါတို့ကို တော့တင်ဟမ်လမ်းမကြီးပေါ်မှာ
ခြေရာခံမိသွားတာပဲ..."

"ငါတို့ သူ့နာမည်ကို ခေါ်လိုက်လို့ပေါ့..."

"သေချာတာပေါ့.. ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်တွေကို ချီးကျူးသင့်တယ်... တကယ် အခိပ္ပါယ်ရှိတာပဲ..
သူ့နာမည်ကို ခေါ်ရဲတဲ့သူတွေက သူ့ကို လုံးဝဆန့်ကျင်ရဲတဲ့

ဒမ်ဘယ်လ်ဒိုးလိုလူတွေပဲ... ဒီတော့ ဒီနာမည်ကို ကျိန်စာတိုက်လိုက်တယ်.. ပြောလိုက်တာနဲ့
ခြေရာခံမိမယ်... ဖီးနစ်အဖွဲ့ဝင်တွေကို ခြေရာခံဖို့ အလွယ်ဆုံးနည်းပဲ.. သူတို့ ကင်းစလေကို

မိတော့မလို့..."

"မင်း တကယ်ပြောတာလား..."

"ဟုတ်တယ်.. သူ့ကို ဒက်အိတာတွေ ဝိုင်းဖမ်းကြတာ.. ဒါပေမယ့် သူက ခုခံပြီး ထွက်ပြေးသွားတယ်..
အခု ငါတို့လိုပဲ ရှောင်နေရတယ်..."

ရွန်က စဉ်းစားနေဟန်ဖြင့်...

"ကင်းစလေ ဒီသမင်မကို လွှတ်လိုက်တယ် မထင်ဘူးလား..."

"သူ့ အစောင့်အရှောက်က တောကြောင်ကြီးလေကွာ.. မင်္ဂလာပွဲမှာ တွေ့လိုက်သားပဲ.. မမှတ်မိဘူးလား..."

"အင်း... ဟုတ်သားပဲ..."

သူတို့ ခပ်လှမ်းလှမ်းသို့ ဆက်လျှောက်လာခဲ့ကြသည်...။

"ဟယ်ရီ... ဒါ ဒမ်ဘယ်လ်ဒိုး လက်ချက်လို့ရော မထင်ဘူးလား..."

"ဟင်.. ဘာကိုလဲ..."

ရွန်က အနည်းငယ် တုံ့ဆိုင်းနေပြီးမှ အသံတိုးတိုးဖြင့် ...

"ဒမ်ဘယ်လ်ဒိုးက သမင်မကို လွှတ်လိုက်တာ မဖြစ်နိုင်ဘူးလား.. ဓားအစစ်ကို လက်ထဲမှာ နောက်ဆုံးရှိခဲ့တာ သူပဲ မဟုတ်လား..."

"ဒမ်ဘယ်လ်ဒိုး သေသွားပြီ ရွန်... ငါကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့တာ... သူ ဘယ်လိုမှ အသက်မရှင်နိုင်ဘူး.. ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ အစောင့်အရှောက်က ဖီးနစ်ငှက်ပဲ.. သမင်မ မ

ဟုတ်ဘူး..."

ရွန်ကမူ..

"အစောင့်အရှောက် သဏ္ဍာန်တွေက ပြောင်းလဲလို့ ရတယ် မဟုတ်လား... တွန့်ခ်တောင် တစ်ခါက ပြောင်းဖူးတယ်လေ..."

"ဟုတ်ပါတယ်.. ဒါပေမယ့် သူ အသက်ရှင်နေရင် ထွက်လာရမှာပေါ့.. ကိုယ်တိုင် ဓားကို လာပေးရမှာပေါ့..."

"ငါလည်း မပြောတတ်ဘူး.. ဒါပေမယ့် သူက မင်းကို ဘာမျှား သေချာပြောခဲ့လို့လဲ... မင်းကို ရွှေဘောလုံးပေးခဲ့တယ်... ဟာမီယွန်ကို ပုံပြင်စာအုပ် ပေးခဲ့တယ်.. အဲဒါတွေကရော

ဘာအဓိပ္ပါယ်လဲ…”

“မင်း ဘာပြောချင်တာလဲ…”

ဟယ်ရီ ရွန့်ဘက်သို့လှည့်ကာ မေးလိုက်သည်…။

“ငါလည်း မပြောတတ်ဘူး.. ငါ တစ်ခါတစ်ခါ သိပ်ခေါင်းစားလာရင် သူ ရယ်စရာလုပ်ခဲ့သလား.. ဒါမှမဟုတ် ပိုပြီးခက်အောင် လုပ်ခဲ့တာပဲလား စဉ်းစားမိတယ်.. ဒါပေမယ့်

အခုနောက်ပိုင်း ငါ ဒီလို မတွေးတော့ဘူး… သူ ဘာလုပ်ဖို့လဲဆိုတာ သေချာသိတယ်.. သိလို့လည်း ငါ့ကို အလင်းထိန်း ကိရိယာပေးခဲ့တာပေါ့.. မဟုတ်ဘူးလား… သူ… သူက…”

ရွန်၏ နားရွက်များ နီရဲလာကာ မြက်ပင်များကို ခြေထောက်နှင့် ထိုးဖွနေရင်းမှ…

“သူက ငါ မင်းဆီက ထွက်သွားလိမ့်မယ်လို့ တွက်ထားပြီးသား…”

ဟယ်ရီက…

“မဟုတ်ဘူး.. မင်း ငါ့ဆီကို ပြန်လာချင်မှာပဲလို့ သူသိနေတာ…”

ရွန် အနည်းငယ် စိတ်သက်သာရာရသွားပုံ ပေါ်၏..။ ဟယ်ရီ စကားလမ်းကြောင်းကို ပြောင်းရန် ကြိုးစားလိုက်သည်…။

“ဒမ်ဘယ်လ်ဒိုး ဆိုလို့ အခုမှ သတိရတယ်.. မင်း ရီတာစကီတာ ရေးထားတာ ဖတ်ပြီးပြီလား…”

“ဖတ်ပြီးပြီ… လူတိုင်း ဒီအကြောင်းပြောနေတာပဲ.. ဒမ်ဘယ်လ်ဒိုးနဲ့ ဂရင်ဒီဝေါ သူငယ်ချင်း ဖြစ်ခဲ့ဖူးတယ်… ဒမ်ဘယ်လ်ဒိုးကို မနှစ်သက်တဲ့သူတွေ အတွက်ကတော့ တကယ့်

ရယ်စရာကိစ္စပဲ… သူ့ကို အကောင်းမြင်တဲ့လူတွေအတွက်တော့ အရိုက်ထိတာပဲ.. ဒါပေမယ့် ငါကတော့ အရေးကြီးတယ်လို့ မထင်ဘူး.. အဲဒီ့တုန်းက သူသိပ်ငယ်…”

“ငါတို့အရွယ်ပဲ…”

ဟယ်ရီ ဟာမီယွန်နှင့် တုန်းကလိုပင် ငြင်းပစ်လိုက်သည်။ သူ့မျက်နှာပေါ်မှ အမူအရာကိုကြည့်၍ ရွန် ဆက်မငြင်းတော့…။

ထိုအချိန်မှာပင် ခြုံများကြားထဲတွင် ဧရာမပင့်ကူကြီးတစ်ကောင်ကို တွေ့လိုက်ရသည်..။ ဟယ်ရီ သူ့ကို ရွှန်ပေးထားသော အနက်ရောင် မှော်တောင်ဝှေးဖြင့် ချိန်ရွယ်ရင်း..

"အန်ဂေါ်ဂျီယို..."

ပင့်ကူမှာ တစ်ချက်မျှ တုန်ခါသွား၏..။ ဟယ်ရီ နောက်တစ်ကြိမ် ဂါထာထပ်ရွတ်လိုက်သည်။ ပင့်ကူမှာ အနည်းငယ် ပို၍ ကြီးလာ၏..။ ရွှန်က...

"တော်တော့ .. ဒမ်ဘယ်လ်ဒိုးကို ငယ်သေးတယ်လို့ ပြောမိတာ ငါမှားတယ်... ဟုတ်ပြီလား.."

ရွှန် ပင့်ကူကြောက်မှန်း ရုတ်တရက်မို့ ဟယ်ရီ မေ့သွားခြင်းပင်...။

"ဆောရီးပဲကွာ.. ရီဂျူဆီယို.."

ပင့်ကူမှာ ပြန်၍ သေးမသွားချေ..။ ဟယ်ရီ သူ့လက်ထဲမှ အနက်ရောင် မှော်တောင်ဝှေးကို ငုံ့ကြည့်လိုက်သည်..။ ယခုအခါ သူသုံးသမျှ သာမန်ဂါထာများမှာ ယခင်က

ဖီးနစ်ငှက်မွေးတောင်ဝှေးနှင့်ကလောက် အစွမ်းမပြနိုင်ပေ...။ သူ၏ မှော်တောင်ဝှေးအသစ်မှာ လက်ထဲတွင် လုံးဝ မရင်းနှီးပေ..။

ဟာမီယွန်က သူတို့အနီးတွင် တိတ်တိတ်ဆိတ်ဆိတ် ရောက်လာရင်း...

"နင် အလေ့အကျင့် မရှိသေးလို့ပါ.. ဒါ ယုံကြည်မှုနဲ့ပဲ ဆိုင်တာပါ..."

သူမ ဘာရည်ရွယ်ချက်နှင့် ပြောသည်ကို ဟယ်ရီ ကောင်းကောင်းသဘောပေါက်၏..။ သူ၏ မှော်တောင်ဝှေးကို ချိုးပစ်မိသည့်အတွက် သူမတွင် အပြစ်ရှိသလို ခံစားနေရဟန်ရှိသည်..။

ဟာမီယွန်ပြောသလိုသာဆိုလျှင် သူတို့ မှော်တောင်ဝှေးချင်း လဲ၍ ကိုင်သင့်သည်ဟု ဟယ်ရီ ပြောရန် ကြံလိုက်သည်..။ သို့သော် သူ ဘာမှ မပြောဖြစ်ခင်မှာပင် ရွှန်က ဟာမီယွန်နဲ့ကို

ပြုံးပြလိုက်၏..။ သူမက လုံးဝဂရုမစိုက်ပဲ ပြန်ထွက်သွားရင်း စာအုပ်ထဲကိုသာ ပြန်၍ စိတ်ဝင်စားနေ၏...။

အမှောင်ထု ကြီးစိုးလာသည်နှင့် သုံးယောက်စလုံး ရွက်ဖျင်တဲဆီ ပြန်ခဲ့ကာ ဟယ်ရီက ပထမဆုံး ကင်းတာဝန်ကို ယူလိုက်၏။

အဝင်ဝတွင် ထိုင်ရင်း သူ၏ အနက်ရောင် တောင်ဝှေးဖြင့် ကျောက်တုံးလေးများကို မြှောက်ယူရန် ကြိုးစားလိုက်သည်..။ သို့ရာတွင် သူ၏ မှော်ပညာမှာ ယခင်ကလို အစွမ်းမထက်နိုင်ပဲ

ရှိသည်။

ဟာမီယွန်ကတော့ သူမခုတင်ပေါ်ဝယ် စာဖတ်ရင်း လှဲနေ၏။ ရွန်ကမူ သူမကို ကွက်ကြည့်ကွက်ကြည့်လုပ်ရင်း သစ်သားဖြင့် လုပ်ထားသော ရေဒီယိုလေးတစ်လုံးကို သူ့ကျောပိုးအိတ်ထဲမှ

ထုတ်ယူကာ လိုင်းများဖမ်းရန် ကြိုးပမ်းနေ၏။

သူက ဟယ်ရီ့ကို အသံတိုးတိုးဖြင့်...

"အစီအစဉ်တစ်ခု ရှိတယ်ကွ.. သတင်းမှန်တွေ အကုန်သိရမယ်... ရှိသမျှ သတင်းတွေအားလုံးက ဝန်ကြီးဌာနနောက် မိစ္ဆာသခင်ကြီးနောက်ကို ပါကုန်ကြပြီ... ဒီသတင်းကတော့

တကယ်မိုက်တာပဲ.. တစ်ခုဆိုးတာက ညတိုင်းမလွှင့်နိုင်ဘူး.. အဖမ်းခံရမှာ စိုးလို့ နေရာတွေ လှည့်ပတ်ပြောင်းနေရတယ်... နောက်ပြီး အသံဖမ်းဖို့ စကားဝှက်လိုတယ်.. ခက်တာက ငါ

စကားဝှက်ကို မမှတ်မိတော့ဘူး..."

သူက ရေဒီယိုကို မှောင်တောင်ဝှေးဖြင့် ဒရမ်ခေါက်သလို ခေါက်ရင်း ပါးစပ်မှ စကားလုံးမျိုးစုံကို ရေရွတ်နေ၏..။ ဟာမီယွန်က စာဆက်ဖတ်နေသလို ဟယ်ရီကလည်း

အနက်ရောင်တောင်ဝှေးဖြင့် ဆက်လက် လေ့ကျင့်နေ၏..။ နောက်ဆုံးတွင် ဟာမီယွန်က ခုတင်ပေါ်မှ ဆင်းသက်လာ၏..။ ရွန်က တောင်ဝှေးဖြင့် တဒေါက်ဒေါက်ခေါက်နေခြင်းကို

ရပ်တန့်လိုက်ရင်း...

"နင်.. နင့်ကို အနှောင့်အယှက်ပေးသလို ဖြစ်နေရင် ငါရပ်လိုက်ပါ့မယ်..."

သို့ရာတွင် ဟာမီယွန်က သူ့ကို လုံးဝဂရုမစိုက်ပဲ ဟယ်ရီ့အနီး ချဉ်းကပ်လာရင်း...

"ငါ နင်နဲ့ ပြောစရာရှိတယ်..."

ဟယ်ရီ သူမ လက်ထဲတွင် ကိုင်ထားသော စာအုပ်ကို လှမ်းကြည့်လိုက်သည်..။
"အဲဗက်စ်ဒမ်ဘယ်လ်ဒိုး၏ ဘဝနှင့် သူ၏လိမ်ညာမှုများ"စာအုပ်ပင်...။

"ဘာလဲ..."

ရီတာစကီတာ၏ စာအုပ်ထဲဝယ် သူ့အကြောင်း အခန်းတစ်ခန်း ပါဝင်ကြောင်း သတိရမိသည်..။ သူနှင့် ဒမ်ဘယ်လ်ဒိုးတို့၏ ဆက်ဆံရေးကို ရီတာစကီတာ ဘာရေးထားမှန်း မသိချင်ပေ..။

သို့ရာတွင် ဟာမီယွန်၏ စကားမှာ သူထင်ထားသလို မဟုတ်ပေ...။

"ငါ ဓိနိုဖီးလီ းယပ်စ် လပ်ဖ်ဂွဒ်ကို သွားတွေ့ချင်တယ်..."

"ဟင်.. ဘာပြောလိုက်တယ်..."

"ဓိနိုဖီးလီ းယပ်စ် လပ်ဖ်ဂွဒ်လေ.. လူနာ့ရဲ့အဖေလေ.. ငါသွားတွေ့ပြီး စကားပြောချင်တယ်..."

"အင်.. ဘာလို့လဲ..."

သူမက အသက်ပြင်းပြင်းတစ်ချက် ရှိုက်ကာ အားတင်းလိုက်ဟန်ဖြင့်....

"ပုံပြင်စာအုပ်ထဲက အမှတ်အသားအကြောင်းကို မေးချင်တယ်... ဒီမှာကြည့်..."

သူမက လက်ထဲမှစာအုပ်ကို ဟယ်ရီ့ကို ထိုးပြလိုက်၏..။ ဟယ်ရီ မကြည့်ချင်သော်လည်း ဒမ်ဘယ်လ်ဒိုးက ဂရင်ဒီဝေါထံ ရေးထားသည့်စာကို တွေ့လိုက်ရသည်..။ ဒမ်ဘယ်လ်ဒိုး ထိုစာကို

တကယ်ရေးခဲ့သည်ဆိုခြင်းကို သူ မငြင်းနိုင်ပေ...။ ဟာမီယွန်က...

"လက်မှတ်ကို သေချာကြည့်စမ်းပါ ဟယ်ရီ ..."

သူမ ဘာကို ဆိုလိုချင်မှန် ဟယ်ရီ သေချာမသိသော်လည်း သူ အနီးကပ်၍ သေချာကြည့်လိုက်သည်..။ ဒမ်ဘယ်လ်ဒိုး၏ လက်မှတ်ဝယ် တြိဂံပုံသဏ္ဍာန် ခပ်သေးသေး အမှတ်အသားကို

တွေ့လိုက်ရသည်..။ ပုံပြင်စာအုပ်ထဲမှ အမှတ်အသားနှင့် အတူတူပင်...။

"အာ... နင် ဘာပြောချင်တာလဲ..."

ရွန့်အမေးကို ဟာမီယွန်က လုံးဝ ဂရုမစိုက်ပေ..။

"ပိုပိုပြီး ရှုပ်မလာဘူးလား.. ဗစ်တာကပြောတော့ ဒါက ဂရင်ဒီဝေါရဲ့ အမှတ်အသားတဲ့... ဒါပေမယ့် ငါတို့ ဂိုဒရစ်ဟောလို းက သင်္ချိုင်းဂူဟောင်းမှာလည်း တွေ့ခဲ့တယ်.. အဲဒီ့အုတ်ဂူက

ခုနှစ်သက္ကရာဇ်အရ ဂရင်ဒီဝေါ မမွေးခင် အစောကြီးကတည်းကပဲ... အခု ဒီစာကိုလည်းကြည့်ဦး.. ငါတို့ ဂရင်ဒီဝေါကိုရော ဒမ်ဘယ်လ်ဒိုးကိုပါ မေးလို့မရတော့ဘူး.. ဂရင်ဒီဝေါ

အသက်ရှင်လျှက်ရှိ မရှိလည်း မသေချာဘူး.. ဒါပေမယ့် ငါတို့ မစ္စတာ လပ်ဖ်ဂွဒ်ကို မေးလို့ရတယ်.. သူက ဒီအမှတ်အသားကို မင်္ဂလာပွဲမှာ ဝတ်လာတယ်လေ.. ဒါ အရေးကြီးတယ်လို့

ငါထင်တယ် ဟယ်ရီ..."

ဟယ်ရီ ချက်ချင်း အဖြေမပေးချေ..။ သူက အမှောင်ထုထဲသို့ ငေးကြည့်ကာ အချိန်အတန်ကြာ စဉ်းစားနေပြီးမှ...

"ဂိုဒရစ်ဟောလို းလို ထပ်မဖြစ်စေချင်တော့ဘူးဟာ ... ငါတို့ အဲဒီ့ကို သွားဖို့ တိုင်ပင်ခဲ့ကြတယ်.. ပြီးတော့..."

"ဒါပေမယ့် ဒီကိစ္စကို ရှောင်လွှဲလို့ မရနိုင်ဘူး ဟယ်ရီ ... ဒမ်ဘယ်လ်ဒိုးက ငါဖို့ ပုံပြင်စာအုပ် ထားရစ်ခဲ့တယ်... ဒီအမှတ်အသားကို မစုံစမ်းသင့်ဘူးလို့ နင် ဘယ်ပြောလို့ ရမလဲ..."

"ဒီပြဿနာက ပြန်စလာပြန်ပြီဟာ... အရင်ကလည်း ဒမ်ဘယ်လ်ဒိုးက ငါတို့ကို လျှို့ဝှက်အမှတ်အသားတွေ ထားခဲ့တယ်လို့ ထင်ခဲ့တာပဲ မဟုတ်လား..."

ရွန်က...

"အလင်းထိန်း ကိရိယာက ငါ့အတွက် တကယ် အသုံးဝင်ခဲ့တာပဲ... ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ လပ်ဖ်ဂွဒ်ကို သွားတွေ့ကြည့်သင့်တယ် ထင်တယ်..."

ဟယ်ရီ ရွန့်ကို မကျေမနပ် ကြည့်လိုက်သည်..။ ရွန် ဟာမီယွန့်ကို ထောက်ခံနေခြင်းမှာ ဤအမှတ်အသားကို သိချင်၍မဟုတ်မှန်း သူသိသလိုရှိသည်...။

"ဂိုဒရစ်ဟောလို းနဲ့ မတူနိုင်ပါဘူးကွာ.. လပ်ဖ်ဂွဒ်က မင်းဘက်ကလူပဲ... ကွစ်ဘလာသတင်းစာက မင်းဘက်က အမြဲပါနေကျပဲ.. မင်းကို ကူညီသင့်တယ်လို့ သူ အမြဲရေးနေကျ မ

ဟုတ်လား…”

“ဒါ အရေးကြီးတယ်လို့ ငါထင်တယ်…”

ဟာမီယွန်ကပါ ဝင်ပြော၏…။ ဟယ်ရီက…

“ဒါပေမယ့် တကယ်အရေးကြီးရင် ငါ့ကို သူမသေခင် ပြောပြခဲ့မှာပေါ့…”

“ဒါ … ဒါ ကိုယ့်ဘာသာ စဉ်းစားရှာဖွေရမယ့် ကိစ္စလို့ ထင်တာပဲ…”

“အင်း … ဒီလိုလည်း ဖြစ်နိုင်တာပဲ…”

“ငါတို့ မစ္စတာ လပ်ဖ်ဂွဒ်နဲ့ စကားပြောကြည့်သင့်တယ်လို့ ငါထင်တယ်… ဒီအမှတ်အသားက ဒမ်ဘယ်လ်ဒိုး… ဂရင်ဒီဝေါ … ဂိုဒရစ်ဟောလို းတို့နဲ့ ဆက်စပ်နေတယ်… ငါတို့

ဒီအကြောင်းကို သိသင့်တယ်လို့ ထင်တယ်…”

ရွန်က…

“ဒါဖြင့်လည်း မဲခွဲကြစို့… လပ်ဖ်ဂွဒ်ဆီကို သွားချင်တဲ့သူ…”

ရွန်က သူ့လက်ကို ဟာမီယွန့်ထက်ပင် အရင် မြှောက်ထားလိုက်သည်..။ သူ့နောက်မှ ဟာမီယွန်က လက်လိုက်မြှောက်၏…။

ရွန်က ဟယ်ရီ့ကျောကို ပုတ်လိုက်ရင်း…

“ဆောရီးပဲ ဟယ်ရီ… ငါတို့က မဲများသွားပြီ…”

“ကောင်းပြီလေ.. ဒါပေမယ့် လပ်ဖ်ဂွဒ်ကို တွေ့ပြီးတာနဲ့ ငါတို့ ဝိညာဉ်ကိုယ်ပွားတွေ ဆက်ရှာကြမယ်… ဟုတ်လား.. ဒါနဲ့ လပ်ဖ်ဂွဒ်က ဘယ်မှာ နေတာလဲ.. မင်းတို့သိလား…”

ရွန်က…

“ငါတို့အိမ်နဲ့ သိပ်မဝေးဘူး.. နေရာအတိအကျတော့ မသိဘူး.. အဖေနဲ့အမေကတော့ သူတို့အကြောင်းပြောတိုင်း တောင်ကုန်းတွေဘက်ကို ညွှန်တတ်တာပဲ.. သိပ်ရှာရခက်မယ်

မထင်ဘူး…”

ဟာမီယွန် သူမ၏ ကုတင်ပေါ် ပြန်တက်သွားသည်နှင့် ဟယ်ရီက အသံကို နှိမ့်လိုက်ရင်း…

“မင်းကို သူ မျက်နှာသာ ပြန်ပေးအောင် ကြံတာမဟုတ်လားကွ… ဟေ…”

ရွန်က ပျော်ရွှင်စွာဖြင့်…

“အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး ကိုယ့်လူ.. ပျော်ပျော်နေစမ်းပါကွာ… ဒါ
ခရစ်စမတ်စ်ကျောင်းပိတ်ရက်ကွ.. လူနာ အိမ်မှာ ရှိလိမ့်မယ်…”

နောက်တစ်နေ့နံနက်ပိုင်းတွင် သူတို့အားလုံး ကိုယ်ယောင်ဖျောက်ကာ
အော့တာရီစိန့်ကတ်ချ်ပိုးလ်ရွာလေးအား တောင်ကုန်းတစ်ခုထိပ်မှ သေချာလေ့လာကြည့်လိုက်သည်…။

အလွန်မြင့်သော တောင်ထိပ်မှ စီးကြည့်ခြင်းဖြစ်ရာ ရွာလေးမှအိမ်များမှာ အရုပ်အိမ်လေးများသဖွယ်
ဖြစ်နေ၏..။ သူတို့ ဘာရီးကို အပေါ်စီးမှ ရှာကြည့်သော်လည်း သေချာစွာ

မမြင်ရချေ..။ ရွန်က…

“ဒီလောက် အနီးထိ ရောက်ပြီးမှ အိမ်ကို ဝင်မတွေ့ရတာ တစ်မျိုးကြီးပဲ…”

ဟာမီယွန်က အေးစက်စက်လေသံဖြင့် …

“နင် သူတို့နဲ့ ခရစ်စမတ်စ်တလျှောက်လုံး တွေ့ပြီးပြီ မဟုတ်လား…”

ရွန်က တစ်ချက် ရယ်လိုက်ရင်း…

“ငါ ဘာရီးမှာ မနေဘူး.. ငါ အိမ်ကိုပြန်ပြီး မင်းတို့နဲ့ ခွဲလာခဲ့ပြီလို့ ပြောရမှာလား..
ဖရက်နဲ့ဂျော့အဖို့တော့ နောက်စရာ ကောင်းကောင်း ရသွားမှာပဲ.. ဂျင်နီကလည်း ငါ့ကို

ကောင်းကောင်း နားလည်သွားမှာပဲ…”

ဟာမီယွန်က အံ့သြသွားဟန်ဖြင့်…

“ဒါဆို နင် ဘယ်တွေ လျှောက်သွားနေတာလဲ…”

"ဘီလ်နဲ့ ဖလူရာတို့ရဲ့ အိမ်အသစ်ကိုလေ... ဘီလ်က ငါ့အပေါ် အရမ်း ကောင်းတယ်.. ငါဘာလုပ်ခဲ့တယ်ဆိုတာ ကြားတော့ သဘောကျပုံမရပေမယ့် ဘာမှ ဆက်ပြောမနေဘူး... ငါ

အရမ်းစိတ်မကောင်း ဖြစ်နေတာကို သူသိတယ်... ကျန်တဲ့ မိသားစုတစ်ခုလုံး ငါရှိမှန်း မသိကြဘူး... ဘီလ်က အမေ့ကို ခရစ်စမတ်စ်မှာ မလာတော့ဘူးလို့ပဲ မှာလိုက်တယ်... ဒါ သူတို့

လက်ထပ်ပြီးတဲ့နောက် ပထမဆုံး ပိတ်ရက်ပဲ.. ဖလူရာလည်း ဒီလိုပဲ နေချင်ပုံရတယ်.."

ရွန်က ဘာရိုးဘက်ကို ပြန်လှည့်ကြည့်ရင်းမှ ...

"ဟိုဘက်ကို သွားကြည့်ရအောင်..."

သူတို့ နာရီအနည်းငယ်ကြာသည်အထိ လမ်းလျှောက်ခဲ့ကြသည်..။ ဟာမီယွန့်အကြံဖြင့် ဟယ်ရီမှာ ကိုယ်ပျောက်ဝတ်ရုံ ခြုံလာရ၏..။ တောင်ကုန်းလေးတစ်ခုအနီးတွင် အိမ်လေးတစ်လုံးကို

လူသူကင်းမဲ့လျက် တွေ့ရသည်။

ဟာမီယွန်က သေသေသပ်သပ်ရှိသော မီးဖိုခန်းထဲသို့ ပြတင်းပေါက်မှတဆင့် ချောင်းကြည့်ရင်း...

"ဒါ သူတို့အိမ်လို့ ထင်သလား... ကြည့်ရတာ ခရစ်စမတ်စ်မှာ လျှောက်လည်နေကြပုံပဲ..."

ရွန်က လုံးဝလက်မခံဟန်ဖြင့်...

"လပ်ဖ်ဂွဒ်ရဲ့ ပြတင်းပေါက်က ချောင်းလိုက်တာနဲ့ သူတို့အိမ်မှန်း သိသာလိမ့်မယ်လို့ ငါထင်တယ်... ကဲ.. တောင်ကုန်းတွေကို နည်းနည်း ထပ်ကျော်သွားကြည့်ရအောင်..."

ထို့ကြောင့် သူတို့ မြောက်ဘက်သို့ မိုင်အနည်းငယ်ခန့် ကိုယ်ယောင်ဖျောက်ကာ ခရီးနှင်ခဲ့ကြသည်...။

"အာဟား.. ဟိုမှာ..."

ရွန်က တောင်ကုန်းတစ်ခုထိပ်သို့ လက်ညှိုးညွှန်ပြ၏။ တောင်ကုန်းထိပ်ဝယ် အလွန်ထူးဆန်းသော ပုံသဏ္ဍာန်ရှိသည့် အိမ်တစ်လုံးကို တွေ့လိုက်ရသည်...။

"ဒါ လူနာ့အိမ်ပဲ.. သေချာတယ်.. ဘယ်သူမှ ဒီလိုနေရာမျိုးမှာ နေမှာမဟုတ်ဘူး.. အိမ်ကလည်း မည်းချိတ်နေတာ ကျီးကန်းကြီးလိုပဲ..."

ဟာမီယွန်က..

“ငှက်နဲ့ လုံးဝမတူပါဘူးဟာ...”

“ဒါဆိုလည်း စစ်တုရင်ရုပ်က ရဲတိုက်နဲ့တူတယ်..”

အရပ်ရှည်သလောက် ခြေတံရှည်သော ရွှန်မှာ တောင်ကုန်းထိပ်သို့ အရင်ဆုံး ရောက်သွား၏။ သူနှင့် ဟာမီယွန်တို့ တောင်ကုန်းထိပ်သို့ မောမောပန်းပန်း ရောက်သွားချိန်ဝယ် ရွှန်က

အားပါးတရ ပြုံးလိုက်ရင်း...

“ဒါ သူတို့အိမ်ပဲ .. ကြည့်စမ်း...”

ပြိုလဲကျနေသော စည်းရိုးတွင် ဆိုင်းဘုတ်တစ်ခု ရိုက်ထား၏...။

‘ကွစ်ဘလာသတင်းစာ အယ်ဒီတာ ဇီနိုဖီးလီ းယပ်စ်လပ်ဖ်ဂွဒ်’

သူတို့ အထဲသို့ ဝင်လာခဲ့သည်..။ မြွေလိမ်မြွေကောက် လမ်းကလေးအတိုင်း ဝင်လာခဲ့ရာ လမ်းတလျှောက်တွင် သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်နေ၏..။ ချုံပုတ်တစ်ခုတွင်

လိမ်မော်ရောင်လိုလို အနီရောင်လိုလို သစ်သီးများကို တွေ့ရ၏..။ သက်တမ်းရင့်လှပြီဖြစ်သော ပန်းသီးရိုင်းပင်နှစ်ပင်မှာ သစ်ရွက်များ မရှိတော့သော်လည်း အနီရောင် ပန်းသီးများဖြင့်

ပြွတ်သိပ်နေ၏..။

ဇီးကွက်သေးသေးတစ်ကောင်က သူတို့ကို သစ်ကိုင်းတစ်ခုပေါ်မှ ငုံ့ကြည့်နေ၏..။ ဟာမီယွန်က...

“နင် ကိုယ်ပျောက်ဝတ်ရုံ ချွတ်လိုက်တော့ ဟယ်ရီ... နင့်ကိုပဲ မစ္စတာလပ်ဖ်ဂွဒ်က ကူညီချင်မှာ... ငါတို့ကို မဟုတ်ဘူး...”

သူက ကိုယ်ပျောက်ဝတ်ရုံကို အိတ်ထဲထည့်သိမ်းရန် ဟာမီယွန့်ကို ပြန်ပေးလိုက်၏..။ ထို့နောက် ဟာမီယွန်က တံခါးကို သုံးချက်ခေါက်လိုက်သည်...။

ဆယ်စက္ကန့်ခန့်အကြာတွင် တံခါးပွင့်လာပြီး ဇီနိုဖီးလီ းယပ်စ် လပ်ဖ်ဂွဒ်ကို တွေ့လိုက်ရသည်...။ ခြေထောက်ဗလာနှင့်ဖြစ်ပြီး အစွန်းများပေနေသော ညဝတ် အင်္ကျီကို ဝတ်ထား၏..။ သူ၏

အဖြူရောင် ဆံပင်ရှည်များမှာ ရှုပ်ပွကာ ညစ်ပေနေ၏..။ မင်္ဂလာပွဲတွင် ဝတ်စားထားစဉ်ကနှင့် များစွာကွာခြား၍ စုတ်ပြတ်သတ်လျှက် ရှိသည်...။

"ဘာလဲ.. ဘာကိစ္စလဲ.. ဘယ်သူတွေလဲ..."

သူက အသံစူးစူးဖြင့် မေးရင်း ဟာမီယွန်နှင့် ရွန့်ကို အရင်ကြည့်လိုက်သည်။ သို့ရာတွင် နောက်ဆုံးပိတ် ဟယ်ရီ့ကို မြင်လိုက်ချိန်ဝယ် ပါးစပ်အဟောင်းသား ပွင့်သွား၏...။

"ဟယ်လို မစ္စတာလပ်ဖ်ဂွဒ်.. ကျွန်တော်က ဟယ်ရီ ပေါ်တာပါ..."

ဟယ်ရီက လက်ကမ်းပေးလိုက်သော်လည်း ဇီနိုဖီးလီ းယပ်စ်က မလှုပ်ချေ..။ သူ့မျက်လုံးက ဟယ်ရီ့နဖူးပေါ်ရှိ အမာရွတ်တွင်သာ ငြိမ်သက်နေ၏..။

ဟယ်ရီက...

"ကျွန်တော်တို့ အထဲကို ဝင်လို့ရမလား.. ကျွန်တော်တို့ ခင်ဗျားကို မေးစရာနည်းနည်း ရှိလို့ပါ..."

"ဒီ.. ဒီလိုလုပ်လို့ ဖြစ်... ဖြစ်ပါ့မလား.. ဒီလိုလုပ်လို့ ဖြစ်... ဖြစ်မယ်မထင်..."

ဟယ်ရီ အနည်းငယ် စိတ်ပျက်သွားမိသည်...။

"ကျွန်တော်တို့ မကြာပါဘူး..."

"အင်း ... ကောင်းပြီလေ.. ဒါဆိုလည်း မြန်မြန်ဝင်ကြ..."

သူတို့ အထဲရောက်ရောက်ချင်းပင် ဇီနိုဖီးလီ းယပ်စ်က တံခါးကို ဆောင့်ပိတ်ချလိုက်သည်..။ ဟယ်ရီ မြင်ဖူးသမျှထဲတွင် အထူးဆန်းဆုံး မီးဖိုချောင်ပင်..။ စက်ဝိုင်းသဏ္ဍာန်ရှိကာ

ငရုတ်ကောင်းဗူးထဲ ရောက်နေသလို ခံစားရ၏..။ အားလုံး နံရံထဲတွင် ထွင်းကာ မြှုပ်ထား၏..။ ကြောင်အိမ်.. မီးဖို.. လက်ဆေးကြွေဇလုံ... အားလုံးပင်..။ ထို့ပြင်

အရောင်တောက်တောက်နှင့် ပိုးမွှားများ ပန်းပွင့်ပုံများပါသော ဆေးများ သုတ်ထား၏..။ လူနာ၏ ပုံသဏ္ဍာန်ကို ဟယ်ရီ ပြန်မြင်ယောင်လာ၏..။ ဤကဲ့သို့ နေရာတွင် နေရခြင်းကြောင့်

ဤပုံစံမျိုး ပေါက်နေခြင်းပင် ဖြစ်ရမည်...။

အခန်းအလယ်တည့်တည့်ဝယ် သံဖြင့်လုပ်ထားသော ကြောင်လိမ်လှေကား တစ်ခုရှိ၏။ အပေါ်ထပ်မှ တဒုန်းဒုန်း တဒိုင်းဒိုင်းအသံများ ကြားနေရ၏..။ လူနာ ဖြစ်ရမည်ဟု ဟယ်ရီ

ထင်မိသည်…။

ဇီနိုဖီးလီ းယပ်စ်က စိတ်မသက်မသာဖြစ်နေဟန်ဖြင့်…

"အပေါ်ကို တက်ကြရအောင်…"

အပေါ်ထပ် အခန်းမှာ ဧည့်ခန်းနှင့် အလုပ်ခန်း ပေါင်းထားပုံရပြီး မီးဖိုခန်းထက် ပို၍ရှုပ်ပွနေ၏..။ မီးဖိုခန်းထက် ပိုသေးကာ အဝိုင်းသဏ္ဍာန်ပင်ဖြစ်ပြီး ပစ္စည်းပစ္စယများနှင့် ရှုပ်ပွနေ၏။

စာအုပ်ပုံများနှင့် သတင်းစာစက္ကူများက နေရာအနှံ့ ပွထနေ၏။ ဘာမှန်း မခန့်မှန်းနိုင်သော သတ္တဝါရုပ်ထုများလည်း ရှိနေသည်။

လူနာ အပေါ်ထပ်တွင် ရှိမနေချေ..။ ဆူဆူညံညံအသံများ ထွက်နေသော အရာမှာ သစ်သားနှင့် လုပ်ထားသော ပုံစံဟောင်း ပုံနှိပ်စက်ဆီမှ ဖြစ်သည်…။

"ဘာကိစ္စ ဒီကို လာခဲ့ကြတာလဲ…"

ဟယ်ရီ ဘာမှ ပြန်မပြောနိုင်ခင်မှာပင် ဟာမီယွန်က အထိတ်တလန့်ဖြင့်…

"မစ္စတာ လပ်ဖ်ဂွဒ် … ဟိုဟာက ဘာကြီးလဲ…"

သူမက အလွန်ကြီးမားသော အညိုရောင် ဦးချိုကြီးတစ်ခုကို လက်ညှိုးညွှန်ပြ၏။ ထိုအရာမှာ နံရံတွင် ချိတ်ဆွဲထားပြီး အခန်းထဲသို့ ပေပေါင်းအတော် များများ ထိုးထွက်နေ၏။

"ဒါ စနော့ကတ်ချိုလိမ်လေ…"

"မဟုတ်ဘူး … မဖြစ်နိုင်ဘူး…"

ဟယ်ရီက…

"ဟာမီယွန်.. ဒါက အရေးမကြီး…"

"ဟယ်ရီ.. ဒါ အီရမ်ပန့်ချိုပဲ.. အိမ်ထဲမှာထားရင် အရမ်း အန္တရာယ် ကြီးလွန်းတယ်…"

ရွန်က ဦးချိုအနီးမှ ကမန်းကတန်း နောက်ဆုတ်ရှောင်ရင်း…

"နင် ဘယ်လိုလုပ်ပြီး သိတာလဲ.."

"ငါ ထူးဆန်းသော သတ္တဝါများနှင့် နေရာဒေသများ စာအုပ်ထဲမှာ ဖတ်ဖူးတယ်… မစ္စတာလပ်ဖ်ဂွဒ်.. ဒါကြီးကို ဖယ်ပစ်မှ ဖြစ်မယ်… နည်းနည်းလေး ထိလိုက်တာနဲ့

ပေါက်ကွဲသွားနိုင်တယ်…"

"ဒါ စနော့ကတ်ချိုလိမ်ပဲ… အရမ်းရှားပါးတဲ့ မှော်ဝင်သတ္တဝါပဲ…"

"မဖြစ်နိုင်ဘူး.. ဦးချိုပေါ်က အမှတ်အသားတွေအရ ဒါ အီရမ်ပန့်ချိုပဲ.. အရမ်း အန္တရာယ်ကြီးတယ်… ဘယ်က ရလာတာလဲ…"

"ငါ လွန်ခဲ့တဲ့ နှစ်ပတ်က ဝယ်လာတာ.. ငါ့ကို လူငယ်လေးတစ်ယောက် ရောင်းသွားတာ.. လူနာ့အတွက် ခရစ်စမတ်မှာ ပျော်စရာဖြစ်အောင် ဝယ်လာတာ.. ကဲ…"

သူက ဟယ်ရီ့ဘက်သို့ လှည့်ကြည့်ရင်း…

"ဘာကိစ္စနဲ့ ဒီကိုလာတာလဲ မစ္စတာပေါ်တာ…"

"ကျွန်တော်တို့ အကူအညီနည်းနည်း လိုလို့ပါ.."

ဟာမီယွန် ဘာမှထပ်မပြောနိုင်ခင် ဟယ်ရီ ဦးအောင် ပြောလိုက်သည်။

"အား.. အကူအညီလား…"

သူက ဟယ်ရီ့အမာရွတ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြန်၏..။ သူ့ကို ကြည့်ရသည်မှာ ကြောက်ရွံ့နေသလိုပင်…။

"ဟယ်ရီပေါ်တာကို ကူညီရတာ.. အင်း .. တကယ် အန္တရာယ်များမှာပဲ…"

ရွန်က…

"ဟယ်ရီပေါ်တာကို ကူညီရမယ်လို့ ဆောင်းပါးတွေရေးနေတာ ခင်ဗျားပဲ မဟုတ်လား… ဒါ အရေးအကြီးဆုံးတာဝန်ပဲဆို.. ကွစ်ဘလာက ခင်ဗျားသတင်းစာ မဟုတ်လား…"

ဇီနိုဖီးလီ းယပ်စ်က သူ့ကိုကျော်ကာ ပုံနှိပ်စက်ကို လှမ်းကြည့်ရင်းမှ…

"ဟုတ် … ဟုတ်ပါတယ်.. ဒါပေမယ့်…"

ရွှန်က…

"ဒါ အားလုံးရဲ့ တာဝန်ဆိုပေမယ့် ခင်ဗျားတော့ မပါဘူးပေါ့…"

ဇီနိုဖီးလီ းယပ်စ်မှာ အဖြေမပေးနိုင်ပဲ တံတွေးကိုသာ အခါခါမျိုချနေ၏..။ သူတို့ကို တည့်တည့်မကြည့်ပဲ မျက်နှာလွှဲထား၏..။ တစ်ခုခုကို မျိုသိပ်ထားသည်ဟု ဟယ်ရီ ထင်မိသည်..။

ဟာမီယွန်က…

"လူနာရော … သူ ဘယ်လိုတွေးမလဲ ကြည့်ရအောင်…"

ဇီနိုဖီးလီ းယပ်စ်က တံတွေးတစ်ချက် မျိုချလိုက်ပြန်၏..။ ထို့နောက်တွင် အလွန်တုန်ရီကာ တိုးသောလေသံဖြင့်…

"လူနာ ချောင်းထဲမှာ ငါးမျှားနေတယ်… သူ.. သူက မင်းတို့နဲ့ တွေ့ချင်မှာပါ.. သွားခေါ်လိုက်မယ်လေ… ငါ .. ငါလည်း မင်းတို့ကို ကူညီပါ့မယ်…"

သူ လှေကားမှ ဆင်းသွားကာ တံခါးဖွင့်သံ ပိတ်သံတို့ကို ကြားလိုက်ရသည်။ သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်…။

ရွှန်က…

"တကယ့်ငကြောက်ကြီးပဲ.. လူနာက သူ့ထက် ဆယ်ဆ သတ္တိရှိတယ်…"

ဟယ်ရီက…

"ငါတို့ ဒီလာတာ သိသွားရင် ဒက်အိတာတွေနဲ့ ပြဿနာတက်မှာကို စိုးရိမ်နေပုံပဲ…"

ဟာမီယွန်က..

"ရွှန်ပြောတာကို ငါလည်း ထောက်ခံတယ်.. ဒီလူကြီးက တခြားလူတွေကိုတော့ နင့်ကို ကူညီဖို့ပြောပြီး သူကတော့ ငါတို့ကို နှင်ထုတ်နေတယ်... ပြီးတော့ အဲဒီဦးချိုနှား လုံးဝ

မကပ်ကြနဲ့နော်..."

ဟယ်ရီ ပြတင်းပေါက်မှတဆင့် အပြင်သို့ ငေးကြည့်လိုက်သည်..။ တောင်ကုန်းအောက်ခြေဝယ် စမ်းချောင်းကလေးတစ်ခု ဖဲကြိုးတစ်ခုပမာ ကောက်ကောက်ကွေ့ကွေ့ စီးဆင်းနေ၏..။

သူတို့ အလွန်မြင့်သော နေရာသို့ ရောက်နေ၏...။ ငှက်များ ပျံသန်းသွားနေသည်ကို မြင်နေရ၏..။ ဘာရိုးရှိရာသို့ သူ လှမ်းကြည့်သော်လည်း တောင်ကုန်းများ ကာဆီးနေ၍

မမြင်နိုင်ပေ..။

ဂျင်းနီနှင့် သူ အလွန်နီးကပ်သော နေရာသို့ ပထမဆုံးအကြိမ် ပြန်ရောက်လာခြင်းပင်..။ သူ ယခုလို ငေးမောနေမှန်း သူမကတော့ သိမည် မထင်ပေ..။ သို့ရာတွင် ဤကဲ့သို့

ဝေးနေသည်ကိုပင် သူ ကျေနပ်ရပေမည်..။ သူနှင့် နီးကပ်သူ မှန်သမျှ အန္တရာယ်ကျရောက်နိုင်ကြောင်းကို ဗိုဒီမော့ ၏ အပြုအမူက သက်သေခံနေ၏..။

သူ ပြတင်းပေါက်မှ မျက်နှာခွာလိုက်ရင်း ထူးဆန်းသော အရာဝတ္ထုကို တွေ့လိုက်ရသည်။ စုန်းမတစ်ယောက်၏ ရုပ်တုတစ်ခုဖြစ်ပြီး ခေါင်းပေါ်တွင် ပုံသဏ္ဌာန်ထူးခြားသော သရဖူတစ်ခုကို

ဆောင်းထား၏...။ ဟယ်ရီက...

"ဒီမှာကြည့်စမ်း..."

ရွှန်က...

"သူ ဘာကိစ္စ ဒါကို မင်္ဂလာပွဲတုန်းက ဆောင်းမလာသလဲ မသိဘူး..."

တံခါးဖွင့်သံကို ကြားလိုက်ရပြီးနောက် ဗိုဒီမော့ အပေါ်ထပ်သို့ ပြန်တက်လာ၏..။ ဘွတ်ဖိနပ်စီးထားပြီး လက်ထဲတွင် လက်ဖက်ရည်ဗန်းကို ကိုင်လာ၏..။

"အား.. ဒါ တကယ့် တီထွင်မှုကြီးပဲ..."

သူက ဟာမီယွန့်လက်ထဲသို့ ဗန်းကို ထိုးထည့်ကာ ဟယ်ရီ့အနားသို့ ဝင်ရပ်လိုက်ရင်း...

"ဒါ ရိုဝမ်နာရေဗင်ကလောရဲ့ ပုံစံတူခေါင်းပေါ်မှာ ကွက်တိ ဆောင်းပေးထားတာလေ... အရမ်း အဖိုးတန်တဲ့ ရတနာပဲ.. ဉာဏ်ပညာကို တိုးစေတယ်.."

ဇီနိုဖီးလီ းယပ်စ်က ဟာမီယွန် စားပွဲပေါ်တွင် ထင်ထားသော လက်ဖက်ရည်ဗန်းဆီ ပြန်လှည့်သွားရင်းမှ...

"ဒါ သက်စောင့်ဆေးမြစ်ရည်ပဲ.. ကိုယ်တိုင်ဖော်စပ်ထားတာ..."

ဆေးရည်အရောင်က ပန်းရောင်ရင့်ရင့် ဖြစ်နေ၏..။

"လူနာက မင်းတို့ ရောက်နေတာသိလို့ အရမ်းပျော်နေတယ်.. ငါးဖမ်းပြီး တက်လာလိမ့်မယ်.. သိပ်မကြာပါဘူး..."

သူက ကုလားထိုင်ပေါ်မှ သတင်းစာစက္ကူများကို ဖယ်ကာ ထိုင်လိုက်ပြီး...

"ကဲ ... မင်းကို ဘယ်လိုကူညီပေးရမလဲ မစ္စတာပေါ်တာ..."

ဟယ်ရီက ဟာမီယွန့်ကို တစ်ချက်မျှအားပေးသလို ကြည့်လိုက်ရင်း...

"အင်း.. မင်္ဂလာပွဲတုန်းက ခင်ဗျားရဲ့ လည်ပင်းမှာ ဆွဲလာတဲ့ တံဆိပ်အကြောင်း သေချာသိချင်လို့ပါ..."

ဇီနိုဖီးလီ းယပ်စ်က အံ့သြသွားဟန်ဖြင့်...

"ဘာလဲ.. မှော်ဝင်ရတနာ အမှတ်အသားကို ပြောတာလား..."

**၂၁။ ဒဏ္ဍာရီထဲက ညီအစ်ကိုသုံးယောက်**

ဟယ်ရီ ရွန်နဲ့ ဟာမီယွန်တို့ကို ကြည့်လိုက်သည်..။ သူတို့လည်း ဇီနိုဖီးလီ းယပ်စ် ဘာပြောလိုက်မှန်း နားလည်ပုံမရချေ...။

"မှော်ဝင်ရတနာ... ဟုတ်လား..."

“ဟုတ်တယ်.. မင်းတို့ မကြားဖူးဘူးလား... အင်းလေ.. အံ့သြစရာတော့ မရှိပါဘူး.. ယုံကြည်တဲ့ စုန်းကဝေ အရမ်းနည်းတာကိုး.. မင်းရဲ့အစ်ကို မင်္ဂလာပွဲမှာတောင်

ကောင်လေးတစ်ယောက်က ဒါ မိစ္ဆာအမှတ်အသားပါဆိုပြီး ငါ့ကို ပြဿနာရှာသေးတာပဲ.. ဒီပစ္စည်းတွေက မိစ္ဆာမှော်ပညာနဲ့ ဘာမှ မဆိုင်ပါဘူး... ယုံကြည်တဲ့သူတွေက ဒီအမှတ်အသားကို

ဆောင်ကြတာက ရှာဖွေရတာ ပိုလွယ်အောင်လို့ပါ...”

သူက ဆေးရည်ခွက်ထဲသို့ သကြားများစွာ ထည့်မွှေကာ သောက်လိုက်သည်။ ဟယ်ရီက ...

“နည်းနည်း ရှင်းပါဦး... ကျွန်တော် လုံးဝ နားမလည်နိုင်ဘူး..”

ယဉ်ကျေးမှုအရ ဟယ်ရီ ဆေးရည်ကို တစ်ငုံသောက်လိုက်ရာ ပျို့အန်မထွက်စေရန် အတော် ချုပ်တည်းယူလိုက်ရသည်..။ အရသာမှာ အလွန် ဆိုးဝါးလှသည်။ ရသာစုံပဲစေ့များကို ရောကာ

အရည်လုပ်ထားသလိုပင်...။

“ယုံကြည်တဲ့သူတွေက မှော်ဝင်ရတနာတွေကို လိုက်ရှာကြတယ်...”

ဟာမီယွန်က...

“ဒါပေမယ့် မှော်ဝင်ရတနာဆိုတာ ဘာတွေလဲ...”

ဇီနိုဖီးလီ းယပ်စ်က ကုန်သွားပြီဖြစ်သော ဆေးရည်ခွက်ကို ပြန်ချထားလိုက်ရင်းမှ ...

“မင်းတို့အားလုံး ညီအစ်ကိုသုံးယောက် ပုံပြင်ကို သိကြမယ်ထင်တယ်...”

ဟယ်ရီက ခေါင်းခါလိုက်သော်လည်း ရွန်နှင့် ဟာမီယွန်က ခေါင်းညိတ်ပြလိုက်သည်...။

“မစ္စတာပေါ်တာ.. ဒီကိစ္စက အဲဒီ့ပုံပြင်က စတာပဲ.. စာအုပ် ဘယ်ရောက်သွားပါလိမ့်...”

သူက အခန်းထဲရှိ စာအုပ်ပုံများကို လိုက်ကြည့်နေစဉ်မှာပင် ဟာမီယွန်က...

“ကျွန်မမှာ ပုံပြင်စာအုပ်ရှိတယ် မစ္စတာ လပ်ဖ်ဂွဒ်...”

သူမက လက်ကိုင်အိတ်ထဲမှ ပုံပြင်စာအုပ်ကို ဆွဲထုတ်လိုက်သည်...။

"ပထမအကြိမ် ထုတ်ဝေတဲ့ စာအုပ်ပါလား..."

ဟာမီယွန်က ခေါင်းညိတ်ပြလိုက်၏..။ ဇီနိုဖီးလီ းယပ်စ်လပ်ဖ်ဂွဒ်က ....

"ဒါဆိုလည်း ကျယ်ကျယ်လေး ဖတ်ပါလား.. အားလုံး နားလည်သွားတာပေါ့..."

ဟာမီယွန်က စာအုပ်ကို ဖွင့်လိုက်သည်။ ခေါင်းစဉ်ထိပ်ဝယ် သူတို့ သိချင်သည့် အမှတ်အသားကို ဟယ်ရီ ထပ်တွေ့လိုက်ရသည်..။ ထို့နောက် သူမက ပုံပြင်ကို စဖတ်တော့သည်...။

"ဟိုးရှေးရှေးတုန်းက ညီအစ်ကိုသုံးယောက်ဟာ နေဝင်ရီတရော အချိန်မှာ လူသူကင်းတဲ့ လမ်းတစ်ခုအတိုင်း လျှောက်လာခဲ့ကြတယ်..."

"နေဝင်ရီတရော အချိန် မဟုတ်ပါဘူး.. သန်းခေါင်ယံအချိန်မှာလို့... အမေ ပြောပြနေကျ..."

ရွန်က နားထောင်နေရင်းမှ လှမ်းပြော၏...။ ဟာမီယွန်က သူမ ဖတ်ပြနေသည်ကို ဝင်နှောင့်ယှက်သလို လှမ်းကြည့်၏...။

"ဆောရီးပဲ.. သန်းခေါင်ဆိုရင် ပိုကြောက်ဖို့ ကောင်းမလားလို့ ..."

"ဘာလဲ... ငါတို့ ဒီ့ထက်ကြောက်စရာကိစ္စတွေ သိဖို့ လိုသေးလို့လား..."

ဟယ်ရီကပါ ဝင်ပြောလိုက်၏..။ ဇီနိုဖီးလီ းယပ်စ်က သူတို့ကို သိပ်စိတ်ဝင်စားပုံမရပဲ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေ၏..။ ဟာမီယွန်က ပုံပြင်ကို ဆက်ဖတ်၏...။

"ဒီလိုနဲ့ အင်မတန်နက်ပြီး ဖြတ်ကူးလို့ မရနိုင်တဲ့ မြစ်တစ်ခုအနီးကို ရောက်ခဲ့ကြတယ်.. ဒါပေမယ့် ညီအစ်ကိုသုံးယောက်စလုံးဟာ မှော်ပညာ တတ်ကျွမ်းကြတော့ မှော်တောင်ဝှေးတွေ

ဝှေ့ယမ်းလိုက်တာနဲ့ မြစ်ကူးတံတားတစ်ခု ပေါ်လာတော့တာပဲ.. ဒါပေမယ့် တံတားတစ်ဝက်မှာပဲ ဝတ်ရုံခြုံထားတဲ့ သူတစ်ယောက်က လမ်းပိတ်ထားသတဲ့.. လမ်းပိတ်ထားတဲ့ သေမင်းက

သူတို့ကို စကားပြောတယ်..."

ဟယ်ရီက ဖြတ်၍...

"ဟင်... သေမင်းက စကားပြောတယ်..."

"ဒါ ကလေးပုံပြင် ဟယ်ရီ ..."

"အင်း ... ဟုတ်သားပဲ ... ဆက်ဖတ်ပါဦး..."

အင်း... သေမင်းက သူတို့ကို စကားပြောတယ်... သူတို့သုံးယောက်က သူ့ကို လှည့်ဖြားတဲ့အတွက် သေမင်းက အရမ်း စိတ်ဆိုးတယ်... ဘာဖြစ်လို့လဲဆိုတော့ ခရီးသွားတွေဟာ ဒီမြစ်ကို

မဖြတ်ကူးနိုင်ပဲ ရေနစ်သေနေကျမို့လို့ပဲ.. ဒါပေမယ့် သေမင်းက အရမ်း ကောက်ကျစ်စွာနဲ့ သူတို့ရဲ့ မှော်ပညာကို ချီးကျူးယောင် ဆောင်လိုက်သတဲ့.... ပြီးတော့ သူတို့ကို

ဂုဏ်ပြုတဲ့အနေနဲ့ ဆု ပေးချင်တယ်လို့ ဆိုလိုက်တယ်..."

"ဒီလိုနဲ့ တိုက်ပွဲတွေကို နှစ်သက်တဲ့ အစ်ကိုကြီးက သူ့အတွက် အလွန်တန်ခိုးစွမ်းအားထက်မြက်တဲ့ မှော်တောင်ဝှေးတစ်ချောင်းကို တောင်းသတဲ့.. ရှိသမျှ မှော်တောင်ဝှေးအားလုံးထက်စွမ်းပြီး

ရင်ဆိုင်တိုက်တိုင်း အောင်နိုင်တဲ့ တောင်ဝှေးမျိုးပေါ့... သေမင်းကို ရင်ဆိုင်နိုင်လောက်အောင် တန်ခိုးထက်တဲ့ မှော်တောင်ဝှေးကို တောင်းသတဲ့... ဒါနဲ့ သေမင်းက မြစ်ကမ်းနားက

သစ်ပင်အိုကြီး တစ်ပင်ရဲ့ သစ်ကိုင်းကို ချိုးယူပြီး မှော်တောင်ဝှေးအဖြစ် ဖန်ဆင်းပြီး အစ်ကိုကြီးကို ပေးလိုက်သတဲ့..."

"အစ်ကိုလတ်ကတော့ အင်မတန် အနိုင်ကျင့်တတ်တဲ့ သူဖြစ်သတဲ့... သူက သေမင်းကို ပိုပြီး အရှက်ရစေလိုသတဲ့... ဒါကြောင့် သေရွာကလူတွေကို ပြန်ခေါ်နိုင်တဲ့ အစွမ်းရဖို့

တောင်းဆိုတဲ့အခါမှာ သေမင်းက မြစ်ကမ်းနံဘေးကပဲ ကျောက်တုံးတစ်တုံးကို ကောက်ယူပြီး ပေးလိုက်တယ်... ပြီးတော့ ဒီကျောက်တုံးမှာ သေရွာကလူတွေကို ပြန်ခေါ်နိုင်စွမ်း ရှိတယ်လို့

ပြောလိုက်တယ်..."

"နောက်ဆုံးမှာ ညီအငယ်ဆုံးကို ဘာဆုလိုချင်သလဲလို့ သေမင်းက ဆိုသတဲ့... ညီအငယ်ဆုံးဟာ မောက်မာမှု ကင်းစင်ပြီး ဉာဏ်ပညာနဲ့ ပြည့်စုံသတဲ့... သူက သေမင်းကို ယုံကြည်မှု လုံးဝ

မရှိဘူး... ဒါနဲ့ သေမင်း သူ့နောက်ကို မလိုက်နိုင်တဲ့ ပစ္စည်းတစ်ခုခုကို တောင်းသတဲ့... ဒါနဲ့ပဲ သေမင်းဟာ လုံးဝဆန္ဒမရှိပဲ သူ့ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို ထုတ်ပေးလိုက်ရတော့တယ်..."

ဟယ်ရီက နောက်တစ်ခါ ဖြတ်၍...

“သေမင်းမှာ ကိုယ်ပျောက်ဝတ်ရုံ ရှိတယ်.... ဟုတ်လား...”

ရွန်က...

“ဒါမှ သူ လူတွေဆီ တိတ်တဆိတ် လာလို့ရမှာပေါ့... ဟား... ဟား... ဟား... အဲ .. ဆောရီးပဲ ဟာမီယွန်...”

“အဲဒီ့နောက်မှာ သေမင်းဟာ ညီအစ်ကိုသုံးယောက်ကို ခရီးဆက်ထွက်ခွင့်ပြုလိုက်သတဲ့... သေမင်းပေးလိုက်တဲ့ လက်ဆောင်တွေ အကြောင်း ဆွေးနွေးရင်းနဲ့ သူတို့

ခရီးဆက်လာခဲ့ကြတယ်... နောက်တော့ ညီအစ်ကိုသုံးယောက်ဟာ လမ်းခွဲပြီး ခရီးဆက်ခဲ့ကြတယ်...”

“အစ်ကိုကြီးဟာ ရက်သတ္တပတ်ပေါင်းများစွာ ခရီးနှင်ရင်း ရွာတွေတစ်ခုပြီး တစ်ခု ဝင်ခဲ့တယ်.. သူနဲ့ ရန်ဖြစ်ဖူးခဲ့တဲ့သူတွေကို လိုက်ရှာပြီး တိုက်ခိုက်ခဲ့တယ်.. သေမင်းတောင်ဝှေးတန်ခိုးနဲ့

လုံးဝ ရှုံးပွဲမရှိခဲ့ဘူး... တစ်နေရာမှာ ရန်သူတစ်ယောက်ကို သုတ်သင်ခဲ့ပြီး အစ်ကိုကြီးဖြစ်သူဟာ တည်းခိုခန်းတစ်ခုမှာ စားသောက်ရင်းနဲ့ သေမင်းပေးတဲ့ မှော်တောင်ဝှေးအကြောင်းကို

အားပါးတရ ကြွားဝါမိသတဲ့...”

“အဲဒီ့ညမှာပဲ စုန်းတစ်ယောက်ဟာ မူးပြီး အိပ်ပျော်နေတဲ့ အစ်ကိုကြီးရဲ့ အိပ်ခန်းထဲ ခိုးဝင်ပြီး မှောင်တောင်ဝှေးကို ခိုးသတဲ့.. နောက်ပြီး စိတ်ချရအောင် အစ်ကိုကြီးကို အဆုံးစီရင်ခဲ့သတဲ့...

ဒါနဲ့ပဲ သေမင်းဟာ အစ်ကိုကြီးကို စီရင်နိုင်လိုက်တယ်....”

“အဲဒီ့အချိန်မှာ အစ်ကိုလတ်ဟာ သူ့အိမ်ကိုသူ ပြန်လာခဲ့သတဲ့... အိမ်မှာ သူဟာ သေမင်းပေးလိုက်တဲ့ သေသူကို ပြန်ခေါ်နိုင်စွမ်းရှိတဲ့ ကျောက်တုံးကို ထုတ်ပြီး လက်နဲ့ သုံးကြိမ်

လှည့်လိုက်သတဲ့... သူ အလွန် အံ့ဩကျေနပ်ရတာက သူနဲ့ လက်ထပ်ဖို့လုပ်ပြီးမှ သေဆုံးသွားတဲ့ မိန်းကလေးဟာ သူ့ရှေ့မှာ ပြန်ရောက်လာတာပဲ...”

“ဒါပေမယ့် သူမဟာ စိတ်ဆင်းရဲနေပြီး အေးစက်တဲ့ အငွေ့အသက်တို့က သူတို့နှစ်ဦးကြားမှာ ကာရံထားသလိုပဲတဲ့… သူမဟာ ဒီကမ္ဘာကို ပြန်ရောက်လာပေမယ့် သူမရဲ့နေရာ မ

ဟုတ်တော့တဲ့အတွက် အရမ်းခံစားနေရသတဲ့… နောက်ဆုံးမှာ အစ်ကိုလတ်က သူ့စိတ်ကို မချုပ်ထိန်းနိုင်တော့တဲ့အဆုံး သူ့ကိုယ်သူ သတ်သေပြီး တမလွန်ဘဝကို

လိုက်ပါသွားတော့သတဲ့.. ဒီနည်းနဲ့ပဲ သေမင်းဟာ အစ်ကိုလတ်ကို သေစေလိုက်ပြန်သတဲ့….”

“ဒါပေမယ့် သေမင်းဟာ ညီအငယ်ဆုံးကို နှစ်ပေါင်းများစွာ လိုက်ရှာခဲ့ပေမယ့် လုံးဝ ရှာမတွေ့ခဲ့ဘူး… နောက်ဆုံးမှာ ညီအငယ်ဆုံးဟာ အသက် အလွန်ကြီးလာတဲ့အတွက်

ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်ပြီး သူ့သားကို ပေးသတဲ့.. အဲဒီ့နောက်မှာ သူဟာ သေမင်းကို မိတ်ဆွေဟောင်းတစ်ယောက်လို နူတ်ဆက်ပြီး နှစ်ယောက်စလုံး ပျော်ပျော်ရွှင်ရွှင်ပဲ

တမလွန်ဘဝကို ခရီးနှင်သွားတော့တယ်တဲ့…”

ဟာမီယွန်က စာအုပ်ကို ပိတ်လိုက်သည်။ ဓီနိုဖီးလီ းယပ်စ်မှာ ခဏခန့်ကြာမှ သူမ ပုံပြင်ဖတ်ပြီးသွားမှန်း သတိဝင်လာကာ…

“အင်း… အဲဒါပဲလေ…”

“ဘာကိုပြောတာလဲ…”

ဟာမီယွန်က နားမလည်နိုင်ဟန်ဖြင့် မေး၏…။

“အဲဒါတွေက မှော်ဝင်ရတနာတွေပဲပေါ့…”

သူက ကလောင်တံကို ကောက်ယူလိုက်ပြီး စာရွက်လွတ်တစ်ရွက်ကို ဆွဲယူရင်း…

“သေမင်းမှောင်တောင်ဝှေး…”

ပြောရင်းနှင့် စာရွက်ပေါ် ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲချလိုက်သည်…။

“သေရှာပြန် မှော်ကျောက်တုံး…”

ဒေါင်လိုက်မျဉ်းကို ပတ်၍ စက်ဝိုင်းပုံတစ်ခု ဆွဲလိုက်ပြန်၏…။

“ကိုယ်ပျောက်ဝတ်ရုံ…”

ဟုပြောရင်းနှင့် စက်ဝိုင်းနှင့် မျဉ်းကြောင်းကို အလယ်တွင် ငုံ၍ တြိဂံပုံ တစ်ခု ဆွဲလိုက်သည်…။

“ဒါတွေ အားလုံးကို စုပေါင်းပြီး မှော်ဝင်ရတနာလို့ ခေါ်တာပဲ…”

ဟာမီယွန်က…

“ဒါပေမယ့် ပုံပြင်ထဲမှာ မှော်ဝင်ရတနာလို့ တစ်လုံးမှ မပါဘူး…”

ဇီနိုဖီးလီ းယပ်စ်က …

“ဟုတ်တယ်လေ.. ဘယ်ပါပါ့မလဲ… ဒါက ကလေးပုံပြင်ပဲ… ဒီပစ္စည်းတွေ အကြောင်းထက် အပျော်ဖတ်ဖို့ ရေးထားတာပဲ… ဒါပေမယ့် သေချာနားလည်တဲ့ သူတွေကတော့ ဒီဇာတ်လမ်းက

ရှေးဟောင်းရတနာသုံးခုကို ရည်ညွှန်းတယ်ဆိုတာ သိခဲ့ကြတယ်.. သုံးခုလုံးကို ပိုင်တဲ့သူဟာ သေမင်းကို တောင်အနိုင်ယူနိုင်တယ်လို့ အဆိုရှိတယ်…”

ဇီနိုဖီးလီ းယပ်စ်မှာ ပြတင်းပေါက်သို့ ပြန်ငေးကြည့်နေပြန်၏..။ အပြင်တွင် နေရောင်ပင် ကျစပြုလေပြီ…။ သူက…

“လူနာ ငါးတော်တော်ရလောက်နေပါပြီ…”

ရွန်က…

“သေမင်းကိုတောင် အနိုင်ယူနိုင်တယ် … ဟုတ်လား…”

ဇီနိုဖီးလီ းယပ်စ်က ….

“ဟုတ်တယ်… သေမင်းကို အောင်နိုင်သူ.. အရှင်သခင်.. ထာဝရ ရှင်သန်သူ.. ကြိုက်သလိုသာ ခေါ်ပေတော့…”

ဟာမီယွန်က…

“ဒါဆိုရင် ရှင်က ဒီပစ္စည်းသုံးမျိုး တကယ်ရှိတယ်လို့ ယုံတယ်ပေါ့…”

ဇီနိုဖီးလီ ဲယပ်စ်က ....

“ဒါပေါ့...”

“ဘယ်လိုလုပ်ပြီး ယုံကြည်ရတာလဲ...”

“လူနာက မင်းအကြောင်းတွေ ပြောပြဖူးတယ်... မင်းက ဥာဏ်မကောင်းတာ မဟုတ်ဘူး.. အမြင်ကျဉ်းတာ.. ကျယ်ကျယ်ပြန့်ပြန့် မစဉ်းစား မတွေးခေါ်တတ်တာ...”

ဟာမီယွန်ကပင်...

“မစ္စတာလပ်ဖ်ဂွဒ်.. ကိုယ်ပျောက်ဝတ်ရုံ ရှိတယ်ဆိုတာ ကျွန်မတို့ သိပါတယ်... ရှားပေမယ့် တကယ်ရှိပါတယ်.. ဒါပေမယ့်...”

“တတိယ ရတနာဖြစ်တဲ့ ကိုယ်ပျောက်ဝတ်ရုံဆိုတာ... တကယ့် ကိုယ်ပျောက်ဝတ်ရုံပဲ မစ္စဂရန်ဂျာ.. ဆိုလိုတာက ကိုယ်ယောင်ဖျောက်ဂါထာနဲ့ စီရင်ထားတာ မဟုတ်ဘူး...

မျက်စိမှောက်အောင် စီရင်ထားတာလည်း မဟုတ်ဘူး... အဲဒီ့ဝတ်ရုံတွေက အစမှာတော့ ကိုယ်ပျောက်ပါရဲ့... နှစ်လည်းကြာလာရော တဖြည်းဖြည်း မစွမ်းတော့ဘူး.. မှော်ဝင်ရတနာထဲက

ကိုယ်ပျောက်ဝတ်ရုံက ဝတ်ဆင်ထားသူတွေကို လုံးဝပျောက်နေစေတယ်.. နောက်ပြီး နှစ်ဘယ်လောက်ကြာကြာ ဒီအတိုင်းပဲ စွမ်းနေတယ်... ဝတ်ထားတဲ့သူကိုလည်း မှော်ဂါထာတွေရန်က

ကာကွယ်ပေးနိုင်တယ်... ဒီလိုမျိုး ကိုယ်ပျောက်ဝတ်ရုံ ဘယ်နှစ်ခုများ မြင်ဖူးသလဲ မစ္စဂရန်ဂျာ...”

ဟာမီယွန် တစ်ခုခုပြောရန် ပါးစပ်ပြင်လိုက်ပြီးမှ ဘာမှ မပြောတော့ပဲ ငြိမ်သက်သွား၏..။ ပို၍ရှုပ်ထွေးသွားပုံရသည်..။ သူတို့သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိ၏..။

ကျန်နှစ်ယောက်ပါ သူ့လိုပင်တွေးနေကြောင်း ဟယ်ရီ သိသည်...။ ဇီနိုဖီးလီ ဲယပ်စ် ပြောသော ကိုယ်ပျောက်ဝတ်ရုံနှင့် တူညီသော ဝတ်ရုံမှာ သူတို့ထံတွင် ရှိနေ၏...။

ဇီနိုဖီးလီ ဲယပ်စ်က ငြင်းခုံပွဲတွင် အနိုင်ရသွားသော လေသံဖြင့်...

“အဲဒါပဲပေါ့.. ဒါမျိုး တစ်ခါမှ မတွေ့ဖူးကြဘူး မဟုတ်လား... ဒီ ပစ္စည်းမျိုး ပိုင်တဲ့သူဟာ အင်မတန် ချမ်းသာတဲ့သူပဲ ... မဟုတ်ဘူးလား...”

စကားပြောရင်း သူက ပြတင်းပေါက်ကို ကြည့်လိုက်ပြန်၏။ ကောင်းကင်တစ်ခုလုံးမှာ ယခုအခါတွင် ပုစွန်ဆီရောင်ဖျော့ဖျော့ သန်းလျှက်သာ ရှိတော့၏..။

ဟာမီယွန်က...

"ထားပါတော့လေ.. ဒီလိုဝတ်ရုံမျိုး ရှိတယ်လို့ပဲ ထားပါတော့... ကျောက်တုံးကရော ဘယ်လိုလဲ မစ္စတာလပ်ဖ်ဂွဒ် ... သေရွာပြန်မှော်ကျောက်တုံးလို့ ပြောတဲ့ပစ္စည်းလေ..."

"ဘာဖြစ်လို့လဲ..."

"ဒါမျိုးက တကယ် ဖြစ်နိုင်ပါ့မလား..."

"ဒါဆိုလည်း မရှိကြောင်း သက်သေပြလေ..."

ဟာမီယွန် အလွန်စိတ်ဆိုးသွားပုံရ၏...။

"ဒါပေမယ့် ... ဒါ ... ဒါက ... စိတ်တော့မကောင်းပါဘူး.. ဖြစ်မှ မဖြစ်နိုင်တာပဲ... ဘယ်လိုလုပ်ပြီး မရှိကြောင်း သက်သေပြရမလဲ... တစ်ကမ္ဘာလုံးက ကျောက်ခဲတွေကို ကောက်ပြီး

စမ်းသပ်ရမှာလား... ဒီလိုသာ မရှိကြောင်း မပြနိုင်ရုံနဲ့ အစစ်အမှန်လို့ သတ်မှတ်ရရင် ခက်ကုန်မှာပေါ့..."

"အင်း.. ဘယ်လိုပဲဖြစ်ဖြစ် ...မင်း နည်းနည်းတော့ အမြင်ကျယ်လာပြီပဲ..."

ဟာမီယွန် ဘာမှ မပြောနိုင်ခင်မှာပင် ဟယ်ရီက ဖြတ်၍...

"ဒါဆိုရင် သေမင်းမှောင်တောင်ဝှေးကရော.. တကယ်ရှိတယ်လို့ ခင်ဗျားယုံသလား..."

ဇီနိုဖီးလီ းယပ်စ်က...

"အဲဒီ့တောင်ဝှေးကတော့ သက်သေပြစရာ သဲလွန်စတွေ အများကြီးပဲ... သေမင်းတောင်ဝှေးဟာ ခြေရာခံရ အလွယ်ဆုံး မှော်ဝင်ရတနာပဲ.. တစ်လက်က တစ်လက် ပြောင်းခဲ့တာကိုး..."

"ဘယ်လိုဖြစ်လို့လဲ..."

"ဘာလို့လဲဆိုတော့ ဒီမှော်တောင်ဝှေးကို ပိုင်နိုင်ဖို့က မူလပိုင်ရှင်ကို အနိုင်ယူပြီးမှပဲ ပိုင်ရှင်အစစ်ဖြစ်နိုင်တယ်လေ.. ရာဇဝင်ထဲမှာ မိစ္ဆာကောင်အီမရစ်ကို နှိမ်နင်းခဲ့တဲ့ အတ်ဂ်ဘတ်ဆီ

ရောက်လာခဲ့ဖူးတယ်... ဟဲဝါ့ဒ်က သူ့အဖေကို သတ်ပြီး တောင်ဝှေးကို လုသွားဖူးတယ်... လိုဗီယပ်စ်က ဘာနာဘတ်စ်ဒတ်ဗရဲလ်ကိုသတ်ပြီး တောင်ဝှေးကို လုခဲ့ဖူးတယ်.. ဒီတောင်ဝှေးရဲ့

အကြောင်းက စုန်းကဝေသမိုင်းမှာ အပြည့်ပဲ..."

ဟယ်ရီ ဟာမီယွန့်ကို ကြည့်လိုက်၏..။ သူမမှာ ကျေနပ်ပုံမရသော်လည်း မငြင်းတော့ချေ..။ ရွန်က...

"ဒါဆို ဒီသေမင်းမှော်တောင်ဝှေးက အခု ဘယ်ရောက်နေပြီလဲ..."

"ဘယ်သူသိနိုင်မလဲ.. သူ့ရဲ့ လမ်းကြောင်းက အားကတ်စ်နဲ့ လီဗီယပ်စ်မှာ အဆုံးသတ်သွားတယ်.. သူတို့နှစ်ယောက်ထဲက ဘယ်သူက လိုဗီယပ်စ်ကို အနိုင်ယူပြီး သေမင်းတောင်ဝှေးကို

ရသွားတယ်ဆိုတာ ပြောရခက်တယ်... ပြီးတော့ ဘယ်သူက ထပ်ပြီး သူတို့ကို အနိုင်ယူခဲ့သေးလဲဆိုတာ သမိုင်းထဲမှာ မတွေ့ရတော့ဘူး..."

ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက် ဟာမီယွန်က...

"မစ္စတာလပ်ဖ်ဂွဒ် ပက်ဗရယ်လ်မိသားစုနဲ့ မှော်ဝင်ရတနာတွေ ဘာပတ်သက်သလဲ..."

ဟယ်ရီ ထိုနာမည်ကို ကြားဖူးသလို ရှိသော်လည်း စဉ်းစား၍မရပေ..။ ဇီနိုဖီးလီ းယပ်စ်က ဟာမီယွန်ကို သေချာကြည့်ရင်း...

"မင်းတို့က ဒီခရီးမှာ တကယ့် မျက်နှာသစ်လေးတွေပဲ.. ငါတို့အားလုံး ယုံကြည်တာက ဒီရတနာတွေဟာ ပက်ဗရယ်လ်မိသားစုနဲ့ လုံးဝပတ်သက်မှုရှိတယ် ဆိုတာပဲ..."

ရွန်က...

"ပက်ဗရယ်လ်ဆိုတာ ဘယ်သူလဲ..."

ဟာမီယွန်က...

"ဂိုဒရစ်ဟောလို းက သင်္ချိုင်းအုတ်ဂူပေါ်က နာမည်ပဲ... အစ်ဂ်နိုးတပ်စ် ပက်ဗရယ်လ်တဲ့ .. အဲဒီ့အပေါ်မှာ တြိဂံပုံအမှတ်အသား ရှိတယ်..."

ဇီနိုဖီးလီ းယပ်စ်က...

"သေချာတာပေါ့... ဟုတ်ပြီ.. ဒီအမှတ်အသားကို အုတ်ဂူပေါ်မှာ တွေ့တယ်ဆိုရင် ဒါသက်သေပဲ..."

ရှန်က...

"ဘာသက်သေလဲ..."

"ပုံပြင်ထဲက ညီအစ်ကိုသုံးယောက်ဟာ အပြင်မှာ ပက်ဗရယ်လ် ညီအစ်ကိုသုံးယောက်ပဲ... အန်တီယော့ချ်.. ကဒ်မတ်စ်နဲ့ အစ်ဂ်နိုးတပ်စ်တို့ သုံးယောက်ပဲ.. သူတို့ဟာ

မှော်ဝင်ရတနာသုံးမျိုးရဲ့ မူလပိုင်ရှင်တွေပဲ..."

သူက ပြတင်းပေါက်ကို တစ်ချက်လှမ်းကြည့်ရင်း လက်ဖက်ရည်ဗန်းကို မကာ လှေကားဆီသို့ လျှောက်သွား၏...။

"ညစာ စားကြမယ် မဟုတ်လား..."

သူက လှေကားအောက်သို့ ဆင်းသွားရင်း ဆက်ပြော၏...။

"စပါယ်ရှယ် စွပ်ပြုတ်လုပ်ပြီး ဧည့်ခံပါ့မယ်..."

ရှန်က အသံတိုးတိုးဖြင့်...

"စားပြီးရင် စိန့်မန်ဂိုဆေးရုံက အဆိပ်ဖြေဌာနကို ပြေးရမယ်ထင်ပါရဲ့..."

ဇီနိုဖီးလီ းယပ်စ် မီးဖိုထဲဝင်သွားသည့် အသံကိုကြားလိုက်ရမှ ဟယ်ရီက ဟာမီယွန့်အား....

"နင် ဘယ်လိုထင်သလဲ..."

"ဟယ်ရီ.. ဒါ လုံးဝမဖြစ်နိုင်ဘူး.. ဒီအမှတ်အသားက ဒါကိုဆိုလိုတာ မဟုတ်နိုင်ဘူး.. သူ လျှောက်ပြောနေတာပဲ ဖြစ်ရမယ်.. ငါတို့ သက်သက်မဲ့ အချိန်ဖြုန်းမိပြီ..."

ရှန်က...

"ဒီလူက စနော့ကတ်ချိုလိမ်ကိုတောင် ဝယ်ခဲ့သေးတာပဲ..."

"မင်းလည်း မယုံဘူးပေါ့... ဟုတ်လား..."

"ခေါက်ထားစမ်းပါ... ဒါ ကလေးတွေကို သင်ခန်းစာပေးတဲ့ ပုံပြင်ပဲ.. ပြဿနာ မရှာနဲ့.... ရန်မဖြစ်နဲ့... လျှောက်မဖွနဲ့... သူများကိစ္စ ဝင်မပါနဲ့... ကိုယ့်ကိစ္စပဲ ကိုယ်ဂရုစိုက်.. အားလုံး

အဆင်ပြေလိမ့်မယ်.. ဒါတွေပါပဲ.. စဉ်းစားကြည့်ရင် ဒီပုံပြင်က ဘာကြောင့် သေမင်းမှော်တောင်ဝှေးဟာ ကံ မကောင်းစေသလဲ ဆိုတာကို ပြောပြတာပဲ..."

"မင်း ဘာတွေ ပြောနေတာလဲ..."

"အယူသီးတာတွေပါ... စုန်းတွေက မက်ဂယ်တွေကို လက်ထပ်လိမ့်မယ်တို့.. မှောင်ရီဖြိုးဖျကျိန်စာရယ် သန်းခေါင်ယံမှာ ပြယ်ရှာတယ်တို့... သေမင်းမှော်တောင်ဝှေး ဒုက္ခပေးတို့..

ဒါမျိုးတွေပါပဲ.. မင်းတို့ကြားဖူးမှာပါ.. ဒီလိုပုံပြင်တွေ အများကြီးပဲ ရှိတယ်... အမေပြောပြနေကျပဲ..."

ဟာမီယွန်က...

"ငါရော ဟယ်ရီပါ မက်ဂယ်တွေကြားထဲမှာ မွေးခဲ့တာ... ငါတို့က တခြား အယူသီးတဲ့ အကြောင်းအရာတွေပဲ ကြားဖူးခဲ့တာ..."

ဟာမီယွန်မှာ ဇီနိုဖီးလီ းယပ်စ်ပြောပြသော အကြောင်းအရာအပေါ် စိတ်တိုနေရသောကြောင့် ရွှန့်အား သူမစိတ်ဆိုးနေခြင်းအား မေ့သွားပုံရသည်...။ သူမက ဆက်၍...

"နင်ပြောတာ မှန်တယ်... ဒါ သင်ခန်းစာပေးတဲ့ ပုံပြင်ပဲ.. ဘယ်လက်ဆောင်က အကောင်းဆုံး... ဘယ်ဟာက အရွေးချယ်သင့်ဆုံး ဆိုတာ ပြောပြတာပဲ..."

ထို့နောက် သူတို့သုံးယောက်စလုံး စကားတစ်ခွန်းစီကို ပြိုင်တူ ပြောလိုက်မိကြသည်...။ ဟာမီယွန်က...

"ကိုယ်ပျောက်ဝတ်ရုံ..."

ရွှန်က...

"သေမင်း မှော်တောင်ဝှေး..."

ဟယ်ရီက...

"သေရှာပြန်မှော်ကျောက်တုံး..."

သူတို့ တစ်ယောက်ကိုတစ်ယောက် တအံ့တသြ ကြည့်မိလိုက်ကြသည်...။ ရွန်က ဟာမီယွန့်အား...

"နင်က ကိုယ်ပျောက်ဝတ်ရုံကို ရွေးတယ်.. သေမင်း မှော်တောင်ဝှေး ရှိမှတော့ ကိုယ်ပျောက်ဝတ်ရုံ မလိုတော့ဘူး.. ဘယ်တော့မှ မရှုံးနိုင်တဲ့ မှော်တောင်ဝှေးနော်.. ဟာမီယွန်..."

ဟယ်ရီက...

"ငါတို့မှာ ကိုယ်ပျောက်ဝတ်ရုံ ရှိပြီးသားလေ..."

ဟာမီယွန်က...

"နင်တို့ သတိမထားမိလို့... ကိုယ်ပျောက်ဝတ်ရုံက ငါတို့ကို ကယ်ခဲ့တဲ့အကြိမ် မနည်းဘူး... သေမင်းမှော်တောင်ဝှေးကတော့ ပြဿနာတွေကို ဖိတ်ခေါ်မယ့် သဘောရှိတယ်..."

ရွန်က...

"ဒီအကြောင်းကို နင် လျှောက်ပြောမှပါ.. တောင်ဝှေးကိုကိုင်ပြီး ငါ့မှာ သေမင်းမှောင်တောင်ဝှေး ရှိတယ်... အစွမ်းရှိရင်လာကြလို့ ဖိတ်ခေါ်နေရင်တော့ ဟုတ်တာပေါ့..."

"ပါးစပ်ပိတ်ထားဖို့ လွယ်တယ်ထင်လို့လား.. သူပြောတဲ့အထဲမှာ မှန်တာဆိုလို့ သမိုင်းတလျှောက်မှာ ပေါ်ပေါက်ခဲ့တဲ့ စွမ်းအားပိုရှိတဲ့ မှော်တောင်ဝှေးတွေအကြောင်း တစ်ခုပဲ ပါတယ်..."

ဟယ်ရီက ...

"ဒါမျိုး တကယ်ရှိခဲ့သလား...."

"သေမင်းမှော်တောင်ဝှေး... ပြိုင်ဘက်ကင်းမှော်တောင်ဝှေး .. ဒါတွေအကုန် သမိုင်းတလျှောက် တွေ့ရတာပဲ.. များသောအားဖြင့် မိစ္ဆာမှော်ပညာရှင်တွေ ပိုင်ပြီး လျှောက်ကြွားခဲ့ကြတာပေါ့..

ပရော်ဖက်ဆာဘင်းက ဒီအကြောင်း ပြောခဲ့ဖူးတာပဲ... ဒါပေမယ့် အဓိပ္ပါယ်လုံးဝ မရှိဘူး... မှော်တောင်ဝှေးဆိုတာ သူ့ကိုသုံးတဲ့ စုန်းကဝေ စွမ်းသလောက်ပဲ စွမ်းတာပါ...

ပိုစွမ်းတယ်ရယ်လို့မှ မရှိတာ.. တချို့ စုန်းကဝေတွေ အဓိပ္ပါယ်မရှိ ကြွားလုံးထုတ်ခဲ့တာနေမှာပါ..."

ဟယ်ရီက...

"ဒါပေမယ့် ဒီနှာမည်မျိုးစုံနဲ့ ထွက်ပေါ်ခဲ့တဲ့ မှော်တောင်ဝှေးတွေက သေမင်းမှော်တောင်ဝှေး မဟုတ်ဘူးလို့ မပြောနိုင်ဘူး မဟုတ်လား..."

"ဘာ... ဒီတောင်ဝှေးတွေ အကုန်လုံးက သေမင်းလုပ်ပေးခဲ့တာလား..."

ရွန်၏စကားကြောင့် ဟယ်ရီ ရယ်လိုက်သည်..။ သူ့တွင်ပေါ်ပေါက်လာနေသော ထူးဆန်းသည့်အတွေးမှာ တကယ်တော့ အဓိပ္ပါယ် မရှိပေ...။ သူ ပိုင်ဆိုင်ခဲ့သော မှော်တောင်ဝှေးမှာ

တကယ်ကောင်းခဲ့သော်လည်း အိုလီဗန်ဒါ လုပ်ပေးခဲ့ခြင်းသာ ဖြစ်သည်။ ဗိုဒီမော့ သူ့နောက်ကို လိုက်လာခဲ့သောညက မည်သို့ပင် အစွမ်းပြခဲ့သည်ဖြစ်စေ နောက်ဆုံးတွင်

ကျိုးသွားခဲ့သည်သာ ဖြစ်သည်..။

ရွန်က...

"မင်းကရော ဘာကိစ္စ သေရွာပြန်မှော်ကျောက်တုံးကို ရွေးရတာလဲ..."

"ငါတို့သာ သေတဲ့သူတွေကို ပြန်ခေါ်နိုင်ရင် ဆီးရီးယပ်စ်.. မူဒီ.. ဒမ်ဘယ်လ်ဒိုးနဲ့ ငါ့မိဘတွေပါ ပြန်ရောက်လာမှာပေါ့.. ဒါပေမယ့် ပုံပြင်ထဲက အတိုင်းဆိုရင် သူတို့က

ပြန်မလာချင်ကြဘူး မဟုတ်လား... ဒီလို သေသူကို ပြန်ရှင်စေနိုင်တဲ့ ကျောက်တုံးအကြောင်းပါတဲ့ ပုံပြင်မျိုး များများရှိမယ်မထင်ဘူး.. ဟုတ်တယ် မဟုတ်လား ဟာမီယွန်..."

"ဟုတ်တယ်.. မစ္စတာ လပ်ဖ်ဂွဒ်လို လူမျိုးကလွဲလို့ ဘယ်သူမှ ယုံမယ်မထင်ဘူး... ကြည့်ရတာ ပုံပြင်ရေးတဲ့သူက မှော်ပြဒါးရှင်လုံးလိုမျိုး ပစ္စည်းတစ်ခုကို ရေးထည့်လိုက်တာ ဖြစ်မှာပါ

ဟာ..."

မီးဖိုထဲမှ ဟင်းနံ့များ ပို၍ပြင်းထန်လာ၏...။ ဇီနိုဖီးလီ းယပ်စ် ချက်ပြုတ်သော အစားအသောက်ကို စား၍ဖြစ်ပါ့မလားဟု ဟယ်ရီ တွေးနေမိသည်...။

ရွန်က...

"ဒါပေမယ့် ကိုယ်ပျောက်ဝတ်ရုံကိုကျတော့ ဘယ်လို ဆုံးဖြတ်မလဲ... သူပြောတာ မှန်နေသလိုပဲနော်.. ငါ ဟယ်ရီ့ကိုယ်ပျောက်ဝတ်ရုံကို သုံးရင်းနဲ့ ဘယ်လောက်ကောင်းသလဲဆိုတာ ပိုပို

သိသိလာတယ်.. ဒီလိုဝတ်ရုံမျိုး ငါ တစ်ခါမှ မတွေ့ဖူးဘူး.. ဒါကို ခြုံထားသရွေ့ ဘယ်သူမှ မမြင်နိုင်တာ သေချာတယ်..."

"ရွှန်... ကိုယ်ပျောက်ဝတ်ရုံ ခြုံထားပါတယ်ဆိုမှ လူမြင်ပါ့မလား..."

"ဒါပေမယ့် တခြား ကိုယ်ပျောက်ဝတ်ရုံတွေအကြောင်း သူပြောတာ မှန်တယ်နော်... နစ်ဆယ်ပြားလောက်ပဲ တန်တယ်... ဟောင်းလာရင် အစွမ်းပြယ်သွားတာတွေ ပေါက်ပြဲကုန်တာတွေ

ငါကြားဖူးတယ်.. ဟယ်ရီ့ဝတ်ရုံက သူ့အဖေရဲ့ဟာပဲ.. ဘယ်နည်းနဲ့မှ အသစ်မဖြစ်နိုင်ဘူး.. ဒါပေမယ့် တကယ့် အသစ်လို ကောင်းနေတုန်းပဲ..."

"ဒါတော့ မှန်တယ်ပဲ ထားပါ ရွှန်.. ဒါပေမယ့်..."

သူတို့နှစ်ယောက် တီးတိုး ငြင်းခုံနေကြချိန်ဝယ် ဟယ်ရီ အခန်းထဲကို လှည့်ပတ်ကြည့်နေမိသည်..။ လှေကားရင်းသို့ အရောက်တွင် အမှတ်မထင် မော့ကြည့်ရင်း မြင်လိုက်ရသော အရာက

သူ့ကို ဖမ်းစားသွား၏..။ နောက်ထပ် ဟယ်ရီ ပေါ်တာ တစ်ယောက်က မျက်နှာကျက်မှနေ၍ သူ့ကို ပြန်ကြည့်နေ၏...။

ခေတ္တမျှ အံ့ဩမှင်တက်နေမိပြီး နောက်တွင် သူမြင်ရသော ပုံရိပ်မှာ မှန်တစ်ချပ်ဆီမှ ရောင်ပြန်ဟပ်ခြင်းမဟုတ်ပဲ ပန်းချီကားတစ်ချပ်မှန်း သိလိုက်သည်...။ သိချင်စိတ်ဖြင့် သူ

လှေကားပေါ်သို့ တက်ခဲ့သည်...။

"ဟယ်ရီ .. နင်ဘာလုပ်မလို့လဲ... သူများအိမ်ထဲ လျှောက်မသွားသင့်ဘူးနော်..."

သို့သော် ဟယ်ရီက နောက်တစ်ထပ်ပေါ်သို့ ရောက်သွားပြီ ဖြစ်သည်..။ လူနာမှာ သူမ၏ အခန်းမျက်နှာကျက်ကို မျက်နှာပုံငါးခုဖြင့် အလှဆင်ထား၏...။ ဟယ်ရီ... ရွှန်... ဟာမီယွန်...

ဂျင်နီနှင့် နဗီးလ်တို့၏ မျက်နှာများပင်...။ ရုပ်ပုံများမှာ ဟော့ဝက်ရှိ ပန်းချီကားများလို လှုပ်ရှားမနေကြပေ...။

သို့ရာတွင် တူညီသော မှော်ပညာရပ်ဖြင့် ဆွဲထားပုံရ၏..။ ထိုမျက်နှာများအားလုံး
အသက်ရှူနေကြသည်ဟု ဟယ်ရီ ထင်သည်..။ ရုပ်ပုံများကို ရွှေရောင်ကြိုး တစ်ချောင်းဖြင့်

ချည်နှောင်ဆက်သွယ်ထားသည်ဟု သူ ထင်မိသည်...။ သို့သော် သေချာကြည့်လိုက်သောအခါ
ရွှေရောင်ကြိုးမှာ သူငယ်ချင်းဆိုသော စာလုံးများစွာကို ရွှေရောင်မင်ဖြင့် ကြိုးပမာ

ချိတ်ဆက်ထားခြင်းပင်...။

လူနာ၏ သံယောဇဉ်ကို ဟယ်ရီ ခံစားမိလိုက်သည်...။ သူ အခန်းထဲကို လှည့်ပတ်ကြည့်လိုက်သည်။
ကုတင်ဘေးရှိ ခုတင်ပုံကြီးတစ်ခုထဲ၌ ခပ်ငယ်ငယ်သာ ရှိသေးသော လူနာ့ကို သူမနှင့်

အလွန်ဆင်တူသော မိန်းမကြီးတစ်ယောက်နှင့်အတူ တွေ့ရ၏..။ တစ်ယောက်ကို တစ်ယောက်
ပွေ့ဖက်ထားပြီး လူနာ့ကိုကြည့်ရသည်မှာ ပျော်ရွှင်နေပုံရသည်။ လူနာ ထိုကဲ့သို့

ပျော်ရွှင်မြူးတူးနေပုံကို ဟယ်ရီ မမြင်ဖူးခဲ့ပေ...။

ခုတင်ပုံမှာ ဖုန်များတင်နေ၏..။ တစ်ခုခု ထူးခြားနေပြီဟု ဟယ်ရီ သိလိုက်သည်။ ထို့ကြောင့် သူ
အခန်းထဲကို လှည့်ပတ်ကြည့်လိုက်သည်။ တစ်ခုခု မှားနေပေပြီ..။ အပြာနုရောင်

ကြမ်းခင်းကော်ဇောတွင်လည်း ဖုန်များထင်နေ၏..။ ပွင့်ဟလျှက်ရှိသော ဗီရိုထဲတွင်လည်း
အဝတ်အစားများ မတွေ့ရပေ...။ အိပ်ရာပေါ်တွင်လည်း ရက်ပေါင်းများစွာ မည်သူမျှ အိပ်ခဲ့သော

လက္ခဏာ မရှိပေ...။ ပြတင်းပေါက်ကိုဖြတ်၍ ဆောက်ထားသော ပင့်ကူအိမ်တစ်ခုကိုလည်း တွေ့ရ၏...။

"ဘာဖြစ်လို့လဲ.. တစ်ခုခု ဖြစ်လို့လား"

ဟယ်ရီ လှေကားမှ ဆင်းလာလာချင်း ဟာမီယွန်က မေးလိုက်သည်...။ သူ ဘာမှ မပြောနိုင်ခင်မှာပင်
ဇီနိုဖီးလီ းယပ်စ်က ပန်းကန်လုံးများကို ဗန်းတစ်ခုထဲတွင် ထည့်ရင်း အပေါ်ထပ်သို့

ပြန်တက်လာ၏..။ ဟယ်ရီက...

"မစ္စတာ လပ်ဖ်ဂွဒ် .. လူနာ ဘယ်မှာလဲ..."

"ဟင်..."

"လူနာ ဘယ်ရောက်နေလဲ..."

ဇီနိုဖီးလီ းယပ်စ်က လှေကားထိပ်တွင် ရပ်လိုက်ရင်း...

"သူ ... သူ တောင်ကုန်းအောက်မှာ ငါးမျှားနေတယ်လေ..."

"ဒါဆို ဘာကိစ္စ လူလေးယောက်စာပဲ ပြင်လာရတာလဲ..."

ဇီနိုဖီးလီ းယပ်စ် တစ်ခုခု ပြောရန် ကြိုးစားလိုက်သော်လည်း စကားသံ ထွက်မလာပေ..။ ပုံနှိပ်စက်မှ အသံနှင့် ဇီနိုဖီးလီ းယပ်စ်၏ လက်ထဲမှ ပန်းကန်များ တုန်ခါနေသံကသာ အခန်းကို

ဖုံးလွှမ်းထား၏..။ ဟယ်ရီက...

"လူနာ ဒီမှာ မရှိတာ တော်တော်ကြာနေပြီ.. သူ့ရဲ့ အဝတ်အစားတွေ မရှိဘူး... သူ့အိပ်ရာမှာလည်း ဘယ်သူမှ အိပ်ပုံမရဘူး... သူ ဘယ်ရောက်နေသလဲ... ခင်ဗျားကရော ဘာကိစ္စ

ပြတင်းပေါက်ကိုပဲ လှမ်းလှမ်းကြည့်နေရတာလဲ..."

ဇီနိုဖီးလီ းယပ်စ်လက်ထဲမှ ဗန်းမှာ လွတ်ကျသွားကာ ပန်းကန်လုံးများ ကျကွဲကုန်၏...။ ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်တို့ သုံးယောက်စလုံး မှော်တောင်ဝှေးများကို ဆွဲထုတ်ကာ

ချိန်လိုက်ကြသည်..။

ဇီနိုဖီးလီ းယပ်စ်က အိတ်ထဲလက်နှိုက်ရန် ကြံစဥ်မှာပင် ရပ်တန့်သွားရသည်..။ ထိုအချိန်မှာပင် ပုံနှိပ်စက်ဆီမှ ဝုန်းကနဲ အသံနှင့်အတူ ကွစ်ဘလာ စာစောင်များ အခန်းတစ်ခုလုံး

လွင့်ပျံသွားပြီးနောက် လုံးဝ ရပ်ဆိုင်းသွား၏...။

ဟာမီယွန်က ဇီနိုဖီးလီ းယပ်စ်ကို မှော်တောင်ဝှေးနှင့် ချိန်ထားရင်းမှပင် စာစောင်တစ်ခုကို ကောက်ယူလိုက်၏...။

"ဟယ်ရီ.. ဒီမှာကြည့်စမ်း..."

သူမ လက်ထဲမှ စာစောင်ကို ဟယ်ရီ လှမ်းကြည့်လိုက်၏...။ ရှေ့ဆုံး စာမျက်နှာမှာပင် သူ့ပုံနှင့်အတူ 'မသက်ာဖွယ်ရာ အဆင့်(၁)'ဟူသော စာတန်းနှင့် ဆုငွေကို ဖော်ပြထား၏...။

ဟယ်ရီက အလွန်လျင်မြန်စွာ ဦးနှောက်ကို အလုပ်ပေးရင်း အေးစက်စက် လေသံဖြင့်...

"ဒီလိုဆိုတော့ ကွစ်ဘလာက အမြင်ပြောင်းသွားပြီ ဆိုပါတော့... ခင်ဗျား ခြံထဲကို ဆင်းသွားတာ ဒီကိစ္စလား မစ္စတာလပ်ဖ်ဂွဒ် .. ဝန်ကြီးဌာနကို ဖီးကွက်လွှတ်ပြီး သတင်းပို့တာ မ

ဟုတ်လား..."

ဇီနိုဖီးလီ းယပ်စ်က ....

"သူ... သူတို့ ငါ့ရဲ့ သမီးလေးကို ဖမ်းထားတယ်.. ငါ .. ငါရေးတဲ့ သတင်းတွေကြောင့်ပဲ.. အခု သူဘယ်ရောက်ပြီး ဘာဖြစ်နေမှန်း မသိရဘူး... ဒါပေမယ့် သူတို့ကို ငါ ... ငါကသာ

တစ်ခုခုလုပ်ပေးနိုင်ရင် လူနာ့ကို ပြန်လွှတ်မှာပဲ...."

ဟာမီယွန်က...

"ဒါနဲ့ပဲ ဟယ်ရီ့ကို ဖမ်းပေးမယ် ဆိုပါတော့..."

ရွန်က ခပ်ပြတ်ပြတ်လေသံဖြင့်...

"ဘယ်ဖြစ်မလဲ.. လမ်းဖယ်ပေးတော့.. ကျွန်တော်တို့ ပြန်တော့မယ်..."

ဇီနိုဖီးလီ းယပ်စ်၏ မျက်နှာမှာ ချက်ချင်း အိုစာကျသွားပြီး အလန့်တကြား လေသံဖြင့် ...

"သူတို့ ရောက်လာကြတော့မယ်... ငါ လူနာ့ကို ကယ်မှ ဖြစ်မယ်.. သူ့ကို အဆုံးရှုံးမခံနိုင်ဘူး.. မင်းတို့ မသွားရဘူး..."

သူက လက်နှစ်ဖက်ကို ဆန့်တန်းကာ လှေကားကို ကာထား၏..။ သူ့ကုတင်ရှေ့ဝယ် ထိုကဲ့သို့ ကာကွယ်ပေးခဲ့သော မိခင်၏ပုံရိပ်ကို ဟယ်ရီ မြင်ယောင်လာမိသည်..။ ထို့ကြောင့် သူက...

"ခင်ဗျားကို ဒုက္ခမပေးချင်ဘူး.. လမ်းဖယ်လိုက်ပါ မစ္စတာလပ်ဖ်ဂွဒ်..."

"ဟယ်ရီ..."

ဟာမီယွန်၏ အလန့်တကြား အော်ဟစ်သံနှင့်အတူ တံမြက်စည်းပျံစီးကာ ပျံသန်းလာသည့် ပုံရိပ်များကို ပြတင်းပေါက်မှ မြင်လိုက်ရသည်။ သုံးယောက်လုံး သူ့ကို မကြည့်တော့သည်နှင့်

တစ်ပြိုင်နက် ဇီနိုဖီးလီ းယပ်စ်က မော်တောင်ဝေးကို ဆွဲထုတ်လိုက်သည်…။

ဟယ်ရီ သူတို့အမှားကို အချိန်မီလေး သိလိုက်သဖြင့် ဘေးသို့ခုန်ရှောင်ရင်း ရွန်နှင့် ဟာမီယွန်ကိုပါ ဇီနိုဖီးလီ းယပ်စ်၏ မေ့မျောကျိန်စာစက်ကွင်းမှ တွန်းထုတ်လိုက်၏…။ ကျိန်စာမှာ

အခန်းကိုဖြတ်ကျော်ကာ နံရံပေါ်ရှိ အီရမ်ပန့်ချီကို သွားထိမှန်တော့သည်…။

အလွန်ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုဖြစ်သွားကာ အသံအရ အခန်းတစ်ခုလုံး ပွင့်ထွက်သွားပုံရသည်..။ သစ်သားစများ.. စာရွက်အပိုင်းအစများ လွင့်ပျံကုန်ကာ ထူထပ်လှသော

အဖြူရောင် မီးခိုးများ ဖုံးလွှမ်းသွား၏..။

ဟယ်ရီ လွင့်စင်သွားကာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား၏..။ အပျက်အစီးများက သူ့အပေါ်သို့ မိုးရွာသလို ပြိုကျလာသဖြင့် မျက်နှာကို လက်ဖြင့် ကာထားရသည်…။

ရွန်နှင့် ဟာမီယွန်တို့၏ အော်ဟစ်သံများကို ကြားလိုက်ရပြီးနောက်တွင် သံနှင့်ထိမိသံ တဒုန်းဒုန်းကို ကြားလိုက်ရ၏..။ ကြည့်ရသည်မှာ ဇီနိုဖီးလီ းယပ်စ် လေ့ကားမှ

ကျွမ်းပြန်ကျသွားပုံပင်…။

ဟယ်ရီ အပျက်အစီးပုံထဲမှ ထရန် ကြိုးစားလိုက်သည်..။ သူ အသက်ရှူရန် ခက်ခဲနေသလို ဘာကိုမှလည်း မမြင်နိုင်ပဲ ရှိသည်..။ မျက်နှာကျက်မှာ တစ်ဝက်ခန့် ပြိုကျကာ လူနာ၏

ကုတင်မှာ အပေါက်ထဲမှ တစ်ဝက်ခန့် လျှောကျနေ၏..။ ရိုဝမ်နာရေဗင်ကလော၏ ရုပ်တုမှာ သူ့နံဘေးတွင် လဲကျနေပြီး မျက်နှာတစ်ခြမ်း မရှိတော့ချေ..။

ပုံနှိပ်စက်၏ အစိတ်အပိုင်း အတော်များများမှာ လေ့ကားပေါက်ကို ပိတ်ဆို့မိနေ၏..။ ထိုအချိန်မှာပင် သူ့အနီးသို့ အဖြူရောင် အရိပ်တစ်ရိပ် ရောက်လာ၏..။ အဖြူရောင်ဖုန်မှုန့်များ

ပေကျံ့နေသဖြင့် ရုပ်တုတစ်ခုနှင့် တူနေသည်..။ သူမက လက်ညှိုးကို နှုတ်ခမ်းပေါ်တင်ထားရင်း တိတ်တိတ်နေရန် အချက်ပြ၏..။ အောက်ထပ်ရှိတံခါး ဝုန်းကနဲ ပွင့်သွားသံ

ကြားလိုက်ရပြီး ခပ်ကြမ်းကြမ်းနိုင်သော အသံတစ်ခုက…

"မလောပါနဲ့လို့ မင်းကို ငါ ပြောတယ် မဟုတ်လား ထရော်ဗာ.. ဒီအရူးက ငါတို့ကို ပေါက်ကရတွေ လျှောက်ပြောနေတာပဲ…"

ဒိုင်းကနဲ့ ပေါက်ကွဲသံနှင့်အတူ ဇီနိုဖီးလီ ၊ယပ်စ်က နာကျင်စွာ အော်ဟစ်လိုက်ရင်း…

"မ.. မလုပ်ပါနဲ့.. အပေါ်ထပ်မှာ … ပေါ်တာရှိတယ်…"

"ငါ အရင်တစ်ခါကတည်းက ပြောပြီးပြီ လပ်ဖ်ဂွဒ်… ငါတို့ကို တကယ့် သတင်းအစစ်အမှန်ကလွဲလို့ မခေါ်ပါနဲ့လို့.. မင်းရဲ့သမီးနဲ့ ဘာမှ သုံးမရတဲ့ သရဖူနဲ့ လဲမယ်ကြံတုန်းကလေ..

ပြီးခဲ့တဲ့ အပတ်တုန်းကလည်းပဲ…"

ဒိုင်းကနဲ အသံတစ်ချက်နှင့်အတူ နာကျင်စွာ အော်ဟစ်သံကို ကြားရပြန်၏..။

"ငါတို့ကို စနောက်တတ်ချိုလိမ် ရှိပါတယ်ဆိုတာ သက်သေပြပြီး ခင်ဗျားသမီးနဲ့ လဲချင်ပြန်တယ်…"

"မ …. မလုပ်ပါနဲ့ … တောင်းပန်ပါတယ်.. တကယ့်ကို ပေါ်တာ ရောက်နေတာပါ…"

"ဒီတစ်ခါ ငါတို့ကို ဖောက်ခွဲပစ်ချင်လို့ ခေါ်တာ မဟုတ်လား…"

ဒက်အိတာ၏ အော်ဟစ်သံနှင့်အတူ ပေါက်ကွဲသံများ ဆက်တိုက်ကြားရကာ ဇီနိုဖီးလီ ၊ယပ်စ်၏ ထိတ်လန့်တကြား အော်ဟစ်သံကို ကြားနေရ၏..။

"ဆဲလ်ဝန်း … ဒီနေရာကို ကြည့်ရတာ ပြိုကျတော့မယ့် ပုံပဲ… လှေကားကလည်း ပိတ်နေပြီ.. ရှင်းလိုက်ရင် ပြိုချင်ပြိုကျသွားနိုင်တယ်…"

ဆဲလ်ဝန်းက ဒေါသသံဖြင့်…

"အသုံးမကျတဲ့ အဖိုးကြီး… ခင်ဗျား တစ်သက်မှာ ပေါ်တာကို မြင်ဖူးလို့လား.. ကျုပ်တို့ကို မျှားခေါ်ပြီး သတ်ဖို့ကြံတာ မဟုတ်လား.. ဒီနည်းနဲ့တော့ ခင်ဗျားသမီးကို ပြန်မရနိုင်ဘူး…"

"ကျုပ် ကျိန်ပြောရဲပါတယ်ဗျာ.. အပေါ်ထပ်မှာ ပေါ်တာ တကယ် ရှိပါတယ်…"

"ဟိုမီနမ် ရီဗီလီယို…"

အောက်ထပ်ရှိ လူရှိမရှိ စစ်ဆေးသော ဂါထာရွတ်သံကို ဟယ်ရီ ကြားလိုက်ရသည်…။ ထူးခြားသည့် ခံစားချက်တစ်ခု သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ပျံ့နှံ့သွား၏..။

ဓိနိုဖီးလီ ဧယပ်စ်က ငိုရှိုက်သံဖြင့်…

"ပေါ်တာ အပေါ်ထပ်မှာ… ပေါ်တာ တကယ် ရောက်နေတယ်.. ကျုပ်ရဲ့ လူနာကိုသာ ပြန်လွှတ်ပေးကြပါဗျာ…"

ဆဲလ်ဝန်းက…

"ခင်ဗျားသမီးကို ပြန်လိုချင်ရင် အပေါ်ထပ်ကို တက်သွားပြီး ဟယ်ရီပေါ်တာကို ခေါ်ချလာခဲ့ပေတော့… ဒါပေမယ့် ကျုပ်တို့ကို တစ်ခုခု ဒုက္ခပေးဖို့ ကြံရင်တော့ ခင်ဗျားသမီးရဲ့

အလောင်းပဲ ပြန်ရမယ်…"

ဓိနိုဖီးလီ ဧယပ်စ်ထံမှ ကြောက်ရွံ့စိတ်ပျက်စွာ ညည်းညူလိုက်သံကို ကြားလိုက်ရသည်…။ ပိတ်ဆို့နေသော လှေကားကို စတင်ရှင်းလင်းသံများ ကြားရ၏..။

ဟယ်ရီက လေသံဖြင့်…

"လာကြ.. ငါတို့ ဒီနေရာက လစ်ကြစို့…"

ဓိနိုဖီးလီ ဧယပ်စ်၏ အပျက်အစီးများအား ဖယ်ထုတ်နေသော အသံများကို အကာအကွယ်ယူကာ ဟယ်ရီ အပျက်အစီးပုံထဲမှ ရုန်းထွက်လိုက်သည်…။ ရွှံ့မှာ အောက်ဆုံးတွင် နစ်မြုပ်နေ၏..။

ဟယ်ရီနှင့် ဟာမီယွန်တို့ ရှိသမျှ အပျက်အစီးများကို ဖယ်ထုတ်ပြီးနောက်တွင် ဗီရိုကြီးတစ်လုံးကို ထပ်၍ဖယ်ရန် ကြိုးစားရပြန်သည်…။

ဓိနိုဖီးလီ ဧယပ်စ်ထံမှ အသံများ တဖြည်းဖြည်း နီးကပ်လာချိန်ဝယ် ဟာမီယွန်က ဂါထာမန္တန်ဖြင့် ရွှံ့အပေါ်မှ ပစ္စည်းအားလုံးကို ဖယ်ပစ်လိုက်နိုင်သည်…။

"ဟုတ်ပြီ…"

ဟာမီယွန့်စကားသံ ထွက်လာချိန်ဝယ် လှေကားကို ပတ်ဆို့နေသော ပုံနှိပ်စက်ကြီးမှာ စတင်လှုပ်ခါလာ၏….။ သူမက…

"ဟယ်ရီ… နင် ငါ့ကို ယုံလား…"

ဟယ်ရီ ခေါင်းညိတ်ပြလိုက်သည်…။ ဟာမီယွန်က လေသံတိုးတိုးဖြင့်

"ဒါဆိုရင် ငါ့ကို ကိုယ်ပျောက်ဝတ်ရုံပေး... ရွှန်... နင် ဝတ်ရုံခြုံထား..."

"ငါက ... ဒါပေမယ့် ... ဟယ်ရီ..."

"ရွှန်.. မြန်မြန်လုပ်စမ်းပါ... ဟယ်ရီ... ငါ့လက်ကို သေချာကိုင်ထား... ရွှန်.. ငါ့ပခုံးကို ကိုင်ထား..."

ဟယ်ရီက ဘယ်ဘက်လက်ကို ဆန့်တန်းလိုက်ချိန်တွင် ရွှန်က ကိုယ်ပျောက်ဝတ်ရုံခြုံကာ ပျောက်ကွယ်သွား၏...။

လှေကားထိပ်ကို ပိတ်ဆို့ထားသော ပုံနှိပ်စက်ကြီးမှာ ပို၍ တုန်ခါလာ၏...။ ဇီနိုဖီးလီ းယပ်စ်မှာ ဂါထာတန်ခိုးဖြင့် မယူရန် ကြိုးစားနေပုံပင်..။ ဟာမီယွန် ဘာကိုစောင့်နေမှန်း ဟယ်ရီ

နားမလည်ချေ...။

သူမက ...

"သေချာကိုင်ထား .. မကြာတော့ဘူး..."

ဇီနိုဖီးလီ းယပ်စ်၏ ဖြူဖွေးနေသော မျက်နှာကို သူတို့ မြင်လိုက်ရသည်...။ ဟာမီယွန်က သူ့မျက်နှာကို ပထမဆုံး ချိန်ရွယ်ကာ .... 'အော့ဘ်လီ ဗီးယတ်' ဟူသော ဂါထာကို

ရွတ်ဆိုလိုက်ပြီးနောက် ကြမ်းပြင်ကို ချိန်ရွယ်၍ ...

"ဒီပရီမို"

ချက်ချင်းပင် ကြမ်းပြင်မှာ အပေါက်ကြီးတစ်ခု ပေါက်သွားပြီး သူတို့အားလုံး အောက်သို့ ပြုတ်ကျတော့သည်..။ သူ့အသက်မသေစေရန် ဟယ်ရီ သူမ၏ လက်ကို အသည်းအသန်

ဆုပ်ကိုင်ထားမိ၏..။

အောက်ထပ်မှ အော်ဟစ်သံများကို ကြားလိုက်ရပြီး လူနှစ်ယောက်မှာ အပေါ်ထပ်မှ ပြိုကျလာသော ပရိဘောဂများနှင့် အပျက်အစီးများကို အလန့်တကြား ရှောင်တိမ်းလိုက်သည်ကို

တစ်ချက်မျှ မြင်လိုက်ရသည်...။

ဟာမီယွန် လေထဲတွင် ခန္ဓာကိုယ်ကို တစ်ချက် လှုပ်လိုက်ချိန်မှာပင် ဆူညံလှသော အိမ်ပြိုကျသံကို ကြားလိုက်ရပြီးနောက် သူတို့ အမှောင်ထုထဲသို့ ဝင်ရောက်သွားတော့သည်..။

## ၂၂။ မှော်ဝင်ရတနာ

ဟယ်ရီ မြက်ခင်းပေါ်သို့ ရောက်ရောက်ချင်း လူလဲထလိုက်သည်။ ကွင်းပြင်တစ်ခု အစွန်သို့ သူတို့ ရောက်နေ၏...။ အချိန်က မှောင်စပြုနေပြီ ဖြစ်သည်..။ ဟာမီယွန်က စက်ဝိုင်းသဏ္ဌာန်

ဝိုင်းပတ်လျှောက်ရင်း သူမ၏ မှော်တောင်ဝှေးကို ဝှေ့ယမ်းကာ ဂါထာများ ရွတ်ဖတ်နေ၏...။

"ပရိုတီဂိုတိုတယ်လမ်... ဆယ်လ်ဗီယို ဟက်ဇီယာ..."

ရွန်က မကျေမနပ် ရေရွတ်ရင်း ကိုယ်ပျောက်ဝတ်ရုံကို ဟယ်ရီ့ဆီ ပစ်ပေးလိုက်၏...။

"ဟာမီယွန် ... နင်သာ မလျှင်ရင် ငါတို့တော့ ဘယ်လိုမှ လွတ်မှာ မဟုတ်ဘူး..."

"ကေ့ဗ်အင်နီမီဆမ်.. ငါ မပြောဘူးလား.. ဒါ အီရမ်ပန့်ချိုပါဆို.. သူကမှ မယုံတာ .. အခုတော့ အိမ်တစ်ဆောင်လုံး ပေါက်ကွဲသွားတာပဲ အဖက်တင်တာပေါ့..."

ရွန်က စုတ်ပြဲသွားသော ဘောင်းဘီနှင့် ထိရှထားသော ဒဏ်ရာများကို စစ်ဆေးနေရင်းမှ...

"ဒီလူကြီးနဲ့ ဒါပဲတန်တယ်.. သူ့ကို ဘာလုပ်ကြမယ် ထင်လဲ..."

ဟာမီယွန်က...

"သတ်ပစ်လိမ့်မယ်တော့ မထင်ဘူး.. ဘာလို့လဲဆိုတော့ ဒက်အိတာတွေ ဟယ်ရီ့ကို တစ်ချက်တွေ့သွားအောင် ငါ တမင်လုပ်လိုက်တာ... ဒါမှ ဇီနိုဖီးလီ းယပ်စ် ညာတာမဟုတ်မှန်း

သိမယ်လေ..."

"ဒါပေမယ့် ဘာကိစ္စ ငါ့ကို ကိုယ်ပျောက်ဝတ်ရုံခြုံခိုင်းရတာလဲ..."

"နင်က နေမကောင်းဖြစ်ပြီး အိပ်ရာထဲမှာ လဲနေရမှာလေ.. လူနာ့ကို သူတို့ ဘာအတွက် ဖမ်းတာလဲ.. သူ့အဖေက ဟယ်ရီ့ကို ထောက်ခံခဲ့လို့ မဟုတ်လား... နင့်ကိုသာ ဟယ်ရီနဲ့ အတူတူ

တွေ့သွားရင် နင့်မိသားစုကို ဒုက္ခပေးကြမှာပေါ့..."

"နင့်မိဘတွေကျတော့ရော...."

"သူတို့ ဩစတြေးလျမှာ.. ပြီးတော့ ဘာမှ မသိကြဘူး.. ပြဿနာ မရှိနိုင်ဘူး..."

"နင် တကယ် ဥာဏ်ကောင်းတာပဲ..."

"ဟုတ်တယ်... နင်သာပါမလာရင် ငါတို့ ဘာလုပ်ရမှန်း သိမှာ မဟုတ်ဘူး..."

ဟယ်ရီကပါ ထောက်ခံလိုက်သည်...။ သူမက တစ်ချက်ပြုံးလိုက်သော်လည်း ချက်ချင်း တည်သွားကာ...

"လူနာ ဘယ်လိုနေလဲ မသိဘူး..."

ရွန်က...

"သူတို့ ညာမပြောဘူးဆိုရင်တော့ အသက်ရှင်နေသေးပုံပဲ..."

ဟာမီယွန်က အထိတ်တလန့်ဖြင့်...

"အဲဒီလို မပြောပါနဲ့ဟယ် ... သူ အသက်ရှင်နေပါတယ်..."

ရွန်က....

"ဒါဆိုရင်လည်း အက်ဇကာဘန်မှာပဲ ဖြစ်မှာပေါ့... သူ အသက်ရှင်နေဦးမယ် ထင်ရတာပဲ.. တော်တော်များများကတော့ မခံနိုင်ကြဘူး..."

ဟယ်ရီက...

"သူ မသေနိုင်ပါဘူး.. လူနာက မင်းထင်တာထက် ပိုကြံ့ခိုင်ပါတယ်..."

ဟာမီယွန်က...

"နင်ထင်တာ မှန်မှာပါဟာ.. ငါ ဓိနိုဖီးလီ းယပ်စ်အတွက် စိတ်မကောင်းဖြစ်မိမှာပဲ... သူသာ တကယ်လို့ ..."

"တကယ်လို့ ငါတို့ကို ဒက်အိတာတွေဆီ ရောင်းမစားဘူး ဆိုရင်ပေါ့... ဟုတ်တယ်... ငါလည်း ဒီလိုပဲ..."

ရွှန်က သူမ၏ စကားကို ထောက်ခံလိုက်သည်..။ ထို့နောက်တွင် သူတို့ ရွက်ဖျင်တဲထိုးကာ အထဲသို့ ဝင်ခဲ့ကြသည်..။ ရွှန်က လက်ဖက်ရည်ဖျော်နေ၏..။ ဒက်အိတာများလက်မှ လွတ်ခဲ့ပြီး

ဤရွက်ဖျင်တဲလေး အတွင်း ပြန်ရောက်လာရသည်မှာ စိတ်ချမ်းသာစရာပင်...။

အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ဟာမီယွန်က ...

"ငါတို့ အဲဒီ့နေရာကို ဘာကိစ္စ သွားမိပါလိမ့်... ဟယ်ရီ .. နင်ပြောတာ မှန်တယ်... ဒီတစ်ခါလည်း ဂိုဒရစ်ဟောလို းလိုပဲ... ဘာမှ အကျိုးမရှိဘူး.. ဘာတဲ့... မှော်ဝင်ရတနာ ...

ဟုတ်လား... ဘာမှ အဓိပ္ပါယ်မရှိဘူး.. သူ ငါတို့ကို လုပ်ကြံပြီး လျှောက်ပြောတာတွေပဲ.. သူ တကယ်ယုံလို့ မဟုတ်ဘူး... ငါတို့ကို အချိန်ဆွဲချင်တာ..."

ရွှန်က...

"ငါတော့ ဒီလို မထင်ဘူး.. ဒီလို ဖိစီးမှုမျိုးနဲ့ ဘယ်လိုမှ လုပ်ကြံဇာတ်လမ်းတစ်ခုကို ပီပီပြင်ပြင် ပြောနိုင်မယ် မထင်ဘူး... သူက ငါတို့ကို အချိန်ဆွဲထားချင်တာတော့ ဟုတ်တယ်..

ဒါပေမယ့် သူ အမှန်အတိုင်း ပြောပြခဲ့တာပဲ.. အနည်းဆုံးတော့ သူ အမှန်လို့ ယုံကြည်တာကို ပြောပြတာပဲ..."

ဟာမီယွန်က ...

"ခေါက်ထားစမ်းပါဟာ ... သူ အမှန်ကိုပြောလည်း ဒီလိုပစ္စည်းမျိုးတွေ ရှိတယ်လို့ ငါ တစ်သက်လုံး မကြားဖူးဘူး..."

ရွှန်က...

"နေစမ်းပါဦး ... လျှို့ဝှက်ခန်းဆောင်တုန်းကလည်း ဒီလိုပဲ ယုံတမ်းစကားလို့ တွေးခဲ့ကြတာပဲ..."

"ဒါပေမယ့် ဒီ မှော်ဝင်ရတနာတွေဆိုတာ လုံးဝ မရှိနိုင်ဘူး ရွှန်..."

ရွှန်က...

"နင်က ဒါပဲ အတင်းပြောနေတာပဲ.. ဒါပေမယ့် ရတနာတစ်ခုကို ငါတို့တွေ့ထားပြီ... ဟယ်ရီ့ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို နင်ဘာပြောမလဲ..."

ဟာမီယွန်က ခိုင်ခိုင်မာမာပင်...

"ညီအစ်ကိုသုံးယောက် အကြောင်းက ပုံပြင်ပဲ ... လူတွေ သေမင်းကို ကြောက်တယ်ဆိုတာ ရေးထားတာ.. အမြဲတမ်း အသက်ရှင်နေဖို့ ကိုယ်ပျောက်ဝတ်ရုံပဲ လိုတယ်ဆိုရင် ငါတို့မှာ ဘာများ

ထပ်ပြီး လိုအပ်တော့မှာလဲ..."

ဟယ်ရီက သူ့လက်ထဲမှ အနက်ရောင် မှော်တောင်ဝှေးကို မနှစ်မြို့စွာ ကြည့်ရင်း...

"ငါလည်း သေချာ မပြောတတ်ဘူး.. ဒါပေမယ့် သေမင်းမှော်တောင်ဝှေးသာ ရှိရင်..."

"ဒီလိုပစ္စည်းမျိုး မရှိဘူး ဟယ်ရီ..."

"နင်ပြောတော့ ရာဇဝင်တလျှောက် ဒီလိုမှော်တောင်ဝှေးတွေ အများကြီး ပေါ်ခဲ့တယ်ဆို..."

"ကဲ.. ထားပါတော့.. သေမင်းမှော်တောင်ဝှေးက တကယ်ရှိတယ်လို့ပဲထား... သေရွာပြန်မှော်ကျောက်တုံးကျတော့ရော.. ဘယ်လိုပြောမလဲ... ဘယ်လိုမှော်ပညာကမှ သေသူကို

မရှင်စေနိုင်ဘူး... ဒါ... ဒါ..."

"ငါ့ရဲ့ မှော်တောင်ဝှေးနဲ့ မိစ္ဆာကောင်ကြီးရဲ့ မှော်တောင်ဝှေး ဆက်စပ်မိသွားတုန်းက ငါ့မိဘနှစ်ယောက်စလုံးရော စက်ဒရစ်ပါ ပြန်ပေါ်လာကြတယ်..."

ဟာမီယွန်က...

"ဒါပေမယ့် သူတို့ တကယ်ပြန်ရှင်လာကြတာမှ မဟုတ်တာ... ဝိုးတဝါးရုပ်ပုံတွေနဲ့ ပြန်ရှင်လာတာနဲ့က တခြားစီပဲ..."

"ဒါပေမယ့် ပုံပြင်ထဲက မိန်းကလေးကလည်း တကယ် ပြန်ရှင်မလာခဲ့ဘူးလေ.. ပုံပြင်ထဲမှာလည်း သေပြီးတဲ့သူဟာ ပြန်မလာဘူးလို့ ပြောထားတာပဲ... ဒါပေမယ့် အစ်ကိုလတ်က သူ့ကို

မြင်လည်းမြင်နိုင်တယ်... စကားလည်း ပြောနိုင်တယ်... သူတို့ အတူတူတောင် နေလိုက်ကြသေးတယ်..."

ဟာမီယွန့်မျက်နှာပေါ်တွင် စိတ်ပူပန်နေဟန်ဖြင့် နားလည်ရခက်သော အမူအရာတစ်ခုကို ဟယ်ရီ တွေ့လိုက်ရသည်..။ သူမက ရွှန့်ကို လှမ်းကြည့်လိုက်သည်..။ သူမ၏ အမူအရာမှာ

ကြောက်ရွံ့သွားခြင်းမှန်း ဟယ်ရီ သဘောပေါက်လိုက်သည်။ သူ၏ သေသူနှင့် အတူတူနေနိုင်မည်ဆိုသော အတွေးကို သူမ ထိတ်လန့်သွားပုံရ၏..။

ထို့ကြောင့် ချက်ချင်းပင် စကားလွှဲကာ...

"ဒါနဲ့ ဂိုဒရစ်ဟောလို း သင်္ချိုင်းမှာ မြှုပ်ထားတဲ့ ပက်ဗရယ်လ်ရဲ့ အကြောင်း နင် ဘာသိသေးလဲ..."

သူမက စိတ်သက်သာရာ ရသွားဟန်ဖြင့်...

"ဟင့်အင်း.. အမှတ်အသားတွေ့လို့ ကြည့်လိုက်မိတာပဲ ရှိတယ်.. သူသာ တစ်ခုခု အရေးပါတဲ့လူဆိုရင် စာအုပ်တွေထဲမှာ ရှာလို့ တွေ့မှာပဲ... ဒါပေမယ့် ဒီနာမည်ကို

စုန်းကဝေမျိုးရိုးစဉ်ဆက် ဆင်းသက်ပုံ စာအုပ်ထဲမှာပဲ ရှာလို့တွေ့တယ်.. အဲဒီ့အထဲမှာ စုန်းကဝေမျိုးရိုးစစ်စစ်တွေထဲမှာ ယောကျ်ားလေးတွေ မရှိတော့တဲ့ မျိုးနွယ်တွေကို ပြထားတယ်...

ပက်ဗရယ်လ်ဆိုတာ အစောဆုံး ပျောက်သွားတဲ့ မျိုးရိုးပဲ..."

ရွှန်က...

"ယောကျ်ားလေးတွေ မရှိတော့ဘူး... ဟုတ်လား..."

"ဟုတ်တယ်.. ဘာကိုဆိုလိုသလဲဆိုတော့ မျိုးရိုးနာမည် ပျောက်ကွယ်သွားတာပဲ... ဒီလိုမျိုး အဖြစ်အပျက်တွေ တစ်ပုံကြီးပဲ.. မျိုးရိုးမရှိတော့တာ မဟုတ်ဘူး... ဒါပေမယ့်

တခြားနာမည်ဖြစ်နေပြီ..."

(ဗြိတိန်တွင် အမျိုးသမီးများ အိမ်ထောင်ပြုလျှင် ခင်ပွန်း၏ မျိုးရိုး နာမည်ကို ပြောင်းရသဖြင့် ထိုအမျိုးသမီးများ၏ မိဘမျိုးရိုးအမည်မှာ ပျောက်ကွယ်သွားတတ်၏။)

ဟာမီယွန့်စကားက ဟယ်ရီ့မှတ်ဉာဏ်ကို လှုပ်နှိုးလိုက်သလို ဖြစ်သွား၏...။ ပက်ဗရယ်လ်ဟူသော နာမည်ကို သူကြားဖူးခဲ့သည်ကို သတိရလာ၏...။ စုတ်ပြတ်သတ်နေသော

အဘိုးအိုတစ်ယောက်က လက်စွပ်ကို ဝန်ကြီးဌာနမှ အရာရှိရှေ့တွင် ထုတ်ပြရင်း… 'မာဗိုလိုဂေါင့်' ဟု ပြောခဲ့သည်…။ တကယ်လည်း ထိုနာမည်ကို ဟယ်ရီ အော်ဟစ်လိုက်မိ၏…။

ရွှန်ရော ဟာမီယွန်ပါ ပြိုင်တူပင်…

"ဟင် .. ဘာပြောတာလဲ…"

"မာဗိုလိုဂေါင့်လေ.. မိစ္ဆာကောင်ကြီးရဲ့ အဘိုးလေ.. ဒမ်ဘယ်လ်ဒိုးရဲ့ မှတ်ဥာဏ်ထဲမှာ တွေ့ခဲ့တာ… သူက ပက်ဗရယ်လ်မျိုးရိုးက ဆင်းသက်လာတာလို့ ပြောခဲ့တယ်…"

ရွှန်ရော ဟာမီယွန်ပါ အကြီးအကျယ် ထိတ်လန့်သွားပုံရသည်..။

"လက်စွပ်.. လက်စွပ်… ဝိညာဉ်ကိုယ်ပွား လုပ်လိုက်တဲ့ လက်စွပ်ပေါ်မှာ ပက်ဗရယ်လ်အမှတ်အသား ပါတယ်တဲ့ … သူ ဝန်ကြီးဌာနကလူရဲ့ မျက်နှာနားကို ကပ်ပြခဲ့တာပဲ…"

ဟာမီယွန်က…

"ပက်ဗရယ်လ်ရဲ့ အမှတ်အသား ဟုတ်လား.. ဘယ်လိုပုံစံမျိုးလဲ… နင် မြင်လိုက်သလား…"

ဟယ်ရီက စဉ်းစားရင်းနှင့်ပင်…

"မမြင်လိုက်ဘူး.. အရေးအကြောင်းလေးတွေလောက်ပဲ.. ငါမြင်ဖူးတာ ကျောက်တုံးကွဲသွားတဲ့ အချိန်မှလေ…"

ဟာမီယွန့်မျက်ခုံး ပင့်တက်သွားသည်ကို ဟယ်ရီ မြင်လိုက်ရသည်။ ရွှန်က သူတို့နှစ်ယောက်ကို ကြည့်ရင်း တအံ့တသြ လေသံဖြင့်…

"တကယ်လား … အဲဒီ့အမှတ်အသားပဲလား… မှော်ဝင်ရတနာ အမှတ်အသားပဲလား…"

ဟယ်ရီက စိတ်လှုပ်ရှားစွာဖြင့်…

"ငါတော့ ထင်တာပဲ.. မာဗိုလိုဂေါင့်က တကယ့်ကို ပေပေတေတေ လူကြီးပဲ… သူ့မျိုးရိုးကလွဲလို့ ဘာမှ ဂရုစိုက်တာ မဟုတ်ဘူး.. ဒီလက်စွပ်ကသာ တကယ့်ကို မျိုးရိုးစဉ်ဆက်

ဆင်းသက်လာတာဆိုရင် သူ ဘာမှန်း သိမှာမဟုတ်ဘူး.. အဲဒီ့အိမ်ထဲမှာ ဘာစာအုပ်မှ မရှိဘူး.. ဒီလူကြီးပုံစံက ကလေးကို ပုံပြင်ပြောပြမယ့် ပုံမျိုးလည်း မရှိဘူး.. ဒီတော့

ဒီအမှတ်အသားကို ဘာမှန်း သူသိမှာ မဟုတ်ဘူး..."

ဟာမီယွန်က...

"အင်း.. ဒီလိုဆိုရင်တော့ တကယ် စိတ်ဝင်စားဖို့ ကောင်းတာပဲ.. ဒါပေမယ့် ဟယ်ရီ .. နင်တကယ်ပဲ ငါထင်သလို တွေးနေသလား..."

ဟယ်ရီက.. သူမကို လုံးဝဂရုမထားတော့ပဲ...

"ဘာလို့ မတွေးရမှာလဲ... ဒါဖြစ်နိုင်တာပဲ... ဒါကျောက်တုံးပဲ.. ဒါ သေရှာပြန်မှော်ကျောက်တုံး မဖြစ်နိုင်ဘူးလား..."

ရွန်မှာ သူ့စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရှာ၏...။

"ဒီ.. ဒီလိုလား ... ဒါပေမယ့် ဒမ်ဘယ်လ်ဒိုးက ခွဲပစ်လိုက်တော့ အစွမ်းရှိနိုင်ပါဦးမလား..."

"ရွန်.. ဒီလို ကျောက်တုံးမျိုး လုံးဝမရှိနိုင်ဘူး... အစွမ်းရှိမရှိ စဉ်းစားစရာ မလိုဘူး..."

ဟာမီယွန်က စိတ်ပျက်ခြင်း စိတ်ဆိုးခြင်းတို့ ရောထွေးလျှက်နေရာမှ ဆတ်ကနဲ ထရပ်ရင်း...

"ဟယ်ရီ.. နင်က ပုံပြင်ထဲက ဟာတွေကို တမင်လိုက်ပြီး စုစည်းယူနေတာပဲ..."

"ငါက တမင်စုစည်းယူနေတယ် ... ဟုတ်လား.. ဟာမီယွန်.. ဒါ သူ့ဘာသာ အံ့ဝင်ခွင်ကျ ဖြစ်နေတာ.. ဒီကျောက်တုံးပေါ်မှာ မှော်ဝင်ရတနာ အမှတ်အသား ပါကိုပါရမယ်.. ပြီးတော့

မာဗိုလိုက သူဟာ ပက်ဗရယ်လ်မျိုးနွယ်က ဆင်းသက်လာပါတယ်လို့ ပြောခဲ့တာပဲ..."

"နင်ပဲ အမှတ်အသားကို သေချာမမြင်ဘူးဆို..."

ရွန်က...

"ဒါဆို လက်စွပ် ဘယ်ရောက်သွားလဲ... လက်စွပ်ကို ဖျက်ဆီးပြီး ဒမ်ဘယ်လ်ဒိုး ဘယ်သွားထားလဲ မသိဘူး..."

သို့ရာတွင် သူ့ကို ဘာမှပြန်မဖြေဖြစ်ပဲ ဟယ်ရီ အသည်းအသန် စဉ်းစားနေ၏...။

'မှော်ဝင်ရတနာ သုံးခု ပူးပေါင်းမိလျှင် ထိုရတနာများကို ပိုင်ဆိုင်သူသည် သေမင်းကို အနိုင်ယူနိုင်သူ ဖြစ်လိမ့်မည်...'

'နောက်ဆုံး အနိုင်ယူရမည့် ရန်သူမှာ သေမင်းပင် ဖြစ်သည်...'

သူ့အတွေးထဲဝယ် သူ့ကိုယ်သူ မှော်ဝင်ရတနာများ၏ ပိုင်ရှင်အဖြစ် ဗိုဒီမော့နှင့် ယှဉ်ပြိုင်နေပုံကို မြင်ယောင်လာ၏..။ ဗိုဒီမော့၏ ဝိညာဉ်ကိုယ်ပွားများအားလုံး အလကား

ဖြစ်ကုန်ကြသည်..။

'တစ်ယောက် ရှင်သန်နေလျှင် ကျန်တစ်ယောက် မရှင်သန်နိုင်'ဟူသော စကားကို ကြားယောင်လာမိသည်...။

ပြဿနာ၏ အဖြေများလား...။ ဝိညာဉ်ကိုယ်ပွားများကို မှော်ဝင်ရတနာများနှင့် ယှဉ်ရမည်လား...။ သူ အနိုင်ရဖို့ သေချာသောနည်းလမ်း တကယ်ပဲ ရှိနေသလား..။ သူသာ

မှော်ဝင်ရတနာတွေကို ပိုင်ရှင် အန္တရာယ်ကင်းနိုင်မလား...။

"ဟယ်ရီ..."

ဟာမီယွန့်ခေါ်သံကို သူသေချာမကြားပေ...။

သူ့ကိုယ်ပျောက်ဝတ်ရုံကို ဖြန့်ရင်း လက်ထဲတွင် စမ်းသပ်ကြည့်နေမိသည်..။ အဝတ်စမှာ ရေကဲ့သို့ ပျော့ပျောင်းကာ လေကဲ့သို့ ပေါ့ပါးလှသည်...။ စုန်းကဝေလောကသို့ သူရောက်သည့်

ခုနစ်နှစ်အတွင်း သူ့ဝတ်ရုံနှင့် တူသည့်ဝတ်ရုံမျိုး မမြင်ဖူးခဲ့ပေ..။ သူ့ဝတ်ရုံမှာ ဇီနိုဖီးလီ းယပ်စ်ပြောသမျှနှင့် ကိုက်ညီနေပေသည်..။

'ဝတ်ဆင်သူကို လုံးဝကိုယ်ယောင်ပျောက်စေနိုင်ရမယ်... ရာစုနှစ်ပေါင်းများစွာ မပျက်စီးပဲ တည်မြဲရမယ်.. ဂါထာမန္တန်တွေရဲ့ အန္တရာယ်က လုံးဝ အကာအကွယ် ပေးနိုင်ရမယ်...'

ထိုအခိုက်မှာပင် တစ်စုံတစ်ရာကို သူသတိရလိုက်သည်...။

"ငါ့မိဘတွေ အသတ်ခံရတဲ့ညမှာ ဒမ်ဘယ်လ်ဒိုးက ဝတ်ရုံကို ငှားထားတာပဲ..."

ဟယ်ရီ ဘာကိုမှ ဂရုမစိုက်နိုင်ပဲ ဆက်ပြောလိုက်၏...။

"ငါ့အမေရဲ့ စာထဲမှာ ဒီအကြောင်း ဆီးရီးယပ်စ်ကို ပြောထားတယ်... ဒါ ... ဒါ သေချာတယ်.. သူ ဒီဝတ်ရုံကို စစ်ဆေးကြည့်ချင်တယ်လေ...ဒါကို တတိယမြောက် မော်ဝင်ရတနာလို့ သူ

ယူဆတယ်.. အစ်ဂ်နိုးတပ်စ် ပက်ဗရယ်လ်ဟာ ဂိုဒရစ်ဟောလို းမှာ မြှုပ်နှံခဲ့တာပဲ..."

ဟယ်ရီ ရွက်ဖျင်တဲထဲဝယ် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အပြင်းအထန် စဉ်းစားနေ၏..။ အမှန်တကယ် ဖြစ်စဉ်များကို သူ တဖြည်းဖြည်း သဘောပေါက်လာသလိုပင်...။

"သူက ငါ့ရဲ့ ဘိုးဘေးဘီဘင်ပဲ ဖြစ်ရမယ်.. ငါက ညီအငယ်ဆုံးရဲ့ မျိုးရိုးက ဆင်းသက်လာတာပဲ ဖြစ်ရမယ်..."

သူ့စိတ်ထဲတွင် ပို၍ ပို၍ သေချာလာ၏..။ မော်ဝင်ရတနာများ ရှိသည်ဆိုခြင်းကို ပို၍ ယုံကြည်လာ၏...။

ထိုပစ္စည်းများကို ပိုင်ဆိုင်ရလျှင်ဆိုသော အတွေးက သူ့ကို လုံခြုံမှု ပေးနေသလိုပင်...။

"ဟယ်ရီ..."

ဟာမီယွန့်ကို သူပြန်မထူးအားပေ..။ သူ့လည်ပင်းတွင် ဆွဲထားသော အိတ်ထဲမှစာကို နှိုက်ယူရင်း...

"ရော့ .. ဖတ်ကြည့်..." ဟာမီယွန့်ထံ ထိုးပေးလိုက်သည်...။

"ဖတ်ကြည့်စမ်းပါ.. ဒမ်ဘယ်လ်ဒိုးဆီမှာ ကိုယ်ပျောက်ဝတ်ရုံ ရောက်နေတယ် ဟာမီယွန်... သူက ဘာကိစ္စငှားရတာလဲ... သူ့အတွက် ကိုယ်ပျောက်ဝတ်ရုံမှ မလိုတာ.. သူ့ရဲ့

ကိုယ်ယောင်ဖျောက်ဂါထာ အစွမ်းနဲ့ဆိုရင် ဝတ်ရုံလုံးဝမလိုဘူး..."

တစ်စုံတစ်ခုမှာ ဟယ်ရီ့လက်ထဲမှ လွတ်ကျကာ ကုလားထိုင်အောက်သို့ ဝင်သွား၏..။ သူ စာကို ဆွဲထုတ်လိုက်စဉ်တွင် ရွှေဘောလုံးပါ အပြင်သို့ ထွက်ကျလာခြင်းဖြစ်သည်...။ သူ

ရွှေဘောလုံးကို ကောက်ယူလိုက်စဉ်မှာပင် နောက်ထပ်တစ်ခုကို သဘောပေါက်လိုက်သည်..။ အလွန်ပျော်ရွှင်ကာ မထိန်းသိမ်းနိုင်ပဲ အော်ဟစ်လိုက်မိ၏..။

"ဒီ.. ဒီအထဲမှာပဲ .. ငါ့အတွက် လက်စွပ်ကို ထားခဲ့တယ်.. ရွှေဘောလုံးထဲမှာပဲ..."

"မင်း ... မင်းသိတယ်.."

ရွှန်ဘာကြောင့် ဤမေးခွန်းမေးမှန်း ဟယ်ရီ နားမလည်နိုင်ပေ..။ သူ့အတွက် အားလုံး ရှင်းလင်းသွားပေပြီ..။ အရာအားလုံး အံဝင်ခွင်ကျပင်..။ သူ့ကိုယ်ပျောက်ဝတ်ရုံမှာ တတိယမြောက်

မော်ဝင်ရတနာပင်..။ ရွှေဘောလုံးဖွင့်နည်းကို သိရလျှင် ဒုတိယ မော်ဝင်ရတနာကိုပါ သူ့လက်ထဲရောက်လာတော့မည်..။ သူ့အတွက် ပထမမော်ဝင်ရတနာဖြစ်သော

သေမင်းမော်တောင်ဝှေးကို ရှာဖွေရန်သာ ကျန်တော့သည်...။

ထိုနေရာအရောက်တွင် ဟယ်ရီ၏ စိတ်လှုပ်ရှားမှုများ ... မျှော်လင့်ချက်များ.. ပျော်ရွှင်ခြင်းများမှာ ရုတ်ချည်းပင် ပျောက်ကွယ်သွား၏...။

"သူ... သူ အဲဒါနောက်ကို လိုက်နေတာပဲ..."

သူ့လေသံပြောင်းသွားခြင်းကြောင့် ရွှန်ရော ဟာမီယွန်ပါ ပို၍ ထိတ်လန့်သွား၏..။

"မိစ္ဆာကောင်ကြီး သေမင်းမော်တောင်ဝှေးကို လိုက်ရှာနေတယ်..."

သူ စိတ်ပျက်လက်ပျက်နှင့် သူတို့ကို ကျောခိုင်းထားလိုက်မိသည်..။ ဤအချက်မှာ လုံးဝမမှားနိုင်ကြောင်း ဟယ်ရီ သေချာသိနေသည်..။ ဗိုဒီမော့မှာ မော်တောင်ဝှေးအသစ်တစ်ခုကို

လိုက်ရှာနေခြင်း မဟုတ်ပေ..။ သူ လိုက်ရှာနေသည်မှာ မော်တောင်ဝှေးအဟောင်းတစ်ခုသာ ဖြစ်သည်..။ ဟယ်ရီ ရွက်ဖျင်တဲအပေါက်ဝဆီသို့ လျှောက်လာခဲ့ရင်း အမှောင်ထုထဲသို့

ငေးကြည့်ကာ တွေးနေမိသည်...။

ဗိုဒီမော့မှာ မက်ဂယ်မိဘမဲ့ ဂေဟာတွင် မွေးဖွားလာခဲ့သူ ဖြစ်သည်...။ သူငယ်စဉ်က မည်သူကမှ ညီအစ်ကိုသုံးယောက်ပုံပြင်ကို ပြောပြခဲ့မည် မဟုတ်ပေ..။ စုန်းကဝေအများစုမှာလည်း

ဤအကြောင်းကို မယုံကြည်ကြချေ..။ ဤအကြောင်းများကို ဗိုဒီမော့များ သိနေခဲ့သလား...။

ဟယ်ရီ အမှောင်ထဲသို့ ငေးမောရင်း အတွေးကို ဆက်တွေး၏..။ ဗိုဒီမော့သာ
မှော်ဝင်ရတနာများအကြောင်းကို သိခဲ့လျှင် သူ ထိုအရာများကို လိုက်လံရှာဖွေပေလိမ့်မည်..။ ပိုင်ဆိုင်ဖို့

ကြိုးစားပေလိမ့်မည်..။ ထိုရတနာများပို ပိုင်ဆိုင်သူမှာ သေမင်းကို အောင်နိုင်မည် မဟုတ်ပါလား..။
သူသာ ဤအကြောင်းကို သိခဲ့လျှင် အစကတည်းက ဝိညာဉ်ကိုယ်ပွားများကို လုပ်ဖို့

ကြိုးစားခဲ့မည် မထင်ပေ..။

မှော်ဝင်ရတနာတစ်ခုကို လက်ဝယ်ရှိထားပါလျှက် ဝိညာဉ်ကိုယ်ပွားအဖြစ် ဖန်တီးခဲ့ခြင်းက
ထိုလျှို့ဝှက်ချက်ကြီးကို သူမသိကြောင်း ဖော်ပြနေသလိုပင်..။

ထိုသို့ဆိုလျှင် ဗိုဒီမော့မှာ သေမင်းမှော်တောင်ဝေှး၏ တကယ့် အစွမ်းအစအမှန်ကို နားမလည်ပဲ
လိုက်ရှာနေခြင်းဖြစ်ရမည်..။ မှော်ဝင်ရတနာသုံးမျိုးထဲက တစ်ခုမှန်း သိပုံမရပေ..။

အားလုံးသိကြသလို သမိုင်းတစ်လျှောက် သွေးပင်လယ်ဝေအောင် သတ်ဖြတ်လုယက်ခဲ့သော
သေမင်းတောင်ဝေှးအဖြစ်သာ သိပုံရသည်..။ ဟယ်ရီ ကောင်းကင်ပေါ်မှ တိမ်များကို

ငေးကြည့်ရင်း သူ ဆက်စပ်မိသမျှကို အံ့ဩနေမိသည်...။

ထို့နောက် သူ ရွက်ဖျင်တဲထဲသို့ ပြန်ဝင်ခဲ့၏..။ ရွန်ရော ဟာမီယွန်ပါ သူအပြင်ထွက်လာစဉ်ကအတိုင်း
မတ်တတ်ရပ်လျှက်ပင် ရှိနေကြသေး၏..။ ဟာမီယွန့်လက်ထဲဝယ် လီလီ့စာကို

ကိုင်ထားဆဲပင်..။ ရွန်မှာ သူမ၏ နံဘေးတွင် ရပ်ရင်း စိတ်ရှုပ်ထွေးနေဟန် ရှိ၏..။ ကျန်ခဲ့သော
မိနစ်ပိုင်းလေးအတွင်းမှာ အဘယ်မျှ ခရီးပေါက်ခဲ့မှန်း သူတို့ သဘောပေါက်ကြဟန်

မရှိပေ...။

ဟယ်ရီက...

"ဒါအဖြေပဲ.. အားလုံးရှင်းသွားပြီ.. မှော်ဝင်ရတနာတွေ တကယ် ရှိတယ်... အခု ငါ့မှာ တစ်ခုပိုင်နေပြီ..
နှစ်ခုတောင် ဖြစ်လာနိုင်တယ်..."

သူက လက်ထဲမှ ရွှေဘောလုံးကို မြှောက်ပြလိုက်သည်...။

"ပြီးတော့ မိစ္ဆာကောင်ကြီးက သေမင်းမှော်တောင်ဝှေးနောက်ကို လိုက်နေတယ်.. သူက ဒါကို မှော်ဝင်ရတနာမှန်း သိလို့ မဟုတ်ဘူး... အစွမ်းထက်တဲ့ မှော်တောင်ဝှေးတစ်ခုလို့ပဲ

သိပုံရတယ်..."

ဟာမီယွန်က သူ့ကို စာပြန်ပေးရင်း...

"ဟယ်ရီ .. ငါဒီလို မပြောချင်ပါဘူး.. ဒါပေမယ့် နင်မှားနေပြီလို့ ငါထင်တယ်..."

"ဒါပေမယ့် နင်မသိဘူးလား .. အားလုံးကွက်တိပဲ..."

"မဟုတ်သေးဘူး ဟယ်ရီ... နင် အတင်းဆက်စပ်ယူနေတာ... တကယ်လို့ မှော်ဝင်ရတနာတွေသာ တကယ်ရှိပြီး ဒမ်ဘယ်လ်ဒိုး ဒီအကြောင်းတွေကို သိတယ်ဆိုရင် သူက နင့်ကို ဘာလို့

ပြောမပြရတာလဲ..."

ဟယ်ရီ့တွင် အဖြေရှိနှင့်ပြီးသားပင်...။

"နင်ပဲ ပြောခဲ့တာပဲ ဟာမီယွန်.. ကိုယ့်ဘာသာ ရှာဖွေယူရမယ်ဆို..."

ဟာမီယွန်က စိတ်ပျက်လက်ပျက်ဖြင့်...

"နင် လပ်ဖ်ဂွဒ်ဆီလိုက်လာအောင် ငါပြောတာ... ငါ တကယ် အဲဒီ့လို ထင်လို့ ပြောတာ မဟုတ်ဘူး..."

ဟယ်ရီ သူမစကားကို လုံးဝဂရုမစိုက်ပဲ...

"ဒမ်ဘယ်လ်ဒိုးက ကိစ္စတော်တော်များများကို ငါ့ဘာသာ ရှာခိုင်းခဲ့တာပဲ... သူက ငါ့ရဲ့ ခံနိုင်ရည်နဲ့ သတ္တိကို အမြဲ စမ်းသပ်လေ့ရှိတယ်.. ဒါ သူ အမြဲလိုလို လုပ်နေကျပုံစံပဲ..."

"ဟယ်ရီ.. ဒါ ပြိုင်ပွဲမဟုတ်ဘူး.. လေ့ကျင့်ခန်း ဆင်းနေတာလည်း မဟုတ်ဘူး... ဒမ်ဘယ်လ်ဒိုးက နင့်ကို ဘာလုပ်ရမလဲဆိုတာ ရှင်းရှင်းလင်းလင်း ပြောခဲ့ပြီးသား.. ဝိညာဉ်ကိုယ်ပွားတွေကို

ရှာပြီး ဖျက်ဆီးရမယ် မဟုတ်လား... ဒီအမှတ်အသားက ဘာမှ အဓိပ္ပါယ်မရှိဘူး.. မှော်ဝင်ရတနာတွေအကြောင်း မေ့ထားစမ်းပါ.. ငါတို့ အချိန်ဖြုန်းလို့ မဖြစ်နိုင်ဘူး..."

ဟယ်ရီ သူမကို ဂရုမစိုက်တော့ပေ…။ သူ့လက်ထဲရှိ ရွှေဘောလုံးကို လှည့်ပတ်ကြည့်ရင်း ပွင့်များသွားမလားဟု မျှော်လင့်နေမိသည်..။ သို့မှသာ သေရှာပြန်မှော်ကျောက်တုံးထွက်လာပြီး

ဟာမီယွန်ကို သူ သက်သေပြနိုင်ပေလိမ့်မည်..။

ဟာမီယွန်က ရွန်ဘက်သို့ လှည့်ကာ…

"နင်ရော ယုံသလား.. မယုံဘူး မဟုတ်လား…"

ဟယ်ရီကပါ သူ့ကို ကြည့်လိုက်သဖြင့် ရွန်တစ်ယောက် ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ …

"ငါ.. ငါလည်း မပြောတတ်ဘူး.. တော်တော်များများကတော့ ဟုတ်နေသလိုပဲ… ဒါပေမယ့် ကိစ္စတစ်ခုလုံးကို ခြုံငုံကြည့်လိုက်ရင် ငါတို့ ဝိဉာဉ်ကိုယ်ပွားတွေကို အရင်ဆုံး

ဖျက်ဆီးပစ်သင့်တယ်.. ဒါ ဒမ်ဘယ်လ်ဒိုး ပြောခဲ့တာပဲ.. ဒီတော့ ငါတို့ မှော်ဝင်ရတနာတွေအကြောင်း မေ့ထားရအောင်…"

ဟာမီယွန်က…

"ကျေးဇူးပဲ ရွန်… ကဲ.. ငါ အရင်ဆုံး ကင်းစောင့်ပေးမယ်…"

ထို့နောက်တွင် ရွက်ဖျင်တဲဝသို့ ထွက်သွားကာ ကင်းစောင့်နေတော့သည်။

သို့ရာတွင် ထိုညအဖို့ ဟယ်ရီတစ်ယောက် အိပ်မပျော်တော့ပေ…။ မှော်ဝင်ရတနာများအကြောင်းက သူ့အတွေးကို စိုးမိုးထား၏…။ သူသာ ထိုရတနာအားလုံးကို ပိုင်ဆိုင်နိုင်ခဲ့လျှင်…

'အချိန်နီးရင် ပွင့်လိမ့်မည်'ဟူသော စကားကို သူ စဉ်းစားမရနိုင်ပေ…။ ဘာကြောင့် အခုအချိန်မှာ သူ ကျောက်တုံးကို ပိုင်ဆိုင်ခွင့်မရသလဲ…။ သူ့တွင်သာ ကျောက်တုံးရှိမည်ဆိုလျှင်

ဒမ်ဘယ်လ်ဒိုးကို သိလိုသမျှ မေးမြန်းနိုင်ပေလိမ့်မည်။

ဟယ်ရီ အမှောင်ထဲတွင် စကားလုံးမျိုးစုံရွတ်ကာ ရွှေဘောလုံးကို ဖွင့်ရန် ကြိုးစားကြည့်၏..။ နောက်ဆုံးတွင် မြွေဘာသာစကားနှင့်ပင် စမ်းသပ်ကြည့်၏…။ သို့ရာတွင် ရွှေဘောလုံးမှာ

ပွင့်မလာပေ…။

သေမင်းမှော်တောင်ဝှေး မည်သည့်နေရာ ရောက်နေသလဲဟု ဟယ်ရီ စဉ်းစားကြည့်မိသည်…။ ဗိုဒီမော့ မည်သည့်နေရာတွင် ရှာဖွေနေသလဲ…။

သူ့အမာရွတ် နာကျင်လာပြီး ဗိုဒီမော့၏ အတွေးများကို မြင်ရစေရန် သူ ဆုတောင်းမိသည်…။ ဟာမီယွန်ကတော့ ထိုဆုတောင်းကို ကန့်ကွက်မည်မှာ သေချာ၏…။ သူမမှာ သူပြောသမျှကို

မယုံကြည်ခဲ့ချေ…။

အမြင်မကျယ်ဟု ပြောခဲ့သော ဇီနိုဖီးလီ းယပ်စ် မှန်သည်ဟု ဟယ်ရီ ထင်မိ၏..။ တကယ်တော့ ယုံကြည်ရန် ကြောက်ရွံ့နေခြင်း ဖြစ်လိမ့်မည်..။ သေရွာပြန်မှော်ကျောက်တုံးကို သူမ

အတော် ကြောက်ရွံ့နေပုံရသည်…။

နံနက် အရုဏ်တက်ခါနီးအချိန်ဝယ် သူ လူနာ့ကို ရုတ်တရက် သတိရမိ၏..။ အက်ဇကာဘန် အကျဉ်းထောင်ထဲဝယ် သူမတစ်ယောက်တည်း ရှိနေပေလိမ့်မည်။ ဟယ်ရီ သူ့ကိုယ်သူပင်

ပြန်ရှက်မိ၏..။ သူ့ခေါင်းထဲဝယ် မှော်ဝင်ရတနာများ ကြီးစိုးနေ၍ လူနာ့ကို မေ့လျော့နေမိသည်…။

သူမကို ကယ်တင်ရန် သူစဉ်းစားမိ၏..။ သို့သော် ထိုမျှ များပြားလှသော ဝိညာဉ်နှုတ်သတ္တဝါများကို ရှင်းရန်မှာ လွယ်ကူမည် မဟုတ်ပေ…။ သူ၏ အနက်ရောက်တောင်ဝှေးဖြင့်

အစောင့်အရှောက်ကို တစ်ခါမှ မဖန်ဆင်းဖူးပေ..။ မနက်လင်းလျှင် စမ်းသပ်ကြည့်ရန် သူစဉ်းစားလိုက်၏..။

သူ့တွင်သာ ပို၍ကောင်းသော မှော်တောင်ဝှေးရှိခဲ့လျှင်…

ထိုအတွေး ခေါင်းထဲဝင်လာသည်နှင့် သေမင်းမှော်တောင်ဝှေးကို ပိုင်ဆိုင်ချင်စိတ်တို့က ပို၍ ပို၍ တိုးပွားလာပြန်၏…။

နောက်တစ်နေ့ နံနက်တွင် မိုးများ ရွာနေသောကြားမှပင် ရွက်ဖျင်တဲကို သိမ်းဆည်းကာ ကမ်းခြေတစ်ခုအနီးသို့ သူတို့ နေရာရွှေ့ခဲ့ကြသည်။ ထိုနေရာဝယ် တစ်ပတ်နီးပါး

စခန်းချနေချိန်တွင် ဟယ်ရီတစ်ယောက် မှော်ဝင်ရတနာများ အကြောင်းကိုသာ တွေးနေမိသည်..။ မှော်ဝင်ရတနာများအပေါ် ယုံကြည်မှု ခိုင်မာလာခြင်းနှင့်အတူ ပိုင်ဆိုင်ချင်စိတ်ပါ

ပြင်းထန်လာ၍ ကျန်နှစ်ယောက်နှင့် သူ တဖြည်းဖြည်း ဝေးကွာလာသလိုပင်…။

ရွှန်နှင့် ဟာမီယွန်ကို သူအပြစ်တင်ချင်လာ၏..။ ဝိညာဉ်ကိုယ်ပွားများ အပေါ်တွင်
သူတို့နှစ်ယောက်စလုံး အရမ်း သောကဝင်နေကြသည်။ စိုးရိမ်စိတ် အရမ်း များနေကြသည်...။

"ငါတို့က အရမ်း စိတ်ပူနေတယ်... ဟုတ်လား..."

ဟာမီယွန်က မကျေမနပ်နှင့် ပြော၏.. တစ်နေ့ ညနေတွင် ဟယ်ရီ အမှတ်မထင် ပြောလိုက်မိ၍
ဖြစ်သည်...။ ဟာမီယွန်က ဝိညာဉ်ကိုယ်ပွားများကို ဟယ်ရီ ဂရုမစိုက်ဟု ပြောသဖြင့် သူ

လွှတ်ကနဲ ပြောလိုက်မိ၏..။

"ငါတို့က စိတ်ပူနေတာ မဟုတ်ဘူး ဟယ်ရီ.. ငါတို့ ဒမ်ဘယ်လ်ဒိုး ခိုင်းခဲ့တာကို လိုက်လုပ်နေတာ..."

သို့ရာတွင် ထိုစကားကို ဟယ်ရီ လက်မခံနိုင်ပေ။ ဒမ်ဘယ်လ်ဒိုးမှာ ဟာမီယွန် ရှာဖွေတွေ့ရှိစေရန်
မှော်ဝင်ရတနာ အမှတ်အသားကို ထားရစ်ခဲ့သည်...။ သူ့အတွက်မူ

သေရွှာပြန်မှော်ကျောက်တုံးကို ရွှေဘောလုံးထဲဝယ် ထည့်ပေးထားမှန်း ဟယ်ရီ ယုံကြည်၏..။
နှစ်ယောက်တွင် တစ်ယောက်သာ အသက်ရှင်နိုင်မည်... သူသာ သေမင်းကို အနိုင်ယူနိုင်စွမ်း

ရှိခဲ့လျှင်... သူတို့ ဘာအတွက် နားမလည်နိုင်သလဲဟု ဟယ်ရီ တွေးနေမိသည်...။

ငွေရောင်သမင်မအကြောင်း ကျန်နှစ်ယောက် မကြာခဏ ဆွေးနွေးကြသော်လည်း သူစိတ်မဝင်စားပေ..။
သူ ယခု စိတ်ဝင်စားသော အရာမှာ သူ့အမာရွတ် ပြန်၍ နာကျင်လာခြင်းပင်..။

ထိုသို့ဖြစ်တိုင်း သူ ငြိမ်ငြိမ်သက်သက် နေကာ မြင်နိုင်ရန် ကြိုးစားကြည့်၏...။

သို့ရာတွင် သူမြင်ရသော အမြင်များမှာ ယခင်လို ကြည်ကြည်လင်လင် မဟုတ်တော့သဖြင့် သူ
စိတ်ပျက်မိသည်။ သူမြင်နိုင်ရန် ကြိုးစားကြည့်၍ မရပဲ ရှိ၏..။ သူမြင်ရသော ခပ်ဝါးဝါး

မြင်ကွင်းထဲမှ အရိုးခေါင်းသဏ္ဍာန်တစ်ခုနှင့် တောင်တစ်လုံးနှင့် ခပ်ဆင်ဆင်တူသော သဏ္ဍာန်တို့ကိုသာ
သူ မသဲမကွဲ မြင်ရ၏..။

ထိုအပြောင်းအလဲကို သူမကျေနပ်ပေ..။ သူနှင့် ဗိုဒီမော့တို့ကြားမှ အဆက်အသွယ်
ပြတ်တောက်သွားပြီလားဟု ဟယ်ရီ သံသယဝင်မိသည်...။ ထိုအဆက်အသွယ်ကို ကြောက်ရွံ့ခဲ့ပေမယ့်

ဟာမီယွန် ဘယ်လိုပဲ ပြောပြော သူ တန်ဖိုးထားခဲ့သည်...။

သူ၏ အနက်ရောင် မှော်တောင်ဝေှးအသစ်ကြောင့်သာ မြင်ကွင်းများကို ယခင်လို ကြည်ကြည်လင်လင် မမြင်ရခြင်း ဖြစ်မည်ဟု ဟယ်ရီ ယူဆလိုက်သည်...။

နောက်ထပ် တစ်ပတ်ခန့် ကြာသောအချိန်တွင် ရွှန်က သူတို့ကို ဦးဆောင်နိုင်ရန် ကြိုးစားလာ၏..။ ဟယ်ရီတစ်ယောက် ဘာကိုမှ စိတ်မဝင်စားပဲရှိနေ၍ သူက ဝင်ကာ

ကျန်နှစ်ယောက်စလုံးကို စိတ်ဓာတ်မြှင့်တင်ရန် ကြိုးပမ်းပုံ ရသည်...။

"ဝိဉာဉ်ကိုယ်ပွား သုံးခု ကျန်နေသေးတယ်.. ငါတို့ ဘာဆက်လုပ်မလဲ အစီအစဉ် ဆွဲကြရအောင်.. ငါတို့ မရှာရသေးတဲ့နေရာ ကျန်သေးလား.. ပြန်ပြီး စဉ်းစားကြည့်ရအောင်..."

ဒိုင်ယာဂွန်အယ်လေ... ဟော့ဝဂ်.. ရစ်ဒယ်လ် မိသားစုအိမ်ကြီး.. ဘော်ဂင်နှင့်ဘာကတ်စ်ဆိုင်.. အဲလ်ဘေးနီးယား...။ ထိုနေရာများတွင် တွမ်ရစ်ဒယ်လ် အလုပ်လုပ်ခဲ့... နေထိုင်ခဲ့ဖူးသည်..။

ရွှန်နှင့် ဟာမီယွန်တို့မှာ ထိုနေရာများကို ထပ်၍ စဉ်းစားကြပြန်သည်...။

ဟာမီယွန် ပွစိပွစိ လုပ်မည်စိုး၍သာ ဟယ်ရီ ဝင်ပါရသော်လည်း သိပ်စိတ်မဝင်စားပေ..။ သူ့အလိုသာဆိုလျှင် တစ်ယောက်တည်းနေကာ ဗိုဒီမော့၏ အတွေးကို ဖတ်နိုင်ရန်

ကြိုးစားချင်ပေသည်..။ သို့မှသာ သေမင်းမှော်တောင်ဝေှး အကြောင်းကို ပို၍ သိခွင့်ရပေမည်..။ ရွှန်ကမူ သူတို့ကို ဖြစ်နိုင်သော နေရာများသာမက ထူးထူးခြားခြား နေရာများကိုပါ

အကြံပြုလာ၏..။

"ငါတို့ သေချာသိနိုင်တာမှ မဟုတ်တာ.. ဖလက်ဂျ်လေကလည်း စုန်းကဝေရွာလေးတစ်ခုပဲ.. သူ အဲဒီမှာ နေချင်စိတ်ရှိချင် ရှိခဲ့မှာပေါ့.. သွားကြည့်ရအောင်လား..."

တစ်ခါတစ်ရံ ဖမ်းဆီးရေးအဖွဲ့များ အကြောင်းကို ဆွေးနွေးဖြစ်ကြသည်..။

"အဲဒီအဖွဲ့ထဲက တချို့ဆိုရင် ဒက်အိတာတွေလိုပဲ.. အရမ်းဆိုးတယ်လို့ ဘီလ်က ပြောတယ်.. အဲဒီအဖွဲ့တွေ အရမ်းအန္တရာယ်များတယ်ဆိုတာ ပေါ်တာသတင်းမှာ လွှင့်နေကျပဲ..."

ဟယ်ရီက...

"ဟင်.. ဘာသတင်းလဲ..."

"ပေါ်တာသတင်းလေ... ငါ မင်းကို ပြောခဲ့သားပဲ.. ငါ ရေဒီယိုကနေ ဖမ်းဖို့ ကြိုးစားနေတဲ့ သတင်းပေါ့... အခုအချိန်မှာ သတင်းအမှန် ကြားရနိုင်တဲ့ တစ်ခုတည်းသော သတင်းလိုင်းပဲ..

ရှိသမျှ အစီအစဉ်အားလုံး မိစ္ဆာကောင်ကြီး အကြိုက် လိုက်နေကြပြီ.. ပေါ်တာသတင်းက လွဲလို့ပေါ့.. ငါလည်း နားထောင်ချင်တာပဲ.. ဒါပေမယ့် အသံဖမ်းရတာ ခက်တယ်..."

ရွှန်မှာ ညနေတိုင်း သူ၏ မော်တောင်ဝှေးကို ပုံစံအမျိုးမျိုး ပြောင်းကာ ခေါက်ရင်း အသံဖမ်းရန် ကြိုးစားနေ၏..။ စကားဝှက်အမှန်ရစေရန် တီးတိုးရေရွတ်နေ၏..။ သူက...

"ပုံမှန်ဆိုရင် ဖီးနစ်အဖွဲ့နဲ့ ပတ်သက်တာ တစ်ခုခုပဲ.. ဘီလ်ဆိုရင်တော့ ခပ်လွယ်လွယ်ပဲ ခန့်မှန်းနိုင်လိမ့်မယ်.. ငါလည်းပဲ .. အင်း... ရလိမ့်မယ် ထင်တယ်..."

သို့ရာတွင် အချိန်အတန်ကြာသည်အထိ ရွှန် ကံမကောင်းချေ..။ တစ်နေ့၌ ဟယ်ရီ ရွက်ဖျင်တဲဝဝယ် အစောင့်တာဝန်ယူထားခိုက် အထဲမှ ရွှန်၏ စိတ်လှုပ်ရှားစွာ အော်ဟစ်သံကို

ကြားလိုက်ရသည်..။

"ရပြီကွ.. ရပြီ.. စကားဝှက်က 'အဲဗက်စ်'တဲ့ ... ဟယ်ရီ... အထဲကိုဝင်ခဲ့..."

မော်ဝင်ရတနာများကို စိတ်ဝင်စားနေခြင်းမှ တခြားအကြောင်းအရာတစ်ခုကို ပထမဆုံးအကြိမ် ဟယ်ရီ စိတ်ဝင်စားမိခြင်းပင်..။

သူ တဲထဲသို့ ပြန်ဝင်လာခဲ့ရာ ရွှန်နှင့် ဟာမီယွန်တို့ကို ရေဒီယိုလေးရှေ့တွင် ထိုင်နေကြသည်ကို တွေ့ရ၏...။ ဟာမီယွန်မှာ ပါးစပ်အဟောင်းသားနှင့် အံ့ဩနေဟန်ရှိ၏..။ ရေဒီယိုထဲမှ

အလွန်ရင်းနှီးသော စကားပြောသံကို ကြားလိုက်ရသည်..။

"အသံလွှင့်မှု ခေတ္တရပ်ဆိုင်းခဲ့ရတဲ့အတွက် တောင်းပန်ပါတယ်.. ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဒက်အိတာတွေ အရမ်းများလာလို့ပါ.."

ဟာမီယွန်က..

"ဒါ... ဒါ လီဂျော်ဒန်ပဲ..."

ရွှန်က..

"ဟုတ်တယ်လေ.. မမိုက်ဘူးလား..."

"အခုဆိုရင် လုံခြုံတဲ့နေရာသစ် တွေ့ထားပါပြီ.. ပြီးတော့ ပုံမှန်ဆွေးနွေးနေကျဖြစ်တဲ့ သူနှစ်ယောက်လည်း ရောက်နေပါပြီ.. လာကြဟေ့..."

"ဟယ်လို ရေဗာ..."

ရွှန်က...

"ရေဗာဆိုတာ လီပဲ.. သူတို့အားလုံး နာမည်တွေ ပြောင်းထားကြတယ်.. ဒါပေမယ့် ပုံမှန်ကတော့..."

"ရှူး.."

ဟာမီယွန်က ရွှန့်ကို စကားမပြောရန် တားမြစ်လိုက်၏..။

"ဒါပေမယ့် ရှိုင်ရယ်လ်နဲ့ ရိုမြူလပ်စ်ဆီက သတင်းတွေ နားမထောင်ခင် စုန်းကဝေအသံလွှင့်ဌာနနဲ့ နေ့စဉ်သတင်းစာက အရေးမကြီးဘူးလို့ သဘောထားပြီး မဖော်ပြတဲ့ သတင်းတစ်ခု

ပြောချင်ပါတယ်.. တကယ် စိတ်မကောင်းစရာ သတင်းပါပဲ.. တက်ဒ်တွန့်ခ်နဲ့ ဒက်ခ်ခရက်စ်ဝဲလ်တို့ အသတ်ခံခဲ့ရပါတယ်..."

ဟယ်ရီ အလွန် စိတ်မကောင်းဖြစ်သွားမိသည်..။ သုံးယောက်စလုံး တစ်ယောက်ကို တစ်ယောက် အထိတ်တလန့် ကြည့်မိလိုက်ကြသည်။

"ဂေါ်နပ်လို့ ခေါ်တဲ့ ဂေါ်ဘလင်တစ်ကောင်ပါ အသတ်ခံခဲ့ရပါတယ်...မက်ဂယ်မွေးဖြစ်တဲ့ ဒင်းန်သောမတ်စ်နဲ့ ကျန်တဲ့ ဂေါ်ဘလင်တစ်ကောင်ဟာ လွတ်မြောက်သွားတယ်လို့

ယူဆရပါတယ်.. သူတို့ အတူတူ ခရီးထွက်ခဲ့တယ်လို့ ယူဆရပါတယ်.. တကယ်လို့ ဒင်းန်သာ နားထောင်နေမယ်ဆိုရင်.. ဒါမှမဟုတ် သူ့အကြောင်းကိုသိတဲ့သူ တစ်ယောက်ယောက်

ရှိမယ်ဆိုရင် သတင်းပို့ပေးကြပါ.. သူ့မိသားစုက သူ့အခြေအနေကို အရမ်းသိချင်နေပါတယ်..."

"နောက်ထပ် သတင်းတစ်ခုကတော့ မက်ဂယ်မိသားစုတစ်စုမှ မိသားစုဝင်ငါးယောက်စလုံးဟာ အိမ်ထဲမှာပဲ သေဆုံးနေပါတယ်.. မက်ဂယ် တာဝန်ရှိသူတွေကတော့

ခတ်ငွေ့ယိုစိမ့်မှုကြောင့်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်.. ဒါပေမယ့် ဖီးနစ်အဖွဲ့ဝင်တွေကတော့ ဒါဟာ သေမင်းတမန်ကျိန်စာရဲ့ လက်ချက်ပဲလို့ သတင်းပို့ခဲ့ပါတယ်”

“နောက်ဆုံးအနေနဲ့ သတင်းရတာကတော့ ဘက်သီဒါဘက်ရှော့ရဲ့ ရုပ်အလောင်းကို ဂိုဒရစ်ဟောလို ‡မှာ ရှာတွေ့ခဲ့ပါတယ်.. သဲလွန်စတွေ အရတော့ သူမသေဆုံးခဲ့တာ လနဲ့ချီနေပါပြီ..

ဖီးနစ်အဖွဲ့ဝင်တွေရဲ့ သတင်းအရတော့ သူမ ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေဟာ မိစ္ဆာမှော်ပညာရဲ့ အမှတ်အသားတွေပါတဲ့...”

“နားထောင်နေကြသူတွေနဲ့ ကျွန်တော်တို့အားလုံး သေဆုံးသူတွေကိုယ်စား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ခေတ္တ ငြိမ်ငြိမ်သက်သက် နေပေးကြပါစို့...”

အသံများ တိတ်ဆိတ်သွား၏..။ ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့ စကားမပြောဖြစ်ကြ..။ ဟယ်ရီ သတင်းကို ဆက်၍ ကြားချင်နေသလို ဆက်ကြားရမည့် သတင်းများကိုလည်း

ကြောက်ရွံ့နေမိသည်..။

“ကျေးဇူးတင်ပါတယ်.. အခု ဆက်ပြီး သတင်းတွေကို ဆွေးနွေးပါ့မယ်... ရှိုင်ရယ်က အသစ်ပြင်ဆင်သတ်မှတ်လိုက်တဲ့ အမိန့်တွေအကြောင်းကို ဆွေးနွေးပါလိမ့်မယ်...”

“ကျေးဇူးပဲ ရေဗာ...”

“ကင်းစလေပဲ...”

ရွန်က အော်ဟစ်လိုက်၏...။ ဟာမီယွန်က...

“ငါတို့ သိပါတယ် ငြိမ်ငြိမ်နေ...”

“မက်ဂယ်တွေထဲမှာ ထိခိုက်ဒဏ်ရာရသူတွေ အများအပြား ရှိပေမယ့် ငြိမ်သက်နေကြပါတယ်.. ဒါပေမယ့် တကယ့်ကို ချီးကျူးစရာကောင်းတဲ့ အဖြစ်အပျက်တွေကို ကြားသိနေရပါတယ်..

စုန်းကဝေအချို့ဟာ သူတို့ရဲ့ လုံခြုံရေးကိုတောင် ဂရုမစိုက်ပဲ အိမ်နီးနားချင်းတွေကို ကာကွယ်ပေးနေပါတယ်.... ဒီကိစ္စကို မက်ဂယ်တွေ သိတောင် မသိပါဘူး.. သတင်းနားထောင်နေတဲ့

လူတွေကို ဒီအပြုအမူတွေကို နမူနာယူဖို့ ပြောချင်ပါတယ်.. လမ်းထဲမှာ ရှိသမျှ မက်ဂယ်အိမ်တွေကို အကာအကွယ်တွေ လုပ်ပေးထားသင့်ပါတယ်.. ဒီလိုသာ အားလုံး လုပ်ပေးကြမယ်ဆိုရင်

အသက်ချမ်းသာရာ ရသွားမယ့်လူတွေ ပိုများလာပါလိမ့်မယ်…”

“စုန်းကဝေတွေရဲ့ လုံခြုံရေးသာ အရေးအကြီးဆုံးလို့ လက်ခံထားတဲ့ သူတွေကိုရော ဘယ်လိုပြောမလဲ ရှိုင်ရယ်လ်…”

“ဒါ ဒက်အိတာတွေရဲ့ လုပ်ထုံးလုပ်နည်းပဲ… အားလုံး လူသားတွေချည်းပါပဲ.. မဟုတ်ဘူးလား.. လူသားမှန်သမျှရဲ့ အသက်ဟာ အတူတူပါပဲ… ကယ်ဆယ်သင့်ပါတယ်…”

လီက…

“တကယ်အဖိုးတန်တဲ့ စကားပဲ ရှိုင်ရယ်လ်.. ဒီအရှုပ်အထွေးတွေပြီးသွားရင် ခင်ဗျားကို ဝန်ကြီးခန့်ဖို့ ကျုပ် မဲပေးပါမယ့်… ကဲ အခုတော့ ရှိမြူလပ်စ်နဲ့ ဟယ်ရီပေါ်တာအကြောင်း

ဆွေးနွေးရအောင်…”

“ကျေးဇူးပဲ ရေဗာ…”

နောက်ထပ် ရင်းနှီးသော အသံတစ်သံကို ကြားလိုက်ရသည်။

ရွန်က တစ်ခုခု ပြောရန် ပြင်လိုက်သော်လည်း ဟာမီယွန်က လေသံတိုးတိုးဖြင့် ကြိုပြောထားလိုက်သည်…။

“ဒါ လူပင်မှန်း ငါတို့သိတယ်…”

“ရှိမြူလပ်စ် … ခင်ဗျား ဒီကိုလာတိုင်း ဟယ်ရီပေါ်တာ အသက်ရှင်နေတုန်းပဲလို့ ပြောလေ့ရှိတယ်နော်…”

လူပင်က အသေအချာပင်…

“ဟုတ်ပါတယ်.. သေချာတာကတော့ သူသာသေပြီဆိုရင် ဒက်အိတာတွေက ဒီသတင်းကို လိုက်ဖြန့်တော့မှာပဲ.. ဘာလို့လဲဆိုတော့ ဒီသတင်းက ခုခံနေတဲ့ အဖွဲ့တွေရဲ့ စိတ်ဓာတ်ကို လုံးဝ

ကျစေနိုင်လို့ပဲ.. မသေပဲ ကျန်ခဲ့တဲ့ ကောင်လေးဟာ ခုခံတိုက်ခိုက်နေတဲ့ လူတွေအားလုံးအတွက် အမှတ်အသားပဲ.. သူ အသက်ရှင်နေတာဟာ ကျွန်တော်တို့ မရှုံးသေးဘူးဆိုတာ

ပြနေတာပဲ...”

ကျေးဇူးတင်ခြင်းနှင့် ရှက်ရွံ့ခြင်းကို ဟယ်ရီ တစ်ပြိုင်တည်း ခံစားလိုက်ရသည်...။ သူ ဆိုးဆိုးဝါးဝါး ပြောခဲ့တာတောင်မှ လူပင်က သူ့ကို ခွင့်လွှတ်သေးသလား...။

“ဟယ်ရီသာ တကယ်လို့ နားထောင်နေမယ်ဆိုရင် သူ့ကို ဘာပြောချင်သလဲ ရီမြူလပ်စ်...”

လူပင်က...

“သူနဲ့ ကျွန်တော်တို့အားလုံး စိတ်ထဲမှာ အတူတူရှိနေကြတယ်လို့ ပြောချင်ပါတယ်.. ပြီးတော့ သူ့ရဲ့ အကြံဉာဏ်တွေကလည်း အင်း.. အများအားဖြင့် မှန်တတ်ပါတယ်...”

ဟယ်ရီ ဟာမီယွန့်ကို ကြည့်လိုက်၏..။ သူမပါးပြင်၌ မျက်ရည်များ စီးကျနေ၏..။

ရွှန်က...

“ငါမပြောမိဘူးလား.. ဘီလ်ကပြောတယ်.. လူပင်နဲ့ တွန့်ခ်တို့ အတူတူ ပြန်နေနေကြတယ်တဲ့.. ပြီးတော့ တွန့်ခ်က ပိုပိုပြီး ဝလာတယ်ဆိုပဲ...”

“နောက်ပြီး ဟယ်ရီပေါ်တာကို ထောက်ခံတဲ့ သူတွေအတွက်ရော ဘာပြောချင်ပါသလဲ...”

“အင်း ... ပုံမှန်နားထောင်တဲ့သူတွေ အကုန်သိကြမှာပါ.. ဟယ်ရီပေါ်တာကို ထောက်ခံတဲ့သူ တော်တော်များများဟာ ခုချိန်မှာ ထောင်ထဲရောက်ကုန်ကြပါပြီ.. ကွစ်ဘလာစာစောင်ရဲ့

အယ်ဒီတာ ဇီနိုဖီးလီ းယပ်စ် အပါအဝင်ပေါ့...”

ရွှန်က...

“ဘာပဲဖြစ်ဖြစ် အသက်တော့ ရှင်နေသေးတာပဲ...”

“နောက်ဆုံး နာရီပိုင်းလောက်ကရတဲ့ သတင်းအရတော့ ရူးဘီးယပ်စ် ဟက်ဂရစ်ဟာ...”

သူတို့ သုံးယောက်စလုံးထံမှ အထိတ်တလန့်သံများ ထွက်ပေါ်လာသဖြင့် ရေဒီယိုမှ အသံတချို့ကို မကြားလိုက်ရပေ..။

"ဟော့ဝဂ်ရဲ့ ကျောင်းစောင့်ကြီးအဖြစ် အသိများတဲ့ ဟက်ဂရစ်ဟာ အဖမ်းခံရမယ့်ဘေးက သီသီလေး လွတ်သွားခဲ့ပါတယ်.. အကြောင်းရင်းကတော့ သူ့အိမ်ထဲမှာ ဟယ်ရီပေါ်တာ

ထောက်ခံပွဲပါတီ ကျင်းပလို့ ဖြစ်တယ်လို့ သိရပါတယ်.. ဒါပေမယ့် အခုဆိုရင် ဟက်ဂရစ်ကို ဖမ်းမမိလိုက်ပဲ သူဟာ ထွက်ပြေးနေပါပြီ..."

လီက...

"ကြည့်ရတာ ဆယ့်ခြောက်ပေလောက်မြင့်တဲ့ မအေတူဖအေကွဲ ညီအစ်ကိုတစ်ယောက် ရှိရင်တော့ ဒက်အိတာတွေလက်က ထွက်ပြေးရတာ လွယ်ပုံရတယ်..."

လူပင်က သဘောတကျဖြင့် ...

"ဒါလည်း အများကြီးပါတာပေါ့.. ဟက်ဂရစ်ကို ချီးကျူးရင်း ဟယ်ရီပေါ်တာ ထောက်ခံပွဲတွေ နေရာအနှံ့ ကျင်းပကြပါလို့ တိုက်တွန်းချင်ပါတယ်..."

လီက...

"ဟုတ်ပါတယ်.. ဒီအစီအစဉ်ကို နားထောင်ပြီး နဖူးမှာ မိုးကြိုးသွားသဏ္ဍာန် အမာရွတ်ရှိတဲ့သူကိုလည်း ဆက်အားပေးကြပါလို့ ပြောချင်ပါတယ်.. ကဲ နောက်ထပ် အစီအစဉ်တစ်ခုကို

သွားရအောင်.. သူဟာ ဒက်အိတာတွေရဲ့ အကြီးအကဲနဲ့ ပတ်သက်တဲ့ သတင်းတွေ ပြောပြပါလိမ့်မယ်.. သူ့ကို ခုတလော ပျံ့နှံ့နေတဲ့ ကောလဟာလတွေအကြောင်း

မေးကြည့်ကြရအောင်လား ... ကဲ... ရိုးဒန့်ရေ..."

"ရိုးဒန့် ... ဟုတ်လား..."

နောက်ထပ် အလွန်ရင်းနှီးသော စကားသံတစ်ခုကို ကြားလိုက်ရပြန်သည်... ။ သုံးယောက်သား ပြိုင်တူ အော်မိလိုက်ကြသည်...။

"ဖရက်..."

"မဟုတ်ဘူး.. ဒါ.. ဈော့ပဲ..."

"ဒါ ဖရက်လို့ ငါထင်တယ်.."

ရွှန်က စကားသံကို သေချာနားထောင်ရင်း ပြော၏..။

"ဟေ့.. ငါ့ကို ရိုးဒန့်လို့ မခေါ်ပါနဲ့.. ရက်ပီယာပါဆိုမှ..."

"ကဲ.. ဟုတ်ပါပြီ.. ရက်ပီယာ.. ခင်ဗျားကြားရတဲ့ ဒက်အိတာတွေရဲ့ အကြီးအကဲနဲ့ ပတ်သက်တဲ့ သတင်းတွေ ပြောပါဦး..."

ဖရက်က...

"ကောင်းပါပြီဗျာ.. အားလုံးသိကြတဲ့ အတိုင်းပါပဲ.. မိစ္ဆာကောင်ကြီးရဲ့ လုပ်ထုံးလုပ်နည်းတွေက ဘာမှ မထူးခြားပါဘူး.. လူတွေအားလုံး ကြောက်ကုန်အောင် လုပ်တာပါပဲ..

သူ့ကိုတွေ့တယ်ဆိုတဲ့ သတင်းတွေ အဆက်မပြတ် ရနေပါတယ်.. နေရာပေါင်း ဆယ့်ကိုးခုလောက်ကို ရှိပါတယ်..."

ကင်းစလေက...

"ဘယ်နေရာက အဖြစ်နိုင်ဆုံးလဲ.. သတင်းတွေကို ဒီလို လျှောက်ကြားနေရတာက တကယ်တွေ့ရတာထက် ပိုကြောက်ဖို့ ကောင်းတယ်..."

ဖရက်က...

"ဟုတ်တယ်.. ဒီတော့ .. အားလုံး စိတ်ကို အေးအေးထားကြပါ.. အခြေအနေက ဒီလိုလျှောက်မပြောပဲနဲ့တောင်မှ ဆိုးလှပါပြီ.. ဥပမာပြရရင် အခုတလော မိစ္ဆာကောင်ကြီးဟာ မျက်လုံးနဲ့

ကြည့်ရုံနဲ့ လူသတ်နိုင်တယ်လို့ သတင်းထွက်နေပါတယ်.. ဒါဟာ ဘတ်ဆဲလ်လစ်ရဲ့ အလုပ်ပါ... ရိုးရိုးရှင်းရှင်းလေးနဲ့ စမ်းသပ်လို့ ရပါတယ်.. ခင်ဗျားတို့ကို ကြည့်နေတဲ့ သတ္တဝါမှာ

ခြေထောက်ပါပါသလား.. ခြေထောက်ပါရင် သူ့ကိုပြန်ကြည့်ရုံနဲ့ ဘာမှ မဖြစ်နိုင်ပါဘူး.. ဒါပေမယ့် တကယ်လို့ မိစ္ဆာကောင်ကြီးသာ ဖြစ်ခဲ့မယ်ဆိုရင်တော့ ဒီလိုပြန်ကြည့်တဲ့အလုပ်ဟာ

ဘဝမှာ နောက်ဆုံးလုပ်ဖြစ်တဲ့ အလုပ်ပဲ ဖြစ်လိမ့်မယ်..."

ရက်သတ္တပတ်များစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဟယ်ရီ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်..။ သူ့ခေါင်းပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျော့သွားသလို ခံစားရသည်...။

လီက....

"သူ့ကို နေရာအနှံ့မှာ တွေ့နေရတာနဲ့ ပတ်သက်လို့ရော ... ဘယ်လို ပြောချင်သလဲ..."

"သူ ဒီလောက် ကြိုးကြိုးစားစား လုပ်ခဲ့ပြီးမှတော့ လျှောက်သွားပြီး အပန်းဖြေချင်မှာပေါ့.. အရေးကြီးတာက သူ ဒီတိုင်းပြည်ထဲမှာ မရှိတော့ဘူးလို့ ထင်မသွားဖို့ပဲ.. ရှိချင်ရှိမယ်..

မရှိချင်လည်း မရှိဘူး.. ဒါပေမယ့် သူဟာ ခင်ဗျားတို့ ထင်တာထက် အများကြီး လျှင်မြန်တယ်ဆိုတာပဲ.. ဒီတော့ သူ့ကို အဝေးကြီးမှာ ရောက်နေတယ်ဆိုပြီးတော့

အထင်မသေးထားသင့်ဘူး.. မစွန့်စားသင့်ဘူး.. လုံခြုံရေးက အရေးအကြီးဆုံးပဲလေ..."

လီက...

"ဒီလို အကြံကောင်းပေးတဲ့အတွက် ကျေးဇူးပဲ ရက်ပီယာ.. ပေါ်တာသတင်း အဆုံးသတ်ဖို့ အချိန်ရောက်လာပါပြီ.. နောက်တစ်ခါ ဘယ်အချိန်မှာ ထပ်မံထုတ်လွှင့်နိုင်မယ် မသေချာပါဘူး..

ဒါပေမယ့် ကျွန်တော်တို့ ပြန်လာခဲ့မယ်ဆိုတာ သေချာပါတယ်.. နောက်တစ်ခါအတွက် စကားဝှက်က 'မက်ဒ်အိုင်း'ပါ.. ယုံကြည်ချက်ကို မပျောက်ပါစေနဲ့.. ကောင်းသော ညချမ်းပါ..."

ရေဒီယိုမှ အသံတိတ်သွားကာ မီးရောင်ပါ ငြိမ်းသွား၏..။

ဟယ်ရီ... ရွန်နှင့် ဟာမီယွန်တို့မှာ ပြုံးရွှင်နေကြ၏..။ သူတို့နှင့် ခင်မင်သောလူများ၏ အသံများကို ကြားရသည်မှာ တကယ့်အားဆေးပင်..။ သူတို့ချည်း နေခဲ့ရသည်မှာ ကြာလှပြီဖြစ်၍

ကျန်လူများ ဗိုဒီမော့ကို ခုခံတွန်းလှန်နေကြောင်း မေ့လျော့နေမိသည်။ အိပ်ပျော်ရာမှ နိုးထလာသလို သူခံစားနေရသည်..။

ရွန်က ပျော်ရွှင်စွာဖြင့်...

"ဘယ်လိုလဲ .. မိုက်တယ် မဟုတ်လား..."

ဟယ်ရီက…

"အင်း.. တကယ်ကောင်းတဲ့ အစီအစဉ်ပဲ.."

ဟာမီယွန်က..

"သူတို့ အရမ်း သတ္တိရှိတာပဲ.. မိများမိသွားရင်…"

ရွန်က…

"ဒါကြောင့်မို့လို့ နေရာတွေ ရွှေ့နေတာပေါ့.. ငါတို့လိုပဲလေ…"

ဟယ်ရီက…

"ဖရက်ပြောတာ ကြားလား.. သူ လျှောက်သွားနေတယ်.. သူ သေမင်းမှော်တောင်ဝှေးကို
လိုက်ရှာနေတယ်.. ငါထင်တာ မမှားဘူး…"

"ဟယ်ရီ"

"ဟာမီယွန်.. နင်က ဘာဖြစ်လို့က ဒီကိစ္စကို ဝန်မခံချင်ရတာလဲ… ဗို…"

"ဟယ်ရီ… မခေါ်နဲ့…"

"…ဒီမောင့်က သေမင်းမှော်တောင်ဝှေးနောက်ကို လိုက်နေတယ်ဆိုတာကို…"

ရွန်က နေရာမှ ခုန်ထလိုက်၏..။ ထိုအချိန်မှာပင် ရွက်ဖျင်တဲ အပြင်ဘက်ဆီမှ တစ်ခုခု
အက်ကွဲသွားသလို အသံကျယ်ကျယ်ကို ကြားလိုက်ရသည်..။

"ဒီနာမည်ကို မခေါ်ရဘူး.. ဒါ ကျိန်စာတိုက်ထားတယ်.. ငါ မင်းကို ပြောထားရဲ့သားနဲ့ ဟယ်ရီ.. ငါတို့
ပတ်ဝန်းကျင်မှာ အကာအကွယ်တွေ အမြန်ပြန်လုပ်ရမယ်.. ဒီနည်းနဲ့

သူတို့ရှာတွေ့တာပဲ…"

ရွန်၏ စကားသံ ရုတ်တရက် ရပ်သွား၏..။ ဘာကြောင့်ဆိုသည်ကို ဟယ်ရီ သိလိုက်သည်..။
အချက်ပေးမှန်ပြောင်းမှာ အလင်းရောင်များ ထွက်လာပြီး စတင်လည်ပတ်တော့သည်..။

လူသံများ နီးသည်ထက် နီးလာချိန်တွင် ရွှန်က အိတ်ထဲမှ အလင်းထိန်းကိရိယာကို ထုတ်ကာ မီးငြိမ်းပစ်လိုက်သည်..။

ထိုအချိန်မှာပင် အပြင်ဘက်မှ..

"လက်မြှောက်ပြီး အပြင်ထွက်လာခဲ့ကြ.. မင်းတို့ အထဲမှာ ရှိတာ ငါတို့သိတယ်.. မင်းတို့ကို မှော်တောင်ဝှေး ဒါဇင်ဝက်နဲ့ ချိန်ထားတယ်.. ငါတို့ ကျိန်စာတိုက်ဖို့ နှောင့်နှေးနေလိမ့်မယ်

မထင်နဲ့..."

## ၂၃။ မယ်လ်ဖွိုင်းစံအိမ်

ဟယ်ရီ အမှောင်ထဲမှာပင် ကျန်နှစ်ယောက်ကို ကြည့်လိုက်သည်...။ ဟာမီယွန်က သူမ၏ မှော်တောင်ဝှေးကို အပြင်သို့မချိန်ပဲ သူ့မျက်နှာကို ချိန်လိုက်၏..။ သူ နာကျင်စွာ အော်

ဟစ်မိလိုက်ပြီးနောက် ဘာကိုမှ မမြင်ရတော့ပေ..။

သူ့လက်များအောက်ဝယ် သူ့မျက်နှာမှာ ရုတ်ချည်း ရောင်ကိုင်းလာနေ၏..။ သူ့ပတ်ဝန်းကျင်တွင် ခြေသံများကို ကြားနေရသည်။

"ထစမ်း..."

သူ့ကို လက်တစ်စုံက ကြမ်းကြမ်းတမ်းတမ်း ဆွဲထူလိုက်ပြီး သူဘာမှ မလုပ်နိုင်ခင်မှာပင် သူ့အိတ်ထဲမှ အနက်ရောင် မှော်တောင်ဝှေးကို ဆွဲယူသွားသည်..။

ဟယ်ရီ သူ၏ မျက်နှာကို လက်နှင့် ကာထားမိသည်..။ သူ့လက်များအောက်မှ မျက်နှာကို သူကိုယ်တိုင်ပင် မမှတ်မိတော့ပေ..။ ရောင်ကိုင်းနေကာ အဆမတန် ကြီးမားလာသလိုပင်..။

သူ့မျက်လုံးများပါ ရောင်ကိုင်းလာသဖြင့် ဖွင့်ကြည့်ရန်ပင် အနိုင်နိုင် ဖြစ်နေ၏..။ သူ ရွက်ဖျင်တဲထဲမှ အထွက်ဝယ် မျက်မှန် ပြုတ်ကျခဲ့သဖြင့် အရာရာကို ဝါးတားတားသာ မြင်နေရ၏..။

ရွှန်နှင့် ဟာမီယွန်တို့ကို အပြင်တွင် ရုန်းရင်းဆန်ခတ်နှင့် တွေ့ရ၏..။

"သူ့ကို မထိနဲ့..."

ရွှန်၏ အော်ဟစ်သံကို ကြားလိုက်ရသည်..။ ထို့နောက် ထိုးကြိတ်သံများကို ကြားလိုက်ရပြီး ရွှန်၏ ညည်းညူသံကို ကြားရပြန်၏..။ ဟာမီယွန်က အော်ဟစ်လိုက်၏။

"မလုပ်နဲ့ .. သူ့ကိုမထိကြနဲ့.."

ရင်းနှီးနေသော အသံတစ်သံက..

"မင်းကောင်သာ ငါတို့စာရင်းထဲမှာပါရင် ဒီ့ထက်ပိုဆိုးမယ်.."

ဟယ်ရီ ထိုအသံကို သေချာသိ၏..။ သမန်းဝံပုလွေ ဂရေးဘက်ခ်ပင် ဖြစ်လိမ့်မည်..။ နောက်ထပ် အသံတစ်သံက..

"တဲထဲကို ရှာစမ်း.."

သူ့ကို မြေကြီးပေါ်သို့ တွန်းချလိုက်ကြ၏..။ သူ့ဘေးမှ လဲပြိုသံအရ ရွှန်လည်း သူ့ဘေးတွင် လဲကျနေကြောင်း သိလိုက်သည်..။ ရွက်ဖျင်တဲအတွင်းမှ ခြေသံများနှင့် ပစ္စည်းများ

လဲပြိုကျသံများကို ကြားနေရသည်..။ ဂရေးဘက်ခ်က...

"ကဲ .. ဘယ်သူတွေလဲဆိုတာ ကြည့်ရအောင်..."

ဟယ်ရီ့ကို ဆွဲလှည့်လိုက်ကာ ဂရေးဘက်ခ်က မော်တောင်ဖေ့း အလင်းရောင်ဖြင့် ကြည့်ကာ ရယ်လိုက်၏..။

"မင်းမျက်နှာကို ဘတ်တာဘီယာနဲ့ ဆေးပစ်ရမယ့်ပုံပဲ.. မင်းမျက်နှာက ဘာဖြစ်တာလဲကွ.. ဟေ.."

ဟယ်ရီ ချက်ချင်း ပြန်မဖြေချေ..။

"ငါပြောနေတယ်လေ.. ဘာဖြစ်တာလဲ.."

"ပျား.. ပျားတုပ်တာ..."

ကျန်တစ်ယောက်က ...

"ဖြစ်နိုင်တယ်.. အဲဒီ့လို ပုံမျိုးပဲ.."

ဂရေးဘက်ခ်က...

“မင်းနာမည် ပြောစမ်း...”

“ဒတ်.. ဒတ်ဒလေ..”

“အပြည့်အစုံပြော..”

“ဗာန္ဒန်... ဗာန္ဒန် ဒတ်ဒလေ...”

ဂရေးဘက်ခ်က...

“စာရင်းကို စစ်ကြည့်စမ်း စကာဘီယာ..”

ထို့နောက် သူက ရွှန့်ဘက်သို့လှည့်သွားပြီးနောက်..

“မင်းကရော.. ဘယ်သူတုန်း...”

ရွှန်က...

“စတန်ရှန်ပိုက်...”

စကာဘီယာဆိုသူက...

“မည္သချင်စမ်းပါနဲ့.. ငါတို့ စတန်ရှန်ပိုက်ကို သိပါတယ်..”

နောက်ထပ် ထိုးကြိတ်သံတစ်သံကို ကြားလိုက်ရသည်..။ ရွှန်က..

“ကျွန်... ကျွန်တော် ဘာဒီဝီဒလေပါ..”

ဂရေးဘက်ခ်က အံ့သြသွားဟန်ဖြင့်...

“ဝီစလေလား.. ဒါဆိုရင် မင်းက သစ္စာဖောက်တွေနဲ့ ပတ်သက်နေတာပေါ့.. ကဲ ဒီကောင်မချောလေးကရော...”

သူ့အသံက ဟယ်ရီ့ကို ကြက်သီးထစေ၏..။ စကာဘီယာက သတိပေးဟန်ဖြင့်...

"ဟေး .. လျှောက်မလုပ်နဲ့နော်..."

"ငါ သူ့ကို မကိုက်သေးပါဘူး.. သူသာ သူ့နာမည်ကို မြန်မြန်လေး မှတ်မိမယ်ဆိုရင်ပေါ့.. မင်း ဘယ်သူတုန်း ကလေးမ.."

"ပန်နီလုပ် ကလီ းယားဝါးတား..."

ဟာမီယွန်၏အသံမှာ ကြောက်ရွံ့နေသော်လည်း ယုံကြည်မှု ရှိပုံရသည်..။

"မင်းရဲ့ မျိုးရိုးကရော..."

"စုန်းသွေး တစ်ဝက်ပါတယ်..."

စကာဘီယာက..

"ထင်တော့ ထင်သားပဲ.. ဒီအရွယ်လေးတွေက ဟော့ဝဂ်တက်နေရမယ့် အရွယ်တွေနော်..."

ရွန်က...

"ကျုပ်တို့က ကျောင်းပြီးပြီးသား..."

"ဒီလိုလား.. ဒါနဲ့ပဲ တောထဲမှာ ရွက်ဖျင်တဲထိုးနေသလား.. ပြီးတော့ မိစ္ဆာသခင်ကြီးရဲ့ နာမည်ကို သုံးတယ်.. ဘာအတွက်လဲ... ဟာသလုပ်ချင်လို့လား..."

ရွန်က...

"မ... မဟုတ်ဘူး.. မတော်တဆ ပြောမိသွားတာ.."

"မတော်တဆ.. ဟုတ်လား.."

လှောင်ရယ်သံများ ထွက်ပေါ်လာပြီးနောက်...

"ဘယ်လိုလူတွေက မိစ္ဆာသခင်ကြီးရဲ့ နာမည်ကို သုံးလေ့ရှိသလဲ... ဝီစလေ.. ဟင်... ဖီးနစ်အဖွဲ့ဝင်တွေပဲ မဟုတ်လား.... မင်းနားလည်သလား..."

"ဟင့်အင်း..."

"သူတို့ မိစ္ဆာသခင်ကြီးကို နည်းနည်းလေးမှ ရိုသေမှု မရှိကြဘူး.. ဒီတော့ ဒီနာမည်ကို ကျိန်စာတိုက်ထားလိုက်တယ်.. ဒီနည်းနဲ့ ဖီးနစ်အဖွဲ့ဝင် တချို့ကို ခြေရာခံနိုင်လိုက်တယ်.. သူတို့ကို

ပေါင်းထားလိုက်..."

တစ်ယောက်ယောက်က ဟယ်ရီ့ကို ဆံပင်မှဆွဲကာ မလိုက်ပြီး ခပ်လှမ်းလှမ်းသို့ ဆွဲသွားကာ ထိုင်ခိုင်းလိုက်သည်..။ ထို့နောက် အခြားသူများနှင့် ကျောချင်းကပ်

ချည်နှောင်ထားလိုက်သည်..။ တစ်ခုဆိုးသည်မှာ ဟယ်ရီ ဘာကိုမှ သေချာမမြင်ရပဲ ဖြစ်နေခြင်းပင်..။

သူနှင့် အတူတူ ပူးချည်ထားသူ စ၍ လမ်းလျှောက်သည်နှင့် ဟယ်ရီ လေသံမျှဖြင့် အခြားသူများကို မေးလိုက်သည်...။

"ဘယ်သူ့ဆီမှာ မှော်တောင်ဝှေး ရှိသေးလဲ..."

"မရှိဘူး..."

သူ၏တစ်ဘက်မှ ရွန်နှင့် ဟာမီယွန်တို့၏ ပြန်ဖြေသံကို ကြားလိုက်ရ၏။

"ဒါ.. ဒါ ငါ့အမှားပဲ.. ငါ နာမည်ခေါ်လိုက်မိတယ်..."

"ဟယ်ရီလား..."

ထိုအသံမှာလည်း ရင်းနှီးသော အသံပင်..။ အသံမှာ ဟယ်ရီ့နောက်တည့်တည့်မှ ထွက်လာခြင်း ဖြစ်သည်..။

"ဒင်းန်လား..."

"မင်း.. မင်းပါလား.. မင်းမှန်းသာ သူတို့သိသွားရင်တော့ ဒုက္ခပဲ.. ဒါ ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့တွေပဲ.. သူတို့က ပိုက်ဆံရဖို့ လူလိုက်ဖမ်းပေးနေတာ..."

ဂရေးဘက်ခ်က သူတို့အနီးလျှောက်လာရင်း...

"ဒီညမဆိုးဘူး.. မျိုးမစစ်တဲ့ကောင်ရယ်.. ထွက်ပြေးနေတဲ့ ဂေါ်ဘလင်တစ်ကောင်ရယ်..
ဒီသုံးကောင်ရယ်.. တကယ်မဆိုးဘူး.. မင်း သူတို့နာမည်တွေ စစ်ဆေးပြီးပြီလား.."

"အင်း .. ဗာနွန်ဒတ်ဒလေဆိုတဲ့ နာမည် ရှာမတွေ့ဘူး..."

ဂရေးဘက်ခ်က..

"အင်း.. တကယ်စိတ်ဝင်စားဖို့ ကောင်းတာပဲ..."

သူက ဟယ်ရီ၏ ရောင်ကိုင်းနေသော မျက်နှာကို အနီးကပ်ကြည့်ရင်း သူ့ကို အနန့်ခံကြည့်လိုက်သည်..။

"မင်းက အလိုရှိတဲ့ စာရင်းမှာ မပါဘူးပေါ့.. ဗာနွန်.. ဟုတ်လား.. ဒါမှမဟုတ်ရင် မင်းက တခြား
နာမည်တစ်မျိုးနဲ့များ ပါနေသလား.. မင်း ဟော့ဂဝ်မှာတုန်းက ဘယ်အဆောင်မှာ

နေခဲ့သလဲ.."

"စလေသရင်မှာ..."

ဟယ်ရီ အလိုအလျှောက် ဖြေလိုက်မိသည်..။ စကာဘီယာက ...

"ငါတို့ ဒီလိုပဲ ကြားချင်တယ်လို့ အားလုံးက ထင်ကြတာပဲ.. ဒါပေမယ့် ဘယ်သူမှ နားနေခန်း
ဘယ်မှာလဲမေးတော့ မဖြေနိုင်ကြဘူး..."

ဟယ်ရီက ခပ်အေးအေးပင်..

"မြေအောက်ခန်းမှာလေ.. နံရံကို ဖြတ်ကျော်ဝင်ရမယ်.. အခန်းထဲမှာ အရိုးခေါင်းတွေ အပြည့်ပဲ..
ပြီးတော့ ရေကန်အောက်မှာဆိုတော့ အလင်းရောင်တွေကပါ စိမ်းနေတယ်.."

ခေတ္တမျှ အားလုံးတိတ်ဆိတ်သွားကြ၏..။ အတန်ကြာမှ စကာဘီယာက ...

"အင်း.. ဒီလိုဆိုရင်တော့ စလေသရင်လေးကို ဖမ်းမိပြီနဲ့ တူတယ်.. ဒါပေမယ့် သိပ်မထူးပါဘူး
ဗာနွန်ရယ်.. စလေသရင်တွေထဲမှာလည်း မျိုးမစစ်တဲ့ ကောင်တွေ အများကြီး ရှိတယ်..

မင်းအဖေက ဘယ်သူလဲ.."

"သူက မော်ဝန်ကြီးဌာနမှာ အလုပ်လုပ်တယ်..."

ဟယ်ရီ ခပ်တည်တည် ညာလိုက်၏..။ သူ၏ ဓာတ်လမ်းတစ်ခုလုံးမှာ အနည်းငယ် စုံစမ်းလိုက်ရုံနဲ့ ပေါ်သွားနိုင်ပေသည်..။ သို့သော် တခြားဘက်က လုည့်တွေးလျှင်လည်း သူ့မျက်နှာ

ပုံမှန်ပြန်ဖြစ်သွားလျှင် ဘယ်လိုပဲဖြစ်ဖြစ် မှတ်မိသွားကြမည်သာ ဖြစ်သည်..။

"မှော်ပညာ မတော်တဆ ဖြစ်ပွားမှု ထိန်းချုပ်ရေးဌာနမှာ လုပ်တာ..."

စကာဘီယာက...

"ဂရေးဘက်ခ်.. အဲဒီ့ဌာနမှာ ဒတ်ဒလေဆိုတဲ့လူ ရှိတယ်လို့ ငါထင်တယ်..."

ဟယ်ရီ အသက်ကိုပင် မနည်းရှူနေရ၏..။ သူတို့ ကံကောင်းလွန်းလျှင် လွတ်မြောက်နိုင်မည်ဟု ထင်ရသည်..။

ဂရေးဘက်ခ်မှာ သူတကယ်ပင် မှော်ဝန်ကြီးဌာနမှ ဝန်ထမ်း၏သားကို ဖမ်းမိခဲ့သလားဟု တွေးနေပုံရသည်..။ ဟယ်ရီ သူ့ရင်ခုန်သံကို သူ ပြန်ကြားနေမိ၏။ ဂရေးဘက်ခ် ဘာပြောမည်ကို

သူကြိုသိနေသလိုပင်...။

"မင်းသာ အမှန်ကို ပြောတာဆိုရင် ဝန်ကြီးဌာနကို လိုက်ခဲ့ဖို့ ဘာမှ ကြောက်စရာမလိုဘူး.. မင်းအဖေကတောင် ငါတို့ မင်းကို ခေါ်လာပေးတဲ့အတွက် ဆုပေးလိမ့်မယ်..."

"ဒါပေမယ့် ခင်ဗျားသာ..."

ထိုအချိန်မှာပင် ရွက်ဖျင်တဲထဲမှ အော်ဟစ်သံ ပေါ်ထွက်လာ၏..။

"ဟေး.. ဒီမှာ လာကြည့်စမ်း .. ဂရေးဘက်ခ်..."

သူတို့ဆီသို့ လူရိပ်တစ်ရိပ် ပြေးလာ၏..။ ဟယ်ရီ ငွေရောင်တောက်ပနေသော အရာတစ်ခုကို ထိုသူ့လက်ထဲတွင် တွေ့လိုက်ရသည်..။ သူတို့ ဂရစ်ဖင်ဒေါ်ဓားကို ရှာတွေ့သွားကြပေပြီ..။

ဂရေးဘက်ခ်က ထိုသူ့လက်ထဲမှ ဆွဲယူလိုက်ရင်း...

"တကယ်လှတာပဲ.. ဒါ ဒါ ဂေါ်ဘလင် လက်ရာပဲ.. ဒီလိုပစ္စည်းမျိုး မင်း ဘယ်က ရလာတာလဲ..."

"ကျွန်တော့်အဖေရဲ့ ပစ္စည်းပါ.. ထင်းတွေ ဘာတွေ ဖြတ်ရလွယ်အောင် ယူလာတာ..."

စားရိုးပေါ်ရှိ နာမည်ကို မမြင်ပါစေနှင့်ဟု ဟယ်ရီ ဆုတောင်းမိသည်..။

"ခဏနေဦး... ဂရေးဘက်ခ် .. ဟောဒီမှာ ကြည့်စမ်း.. သတင်းစာထဲမှာ..."

စကာဘီယာ ပြောလိုက်စဉ်မှာပင် ဟယ်ရီ၏ နဖူးပေါ်မှ အမာရွတ်မှာ အပြင်းအထန် နာကျင်လာ၏ × × ×

ဧရာမ အဆောက်အအုံ ကြီးတစ်ခုကို သူ မြင်နေရသည်..။ အနက်ရောင် အဆောက်အအုံမှာ ခံတပ်ကြီးတစ်ခုနှင့် ဆင်တူ၏..။

ဗိုဒီမော့၏ အတွေးများမှာ ချက်ချင်း တက်ကြွလာ၏..။ သူ အဆောက်အအုံကြီးအနီးသို့ အလွန်စိတ်ဓာတ်တက်ကြွစွာ ပျံသန်းရင်း ချဉ်းကပ်လာ၏..။

လက်တစ်ကမ်းသာ လိုတော့သည် × × ×

ဟူသော အတွေးစမှ ဟယ်ရီ အသည်းအသန် ရုန်းထွက်လာခဲ့ရသည်..။

ဂရေးဘက်ခ်နှင့် စကာဘီယာတို့၏ စကားသံများကို သူကြားလာရ၏..။

"ဟာမီယွန် ဂရန်ဂျာဟာ မျိုးမစစ်တဲ့ စုန်းကဝေဖြစ်ပြီး ဟယ်ရီပေါ်တာနဲ့ အတူတူ ခရီးထွက်နေတယ်လို့ သတင်းရတယ်တဲ့..."

ဟယ်ရီ့အမာရွတ်မှာ အသေအလဲ နာကျင်နေ၏..။ သို့သော် ဗိုဒီမော့စိတ်ထဲ သူ ဝင်မသွားစေရန် ကြိုးစားအားတင်း ထားရသည်..။ ဟာမီယွန့်ရှေ့သို့ လျှောက်သွားသော ဂရေးဘက်ခ်၏

ခြေသံကို ကြားလိုက်ရသည်။

"ဒီဓာတ်ပုံက မင်းနဲ့ အရမ်းတူနေပါလား..."

"မဟုတ်ဘူး.. ဒါ ကျွန်မပုံ မဟုတ်ဘူး..."

ဟာမီယွန်၏ အထိတ်တလန့် ငြင်းသံက ဟုတ်ပါသည်ဟု ဝန်ခံနေသလိုပင်..။ ဂရေးဘက်ခ်က...

"ဟယ်ရီပေါ်တာနဲ့ အတူတူ ခရီးထွက်နေတယ်... ဟုတ်လား..."

ဟယ်ရီ့အမာရွတ်မှာ အလွန်အမင်း နာကျင်လာသော်လည်း သူ၏ ခန္ဓာကိုယ်မှ ရှိသမျှ အင်အားကုန်သုံးကာ ဗိုဒီမော့၏ အတွေးထဲ ရောက်မသွားစေရန် သူ တောင့်ခံထား၏။ ဤ

အချိန်လောက် တစ်ခါမှ ခက်ခက်ခဲခဲ သူ့စိတ်နှင့် သူ့ကိုယ် နေနိုင်ရန် မကြိုးစားခဲ့ဖူးပေ...။

"အင်း .. အခြေအနေက ပြောင်းလဲသွားပုံပဲ..."

ဂရေးဘက်ခ်၏ စကားကို မည်သူမျှ ပြန်မပြောနိုင်ပေ..။ ဖမ်းဆီးထိန်းသိမ်းရေး အဖွဲ့ဝင်အားလုံး တိတ်ဆိတ်ငြိမ်သက်နေ၏..။ ဂရေးဘက်ခ်က ဟယ်ရီ့အနီးရောက်လာပြီး သူ့မျက်နှာကို

သေချာကြည့်လိုက်သည်..။

"မင်း နဖူးပေါ်ကဟာက ဘာလဲ ဗာနွန်..."

သူက ညင်သာသော လေသံဖြင့် မေးရင်း ဟယ်ရီ့ နဖူးပေါ်မှ အမာရွတ်ကို လက်ဖြင့် ကိုင်လိုက်သည်။

"မထိနဲ့.." ဟယ်ရီ အော်ဟစ်လိုက်၏..။ သူ့ကိုယ်သူ မထိန်းနိုင်ပေ..။ သူ့အမာရွတ်မှာ အလွန်နာကျင်နေ၏..။

"မင်း မျက်မှန်တပ်ရတယ် မဟုတ်လား ပေါ်တာ..."

ထိုအချိန်မှာပင် အဖွဲ့ဝင်တစ်ယောက်က ...

"ငါ မျက်မှန်တွေ့ထားတယ် .. ဂရေးဘက်ခ်.. ခဏလေး"

တစ်ခဏအတွင်းမှာပင် သူ့မျက်မှန်ကို ပြန်တပ်ပေးကာ အားလုံး သူ့ကို ဝိုင်းကြည့်လိုက်ကြသည်။ ဂရေးဘက်ခ်က အထိတ်တလန့်ဖြင့်...

"သူ.. သူပဲ ငါတို့ ဟယ်ရီပေါ်တာကို ဖမ်းမိပြီ..."

သူတို့အားလုံး တအံ့တဩနှင့် နောက်သို့ ဆုတ်သွားကြသည်။ ဟယ်ရီကမူ ဗိုဒီမော့ အတွေးထဲ မျောပါမသွားစေရန် တောင့်ခံထားရ၍ ဘာကိုမှ ပြန်မပြောနိုင်ပေ..။

အတွေးအပိုင်းအစများက သူ့စိတ်ထဲသို့ ထိုးဖောက်ဝင်ရောက် လာ၏ × × ×

အနက်ရောင် ခံတပ်ကြီးအနီးသို့ သူ ချဉ်းကပ်ပျံသန်းလာ၏ × × ×

မဟုတ်ဘူး… သူဟာ အန္တရာယ်နဲ့ ကြုံနေရတဲ့ ဟယ်ရီပဲ.. ဟု ဟယ်ရီ သူ့ကိုယ်သူ
အတင်းသတိပေးလိုက်၏ × × ×

သူ အမြင့်ဆုံး မျှော်စင်ထိပ်မှ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်သည်…။

သူ့အကြောင်းကို တီးတိုးဆွေးနွေးနေကြတယ်ဟု ပြောင်းတွေးလိုက်၏…။

"ဝန်ကြီးဌာနကို သွားမလား…"

ဂရေးဘက်ခ်က…

"ဝန်ကြီးဌာနကို ခေါက်ထားစမ်းပါ.. သူတို့က နာမည်ကောင်း ဝင်ယူသွားမှာပေါ့.. သူတို့ကို
ဂရုစိုက်မနေနဲ့.. သူ့ကို မိစ္ဆာသခင်ကြီးဆီ တိုက်ရိုက်ခေါ်သွားရမယ်…"

စကာဘီယာက ကြောက်ရွံ့ဟန်ဖြင့်…

"သူ့ကို ဒီနေရာကို ခေါ်မလို့လား…"

"မခေါ်ဘူး.. သူက မယ်လ်ဖွိုင်းတို့ရဲ့ အိမ်ကို ဌာနချုပ်လုပ်ထားတယ်လို့ ကြားတယ်.. သူတို့ကို အဲဒီ့ကို
ခေါ်သွားမယ်…"

ဂရေးဘက်ခ်က ဘာကြောင့် ဗိုဒီမော့ကို ကိုယ်တိုင်မခေါ်သလဲ ဟယ်ရီ သိနေ၏..။ သမန်းဝံပုလွေကြီးကို
သူတို့က ဒက်အိတာဝတ်စုံ ပေးဝတ်ထားသော်လည်း ဗိုဒီမော့၏

အတွင်းလူများကဲ့သို့ မိစ္ဆာအမှတ်အသား သူ့တွင် မရှိချေ..။ ဂရေးဘက်ခ်ကို သေချာ
ချီးမြှင့်မြောက်စားခြင်း မပြုသည်မှာ သေချာလှသည်..။

ဟယ်ရီ့အမာရွတ်မှာ ထပ်မံနာကျင်လာပြန်၏ × × ×

သူ အမှောင်ထဲတွင် အမြင့်ဆုံးမျှော်စင်ထိပ်ရှိ ပြတင်းပေါက်သို့ ပျံသန်းလာခဲ့သည် × × ×

"သူ ဆိုတာရော သေချာရဲ့လား… မဟုတ်ရင် ငါတို့အကုန် သေကုန်မှာနော် ဂရေးဘက်ခ်…"

ဂရေးဘက်ခ်က ဒေါသဖြင့်…

“ဘယ်သူက ဒီအဖွဲ့ရဲ့ ခေါင်းဆောင်လဲ.. ဒါပေါ်တာပဲ.. သူနဲ့ သူ့မှော်တောင်ဝှေးဆိုရင်
ဂယ်လီယွန်နှစ်သိန်းတောင် ဆုငွေရမှာ.. မင်းတို့ထဲက ဘယ်သူမလိုက်ချင်ဘူးလဲ..

နေရစ်ခဲ့နိုင်တယ်…”

ပြတင်းပေါက်မှာ အနက်ရောင် ကျောက်သားနံရံဝယ် အက်ကွဲကြောင်း တစ်ခုခန့်သာ ရှိကာ
လူတစ်ယောက် မဝင်သာပေ..။ လူတစ်ယောက် သဏ္ဌာန်ကို ပြတင်းပေါက်မှနေ၍

စောင်အောက်တွင် မြင်နေရ၏..။ သေနေသလား… အိပ်နေသလား မသိနိုင်ပေ× × ×

စကာဘီယာက …

“ကောင်းပြီ.. ငါတို့လိုက်ခဲ့မယ်.. ကျန်တဲ့သူတွေကိုရော ဘယ်လိုလုပ်မလဲ ဂရေးဘက်ခ်…”

“သူတို့ကို ခေါ်သွားရမှာပဲ.. မျိုးမစစ်နှစ်ယောက်အတွက် ဂယ်လီယွန်ဆယ်ပြား ထပ်ရမယ်..
ဓားကိုပေးစမ်း.. ဒါသာ ပတ္တမြားအစစ်ဆိုရင် ထပ်ပြီး ပွပေါက်တိုးဦးမှာပဲ…”

သူတို့ကို ကြမ်းကြမ်းတမ်းတမ်းပင် ဆွဲထူလိုက်ကြသည်…။

“ငါ့ကိုသာ မြဲမြဲကိုင်ထားပေတော့ ပေါ်တာ…”

ဂရေးဘက်ခ်က သူ့ဆံပင်များကို ဆွဲကိုင်လိုက်သည်..။ ရှည်လျားနေပြီဖြစ်သော အဝါရောင်
လက်သည်းများက သူ့ဦးရေပြားကိုပင် ဆွဲကုတ်သွား၏..။

“ကဲ.. တစ်.. နှစ်.. သုံး”

သူတို့အားလုံး အကျဉ်းသားများကို ဆွဲကိုင်ကာ ကိုယ်ယောင်ဖျောက်လိုက်ကြသည်။ ဟယ်ရီ
ရုန်းကန်ကြည့်သော်လည်း လုံးဝ မျှော်လင့်ချက် မရှိပေ..။ ရွန်နှင့် ဟာမီယွန်တို့ပါ တွဲ၍

ချည်နှောင်ခံထားရခြင်း ဖြစ်ရာ ထိုအဖွဲ့ထဲမှ သူ ရုန်းထွက်မရချေ..။ သူ၏ အမာရွတ်မှာလည်း ပို၍
နာကျင်လာ၏..။

အနက်ရောင် ပြတင်းပေါက်ကလေးအတွင်းသို့ မြွေတစ်ကောင်ပမာ တိုးဝင်ခဲ့ပြီး အခန်းထဲသို့
ဆင်းသက်လိုက်သည်× × ×

သူတို့အားလုံး တစ်နေရာသို့ ရောက်လာခဲ့ကြသည်..။ ဟယ်ရီ့မျက်လုံးများမှာ ရောင်ကိုင်းနေဆဲဖြစ်၍ ရောမသံပန်းတံခါးကြီးကို မြင်နိုင်ရန် အတော်ပင် ကြည့်ယူလိုက်ရ၏..။ ဘာပဲဖြစ်ဖြစ်

သူ အနည်းငယ်တော့ စိတ်သက်သာရာ ရသွားသည်..။

အခြေအနေက အဆိုးဆုံး မဟုတ်သေးပေ..။ ဗိုဒီမော့ ဤနေရာတွင် မရှိပေ..။ ဟယ်ရီ မြင်နေရသော မြင်ကွင်းများအရ ထူးခြားသော ခံတပ်ပမာ နေရာတစ်ခုတွင် ရောက်နေ၏..။

သို့ရာတွင် ဤနေရာကို ပြန်လာရန် မည်မျှကြာမည်ကို ဟယ်ရီ မခန့်မှန်းနိုင်ပေ။

အဖွဲ့ဝင်တစ်ယောက်က သံတံခါးကို ကိုင်လှုပ်ကြည့်ရင်း...

“ငါတို့ ဘယ်လိုလုပ် အထဲဝင်ရမှာလဲ.. သော့ခတ်ထားတယ် ဂရေးဘက်ခ်.. ဟေး ...”

ထိုသူက သူ့လက်ကို အလန့်တကြား နောက်ဆုတ်လိုက်၏..။ သံချောင်းများမှာ ကွေးကောက်တွန့်လိမ်လာပြီး ထိတ်လန့်စဖွယ် မျက်နှာပုံသဏ္ဌာန် ဖြစ်လာကာ ဆိုးဆိုးဝါးဝါး

ပဲ့တင်ထပ်နေသော အသံဖြင့်...

“ဘာကိစ္စရှိလို့လဲ...”

ဂရေးဘက်ခ်က ဂုဏ်ယူဝင့်ကြွားစွာဖြင့်...

“ကျုပ် ပေါ်တာကို မိလာပြီ.. ဟယ်ရီပေါ်တာကို ဖမ်းလာတယ်..”

တံခါးမှာ ချက်ချင်း ပွင့်သွား၏...။

“လာကြ...”

ဂရေးဘက်ခ် ဦးဆောင်ကာ အထဲသို့ ဝင်လာခဲ့ကြသည်..။ ဟယ်ရီ သူတို့ခေါင်းပေါ်ဝယ် ပျံဝဲနေသော အဖြူရောင် ဒေါင်းတစ်ကောင်ကို တွေ့လိုက်ရ၏..။ သူ့ကို ဂရေးဘက်ခ်က ဒရွတ်တိုက်

ဆွဲခေါ်လာခဲ့သည်...။

ထိုအချိန်မှာပင် သူ့နဖူးဆီမှ နာကျင်မှုကို သူ လက်လျှော့ပေးလိုက်ပြီး ဗိုဒီမော့ ဘာလုပ်နေသလဲကို စူးစမ်းကြည့်လိုက်သည်။ သူ့ကို ဖမ်းမိပြီဆိုတာ ဗိုဒီမော့ သိနေပြီလား× × ×

ပိန်ချုံးနေသော သဏ္ဍာန်မှာ သူ၏ စောင်ထဲမှမထွက်ပဲ ဟိုဘက်မှ ဒီဘက်သို့ ပြောင်းအိပ်လိုက်သည်။ အရိုးခေါင်းပမာ ဖြစ်နေသော ခေါင်းဆီမှ ဟောက်ပက်ဖြစ်နေသော မျက်လုံးများ

ပွင့်လာ၏..။ ပိန်ချုံးနေသူက နေရာမှ ထထိုင်လိုက်ရင်း ဗိုဒီမော့ကို ငေးစိုက်ကြည့်ကာ ပြုံးလိုက်သည်..။ သူ့ပါးစပ်ထဲတွင် သွားအတော်များများ မရှိတော့ပေ..။

"မင်းရောက်လာပြီကိုး.. တစ်နေ့တော့ မင်းရောက်လာမယ်ဆိုတာ ငါသိပါတယ်.. ဒါပေမယ့် မင်းရဲ့ခရီးက အလကားပဲ.. ငါ့ဆီမှာ မင်းလိုချင်တာ မရှိဘူး..."

"ခင်ဗျား ညာနေတာ"

ဗိုဒီမော့ ဒေါသ အရှိန်မြင့်တက်လာသည်နှင့်အမျှ ဟယ်ရီ့အမာရွတ်မှာ ပေါက်ကွဲလုမတတ် နာကျင်လာ၏..။ သူ့စိတ်ကို လက်ရှိအခြေအနေသို့ ရောက်စေရန် ပြန်၍

အတင်းဆွဲယူလိုက်ရသည်..။ သူတို့အားလုံး ကြမ်းပြင်ပေါ်သို့ တွန်းချခြင်း ခံလိုက်ကြရပြီး အလင်းတန်းများက သူတို့အပေါ်သို့ ကျရောက်လာ၏..။ မိန်းမသံတစ်သံက...

"ဘာဖြစ်နေတာလဲ..."

ဂရေးဘက်ခ်က ...

"ကျွန်တော်တို့ မိစ္ဆာသခင်ကြီးနဲ့ တွေ့ချင်လို့ပါ..."

"မင်း ဘယ်သူလဲ..."

"ခင်ဗျား ကျုပ်ကို သိပါတယ်.. ဖန်နာ ဂရေးဘက်ခ်လေ.. ကျုပ် ဟယ်ရီပေါ်တာကို မိလာတယ်..."

ဂရေးဘက်ခ်က ဟယ်ရီ့ကို ဆွဲမကာ အလင်းရောင် ရှိရာသို့ ထိုးပြလိုက်၏..။ စကာဘီယာက..

"သူ့မျက်နှာက ရောင်ကိုင်းတော့နေတယ်.. ဒါပေမယ့် ဒါ သူပဲ အနီးကပ်ပြီး သေချာကြည့်ရင် အမာရွတ်ကို တွေ့နိုင်တယ်.. ပြီးတော့ ဒီကောင်မလေးကို တွေ့သလား.. ဒါ ဟယ်ရီနဲ့

ခရီးထွက်နေတဲ့ မျိုးမစစ်မလေး မဟုတ်လား.. ဒါ သူတို့ပဲ.. သူ့ရဲ့ မှော်တောင်ဝှေးကိုပါ ရလာခဲ့တယ်...ဟောဒီမှာ.."

နာစစ်ဆာ မယ်လ်ဖွိုင်းထံသို့ စကာဘီယာက အနက်ရောင် မှော်တောင်ဝှေးကို ပေးလိုက်သည်..။ သူမ၏ မျက်ခုံးများ မြင့်တက်သွားပြီး..

"အထဲကို ဝင်ကြ..."

ဟယ်ရီနှင့် အခြားသူများကို ကျောက်တုံးလှေကားများအတိုင်း ခန်းမကြီးဆီအထိ တွန်းထိုးဆွဲခေါ်လာကြသည်..။

"ငါ့နောက်လိုက်ခဲ့..."

နာစစ်ဆာက သူတို့ကို ခန်းမကြီးအတိုင်း ခေါ်ဆောင်လာရင်း...

"ကျွန်မရဲ့သား ဒရာကို အီစတာကျောင်းပိတ်ရက်မို့ အိမ်မှာရှိနေတယ်... သူကတော့ ဟယ်ရီပေါ်တာ ဟုတ်မဟုတ် သေချာပေါက် သိမှာပဲ..."

ဧည့်ခန်းကြီးမှာ ညအမှောင်ကို ဆန့်ကျင်ကာ လင်းထိန်နေ၏..။ မျက်နှာကျက်ဆီမှ ဖန်မီးဆိုင်းကြီးတစ်ခု တွဲလောင်းကျနေပြီး နံရံပေါ်တွင် ပန်းချီကားချပ်များကို တွေ့ရ၏..။

အကျဉ်းသားများကို အခန်းတွင်းသို့ တွန်းထိုးထည့်လိုက်သည်နှင့် မီးဖိုရှေ့ကုလားထိုင်ဆီမှ လူနှစ်ယောက် ထလာ၏..။

"ဘာဖြစ်လာကြတာလဲ..."

ကြားနေကျဖြစ်သော လူးစီးယပ်စ် မယ်လ်ဖွိုင်း၏ စကားသံကို ဟယ်ရီစိတ်မသက်မသာ ကြားလိုက်ရသည်။ ဟယ်ရီ ထိတ်လန့်သည်ထက် ထိတ်လန့်လာ၏..။ ထွက်ပြေးစရာ နည်းလမ်းကို

ရှာမတွေ့ချေ..။

သူ ပို၍ ကြောက်လာလေလေ ဗိုဒီမော့၏ အတွေးကို သူ့ခေါင်းထဲ အဝင်မခံရန် လွယ်ကူလေလေမှန်း ဟယ်ရီ တွေ့လိုက်ရသည်။ နာစစ်ဆာက....

"သူတို့ ပေါ်တာကို မိလာတယ် ပြောတာပဲ.. ဒရာကို .. ဒီကိုလာခဲ့..."

ဟယ်ရီ ဒရာကို့ကို တိုက်ရိုက်မကြည့်ရဲပေ..။

သူ၏ ရောင်ကိုင်းနေသော မျက်ခွံများကြားထဲမှ ဒရာကို၏ ဖြူရော်နေသော မျက်နှာနှင့် လူရိပ်ကိုမူ မြင်နေရသည်..။

ဂရေးဘက်ခ်က ဟယ်ရီ့ကို မီးပန်းဆိုင်းအောက် တည့်တည့် ဆွဲယူလာခဲ့ရင်း...

"ကဲ.. ဘယ်လိုလဲ..."

ဟယ်ရီ မီးလင်းဖိုအနီးရှိ မှန်ထဲမှ သူ့ရုပ်ပုံကို ပထမဆုံးအကြိမ် အဖြစ် ပြန်မြင်လိုက်ရသည်..။

သူ့မျက်နှာတစ်ခုလုံးမှာ ရောင်ကိုင်းနေကာ ပန်းရောင်ပေါက်နေပြီး ပြောင်တင်းနေ၏..။ ဟာမီယွန်၏ကျိန်စာကြောင့် သူ့မျက်နှာပေါ်ရှိ အမှတ်အသား အတော်များများ ပြောင်းလဲသွား၏..။

သူ၏ဆံပင်မှာ ပခုံးထိ ရှည်လာပြီး သူ့မေးစေ့တစ်ဝိုက်ဝယ် အနက်ရောင်အမှတ်ကြီးကို တွေ့ရသည်။

သူကိုယ်တိုင်ပင် သူ့ရုပ်ကို မမှတ်မိချေ..။ သူ့မျက်မှန်တပ်ထားသူမှာ သူ မဟုတ်သလိုပင်..။ သူ စကားမပြောပဲ နေလျှင် သူမှန်းသိဖို့ မလွယ်နိုင်ပေ..။ သို့တိုင် သူ ဒရာကိုနှင့် မျက်လုံးချင်း

မဆိုင်မိစေရန် ကြိုးစားနေ၏..။

လူးစီးယပ်စ် မယ်လ်ဖွိုင်းက...

"ဘယ်လိုလဲ.. ဒရာကို .. ဒါ ဒါ ဟယ်ရီပေါ်တာလား..."

"မ.. မသေချာဘူး..."

ဒရာကိုက ဂရေးဘက်ခ်နှင့် တတ်နိုင်သမျှ ဝေးဝေးနေရင်း ဟယ်ရီ့ကို ကြည့်နေ၏..။

လူးစီးယပ်စ် မယ်လ်ဖွိုင်းက စိတ်လှုပ်ရှားစွာဖြင့်...

"သေချာကြည့်စမ်းပါ.. သေချာကြည့်စမ်းပါ.. ဒရာကို.. ငါတို့သာ ပေါ်တာကို သခင်ကြီးဆီ အပ်လိုက်နိုင်ရင် ငါတို့ကို ခွင့်လွှတ်..."

ဂရေးဘက်ခ်က မကျေမနပ်ဖြင့် ...

"သူ့ကို တကယ်ဖမ်းမိလာတာ ဘယ်သူလဲဆိုတာ မမေ့သင့်ဘူးနော် မစ္စတာမယ်လ်ဖွိုင်း..."

လူးစီးယပ်စ်က စိတ်မရှည်စွာဖြင့် ...

"ဒီလိုပြောတာ မဟုတ်ပါဘူး..." ဟု ပြောရင်း ဟယ်ရီ့အနီးသို့ တိုးကပ်လာကာ သေချာကြည့်၏..။

လူးစီးယပ်စ်က...

"သူ့ကို မင်းတို့ ဘာလုပ်လိုက်သလဲ.. ဘာကိစ္စ ဒီလိုဖြစ်နေရတာလဲ..."

"အဲဒါ ငါတို့လုပ်တာ မဟုတ်ဘူး..."

လူးစီးယပ်စ်က...

"ကြည့်ရတာ ကျိန်စာမိထားသလိုပဲ..."

"ဒီနေရာမှာ တစ်ခုခု ရှိတယ်.. အမာရွတ်ဖြစ်နိုင်တယ်.. ဒရာကို.. ဒီကိုလာပြီး သေချာကြည့်စမ်းပါ.. မင်းဘယ်လို ထင်သလဲ..."

ဒရာကို သူ့အဖေအနီး ကပ်လာသည်ကို ဟယ်ရီ တွေ့လိုက်ရသည်..။ ဒရာကို့ အမူအရာမှာ ကြောက်ရွံ့နေပုံရသည်..။

"ကျွန်တော် မသိဘူး..."

ထို့နောက် သူ့မိခင်ထိုင်နေရာ မီးလင်းဖိုအနီးသို့ လျှောက်သွားတော့သည်..။ နာစစ်ဆာက သူမ၏ ယောကျ်ားအား...

"ကျွန်မတို့ဘက် သေချာမှ ဖြစ်မယ်.. မိစ္ဆာသခင်ကြီးကို မခေါ်ခင် ဒါဟာ ဟယ်ရီပေါ်တာပါလို့ သေချာမှ ဖြစ်မယ်... ဒါ သူ့ဟာလို့ သူတို့က ပြောတယ်..."

သူမက အနက်ရောင် မှော်တောင်ဝှေးကို သေချာကိုင်ကြည့်ရင်း...

"ဒါပေမယ့် အိုလီဗန်ဒါပြောတဲ့ ပုံစံနဲ့ မတူဘူး.. ကျွန်မတို့ မှားသွားရင်.. သခင်ကြီးကို မှားခေါ်မိရင် ရှိလီနှင့် ဒိုလိုဟော့တို့ ဘာဖြစ်သွားသလဲ... အားလုံး သတိရသေးတယ် မ

ဟုတ်လား..."

“ဒါဆို ဒီမျိုးမစစ်မလေးကရော...”

နာစစ်ဆာက..

“နေစမ်းပါဦး ... ငါ.. ငါ သူ့ကို မဒမ်မယ်လ်ကင်ရဲ့ ဆိုင်ထဲမှာ ပေါ်တာနဲ့အတူ တွေ့ဖူးတာပဲ.. သတင်းစာထဲက ဓာတ်ပုံထဲမှာလည်း တွေ့ဖူးတယ်.. ကြည့်စမ်း ဒရာကို.. ဒါ ဂရန်ဂျာ မ

ဟုတ်လား...”

“အင်း.. ဟုတ်... ဟုတ်တယ်...”

“ဒါဆိုရင် ဒါ ဝီစလေကောင်လေးပဲ.. ဒါ ပေါ်တာရဲ့ သူငယ်ချင်းတွေပဲ ဒရာကို.. ကြည့်စမ်း.. ဒါ အာသာဝီစလေရဲ့ သား ဟုတ်တယ် မဟုတ်လား...”

“အင်း ဟုတ်တယ် ... သူပဲ...”

ညည့်ခန်းတံခါးပွင့်သံ ကြားလိုက်ရပြီးနောက် မိန်းမတစ်ယောက်၏ စကားသံက ဟယ်ရီ၏ ထိတ်လန့်မှုကို ပို၍ဆိုးသွားစေ၏..။

“ဘာဖြစ်နေတာလဲ ဆစ်ဆီ...”

ဘဲလ်ထရစ် လတ်စ်ထရန်က သူတို့အားလုံးကို သေချာ ပတ်ကြည့်ရင်း ဟာမီယွန့် အနီးတွင် ရပ်ကာ...

“သေချာတယ်.. ဒါ မျိုးမစစ်မလေး ဂရန်ဂျာပဲ...”

လူးစီးယပ်စ်က ဝမ်းသာအားရဖြင့်...

“ဟုတ်တယ်.. ဟုတ်တယ် .. ဂရန်ဂျာပဲ.. သူ့အပြင် ဒီတစ်ယောက်က ပေါ်တာလို့ ထင်တယ်.. ပေါ်တာနဲ့ သူငယ်ချင်းတွေကို နောက်ဆုံး ဖမ်းလို့မိပြီ...”

“ပေါ်တာ ... ဟုတ်လား...”

ဘဲလ်ထရစ်က သေချာကြည့်ရင်း...

“သေချာသလား.. ဒါဆိုလည်း မိစ္ဆာသခင်ကြီးဆီကို ချက်ချင်း အကြောင်းကြားကြစို့...”

သူမက ဘယ်ဘက်လက်မောင်းကို ပင့်တင်လိုက်သည်..။ သူမ လက်မောင်းဝယ် မီးကျွမ်းသလို ကျွမ်းထားသော မိစ္ဆာအမှတ်အသားကို တွေ့လိုက်ရ၏..။ ထိုအမှတ်အသားကို ထိကာ သူမ၏

သခင်ကြီးကို ခေါ်ယူတော့မည်မှန်း ဟယ်ရီ သိလိုက်၏..။

လူးစီးယပ်စ်က သူမ၏လက်ကို ဆွဲကာ တားထားရင်း...

"ငါခေါ်မယ် ဘယ်လာ.. ပေါ်တာဟာ ငါ့အိမ်ကို ရောက်နေပြီ.. ဒါကြောင့်မို့လို့ ငါ့ရဲ့ အာဏာအောက်မှာ ရှိတယ်..."

သူမက လက်ကိုလွှတ်အောင် ရုန်းကန်ရင်း..

"နင့်ရဲ့ အာဏာအောက်မှာ ဟုတ်လား.. နင့်ရဲ့ သြဇာအာဏာတွေက နင့်ရဲ့ မှော်တောင်ဝှေးနဲ့အတူတူ ပါသွားပြီ လူးစီးယပ်စ် .. ငါ့လက်ကို လွှတ်စမ်း..."

"ဒါ ခင်ဗျားနဲ့ ဘာမှ မဆိုင်ဘူး.. ပေါ်တာကို ဖမ်းမိတာ ခင်ဗျား မဟုတ်ဘူး"

ဂရေးဘက်ခ်က...

"နေပါဦး .. မစ္စတာ မယ်လ်ဖွိုင်း.. ပေါ်တာကို ဖမ်းမိတာ ကျုပ်တို့ပါ... ရွှေတွေကို ရသင့်တာ ကျုပ်တို့ပါ..."

ဘဲလ်ထရစ်က သူမ၏ လက်တစ်ဘက်ကို ရုန်းနေရင်း အခြားတစ်ဘက်က အိတ်ထဲမှ မှော်တောင်ဝှေးကို ဆွဲထုတ်ဖို့ ကြိုးစားရင်းမှ...

"ရွှေ.. ဟုတ်လား.. ရွှေတွေ မင်းတို့ အကုန်ယူသွားကြ.. ငါက ဒီရွှေတွေ လိုချင်တာ မဟုတ်ဘူး.. သူ ဂုဏ်ပြုတာကို လိုချင်တာ..."

သူမက လူးစီးယပ်စ်ကို တွန်းထုတ်လိုက်ရင်း...

"ရပ်စမ်း.. သခင်ကြီးသာ ရောက်လာရင် ငါတို့ ဒုက္ခရောက်ကုန်တော့မယ်..."

သူမက ဟယ်ရီ မမြင်နိုင်သော တခြားဘက်ဆီသို့ လျှောက်သွားရင်း...

"ဒါက ဘာလဲ.."

"ဓားပါ.."

အဖွဲ့ဝင်တစ်ယောက်က ဖြေ၏..။

"ငါ့ကို ပေးစမ်း..."

"ဒါ .. ခင်ဗျားဟာမှ မဟုတ်တာ.. ကျုပ်တို့ ရှာတွေ့ထားတာပဲ..."

ရုတ်တရက် ပေါက်ကွဲသံနှင့်အတူ အနီရောင် အလင်းတန်းများကို တွေ့လိုက်ရသည်..။ ထိုသူ
မေ့မျောကျိန်စာ တိုက်ခံရပြီမှန်း ဟယ်ရီ သိလိုက်သည်..။ မကျေမနပ်သံများ

ထွက်ပေါ်လာပြီးနောက် စကားဘီယာက သူ၏ မှော်တောင်ဝှေးကို ဆွဲထုတ်ကာ...

"ခင်ဗျား ဘာလုပ်တာလဲ..."

"စတူပီဖိုင်း.. စတူပီဖိုင်း..."

သူတို့အားလုံး သူမကို လုံးဝမယှဉ်နိုင်ပေ..။ လေးယောက်တစ်ယောက် ဖြစ်သော်လည်း မယှဉ်နိုင်ပေ..။
ဂရေးဘက်ခ်မှအပ အားလုံး လဲပြိုကျသွားပြီး သူကိုယ်တိုင်မှာလည်း

လေးဘက်ထောက်လျှက် အနေအထားမှ လဲမကျစေရန် ကြိုးစားနေရ၏..။

ဟယ်ရီ မျက်လုံးထောင့်စွန်းမှ လှမ်းမြင်နေရ၏..။ ဘဲလ်ထရစ်မှာ ဂရစ်ဖင်ဒေါ်ဓားကို ကိုင်ထားပြီး
ဂရေးဘက်ခ်အပေါ်မှ စီးမိုးရပ်နေကာ...

"ဒီဓားကို ဘယ်ကရခဲ့တာလဲ..."

"ကျုပ်ကို ဒီလိုလုပ်ရဲသလား.. လွှတ်စမ်း..."

ဂရေးဘက်ခ်မှာ သူ၏ သွားစွယ်များကို ဖြဲကာ မကျေမနပ် အော်ဟစ်နေသော်လည်း သူ့တစ်ကိုယ်လုံး
ခေါင်းမှလွဲ၍ လှုပ်မရချေ..။

"ဒီဓားကို ဘယ်ကရလာတာလဲ.. စနိပ် ငါ့ရဲ့ ဂရင်းဂေါ့ ငွေတိုက်ထဲကို ပို့ထားခဲ့တာပဲ.."

ဂရေးဘက်ခ်က..

"သူတို့ ရွက်ဖျင်တဲထဲက တွေ့တာ .. ကျုပ်ကို လွှတ်စမ်း..."

သူမ၏ မော်တောင်ဖေ့းကို ဖေ့ယမ်းလိုက်ချိန်ဝယ် သမန်းဝံပုလွေကောင်ကြီးမှာ ထရပ်နိုင်လာသော်လည်း ယိုင်ထိုးနေ၏..။ ကုလားထိုင်လက်ရန်းကို သူ့လက်သည်းများ မြုပ်ဝင်မတတ်

ဆုပ်ကိုင်ထား၏..။

ဘဲလ်ထရစ်က..

"ဒရာကို .. ဒီကောင်တွေကို အပြင်ထုတ်သွားစမ်း..."

သူမက မေ့မျောနေသူများကို ညွှန်ပြရင်းဆို၏..။

"မင်း မရှင်းရဲရင် ပြီးမှ ငါလာရှင်းမယ်..."

နာစစ်ဆာက...

"နင် ဒရာကိုကို ဒီလိုပြောရဲသလား..."

"တိတ်တိတ်နေစမ်း.. အခြေအနေက နင်ထင်တာထက် ပိုဆိုးတယ် ဆစ်ဆီ.. ငါတို့မှာ တကယ့် ပြဿနာကြီးနဲ့ ရင်ဆိုင်နေရပြီ..."

သူမက မောကြီးပန်းကြီး အော်ဟစ်ပြောရင်း လက်ထဲမှ ဓားကို ကြည့်လိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ်မှ အကျဉ်းသားများကို ကြည့်ရင်း...

"သူသာ ပေါ်တာဆိုရင် သူ့ကို ဘာမှလုပ်လို့ မဖြစ်ဘူး.. မိစ္ဆာသခင်ကြီးက ပေါ်တာကို သူကိုယ်တိုင် ရှင်းချင်နေတာ.. ဒါပေမယ့် .. သူ သူသာ သိသွားရင်.. ငါ.. ငါတော့..."

ဘဲလ်ထရစ်မှာ တစ်ယောက်တည်း ရေရွတ်နေရင်းမှ သူ့ညီမဘက်လှည့်ကာ...

"အကျဉ်းသားတွေကို အချုပ်ခန်းထဲ ထည့်ထားစမ်းပါ.. ငါ စဉ်းစားလိုက်ဦးမယ်"

"ဒါ ငါ့အိမ်ပါ ဘယ်လာ.. ငါ့ကိုလာပြီး အမိန့်မပေးစမ်းပါနဲ့..."

"ငါပြောသလို လုပ်စမ်းပါ.. ငါတို့မှာ ဘယ်လိုအန္တရာယ်ကြီးနဲ့ ကြုံနေသလဲ နင်သိလား..."

ဘဲလ်ထရစ်က ပြန်အော်၏..။ သူမကို ကြည့်ရသည်မှာ ရူးသွပ်လုမတတ် ကြောက်ရွံ့ထိတ်လန့်နေပုံရသည်။ သူမလက်ထဲရှိ မော်တောင်ဝှေးမှ မီးတန်းလေးတစ်ခု ပြေးထွက်သွားပြီး

ကောဇော်တွင် အပေါက်တစ်ပေါက် ဖြစ်သွား၏..။ နာစစ်ဆာက ခေတ္တမျှ ငြိမ်သက်နေပြီးမှ ဂရေးဘက်ခ်အား...

"အကျဉ်းသားတွေ အကုန်လုံး အချုပ်ခန်းထဲ ထည့်လိုက်..."

ဘဲလ်ထရစ်က...

"ခဏနေဦး.. မျိုးမစစ်တဲ့ ဟာမလေးကို ထားခဲ့..."

"မလုပ်နဲ့ .. ငါ့ကိုသာ ခေါ်ထားကြ"

ရွှန်က အထိတ်တလန့် အော်ဟစ်လိုက်သည်..။ ဘဲလ်ထရစ်က သူ့မျက်နှာကို ဖြတ်ရိုက်ချလိုက်၏..။

"ငါ မေးခွန်းထုတ်ရင်း သူသေသွားရင် မင်းကိုခေါ်မှာပါ.. မျိုးမစစ်တွေပြီးရင် သွေးစွာဖောက်တွေရဲ့ အလှည့်ပဲ.. သူတို့ကို ခေါ်သွားတော့ ဂရေးဘက်ခ်.. သေချာအစောင့်ချထား.. ဘာမှ

ထပ်မလုပ်နဲ့ဦး..."

သူမက ဂရေးဘက်ခ်အား သူ၏ မော်တောင်ဝှေးကို ပြန်ပစ်ပေးရင်း သူမ၏ အိတ်ထဲမှ ငွေရောင်ဓာမြှောင်ဖြင့် ဟာမီယွန်ကို ပူးချည်ထားသော ကြိုးကို ဖြတ်တောက်လိုက်သည်။

ထို့နောက်တွင် သူမကို ဆံပင်မှ ဆွဲကာ အခန်းအလယ်သို့ ခေါ်သွားတော့သည်။

ဂရေးဘက်ခ်က သူတို့အားလုံးကို တံခါးတစ်ခုအတွင်းသို့ တွန်းထိုးထည့်ရင်း မှောင်မည်းနေသော လမ်းကျဉ်းလေးအတိုင်း မော်တောင်ဝှေးမှ အလင်းရောင်အားကိုးဖြင့်

လျှောက်လာခဲ့ကြသည်။ ဂရေးဘက်ခ်က..

"သူ့ကိစ္စပြီးရင် ဒီကောင်မလေးကို ငါ့ကိုအပ်ရင် ကောင်းမယ်.. တစ်ချက် နှစ်ချက် ကိုက်လိုက်ရရင် အရသာရှိမှာပဲ..."

ရွှန့်ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါနေသည်ကို ဟယ်ရီ သိလိုက်သည်..။ သူတို့ကို ချောမွတ်နေသော ကျောက်လှေကားအတိုင်း ပူးကပ်ချည်ကာ ဆွဲချသွားသဖြင့် ချော်လဲပြီး ပြုတ်မကျစေရန်

အတော်ထိန်းသိမ်းနေရသည်..။

လှေကားအဆုံးတွင် ဧရာမတံခါးကြီးတစ်ချပ်ကို တွေ့လိုက်ရသည်။ ဂရေးဘက်ခ်က မှော်တောင်ဝှေးဖြင့် တံခါးကိုဖွင့်လိုက်ပြီး သူတို့ကို မှောင်မည်းစိုစွတ်နေသော အခန်းတစ်ခုအတွင်း၌

ထားရစ်ခဲ့သည်..။ အကျဉ်းခန်းတံခါး ပိတ်သံကြားရပြီး မကြာခင်မှာပင် အပေါ်ဘက်မှ နာကျင်စွာ စူးစူးဝါးဝါး အော်ဟစ်သံကို သူတို့ ကြားလိုက်ရ၏..။

"ဟာမီယွန်"

ရွှန်က အသံကုန် အော်ဟစ်လိုက်ပြီး သူ့ကို တုပ်နှောင်ထားသော ကြိုးများကို အတင်းရုန်းကန်နေ၏..။ ထို့ကြောင့် ဟယ်ရီ မနေသာတော့ပဲ ...

"တိတ်တိတ်နေစမ်း ရွှန်.. ငါတို့ ထွက်ဖို့ လမ်းရှာရမယ်..."

"ဟာမီယွန်.. ဟာမီယွန်..."

"ငါတို့ ဒီလိုအော်နေလို့ အလကားပဲ.. ဒီကြိုးတွေကို လွတ်အောင် အရင်လုပ်ရမယ်..."

"ဟယ်ရီ.. ရွှန်.. နင်.. နင်တို့လားဟင်.."

အမှောင်ထုထဲမှ ခပ်တိုးတိုးအသံကို ကြားလိုက်ရ၏..။

ရွှန်၏ အော်သံ တိတ်သွား၏..။ သူတို့ ပတ်ဝန်းကျင် အမှောင်ထုထဲတွင် ရွေ့လျားသံများကို ကြားလိုက်ရပြီး အရိပ်တစ်ရိပ် ပို၍ နီးကပ်လာသည်ကို ဟယ်ရီ တွေ့လိုက်ရသည်။

"ဟယ်ရီ.. ရွှန်.."

"လူနာ"

"ဟုတ်တယ် .. ငါပဲ .. ဒုက္ခပါပဲ.. ငါနင်တို့ကို မမိစေချင်ဘူး..."

ဟယ်ရီက..

"လူနာ .. ငါတို့ကို ကြိုးဖြေပေးနိုင်မလား.."

"အင်း.. ခဏလေး.. ဒီနားမှာ တံစဉ်ဟောင်းတစ်ခု ရှိတယ်.. ခဏလေး.."

ဟာမီယွန့်အော်ဟစ်သံနှင့်အတူ ဘဲလ်ထရစ်၏ အော်ဟစ်သံကိုပါ ကြားရသည်..။ သို့သော် ဘာတွေပြောနေမှန်း သေချာမကြားရပေ..။ ရွန်မှာ ထပ်မံ၍ အော်ဟစ်လိုက်ပြန်သည်..။

"ဟာမီယွန်.. ဟာမီယွန်"

လူနာ့စကားပြောသံကို ဟယ်ရီ ကြားလိုက်ရသည်..။

"မစ္စတာ အိုလီဗန်ဒါ.. တံစဉ်လေး တွေ့မိလား.. နည်းနည်းလောက် နေရာရွှေ့ပေးပါ.. ရေကရားဘေးနားမှာ ထင်တယ်..."

ထို့နောက်တွင် သူတို့အနီးသို့ သူမပြန်ရောက်လာ၏..။

"ငြိမ်ငြိမ်နေကြ..."

သူတို့၏ ကြိုးများအား သူမ တိုက်ဖြတ်နေသည်ကို ဟယ်ရီ ခံစားလိုက်ရသည်..။ အပေါ်ဘက်ဆီမှ ဘဲလ်ထရစ်၏ အသံကို ကြားလိုက်ရသည်..။

"ငါ နင့်ကို ထပ်မေးမယ်.. ဒီဓားကို ဘယ်ကရလာတာလဲ..."

"ကျွန်မတို့ ကောက်ရလာတာ .. မလုပ်ပါနဲ့..."

ဟာမီယွန် နောက်တစ်ခါ အော်ဟစ်ပြန်၏..။ ရွန်မှာ ရုန်းကန်ပြန်၏..။ ထို့ကြောင့် တံစဉ်းမှာ ဟယ်ရီ့လက်ကောက်ဝတ်ကို လှီးမိတော့သည်..။

လူနာက လေသံမျှဖြင့်...

"ရွန် ငြိမ်ငြိမ်နေစမ်းပါ.. ငါ ဘာမှ မြင်ရတာ မဟုတ်ဘူး..."

ရွန်က...

"ငါ့အိတ်ကပ်ထဲမှာ.. အိတ်ကပ်ထဲမှာ.. အလင်းထိန်းကိရိယာ ရှိတယ်..."

စက္ကန့်ပိုင်းအတွင်းမှာပင် ခလုတ်နှိပ်သံနှင့်အတူ ရွက်ဖျင်တဲထဲမှ စုပ်ယူထားခဲ့သော အလင်းလုံးကလေးများမှာ ပြန်၍ လင်းထိန်စွာ ထွက်ပေါ်လာ၏..။ သို့ရာတွင် မီးအိမ်မရှိတော့ပြီမို့

လေထဲတွင်သာ တွဲလောင်းခိုကာ အခန်းတစ်ခန်းလုံးကို အလင်းရောင် ပေးထား၏..။

ဟယ်ရီ လူနာ၏ ဖွေးဆွတ်နေသော မျက်နှာကို စတင်တွေ့လိုက်ရသည်။ အခန်းထောင့်တစ်နေရာ၌မူ ခွေခွေလေး မလှုပ်မယှက် လဲလျောင်းနေသော မစ္စတာ အိုလီဗန်ဒါကို တွေ့ရ၏..။

ဟယ်ရီ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ရာ သူတို့နှင့်အတူ အချုပ်ခံထားရသော ဒင်းန်နှင့် ဂရစ်ဟွတ်တို့ကို တွေ့လိုက်ရသည်..။

ထိုအချိန်မှာပင် ဘဲလ်ထရစ်၏ အသံကို ကြားရပြန်၏..။

“မျိုးမစစ်တဲ့ ကောင်မ .. နင်ညာနေတာ.. နင် ငါ့ရဲ့ ငွေတိုက်ခန်းထဲက သွားခိုးလာတာ မဟုတ်လား.. အမှန်ကို ဝန်ခံစမ်း...”

နောက်ထပ် စူးစူးဝါးဝါး အော်ဟစ်သံကို ကြားရပြန်၏..။

“ဟာမီယွန်...”

“နင်တို့ ဘာတွေ ယူလာခဲ့ကြသေးလဲ.. ပြောစမ်း.. မပြောရင် ဒီဓားနဲ့ပဲ နင့်ကို သတ်ရလိမ့်မယ်...”

“ရပြီ...”

လူနာ့အသံနှင့်အတူ သူ့ကိုချည်ထားသော ကြိုးများ ပြေလျော့သွားသည်ကို ဟယ်ရီ ခံစားလိုက်ရသည်..။ ရွန်က အခန်းအတွင်း ပတ်ပြေးရင်း ထွက်ပေါက်ရှာနေ၏..။ ဒင်းန်မှာ

မျက်နှာတစ်ခုလုံး ပွန်းပဲ့ရာ သွေးစသွေးနများနှင့် ပြည့်နေပြီး အခန်းအလယ်ဝယ် တုန်တုန်ရီရီနှင့် ရပ်နေ၏..။ ဂရစ်ဟွတ်မှာမူ ကြမ်းပြင်ပေါ်ဝယ် ပက်လက်လန်လျှက် ရှိသည်..။

ရွန်က မှော်တောင်ဝှေး မရှိပဲ ကိုယ်ယောင်ဖျောက်သွားရန် ကြိုးစားနေ၏...။ လူနာက...

“ဒီလိုလုပ်နေလို့ အလကားပဲ ရွန်... ငါလည်း ကြိုးစားကြည့်ပြီးပြီ.. မစ္စတာအိုလီဗန်ဒါဆို ဒီမှာရောက်နေတာ ကြာလှပြီ.. သူ အားလုံး ကြိုးစားကြည့်ပြီးပြီ”

ဟာမီယွန်၏ အော်ဟစ်သံကို ကြားရပြန်၏..။ ထိုအသံမှာ ဟယ်ရီ့ရင်ကို နာကျင်စေ၏..။ သူ့နဖူးမှ အမာရွတ်၏ နာကျင်မှုကြောင့် သတိလစ်လုမတတ် ဖြစ်နေရင်းမှ သူ အခန်းတွင်း

ပြေးလွှားရင်း ထွက်ပေါက်ရှာနေမိသည်။ သို့ရာတွင် ဘာမှထူးမလာနိုင်မှန်း သူ့စိတ်ထဲမှ သိနေသည်..။

"နင်တို့ ဘာတွေ ယူလာသေးသလဲ .. ပြောစမ်း.. ပြောစမ်း... ခရူစီယို"

ဟာမီယွန့်အော်ဟစ်သံမှာ ပဲ့တင်ထပ်ကာ ဆက်ကာဆက်ကာ ကြားနေရ၏..။ ရွန်မှာ ရှိုက်ငိုရင်းနှင့် နံရံကို လက်သီးဖြင့် အဆက်မပြတ် ထုနှက်နေ၏..။ ဟယ်ရီ သူ့လည်ပင်းရှိ

ဟက်ဂရစ်ပေးထားသည့် အိတ်အတွင်း လက်နှိုက်ကာ ရှာဖွေလိုက်သည်...။

ဒမ်ဘယ်လ်ဒိုးပေးထားသော ရွှေဘောလုံးကို လက်ထဲတွင် လှုပ်ခါကြည့်သော်လည်း ဘာမှ ထူးခြားမလာပေ..။ သူ၏ ကျိုးပဲ့နေသော မှော်တောင်ဝှေးကို ဝှေ့ယမ်းကြည့်သော်လည်း ထူးခြားမှု

မရှိပေ..။ မှန်ကွဲစလေးမှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားပြီးနောက် တောက်ပနေသော အပြာရောင် အရာတစ်ခုကို သူ တွေ့လိုက်ရသည်..။

ဒမ်ဘယ်လ်ဒိုး၏ အပြာရောင်မျက်လုံးများမှာ မှန်ကွဲစထဲမှနေ၍ သူ့ကို ငေးကြည့်နေ၏..။ သူ ရူးသွပ်လုမတတ်အသံဖြင့် အော်ဟစ်လိုက်သည်...။

"ကယ်ပါဦး.. ကျွန်တော်တို့ မယ်လ်ဖွိုင်းအိမ်ရဲ့ အချုပ်ခန်းထဲမှာ အဖမ်းခံနေရတယ်... ကယ်ပါ..."

အပြာရောင်မျက်လုံးတစ်စုံမှာ မျက်တောင်တစ်ချက် ခတ်လိုက်ပြီးနောက် ပျောက်ကွယ်သွား၏..။

ဟယ်ရီ သူမြင်လိုက်သလား မမြင်လိုက်သလား မသေချာ..။ မှန်ကွဲစကို ကောက်ကိုင်ကြည့်သော်လည်း အကျဉ်းခန်းနံရံများ ရောင်ပြန်ဟပ် ပုံရိပ်ထင်နေသည်မှ အပ ဘာကိုမှ မတွေ့ရချေ..။

အပေါ်ထပ်ဆီမှ ဟာမီယွန်၏ အော်ဟစ်သံမှာ ပို၍ ပို၍ ဆိုးဝါးလာနေသလို ရွန်ကလည်း အော်ဟစ်နေ၏..။

"ငါ့ရဲ့ ငွေတိုက်ထဲ ဘယ်လိုဝင်ခဲ့သလဲ.. အချုပ်ခန်းထဲက ဂေါ်ဘလင်က ကူညီတာလား.."

ဘဲလ်ထရစ်၏ အော်ဟစ်သံကို ကြားနေရသည်..။ ဟာမီယွန်က ငိုရှိုက်ရင်းနှင့်...

"ရှင်... ရှင့်ရဲ့ ငွေတိုက်ထဲကို လုံးဝမဝင်ဖူးဘူး.. ဒါ... ဒါ တကယ့် ဓားမဟုတ်ဘူး... ဓားအတုပါ..."

"ဓားအတုဟုတ်လား.. မညာချင်စမ်းပါနဲ့..."

လူးစီးယပ်စ်၏ အသံက..

"ဒီအတိုင်းတော့ သိမှာ မဟုတ်ဘူး... ဒရာကို... ဂေါ်ဘလင်ကို သွားခေါ်လာခဲ့.. သူဆိုရင် အစစ်လား အတုလား ... သိမှာပဲ..."

ဟယ်ရီ ဂရစ်ဟွတ် လဲကျနေသော နေရာသို့ အပြေးအလွှား သွားရင်း...

"ဂရစ်ဟွတ်.."

သူ ဂေါ်ဘလင်၏နားအနီးကပ်ကာ လေသံတိုးတိုးဖြင့်...

"သူတို့ကို ဒီဓားဟာ အတုလို့ ပြောပေးပါ ဓားအစစ်မှန်း သိလို့မဖြစ်ဘူး"

အချုပ်ခန်းလှေကားအတိုင်း ဆင်းလာသော ခြေသံကို ကြားလိုက်ရပြီး မကြာခင်မှာပင် တံခါးတစ်ဘက်ဆီမှ ဒရာကို၏ တုန်ရီနေသော အသံကို ကြားလိုက်ရသည်။

"အားလုံးနံရံကိုမှီပြီး ရပ်နေကြ.. ဘာမှ မကြံစည်ကြနဲ့.. ငါ ... ငါ မင်းတို့ကို သတ်မိလိမ့်မယ်..."

သူတို့အားလုံး နံရံကိုကပ်ပြီးချိန်ဝယ် သော့ဖွင့်သံကြားရ၏..။ ရွန်က အလင်းထိန်းကိရိယာကို ခလုတ်နှိပ်ကာ အလင်းရောင်ကို သိမ်းလိုက်သဖြင့် အချုပ်ခန်းတစ်ခုလုံး

မှောင်မည်းသွား၏...။

တံခါးပွင့်လာပြီးနောက် မယ်လ်ဖွိုင်း အတွင်းသို့ ဝင်လာ၏..။ မှော်တောင်ဝှေးကို အသင့်ချိန်ထားရင်း ဂေါ်ဘလင်ကို လက်တစ်ဘက်ဖြင့် ဆွဲကာ အခန်းတွင်းမှ ထွက်သွားတော့သည်..။

တံခါး ဝုန်းကနဲ ပိတ်သံနှင့်အတူ ကျယ်လောင်သော 'ဖောက်'ကနဲ အသံတစ်သံက အကျဉ်းခန်းအတွင်း ပဲ့တင်ထပ်သွား၏..။

ရွန်က အလင်းထိန်းကိရိယာကို ခလုတ်ပြန်နှိပ်လိုက်သည်..။ အလင်းလုံးသုံးလုံးက အခန်းထဲသို့ ပြန်၍ ရောက်ရှိလာ၏..။

အလင်းရောင်နှင့်အတူ အခန်းထဲသို့ ကိုယ်ယောင်ဖော်ကာ ရောက်လာသော အိမ်ဖော်မှင်စာလေး ဒေါ်ဘီကို တွေ့လိုက်ရသည်...။

"ဒေါ့..."

ဟယ်ရီ ရှန့်လက်မောင်းကို ထိုးထည့်လိုက်သဖြင့် မအော်နိုင်ပဲ ဖြစ်သွား၏..။ သူ့အမှားအတွက် ရှန် ထိတ်လန့်သွားပုံပင်..။ သူတို့အပေါ်မှ ဂရစ်ဟွတ်ကို ဆွဲခေါ်သွားသည့် ဒရာကို့

ခြေသံမှာ တဖြည်းဖြည်း ဝေးသွား၏..။

ဒေါ်ဘီ၏ တင်းနစ်ဘောလုံးခန့်ကြီးမည့် မျက်လုံးများမှာ ပို၍ ပြူးကျယ်နေ၏။ သူ့နားရွက်ဖျားမှ ခြေထောက်ထိ တစ်ကိုယ်လုံး တုန်ခါနေ၏..။ သူ၏ သခင်ဟောင်းအိမ်ကို

ပြန်ရောက်နေသည့်အတွက် ကြောက်ရွံ့နေသည်မှာ အသိအသာပင်...။

သူက တုန်ရီနေသော ခပ်တိုးတိုးလေသံဖြင့် ဖြစ်ညှစ်၍ ...

"ဟယ်ရီပေါ်တာ.. ဒေါ်ဘီ ဟယ်ရီပေါ်တာ့ကို လာကယ်တာပါ..."

"ဒါ.. ဒါပေမယ့် ဘယ်လိုလုပ်ပြီး..."

ထိုအချိန်မှာပင် ဟာမီယွန်၏ စူးစူးဝါးဝါး အော်ဟစ်သံကို ထပ်မံကြားလိုက်ရပြန်သည်..။ ထို့ကြောင့် သူ အရေးကြီးသည့် စကားကို မေးလိုက်သည်..။

"မင်း ဒီအချုပ်ခန်းထဲက ကိုယ်ယောင်ဖျောက်ထွက်နိုင်သလား..."

ဒေါ်ဘီက နားရွက်များကို တဖြည်းဖြည်းခတ်ရင်း ခေါင်းညိတ်ပြ၏..။

"လူတွေကိုပါ မင်းနဲ့အတူတူ ခေါ်သွားနိုင်သလား..."

ဒေါ်ဘီက ထပ်၍ ခေါင်းညိတ်ပြန်၏...။

"ကောင်းပြီ ဒေါ်ဘီ.. ဒါဆိုရင် လူနာ... ဒင်းန်နဲ့ မစ္စတာ အိုလီဗန်ဒါကို သယ်ပြီးတော့ .. ပြီးတော့..."

ရှန်ကဝင်၍..

"ဘီလ်နဲ့ ဖလူရာတို့ဆီကိုသွား.. တင်ဝေါ့သ်အစပ်မှာ ရှိတဲ့ ခရုခွံစံအိမ်ဆီကိုသွား..."

ဒေါ်ဘီက ခေါင်းညိတ်လိုက်ပြန်၏...။

"ပြီးတော့ ဒီကို ပြန်လာခဲ့.. ဘယ်လိုလဲ ဒေါ်ဘီ .. ဖြစ်မယ် မဟုတ်လား.."

"ဖြစ်ပါတယ် ဟယ်ရီပေါ်တာ..."

ဒေါ်ဘီက လေသံတိုးတိုးဖြင့် ဖြေရင်း မစ္စတာအိုလီဗန်ဒါဆီ အမြန်ပြေးသွား၏..။ အိုလီဗန်ဒါအား လက်တစ်ဘက်ဖြင့် ဆုပ်ကိုင်လိုက်ပြီးနောက် ကျန်လက်တစ်ဘက်ကို

လူနာနှင့်ဒင်းန်တို့ဆီ ကမ်းပေးလိုက်သည်..။ သို့ရာတွင် နှစ်ယောက်စလုံး မလှုပ်ကြချေ..။ လူနာက..

"ဟယ်ရီ.. ငါတို့ နင့်ကို ကူညီချင်တယ်.."

ဒင်းန်က..

"ငါတို့ မင်းတို့ကို ဒီမှာ မထားခဲ့နိုင်ဘူး..."

"မင်းတို့နှစ်ယောက်စလုံး သွားကြ.. ဘီလ်နဲ့ ဖလူရာဆီမှာ ဆုံမယ်..."

ဟယ်ရီ စကားပြောနေစဉ်မှာပင် သူ၏ အမာရွတ်က ပို၍ ဆိုးဝါးစွာ နာကျင်လာ၏..။ သူ့မျက်စိထဲတွင် အိုလီဗန်ဒါကို မမြင်တော့ပဲ ပို၍ပိန်ကာ အိုမင်းသော အဘိုးအိုတစ်ယောက်

ရယ်မောနေသည်ကို မြင်လာရသည်× × ×

"ငါ့ကို သတ်လိုက်စမ်းပါ ဗိုဒီမော့.. ငါက သေချင်နေတာပါ.. ဒါပေမယ့် ငါသေသွားလည်း မင်းလိုချင်တာ မရစေရဘူး.. မင်းနားမလည်တာတွေ အများကြီး ရှိသေးတယ်.."

ဗိုဒီမော့၏ ဒေါသကို သူခံစားမိသည်..။ ထိုအချိန်မှာပင် ဟာမီယွန်၏ အော်ဟစ်သံက သူ့ကို ပစ္စုပ္ပါန်အနေအထားသို့ ပြန်၍ ဆွဲခေါ်လိုက်၏..။

"သွားကြတော့.. သွားကြတော့.. ငါတို့ လိုက်ခဲ့မယ်.. သွားတော့..."

သူတို့ မှင်စာလေး၏လက်ကို လှမ်းဖမ်းလိုက်ကြသည်..။ ထို့နောက်တွင် 'ဖောက်'ကနဲ မြည်သံနှင့်အတူ လူနာ.. ဒင်းန်နှင့် အိုလီဗန်ဒါတို့ ဒေါ်ဘီနှင့်အတူ ပျောက်ကွယ်သွားကြသည်..။

လူးစီးယပ်စ်မယ်လ်ဖွိုင်းက...

"ဘာသံလဲ.. ကြားလိုက်ကြသလား.. အချုပ်ခန်းထဲက အသံထင်တယ်"

ဟယ်ရီနှင့်ရွန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

"ဒရာကို.. နေဦး .. ကြွက်မြီးကို သွားကြည့်ခိုင်းလိုက်..."

အပေါ်ထပ်ဆီမှ ခြေသံများကြားလိုက်ရပြီးနောက် ရုတ်တရက် တိတ်ဆိတ်သွား၏..။ ဧည့်ခန်းထဲရှိလူများ အချုပ်ခန်းထဲမှ အသံများကို နားစွင့်နေမှန်း သိလိုက်ရသည်။

"ငါတို့ သူ့ကို ဆော်ကြရအောင်..."

သူ ရွန့်ကို ခပ်တိုးတိုး ပြောလိုက်သည်..။ သူတို့တွင် ရွေးချယ်စရာ မရှိချေ.. အခန်းထဲသို့ ဝင်လာပြီး အကျဉ်းသားသုံးယောက် မရှိတော့သည်ကို တွေ့သည်နှင့် သူတို့ ပြဿ

နာတက်ပေပြီ...။

"မီးကို ဒီအတိုင်း ထွန်းထားလိုက်..."

ဟယ်ရီ ထပ်ပြောလိုက်ချိန်မှာပင် လှေကားအတိုင်း ဆင်းလာသော ခြေသံကို ကြားရ၏..။ သူတို့ တံခါးပေါက်နားရှိ နံရံတွင် ကပ်နေလိုက်ကြသည်...။

"နောက်ကို ဝေးဝေးဖယ်နေကြစမ်း.. ငါဝင်လာခဲ့မယ်..."

တံခါးပွင့်သွားသည်နှင့် အချုပ်ခန်းထဲဝယ် လူမရှိပဲ အလင်းလုံးသုံးလုံးသာ လေထဲတွင် လွင့်မျောနေသည်ကို ကြွက်မြီး တွေ့လိုက်ရသည်။

ထို့နောက်တွင် ရုတ်ချည်းပင် ဟယ်ရီရော ရွန်ပါ သူ့ကို ခုန်အုပ်လိုက်ကြသည်..။ ရွန်က ပီတာ၏လက်ထဲမှ မှော်တောင်ဝှေးကို အပေါ်သို့ မြှောက်ထားလိုက်ပြီး ဟယ်ရီက သူ့ပါးစပ်ကို

အတင်းပိတ်ထား၏..။ တိတ်ဆိတ်စွာပင် သူတို့ လုံးထွေးနေကြသည်..။ ပီတာ၏ မှော်တောင်ဝှေးမှ မီးပွင့်များ ထွက်နေပြီး သူ၏ ငွေရောင်လက်မှာ ဟယ်ရီ့လည်ပင်းပေါ်သို့

ရောက်လာ၏..။

"ဘာဖြစ်တာလဲ ကြွက်မြီး..."

လူးစီးယပ်စ်၏ အသံက အပေါ်ထပ်မှ ထွက်ပေါ်လာ၏..။

ရွန်က ပီတာ့အသံနှင့် တူနိုင်သမျှ တူစေရန် ကြိုးစားရင်း

"ဘာမှ မဖြစ်ပါဘူး.. အားလုံး အခြေအနေကောင်းပါတယ်..."

ဟယ်ရီ အသက်ရှူရ ခက်လာ၏..။ အသက်ကို ခက်ခက်ခဲခဲ ရှူနေရင်းမှ...

"ခင်ဗျားက ကျုပ်ကိုသတ်တော့မယ်ပေါ့.. ခင်ဗျားအသက်ကို ကျုပ်ကယ်ခဲ့တယ်လေ.. မေ့နေပြီလား ကြွက်မြီး..."

ငွေရောင်လက်ချောင်းများ နောက်သို့ ပြန်ဆုတ်သွား၏..။ ဟယ်ရီ ထိုသို့ဖြစ်လာလိမ့်မည်ဟု ထင်မထားခဲ့ပေ..။ သူ တအံ့တသြနှင့် ရုန်းထွက်ရင်း ကျန်လက်တစ်ဘက်ကမူ

ကြွက်မြီး၏ပါးစပ်ကို ဆက်၍ ပိတ်ထား၏..။

ပီတာ၏ မျက်နှာတွင်လည်း အံ့သြသော အရိပ်အယောင်ကို တွေ့လိုက်ရသည်။ ဤကဲ့သို့ ဖြစ်လိမ့်မည်ဟု သူ့ကိုယ်တိုင်လည်း ထင်ထားပုံမရချေ...။

"ရပြီဟေ့..."

ရွန်က ခပ်တိုးတိုးပြောရင်း ပီတာ၏ မှော်တောင်ဝှေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားလိုက်သည်..။

မှော်တောင်ဝှေး ကင်းမဲ့သွားသော ပီတာပက်တီဂရူး၏ မျက်လုံးများတွင် ကြောက်ရွံ့မှုတို့ ဖုံးလွှမ်းသွား၏..။ ထိုအချိန်မှာပင် သူ၏ ငွေရောင်လက်ချောင်းများမှာ သူ့လည်ပင်းဆီသို့ ပြန်၍

ဦးတည်သွားတော့သည်...။

ဟယ်ရီ လုံးဝတွေဝေမှု မရှိပဲ ပီတာ၏ လက်များကို ပြန်၍ ဆွဲယူလိုက်သည်..။ သို့ရာတွင် မည်သို့မျှ ရပ်တန့်၍ မရပဲ ရှိသည်...။

ဗိုဒီမော့က သူ၏ သတ္တိနည်းလှသော အစေအပါးကို ချီးမြှင့်ထားသည့် ငွေရောင်လက်ချောင်းများမှာ ယခုအခါ မော်တောင်ဇောမရှိတော့သည့် အသုံးမကျသော ပိုင်ရှင်ကို ပြန်၍

ဒုက္ခပေးနေချေပြီ..။ ပက်တီဂရူးမှာ သူတို့ရှေ့တွင်ပင် ကိုယ့်လည်ပင်းကိုယ် ညှစ်နေလေပြီ..။

ယခုအခါတွင် ရွန်ကပါ ဟယ်ရီနှင့်အတူတူ ပက်တီဂရူး၏ လည်ပင်းပေါ်မှ ငွေရောင်လက်ချောင်းများကို ဝိုင်းဖယ်ပေးသော်လည်း အသုံးမဝင်ချေ..။ ပက်တီဂရူး၏ မျက်နှာမှာ

ပြာနှမ်းလာ၏..။

"ရီလက်ရှ်ရီယို..."

ရွန်က လက်ချောင်းများကို မော်တောင်ဇောနှင့်ချိန်ကာ ဖယ်ထုတ်ရန် ဂါထာရွတ်သော်လည်း အလကားပင်..။ ပက်တီဂရူး ဒူးထောက်ကျသွားသော အချိန်မှာပင် အပေါ်ထပ်ဆီမှ

ဟာမီယွန်၏ အော်ဟစ်သံကို ကြားလိုက်ရပြန်သည်..။ ပက်တီဂရူး၏ မျက်လုံးများ အထက်သို့ လန်သွားပြီးနောက် တစ်ချက်မျှ အကြောဆွဲကာ ငြိမ်သက်သွား၏..။

ဟယ်ရီနှင့် ရွန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း လှေကားပေါ်သို့ အပြေးတက်သာ မှောင်မည်းနေသော လမ်းအတိုင်း ဧည့်ခန်းဆီသို့ ပြေးလာခဲ့ကြသည်။

အခန်းတံခါးဝရောက်သည်အထိ တိတ်တဆိတ် ချဉ်းကပ်လာခဲ့သည်။ အခန်းတံခါးမှာ ဟင်းလင်းပွင့်နေပြီး ဘဲလ်ထရစ်နှင့် ဂရစ်ဟွတ်တို့ကို တွေ့ရ၏...။

ဂရစ်ဟွတ်၏ လက်ထဲတွင် ဂရစ်ဖင်ဒေါ်ဓားကို ကိုင်ထားသည်..။ ဟာမီယွန်မှာ ဘဲလ်ထရစ်၏ ခြေရင်းတွင် လဲကျနေ၏..။

ဘဲလ်ထရစ်က...

"ကဲ.. ပြောစမ်း.. ဒါ ဓားအစစ်လား..."

ဟယ်ရီ အသက်ပင် မရှူမိပဲ နားထောင်နေမိသည်...။

"မဟုတ်ဘူး.. ဒါ အတုကြီး..."

"သေချာသလား.. တကယ်ပဲလား..."

"သေချာပါတယ်..."

ဘဲလ်ထရစ်၏ မျက်နှာမှာ အကြီးအကျယ် စိတ်သက်သာရာ ရသွားပုံပေါ်၏...။

"တော်သေးတာပေါ့..."

ထို့နောက် သူမ၏ မော်တောင်ဝှေးကို ဝှေ့ယမ်းလိုက်ရာ ဂေါ်ဘလင်၏ မျက်နှာတွင် ပြတ်ရှရာကြီးတစ်ခု ဖြစ်ပေါ်သွား၏..။ ဂရစ်ဟွတ်မှာ စူးစူးဝါးဝါး အော်ဟစ်ရင်း လဲကျသွားသည်..။

သူမက ဂေါ်ဘလင်ကို ဘေးသို့ ကန်ထုတ်လိုက်ရင်း...

"ကဲ.. အခု သခင်ကြီးကို ခေါ်ဖို့ အချိန်တန်ပြီ..."

ထို့နောက်တွင် ဟယ်ရီ့အမာရွတ်မှာ ဆိုးဆိုးဝါးဝါး နာကျင်လာ၏..။ သူ့ပတ်ဝန်းကျင်တစ်ခုလုံး ပျောက်ကွယ်သွားပြီးနောက် သူ့ကိုယ်သူ ဗိုဒီမော့အဖြစ် မြင်လာရသည် × × ×

သူ့ရှေ့ရှိ အရိုးစုတမျှ ပိန်လှသော အဘိုးအိုမှာ ဟက်ဟက်ပက်ပက် ရယ်မောနေ၏..။ ထိုအချိန်မှာပင် သူ့ကို ဆင့်ခေါ်သည်ကို ခံစားလိုက်ရသည်..။ သူ့ကို ပေါ်တာကြောင့်မှလွဲ၍ မခေါ်ရန်

သတိပေးထားခဲ့သည်..။

အဘိုးအိုက...

"ငါ့ကို သတ်လိုက်စမ်းပါ.. မင်း ဘယ်တော့မှ မနိုင်နိုင်ဘူး.. ဒီတောင်ဝှေးကို မင်း ဘယ်တော့မှ ပိုင်မှာ မဟုတ်ဘူး..."

ဗိုဒီမော့၏ဒေါသ အကြီးအကျယ် ပေါက်ကွဲသွားပြီးနောက် အကျဉ်းခန်းတစ်ခုလုံး အစိမ်းရောင်အလင်းတန်းများ ဖုံးလွှမ်းသွားကာ အဘိုးအို၏ ခန္ဓာကိုယ်မှာ မြောက်တက်သွားပြီး

ကုတင်ပေါ်သို့ အသက်ကင်းမဲ့စွာ ပြုတ်ကျသွား၏..။ ထို့နောက် ဒေါသတကြီးဖြင့် ပြတင်းပေါက်ဆီ ဦးတည်လိုက်သည် × × ×

ဘဲလ်ထရစ်က...

"ကဲ...ဒီမျိုးမစစ်မလေးကို ရှင်းပစ်ဖို့ သင့်ပြီ.. ဂရေးဘက်ခ်.. ရှင်ခေါ်ချင်ရင် ခေါ်သွားနိုင်ပြီ..."

"ရပ်လိုက်..."

ရွှန်က အသံကုန်အော်ဟစ်ရင်း အခန်းထဲသို့ ပြေးဝင်သွား၏..။ ဘဲလ်ထရစ်မှာ ရုတ်တရက် အကြီးအကျယ် ထိတ်လန့်သွားဟန်ရှိပြီး သူမ၏ မှော်တောင်ဝှေးနှင့် ရွှန့်ကို ချိန်လိုက်သည်..။

"အိပ်စ်ပဲလီယာမတ်စ်..."

သို့ရာတွင် ရွှန်၏ အော်ဟစ်သံနှင့်အတူ ဘဲလ်ထရစ်၏ မှော်တောင်ဝှေးမှာ လက်ထဲမှ လွင့်ထွက်သွားပြီး ရွှန့်နောက်မှ ပြေးလိုက်လာသော ဟယ်ရီ့လက်ထဲသို့ ရောက်သွား၏..။

လူးစီးယပ်စ်.. နာဆစ်ဆာ.. ဒရာကိုနှင့် ဂရေးဘက်ခ်တို့ ချက်ချင်း သူတို့ဘက်သို့ လှည့်လိုက်သည်...။

"စတူပီဖိုင်း..."

ဟယ်ရီ့အော်ဟစ်သံနှင့်အတူ လူးစီးယပ်စ် မယ်လ်ဖွိုင်းမှာ လဲကျသွား၏..။ ဒရာကို.. နာဆစ်ဆာနှင့် ဂရေးဘက်ခ်တို့ထံမှ အလင်းတန်းများ သူ့ထံ စုပြုံပြေးဝင်လာသဖြင့် ဟယ်ရီ

ကြမ်းပြင်ပေါ် လိမ့်ချရင်း ဆိုဖာနောက်ကွယ်တွင် နေရာယူလိုက်ရသည်။

"ရပ်စမ်း.. မရပ်ရင် သူ့ကို သတ်ပစ်လိုက်မယ်..."

ဟယ်ရီ ဆိုဖာအကွယ်မှ အသာချောင်းကြည့်လိုက်သည်..။ ဘဲလ်ထရစ်မှာ မေ့မျောနေသော ဟာမီယွန်ကို ဆွဲမထားရင်း သူမ၏ ငွေရောင်ဓားဖြင့် လည်ပင်းကို တေ့ထား၏..။

"မင်းတို့ တောင်ဝှေးတွေ ချလိုက်ကြ.. မချရင် ငါတို့ သူ့သွေး ဘယ်လောက်ညစ်ပတ်သလဲ ကြည့်ရလိမ့်မယ်..."

ရွှန်မှာ ကြွက်မြီး၏ တောင်ဝှေးကို ကိုင်လျှက် မလှုပ်မယှက် ရပ်နေ၏..။ ဟယ်ရီပါ ဘဲလ်ထရစ်၏ တောင်ဝှေးကို ကိုင်ရင်း မတ်တတ်ထရပ်လိုက်သည်..။

"ချလိုက်လို့ ပြောနေတယ်လေ..."

သူမက ဓားကို ပို၍ အားစိုက်ကာ ဖိချလိုက်သည်..။ သွေးစက်တချို့ စီးကျလာသည်ကို တွေ့ရသည်..။

"ကောင်းပြီ.."

ဟယ်ရီ သူ့မှော်တောင်ဝှေးကို လွှတ်ချလိုက်ချိန်တွင် ရွန်လည်း လက်ထဲမှ တောင်ဝှေးကို လွှတ်ချလိုက်သည်..။ ထို့နောက် နှစ်ယောက်စလုံး လက်မြှောက်ထားလိုက်ကြသည်..။

"ကောင်းတယ် .. ဒရာကို.. တောင်ဝှေးတွေကို ကောက်လိုက်စမ်း.. မိစ္ဆာသခင်ကြီးလာနေပြီ ပေါ်တာ.. မင်းသေရတော့မှာပါ..."

ဟယ်ရီ ကိုယ်တိုင်လည်း သိနေ၏..။ သူ့အမာရွတ်မှာ ပေါက်ကွဲလုမတတ် နာကျင်နေပြီး ဗိုဒီမော့တစ်ယောက် ပင်လယ်ကို ဖြတ်ပျံလာနေမှန်း သူသိ၏..။ မကြာမီ

ကိုယ်ယောင်ဖျောက်လာနိုင်သော နေရာအနီးသို့ ရောက်လာပေတော့မည်..။ ဟယ်ရီ ဘယ်လိုမှ လွတ်လမ်းရှာမရပေ..။

ဒရာကိုမှာ မှော်တောင်ဝှေးများကို ကောက်ယူ၍ နောက်သို့ ခပ်သွက်သွက် ပြန်ဆုတ်သွား၏..။

"ကဲ.. ဒီသူရဲကောင်းလေးတွေကို ပြန်ချည်ထားရအောင်.. မျိုးမစစ်မလေးကိုတော့ မင်းလက်အပ်လိုက်မယ် ဂရေးဘက်ခ်.. သခင်ကြီးက မင်းအကျိုးဆောင်ခဲ့တဲ့အတွက် ဒီလောက်တော့

ခွင့်ပြုမှာ သေချာပါတယ်..."

သူမ၏ စကားသံအဆုံးမှာပင် အပေါ်ဘက်ဆီမှ အသံတချို့ ကြားလိုက်ရ၏..။ သူတို့အားလုံး မော့ကြည့်လိုက်ချိန်မှာပင် မီးပန်းဆိုင်းကြီးမှာ တုန်ခါလာပြီးနောက် ပြုတ်ကျတော့သည်..။

ဘဲလ်ထရစ်မှာ အောက်တည့်တည့်တွင် ရှိနေသဖြင့် စူးစူးဝါးဝါး အော်ဟစ်ရင်း ဟာမီယွန်းကို လွှတ်ချကာ ဘေးသို့ ခုန်ရှောင်လိုက်ရ၏..။

မီးပန်းဆိုင်းကြီးမှာ ဟာမီယွန်းနှင့် ဂရစ်ဖင်ဒေါ်ဓားကို ကိုင်ထားဆဲ ဂေါ်ဘလင်တို့၏ အပေါ်သို့ ပြုတ်ကျကာ ဖန်ကွဲအစအနများ နေရာအနှံ့သို့ လွင့်စင်ကုန်၏..။ ဒရာကိုမှာ သူ့မျက်နှာကို

လက်နှင့် ကာထား၏..။

ရွန်က ဟာမီယွန့်ဆီ ပြေးသွားကာ အပျက်အစီးများကြားထဲမှ ဆွဲထုတ်နေစဉ်မှာပင် ဟယ်ရီ အခွင့်အရေးကို မလွတ်တမ်း အသုံးချလိုက်သည်..။

သူ ကုလားထိုင်လက်တန်းပေါ်မှ တဆင့် ခုန်တက်ကာ ဒရာကို့လက်ထဲမှ မှော်တောင်ဝှေးသုံးချောင်းလုံးကို လုယူလိုက်ပြီး ဂရေးဘက်ခ်ဆီသို့ ချိန်ရွယ်ကာ...

"စတူပီဖိုင်း..."

ဂရေးဘက်ခ်မှာ အလင်းတန်းသုံးခု ပူးပေါင်းထိမှန်ခံရပြီး မျက်နှာကျက်အထိ မြောက်တက်သွားကာ ကြမ်းပြင်ပေါ် ပြုတ်ကျလာ၏..။

နာစစ်ဆာက ဒရာကိုကို ဘေးကင်းရာသို့ ဆွဲခေါ်သွားချိန်မှာပင် ဘဲလ်ထရစ်မှာ ခုန်ထလာပြီးနောက် ငွေရောင်ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်..။ ထိုအချိန်မှာပင် နာဆစ်ဆာက တံခါးဝသို့

မှော်တောင်ဝှေးနှင့် ထိုးချိန်ရင်း အလန့်တကြား အော်ဟစ်လိုက်သည်..။

"ဒေါဘီ.. နင်.. နင် မီးပန်းဆိုင်းကို ဖြုတ်ချလိုက်တာလား..."

ဘဲလ်ထရစ်ပင် ရုတ်တရက် ကြက်သေသေသွား၏..။ မှင်စာလေးမှာ အခန်းတွင်း ဝင်လာရင်း သူ၏လက်ချောင်းများကို သခင်မဟောင်းထံ ချိန်ရွယ်ရင်း..

"ဟယ်ရီပေါ်တာကို ဒုက္ခမပေးရဘူး..."

"ဆစ်ဆီ.. သတ်ပစ်လိုက်..."

ဘဲလ်ထရစ်က အော်ဟစ်လိုက်သည်..။ သို့သော် ထိုအချိန်မှာပင် နောက်ထပ် ဖောက်ကနဲ အသံနှင့်အတူ နာဆစ်ဆာ၏ မှော်တောင်ဝှေးမှာ လွင့်စင်သွားကာ အခန်းထောင့်သို့

ပြုတ်ကျသွား၏..။

"မကောင်းဆိုးဝါးလေး.. နင်က သခင်ကို အာခံရဲသလား..."

ဘဲလ်ထရစ်၏ စကားအဆုံးတွင် ဒေါဘီက..

"ဒေါဘီ့မှာ သခင် မရှိဘူး.. ဒေါဘီက လွတ်လပ်တဲ့ မှင်စာပဲ.. ဒေါဘီ အခု ဟယ်ရီပေါ်တာနဲ့ သူငယ်ချင်းတွေကို လာကယ်တာ.."

ဟယ်ရီ့အမာရွတ်မှာ အလွန်နာကျင်လာ၏..။ ဗိုဒီမော့ တစ်ယောက် စက္ကန့်ပိုင်းအတွင်း ရောက်လာတော့မည်ကို ဟယ်ရီ သိလိုက်သည်..။

"ရွှန်.. ရော့ .. မြန်မြန်.."

သူ မှော်တောင်ဝှေး တစ်ချောင်းကို ရွှန့်ထံ ပစ်ပေးရင်း ဂရစ်ဟွတ်ကို မီးပန်းဆိုင်းအောက်မှ ဆွဲထုတ်လိုက်၏..။ ဓားကို ယခုထက်ထိ ဆုပ်ကိုင်ထားကာ ညည်းညူနေသော ဂရစ်ဟွတ်ကို

ပခုံးပေါ်တွင် ထမ်းရင်း ဟယ်ရီ ဒေါ်ဘီ့လက်ကို ဆွဲကာ ကိုယ်ယောင်ဖျောက်ရမည့် နေရာသို့ ပြေးတော့သည်...။

အမှောင်ထုထဲ မရောက်ခင်လေးမှာပင် အခန်းထဲမှ နောက်ဆုံး အခြေအနေကို ကြည့်လိုက်သည်..။ ကြောင်တောင်တောင်နှင့် ရပ်နေကြသော ဒရာကိုတို့ သားအမိနှင့်အတူ ဘဲလ်ထရစ်

ပစ်လွှတ်လိုက်သော ဓားမြှောင်မှာ သူတို့ ပျောက်ကွယ်သွားသည့် နေရာကို ဖြတ်သန်းသွားသည်ကို တွေ့လိုက်ရ၏..။

"ဘီလ်နဲ့ ဖလူရာတို့ရဲ့ ခရုခွံစံအိမ်.. ခရုခွံစံအိမ်..."

အမှောင်ထုထဲတွင် စီးမျောဝင်သွားရင်း ထိုနေရာကိုသာ သူ အခါခါ ရေရွတ်နေမိ၏..။ သူ့အမာရွတ်မှာ နာကျင်နေပြီး ဂရစ်ဖင်ဒေါ်ဓားမှာ သူ့နောက်ကျောတွင် ရှိနေ၏..။

ဒေါ်ဘီ့လက်ချောင်းများမှာ တုန်ခါလာသည်..။ ထို့ကြောင့် သူ့လက်ချောင်းများဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်..။

ထို့နောက်တွင် သူတို့ မြေပြင်ကို ထိတွေ့မိပြီးနောက် ဆားရနံ့ပါသော လေထုကို ရှူရှိုက်မိ၏..။ ဟယ်ရီ ဒူးထောက်ကျသွားရင်းမှ ဒေါ်ဘီ့လက်ကို လွှတ်ကာ ပခုံးပေါ်မှ ဂရစ်ဟွတ်ကို

မြေပေါ်သို့ ညင်သာစွာ ချထားလိုက်သည်..။

"သက်သာရဲ့လား..."

ဂရစ်ဟွတ်မှာ ညည်းညူသံမျှသာ ပြုနိုင်၏..။

ဟယ်ရီ အမှောင်ထုကို ဖြတ်ကျော်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏..။ မလှမ်းမကမ်းတွင် အိမ်ကလေးတစ်လုံးကို တွေ့ရပြီး လူရိပ်အချို့ကို တွေ့ရသည်..။

"ဒေါ်ဘီ .. ဒါ ခရုခွံစံအိမ်လား..."

ဟယ်ရီ ခပ်တိုးတိုး မေးရင်း သူ လုယူလာခဲ့သော မှော်တောင်ဝှေးနှစ်ချောင်းကို အဆင်သင့်ကိုင်ထားလိုက်သည်...။

"ဒီနေရာအမှန်ပဲလား ဒေါ်ဘီ.."

သူ ဘေးသို့ လှည့်ကြည့်လိုက်သည်..။ မှင်စာလေးမှာ သူနှင့် တစ်ပေခန့်အကွာတွင် ရပ်နေ၏..။

"ဒေါ်ဘီ..."

မှင်စာလေးမှာ တစ်ချက်မျှ တုန်ခါသွားပြီးနောက် သူရော ဟယ်ရီပါ ငုံ့ကြည့်လိုက်ကြသည်..။ ငွေရောင်ဓားသွားတစ်ခုမှာ ဒေါ်ဘီ၏ ရင်ဘတ်မှ ဖောက်ထွက်နေ၏..။

"ဒေါ်ဘီ.. ဒေါ်ဘီ .. ကယ်ကြပါဦး..."

ခပ်ဝေးဝေးမှ လာနေသူများထံ ဟယ်ရီ အော်ဟစ် အကူအညီ တောင်းလိုက်သည်...။

"ကယ်ကြပါဦး..."

ထိုသူများမှာ စုန်းကဝေများလား မက်ဂယ်များလား ဂရုမစိုက်နိုင်အားပေ..။ ရန်သူ ဟုတ်မဟုတ်လည်း သူ ဂရုမစိုက်နိုင်ပေ..။ သူ ယခုအချိန်၌ ဂရုစိုက်သည်မှာ ဒေါ်ဘီသာ ဖြစ်သည်..။

ဒေါ်ဘီက သူ၏လက်များကို ဟယ်ရီ့ထံ ဆန့်တန်းလိုက်သည်..။ ဟယ်ရီ သူ့လက်များကို ဆွဲယူရင်း မြက်ခင်းပေါ်သို့ ဒေါ်ဘီ့ကို ညင်သာစွာ ချထားလိုက်သည်..။

"ဒေါ်ဘီ .. မသေပါနဲ့.. မသေပါနဲ့..."

မှင်စာလေး၏ မျက်လုံးများမှာ သူ့ကို တွေ့သွားပြီးနောက် စကားပြောရန် ကြိုးစားရင်း နှုတ်ခမ်းများ လှုပ်ရှားလာ၏..။

"ဟယ်ရီ.. ပေါ်တာ.."

ထို့နောက်တွင် တစ်ချက်မျှ တုန်ခါသွားပြီးနောက် မှင်စာလေးမှာ လုံးဝငြိမ်သက်သွားတော့သည်..။ သူ၏ မျက်လုံးများမှာ ဖန်လုံးများပမာ ကောင်းကင်ပေါ်မှ ကြယ်များ ရောင်ပြန်

ဟပ်နေသည်မှ အပ ဘာကိုမျှ မြင်ဟန်မရှိတော့ပေ...။

## ၂၄။ မှော်တောင်ဝှေးလုပ်သူ အိုလီဗန်ဒါ

ဟယ်ရီတစ်ယောက် ဒမ်ဘယ်လ်ဒိုး၏ အလောင်းနံဘေးတွင် ဒူးထောက်ထိုင်နေစဉ်ကလိုပင် အိပ်မက်ဆိုးတစ်ခုပမာ ခံစားနေရ၏..။ သူ့ရှေ့တွင် လဲလျောင်းနေသည့် မှင်စာလေး၏ ခန္ဓ

ာကိုယ်ကို သူငေးကြည့်နေမိသည်။ သူ 'ဒေါ်ဘီ'ဟု ဆက်တိုက် ဆက်ခေါ်နေမိသော်လည်း သူ့ကို ပြန်မထူးနိုင်တော့မှန်း သိနေမိသည်..။

မိနစ်ပိုင်းခန့်အကြာတွင် သူတို့ ဘီလ်နှင် ဖလူရာတို့ နေရာသို့ ရောက်လာခဲ့မှန်း သူသိလိုက်သည်..။ ဘီလ်.. ဖလူရာ.. ဒင်းန်နှင့် လူနာတို့ လေးယောက်စလုံး သူ့အနားတွင်

ဒူးထောက်ထိုင်လိုက်ကြသည်..။ ဟယ်ရီ ချက်ချင်းပင်..

"ဟာမီယွန်ရော.. ဘယ်ရောက်သွားသလဲ..."

ဘီလ်က...

"ရွှန် အထဲကို ခေါ်သွားပြီ.. သူပြန်ကောင်းလာမှာပါ..."

ဟယ်ရီ ဒေါ်ဘီ့ကို ပြန်ကြည့်လိုက်ရင်း သူ့ခန္ဓာကိုယ်ထဲတွင် စိုက်ဝင်နေသော ဓားကို ဆွဲနှုတ်ကာ ဒေါ်ဘီ၏ခန္ဓာကကိုယ်ကို သူ၏ ဂျာကင်ဖြင့် စောင်သဖွယ် လွှမ်းခြုံပေးလိုက်သည်..။

ပင်လယ်လှိုင်းပုတ်သံများကို သိပ်မဝေးသော နေရာမှပင် ကြားနေရ၏..။ အခြားသူများ ပြောသမျှ စကားများကို ဟယ်ရီ နားထောင်နေသော်လည်း သူ လုံးဝ စိတ်မဝင်စားပေ..။ ဒင်းန်က

ဂရစ်ဟွတ်ကို အိမ်ထဲသို့ သယ်သွားပြီး ဖလူရာက နောက်မှ အပြေးအလွှား လိုက်ပါသွား၏..။ ဘီလ်ကမူ သူ့နံဘေးတွင် ရပ်လျှက် ကျန်ရစ်ခဲ့သည်..။

သူ ဒေါ်ဘီ့ကို ငုံ့ကြည့်နေစဉ်မှာပင် သူ့နဖူးမှ အမာရွတ်မှာ ပူလောင်နာကျင်လာပြီး ဗိုဒီမော့တစ်ယောက် မယ်လ်ဖွိုင်းစံအိမ်တွင် ကျန်ရစ်ခဲ့သူများကို အပြစ်ပေးနေသည်ကို မြင်လာရ၏..။

ဗိုဒီမော့၏ ဒေါသမှာ အလွန်ပြင်းထန်နေသော်ငြား ဒေါ်ဘီ့အတွက် ဝမ်းနည်းနေသော ဟယ်ရီ့စိတ်က ပိုပြီး ပြင်းထန်နေသဖြင့် သူ့အသိအာရုံမှာ ပင်လယ်ကမ်းခြေသို့

ပြန်ရောက်လာခဲ့သည်..။

ဟယ်ရီ ပထမဆုံးအကြိမ် အဖြစ် စကားစပြောလိုက်သည်..။

"ကျွန်တော် မှော်ပညာမသုံးပဲ သာမန်နည်းအတိုင်း လုပ်ချင်တယ်.. ဂေါ်ပြား မရှိဘူးလား..."

မကြာမီမှာပင် ဘီလ် သူ့ကိုပြသော ဥယျာဉ်၏အဆုံး ချုံပုတ်များကြားထဲ၌ သူတစ်ယောက်တည်း စတင်ကာ တူးဆွတော့သည်..။ မှော်ပညာကို လုံးဝမသုံးပဲ ကျလာသမျှ ချွေးစက်များ

နာကျင်မှုများမှာ သူတို့အားလုံးအသက်ကို အသက်ပေးကယ်ခဲ့သည့် မှင်စာလေးအတွက် ဂုဏ်ပြုနေသလို သူ ခံစားရသည်..။

သူ့အမာရွတ်မှာ နာကျင်နေသော်လည်း ယခုအခါတွင် သူ နာကျင်မှုမှန်သမျှကို ခံနိုင်ရည်ရှိနေပေပြီ..။ သူ နာကျင်နေသော်လည်း သပ်သပ်စီ ခွဲခြားထားနိုင်၏..။ ယခုအခါတွင်

သူ့စိတ်ထဲကို ဗိုဒီမော့ ဝင်မလာနိုင်စေရန် သူ တားဆီးထားနိုင်ပေပြီ...။

ဆီးရီးယပ်စ်အတွက် ဝမ်းနည်းကြေကွဲနေစဉ်ကလည်း ဗိုဒီမော့မှာ သူ့စိတ်ကို လွှမ်းမိုး၍ မရခဲ့ပေ..။ ယခုအခါတွင် ဒေါ်ဘီ့အတွက် သူ ကြေကွဲဝမ်းနည်းနေသဖြင့် ဗိုဒီမော့

ဝင်မလာနိုင်ပေ..။ ဝမ်းနည်းကြေကွဲမှုက သူ့စိတ်ထဲမှ ဗိုဒီမော့ကို ဖယ်ထုတ်ထားနိုင်၏..။ ဒမ်ဘယ်လ်ဒိုးကတော့ ထိုအရာမှာ ချစ်ခြင်းမေတ္တာ ဖြစ်သည်ဟု ဆိုခဲ့သည်။

ဟယ်ရီ တွင်းကို ပို၍နက်သည်ထက် နက်အောင် တူးရင်း နဖူးမှ နာကျင်မှုကို မေ့လျော့ထားခဲ့သည်..။ အမှောင်ထုထဲတွင် သူ၏ အသက်ရှူသံပြင်းပြင်းနှင့် လှိုင်းပုတ်သံများမှအပ ဘာကိုမှ

မကြားရပေ..။

မြေကြီးကို တူးဆွရင်းနှင့်ပင် သူ့အတွေးထဲဝယ် မှော်ဝင်ရတနာများနှင့် ဝိညာဉ်ကိုယ်ပွားများအကြောင်းကို တွေးနေမိသည်..။ ထူးဆန်းသည်မှာ မှော်ဝင်ရတနာများကို ယခင်လို ပြင်းပြစွာ

လိုချင်စိတ် မရှိတော့ခြင်းပင်..။ သူ့ကိုယ်သူ အိပ်မက်မက်ရာမှ နိုးထလာသလို ခံစားနေရ၏..။

ပို၍နက်အောင် တူးရင်း တူးရင်းနှင့် ဗိုဒီမော့ ဘယ်သွားသည်ကို ဟယ်ရီ သိလာ၏..။ သူသိတ်ခဲ့သူကိုလည်း သိလာသည်..။

ကြွက်မြီးမှာလည်း ခေတ္တမျှ သူ့အပေါ် ကြင်နာလိုက်မိ၍ သေဆုံးခဲ့ရသည်..။ ဤအဖြစ်အပျက်ကို ဒမ်ဘယ်လ်ဒိုး ကြိုမြင်ခဲ့သည်မှာ သေချာ၏..။ ဒမ်ဘယ်လ်ဒိုး ဘာတွေများ

ထပ်သိထားသေးသလဲ..။

ဟယ်ရီ အချိန်ကာလတို့ကို မေ့လျော့သွား၏။ အမှောင်ထု တဖြည်းဖြည်း လျော့ပါးသွားချိန်ဝယ် သူ့အနီးသို့ ရွန်နှင့် ဒင်းန်တို့ ရောက်လာ၏..။

"ဟာမီယွန် ဘယ်လိုနေသေးလဲ.."

ရွန်က...

"သက်သာပါတယ်... ဖလူရာ ကုပေးနေတယ်..."

သူ့ကို ဘာကြောင့် မှော်ပညာသုံး၍ သင်္ချိုင်းတစ်ခု မလုပ်သလဲဟု မေးလျှင် ပြန်၍ ပြောရန် စကားလုံး ရှာထားသော်လည်း မလိုအပ်ချေ...။ သူတို့နှစ်ယောက်ပါ သူတူးထားသော တွင်းထဲ

ခုန်ဆင်းလာကာ အားလုံး တိတ်တိတ်ဆိတ်ဆိတ်ပင် ဂေါ်ပြားကိုယ်စီနှင့် တွင်းဆက်တူးကြသည်..။

လုံလောက်သော အနက်ရပြီဟု ထင်ရချိန်ဝယ် ဟယ်ရီ မှင်စာလေးကို သူ့ဂျာကင်နှင့် ပတ်လိုက်သည်..။ ရွန်က သူ့ဖိနပ်ကို ချွတ်ကာ ခြေအိတ်နှစ်ဘက်ကို မှင်စာလေး၏ ခြေထောက်တွင်

စွပ်ပေးလိုက်သည်။ ဒင်းန်က သူ၏ သိုးမွေးဦးထုပ်ကို ဒေါ်ဘီ၏ခေါင်းတွင် ဂရုတစိုက် ဆောင်းပေးလိုက်၏..။

"ငါတို့ သူ့မျက်လုံးတွေကို ပိတ်ပေးရအောင်..."

အခြားသူများ သူတို့အနီး လာနေသည်ကို ဟယ်ရီ သတိမပြုမိပေ..။ ဘီလ်နှင့် ဖလူရာတို့ ရောက်လာပြီး ဖလူရာ့လက်ထဲဝယ် အရိုးပြန်ပေါက်ဆေးရည်ပုလင်းကို တွေ့ရ၏...။ ဟာမီယွန်မှာ

ဖြူဖျော့ကာ ယိုင်နဲ့နေပြီး ရွန်က သူမကို ဖေးမထား၏။

လူနာက မှင်စာလေး၏ မျက်လုံးများကို လက်နှင့်ညင်သာစွာ ပိတ်ပေးလိုက်ရင်း…

“ဒါဆိုရင် သူ အနားယူနိုင်ပါပြီ…” ဟု ပြောလိုက်၏..။

ဟယ်ရီ မှင်စာလေးကို တွင်းအတွင်း၌ချထားကာ ခြေလက်များကို သက်သက်သာသာ ပုံစံဖြစ်စေရန် ပြုပြင်ပေးလိုက်သည်..။ ထို့နောက် တွင်းအပေါ် ပြန်တက်လာကာ နောက်ဆုံးအနေနှင့်

ငုံ့ကြည့်လိုက်သည်..။ ဒမ်ဘယ်လ်ဒိုး၏ အသုဘ စည်ကားလှပုံကို ဟယ်ရီ မြင်ယောင်လာမိသည်..။ ရွှေရောင်ထိုင်ခုံ အများအပြား စီတန်းချထားပြီး ရှေ့ဆုံးတွင် ဝန်ကြီးဌာနတစ်ခုလုံးမှ

လူများရှိ၏..။ အဖြူရောင် ကျောက်သားအုတ်ဂူဖြင့် ဒမ်ဘယ်လ်ဒိုးကို မြှုပ်နှံခဲ့ကြသည်…။

ဒေါ်ဘီလည်း ထိုမျှ ခမ်းနားကြီးကျယ်သော အသုဘ အခမ်းအနားနှင့် ထိုက်တန်သည်ဟု ဟယ်ရီ တွေးမိသည်..။ သို့ရာတွင် အိမ်စေမှင်စာလေးမှာ ယခုအခါ ချုံပုတ်များကြားမှ လက်ဖြင့်

တူးထားရသော တွင်းထဲတွင် လဲလျောင်းနေရသည်..။ လူနာက…

“ငါတို့ တစ်ခုခု ပြောသင့်တယ်လို့ ထင်တယ်.. ငါအရင်ပြောမယ်…”

အားလုံး သူမကို ကြည့်လိုက်ကြသည်..။ သူမက ဒေါ်ဘီ့အား ရည်ညွှန်းကာ စကားစပြော၏..။

“ငါ့ကို အချုပ်ခန်းထဲက ကယ်ထုတ်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် ဒေါ်ဘီ.. နင့်လို ရဲရင့်တဲ့သူတစ်ယောက် သေဆုံးရတာ တကယ့်ကို မတရားတာပဲ.. ငါတို့ကို နင်ဘယ်လို

ကူညီခဲ့တယ်ဆိုတာ အမြဲသတိရနေမှာပါ.. နင် ပျော်ရွှင်ပါစေ…”

သူမက ရွှန်းကို လှည့်ကြည့်လိုက်သည်..။ ရွှန်းက ချောင်းတစ်ချက်ဟန့်လိုက်ရင်း ဝမ်းနည်းနေသော လေသံဖြင့် …

“ကျေးဇူးပဲ ဒေါ်ဘီ…”

ဒင်းန်ကလည်း…

“ကျေးဇူးပဲ…”

ဟယ်ရီ တံတွေးတစ်ချက် မြိုချကာ စိတ်ကို တင်းထားရင်း…

"နှုတ်ဆက်ပါတယ် ဒေါ်ဘီ.. ဂွတ်ဘိုင်..."

သူ ထို့ထက်ပို၍ ရှေ့ဆက်မပြောနိုင်ချေ..။ လူနာက သူ့ကိုယ်စား အားလုံးကို ပြောပေးသွားပေပြီ..။

ဘီလ်က သူ၏ မှော်တောင်ဝှေးကို မြှောက်လိုက်သည့်အခါ ဘေးတွင် ပုံထားသော မြေကြီးများမှာ အလိုအလျှောက်ပင် ဖို့ပြီးသား ဖြစ်သွားကာ အနီရောင် တောင်ပို့ကလေးတစ်ခု

ဖြစ်သွား၏..။

"ကျွန်တော် ဒီမှာ ခဏနေခဲ့ဦးမယ်..."

အားလုံး ထွက်ခွာသွားကြသည်..။ ဟယ်ရီတစ်ယောက်သာ ဒေါ်ဘီ့မြေပုံအနီးတွင် ကျန်ရစ်ခဲ့၏..။ သူ ဟိုဟိုဒီဒီ ကြည့်လိုက်၏..။ ပင်လယ်ကမ်းခြေနားဝယ် အဖြူရောင် ကျောက်တုံးများကို

တွေ့ရ၏..။ အကြီးဆုံး ကျောက်တုံးတစ်တုံးကို ကောက်ယူလာခဲ့ကာ မြေပုံခေါင်းရင်းတွင် ချထားလိုက်သည်...။

သူ့အိတ်ကပ်ထဲမှ မှော်တောင်ဝှေးကို နှိုက်ယူလိုက်သည်။ မှော်တောင်ဝှေး နှစ်ချောင်းကို တွေ့လိုက်ရသည်။ တခြားသူများလက်ထဲမှ လုယူခဲ့သည်မှန်သော်လည်း မည်သူ့ဟာမှန်း

ခွဲမရတော့ပေ..။ ပို၍တိုသော မှော်တောင်ဝှေးကို ကိုင်ရသည်မှာ အဆင်ပြေသဖြင့် ရွေးလိုက်ကာ ကျောက်တုံးကို ချိန်ရွယ်လိုက်သည်..။

သူ ဖြည်းညင်းစွာ ဂါထာရွတ်ရင်းနှင့်ပင် ကျောက်တုံးပေါ်တွင် နက်ရှိုင်းသော အရာများ ထင်လာ၏..။ ဟာမီယွန်သာဆိုလျှင် ပို၍သပ်ရပ်မှု ရှိမည်မှန်း သူသိသည်။ သူ့ထက်လည်း ပို၍

မြန်ဆန်ပေလိမ့်မည်..။

သို့ရာတွင် သူ မြေတွင်းတူးခဲ့သလိုပင် ယခုကိစ္စကိုလည်း သူကိုယ်တိုင် လုပ်ချင်ပေသည်..။ ဟယ်ရီ မတ်တတ်ပြန်ရပ်လိုက်ချိန်ဝယ် ကျောက်တုံးပေါ်၌ ...

"ဤနေရာတွင် လွတ်လပ်သော မှင်စာလေး ဒေါ်ဘီ လဲလျောင်းနေသည်"

သူ့လက်ရာကို ခေတ္တမျှ ကြည့်နေပြီးနောက် ဟယ်ရီ နောက်ပြန်လှည့်လျှောက်လာ၏...။

သူ့အမာရွတ်မှာ အနည်းငယ် နာကျင်နေဆဲပင်..။ သူ့စိတ်ထဲတွင် ကြောက်ရွံ့မှုနှင့်အတူ စိတ်လှုပ်ရှားမှုတို့ပါ ရောယှက်နေ၏..။

သူ အိမ်ထဲဝင်ခဲ့ချိန်ဝယ် အားလုံး ဧည့်ခန်းထဲတွင် ထိုင်ကာ ဘီလ် စကားပြောသည်ကို အာရုံစိုက်နေကြ၏..။

ဟယ်ရီ သူ့ကိုယ်ပေါ်မှ ရွှံ့များ ကော်ဇောကို မပေစေချင်သဖြင့် အပေါက်ဝတွင် ရပ်ရင်း နားထောင်နေလိုက်သည်..။

"ဂျင်နီ ကျောင်းပိတ်နေတာ ကံကောင်းတာပဲ.. သူသာ ဟော့ဝဂ်မှာဆိုရင် သူ့ကို ငါတို့ မရောင်နိုင်ခင် မိသွားလိမ့်မယ်.. အခုဆိုရင် သူလည်း အန္တရာယ်မရှိတော့ဘူး.."

ဘီလ်က ရုတ်တရက် ဟယ်ရီ့ကို မြင်သွား၏..။

"ငါ အားလုံးကို ဘာရိုးက ခေါ်ထုတ်လာခဲ့ရတယ်... သူတို့ကို မြူရီရယ်လ်အိမ် ပို့ထားရတယ်.. ဒက်အိတာတွေက အခုဆိုရင် ရွန်နဲ့မင်း အတူတူရှိနေတယ်ဆိုတာ သိကုန်ပြီ.. ဒီတော့ ငါတို့

မိသားစုနောက်ကို လိုက်တော့မယ်.. မင်း တောင်းပန်စရာ မလိုဘူး ဟယ်ရီ..."

ဟယ်ရီ့မျက်နှာပေါ်မှ အမူအရာကို ကြည့်၍ ဘီလ်က တားမြစ်လိုက်သည်။

"ဒီကိစ္စဟာ အနေးနဲ့အမြန် ဖြစ်လာမှာပဲ.. အဖေ ပြောနေတာ လအတော်ကြာပြီ.. ငါတို့ မိသားစုဟာ အကြီးဆုံး သစ္စာဖောက် မိသားစုပဲ..."

ဟယ်ရီက...

"သူတို့ကို ဘယ်လို ကာကွယ်ထားသလဲ..."

"ဖီဒီးလီ းယပ်စ် မန္တန်နဲ့ပဲလေ.. အဖေက လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားတယ်.. ဒီအိမ်မှာလည်း ဒီလိုပဲ.. ငါက လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားတယ်.. ငါတို့အားလုံး ဘယ်သူမှတော့

အလုပ်သွားလုပ်လို့ မရတော့ဘူး... ဒါပေမယ့် အခုအချိန်မှာ ဒီ့ထက်အရေးကြီးတာတွေ ရှိသေးတယ်.. အိုလီဗန်ဒါနဲ့ ဂရစ်ဟွတ်တို့ သက်သာတာနဲ့ မြူရီရယ်လ်ဆီကို ပို့ရမယ်.. ဒီမှာ

နေရာလွတ်သိပ်မရှိဘူး.. ဟိုမှာဆို အခန်းလွတ်တွေ အများကြီးပဲ.. ဂရစ်ဟွတ်ရဲ့ ခြေထောက်အရိုးကို ပြန်ဆက်ပေးထားတယ်.. နောက်တစ်နာအတွင်း ရွှေ့လို့ရ..."

ဟယ်ရီက ဘီလ်၏ စကားကိုဖြတ်ကာ...

"ဟင့်အင်း.. မရွှေ့နဲ့ဦး.. သူတို့နှစ်ယောက်စလုံးနဲ့ စကားပြောစရာ ရှိတယ်... အရေးကြီးတယ်..."

ဟယ်ရီ့အသံမှာ မဖြစ်မနေ လုပ်မည့် စိတ်ဓာတ်မျိုးနှင့် တည်ကြည်ပြတ်သားနေ၏..။ အားလုံး သူ့ကို အံ့သြသလို ကြည့်လိုက်ကြသည်..။

"ကျွန်တော် ကိုယ်လက် သန့်စင်လိုက်ဦးမယ်.."

ဟယ်ရီ ရွံ့နှင့် ဒေါ်ဘီ၏ သွေးများပေကျံနေသော လက်ကို မြှောက်ပြကာ ဘီလ့်ကို ပြောလိုက်၏..။

"ပြီးတာနဲ့ သူတို့နဲ့ ချက်ချင်း တွေ့ချင်တယ်..."

သူ မီးဖိုခန်းထဲသို့ ဝင်ကာ လက်ဆေးရင်း ပြတင်းပေါက်မှ တဆင့် ပင်လယ်ဆီသို့ ကြည့်မိ၏..။ အရှေ့ဖက်တက်လာပြီ ဖြစ်၍ ကောင်းကင်မှာ ရောင်နီသန်းလာချေပြီ..။ သူ့ဦးနှောက်ထဲသို့

အတွေးများ ဝင်လာပြန်၏..။

သူတို့ကို ကူညီရန် စေလွှတ်လိုက်သူကို ဒေါ်ဘီ လုံးဝ ပြောမသွားနိုင်ချေ...။ သို့ရာတွင် သူမြင်လိုက်ရသော အရာကို ဟယ်ရီ သေချာသိ၏..။ မှန်ကွဲစထဲမှ အပြာရောင် မျက်လုံးများ သူ့ကို

စူးစိုက်ကြည့်နေပြီးမှ အကူအညီ ရောက်လာခဲ့ခြင်းပင်...။

'ဟော့ဝဂ်တွင် အကူအညီတောင်းသူများအတွက်
အကူအညီ အမြဲရလေ့ ရှိသည်...'

ဟယ်ရီ လက်များကို သန့်စင်ပြီးသည်နှင့် ဧည့်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်..။ သူ၏ အမာရွတ်မှာ နာကျင်နေဆဲပင်..။ ဗိုဒီမော့ သဘောပေါက်သွားသော အရာကို သူပါ

နားလည်သွားချေပြီ...။

ဟယ်ရီ့အတွေးထဲတွင် ဒမ်ဘယ်လ်ဒိုး၏ ရုပ်ပုံ ပေါ်လာ၏..။

ဒမ်ဘယ်လ်ဒိုးသည် ရွန့်အား အလင်းထိန်းကိရိယာကို ပေးခဲ့၏..။ ရွန့်ကို သူ ကောင်းကောင်း နားလည်ခဲ့သည်..။ ရွန်ပြန်လာချင်မည်ကို သိခဲ့သည်..။

ပီတာပက်တီဂရူး၏ အတွင်းသဘောကို နားလည်ခဲ့သည်..။ အနည်းငယ်ပဲဖြစ်ဖြစ် ကျေးဇူးသိတတ်လိမ့်မည်ဟု သိနေခဲ့သည်..။

သူတို့အကြောင်းကို သေချာသိသလို သူ့အကြောင်းကိုရော ဒမ်ဘယ်လ်ဒိုး ဘယ်လောက်သိထားသလဲ...။

သူသိထားသော အရာများနောက်ကို လိုက်ရှာဖွေခွင့် မရှိဘူးလား..။ သူ ဘယ်လောက်လိုချင်သလဲဆိုတာ ဒမ်ဘယ်လ်ဒိုး သိရဲ့လား.. ဒါကြောင့် ခက်ခဲအောင် တမင် ဘာမှမပြောပဲ

ထားခဲ့သလား..။ ဟယ်ရီ့ခေါင်းထဲတွင် အတွေးများ ပလုံစီနေ၏..။

ဟယ်ရီ ငြိမ်သက်စွာရပ်ရင်း နေထွက်လာသည်ကို ငေးကြည့်နေမိ၏..။ သူ အရှေ့ခန်းသို့ ဆက်ထွက်လာခဲ့စဉ်မှာပင် သူ၏ အမာရွတ်မှာ ရုတ်တရက် ပြင်းထန်စွာ နာကျင်လာကာ

ရေပြင်ကျယ်ကြီးနှင့်အတူ သူ ကောင်းစွာ ရင်းနှီးသော အဆောက်အအုံတစ်ခု၏ ပုံသဏ္ဍာန်ကို ရုတ်တရက် မြင်လိုက်ရသည်..။

ဘီလ်နှင့် ဖလူရာတို့မှာ လှေကားရင်းတွင် ရပ်နေ၏..။ ဟယ်ရီက..

"ကျွန်တော် ဂရစ်ဟွတ်နဲ့ အိုလီဗန်ဒါကို တွေ့ချင်တယ်.."

ဖလူရာက...

"ခဏနေဦး ဟယ်ရီ.. သူတို့ အရမ်းပင်ပန်းနေတယ်.. ခဏစောင့်မှ ဖြစ်မယ်..."

"မဖြစ်ဘူး.. စောင့်လို့မရဘူး.. အခုချက်ချင်း သီးသန့်တွေ့ရမှ ဖြစ်မယ်..."

ဟယ်ရီ လေသံကို အလောတကြီး မနိုင်စေရန် ထိန်းပြောလိုက်သည်..။ ဘီလ်က...

"ဟယ်ရီ.. ဘာတွေ ဖြစ်နေတာလဲ.. မင်းတို့နဲ့အတူ မှင်စာလေးတစ်ကောင်ပါ သေပြီးပါလာတယ်... ဂေါ်ဘလင်တစ်ကောင် ဒဏ်ရာရလာတယ်... ဟာမီယွန့်ကိုကြည့်ရတာလည်း

အနှိပ်စက်ခံထားရသလိုပဲ .. ရွန်ကလည်း ငါ့ကို ဘာမှ မပြောပြဘူး..."

"ကျွန်တော်တို့ ဘာလုပ်နေတယ်ဆိုတာ လုံးဝမပြောနိုင်ဘူး ဘီလ်.. ခင်ဗျားက ဖီးနစ်အဖွဲ့ဝင်ပါ.. ကျွန်တော်တို့ကို ဒမ်ဘယ်လ်ဒိုး တာဝန်ပေးခဲ့တယ်ဆိုတာ ခင်ဗျား သိပါတယ်..

ကျွန်တော်တို့ ဒီတာဝန်ကို ဘယ်သူ့ကိုမှ ပြောလို့မဖြစ်ဘူး..."

ဖလူရာမှာ စိတ်မရှည်နိုင်ဟန်ဖြင့် အသံတစ်ချက် ပြုလိုက်သော်လည်း ဘီလ်က သူမကို ဂရုမစိုက်ပဲ ဟယ်ရီ့ကိုသာ စူးစိုက်ကြည့်နေ၏..။ ဘီလ်၏ အမာရွတ်များ ထင်နေသော မျက်နှာမှာ

ခန့်မှန်းရခက်လှသည်..။ နောက်ဆုံးတွင်..

"ကောင်းပြီ .. ဘယ်သူ့ကို အရင်တွေ့ချင်သလဲ..."

ဟယ်ရီ ခေတ္တမျှဆိုင်းငံ့သွား၏..။ ယခုအချိန်မှာ သူ ဆုံးဖြတ်ရတော့မည့် အချိန်ပင်..။ ဝိညာဉ်ကိုယ်ပွားများနှင့် မှော်ဝင်ရတနာများကို တစ်ခုမဟုတ် တစ်ခု သူရွေးချယ်ရပေတော့မည်...။

"ဂရစ်ဟွတ် ... ဂရစ်ဟွတ်ကို အရင်တွေ့ချင်တယ်..."

ကြီးမားသော ဆုံးဖြတ်ချက်တစ်ခုကို ခက်ခဲစွာ ဆုံးဖြတ်လိုက်ရသဖြင့် သူ့နှလုံးခုန်သံမှာ ပို၍မြန်လာ၏..။ ဘီလ်က..

"ဒါဆို အပေါ်ကို သွားကြရအောင်..."

"မင်းတို့နှစ်ယောက်ပါ လိုက်ခဲ့မှ ဖြစ်မယ်..."

သူ ရွန်နှင့် ဟာမီယွန်ကိုပါ ခေါ်လိုက်သည်..။ သူတို့နှစ်ယောက်မှာ စိတ်သက်သာရာ ရသွားဟန်ဖြင့် အနားသို့ တိုးကပ်လာကြသည်။ ဟယ်ရီက...

"နင် ဘယ်လိုနေသေးလဲ ဟာမီယွန်... သူက နင့်ကို ဒီလောက်နှိပ်စက်နေတာတောင် နင် လုပ်ကြံဇာတ်လမ်း ဖန်တီးနိုင်တာ အံ့သြဖို့ ကောင်းတယ်..."

ဟာမီယွန်က သူ့ကို အားနည်းဖျော့တော့စွာ ပြုံးပြလိုက်၏..။ ရွန်က ဟာမီယွန့်လက်မောင်းတစ်ဘက်ကို ဆုပ်ကိုင်ထားရင်းမှ..

"ဟယ်ရီ.. မင်းဘာလုပ်မလို့လဲ..."

"အခု တွေ့ရမှာပေါ့ ... လာလေ..."

သူတို့သုံးယောက်စလုံး ဘီလ့်နောက်မှ လိုက်ကာ အပေါ်ထပ်သို့ တက်ခဲ့ကြသည်..။

“ဒီအထဲဝင်...”

ဘီလ်က သူတို့အခန်းတံခါးကို ဖွင့်ပေးရင်း ပြော၏..။ ဟယ်ရီ အထဲသို့ ဝင်ရင်း ပြတင်းပေါက်ကို မှီကာ လက်ပိုက်ရင်း ရပ်နေလိုက်၏..။ ဟာမီယွန်မှာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး

ရွန်က ကုလားထိုင်လက်ရန်းပေါ်တွင် ကပ်ထိုင်လိုက်၏။

ဘီလ်က ဂေါ်ဘလင်ကို ပွေ့ချီကာ သယ်လာရင်း အိပ်ရာပေါ်သို့ ဂရုတစိုက် ချထားလိုက်သည်..။ ထို့နောက် အခန်းပြင်သို့ ပြန်ထွက်ကာ အခန်းတံခါးကိုပါ တစ်ပါတည်း

ပိတ်ပေးသွားတော့သည်။

ဟယ်ရီက..

“ခင်ဗျားကို ဒီကိုခေါ်တွေ့ရတဲ့အတွက် တောင်းပန်ပါတယ်.. ခြေထောက်က ဘယ်လိုနေသေးလဲ...”

“အရမ်း နာနေတယ်.. ဒါပေမယ့် ပြန်ကောင်းလာပါပြီ...”

သူ့လက်ထဲတွင် ဂရစ်ဖင်ဒေါ်ဓားကို ကိုင်ထားဆဲဖြစ်ပြီး မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာတစ်ခု ထင်ဟပ်နေ၏..။ ဟယ်ရီ ဂေါ်ဘလင်ကို သေချာ ကြည့်မိ၏..။ ဖိနပ်မရှိတော့သော

ခြေထောက်များမှာ ညစ်ပတ်နေ၏..။ သူ၏ ခန္ဓာကိုယ်မှာ မှင်စာလေးများထက် အနည်းငယ်ကြီး၏.. သူ၏ ခေါင်းမှာ လူများထက် အဆမတန် ပိုကြီး၏..။ ဟယ်ရီက..

“ခင်ဗျားတော့ မှတ်မိမယ် မထင်ဘူး...”

“ငါက မင်းရဲ့ငွေတိုက်ကို ပထမဆုံးအကြိမ် လိုက်ပို့ပေးခဲ့တဲ့ ဂေါ်ဘလင်ဆိုတာလား.. ငါမှတ်မိပါတယ် ဟယ်ရီပေါ်တာ... ဂေါ်ဘလင်တွေ ကြားထဲမှာတောင် မင်းက အင်မတန်

ထင်ရှားပါတယ်..”

ဟယ်ရီနှင့် ဂေါ်ဘလင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏..။ ဟယ်ရီ့အမာရွတ်မှာ နာကျင်နေဆဲပင်..။ သူ မည်ကဲ့သို့ စကားစတင် ပြောရမည်ကို စဉ်းစားနေဆဲမှာပင်

ဂေါ်ဘလင်က စ၍ ပြော၏..။

"မင်း မှင်စာလေးကို မြေမြှုပ်ပေးခဲ့တယ်နော်.. ငါ ပြတင်းပေါက်ကနေ ကြည့်နေခဲ့တယ်.."

"ဟုတ်တယ်..."

"ဟယ်ရီပေါ်တာ .. မင်းက တကယ့်ကို ပုံမှန်မဟုတ်တဲ့ စုန်းပဲ.."

"ဘယ်လို ပုံမှန်မဟုတ်တာလဲ..."

"မင်း ကိုယ်တိုင် ကျင်းတူးခဲ့တယ်လေ.."

"အဲဒီ့တော့..."

ဂရစ်ဟွတ် အဖြေမပေးချေ..။ သို့ရာတွင် သူ့အတွက် ဂရစ်ဟွတ် သဘောတူခြင်း မတူခြင်းမှာ အရေးမပါချေ..။

"ဂရစ်ဟွတ်.. ကျွန်တော်..."

"မင်းက ဂေါ်ဘလင်တစ်ကောင်ကိုပါ ကယ်ခဲ့သေးတယ်..."

"ဘာ..."

"မင်း ငါ့ကို ဒီကို ကယ်လာခဲ့တယ်လေ.."

"အဲဒီ့အတွက် စိတ်မကောင်း ဖြစ်နေတာလား.."

ဟယ်ရီ စိတ်မရှည်နိုင်စွာ မေးလိုက်သည်...။

"အဲဒီ့လို မဟုတ်ပါဘူး.. ဟယ်ရီပေါ်တာ.. မင်းက အရမ်း ထူးဆန်းတယ်လို့ ပြောတာပါ..."

"ထားပါတော့ .. အခု ကျွန်တော် အကူအညီတစ်ခု လိုနေတယ် ဂရစ်ဟွတ်.. ခင်ဗျားပဲ ကူညီနိုင်မယ်..."

ဂေါ်ဘလင်မှာ သူ့ကို တစ်ခါမှ မမြင်ဖူးသလို ငေးကြည့်နေ၏..။

"ကျွန်တော်တို့ ဂရင်းဂေါ့ဘဏ်ထဲကို ဖောက်ဝင်ချင်တယ်"

ထိုစကားကို ပြောနေစဉ်မှာပင် သူ့နဖူးမှာ အလွန်နာကျင်လာပြီးနောက် ဟော့ဝဂ်ကျောင်း၏ ပုံရိပ်ကို မြင်လာရပြန်သည်..။ သူ့စိတ်ကို အတင်း ပြန်တင်းယူလိုက်၏..။ သူ ဂရစ်ဟွတ်နှင့်

အရင် ကိစ္စရှင်းရပေမည်..။ ရွန်နှင့် ဟာမီယွန်တို့မှာ သူ့ကို ရူးသွားပြီလားဟူသော အကြည့်မျိုးနှင့် ကြည့်နေကြ၏..။

"ဟယ်ရီ..."

ဟာမီယွန်၏ စကားမှာ ဂရစ်ဟွတ်၏ ဖြတ်တောက်ခြင်း ခံလိုက်ရ၏..။

"ဂရင်းဂေါ့ဘဏ်ထဲ ဖောက်ဝင်မယ် ဟုတ်လား..."

ဂေါ်ဘလင်က မျက်ခုံးတစ်ချက် ပင့်လိုက်ရင်း...

"မဖြစ်နိုင်တာပဲ..."

ရွန်က...

"မဟုတ်ဘူး.. တစ်ခါ ဖြစ်ခဲ့ဖူးတယ်.."

"ဟုတ်တယ်.. ကျွန်တော်နဲ့ ခင်ဗျား စတွေ့တဲ့နေ့ကပဲ ဂရစ်ဟွတ်... ကျွန်တော့်ရဲ့ မွေးနေ့မှာပဲ .. လွန်ခဲ့တဲ့ ခုနှစ်နှစ်က..."

"အဲဒီ့ ငွေတိုက်ထဲမှာ ဘာမှမရှိဘူး.. ဒီတော့ အကာအကွယ် လုပ်မထားသလောက်ပဲ..."

ဂရစ်ဟွတ်မှာ ဂရင်းဂေါ့မှ ထွက်ခွာလာသော်လည်း ဘဏ်ကို ကာကွယ်ချင်စိတ် ရှိနေသေးပုံပင်..။ ဟယ်ရီက...

"ကျွန်တော်တို့ ဝင်ချင်တဲ့ ငွေတိုက်က အလွတ်မဟုတ်ဘူး.. အကာအကွယ် ကလည်း တကယ့်ကိုများမှာပဲ.. ဘဲလ်ထရစ် လတ်စ်ထရန်ရဲ့ ငွေတိုက်ပဲ..."

ဟာမီယွန်နှင့် ရွှန်တို့ တစ်ယောက်ကို တစ်ယောက် အံ့ဩတကြီး ကြည့်လိုက်သည်ကို တွေ့ရ၏..။ သို့ရာတွင် ဂရစ်ဟွတ်နှင့် အရင်ရှင်းပြီးမှ သူတို့ကို ရှင်းပြရန် အချိန်ရပေမည်..။

ဂရစ်ဟွတ်က အေးစက်စွာပင်..

"မင်းအတွက် အခွင့်အရေး မရှိနိုင်ဘူး.. လုံးဝ အခွင့်အရေး မရှိနိုင်ဘူး.. မင်း မြေကြီးအောက်ကိုဝင်ပြီး မင်းပိုင်မဟုတ်တဲ့ ရတနာတွေကို ရှာတာနဲ့..."

"ဒါ သူခိုးတွေကို သတိထားဖို့ ပြောတာ မဟုတ်လား.. သိပါတယ်.. ကျွန်တော် မှတ်မိပါတယ်.. ဒါပေမယ့် ကျွန်တော်က ရတနာတွေ ခိုးဖို့ မဟုတ်ဘူး.. ကျွန်တော့်ကိုယ်ကျိုးအတွက်

ဘာကိုမှ မမက်ဘူး.. ဒါကိုတော့ ယုံသလား..."

ဂေါ်ဘလင်က သူ့ကို ကြည့်လိုက်ချိန်မှာပင် သူ၏ အမာရွတ်မှာ အလွန်အမင်း နာကျင်လာပြန်၏..။ သို့ရာတွင် သူ လုံးဝဂရုမစိုက်ပဲ ထိုကိစ္စကို မေ့ထားလိုက်သည်..။

ဂရစ်ဟွတ်က..

"ကိုယ်ကျိုးအတွက် စိတ်မဝင်စားတဲ့ စုန်းတစ်ယောက်သာ ရှိမယ်လို့ ငါယုံခဲ့မယ်ဆိုရင် အဲဒီ့သူဟာ မင်းပဲ ဖြစ်မယ် ဟယ်ရီပေါ်တာ.. ဂေါ်ဘလင်နဲ့ မှင်စာတွေကို မင်းလို ဂရုပြုမယ့်လူ

မရှိဘူး.. ဒီလိုလေးစားမှုမျိုး အပြုအမူမျိုးတွေကို မှော်တောင်ဝှေး ကိုင်တဲ့သူတွေဆီက ရလေ့မရှိဘူး..."

ဟယ်ရီက...

"မှော်တောင်ဝှေးကိုင်တဲ့သူတွေ ဟုတ်လား..."

သူ ထိုမေးခွန်းကို မေးလိုက်စဉ်မှာပင် သူ့အမာရွတ်က နာကျင်လာပြန်၏..။ ဟယ်ရီ တစ်ဘက်ခန်းတွင်ရှိသော အိုလီဗန်ဒါအား မေးစရာမေးခွန်းများ အစီအရီ ပေါ်လာ၏..။

ဂေါ်ဘလင်က..

"မှော်တောင်ဝှေး ကိုင်ဆောင်ခွင့်ရတဲ့သူတွေလေ.. စုန်းတွေနဲ့ ဂေါ်ဘလင်တွေကို ခွဲခြားထားတဲ့ စည်းပေါ့..."

ရွှန်က...

"ဂေါ်ဘလင်တွေက မှော်တောင်ဝှေးမပါပဲ မှော်ပညာသုံးနိုင်တာပဲ..."

"ဒါဟာ အပြည့်အစုံ မဟုတ်ဘူး.. စုန်းကဝေတွေဟာ သူတို့သိတဲ့ မှော်တောင်ဝှေးလုပ်နည်းကို ဘယ်တုန်းကမှ ပေးမသိခဲ့ဘူး.. ငါတို့ရဲ့ စွမ်းအားကို မြှင့်တင်ဖို့ နည်းလမ်းကို

ဘယ်တုန်းကမှ မပေးခဲ့ဘူး..."

ဟယ်ရီက..

"ဒီကိစ္စက အရေးမကြီးပါဘူး.. ဒါ စုန်းကဝေတွေနဲ့ ဂေါ်ဘလင်တွေ အကြောင်းကို ဆွေးနွေးနေတာ မဟုတ်ဘူး..."

ဂရစ်ဟွတ်က ရယ်လိုက်ရင်း..

"ဒါပေမယ့် ဒီလိုဖြစ်နေတာပဲ မဟုတ်လား.. မိစ္ဆာသခင်ကြီး ပိုပြီး စွမ်းအားထက်လာတာတောင်မှ မင်းတို့တွေက ငါတို့ရဲ့ အထက်မှာ ရှိနေသေးတုန်းပဲ... ဂရင်းဂေါ့ကို စုန်းကဝေတွေ

ချုပ်ကိုင်လိုက်ပြီ.. မှင်စာတွေ ဒုက္ခရောက်နေတယ်.. မင်းတို့ မှော်တောင်ဝှေးကိုင်တဲ့သူတွေထဲက ဘယ်သူကများ ဆန့်ကျင်ကာကွယ်ပေးခဲ့သလဲ..."

ဟာမီယွန်က ရုတ်တရက် ထရပ်လိုက်ရင်း...

"ကျွန်မတို့ လုပ်ခဲ့တာပဲ.. ကျွန်မတို့ ကာကွယ်ခဲ့တယ်.. ကျွန်မလည်း ဂေါ်ဘလင်တွေ မှင်စာတွေလိုပဲ ဒုက္ခရောက်နေတာပဲ.. ကျွန်မက မျိုးမစစ်တဲ့စုန်းပဲ.."

ရွန်က...

"နင့်ကိုနင် ဒီလို မခေါ်ပါနဲ့ဟာ..."

"ဘာလို့ မခေါ်ရမှာလဲ.. ငါက မျိုးမစစ်တဲ့စုန်းဖြစ်တော့ရော ဘာအရေးလဲ.. ကျွန်မက ရှင်တို့ထက် ဘာအခွင့်အရေးမှ ပိုမရဘူး.. မယ်လ်ဖွိုင်းစံအိမ်ကြီးမှာ သူတို့က နှိပ်စက်ဖို့ ကျွန်မကို

ရွေးခဲ့တာပဲ..."

ထို့နောက် သူမက လည်ပင်းမှ ဘဲလ်ထရစ်၏ ဓားရာကို ပြလိုက်သည်...။ သူမက ဆက်၍ ...

"ဒေါ်ဘီ့ကို လွတ်လပ်အောင် လုပ်ပေးခဲ့တာ ဟယ်ရီဆိုတာ သိသလား.. ကျွန်မတို့ မှင်စာလေးတွေ လွတ်လပ်အောင် လုပ်ခဲ့တာ နှစ်အတော်ကြာပြီဆိုတာ သိလား.. မိစ္ဆာသခင်ကြီးကို

နိမ်နင်းချင်တဲ့နေရာမှာ ရှင် ကျွန်မတို့ကို မမီပါဘူး..."

ဂေါ်ဘလင်မှာ ဟယ်ရီ့ကို အထူးအဆန်းသဖွယ် ကြည့်ခဲ့သလိုပင် ဟာမီယွန့်ကိုလည်း မမြင်ဖူးသလို ကြည့်နေ၏..။ သူက..

"မင်း အဲဒီ့ငွေတိုက်ထဲက ဘာကိုလိုချင်တာလဲ.. ငွေတိုက်ထဲမှာ ရှိတဲ့ဓားက အတုပဲ.. ဒီဓားကမှ အစစ်ပဲ.. မင်းတို့လည်း အဲဒီ့အကြောင်းကို သိမှာပါ.. မင်း ငါ့ကိုတောင် ညာပေးဖို့

ပြောခဲ့သေးတာပဲ..."

ဟယ်ရီက...

"ဒါပေမယ့် ဓားအတုတစ်ခုတည်းပဲ အဲဒီ့ထဲမှာ ရှိတာ မဟုတ်ဘူး.. တခြားပစ္စည်းတွေလည်း ခင်ဗျားတွေ့ခဲ့ဦးမှာပါ..."

သူ့နှလုံးခုန်နှုန်းများ ပို၍ ပို၍ မြန်လာ၏..။ သူ၏ နဖူးမှ အမာရွတ်မှာ ပို၍ နာကျင်လာသည်ကို မေ့လျော့ထားရ၏..။

ဂေါ်ဘလင်မှာ သူ၏ မုတ်ဆိတ်များကို လက်ချောင်းများနှင့် ပွတ်သပ်ရင်း...

"ဂရင်းဂေါ့အကြောင်းကို ငါတို့ ပြောပြခွင့် မရှိဘူး.. ငါတို့ဟာ ရတနာတွေကို စောင့်ရှောက်တဲ့သူတွေပဲ..."

ဂေါ်ဘလင်မှာ ဓားကိုသာ လက်ချောင်းများနှင့် ပွတ်သပ်ကစားရင်း ဟယ်ရီတို့သုံးယောက်အား ကြည့်နေ၏..။ ထို့နောက်...

"မင်းတို့ အရမ်းငယ်လွန်းတယ်.. ရန်သူတွေနဲ့ မမျှအောင်ပဲ.."

ဟယ်ရီက...

"ကျွန်တော်တို့ကို ကူညီမလား.. ခင်ဗျား အကူအညီမပါရင် ဘယ်လိုမှ မျှော်လင့်ချက်မရှိဘူး.. ခင်ဗျားက ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ.."

"ငါ .. စဉ်းစားကြည့်ပါဦးမယ်လေ.."

ရွှန်က ဒေါသတကြီးဖြင့် တစ်ခုခု ပြောရန် ကြံသော်လည်း ဟာမီယွန်က တားထားလိုက်သည်..။ ဟယ်ရီက...

"ကျေးဇူးပဲ..."

ဂေါ်ဘလင်က သူ့ကို ဦးညွှတ်လိုက်ပြီးနောက် ခြေထောက်ကို ဆန့်လိုက်၏..

"အင်း.. အရိုးတွေ ပြန်ပေါက်လာပြီ ထင်တာပဲ.. ဒီလိုဆိုရင် ကောင်းကောင်းအိပ်လို့ ရပြီ .. ခွင့်လွှတ်ပါ... သွားတော့မယ်.."

"ကောင်းပြီ.."

ဟယ်ရီ ခွင့်ပြုရင်း ဂေါ်ဘလင်၏ဘေးမှ ဓားကို ယူလိုက်သည်...။ ဂရစ်ဟွတ်မှာ မတားမြစ်သော်လည်း သူ့မျက်လုံးထဲဝယ် အရိပ်အယောင် တစ်ခုခုကို မြင်လိုက်ရသည်ဟု ဟယ်ရီထင်၏..။

ထို့နောက်တွင် ဂရစ်ဟွတ်မှာ တံခါးဖွင့်ကာ ထွက်သွားတော့သည်..။

ရွှန်က လေသံတိုးတိုးဖြင့်...

"ဒီဂေါ်ဘလင် အစုတ်အပြတ်ကွာ.. ငါတို့ကို သက်သက်မဲ့ ကိုးရိုးကားရား လုပ်သွားတာ..."

ဟာမီယွန်က သူတို့နှစ်ယောက်စလုံးအား အခန်းအလယ်သို့ ဆွဲခေါ်သွားရင်း အသံတိုးတိုးဖြင့်...

"ဟယ်ရီ .. ငါတွေးသလို နင်တွေးနေသလား.. ဟင်.. အဲဒီ့ငွေတိုက်ထဲမှာ ဝိညာဉ်ကိုယ်ပွား ရှိတယ်လို့ နင်ထင်နေသလား..."

"ဟုတ်တယ်.. ငါတို့ ငွေတိုက်ထဲ ဝင်တယ်လို့ ထင်တုန်းက ဘဲလ်ထရစ် ဘယ်လောက်လန့်သွားသလဲ.. ငါတို့ ဘာတွေ့ခဲ့တယ်လို့ သူ ထင်လို့လဲ... သူက ဘာကိစ္စ မိစ္ဆာကောင်ကြီး

သိမှာကို စိုးရိမ်နေရတာလဲ..."

ရွှန်က...

"ဒါဆို ငါတို့က သူနဲ့ ပတ်သက်တယ်ထင်သမျှ နေရာတွေကို ရှာနေခဲ့တဲ့အချိန်မှာ .. ဝိညာဉ်ကိုယ်ပွားက အဲဒီ့မှာ အမြဲရှိနေခဲ့တာပေါ့..."

"ဘယ်တုန်းကတည်းက ဂရင်းဂေါ့ဘဏ်တိုက်ထဲကို ရောက်နေသလဲတော့ ငါလည်း မပြောတတ်ဘူး.. သူ ငယ်ငယ်တုန်းက သူ့မှာ ရွှေမှ မရှိတာ.. ဒါပေမယ့်

သူဒိုင်ယာဂွန်အယ်လေကိုရောက်တော့ ဘဏ်တိုက်ကို တွေ့မှာပဲ..."

ဟယ်ရီ့အမာရွတ်မှာ နာကျင်နေသော်လည်း သူ့အတွက် ဂရင်းဂေါ့ဘဏ်အကြောင်းကို ရွန်နှင့် ဟာမီယွန်တို့ကို ရှင်းပြရန် အရေးကြီးနေပေသည်..။

"သူ ဘဲလ်ထရစ်ကို ယုံတယ်လေ.. သူ့ရဲ့ သစ္စာအရှိဆုံး ကျေးကျွန်ပဲ.. သူပျောက်သွားတုန်းက သူ့ကို နေရာအနှံ့ လိုက်ရှာခဲ့တာပဲ.. သူ ပြန်ရှင်လာတဲ့အချိန်မှာ အဲဒီ့စကားကို ပြောခဲ့တာပဲ..

ငါကိုယ်တိုင် ကြားခဲ့တယ်..."

ဟယ်ရီ သူ့အမာရွတ်ကို ပွတ်ရင်း...

"သူ ဘဲလ်ထရစ်ကို ဝိညာဉ်ကိုယ်ပွားလို့တော့ ပြောလိမ့်မယ် မထင်ဘူး.. သူ လူးစီးယပ်စ် မယ်လ်ဖွိုင်းကို ဒိုင်ယာရီအကြောင်း မပြောခဲ့သလိုပေါ့.. သူ့ရဲ့ ရတနာပစ္စည်းလို့ပဲ ပြောလိမ့်မယ်

ထင်တယ်.. ဂရင်းဂေါ့ဟာ ဟော့ဂ်ဝက်ကလွဲလို့ ပစ္စည်းဝှက်ဖို့ စိတ်အချရဆုံးနေရာပဲလို့ ငါ့ကို ဟက်ဂရစ် ပြောဖူးတယ်..."

ဟယ်ရီ့ စကားဆုံးချိန်တွင် ရွန်က ခေါင်းညိတ်ရင်း...

"မင်း သူ့အကြောင်း တကယ် နားလည်တာပဲ..."

"နည်းနည်းလေးပါ.. ငါ ဒမ်ဘယ်လ်ဒိုး အကြောင်းကိုသာ အဲဒီ့လောက် နားလည်မယ်ဆိုရင်.. အင်း ထားပါတော့လေ.. အိုလီဗန်ဒါဆီ သွားကြစို့..."

ရွန်နှင့် ဟာမီယွန်တို့မှာ ထိတ်လန့်နေပုံရသော်လည်း ကျေနပ်အားရစွာပင် သူ့နောက်မှ လိုက်လာ၏..။ ထို့နောက်တွင် ဟယ်ရီက ဘေးဘက်ရှိ အခန်းတံခါးကို ခေါက်လိုက်၏..။

အားနည်းဖျော့တော့စွာဖြင့် "ဝင်ခဲ့ပါ..." ဟု ပြောသော အသံကို ကြားလိုက်ရသည်...။

အိုလီဗန်ဒါမှာ အခန်းထောင့်ရှိ ကုတင်ပေါ်ဝယ် လဲလျောင်းနေ၏..။ သူ့ကို အကျဦးချကာ တစ်နှစ်နီးပါး နှိပ်စက်ထားသဖြင့် ပိန်ချုံးကာ အရိုးပေါ် အရေတင်နေ၏..။ အသားအရေမှာ

ဝါတာတာ ဖြစ်နေပြီး မျက်တွင်း ဟောက်ပက် ဖြစ်နေသည်..။ စောင်ပေါ်တွင် တင်နေသော လက်များမှာ အရိုးစုများသာသာပင်..။

ဟယ်ရီ အနီးရှိ ကုတင်လွတ်ပေါ်တွင် ထိုင်လိုက်၏..။ ဤအခန်းထဲသို့ ထွက်ပြူစ နေရောင်မှာ ဝင်မလာသေးပေ..။ ဟယ်ရီက..

“အခုလို နှောင့်ယှက်ရတာ စိတ်မကောင်းပါဘူး မစ္စတာ အိုလီဗန်ဒါ”

အိုလီဗန်ဒါက ဖျော့တော့စွာဖြင့်..

“အရေးမကြီးပါဘူး ကလေးရယ်.. မင်း ငါ့ကို ကယ်ခဲ့တာပဲ.. ငါ အဲဒီ့နေရာမှာပဲ သေရပြီ ထင်နေတာ.. မင်းကို ဒီတစ်သက် ဘယ်လို ကျေးဇူးဆပ်ရမယ်တောင် မသိတော့ပါဘူး...”

ဟယ်ရီ့အမာရွတ်မှာ တဆစ်ဆစ် နာကျင်နေ၏..။ သူ့အတွက် ဗိုဒီမော့ကို နှိမ်နင်းရန် ကြိုးစားချိန် များများမကျန်နိုင်ပေ..။ သူကြောက်ရွံ့နေသည်ဟု ခံစားရသော်လည်း ဂရစ်ဟွတ်ကို

အရင်ဆုံး စကားပြောရန် သူကိုယ်တိုင် ဆုံးဖြတ်ခဲ့ခြင်းပင်။

သူ၏ လည်ပင်းတွင် ဆွဲထားသော အိတ်ထဲမှ မှော်တောင်ဝှေးကျိုး နှစ်ပိုင်းကို ထုတ်ယူကာ...

“မစ္စတာ အိုလီဗန်ဒါ ... ကျွန်တော့်ကို တစ်ခုကူညီပါလား”

“ပြောပါ.. ပြောပါ...”

“ဒီဟာကို ပြင်ပေးနိုင်မလား...”

အိုလီဗန်ဒါက ဟယ်ရီ့လက်ထဲမှ မှော်တောင်ဝှေးကျိုး နှစ်ပိုင်းကို တုန်ယင်နေသော လက်များဖြင့် ယူကြည့်ရင်း...

“ဆယ့်တစ်လက်မရှိတယ်.. ဖီးနစ်ငှက်မွေးနဲ့ လုပ်ထားတာ...”

“ဟုတ်ပါတယ်.. အဲဒါကို ပြင်လို့..”

အိုလီဗန်ဒါက ..

“မရနိုင်ဘူး.. ငါ တကယ် စိတ်မကောင်းပါဘူး .. ဒီလောက်ပျက်စီးသွားတဲ့ မှော်တောင်ဝှေးကို ဘယ်လိုမှ ပြင်လို့ မရနိုင်ဘူး...”

ဟယ်ရီ ထိုစကားကို ကြားရလိမ့်မည်ဟု ကြိုတင်မျှော်လင့်ထားသော်လည်း တကယ်တမ်း ကြားရသည်မှာ စိတ်ထိခိုက်စရာပင်..။ သူ မှော်တောင်ဝှေး ကျိုးနှစ်ပိုင်းကို ပြန်ယူကာ

လည်ပင်းရှိအိတ်ထဲသို့ ပြန်ထည့်လိုက်၏..။

ထို့နောက် သူ့အကျႌအိတ်ထဲမှ မှော်တောင်ဝှေး နှစ်ချောင်းကို ထုတ်ယူကာ..

“ဒီဟာတွေကို မှတ်မိသလား..”

အိုလီဗန်ဒါက မှော်တောင်ဝှေးတစ်ချောင်းကို ယူကာ သူ့လက်ထဲတွင် ကိုင်၍ ကွေးညွတ်ကြည့်ရင်း..

“နဂါးနှလုံးသွေးကြော ထည့်ထားတယ်.. ဆယ့်နှစ်လက်မ ရှိတယ်.. ဒါ ဘဲလ်ထရစ်လတ်စ်ထရန်ရဲ့ ဟာပဲ...”

“ဒီတစ်ခုကရော..”

အိုလီဗန်ဒါက ထုံးစံအတိုင်း စစ်ဆေးကြည့်ရင်း...

“ချိုတစ်ချောင်းမြင်းမွေးထည့်ထားတယ်.. ဆယ်လက်မ ရှည်တယ်.. ဒါ ဒရာကို မယ်လ်ဖွိုင်းရဲ့ ဟာပဲ...”

ဟယ်ရီက...

“ဒါ ... အခုထိ သူ့ရဲ့ ဟာပဲလား...”

“မင်း လုယူလာခဲ့ရင်တော့ မဟုတ်တော့ဘူးပေါ့...”

“ကျွန်တော် လုယူခဲ့တာ...”

“ဒါဆိုရင် ဒါ မင်းရဲ့ မှော်တောင်ဝှေးပဲ.. မှော်တောင်ဝှေးကို ပိုင်ဆိုင်တယ်ဆိုတာ မှော်တောင်ဝှေးနဲ့လည်း ဆိုင်တယ်.. ယေဘုယျအားဖြင့်တော့ ပိုင်ရှင်ကို အနိုင်ယူလိုက်နိုင်ရင် ပိုင်ဆိုင်မှုဟာ

ပြောင်းလဲသွားတတ်တယ်..."

အခန်းထဲဝယ် အားလုံး ရုတ်တရက် တိတ်ဆိတ်သွားကြသည်..။ အတန်ကြာမှ ဟယ်ရီက..

"မစ္စတာပြောတာက မှော်တောင်ဝှေးတွေမှာ ခံစားချက်ရှိသလို ဖြစ်နေပြီ.. သူတို့ဘာသာ တွေးတောနိုင်သလိုပဲ..."

အိုလီဗန်ဒါက ..

"မှော်တောင်ဝှေးက စုန်းကဝေကို ရွေးချယ်တယ်.. ဒီကိစ္စက ငါတို့လို မှော်တောင်ဝှေးလုပ်တဲ့လူတွေ သိပြီးသားပဲ.."

ဟယ်ရီက..

"ဒါပေမယ့် သူ့ကို မရွေးချယ်တဲ့ မှော်တောင်ဝှေးကို သုံးပြီးတော့လည်း မှော်ပညာသုံးနိုင်တာပဲ မဟုတ်လား..."

"ဟုတ်ပါတယ်.. မင်းသာ စုန်းကဝေဖြစ်မယ်ဆိုရင် ဘယ်ပစ္စည်းကိုမဆို သုံးပြီးတော့ မှော်ပညာကို သုံးနိုင်တယ်.. ဒါပေမယ့် အကောင်းဆုံးကတော့ မှော်တောင်ဝှေးကို သုံးတာပဲ..

ဒီဆက်စပ်မှုဟာ အင်မတန် ရှုပ်ထွေးပါတယ်.. ပထမဆုံး ရွေးချယ်ရတယ်.. ပြီးတော့ အတွေ့အကြုံလည်း လိုတယ်.. မှော်တောင်ဝှေးဟာ စုန်းကဝေဆီက သင်ယူရသလို စုန်းကဝေကလည်း

မှော်တောင်ဝှေးဆီက သင်ယူရတယ်"

"ဒရာကို မယ်လ်ဖွိုင်းဆီက လုယူလာခဲ့တဲ့ ဒီတောင်ဝှေးကို ကျွန်တော် အန္တရာယ်ကင်းကင်းနဲ့ သုံးလို့ရမလား.."

"သုံးလို့ရပါတယ်.. မှော်တောင်ဝှေးကို ပိုင်ဆိုင်လိုက်ပြီဆိုရင် များသောအားဖြင့် ပိုင်ရှင်သစ်ကို တဖြည်းဖြည်း လက်ခံလာတာပါပဲ.."

ရွန်က ပီတာပက်တီဂရူး၏ မှော်တောင်ဝှေးကို အိတ်ထဲမှ ထုတ်ကာ အိုလီဗန်ဒါဆီ ကမ်းပေးရင်း...

"ဒါဆိုရင် ဒီဟာကိုရော ကျွန်တော် သုံးလို့ ရမလား..."

"နဂါးနှလုံးသွေးကြောမျှင်နဲ့ လုပ်ထားပြီး ကိုးလက်မခွဲရှည်တယ်.. ငါ့ကိုဖမ်းသွားပြီး ပီတာပက်တီဂရူးအတွက် အတင်းလုပ်ခိုင်းခဲ့တဲ့ဟာပဲ.. မင်းသူ့ကို အနိုင်ယူခဲ့တယ်ဆိုရင် ဒါဟာ

မင်းအတွက်ပဲ ဖြစ်မှာပါ..."

ဟယ်ရီက...

"ဒီအတိုင်း မှော်တောင်ဝှေးတွေအားလုံး အလုပ်လုပ်သလား.."

"ဒီလိုပဲ ထင်ရတာပဲ.. မစ္စတာပေါ်တာ မေးတဲ့မေးခွန်းက သိပ်နက်နဲလွန်းတယ်.. မှော်တောင်ဝှေးနဲ့ ပတ်သက်သမျှသာ ထူးခြားဆန်းကြယ်ပြီး နက်နဲလှတဲ့ မှော်ပညာပဲ..."

"မှော်တောင်ဝှေးတစ်ခုကို ပိုင်ဆိုင်ဖို့အတွက် မူလပိုင်ရှင်ကို သတ်ဖို့လိုသလား..."

အိုလီဗန်ဒါက

"သတ်ဖို့ လိုအပ်တယ်လို့ ငါမပြောမိပါဘူး.."

ဟယ်ရီက...

"ဒါပေမယ့် ရာဇဝင် ရှိတယ်လေ.. မှော်တောင်ဝှေးတစ်ခုကို အဆက်ဆက် သတ်ဖြတ်ပြီး လုခဲ့ကြတယ် မဟုတ်လား..."

ဟယ်ရီ၏ အမာရွတ်မှာ ပို၍ ပို၍ နာကျင်လာ၏..။ ဗိုဒီမော့တစ်ယောက် သူ့လုပ်ငန်းကို စတင် အကောင်အထည်ဖော်နေပြီမှန်း သူသိ၏..။

အိုလီဗန်ဒါ၏ မျက်နှာမှာ ပို၍ ဖြူဖျော့သွား၏..။ သူ့မျက်လုံးထဲဝယ် ကြောက်လန့်မှု အရိပ်အယောင်ကို မြင်ရသည်..။ သူက လေသံတိုးတိုးဖြင့်...

"ဒီလို မှော်တောင်ဝှေး တစ်ချောင်းပဲ ရှိတယ်..."

"ပြီးတော့ မိစ္ဆာသခင်ကြီးက စိတ်ဝင်စားနေတယ်.. ဟုတ်တယ် မဟုတ်လား..."

"ဘယ်.. ဘယ်လို .. မင်း ဘယ်လိုလုပ်ပြီသိ..."

"သူက ကျွန်တော့်မှော်တောင်ဝှေးက သူ့ကို ဘာကိစ္စ အနိုင်ယူနိုင်သလဲဆိုတာကိုလည်း သိချင်တယ်..."

အိုလီဗန်ဒါမှာ ပို၍ ပို၍ ကြောက်ရွံ့လာပုံရသည်။

"သူ.. သူက ငါ့ကို နှိပ်စက်တယ်လေ.. ခရုရှေးတပ်စ်ကျိန်စာရဲ့ အကြောင်း မင်းသိပါတယ်.. ငါ့မှာ ရွေးချယ်စရာ မရှိဘူး.. ငါ .. ငါ သိသမျှ ခန့်မှန်းလို့ရသမျှ ပြောပြလိုက်ရတယ်.."

"ကျွန်တော် နားလည်ပါတယ်.. မှော်တောင်ဝှေးချင်း ဆက်စပ်နေတဲ့ ကိစ္စမဟုတ်လား.. အခြားတစ်ယောက်ယောက်ဆီက မှော်တောင်ဝှေးကို ငှားသုံးဖို့ ပြောခဲ့တယ် မဟုတ်လား..."

ဟယ်ရီ သိထားသော အချက်များအတွက် အိုလီဗန်ဒါမှာ ပို၍ ကြောက်ရွံ့ထိတ်လန့်လာပုံရသည်..။ ဟယ်ရီက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ဒါပေမယ့် အလုပ်မဖြစ်ဘူး .. ကျွန်တော့်ရဲ့ မှော်တောင်ဝှေးက ငှားလာတဲ့ဟာကို အနိုင်ယူနိုင်တုန်းပဲ.. ဘာကြောင့်လဲဆိုတာ ရှင်းပြနိုင်မလား..."

အိုလီဗန်ဒါက ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်ရင်း...

"ငါ ... ငါ တစ်ခါမှ ဒီလိုအဖြစ်မျိုး မကြားဖူးဘူး .. မှော်တောင်ဝှေးရဲ့ အူတိုင်နှစ်ခုတူနေတဲ့ကိစ္စဆိုတာ အင်မတန် ရှားတယ်.. ပြီးတော့ မင်းရဲ့ မှော်တောင်ဝှေးက ငှားလာတဲ့ဟာကို

အနိုင်ယူလိုက်နိုင်တယ်.. ငါလည်း မပြောတတ်တော့ဘူး.."

"ကျွန်တော် အခုပြောချင်တာက တစ်ယောက်နဲ့တစ်ယောက် သတ်ပြီးလုနေကြတဲ့ မှော်တောင်ဝှေးအကြောင်းပဲ.. ကျွန်တော့မှော်တောင်ဝှေး ဘာလုပ်နိုင်တယ်ဆိုတာကို မြင်ပြီးတော့

သူပြန်လာပြီး အခြားမှော်တောင်ဝှေးတစ်ခု အကြောင်းကို မေးတယ်.. ဟုတ်တယ် မဟုတ်လား.."

"မင်း.. မင်း ဘယ်လိုလုပ်သိတာလဲ.."

ဟယ်ရီ အဖြေမပေးချေ..။ အိုလီဗန်ဒါက..

"ဟုတ်တယ်.. သူမေးတယ်.. သူက သေမင်းမှော်တောင်ဝှေးအကြောင်းကို သိချင်နေတယ်..."

ဟယ်ရီ ဟာမီယွန့်ကို တစ်ချက်ကြည့်လိုက်၏..။

အိုလီဗန်ဒါက ကြောက်ရွံ့မှု မပြယ်သေးသော လေသံဖြင့်...

"မိစ္ဆာသခင်ကြီးဟာ ငါလုပ်ပေးခဲ့တဲ့ မှော်တောင်ဝှေးကိုပဲ တစ်ချိန်လုံး သုံးခဲ့တာပဲ.. နောက်ဆုံး သူဟာ မှော်တောင်ဝှေးနှစ်ခုရဲ့ ဆက်စပ်မှုကို သိသွားတယ်.. အခု သူဟာ မင်းရဲ့

မှော်တောင်ဝှေးကို အနိုင်ယူနိုင်မယ့် မှော်တောင်ဝှေးကို လိုက်ရှာတော့တာပဲ..."

ဟယ်ရီက..

"ဒါပေမယ့် မကြာခင်မှာ ကျွန်တော့် မှော်တောင်ဝှေး ကျိုးသွားပြီဆိုတာ သိသွားမှာပဲ..."

ဟာမီယွန်က အထိတ်တလန့် လေသံဖြင့်..

"မဖြစ်နိုင်ဘူး ဟယ်ရီ.. သူမသိနိုင်ပါဘူး..."

ဟယ်ရီက..

"နင့်ရဲ့ မှော်တောင်ဝှေးနဲ့ ငါပြောင်းကိုင်နေတဲ့ အနက်ရောင် မှော်တောင်ဝှေး မယ်လ်ဖွိုင်းတို့ဆီမှာ ကျန်ခဲ့တယ် ဟာမီယွန်.. သူတို့သာ အဲဒီ့ တောင်ဝှေးတွေနဲ့ ငါတို့သုံးခဲ့တဲ့

ဂါထာတွေကို သေချာစစ်ဆေးကြည့်မယ်ဆိုရင် နင့်တောင်ဝှေးက ငါ့တောင်ဝှေးကို ချိုးလိုက်တယ် ဆိုတာ .. နင့်တောင်ဝှေးနဲ့ ငါ့တောင်ဝှေးကို ပြန်ပြင်ဖို့ ကြိုးစားခဲ့ပေမယ့်

မအောင်မြင်ခဲ့ဘူးဆိုတာ သိသွားမှာပဲ..."

ဟာမီယွန့်မျက်နှာမှာ ချက်ချင်းပင် ပြန်၍ ဖြူရော်သွား၏..။ ရွန်က ဟယ်ရီ့အား တစ်ချက်ကြည့်ရင်း...

"ဒီကိစ္စကို လောလောဆယ် မေ့ထားတာ ကောင်းမယ်..."

ထိုအချိန်မှာပင် မစ္စတာ အိုလီဗန်ဒါက ...

"မိစ္ဆာသခင်ကြီးဟာ သေမင်းမှော်တောင်ဝှေးနောက်ကို လိုက်နေတာ မင်းကို အနိုင်ယူဖို့တင် မကဘူး မစ္စတာပေါ်တာ.. ဒီတောင်ဝှေးကို ပိုင်ရင် သူ မသေနိုင်တော့ဘူးလို့လည်း

ယူဆလို့လဲ.."

"တကယ်ရော ဖြစ်လာနိုင်သလား..."

“သေမင်းမှော်တောင်ဝှေးကို ပိုင်ဆိုင်တဲ့သူဟာ အတိုက်ခိုက်ခံရမှာကို အမြဲကြောက်နေရတယ်.. ဒါပေမယ့် ဒီတောင်ဝှေးကို မိစ္ဆာသခင်ကြီးသာ ပိုင်ဆိုင်သွားရင်တော့ ... အင်း..

ပြောလို့မရဘူး.. တကယ်ဖြစ်ချင် ဖြစ်လာနိုင်တယ်...”

ဟာမီယွန်က..

“ဒါ ... ဒါဆိုရင် ဒီမှော်တောင်ဝှေး တကယ်ရှိတယ်လို့ ယုံတယ်ပေါ့... ဟုတ်လား.. မစ္စတာ အိုလီဗန်ဒါ...”

အိုလီဗန်ဒါက ...

“အင်း ... ယုံတာပေါ့.. သမိုင်းတစ်လျှောက် လိုက်ကြည့်ရင် တွေ့နိုင်တာပဲ.. ပျောက်ကွယ်သွားတဲ့အချိန်တွေ ရှိပေမယ့် အမြဲတမ်း ပြန်ပေါ်လာတာပဲ.. ဒီအကြောင်းကို ရေးထားတဲ့

သမိုင်းမှတ်တမ်းတွေ ရှိတယ်.. ငါတို့လို မှော်တောင်ဝှေးလုပ်တဲ့လူတွေ အကုန်လုံး ဒီအကြောင်းကို သိကြပါတယ်...”

ဟာမီယွန်က...

“ဒါဆိုရင် ဒီအကြောင်းကို ပုံပြင်လို့ မထင်ဘူးပေါ့...”

“မထင်ပါဘူး.. ဘာကြောင့် လူတွေသတ်ပြီးမှ ဒီလိုရာဇဝင် ဖြစ်လာသလဲဆိုတာ ငါလည်း မသိဘူး.. ကြည့်ရတာတော့ တကယ်အဖိုးတန်တဲ့ ပစ္စည်းမို့လို့ပါပဲ.. ဒီမှော်တောင်ဝှေးဟာ

တကယ်စွမ်းအားကြီးပုံပဲ..”

ဟယ်ရီက...

“မစ္စတာ အိုလီဗန်ဒါ.. ဂရီဂိုရီဗစ်ချ်ဆီမှာ မှော်တောင်ဝှေး ရှိနိုင်တယ်လို့ မိစ္ဆာကောင်ကြီးကို ပြောခဲ့တယ်... ဟုတ်တယ် မဟုတ်လား...”

အိုလီဗန်ဒါမှာ ပို၍ ဖြူဖျော့သွားသည်ဟု ထင်ရပြီးနောက် တံတွေးတစ်ချက် မျိုချလိုက်ပြီး...

“ဒါ.. ဒါပေမယ့် ဘယ်.. ဘယ်လို..”

"ကျွန်တော် ဘယ်လိုသိတယ်ဆိုတာ အရေးမကြီးပါဘူး..."

ဟယ်ရီမျက်လုံးမှိတ်လိုက်သည်နှင့် ဟော့ဝင် လမ်းမကြီးကို မြင်လာရ၏..။ ထိုနေရာတွင် မှောင်နေဆဲပင် ရှိသေး၏..။

"ဟုတ်တယ် မဟုတ်လား.. ပြောလိုက်တယ် မဟုတ်လား.."

အိုလီဗန်ဒါက လေသံတိုးတိုးဖြင့်...

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ကောလဟာလပါ.. ဒီ ကောလဟာလကို ဂရီဂိုရီဗစ်ချ်ကိုယ်တိုင် လွှင့်ခဲ့တယ် ထင်တာပဲ.. သေမင်းမှော်တောင်ဝှေးရဲ့ စွမ်းအင်ကို

ကူးယူထားပါတယ်ဆိုတဲ့ မှော်တောင်ဝှေးတွေ ရောင်းတော့ တကယ့်ကို စီးပွားဖြစ်တာပေါ့..."

ဟယ်ရီက...

"ကျွန်တော် နားလည်ပါပြီ.. မစ္စတာအိုလီဗန်ဒါ.. နောက်ဆုံး မေးခွန်းတစ်ခုလောက် မေးပါရစေ.... မှော်ဝင်ရတနာဆိုတာ ကြားဖူးသလား မသိဘူး..."

"ဟင်.. ဘာ.."

"မှော်ဝင်ရတနာလေ.."

"ငါလုံးဝမကြားဖူးဘူး .. ဒီကိစ္စနဲ့ မှော်တောင်ဝှေးကိစ္စ ဘာဆိုင်လို့လဲ"

ဟယ်ရီ မစ္စတာအိုလီဗန်ဒါ၏ မျက်နှာကို ကြည့်ရင်း သူညာနေခြင်းမဟုတ်မှန်း သိလိုက်သည်..။

"ကျေးဇူးပဲ.. ကျွန်တော်တို့ သွားတော့မယ်.. အနားယူလိုက်ပါဦး"

သူတို့သုံးယောက် လှေကားအတိုင်း အောက်သို့ ဆင်းလာခဲ့သည်..။ ဘီလ်.. ဖလူရာ.. လူနာနှင့် ဒင်းန်တို့မှာ မီးဖိုထဲရှိ ထမင်းစားစားပွဲတွင် ထိုင်နေကြသည်..။ သူဝင်လာသည်နှင့် အားလုံး

သူ့ကို ဝိုင်းကြည့်ကြသော်လည်း ဟယ်ရီ ခေါင်းတစ်ချက်သာ ညိတ်ပြကာ ဥယျာဉ်ထဲသို့ ဆက်ဆင်းလာခဲ့သည်..။ ရွန်နှင့် ဟာမီယွန်တို့ပါ သူ့နောက်မှ ဆက်လိုက်လာ၏..။

ဒေါ်ဘီ့ သင်္ချိုင်းဆီသို့ လျှောက်သွားစဉ်မှာပင် သူ့ခေါင်းမှ နာကျင်မှုမှာ ပို၍ ပြင်းထန်လာ၏..။ သူ့ခေါင်းထဲသို့ ဝင်လာသော မြင်ကွင်းများကို မောင်းနှင်ထုတ်ရန် အကြီးအကျယ်

ကြိုးစားနေရ၏..။ ထိုခံစားချက်ကို သူ ကြာကြာတောင့်ခံနိုင်မည် မထင်ပေ..။ သူ ရှွန်နှင့် ဟာမီယွန်ကို ရှင်းပြရန် ခေတ္တမျှတော့ တောင့်ခံထားရလိမ့်မည်..။

"ဂရီဂိုရီဗစ်ချ်ဆီမှာ သေမင်းမော်တောင်ဝေး ရှိခဲ့တာ ကြာပြီ.. သူ့ကို မိစ္ဆာကောင်ကြီး လိုက်ရှာနေတာ ငါသိတယ်.. ဒါပေမယ့် သူ ဂရီဂိုရီဗစ်ချ်ကို ရှာတွေ့တဲ့အချိန်မှာ မော်တောင်ဝေးက

သူ့ဆီမှာ မရှိတော့ဘူး.. သူ့ဆီက ဂရင်ဒီဝေါက ခိုးသွားတယ်.. ဂရင်ဒီဝေါ ဘယ်လို သိသလဲတော့ ငါ မပြောတတ်ဘူး.. ဒါပေမယ့် ဂရီဂိုရီဗစ်ချ်က ကောလဟာလတွေ လိုက်ဖြန့်ခဲ့တော့

ဒီလောက် ခက်မယ် မထင်ဘူး..."

ဗိုဒီမော့မှာ ဟော့ဝဂ်ဂိတ်တံခါးသို့ ရောက်နေပြီကို ဟယ်ရီ သိလိုက်ရသည်...။

"နောက်တော့ ဂရင်ဒီဝေါဟာ သေမင်းမော်တောင်ဝေးကို သုံးပြီး သူ့ရဲ့ စွမ်းအားကို မြှင့်တင်ခဲ့တယ်.. နောက်ဆုံး ဒမ်ဘယ်လ်ဒိုးနဲ့ ရင်ဆိုင်တိုက်ပွဲမှာ ရှုံးပြီးတော့ ဒမ်ဘယ်လ်ဒိုးက

ယူသွားခဲ့တယ်..."

ရှွန်က...

"ဒမ်ဘယ်လ်ဒိုးမှာ သေမင်းမော်တောင်ဝေး ရှိတယ်.. ဒါဆို အခု ဘယ်ရောက်သွားလဲ..."

"ဟော့ဝဂ်မှာပဲ ပေါ့..."

ရှွန်က အလောတကြီးပင်..

"ဟာ ဒါဆို သွားကြစို့လေ.. သူမရောက်ခင် ငါတို့ သွားကြစို့..."

ဟယ်ရီက လက်နှစ်ဘက်ဖြင့် ခေါင်းကိုကိုင်ကာ တတ်နိုင်သမျှ ခုခံရင်း...

"အရမ်း နောက်ကျသွားပြီ.. သူ သိသွားပြီ.. သူ အခု ဟော့ဝဂ်ကို ရောက်နေပြီ..."

ရှွန်က စိတ်ဆိုးလာဟန်ဖြင့်...

"ဟယ်ရီ.. မင်းသိတာ ဘယ်လောက်ကြာပြီလဲ.. ဘာကိစ္စ အချိန်ဖြုန်းနေတာလဲ.. ဘာကြောင့် ဂရစ်ဟွတ်နဲ့ အရင်သွားတွေ့ရတာလဲ.. ငါတို့ အခု ချက်ချင်း သွားကြစို့..."

ဟယ်ရီက မြက်ခင်းပေါ်ဝယ် ဒူးထောက်ထိုင်လိုက်ရင်း...

"မသွားဘူး.. ဟာမီယွန်ပြောတာ မှန်တယ်.. ဒမ်ဘယ်လ်ဒိုးက ငါ့ကို ဒီလိုမလုပ်စေချင်ဘူး.. ငါ့ကို မပေးခဲ့ချင်ဘူး.. သူက ငါ့ကို ဝိညာဉ်ကိုယ်ပွားတွေ နောက်ကိုပဲ လိုက်ခိုင်းခဲ့တာ..."

ရွန်က ညည်းညူသည့် လေသံဖြင့်..

"ဘယ်လိုမှ မရှုံးနိုင်တဲ့ မော်တောင်ဝေးနော် ဟယ်ရီ.."

"ဒါ .. ငါလုပ်ရမယ့် အလုပ်မဟုတ်ဘူး.. ငါ့အလုပ်က ဝိညာဉ်ကိုယ်ပွားတွေကို ရှာဖို့ပဲ..."

ရှတ်ချည်းဆိုသလိုပင် အားလုံးမှောင်ကျသွား၏..။ နေရောင်ခြည်မှာ မိုးကောင်းကင်သို့ ထွက်ပြူခါစပင် ရှိသေးသည်..။ သူ ပုံသန်းနေသည့် နံဘေးတွင် စနိပ်ပါ လိုက်ပါလာကာ

ရေကန်ဆီသို့ ဦးတည်လာခဲ့ကြသည်..။

သူက အေးစက်လှသော လေသံဖြင့်..

"ငါ ရဲတိုက်ထဲမှာ မင်းကိုလာတွေ့မယ်.. အခု သွားပေတော့..."

စနိပ် ဦးညွှတ်လိုက်ပြီးနောက် ရဲတိုက်ဆီသို့ ပြန်လျှောက်သွားတော့သည်။ စနိပ် ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်ပြီးမှ သူဖြည်းညင်းစွာ လမ်းလျှောက်လာခဲ့သည်..။

သူသွားမည့်နေရာကို မည်သူမျှ မြင်၍မဖြစ်ပေ..။ ရဲတိုက်ပြတင်းပေါက်များတွင် အလင်းရောင် မမြင်ရချေ..။ ထို့နောက်တွင် သူ့ကိုယ်သူ ကိုယ်ယောင်ဖျောက်ဂါထာဖြင့်

ကိုယ်ယောင်ဖျောက်လိုက်သည်..။

ထို့နောက် ရေကန်စပ်ဆီသို့ ဆက်၍ လျှောက်လာခဲ့သည်..။ ရေကန်နံဘေးတွင် အဖြူရောင် အုတ်ဂူတစ်ခုကို တွေ့ရ၏..။ သူ့ရင်ထဲတွင် ဖျက်ဆီးရတော့မည်ကို ပျော်ရွှင်သော ခံစားချက်

ပေါ်လာပြန်၏..။ သူ့လက်ထဲမှ မော်တောင်ဝှေးကို မြှောက်လိုက်သည်..။

အုတ်ဂူမှာ နှစ်ပိုင်းကွဲသွား၏..။ အထဲတွင် ပျက်စီးနေသော ရုပ်အလောင်းကို တွေ့လိုက်ရသည်။ သူ၏ မော်တောင်ဝှေးကို မြှောက်လိုက်ပြန်သည်..။

အလောင်းကို ပတ်ထားသော အဝတ်စများ ကွာကျသွား၏..။ ဒမ်ဘယ်လ်ဒိုး၏ မျက်နှာမှာ ဖျော့တော့ကာ အရိုးပေါ် အရေတင်နေပြီ ဖြစ်သော်လည်း ကောင်းစွာ မှတ်မိနိုင်သေးသည်..။

သူ၏မျက်မှန်မှာ တပ်ထားဆဲပင်..။ ဒမ်ဘယ်လ်ဒိုး၏ လက်များမှာ ရင်ဘတ်ပေါ်တွင် တင်ထား၏..။ ထိုလက်များကြားထဲဝယ် သူနှင့်အတူတူ မြှုပ်နှံထားသောအရာ ရှိနေသည်..။

ဒီအုတ်ဂူထဲမှာ သေနေရုံနဲ့ မော်တောင်ဝှေးကို ကာကွယ်နိုင်မယ်လို့များ ဒီအဘိုးကြီး ထင်ခဲ့သလား..။ မိစ္ဆာသခင်ကြီးက သေတဲ့သူကို မနှောင့်ယှက်ရဲဘူးလို့ ထင်နေသလား..။

ထို့နောက်တွင် သူ့လက်ချောင်းများနှင့် ဒမ်ဘယ်လ်ဒိုး ဆုပ်ကိုင်ထားသော မော်တောင်ဝှေးကို ဆွဲယူလိုက်သည်။ သူ့လက်နှင့် မော်တောင်ဝှေး ထိတွေ့လိုက်သည်နှင့် မီးပွားကလေးများ

လွင့်စင်ထွက်လာကာ အသုံးပြုရန် အသင့်ဖြစ်လာတော့သည် × × ×

## ၂၅။ ခရုခွံစံအိမ်

ဘီလ်နှင့် ဖလူရာတို့၏ အိမ်မှာ တောင်ကုန်းလေးတစ်ခုပေါ်ဝယ် ရှိနေသည်..။ နံရံပေါ်ဝယ် ခရုခွံများ မြှုပ်နှံထားကာ ဖြူဖွေးလှပပြီး အထီးကျန်ဆန်သယောင် ရှိသည်..။

သူနောက်ပိုင်းရက်များတွင် တတ်နိုင်သရွေ့ ကျန်လူများနှင့် မဆုံအောင် ကြိုးစားရှောင်နေခဲ့သည်..။ တောင်ထိပ်ပေါ်တွင် တက်နေကာ ပင်လယ်ကို ငေးကြည့်ရင်းနှင့်

အချိန်ကုန်နေလေ့ရှိ၏..။

ဗိုဒီမော့နှင့်အပြိုင် မော်တောင်ဝှေးကို လုယူမထားလိုက်မိသည့် ခံစားချက်မှာ သူ့ကို ခြောက်လှန့်နေဆဲပင်..။ သူကိုယ်တိုင်လည်း သံသယများနှင့် ပြည့်နှက်နေ၏..။ ရွန် တစ်ချိန်လုံး

ပြောနေသော စကားသံများကို သူကြားယောင်နေမိသည်။

"ဒမ်ဘယ်လ်ဒိုးက မှော်တောင်ဝှေးကို ယူစေချင်လို့ ဒီအမှတ်အသားတွေ ထားခဲ့သလား.. မှော်ဝင်ရတနာတွေက မင်းအတွက် ဆိုရင်ရော ဟယ်ရီ.. ဒီတောင်ဝှေးသာ

သေမင်းမှော်တောင်ဝှေးမှန်ရင် ငါတို့က ဘယ်လိုလုပ်ပြီး မိစ္ဆာကောင်ကြီးကို ရှင်းပစ်နိုင်တော့မှာလဲ..."

ဟယ်ရီ့တွင် အဖြေမရှိချေ..။ သူ ဗိုဒီမော့ တစ်ယောက် သေမင်းမှော်တောင်ဝှေး ရသွားမည်ကို မတားမိခြင်းအား ရူးသွပ်မှုဟု တစ်ခါတလေ ခံစားနေရဆဲပင်..။ သူ ဘာကြောင့်

ဒီလိုဆုံးဖြတ်ခဲ့သလဲ သူကိုယ်တိုင်ပင် မသိချေ..။

ထူးဆန်းသည်မှာ သူ့ကို ဟာမီယွန်က လုံးဝထောက်ခံနေပြီး ရွန်ကမူ သံသယများစွာဖြင့် သူ့လိုပင် လုံးထွေးနေ၏..။ သေမင်းမှော်တောင်ဝှေး တကယ် ရှိမှန်း သူမ လက်ခံလိုက်ရပြီ

ဖြစ်သော်လည်း မကောင်းဆိုးဝါး ပစ္စည်းအဖြစ် ယူဆနေဆဲပင်..။ ဗိုဒီမော့ ရယူသွားသော နည်းလမ်းမှာ လုံးဝ စဉ်းစားရန်ပင် မသင့်ဟု သူမက ယူဆ၏..။ သူမက ထပ်ကာထပ်ကာပင်...

"နင် ဒီလိုလုပ်လို့ လုံးဝမဖြစ်ဘူး ဟယ်ရီ.. ဒမ်ဘယ်လ်ဒိုးရဲ့ သင်္ချိုင်းကို ဖျက်ဆီးဖို့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..."

သို့ရာတွင် ဒမ်ဘယ်လ်ဒိုး၏ အလောင်းကို တွေ့ရသည်မှာ ဟယ်ရီ့အဖို့ ပို၍ ကြောက်ရွံ့စရာပင်..။ ဒမ်ဘယ်လ်ဒိုး အသက်ရှင်နေသေးသည် ဟူသော သူ့မျှော်လင့်ချက်တို့

ကုန်ဆုံးသွား၏..။ သူမသေခင် ဟယ်ရီ့ကို သေချာရှင်းမပြခဲ့သည့်အတွက် သူ ဒမ်ဘယ်လ်ဒိုးအား ဒေါသထွက်လာမိပြန်သည်..။

ရွန်က...

"ဒါပေမယ့် .. သူ တကယ် သေပြီလား.."

ခရုခွံစံအိမ်သို့ ရောက်ပြီး သုံးရက်အကြာတွင် ရွန်ကမေး၏..။ ဟယ်ရီ သူတို့နှင့် ငြင်းခုံရန် စိတ်ကူးမရှိပေ..။

"ဟုတ်တယ် ရွန်.. ဒီမေးခွန်းကို ထပ်မမေးစမ်းပါနဲ့..."

ရွန်က ဟာမီယွန်အား...

"နင် သေချာစဉ်းစားကြည့်စမ်း ဟာမီယွန်.. ငွေရောင်သမင်မရယ် ဓားရယ် ဟယ်ရီ မြင်လိုက်ရတဲ့ မှန်ကွဲထဲက မျက်လုံးရယ်..."

"ဟယ်ရီက ဒါ စိတ်ထင်တာလည်း ဖြစ်နိုင်တယ်လို့ ပြောတယ်... ဟုတ်တယ် မဟုတ်လား ဟယ်ရီ..."

ဟယ်ရီက ဟာမီယွန့်ကို မကြည့်ပဲ...

"ဖြစ်နိုင်ပါတယ်..."

ရွန်က...

"ဒါပေမယ့် မင်းစိတ်ထင်တာလို့ မထင်ဘူး မဟုတ်လား..."

"ဟုတ်တယ်.. ငါ မထင်ဘူး..."

ရွန်က ဟာမီယွန် ဘာမှ ထပ်မပြောနိုင်ခင်မှာပင်...

"အဲဒါပဲ... ဒမ်ဘယ်လ်ဒိုး မဟုတ်ဘူးဆိုရင် ဒေါ်ဘီက ငါတို့ အချုပ်ခန်းထဲမှာမှန်း ဘယ်လိုလုပ် သိမလဲ..."

"ငါလည်း မပြောတတ်ဘူး... ဒါပေမယ့် ဒမ်ဘယ်လ်ဒိုး လွှတ်လိုက်တယ် ဆိုတာလည်း ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ.. သူ့ရဲ့အုတ်ဂူက ဟော့ဝဂ်မှာလေ.. ဒါဆို သူက သရဲဖြစ်နေသလား..."

ဟယ်ရီက...

"ဒမ်ဘယ်လ်ဒိုးဟာ သရဲအဖြစ်နဲ့ ပြန်လာမှာ မဟုတ်ဘူး.. သူ့ခရီးလမ်းကို သူဆက်သွားလိမ့်မယ်.. အဲဒါ သေချာတယ်..."

မည်သို့ဆိုစေ ဒမ်ဘယ်လ်ဒိုးအကြောင်းကို သူ အနည်းငယ် ပို၍ သိလာသလိုပင်..။ ဟယ်ရီ ဘာမှ ဆက်မပြောနိုင်ခင်မှာပင် အနောက်ဘက်မှ အသံတစ်သံက သူ့ကိုခေါ်လိုက်သည်...။

ဖလူရာက အိမ်ထဲမှ ထွက်လာပြီး ခေါ်ခြင်းဖြစ်၏..။

"ဟယ်ရီ.. ဂရစ်ဖွတ်က စကားပြောချင်တယ်တဲ့... သူ အသေးဆုံး အိပ်ခန်းထဲမှာ ရှိတယ်..."

သူမကို ဂေါ်ဘလင်က သတင်းပို့ရန် စေခိုင်းလိုက်ခြင်းအတွက် ကျေနပ်ပုံမရပေ...။

ဂရစ်ဟွတ်မှာ သူတို့ကို အိပ်ခန်းထဲတွင် စောင့်နေ၏...။ သူက ပြတင်းပေါက်ကို ခန်းဆီးနှင့် ကာရံထားသဖြင့် အလင်းရောင် နည်းပါးနေ၏..။ ဂေါ်ဘလင်က ထိုင်ခုံပေါ်တွင်

ခြေထောက်ချိတ်ထိုင်ရင်း...

"ကျုပ် ဆုံးဖြတ်ချက်ချလိုက်ပြီ ဟယ်ရီပေါ်တာ.. ကျုပ် မင်းကို ကူညီပါ့မယ်..."

ဟယ်ရီ အလွန်အမင်း စိတ်သက်သာရာ ရသွားသည်..။

"ကျေးဇူးပဲ.. ဂရစ်ဟွတ်.. ဒါ တကယ်ပဲ..."

ဂေါ်ဘလင်က သူ့စကားကို ဖြတ်ကာ...

"ဒါပေမယ့် အလကားတော့ မဟုတ်ဘူး ကျုပ်ကိုလည်း တစ်ခု ပြန်ပေးရမယ်..."

ဟယ်ရီ ခေတ္တမျှ တုံ့ဆိုင်းသွားပြီးမှ ...

"ဘယ်လောက်လိုချင်သလဲ.. ကျွန်တော့်မှာ ရွှေတွေ ရှိပါတယ်.."

ဂရစ်ဟွတ်က...

"ရွှေမလိုချင်ဘူး.. ကျုပ်မှာလည်း ရွှေတွေ ရှိပါတယ်.. ကျုပ် ဂရစ်ဖင်ဒေါ်ဓားကို လိုချင်တယ်..."

ဟယ်ရီ စိတ်ပျက်စွာဖြင့်...

"ဒါတော့ မဖြစ်နိုင်ဘူး..."

"ဒါဆိုရင်တော့ ပြဿနာပဲ..."

ရွန်က...

"တခြားတစ်ခုခု ယူပါလား.. ငွေတိုက်ထဲမှာ တခြားပစ္စည်းတွေ အများကြီး ရှိမှာပဲ.. အဲဒီ့အထဲကို ရောက်ရင် ကြိုက်တာကို ယူပေါ့..."

"ငါ သူခိုးမဟုတ်ဘူး ကောင်လေး... ငါနဲ့မဆိုင်တဲ့ ရတနာတွေကို ငါမပိုင်ချင်ဘူး..."

"ဒီဓားက ကျွန်တော်တို့ဟာ..."

"မဟုတ်ဘူး... ဒါဂရစ်ဖင်ဒေါ်ဓားပဲ.. ဂိုဒရစ်ဂရစ်ဖင်ဒေါ်ပိုင်တာ.. နောက်ပြီး ဂရစ်ဖင်ဒေါ် မပိုင်ခင်က ဘယ်သူတွေ ပိုင်ခဲ့သလဲ..."

ရွန်က...

"ဘယ်သူမှ မပိုင်ဘူး.. ဒါ သူ့အတွက် လုပ်ခဲ့တာပဲ..."

ဂေါ်ဘလင်မှာ ဒေါသတကြီးနှင့် ရွန့်ကို လက်ညှိုးဖြင့်ထိုးရင်း အော်ဟစ်လိုက်သည်...။

"မဟုတ်ဘူး... ဒီဓားကို ရက်ဂ်နပ်က အရင်ပိုင်တာ... သူ့ဆီကမှ ဂိုဒရစ်ဂရစ်ဖင်ဒေါ်က ယူသွားတာ.. ဒါ ဂေါ်ဘလင်တွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာပဲ... မင်းတို့ သဘောမတူရင်

ထွက်သွားကြ..."

ဟယ်ရီက ကျန်နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်ရင်း...

"ကျွန်တော်တို့ ဒီကိစ္စကို ဆွေးနွေးဖို့ လိုတယ် ဂရစ်ပှတ်.. အချိန်နည်းနည်းပေးနိုင်မလား..."

ဂေါ်ဘလင်က ခေါင်းညိတ်ပြလိုက်သည်။

အောက်ထပ်ရှိ လူသူကင်းရှင်းနေသော ဧည့်ခန်းထဲသို့ သူတို့သုံးယောက် ဝင်လာခဲ့ကြသည်..။ ရွန်က...

"သူ့ကို ဒီဓားပေးလို့ မဖြစ်ဘူး..."

ဟယ်ရီက...

"ဒီဓားကို ဂရစ်ဖင်ဒေါက ခိုးခဲ့တယ်ဆိုတာ တကယ်ပဲလား..."

ဟာမီယွန်က...

"ငါလည်း မပြောတတ်ဘူး.. သမိုင်းအကြောင်းဆိုတာ ရှုပ်ထွေးမှုတွေ အများကြီးပဲ.. ဒါပေမယ့် ငါသိသမျှကတော့ ဂရစ်ဖင်ဒေါ် ဒီဓားကို ခိုးခဲ့တယ်လို့ မပါဘူး..."

ရွှန်က…

"ဒါ ဂေါ်ဘလင်တွေ ပြောနေကျ ဇာတ်လမ်းဖြစ်မှာပါ.. စုန်းကဝေတွေက သူတို့ကို အမြဲ ဘယ်လို အနိုင်ကျင့်တယ်ဆိုတာလေ.. ငါတို့ရဲ့ မှော်တောင်ဝှေးကို မတောင်းဆိုတာပဲ

ကံကောင်းလှပြီ…"

ဟာမီယွန်က…

"ဂေါ်ဘလင်တွေက စုန်းတွေကို မကြိုက်တာ အကြောင်းရှိတယ် ရွှန်.. အတိတ်မှာ သူတို့ကို စုန်းတွေက ရက်စက်ခဲ့တာကိုး…"

ရွှန်က..

"ဂေါ်ဘလင်တွေကရော.. ဘာထူးသလဲ… ငါတို့တွေကို သူတို့ သတ်ခဲ့တာ နည်းလို့လား…"

"ဒါပေမယ့် ဂရစ်ဟွတ်ကို ဒီအကြောင်းတွေ သွားပြောရင် ပိုဆိုးလိမ့်မယ်.. သူ လုံးဝ ကူညီတော့မှာ မဟုတ်ဘူး…"

သူတို့အားလုံး ပြဿနာကို စဉ်းစားနေစဉ်ဝယ် တိတ်ဆိတ်နေကြ၏..။ ဟယ်ရီ ပြတင်းပေါက်မှတဆင့် ဒေါ်ဘီ၏သင်္ချိုင်းကို ကြည့်နေမိသည်..။

ရွှန်က…

"ကောင်းပြီ.. ဒီလိုလုပ်မလား.. ငါတို့လိုချင်တာရမှ သူ့ကိုပေးမယ်လို့ ပြောမယ်.. ပြီးတော့ ငွေတိုက်ထဲက ဓားအတုနဲ့ လဲပေးရအောင်…"

ဟာမီယွန်က..

"ရွှန်.. ဒီဓားရဲ့အကြောင်းကို သူက ငါတို့ထက်ပိုသိတယ်…"

"ဒါပေမယ့် သူ သတိမထားနိုင်ခင် လစ်ပြေးကြမယ်လေ.."

"သူ့ရဲ့ အကူအညီကိုလည်း ယူဦးမယ်.. သူ့ကိုလည်း ညာရဦးမယ်.. ဒါကြောင့်မို့လို့ ဂေါ်ဘလင်တွေက စုန်းတွေကို မကြိုက်တာပဲ.."

ရွှန့်နားရွက်များ နီတက်လာပြီးနောက်...

"ကောင်းပြီ.. ငါ စဉ်းစားလို့ ရသမျှကတော့ ဒါအကုန်ပဲ.. မင်းတို့ရော ဘာစဉ်းစားလို့ရလဲ..."

"ငါတို့ သူ့ကို တခြား တန်ဖိုးရှိတဲ့ဟာ တစ်ခုခုနဲ့ လဲပြီး ပေးရင်ရော..."

"တကယ်ကောင်းတဲ့ အကြံပဲ.. နေဦး.. ငါပိုင်တဲ့ ရှေးဟောင်း ဂေါ်ဘလင်လုပ် ဓားတစ်လက်လောက် သွားယူလိုက်ဦးမယ်"

နောက်တစ်ကြိမ် တိတ်ဆိတ်သွားကြပြန်၏..။ ဟယ်ရီ သေချာသိသည်မှာ ဂေါ်ဘလင်မှာ ဓားမှလွဲ၍ တခြားဘာကိုမှ လက်ခံမည် မဟုတ်ခြင်းကိုပင်...။

သို့ရာတွင် ဤဓားမှာ ဝိညာဉ်ကိုယ်ပွားများကို ဖျက်ဆီးရန် မရှိမဖြစ် လိုအပ်သော လက်နက်တစ်ခု ဖြစ်နေပြန်သည်..။

သူ မျက်လုံးများကို ပိတ်၍ စဉ်းစားကြည့်လိုက်၏..။ ဂရစ်ဖင်ဒေါသာ ဤဓားကို ခိုးယူခဲ့လျှင် ဟူသော အတွေးက သူ့ကိုနှိပ်စက်နေ၏..။ သူ အမြဲတမ်းလို ဂရစ်ဖင်ဒေါ ဖြစ်ရသည်ကို

ဂုဏ်ယူလေ့ရှိသည်..။

"ဂရစ်ဖွတ် ညာတာလည်း ဖြစ်နိုင်တာပဲ.. ဂရစ်ဖင်ဒေါဟာ ဒီဓားကို ခိုးခဲ့တာ ဟုတ်ချင်မှ ဟုတ်မယ်.. ဂေါ်ဘလင်ပြောတဲ့ သမိုင်းအကြောင်းကို ငါတို့ ဘယ်လိုသိနိုင်ပါ့မလဲ..."

ဟာမီယွန်က...

"ဒီလိုတွေးလို့လည်း ရတာပဲ..."

ဟယ်ရီက သက်ပြင်းတစ်ချက်ချရင်း...

"ငါတို့ကို ငွေတိုက်ထဲ ဝင်ဖို့ ကူညီရင် သူ့ကို ဓားပေးမယ်လို့ ပြောမယ်.. ဒါပေမယ့် ဘယ်အချိန်ဆိုတာကိုတော့ ထည့်မပြောဘူး..."

ရွှန်က အားပါးတရ ပြုံးလိုက်၏..။ ဟာမီယွန်ကမူ အထိတ်တလန့်ဖြင့်...

"ဟယ်ရီ ... ဒီလိုလုပ်လို့ မဖြစ်..."

"သူ့ကို ငါပေးမှာပါ.. ဝိညာဉ်ကိုယ်ပွားအားလုံးကို ဖျက်ဆီးပြီးရင် ပေးမှာပါ.. အဲဒီ့အချိန်မှာ သူ့ကို ငါကိုယ်တိုင် ပေးမှာပါ.. ငါ ကတိမဖျက်ပါဘူး..."

ဟာမီယွန်က...

"ဒါပေမယ့် .. ဒါ နှစ်နဲ့ချီကြာသွားနိုင်တယ်.. ဒီလိုညာလို့ ဖြစ်ပါ့မလား"

ဟယ်ရီ သူမကို ကြည့်လိုက်သည်..။ သူ ရှက်ရွံ့မိသော်လည်း သူတို့တွင် ရွေးချယ်စရာ နည်းလမ်းမရှိချေ...။ ဟာမီယွန်က..

"ငါတော့ သဘောမကျဘူး..."

"ငါလည်း သိပ်သဘောမကျပါဘူး..."

ရွန်က နေရာမှ ထရပ်လိုက်ရင်း...

"ငါကတော့ တကယ်ကောင်းတဲ့ အကြံလို့ ထင်တာပဲ.. ကဲ.. သူ့ကို သွားပြောကြစို့..."

အခန်းအတွင်းဝယ် ဟယ်ရီတစ်ယောက် ဓားကိုပေးမည့်အချိန် မပါစေရန် သတိထားကာ ပြောနေရ၏..။ ဟာမီယွန်ကမူ ဂနာမငြိမ်ပဲ ကြမ်းပြင်ပေါ်သို့သာ စိုက်ကြည့်နေ၏..။ သူမ၏

အမူအရာမှတဆင့် ဂရစ်ဟွတ် ရိပ်မိသွားမည်ကို စိုးရိမ်မိသော်လည်း ဂရစ်ဟွတ်မှာ သူ့ကိုသာ စူးစိုက်ကြည့်နေ၏..။

"ကျုပ် မင်းကို ကူညီရင် ဓားကိုပေးမယ်လို့ မင်းကတိပေးတယ်ပေါ့.. ဟုတ်လား... ဟယ်ရီပေါ်တာ..."

"ဟုတ်ပါတယ်..."

"ဒါဆိုရင် လက်ဆွဲနှုတ်ဆက်ကြစို့..."

ဟယ်ရီ ဂရစ်ဟွတ်နှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်..။ သူ၏ အမူအရာထဲမှ တစ်ခုခုကိုများ ရိပ်မိသွားမလားဟု သူပူပန်မိသည်..။ ဂရစ်ဟွတ်က...

"ကဲ.. စကြရအောင်..."

ဝန်ကြီးဌာနထဲ ထိုးဖောက်ဝင်ရောက်စဉ်ကလိုပင် ထပ်၍ အစီအစဉ်ဆွဲကြရပြန်သည်..။
ဂရစ်ဟွတ်နေသည့် အခန်းငယ်လေးထဲတွင်ပင် နေကာ အစီအစဉ်ဆွဲကြရ၏..။ ဂရစ်ဟွတ်က...

"ငါ ဘဲလ်ထရစ်လတ်စ်ထရန်ရဲ့ ငွေတိုက်ကို တစ်ခါပဲ ရောက်ဖူးတယ်.. ဒါဟာ ရှေးအကျဆုံး
ငွေတိုက်တွေထဲမှာပါတယ်.. စုန်းကဝေ မိသားစုတွေထဲ ရှေးကျတဲ့ မျိုးရိုးတွေရဲ့ ငွေတိုက်တွေ

ဟာ တခြားငွေတိုက်တွေထက် ပိုနက်တဲ့ နေရာမှာ ရှိတယ်.. ငွေတိုက်တွေဟာ သိပ်ပြီးကြီးမားသလို
အစောင့်အရှောက်လည်း အရမ်းထူထပ်တယ်..."

ဗီရိုနှင့်တူလှသော အခန်းငယ်လေးအတွင်းဝယ် သူတို့ နာရီအတော်ကြာခဲ့ပြီ ဖြစ်သည်..။
တဖြည်းဖြည်းနှင့် ရက်ကာလများမှတဆင့် ရက်သတ္တပတ်များဆီသို့ ကူးပြောင်းသွား၏..။

ဖြေရှင်းစရာ ပြဿနာများမှာ တစ်ခုပြီးတစ်ခုပင်..။ ထို့အပြင် သူတို့၏ ရုပ်သွင်ပြောင်း
ဆေးရည်မှာလည်း နည်းပါးနေပေပြီ...။

ဟာမီယွန်က ရွှံ့နှင့်တူလှသော ဆေးရည်များပါသည့် ပုလင်းကို လှုပ်ခါကြည့်ရင်း...

"လူတစ်ယောက်စာပဲ လုံလောက်တော့မယ်.."

ဟယ်ရီက ဂရစ်ဟွတ် ဆွဲပေးထားသော မြေပုံကို ကြည့်နေရင်းမှ...

"ဒါလောက်ဆို လုံလောက်ပါတယ်..."

အိမ်တွင်နေသော အခြားသူများမှာ ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်တို့ကို ထမင်းစားချိန်မှအပ
မတွေ့ရသော်လည်း မည်သူမှ မေးခွန်း မထုတ်ကြချေ...။ သို့ရာတွင် ဟယ်ရီကမူ ဘီလ်၏

ပူပန်ဟန်ရှိသော မျက်လုံးများကို သတိပြုမိ၏...။

အချိန်ကြာလေလေ ဟယ်ရီ ဂေါ်ဘလင်ကို ပို၍ မနှစ်သက်လေလေပင် ဖြစ်သည်...။ ဂရစ်ဟွတ်မှာ
သွေးဆာနေပုံရပြီး ငွေတိုက်သွားရာလမ်းတွင် အခြားသူများကို တိုက်ခိုက်သွားရမည်ကို

နှစ်သက်နေဟန် ရှိသည်...။ ကျန်နှစ်ယောက်ပါ သူ့လို ခံစားနေရမှန်း ဟယ်ရီ သိသော်လည်း ဤကိစ္စကို
မဆွေးနွေးဖြစ်ကြပေ..။ သူတို့ ဂရစ်ဟွတ်၏ အကူအညီကို အမှန်တကယ်

လိုအပ်နေ၏..။

ဂေါ်ဘလင်မှာ ခြေထောက်ကောင်းသွားသည့်တိုင် အခန်းထဲသို့သာ အစားအစာကို ယူလာခိုင်းပြီး စားလေ့ရှိသည်။ နောက်ဆုံးတွင် ဘီလ်က နောက်ထပ် အပေါ်သို့ အစားအသောက် မပို့နိုင်တော့ကြောင်း ပြောမှပင် သူတို့နှင့်အတူ ထမင်းစားပွဲသို့ ဆင်းလာစားသောက်တော့သည်..။ သို့တိုင် အခြားသူများ စားသည်ကို မစားပဲ အသားစိမ်းများ.. သစ်မြစ်များနှင့် ရေညှိများကိုသာ စားလေ့ရှိ၏..။

ဟယ်ရီ အပြစ်မကင်းသလို ခံစားနေရ၏..။ ဂေါ်ဘလင်ကို ဤနေရာ၌ ဆက်ထားရန် တောင်းဆိုခဲ့သူမှာ သူဖြစ်သည်..။ သူ့ကြောင့်သာ ဝီစလေ မိသားစုတစ်ခုလုံး ပုန်းရှောင်နေရပြီး အလုပ်မလုပ်နိုင်တော့ခြင်းပင်...။

ဧပရယ်လ၏ ညနေခင်းတစ်ခုဝယ် ဖလူရာကို ကူညီကာ ညစာ ပြင်ပေးနေရင်း ဟယ်ရီ တောင်းပန်လိုက်သည်..။

"စိတ်မကောင်းပါဘူး ဖလူရာ.. ဒီလိုတွေ ဖြစ်အောင်လုပ်ဖို့ မရည်ရွယ်ပါဘူး..."

သူမက အသားများကို ခုတ်လှီးနေ၏..။ ဂရစ်ဟွတ်နှင့် ဘီလ့်အတွက်ပင်..။ ဂရေးဘက်ခ်၏ အတိုက်ခိုက်ခံရပြီးကတည်းက ဘီလ်မှာ အသားစိမ်းများကိုသာ စားတော့သည်..။ သူမ၏ စိတ်ရှုပ်နေဟန်ရှိသော မျက်နှာမှာ နူးညံ့သွားပြီး...

"ဟယ်ရီ.. မင်း ငါ့ညီမရဲ့ အသက်ကို ကယ်ခဲ့တာ ငါမမေ့သေးဘူး..."

ဟယ်ရီ သူမကို ဂါဗရီရယ်လ်တွင် မည်သည့်အန္တရာယ်မှ မရှိကြောင်း ထပ်မံရှင်းပြဖြစ်သည်..။

ဖလူရာက...

"ဘယ်လိုပဲဖြစ်ဖြစ် မစ္စတာအိုလီဗန်ဒါက ဒီညနေဆိုရင် မြူရီရယ်လ်ဆီ ပြန်တော့မယ်... ဒါဆို ပိုပြီး အဆင်ပြေသွားပြီ.. ဂေါ်ဘလင်ကို အောက်ထပ်ရွှေ့ပြီး မင်းရယ် ရွန်ရယ် ဒင်းန်ရယ် သူ့အခန်းကို ယူလိုက်ကြပေါ့..."

ဟယ်ရီက...

"ညှော်ခန်းထဲမှာ အိပ်ရတာ ကျွန်တော့်အတွက် ပြဿနာ မဟုတ်ပါဘူး.. ကျွန်တော်တို့ကို မပူပါနဲ့.. ကျွန်တော်ရယ် ရွန်ရယ် ဟာမီယွန်ရယ်လည်း ဒီက မကြာခင် သွားတော့မှာပါ..."

"ဟင်.. ဘာပြောတယ်.. မင်းတို့လျှောက်မသွားသင့်ဘူး... ဒီမှာနေတာ အန္တရာယ် ကင်းပါတယ်..."

သူမ၏ အမူအရာမှာ ထိုအခိုက်အတန့်တွင် မစ္စစ်ဝီစလေနှင့် တူလှ၏..။ သူ ကံကောင်းသွားသည်မှာ နောက်ဖေးတံခါးပွင့်သွားပြီး လက်ထဲတွင် ထင်းများ ပိုက်လာသော ဒင်းန်နှင့် လူနာ အထဲသို့ ဝင်လာသောကြောင့်ပင်..။

ရွှန်နှင့် ဟာမီယွန်မှာ ထမင်းစားပွဲတွင် ထိုင်နေကာ ဖလူရာ၏ မေးခွန်းမှ လွတ်ရန် ရှောင်နေကြ၏..။ ဟယ်ရီ ဖရုံသီးဖျော်ရည်ကရားကို ကိုင်ကာ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်...။

ထိုအချိန်မှာပင် ဘီလ်က မစ္စတာ အိုလီဗန်ဒါကို တွဲကာ အပေါ်ထပ်မှ ဆင်းလာ၏..။ သူ့ကို ကြည့်ရသည်မှာ ပိန်ချုံးနေဆဲ ဖြစ်ပြီး ဘီလ်က လက်တစ်ဘက်ကို မှီတွယ်ထားရကာ တစ်ဘက်က ခရီးဆောင်အိတ်ကို ကိုင်ထားရ၏..။ လူနာက သူ့အနား ချဉ်းကပ်သွားရင်း...

"ကျွန်မ အမြဲ သတိရနေမှာပါ မစ္စတာအိုလီဗန်ဒါ..."

အိုလီဗန်ဒါက သူမ၏ ပခုံးကို ပုတ်ရင်း...

"ငါလည်း သတိရနေမှာပါ.. မင်းကြောင့်မို့လို့ ငါ အဲဒီ့အထဲမှာ သက်သာရာ ရခဲ့တာပဲ..."

ဖလူရာက အိုလီဗန်ဒါအား နှုတ်ဆက်ရင်း...

"ကျွန်မကို မြူရီရယ်လ်ရဲ့ သရဖူ ပြန်ပေးပေးပါလား.. ဘယ်လိုမှ ပြန်ပေးဖို့ အဆင်မပြေလို့ပါ..."

ဖလူရာက သေတ္တာထဲက သရဖူကို ထုတ်ပြလိုက်၏..။ မီးရောင်အောက်ဝယ် သရဖူမှာ အရောင်များ တဖိတ်ဖိတ်တောက်ပနေ၏..။ ဂရစ်ဟွတ်က..

"လကျောက်တုံးနှင့် စိန်ကို ပေါင်းစပ်ထားတာပဲ.. ဂေါ်ဘလင်လက်ရာလို့ ထင်တယ်..."

ဘီလ်က..

"စုန်းကဝေက ပိုက်ဆံပေးပြီး ဝယ်လာတာလေ..."

ဂေါ်ဘလင်မှာ ဘီလ့်ကို မကျေမနပ်နှင့် စိန်ခေါ်သလို တစ်ချက်ကြည့်လိုက်၏...။

ဘီလ်နှင့် အိုလီဗန်ဒါတို့ အပြင်သို့ ထွက်လိုက်သည်နှင့် ပြင်းထန်စွာ တိုက်ခတ်နေသော လေက အထဲသို့ပင် ဝင်လာ၏..။ အားလုံး စားပွဲတွင် စုစည်းထိုင်နေကာ စတင် စားသောက်ကြ၏..။

ဖလူရာ အစားကောင်းကောင်း မစားပဲ ပြတင်းပေါက်သို့သာ မကြာခဏ ငေးကြည့်နေသည်ကို ဟယ်ရီ သတိပြုမိ၏..။ ဘီလ်က သူတို့ စားသောက်မပြီးခင်မှာပင် ပြန်ရောက်လာ၏..။ သူက ဖလူရာအား...

"အားလုံး အခြေအနေကောင်းပါတယ်.. ဖရက်နဲ့ ဂျော့ကတော့ ဗီးကွက်အမှာစာ စနစ်နှင့် နောက်ဘက်ခန်းမှာ ပစ္စည်းတွေ လုပ်တုန်းပဲ.. သူ့ရဲ့ သရဖူကို ပြန်ရလို့ မြူရီရယ်လ်ကတော့ ပျော်နေတယ်.. သူက ငါတို့ အပိုင်ယူသွားပြီလို့ ထင်နေတာတဲ့..."

ဖလူရာက သူမ၏ မော်တောင်ဖေ့းကို ဖေ့ယမ်းလိုက်သည်..။ ပန်းကန်ပေ အားလုံး စုပုံကာ လေထဲသို့ ဝဲပျံတက်လာ၏..။ သူမက ပန်းကန်များကို သယ်ကာ မီးဖိုထဲသို့ ဝင်သွားတော့သည်..။ လူနာက..

"အဖေလည်း သရဖူတစ်ခု လုပ်နေတယ်..."

ရွန်က ဟယ်ရီ့ကို တစ်ချက်ကြည့်ကာ ပြုံးလိုက်၏..။ ဟယ်ရီလည်း ချက်ချင်းပင် ဇီနိုဖီးလီ းယပ်စ်၏ အိမ်တွင် တွေ့ခဲ့ရသော သရဖူ၏ ပုံစံကို သတိရမိသည်..။

"သူက ရေဗင်ကလောရဲ့ ပျောက်ဆုံးနေတဲ့ သရဖူကို ပြန်လုပ်နေတာလေ.. အခုဆိုရင် အဓိကပစ္စည်းတွေ အကုန်သိပြီတဲ့..."

ထိုအချိန်မှာပင် အိမ်ရှေ့တံခါးမှ ဝုန်းကနဲ အသံကြားရသဖြင့် အားလုံး လှည့်ကြည့်လိုက်ကြသည်..။ ဖလူရာက မီးဖိုထဲမှ အပြင်သို့ အလန့်တကြား ပြေးထွက်လာ၏..။ ဘီလ်မှာ အလန့်တကြား ခုန်ထရင်း တံခါးရှိရာဆီသို့ မော်တောင်ဖေ့းနဲ့ ထိုးချိန်လိုက်သည်..။ ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့လည်း ဘီလ်နှင့် ပြိုင်တူပင် လှုပ်ရှားလိုက်၏..။ ဂရစ်ဟွတ်မှာမူ စားပွဲအောက်သို့ ဝင်ကာ ပျောက်ကွယ်သွား၏...။

ဘီလ်က...

"ဘယ်သူလဲ..."

"ငါပါ.. ရေးမတ်စ်လူပင်ပါ"

လေတိုက်သံကို ထိုးဖောက်ကာ ထိုအသံကို ကြားလိုက်ရသည်..။ ဟယ်ရီ ရုတ်တရက် ထိတ်လန့်သွားမိ၏..။ ဘာတွေ ဖြစ်ကုန်ကြပြီလဲ...။

"ငါက သမန်းဝံပုလေပါ.. နင်ဖန်ဒိုရာတွန့်ခ်နဲ့ လက်ထပ်ထားတာပါ.. လျှို့ဝှက်ချက်ကို ထိန်းသိမ်းတဲ့ မင်းကိုယ်တိုင် ငါ့ကို လိပ်စာပေးပြီး အရေးကြီးရင် လာခိုင်းထားတယ်..."

"လူပင်ပဲ..."

ဘီလ်က တံခါးကို အပြေးအလွှား သွားရောက် ဖွင့်ပေးလိုက်သည်...။ လူပင် အထဲသို့ ဝရုန်းသုန်းကား ဝင်ရောက်လာ၏..။ သူ့မျက်နှာမှာ ဖြူရော်နေကာ ခရီးသွားဝတ်ရုံကို ခြုံထားပြီး သူ၏ မီးခိုးရောင်ဆံပင်များမှာ ရှုပ်ပွနေ၏..။ သူက အခန်းထဲရှိ လူအားလုံးကို တစ်ချက်မျှ လှည့်ပတ် ကြည့်လိုက်ပြီး...

"ယောကျ်ားလေး မွေးတယ်.. ငါတို့ သူ့ကို တက်ဒ်လို့ နာမည်ပေး..."

ဟာမီယွန်က...

"ဘာ.. ဘာပြောတယ်.. တွန့်ခ် ကလေးမွေးပြီ ဟုတ်လား..."

"ဟုတ်တယ်... ဟုတ်တယ်... သူ ကလေးမွေးပြီ..."

လူပင်က အော်ဟစ်လိုက်၏..။ အားလုံးပင် ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်..။ ဟာမီယွန်နှင့် ဖလူရာက ပြိုင်တူပင် ...

"ဂုဏ်ယူပါတယ် .. လူပင်..."

ရွှန်ကမူ ...

"ယောကျ်ားလေးတဲ့ကွ..."ဟု တစ်ခါမှ မကြားဖူးသလို အော်ဟစ်နေ၏..။ လူပင်ကပါ...

"ဟုတ်တယ်... ဟုတ်တယ်.. ယောကျ်ားလေး..." ဟု ထပ်ပြောရင်း အကြီးအကျယ် ပျော်ရွှင်နေပုံရသည်..။ သူက စားပွဲဘေးတွင် လျှောက်နေရင်းမှ ဟယ်ရီ့ကို ပွေ့ဖက်လိုက်သည်..။ ဂရင်းမောဒ်အိမ်မှ အဖြစ်အပျက်မှာ တစ်ခါမှ မဖြစ်ခဲ့ဖူးသလိုပင်...။

ဟယ်ရီက သူ့ကိုလွှတ်လိုက်သည်နှင့် လူပင်က...

"မင်း သူ့ရဲ့ အုပ်ထိန်းသူ လုပ်မယ် မဟုတ်လား..."

"ဗျာ.. ကျွန်.. ကျွန်တော်... ဟုတ်လား"

"ဟုတ်တယ်.. မင်းပဲ.. ဒိုရာကလည်း သဘောတူတယ်.. ဘယ်သူမှ မင်းထက် ပိုမသင့်တော်နိုင်ဘူး..."

"ကျွန်တော် သဘောတူတယ်.. ဟား..."

ဟယ်ရီတစ်ယောက် ပျော်ရွှင်မှုဖြင့် ပြည့်နှက်နေသလို ခံစားရ၏..။ ဘီလ်က ဝိုင်ပုလင်းကို ယူနေစဉ် ဖလူရာက လူပင့်ကို အတူတူ သောက်သွားရန် တိုက်တွန်းနေ၏..။ လူပင်က အားလုံးကို ပြုံးရွှင်စွာ ကြည့်ရင်း...

"ငါအကြာကြီး မနေနိုင်ဘူး ပြန်ရမယ်..."

လူပင်မှာ ဟယ်ရီ သူ့ကို မြင်ဖူးသည့်ရုပ်ထက် နှစ်ပေါင်းများစွာ ပြန်ငယ်သွားသလိုပင်..။

"ကျေးဇူးတင်ပါတယ် ဘီလ်..."

ဘီလ်က အားလုံး၏ ခွက်များကို ဖြည့်ပေးပြီးသည်နှင့် အားလုံး မတ်တတ်ရပ်ကာ ဝိုင်ခွက်များကို မြှောက်လိုက်ရင်း...

"တက်ဒီရေးမတ်စ်လူပင်အတွက်..."

ဖလူရာက...

"ဘယ်သူနဲ့တူသလဲဟင်..."

"ငါကတော့ ဒိုရာနဲ့ တူတယ် ထင်တယ်.. သူကတော့ ငါနဲ့ တူတယ်လို့ ပြောတယ်.. ဆံပင်သိပ်မပေါက်သေးဘူး.. ကြည့်ရတာတော့ အနက်ရောင်ပဲ.. ငါပြန်ရောက်တဲ့ အချိန်လောက်ဆို အညိုရောင် ဖြစ်ချင်ဖြစ်နေမှာ.. တွန့်ခ်ရဲ့ ဆံပင်ကလည်း သူမွေးတဲ့နေ့ကစပြီး အရောင်ပြောင်းလာတာတဲ့..."

သူက ဝိုင်ခွက်ကို မော့သောက်လိုက်ရင်း ဘီလ်အား...

"အား.. ဒါဆိုလည်း ထပ်လုပ်ကွာ နောက်တစ်ခွက်..."

သိပ်မကြာခင်မှာပင် ဘီလ်မှာ နောက်ထပ် ဝိုင်တစ်ပုလင်း ထပ်ဖောက်ရပြန်၏...။ လူပင်သယ်လာသော သတင်းမှာ သတို့၏ သောကအားလုံးကို ခေတ္တ မေ့သွားစေသည်..။ ဂေါ်ဘလင်မှာမူ သိပ်မကြာခင်မှာပင် သူ့အခန်းထဲသို့ ပြန်ဝင်သွား၏..။ ထိုအဖြစ်အပျက်ကို ဟယ်ရီ တစ်ယောက်သာ သတိပြုမိလိုက်သည်..။ နောက်ဆုံးတွင် လူပင်က ဝိုင်တစ်ခွက်ကို ထပ်သောက်ရင်း...

"မဖြစ်ဘူး.. ငါပြန်မှ ဖြစ်တော့မယ်..."

လူပင်က မတ်တတ်ရပ်လိုက်ရင်း.. သူ၏ ဝတ်ရုံကို ပြန်ခြုံလိုက်သည်...။

"သွားတော့မယ်.. သိပ်မကြာခင် ခေတ်ပုံတွေ ယူလာခဲ့မယ်..."

လူပင် အားလုံးကို နှုတ်ဆက်ကာ အပြင်သို့ ပြန်ထွက်သွားတော့သည်..။

ဟယ်ရီနှင့် ဘီလ်မှာ စားပွဲကူရှင်းရန် ခွက်များကို မီးဖိုခန်းထဲသို့ သယ်ဆောင်လာကြ၏..။ ဘီလ်က...

"ဟယ်ရီက အုပ်ထိန်းသူတဲ့လား ... တကယ့်ကို ဂုဏ်ယူစရာပဲ..."

ဟယ်ရီ သယ်လာသော ခွက်အလွတ်များကို စားပွဲပေါ် တင်လိုက်ချိန်ဝယ် ဘီလ်က မီးဖိုတံခါးကို ပိတ်လိုက်၏..။ ထမင်းစားခန်းတွင် လူပင် မရှိတော့သော်လည်း အားလုံး ပျော်ရွှင်စွာ အော်ဟစ်နေကြဆဲပင်..။ ဘီလ်က...

"ငါ မင်းနဲ့ သီးသန့်စကားပြောချင်တယ် ဟယ်ရီ.. ဒီလောက် လူရှုပ်နေတဲ့ အိမ်ထဲမှာ ဒီအခွင့်အရေးက ရဖို့ မလွယ်လှဘူး..."

ဘီလ်က ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ...

"ဟယ်ရီ.. မင်း ဂရစ်ဟွတ်နဲ့ တစ်ခုခု လုပ်ဖို့ ကြံနေတယ်..."

ဘီလ်၏ စကားမှာ မေးခွန်း မဟုတ်သဖြင့် ဟယ်ရီ ပြန်ဖြေရန် စိတ်ကူးမရှိပဲ ဘီလ့်ကိုသာ ငေးကြည့်ကာ ဘာဆက်ပြောမည်ကို စောင့်မျှော်နေလိုက်သည်..။

"ငါ ဂေါ်ဘလင်တွေ အကြောင်း ကောင်းကောင်းသိတယ်.. ဟော့ဂဝ်က ထွက်လာခဲ့ကတည်းက ငါဂရင်းဂေါ့မှာ အလုပ်လုပ်ခဲ့တယ်.. စုန်းကဝေတွေနဲ့ ဂေါ်ဘလင်တွေ မိတ်ဆွေဖြစ်နိုင်ပါတယ်.. ငါ့မှာလည်း ဂေါ်ဘလင်မိတ်ဆွေတွေ ရှိပါတယ်.. အနည်းဆုံးတော့ ငါနဲ့ ကောင်းကောင်းရင်းနှီးပြီး ခင်တဲ့ ဂေါ်ဘလင်တွေ ရှိတယ်ဆိုပါတော့..."

ဘီလ်က ခေတ္တမျှ စဉ်းစားနေပြီးမှ...

"ဟယ်ရီ.. မင်း ဂရစ်ဟွတ်ဆီက ဘာလိုချင်နေသလဲ.. သူ့ကိုရော ဘာပြန်ပေးမယ်လို့ ပြောထားသလဲ..."

"ကျွန်တော် ပြောမပြနိုင်ဘူး .. ဆောရီးပဲ ဘီလ်..."

မီးဖိုခန်းတံခါးမှာ ပွင့်သွား၏..။ ဖလူရာမှာ ဖန်ခွက်အလွတ်များကို သယ်ယူကာ အထဲသို့ ဝင်လာ၏..။ ဘီလ်က...

"ခဏလေး..."

သူမက အပြင်သို့ ပြန်ထွက်သွား၏..။ ဘီလ်က တံခါးပြန်ပိတ်လိုက်၏...။

"ဒါဆိုရင်တော့ ငါ ဒီလိုပဲ သတိပေးရတော့မှာပဲ.. ဂရစ်ဖွတ်နဲ့ တစ်ခုခု အပေးအယူလုပ်ဖို့ ကြံနေတယ်ဆိုရင် အထူးသဖြင့် ရတနာတွေပါတယ်ဆိုရင် မင်း အရမ်း သတိထားရမယ်.. ဂေါ်ဘလင်တွေရဲ့ ဝယ်ယူမှု ပိုင်ဆိုင်မှုတွေက လူတွေနဲ့ မတူဘူး..."

ဟယ်ရီ အနည်းငယ် စိတ်မသက်မသာ ဖြစ်မိသည်...။ ထို့ကြောင့်..

"ဘာကိုဆိုလိုတာလဲ ဘီလ်..."

"ငါပြောချင်တာက မျိုးနွယ်မတူတဲ့ ကိစ္စပဲ.. စုန်းကဝေတွေနဲ့ ဂေါ်ဘလင်တွေကြားထဲက အရောင်းအဝယ်ကိစ္စတွေမှာ ဒီပြဿနာ တက်ခဲ့တာ နှစ်ပေါင်း ရာနဲ့ချီနေပြီ.. မင်းလည်း မှော်ပညာသမိုင်းသင်ဖူးတာပဲ.. မှားတာကတော့ နှစ်ဘက်စလုံး မှားခဲ့ကြတာပဲ.. ငါက စုန်းကဝေတွေကို အပြစ်ကင်းပါတယ်လို့ ပြောနေတာ မဟုတ်ဘူး.. ဒါပေမယ့် တချို့ဂေါ်ဘလင်တွေမှာ ယုံကြည်ချက်ရှိတယ်.. ဂရင်းဂေါ့က ဂေါ်ဘလင်တွေဆို ပိုဆိုးတယ်.. သူတို့ဟာ စုန်းကဝေတွေကို ရတနာတွေနဲ့ ပတ်သက်လာရင် မယုံဘူး.. စုန်းတွေက ဂေါ်ဘလင်တွေရဲ့ ပိုင်ဆိုင်မှုကို လေးစားမှုမရှိဘူးလို့ ယူဆကြတယ်..."

"ကျွန်တော် လေးစားပါတယ်..."

ဘီလ်က ခေါင်းခါယမ်းလိုက်ရင်း...

"မင်း နားမလည်သေးဘူး ဟယ်ရီ.. ဘယ်သူမှလည်း နားလည်မှာ မဟုတ်ဘူး.. ဂေါ်ဘလင်တွေနဲ့ နေဖူးမှသာ နားလည်နိုင်မယ်... ဂေါ်ဘလင်တွေ အတွက် ပိုင်ရှင်အစစ်ဆိုတာ အဲဒီ့ပစ္စည်းကို လုပ်ခဲ့တဲ့သူတွေပဲ.. ဝယ်တဲ့သူ မဟုတ်ဘူး... ဂေါ်ဘလင်လုပ်တဲ့ ပစ္စည်းမှန်သမျှ ဂေါ်ဘလင်တွေအတွက်တော့ သူတို့ပိုင်တဲ့ ပစ္စည်းပဲ..."

"ဒါပေမယ့် ဝယ်ခဲ့တာပဲ မဟုတ်လား..."

"ဒါဆိုရင် ပိုက်ဆံပေးတဲ့သူကို ငှားတယ်လို့ သူတို့က သဘောထားကြတယ်... အဲဒီ့မှာပဲ ဂေါ်ဘလင်လုပ်ပစ္စည်းတွေကို စုန်းကဝေတွေ မျိုးရိုးစဉ်ဆက် ဆက်ခံတဲ့ ကိစ္စဟာ ပြဿနာ

တက်တော့တာပဲ.. သရဖူကို တွေ့လိုက်တုန်းက ဂရစ်ဖွတ်ရဲ့ မျက်နှာကို မြင်တယ် မဟုတ်လား.. သူလုံးဝမနှစ်သက်ဘူး.. သူလည်း တခြား ဂေါ်ဘလင်တွေလိုပဲ တွေးပုံပဲ.. ဝယ်တဲ့သူသေရင် ဒီပစ္စည်းကို သူတို့လက်ထဲ ပြန်ပေးသင့်တယ်လို့ ယူဆကြတယ်.. ငါတို့ရဲ့ မျိုးရိုးစဉ်ဆက် သူတို့ပစ္စည်းတွေကို ဆက်ခံတဲ့ အကျင့်ကို သူတို့က ခိုးတာထက် ဆိုးတယ်လို့ ယူဆကြတယ်…”

ဘီလ်တစ်ယောက် သူထင်ထားသည်ထက် ပိုသိနေသလားဟု ဟယ်ရီ တွေးနေမိသည်..။ ဘီလ်က အခန်းတံခါးကို မဖွင့်ခင် နောက်ဆုံးအနေဖြင့်…

“ငါ ပြောချင်တာက ဂေါ်ဘလင်တစ်ကောင်ကို ကတိပေးတော့မယ်ဆိုရင် အရမ်း သတိထားရတယ် ဆိုတာပဲ.. ဂေါ်ဘလင်တစ်ကောင်ကို ကတိပေးရမှာထက် ဂရင်းဂေါ့ဘဏ်ကို ဖောက်ဝင်ရတာကမှ ပိုပြီး အန္တရာယ်ကင်းလိမ့်မယ်…”

“ဟုတ်ပါပြီ.. ကျေးဇူးပဲ.. ကျွန်တော့်စိတ်ထဲမှာ မှတ်ထားပါ့မယ်…”

ထို့နောက်တွင် ဘီလ်နှင့်အတူ ဧည့်ခန်းထဲသို့ ပြန်ဝင်ခဲ့၏…။ ဆီးရီးယပ်စ်ဘလက်လိုပင် သူလည်း တက်ဒီလူပင်၏ အုပ်ထိန်းသူ ဖြစ်လာခဲ့ပေပြီ…။

## ၂၆။ ဂရင်းဂေါ့ဘဏ်တိုက်

သူတို့၏ အစီအစဉ်များရော ပြင်ဆင်မှုများပါ ပြည့်စုံခဲ့ပေပြီ..။ ခပ်ကြမ်းကြမ်းဆံပင်နက် တစ်ချောင်းကိုလည်း ဟာမီယွန် မယ်လ်ဖွိုင်းစံအိမ်တွင် ဝတ်ခဲ့သော ဆွယ်တာပေါ်မှ ရခဲ့၏..။

ဟယ်ရီက…

“နင် သူ့ရဲ့ တကယ့် မှော်တောင်ဝှေးကို သုံးရမယ်.. ဒါဆို ပိုအဆင်ပြေမယ်…”

ဟာမီယွန်မှာ ထိုမှော်တောင်ဝှေး ကိုင်ရမှာကိုပင် လန့်နေပုံရသည်..။ သူမက လေသံတိုးတိုးဖြင့်…

“ငါ ဒီတောင်ဝှေးကို မုန်းတယ်.. ငါနဲ့ ကိုက်မယ် မထင်ဘူး.. သူ့ရဲ့ အစိတ်အပိုင်းတစ်ခုလို ခံစားရတယ်…”

ရွန်က…

“ဒါပေမယ့် ဒီမှော်တောင်ဝှေးကို ကိုင်မှ ပိုပြီး ဟန်ဆောင်လို့ ကောင်းမှာပေါ့… ဒီမှော်တောင်ဝှေးနဲ့ သူလုပ်ခဲ့တာ နည်းတာမှ မဟုတ်တာ…”

ဟာမီယွန်က…

“ငါပြောချင်တာက အဲဒါပဲ.. ဒီမှော်တောင်ဝှေးနဲ့ နဗီးလ်ရဲ့ အဖေနဲ့အမေကို နှိပ်စက်ခဲ့တယ်.. နောက်ထပ် ဘယ်လောက်များများ ရှိဦးမလဲ.. ပြီးတော့ ဆီးရီးယပ်စ်ကိုလည်း ဒီတောင်ဝှေးနဲ့ပဲ သတ်ခဲ့တာ…”

ဟယ်ရီ ထိုအကြောင်းကို သတိမရမိချေ..။ သူ့ခေါင်းထဲသို့ ထိုအတွေး ဝင်လာသည်နှင့် ဂရစ်ဖင်ဒေါ်စားကို ဆွဲကာ ထိုတောင်ဝှေးအား နှစ်ပိုင်းဖြတ်ပစ်ချင်စိတ် ပေါ်လာ၏..။

ဟာမီယွန်က စိတ်ပျက်စွာပင်…

“ငါရဲ့ မှော်တောင်ဝှေးကို သိပ်သတိရတာပဲ.. မစ္စတာအိုလီဗန်ဒါက ငါ့ကိုလည်း မှော်တောင်ဝှေး အသစ်လုပ်ပေးရင် ကောင်းမှာပဲ..”

မစ္စတာအိုလီဗန်ဒါက လူနာ့အတွက် မှော်တောင်ဝှေးအသစ်ကို ယနေ့နံနက်မှာပင် ပို့ပေးခဲ့သည်..။ လူနာမှာ ယခုအခါတွင် ခြံဝင်းနောက်ဘက်၌ မှော်တောင်ဝှေး အသစ်ကို စမ်းသပ်လျှက်ရှိသည်…။ ဒင်းန်က အနားတွင် အားကျစွာ ကြည့်လျှက် ရှိသည်..။ သူ့တွင်လည်း မှော်တောင်ဝှေး မရှိတော့ပေ…။

ဟယ်ရီ သူ့လက်ထဲရှိ တစ်ချိန်က ဒရာကို ပိုင်ခဲ့သော မှော်တောင်ဝှေးကို ငုံ့ကြည့်မိသည်..။ သူ အံ့ဩမိသည်မှာ ဤမှော်တောင်ဝှေးမှာ သူ့အတွက် သုံးရန် အခက်အခဲ မရှိခြင်းပင်..။ အိုလီဗန်ဒါ ပြောခဲ့သော မှော်တောင်ဝှေးများ၏ လျှို့ဝှက်ချက်အရ ဟာမီယွန် ဖြစ်နေသော ပြဿနာကို ဟယ်ရီခန့်မှန်းနိုင်ပေသည်..။ သူမမှာ ဘဲလ်ထရစ်၏ မှော်တောင်ဝှေးကို အနိုင်ယူကာ ယူဆောင်လာခဲ့သူ မဟုတ်ချေ..။

ထိုအချိန်မှာပင် အခန်းတံခါးပွင့်သွားပြီး ဂရစ်ဟွတ် အထဲသို့ ဝင်လာ၏..။ ဟယ်ရီ ဂရစ်ဖင်ဒေါ်စားကို သူ့အနီးသို့ ဆွဲယူလိုက်မိပြီးမှ နောင်တရမိသည်..။ ဂေါ်ဘလင် သူ့အပြုအမူကို သတိထားမိသွား၏..။ သူက…

“ကျွန်တော်တို့ နောက်ဆုံးအကြိမ် လေ့လာနေတယ် ဂရစ်ဟွတ်.. ကျွန်တော်တို့ ဘီလ်နဲ့ ဖလူရာကို မနက်ဖြန်သွားမယ် ပြောပြီးပြီ.. ကျွန်တော်တို့ကို ထပြီး နှုတ်ဆက်မနေပါနဲ့လို့ မှာထားပြီးပြီ…”

နံနက်စောစော မည်သူမျှ မသိခင် သွားရမည့် ကိစ္စကို သူတို့ တမင် စီစဉ်ခဲ့ခြင်းပင်..။ ဟာမီယွန်မှာ အိမ်မှ မထွက်ခွာခင် ဘဲလ်ထရစ်ပုံစံပြောင်းရန် လိုအပ်ပေသည်။ ဘီလ်နှင့် ဖလူရာတို့ မမြင်မှသာ သူတို့လုပ်မည့်ကိစ္စကို သံသယမဝင်ပဲ ရှိပေလိမ့်မည်..။

သူတို့အဖမ်းခံရသော ညတွင် ပါကင်၏ ရှက်ဖျင်တဲကို ဆုံးရှုံးခဲ့သောကြောင့် ဘီလ်က သူတို့အား နောက်ထပ် ရှက်ဖျင်တဲတစ်ခု ငှားပေးခဲ့သည်..။ ယခုအခါ ဟာမီယွန်၏ လက်ကိုင်အိတ်ထဲသို့ ထည့်ထားပြီးပေပြီ..။ ဟာမီယွန် လက်ကိုင်အိတ်လေးကို သူမ၏ခြေအိတ်ထဲတွင် ဝှက်ထားခဲ့ခြင်း ဖြစ်သည်..။

ဘီလ်..ဖလူရာ.. လူနာနှင့် ဒင်းန်တို့ကို လွမ်းမိမည် ဖြစ်သော်လည်း ထွက်ခွာသွားရမည့် အချိန်ကိုသာ ဟယ်ရီ စိတ်စောနေမိသည်..။ အဘယ်ကြောင့်ဆိုသော် အခြားသူများ ကြားမည်ဆိုး၍ သူတို့အားလုံးမှာ အခန်းကျဉ်းလေးထဲတွင်သာ နေကြရသလို ဂရစ်ဟွတ်ကိုလည်း သူခွာထုတ်ချင်နေပေပြီ...။

ဂေါ်ဘလင်အား ဂရစ်ဖင်ဒေါ်ဓားကို မပေးပဲ မည်ကဲ့သို့ ရှောင်ထွက်သွားရမည်မှာလည်း စဉ်းစားရကျပ်သော ကိစ္စပင်..။ ယခုအခါ ဂရစ်ဟွတ်မှာ သူတို့သုံးယောက်အား လုံးဝပူးကပ်နေပြီး ငါးမိနစ်ပင် သီးခြားစကားပြောချိန် မပေးပေ..။

ဘီလ်၏ သတိပေးစကားများကြောင့်လည်း ဟယ်ရီ တစ်ယောက်ဂရစ်ဟွတ်ကို သတိမထားပဲ မနေနိုင်ပေ..။ ဟာမီယွန်ကလည်း ဟယ်ရီ၏ လိမ်ညာမည့် အကြံကို လက်ခံရန် ခက်ခဲနေပြီး အချိန်ရှိတိုင်း တခြားနည်းလမ်းကို စဉ်းစားနေ၏..။

ထိုညတွင် ဟယ်ရီတစ်ယောက် ကောင်းကောင်းအိပ်မပျော်နိုင်ပေ..။ အိပ်ရာထဲတွင် လဲလျောင်းနေရင်းနှင့်ပင်.. ဝန်ကြီးဌာနထဲ ခိုးဝင်စဉ်ကလိုပင် စိတ်လှုပ်ရှားကာ စိတ်ပူပန်နေမိသည်..။ တစ်ခုခု မှားယွင်းသွားမည်ကို ကြောက်ရွံ့စိတ်အား သူ မဖျောက်ပစ်နိုင်ချေ..။

သူတို့၏ အစီအစဉ်များမှာ ပြည့်စုံမှု ရှိသည်ဟု သူထင်သည်..။ တွေ့ကြုံလာနိုင်သမျှ အခက်အခဲများအတွက်လည်း ကြိုတင်ပြင်ဆင်ထားပြီးသားပင်..။ သို့တိုင် သူ စိတ်မချနိုင်ပေ..။

ရွန်တစ်ယောက်လည်း အိပ်ပျော်ဟန်မတူပဲ တလူးလူး တလိမ့်လိမ့်နှင့် အသံများ ကြားနေရ၏..။ သို့ရာတွင် ဧည့်ခန်းထဲတွင် သူတို့အပြင် ဒင်းန်ပါ အတူတူ အိပ်နေသောကြောင့် ဟယ်ရီ စကားမပြောဖြစ်ချေ..။

ခြောက်နာရီထိုးသည်နှင့် နေရာမှထကာ ခပ်မှောင်မှောင်မှာပင် အဝတ်အစား လဲကြ၏..။ ထို့နောက် သူတို့ နောက်ဘက်ဥယျာဉ်ထဲသို့ အသာအယာ ထွက်လာခဲ့ကြသည်..။ ထိုနေရာဝယ် ဟာမီယွန်နှင့် ဂရစ်ဟွတ်အား ချိန်းထား၏..။ နံနက်ခင်းမှာ ချမ်းအေးဆဲဖြစ်သော်လည်း မေလထဲရောက်ပြီဖြစ်၍ လေသိပ်မတိုက်တော့ပေ..။

အမှောင်ထုရှိနေဆဲ ကောင်းကင်မှ ကြယ်များကို ကြည့်ရင်း ပင်လယ်လှိုင်းသံကို နားထောင်နေမိသည်..။ သူ ဤအသံများကို လွမ်းနေမည်မှာ အသေအချာပင်...။

သူတို့နေခဲ့သော ကာလအတွင်း ဒေါ်ဘီ၏ မြေပုံပေါ်တွင် ပန်းများ ဝေဝေဆာဆာ ပေါက်ရောက်လျှက်ရှိသည်..။ အဖြူရောင် ကျောက်တုံးမှာမူ ရာသီဥတု၏ ဒဏ်ကို စတင်ခံစားနေရပြီ ဖြစ်သည်..။ ဒေါ်ဘီ့ကို ဒီ့ထက်ပိုလှသော နေရာတွင် အိပ်စက်စေချင်၏..။ သူ့ကို ဤနေရာတွင် ထားရစ်ခဲ့ရမည်မှာ စိတ်မချမ်းသာစရာပင်...။

မြေပုံကို ငေးကြည့်နေရင်း ဒေါ်ဘီ သူတို့ကို ဘယ်လိုလာကယ်ဆယ်သည်ကို ဟယ်ရီ တွေးမိပြန်၏..။ မှန်ကွဲစထဲတွင် ဒမ်ဘယ်လ်ဒိုး၏ မျက်လုံးများကို မြင်လိုက်ရသည်မှာ အသေအချာပင်..။ ထိုအချိန်မှာပင် တံခါးပွင့်သံက သူ့အတွေးတို့ကို ပျက်စီးသွားစေ၏..။

ဘဲလ်ထရစ်လတ်စ်ထရန်မှာ ဂရစ်ဖွတ်နှင့်အတူ သူတို့ဆီ လျှောက်လာနေသည်..။ သူမက လက်ကိုင်အိတ်ကို ဝတ်ရုံရှည်ကြီး၏ အိတ်ထဲသို့ ထိုးထည့်လိုက်၏...။ ဟာမီယွန်မှန်း သိနေသည့်တိုင် ခပ်လန့်လန့် ဖြစ်ချင်နေသော စိတ်ကို ထိန်းမရချေ...။ သူမမှာ ယခုအခါ ဟယ်ရီ့ထက် အရပ်မြင့်နေပြီး အနက်ရောင်ဆံပင်များမှာ ကျောလယ်ထိ ရှည်လျားနေ၏..။ သူမက ဘဲလ်ထရစ်၏ လေသံဖြင့်...

'သူ့ရဲ့ အရသာက အရမ်းဆိုးတာပဲ.. ဂါဒီမြစ်ထက်ကို ဆိုးတယ်.. ကဲ.. ရွန်.. ဒီနားကိုလာ..."

"အင်း.. နင် မုတ်ဆိတ်ကို သိပ်အရှည်ကြီး မလုပ်နဲ့နော်..."

"ပြဿနာပဲ ရွန်.. နင့်ကိုငါ ရုပ်လှအောင် လုပ်ပေးနေတာ မဟုတ်ဘူး..."

"ငါ ဒီလိုဆိုလိုတာ မဟုတ်ဘူး.. ပြီးတော့ နှာခေါင်းကိုလည်း သိပ်ရှည်အောင် မလုပ်နဲ့နော်..."

ဟာမီယွန်က သက်ပြင်းတစ်ချက်ချရင်း ဂါထာများကို စတင်ရွတ်ကာ သူမ၏ အလုပ်ကို စတင်တော့သည်..။ သူမက ရွန့်မျက်နှာကို ပုံစံ စတင်ပြောင်းတော့သည်..။ ရွန့်ကို လုံးဝ လူသစ်တစ်ယောက် ဖြစ်အောင် ပြောင်းပေးရပေမည်..။ ဟယ်ရီနှင့် ဂရစ်ဖွတ်တို့ကမူ ကိုယ်ပျောက်ဝတ်ရုံကို သုံးကြရပေမည်..။ ဟာမီယွန်က..

"အင်း.. ရပြီ.. ဘယ်လိုနေသေးလဲ ဟယ်ရီ..."

ရွန်၏ရုပ်မှာ ခန့်မှန်း၍ ရနိုင်သေးသည်ဟု ဟယ်ရီထင်၏..။ သို့သော် သူ ရွန့်ကို ကောင်းကောင်းသိသောကြောင့်လည်း ဖြစ်နိုင်သည်..။ ရွန်၏ ဆံပင်များ ရှည်လာကာ တွန့်လိမ်နေ၏..။ ထူထဲသော အညိုရောင် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများ ပေါက်နေပြီး ခပ်တိုတိုနှာခေါင်းနှင့် ထူထဲသော မျက်ခုံးများ ရှိနေ၏..။

"အင်း.. ဒီလောက်ဆိုရင် ရလောက်ပါပြီ.. ဒါဆို သွားကြစို့.."

သုံးယောက်စလုံး ခရုခွံစံအိမ်ကို ပြန်ကြည့်မိကြသည်..။ အိမ်ကလေးမှာ ကြယ်ရောင်ခပ်မှိန်မှိန်အောက်ဝယ် မှောင်မည်းတိတ်ဆိတ်နေ၏..။ ထို့နောက်တွင် သူတို့အားလုံး ဖီဒီးလီးယပ်စ်ဂါထာ၏ အကာအကွယ်မှ လွတ်ကင်းရာနေရာသို့ လျှောက်လာခဲ့ကြသည်..။ တံခါးဝမှ ထွက်သည်နှင့် ဂရစ်ဟွတ်က...

"ငါ့ကို မင်းချီသင့်ပြီ ထင်တယ် ဟယ်ရီပေါ်တာ..."

ဟယ်ရီ ခါးညွတ်ပေးလိုက်သည်နှင့် ဂရစ်ဟွတ်က သူ့ကျောပေါ်တက်ကာ လည်ပင်းကို ဖက်ထားလိုက်သည်..။ ဂေါ်ဘလင်မှာ အလေးချိန် သိပ်မရှိပါ..။ သို့သော် ဂေါ်ဘလင်၏ သန်မာမှုနှင့် ဂေါ်ဘလင် သူ့ကျောပေါ်တွင် ရှိနေသည့် ခံစားချက်ကို ဟယ်ရီ မနှစ်သက်မိပေ..။

ဟာမီယွန်က သူမ၏ လက်ကိုင်အိတ်ထဲမှ ကိုယ်ပျောက်ဝတ်ရုံကို သူတို့နှစ်ယောက်အပေါ် လွှမ်းခြုံပေးလိုက်သည်..။ ထို့နောက် သူမက ခါးကိုင်းကာ ဟယ်ရီ့ခြေထောက်များကို မြင်ရမမြင်ရ စစ်ဆေးကြည့်ပြီး...

"အိုကေပဲ.. ငါ ဘာမှ မမြင်ရဘူး .. သွားကြစို့..."

ဟယ်ရီ ဂရစ်ဟွတ်ကို ကျောပိုးထားရင်းနှင့် လီကီကော်ဒရွန်ဆိုင်သို့ စိတ်အာရုံကို စူးစိုက်လိုက်သည်..။ အမှောင်ထုထဲ တိုးဝင်သွားပြီး မကြာခင်မှာပင် မက်ဂယ်များ ရှုပ်ထွေးစွာ သွားလာနေသော လမ်းမကြီးပေါ်သို့ ရောက်ရှိလာ၏..။ မည်သူမျှ လီကီကော်ဒရွန်ကို သတိပြုမိကြပုံမရချေ..။

လီကီကော်ဒရွန်ဆိုင်ထဲဝယ် လူများ ရှင်းနေ၏..။ ထောင့်တစ်နေရာတွင် စကားပြောနေသူအချို့မှာလည်း ဟာမီယွန့်ကို မြင်သည်နှင့် တိတ်ဆိတ်သွားကြသည်..။ တွမ်က...

"မဒမ် လက်စ်ထရန်" ဟု နှုတ်ဆက်လိုက်သည်။

ဟာမီယွန်က ပြန်နှုတ်ဆက်ရင်း အတွင်းသို့ ဆက်ဝင်သွား၏...။ ဟယ်ရီက ဂရစ်ဟွတ်ကို ကျောပိုးကာ နောက်မှ ကပ်လိုက်ရင်း ဆိုင်ရှင်တွမ်၏ အံ့ဩသွားသော မျက်နှာကို မြင်လိုက်ရ၏..။

"အရမ်း ယဉ်ကျေးလွန်းနေတယ်..."

ဟယ်ရီက ဟာမီယွန့်နားနား ကပ်ပြောရင်း သူတို့ အနောက်ဘက်သို့ ဝင်လာခဲ့ကြသည်..။

"နင် လူတွေအကုန်လုံးကို အဖက်မတန်သလို ဆက်ဆံရမယ်..."

"အင်းပါ .. ဟုတ်ပါပြီ..."

ဟာမီယွန်က ဘဲလ်ထရစ်၏ မော်တောင်ဗေးနှင့် နံရံပေါ်မှာ အုတ်ခဲကို ထောက်လိုက်သည်..။ ချက်ချင်းပင် အုတ်ခဲများ လည်ပတ်လာပြီးနောက် ဒိုင်ယာဂွန်အယ်လေသို့ သွားရန် တံခါးဝ ပေါ်လာတော့သည်..။

လမ်းကြားထဲဝယ် တိတ်ဆိတ်နေ၏..။ ဆိုင်များဖွင့်ရန် စောလွန်းသေးသလို မည်သူ့ကိုမှလည်း မတွေ့ရပေ..။ ဟယ်ရီ ပထမနှစ်လာခဲ့စဉ်ကနှင့် လုံးဝ ကွားခြားသွားပေပြီ။ ဆိုင်အများစုမှာ လုံးဝပိတ်ထားကြပြီဖြစ်ပြီး မိစ္ဆာမှော်ပညာနှင့် ဆိုင်သော ဆိုင်များ အသစ် ဝင်ရောက် နေရာယူနေကြ၏..။

ဟယ်ရီ့ပုံပါသော ပိုစတာများကို ပြတင်းပေါက်နံရံများတွင် ကပ်ထားပြီး မသင်္ကာဖွယ်ရာ အဆင့်တစ်ဟူသော စာတမ်းများကို မြင်နေရ၏..။ စုတ်ပြတ်နေသောသူများ တံခါးဝတွင် ထိုင်နေပြီး ဖြတ်သွားသူများကို ရွှေစများပေးရန် တောင်းခံနေ၏..။ လူတစ်ယောက်၏ မျက်လုံးတွင် သွေးများစွန်းနေသော ပတ်တီးစကို တွေ့ရ၏..။

သူတို့ လမ်းအတိုင်း ဆက်လျှောက်လာခဲ့ကြသည်..။ သူတောင်းစားများမှာ ဟာမီယွန့်ကို တွေ့သည်နှင့် မျက်နှာများကို ဝတ်ရုံရှည်ကြီးများနှင့် ဖုံးကွယ်ကာ အမြန်ဆုံး လစ်ပြေးကြတော့သည်..။ ဟာမီယွန်က ထိုသူများကို ငေးကြည့်နေစဉ်မှာပင် မျက်နှာတွင် ပတ်တီးစနှင့် သူက သူမရှေ့တည့်တည့်သို့ ရောက်လာပြီး ....

“ငါ့ကလေးတွေ.. ငါ့ကလေးတွေ ဘယ်ရောက်ကုန်ပြီလဲ...”

သူက ဟာမီယွန့်မျက်နှာကို လက်ညှိုးဖြင့် ထိုးရင်း အော်ဟစ်လိုက်၏။

“မင်း.. မင်း သူတို့ကို ဘာလုပ်ပစ်လိုက်သလဲ...”

“ငါ.. ငါ တကယ်တော့...”

ဟာမီယွန့်စကားမဆုံးခင်မှာပင် ထိုသူက ခုန်အုပ်ကာ လည်ပင်းညှစ်ရန် ကြိုးစားလိုက်သည်။ ထိုအချိန်မှာပင် ဒိုင်းကနဲ အသံနှင့်အတူ အနီရောင် အလင်းတန်းတစ်ခုထွက်လာပြီး ထိုသူမှာ မြေကြီးပေါ် လွင့်စင်ကျကာ သတိမေ့သွား၏..။ ရွန်က မော်တောင်ဗေးကို ဆန့်တန်းထားရင်း ထိုနေရာဝယ် ရှိနေကာ သူ့မျက်နှာတွင် ထိတ်လန့်နေဟန် ရှိ၏..။ သူတို့ကို ပြတင်းပေါက်မှ ကြည့်နေကြသူများ အများအပြားပင်..။

ဒိုင်ယာဂွန်အယ်လေသို့ လာရာခရီးမှာ သူတို့ထင်သလို မချောမွေ့ပေ..။ ရုတ်တရက် ပြန်ထွက်သွားလျှင် ကောင်းမလား ဟူ၍ပင် ဟယ်ရီ စဉ်းစားမိသည်...။

ထိုအချိန်မှာပင် သူတို့နောက်ဘက်မှ အော်ဟစ်ခေါ်သံကို ကြားလိုက်ရသည်။

"ဟာ.. မဒမ်လတ်စ်ထရန်ပါလား..."

ဟယ်ရီ နောက်သို့ လှည့်ကြည့်လိုက်သည်..။ အရပ်မြင့်ပြီး ခပ်တုတ်တုတ်ခိုင်ခိုင် စုန်းကဝေတစ်ယောက်ကို တွေ့လိုက်ရသည်..။ ဆံပင်များမှာ အညိုရောင်ရှိပြီး နှာခေါင်းချွန်ချွန်နှင့် ဖြစ်၏..။

"ဒါ ထရေဗာပဲ..."

ဂေါ်ဘလင်က ဟယ်ရီ့နားနား ကပ်ပြော၏..။ သို့ရာတွင် ထရေဗာဆိုသူ အကြောင်းကို ဟယ်ရီ ချက်ချင်း စဉ်းစားမရပေ..။ ဟာမီယွန်က ခပ်မတ်မတ် ရပ်လိုက်ရင်း သူမတတ်နိုင်သရွေ့ အခြေအနေကို ထိန်းသိမ်းရန် ကြိုးစားလိုက်သည်..။

"မင်းကရော ဘာကိစ္စလဲ..."

ထရေဗာမှာ နေရာမှာပင် ရပ်တန့်သွားပြီး အံ့ဩသွားဟန် ရှိ၏...။

ဂရစ်ဟွတ်က ...

"သူလည်း ဒက်အိတာပဲ ..." ဟု ဟယ်ရီ့ကို ထပ်ပြော၏..။ ဟယ်ရီ ချက်ချင်းပင် ဟာမီယွန့်နားနားကပ်ကာ သတင်းပေးလိုက်၏..။

ထရေဗာက...

"နှုတ်ဆက်ရုံ သက်သက်ပါဗျာ.. ကျွန်တော့်ကို မတွေ့ချင်ဘူး ဆိုရင်လည်း ..."

ဟယ်ရီ ယခုအခါတွင် ထရေဗာ၏ အသံကို မှတ်မိသွားပေပြီ..။ ဇီနိုဖီးလီ ုးယပ်စ်ဆီလာသော သူများထဲမှ တစ်ယောက်ပင်..။

"မဟုတ်ပါဘူး ထရေဗာ.. ဒီလိုမဆိုလိုပါဘူး.. မင်းရော အခြေအနေ ကောင်းရဲ့လား..."

ဟာမီယွန်မှာ ချက်ချင်းပင် သူမ၏ အမှားကို ပြင်ရန် ကြိုးစားလိုက်၏..။

"ကျုပ် ခင်ဗျားကို အပြင်မှာ တွေ့လိုက်ရတော့ တကယ်ကို အံ့ဩသွားတယ် ဘဲလ်ထရစ်..."

"ဟုတ်လား.. ဘာလို့လဲ..."

ထရေဇာက ချောင်းတစ်ချက်ဟန့်ရင်း..

"အင်း.. မယ်လ်ဖွိုင်းစ်အိမ်မှာ ဖမ်းထားတဲ့သူတွေ အကုန်လွတ်ကုန်ပြီကြားတော့ ... အားလုံး အိမ်ထဲမှာပိတ်ပြီး အပြစ်ပေးခံနေရတယ်ဆို.."

ဟာမီယွန်သာ မရှင်းနိုင်လျှင် ပြဿနာ ဖြစ်တော့မည်ဟု ဟယ်ရီ တွက်မိသည်..။ ဤအတိုင်းသာ မှန်ခဲ့လျှင် ဘဲလ်ထရစ်မှာ အပြင်သို့ မထွက်သင့်ပေ...။

ဟာမီယွန်က ဘဲလ်ထရစ်၏ ခပ်အေးအေး လေသံအတိုင်း...

"သခင်ကြီးက အတိတ်တုန်းက သူ့အပေါ် သစ္စာရှိခဲ့တဲ့ သူတွေကို ခွင့်လွှတ်လိုက်တယ်.. မင်းက ဒီနေရာမှာ ငါ့ကို ဘယ်မှီပါ့မလဲ ထရေဇာရယ်..."

ထရေဇာမှာ ကျေနပ်ပုံမရသော်လည်း သံသယ လျော့သွားပုံရသည်..။ သူက ရွန် မေ့အောင် လုပ်ထားသူကို ငုံ့ကြည့်ရင်း...

"သူက ခင်ဗျားကို ဘာလုပ်လို့လဲ..."

"အရေးမကြီးပါဘူး.. သူ ဘာမှ ထပ်မလုပ်နိုင်တော့ပါဘူး..."

"ဒီ မှော်တောင်ဝှေး မရှိတဲ့သူတွေ တကယ့်ပြဿနာပဲ.. သူတို့မှာ ဘာမှ လုပ်စရာမရှိတော့ တောင်းစားဖို့ပဲ ရှိတော့တာပေါ့.. အရင်အပတ်ကဆိုရင် တစ်ယောက်က ကျုပ်ကို သူဟာ စုန်းပါ.. သက်သေပြပါရစေဆိုပြီး မှော်တောင်ဝှေး တောင်းသဗျ.. ကျုပ်ရဲ့ မှော်တောင်ဝှေးကို ပေးစရာလား.. အော်.. ဒါနဲ့ .. ဘဲလ်ထရစ်.. ခင်ဗျား ဘယ်သူ့မှော်တောင်ဝှေးကို သုံးနေလဲ.. ကျွန်တော် ကြားရသလောက် ခင်ဗျားရဲ့ မှော်တောင်ဝှေးက...

ဟာမီယွန်က ဘဲလ်ထရစ်၏ မှော်တောင်ဝှေးကို ပြရင်း အေးစက်စွာဖြင့်...

"ငါ့မှော်တောင်ဝှေးက ဒီမှာပါ.. မင်း ဘယ်က ကောလဟာလတွေ ကြားလာသလဲတော့ ငါမသိဘူး ထရေဇာ.. ကြည့်ရတာ သတင်းမှားတွေပဲ.."

ထရေဇာမှာ နောက်သို့ တစ်ချက်မျှ လန့်ဖျတ်ဆုတ်ရင်း ရွန့်ဘက်သို့ လှည့်ကာ...

"ခင်ဗျား မိတ်ဆွေက ဘယ်သူလဲ.. ကျုပ်လည်း မသိပါလား..."

"ဒါ ဒရာဂိုမာ ဒတ်စ်ပဒ်ပဲ..."

သူတို့အားလုံး ရွှန့်ကို နိုင်ငံခြားသား အဖြစ် အယောင်ဆောင်ခြင်းသည် စိတ်အချရဆုံးဟု ဆုံးဖြတ်ခဲ့ကြသည်...။

"သူက သိပ်ပြီး အင်္ဂလိပ်လို မတတ်ဘူး.. ဒါပေမယ့် မိစ္ဆာသခင်ကြီးနဲ့ ရည်ရွယ်ချက်တူတယ်.. ဒါကြောင့်မို့လို့ ထရန်စ်ဆိုက်ဘေးနီးယားကနေ ဒီကိုလာပြီး လေ့လာနေတာ..."

"ဟုတ်လား.. မင်္ဂလာပါ ဒရာဂိုမာ.."

ထရေဗာက ရွှန်နှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်..။

"ဒါနဲ့ ဒိုင်ယာဂွန်အယ်လေကို ဒီလောက်အစောကြီး ဘာလာလုပ်တာလဲ"

"ဂရင်းဂေါ့ကို သွားမလို့..."

"အား.. ကျုပ်လည်း သွားမလို့.. ရွှေမရှိရင် ဘာမှ လုပ်လို့မရတာ သိပ်ခက်တာပဲ.. ဒါဆိုလည်း သွားကြစို့..."

ဟာမီယွန်မှာ မတတ်သာတော့ပဲ ထရေဗာနောက်မှ လိုက်ရတော့သည်..။ ရွှန်မှာ သူတို့ဘေးမှပါသွားပြီး ဟယ်ရီနှင့် ဂရစ်ဖွတ်က နောက်မှ လိုက်ခဲ့၏...။

ဟာမီယွန့်ဘေးတွင် ဒက်အိတာတစ်ယောက် ရှိနေသဖြင့် သူမနှင့် ဆက်သွယ်ရန် မဖြစ်နိုင်တော့ပေ..။ မကြာခင်မှာပင် ကြေးဝါတံခါးကြီး၏ အောက်ခြေရှိ လှေကားထစ်များဆီသို့ ရောက်လာခဲ့ကြသည်..။ ဂရစ်ဖွတ် သတိကြိုပေးထားသလိုဝယ် တံခါးဝဝယ် ဂေါ်ဘလင်အစား စုန်းနှစ်ယောက် စောင့်ကြပ်နေ၏..။ သူတို့လက်ထဲဝယ် ရွှေရောင်တုတ်ရှည်လေးများ ကိုင်ထားကြသည်...။

"ရှာဖွေနှိမ်နင်းရေး တုတ်တွေလေ.. သိပ်ထိရောက်မှု ရှိတယ်..."

ထရေဗာက သဘောတကျပင် ပြောရင်း အစောင့်နှစ်ယောက်ကို ခေါင်းညိတ်ပြလိုက်၏..။ အစောင့်နှစ်ယောက်က ထရေဗာ၏ ခန္ဓာကိုယ် အထက်အောက်အနှံ့ တုတ်များဖြင့် ဖေ့ယမ်းရှာဖွေလိုက်၏..။

ထိုတုတ်များမှာ ဖုံးကွယ်ထားသော အရာများနှင့် ဂါထာမန္တန်များကို စုံစမ်းနိုင်သော တုတ်များဖြစ်ကြောင်း ဟယ်ရီသိသည်..။

သူ့အတွက် အချိန်စက္ကန့်ပိုင်းသာ ကျန်တော့ကြောင်း သိသည်နှင့် ဟယ်ရီ ဒရာကို၏ မှော်တောင်ဝှေးဖြင့် အစောင့်နှစ်ယောက်အား တစ်လှည့်စီ ချိန်ရွယ်ကာ...

"ကွန်ဖန်ဒို..." ဟု နှစ်ကြိမ်ရေရွတ်လိုက်သည်။

ထရေဗာမှာ အထဲသို့ ကြည့်နေသဖြင့် အစောင့်နှစ်ယောက်ကို သတိမထားမိချေ..။ ဟာမီယွန်က ရှေ့သို့ ဆက်တက်သွား၏..။

အစောင့်တစ်ယောက်က သူ၏ တုတ်တံကို မြှောက်ရင်း...

"ခဏလေး မဒမ်..."

ဟာမီယွန်က ဘဲလ်ထရစ်၏ အမိန့်ဆန်ဆန် လေသံအတိုင်း...

"မင်းတို့ အခုပဲ စစ်ပြီးပြီပဲ..."

ထရေဗာက နောက်သို့ လှည့်ကြည့်၏..။ အစောင့်မှာ အူလည်လည် ဖြစ်သွားဟန်ဖြင့် သူ့အဖော်အား လှမ်းကြည့်လိုက်၏..။ ထိုသူက..

"ဟုတ်တယ်လေ.. မင်း အခုပဲ စစ်ဆေးပြီးပြီ မာရီးယပ်စ်..."

ဟာမီယွန်နှင့် ရွန် အထဲသို့ ဝင်လိုက်၏..။ ဟယ်ရီနှင့် ဂရစ်ဟွတ်တို့ပါ အနောက်မှ ကပ်လိုက်သွား၏..။ ဟယ်ရီ အနောက်သို့ ပြန်လှည့်ကြည့်လိုက်သည်..။ အစောင့် နှစ်ယောက်စလုံး ခေါင်းကို အပြင်းအထန်ကုတ်ကာ စဉ်းစားခန်း ဖွင့်နေကြ၏..။

ဂေါ်ဘလင်နှစ်ယောက်ကို အတွင်းတံခါးဝတွင် တွေ့ရ၏..။ သူခိုးများ အတွက် သတိပေးထားသော စာကိုဖတ်ရင်း သူ့အသက် ဆယ့်တစ်နှစ်က အကြောင်းအရာများကို ပြန်၍ သတိရလာမိသည်..။

ဟက်ဂရစ်က သူ့အား ဤနေရာမှ ရတနာများကို ခိုးယူ၍ မရနိုင်ဟု ပြောခဲ့ဖူးသည်။ ဤနေရာသို့ ခိုးယူရန်အတွက် ပြန်လာဖြစ်မည်ဟု သူတစ်ခါမှ မတွေးခဲ့ဖူးချေ..။ သို့ရာတွင် ယခုအခါ သူတို့မှာ ဘဏ်အတွင်းသို့ ရောက်နေပေပြီ...။

ကောင်တာ အရှည်ကြီးတွင် ခုံမြင့်များနှင့် ထိုင်နေသည့် ဂေါ်ဘလင်များမှာ ပထမဦးဆုံး ရောက်လာသူအတွက် စ၍ အလုပ်လုပ်ပေးနေချေပြီ..။ ဟာမီယွန် ရွန်နှင့် ထရေဗာတို့ သုံးယောက် ဂေါ်ဘလင်အိုကြီးနားသို့ ချဉ်းကပ်သွားကြသည်..။

ဂေါ်ဘလင်က သူစစ်ဆေးနေသော ရွှေဒင်္ဂါးကို ဘေးသို့ချထားရင်း ထရေဗာပေးသော ရွှေသော့လေးကို ယူ၍ စစ်ဆေးကာ ပြန်ပေးလိုက်၏..။

ဟာမီယွန်က ရှေ့သို့တိုးသွားလိုက်သည်..။ ဂေါ်ဘလင်က အံ့ဩသွားဟန်ဖြင့်...

"မဒမ်လတ်စ်ထရန်ပါလား..ဘာများ ဆောင်ရွက်ပေးမရလဲ မသိဘူး..."

"ကျွန်မရဲ့ ငွေတိုက်ထဲကို သွားချင်တယ်..."

ဂေါ်ဘလင်အိုကြီး နောက်သို့ အနည်းငယ် ဆုတ်သွား၏..။ ထရေဗာကလည်း အံ့ဩသကဲ့သို့ ကြည့်လိုက်သလို အခြား ဂေါ်ဘလင်များကပါ အလုပ်ကို ရပ်၍ ဟာမီယွန့်ကိုဝိုင်းကြည့်ကြ၏..။

"သက်သေအထောက်အထား ပါပါသလား..."

"သက်သေ.. ရှင်တို့ တစ်ခါမှ သက်သေအထောက်အထား မတောင်းဖူးပါဘူး..."

ဂရစ်ဟွတ်က ဟယ်ရီ့နားနားကပ်ကာ....

"သူတို့သိတယ်.. အတုရှိနိုင်တယ်ဆိုတာ သူတို့ကို ကြိုသတိပေးထားပုံပဲ..."

"ဒါဆိုရင် မှော်တောင်ဝှေးပြပါ မဒမ်..."

ဂေါ်ဘလင်က တုန်ယင်နေသော လက်များဖြင့် လှမ်းလိုက်စဉ်မှာပင် ဂရင်းဂေါ့မှ ဂေါ်ဘလင်များမှာ ဘဲလ်ထရစ်၏ မှော်တောင်ဝှေး အခိုးခံရကြောင်း သိထားကြမှန်း ဟယ်ရီ သိလိုက်၏..။

ဂရစ်ဟွတ်က ဟယ်ရီ့နားနားကပ်ကာ...

"အခု ချက်ချင်းလုပ်မှ ဖြစ်မယ်.. အင်ပါးရီးယပ်စ် ကျိန်စာကို သုံးတော့..."

ဟယ်ရီ မှော်တောင်ဝှေးကို မြှောက်လိုက်ကာ ဂေါ်ဘလင်အားချိန်ပြီး သူ့တစ်သက်တွင် ပထမဆုံးအကြိမ်အဖြစ် ထိုဂါထာကို ရွတ်ဆိုလိုက်သည်..။

"အင်ပါရီယို..."

ထူးခြားသော ခံစားချက်တစ်ခုက ဟယ်ရီ့လက်ထဲတွင် ပျံ့နှံ့သွားပြီး သူ့တစ်ကိုယ်လုံးတွင် ပူနွေးနေသလို ခံစားချက် ပျံ့နှံ့သွား၏..။ ဂေါ်ဘလင်က ဘဲလ်ထရစ်၏ မှော်တောင်ဝှေးကို ယူကာ စစ်ဆေးကြည့်လိုက်ပြီးနောက်...

"အား.. မဒမ်လတ်စ်ထရန်က မှော်တောင်ဝှေးအသစ် လုပ်ထားတာကိုး.."

ထရေဗာက ကောင်တာအနီး ပြန်၍ တိုးကပ်လာကာ...

"မှော်တောင်ဝှေးအသစ် ဟုတ်လား.. ဒါပေမယ့် ဘယ်လိုလုပ်ပြီး ဘယ်မှော်တောင်ဝှေးလုပ်တဲ့သူက လုပ်ပေးတာလဲ..."

ဟယ်ရီ လုံးဝတွေဝေမနေပဲ သူ၏ မှော်တောင်ဝှေးဖြင့် ထရေဗာကိုချိန်ကာ...

"အင်ပါရီယို..."ဟု ထပ်၍ ရေရွတ်လိုက်သည်...။

ထရေဗာက ဘဲလ်ထရစ်၏ မှော်တောင်ဝှေးကို ကြည့်ရင်း...

"အင်း.. တကယ်ကောင်းတဲ့ မှော်တောင်ဝှေးပဲ.. ကောင်းကောင်းသုံးလို့ ရရဲ့ မဟုတ်လား..."

ဟာမီယွန်မှာ အကြီးအကျယ် အံ့အားသင့်နေဟန် ရှိသော်လည်း ဘာမှ ထပ်မပြောတော့သဖြင့် ဟယ်ရီ စိတ်သက်သာရာ ရသွား၏..။ ကောင်တာ နောက်မှ ဂေါ်ဘလင်အိုကြီးက လက်ခုပ်တီးလိုက်သည်တွင် ဂေါ်ဘလင်တစ်ကောင် ရောက်လာ၏...။

"ငါ ပစ္စည်းတွေ လိုတယ်..."

ထိုဂေါ်ဘလင်မှာ ချက်ချင်း ပြေးထွက်သွားပြီး မကြာခင်မှာပင် သတ္တုပစ္စည်းများနှင့် ပြည့်နှက်နေဟန်ရှိသော သားရေအိတ်ကြီးကို ပေးလိုက်သည်...။

ဂေါ်ဘလင်အိုကြီးက အိတ်ကိုယူကာ ထိုင်ခုံပေါ်မှ ဆင်းလိုက်ပြီး..

"ကျုပ်နောက်ကို လိုက်ခဲ့ပါ မဒမ်လတ်စ်ထရန်.. ခင်ဗျားရဲ့ ငွေတိုက်ကို လိုက်ပို့ပါမယ်..."

ထရေဗာမှာ ယခုအချိန်ထိ ပါးစပ်အဟောင်းသားနှင့် မတ်တတ်ရပ်နေဆဲပင်...။ ရွန်ကတော့ ထရေဗာ၏ ထူးခြားသော အမူအရာကို အံ့သြနေပုံရ၏..။

"ခဏနေဦး ဘိုဂရော့..."

နောက်ထပ် ဂေါ်ဘလင်တစ်ကောင်က ကောင်တာနောက်မှ ထွက်လာကာ တားမြစ်လိုက်သည်..။ သူက ဟာမီယွန်ကို ဦးညွှတ်လိုက်ရင်း..

"ကျွန်တော်တို့မှာ ညွှန်ကြားချက် ရထားပါတယ်... လတ်စ်ထရန်ငွေတိုက်နဲ့ ပတ်သက်လို့ သီးခြားအမိန့် ရှိပါတယ်.. ခွင့်လွှတ်ပါ..."

သူက ဘိုဂရော့၏ နားနားကပ်ကာ အရေးတကြီး ပြော၏..။ သို့သော် ကျိန်စာမိနေသော ဂေါ်ဘလင်မှာ လုံးဝလက်မခံပဲ...

"ငါ ညွှန်ကြားချက်ကို သိပါတယ်.. မဒမ်လတ်စ်ထရန်က သူ့ရဲ့ ငွေတိုက်ကို သွားချင်နေတယ်... ဒီလိုရှေးဟောင်း မိသားစုမျိုးကို ဘာလို့ မယုံရမှာလဲ.. ကျုပ် နောက်ကို လိုက်ခဲ့ပါ မဒမ်..."

ထို့နောက် သားရေအိတ်ကြီးကို သယ်ကာ ခန်းမကျယ်ကြီးအဆုံးရှိ တံခါးပေါက်များစွာထဲမှ တစ်ခုဆီသို့ ဦးတည်သွားတော့သည်..။ ဟယ်ရီ ထရေဗာကို ပြန်ကြည့်လိုက်၏..။ မူလနေရာတွင် ကျောက်ရုပ်ကြီးပမာ ရပ်လျှက် ရှိနေဆဲပင်..။ သူ့မော်တောင်ဝေးကို တစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် ထရေဗာမှာ သူတို့နှင့်အတူ လိုက်ပါလာ၏..။

ထို့နောက်တွင် သူတို့ မီးတိုင်များ ထွန်းညှိထားသော ကျောက်လမ်းမတစ်ခုဆီသို့ ရောက်လာခဲ့ကြသည်..။ တံခါးပိတ်သွားသည်နှင့် ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်ရင်း...

"ငါတို့တော့ ပြဿနာတက်ပြီ.. သူတို့ သံသယဝင်သွားတယ်..."

ဂရစ်ဖွတ်မှာ သူ့ကျောပေါ်မှ ခုန်ချသွား၏..။ ထရေဗာရော ဘိုဂရော့ပါ ဟယ်ရီပေါ်တာ ရုတ်တရက် ပေါ်လာသည်ကို အံ့သြဟန် မပြကြချေ..။

"သူတို့ အင်ပါးရီးယပ်စ်ကျိန်စာ မိထားတယ်.."

ဟာမီယွန်နှင့် ရွန်တို့၏ ခပ်ကြောင်ကြောင်ဖြစ်သွားသော အမူအရာများကို ကြည့်ကာ ဟယ်ရီ ဖြေရှင်းချက်ပေးလိုက်၏..။

"ဒါပေမယ့် ငါ့ကျိန်စာက သိပ်ပြီး ထိရောက်ပါ့မလား.. ကြာကြာခံပါ့မလား.. ငါလည်း မပြောတတ်ဘူး..."

ဘဲလ်ထရစ်လတ်စ်ထရန်အပေါ် သူ ခွင့်မလွှတ်ကျိန်စာ သုံးခဲ့စဉ်က သူမ ပြန်အော်ပြောခဲ့သော စကားကို ဟယ်ရီ ပြန်လည်ကြားယောင်မိသည်..။

"မင်း တကယ်ပဲ စိတ်ထဲက ပါဖို့လိုတယ် ပေါ်တာ"

ရွန်က...

"ငါတို့ ဘာလုပ်ကြမလဲ... အချိန်ရှိတုန်း အပြင်ပြန်ထွက်ကြမလား..."

ဟာမီယွန်က တံခါးကို ကြည့်ရင်း...

"ငါတို့ ထွက်ရော ထွက်နိုင်ပါ့မလား..."

တံခါးနောက်ဘက်ရှိ အဝင်ခန်းမကြီးဝယ် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို သူတို့မသိပေ..။ ဟယ်ရီက...

"ငါတို့ ဒီလောက်ထိ ရောက်လာပြီးမှတော့ ဆက်သွားကြစို့..."

ဂရစ်ဟွတ်က...

"ကောင်းပြီ.. ငါတို့ လှည်းကိုထိန်းဖို့ ဘိုဂရော့ကို လိုတယ်.. ငါ့မှာ အဲဒီ့ အခွင့်အာဏာ မရှိတော့ဘူး.. ဒါပေမယ့် ဒီအထဲမှာ ဟိုကောင့်အတွက် နေရာမကျန်ဘူး"

ဟယ်ရီက သူ့မှော်တောင်ဝှေးဖြင့် ထရေဗာကို ချိန်ကာ...

"အင်ပါရီယို..."

ထရေဗာမှာ ချက်ချင်းပင် တခြားဘက်သို့ လှည့်ထွက်သွားတော့သည်..။

"မင်း သူ့ကို ဘာလုပ်ခိုင်းလိုက်တာလဲ..."

"ပုန်းခိုင်းလိုက်တာ..."

ဟယ်ရီ မှော်တောင်ဝှေးဖြင့် ဘိုဂရော့ကို ချိန်လိုက်ပြန်သည်..။ သူက ချက်ချင်းပင် လေချွန်ကာ လှည်းကို ခေါ်ယူလိုက်၏..။ သူတို့အားလုံး လှည်းထဲရောက်ချိန်ဝယ် ခန်းမထဲမှ အော်ဟစ်သံ အချို့ကို

ဟယ်ရီ ကြားလိုက်ရသည်..။ ဘိုဂရော့နှင့် ဂရစ်ဖွတ်က ရှေ့တွင် ထိုင်ကာ သူတို့သုံးယောက်က နောက်တွင် ပူးကပ်ကာ ထိုင်ကြရ၏..။

တစ်ချက်မျှ တုန်ခါသွားပြီးနောက် လှည်းကလေးမှာ စတင်ရွေ့လျားရာမှ တဖြည်းဖြည်း အရှိန်ရလာ၏..။ သူတို့ ထရေဇာကို လျှပ်တပြက်ပင် ဖြတ်ကျော်လာခဲ့သည်..။ ထရေဇာမှာ နံရံရှိ အက်ကွဲကြောင်းကြီးတစ်ခုထဲသို့ ဝင်ပုန်းနေ၏..။

ထို့နောက်တွင် လှည်းမှာ မြေအောက်သို့ မြွေလိမ်မြွေကောက်ပင် ဆင်းသက်တော့သည်..။ လှည်းသံမှအပ ဘာကိုမှ မကြားရချေ...။ ကျောက်စက်ပန်းဆွဲများ အကြား ကွေ့ဝိုက်သွားနေစဉ်ဝယ် သူတို့ဆံပင်များ လွင့်မျောနေ၏..။ တဖြည်းဖြည်း မြေအောက်သို့ နက်ရှိုင်းစွာ တိုးဝင်လာသော်လည်း ဟယ်ရီ နောက်သို့သာ လှည့်ကြည့်မိနေ၏..။

သူတို့နောက်ဝယ် မသင်္ကာစရာများစွာ ကျန်ရစ်ခဲ့ပေလိမ့်မည်..။ သူ တွေးလေလေ ဟာမီယွန်ကို ဘဲလ်ထရစ်အယောင်ဆောင်ခိုင်းခြင်းမှာ မသင့်တော်မှန်း သိလေလေပင်..။ ဘဲလ်ထရစ်၏ မှော်တောင်ဝှေးကို ယူလာခြင်းက ပိုဆိုးသွားစေ၏..။ သူမ၏ မှော်တောင်ဝှေး ယူသွားသူကို ဒက်အိတာတိုင်းက သိနှင့်ပြီးသား ဖြစ်နေသည်။

ဟယ်ရီ ရောက်ဖူးသည်ထက် ပို၍ နက်ရှိုင်းသော နေရာသို့ ရောက်လာခဲ့ကြသည်..။ သူတို့ တစ်ချက်မျှ ကွေ့ပြီးသည်နှင့် ရှေ့တွင် လမ်းမရှိတော့ပဲ ရေတံခွန်တစ်ခုကို တွေ့လိုက်ရ၏..။ ဂရစ်ဖွတ်က အလန့်တကြား အော်ဟစ်လိုက်၏..။ သို့ရာတွင် သူတို့တွင် ရပ်တန့်ရန် ဘရိတ် မရှိချေ..။

သူတို့အားလုံး ရေတံခွန်ထဲ တိုးဝင်သွား၏..။ ဟယ်ရီမှာ မြင်လည်း မမြင်ရသလို အသက်ရှူ၍လည်း မရပဲ ရှိသည်..။ ရုတ်တရက်ပင် လှည်းမှာ ဆောင့်ရပ်သွားပြီး သူတို့အားလုံး လွင့်စင်ထွက်သွား၏..။ ထို့နောက် လှည်းမှာ နံရံနှင့် တိုက်မိကာ တစ်စစီဖြစ်သွားသံကို ဟယ်ရီ ကြားလိုက်ရသည်..။

ဟာမီယွန့်ထံမှ ဂါထာတစ်ခုရွတ်သံကြားလိုက်ရပြီး သူ့ခန္ဓာကိုယ်မှာ ကျောက်သားကြမ်းပြင်ပေါ်သို့ အလေးချိန်ကင်းမဲ့စွာဖြင့် အနာအကျင်မရှိပဲ ကျရောက်သွား၏..။

"ကူရှင်အကာအကွယ် ဂါထာလေ..."

ရွန်က သူမကို ဆွဲထူပေးနေစဉ် ဟာမီယွန်က ပြောလိုက်၏..။ ဟယ်ရီ ထိတ်လန့်သွားရသည်..။ သူမမှာ ဘဲလ်ထရစ် မဟုတ်တော့ပဲ ဟာမီယွန် ပြန်ဖြစ်နေပေပြီ..။ ရွန်မှာလည်း ဆံပင်အနီရောင်နှင့် သူ့ပင်ကိုယ်မျက်နှာအတိုင်း ပြန်ဖြစ်နေပေပြီ..။

"သူခိုးဖမ်းရေတံခွန်ပဲ..."

ဂရစ်ဟွတ်က ပြန်ထလာရင်း အလန့်တကြား ပြော၏..။ ယခုအခါတွင် သူတို့ဖြတ်ဝင်ခဲ့သော အရာမှာ သာမန်ရေတံခွန် မဟုတ်ကြောင်း ဟယ်ရီတို့ သိလိုက်ရသည်..။

"ဒီရေက မှော်ပညာနဲ့ ဖန်ဆင်းထားသမျှ အားလုံးကို ဆေးကြောပစ်နိုင်တယ်.. ဂရင်းဂေါ့ထဲကို ခိုးဝင်နိုင်တဲ့သူတွေ ရှိမှန်းသိလို့ လုံခြုံရေးစီစဉ်လိုက်ပုံပဲ..."

ဟာမီယွန် သူမ၏ လက်ကိုင်အိတ်အား စစ်ဆေးနေသည်ကို တွေ့ရ၏..။ ဟယ်ရီပါ ကမန်းကတန်း သူ၏ ကိုယ်ပျောက်ဝတ်ရုံကို အိတ်ထဲတွင် ရှိမရှိ စစ်ဆေးလိုက်၏..။ သူ့ကိုယ်ပျောက်ဝတ်ရုံမှာ ပုံစံမပျက် ရှိနေသေးသည်..။

ထိုအချိန်တွင် ဘိုဂရော့မှာ သူ့ခေါင်းကို သူ မယုံကြည်နိုင်စွာ ခါယမ်းနေ၏..။ သူခိုးဖမ်းရေတံခွန်မှာ သူ၏ အင်ပါးရီးယပ်စ် ကျိန်စာကို ပြယ်သွားစေပုံပင်..။

ဂရစ်ဟွတ်က...

"ငါတို့ သူ့ကို လိုအပ်တယ်.. ဂရင်းဂေါ့က ဂေါ်ဘလင်မပါပဲ ငွေတိုက်ထဲ ဝင်နိုင်မှာ မဟုတ်ဘူး.. ပြီးတော့ သူ့ရဲ့ ပစ္စည်းတွေလည်း လိုတယ်.."

"အင်ပါရီယို..."

ဟယ်ရီ၏ ဂါထာရွတ်သံက ပဲ့တင်ထပ်သွား၏..။ သူ့လက်ထဲသို့ ထိန်းသိမ်းနိုင်သည့် အစွမ်း ပြန်ရောက်လာသည်ကို ခံစားလိုက်ရသည်။ ဘိုဂရော့မှာ ချက်ချင်းပင် သူ့ဆန္ဒအတိုင်း ပြန်၍ ယဉ်ယဉ်ကျေးကျေး ပုံစံ ဖြစ်သွား၏..။ ရွန်က သားရေအိတ်ကို ခပ်သွက်သွက် ကောက်လိုက်သည်..။

ဟာမီယွန်က...

"ဟယ်ရီ.. လူတွေ ဒီဘက်ကို လာနေတယ်လို့ ငါထင်တယ်..."

သူမက ချက်ချင်းပင် ရေတံခွန်ဆီသို့ ဘဲလ်ထရစ်၏ မှော်တောင်ဝှေးဖြင့် ချိန်ရွယ်ကာ...

"ပရိုတီဂို..."

အကာအရံတစ်ခုမှာ ရေတံခွန်မှ ရေစီးမှုကို ရပ်တန့်ပစ်လိုက်သည်...။

"ကောင်းတယ် .. ဂရစ်ဟွတ်.. လမ်းပြပေတော့..."

သူတို့အားလုံး မှောင်မည်းနေသော လမ်းအတိုင်း ဂေါ်ဘလင်နောက် အပြေးအလွှား လိုက်နေစဉ်တွင် ရွှန်က..

“ငါတို့ အပြင်ကို ဘယ်လိုပြန်ထွက်ကြမလဲ...”

ဘိုဂရော့မှာ သူတို့နောက်သို့ လိုက်ရင်း ဟောဟဲသံပါကာ မောနေ၏..။

“အဲဒီ့ကိစ္စကို နောက်မှ ပူကြတာပေါ့...”

ဟယ်ရီက ပြန်ဖြေရင်း နားကို အစွမ်းကုန် စွင့်ထား၏..။ မနီးမဝေး နေရာတွင် လှုပ်ရှားသံများ ကြားနေရသည်ဟု သူထင်သည်...။

“ဂရစ်ဟွတ် .. ဘယ်လောက်ဝေးသေးလဲ...”

“မဝေးတော့ဘူး ဟယ်ရီပေါ်တာ.. မဝေးတော့ဘူး...”

သူတို့ ထောင့်တစ်ခုကို ကွေ့လိုက်စဉ်မှာပင် ဟယ်ရီ ကြိုတင်တွက်ဆထားသော အရာတစ်ခုကို တွေ့လိုက်ရသည်..။ သို့တိုင် သူတို့အားလုံး ရုတ်တရက် ရပ်တန့်သွားကြသည်..။

ဧရာမ နဂါးကြီးတစ်ကောင်မှာ မြေကြီးပေါ်ဝယ် လဲလျောင်းလျှက် ရှိသည်..။ သူ့နံဘေးတွင် အနက်ရှိုင်းဆုံးနေရာမှ ငွေတိုက်လေးငါးခု ရှိနေ၏..။ နဂါးအကြေးခွံများမှာ အမှောင်ထဲတွင် ကြာခဲ့ပြီမို့ ဖျော့တော့နေ၏..။ သူ၏ မျက်လုံးများမှာ ပန်းရောင်ခပ်နောက်နောက် ဖြစ်ကာ နောက်ခြေနှစ်ချောင်းလုံးကို ဧရာမ သံကြိုးကြီးများဖြင့် ချည်ထားပြီး သံကြိုးများကို ကျောက်သားကြမ်းပြင်၌ အသေမြှုပ်ထား၏..။

သူ၏ တောင်ပံများကို ခန္ဓာကိုယ်ပေါ်တွင် ခေါက်ထား၏..။ ဖြန့်လိုက်ပါက အခန်းတစ်ခုလုံး ပြည့်သွားနိုင်သည..။ ထို့နောက် သူ၏ ရုပ်ဆိုးလှသော ဦးခေါင်းကြီးကို သူတို့ဘက်လှည့်ကာ ဟိန်းလိုက်၏..။ ထိုအသံကြောင့် ကျောက်နံရံများ တုန်ခါသွားသည်..။ထို့နောက်တွင် ပါးစပ်ကိုဟကာ မီးတောက်များ မှုတ်ထုတ်လိုက်သဖြင့် အားလုံး အလန့်တကြား နောက်သို့ ဆုတ်လိုက်ကြရသည်..။ ဂရစ်ဟွတ်က အမောတကော လေသံဖြင့်...

“ဒီနဂါးက သိပ်ပြီး မျက်စိမမြင်ဘူး.. အဲဒီ့အတွက် ပိုကြောက်စရာ ကောင်းတယ်.. သူ့ကို ထိန်းလို့ရတယ်.. သားရေအိတ်ပေးစမ်းပါ...”

ရွှန်က သားရေအိတ်ကို ဂရစ်ဟွတ်အား ပေးလိုက်၏..။ ဂရစ်ဟွတ်က အတွင်းမှ သတ္တုပစ္စည်းကလေးများစွာကို ထုတ်ယူကာ လှုပ်ခါလိုက်၏..။ ခေါင်းလောင်းသံရှည် ခေါက်သည်နှင့်

ခပ်ဆင်ဆင်တူသော အသံများ ထွက်ပေါ်လာ၏..။ ဂရစ်ဟွတ်က ဘိုဂရော့အား ထိုပစ္စည်းကို ကမ်းပေးလိုက်သည်..။

ဂရစ်ဟွတ်က သူတို့အား...

"မင်းတို့ ဘာလုပ်ရမလဲ ဆိုတာ သိတယ် မဟုတ်လား.. ဒီအသံကြားရင် နဂါးက နောက်ဆုတ်သွားလိမ့်မယ်.. ပြီးရင် ဘိုဂရော့က သူ့လက်ကို တံခါးပေါ်တင်ပြီး ဖွင့်ပေးလိမ့်မယ်..."

သူတို့ ထောင့်ချိုးကွေ့ ရှိရာသို့ ပြန်ကပ်ရင်း လက်ထဲမှ ကိရိယာကို အဆက်မပြတ် လှုပ်ခါ၏..။ အသံများမှာ ပဲ့တင်ထပ်ကာ ဂူထဲတွင် ဆူညံနေ၏..။ နဂါးကြီးမှာ တစ်ချက်မျှ မြည်ဟိန်းလိုက်ပြီးနောက် နောက်သို့ ဆုတ်သွား၏..။ နဂါးကြီး၏ ခန္ဓာကိုယ်မှာ တုန်ခါနေသည်ကို ဟယ်ရီ သတိပြုမိလိုက်သည်..။

သူတို့ နီးကပ်လာချိန်ဝယ် နဂါး၏ မျက်နှာပေါ်တွင် တစ်စုံတစ်ခုနှင့် ခုတ်ထစ်ခံထားရသော အမာရွတ်များကို တွေ့ရ၏..။ ဤနည်းဖြင့် နာကျင်အောင် လုပ်ကာ ဤအသံကို ကြောက်ရွံ့စေရန် သင်ပေးထားခြင်း ဖြစ်မည်ဟု ဟယ်ရီ တွက်ဆမိသည်..။ ဂရစ်ဟွတ်က...

"သူ့လက်နဲ့ တံခါးကို ကိုင်ခိုင်းလိုက်..."

ဟယ်ရီ မော်တောင်ဝှေးကို မြှောက်လိုက်သည်နှင့် ဘိုဂရော့မှာ သူ့အမိန့်အတိုင်း တံခါးကို လက်နှင့်ထိလိုက်ရာ ငွေတိုက်တံခါးမှာ အရည်ပျော်ကျကာ ပျောက်ကွာသွား၏..။ အခန်းထဲဝယ် မျက်နှာကျက်ထိ ပြည့်နက်နေသော ရွှေဒင်္ဂါးများ.. ရွှေခွက်များ.. ငွေရောင်သံချပ်ကာ အင်္ကျီများနှင့် ထူးခြားသော သတ္တဝါများ၏ အရေခွံများကို တွေ့လိုက်ရသည်။ ရတနာခွက်များထဲဝယ် ဆေးရည်များကို တွေ့ရပြီး သရဖူဆောင်းထားဆဲ ဖြစ်သော အရိုးခေါင်းတစ်ခုကိုပါ တွေ့ရ၏..။ ဟယ်ရီက..

"မြန်မြန်ရှာကြ..."

ဟုပြောရင်း အားလုံး ငွေတိုက်ထဲသို့ ကမန်းကတန်း ဝင်လိုက်ကြသည်...။ ဟက်ဖဲလ်ပတ်၏ ခွက်သဏ္ဍာန်ကို ရွန်နှင့် ဟာမီယွန်တို့ကို သူပြောပြထားပြီးပေပြီ..။

သို့ရာတွင် သူမသိသော အခြားဝိညာဉ်ကိုယ်ပွားတစ်ခုသာ ဆိုပါက မည်သည့်ပုံသဏ္ဍာန်မှန်း သူကိုယ်တိုင်ပင် မသိပေ..။

သူ ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေရန် ကြိုးစည်းစဉ်မှာပင် နောက်ဘက်ဆီမှ ဂျိမ်းကနဲ အသံနှင့်အတူ ငွေတိုက်တံခါးကြီးမှာ ပြန်ပေါ်လာကာ ပိတ်ဆို့သွား၏..။ ငွေတိုက်ခန်းထဲဝယ် လုံးဝမှောင်ကျသွား၏..။ ဂရစ်ဟွတ်က...

"ကိစ္စမရှိဘူး.. ဘိုဂရော့က ပြန်ဖွင့်ပေးနိုင်တယ်.. မီးသာမြန်မြန်ထွန်းကြ.. အချိန်မရှိဘူး..."

"လူးမို့စ်..."

ဟယ်ရီ သူ့မှော်တောင်ဝှေးမှ အလင်းရောင်ဖြင့် ငွေတိုက်ကို လှည့်ပတ်ကြည့်လိုက်သည်..။ ရတနာများမှာ မီးရောင်အောက်ဝယ် တလက်လက် တောက်ပနေ၏..။ ဂရစ်ဖင်ဒေါ်ဓားအတုကို စင်တစ်ခုပေါ်ဝယ် တွေ့ရ၏..။ ရွန်နှင့် ဟာမီယွန်ပါ သူတို့၏ မှော်တောင်ဝှေးများကို လင်းစေလိုက်ပြီး အခန်းထဲတွင် လှည့်ပတ်ရှာနေကြ၏..။

"ဟယ်ရီ .. ဒါ ဖြစ်နိုင်.. အား..."

ဟာမီယွန့်ထံမှ နာကျင်စွာ အော်ဟစ်သံကို ကြားလိုက်ရ၏..။ ဟယ်ရီ လှည့်ကြည့်လိုက်သည်..။ မှော်တောင်ဝှေးဆီမှ အလင်းရောင်အောက်ဝယ် ဟာမီယွန့်လက်ထဲမှ ရတနာများစီချယ်ထားသော ခွက်တစ်ခု လွတ်ကျသွားသည်ကို တွေ့လိုက်ရသည်..။ ထို့နောက် လေထဲမှာပင် ခွက်များစွာ ပွားလာကာ ကြမ်းပြင်ပေါ်ရောက်ချိန်ဝယ် ပုံစံတူ ခွက်များမှာ နေရာအနှံ့အပြားသို့ လိမ့်ထွက်သွားပြီး မူလခွက်ကို ခန့်မှန်းမရတော့ပေ...။

"ငါ့လက်ကို လောင်သွားတယ်..."

ဟာမီယွန်က အပူလောင်သွားသော လက်ချောင်းကို ပါးစပ်ထဲထည့်ရင်း အလန့်တကြား ပြော၏..။

ဂရစ်ဟွတ်က..

"သူတို့ ဂျမီနိုနဲ့ ဖလာဂရန့် ကျိန်စာပါ ပေါင်းထည့်ထားပုံရတယ်.. မင်းတို့ထိသမျှ အရာအားလုံး ပူလောင်လာပြီး ပွားလာလိမ့်မယ်.. ဒါပေမယ့် ပွားလာတဲ့ ဟာတွေက အလကားပဲ.. တန်ဖိုးမရှိဘူး.. ရတနာတွေကို ဆက်ကိုင်နေမယ်ဆိုရင် ပွားလာတဲ့ ရွှေတွေအောက်မှာ ပိပြီး သေကုန်လိမ့်မယ်..."

ဟယ်ရီက စိတ်ပျက်လက်ပျက်ဖြင့်...

"ဘာကိုမှ မထိကြနဲ့..." ဟု ပြောစဉ်မှာပင် ရွန်က ခွက်တစ်ခုကို အမှတ်တမဲ့ ခလုတ်တိုက်မိလိုက်သည်..။ ရွန် နောက်သို့ ခုန်ဆုတ်လိုက်ချိန်မှာပင် ခွက်ပေါင်းနှစ်ဆယ်ခန့် ပွားလာ၏..။ ရွန်၏ ဖိနပ်တချို့တစ်ဝက်မှာ အပူဒဏ်ကြောင့် လောင်ကျွမ်းသွားတော့သည်..။

ဟာမီယွန်က ရွန့်ကို လှမ်းထိန်းပေးရင်း...

"ငြိမ်ငြိမ်ရပ်နေ.. မလှုပ်နဲ့..."

ဟယ်ရီက..

"ပတ်ဝန်းကျင်ကို လျှောက်ကြည့်ကြ.. ခွက်က ရွှေခွက်ခပ်သေးသေးပဲ.. ခွေးတူဝက်တူပုံ ထွင်းထားတယ်.. လက်ကိုင်နှစ်ခု ပါတယ်.. ဒါမှမဟုတ်ရင် ရေဗင်ကလောရဲ့ စွန်ငှက်အမှတ်အသားပါတဲ့ ဟာကို ရှာကြ..."

သူတို့၏ မှော်တောင်ဝှေးများကို ဝှေ့ယမ်းကာ နေရာအနှံ့ကို လှည့်ပတ်ကြည့်ကြသည်..။ ဘာကိုမှမထိပဲ ပစ္စည်းလိုက်ရှာရန်မှာ တကယ်တမ်း မဖြစ်နိုင်သလောက်ပင်..။ ဟယ်ရီ ထိမိသောကြောင့် ရွှေဒင်္ဂါးအတုများပွားများလာပြီး ရွှေခွက်အတုများနှင့် ပေါင်းသွားချိန်ဝယ် သူတို့ ခြေချစရာပင် နေရာမရှိသလောက် ဖြစ်လာ၏..။

ရွှေများဆီမှ အပူချိန်မှာ မြင့်တက်လာသဖြင့် အခန်းထဲဝယ် မီးဖိုထားသလို ပူလောင်လာနေ၏..။ ဟယ်ရီ စင်များပေါ်ရှိ ဂေါ်ဘလင်လက်ရာ သံချပ်ကာများ ဦးထုပ်များ ခမောက်များကို ကြည့်ရင်းနှင့် သူ့မှော်တောင်ဝှေးကို တဖြည်းဖြည်း မြှောက်တင်လိုက်၏..။

ရုတ်တရက် သူတွေ့လိုက်ရသော ပစ္စည်းတစ်ခုကြောင့် အကြီးအကျယ် စိတ်လှုပ်ရှားကာ လက်များပင် တုန်လာ၏...။

"ဒီမှာ.. ဒီမှာ .. ဒီအပေါ်မှာ..."

ရွန်နှင့် ဟာမီယွန်တို့မှာ ထိုနေရာသို့ သူတို့ မှော်တောင်ဝှေးများကို ပြောင်းရွှေ့ညွှန်လိုက်ကြသည်..။ ထို့ကြောင့် ရွှေခွက်မှာ မီးရောင်သုံးခုအောက်တွင် တောက်ပနေ၏..။ ဟဲလ်ဂါဟက်ဖဲလ်ပတ် ပိုင်ခဲ့သော ရွှေခွက်မှာ ဟက်ဇီဘာ စမစ် လက်သို့ ရောက်ခဲ့သည်။ ထိုသူ့ထံမှ တွမ်ရစ်ဒယ်လ်က ခိုးယူခဲ့ခြင်းပင်..။

ရွန်က...

"ဘာကိုမှ မထိပဲ ငါတို့ အဲဒီ့အပေါ်ကို ဘယ်လိုလုပ်တက်မလဲ..."

"အက်ဆီယို..."

ဟာမီယွန်က ဂေါ်ဘလင် ရှင်းပြခဲ့သည့် အချက်များကို မေ့လျော့သွားသလိုပင် ဆင့်ခေါ်ဂါထာကို သုံးလိုက်၏..။ ဂရစ်ဟွတ်က စိတ်မရှည်နိုင်ဟန်ဖြင့်..

"အလကားပဲ.. အသုံးမဝင်ဘူး..." ဟု ရေရွတ်လိုက်သည်။

ဟယ်ရီက ဂေါ်ဘလင်ကို ကြည့်လိုက်ရင်း..

"ဒီလိုဆို ဘယ်လိုလုပ်ကြမလဲ.. ဂရစ်ဟွတ် .. ခင်ဗျား ဓားကို လိုချင်တယ်ဆိုရင် ကျုပ်တို့ကို ကူညီမှ ဖြစ်မယ်.. နေဦး.. ပစ္စည်းတွေကို ဓားနဲ့ ထိလို့ရလား.. ဟာမီယွန်.. ငါ့ကို ဓားပေးစမ်းပါ..."

ဟာမီယွန်က သူမ၏ လက်ကိုင်အိတ်ကို ဆွဲထုတ်လိုက်ပြီး အတွင်းသို့ စက္ကန့်ပိုင်းမျှ မွှေနှောက်ရှာဖွေကာ ဓားကို သူ့ဆီ လှမ်းပေးလိုက်၏..။ ဟယ်ရီက ဓားရိုးမှ ကိုင်ကာ ဓားဦးထိပ်နှင့် ငွေရေတကောင်းတစ်ခုကို ထိကြည့်လိုက်ရာ ပွားမလာချေ..။

"ဓားနဲ့ ထိုးချလို့တော့ ရတယ်.. ဒါပေမယ့် အဲဒီ့အပေါ်ကို ဘယ်လို တက်ရပါ့မလဲ..."

စင်မှာ အရပ်အမြင့်ဆုံး ဖြစ်သော ရွန်ပင် မမီနိုင်အောင် မြင့်နေ၏..။ အခန်းအတွင်းဝယ် ကျိန်စာတိုက်ထားသော ရတနာများမှ အပူချိန်မှာ မြင့်သည်ထက် မြင့်လာ၏..။ ဟယ်ရီ့ တစ်ကိုယ်လုံးတွင် ချွေးများရွှဲနစ်နေပြီး အပေါ်သို့ တက်ကာ ခွက်ကို ယူရမည့် နည်းလမ်းကို အပြင်းအထန် စဉ်းစားနေရ၏..။

ထိုအချိန်မှာပင် နဂါးဟိန်းသံနှင့် အတူ သံချောင်းကလေးများကို ခေါက်လိုက်သံများမှာ ပို၍ ပို၍ ဆူညံလာ၏..။ ယခုအခါတွင် သူတို့ လုံးဝ ပိတ်မိနေချေပြီ..။ တံခါးမှ ပြန်ထွက်ရန်မှတပါး အခြားထွက်ပေါက် မရှိပေ..။ ဂေါ်ဘလင်များမှာလည်း တစ်ဘက်တွင် တဖြည်းဖြည်း နီးလာပေပြီ..။ ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့ကို ကြည့်လိုက်၏..။ သူတို့မျက်နှာများတွင်လည်း ထိတ်လန့်မှုက အထင်းသားပင်..။

ဟယ်ရီက..

"ဟာမီယွန်.. ငါ ဒီအပေါ်ကို တက်မှ ဖြစ်မယ်.."

သူမက မော်တောင်ဖော့နှင့် ဟယ်ရီ့ကို ချိန်ရွယ်ရင်း...

"လဲဗီကောပတ်စ်..."ဟု ရွတ်လိုက်၏...။

ဟယ်ရီ လေထဲသို့ မြောက်တက်သွားပြီး သံချပ်ကာတစ်ခုကို ထိမိကာ အဖြူရောင် သံချပ်ကာများ ချက်ချင်းပွားလာပြီး အခန်းထဲဝယ် ပြည့်နှက်သွား၏..။ ရွန်.. ဟာမီယွန်နှင့် ဂေါ်ဘလင်တို့၏ နာကျင်စွာ အော်ဟစ်သံနှင့်အတူ သူတို့အားလုံး ဘေးနားရှိပစ္စည်းများပေါ်သို့ ပြိုလဲကျကာ ထိုပစ္စည်းများ ထပ်၍ ပွားလာကြပြန်သည်..။

နီရဲပူလောင်နေကာ ပွားများလာနေသော ရတနာများထဲ၀ယ် တစ်၀က်တပျက် နစ်မြုပ်ရင်း သူတို့ အော်ဟစ်နေကြချိန်၀ယ် ဟယ်ရီ လက်ကိုင်မှတဆင့် ဓားကို ဟက်ဖဲလ်ပတ်ခွက်၏ လက်ကိုင်ကွင်းထဲသို့ ထိုးစွပ်ယူလိုက်သည်..။

"အင်ပါဗီးရပ်စ်..."

ဟာမီယွန်က သူမနှင့် ရွန်အပါအ၀င် ဂေါ်ဘလင်တို့ကို ပူလောင်နေသော ရတနာများဒဏ်မှ ကာကွယ်ရန် ဂါထာရွတ်လိုက်၏..။

ပို၍ ဆိုး၀ါးသော အော်ဟစ်သံကို ကြားရ၍ ဟယ်ရီ အောက်သို့ ငုံ့ကြည့်လိုက်သည်..။ ရွန်နှင့် ဟာမီယွန်တို့မှာ ရတနာများကြား၀ယ် ခါးထိနစ်မြုပ်နေပြီး ဘိုဂရော့ကို မနစ်မြုပ်သွားစေရန် အတင်းဆွဲထုတ်နေကြ၏..။

သို့ရာတွင် ဂရစ်ဟွတ်မှာ မြင်ကွင်း၌ မရှိတော့ပေ..။ သူ၏ လက်ချောင်းလေးများသာ ရွှေပုံပေါ်၀ယ် ကျန်တော့၏..။ ဟယ်ရီ ဂရစ်ဟွတ်ကို လက်မှနေ၍ ဆွဲထုတ်လိုက်သည်..။ မီးလောင်ဖုများ ပြည့်နှက်နေသော ဂေါ်ဘလင်မှာ ညည်းညူရင်း ပါလာ၏။

"လစ်ဘရာကော်ပတ်စ်...."

ဟယ်ရီ့အော်ဟစ်သံနှင့်အတူ သူနှင့် ဂရစ်ဟွတ်တို့ ရတနာပုံပေါ်သို့ ပြုတ်ကျကာ ဟယ်ရီ့လက်ထဲမှ ဓားမှာ လွတ်ထွက်သွား၏..။

"ဖမ်းထား"

ဟယ်ရီ အော်ဟစ်လိုက်သည်..။ သူ့အရေပြားပေါ်မှ ပူလောင်နာကျင်မှုကို သူ တောင့်ခံနေရ၏..။ ဂရစ်ဟွတ်မှာ ထိုးပွားလာနေသော ရတနာများကို ရှောင်ရန် သူ့ပခုံးပေါ်သို့ တက်လာပြန်၏...။

"ဓား ဘယ်ရောက်သွားလဲ.. ဓားနဲ့အတူ ခွက်ပါ ပါသွားတယ်.."

တံခါးတစ်ဘက်ရှိ သံချောင်းချင်းထိသံလိုလို အရာမှာ နားကွဲလုမတတ် ဆူညံလာ၏..။ သူတို့ သိပ်နောက်ကျသွားပေပြီ..။

"တွေ့ပြီ..."

ပထမဆုံး စတွေ့သူမှာ ဂရစ်ဟွတ်ဖြစ်ပြီး ချက်ချင်းပင် သူက ဆတ်ကနဲ ကိုယ်ကို ရှေ့သို့ ကိုင်းညွှတ်၍ ဓားကို လှမ်းယူလိုက်၏..။ ထိုအခိုက်အတန့်မှာပင် ဂေါ်ဘလင်မှာ သူတို့ ကတိတည်လိမ့်မည်ဟု လုံးဝထင်မထားကြောင်း ဟယ်ရီ သိလိုက်ရသည်..။

ဂရစ်ဟွတ်မှာ သူ့ကိုယ်သူ ပြုတ်မကျစေရန် ဟယ်ရီ့ဆံပင်များကို လက်တစ်ဘက်ဖြင့် ဆွဲကာ ကျန်လက်တစ်ဘက်ဖြင့် ဓားကို ဓားရိုးမှ ကိုင်လိုက်ပြီး ဟယ်ရီ မမီနိုင်စေရန် လေထဲသို့ မြှောက်ထားလိုက်သည်...။

ဓားတွင် ချိတ်မိနေသော ရွှေခွက်ကလေးမှာ လေထဲသို့ လွင့်စင်သွား၏..။ ကျောပေါ်၌ ဂေါ်ဘလင်ခွထားလျက်နှင့်ပင် ဟယ်ရီ ဒိုင်ဗင်ထိုးကာ ရွှေခွက်ကို ဖမ်းလိုက်သည်..။ သူ့လက်ကို အပူလောင်သွားသော်လည်း သူ ရွှေခွက်ကို လုံးဝမလွှတ်ချေ..။ သူ့လက်ထဲမှ ဟတ်လဲဖ်ပတ်၏ ခွက်များ မရေမတွက်နိုင်အောင် မိုးရွာသလို ထွက်ကျလာချိန်မှာပင် ငွေတိုက်တံခါးက ပြန်ပွင့်သွား၏..။

အဆမတန် ပွားများနေသော ရတနာများမှာ တောင်ကျချောင်းရေသဖွယ် ထွက်ကျသွားသဖြင့် သူ.. ရွန်နှင့် ဟာမီယွန်တို့ပါ အခန်းပြင်သို့ ရောပါသွားတော့သည်...။

သူ့ခန္ဓာကိုယ်ပေါ်မှ ပူလောင်နာကျင်မှုများအား ဂရုမစိုက်နိုင်ပဲ ရတနာများနှင့်အတူ မျောပါနေသည့်ကြားမှပင် ဟယ်ရီ ရွှေခွက်ကို အိတ်ထဲ ထည့်လိုက်ပြီး ဓားကို ယူရန် လက်လှမ်းလိုက်သည်..။ သို့ရာတွင် ဂရစ်ဟွတ်မှာ မရှိတော့ချေ..။ ဟယ်ရီ့ ပခုံးပေါ်မှ ခုန်ချကာ ဂေါ်ဘလင်များကြားသို့ ဓားနှင့်အတူ တိုးဝင်ပြေးရင်း..

"သူခိုး.. သူခိုး.. ကယ်ကြပါ..."

ဟု အော်ဟစ်နေ၏..။ ထို့နောက်တွင် ဓားမြှောင်များကိုင်ကာ ချီတက်လာနေသော ဂေါ်ဘလင်အုပ်ထဲတွင်ရောကာ ပျောက်ကွယ်သွားတော့သည်။

ပူလောင်နေသော ရတနာများပေါ်မှ ဆင်းခဲ့ပြီး မတ်တတ်ရပ်မိသည်နှင့် ဟယ်ရီ သိလိုက်သည်မှာ ထိုးဖောက်ထွက်ရန် တစ်လမ်းသာ ကျန်တော့ခြင်းပင်..။

"စတူပီဖိုင်း.."

သူ အော်ဟစ်လိုက်သည်နှင့် တစ်ပြိုင်နက် ရွန်နှင့် ဟာမီယွန်တို့ကပါ သူနှင့် ပူးပေါင်းလိုက်သည်..။ အနီရောင် အလင်းတန်းများ ဂေါ်ဘလင်အုပ်ထဲ ကျရောက်သွားပြီး အချို့မှာ လွင့်စင်သွားကြသော်လည်း ကျန်ဂေါ်ဘလင်များမှာ ဆက်၍ ချီတက်လာနေဆဲပင်...။ စုန်းကဝေအစောင့် အများစုပါ ထောင့်ချိုးကွေ့မှ ပြေးထွက်လာသည်ကို တွေ့ရ၏..။

ချည်နှောင်ခံထားရသော နဂါးကြီးမှာ တစ်ချက်မျှ ဟိန်းလိုက်ပြီး မီးလျှံများက ဂေါ်ဘလင်များကို ဖုံးလွှမ်းသွား၏..။ စုန်းကဝေအစောင့် အများစုမှာ ထွက်ပြေးကြကာ အချို့က အကာအကွယ် ယူထားကြ၏..။

ဟယ်ရီ့စိတ်ထဲတွင် ရူးသွပ်မှုလား စိတ်တက်ကြွမှုလား ခွဲခြားမရနိုင်သော ခံစားချက်တစ်ခု ဝင်ရောက်လာပြီးနောက် နဂါးကြီးကို ချည်နှောင်ထားသော သံကြိုးကို ချိန်ရွယ်လိုက်ပြီး...

"ရီလက်ရှိယို..."

သံခြေကျင်းမှာ ဝုန်းကနဲ ပေါက်ကွဲကာ ပြတ်တောက်သွား၏..။

"ဒီဘက်ကိုလာကြ.."

ဟယ်ရီ မေ့မျောကျိန်စာများကို ဆက်တိုက်ပစ်လွှတ်နေရင်းမှ အော်ဟစ်လိုက်သည်..။ သူ မျက်စိမမြင်သော နဂါးကြီးရှိရာသို့ ဦးတည်ပြေး၏..။ '

"ဟယ်ရီ.. ဟယ်ရီ နင်ဘာလုပ်နေတာလဲ..."

ဟာမီယွန်က အလန့်တကြား အော်ဟစ်လိုက်၏..။

"လာစမ်းပါ.. ဒီပေါ်တက်စမ်းပါ..."

နဂါးကြီးမှာ သူလွတ်သွားပြီမှန်း မသိသေးချေ..။ ဟယ်ရီ နဂါး၏ နောက်ခြေကို နင်းကာ ကျောပေါ်သို့ တက်လိုက်သည်။ အကြေးခွံများမှာ သံမဏိတမျှ မာကျောလှကာ သူတက်လာသည်ကို ခံစားမိပုံ သိပုံမရပေ..။

သူ လက်ကို ဆန့်တန်းပေးသော ဟာမီယွန့်ကို ဆွဲတင်လိုက်၏..။ ရွန်က သူတို့နှစ်ယောက်နောက်သို့ တက်လိုက်သည်..။ စက္ကန့်ပိုင်းအကြာမှာပင် နဂါးကြီးမှာ အနှောင်အဖွဲ့များ မရှိတော့သည်ကို သတိပြုမိသွားသည်..။

ချက်ချင်းပင် ဟိန်းလိုက်ပြီးနောက် ထရပ်လိုက်၏..။ ဟယ်ရီ ဒူးနှစ်ဘက်ဖြင့် တတ်နိုင်သမျှ ညှပ်ကာ ပြုတ်မကျစေရန် ထိန်းထားလိုက်သည်..။ နဂါးကြီးက တောင်ပံများကို ဖြန့်လိုက်သည် ပြီးသည်နှင့် ဂေါ်ဘလင်များကို လွင့်စင်သွားအောင် တိုက်ချလိုက်ပြီးနောက် လေထဲသို့ ပျံတက်သွားတော့သည်..။

ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့မှာ ကျောပေါ်ဝယ် ပြားနေအောင် ဝပ်ရင်း အမိုးနှင့် မတိုက်မိစေရန် သတိထားနေရ၏..။ နောက်မှ လိုက်လာသော ဂေါ်ဘလင်များ၏ ခားမြှောင်များမှာ နဂါးကြီး၏ ဘေးသို့ တချွင်ချွင်နှင့် လာရောက် ထိမှန်နေ၏...။

"ငါတို့ ထွက်လို့ ရမယ် မထင်ဘူး... ဒီကောင်ကြီးက အရမ်းကြီးလွန်းတယ်..."

ဟာမီယွန်က အော်ဟစ်လိုက်သည်..။ နဂါးကြီးက ပါးစပ်ဟကာ မီးတောက်များကို မှုတ်ထုတ်လိုက်ပြန်သည်။ လိုဏ်ခေါင်းတစ်ခုလုံး လောင်ကျွမ်းသွားကာ အမိုးနှင့် ကြမ်းပြင်များ တုန်ခါလာ၏..။

ထို့နောက် နဂါးကြီးမှာ တွားသွားကာ ထွက်ပေါက်ရှာတော့သည်..။ အပူရှိန်နှင့် ဖုန်မှုန့်များကြောင့် ဟယ်ရီ မျက်လုံးများကို အတင်းပိတ်ထားရ၏..။ ကျောက်တုံးများ ပြိုကျသံနှင့်အတူ နဂါးကြီး၏ အော်ဟစ်သံကို ကြားလိုက်ရသည်...။ သူတို့ကို အချိန်မရွေး ကျောပြင်ပေါ်မှ ခါချနိုင်သည်ဟု ဟယ်ရီ ခန့်မှန်းမိသည်..။ ထိုအချိန်မှာပင် ဟာမီယွန်၏ အော်ဟစ်သံကို ကြားလိုက်ရသည်..။

"ဒီဖိုဒီယို"

သူမက နဂါးထွက်နိုင်ရန် လမ်းကြောင်းကို ကူ၍ ချဲ့ပေးနေခြင်းပင်..။ နဂါးကြီးက ခေါင်မိုးကို ဖောက်ကာ တဖြည်းဖြည်း အပေါ်သို့ တက်လာခဲ့၏..။ ဟယ်ရီနှင့် ရွန်တို့ပါ ဟာမီယွန့်ကို ကူညီကာ အမိုးကို ဂါထာမန္တန်များဖြင့် ဖောက်ခွဲပစ်ကြသည်..။

မြေအောက်ရေကန်တစ်ခုကို ဖြတ်ကျော်လာခဲ့ပြီးနောက် နဂါးကြီးမှာ လွတ်မြောက်ရန် လမ်းစနှင့် နီးလာမှန်း ခံစားမိပုံရ၏..။ သူတို့၏ အနောက်ဘက်၌ နဂါးအမြီးရိုက်ချက်ကြောင့် ကျောက်တုံးများ ကျောက်စက်ပန်းဆွဲများ ပြိုကျကာ ဂေါ်ဘလင်များနှင့် ပို၍ ဝေးကွာလာ၏..။ အရှေ့ဘက်တွင်မူ နဂါးကြီး၏ မီးတောက်ကြောင့် လမ်းကြောင်းမှာ ပို၍ ရှင်းလင်းလာသည်...။

နောက်ဆုံးတွင် သူတို့၏ စပေါင်းပစ်လွှတ်လိုက်သော ဂါထာမန္တန်များနှင့် နဂါးကြီး၏ခွန်အား ပေါင်းစပ်ကာ အရှေ့ဘက်ခန်းမကြီးထဲသို့ ဖောက်ဝင်နိုင်ခဲ့သည်..။ ဂေါ်ဘလင်များနှင့် စုန်းကဝေများမှာ ကမန်းကတန်းပင် ပုန်းကွယ်နေရာယူကြ၏..။

ဤနေရာတွင် နဂါးကြီးမှာ တောင်ပံဖြန့်ရန် လုံလောက်သော နေရာရသွားပြီးနောက် အပြင်ဘက်ရှိ လေမှတဆင့် အပေါက်ဝရှိရာကို အနံ့ခံကာ မှန်းဆမိသွားသည်။ ထို့နောက်တွင် ဟယ်ရီ... ရွန်နှင့် ဟာမီယွန်တို့ကို ကျောပေါ်တွင် သယ်ဆောင်ကာ ကြေးဝါတံခါးကြီးအား ထိုးဖောက်ဖြတ်ကျော်ပြီး ဒိုင်ယာဂွန်အယ်လေမှ တဆင့် ကောင်းကင်ဆီသို့ ပျံတက်သွားတော့သည်...။

## ၂၇။ နောက်ဆုံးပုန်းခိုရာ

နဂါးကြီးအား မည်သို့မျှ ထိန်းသိမ်း၍ ရနိုင်စရာ အကြောင်းမရှိချေ..။ မျက်စိလည်း မမြင်သဖြင့် မည်သည့်နေရာသို့ ပျံနေမှန်း သူကိုယ်တိုင်လည်း သိမည် မဟုတ်ချေ..။ လေထဲတွင်သာ တစ်ပတ်လှည့်လိုက်ပါက သူတို့ ကုပ်တွယ်ထားရန် မလွယ်တော့ကြောင်း ဟယ်ရီ သိလိုက်၏...။

သို့ရာတွင် သူတို့မှာ ကောင်းကင်ယံသို့ မြင့်သည်ထက် မြင့်လာကာ လန်ဒန်မြို့ကြီးကို မြေပုံတစ်ခုစာသာ မြင်ရတော့သည်..။ ဟယ်ရီ့စိတ်ထဲဝယ် လွတ်မြောက်ရန် မဖြစ်နိုင်သော နေရာမှ လွတ်မြောက်လာခဲ့၍ အလွန်အံ့သြ ပျော်ရွှင်နေမိသည်။

နဂါးကြီး၏ လည်ပင်းပေါ်တွင် မှောက်လျက်ဝပ်ရင်း အကြေးခွံများကို ကုပ်တွယ်ထားချိန်ဝယ် လေအေးများက သူ၏ လောင်ကျွမ်းထားသော ဒဏ်ရာများနှင့် အရေခွံများကို အလွန်နာကျင်စေ၏..။ သူ့အနောက်ဝယ် ဝမ်းသာ၍ပဲလား ကြောက်ရွံ့၍ပဲလား မဆိုနိုင်.. ရွန်တစ်ယောက်မှာ အသံကုန်အော်ဟစ်နေသလို ဟာမီယွန်မှာမူ ရှိုက်ငိုနေ၏..။

ငါးမိနစ်ခန့်အကြာတွင် ဟယ်ရီ သူတို့ကို နဂါးကြီးက ခါချပစ်လိုက်မည်ကို မစိုးရိမ်တော့ပေ..။ ထိုပြဿနာထက် ပို၍ဆိုးသည်မှာ မည်ကဲ့သို့ မြေပြင်ပေါ်သို့ ပြန်ဆင်းရမည်ဆိုခြင်းပင်..။ နဂါးတစ်ကောင်မှာ မြေပေါ်တွင် မနားပဲ ဘယ်လောက်ကြာကြာ ပျံနိုင်သလဲ သူမသိချေ..။ ပြီးတော့ ဤနဂါးမှာ မျက်စိမမြင်ရသလောက် ဖြစ်နေသဖြင့် မည်သည့်နေရာတွင် နားမည်ဆိုသည်ကလည်း မသေချာပေ...။

သူ ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ရင်း စဉ်းစားနေမိသည်..။ သူတို့ လတ်စ်ထရန် ငွေတိုက်ထဲ ဖောက်ဝင်ခဲ့ကြောင်း ဗိုဒီမော့သိရန် အချိန်မည်မျှ ကြာလိမ့်မည်နည်း။ ဂရင်းဂေါ့မှ ဂေါဘလင်များက ဘယ်လောက်မြန်မြန် ဘဲလ်ထရစ်ကို အသိပေးနိုင်သလဲ။ ဘယ်ပစ္စည်းပျောက်တယ်ဆိုတာ ဘယ်လောက်မြန်မြန် စစ်ဆေးပြီး သိနိုင်သလဲ..။ ရွှေခွက်ပျောက်နေမှန်း သိသွားသည့်အချိန်တွင် ဗိုဒီမော့မှာ သူတို့ ဝိညာဉ်ကိုယ်ပွားများနောက် လိုက်နေမှန်း သိသွားပေလိမ့်မည်..။

နဂါးကြီးမှာ ပို၍ အေးမြသော လေထုရှိရာသို့ တိုးဝင်လာ၏..။ နောက်ဆုံးတွင် အေးမြလှသော တိမ်တိုက်များကြားသို့ ရောက်လာခဲ့သည်။ အောက်ဘက်မြေပြင်ကို ဟယ်ရီ လုံးဝ မမြင်ရတော့ပေ..။

နယ်မြေများစွာကို ဖြတ်ကျော်ကာ မရပ်မနား ပျံသန်းလာခဲ့ကြသည်။ လမ်းများ မြစ်များကို အောက်ဘက်တွင် ဖဲကြိုးများသဖွယ် တွေ့နေရသည်..။ သူတို့ မြောက်ဘက်စူးစူးသို့ ဆက်၍ ပျံသန်းလာစဉ်အချိန်တွင် ရွန်က...

"ဒီကောင်ကြီး ဘာကိုရှာနေတာလဲ..."

"ငါလည်း ဘယ်သိမလဲ..."

ဟယ်ရီ ပြန်အော်ပြောလိုက်သည်..။ သူ့လက်များမှာ အေးလွန်းသောကြောင့် ထုံနေသော်လည်း လုံးဝမလှုပ်ရဲချေ..။ နဂါးကြီးမှာ ပင်လယ်ပြင်ဆီသို့ ဦးတည်ပျံသန်းနေချိန်ဝယ် သူတို့အားလုံး အလွန်အမင်း ဆာလောင်ကာ ရေငတ်နေကြပေပြီ..။

နဂါးကြီး မည်သည့်အချိန်က နောက်ဆုံး အစာစားခဲ့သလဲဟု သူ တွေးမိသည်..။ သေချာသည်မှာ နဂါးကြီးလည်း ဆာလောင်နေလောက်ပေပြီ..။ သူ့ကျောပေါ်တွင်သာ လူသားသုံးယောက်ပါလာသည်ကို သိသွားလျှင်..။ ဟယ်ရီ ဆက်၍ မစဉ်းစားဝံ့ချေ...။

နေလုံးကြီးမှာ ကောင်းကင်ပေါ်မှ နိမ့်ကျစပြုလာသော်လည်း နဂါးကြီးမှာ မြို့များကို ဖြတ်ကျော်ကာ ပျံသန်းနေဆဲပင်...။

သူ၏ ဇရာမအရိပ်ကြီးမှာ မြေကြီးပေါ်တွင် ဇရာမတိမ်ရိပ်မဲကြီးပမာ ကျရောက်နေ၏..။ ဟယ်ရီ့ခန္ဓာကိုယ်တစ်ခုလုံးမှာ နဂါးကြီး၏ ကျောကို ကိုင်ထားရန် ကြိုးစားရ၍ အလွန်အမင်း ကိုက်ခဲနာကျင်နေ၏..။

အချိန်တော်တော်ကြာကြာ တိတ်ဆိတ်နေပြီးမှ ရွန်က အော်ဟစ်လိုက်သည်။

"ငါပဲ အမြင်မှားတာလား... ငါတို့ နိမ့်ဆင်းလာတယ် ထင်တယ်..."

ဟယ်ရီ အောက်သို့ ငုံ့ကြည့်လိုက်သည်..။ အစိမ်းရောင် တောင်တန်းများနှင့် ရေကန်များကို ဝင်လုဆဲ နေရောင်တွင် တွေ့လိုက်ရ၏..။ အောက်ဘက်ရှိ မြေပြင်မှာ ပို၍ နီးလာကာ အရာရာကို ရှင်းလင်းစွာ မြင်လာရ၏..။ နေရောင်ဟပ်နေသော ရေကန်များကို တွေ့လာရ၏....။

နဂါးကြီးမှာ စက်ဝိုင်းသဏ္ဍာန် ဝဲပျံရင်း နိမ့်သည်ထက် နိမ့်ဆင်းလာကာ ခပ်သေးသေး ရေကန်တစ်ခုဆီသို့ ဆင်းလာ၏..။

ဟယ်ရီက အနောက်ဘက်သို့ လှမ်းအော်လိုက်သည်..။

"တော်တော် နိမ့်သွားတာနဲ့ ငါတို့ ခုန်ချမယ်.. ငါတို့ပါလာတာ မသိခင် ရေကန်ထဲကို ခုန်ချမယ်..."

သူတို့အားလုံး သဘောတူကြသည်..။ ဟာမီယွန်မှာမူ အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်နေ၏..။ ရေထဲတွင် နဂါးဝမ်းဗိုက် အဝါရောင်ကြီး ရောင်ပြန်ဟပ်လာသည်ကို ဟယ်ရီ တွေ့လိုက်ရသည်...။

"ခုန်တော့..."

သူ နဂါးကြီး၏ဘေးမှ ရေထဲသို့ ခုန်ချလိုက်သည်..။ အမြင့်မှာ သူ ထင်ထားသည်ထက် ပိုနေ၍ ရေပြင်နှင့် ပြင်းထန်စွာ ရိုက်ခတ်မိပြီးနောက် အေးခဲကာ အစိမ်းရောင် ရေမှော်များနှင့် ပြည့်နေသော ရေထဲသို့ နစ်မြုပ်သွားသည်...။

သူ ရေပြင်ပေါ်သို့ ပြန်ကူးခတ်တက်လာချိန်ဝယ် ရွှန်နှင့် ဟာမီယွန်ခုန်ချသော နေရာများတွင် ရေပွက်များထနေသည်ကို တွေ့လိုက်ရသည်..။နဂါးကြီးမှာ ဘာကိုမှ သတိထားမိပုံ မရချေ..။ သူတို့နှင့် ပေငါးဆယ်ခန့်အကွာ၌ နိမ့်ဆင်းလာကာ ရေများကို သောက်နေ၏..။

ရွှန်နှင့် ဟာမီယွန်တို့ ရေမျက်နှာပြင်ထက် ပြန်တက်လာချိန်ဝယ် နဂါးကြီးမှာ ပျံတက်သွားပြီး ခပ်ဝေးဝေး တောင်စောင်းတစ်နေရာဝယ် နားနေ၏..။

ဟယ်ရီ.. ရွှန်နှင့် ဟာမီယွန်တို့ ဆန့်ကျင်ဘက်အရပ်မှ ကမ်းစပ်ပေါ်သို့ တက်ခဲ့ကြသည်..။ ရေကန်မှာ ထင်သလောက် နက်ပုံမရပေ..။ ရေကူးရသည်မှာ ရေမှော်များကြောင့် ခက်ခဲလှသည်..။ နောက်ဆုံးတွင် သူတို့အားလုံး မြက်ခင်းပြင်ပေါ်သို့ မောဟိုက်ပင်ပန်းစွာ ရောက်လာခဲ့သည်။

ဟာမီယွန်မှာ ချောင်းတဟွတ်ဟွတ်ဆိုးရင်း လဲကျနေ၏..။ ဟယ်ရီမှာ ထိုနေရာတွင်သာ လဲလျောင်းနေလိုက်ချင်သော်လည်း အားတင်းထကာ သူ့အိတ်ထဲမှ မှော်တောင်ဝှေးကို ထုတ်၍ သူတို့ လုပ်နေကျ အကာအကွယ် ဂါထာများကို ရွတ်လိုက်၏..။

ပြီးသွားချိန်တွင် ကျန်နှစ်ယောက်နားသို့ သူပါ သွားထိုင်လိုက်သည်။ ဂွေတိုက်မှ ထွက်လာပြီးကတည်းက ပထမဆုံးအကြိမ် သူတို့ကို သေသေချာချာ ကြည့်ဖြစ်ခြင်းပင်..။ နှစ်ယောက်စလုံး၏ မျက်နှာများနှင့် လက်များတွင် နီရဲနေသော မီးလောင်ရာများ ရှိနေပြီး အဝတ်အစားများမှာလည်း နေရာအနှံ့ပင် လောင်ကျွမ်းထား၏။ ဒစ်တနီဆေးရည်ကို သူတို့ဒဏ်ရာများအပေါ်သို့ သုတ်လိမ်းလျှက်ရှိသည်။

ဟာမီယွန်က ဟယ်ရီ့အား ဆေးပုလင်းပေးလိုက်ပြီးနောက် သူမ ခရုခွံစံအိမ်မှ ယူလာသော ဖရုံသီးဖျော်ရည်ပုလင်း သုံးလုံးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သူတို့အားလုံးအတွက် အဝတ်ခြောက်များကို ထုတ်ယူလိုက်သည်။

သူတို့အားလုံး အဝတ်အစားလဲပြီးချိန်ဝယ် ဖျော်ရည်ထိုင်သောက်လိုက် ကြသည်...။

ရွှန်က သူ့လက်ပေါ်ရှိ အရေပြားများ ဆေးတန်ခိုးဖြင့် အသစ်ပြန်ပေါက်လာသည်ကို ကြည့်နေရင်း...

"ကောင်းတဲ့ဘက်က တွေးရင် အခု ငါတို့ ဝိညာဉ်ကိုယ်ပွား နောက်တစ်ခု ရလာခဲ့ပြီ... အဲ.. ဆိုးတဲ့ဘက်က တွေးရင်တော့..."

"ခား မရှိတော့ဘူး..."

ဟယ်ရီက ရွန့်စကားကို အဆုံးသတ်ပေးလိုက်သည်။

ဟယ်ရီ ရေများစိုရွှဲနေသော အကျီအိတ်ထဲမှ ရွှေခွက်လေးကို ထုတ်ယူကာ သူတို့ရှေ့တွင် ချထားလိုက်သည်။ ရွှေခွက်လေးမှာ နေရောင်အောက်ဝယ် တောက်ပနေ၏..။

ရွန်က သူ့ပါးစပ်ကို လက်ခုံဖြင့် သုတ်ရင်း..

"အနည်းဆုံးတော့ ဒီတစ်ခါ လည်ပင်းမှာ ဆွဲထားဖို့ မလိုတော့ဘူးပေါ့.. လည်ပင်းမှာသာ ဆွဲထားရရင် တော်တော်ကြည့်ရဆိုးနေလိမ့်မယ်..."

ဟာမီယွန်က ရေကန်၏ အခြားတစ်ဘက်တွင် ရေသောက်နေဆဲ ဖြစ်သော နဂါးကြီးကို ငေးကြည့်နေ၏..။

"သူ အဆင်ပြေပါ့မလား.. နင်တို့ ဘယ်လိုထင်လဲ..."

ရွန်က...

"နင့်စကားသံက ဟက်ဂရစ်နဲ့ တူလာပြီ.. အဲဒီ့ကောင်ကြီးက နဂါးပါ ဟာမီယွန်.. သူ့ကိုယ်သူ စောင့်ရှောက်နိုင်ပါတယ်.... အခု ပူရမှာက ငါတို့ပါ..."

"နင် ဘာကို ဆိုလိုတာလဲ..."

ရွန်က...

"ငါတို့ ဂရင်းဂေါ့ဘဏ်ကို ဖောက်ဝင်တယ်ဆိုတာ သူတို့ သိကြမှာပဲ"

ထို့နောက်တွင် သူတို့သုံးယောက်စလုံး ပျော်ရွှင်စွာ ရယ်မောလိုက်ကြသည်..။ ဟယ်ရီ့နံရိုးများမှာ ရယ်ရလွန်း၍ အောင့်လာ၏..။ သို့ရာတွင် ရပ်တန့်ရန်မှု ခက်ခဲလှသည်..။ နောက်ဆုံးတွင် သူတို့ မောပန်းစွာ မြက်ခင်းပေါ် ပြန်၍ လဲလျောင်းနေလိုက်ကြသည်..။

ဟာမီယွန်က...

"ငါတို့ ဘာလုပ်ကြမလဲ.. သူတော့ သိသွားတော့မှာပဲ.. မိစ္ဆာကောင်ကြီးက ငါတို့ ဝိညာဉ်ကိုယ်ပွားတွေ နောက်လိုက်နေတယ်ဆိုတာ သိတော့မှာပဲ..."

ရွှန်က မျှော်လင့်ချက်ဖြင့်...

"သူ့ကို ကြောက်လန့်ပြီး မပြောရဲကြရင်တော့ ကောင်းမယ်ဟာ..."

ကောင်းကင်... ရေကန်နှင့် ရွှန့်စကားသံအားလုံး ပျောက်ကွယ်သွား၏...။ ဟယ်ရီ့ အမာရွတ်မှာ ဓားနှင့် ထိုးလိုက်သလို နာကျင်လာ၏ × × ×

သူ အခန်းမီးရောင် မှိန်မှိန်အောက်ဝယ် ရပ်လျှက်ရှိသည်..။ သူ့ကို စုန်းကဝေများက စက်ဝိုင်းခြမ်းသဏ္ဍာန် ဝန်းရံထား၏..။ သူ့ရှေ့တွင် ဒူးထောက်နေသူ တစ်ယောက် ရှိနေ၏..။

"မင်း ဘာပြောတယ်..."

သူ့အသံမှာ နဂိုအတိုင်းပင် အေးစက်ကာ ရက်စက်မှုတို့ ရောထွေးနေသော်လည်း ယခုအခါတွင် သူ့စိတ်ထဲတွင် ကြောက်ရွံ့နေမိ၏...။ ထိုကိစ္စမှာ မည်သို့မျှ မဖြစ်နိုင်ဟု သူထင်ထားခဲ့သည်။

သူ့ရှေ့ရှိ ဂေါ်ဘလင်မှာ တုန်ရီနေပြီး သူ၏ အနီရောင်မျက်လုံးများနှင့် ရင်မဆိုင်ရဲပေ..။

ဗိုဒီမော့က...

"ထပ်ပြောစမ်း.. ထပ်ပြောလိုက်စမ်း..."

တုန်လှုပ်နေသော ဂေါ်ဘလင်က...

"သ.. သခင်ကြီး.. ကျွန်တော်တို့ တား.. တားဖို့ ကြိုးစားခဲ့ပါတယ်... သူ ... သူခိုးတွေပါ.. လတ်စ်ထရန်ရဲ့ ငွေတိုက်ထဲကို .. ဖောက်... ဖောက် ဝင်သွားပါတယ်"

"သူခိုးတွေ.. ဂရင်းဂေါ့မှာ သူတို့ကို ဖမ်းဖို့ နည်းလမ်းရှိတယ် မဟုတ်လား.. ဘယ်သူတွေလဲ..."

"ပေါ်တာ.. နဲ့... သူ့... သူ့ရဲ့ အပေါင်းအပါနှစ်ယောက်ပါ..."

"သူတို့ ဘာတွေ ယူသွားသလဲ..."

သူ့အသံမှာ မြင့်တက်လာ၏..။ သူ့ရင်ထဲဝယ် ကြောက်လန့်မှုက ကြီးစိုးလာနေသည်...။

"ပြောစမ်း.. သူတို့ ဘာတွေ ယူသွားသလဲ..."

"ရွှေ.. ရွှေခွက်လေး.. တစ်.. တစ်ခွက်ပါ သခင်ကြီး..."

သူ ဒေါသတကြီးဖြင့် အော်ဟစ်လိုက်၏..။ သူ ရှုံးသွပ်လုမတတ် ဒေါသထွက်နေ၏..။ လုံးဝမဖြစ်နိုင်ပေ..။ မည်သူမျှ သိသော ကိစ္စမဟုတ်ပေ...။ ဤမျှ လျှို့ဝှက်ထားသော လျှို့ဝှက်ချက်ကို ဤကောင်ကလေးက မည်သို့ သိရှိသွားသလဲ...။

သေမင်းမှော်တောင်ဝှေးကို ဝှေ့ယမ်းလိုက်သည့် ခဏမှာပင် အခန်းတစ်ခုလုံး အစိမ်းရောင် အလင်းတန်းများ ဖုံးလွှမ်းသွားကာ ဒူးထောက်နေသော ဝေါ်ဘလင်မှာ လိမ့်ကျသွားပြီး အသက်တွက်သွား၏..။

စောင့်ကြည့်နေသော စုန်းကဝေများမှာ နောက်သို့ အလန့်တကြား ဆုတ်လိုက်ကြသည်..။ ဘဲလ်ထရစ်နှင့် လူးစီးယပ်စ်တို့မှာ အခြားသူများကို နောက်တွင် ချန်ရစ်ကာ တံခါးဆီသို့ ပြေးတော့သည်..။ သူ၏ မှော်တောင်ဝှေးမှာ အကြမ်များစွာ လှုပ်ရှားသွားပြီးနောက် သူ့အား ရွှေခွက်ပျောက်ဆုံးကြောင်း သတင်းလာပို့သူများအား သတ်ဖြတ်ပစ်လိုက်တော့သည်...။

အလောင်းများကြားတွင် သူတစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်..။ သူ အလွန် တန်ဖိုးထားသော ရတနာ.. သူ့ကို မသေစေရန် အာမခံပေးထားသော ရတနာများအနက် ဒိုင်ယာရီမှာ အဖျက်ဆီးခံလိုက်ရချေပြီ..။ ယခုအခါ ရွှေခွက်ပါ ထပ်မံ အခိုးခံရပြန်ပြီ...။

တခြား ပစ္စည်းများအကြောင်းကိုပါ ကောင်ကလေး သိနေခဲ့သလား..။ ဒါကြောင့် ထိုပစ္စည်းများနောက်ကိုများ လိုက်နေသလား..။ ဒီကိစ္စအားလုံးရဲ့ တရားခံဟာ ဒမ်ဘယ်လ်ဒိုးပဲလား...။ ဒမ်ဘယ်လ်ဒိုးမှာ သူ့ကို အမြဲ သံသယဝင်ခဲ့သူ ဖြစ်သည်..။ သူကိုယ်တိုင်ပင် ဒမ်ဘယ်လ်ဒိုးကို သတ်မိန့်ပေးခဲ့ခြင်း ဖြစ်သည်။

ဒမ်ဘယ်လ်ဒိုး၏ မှော်တောင်ဝှေးကို ယခုအခါ သူပိုင်နေပေပြီ။ သို့တိုင်သေရွာမှတဆင့် ကောင်ကလေးကို ခိုင်းနေသလားဟု သူ သံသယဝင်နေမိသည်။

သို့ရာတွင် သူ၏ ဝိညာဉ်ကိုယ်ပွားများသာ ဖျက်ဆီးခံရပါက သူမသိပဲ နေမည်မဟုတ်ပေ..။ သူသည် လောကတစ်ခွင်တွင် အစွမ်းဆုံး စုန်းကဝေတစ်ယောက် ဖြစ်သည်။ ဒမ်ဘယ်လ်ဒိုးကို သတ်နိုင်ခဲ့သူ ဖြစ်သည်။ သူ့လို လူမျိုးက သူ၏ အဖိုးအတန်ဆုံး ရတနာပစ္စည်းများ အတိုက်ခိုက် အဖျက်ဆီးခံရလျှင် မသိပဲ နေမည်မထင်ပေ။

ဒိုင်ယာရီ ဖျက်ဆီးခံရစဉ်က သူမသိခဲ့သည်မှာ အမှန်ပင် ဖြစ်သည်..။ သို့ရာတွင် ထိုစဉ်က သူ့တွင် ခံစားသိနိုင်စရာ ခန္ဓာကိုယ်ဟူ၍ မရှိခဲ့ပေ..။ သရဲတစ္ဆေလောက်ပင် အဆင့်မရှိခဲ့ပေ..။ ထို့ကြောင့် ခံစားမသိခဲ့ခြင်းဟု သူယူဆသည်...။

ကျန်ပစ္စည်းများအားလုံး ဘေးကင်းစွာ ရှိနေသည်ဟု သူထင်သည်။ မပျက်မစီး ရှိနေသေးသည်ဟု သူထင်သည်..။ သို့ရာတွင် သူ သေချာသိဖို့ လိုအပ်လာပေပြီ..။ ဂေါ်ဘလင်၏ အလောင်းကို ဘေးသို့ ကန်ထုတ်ရင်း သူ အခန်းထဲမှ ခပ်သွက်သွက် ထွက်လာခဲ့သည်..။ သူ့ဦးနှောက်ထဲတွင် အတွေးများ ရှုပ်ထွေးနေသော ရေကန်.. အိမ်စုတ်ကြီးနှင့် ဟော့ဝဂ်ကျောင်းတို့ကို မြင်ယောင်လာမိသည်...။

သူ့ဒေါသများနေရာတွင် အေးချမ်းမှုက ပြန်၍ အစားထိုး ဝင်ရောက်လာ၏...။ သူတို့မိသားစု၏ တဲအိမ်စုတ်ကလေးဝယ် လက်စွပ်ဝှက်ခဲ့သည်ကို ဒီကောင်လေး ဘယ်လိုလုပ် သိနိုင်ပါ့မလဲ.. ဂေါင့်မိသားစုနှင့် သူ၏ ဆက်စပ်မှုကို မည်သူမှ မသိပေ။ ဆက်စပ်မှုကို သူဖုံးကွယ်ပစ်ခဲ့သည်..။ သူ သတ်သည်ဟု မည်သူကမှ မယူဆပေ..။ လက်စွပ်မှာ လုံးဝစိတ်ချရပေသည်...။

ကောင်လေးသာမက မည်သူမျှ ကျောက်ဂူထဲသို့ အကာအကွယ်များကို ထိုးဖောက်ဝင်ရောက်နိုင်မည် မထင်ပေ..။ ထိုနေရာရှိနေမှန်းပင် သိရန် မဖြစ်နိုင်ချေ..။ သူတစ်ယောက်သာ ထိုနေရာ၏ လျှို့ဝှက်ချက်ကို သိပေသည်..။

ပြီးတော့ နာဂီနီမှာ သူ့အနားတွင် ရှိနေ၏...။ ဘာကိုမျှ စေလွှတ်ခိုင်းစေခြင်းမပြုတော့ပဲ သူ ကာကွယ်ထားရပေမည်...။

သို့ရာတွင် သူ့ပစ္စည်းများ ဝှက်ထားသော နေရာများကို သေချာစေရန် ပြန်၍ စစ်ဆေးရပေမည်..။ အကာအကွယ် အစီအရင်များကို နှစ်ဆတိုးမြှင့် ချထားရပေမည်..။ သေမင်းမော်တောင်ဝေးကို လိုက်ရှာစဉ်ကလိုပင် သူ တစ်ယောက်တည်း လုပ်ရမည့် အလုပ်ပင် ဖြစ်သည်။

မည်သည့်နေရာသို့ သူ အရင်သွားသင့်သလဲ.. ဘယ်ပစ္စည်းက အန္တရာယ် အများဆုံး ရှိနိုင်သလဲ..။ စိတ်မသက်မသာစရာ အတွေးတစ်ခုက တိုးဝင်လာ၏..။ ဒမ်ဘယ်လ်ဒိုးမှာ သူ့နာမည်၏ အလယ်စာလုံးကို သိသည်..။ ဂေါင့်မိသားစုနှင့် ဆက်စပ်မှုကို သူရိပ်မိသွားနိုင်သည်။ ထိုအိမ်ပျက်ကြီးမှာ သူ့ပစ္စည်းများ ဝှက်သော နေရာများအနက် လုံခြုံမှု အားအနည်းဆုံးပင်..။ သူ ထိုနေရာသို့ အရင် သွားသင့်သည်...။

ရေကန်မှာမူ ဝင်ရောက်ရန် လုံးဝမဖြစ်နိုင်ချေ..။ သို့တိုင် ဒမ်ဘယ်လ်ဒိုးမှာ သူ မိဘမဲ့ဂေဟာတွင် နေခဲ့ရသည့် ဘဝကို သိနေနိုင်သည်။

ဟော့ဝဂ်ကျောင်းကို စဉ်းစားကြည့်လျှင် ဝိညာဉ်ကိုယ်ပွားမှာ ထိုနေရာတွင် အန္တရာယ်အကင်းဆုံးပင်..။ ဟော့မိဒ်ရှာထဲသို့ မည်သူမှမသိပဲ ပေါ်တာ ဝင်ရောက်ရန် မဖြစ်နိုင်ပေ..။ မည်သို့ဖြစ်စေ ကျောင်းသို့

ပေါ်တာ ရောက်လာနိုင်ကြောင်း စနိုပ်အား သတိပေးထားသင့်သည်..။ မည်သည့်အတွက် ပြန်လာမည် ဆိုခြင်းကိုမူ စနိုပ်အား ရှင်းပြရန် စိတ်ကူးမရှိချေ..။ ဘဲလ်ထရစ်နှင့် မယ်လ်ဖွိုင်းတို့ကို ယုံကြည်ခဲ့မိခြင်းကပင် သူ့အမှား ဖြစ်ခဲ့သည်...။

သူ ဂေါင့်မိသားစု အိမ်ပျက်ကြီးဆီ အရင်သွားသင့်သည်။ နာဂီနီကိုပါ တစ်ပါတည်း ခေါ်သွားရန် စဉ်းစားမိ၏..။ သူနှင့် နာဂီနီ ထပ်၍ ခွဲခွာနေဖို့ မဖြစ်နိုင်တော့ပေ.. ။ သူ နောက်ဘက် ဥယျာဉ်ထဲသို့ ဆင်းလာကာ နာဂီနီအား မြွေဘာသာစကားဖြင့် ခေါ်လိုက်၏..။ မြွေကြီးမှာ အရိပ်မည်းမည်းကြီး တစ်ခုပမာ ချက်ချင်းပင် သူ့အနားသို့ ရောက်လာသည်× × ×

ဟယ်ရီ မျက်လုံးများ ပြန်ပွင့်လာပြီးနောက် လက်ရှိ အခြေအနေကို သူ ချက်ချင်း ပြန်သတိရလာသည်။ ရေကန်နံဘေးတွင် သူ လဲကျလျှက် ရှိ၏...။

ရွန်နှင့် ဟာမီယွန်တို့မှာ သူ့ကို ငုံ့ကြည့်နေကြသည်။ သူတို့၏ စိုးရိမ်သော အကြည့်များနှင့် သူ၏ နာကျင်နေသော အမာရွတ်အရ သူ ဗိုဒီမော့စိတ်ထဲ ရောက်သွားကြောင်း သူတို့ သိသွားကြပေပြီ...။

သူ တုန်တုန်ရီရီနှင့် ထထိုင်နိုင်ရန် ကြိုးစားလိုက်သည်...။ သူ့တစ်ကိုယ်လုံး ချွေးများနှင့် စိုရွှဲနေ၏..။ မြက်ခင်းပေါ်ရှိ ရွှေခွက်ကလေးမှာ အန္တရာယ်ကင်းစွာ ရှိနေဆဲပင်..။ သူ့အသံမှာ အနည်းငယ် တိုးနေ၏..။

"သူသိသွားပြီ.. တခြား ဝိညာဉ်ကိုယ်ပွားတွေကို လိုက်ပြီး စစ်ဆေးတော့မယ်.. နောက်ဆုံး ဝိညာဉ်ကိုယ်ပွားတစ်ခုက..."

ဟယ်ရီ မတ်တတ်ထရပ်လိုက်ရင်း...

"ဟော့ဝဂ်မှာ ရှိနေတယ်.. ငါသိသွားပြီ.. သေချာတယ်..."

"ဘာ..."

ရွန်က အံ့ဩသလို ဖြစ်သွား၏..။ ဟာမီယွန်မှာမူ စိုးရိမ်ပူပန်နေဟန်ပင်...။

"မင်း ဘာမြင်လို့လဲ... ဘယ်လိုသိတာလဲ..."

"ငါ... ငါ သူ့ခေါင်းထဲရောက်သွားတယ်.. ခွက်အခိုးခံရတာ သူ သိသွားပြီ.. သူ အရမ်း ဒေါသထွက်ပြီး ကြောက်လန့်နေတယ်.. ငါတို့ ဘယ်လိုသိသွားလဲ သူ နားမလည်နိုင်ဘူး... သူ အခု တခြားဟာတွေ လုံခြုံရဲ့လားဆိုတာ လိုက်စစ်တော့မယ်.. လက်စွပ်ဆီ အရင်သွားလိမ့်မယ်.. ဟော့ဝဂ်မှာ ရှိတဲ့ဟာက အလုံခြုံဆုံးပဲလို့ သူထင်နေတယ်.. ဘာလို့လဲဆိုတော့ အဲဒီ့မှာ စနိုပ်ရှိတယ်.. ကျောင်းထဲကို

ရောက်အောင်ဝင်ဖို့ကလည်း သိပ်ခက်တယ်.. သူ နောက်ဆုံးမှ ဟော့ဝဂ်ကို လာလိမ့်မယ်.. ဒါပေမယ့် နာရီပိုင်းပဲ အချိန်ရမယ်..."

ရွှန်ကပါ နေရာမှ ကမန်းကတန်း ထလိုက်ပြီး...

"ဟော့ဝဂ်ရဲ့ ဘယ်နေရာမှာလဲ.. မင်းမြင်လိုက်သလား..."

"မသိဘူး.. သူက စနိပ်ကို သတိပေးဖို့ပဲ စဉ်းစားနေတာ.. ဘယ်မှာ ထားတယ်ဆိုတာကို မစဉ်းစားဘူး..."

ရွှန်က ဝိညာဉ်ကိုယ်ပွားကို ကောက်ယူလိုက်ပြီး ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ထုတ်လိုက်ချိန်ဝယ် ဟာမီယွန်က...

"နေ.. နေကြပါဦး.. ငါတို့ ဒီအတိုင်းသွားလို့ မဖြစ်ဘူး.. ငါတို့မှာ ဘာအစီအစဉ်မှ မရှိဘူး... ငါတို့ အစီအစဉ် ဆွဲဖို့လို..."

"ငါတို့ အခုသွားမှ ဖြစ်မယ်..."

ဟယ်ရီက အခိုင်အမာပင် ပြောလိုက်၏..။ သူ ရွှက်ဖျင်တဲအသစ်အတွင်း ဝင်ကာ အိပ်ပစ်လိုက်ချင်သည်။ သို့ရာတွင် ယခုအချိန်၌ မဖြစ်နိုင်တော့ပေ..။

"လက်စွပ်နဲ့ လော့ကတ်မရှိတော့မှန်းသိရင် သူ ဘာလုပ်မယ် နင်ထင်သလဲ.. ဟော့ဝဂ်က ဝိညာဉ်ကိုယ်ပွားကို မလုံခြုံဘူးဆိုပြီး တခြားရွှေ့ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ..."

"ဒါပေမယ် ငါတို့ ဘယ်လိုဝင်မလဲ..."

ဟယ်ရီက...

"ငါတို့ ဟော့မိဒ်ရွာကို အရင်သွားမယ်.. ပြီးတော့ ကျောင်းပတ်ဝန်းကျင်က အကာအကွယ်တွေကို လေ့လာမယ်.. ကိုယ်ပျောက်ဝတ်ရုံထဲကို ဝင်စမ်း ဟာမီယွန်... ဒီတစ်ခါ ငါတို့ တူတူရှိနေမှ ဖြစ်မယ်..."

"ဒါပေမယ့် ငါတို့အားလုံးဆို မဆန့်..."

"အပြင်မှာ မှောင်နေပြီ.. ဘယ်သူမှ ငါတို့ ခြေထောက်တွေကို သတိထားမိမှာ မဟုတ်ဘူး..."

ထိုအချိန်မှာပင် ဇရာမ တောင်ပံခတ်သံကြီး ကြားလိုက်ရပြီး ရေသောက်ပြီးသွားသော နဂါးကြီးမှာ ကောင်းကင်ပေါ်သို့ ပျံတက်သွား၏..။ သူတို့အားလုံး ရပ်ကြည့်နေစဉ်မှာပင် ကောင်းကင်ပေါ်သို့ မြင့်သည်ထက် မြင့်တက်သွားကာ အနီးရှိ တောင်တန်းများနောက်ဝယ် ပျောက်ကွယ်သွား၏..။

ထို့နောက် ဟာမီယွန်က သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်လိုက်သည်။ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို တတ်နိုင်သရွေ့ လုံအောင် ခြုံလိုက်သည်။ ထို့နောက် သူတို့အားလုံး အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

**၂၈။ ပျောက်ဆုံးနေသော မှန်ကလေး**

ဟယ်ရီ့ခြေထောက် လမ်းမပေါ်ကို ထိမိသည်နှင့် အလွန်ရင်းနှီးသော ဟော့မိဒ်လမ်းမကြီးများကို မြင်လိုက်ရသည်..။ သူတို့ရှေ့ရှိ လမ်းကွေ့ကလေးအတိုင်း ချိုးကွေ့လျှင် ဟော့ဝဂ်သို့ ရောက်ပေလိမ့်မည်...။

တံမြက်စည်းသုံးလက် ဘားဆိုင်မှ မီးရောင်မှာ ပြတင်းပေါက်မှတဆင့် ဖြာကျနေ၏..။ သူ ဤနေရာကို အလွန်အားနည်းနေသော ဒမ်ဘယ်လ်ဒိုးကို သယ်ဆောင်ကာ ရောက်လာခဲ့ဖူးသည်..။ သူခြေချမိသည်နှင့် ရွန်နှင့် ဟာမီယွန်တို့၏ လက်များကို လွှတ်ပေးလိုက်ချိန်မှာပင် ထင်မှတ်မထားသော အရာတစ်ခုက ချက်ချင်း ဖြစ်ပေါ်လာ၏..။

ပတ်ဝန်းကျင်တစ်ခုလုံး ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အော်ဟစ်သံလိုလို အသံနှင့် ပြည့်နှက်သွားသည်။ သူတို့ ရွာထဲရောက်လာခြင်းကြောင့် ထိုအသံ ပေါ်လာခြင်းမှန်း ဟယ်ရီ သိလိုက်သည်..။ သူကိုယ်ပျောက်ဝတ်ရုံ အောက်မှ ကျန်နှစ်ယောက်ကို ကြည့်လိုက်စဉ်မှာပင် တံမြက်စည်းသုံးလက် ဆိုင်ခန်းတံခါးမှာ ဝုန်းကနဲ ပွင့်ထွက်သွားပြီးနောက် ဒက်အိတာများ တစ်ဒါဇင်ခန့် မော်တောင်ဖုံးများကို ကိုင်ကာ ထွက်လာကြသည်။

ဟယ်ရီ မော်တောင်ဖုံးကို မြှောက်၍ ချိန်နေသော ရွန့်လက်ကို ဖမ်းဆွဲထားလိုက်သည်..။ အင်အားခြင်းက အဆမတန် ကွာခြားလွန်းနေ၏..။

ဒက်အိတာတစ်ယောက်က မော်တောင်ဖုံးကို မြှောက်လိုက်ချိန်၌ အော်ဟစ်သံလိုလို အရာက ရပ်တန့်သွားသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးကို ပဲ့တင်ထပ်နေဆဲပင်..။ ဒက်အိတာတစ်ယောက်က..

"အက်ဆီယို ကိုယ်ပျောက်ဝတ်ရုံ..."

ဟု အော်ဟစ်လိုက်သည်..။ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို လက်နှင့် ဆုပ်ကိုင်ထားလိုက်သည်..။ သို့ရာတွင် ဆင့်ခေါ်ဂါထာမှာ ကိုယ်ပျောက်ဝတ်ရုံပေါ်၌ အကျိုးသက်ရောက်မှု မရှိချေ..။

ဆင့်ခေါ်ဂါထာရွတ်သူ ဒက်အိတာက...

"အင်း.. ကိုယ်ပျောက်ဝတ်ရုံ ခြုံမထားဘူးပေါ့.. ဟုတ်လား ပေါ်တာ.. လူခွဲရှာမယ်ဟေ့.. သူ ဒီနားမှာပဲ ရှိရမယ်..."

သူတို့ဘက်သို့ ဒက်အိတာ ခြောက်ယောက် ပြေးလာ၏..။ ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်တို့ မြန်နိုင်သမျှ မြန်မြန် အနီးဆုံး ဘေးလမ်းကြားထဲသို့ ဝင်လိုက်ရာ ဒက်အိတာများရန်မှ ပွတ်ကာသီကာ ကပ်လွတ်သွား၏..။

သူတို့ အမှောင်ထဲတွင် ငြိမ်နေကာ သူတို့ကို စုန်ချည် ဆန်ချည် လိုက်ရှာနေသော ခြေသံများကို ကြားနေရသည်။ ဒက်အိတာများ၏ မှော်တောင်ဝှေးများဆီမှ အလင်းရောင်ကို မြင်နေရသည်...။

ဟာမီယွန်က...

"ကိုယ်ရောင်ဖျောက်ပြီး ပြေးကြစို့..."

"ကောင်းတယ်..."

ရွန်ကပါ ထောက်ခံ၏..။ ဟယ်ရီ ဘာမှ ပြန်မဖြေနိုင်ခင်မှာပင် ဒက်အိတာတစ်ယောက်က...

"မင်း ဒီကို ရောက်နေတာ ငါတို့သိတယ် ပေါ်တာ.. ထွက်ပြေးလို့ ရမယ် မထင်နဲ့... မင်းကို ငါတို့ ရှာတွေ့မှာပဲ..."

ဟယ်ရီက လေသံမျှဖြင့်...

"သူတို့ ကြိုတင်ပြင်ဆင်ထားပုံပဲ.. ငါတို့လာရင် သိအောင် ဂါထာစီမံထားတယ်.. ငါတို့ ပြန်ထွက်လို့မရအောင် တစ်ခုခု လုပ်ထားမှာ သေချာတယ်..."

အခြားတစ်ယောက်က...

"ဝိညာဉ်နှုတ်ကောင်တွေကို လွှတ်ပေးလိုက်ရင် ကောင်းမယ်.. ငါတို့ရှာတာထက် ပိုမြန်လိမ့်မယ်..."

"မိစ္ဆာသခင်ကြီးက ပေါ်တာကို ဘယ်သူမှ သတ်တာ မလိုချင်ဘူး.. သူကိုယ်တိုင်သတ်ချင်တာ..."

"ဝိညာဉ်နှုတ်ကောင်တွေကလည်း သူ့ကို မသတ်ပါဘူး.. မိစ္ဆာသခင်ကြီးက ပေါ်တာရဲ့ အသက်ကိုပဲ လိုချင်တာပါ.. ဝိညာဉ်ကို လိုချင်တာ မဟုတ်ပါဘူး... သူ့ကိုသတ်ရတာ ပိုတောင် လွယ်သွားဦးမယ်..."

သဘောတူညီကြသော အသံများ လွင့်ပျံလာ၏..။ ဟယ်ရီ လွန်စွာ စိတ်ပျက်သွား၏..။ ဝိညာဉ်နှုတ်သတ္တဝါများကို မောင်းနှင်ထုတ်ချင်လျှင် သူတို့ အစောင့်အရှောက်ဂါထာကို သုံးရပေမည်..။ ထိုသို့ဆိုပါက သူတို့နေရာကို ချက်ချင်း သိသွားပေလိမ့်မည်။

ဟာမီယွန်က...

"ငါတို့ ကိုယ်ယောင်ဖျောက်ကြည့်သင့်တယ် ဟယ်ရီ..."

သူမပြောနေစဉ်မှာပင် ပုံမှန်မဟုတ်သော အေးစက်မှုက လမ်းတစ်လျှောက် ပျံ့နှံ့လာသည်ကို သူ ခံစားလိုက်ရသည်။ အလင်းရောင်များမှာ စုပ်ယူခံလိုက်ရသလို ပျောက်ဆုံးသွား၏..။ အမှောင်ထုထဲမှာပင် သူတို့ နေရာ ရွေ့လာခဲ့သည်။

သူတို့ ကိုယ်ရောင်ဖျောက်ရန် ကြိုးစားသော်လည်း နေရာမှ တစ်လက်မမှ မရွေ့ပဲ ဖြစ်နေ၏..။ ဒက်အိတာများမှာ သေချာစီမံထားပုံပေါ်သည်..။ အအေးဒဏ်မှာ ပို၍ ပို၍ ပြင်းထန်လာ၏..။ သူတို့သုံးယောက်စလုံး လမ်းကလေးအတိုင်း ဆက်ဆင်းလာခဲ့သည်..။ ထောင့်ချိုးတစ်ခုအရောက်တွင် ဝိညာဉ်နှုတ်သတ္တဝါ ဆယ်ကောင်ခန့် ဦးတည်လာနေသည်ကို တွေ့ရသည်..။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေသော်လည်း သူတို့ရှိရာနေရာတွင် အမှောင်ထုက ပို၍ သိပ်သည်းသဖြင့် အရိပ်မည်းများပမာ မြင်နေရ၏။

သူတို့ရှိနေကြောင်းကို အာရုံခံမိလေသလား..။ ထိုအတွေးမှာ ပို၍ ခိုင်မာလာ၏..။ အကြောင်းမှာ အရိပ်များမှာ သူတို့ထံသို့ ပို၍ လျင်မြန်စွာ တိုးကပ်လာနေ၍ပင်...။

ဟယ်ရီ မှော်တောင်ဝှေးကို မြှောက်လိုက်သည်..။ သူ ဝိညာဉ်နှုတ်သတ္တဝါများ၏ အနမ်းကို မခံနိုင်ပေ..။ ပြီးမှ ဖြစ်ချင်ရာ ဖြစ်ပေတော့ဟု တွေးကာ လေသံတိုးတိုးဖြင့်...

"အိပ်စ်ပက်တို ပက်ထရိုနမ်..."

ငွေရောင်သမင်ဖိုကြီးမှာ တောင်ဝှေးထိပ်ဖျားမှ ထွက်လာကာ ဝိညာဉ်နှုတ်သတ္တဝါများကို မောင်းနှင်ထုတ်လိုက်စဉ်မှာပင် တစ်နေရာမှ ဝမ်းသာအားရ အော်ဟစ်သံကို ကြားလိုက်ရ၏..။

"သူပဲ.. သူပဲ .. ဟောဟိုမှာ.. သူ့ရဲ့ အစောင့်အရှောက် သမင်ဖိုကြီးကို ငါတွေ့လိုက်တယ်..."

ဝိညာဉ်နှုတ်သတ္တဝါများ ပြန်ဆုတ်သွားပြီး ကြယ်ရောင်များ ပြန်၍ လင်းလက်လာ၏..။ ဒက်အိတာများ၏ ခြေသံများမှာ ပို၍ ပို၍ ကျယ်လောင်လာ၏..။ ဟယ်ရီ ဘာလုပ်ရမည်ကို မစဉ်းစားနိုင်ခင်မှာပင်

ဘယ်ဘက်ရှိ လမ်းကြားလေးထဲမှ တံခါးတစ်ချပ်ဖွင့်သံ ကြားလိုက်ရပြီး ခပ်ကြမ်းကြမ်း အသံတစ်သံက...

"ပေါ်တာ .. ဒီကိုလာ.. မြန်မြန်..."

သူတို့သုံးယောက်လုံး တုံ့ဆိုင်းမနေပဲ ဖွင့်ထားသော တံခါးထဲ ပြေးဝင်လိုက်ကြသည်..။ အရပ်ရှည်ရှည်နှင့် သဏ္ဍာန်က...

"အပေါ်ထပ်ကို တက်ကြ.. ကိုယ်ပျောက်ဝတ်ရုံ ဆက်ခြုံထား.. အသံမထွက်စေနဲ့..."

ဟယ်ရီ သူတို့ ဘယ်ရောက်နေမှန်း မသိချေ..။ သို့ရာတွင် ဖယောင်းတိုင်တစ်တိုင်သာ ထွန်းထားသော အလင်းရောင်အောက်ဝယ် ကြည့်ရင်း ဝက်ခေါင်းဘားသို့ ရောက်နေမှန်း မှတ်မိလိုက်သည်။ သူတို့ ကောင်တာအနောက်ဘက် တံခါးမှတဆင့် လှေကားအတိုင်း အပေါ်ထပ်သို့ အမြန်ဆုံး တက်ခဲ့ကြသည်။

လှေကားအဆုံးတွင် ဧည့်ခန်းရှိပြီး မီးဖိုခပ်သေးသေးတစ်ခုနှင့် ဆံပင်အညိုရောင်နှင့် မိန်းကလေးတစ်ယောက်၏ ပန်းချီကားချပ်ကြီးကို တွေ့ရသည်။

အော်ဟစ်သံများမှာ အောက်ထပ်သို့ ရောက်ရှိလာ၏..။ ကိုယ်ပျောက်ဝတ်ရုံ ခြုံထားလျက်နှင့်ပင် သူတို့ ပြတင်းပေါက်ဆီသွားကာ အောက်သို့ ငုံ့ကြည့်လိုက်ကြသည်။ သူတို့ကို ကယ်ခဲ့သူ ဝက်ခေါင်းဘားပိုင်ရှင် တစ်ယောက်တည်းသာ ခေါင်းစွပ်မပါသော တစ်ဦးတည်းသောလူဖြစ်ပြီး ကျန်သူများ အားလုံး အနက်ရောင် ခေါင်းစွပ်ကိုယ်စီ စွပ်ထားကြ၏..။

ထိုသူက ခေါင်းစွပ်နှင့် လူများအား...

"ဘာဖြစ်လဲ.. မင်းတို့က ဝိညာဉ်နှုတ်သတ္တဝါတွေကို ငါ့လမ်းပေါ်လွှတ်လိုက်တော့ ငါက အစောင့်အရှောက်ဂါထာ သုံးရတော့တာပေါ့.. သူတို့ကို ငါ့အနားမလာစေနဲ့လို့ မင်းတို့ကို ငါ ဘယ်နှစ်ခါ ပြောရမလဲ..."

ဒက်အီတာ တစ်ယောက်က...

"ဒါ ခင်ဗျားရဲ့ အစောင့်အရှောက် လုံးဝမဟုတ်ဘူး.. သမင်ဖိုက ပေါ်တာရဲ့ အစောင့်အရှောက်ပဲ..."

ဆိုင်ရှင်က...

"ဘာ... သမင်ဖို ဟုတ်လား..." ဟု အော်ဟစ်လိုက်ရင်း သူ၏ မှော်တောင်ဝှေးကို ဆွဲထုတ်ကာ...

"အိပ်စ်ပက်တို ပက်ထရိုနမ်..."

ကြီးမားသော ချိုပါသော သတ္တဝါတစ်ကောင် ချက်ချင်း ရောက်လာ၏။ ခေါင်းကို အောက်စိုက်ကာ လမ်းမကြီးအတိုင်း ပြေးထွက်ကာ ပျောက်ကွယ်သွား၏..။

ဒက်အိတာတစ်ယောက်က အနည်းငယ် ဇဝေဇဝါဖြစ်သွားဟန်ဖြင့်...

"ငါမြင်လိုက်တာ ဒါမဟုတ်ဘူး..."

နောက်တစ်ယောက်က...

"ညမထွက်ရ အမိန့်ကို ဖောက်ဖျက်ပြီး တစ်ယောက်ယောက် အပြင်ထွက်တယ်... အချက်ပေးသံ မကြားလိုက်ဘူးလား..."

"ငါ့ကြောင် အပြင်ထွက်သွားလို့ ငါထွက်တယ်ကွ.. မင်းတို့အမိန့်ကို ဂရုစိုက်ရမှာလား..."

"ဒါ .. ဒါဆို ခင်ဗျား လက်ချက်ပေါ့.. ဟုတ်လား"

"ငါလုပ်တော့ ဘာဖြစ်လဲ.. ငါ့ကို အက်ဇကာဘန်ထောင်ကို ပို့ကြမလို့လား.. ငါ တံခါးအပြင်ထွက်မိတာနဲ့ သတ်မလား.. ဒါဆိုလည်း လုပ်လိုက်စမ်းပါ.. ဒါပေမယ့် မင်းတို့ရဲ့ မိစ္ဆာအမှတ်အသားတွေကို ကိုင်ပြီးတော့ ဟိုကောင်ကြီးကို တော့ ခေါ်ရဲမယ် မထင်ဘူး.. ငါနဲ့ ငါ့ကြောင်အိုကြီးအတွက် သူ ဒီနေရာကို လာချင်မယ် မထင်ဘူး.. ဟုတ်တယ် မဟုတ်လား..."

"ကျုပ်တို့အတွက် မပူပါနဲ့... ဥပဒေချိုးဖောက်တဲ့အတွက် ခင်ဗျားဘာသာ ပူစမ်းပါ..."

"ငါ့ဆိုင်ပိတ်လိုက်ရင် မင်းတို့ရဲ့ ဆေးတွေ အဆိပ်တွေ ဘယ်မှာ သွားထားမလဲ..."

"ကျုပ်တို့ကို ခြိမ်းခြောက်နေတာလား..."

"ငါ့ပါးစပ်ကို ငါပိတ်ထားပေးပါ့မယ်.. မင်းတို့ အခုလာတာ ဒီကိစ္စပဲလား..."

ဒက်အိတာတစ်ယောက်က...

"ငါ သမင်ဖိုကြီးကို တကယ်မြင်လိုက်တာကွ..."

ဆိုင်ပိုင်ရှင်က ထပ်၍ အော်ဟစ်လိုက်ပြန်သည်..။

"သမင်ဖိုဟုတ်လား.. ဒါ.. ဆိတ်ကွ.. ဆိတ်.. အရူးရဲ့..."

နောက်ထပ် ဒက်အိတာတစ်ယောက်က...

"ကောင်းပြီ.. ကျုပ်တို့ မှားသွားတယ်.. ဒါပေမယ့် နောက်တစ်ခါ အမိန့်ကို ချိုးဖောက်ရင်တော့ ခင်ဗျား မလွယ်ဘူး..."

ဒက်အိတာများမှာ လမ်းမကြီးပေါ်သို့ ပြန်ပြေးတက်သွားကြသည်..။ ဟာမီယွန်မှာ စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချရင်း ကိုယ်ပျောက်ဝတ်ရုံအောက်မှ ထွက်ကာ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်သည်..။ ဟယ်ရီ လိုက်ကာစကို ဆွဲကာလိုက်ပြီးနောက် ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်၏...။

အောက်ထပ်တွင် တံခါးပိတ်သံ ကြားလိုက်ရပြီးနောက် ဆိုင်ပိုင်ရှင်မှာ လှေကားမှ တက်လာ၏..။ ဟယ်ရီ့အာရုံမှာ ပန်းချီကားဘေးတွင် ကပ်ထားသော လေးထောင့်သဏ္ဌာန်မှန်လေးဆီသို့ ရောက်သွား၏..။ ဆိုင်ရှင်က အခန်းထဲဝင်လာရင်း ဒေါသထွက်နေသံဖြင့်...

"မင်းတို့ အရူးတွေပဲ.. ဒီနေရာကို ဘာလာလုပ်ကြတာလဲ.."

ဟယ်ရီက...

"ကျေးဇူးပါပဲဗျာ.. ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မပြောတတ်ဘူး... ကျွန်တော်တို့အသက်ကို ခင်ဗျား ကယ်ခဲ့တာပဲ..."

ဟယ်ရီ ဆိုင်ရှင်အနီးသို့ ကပ်ကာ မျက်နှာကို သေချာကြည့်လိုက်၏..။ သူ၏ မီးခိုးရောင် မုတ်ဆိတ်မွေး ပါးသိုင်းမွေးများကို ဖြတ်ကျော်ကာ မျက်လုံးအစုံကို သူကြည့်လိုက်၏..။ ထိုသူမှာ မျက်မှန်တပ်ထား၏..။ ညစ်ပတ်နေသော မျက်မှန်နောက်မှ မျက်လုံးများမှာ စူးရှလှသော အပြာရောင် မျက်လုံးများပင်...။

"မှန်ထဲမှာ ကျွန်တော် မြင်ခဲ့တာ ခင်ဗျားရဲ့ မျက်လုံးတွေပဲ..."

အခန်းထဲတွင် တိတ်ဆိတ်သွား၏..။ ဟယ်ရီနှင့် ဆိုင်ရှင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်...။ ဟယ်ရီက...

"ဒေါ်ဘီကို ခင်ဗျားလွှတ်လိုက်တာ မဟုတ်လား..."

ဆိုင်ရှင်က ခေါင်းညိတ်ရင်း မှင်စာလေးကို လှည့်ပတ်ရှာဖွေလိုက်သည်။

“သူက မင်းနဲ့တူတူ ရှိရမှာပေါ့.. မင်း သူ့ကို ဘယ်မှာထားခဲ့သလဲ”

“သူ.. သူသေသွားပြီ.. ဘဲလ်ထရစ်လတ်စ်ထရန် သတ်လိုက်တာ...”

ဆိုင်ရှင်၏မျက်နှာမှာ တစ်ချက် တည်သွားပြီး...

“ငါစိတ်မကောင်းပါဘူး.. သူ့ကို ငါသဘောကျတယ်...”

ဆိုင်ရှင်က တစ်ဘက်သို့လှည့်ကာ မှော်တောင်ဝှေးဖြင့် မီးအိမ်များကို မီးထွန်းညှိနေ၏...။

“ခင်ဗျားက အက်ဘာဖို့ မဟုတ်လား...”

ဟယ်ရီက မေးလိုက်၏..။ ထိုသူက ငြင်းလည်း မငြင်းသလို ဝန်လည်း ဝန်မခံပေ။ ဟယ်ရီက ဆီးရီးယပ်စ်၏ မှန်ကို ညွှန်ပြရင်း...

“ဒီဟာကို ဘယ်ကရလာလဲ...”

နှစ်ခုရှိသည့်အနက် သူ့ဆီမှ တစ်ခုမှာ လွှန်ခဲ့သော နှစ်နှစ်ခန့်က ကွဲသွားခဲ့ပေပြီ...။

“အဟောင်းဆိုင်က ဝယ်ခဲ့တာ ကြာပြီ.. အဲဗက်စ်က အဲဒါ ဘာလဲဆိုတာ ပြောပြခဲ့တယ်.. အဲဒီ့ကတည်းက မင်းကို စောင့်ကြည့်နေခဲ့တာပဲ...”

ရွန်က စိတ်လှုပ်ရှားစွာဖြင့်...

“ငွေရောင်သမင်မကရော... ခင်ဗျားလွှတ်လိုက်တာပဲလား...”

“ဟေ.. မင်း ဘာကိုပြောတာလဲ...”

“တစ်ယောက်ယောက်က ကျွန်တော်တို့ဆီကို သမင်မပုံစံ အစောင့်အရှောက် လွှတ်ပြီး ကူညီဖူးတယ်...”

“ဒီဦးနှောက်လောက်နဲ့ကတော့ မင်း ဒက်အိတာပဲ ဖြစ်မယ် ကလေး.. ငါ့ရဲ့ အစောင့်အရှောက်က ဆိတ်ဆိုတာ ခုပဲ ပြပြီးပြီလေ..”

“အိုး.. ဟုတ်.. ဟုတ်သားပဲ...”

ထိုအချိန်မှာပင် ရှန့်ဗိုက်ထဲမှ ဆာလောင်သံက ကျယ်လောင်စွာ ထွက်လာ၏..။

"ကျွန်တော် ဗိုက်ဆာနေပြီ..."

"ငါ စားစရာ ယူခဲ့မယ်..."

အက်ဘာဖို့မှာ ခေတ္တမျှ အချိန်အတွင်းမှာပင် ပေါင်မုန့်များ.. ချိစ်များကို ယူလာကာ မီးဖိုရှေ့ရှိ စားပွဲပေါ်တွင် ခင်းကျင်းလိုက်သည်..။ သူတို့အားလုံး အားပါးတရပင် စားသောက်ကြတော့သည်။

သူတို့အားလုံး ဗိုက်ပြည့်အောင် စားသောက်ပြီး ထိုင်ခုံကိုမှီ၍ နွမ်းနယ်စွာ ထိုင်နေကြချိန်ဝယ် အက်ဘာဖို့က...

"အခုဆိုရင် မင်းတို့ ပြန်ထွက်နိုင်မယ့် အကောင်းဆုံးနည်းလမ်းကို စဉ်းစားရတော့မယ်.. ညဘက်မှာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး... အပြင်ကို ထွက်လိုက်တာနဲ့ ဘာတွေ ဖြစ်လာသလဲ မင်းတို့လဲ တွေ့ခဲ့ပြီပဲ.. ဒီကောင်တွေ အကုန် မင်းတို့နောက်ကို စုပြုံလိုက်လာကြလိမ့်မယ်.. ငါလည်း နောက်တစ်ခါဆိုရင် သမင်ကို ဆိတ်ပါလို့ ညာလို့ရမယ် မထင်ဘူး.. မိုးလင်းတဲ့အထိစောင့်.. ပြီးတာနဲ့ ကိုယ်ပျောက်ဝတ်ရုံခြုံပြီး တောင်ထိပ်ကို တက်သွားကြ.. အဲဒီ့နေရာမှာ ကိုယ်ယောင်ဖျောက်လို့ရတယ်.. ဟက်ဂရစ်နဲ့ တွေ့ချင် တွေ့နိုင်တယ်.. သူ့ကို လိုက်ဖမ်းကတည်းက သူနဲ့ ဂရပ်တို့ အဲဒီ့မှာ ပုန်းနေတယ်"

ဟယ်ရီက...

"ကျွန်တော်တို့ ပြန်ထွက်မသွားနိုင်ဘူး.. ဟော့ဝဂ်ကျောင်းထဲကို ဝင်မလို့ ပြန်လာတာ..."

"မရူးစမ်းပါနဲ့..."

"ကျွန်တော်တို့ ဖြစ်အောင် ဝင်မှ ဖြစ်မယ်..."

အက်ဘာဖို့က...

"မင်းတို့ ဘာလုပ်မလို့လဲ.. ငါ မင်းတို့ကို ဒီ့ထက်ကိုပြီး ဘယ်မှ လိုက်မပို့နိုင်ဘူး..."

"ခင်ဗျား နားမလည်ပါဘူး.. ကျွန်တော်တို့မှာ အချိန်အရမ်းနည်းနေပြီ.. ရဲတိုက်ထဲကို ရအောင်ဝင်မှ ဖြစ်မယ်.. ဒမ်ဘယ်လ်ဒိုးက .. အင်း... ခင်ဗျားရဲ့အစ်ကို ခိုင်းထားတဲ့ကိစ္စတစ်ခု ရှိတယ်..."

အက်ဘာဖို႕က....

"ငါ့အစ်ကို လိုချင်တာ ဖြစ်ချင်တာတွေက အများသားပဲ... သူ႕ရဲ႕ အစီအမံတွေအတိုင်း လုပ်ရင် လူတွေ ထိခိုက်နာကျင်ရတာ မနည်းဘူး.. ကျောင်းနဲ႕ ဝေးဝေးနေစမ်းပါ ပေါ်တာ.. ဖြစ်နိုင်ရင် ဒီနိုင်ငံထဲက ထွက်သွားပေတော့.. ငါ့အစ်ကိုနဲ႕ သူ႕ရဲ႕ မဟာအကြံအစည်ကြီးတွေကို မေ့ပစ်လိုက်စမ်းပါ... သူက ဒီကိစ္စတွေကို လုံးဝမသိနိုင်တော့တဲ့ နေရာကို သွားပြီ... သူ႕အတွက် မင်း ဘာမှ လုပ်ပေးနေစရာ မလိုဘူး.."

"ခင်ဗျား နားမလည်ပါဘူးဗျာ..."

"ငါနားမလည်ဘူး ... ဟုတ်လား.. မင်းက ငါ့ထက်ပဲ ငါ့အစ်ကို အကြောင်း ပိုသိနေလို႕လား..."

"ကျွန်တော် ဒီလိုပြောတာ မဟုတ်ပါဘူး.. သူ... သူက ကျွန်တော့်ကို တာဝန်တစ်ခု ပေးထားခဲ့တယ်..."

အက်ဘာဖို႕က...

"သူ အခု တာဝန်ပေးနိုင်တော့လို႕လား.. တကယ်ကောင်းတဲ့ တာဝန်ပဲ ဖြစ်မှာပါ... လွယ်လွယ်ကူကူ ရှိရဲ့လား.. မင်းတို႕လို ဘာပညာမှမစုံသေးတဲ့ ကလေးတွေနဲ႕ သင့်တော်ရဲ့လား..."

ရွှန်က တစ်ချက်မျှ ပြုံးလိုက်၏..။ ဟာမီယွန်မှာမူ စိတ်ရှုပ်နေပုံရသည်။ ဟယ်ရီက...

"အဲ.. သိပ်.. သိပ်တော့မလွယ်လှဘူး.. ဒါ.. ဒါပေမယ့် ကျွန်တော်တို႕ လုပ်ကိုလုပ်ရမယ်..."

"ဘာကိစ္စ လုပ်ရမှာလဲ.. သူက သေပြီပဲ.. ထားလိုက်စမ်းပါတော့.. မင်း သူ႕နောက်ကို လိုက်သွားနေရလိမ့်မယ်.. ကိုယ့်ကိုယ်ကိုသာ ကာကွယ်စမ်းပါ..."

"အဲဒီ့လိုလုပ်လို႕ မဖြစ်ဘူး.. ကျွန်တော် မလုပ်နိုင်ဘူး..."

"ဘာကြောင့်လဲ..."

ဟယ်ရီ ထိုကိစ္စကို ရှင်းပြရန် မဖြစ်နိုင်ချေ။ ထို႕ကြောင့် စကားပြောင်းကာ...

"ဒါပေမယ့် ခင်ဗျားလည်း ဆက်ပြီး တိုက်ပွဲဝင်နေတယ် မဟုတ်လား.. ခင်ဗျားလည်း ဖီးနစ်အဖွဲ႕မှာ ပါတာပဲ..."

အက်ဘာဖို႕က...

"ဒါ တစ်ချိန်တုန်းကပါ.. ဖီးနစ်အဖွဲ့ရဲ့ အခန်းကဏ္ဍက ပြီးသွားပြီ... မိစ္ဆာကောင်ကြီး အနိုင်ရသွားပြီ.. ဒါ ရှင်းနေတာပဲ.. ဒီမှာနေရင် မလုံခြုံဘူး ပေါ်တာ.. သူက မင်းကို အရမ်းလိုချင်နေတာ.. ဒီတော့ ဝေးရာကို ပြေးပြီး ပုန်းနေပေတော့ .. ဒီနှစ်ယောက်ကိုပါ မင်းနဲ့အတူ ခေါ်သွား.. မင်းနဲ့အတူ သူတို့ရှိနေတာကို သိသွားပြီဆိုတော့ သူတို့ပါ အန္တရာယ်မကင်းဘူး..."

ဟယ်ရီက...

"ကျွန်တော် မသွားနိုင်ဘူး.. လုပ်စရာ ကိစ္စရှိတယ်..."

"တစ်ယောက်ယောက်ကို လုပ်ခိုင်းခဲ့ကွာ..."

"မဖြစ်နိုင်ဘူး.. ဒါ ကျွန်တော့်တာဝန်ပဲ.. ဒမ်ဘယ်လ်ဒိုးက သေချာရှင်းပြခဲ့ပြီးသား..."

"သူ အခု ရှင်းပြနိုင်တော့လို့လား.. မင်းကို အားလုံး ပြောပြခဲ့လို့လား.. ရိုးရိုးသားသား အကုန်လုံး ရှင်းပြခဲ့လို့လား..."

ဟယ်ရီ့စိတ်ထဲဝယ် ခေါင်းညိတ်ပြချင်စိတ်က အပြင်းအထန် ဖြစ်ပေါ်နေ၏..။ အက်ဘာဖို့မှာ သူ ဘာတွေ တွေးနေသလဲ ရိပ်မိသွားပုံရ၏..။

"ငါ့အစ်ကိုအကြောင်း ငါ ကောင်းကောင်းသိပါတယ် ပေါ်တာ...သူက အမြဲတမ်း လျှို့ဝှက်ပြီး လိမ်ညာနေတဲ့ သူပါ.. သူက အမြဲတမ်း ဒီလိုလုပ်နေကျပဲ..."

အက်ဘာဖို့က ပန်းချီကားချပ်ထဲမှ မိန်းကလေးကို ငေးကြည့်နေ၏..။ ဟယ်ရီ မြင်ရသမျှ ဤပန်းချီကား တစ်ချပ်တည်းသာ အခန်းထဲတွင် ရှိ၏..။ အခြား မည်သည့် ဓာတ်ပုံမျှ ရှိမနေချေ..။

ဟာမီယွန်က...

"မစ္စတာ ဒမ်ဘယ်လ်ဒိုး.. ဒါ ရှင့်ရဲ့ ညီမလေး အာရီယာနာ မဟုတ်လား..."

"ဟုတ်တယ်.. ကြည့်ရတာ ရီတာစကီတာရဲ့ စာအုပ်ကို ဖတ်ပြီးပြီ ထင်တယ်..."

မီးရောင်အောက်မှာပင် ဟာမီယွန်၏ မျက်နှာ ရဲတက်သွားသည်က သိသာလှသည်.. ။ ဟယ်ရီက ဟာမီယွန် သက်သာရာရစေရန်...

"အဲဖီးရပ်စ်ဒေါ့ချ်က ကျွန်တော်တို့ကို ပြောပြတာပါ"

"ဒီကောင်ကြီးကတော့ ငါ့အစ်ကို လုပ်သမျှ အကောင်းထင်နေတာပဲ.. လူတော်တော်များများလည်း ဒီအတိုင်းပဲ.. မင်းတို့ကို ကြည့်ရတာလည်း ဒီလိုပဲ ထင်တယ်..."

ဟယ်ရီ တိတ်ဆိတ်နေလိုက်၏..။ ဒမ်ဘယ်လ်ဒိုး အပေါ်တွင် ရှိနေခဲ့သည့် သူ၏ သံသယများကို ထုတ်မပြောချင်ပေ..။ ဒေါဘီ၏ မြေပုံကို တူးစဉ်ကတည်းက သူ စိတ်ဆုံးဖြတ်ခဲ့ပြီးပေပြီ...။

ဒမ်ဘယ်လ်ဒိုး ချမှတ်ပေးခဲ့သည့် အန္တရာယ်များလှသော ခရီးအတိုင်း ဆက်လျှောက်ရန် သူဆုံးဖြတ်ခဲ့သည်။ သူသိချင်သမျှအားလုံး ပြောမပြခဲ့သော်လည်း ယုံကြည်ချက်ထားရန် သူဆုံးဖြတ်ပြီးပေပြီ...။

နောက်ထပ် သံသယထပ်မဝင်ချင်တော့သလို သံသယဝင်စရာ စကားများကိုလည်း မကြားချင်ပေ..။ အကြောင်းမှာ သူ ဦးတည်ချက် လွဲမှားသွားနိုင်၍ပင်...။ အက်ဘာဖို့၏ စူးရှလှသော မျက်လုံးများမှာ ဟယ်ရီ့ကို ထွင်းဖောက်လုမတတ် စူးစိုက်ကြည့်နေ၏...။

ဟာမီယွန်က လေသံတိုးတိုးဖြင့်...

"ပရော်ဖက်ဆာ ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့ကို တကယ် ဂရုစိုက်ပါတယ်..."

"အခုရော ဂရုစိုက်နိုင်သေးလို့လား.. သူသာ တကယ် ဂရုစိုက်ခဲ့မယ်ဆိုရင် အခြေအနေတွေ ဒီလောက်ဆိုးဝါးပါ့မလား..."

ဟာမီယွန်က အသက်ပင် မရှူအားပဲ ချက်ချင်းပင်...

"ရှင်က ဘာကို ဆိုလိုချင်တာလဲ..."

"ထားလိုက်ပါလေ..."

"ရှင်.. ရှင့်ညီမလေး အကြောင်းကို ပြောနေတာလား..."

အက်ဘာဖို့က သူမကို တစ်ချက်ကြည့်ကာ အံတင်းတင်းကြိတ်ထားလိုက်သည်..။ ထို့နောက်တွင် သူ့ဆီမှ စကားများ ပွင့်ကျလာ၏...။

"ငါ့ညီမလေး ခြောက်နှစ်အရွယ်မှာ မက်ဂယ်ကောင်လေး သုံးယောက်ရဲ့ အတိုက်အခိုက် ခံလိုက်ရတယ်.. သူတို့က သူ မှော်ပညာသုံးနေတာကို ခြံစည်းရိုးကနေ ချောင်းကြည့်ပြီး မြင်သွားလို့ပဲ..

အဲဒီ့အသက်အရွယ်မှာ ဘယ်သူမှ မှော်ပညာကို မထိန်းသိမ်းနိုင်သေးဘူး.. ချောင်းကြည့်နေတဲ့ ကောင်လေးတွေဟာ သိပ်ကြောက်သွားပြီး ခြံဝင်းထဲကို ဝင်လာပြီး အန္တရာယ်ပေးကြတော့တာပဲ…"

ဟာမီယွန်၏ မျက်လုံးများ ပြူးကျယ်လာ၏..။ ရွှန်မှာ စိတ်မသက်မသာ ဖြစ်နေပုံရသည်..။ အက်ဘာဖို့မှာ ဒေါသတကြီးနှင့် မတ်တတ် ထရပ်လိုက်ရင်း…

"အဲဒီ့အဖြစ်အပျက်က သူ့ကို ဖျက်ဆီးပစ်လိုက်တာပဲ.. သူ တစ်ခါမှ မှော်ပညာကို မသုံးတော့ဘူး.. ဒါပေမယ့် ဖျောက်ဖျက်ပစ်လို့လည်း မရဘူး သူ စိတ်မထိန်းနိုင်တဲ့ အခါမျိုးမှာ ပေါက်ကွဲပြီး ထွက်လာတတ်တယ်.. အဲဒီ့အချိန်မျိုးဆိုရင် သူ့ပုံစံက သိပ်ထူးဆန်းပြီး အန္တရာယ် အရမ်းကြီးတယ်.. ဒါပေမယ့် များသောအားဖြင့်တော့ အင်မတန် ချစ်စရာကောင်းပြီး နူးညံ့သိမ်မွေ့တဲ့ ကလေးမလေးပါ…"

"ငါ့အဖေက အဲဒီ့ကောင်ကလေးတွေနောက်ကို လိုက်တိုက်ခိုက်တယ်.. သူ့ကို အက်ဇကာဘန် ထောင်ကို ပို့လိုက်ကြတယ်.. ဘာလို့ ဒီလိုလုပ်ခဲ့သလဲဆိုတာ သူ တစ်ခါမှ ထုတ်မပြောခဲ့ဘူး.. ဘာလို့လဲဆိုတော့ ဝန်ကြီးဌာနကသာ သိရင် အာရီယာနာကို စိန့်မန်ဂိုဆေးရုံမှာ တစ်သက်လုံး ပိတ်ထားတော့မှာပဲ.. သူ့လို မှော်ပညာကို မထိန်းသိမ်းနိုင်တဲ့သူတွေကို လုံခြုံရေးအရ အပြင်မှာ ထားလေ့ မရှိဘူးလေ…"

"ငါတို့ သူ့ကို တိတ်တိတ်လေး ခိုးထားမှ ဖြစ်တော့မယ်.. ဒါနဲ့ပဲ အိမ်ပြောင်းခဲ့တယ်.. အမေက သူ့ကို အမြဲပျော်အောင် ထားခဲ့တယ်.. ငါ့ကို သူက ပိုပြီး ချစ်တယ်.. အဲဗက်စ်က သိပ်အနေမနီးဘူး.. အိမ်မှာနေရင် အမြဲတမ်း အိပ်ခန်းထဲမှာ စာဖတ်ပြီး သူ့ရဲ့ ဆုတံဆိပ်တွေကို ရေတွက်နေတတ်တာ.. သူက တစ်ခါမှ ညီမလေးကို ချစ်ခင်ပုံမရဘူး.. အမေမအားရင် ငါပဲ စားစရာ ယူသွားပေးနေကျ… သူစိတ်ဆိုးရင် ငါပဲ အမြဲ ချော့ရတာ.. တစ်ခါတလေ ငါ့ကို ကူပြီး ဆိတ်တွေကို အစာကျွေးလေ့ ရှိတယ်…"

"သူ့အသက် ဆယ့်လေးနှစ် … ငါ အိမ်မှာ မရှိတုန်းမှာပေါ့.. ငါသာရှိခဲ့ရင်လည်း သူ့ကို ချော့မော့နှစ်သိမ့်နိုင်မှာပဲ.. သူ ဒေါသထွက်လာပြီး မတော်တဆ ပေါက်ကွဲမှု ဖြစ်သွားတယ်.. အာရီယာနာ လုံးဝမထိန်းလိုက်နိုင်ဘူး.. အဲဒီ့မှာ အမေ သေသွားတာပဲ…"

ဟယ်ရီ သနားမိသလို ဆက်၍ ကြားချင်စိတ်လည်း မရှိတော့ပေ.. သို့ရာတွင် အက်ဘာဖို့မှာ ဆက်ပြော၏..။ တစ်သက်နှင့်တစ်ကိုယ် သူတစ်ခါမှ မပြောပြဖူးသော အကြောင်းအရာများပင်…။

"ဒါကြောင့်မို့လို့ အဲဗက်စ်က ဒေါ့ချ်နဲ့ ကမ္ဘာပတ်ဖို့ ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရတယ်.. ငါတို့နှစ်ယောက် အသုဘ ကိစ္စအတွက် အိမ်ပြန်တဲ့ အချိန်မှာ ဒေါ့ချ်က ခရီးဆက်သွားတယ်… ဒါနဲ့ပဲ အဲဗက်စ်က အိမ်ထောင်ဦးစီး ဖြစ်လာတော့တာပဲ…"

အက်ဘာဖို့က မီးဖိုထဲသို့ တံတွေးတစ်ချက် ထွေးလိုက်၏..။

"ငါပဲ သူ့ကို စောင့်ရှောက်ပါ့မယ်လို့ ငါပြောခဲ့ပါတယ်.. ငါ ကျောင်းဆက်တက်ဖို့ကို လုံးဝ ဂရုမစိုက်ဘူး.. ဒါပေမယ့် အဲဗက်စ်က ငါ့ကို ကျောင်းပြီးအောင် ဆက်တက်ခိုင်းတယ်လေ.. သူက အမေ့တာဝန်တွေ အကုန်ယူမယ်ပေါ့.. သူ့အတွက်တော့ လုံးဝ ကံဆိုးမိုးမှောင်ကျတာပဲ.. ရှုံးသွပ်ချင်နေတဲ့ ညီမက အိမ်ကို ဖောက်ခွဲပစ်မှာကို တားပေးရုံနဲ့ ဘာဆုတံဆိပ်မှ ရမလာနိုင်ဘူးလေ.. ဒါပေမယ့် ရက်တော်တော်ကြာကြာတော့ အဆင်ပြေနေတာပဲ.. သူမလာခင်အထိပေါ့..."

အက်ဘာဖို့၏ မျက်နှာတွင် နာကျင်မှုတို့ ထင်ဟပ်လာ၏..။

"ဂရင်ဒီဝေါပဲပေါ့.. နောက်ဆုံး ငါ့အစ်ကိုအတွက် သူနှင့်တန်းတူ ဉာဏ်ကောင်းတဲ့သူကို ရှာတွေ့သွားတာပဲ.. မှော်လောကကြီးအတွက် အစီအစဉ် အသစ်တွေ ဆွဲကြတယ်.. မှော်ဝင်ရတနာကို ရှာဖို့ လုပ်ကြတယ်.. အဲဒီ့ မဟာအကြံအစည်ကြီးကိုပဲ အာရုံစိုက်နေကြတော့ ညီမလေးကို မေ့ထားတော့တာပေါ့..."

"ရက်သတ္တပတ်အတော် ကြာလာတော့ ငါ ဟော့ဂ်ဝက်ကိုပြန်ဖို့ အချိန်နီးလာတယ်.. ဒါနဲ့ ငါ အဲဗက်စ်နဲ့ မျက်နှာချင်းဆိုင် စကားပြောခဲ့တယ်.. သူ့ကို ညီမလေးကို ခေါ်သွားဖို့ မဖြစ်နိုင်ဘူးလို့ ငါ ပြောခဲ့တယ်.. သူ့အကြံအစည်ကို စွန့်လွှတ်ခိုင်းခဲ့တယ်.. ငါပြောတာကို အဲဗက်စ်က လုံးဝမနှစ်သက်ခဲ့ဘူး..."

အက်ဘာဖို့၏ မျက်လုံးများမှာ ရီဝေနေပြီး သူတို့ကို မြင်ပုံမရချေ..။

"ဂရင်ဒီဝေါကလည်း လုံးဝမကြိုက်ဘူး.. ချက်ချင်း စိတ်ဆိုးတော့တာပဲ.. ငါ့ကို သူတို့ကြားမှာ ဝင်မရှုပ်နဲ့တဲ့ သူတို့ရဲ့ အကြံသာ အောင်ခဲ့ရင် ညီမလေးဟာ ဒီလိုပုန်းနေဖို့ မလိုတော့ဘူးတဲ့ .. မက်ဂယ်တွေကို နေရာမှန်ကို ပို့ပေးရမယ်တဲ့..."

"အဲဒီ့မှာ ငါတို့ စရန်ဖြစ်တာပဲ.. ငါကလည်း ငါ့မှော်တောင်ဝှေးကို ဆွဲထုတ်လိုက်တယ်.. ဂရင်ဒီဝေါကလည်း သူ့မှော်တောင်ဝှေးကို ထုတ်လိုက်ပြီး ခရူရှေးတပ်စ်ကျိန်စာနဲ့ ငါ့ကို တိုက်ခိုက်တော့တာပဲ.. အဲဗက်စ်က သူ့ကို တားဖို့ ကြိုတယ်.. နောက်ဆုံးတော့ ငါတို့ သုံးယောက်စလုံး စီးချင်းထိုးရတော့တာပဲ.. အဲဒီ့မှာတင် အလင်းတန်းတစ်ခုက ညီမလေးကို ထိသွားတယ်.. သူ... သူ... ဘယ်လိုမှ ခံနိုင်ရည် မရှိရှာဘူး..."

အက်ဘာဖို့မှာ ဒဏ်ရာတစ်ခု ရလိုက်သလို မျက်နှာတစ်ခုလုံး ဖြူရော်လာ၏..။

"သူက ငါတို့ကို ဝင်ကူညီချင်တာပဲ.. ဘာလုပ်ရမှန်းလည်း မသိရှာဘူး.. ဘယ်သူ့လက်ချက်မှန်းလည်း ငါမသိဘူး.. ငါတို့ထဲက တစ်ယောက်ယောက်ပဲ.. သေချာတာကတော့ ညီမလေး သေသွားရှာတယ်..."

သူ၏ စကားသံမှာ အက်ကွဲတုန်ရီလာပြီးနောက် အနီးရှိ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ကျသွား၏။ ဟာမီယွန့်မျက်နှာတွင် မျက်ရည်များ စိုရွှဲနေပြီး ရွှန်၏မျက်နှာမှာ အက်ဘာဖို့လိုပင် ဖြူဖျော့နေ၏..။ ဟယ်ရီ့စိတ်ထဲတွင်မူ ထိုအဖြစ်အပျက်ကို မကြားခဲ့လျှင် ကောင်းသားဟု တွေးနေမိသည်..။ ဟာမီယွန်က လေသံမှုဖြင့်...

"ကျွန်မ တကယ် စိတ်မကောင်းပါဘူးရှင်.."

အက်ဘာဖို့က သူ့နှာခေါင်းကို လက်ကိုင်ပဝါဖြင့် သုတ်ကာ ချောင်းတစ်ချက် ဟန့်လိုက်ရင်း...

"အဲဗက်စ်က အဲဒီ့အချိန်ကစပြီး လွတ်လပ်သွားတာပဲ.. သူ့ညီမကို စောင့်ရှောက်ရတဲ့ ဝန်ထုပ်ဝန်ပိုးကြီး မရှိတော့ဘူး.. သူဖြစ်ချင်တဲ့ ကြီးကျယ်မြင့်မြတ်တဲ့ စုန်းကဝေကြီး လုပ်လို့ရပြီလေ..."

ဟယ်ရီက...

"သူ တစ်ခါမှ လွတ်လပ်မှု ရမသွားရှာပါဘူး..."

အက်ဘာဖို့က...

"ဟင်.. မင်း ဘာပြောတယ်..."

"ဘယ်တုန်းကမှ လွတ်လပ်သွားပြီလို့ ခံစားသွားရပုံ မရဘူး.. သူ သေမယ့်ညမှာ သူ့ရဲ့ ပင်ကိုယ်စိတ် ပျောက်သွားစေတဲ့ ဆေးရည်တွေကို သောက်ခဲ့ရတယ်.. သူက ဘယ်သူမှမရှိပဲနဲ့ စပြီး အော်ဟစ်တောင်းပန်တော့တာပဲ.. သူတို့ကို အန္တရာယ်မပေးပါနဲ့.. မပေးပါနဲ့.. ငါ့ကိုပဲ လုပ်ကြပါလို့ အော်ဟစ်တော့တာပဲ..."

ရွှန်နှင့် ဟာမီယွန်မှာ ဟယ်ရီ့ကို ငေးကြည့်နေ၏..။ သူ တစ်ခါမှ ရေကန်အလယ်ရှိ ကျွန်းကလေးပေါ်တွင် ဖြစ်ပျက်ခဲ့သမျှကို သေချာ ပြောမပြဖြစ်ခဲ့ပေ...။

"သူက ခင်ဗျားနဲ့ ဂရင်ဒီဝေါ ရှိတဲ့အချိန်ကို ပြန်ရောက်သွားတယ် ထင်နေပုံပဲ... ဂရင်ဒီဝေါက ခင်ဗျားနဲ့ အာရီယာနာကို နှိပ်စက်နေတယ်လို့ သူမြင်နေပုံပဲ.. အဲဒီ့မြင်ကွင်းက သူ့ကို နှိပ်စက်နေတယ်.. အဲဒါကိုသာ မြင်ခဲ့ရရင် သူ့ကို လွတ်လပ်သွားပြီလို့ ခင်ဗျား ပြောတော့မယ် မထင်ဘူး..."

အက်ဘာဖို့မှာ သူ့အတွေးနှင့်သူ နစ်မြောနေပြီး အချိန်အတန်ကြာမှ...

"ငါ့အစ်ကိုက သူ့ရဲ့ ကြီးကျယ်မြင့်မြတ်မှုထက် မင်းကို ပိုဂရုစိုက်တယ်ဆိုတာ သေချာလို့လား ပေါ်တာ.. ငါ့ညီမလေးလိုပဲ မင်းလည်း စတေးခံရနိုင်တယ်နော်..."

ဟာမီယွန်က...

"မဖြစ်နိုင်ဘူး.. ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့ကို သိပ်ချစ်တယ်..."

အက်ဘာဖို့က...

"ဒါဆိုလည်း မင်းကို ဘာကိစ္စ မပုန်းခိုင်းခဲ့ရတာလဲ.. မင်းကိုယ်မင်း ဘယ်လို စောင့်ရှောက်ရမယ် ဘယ်လို အသက်ရှင်အောင် နေရမယ်ဆိုတာကို ဘာကိစ္စ သင်မပေးခဲ့တာလဲ..."

ဟာမီယွန် ဘာမှ မပြောနိုင်ခင်မှာပင် ဟယ်ရီက...

"ဘာလို့လဲဆိုတော့ တစ်ခါတလေ ကိုယ့်ရဲ့ လုံခြုံရေးထက် ပိုပြီး အရေးကြီးတဲ့ ကိစ္စတွေ ရှိတယ်.. အခုကိစ္စဟာ အားလုံးကောင်းမယ့် ကိစ္စကို ဦးစားပေးရမယ်... ဒါ စစ်ပွဲတစ်ပွဲပဲ..."

"မင်းအသက် ဆယနှစ်နှစ်ပဲ ရှိသေးတယ် ကောင်လေး..."

"ကျွန်တော် အရွယ်ရောက်နေပြီ.. ကျွန်တော်ကတော့ ဆက်ပြီး တိုက်ရဦးမှာပဲ.. ခင်ဗျား လက်လျှော့လိုက်လည်း ကျွန်တော် လက်မလျှော့နိုင်ဘူး..."

"ငါ လက်လျှော့လိုက်ပြီလို့ ဘယ်သူပြောသလဲ..."

ဟယ်ရီက အက်ဘာဖို့ ပြောခဲ့သည့်အတိုင်း...

"ဖီးနစ်အဖွဲ့ဆိုတာ မရှိတော့ဘူးဆို.. မိစ္ဆာကောင်ကြီး နိုင်သွားပြီဆို..."

"ငါ ဒီလို မပြောချင်ပါဘူး.. ဒါပေမယ့် ဒါ အမှန်ပဲလေ..."

"ဒါမမှန်ဘူး.. ခင်ဗျားရဲ့အစ်ကိုက မိစ္ဆာကောင်ကြီးကို ဘယ်လို အဆုံးသတ်ရမယ်ဆိုတာ သိတယ်.. အဲဒီ့နည်းလမ်းကို ကျွန်တော့်ကို ပြောခဲ့တယ်... အဲဒီ့လမ်းအတိုင်း ကျွန်တော် အောင်မြင်တဲ့အထိ ဖြစ်စေ.. သေတဲ့အထိဖြစ်စေ ဆက်သွားမယ်.. နောက်ဆုံးမှာ ဘာတွေ ဘယ်လို ဆိုးဆိုးဝါးဝါး ဖြစ်လာနိုင်သလဲလို့ ကျွန်တော့်ကို မပြောနဲ့.. ကျွန်တော် သိခဲ့တာ နှစ်နဲ့ချီနေပြီ..."

အက်ဘာဖို့ထံမှ ငြင်းခုံသံ ထွက်လာမည်ကို သူစောင့်မျှော်နေသော်လည်း ဘာသံမှ ထွက်မလာချေ။ ဟယ်ရီကပင် ထပ်၍

"ကျွန်တော်တို့ ဟော့ဝဂ်ထဲကို ရောက်အောင် ဝင်မှဖြစ်မယ်.. ခင်ဗျား မကူညီနိုင်ဘူးဆိုရင်.. ကျွန်တော်တို့ မနက်လင်းတာနဲ့ ခင်ဗျားကို အေးအေးဆေးဆေးပဲ ထားခဲ့မယ်.. ကျွန်တော်တို့ဘာသာ ဝင်ဖို့လမ်း ရှာမယ်.. ခင်ဗျားသာ ကူညီမယ်ဆိုရင် အခုချက်ချင်း ကျွန်တော်တို့ကို နည်းလမ်းပြောပြပေတော့..."

အက်ဘာဖို့မှာ ကုလားထိုင်တွင် ထိုင်နေရင်း ဒမ်ဘယ်လ်ဒိုးနှင့် အလွန်တူလှသော မျက်လုံးများဖြင့် သူ့ကို ငေးစိုက်ကြည့်နေ၏...။ နောက်ဆုံးတွင် သူက ချောင်းတစ်ချက်ဟန့်လိုက်ရင်း .. နေရာမှ ထလိုက်သည်..။ ထို့နောက် အာရီယာနာ၏ ပန်းချီကားချပ်နား သွားကာ...

"ဘာလုပ်ရမယ်ဆိုတာ ညည်းသိပါတယ်.."

အာရီယာနာမှာ ပြုံးရင်း နောက်ဘက်သို့လှည့်ကာ လျှောက်ထွက်သွား၏..။ ပန်းချီကားထဲရှိ ရုပ်ပုံများ တစ်ခုမှတစ်ခုသို့ ကူးသွားတတ်ကြသော်လည်း ဤကဲ့သို့ နောက်ဘက်ရှိ လိုဏ်ခေါင်းထဲသို့ လျှောက်ဝင်သွားလေ့ မရှိပေ..။ နောက်ဆုံးတွင် သူမ၏ရုပ်ပုံမှာ သေး သေးသွားကာ လိုဏ်ခေါင်းထဲဝင်၍ ပျောက်ကွယ်သွားတော့သည်...။

"ဘာ.. ဘာဖြစ်တာလဲ..."

ရွန်က မေးလိုက်၏..။ အက်ဘာဖို့က...

"အထဲကို ဝင်စရာ တစ်လမ်းပဲ ရှိတယ်.. သူတို့ လမ်းဟောင်းတွေ အကုန်လုံးကို ပိတ်ဆို့ထားပြီးသား.. ခြံစည်းရိုးတွေမှာ ဝိညာဉ်နှုတ်သတ္တဝါတွေ စောင့်နေတယ်.. ကျောင်းထဲက သတင်းပေးတဲ့သူတွေ အဆိုအရ တစ်ခါမှ ဒီလောက် အစောင့်အရှောက် တင်းကျပ်တာ မရှိခဲ့ဖူးဘူးတဲ့.. အထဲကိုရောက်ရင် မင်းတို့ ဘာလုပ်မှာလဲ.. စနိပ်က ကျောင်းအုပ်.. ကာရိုးက သူ့ရဲ့ လက်ထောက်.. ဒါပေမယ့် ဒါက သိပ်တော့ အရေးကြီးမယ် မထင်ပါဘူး.. မင်းက သေဖို့တောင် အသင့်ဖြစ်နေပြီဆိုတော့..."

"ဟင်.. ဒါ .. ဒါက..."

ဟာမီယွန်က အာရီယာနာ၏ ပန်းချီကားကို ကြည့်ရင်း တအံ့တသြ ဆို၏..။ ပန်းချီကားထဲမှ ဥမင်လိုဏ်ခေါင်းထဲတွင် အဖြူရောင် အစက်တစ်စက် ပေါ်လာ၏..။ အာရီယာနာမှာ သူတို့ဘက်သို့ ပြန်လျှောက်လာရင်း ပုံရိပ်မှာ ပို၍ ကြီးကြီးလာ၏..။ သို့ရာတွင် သူမနှင့်အတူ အရပ် ပို၍မြင့်သူတစ်ယောက် ပါလာသည်..။ ထိုသူမှာ ခြေထောက် ထော့နဲ့ထော့နဲ့နှင့် စိတ်လှုပ်ရှားစွာ လိုက်ပါလာ၏..။

သူ၏ ဆံပင်များမှာ အလွန်ရှည်လျားနေပေပြီ..။ ပုံရိပ်နှစ်ခုမှာ ကြီးလာကာ နောက်ဆုံးတွင် သူတို့၏ ဦးခေါင်းများ ပခုံးများနှင့် ပန်းချီကားချပ်မှာ ပြည့်သွား၏..။

ထိုအချိန်မှာပင် ပန်းချီကားချပ်တစ်ခုလုံး ရှေ့သို့ ပွင့်ကျလာသလို ဖြစ်သွားပြီးနောက် လိုဏ်ခေါင်းအဝင်ဝ ပေါ်လာ၏..။ အထဲမှ ဆံပင်များ ရှည်နေကာ မျက်နှာတွင် ဒဏ်ရာများနှင့် ပြည့်နှက်၍ ဝတ်ရုံတစ်ခုလုံး စုတ်ပြတ်သတ်နေသော နဗီးလ်လောင်းဘော့တွန် ထွက်ပေါ်လာ၏..။ သူက ပန်းချီကားချပ်ထဲမှ ခုန်ချလာရင်း ပျော်ရွှင်စွာဖြင့် အော်ဟစ်လိုက်သည်...။

"မင်းရောက်လာမယ်ဆိုတာ ငါသိတယ် ဟယ်ရီ.. ငါသိတယ်..."

## ၂၉။ ပျောက်ဆုံးနေသော သရဖူ

"နဗီးလ်.. ဘယ်.. ဘယ်လိုက ဘယ်လို..."

သို့ရာတွင် နဗီးလ်မှာ သူ့မေးခွန်းကို မဖြေအားသေးပေ..။ ရွန်နှင့် ဟာမီယွန်တို့ကို သွားတွေ့ပြီး ဝမ်းသာအားရပင် အော်ဟစ်ကာ ပွေ့ဖက်လိုက်ပြန်၏..။ ဟယ်ရီ နဗီးလ်ကို သေချာကြည့်လိုက်၏...။ သူ့ပုံစံမှာ အတော်ဆိုးဝါးနေ၏..။ သူ၏ မျက်လုံးတစ်ဘက်မှာ ရောင်ကိုင်းနေ၏..။ သူ့မျက်နှာပေါ်တွင် ပတ်တီးစီးထားသော အရာများ ယခုထိ ကျန်နေသေး၏..။ သူ့ပုံစံမှာ အလွန်ခက်ခဲစွာ ရှင်သန်နေရကြောင်း သိသာလှသည်..။

သို့သော် နဗီးလ်ကို ကြည့်ရသည်မှာ အလွန်ပျော်ရွှင်နေပုံရသည်။ သူက ဟာမီယွန်ကို ဖက်ထားရင်းမှ လွှတ်လိုက်ပြီး ထပ်၍...

"မင်းလာမယ်ဆိုတာ ငါသိတယ်.. ငါ ရှေးမတ်စ်ကို ပြောနေတာ ကြာပြီ.. အနေးနဲ့ အမြန်ပဲလို့..."

"နဗီးလ်.. မင်း ဘယ်လို ဖြစ်တာလဲ..."

"ဘာလဲ.. ဒီဒဏ်ရာတွေလား.. သိပ်မများပါဘူး.. ရှေးမတ်စ်ဆိုရင် ပိုဆိုးတယ်... မင်းတို့တွေ့ရမှာပါ.. ငါတို့ သွားကြစို့လား..."

သူက ရုတ်တရက် သတိရသွားဟန်ဖြင့် အက်ဘာဖို့ ဘက်လှည့်ကာ...

"နောက်ထပ် လူတွေ ဒီကိုလာကြလိမ့်ဦးမယ် .. အက်ရေ..."

"နောက်ထပ်လာကြဦးမယ်.. ဟုတ်လား.. မင်းဘာပြောတာလဲ လောင်းဘော့တွန်.. ဒီနေရာမှာ ညဘက် အပြင်ထွက်လို့ မရဘူး.. အချက်ပေးမယ့် အစီအရင်လည်း ရှိတယ်..."

"ကျွန်တော်သိပါတယ်.. မပူပါနဲ့.. သူတို့ ဆိုင်ထဲကို တိုက်ရိုက် ကိုယ်ယောင်ဖျောက် ဝင်လာလိမ့်မယ်... သူတို့ကိုသာ ဒီလမ်းအတိုင်း လွှတ်လိုက်ပါ.. ကျေးဇူးပဲ..."

နဗီးလ်က ဟာမီယွန့်လက်ကို ဆွဲကာ ပန်းချီကားဘောင်ပေါ်မှ တဆင့် လိုဏ်ခေါင်းထဲဝင်နိုင်ရန် ကူညီလိုက်သည်။ ရွန်က နောက်မှ လိုက်သွားပြီး နဗီးလ်ကပါ ဆက်ဝင်သွား၏..။ ဟယ်ရီက အက်ဘာဖို့အား...

"ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိဘူး.. ခင်ဗျားက ကျွန်တော်တို့အသက်ကို နှစ်ကြိမ်တောင် ကယ်ခဲ့တာပဲ..."

"ဒါဆိုရင် သေချာဂရုစိုက်ပါကွာ.. ငါ သုံးကြိမ်မြောက်တော့ မကယ်နိုင်လောက်ဘူး..."

ဟယ်ရီ ပန်းချီကားဘောင်ပေါ်မှတဆင့် ဥမင်လိုဏ်ခေါင်းထဲသို့ ဝင်ခဲ့သည်။ ဥမင်လိုဏ်ခေါင်းထဲတွင် ချောမွေ့နေသော ကျောက်တုံးများ ခင်းထား၏..။ ဤလမ်းကြောင်းမှာ နှစ်ပေါင်းများစွာကတည်းက ရှိနှင့်ဟန်တူသည်။ နံရံများတွင် ကြေးမီးအိမ်များ ချိတ်ဆွဲထားသည်။

ရွန်က...

"ဒီလမ်းရှိခဲ့တာ ဘယ်လောက်ကြာပြီလဲ.. မရူဒါမြေပုံမှာ လုံးဝမပါဘူး.. ဟုတ်တယ် မဟုတ်လား ဟယ်ရီ.. ငါထင်တာက ကျောင်းထဲကို ဝင်ထွက်နိုင်တဲ့လမ်း ခုနစ်ခုပဲ ရှိတယ်လို့ ထင်နေတာ.."

နဗီးလ်က...

"ဒီနှစ်စကတည်းက အဲဒီလမ်းတွေ အကုန်ပိတ်ပစ်လိုက်ပြီ.. ဘယ်လမ်းကိုမှ သုံးမရတော့ဘူး... အဝင်ဝမှာ ကျိန်စာတွေ ရှိတယ်.. ဒက်အိတာတွေ စောင့်နေတယ်.. ဝိညာဉ်နှုတ်သတ္တဝါတွေလည်း ရှိတယ်..."

နဗီးလ်က ရှုတ်တရက် နောက်သို့ လှည့်လိုက်ကာ ပြုံးရင်းနှင့် ...

"နေစမ်းပါဦး.. ငါ တစ်ခုလောက် မေးစမ်းပါရစေ.. တကယ်ပဲလား.. မင်းတို့ ဂရင်းဂေါ့ဘဏ်ကို ဖောက်ဝင်တယ်.. နဂါးကြီးစီးပြီး လွတ်သွားတယ်.. လူတိုင်း နေရာတိုင်းမှာ ဒီအကြောင်းပဲ ပြောနေကြတယ်.. တက်ဒီဘုသ်ဆိုရင် ညစာစားချိန်မှာ အော်ကြီးဟစ်ကျယ်ပြောမိလို့ ကာရိုးအဆော် ခံလိုက်ရတယ်..."

ဟယ်ရီက..

"ဟုတ်တယ်.. တကယ်ပဲ..."

နဖီးလ်က အူတတ်မတတ်ရယ်ရင်း...

"မင်းတို့ နဂါးကြီးကို ဘာလုပ်လိုက်လဲ..."

ရှန်က...

"လွှတ်ပစ်ခဲ့တယ်လေ.. ဟာမီယွန်ကဆို မွေးထားချင်နေတာ..."

"မနှောက်စမ်းနဲ့ ရှန်..."

"ဒါပေမယ့် မင်းတို့ ဘာလုပ်နေကြတာလဲ.. လူတွေက မင်းတို့ ထွက်ပြေးနေတယ်လို့ ပြောကြတယ် ဟယ်ရီ.. ငါတော့ ဒီလိုမထင်ဘူး.. မင်း တစ်ခုခု ကြံစည်နေတယ်လို့ ငါထင်တယ်..."

ဟယ်ရီက...

"မင်းထင်တာ မှန်တယ်.. ဒါပေမယ့် ငါတို့ကို ဟော့ဝဂ်အကြောင်း အရင် ပြောပြစမ်းပါ.. ငါတို့ ဘာသတင်းမှ မကြားရဘူး..."

"အင်း.. ဟော့ဝဂ်နဲ့ကို လုံးဝမတူတော့သလောက်ပဲ..."

နဖီးလ်က မျက်နှာပေါ်မှ အပြုံးများ ပျောက်ကွယ်သွားရင်း ဆက်ပြော၏...။

"မင်း ကာရိုးတွေအကြောင်း ကြားဖူးသလား.."

"ဒီမှာ စာလာသင်နေတဲ့ ဒက်အိတာ နှစ်ယောက် မဟုတ်လား..."

"သူတို့တာဝန်က စာသင်ရုံတင် မကဘူး.. သူတို့က စည်းကမ်း ထိန်းသိမ်းရေးကိုပါ တာဝန်ယူထားကြတာ.. အပြစ်ဒဏ်ပေးရတာကို သိပ်ကြိုက်တဲ့ နှစ်ယောက်ပေါ့..."

"အမ်ဘရစ်ချ်လိုပဲလား..."

"သူတို့က အမ်ဘရစ်ချ်ထက်ဆိုးတာပေါ့.. တခြားဆရာတွေ အကုန်လုံးက ငါတို့ တစ်ခုခု အပြစ်လုပ်တာနဲ့ ကာရိုးကို အကြောင်းကြားရတယ်.. ဒါပေမယ့် သူတို့ တတ်နိုင်သရွေ့ ဒီလိုမလုပ်ကြပါဘူး.. တခြားဆရာတွေ အကုန်လုံးလည်း ငါတို့ မုန်းသလောက်ကို သူတို့ကို

မုန်းကြတာပဲ.. အမိကပ်စ်ဆိုတဲ့ကောင်ကြီးက မိစ္ဆာမှော်ပညာ နှိမ်နှင်းရေးဘာသာရပ်ကို သင်တယ်.. ဒါပေမယ့် အခုတော့ မိစ္ဆာမှော်ပညာဘာသာ ဖြစ်နေပါပြီ.. ငါတို့အားလုံး ပြစ်ဒဏ်ပေးခံရတဲ့သူတွေနဲ့ ခရူရေးတပ်စ်ကျိန်စာကို လေ့ကျင့်ရတယ်...”

“ဘာ...”

ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်တို့၏ သုံးယောက်ပေါင်း အာမေဍိတ်သံမှာ လိုဏ်ခေါင်းထဲဝယ် ပဲ့တင်ထပ်သွား၏..။

“ဟုတ်တယ်.. ဒီနည်းနဲ့ ငါ ဒီဒဏ်ရာကို ရလာတာပဲ...”

နဗီးလ်က သူ့ပါးပေါ်မှ ခပ်နက်နက် ရှရာကြီးတစ်ခုကို ပြ၏...။

“ငါကတော့ အမြဲတမ်း ငြင်းတာပဲ.. တချို့ကတော့ သဘောကျကြတယ်.. ခရက်ဘီနဲ့ ဝိုင်လီကတော့ အရမ်းသဘောကျပေါ့.. သူတို့ အကျွမ်းကျင်ဆုံး ဘာသာရပ်ပဲလို့ ငါထင်တယ်..”

“အမိကပ်စ်ရဲ့ညီမ အလက်တိုက မက်ဂယ်လေ့လာရေး သင်တယ်.. အားလုံးအတွက် မသင်မနေရ ဘာသာပဲ.. ငါတို့အားလုံး မက်ဂယ်တွေဟာ ဘယ်လိုယုတ်ညံ့တယ် သေးသိမ်တယ်.. မိုက်မဲတယ် ငါတို့ကို ဘယ်လိုမျိုး မောင်းထုတ်လိုက်လို့ ငါတို့ ပုန်းနေရတယ်ဆိုတာတွေပဲ နားထောင်နေရတယ်”

သူက မျက်နှာပေါ်ရှိ နောက်ထပ် ဒဏ်ရာတစ်ခုကို ပြရင်း...

“ဒီဒဏ်ရာက သူနဲ့ သူ့အစ်ကို မက်ဂယ်တွေ ဘယ်လောက်သတ်ပြီးပြီလဲလို့ မေးမိလို့ ရခဲ့တာလေ...”

ရွန်က...

“တကယ်ပါပဲကွာ.. မင်းပါးစပ်ကို နည်းနည်းတော့ သတိထားသင့်တယ်...”

“မင်း သူပြောသမျှကို မကြားရလို့ကွ... မင်းဆိုလည်း သည်းခံနိုင်မယ် မထင်ဘူး... နောက်ပြီး သူတို့ကို ဒီလိုဆန့်ကျင်တာ ဘာပဲ ပြောပြော တခြားလူတွေအဖို့ မျှော်လင့်ချက်ပိုရှိလာတယ်.. ငါ မင်းကို နမူနာယူခဲ့တာပဲ ဟယ်ရီ...”

“ဒါပေမယ့် သူတို့က မင်းကို ဓားသွေးကျောက်လို အသုံးချကြမှာ..”

“အရေးမကြီးပါဘူး.. သူတို့က မျိုးရိုးစစ်တဲ့သွေးကို သိပ် အပေမခံချင်ကြဘူး.. အများဆုံး နှိပ်စက်ခံရရုံပေါ့.. အသေတော့ မသတ်ပါဘူး...”

နမီးလ် ပြောသမျှစကားများမှာ အလွန်ဆိုးဝါးနေသဖြင့် ဘယ်အချက်က ပိုဆိုးမှန်း ဟယ်ရီ မသိတော့ချေ…။

"တကယ် ဒုက္ခရောက်နေတာက အပြင်မှာရှိတဲ့ ဆွေမျိုးတွေနဲ့ မိတ်ဆွေတွေပဲ.. ဓိနိုဖီးလီ းယပ်စ်ဆိုရင် ကွစ်ဘလာစာစောင်မှာ သတင်းရေးတာလွန်သွားလို့ လူနာ့ကို ခရစ်စမတ်စ်အပြန် ရထားပေါ်က ဖမ်းသွားကြတာ…"

"နမီးလ် .. သူ ဘာမှ မဖြစ်ပါဘူး.. ငါတို့နဲ့ တွေ့ပြီးပြီ…"

"ငါသိပါတယ်.. လူနာ ငါ့ကို သတင်းပို့ပြီးသားပါ…"

နမီးလ်က သူ့အိတ်ကပ်ထဲမှ ရွှေဒင်္ဂါးပြားလေးကို ထုတ်ပြလိုက်သည်။

သူတို့ ဒမ်ဘယ်လ်ဒိုးတပ်ဖွဲ့ဝင်များ သတင်းပို့ရန်အတွက် သုံးသော ရွှေဒင်္ဂါးတုလေးမှန်း ဟယ်ရီ သိလိုက်သည်။

နမီးလ်က ဟာမီယွန့်ကို ပြုံးပြလိုက်ရင်း…

"ဒါ တကယ်ကောင်းတဲ့ လက်ရာပဲ.. ကာရိုးမောင်နှမတွေ ငါတို့ ဘယ်လို ဆက်သွယ်နေမှန်း မသိကြဘူး… သူတို့ အကြီးအကျယ် ဒေါသူပုန်ထကြတာပေါ့.. ငါတို့ ညဘက်တွေ ခိုးခိုးထွက်ပြီး နံရံပေါ်မှာ ဒမ်ဘယ်လ်ဒိုးအဖွဲ့ ဆက်လက် လူစုဆောင်းနေသည်တို့ ဘာလို့ ရေးလေ့ရှိတယ်.. စနိပ်ဆို အရမ်းစိတ်ဆိုးတာပဲ…"

"အခုရော…"

"နောက်ပိုင်း တဖြည်းဖြည်း ပိုခက်လာတယ်.. ခရစ်စမတ်စ်မှာ လူနာ ပြန်ရောက်မလာဘူး.. ဂျင်နီက အီစတာကျောင်းပိတ်ရက်ပြီးတော့ ပြန်မလာတော့ဘူး… ဒီကိစ္စတွေမှာ ငါတို့သုံးယောက်က ခေါင်းဆောင်တာ များတယ်.. ကာရိုးမောင်နှမတွေက ငါပါမှန်း သိပုံရတယ်… ဒီတော့ ငါ့ကို မျက်စိဒေါက်ထောက်ကြည့်နေကြတယ်.. နောက်တော့ မိုက်ကယ်ကော်နာက သူတို့ချုပ်ထားတဲ့ ပထမနှစ်တစ်ယောက်ကို လွှတ်ပေးမိတာ မိသွားပြီးတော့ ဆိုးဆိုးဝါးဝါးကို နှိပ်စက်ခံလိုက်ရတယ်.. အဲဒီ့မှာ တော်တော်များများ ကြောက်လန့်ကုန်ကြတယ်…"

သူတို့၏ လမ်းကြောင်းမှာ တဖြည်းဖြည်း အပေါ်သို့ တက်လာ၏..။

"မိုက်ကယ်လိုမျိုး နောက်ထပ်တစ်ယောက် ထပ်အဖြစ်မခံနိုင်တော့တာနဲ့ ငါတို့ အဲဒီ့လိုမျိုး ထပ်မလုပ်ဖြစ်တော့ဘူး.. ဒါပေမယ့် ငါတို့ လျှို့ဝှက်ပြီး ဆက်ဆန့်ကျင်တာပဲ.. ကျန်ခဲ့တဲ့တစ်လလောက်က ထင်တာပဲ.. သူတို့ ငါ့ကိုတားဖို့ တစ်လမ်းပဲ ကျန်တော့တယ်လို့ ဆုံးဖြတ်လိုက်ပုံရတယ်.. သူတို့ ငါ့အဘွားကို သွားဖမ်းကြတယ်လေ..."

ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်တို့ သုံးယောက်လုံး ပြိုင်တူပင်...

"သူတို့က.. ဘယ်လို..."

"ဟုတ်တယ်.. ကလေးတွေကို ဖမ်းပြီး ဆေမျိုးတွေကို အကျပ်ကိုင်ရတာ သိပ်လွယ်တယ်ဆိုတာ သူတို့သိသွားပြီလေ.. ငါ့ကိစ္စမှာ သူတို့က ပြောင်းပြန် စဉ်းစားလိုက်ကြတာပေါ့..."

နဗီးလ်တစ်ယောက် ပြုံးနေသဖြင့် ဟယ်ရီတို့ အံ့အားသင့်သွားကြသည်...။

"သူတို့က အဘွားကို တစ်ယောက်တည်းနေတဲ့ စုန်းမအိုကြီးဆိုပြီး အထင်မကြီးဘူးလေ.. တကယ်တော်တဲ့သူ လွှတ်ဖို့မလိုဘူးလို့ တွက်ကြတယ်.. နောက်ဆုံးတော့..."

နဗီးလ်က တစ်ချက်ရယ်လိုက်ရင်း...

"ဒဲ့ဝှစ်ရှ်က ခုထက်ထိ စိန့်မန်ဂိုဆေးရုံပေါ်မှာ တက်နေရတယ်.. အဘွားကတော့ ထွက်ပြေးလေရဲ့... သူက ငါ့ကို စာပို့လိုက်တယ်.. ငါ့အတွက် ဂုဏ်ယူပါတယ်တဲ့.. ငါ့မိဘတွေရဲ့ တကယ့်သားပါပဲတဲ့.. ဆက်ပြီးလုပ်ဖို့ အားပေးထားတယ်..."

ရွန်က...

"မိုက်တယ်ကွာ..."

နဗီးလ်က...

"ဟုတ်တယ်... ဒါပေမယ့် နောက်ဆုံးမှာ သူတို့က ငါ့ကို ဟော့ဝတ်မှာ မရှိသင့်တော့ဘူးလို့ ဆုံးဖြတ်လိုက်ကြတယ်.. ငါ့ကို သတ်ပဲသတ်ပစ်မလား.. အက်ဇကာဘန်ကိုပဲ ပို့မလား မသိနိုင်ဘူး.. ဘယ်လိုပဲဖြစ်ဖြစ် ရှောင်နေဖို့ ငါ ဆုံးဖြတ်လိုက်တယ်..."

ရွန်က နားမလည်နိုင်ဟန်ဖြင့်...

"ဒါ.. ဒါပေမယ့် ငါတို့ အခု ဟော့ဝတ်ကို သွားနေတာ မဟုတ်လား..."

"ဟုတ်တယ်လေ.. အခုပဲ ရောက်လာပြီပဲ..."

သူတို့ ထောင့်ချိုးတစ်ခုကို ကွေ့လိုက်သည်နှင့် လျှို့ဝှက်လမ်းကြောင်းမှာ ဆုံးသွား၏...။

အာရီယာနာ၏ ပန်းချီကားနောက်ကွယ်မှလိုပင် တံခါးတစ်ချပ်နှင့် လှေကားထစ်များကို တွေ့ရ၏..။ နဗီးလ်က တံခါးကို တွန်းဖွင့်ကာ အထဲသို့ ဝင်သွားသည်။ ဟယ်ရီ သူ့နောက်မှ လိုက်ပါသွားရင်း နဗီးလ်က အခြားသူများကို အော်ပြောသံ ကြားလိုက်ရသည်...။

"ကြည့်ကြစမ်း ဘယ်သူလဲလို့.. မင်းတို့ကို ငါမပြောဘူးလား..."

ဟယ်ရီ အခန်းထဲဝင်လိုက်သည်နှင့် လူအတော်များများ၏ အော်ဟစ်သံများကို ကြားလိုက်ရသည်..။

"ဟယ်ရီ..."

"ဒါ.. ဒါ.. ပေါ်တာပဲ..."

"ရွန်..."

"ဟာမီယွန်..."

သူမျှော်လင့်မထားသော လူများစွာကို တွေ့လိုက်ရသည်။ တခဏအတွင်းမှာပင် သူ ရွန်နှင့် ဟာမီယွန်တို့မှာ လူအုပ်ထဲတွင် နစ်မြုပ်သွား၏....။ ပွေ့ဖက်သူက ဖက်၏..။ ကျောကို လက်နှင့်ပုတ်ကာ နှုတ်ဆက်ကြ၏...။ ဆံပင်များကို ထိုးဖွသူ လက်ဆွဲနှုတ်ဆက်သူလည်း မရှားပေ..။ လူနှစ်ဆယ်ခန့်က ကွစ်ဒစ်ချ်ဖလား ရစဉ်ကလိုပင် ဝိုင်း၍ နှုတ်ဆက်ကြ၏...။

နဗီးလ်က..

"ဟုတ်ပါပြီ.. ဟုတ်ပါပြီ.. ခဏလေး ငြိမ်ပေးကြပါ..."

နဗီးလ် အော်ဟစ်လိုက်မှပင် ဟယ်ရီတို့ လူအုပ်ထဲမှ ထွက်နိုင်တော့သည်။ ဤအခန်းကို ဟယ်ရီ လုံးဝမမှတ်မိချေ..။ အခန်းကြီးတစ်ခုလုံးမှာ ဧရာမ သဘော်ဝမ်းဗိုက်ကြီးထဲ ရောက်နေသလိုပင်..။ ဂရစ်ဖင်ဒေါ ခြင်္သေ့အမှတ်အသား.. ဟက်ဖဲလ်ပတ်ခွေးတူဝတ်တူနှင့် ရေဗင်ကလောစွန်ရဲရုပ်တို့ကို တွေ့ရသည်။

အခန်းထဲဝယ် စလီသရင်ရုပ်ပုံကိုမူ မတွေ့ရချေ...။ စာအုပ်စင်များ ရှိပြီး တံမြက်စည်းအချို့ နံရံတွင် ထောင်ထားကာ ထောင့်တစ်နေရာဝယ် သစ်သားရေဒီယိုကြီးကို တွေ့ရ၏..။

"ငါတို့ ဘယ်ရောက်နေတာလဲ..."

နမီးလ်က ...

"လိုတရ အခန်းပဲပေါ့ကွ... သူ့ဟာသူ ပုံစံပြောင်းသွားတာပဲ.. ကာရိုးမောင်နှမတွေက ငါ့ကို လိုက်နေကြပြီ.. ဒီနေရာပဲ ပုန်းစရာရှိတော့တယ်.. ငါတံခါးဖွင့်ဝင်လာတော့ ဒီအခန်းကို တွေ့ရတာပဲ.. ငါရောက်စကတော့ ဒီပုံ မဟုတ်သေးဘူး.. အများကြီး သေးသေးတယ်.. ဂရစ်ဖင်ဒေါ ပုံတစ်ခုပဲ ရှိတယ်.. ဒါပေမယ့် နောက်ထပ် ဒမ်ဘယ်လ်ဒိုး အဖွဲ့ဝင်တွေ ထပ်ရောက်လာတော့ ပိုပြီး ကျယ်လာတာပဲ..."

ဟယ်ရီက တံခါးပေါက်ကို ကြည့်ရင်း...

"ကာရိုးတွေ ဝင်မလာနိုင်ဘူးလား..."

ရှေးမတ်စ်ဖင်နီဂန်က...

"ဝင်မလာနိုင်ဘူး..."

သူ့အသံကို မကြားရခင်က ဟယ်ရီ မမှတ်မိချေ..။ ရှေးမတ်စ်မှာ မျက်နှာတစ်ခုလုံး ရောင်ကိုင်းနေ၏..။

"ငါတို့ထဲက တစ်ယောက် အထဲမှာ ရှိနေသရွေ့ လုံးဝစိတ်ချရတယ်.. တံခါးက လုံးဝ ပွင့်မှာ မဟုတ်ဘူး.. နမီးလ်ရဲ့ အကြံပဲ.. တကယ် လိုအပ်တာကို တောင်းဆိုလိုက်ရုံပဲ.. ကာရိုးနဲ့ သူ့ရဲ့ အပေါင်းအပါ မှန်သမျှ ဝင်မရပါစေနဲ့ ဆိုတာနဲ့ အားလုံး အိုကေပဲ.. တံခါးသေချာပြန်ပိတ်ဖို့ပဲ လိုတယ်... နမီးလ်က အကြံ တကယ်ကောင်းတာပဲ..."

နမီးလ်က...

"ငါ ဒီထဲမှာ တစ်ရက်နဲ့ တစ်ညလောက် ကြာလာတော့ အရမ်း ဆာလာတယ်.. တစ်ခုခု စားစရာရရင် ကောင်းမှာပဲလို့လည်း တောင့်တမိရော.. ဟော့မိဒ်ကို သွားတဲ့လမ်း ပွင့်လာတော့တာပဲ.. ငါ အဲဒီ့အထဲဝင်သွားရင်း အက်ဘာဖို့နဲ့ တွေ့တယ်.. အဲဒီ့ကတည်းက သူက ငါတို့ကို အစားအသောက် ပို့နေတာပဲ.. ဒီအခန်းက အစားအသောက်တော့ မဖန်တီးပေးနိုင်ဘူး..."

ရွှန်က မအံ့သြဟန်ဖြင့်...

"အစားအသောက်ဆိုတာ ဂမ်ႉရဲ႕ ဒြပ်စင်ဖန်တီးမှု ဥပဒေသအရ ခြွင်းချက်ငါးမျိုးထဲ႕ တစ်မျိုးပဲလေ..."

ရှေးမတ်စ်က..

"ငါတို႕ ပုန်းနေတာ နှစ်ပတ်ပြည့်တော့မယ်.. မိန်းကလေးတွေ ရောက်လာတာနဲ႕ ရေချိုးခန်းတွေပါ ထပ်ပေါ်လာသေးတယ်..."

လာဗင်ဒါဘရောင်းက...

"နင်တို႕ကပါ ရောပြီး မသုံးရှာဘူးကိုး..."

ဟယ်ရီ ပတ်ဝန်းကျင်ကို သေချာကြည့်လိုက်သည်...။ မျက်နှာ အတော်များများ သူ ရင်းနှီးပြီးသားပင်..။ ပါတဲဘ်အမြွာနှစ်ယောက် .. တယ်ရီ.. အာနီမက်နီလန်.. အန်တိုနီဂိုးလ်စတိန်းနှင့် မိုက်ကယ်ကော်နာတို႕ကို တွေ႕ရသည်။

အာနီက...

"မင်း ဘာတွေ လုပ်နေသလဲ ပြောစမ်းပါဦး.. ကောလဟာလတွေကတော့ အများကြီးပဲ .. ငါတို႕ ပေါ်တာသတင်းကိုတော့ အမြဲ နားထောင်နေတာပဲ..."

သူက ရေဒီယိုကြီးကို ညွှန်ပြရင်း...

"မင်းတို႕ ဂရင်းဂေါ့ဘဏ်ကိုတော့ ဖောက်မဝင်ခဲ့ပါဘူးနော်..."

နဗီးလ်က...

"သူတို႕ ဝင်ခဲ့တာပေါ့.. နဂါးကိစ္စကလည်း အမှန်ပဲ..."

အခန်းထဲဝယ် ကောင်းချီးပေးသံများ လက်ခုပ်သံများ ဆူညံသွား၏..။ ရွန်က ဦးညွှတ်လိုက်၏..။ ရှေးမတ်စ်က သိချင်စိတ်ဖြင့်...

"မင်းတို႕ ဘာလိုချင်လို႕လဲ..."

သူတို႕ ဘာမှ ပြန်မဖြေနိုင်ခင်မှာပင် ဟယ်ရီ႕အမာရွတ်မှာ အလွန်ဆိုးဝါးစွာ နာကျင်သွား၏...။ သူ႕ကို ဝိုင်းကြည့်နေကြသူများကို ကျောခိုင်းလိုက်ချိန်မှာပင် သူ႕မြင်ကွင်းမှ လိုတရအခန်း ပျောက်ကွယ်သွားပြီး အိမ်ပျက်ကြီးတစ်ခု အလယ်သို႕ သူ႕အသိစိတ် ရောက်ရှိသွား၏ × × ×

ရွှေသေတ္တာတစ်လုံးမှာ ပွင့်လျှက်ရှိပြီး အတွင်းတွင် မည်သည့်အရာမှ မရှိတော့ပေ...။ ဗိုဒီမော့၏ ဒေါသတကြီး အော်ဟစ်သံမှာ သူ့ခေါင်းထဲတွင် ပဲ့တင်ထပ်သွား၏ × × ×

အလွန်အမင်း အားတင်းကာ သူ့ခေါင်းထဲမှ ဗိုဒီမော့၏ အတွေးများကို မောင်းထုတ်ပစ်လိုက်သည်..။ ထို့နောက် လိုတရ အခန်းထဲသို့ ယိမ်းယိုင်လျှက် သူပြန်ရောက်ရှိလာ၏..။ သူ့မျက်နှာတွင် ချွေးများ စီးကျလျှက်ရှိပြီး ရွန်က သူ့ကို ဖေးမထား၏...။

နဗီးလ်က...

“မင်း နေကောင်းရဲ့လား ဟယ်ရီ.. ထိုင်နေပါလား.. မင်း အရမ်း ပင်ပန်းနေတယ် ထင်တယ်...”

“ရပါတယ်...”

သူ ရွန်နှင့် ဟာမီယွန်ကို ကြည့်ရင်း ဗိုဒီမော့ နောက်ထပ် ဝိညာဉ်ကိုယ်ပွားတစ်ခု ပျောက်သွားကြောင်း သိသွားပြီဟု အသံတိတ်ပြောရန် ကြိုးစားလိုက်သည်..။ အချိန်များ လျင်မြန်စွာ ကုန်ဆုံးနေ၏..။

ဗိုဒီမော့သာ နောက်ထပ်တစ်ခုအတွက် ဟော့ဝဂ်ကို ရွေးချယ်ခဲ့လျှင် သူတို့အတွက် အခွင့်အရေး မရှိနိုင်တော့ပေ...။

“ငါတို့ အမြန်သွားမှ ဖြစ်မယ်...”

ရွန်နှင့် ဟာမီယွန်တို့၏ မျက်နှာအမူအရ သူတို့ သူဆိုလိုချင်သည်ကို နားလည်ကြပုံရ၏..။

ရှေးမတ်စ်က...

“ငါတို့က ဘာလုပ်ရမှာလဲ ဟယ်ရီ .. အစီအစဉ်က ဘယ်လိုလဲ...”

ဟယ်ရီက...

“အစီအစဉ် ဟုတ်လား...”

သူ့တွင် ရှိသမျှ စိတ်အင်အားကို စုစည်းကာ ဗိုဒီမော့ကို သူ့စိတ်ထဲ ဝင်မလာနိုင်စေရန် တားဆီးနေရ၏...။

"ငါ.. ငါရယ်.. ရွှန်ရယ်.. ဟာမီယွန်ရယ်.. လုပ်စရာတစ်ခု ရှိတယ်... ပြီးရင် ငါတို့ ဒီက ပြန်ထွက်မယ်..."

တစ်ယောက်မှ မပြုံးနိုင်ကြတော့ချေ...။ နမီးလ်က နားမလည်နိုင်ဟန်ဖြင့်...

"မင်းတို့ ပြန်ထွက်သွားမယ်ဆိုတာ ဘာကိုဆိုလိုတာလဲ..."

ဟယ်ရီက သူ့အမာရွတ်ကို အနာသက်သာစေရန် ပွတ်သပ်ရင်း...

"ငါတို့ ဒီမှာနေဖို့ ပြန်လာတာ မဟုတ်ဘူး.. ငါတို့ အရေးတကြီး လုပ်စရာ တစ်ခုရှိလို့ ပြန်လာတာ..."

"ဘာကိစ္စလဲ..."

"ငါ... ငါ မင်းကို ပြောမပြနိုင်ဘူး..."

မကျေမနပ် ညည်းညူသံများကို ကြားလိုက်ရသည်..။ နမီးလ်က မျက်မှောင်ကြုတ်လိုက်ရင်း...

"ဘာလို့ ငါတို့ကို မပြောနိုင်ရတာလဲ.. မိစ္ဆာသခင်ကြီးကို ရင်ဆိုင်ဖို့ ကိစ္စနဲ့ သက်ဆိုင်တယ် မဟုတ်လား..."

"အင်း... ဟုတ်တယ်..."

"ဒါဆို ငါတို့ပါ ကူညီမယ်..."

အခြားသူများကပါ စိတ်လှုပ်ရှားစွာ ခေါင်းညိတ်ထောက်ခံလိုက်ကြသည်။ တချို့မှာ ထိုင်ခုံများမှ ရုတ်ချည်းထကာ စိတ်ထက်သန်မှုကို ပြသလိုက်ကြသည်...။

ဟယ်ရီက...

"မင်းတို့ နားမလည်ဘူး.. ငါ.. ငါတို့ ပြောပြလို့ မရဘူး.. ငါတို့ချည်းပဲ လုပ်မှ ဖြစ်မယ်..."

နမီးလ်က...

"ဘာလို့လဲ..."

ဟယ်ရီ့စိတ်ထဲတွင် ပျောက်ဆုံးနေသော ဝိညာဥ်ကိုယ်ပွားကို ရှာဖွေချင်နေ၏..။ သို့ရာတွင် သူ့အမာရွတ်မှာ ပြင်းထန်စွာ နာကျင်နေသဖြင့် အာရုံစူးစိုက်ရန် ခက်ခဲနေသည်..။

"ဘာလို့လဲဆိုတော့ ဒမ်ဘယ်လ်ဒိုးက ငါတို့သုံးယောက်အတွက် အလုပ်တစ်ခု ထားခဲ့တယ်.. ငါတို့ ဘယ်သူ့ကိုမှ ပြောလို့မရဘူး.. သူက ငါတို့သုံးယောက်ကိုပဲ လုပ်ခိုင်းခဲ့တာ..."

နဗီးလ်က...

"ငါတို့က ဒမ်ဘယ်လ်ဒိုးတပ်ဖွဲ့ဝင်တွေပဲ.. မင်းတို့သုံးယောက် မလာခင်ကတည်းက ငါတို့က တိုက်ခိုက်နေခဲ့တာ..."

ရွန်က...

"ငါတို့လည်း ပျော်ပွဲစားထွက်နေတာ မဟုတ်ဘူး သူငယ်ချင်း..."

"ငါ ဒီလိုဆိုလိုတာ မဟုတ်ဘူး .. ဒါပေမယ့် မင်းတို့ ငါတို့ကို ဘာကိစ္စ မယုံကြည်ရတာလဲ.. ဒီအခန်းထဲကလူတွေအားလုံး တိုက်ခိုက်ဆန့်ကျင်ခဲ့လို့ ဒီနေရာကို ရောက်နေတာ.. ဒီမှာရှိနေတဲ့ လူအားလုံးဟာ ဒမ်ဘယ်လ်ဒိုးနဲ့ မင်း အပေါ်မှာ သစ္စာရှိတယ်ဆိုတာ သက်သေပြပြီးသားပဲ ဟယ်ရီ..."

"ငါ ပြောပြမယ်..."

ဟယ်ရီ စကားစလိုက်သော်လည်း တကယ်တမ်းတွင် ဘာပြောရမှန်း မသိချေ..။ သို့သော် ထိုအခိုက်မှာပင် လိုဏ်ခေါင်းတံခါး ပွင့်လာပြီး...

"ငါတို့ နင်ပို့လိုက်တဲ့ သတင်းရတယ် နဗီးလ်.. နင်တို့သုံးယောက်ကို တွေ့ရမယ်လို့ ငါထင်ထားပြီးသား..."

လူနာနှင့် ဒင်းန်တို့ အခန်းထဲဝင်လာကြ၏..။ ရှေးမတ်စ်မှာ ဝမ်းသာအားရ အော်ဟစ်လိုက်ရင်း ဒင်းန်ကို ပြေး၍ ပွေ့ဖက်ထားလိုက်သည်...။

လူနာက ပျော်ရွှင်စွာဖြင့်...

"ဒီကို ပြန်ရောက်လာတာ ပျော်စရာ တကယ်ကောင်းတာပဲ..."

ဟယ်ရီက...

"လူနာ.. နင်ဘာလာလုပ်တာလဲ.. ဘယ်လိုလုပ်ပြီး..."

နမီးလ်က ရွှေဒင်္ဂါးတုလေးကို ပြရင်း...

"ငါသတင်းပို့လိုက်တာ.. ငါ သူနဲ့ ဂျင်းနီကို မင်းရောက်လာရင် ပြောပါ့မယ်လို့ ကတိပေးထားတယ်.. ဒါ ငါတို့အတွက် ပုန်ကန်ရမယ့် အချိန်ပဲ မဟုတ်လား.. စနိုပ်နဲ့ ကာရီးမောင်နှမကို ဖြုတ်ချရမယ် မဟုတ်လား..."

လူနာက ပြုံးရွှင်စွာဖြင့်...

"ဟုတ်တာပေါ့.. ဟုတ်တယ် မဟုတ်လား ဟယ်ရီ.. ငါတို့ သူတို့ကို ဟော့ဂဝ်က မောင်းထုတ်ကြမယ် မဟုတ်လား..."

ဟယ်ရီ့စိတ်ထဲတွင် ထိတ်လန့်လာပြီး...

"ခဏလေးနားထောင်စမ်းပါဦး.. ငါ တကယ် စိတ်မကောင်းပါဘူး... ဒါပေမယ့် ငါ ဒီလိုလုပ်ဖို့ ပြန်လာတာ မဟုတ်ဘူး.. ငါတို့ လုပ်စရာတစ်ခု ရှိတယ်.... ပြီးတာနဲ့..."

မိုက်ကယ်ကော်နာက...

"မင်းက ငါတို့ကို ဒီဒုက္ခကြီးထဲမှာ ဒီအတိုင်း ပစ်ထားခဲ့မှာလား"

ရွန်က...

"မဟုတ်ဘူး... ငါတို့လုပ်နေတဲ့အလုပ် ပြီးဆုံးသွားရင် အားလုံးအတွက် အကျိုးရှိမှာပါ.. ငါတို့လုပ်နေတာ မိစ္ဆာကောင်ကြီးကို သုတ်သင်နိုင်ဖို့ အတွက်ပဲ..."

နမီးလ်က စိတ်ဆိုးလာဟန်ဖြင့်...

"ဒါဖြင့်လည်း ငါတို့ကူညီမယ်လေ.. ငါတို့လည်း တစ်စိတ်တစ်ပိုင်းပဲ ဖြစ်ဖြစ် ပါချင်တာပေါ့..."

သူတို့နောက်ဘက်မှ ဆူညံဆူညံအသံများ ကြားရပြန်သဖြင့် ဟယ်ရီ လှည့်ကြည့်လိုက်သည်..။ ဟယ်ရီ့ခေါင်းတစ်ခုလုံး ချာချာလည်သွားသလိုပင်..။ ဂျင်းနီမှာ နံရံရှိ အပေါက်မှတဆင့် အခန်းတွင်း ဝင်လာ၏..။ သူမ၏ နောက်မှ ဖရက် ဂျော့နှင့် လီဂျော်ဒန်တို့ လိုက်ပါလာ၏..။

ဂျင်းနီက ဟယ်ရီ့အား တောက်ပစွာ ပြုံးပြလိုက်သည်။ သူမ မည်မျှ လှပကြောင်းကို ဟယ်ရီ မေ့လျော့နေခဲ့မိသည်..။ သူမကို ယခုတစ်ခါ တွေ့ရသည့်အတွက်မူ ဟယ်ရီ သိပ်မပျော်ရွှင်နိုင်ပေ..။

ဖရက်က လက်တစ်ဘက်မြှောက်ကာ အားလုံးကို နှုတ်ဆက်ရင်း...

"အက်ဘာဖို့တော့ တော်တော်ကျွဲမြီးတိုနေပုံပဲ.. သူက အိပ်ချင်နေတယ်.. ဒါပေမယ့် သူ့ဆိုင်က မီးရထားဘူတာရုံ ဖြစ်သွားရှာတယ်.. လူတွေ ဝင်လာတာ တစ်သဲသဲပဲ..."

ဟယ်ရီ ပါးစပ်အဟောင်းသား ဖြစ်သွား၏..။ လီဂျော်ဒန်၏ နောက်တွင် ဟယ်ရီ့ရည်းစားဟောင်း ချိုချမ်းကို တွေ့လိုက်ရသည်။ သူမက သူ့ကို ပြုံးပြနေ၏။

သူမက ရွှေဒင်္ဂါးတုလေးကို ထုတ်ပြရင်း..

"ငါလည်း သတင်းရလိုက်တယ်..." ဟု ပြောကာ မိုက်ကယ်ကော်နာ နံဘေးတွင် ဝင်ထိုက်လိုက်သည်...။

ဂျော့က...

"အစီအစဉ်က ဘယ်လိုလဲ ဟယ်ရီ..."

ဟယ်ရီက...

"ဘာအစီအစဉ်မှ မရှိဘူး..."

ရုတ်တရက် လူအများကြီး ရောက်လာသဖြင့် မူးနောက်နောက်ပင် ဖြစ်ချင်လာသည်..။ သူ့အမာရွတ်မှာ အလွန်နာကျင်နေရာ ပြောစရာ စကားလုံး ရှာမရပဲ ဖြစ်နေ၏..။

ဖရက်က...

"ကြုံရင် ကြုံသလို လုပ်ရှားမယ်ပေါ့.. ငါ အကြိုက်ဆုံး အစီအစဉ်ပဲ"

ဟယ်ရီက နဗီးလ်အား...

"မင်း ဒီကိစ္စကို ရပ်မှဖြစ်မယ်.. ဘာလို့ အားလုံးကို ပြန်ခေါ်ရတာလဲ.. ဒါ .. ဒါ ရူးသွပ်တာပဲ..."

ဒင်းန်က ရွှေဒင်္ဂါးတုလေးကို ထုတ်ရင်း...

"ငါတို့ တိုက်ပွဲဝင်ရတော့မယ် မဟုတ်လား.. ဟယ်ရီ ပြန်လာပြီ.. ငါတို့ တိုက်တော့မယ်တဲ့ .. ဒါပေမယ့် ငါ မှော်တောင်ဝှေး အရင်ရှာရဦးမယ်..."

ရှေးမတ်စ်က...

"ဘာ .. မင်းမှာ မှော်တောင်ဝှေး မရှိဘူး.. ဟုတ်လား..."

ရွန်က ဟယ်ရီ့ဘက်သို့ ရုတ်တရက် လှည့်ကာ...

"သူတို့က ဘာကိစ္စ မကူညီနိုင်ရမှာလဲ..."

"ဘာ..."

"သူတို့ ကူညီနိုင်ပါတယ်..."

ရွန်က ရုတ်တရက် မည်သူမှ မကြားအောင် သူ့အသံကို နှိမ့်ချလိုက်၏..။ သူတို့နှစ်ယောက်ကြားရှိ ဟာမီယွန်မှတပါး သူ့အသံကို မည်သူမှ မကြားရပေ..။

"ငါတို့ အဲဒါ ဘယ်မှာရှိမှန်း မသိဘူး.. ငါတို့ ဘာရှာနေမှန်းတောင် မသေချာဘူး.. အဲဒါ ဝိညာဉ်ကိုယ်ပွားဆိုတာ သူတို့ကို ပြောပြစရာ မလိုဘူး.. ငါတို့ သူတို့အကူအညီ လိုတယ်..."

ဟာမီယွန်ကလည်း ရွန့်အကြံကို ထောက်ခံ၏...။ ဟယ်ရီက ရွန့်ကို မရေမရာ ကြည့်လိုက်စဉ်ဝယ်...

"အားလုံးကို မင်းတစ်ယောက်တည်း လုပ်စရာမလိုဘူး ဟယ်ရီ..."

ဟယ်ရီ အလျင်အမြန် စဉ်းစားလိုက်သည်။ သူ့အမာရွတ်ကလည်း ဦးခေါင်းကို ထက်ခြမ်းခွဲပစ်တော့မည့်ပမာ နာကျင်နေ၏..။ ဒမ်ဘယ်လ်ဒိုးမှာ ရွန်နှင့် ဟာမီယွန်မှတစ်ပါး မည်သူ့ကိုမျှ မပြောရဟု တားမြစ်ထားခဲ့သည်...။ ဒမ်ဘယ်လ်ဒိုး၏ ယုံကြည်မှုကို သူ ဖျက်ဆီးရာ ရောက်နေမလား..။ သို့ရာတွင် ဒမ်ဘယ်လ်ဒိုးမှာ စနိပ်ကို ယုံကြည်ခဲ့သော်လည်း စနိပ်က သူ့ကို သတ်သွားခဲ့၏..။ နောက်ဆုံးတွင် သူ ရွန်နှင့် ဟာမီယွန်အား ... "ကောင်းပြီ" ဟု ပြောရင်း အားလုံးကြားအောင် အော်ပြောလိုက်သည်...။

"အားလုံး နားထောင်ကြပါ..."

အခန်းထဲဝယ် အသံအားလုံး တိတ်ဆိတ်သွား၏..။ ဟာသများ အဆက်မပြတ်ပြောနေသော ဖရက်နှင့် ဂျော့ပင် တိတ်ဆိတ်သွားကာ အားလုံး၏ မျက်နှာများတွင် စိတ်လှုပ်ရှားမှုကို တွေ့ရ၏...။

"ငါတို့ ပစ္စည်းတစ်ခုကို ရှာဖို့လိုတယ်.. မိစ္ဆာကောင်ကြီးကို ဖြုတ်ချဖို့ အတွက် အဲဒီ့ပစ္စည်းလိုအပ်တယ်.... အဲဒီ့ပစ္စည်းဟာ ဟော့ဝဂ်မှာ ရှိနေတယ်... ဒါပေမယ့် ဘယ်မှာလဲ ငါတို့ မသိဘူး.. ဒါပေမယ့် ရေဗင်ကလော ပိုင်တဲ့ပစ္စည်းပဲ.. အဲဒီ့လိုပစ္စည်းမျိုး ဘယ်သူကြားဖူးသလဲ.. သူ့ရဲ့ စွန်ရဲတံဆိပ်နဲ့ ပစ္စည်းတစ်ခုခု တွေ့ဖူးကြသလား..."

ရေဗင်ကလောအဖွဲ့သားများကို သူ မျှော်လင့်ချက်ဖြင့် ကြည့်လိုက်သည်။ ပတ်ဒ်မာ.. မိုက်ကယ်.. တယ်ရီနှင့် ချိုချမ်းတို့မှာ ငြိမ်သက်နေ၏..။ အဖြေပေးလိုက်သူမှာ လူနာဖြစ်နေ၏..။

"ဒါ ပျောက်ဆုံးနေတဲ့ သရဖူပဲ.. ငါပြောဖူးသားပဲ ဟယ်ရီ... မှတ်မိရဲ့လား.. ပျောက်ဆုံးနေတဲ့ ရေဗင်ကလော သရဖူလေ.. ဖေဖေတောင် ပုံတူပွားဖို့ လုပ်သေးတယ်..."

မိုက်ကယ်ကော်နာက..

"ဒါပေမယ့် သရဖူက ပျောက်သွားပြီ လူနာ.. ဒါက ပြဿနာပဲ..."

ဟယ်ရီက...

"ဘယ်တုန်းက ပျောက်သွားတာလဲ.."

ချိုချမ်းက...

"နှစ်ပေါင်း ရာနဲ့ချီနေပြီလို့ ပြောတာပဲ.. ပရော်ဖက်ဆာ ဖလစ်ဝစ်က ပြောတော့ ရေဗင်ကလောနဲ့ အတူတူပဲ သရဖူက ပျောက်သွားတယ်တဲ့.. လူတွေက လိုက်ရှာကြတာပဲ.. ဒါပေမယ့် ဘယ်သူမှ တွေ့တယ်လို့ မကြားမိဘူး..."

ဟယ်ရီ အတော်စိတ်ပျက်သွား၏...။ ရွန်က...

"သရဖူက ဘယ်လိုပုံစံမျိုးလဲ..."

တယ်ရီက..

"သရဖူတိုင်းနဲ့ ခပ်ဆင်ဆင်ပါပဲ.. ဝတ်ဆင်တဲ့သူကို ဉာဏ်ပညာ ပိုထက်မြက်လာစေတယ်လို့ ဆိုတယ်..."

ဟယ်ရီက...

"ဘယ်သူမှ ဒါမျိုး ခပ်ဆင်ဆင် မမြင်ဖူးကြဘူးလား..."

အားလုံး ခေါင်းခါယမ်းလိုက်ကြသည်။ ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့ကို ကြည့်လိုက်၏..။ သူ၏ စိတ်ပျက်နေသော မျက်နှာကို သူပြန်မြင်လိုက်ရသလိုပင်..။ သူတို့လည်း စိတ်ပျက်နေကြ၏..။ ထိုမျှ နှစ်ကာလကြာကတည်းက ပျောက်ဆုံးသွားသော ပစ္စည်းတစ်ခုမှာ ဝိညာဉ်ကိုယ်ပွားဖြစ်ဖို့ရာ အခွင့်အလမ်း နည်းပါးလှသည်။ သူ ဘာမှ ထပ်မေးခွန်းမထုတ်နိုင်ခင်မှာပင် ချိုချမ်းက..

"သရဖူက ဘယ်လိုပုံစံလဲဆိုတာ သိချင်ရင် ငါတို့ နားနေခန်းထဲ လိုက်ကြည့်ပါလား ဟယ်ရီ.. အဲဒီမှာ သရဖူဆောင်းထားတဲ့ ရေဗင်ကလောရဲ့ ရုပ်တု ရှိတယ်..."

ဟယ်ရီ့အမာရွတ်မှာ လောင်ကျွမ်းလုမတတ် နာကျင်လာပြန်၏..။ လိုတရ အခန်းမှာ သူ့မြင်ကွင်းထဲမှ ပျောက်သွားပြီး နက်မှောင်နေသော မြေပြင်ကို သူ့အောက်ကို တွေ့လိုက်ရပြီး မြွေတစ်ကောင်က သူ့ကို ရစ်ပတ်ထား၏..။ ဗိုဒီမော့မှာ လေထဲတွင် ပျံသန်းနေ၏..။ မြေအောက်ရေကန်ဆီသို့လား ဤရဲတိုက်ဆီသို့လား သူ မသေချာပေ..။ သို့ရာတွင် သေချာသည်က အချိန်မရှိတော့ခြင်းပင်..။

"သူ နေရာရွှေ့ပြီး သွားနေပြီ..."

ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့ကို ခပ်တိုးတိုးပြောလိုက်ရင်း ချိုချမ်းဘက် လှည့်ကြည့်လိုက်သည်။

"သိပ်ပြီးတော့ အထောက်အကူ မရနိုင်မှန်း ငါသိပါတယ်.. ဒါပေမယ့် ငါသွားကြည့်ချင်တယ်.. အနည်းဆုံးတော့ သရဖူရဲ့ပုံစံကို သေချာသိရတာပေါ့.. မင်းတို့ ဒီမှာ စောင့်နေကြ.. ပြီးတော့ နောက်တစ်ခုကိုလည်း မင်းတို့ သိပါတယ်.. သေချာသိမ်းထားကြ..."

ချိုချမ်းက မတ်တတ်ရပ်လိုက်ချိန်မှာပင် ဂျင်းနီက ခပ်တင်းတင်း လေသံဖြင့်...

"လူနာ .. ဟယ်ရီ့ကို လိုက်ပို့လိုက်.. လိုက်ပို့ပေးမယ် မဟုတ်လား လူနာ..."

လူနာက ပျော်ရွှင်စွာပင်...

"အိုး.. ပို့ပေးရမှာပေါ့..."

ချိုချမ်းမှာ စိတ်ပျက်လက်ပျက်နှင့် ပြန်ထိုင်လိုက်၏..။

ဟယ်ရီက နမီးလ်အား..

"ငါတို့ ဘယ်လိုလုပ် အပြင်ကို ထွက်ရမှာလဲ..."

"ဒီနေရာကိုလာ..."

သူက ဟယ်ရီနှင့် လူနာကို အခန်းထောင့်ကို ခေါ်သွား၏..။ ထိုနေရာဝယ် ဘီရိုလေးတစ်ခု ရှိနေပြီး အတွင်းဝယ် လှေကားထစ်များ ရှိနေ၏..။

"နေ့တိုင်း မတူတဲ့နေရာတစ်နေရာရာကို ရောက်သွားလေ့ ရှိတယ်.. ဒီတော့ သူတို့ ဘယ်လိုမှ ရှာမတွေ့နိုင်ဘူး.. တစ်ခုပဲ ပြဿနာ ရှိတယ်.. အပြင်ထွက်လိုက်ရင် ဘယ်ရောက်သွားမှန်း ငါတို့ မသိနိုင်ဘူး.. သတိထား ဟယ်ရီ.. သူတို့ ညတိုင်း ကော်ရစ်ဒါတွေမှာ ကင်းလှည့်နေကျ..."

ဟယ်ရီက..

"စိတ်မပူပါနဲ့ .. ငါတို့ မကြာပါဘူး..."

သူနှင့် လူနာတို့ လှေကားအတိုင်း အမြန်ဆင်းခဲ့ကြသည်..။ လှေကားမှာ ရှည်လျားကာ မီးတိုင်များ ထွန်းညှိထားပြီး အချိုးအကွေ့များ ရှိနေ၏..။ နောက်ဆုံးတွင် နံရံတစ်ခုခံနေသော နေရာသို့ ရောက်လာ၏..။

"အထဲကိုဝင်..."

ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်ရင်း လူနာ့ကို ပြောလိုက်သည်။ ထို့နောက် ကိုယ်ပျောက်ဝတ်ရုံခြုံလိုက်ရင်း နံရံကို တွန်းကြည့်လိုက်သည်..။

သူ့လက်နှင့် ထိသည်နှင့် နံရံမှာ ပျောက်ကွယ်သွားပြီး သူတို့ အပြင်သို့ ထွက်ခဲ့ကြသည်..။ ဟယ်ရီ အနောက်သို့ ပြန်ကြည့်လိုက်ရာ နံရံမှာ ချက်ချင်း ပြန်ပိတ်သွား၏..။ သူတို့ မှောင်မည်းနေသော ကော်ရစ်ဒါတစ်ခုသို့ ရောက်နေ၏..။

ဟယ်ရီ သူ့လည်ပင်းရှိ အိတ်ထဲမှ မရူဒါ မြေပုံကို ထုတ်ယူကာ နှာခေါင်းနားထိ ကပ်၍ ကြည့်လိုက်၏..။ နောက်ဆုံးတွင် သူနှင့် လူနာ၏ နေရာကို ရှာဖွေ တွေ့ရှိသွားသည်...။

သူက လေသံမျှဖြင့် ...

"ငါတို့ ပဥ္စမထပ်ကို ရောက်နေတယ်.. ဒီဘက်ကို လာခဲ့..."

ဟယ်ရီ ညအချိန် ရဲတိုက်ထဲဝယ် အကြိမ်များစွာ လှည့်လည် သွားလာဖူး၏..။ ယခုလောက် တစ်ခါမှ ရင်မခုန်ဖူးချေ..။ လရောင်အရိပ်များ ထိုးကျနေသော လမ်းတစ်လျှောက်တွင် သူတို့၏ ခြေသံများကြောင့် သံချပ်ကာ ဝတ်စုံများမှ ခေါင်းစောင်းကာ လိုက်ကြည့်နေကြ၏..။

ဟယ်ရီနှင့် လူနာမှာ အလင်းရောင် အနည်းငယ်ရသည့် နေရာတိုင်း မရူဒါမြေပုံကို ထုတ်၍ စစ်ဆေးကာ သရဲများ သတိမပြုမိစေရန် နှစ်ကြိမ်တိတိ ရပ်နားခဲ့ရသည်။ အချိန်တိုင်းတွင် အနှောင့်အယှက်နှင့် တွေ့နိုင်ပေသည်။ သူအလန့်ဆုံးမှာ တစ္ဆေပီးဗက်နှင့် ဝင်တိုးမည်ကိုပင်..။ ခြေလှမ်းတိုင်းတွင် နားကို အစွမ်းကုန် စွင့်ထားရ၏..။

လူနာက...

“ဒီဘက်ကို ဟယ်ရီ...”

သူ့လက်ကိုဆွဲကာ ကြောင်လိမ်လှေကားတစ်ခုဆီသို့ ဦးတည်သွား၏..။ ဟယ်ရီ ဤအပေါ်သို့ တစ်ခါမှ မတက်ဖူးချေ..။ နောက်ဆုံးတွင် တံခါးပေါက် ရှိရာသို့ ရောက်လာခဲ့သည်..။ တံခါးမှာ လက်ကိုင်မရှိသလို သော့ပေါက်လည်း မရှိချေ..။ သစ်သားချပ်သပ်သပ်ဖြစ်ပြီး စွန်တစ်ကောင်ပုံ ကြေးပြားကို ထွင်းထည့်ထား၏..။

လူနာက တံခါးခေါက်လိုက်ချိန်ဝယ် စွန်နှုတ်သီးမှာ ပွင့်လာပြီး ငှက်သံအစား ခပ်တိုးတိုးနှင့် သာယာသော အသံတစ်သံက...

“ဘယ်ဟာက အရင်ဖြစ်လာသလဲ.. ဖီးနစ်ငှက်လား.. မီးတောက်လား...”

လူနာက စဉ်းစားနေဟန်ဖြင့်...

“အင်း .. နင်ဘယ်လို ထင်သလဲ ဟယ်ရီ...”

“ဟင်.. ဘာလဲ .. ဒီမှာ စကားဝှက် မရှိဘူးလား...”

“မရှိဘူး.. အထဲကိုဝင်ဖို့ မေးခွန်းတွေကို ဖြေရတယ်...”

“မှားသွားရင် ဘာဖြစ်မလဲ...”

“မှန်အောင်ဖြေနိုင်မယ့်လူ လာတဲ့အထိ စောင့်ရုံပေါ့.. ဒီနည်းနဲ့ တဖြည်းဖြည်း ဉာဏ်ရည်တက်လာတာပေါ့...”

"ဟုတ်တော့ ဟုတ်ပါတယ်... ဒါပေမယ့် ပြဿနာက ငါတို့ ဘယ်သူ့အလာကိုမှ စောင့်လို့မဖြစ်ဘူး လူနာ..."

လူနာက...

"နေပါဦး.. ငါစဉ်းစားလို့ရပြီ.. အဖြေက ဒါဟာ စက်ဝိုင်းတစ်ခုလိုပဲ.. အဆုံးအစ မရှိဘူး..."

"ဒီအဖြေမှန်တယ်..."

ထိုအသံနှင့်အတူ တံခါးပွင့်သွား၏..။ လူသူကင်းမဲ့လျှက်ရှိသော ရေဗင်ကလော နားနေခန်းမှာ စက်ဝိုင်းသဏ္ဍာန်ရှိပြီး ဟယ်ရီ မြင်ဖူးသမျှ အခန်းများ ထဲဝယ် လေဝင်လေထွက် အကောင်းဆုံးပင်...။ ပြတင်းပေါက်များစွာ နံရံတွင် ရှိနေပြီး အပြာရောင် ခန်းဆီးများနှင့် ကာထား၏..။

မျက်နှာကျက်မှာ အခုံးသဏ္ဍာန်ဖြစ်ပြီး ကြယ်များ ထည့်ဆွဲထားသဖြင့် အပြာရင့်ရောင် ကော်ဇောနှင့် အရောင်ဟပ်လျှက် ရှိသည်။ စားပွဲများ ကုလားထိုင်များ စာအုပ်စင်များကို တွေ့ရပြီး တံခါးနှင့် မျက်နှာချင်းဆိုင်တွင် အဖြူရောင် ကျောက်သားရုပ်တုတစ်ခုကို တွေ့လိုက်ရသည်။

လူနာ့အိမ်တွင် မြင်ခဲ့ရသဖြင့် ရိုဝမ်နာရေဗင်ကလော၏ ရုပ်တုမှန်း ဟယ်ရီ ချက်ချင်း မှတ်မိလိုက်သည်..။ အိပ်ခန်းများဆီသွားရာ တံခါးဟု သူယူဆသည့် တံခါးဘေးတွင် ရုပ်တုရှိနေ၏..။ ဟယ်ရီ ရုပ်တုအနီးသို့ သွားကြည့်လိုက်သည်။ ရုပ်တုမှာ သူ့ကိုကြည့်ကာ လှိုက်လှိုက်လှဲလှဲ ပြုံးပြနေသလိုပင်...။

ရုပ်တု၏ ခေါင်းပေါ်မှ သရဖူပုံတူမှာ အလွန်လှပကာ ဖလူရာ မင်္ဂလာပွဲတွင် ဝတ်ခဲ့သည့် သရဖူနှင့်လည်း လုံးဝမတူချေ..။ သရဖူပုံတူတွင် စာလုံးလေးများ ထွင်းထား၏..။ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံအောက်မှ ထွက်ကာ ရုပ်တုပေါ်တက်၍ စာကို ဖတ်လိုက်သည်။

"ဉာဏ်ပညာဆိုသည်မှာ လူသားတို့အတွက် အမြတ်ဆုံး ရတနာပင်..."

ထိုအချိန်မှာပင် ခပ်အက်အက် အသံတစ်ခုက...

"မင်းကတော့ တကယ့်ကို အကြံတုံးဉာဏ်တုံးပဲ..."

ဟယ်ရီ နောက်သို့ ပြန်လှည့်ကာ ကြမ်းပြင်ပေါ်တွင် ရပ်လိုက်သည်..။ ဟယ်ရီက သူ့မှော်တောင်ဝှေးကို မြှောက်လိုက်ချိန်ဝယ် အလက်တိုကာရိုးက လက်မောင်းပေါ်မှ အရိုးခေါင်းနှင့် မြွေသဏ္ဍာန်အမှတ်အသားကို အခြားလက်တစ်ဘက်နှင့် ဖိနှိပ်ချလိုက်သည်။

## ၃၀။ ဆီးဗားရပ်စ်စနိုပ်အား ဖြုတ်ချခြင်း

သူမ၏ လက်ချောင်းများက မိစ္ဆာအမှတ်အသားကို ထိတွေ့လိုက်သည်နှင့် ဟယ်ရီ့အမာရွတ်မှာ ဆိုးဝါးစွာ နာကျင်လာပြီး သူ့ရှေ့ရှိ မြင်ကွင်းများ အားလုံး ပျောက်ကွယ်သွား၏ × × ×

မိုဒီမော့မှာ ပင်လယ်အနီးရှိ ကျောက်ဆောင်အပေါ်ဝယ် ရပ်လျှက်ရှိသည်..။ သူ့ရင်ထဲဝယ် ရုတ်တရက် အကြီးအကျယ် စိတ်လှုပ်ရှားသွား၏..။

"ကောင်လေးကို မိထားပြီပဲ..."

ကျယ်လောင်လှသော 'ဒိုင်း'ကနဲ အသံက ဟယ်ရီ့ အာရုံများကို ပြန်၍ စုစည်းပေးလိုက်သည်။ မူးဝေနေလျှက်က သူ မော့်တောင်ဝှေးကို မြှောက်ထားဆဲပင်..။ သို့ရာတွင် သူ့ရှေ့ရှိ အလက်တိုကာရိုးမှာ လွင့်စင်ထွက်သွားပြီး နံရံနှင့် ပြင်းထန်စွာ ဆောင့်မိသဖြင့် စာအုပ်စင်မှ မှန်များ ကွဲကြေကျလာ၏..။

လူနာက စိတ်ဝင်တစားဖြင့်...

"ငါတို့ရဲ့ ဒီအေလေ့ကျင့်ခန်းမှာကလွဲလို့ ငါ မေ့မျောကျိန်စာကို မသုံးဖူးဘူး .. ငါထင်တာထက်ပိုပြီး အသံဆူတာပဲ..."

ထိုအချိန်မှာပင် မျက်နှာကျက်တစ်ခုလုံး တုန်ခါသွားမတတ် ခြေသံများကို ကြားလိုက်ရသည်။ လူနာ၏ လက်ချက်ဖြင့် အိပ်ပျော်နေသော ရေဗင်ကလောများ နိုးလာကြပေပြီ...။

"လူနာ.. နင်ဘယ်မှာလဲ.. ငါလည်း ဝတ်ရုံအောက်ကို ပြန်ဝင်မှ ဖြစ်မယ်.."

လူနာ၏ခြေထောက် ပေါ်လာသည်နှင့် သူ ဘေးသို့ အမြန်ဆုံး သွားရပ်လိုက်သည်..။ သူမက ကိုယ်ပျောက်ဝတ်ရုံကို ပြန်ခြုံလိုက်သည့် ခဏမှာပင် တံခါးပွင့်သွားပြီး ရေဗင်ကလောကျောင်းသားများ ညဝတ်အင်္ကျီများနှင့် ခန်းမထဲသို့ ဝင်ရောက်လာကြသည်။ မေ့မျောကာ လဲကျနေသော အလက်တိုအား မြင်လိုက်ရသည်တွင် အားလုံး အလန့်တကြား အော်ဟစ်လိုက်ကြသည်..။

အားလုံး မရွံ့မရဲနှင့် သူမအနားသို့ တိုးကပ်သွားကြသည်..။ သူတို့ကို ရုတ်တရက် ထ၍ တိုက်ခိုက်မည်ကို ကြောက်ရွံ့နေကြဟန် တူသည်။ အတန်ကြာမှ ရဲရင့်ဟန်ရှိသော ပထမနှစ်ကျောင်းသားတစ်ယောက်က ရှေ့သို့ တက်လာပြီး သူမ၏ ကျောကို ခြေထောက်နှင့် တို့ကြည့်လိုက်သည်..။

"သူ သေပြီ ထင်တယ်..."

သူက ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

လူနာက အလက်တိုအနီးမှ ရေဗင်ကလေးများကို ကြည့်ရင်း လေသံတိုးတိုးဖြင့်...

"ကြည့်စမ်း.. သူတို့ ပျော်နေကြတယ်.."

"အင်း.. ကောင်းတာပေါ့..."

ဟယ်ရီ မျက်လုံးများကို ပိတ်လိုက်သည်။ သူ့အမာရွတ်မှာ နာကျင်နေဆဲပင်..။ ဗိုဒီမော့၏ စိတ်ထဲ ဝင်သွားကြည့်ရန် သူဆုံးဖြတ်လိုက်သည်။

ဗိုဒီမော့မှာ လိုဏ်ခေါင်းတစ်ခုအတိုင်း လျှောက်သွားနေ၏..။ သူ ဤနေရာကို မလာခင် လော့ကတ်ကို စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်ပုံပင်..။ သို့ရာတွင် သိပ်၍ အချိန်ကြာမည် မဟုတ်ပေ..။

ထိုအချိန်မှာပင် တံခါးခေါက်သံကြားလိုက်ရသဖြင့် ရေဗင်ကလေးအားလုံး တိတ်ဆိတ်သွားကြသည်။ တံခါးတစ်ဘက်ရှိ စွန်ရုပ်သဏ္ဍာန်ဆီမှ သာယာသော စကားသံကို ကြားလိုက်ရသည်။

"ပျောက်ပျက်သွားတဲ့ ပစ္စည်းတွေ ဘယ်ရောက်သွားသလဲ..."

"ငါမသိဘူး.. ပါးစပ်ပိတ်ထားစမ်း..."

ထိုအသံမှာ အစ်ကိုဖြစ်သူ အမီကပ်စ်မှန်း ဟယ်ရီ သိလိုက်သည်။

"အလက်တို.. အလက်တို.. နင် အထဲမှာလား.. ဟိုကောင့်ကို မိပြီလား.. တံခါးဖွင့်စမ်းပါ..."

ရေဗင်ကလေးများမှာ ကြောက်လန့်တကြားနှင့် တီးတိုးဆွေးနွေးနေကြ၏..။ ထိုအခိုက်မှာပင် တံခါးဆီမှ တဝုန်းဝုန်းတဒိုင်းဒိုင်း ထုနှက်သံများကို ကြားလိုက်ရသည်..။

"အလက်တို.. သူရောက်လာတဲ့အချိန်ထိ ပေါ်တာကို မမိရင်.. နင်.. နင် မယ်လ်ဖွိုင်းတို့နောက် လိုက်ချင်လို့လား.. ပြန်ဖြေစမ်းပါ..."

အမီကပ်စ်က အော်ဟစ်လိုက်သည်။ တံခါးတစ်ချပ်လုံးမှာ သူ့လက်ချက်ဖြင့် တုန်ခါနေသော်လည်း လုံးဝမပွင့်ချေ..။ ရေဗင်ကလေးများမှာ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားကြ၏..။ ကြောက်တတ်သူအချို့မှာ အိပ်ခန်းများဆီသို့ ပြန်တက်ပြေးကြသည်။

ဟယ်ရီမှာ အမီကပ်စ်ကိုပါ တံခါးဖွင့်၍ မေ့အောင်လုပ်ပစ်ရန် စဉ်းစားလိုက်ချိန်မှာပင် သူအလွန်ရင်းနှီးသော အသံတစ်သံကို ကြားလိုက်ရသည်။

"ပရော်ဖက်ဆာ ကာရိုး .. ရှင် ဘာလုပ်နေတာလဲ..."

အမီကပ်စ်က ပြန်၍ အော်ဟစ်လိုက်သည်...။

"ဒီတံခါးစုတ်ကို ပွင့်အောင် ဖွင့်နေတာ.. ဖလစ်ဝစ်ကို သွားခေါ် .. သူ့ကိုဖွင့်ခိုင်း .. သွား.. အခုသွား..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက..

"ဒါပေမယ့် ရှင့်ရဲ့ညီမက ဒီအထဲမှာ မဟုတ်လား... ပရော်ဖက်ဆာ ဖလစ်ဝစ်က ရှင်တို့ရဲ့ အရေးတကြီး တောင်းဆိုချက်အတိုင်း ဒီအထဲ ပေးဝင်ပြီးပြီ မဟုတ်လား.. သူ့ကို တံခါးဖွင့်ပေးခိုင်းပါလား.. ဒါဆိုရင် ရဲတိုက်တစ်ဝက်လောက် နိုးအောင် အော်ဟစ်နေစရာ မလိုတော့ဘူးပေါ့..."

"သူက ပြန်မထူးဘူး အဘွားကြီးရဲ့.. ခင်ဗျားပဲ ဒီတံခါးကို ဖွင့် .. အခု ချက်ချင်းဖွင့်..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက အေးစက်စွာပင်...

"ကောင်းပြီလေ.. ရှင့်ဆန္ဒအတိုင်းပဲပေါ့..."

တံခါးခေါက်သံကြားလိုက်ရပြီးနောက် သာယာသော အသံတစ်သံက...

"ပျောက်ပျက်သွားတဲ့ ပစ္စည်းတွေ ဘယ်ရောက်သွားသလဲ..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက...

"ဘာမှ မဟုတ်တော့တဲ့ အဖြစ်ကို ပြောင်းလဲသွားတယ်.. တစ်နည်းပြောရရင်တော့ အရာအားလုံးနဲ့ ပြန်ပြီး သက်ဆိုင်သွားတယ်..."

"တကယ်ကောင်းတဲ့ အဖြေပဲ..."

ထိုအသံနှင့်အတူ တံခါးမှာ ချက်ချင်း ပွင့်သွား၏..။ အနည်းငယ် ကျန်ရှိနေသော ရေဗင်ကလောများမှာ အမီကပ်စ် မော်တောင်ဝေ့ကိုင်ကာ အထဲသို့ ပြေးဝင်လာသည်နှင့် လှေကားဆီသို့ ပြေးကြတော့သည်..။ သူ့ညီမလိုပင် သူ့မျက်နှာမှာ ကြမ်းတမ်းပြီး မျက်လုံးများမှာ သေးငယ်လှသည်..။ သူ ချက်ချင်းပင်

ကြမ်းပြင်ပေါ်ဝယ် လဲကျနေသော အလက်တိုကို မြင်သွားကာ ကြောက်ရွံ့မှုနှင့် ဒေါသတို့ ပေါင်းစပ်၍ အော်ဟစ်လိုက်သည်…။

"သူတို့ ဘာလုပ်လိုက်ကြတာလဲ.. အားလုံးကို နှိပ်စက်ပြီး မေးပစ်မယ်.. မိစ္ဆာသခင်ကြီးက ဘာပြောမလဲ…"

သူ့ညီမအနီးတွင် ရပ်ကာ သူ့နဖူးသူထုနက်ရင်း အပြင်းအထန် စဉ်းစားနေ၏..။

"ငါတို့ သူ့ကို မမိလိုက်ဘူး… သူတို့က သူ့ကို သတ်သွားကြပြီ.."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက စိတ်မရှည်နိုင်ဟန်ဖြင့်…

"သူမေ့နေတာပါ.. ဘာမှမဖြစ်ပါဘူး…"

အမီကပ်စ်က ပြန်အော်လိုက်သည်…။

"ဘာကိစ္စ ဘာမှ မဖြစ်ရမှာလဲ.. မိစ္ဆာသခင်ကြီးကို သူက သတင်းပို့လိုက်တယ်… ငါတို့ ပေါ်တာကို မိပြီလို့ သူထင်မှာပဲ.. ဒီကိုသာ သူရောက်လာရင် ပြဿနာတက်ပြီ…"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက …

"ပေါ်တာကို မိပြီ.. ဘာလို့ ဒီလိုထင်ရတာလဲ…"

"သူက ပေါ်တာ ရေဗင်ကလောအဆောင်ထဲကို ဝင်လာလိမ့်မယ်လို့ ပြောထားတယ်.. မိတာနဲ့ သူ့ဆီ သတင်းပို့ရမယ်တဲ့…."

"ဘာကိစ္စ ပေါ်တာက ရေဗင်ကလောအဆောင်ထဲကို ဝင်လာရမှာလဲ.. ပေါ်တာက ငါ့အဆောင်ကပဲ…"

မယုံကြည်နိုင်ခြင်းနှင့် ဒေါသသံများကြားတွင် ဂုဏ်ယူမှုပါသော လေသံကို ဟယ်ရီ ကြားလိုက်ရသည်..။ မက်ဂွန်နာဂေါ၏ ခံစားချက်မှာ သူ့ဆီသို့ပါ ကူးစက်လာ၏။

ကာရိုးက…

"ကျုပ်တို့ကို သူ ဒီကိုလာမယ်လို့ပဲ ပြောတာ.. ဘာကိစ္စလဲ.. ဘယ်လိုလုပ် သိမှာလဲ…"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက အခန်းတစ်ခုလုံးကို ဝေ့ဝဲကြည့်လိုက်သည်။ သူနှင့် လူနာရပ်နေသော နေရာကို နှစ်ကြိမ်ခန့် ကြည့်သွား၏..။

အမီကပ်စ်က...

"ကလေးတွေပဲ လွှဲချရမှာပဲ.. ဟုတ်တယ်.. ဒီအကြံအကောင်းဆုံးပဲ.. အလက်တိုကို ကလေးတွေက ချောင်းပြီးတိုက်ခိုက်တယ်လို့ ပြောရမယ်.. နောက်ပြီး သူတို့က အတင်း မိစ္ဆာအမှတ်အသားကို ကိုင်ခိုင်းတယ်.. ဒါကြောင့်မို့လို့ မှားပြီး သတင်းပို့မိတာပါလို့ ပြောရမယ်.. ဒါဆိုရင် သူ ကလေးတွေကိုပဲ အပြစ်ပေးတော့မယ်.. ကလေးတွေ ဘယ်လောက်များများ အရေးမကြီးဘူး..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက...

"အရေးကြီးတာက အမှန်တရားကို ဖုံးကွယ်တာနဲ့ သတ္တိကြောင်တာပဲ.. ရှင့်ကို တစ်ခု ရှင်းအောင် ပြောလိုက်မယ်.. ဟော့ဝဂ်က ကျောင်းသူ ကျောင်းသားတွေကို ဒီလိုလုပ်လို့ မရဘူး.. ကျွန်မ ခွင့်မပြုနိုင်ဘူး..."

"ဘာပြောတယ်..."

အမီကပ်စ်မှာ ရှေ့သို့တိုးသွားရင်း ပရော်ဖက်ဆာ မက်ဂွန်နာဂေါ၏ မျက်နှာနှင့် ထိလုနီးပါးတွင် ရပ်တန့်သွား၏။ သူမမှာ လုံးဝနောက်မဆုတ်ပဲ သူ့ကို စက်ဆုပ်ဖွယ် သတ္တဝါ တစ်ကောင်ပမာ ပြန်ကြည့်နေ၏..။

"ခင်ဗျား ခွင့်ပြုချက်လိုတဲ့ ကိစ္စမဟုတ်ဘူး မက်ဂွန်နာဂေါ .. ခင်ဗျားရဲ့ အချိန်က ကုန်သွားပြီ.. အခု တာဝန်ယူထားတာ ကျုပ်တို့ပဲ.. ကျုပ်တို့ကို ကူညီချင်ရင် ကူညီ.. ဒါမှမဟုတ်ရင် ဒုက္ခတွေ့လိမ့်မယ်.."

သူက မက်ဂွန်နာဂေါ၏ မျက်နှာဆီသို့ တံတွေးတစ်ချက် ထွေးလိုက်၏။

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံအောက်မှ ရုတ်တရက် ထွက်ကာ မှော်တောင်ဝှေးကို မြှောက်လိုက်ရင်း...

"ခင်ဗျား ဒီလို မလုပ်သင့်ဘူး..."

အမီကပ်စ် နောက်သို့ လှည့်ကြည့်လိုက်ချိန်မှာပင် ဟယ်ရီ အော်ဟစ်လိုက်၏..။

"ခရူစီယို.."

ဒက်အိတာမှာ ခြေထောက်များ ကြမ်းပြင်ပေါ်မှ မြောက်တက်သွား၏..။ လေထဲတွင် ရေနစ်နေသူပမာ တွန့်လိမ်ကောက်ကွေးနေပြီး နာကျင်မှုဖြင့် အသည်းအသန် အော်ဟစ်နေ၏..။ ထို့နောက် စာအုပ်စင်ရှိရာသို့ လွင့်စင်သွားပြီး မှန်ကွဲများနှင့်အတူ ကြမ်းပြင်ပေါ်ပြုတ်ကျကာ ငြိမ်သက်သွား၏..။

ဟယ်ရီက အလွန်အမင်း စိတ်ဆိုးနေရင်းမှ..

"ဘဲလ်ထရစ်ပြောတာ ငါသဘောပေါက်ပြီ.. တကယ် နှိပ်စက်ချင်တဲ့ စိတ်ရှိဖို့ လိုတယ်..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ရင်ဘတ်ကို လက်ဖြင့်ဖိရင်း...

"ပေါ်တာ.. ပေါ်တာ .. မင်း ဒီမှာ ရှိနေပါလား.. ဘာ.. ဘယ်လို.."

သူမမှာ စိတ်အာရုံကို အတော်စုစည်းယူပြီးမှ...

"ပေါ်တာ .. ဒါမိုက်မဲတာပဲ..."

ဟယ်ရီက...

"သူက ပရော်ဖက်ဆာကို တံတွေးနဲ့ ထွေးတယ်လေ.."

"ပေါ်တာ.. ဒါ.. ဒါ.. တကယ့်ကို ရဲရင့်တဲ့ အပြုအမူပါပဲ .. ဒါပေမယ့် မင်းမသိဘူးလား..."

"ကျွန်တော် သိပါတယ်... ပရော်ဖက်ဆာ .. ဗိုဒီမော့ ဒီကိုလာနေပြီ..."

"အိုး.. ငါတို့ အဲဒီ့နာမည်ကို ပြောခွင့်ရှိပြီလား..."

လူနာက စိတ်ဝင်တစားမေးရင်း ကိုယ်ပျောက်ဝတ်ရုံကို ဆွဲချလိုက်သည်..။ နောက်ထပ် ရှောင်တိမ်းထွက်ပြေးနေသူ တစ်ယောက်ကိုပါ ထပ်မြင်လိုက်ရသောအခါ ပရော်ဖက်ဆာ မက်ဂွန်နာဂေါခမျာ မည်သို့မျှ တောင့်မခံနိုင်တော့ပဲ အနီးရှိ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရသည်။ ရင်ဘတ်ကိုမူ လက်နှင့် ဖိထားရဆဲပင်...။

ဟယ်ရီက လူနာ့အား...

"သူ့ကို ဘယ်လိုပဲခေါ်ခေါ် အရေးမကြီးတော့ဘူး.. ငါဘယ်မှာလဲဆိုတာ သူသိသွားပြီပဲ..."

ဟယ်ရီ့အမာရွတ်နှင့် ဆက်စပ်နေသော ဦးနှောက်အစိတ်အပိုင်းထဲတွင် ဗိုဒီမော့တစ်ယောက် အစိမ်းရောင်လှေပေါ်မှ ရေကန်မည်းကြီးကို ဖြတ်ကျော် ရွက်လွှင့်သွားနေ၏..။ သူ ရေကန်အလယ်ရှိ ကျောက်ရေခွက်တည်ရှိရာ ကျွန်းလေးဆီသို့ ရောက်ပေတော့မည်..။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ...

"မင်း ပြေးမှ ဖြစ်မယ် ပေါ်တာ.. မြန်နိုင်သမျှ မြန်မြန် ပြေးပေတော့..."

ဟယ်ရီက...

"ဒီလိုလုပ်လို့ မဖြစ်ဘူး ပရော်ဖက်ဆာ.. ကျွန်တော် လုပ်စရာ ကိစ္စလေးတွေ ရှိသေးတယ်.. ရေဗင်ကလောရဲ့ သရဖူ ဘယ်မှာ ရှိသလဲဆိုတာ သိသလား ပရော်ဖက်ဆာ.."

သူမက ထိုင်ခုံပေါ်တွင် ခပ်မတ်မတ်ပြင်ထိုင်ရင်း...

"ရေဗင်ကလောရဲ့ သရဖူ .. ဘယ်သိပါမလဲ.. ပျောက်နေတာ ရာစုနှစ်နဲ့ ချီနေပြီပဲ.. ပေါ်တာ.. ဒီရဲတိုက်ထဲကို မင်းပြန်ဝင်လာတာ တကယ်ရူးတာပဲ..."

ဟယ်ရီက...

"ကျွန်တော် ပြန်မလာလို့ မဖြစ်ဘူး.. ဒီမှာ ဝှက်ထားတဲ့ ပစ္စည်းတစ်ခုကို ကျွန်တော် ရှာရမယ်.. အဲဒီ့ပစ္စည်းဟာ သရဖူဖြစ်နိုင်တယ်.. ပရော်ဖက်ဆာ ဖလစ်ဝစ်နဲ့ တွေ့ခွင့်ရရင်..."

လှုပ်ရှားသံနှင့်အတူ အမီကပ်စ်မှာ သတိပြန်ရလာ၏..။

ဟယ်ရီနှင့်လူနာ ဘာမှ မလုပ်နိုင်ခင်မှာပင် ပရော်ဖက်ဆာ မက်ဂွန်နာဂေါက နေရာမှထကာ သူမ၏မှော်တောင်ဝှေးဖြင့် ချိန်လိုက်ပြီး...

"အင်ပါရီယို..."

အမီကပ်စ်မှာ နေရာမှထလာကာ သူ့ညီမ၏ မှော်တောင်ဝှေးကို ကောက်ယူရင်း သူ့မှော်တောင်ဝှေးနှင့်အတူ ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်ထံ အပ်နှံလိုက်၏..။ ထို့နောက် အလက်တို၏ ဘေးတွင်သွားကာ လဲလျောင်းနေတော့သည်..။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သူမ၏မော်တောင်ဖေ့းကို နောက်တစ်ကြိမ် ဖေ့ယမ်းလိုက်ရာ ငွေရောင်ကြိုးတစ်ခု လေထဲတွင် ဘွားကနဲ ပေါ်လာပြီး နှစ်ယောက်စလုံးကို တင်းကျပ်စွာ ပူးချည်ထားလိုက်တော့သည်။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သူ့ဘက်သို့ လှည့်လိုက်ရင်း...

"ပေါ်တာ.. မိစ္ဆာကောင်ကြီးက မင်း ဒီမှာ ရှိတာကို တကယ်ပဲ သိတယ်ဆိုရင်..."

သူမ စကားမဆုံးခင်မှာပင် ဟယ်ရီ့တစ်ကိုယ်လုံးသို့ အမာရွတ်ဆီမှ နာကျင်မှုက ပြင်းထန်စွာ ပျံ့နှံ့သွားပြီးနောက် ဆေးရည်များ ထည့်ထားသော ကျောက်သားရေခွက်လေးကို မြင်လိုက်ရသည်..။ ကြည်လင်နေပြီဖြစ်သော ဆေးရည်များ၏ အောက်ခြေတွင် မည်သည့်ရွှေလော့ကတ်ကိုမှ မတွေ့ရချေ။

"ပေါ်တာ.. မင်းနေကောင်းရဲ့လား.."

ဟယ်ရီ ထိုစကားသံနှင့်အတူ သတိပြန်ဝင်လာချိန်ဝယ် လဲပြိုကျမသွားစေရန် လူနာ့ပခုံးကို ကိုင်ထားရ၏..။

"အချိန်မရှိတော့ဘူး... ဗိုဒီမော့ တဖြည်းဖြည်း နီးလာနေပြီ.. ပရော်ဖက်ဆာ ကျွန်တော် ဒမ်ဘယ်လ်ဒိုးရဲ့ အမိန့်အတိုင်း ဆောင်ရွက်နေတာပါ.. သူ ကျွန်တော့်ကို ရှာခိုင်းခဲ့တဲ့ ပစ္စည်းကို ရှာနေတာ.. ဒါပေမယ့် ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားတွေ အားလုံးကို ထွက်ခွာခိုင်းမှ ဖြစ်မယ်..ကျွန်တော် ကတော့ ရဲတိုက်ထဲမှာ လိုက်ရှာရဦးမယ်.. ဗိုဒီမော့လိုချင်တာက ကျွန်တော်ပဲ.. ဒါပေမယ့် သူက လူပိုသတ်ရလည်း ဂရုစိုက်မှာ မဟုတ်ဘူး..."

သူ၏ ဝိညာဉ်ကိုယ်ပွားများ တိုက်ခိုက်ဖျက်ဆီးခံနေရချိန်တွင် ဗိုဒီမော့ ဘာကိုမျှ ဂရုစိုက်မည် မထင်ပေ..။

"မင်းက ဒမ်ဘယ်လ်ဒိုးရဲ့ အမိန့်အတိုင်း လုပ်နေတယ်.. ဟုတ်လား..."

ထို့နောက် သူမက ရုတ်တရက်ပင် မားမားမတ်မတ် ရပ်လိုက်ရင်း...

"မင်း ဒီပစ္စည်းကို ရှာနေတုန်း ကျောင်းထဲကို မိစ္ဆာကောင်ကြီး ဝင်မလာနိုင်အောင် ငါတို့ တားပေးထားမယ်..."

"အဲဒီ့လို ဖြစ်နိုင်သလား..."

"ဖြစ်နိုင်ပါလိမ့်မယ်.. ငါတို့ ဒီကဆရာတွေအားလုံး မှော်ပညာသိပ်ကောင်းကြတယ်.. ငါတို့အားလုံး စုပေါင်းပြီး ကြိုးစားရင် သူ့ကို ခဏတော့ ထိန်းထားနိုင်မှာပါ.. ဒါပေမယ့် အရင်ဆုံး ပရော်ဖက်ဆာ စနိပ်ကို ရှင်းရမယ်..."

"ကျွန်တော် တာဝန်ယူ..."

"ပြီးတော့ ဟော့ဝဂ်က မိစ္ဆာသခင်ကြီးကို ခုခံတော့မယ်ဆိုရင် အပြစ်မဲ့တဲ့ လူတွေ တတ်နိုင်သမျှ အပြင်ကို ထုတ်နိုင်ဖို့လိုတယ်.. ဖလူကွန်ယက်တွေကလည်း စောင့်ကြည့်ခံနေရတယ်.. ဒီနေရာကလည်း ကိုယ်ယောင်ဖျောက်လို့ မရဘူး..."

"နည်းလမ်းရှိပါတယ်..."

ဟယ်ရီ အမြန်ဆုံးပင် ဟော့မိဒ်ကို ရောက်နိုင်သည့် လမ်းကြောင်းအကြောင်းကို ပြောပြလိုက်သည်...။

"ပေါ်တာ.. ကျောင်းသား ကျောင်းသူတွေက ရာနဲ့ချီနေတာနော်.."

"ကျွန်တော် သိပါတယ် ပရော်ဖက်ဆာ.. ဒါပေမယ့် ဗိုဒီမော့နဲ့ ဒက်အိတာတွေက ကျောင်းကိုပဲ အာရုံစိုက်ကြမှာပါ.. ဟော့မိဒ်ကနေ ကိုယ်ယောင်ဖျောက်သွားတဲ့ သူတွေကို စိတ်ဝင်စားမယ် မထင်ပါဘူး..."

သူမက သဘောတူလိုက်ရင်း မှော်တောင်ဝှေးဖြင့် ကာရီးတို့ကို ချိန်ရွယ်လိုက်သည်။ ငွေရောင်ပိုက်ကွန်တစ်ခု ပြုတ်ကျလာကာ သူတို့ကို ချည်နှောင်ပြီး အပေါ်သို့ မတင်သွား၏..။ ထို့နောက်တွင် အပြာရောင် မျက်နှာကျက်၌ ဇရာမ ငါးကြီးနှစ်ကောင်ကို ချိတ်ဆွဲထားသည့်နှယ် ဖြစ်နေတော့သည်...။

"လာကြ.. ငါတို့ ဆရာတွေကို သတင်းပို့ရမယ်.. မင်းတို့ ဝတ်ရုံပြန်ခြုံထားရင် ကောင်းမယ်..."

သူမက တံခါးပေါက်ဆီသို့ ဦးတည်ရင်း မှော်တောင်ဝှေးကို မြှောက်လိုက်၏..။ တောင်ဝှေးထိပ်ဖျားမှ ငွေရောင်ကြောင်သုံးကောင် ခုန်ပေါက်ထွက်လာ၏။ အစောင့်အရှောက်များမှာ ရှေ့မှ ဦးဆောင်ပြေးသွားကြရာ ကြောင်လိမ်လှေကားတစ်ခုလုံး ငွေရောင်အလင်းများဖြင့် ပြည့်နှက်သွား၏..။ ဟယ်ရီနှင့် လူနာတို့မှာ ကိုယ်ပျောက်ဝတ်ရုံခြုံလျှက် သူမ၏ နောက်မှ အပြေးလိုက်ကြရသည်။

သူတို့ အောက်ဘက်သို့ နှစ်ထပ်တိတိ ဆင်းပြီချိန်ဝယ် နောက်ထပ် ခြေသံများကို ကြားလိုက်ရသည်..။ ဟယ်ရီက ထိုခြေသံကို အရင်ကြားလိုက်သဖြင့် လည်ပင်းရှိ အိတ်ထဲမှ မရူဒါမြေပုံကို ထုတ်ကြည့်ရန်

ကြိုးစားလိုက်သည်..။ သို့ရာတွင် သူ မြေပုံကို မထုတ်နိုင်ခင်မှာပင် မက်ဂွန်နာဂေါလည်း သတိပြုမိသွားကာ သူမ၏ မှော်တောင်ဝှေးကို အသင့်ပြင်ရင်း...

"ဘယ်သူလဲ..."

"ငါပါ..."

သံချပ်ကာရုပ်တစ်ခုနောက်မှ ထွက်လာသော ဆီးဗားရပ်စ် စနိပ်ကို တွေ့လိုက်ရသည်..။ သူ့ကို မြင်လိုက်ရသည်နှင့် ဟယ်ရီ့ရင်ထဲမှ အမုန်းမှာ မီးတောင်တစ်ခုလို ပေါက်ကွဲလာ၏..။ စနိပ်မှာ ညဝတ်အင်္ကျီနှင့် မဟုတ်ပေ..။ သူဝတ်နေကျ အနက်ရောင် ဝတ်ရုံကို ဝတ်ဆင်ထားပြီး မှော်တောင်ဝှေးကို အသင့် အနေအထားနှင့် ကိုင်ထား၏..။ သူက...

"ကာရိုးမောင်နှမ ဘယ်ရောက်နေကြသလဲ..."

"ရောက်ချင်တဲ့နေရာ ရောက်နေကြမှာပေါ့..."

စနိပ်က အနီးသို့ လျှောက်လာရင်း.. ပရော်ဖက်ဆာ မက်ဂွန်နာဂေါနှင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်..။ ဟယ်ရီ ထိုနေရာတွင် ရှိနေသည်ဟု သိနေသလိုပင်..။ ဟယ်ရီ မှော်တောင်ဝှေးကို မြှောက်ရင်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်..။ စနိပ်က...

"အလက်တိုက ခိုးဝင်လာတဲ့ သူကို ဖမ်းမိထားတယ်လို့ ထင်တယ်.."

"ဟုတ်လား.. ဘာလို့ အဲဒီ့လို ထင်ရတာလဲ..."

စနိပ်က သူ့ဘယ်လက်မှ မိစ္ဆာအမှတ်အသားကို သူမ မြင်စေရန် ပြလိုက်သည်..။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက...

"ဟုတ်သားပဲ.. ရှင်တို့ ဒက်အီတာတွေမှာ ကိုယ်ပိုင်ဆက်သွယ်ရေး စနစ်တွေ ရှိတာ ကျွန်မမေ့သွားတယ်..."

စနိပ်က သူမ၏ စကားကို မကြားဟန်ဆောင်၍ ပတ်ဝန်းကျင်ကိုသာ လှည့်ပတ်ကြည့်ရင်း အနီးသို့ ပို၍ တိုးကပ်လာ၏..။

"မီနာဗာ ဒီညက ခင်ဗျား ကင်းလှည့်ရမယ့် ည ဟုတ်ပုံမရဘူး..."

"ရှင်က ကန့်ကွက်ချင်လို့လား..."

“ဒီလို အချိန်မတော်ကြီး ဘာကိစ္စ အိပ်ရာက ထလာရတာလဲ…”

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက …

“ဆူဆူညံညံတွေ ကြားမိသလားလို့ပါ…”

“ဟုတ်လား.. ကြည့်ရတာတော့ အေးအေးဆေးဆေးပါပဲ..”

စနိပ်က သူမ၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်ရင်း…

“ဟယ်ရီပေါ်တာကို မြင်လိုက်မိသလား မီနာဗာ.. မြင်မိတယ်ဆိုရင်လည်း…”

ပရော်ဖက်ဆာ မက်ဂွန်နာဂေါမှာ ဟယ်ရီ မယုံကြည်နိုင်လောက်အောင်ပင် လျင်မြန်စွာ လှုပ်ရှားလိုက်၏..။ သူမ၏ မှော်တောင်ဝှေး လှုပ်ရှားသွားပြီးနောက် စနိပ်တစ်ယောက် လဲကျမေ့မျောသွားလိမ့်မည်ဟု ဟယ်ရီ ထင်လိုက်သည်..။ သို့ရာတွင် စနိပ်၏ အလွန်လျင်မြန်လှသော ဒိုင်းအကာအကွယ်ကြောင့် ထိခိုက်မှု မရှိခဲ့ချေ…. မက်ဂွန်နာဂေါက မှော်တောင်ဝှေးဖြင့် နံရံမှ မီးတိုင်တစ်ခုကို ဆွဲယူပစ်လွှတ်လိုက်သည်..။

စနိပ်အား ကျိန်စာတိုက်ရန် ပြင်နေသော ဟယ်ရီမှာ ရုတ်တရက် ပြုတ်ကျလာသော မီးများကြောင့် လူနာ့ကို ဆွဲဖယ်ကာ ရှောင်တိမ်းလိုက်ရသည်..။ မီးတောက်များမှာ မီးကွင်းတစ်ခုပမာ ဖြစ်သွားကာ စနိပ်ထံ ပျံသန်းသွား၏…။

သို့ရာတွင် ချက်ချင်းပင် မီးကွင်းမှာ အနက်ရောင် မြွေကြီးတစ်ကောင် ဖြစ်သွား၏..။ မက်ဂွန်နာဂေါက မြွေကြီးကို မီးခိုးငွေ့များအဖြစ် ပြောင်းလဲပစ်ကာ ချက်ချင်းပင် ဓားပျံအုပ်လုပ်ကြီး ပြန်ဖြစ်၍ စနိပ်ထံ ဦးတည် ပျံသန်းသွားကြသည်။ စနိပ်က အနီးရှိ သံချပ်ကာရုပ်ကြီးကို ဆွဲယူကာ ကာကွယ်လိုက်၏..။ ဓားများမှာ သံချပ်ကာရုပ်၏ ရင်ဘတ်ထဲသို့ တစ်ချောင်းပြီး တစ်ချောင်း နစ်မြုပ်ဝင်သွား၏။

“မီနာဗာ…”

ဟူသော အသံနှင့်အတူ ပရော်ဖက်ဆာ ဖလစ်ဝစ်နှင့် စပရောက်တို့ ညဝတ်အင်္ကျီများနှင့် အပြေးအလွှား လာနေကြသည်..။ ဝဖိုင့်လှသော ပရော်ဖက်ဆာ စလပ်ဟွန်းမှာမူ နောက်မှ ဟောဟဲလိုက်လျှက် ပါလာ၏..။

“မင်း ဟော့ဝဂ်မှာ နောက်ထပ် လူသတ်ဦးမလို့လား…”

ဖလစ်ဝစ်၏ ဂါထာမှာ စနိုပ်အကာအကွယ်ယူထားသော သံချပ်ကာကို ထိမှန်သွားပြီး ချက်ချင်းပင် အသက်ဝင်လာ၏..။ စနိုပ်က သူ့ကို ချုပ်ကိုင်ထားသော သံချပ်ကာရုပ်၏ လက်များကို လွတ်အောင်ရုန်းရင်း သူ့ကို တိုက်ခိုက်သူများထံ ပြန်ပစ်လိုက်၏..။

ဟယ်ရီနှင့် လူနာတို့ ဒိုင်ဗင်ထိုးကာ ရှောင်တိမ်းလိုက်ရပြီး သံချပ်ကာမှာ နံရံနှင့်ထိကာ တစ်စစီ ဖြစ်သွား၏...။ ဟယ်ရီ ခေါင်းမော့ကြည့်လိုက်ချိန်ဝယ် စနိုပ် သေပြေးရှင်ပြေး ပြေးနေရပြီး မက်ဂွန်နာဂေါ .. ဖလစ်ဝစ်နှင့် စပရောက်တို့က နောက်မှ သဲကြီးမဲကြီး လိုက်လျှက်ရှိသည်။ စနိုပ်က စာသင်ခန်းတစ်ခုအတွင်း ဝင်ပြေးသွားပြီး မကြာခင်မှာပင် မက်ဂွန်နာဂေါ၏ အော်ဟစ်သံကို ကြားလိုက်ရသည်။

“ငကြောက်.. သတ္တိမရှိဘူးလား...”

လူနာက..

“ဘာတွေ ဖြစ်ကုန်ကြပြီလဲ..”

ဟယ်ရီ သူမကို တွဲထူရင်း အပြေးအလွှားပင် စာသင်ခန်းထဲသို့ ဝင်ခဲ့ကြသည်..။ မက်ဂွန်နာဂေါ.. ဖလစ်ဝစ်နှင့် စပရောက်တို့မှာ ကျိုးပဲ့နေသော ပြတင်းပေါက်အနားတွင် ရှိနေကြသည်..။

ဟယ်ရီနှင့် လူနာတို့ အခန်းတွင်း ဝင်လာသည်နှင့် မက်ဂွန်နာဂေါက..

“သူ ခုန်ချသွားပြီ...”

ဟယ်ရီက ပြတင်းပေါက်ဆီ ပြေးသွားရင်း..

“သူ သေပြီလား...”

သူ ရုတ်တရက် ပေါ်လာ၍ အလန့်တကြား ထအော်သော ဖလစ်ဝစ်နှင့် စပရောက်တို့ကို သူ ခဏမေ့ထားလိုက်၏..။

မက်ဂွန်နာဂေါက ရွံ့မုန်းစွာဖြင့်...

“သူ သေမှာ မဟုတ်ဘူး.. ဒမ်ဘယ်လ်ဒိုးလို မဟုတ်ဘူး.. သူနဲ့အတူ မှော်တောင်ဝှေးပါသွားတယ်.. သူ့ရဲ့ သခင်ကြီးဆီက မှော်ပညာ အသစ်တွေလည်း ရထားပုံပဲ...”

ဟယ်ရီ ပြတင်းပေါက်မှ ကြည့်လိုက်ရာ ခပ်ဝေးဝေးဝယ် ဧရာမ လင်းနို့သဏ္ဍာန်ကြီးတစ်ခု နံရံကိုကျော်၍ ပျံသန်းသွားသည်ကို ထိတ်လန့်စဖွယ် တွေ့ရ၏..။

သူတို့နောက်မှ လေးလံသော ခြေသံများကို ကြားလိုက်ရပြီး အလွန်မောဟိုက်စွာဖြင့် စလပ်ဟွန်း သူတို့ကို မီလာ၏..။

သူက မောပန်းနေရင်းမှ ...

"ဟယ်ရီပါလား.. တကယ်အံ့ဩစရာပဲ.. ဘာတွေ ဖြစ်ကုန်ပြီလဲ မီနာဗာ.. ရှင်းပြစမ်းပါဦး.. ဆီးဗားရပ်စ်ရော.."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ပြတင်းပေါက်မှ အပေါက်ကို လက်ညှိုးထိုးပြရင်း...

"ကျွန်မတို့ရဲ့ ကျောင်းအုပ်ကြီး ခဏခွင့်ယူသွားတယ်..."

"ပရော်ဖက်ဆာ..."

ဟယ်ရီ သူ့နဖူးကို လက်နှင့်အုပ်ရင်း အော်ဟစ်လိုက်သည်× × ×

သူ့အောက်ဘက်တွင် အင်ဖာရီ အလောင်းကောင်များနှင့် ပြည့်နှက်နေသော ရေကန်ကို မြင်နေရ၏..။ အစိမ်းရောင်လှေ ကမ်းသို့ ဆိုက်မိသည်နှင့် လူသတ်ချင်စိတ်တို့နှင့် ပြည့်နေသော ဗီဒီမော့ ကမ်းပေါ်သို့ ခုန်တက်လိုက်၏...။

"ပရော်ဖက်ဆာ .. အခုချက်ချင်း ကျောင်းကို ပိတ်ဆို့ထားမှ ဖြစ်မယ်.. သူလာနေပြီ..."

မက်ဂွန်နာဂေါက အခြားဆရာများအား...

"ကောင်းပြီ.. အခု မိစ္ဆာသခင်ကြီး ဒီကိုလာနေပြီ.."

စပရောက်နှင့် ဖလစ်ဝစ်တို့မှာ အလန့်တကြား ဖြစ်သွားပြီး စလပ်ဟွန်းမှာ ညည်းညူလိုက်၏..။

"ပေါ်တာမှာ ဒမ်ဘယ်လ်ဒိုးရဲ့ အမိန့်နဲ့ ရဲတိုက်ထဲမှာ လုပ်စရာ ကိစ္စရှိတယ်.. သူ အဲဒီ့ကိစ္စလုပ်နေတဲ့ အချိန်မှာ ကျွန်မတို့ တတ်နိုင်သမျှ အကာအကွယ်တွေ လုပ်ထားရလိမ့်မယ်..."

ပရောက်ဖက်ဆာ ဖလစ်ဝစ်က...

“ငါတို့ လုပ်သမျှက မိစ္ဆာကောင်ကြီးကို လုံးဝကြီးတော့ တားထားနိုင်မှာ မဟုတ်ဘူးဆိုတာ မင်းသိတယ်နော်...”

ပရော်ဖက်ဆာ စပရောက်က...

“ဒါပေမယ့် ငါတို့ အတိုင်းအတာ တစ်ခုအထိတော့ ထိန်းထားနိုင်ပါတယ်...”

“ကျေးဇူးပဲ ပိုမိုနာ...”

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ပြန်ပြောရင်း နှစ်ယောက်သား နားလည် သဘောပေါက်စွာ ပြုံးလိုက်ကြသည်...။

“ငါတို့ အရင်ဆုံး အကာအကွယ်တွေ လုပ်ကြမယ်.. ပြီးတော့ ကျောင်းသားတွေကို စုပြီး ခန်းမကြီးထဲမှာ ဆုံကြမယ်.. အများစုကို လွတ်အောင် အပြင်ကို ထွက်ခိုင်းရမယ်.. ဒါပေမယ့် အရွယ်ရောက်ပြီးတဲ့သူတွေက နေခဲ့ချင်တယ် တိုက်ခိုက်ချင်တယ် ဆိုရင်တော့ သူတို့ကို အခွင့်အရေး ပေးသင့်တယ်လို့ ထင်တာပဲ...”

“သဘောတူတယ်...”

ပရော်ဖက်ဆာ စပရောက်က တံခါးဆီသို့ အပြေးအလွှားသွားရင်းမှ...

“ငါ့ရဲ့ ကျောင်းသားတွေနဲ့ အတူတူ မိနစ်နှစ်ဆယ်အတွင်း ခန်းမကြီးထဲမှာ ဆုံမယ်...”

သူမ အခန်းထဲမှ အပြေးအလွှား ထွက်သွားရင်း ရေရွတ်သွားသော စကားသံများကို ကြားနေရ၏..။

“တန်တာကူလာ.. မိစ္ဆာထောင်ချောက်ပင်.. ပြီးတော့ စနာဂလပ်ဖ် ကောင်းတယ်.. အဲဒါတွေနဲ့ ဒက်အိတာတွေကို ပေးတွေ့ရမယ်...”

“ငါကတော့ ဒီကပဲ အလုပ်စတော့မယ်...”

ဖလစ်ဝစ်က သူ၏ မှော်တောင်ဝှေးကို ပြတင်းပေါက်မှ အပြင်သို့ ညွှန်ရင်း ရှုပ်ထွေးလှသော ဂါထာများကို ရေရွတ်နေ၏။ ထူးခြားသော ဆူညံလှသော အသံများကို ဟယ်ရီ ကြားလိုက်ရ၏..။ ဖလစ်ဝစ် သူ၏ မှော်ပညာဖြင့် မြေပြင်ကို ကာကွယ်နေခြင်း ဖြစ်သည်..။

"ပရော်ဖက်ဆာ..."

ဟယ်ရီက ဂါထာမန္တန်ဆရာအနီး ချဉ်းကပ်ရင်း...

"ပရော်ဖက်ဆာ .. နှောင့်ယှက်ရတာ စိတ်မကောင်းပါဘူး.. ဒါပေမယ့် အရေးကြီးလို့ပါ.. ရေဗင်ကလောရဲ့ သရဖူ ဘယ်မှာရှိသလဲ သိသလား မသိဘူး..."

"ပရိုတီဂို ဟော်ရစ်ဘီလစ်.. ရေဗင်ကလော သရဖူဟုတ်လား.. ဉာဏ်ပညာပိုကောင်းလာတာ ကတော့ ကောင်းပါတယ် ပေါ်တာ.. ဒါပေမယ့် ဒီအခြေအနေမှာ သိပ်ပြီး အသုံးဝင်မယ် မထင်ဘူး.."

"ကျွန်တော် ဆိုလိုတာက မြင်ဖူးသလားလို့ပါ.."

"မြင်ဖူးသလား.. ဟုတ်လား.. ဘယ်သူမှ မမြင်ဖူးဘူး.. ပျောက်သွားတာ ဘယ်လောက်ကြာပြီလဲ ကောင်လေးရဲ့..."

ဟယ်ရီ စိတ်ပျက်မှုနှင့် ကြောက်ရွံ့မှုကို ရောထွေးခံစားလိုက်ရသည်။ မည်သည့်ပစ္စည်းက ဝိညာဉ်ကိုယ်ပွား ဖြစ်နိုင်ကြောင်း သူ မသိတော့ပေ..။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ဟယ်ရီနှင့် လူနာတို့ကို သူ့နောက်သို့ လိုက်ခဲ့ရန် အချက်ပြရင်း...

"ရေဗင်ကလောအဖွဲ့တွေနဲ့ ခန်းမကြီးမှာ ဆုံမယ် ဖိလိယပ်စ်..."

သူတို့ အခန်းဝရောက်ချိန်မှာပင် စလပ်ဟွန်းက...

"ငါ ... ငါတို့က ဘာလုပ်ရမှာလဲ.. ဒီလိုလုပ်တာ သိပ်ပြီး မိုက်မဲရာ မကျလွန်းဘူးလား မီနာဗာ.. သူ အထဲကိုဝင်ဖို့ လမ်းရှာလို့ တွေ့မှာပဲ.. သူ့ကို နှောင့်နှေးအောင် တားဆီးတဲ့ လူတွေမှန်သမျှ အန္တရာယ် အရမ်းကြီး..."

"ရှင်နဲ့ စလေသရင်အဖွဲ့သားတွေ အကုန်လုံးကို ခန်းမကြီးထဲမှာ မိနစ်နှစ်ဆယ်အတွင်း တွေ့ချင်တယ်.. ရှင့်ရဲ့ ကျောင်းသားတွေနဲ့အတူ ရှင်ပါ ထွက်ခွာသွားချင်တယ် ဆိုရင် ကျွန်မတို့ မတားပါဘူး.. ဒါပေမယ့် ကျွန်မတို့ ခုခံတာကို တားဆီးဖို့ ရဲတိုက်ထဲမှာ ကြံစည်ရင်တော့ သေသေကျေကျေ ယှဉ်ရလိမ့်မယ်..."

"မီနာဗာ.."

"စလေသရင်တွေ ဘယ်ဘက်ကို သစ္စာရှိမလဲ ဆုံးဖြတ်ရမယ့် ကာလပဲ.. ရှင့်ရဲ့ ကျောင်းသားတွေကို သွားနှိုးပေတော့ ဟိုရေ့စ်..."

ဟယ်ရီနှင့် လူနာတို့ မက်ဂွန်နာဂေါနောက် အပြေးလိုက်ခဲ့ကြသည်..။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ကော်ရစ်ဒါအလယ်တွင် ရပ်ရင်း မှော်တောင်ဝှေးကို မြှောက်၍ ...

"မီရာကိုတမ်.. အိုး.. ဒုက္ခပါပဲ .. ဖေ့ချ်..."

ကျောင်းစောင့်ကြီးမှာ အော်ဟစ်ရင်း ပြေးလာနေ၏..။

"ကျောင်းသားတွေ အပြင်ရောက်ကုန်ကြပြီ.. အပြင်ထွက်ကုန်ကြပြီ.."

မက်ဂွန်နာဂေါက..

"သူတို့ အပြင်ကို ထွက်သင့်လို့ ထွက်ကြတာ.. အခုချက်ချင်း တစ်ခုခု အကျိုးရှိတာ သွားလုပ်စမ်း.. ပီးဗက်ကို သွားရှာ..."

"ပီး.. ပီးဗက်.. ဟုတ်လား..."

ဖေ့ချ်က ထိုနာမည်ကို တစ်ခါမှ မကြားဖူးသလို ထိတ်လန့်သွား၏...။

"ဟုတ်တယ်.. ပီးဗက်ပဲ.. မြန်မြန်သွားခေါ်လာခဲ့စမ်းပါ..."

ဖေ့ချ်မှာ ပရော်ဖက်ဆာ မက်ဂွန်နာဂေါနှင့် ဝေးရာသို့ အမြန်ပြေးတော့သည်။ သို့ရာတွင် ပါးစပ်မှမူ မကျေမနပ်နှင့် တတွတ်တွတ် ရေရွတ်သွားသေး၏..။

"ပီရာတိုတမ်လိုကိုမိုတာ..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက အော်ဟစ်လိုက်၏..။ ကော်ရစ်ဒါ တစ်လျှောက်ရှိ ရုပ်တုများ သံချပ်ကာအင်္ကျီများမှာ သူတို့၏ စင်မြင့်များပေါ်မှ ခုန်ချလာကြသည်..။ အပေါ်ထပ်နှင့် အောက်ထပ်များဆီမှလည်း ပဲ့တင်သံများ ကြားနေရ၏..။ ရဲတိုက်တစ်ခုလုံးတွင် ရှိသမျှ ရုပ်တုများ သံချပ်ကာများ နိုးထလာပြီဖြစ်ကြောင်း ဟယ်ရီ သိလိုက်သည်...။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ...

"ဟော့ဝဂ်မှာ အန္တရာယ် ကျရောက်နေပြီ.. အစောင့်အရှောက်တွေ အားလုံး ကာကွယ်ကြ.. ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ကြ..."

ရုပ်တုများနှင့် သံချပ်ကာဝတ်စုံများမှာ အော်ဟစ်ရင်း ဟယ်ရီတို့ကို ဖြတ်ကျော်ချီတက်သွား၏..။ တချို့မှာ ဧရာမ ရုပ်တုကြီးများဖြစ်ကာ အချို့မှာ ခပ်သေးသေးပင်..။ တိရစ္ဆာန်ရုပ်တုများလည်း ပါသလို သံချပ်ကာဝတ်စုံများမှာလည်း ဓားများ တင်းပုတ်များ သံကြိုးများနှင့် ချီတက်သွားကြ၏..။

မက်ဂွန်နာဂေါက...

"ကဲ .. ပေါ်တာ.. မင်းနဲ့ မစ္စလဖ်ဂွဒ်တို့က မင်းတို့သူငယ်ချင်းတွေကို ပြန်ခေါ်ခဲ့ကြ.. ငါက ဂရစ်ဖင်ဒေါ အဆောင်ကို သွားနိုးမယ်.. ပြီးရင် ခန်းမကြီးမှာ ဆုံမယ်.."

နောက်ထပ် လှေကားတစ်ခုထိပ်ဝယ် သူတို့ လူစုခွဲလိုက်ကြသည်။ ဟယ်ရီ နှင့် လူနာမှာ လိုတရ အခန်းတံခါးရှိရာသို့ ပြန်ပြေးကြသည်..။ လမ်းတစ်လျှောက်ဝယ် ကျောင်းသားများကို တွေ့ရပြီး အများစုမှာ ညဝတ်အင်္ကျီပေါ်မှ ဝတ်ရုံရှည်များ ထပ်ဝတ်ထားကြပြီး ခန်းမကြီးရှိရာသို့ ကျောင်းသားခေါင်းဆောင်များ ဆရာများ နောက်မှ အပြေးအလွှား လိုက်နေကြ၏..။

"အဲဒါ ပေါ်တာပဲ..."

"ဟယ်ရီပေါ်တာ..."

"အဲဒါ သူပဲ.. ငါ ကျိန်ပြောရဲတယ်.. ငါ ခုပဲ မြင်လိုက်တယ်.."

စကားသံများ ကြားနေရသော်လည်း ဟယ်ရီ နောက်ပြန်မကြည့်ပဲ လိုတရ အခန်းတံခါးဝဆီသို့သာ ဦးတည်ပြေးလွှားလာခဲ့သည်။ ဟယ်ရီ တံခါးဝကို မှီလိုက်သည်နှင့် တံခါးပွင့်သွားပြီး သူနှင့် လူနာတို့ မတ်လှသော လှေကားထစ်များအတိုင်း အပြေးဆင်းလာခဲ့ကြသည်။

"ဟာ..."

အခန်းထဲရှိ မြင်ကွင်းကြောင့် ဟယ်ရီ လှေကားထစ်အတော်များများကို ကျော်လွှားကာ ဆင်းမိသွားလောက်အောင် အံ့သြသွား၏..။ သူထွက်လာစဉ်ကထက် လူများ ပိုများနေ၏..။ ပြည့်ကျပ်နေသည်ဟု ဆိုလျှင် ပိုမှန်ပေလိမ့်မည်..။ ကင်းစလေနဲ့ လူပင်တို့မှာ သူ့ကို ကြည့်နေ၏..။ အိုလီဗာဝုဒ်.. ကေတီဘဲလ်.. အန်ဂျလီနာဂျွန်ဆင်နှင့် အလီရှာစပင်နက် .. ဘီလ်နှင့် ဖလူရာ... မစ္စတာနှင့် မစ္စစ်ဝီစလေတို့ကို တွေ့လိုက်ရသည်။

လူပင်က...

"ဟယ်ရီ .. ဘာတွေ ဖြစ်ကုန်ပြီလဲ..."

"ဗိုဒီမော့ ဒီကိုလာနေပြီ.. ဆရာတွေ ကျောင်းကို ပိတ်ဆို့ထားဖို့ လုပ်နေကြတယ်.. စနိပ်က ပြေးပြီ..ဒီကို ဘာလာလုပ်ကြတာလဲ.. ဘယ်လို လုပ်သိသလဲ.."

ဖရက်က..

"ငါတို့ ကျန်သမျှ ဒမ်ဘယ်လ်ဒိုး အဖွဲ့ဝင်တွေဆီ သတင်းပို့လိုက်တယ်.. ဒီလို ပွဲကြီးပွဲကောင်းမျိုး အလွတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ.. သူတို့လည်း ဘယ် အလွတ်ခံချင်ပါ့မလဲ.. ပြီးတော့ ငါတို့ ဖီးနစ်အဖွဲ့ကိုပါ အကြောင်းကြားလိုက်တယ်..."

ဂျော့က..

"ဘာကို အရင်လုပ်ရမလဲ ဟယ်ရီ... ဘာတွေ ဖြစ်ကုန်ပြီလဲ..."

"သူတို့ ကျောင်းသားငယ်လေးတွေကို အပြင်ထွက်နိုင်အောင် လုပ်ပေးနေကြတယ်.. အားလုံး ခန်းမကြီးထဲမှာ ဆုံကြမယ်.. ကျွန်တော်တို့ ပြန်တိုက်ကြမယ်..."

ဝမ်းသာအားရ အော်ဟစ်သံကြီး ခန်းမထဲဝယ် ဖြစ်ပေါ်သွား၏..။ သူတို့အားလုံး လှေကားဆီသို့ ပြေးသွားကြသဖြင့် ဟယ်ရီ နံရံသို့ ကပ်ပေးလိုက်ရ၏..။ ဖီးနစ်အဖွဲ့ဝင်များ.. ဒမ်ဘယ်လ်ဒိုး တပ်ဖွဲ့ဝင်များနှင့် ဟယ်ရီ၏ ကွစ်ဒစ်ချ်အသင်းသားဟောင်းများ အားလုံး ရဲတိုက်ခန်းမကြီးဆီသို့ ဦးတည် ထွက်ခွာသွားကြ၏..။

"သွားကြစို့ လူနာ..."

ဒင်းန်က လက်တစ်ဘက်ကို ကမ်းပေးလိုက်၏..။ လူနာက သူ့လက်ကို ဆုပ်ကိုင်ရင်း လိုက်ပါသွားတော့သည်။ လူအုပ်ကြီးမှာ တဖြည်းဖြည်း ပါးသွားပြီး အနည်းစုသာ လိုတရ အခန်းထဲဝယ် ကျန်ရစ်ခဲ့၏..။ ဟယ်ရီပါ ထိုအဖွဲ့နှင့် ပူးပေါင်းလိုက်သည်။ မစ္စစ်ဝီစလေနှင့် ဂျင်းနီ ငြင်းခုံနေ၏..။ အနီးတွင် လူပင်.. ဖရက်.. ဂျော့.. ဘီလ်နှင့် ဖလူရာတို့ ရှိကြသည်..။

"နင်က အသက်မပြည့်သေးဘူး.. ငါခွင့်မပြုနိုင်ဘူး.. နင်.. နင် အိမ်ကို ပြန်သွားရမယ်..."

မစ္စစ်ဝီစလေက အော်ဟစ်လိုက်သည်..။ ဂျင်းနီက သူမအမေ၏ လက်မှ လွတ်အောင် ရုန်းထွက်ရင်း...

"မသွားနိုင်ဘူး .. ကျွန်မက ဒမ်ဘယ်လ်ဒိုး အဖွဲ့ဝင်လေ.."

“ကလေးတွေရဲ့ အဖွဲ့ပဲ…”

ဖရက်က..

“အဲဒီ့ကလေးအဖွဲ့က ဘယ်သူမှ ရင်မဆိုင်ရဲတဲ့သူကို အခုပဲ ရင်ဆိုင်တော့မယ်…”

“သူက အခုမှ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်.. နင်တို့နှစ်ယောက် ဘာတွေ တွေးနေသလဲ.. နင်တို့နဲ့ အတူတူ ခေါ်သွားချင်နေသလား..”

မစ္စစ်ဝီစလေက အော်ဟစ်လိုက်ပြန်၏..။

ဖရက်နှင့် ဂျော့မှာ အနည်းငယ် ရှိန်သွားကြ၏..။ ဘီလ်က..

“အမေပြောတာ မှန်တယ် ဂျင်းနီ.. ဒီလိုလုပ်လို့ မဖြစ်ဘူး.. အသက်မပြည့်သေးတဲ့လူတွေ မပါသင့်ဘူး… ဒါအမှန်ဆုံးပဲ…”

ဂျင်းနီက မျက်ရည်များ စီးကျလာရင်း ပြန်၍ အော်လိုက်၏..။

“ကျွန်မ အိမ်မပြန်နိုင်ဘူး… မိသားစုတစ်ခုလုံးက ဒီမှာရှိနေတယ်.. အိမ်မှာ တစ်ယောက်တည်း စောင့်နေရပြီး ဘာ.. ဘာမှ မသိရပဲနဲ့ မနေနိုင်ဘူး…”

သူမနှင့် ဟယ်ရီ ပထမဆုံးအကြိမ် မျက်လုံးချင်း ဆုံမိကြသည်။ သူ့ကို တောင်းပန်သလို ကြည့်သော်လည်း ဟယ်ရီ ညင်သာစွာ ခေါင်းခါပြလိုက်၏။

“ကောင်းပြီ.. ကျွန်မ အားလုံးကို နှုတ်ဆက်ခဲ့တယ်..”

ဂျင်းနီက လိုဏ်ခေါင်းဝဆီသို့ ပြန်လှည့်လိုက်၏..။ ထိုအချိန်မှာပင် ‘ဝုန်း’ကနဲ အသံနှင့်အတူ လူတစ်ယောက် အပေါက်ဝမှ ဟန်ချက်ပျက်ကာ ပြုတ်ကျလာ၏..။ သူက အနီးဆုံး ကုလားထိုင်ကို ဆွဲကာ ထိုင်လိုက်ရင်း ပတ်ဝန်းကျင်ကို ကြည့်ကာ…

“ငါ အရမ်း နောက်ကျသွားပြီလား.. တိုက်ပွဲစပြီလား.. ခုနကမှ သိရလို့ ငါ .. ငါ…”

ပါစီမှာ စကားမဆက်နိုင်ပဲ တိတ်ဆိတ်သွား၏..။ သူ့မိသားစုတစ်ခုလုံးနှင့် ယခုလို ဝင်တိုးလိမ့်မည်ဟု မျှော်လင့်ထားပုံမရပေ။ အချိန်အတန်ကြာ အံ့သြခြင်းဖြင့် တိတ်ဆိတ်နေကြပြီး ဖလူရာက အခြေအနေကို ထိန်းသိမ်းနိုင်ရန် လူပင်အား…

"တက်ဒီလေးရော .. ဘယ်လိုနေသလဲ..."

လူပင်က အခြေအနေကို ရိပ်မိဟန်ဖြင့်...

"အိုး.. ကောင်းပါတယ်... တွန့်ခ်က သူနဲ့နေခဲ့တယ်.. သူ့အမေ အိမ်မှာပဲလေ.."

ပါစီနှင့် ကျန်ဝီစလေများမှာ ငြိမ်သက်စွာ စူးစိုက်ကြည့်နေကြဆဲပင်..။

"ဒီမှာ ဓာတ်ပုံပါလာတယ်..."

လူပင်က အိတ်ထဲမှ ဓာတ်ပုံကို ထုတ်ယူကာ ဖလူရာနှင့် ဟယ်ရီ့ကို ပြလိုက်၏..။ ကလေးငယ်လေးကို တောက်ပသော ဆံပင်များနှင့် တွေ့လိုက်ရသည်..။

"ငါ အရှုံးပဲ..."

ပါစီ့အော်ဟစ်သံမှာ ကျယ်လောင်လှသဖြင့် လူပင်မှာ လက်ထဲမှ ဓာတ်ပုံပင် လွတ်ကျလုမတတ် ဖြစ်သွား၏..။

"ငါ ငတုံးပဲ.. အသုံးမကျတဲ့ကောင်ပဲ.. ငါ.. ငါ..."

"ဝန်ကြီးဌာနကိုပဲချစ်တဲ့.. မိသားစုကို မခင်တွယ်တဲ့ အာဏာမက်တဲ့ အလကားကောင်ပဲ..."

ဖရက်က ဆက်ပြောလိုက်၏...။ ပါစီက...

"ဟုတ်ပါတယ်ကွာ.. အဲဒီ့အတိုင်းပါပဲ..."

ဖရက်က သူ့လက်ကို ပါ့စီထံ ကမ်းပေးလိုက်ရင်း...

"အင်း.. ဒီ့ထက်တော့ ပိုဆိုးအောင် ပြောလို့မရတော့ဘူး..."

မစ္စစ်ဝီစလေမှာ မျက်ရည်များ စီးကျလာကာ ရှေ့သို့ ပြေးသွားရင်း ဖရက်ကို ဘေးသို့ တွန်းဖယ်၍ ပါစီ့ကို အားပါးတရ ဖက်ထားလိုက်သည်။ သူက သူမ၏ ကျောကိုပုတ်ကာ နှစ်သိမ့်ရင်း သူ့အဖေကို ကြည့်ကာ...

"ကျွန်တော် တောင်းပန်ပါတယ် အဖေ..."

မစ္စတာဝီစလေမှာ မျက်တောင်ခပ်မြန်မြန် ခတ်ရင်း သူပါ သူ့သားကို ပြေးဖက်လိုက်၏...။

ဂျော့က..

"ဘယ်လိုဖြစ်ပြီး အသိတရား ရသွားတာလဲ ပါစီ"

ပါစီက သူ့မျက်လုံးများကို ဝတ်ရုံစနှင့် သုတ်ရင်း...

"ငါ လာချင်နေတာတော့ ကြာပြီ.. ဒါပေမယ့် အပြင်ကို ထွက်ဖို့က သိပ်မလွယ်ဘူး.. ဝန်ကြီးဌာနမှာက သစ္စာဖောက်တွေဆိုရင် ချက်ချင်း ထောင်ချပစ်နေတာ.. ငါ အက်ဘာဖို့နဲ့ ဆက်သွယ်မိတော့ သူက လွှန်ခဲ့တဲ့ ဆယ်မိနစ်ကပဲ ဟော့ဝဂ်ကျောင်းက တိုက်ပွဲစဖို့ ဆုံးဖြတ်လိုက်တယ်တဲ့.. ဒါနဲ့ ငါလည်း ဒီကိုရောက်လာတာပဲ..."

ဂျော့က...

"ဒီလိုအချိန်မျိုးမှာ ငါတို့ရဲ့ ကျောင်းသားခေါင်းဆောင်ကြီးကို လိုအပ်တာပေါ့.. ကဲ အပေါ်ထပ်ကို တက်ပြီး ချကြစို့..."

ပါစီက ဖလူရာနှင့် လက်ဆွဲနှုတ်ဆက်ရင်း...

"မင်းက ငါ့မရီးပေါ့ ဟုတ်လား..."

ထို့နောက်တွင် သူတို့နှင့်အတူ ဖရက်နှင့် ဂျော့တို့ပါ လှေကားဆီသို့ ခပ်သွက်သွက် လျှောက်သွားကြသည်..။

"ဂျင်နီ..."

မစ္စစ်ဝီစလေက အော်လိုက်၏..။ ဂျင်နီမှာ သူမကို သတိမထားမိခင် လှေကားပေါ် ခိုးတက်ရန် ကြံနေ၏..။

လူပင်က ...

"မော်လီ.. ဒီလိုလုပ်ရင် ပိုမကောင်းဘူးလား.. ဂျင်နီကို ဒီမှာပဲ ထားခဲ့ပါလား.. အနည်းဆုံးတော့ ဘာတွေဖြစ်နေလဲ သိရတာပေါ့.. ဒါဆို တိုက်ပွဲထဲလည်း ပါဖို့ မလိုတော့ဘူး"

"ကျွန်မ..."

မစ္စတာဝီစလေက ပြတ်ပြတ်သားသားပင်...

"ဒါ အကြံကောင်းပဲ.. ဂျင်းနီ ဒီအခန်းထဲမှာပဲ နေခဲ့ပေတော့.. ဟုတ်ပြီလား..."

ဂျင်းနီမှာ ထိုအကြံကို သိပ်သဘောကျပုံ မရသော်လည်း သူမ ဖခင်ကို မလွန်ဆန်ဝံ့၍ လက်ခံလိုက်ရသည်။ မစ္စတာနှင့် မစ္စစ်ဝီစလေ.. လူပင်တို့ပါ လှေကားဆီသို့ လျှောက်သွားကြ၏..။

ဟယ်ရီက...

"ရွန်နှင့် ဟာမီယွန် ဘယ်ရောက်သွားသလဲ..."

မစ္စတာ ဝီစလေက နောက်ပြန်လှည့်ကြည့်ရင်း...

"သူတို့ ခန်းမကြီးထဲ ရောက်နှင့်လောက်ပြီ..."

ဟယ်ရီက...

"ကျွန်တော့်ကို ဖြတ်သွားတာ မတွေ့မိပါဘူး..."

ဂျင်းနီက...

"နင်သွားပြီး သိပ်မကြာခင် သူတို့ အိမ်သာသွားမယ်လို့ ပြောသလိုပဲ..."

"အိမ်သာ ... ဟုတ်လား..."

ဟယ်ရီ လိုတရ အခန်းထဲမှ အိမ်သာကို ကြည့်လိုက်သော်လည်း မည်သူမှ ရှိမနေပေ..။

"သူတို့ အဲဒီလို ပြောတာ သေချာလား..."

ထိုအချိန်မှာပင် သူ့အမာရွတ်မှာ အလွန်နာကျင်လာပြီးနောက် လိုတရ အခန်းမှာ မြင်ကွင်းထဲမှ ပျောက်ကွယ်သွား၏ × × ×

သူက သံမဏိတံခါးကြီး ပိတ်ထားသည်ကို အပြင်ဘက်မှ ကြည့်နေ၏..။ မှောင်မည်းနေသော မြေပြင်ပေါ်ရှိ ရဲတိုက်တွင်မူ မီးရောင်များ လင်းလျှက် ရှိသည်။ နာဂီနီမှာ သူ့ပခုံးပေါ်တွင် ပတ်လျှက်ရှိသည်။ သူ့ရင်ထဲတွင် သတ်ချင်ဖြတ်ချင်စိတ်များနှင့် ပြည့်နှက်လျှက် ရှိသည်။

## ၃၁။ ဟော့ဝဂ်ကျောင်းမှ တိုက်ပွဲ

ခန်းမကြီး၏ မှော်ပညာဖြင့် ဖန်တီးထားသော မျက်နှာကျက်မှာ မှောင်မည်းနေသော ကြည်များဖြင့် လင်းလက်တောက်ပနေ၏..။ အဆောင်လေးခုကို ကိုယ်စားပြုသော စားပွဲလေးလုံးတွင် ယခုအခါ ကျောင်းသား ကျောင်းသူများနှင့် ပြည့်နှက်နေပေပြီ..။ ဟိုနေရာ ဒီနေရာတွင် ဖြူဖွေးနေသော ကျောင်းရှိ တစ္ဆေများကို တွေ့နေရ၏..။

အားလုံးမှာ ခန်းမကြီး ထိပ်ဆုံးရှေ့ စင်မြင့်ပေါ်ရှိ ပရော်ဖက်ဆာ မက်ဂွန်နာဂေါကိုသာ ငေးကြည့်နေကြသည်..။ သူမ၏ နောက်ဝယ် ကျောင်းရှိ ဆရာများအားလုံး ရပ်လျှက်ရှိ၏..။ မြင်းတစ်ပိုင်း လူတစ်ပိုင်း ဆန်တော် ဖီရန်ဇီကိုပါ တွေ့ရပြီး ဖီးနစ်အဖွဲ့ဝင်များပါ ရှိနေ၏..။

"ထွက်သွားရမယ့် လူတွေကို မစ္စတာဖေ့ချ်နဲ့ မဒမ်ပွန်ဖရေတို့က ဦးစီးပေးရမယ်.. အတန်းခေါင်းဆောင်တွေက ငါ့အမိန့်ပေးလိုက်တာနဲ့ သက်ဆိုင်ရာ အဆောင်တွေကို ဦးစီးပြီး ထွက်ခွာရမယ့် နေရာကို အရောက်သွားရမယ်..."

ကျောင်းသား ကျောင်းသူ အတော်များများမှာ ထိတ်လန့်နေကြပုံပင်..။ ဟယ်ရီမှာ ဂရစ်ဖင်ဒေါ စားပွဲတစ်လျှောက် ပြေးလွှားရင်း ရွန်နှင့် ဟာမီယွန်တို့ကို ရှာဖွေနေသည်။ အာနီမက်မီလန်က ဟပ်ဖဲလ်ပတ်စားပွဲမှ ထရပ်ရင်း...

"ကျွန်တော်တို့က နေခဲ့ပြီး တိုက်ပွဲဝင်ချင်တယ် ဆိုရင်ရော.."

ခန်းမကြီးထဲဝယ် အားပေးသံများ ဆူညံသွား၏..။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက...

"အသက်ပြည့်ပြီးပြီဆိုရင် နေချင်ရင် နေခဲ့နိုင်ပါတယ်..."

ရေဗင်ကလောစားပွဲမှ မိန်းကလေးတစ်ယောက်က...

"ကျွန်မတို့ ပစ္စည်းတွေရော ဘယ်လိုလုပ်မလဲ.. ဧီးကွက်တွေ.. အဝတ်အစားတွေ..."

"ပစ္စည်းတွေကို သယ်နေဖို့ အချိန်မရဘူး.. အရေးအကြီးဆုံးက မင်းတို့အားလုံး ဒီက ဘေးကင်းကင်းနဲ့ ထွက်ခွာသွားနိုင်ဖို့ပဲ..."

စလေသရင်စားပွဲမှ မိန်းကလေးတစ်ယောက်က...

"ပရော်ဖက်ဆာ စနိပ် ဘယ်ရောက်နေလဲ.."

"သူ ထွက်ပြေးသွားပြီ..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါ၏ အဖြေစကားဆုံးဝယ် ဂရစ်ဖင်ဒေါ ဟပ်ဖဲလ်ပတ်နှင့် ရေဗင်ကလောစားပွဲများဆီမှ ဧရာမ ကောင်းချီပေးသံကြီး ဟိန်းထွက်လာ၏..။

ဟယ်ရီ ဂရစ်ဖင်ဒေါ စားပွဲအတိုင်း ရွှန်နှင့် ဟာမီယွန်တို့ကို လိုက်ရှာနေသည်..။ သူရပ်တန့်လိုက်သည်နှင့် ကျောင်းသားများ သူ့ကို ငေးကြည့်နေကြပြီး တီးတိုးပြောနေကြ၏...

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက...

"ရဲတိုက်တစ်ဝိုက်မှာ အကာအကွယ်တွေ ချထားပြီးပြီ.. ဒါပေမယ့် ငါတို့ စစ်ကူဖြည့်မပေးနိုင်ရင် ကြာကြာခံမယ့်ပုံ မရှိဘူး.. ဒါကြောင့်မို့လို့ မြန်နိုင်သမျှ မြန်မြန်နဲ့ ခေါင်းအေးအေးထားပြီး ထွက်ခွာနိုင်ဖို့ အရေးကြီးတယ်..."

သူမစကားမဆုံးခင်မှာပင် ခန်းမကြီးထဲသို့ပဲ့တင်ထပ် ထွက်ပေါ်လာသော အသံတစ်သံ ပေါ်လာ၏...။ အသံမှာ အေးစက်ကာ ကြည်လင်ပြတ်သားပြီး ကျယ်လောင်လှသည်..။ မည်သည့်နေရာမှ အသံထွက်လာမှန်း ခန့်မှန်းရခက်လှသည်။ နံရံအားလုံးဆီမှ ထွက်ပေါ်လာနေသလိုပင်...။

"မင်းတို့ တိုက်ခိုက်ဖို့ ပြင်ဆင်နေတာ ငါသိတယ်..."

ကျောင်းသား ကျောင်းသူများကြားတွင် ကြောက်လန့်တကြား အော်ဟစ်သံများ ထွက်ပေါ်လာပြီးနောက် အချို့မှာ တစ်ယောက်ကိုတစ်ယောက် လှမ်းဖက်လိုက်ကြသည်..။ အချို့က အသံလာရာနေရာကို ကြောက်လန့်တကြား ရှာဖွေကြည့်ကြသည်...။

"မင်းတို့ရဲ့ ကြိုးစားမှုက အလကားပဲ.. ငါ့ကို မင်းတို့ မနိုင်နိုင်ဘူး.. ငါ မင်းတို့ကို မသတ်ချင်ဘူး.. ဟော့ဂဝ့်က ဆရာတွေကို ကျုပ်က လေးစားမှု ရှိပါတယ်... ဒီလို မှော်ပညာရှင်တွေရဲ့ သွေးတွေ မစွန်းပေစေချင်ဘူး..."

ခန်းမကြီးထဲတွင် အသံအားလုံး တိတ်ဆိတ်သွားပြန်၏..။

"ဟယ်ရီပေါ်တာကို ငါ့လက်ထဲ အပ်ကြပါ.. ဒါဆိုရင် ဘယ်သူမှ အန္တရာယ် မဖြစ်စေရဘူး.. ဟယ်ရီပေါ်တာကို အပ်ရင် ကျောင်းကို လုံးဝမထိဘူး.. ဟယ်ရီပေါ်တာကို အပ်မယ်ဆိုရင် ဆုချီးမြှင့်ခံရမယ်..."

"မင်းတို့အတွက် ညသန်းခေါင်ထိ အချိန်ပေးမယ်..."

အသံများ ပြန်လည်တိတ်ဆိတ်သွားပြန်သည်..။ ခေါင်းအားလုံး လည်လာပြီးနောက် ရှိသမျှ မျက်လုံးအားလုံးမှာ ဟယ်ရီ့ကို မြင်သွားကြကာ စူးစိုက် ကြည့်နေကြသဖြင့် သူ နေရာမှာပင် ရပ်နေမိသည်..။

စလေသရင်းစားပွဲမှ လူရိပ်တစ်ရိပ်က ရုတ်တရက် ထရပ်လိုက်သည်။ ပန်စီပါကင်ဆန်မှန်း သူမှတ်မိလိုက်၏..။ သူမက လက်ကို ဆန့်တန်းကာ အော်ဟစ်လိုက်၏...။

"သူ... သူက ဒီမှာပဲ.. ပေါ်တာက ဒီမှာပဲ... ဖမ်း.. ဖမ်းထားကြလေ..."

ဟယ်ရီ ဘာမှ မပြောနိုင်ခင်မှာပင် ကြီးမားသော လှုပ်ရှားမှုကြီးတစ်ခု ဖြစ်ပေါ်လာ၏..။ သူ့ရှေ့ရှိ ဂရစ်ဖင်ဒေါ အားလုံးမှာ မတ်တတ်ရပ်လိုက်ကာ စလေသရင်များဆီသို့ မျက်နှာမူလိုက်ကြသည်...။

ထို့နောက်တွင် ဟက်ဖဲလပ်ပတ် စားပွဲမှလူများ ထလိုက်ကြပြီး တစ်ပြိုင်နက်လိုလိုပင် ရေဗင်ကလောမှလူများ ထရပ်လိုက်ကာ အားလုံးမှာ ဟယ်ရီ့ကို ကျောခိုင်းထားပြီး ပန်စီ့ကိုသာ မျက်နှာမူထားကြ၏..။ ထို့နောက်တွင် သူတို့ လက်ထဲသို့ မှော်တောင်ဝှေးများမှာ အသင့်အနေအထားဖြင့် ရောက်ရှိလာ၏..။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်က..

"ကျေးဇူးပဲ မစ္စပါကင်ဆန်... မင်းပဲ အရင်ဆုံး ခန်းမကြီးထဲက မစ္စတာဖေ့ချ်နဲ့ ထွက်သွားပေတော့.. မင်းတို့အဆောင်က လူတွေလည်း နောက်က လိုက်သွားပေတော့..."

ထိုင်ခုံရွှေ့သံများကို ဆူညံစွာ ကြားလိုက်ရပြီးနောက် စလေသရင်များ ခန်းမကြီးထဲမှ ထွက်ခွာသွား၏..။

"ရေဗင်ကလောက ဆက်လိုက်မယ်..."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်က အော်ဟစ်လိုက်သည်။

တဖြည်းဖြည်းနှင့် စားပွဲလေးခုစလုံး ရှင်းလင်းသွား၏..။ စလေသရင်စားပွဲမှာ လုံးဝ လူရှင်းသွား၏..။ ရေဗင်ကလော စားပွဲတွင်မူ အရွယ်ရောက်ပြီးသူ အချို့ ဆက်ထိုင်နေဆဲပင်..။ ဟပ်ဖဲလ်ပတ်စားပွဲတွင်

ထို့ထက်ပိုများများ ကျန်နေပြီး ဂရစ်ဖင်ဒေါ စားပွဲတွင်မူ လူတစ်ဝက်ခန့် ကျန်နေ၏..။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက စင်မြင့်ပေါ်မှ ဆင်းလာကာ အသက်မပြည့်သေးသူများကို မောင်းထုတ်နေရ၏..။

"မင်း နေလို့ မရဘူး ခရီဗီ.. သွား.. သွား.. မင်းရောပဲ ပီးကတ်စ်.."

ဂရစ်ဖင်ဒေါ စားပွဲတွင် အတူတကွ ထိုင်နေသော ဝီစလေများဆီသို့ သူ ဦးတည်လိုက်သည်။

"ရွှန်နှင့် ဟာမီယွန် ဘယ်ရောက်နေလဲ"

"မတွေ့သေးဘူးလား..."

မစ္စတာဝီစလေက စိတ်ပူပန်ဟန်ဖြင့် မေး၏..။ သို့ရာတွင် ကင်းစလေမှာ စင်မြင့်ပေါ်မှနေ၍ ကျန်ရစ်သူများကို စကားပြောလိုက်သဖြင့် သူတို့ စကားစပြတ်သွားကြသည်...။

"ညသန်းခေါင်မရောင်ခင် အထိဆိုရင် နာရီဝက်ပဲ အချိန်ရပါတယ်.. ဒီတော့ မြန်မြန်ဆောင်ရွက်ဖို့ လိုပါတယ်.. တိုက်ပွဲအစီအစဉ်ကို ဟော့ဂဝ်က ဆရာတွေနဲ့ ဖီးနစ်အဖွဲ့သားတွေ သဘောတူပြီးကြပြီ.. ပရော်ဖက်ဆာ ဖလစ်ဝစ်.. စပရောက်နဲ့ မက်ဂွန်နာဂေါတို့က တိုက်ခိုက်ရမယ့် အဖွဲ့တွေနဲ့အတူ အမြင့်ဆုံး မျှော်စင်သုံးခုမှာ နေရာယူကြလိမ့်မယ်... ရေဗင်ကလော.. နက္ခတ်တာရာ မျှော်စင်နဲ့ ဂရစ်ဖင်ဒေါတို့ပဲ .. အဲဒီ့နေရာတွေကနေ အားလုံးကို အပေါ်စီးက မြင်နိုင်သလို ဂါထာမန္တန်တွေ စီရင်ဖို့လည်း အကောင်းဆုံး နေရာတွေပဲ.. အဲဒီ့အချိန်မှာ ရေးမတ်စ်..."

သူက လူပင်ကို ညွှန်ပြလိုက်၏...။

"... အာသာ..."

သူက ဂရစ်ဖင်ဒေါ စားပွဲတွင် ထိုင်နေသော မစ္စတာဝီစလေကို ညွှန်ပြလိုက်၏။

"..နဲ့ ကျွန်တော်တို့က ကျန်တဲ့အဖွဲ့တွေနဲ့အတူ မြေပြင်မှာ ကာကွယ်ထားမယ်.. ကျောင်းထဲကို ဝင်နိုင်တဲ့ လမ်းတွေမှာ ခုခံမယ့် လူတွေ စုစည်းထားဖို့လည်း လိုအပ်တယ်..."

ဖရက်က...

"ဒီအလုပ်က ကျွန်တော်တို့နဲ့ အကိုက်ဆုံးပဲ..."

သူက ဂျော့ကိုပါ ညွှန်ပြရင်း ပြော၏..။ ကင်းစလေက ခေါင်းညိတ်ထောက်ခံလိုက်သည်။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ...

"ပေါ်တာ.. မင်း တစ်ခုခု ရှာစရာ ရှိသေးတယ် မဟုတ်လား..."

ထိုအချိန်တွင် ကျောင်းသူ ကျောင်းသားများမှာ ကိုယ့်အဖွဲ့နှင့်ကိုယ် စုဝေးကာ နောက်ထပ် ညွှန်ကြားချက်များကို နားထောင်နေကြသည်။

"ဟင်.. အော်.. အင်း.. ဟုတ်.. ဟုတ်တယ်..."

ဝိညာဉ်ကိုယ်ပွားအကြောင်း သူ မေ့လုမတတ် ဖြစ်သွားသည်။ သူ ရှာဖွေနိုင်ရန် တိုက်ပွဲစတင်တော့မည်မှန်း သူ မေ့လုမတတ်ပင်..။ ရွန်နှင့် ဟာမီယွန်တို့ ရုတ်တရက် ပျောက်ဆုံးသွားခြင်းက သူ့ခေါင်းထဲမှ အခြား အတွေးများကို မောင်းထုတ်လိုက်သလိုပင်...။

"ဒါဆို သွားတော့လေ.. သွားတော့..."

"အင်း ကောင်းပြီ..."

သူ ခန်းမကြီးထဲမှ ပြေးထွက်သွားသည်နှင့် သူ့နောက်ကို လိုက်ပါလာသော မျက်လုံးများစွာကို သတိပြုမိလိုက်သည်..။ အဝင်ဝတွင် ထွက်ခွာကြမည့် ကျောင်းသား ကျောင်းသူများနှင့် ပြည့်နှက်နေဆဲပင်..။ သူ လူရှုပ်နေသော လှေကားတစ်ခုကို ဖြတ်ပြီးသည်နှင့် လူရှင်းနေသော ကော်ရစ်ဒါအတိုင်း ပြေးလာခဲ့သည်။

သူ့အတွေးထဲဝယ် ကြောက်လန့်မှုက ကြီးစိုးလာ၏..။ သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားရင်း ဝိညာဉ်ကိုယ်ပွားအပေါ်တွင်သာ အာရုံစူးစိုက်ရန် ကြိုးစားလိုက်သည်။ သို့ရာတွင် ရွန်နှင့် ဟာမီယွန်၏ အကူအညီမပါပဲ ဘာလုပ်ရမှန်း သူ တကယ်မသိချေ။ လူသူမရှိသော လမ်းတစ်ခုဝယ် သူရပ်တန့်ရင်း မရူဒါမြေပုံကို ထုတ်ကြည့်လိုက်သည်။

ရွန်နှင့် ဟာမီယွန့်အမည်ကို မည်သည့်နေရာတွင်မှ ရှာမရချေ..။ လိုတရအခန်းဆီသို့ ဦးတည်သွားနေသည့် လူအုပ်ကြီးကိုမူ မြေပုံပေါ်တွင် တွေ့နေရ၏..။

သူက မြေပုံကို သိမ်းဆည်းလိုက်ပြီး မျက်လုံးများကို မှိတ်ကာ အာရုံ စူးစိုက်နိုင်ရန် ကြိုးစားလိုက်သည်။

"ဗိုဒီမော့က ငါ့ကို ရေဗင်ကလောအဆောင်ကို သွားမယ်လို့ ထင်တယ်..."

ထိုအချက်မှာ သေချာလှသည်..။ ဗိုဒီမော့က အလက်တိုကာရိုးကို ရေဗင်ကလောနားနေခန်းတွင် အစောင့်ချထားခဲ့၏..။ ဗိုဒီမော့က သူ၏ ဝိညာဉ်ကိုယ်ပွားမှာ ထိုအဆောင်နှင့် ဆက်စပ်နေမှန်း ဟယ်ရီ သိမည်ကို ကြောက်ရွံ့နေပုံရသည်..။

သို့ရာတွင် ရေဗင်ကလောနဲ့ ပတ်သက်သည်ဟု ထင်ရသည့် တစ်ခုတည်းသော ပစ္စည်းမှာ ပျောက်ဆုံးနေသည့် သရဖူပင်..။ ထိုသရဖူမှာ ဝိညာဉ်ကိုယ်ပွား ဖြစ်နိုင်ပါ့မလား..။ စလေသရင်ဖြစ်သော ဗိုဒီမော့က မည်သည့်နည်းနှင့် ပျောက်ဆုံးနေသည်မှာ နှစ်ပေါင်းရာချီနေပြီဖြစ်သော ရေဗင်ကလောမှ ရတနာကို ရှာတွေ့ခဲ့သလဲ...။

ဘယ်သူက သူ့ကို လမ်းညွှန်ခဲ့သလဲ..။ သရဖူကို မြင်ဖူးသော အသက်ရှင်နေသူ လုံးဝ မရှိနိုင်ပေ..။ အသက်ရှင်နေသူ မရှိနိုင်လျှင်...

ဟယ်ရီ မျက်လုံးများ ပြန်ပွင့်လာပြီး သူလာခဲ့သော လမ်းအတိုင်း ပြန်ပြေးသွားတော့သည်..။ သူ၏ နောက်ဆုံး မျှော်လင့်ချက်နောက်သို့ သူ လိုက်နေခြင်းပင်..။ ကျောက်လှေကားနား သူရောက်လာသည်နှင့် ထွက်ခွာကြမည့် ကျောင်းသူ ကျောင်းသားများ၏ အသံများမှာ ပို၍ ကျယ်လောင်လာ၏..။

အတန်းခေါင်းဆောင်များမှာ အော်ဟစ်ရင်း လူတန်းကြီးကို ပုံစံမပျက်စေရန် ထိန်းသိမ်းနေ၏..။ ငယ်ရွယ်သော ကျောင်းသား ကျောင်းသူများမှာ အချို့က ငိုကြွေးနေ၏..။ အတန်းကြီးများက သူငယ်ချင်းများ မောင်နှမများကို အော်ဟစ်ခေါ်နေကြ၏..။

ဟယ်ရီ ဖြူဖွေးနေသော အရာတစ်ခု ခန်းမကြီးထဲတွင် လွင့်မျောနေသည်ကို တွေ့လိုက်ရပြီးနောက် သူတတ်နိုင်သမျှ အကျယ်ဆုံး အော်ဟစ်လိုက်သည်..။

"နစ်ခ်.. နစ်ခ်.. ကျွန်တော် ခင်ဗျားနဲ့ စကားပြောချင်တယ်..."

သူ ကျောင်းသားကျောင်းသူများကြားထဲမှ အတင်းဖြတ်ဝင်ကာ နောက်ဆုံးတွင် လှေကားအောက်သို့ ရောက်လာခဲ့သည်။ ထိုနေရာဝယ် ဂရစ်ဖင်ဒေါ်မျှော်စင်မှ သရဲဖြစ်သော ခေါင်းပြတ်ခါနီး နစ်ခ်မှာ သူ့ကို စောင့်နေ၏။

"ဟယ်ရီ..."

နစ်ခ်က ဟယ်ရီ့လက်များကို သူ့လက်များနှင့် ဆုပ်ကိုင်လိုက်သည်။ ဟယ်ရီ့လက်များ ရေခဲရေထဲနစ်ဝင်သွားသလို ခံစားလိုက်ရသည်။

"နစ်ခ်.. ကျွန်တော့်ကို ကူညီပါ.. ရေဗင်ကလော မျှော်စင်က သရဲက ဘယ်သူလဲ..."

နစ်ခ်က အနည်းငယ် အံ့သြသွားဟန်ရှိပြီး...

“မီးခိုးရောင် မိန်းမပျိုလေ.. ဒါပေမယ့် မင်း သရဲတွေရဲ့ အကူအညီကို လိုတယ်ဆိုရင်...”

“သူနဲ့မှ ဖြစ်မယ်.. ဘယ်မှာလဲဆိုတာ သိလား...”

“ခဏလေး...”

နစ်ခ်က လေထဲသို့ ပိုမိုမြင့်မားစွာ မြောက်တက်သွားရင်း အပေါ်စီးမှ လိုက်ရှာကြည့်နေ၏...။

“ဟိုနားက ကောင်မလေးပဲ ဟယ်ရီ .. ဆံပင်ရှည်နဲ့ ကောင်မလေး...”

နစ်ခ်လက်ညှိုးညွှန်ရာအတိုင်း ဟယ်ရီ ကြည့်လိုက်သည်..။ အရပ်မြင့်မြင့်နှင့် တစ္ဆေမမှာ ဟယ်ရီ ကြည့်နေသည်ကို မြင်သည်နှင့် သူမက မျက်မှောင်ကြုတ်လိုက်ရင်း နံရံထဲ တိုးဝင်ကာ ပျောက်ကွယ်သွား၏။

ဟယ်ရီ သူမနောက်ကို အပြေးလိုက်၏။ သူမ ပျောက်ကွယ်သွားသော နံရံရှိ တံခါးကို ဖွင့်ဝင်လိုက်ချိန်ဝယ် အဝေးရှိ လမ်းမပေါ်တွင် သူနှင့် ဝေးရာဆီသို့ လွင့်မျောသွားနေ၏။

“ဟေး.. ခဏနေဦး.. ပြန်လာခဲ့...”

သူမ လေထဲတွင် လွင့်မျောနေလျှက် ရပ်တန့်သွား၏..။ ခါးလည်ခန့်ရှိ ဆံပင်ရှည်များ.. ကြမ်းပြင်ပေါ်ထိ ကျနေသော ဝတ်ရုံရှည်ကြီးနှင့် သူမ လှပသည်ဟု ဟယ်ရီ ထင်သည်။ သို့ရာတွင် မာနကြီးပုံလည်း ရ၏..။ တဖြည်းဖြည်း နီးလာသည်နှင့် သူမကို ကော်ရစ်ဒါများတွင် အကြိမ်ကြိမ် တွေ့ဖူးပြီး စကားမပြောဖူးခြင်သာ ဖြစ်ကြောင်း ဟယ်ရီ မှတ်မိလိုက်သည်..။

“ခင်ဗျားက မီးခိုးရောင် မိန်းမပျိုလား...”

သူမက ခေါင်းညိတ်ပြ၏။

“ရေဗင်ကလော မျှော်စင်ရဲ့ တစ္ဆေပေါ့...”

“မှန်တယ်...”

သူ့စကားသံမှာ ယခုအခါ ပို၍ အားရှိလာ၏။

"ကျေးဇူးပြုပြီး ကူညီပါဗျာ.. ကျွန်တော် ခင်ဗျားဆီက အကူအညီ လိုအပ်နေတယ်... ခင်ဗျား ပျောက်ဆုံးနေတဲ့ ရေဗင်ကလောသရဖူနဲ့ ပတ်သက်ပြီး ဘာသိသလဲ..."

သူမနှုတ်ခမ်းတွင် အေးစက်စက် အပြုံးတစ်ခု ပေါ်လာ၏။

"ဝမ်းနည်းပါတယ် .. ငါ မင်းကို မကူညီနိုင်ဘူး..."

သူမက လှည့်ထွက်သွားရန် ပြင်လိုက်သည်။

"နေဦး..."

ဟယ်ရီ အော်ဟစ်ရန် မရည်ရွယ်ခဲ့ပေ။ သို့သော် ကြောက်ရွံ့မှုနှင့် ဒေါသက သူ့တစ်ကိုယ်လုံးကို လွှမ်းမိုးထား၏။ သူမ သူ့ရှေ့တွင် လွင့်မျောနေစဉ်မှာပင် သူ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ညသန်းခေါင်ရောက်ရန် ဆယ့်ငါးမိနစ်သာ ကျန်တော့သည်...။

"သရဖူကိုမေးတာ မင်းက ပထမဆုံး မဟုတ်ဘူး.. ကျောင်းသားတွေ အစဉ်အဆက် ငါ့ကို မေးနေကျပဲ..."

ဟယ်ရီက ပြန်၍ အော်လိုက်သည်..။

"ဒါ အမှတ်ပိုကောင်းအောင် လုပ်ဖို့ မဟုတ်ဘူး.. ဗိုဒီမော့ကြောင့် .. ဗိုဒီမော့ကို နှိမ်နင်းနိုင်ဖို့ .. ခင်ဗျား အဲဒီ့ကိစ္စကို စိတ်မဝင်စားဘူးလား..."

သူမ ရှက်သွားပုံရ၏..။ သူမ၏ ထွင်းဖောက်မြင်နိုင်သော ပါးများမှာ ပို၍ ဖြူဖွေးသွားကာ ...

"ငါ.. ငါစိတ်ဝင်စားတာပေါ့..."

"ဒါဆိုရင်လည်း ကျွန်တော့်ကို ကူညီလေ..."

သူမက...

"မင်း.. မင်းက ငါ့အမေရဲ့ သရဖူကို မေးနေတာ မဟုတ်လား..."

"ခင်ဗျားရဲ့ အမေ..."

သူမက ဒေါသထွက်လာဟန်ဖြင့်...

“ငါ အသက်ရှင်နေတုန်းက ငါ့ကို ဟယ်လင်နာ ရေဗင်ကလောလို့ ခေါ်တယ်”

“ခင်ဗျားက သူ့သမီးဆိုရင် ဘာတွေ ဖြစ်ကုန်သလဲ သိရမှာပေါ့...”

သူမက အားတင်းယူရင်း...

“သရဖူက ဉာဏ်ပညာကို ထက်မြက်စေတယ်.. ဒါပေမယ့် မင်းမိစ္ဆာကောင်ကြီးကို နှိမ်နင်းဖို့ အတွက်ကတော့ သိပ်အသုံးဝင်မယ် မထင်...”

ဟယ်ရီက အလောတကြီးပင်...

“ကျွန်တော် ပြောပြီးပြီလေ.. ကျွန်တော် ဒီသရဖူကို ဝတ်ဖို့ စိတ်မဝင်စားဘူး.. ရှင်းပြနေဖို့ အချိန်မရှိဘူး .. ဒါပေမယ့် ဟော့ဝဂ်ကို ဂရုစိုက်တယ်ဆိုရင် ဗိုဒီမော့ ကျဆုံးတာကို မြင်ချင်တယ်ဆိုရင် ခင်ဗျားသိသမျှ သရဖူအကြောင်း ပြောပြမှ ဖြစ်မယ်...”

သူမမှာ လေထဲတွင် လွင့်မျောရင်း ငြိမ်သက်စွာပင် သူ့ကို ငုံ့ကြည့်နေ၏။ ဟယ်ရီ မျှော်လင့်ချက်ကင်းမဲ့သလို ခံစားနေရ၏..။ သူမသာ သိခဲ့လျှင် ဖလစ်ဝစ် သို့မဟုတ် ဒမ်ဘယ်လ်ဒိုးကို ပြောပြီးလောက်ပေပြီ..။ သူတို့ကလည်း သူမကို မေးခဲ့မှာ သေချာသလောက်ပင်..။ သူက ခေါင်းကို စိတ်ပျက်လက်ပျက် ခါယမ်းကာ နောက်သို့ ပြန်လှည့်ထွက်ရန် ပြင်ချိန်မှာပင် သူမက အသံတိုးတိုးဖြင့်...

“ငါ့အမေဆီက သရဖူကို ငါခိုးခဲ့တာပဲ...”

“ဘာ.. ဘာပြောတယ်...”

ဟယ်လင်နာ ရေဗင်ကလောက လေသံခပ်တိုးတိုးဖြင့်ပင်...

“ငါ သရဖူကို ခိုးခဲ့တယ်.. ငါ့အမေထက် ပိုအရေးပါပြီး ဉာဏ်ပညာထက်ချင်လို့ပါ.. ငါ သရဖူကို ယူပြီး ထွက်ပြေးလာခဲ့တယ်...”

သူ့ကို ဘာကြောင့် သူမ ယုံကြည်လိုက်သလဲဟု ဟယ်ရီ မသိသော်လည်း မမေးဖြစ်ချေ..။ သူမ ပြောသမျှကိုသာ သူ ဆက်၍ နားထောင်နေ၏။

"ငါ့အမေက ကြားရသမျှတော့ သရဖူပျောက်သွားပြီလို့ တစ်ခါမှ ဝန်မခံခဲ့ဘူးတဲ့.. သူ့မှာ ရှိနေသေးသလို ဟန်ဆောင်နေခဲ့တယ်.. ငါ သစ္စာဖောက်သွားတာကို ကျောင်းကို တည်ထောင်ခဲ့တဲ့ တခြားသူတွေတောင် မသိအောင် လျှို့ဝှက်ထားခဲ့တယ်..."

"တစ်နေ့မှာ အမေဟာ အပြင်းအထန် ရောဂါရပြီး လဲတော့တာပဲ.. သူက ငါ့ကို အရမ်း တွေ့ချင်တာနဲ့ အရင်ကတည်းက ငါ့ကိုချစ်နေတဲ့လူကို လွှတ်လိုက်တယ်.. ငါက သူ မတွေ့အောင် ရှောင်ပေမယ့် သူက ငါ့ကိုမတွေ့မချင်း ရှာမယ်ဆိုတာ အမေက ကြိုသိနေခဲ့တယ်..."

ဟယ်ရီ သူမပြောမည့်စကားကို စောင့်မျှော်နေလိုက်သည်။ သူမက အသက်တစ်ချက် ပြင်းပြင်း ရှူလိုက်ရင်း...

"သူက ငါ ပုန်းနေတဲ့ တောအုပ်ဆီ ရောက်လာခဲ့တယ်.. ငါက မလိုက်ဘူးလို့လည်း ငြင်းရော သောင်းကျန်းတော့တာပဲ.. ဘာရွန်က အမြဲတမ်း စိတ်တိုနေတဲ့ လူမျိုးပဲ.. ငါလည်း ငြင်းရော သူက စိတ်ဆိုးပြီး ငါ့ကို ဓားနဲ့ ထိုးလိုက်တယ်..."

"ဘာရွန်.. ခင်ဗျားဆိုလိုတာက..."

"ဟုတ်တယ်.. သွေးဘာရွန်ပဲ..."

သူမက ပြောရင်းနှင့် သူမ၏ ဝတ်ရုံကို ဖယ်ကာ ရင်ဘတ်ပေါ်ရှိ အနက်ရောင် ဒဏ်ရာကြီးကို ပြလိုက်သည်..။

"သူ လုပ်လိုက်မိပြီးတော့ အရမ်း နောင်တရသွားတယ်.. ငါ့ရဲ့အသက်ကို နှုတ်ယူခဲ့တဲ့ လက်နက်နဲ့ပဲ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ်..."

"ဒါ.. ဒါဆို သရဖူကရော..."

"ဘာရွန်လာနေပြီလို့ ငါသိကတည်းက ဝှက်ခဲ့တဲ့ နေရာမှာပဲပေါ့.. သစ်ခေါင်းပေါက်ကြီးထဲမှာပဲ..."

"သစ်ခေါင်းပေါက်ထဲမှာ .. ဘာသစ်ပင်လဲ.. ဘယ်နေရာလဲ..."

"အယ်လ်ဘေးနီးယားက တောအုပ်ထဲမှာ.. ငါ့အမေ မရောက်နိုင်ဘူးလို့ ငါထင်တဲ့နေရာပေါ့..."

"အယ်လ်ဘေးနီးယား..."

ဟယ်ရီ စဉ်းစားလိုက်၏..။ တဖြည်းဖြည်းနှင့် သူ နားလည်စ ပြုလာချေပြီ..။ သူမ သူ့ကို ဘာကြောင့် ဤဇာတ်လမ်းကို ပြောပြနေမှန်း နားလည်လာ၏..။

"ဒီဇာတ်လမ်းကို တခြားကျောင်းသား တစ်ယောက်ကို ပြောပြဖူးတယ်.. ဟုတ်တယ် မဟုတ်လား..."

သူမက မျက်လုံးများကို မှိတ်ထားရင်းမှ ခေါင်းညိတ်လိုက်၏။

"ငါ ... ငါ ... သူ ... သူ.. သိပ်ပြီး သဘောကျဖို့ ကောင်းတယ်.. ငါ့ကိုလည်း နားလည်တယ်..."

ဟုတ်ပြီဟု ဟယ်ရီ တွေးမိသည်။ တွမ်ရစ်ဒယ်လ်မှာ ဟယ်လင်နာ ရေဗင်ကလော၏ ထူးဆန်းသော ပစ္စည်းများ ပိုင်ဆိုင်ချင်စိတ်ကို ကောင်းကောင်း နားလည်ပေလိမ့်မည်။

ဟယ်ရီက..

"ခင်ဗျားက ရစ်ဒယ်လ်လှည့်စားတာ ခံရတဲ့ သူတွေထဲက တစ်ယောက်ပါပဲ.. သူလုပ်ချင်ရင် ဒီလို အမြဲလုပ်နေကျပဲ..."

ထိုသို့ဆိုလျှင် ဗိုဒီမော့မှာ မီးခိုးရောင် မိန်းမပျိုထံမှ သရဖူရှိသည့် နေရာကို သိသွားခဲ့ပုံရသည်။ သူ ဟော့ဝဂ်မှ ထွက်ခွာသွားသည်နှင့် ထိုသရဖူကို သွားယူခဲ့ပြီးပုံပင်...။

ထိုတောအုပ်ထဲတွင်ပဲ သူ အင်အားနည်းနေစဉ် ဆယ်နှစ်ကျော်ကြာ ပုန်းခိုနေခဲ့သည်..။ သို့ရာတွင် သူ၏ ဝိညာဉ်ကိုယ်ပွားဖြစ်လာသော သရဖူကို သစ်ခေါင်းထဲတွင်တော့ ဆက်သိမ်းထားမည် မထင်ပေ..။ ဗိုဒီမော့မှာ သရဖူကို ကျောင်းသို့ ပြန်ယူလာမှာ သေချာ၏။

"သူ အလုပ်လာတောင်းတဲ့ညကပဲ..."

ဟယ်ရီ တစ်ယောက်တည်း ရေရွတ်ရင်း သူ့အတွေးတို့ကို အဆုံးသတ်လိုက်သည်...။

"ဟင် .. မင်းဘာပြောတာလဲ..."

"သူက သရဖူကို ရဲတိုက်ထဲမှာ ဝှက်ခဲ့တယ်.. ဒမ်ဘယ်လ်ဒိုးကို အလုပ်လာတောင်းတဲ့ ညမှာပဲ ဝှက်ခဲ့တာပဲ..."

ဟယ်ရီ သူ့ကိုယ်သူ ပို၍ သေချာစေရန် ခပ်ကျယ်ကျယ် အသံထွက်ကာ ပြောလိုက်သည်..။

"ဒမ်ဘယ်လ်ဒိုး ရုံးခန်းကို သွားတဲ့ လမ်းတစ်လျှောက်မှာပဲ ဝှက်ခဲ့မှာပဲ .. အလုပ်လည်းတောင်းရင်း ဂရစ်ဖင်ဒေါ ဓားကိုပါ ရှာကြည့်တာပဲ.. ကျေးဇူးပဲ.. ကျေးဇူးပဲ..."

ဟယ်ရီ အံ့သြနေသော မီးခိုးရောင်မိန်းမပျိုကိုထားရစ်ခဲ့ပြီး အဝင်ခန်းမကြီးဆီသို့ ပြန်ပြေးခဲ့သည်။ သူနာရီကို ကြည့်လိုက်၏။ သန်းခေါင်ယံရောက်ရန် ငါးမိနစ်မျှသာ လိုတော့သည်..။ နောက်ဆုံးဝိညာဉ်ကိုယ်ပွားကို သူ သိရပေပြီ..။ သို့ရာတွင် မည်သည့်နေရာ ရောက်နေမှန်း သူမသိသေးပေ..။

အတွေးထဲတွင် နစ်မျောနေရင်း ဟယ်ရီ ထောင့်ချိုးတစ်ခုကို ကွေ့ကာ ကော်ရစ်ဒါအတိုင်း ခြေလှမ်းအနည်းငယ် လှမ်းလိုက်စဉ်မှာပင် သူ့ဘယ်ဘက်ရှိ ပြတင်းပေါက်မှာ ဝုန်းကနဲ ပွင့်ထွက်သွား၏။ သူ ဘေးသို့ ခုန်ရှောင်လိုက်ချိန်မှာပင် ဧရာမ ခန္ဓာကိုယ်ကြီးတစ်ခု ပြတင်းပေါက်ကို ဖြတ်ကျော်ကာ ဝင်ရောက်လာပြီး နံရံနှင့် ဝင်တိုက်မိတော့သည်..။

ဧရာမ လူထွားကြီးမှာ ညည်းညူရင်း ထရပ်လိုက်သလို အမွေးစုတ်ဖွားနှင့် သတ္တဝါတစ်ကောင်မှာ ဟယ်ရီ့ဆီ ပြေးဝင်လာ၏။

"ဟက်ဂရစ်"

ဟယ်ရီ အော်ဟစ်လိုက်ရင်း သူ့ကို မတ်တတ်ရပ်ကာ ဖက်တွယ်ထားသည့် ခွေးကြီးဖန်းဂ်ကို ဖယ်ထုတ်နေရ၏..။

"ဘယ်လိုဖြစ်လာ..."

"ဟယ်ရီ.. မင်း ဒီမှာ ရှိနေတယ်..."

ဟက်ဂရစ်က သူ့ဆီ ပြေးလာကာ အားပါးတရ ဖက်လိုက်ပြီး ကျိုးပဲ့နေသော ပြတင်းပေါက်ဆီ ပြန်ပြေးသွားရင်း...

"ဂရပ်ပီ.. ကောင်လေးရေ.. မင်းနဲ့ ခဏနေမှ ပြန်ဆုံမယ်ဟေ့..."

ပြတင်းပေါက်မှတဆင့် အပြင်သို့ အော်ဟစ်လိုက်သည်။ အပြင်ဘက် ညအမှောင်ထဲတွင် အလင်းရောင်များကို မြင်လိုက်ရပြီး အော်ဟစ်သံများကို ကြားလိုက်ရသည်။ ဟယ်ရီ နာရီကို ကြည့်လိုက်သည်..။ သန်းခေါင်ယံကို ရောက်ပေပြီ။ တိုက်ပွဲကြီး စတင်ချေပြီ။

ဟက်ဂရစ်က အမောတကောနှင့်...

"တကယ်ပါပဲ ဟယ်ရီရာ.. ဒါ ငါတို့ ပြန်တိုက်ရမယ့် အချိန်ပဲ မဟုတ်လား..."

“ဟက်ဂရစ် ဘယ်ကဘယ်လို ရောက်လာတာလဲ..”

ဟက်ဂရစ်က ပြုံလိုက်ရင်း...

“ကျောက်ဂူထဲကနေ ဟိုကောင်ကြီးအသံကို ကြားလိုက်ရတယ်လေ... အသံက အရမ်းကျယ်တာကိုး.. ပေါ်တာကို အပ်ပါဆိုတာနဲ့ မင်း ဒီမှာရှိနေမှန်း သိလိုက်တယ်.. ဘာဖြစ်နေပြီလဲဆိုတာကိုလည်း သိလိုက်တယ်.. ဒါနဲ့ ဂရပ်ပီနဲ့ ဖန်းဂ်တို့ကို ခေါ်ပြီး အတင်းဖောက်ဝင်လာတာ.. ငါ့ကိုရဲတိုက်ထဲ ချပေးဖို့ ပြောတာကို သူက ပြတင်းပေါက်က ပစ်ထည့်လိုက်တယ်လေ.. ငါဆိုလိုတာက ဒီလိုမဟုတ်ဘူး.. နေပါဦး.. ရွန်နှင့် ဟာမီယွန်ရော...”

“ကျွန်တော်လည်း လိုက်ရှာနေတာပဲ... သွားကြစို့...”

သူတို့ ကော်ရစ်ဒါတစ်လျှောက် အပြေးအလွှား လာခဲ့ကြသည်..။ ကော်ရစ်ဒါများအတိုင်း အော်ဟစ်ပြေးလွှားနေသော အသံများကို ဟယ်ရီ ကြားနေရသလို ပြတင်းပေါက်မှတဆင့် အပြင်ဘက်တွင် အလင်းတန်းများ ပိုများလာသည်ကို မြင်နေရ၏..။

“ငါတို့ ဘယ်ကိုသွားနေတာလဲ...”

ဟက်ဂရစ်က ဟယ်ရီ့နောက်မှ မောကြီးပန်းကြီး ပြေးလိုက်ရင်း မေး၏။ သူ ခြေလှမ်းလိုက်တိုင်း ကြမ်းပြင်မှာ တုန်ခါနေ၏။

ဟယ်ရီက နောက်ထပ် ထောင့်ချိုးတစ်ခုကို ကွေ့လိုက်ရင်း...

“ကျွန်တော်လည်း အတိအကျမပြောနိုင်ဘူး .. ဒါပေမယ့် ရွန်နှင့် ဟာမီယွန် ဒီနားတစ်ဝိုက်မှာပဲ ရှိရမယ်...”

တိုက်ပွဲကြီးကြောင့် အပျက်အစီး အဆုံးအရှုံးများ စတင်ဖြစ်ပေါ်နေချေပြီ။ ဆရာများ အခန်းရှေ့ရှိ အစောင့်ကျောက်ရုပ်နှစ်ရုပ်မှာ ပြတင်းပေါက်မှ ဝင်လာသော ကျိန်စာထိကာ တစ်စစီ ဖြစ်နေ၏..။ ဟယ်ရီ သူတို့၏ တစ်စစီ ဖြစ်နေသော ခန္ဓာကိုယ်များပေါ် ခုန်ကျော်သွားစဉ်တွင် ကျိုးပဲ့နေသော ခေါင်းတစ်ခုက ဖျော့တော့စွာဖြင့်...

“ငါတို့ကို ဂရုစိုက်မနေနဲ့.. ငါတို့ ဒီမှာ လှဲနေလိုက်ဦးမယ်...”

ထိုကျောက်ရုပ်တု၏ မျက်နှာကြောင့် ဟယ်ရီ့အတွေးထဲဝယ် ချက်ချင်းပင် ရေဗင်ကလောမျှော်စင်မှ ရုပ်တုကို မြင်ယောင်လာမိသည်။

လမ်းအဆုံးမှာပင် ဟယ်ရီ့မှတ်ဉာဏ်ထဲသို့ နောက်ထပ်ကျောက်ရုပ်တစ်ရုပ်က ဝင်ရောက်လာ၏။ အရုပ်ဆိုးလှသော မှော်ဆရာရုပ်တစ်ရုပ်၏ ခေါင်းပေါ်သို့ ဟယ်ရီကိုယ်တိုင်ပင် သရဖူတစ်ခုကို စွပ်ပေးခဲ့ဖူးသည့် ထိုမှတ်ဉာဏ်ကြောင့် သူ့တစ်ကိုယ်လုံး ဖိုင်းယားဝီစကီ သောက်လိုက်ရသလို ပူနွေးကာ တုန်ရီလာ၏။

မည်သည့်နေရာတွင် ဝိညာဉ်ကိုယ်ပွား ရှိနေမှန်း သူသိသွားပေပြီ။

မည်သူ့ကိုမှ မယုံကြည်ပဲ တစ်ကိုယ်တော် အလုပ်လုပ်လေ့ ရှိသူ တွမ်ရစ်ဒယ်လ်မှာ သူတစ်ယောက်သာ ဟော့ဝက်ရဲတိုက်၏ လျှို့ဝှက်ချက်ကို အနက်ရှိုင်းဆုံး နားလည်သည်ဟု ထင်ထားခဲ့သည်။ တကယ်တမ်းလည်း ဒမ်ဘယ်လ်ဒိုးရော ဖလစ်ဝစ်ပါ ထိုနေရာသို့ ရောက်ဖူးပုံမရချေ..။ ဟယ်ရီတစ်ယောက်မှာမူ ကျောင်းထဲတွင် လျှောက်သွားရင်း ဗိုဒီမော့သိသမျှ လျှို့ဝှက်ချက်များကို သိလာခဲ့သည်။

ဟယ်ရီ ပရော်ဖက်ဆာ စပရောက်ကို ကမန်းကတန်းပင် လမ်းဖယ်ပေးလိုက်ရသည်..။ နဗီးလ်နှင့် အခြားကျောင်းသား ဒါဇင်ဝက်ခန့်မှာ ဧရာမ ပန်းအိုးကြီးများကို သယ်ဆောင်ရင်း နားရွက်များကို ပိတ်ကာထားကာ အပြေးလိုက်သွားကြ၏။

နဗီးလ်က...

"မန်းဒရိတ်ပင်တွေလေ.. နံရံပေါ်မှာ သွားတင်မလားလို့.. သူတို့ကတော့ ကြိုက်မှာ မဟုတ်ဘူး..."

အပြေးအလွှား သွားရင်းနှင့် ဟယ်ရီ့ကို အော်ပြောသွား၏။ မည်သည့် နေရာကို သွားရမည်ကို သိသွားသော ဟယ်ရီမှာ အလျင်အမြန်ပင် ပြေးတော့၏။ ဟက်ဂရစ်နှင့် ဖန်းဂ်မှာ သူ့နောက်မှ အပြေးအလွှား လိုက်ပါလာ၏။ နံရံပေါ်ရှိ ပန်းချီကားများမှ ရုပ်ပုံများမှာလည်း တစ်ခုနှင့် တစ်ခု အပြေးအလွှား သွားရင်း သတင်းပို့နေကြ၏။

ကော်ရစ်ဒါအဆုံးသို့ သူတို့အရောက်မှာပင် ရဲတိုက်ကြီးတစ်ခုလုံး တုန်ခါသွား၏။ ထိုဂါထာမန္တန်၏ ပေါက်ကွဲမှုစွမ်းအားမှာ ဟော့ဝက်ရှိ ဆရာများထက်ရော ဗီးနစ်အဖွဲ့ဝင်များထက်ပါ သာလွန်ကြောင်း ဟယ်ရီ သိလိုက်သည်..။

"ဘာမှ မဖြစ်ပါဘူး ဖန်းဂ်.. ပြန်လာခဲ့..."

သို့ရာတွင် ကြောက်ရွံ့နေသော ခွေးကြီးမှာ အနောက်ဘက်သို့ ပြန်လှည့်ပြေးသဖြင့် ဟက်ဂရစ်ပါ နောက်မှ အပြေးလိုက်ရင်း ဟယ်ရီ တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်...။

တုန်ခါနေသော လမ်းအတိုင်း မော်တောင်ဝှေးကို ထုတ်ကိုင်ထားရင်း ဟယ်ရီ ဆက်ပြေးလာခဲ့သည်။ ကော်ရစ်ဒါတစ်ခုအတိုင်း ပြေးလာစဉ် ဘေးဘက်နံရံရှိ ပန်းချီကားချပ်ထဲမှ မြင်းပုလေးကို စီးထားသော ဆာကာဒိုဂန်မှာ သူ့ဘေးမှ လိုက်ပါလာရင်း အားပေးစကားများ အော်ဟစ်ပြောကြားနေ၏။

"ဒီခွေးကောင်တွေကို မောင်းထုတ်ပစ်လိုက်စမ်းပါ ဟယ်ရီပေါ်တာ..."

နောက်ထပ်အကွေ့တစ်ခုတွင် ဖရက်နှင့် ကျောင်းသားအချို့ကို လျှို့ဝှက်လမ်းအား ပိတ်ဆို့ထားသည့် ရုပ်တုနားတွင် ဟယ်ရီ တွေ့ရ၏။ သူတို့၏ မော်တောင်ဝှေးများကို အသင့်ကိုင်ထားရင်း ပိတ်ဆို့ထားသော လမ်းကြောင်းထဲမှ အသံများကို နားစွင့်နေကြ၏။

"တကယ်ပျော်စရာကောင်းတဲ့ ညပဲ..."

ရဲတိုက်ကြီး နောက်တစ်ခါ တုန်ခါသွားချိန်ဝယ် ဖရက်က အော်ဟစ်လိုက်၏။ ဟယ်ရီ သူတို့ကို အပြေးအလွှား ဖြတ်ကျော်ရင်း နောက်ထပ် ကော်ရစ်ဒါ တစ်ခုဆီသို့ ရောက်လာခဲ့သည်။ ထိုကော်ရစ်ဒါတစ်ခုလုံး ဇီးကွက်များနှင့် ပြည့်နေပြီး မစ္စစ်နောရစ်မှာ လက်ဖြင့်ပုတ်ကာ မာန်ဖီလျှက်ရှိ၏..။ ဇီးကွက်များကို မူလနေရာသို့ ပြန်ထည့်ရန် ကြိုးပမ်းနေပုံပင်...။

"ပေါ်တာ..."

အက်ဘာဖို့ဒမ်ဘယ်လ်ဒိုးမှာ ကော်ရစ်ဒါတစ်ခုကို ပိတ်ဆို့ထားရင်း မော်တောင်ဝှေးကို အသင့်ကိုင်ထား၏။

"ငါ့ရဲ့ဆိုင်ထဲကနေ ကလေးတွေ ရာနဲ့ချီပြီး ထွက်သွားကြတယ် ပေါ်တာ..."

ဟယ်ရီက ...

"ကျွန်တော်သိပါတယ်.. ကျွန်တော်တို့ ကလေးတွေကို ထွက်ခွာခိုင်းထားတယ်.. ဗိုဒီမော့က..."

"မင်းကို မအပ်လို့ တိုက်တော့မယ် မဟုတ်လား.. ငါသိပါတယ်.. ငါနားမလေးပါဘူး... ဟော့မိဒ်ရွာတစ်ရွာလုံး သူ့အသံကို ကြားရတယ်.. မင်းတို့က ဘာဖြစ်လို့ စလေသရင်တချို့ကို သံ့ပန်းအဖြစ် ဖမ်းမထားသလဲ.. မင်းတို့ ထွက်ပြေးခိုင်းလိုက်တဲ့ ကလေးတွေထဲမှာ အချို့ ဒက်အိတာတွေရဲ့ သားသမီးတွေ.. ဒီမှာခေါ်ထားရင် ပိုပြီး အသုံးမဝင်ဘူးလား..."

ဟယ်ရီက...

"ဒီလိုလုပ်ရုံနဲ့ ဗိုဒီမော့က ရပ်မှာ မဟုတ်ဘူး.. ခင်ဗျားရဲ့ အစ်ကိုဆိုလည်း ဒီလိုလုပ်မှာ မဟုတ်ဘူး..."

အက်ဘာဖို့မှာ မကျေမနပ်နှင့် တခြားတစ်ဘက်သို့ ထွက်သွား၏။

ထိုစကားမှာ အမှန်ပင် ဖြစ်သည်ဟု ဟယ်ရီ ပြန်၍ ပြေးလွှားရင်း တွေးနေမိ၏။ ဒမ်ဘယ်လ်ဒိုးမှာ စနိပ်လို လူမျိုးကိုပင် ကာကွယ်ပေးခဲ့ရာ ကျောင်းသားများကို ဘယ်တော့မှ ခားစာခံ ခေါ်ထားမည် မဟုတ်ချေ..။

သူ နောက်ထပ် ထောင့်ချိုးတစ်ခုကို ကွေ့လိုက်ချိန်မှာပင် ရွန်နှင့် ဟာမီယွန်တို့ကို တွေ့လိုက်ရ၍ အကြီးအကျယ် စိတ်သက်သာရာ ရသွား၏။ သူတို့နှစ်ယောက်စလုံး လက်ထဲဝယ် အဝါရောင် သမ်းနေသော ခပ်ကွေးကွေး အရာကြီးများကို ကိုင်ထားပြီး ရွန့်လက်ထဲဝယ် တံမြက်စည်းပျံကိုပါ တွေ့ရ၏...။

“မင်းတို့ ဘယ်ရောက်သွားတာလဲ...”

ရွန်က...

“လျှို့ဝှက် ခန်းဆောင်ထဲကို ဝင်နေတာ...”

“လျှို့ဝှက်.. ဘာ .. ဘာပြောတယ်...”

ဟာမီယွန်က အသက်ပင် မရှူအားသေးပဲ...

“အဲဒါ ရွန့်ရဲ့ အကြံပဲ.. တကယ်ကောင်းတဲ့ အကြံပဲ.. နင်ထွက်သွားပြီးတော့ငါက ရွန့်ကို ပြောတယ်.. ငါတို့ နောက်တစ်ခုကို ရှာတွေ့ရင်တောင်မှ ဘယ်လိုလုပ် ဖျက်ဆီးရမလဲလို့ပေါ့.. ငါတို့ ရွှေခွက်ကို မရှင်းနိုင်သေးဘူး.. ဒါနဲ့ သူက အဲဒီ့အကြံကိုရတာပဲ.. ဘတ်ဆဲလစ် သတ္တဝါကြီးလေ...”

“ဘာပြောတယ်...”

ရွန်က...

“ဝိညာဉ်ကိုယ်ပွားကို ရှင်းပစ်နိုင်တဲ့ ပစ္စည်းလေ...”

ဟယ်ရီ ရွန်နှင့် ဟာမီယွန့်လက်ထဲမှ ကောက်ကောက်ကွေးကွေး အစွယ်များကို ကြည့်လိုက်၏..။ သေဆုံးနေသော ဘတ်ဆဲလစ် သတ္တဝါကြီး၏ ခေါင်းခွံမှ ချိုးဖဲ့ယူလာကြပုံပင်...။

သူက ရွန်.ကို ကြည့်ရင်း...

"အထဲကို ဘယ်လိုလုပ်ဝင်ကြတာလဲ.. မင်းတို့ မြွေစကား ပြောတတ်ဖို့ လိုတယ် မဟုတ်လား..."

ရွန်က ထူးဆန်းသော မြွေတွန်သံတစ်မျိုးကို လုပ်ပြလိုက်၏..။ ပြီးမှ သူက...

"ဒါ မင်း လော့ကတ်ကို ဖွင့်ခိုင်းတဲ့ အသံမျိုးပဲ.. ငါ နည်းနည်းတော့ ကြိုးစားလိုက်ရတယ်... ဒါပေမယ့် နောက်ဆုံး အထဲကို ဝင်လို့ ရသွားတယ်..."

ဟာမီယွန်က...

"သူက တကယ့်ကို အံ့သြလောက်အောင် တော်တာပဲ.. တကယ်ပဲ..."

"ဒါ.. ဒါဆို..."

"ဒီတော့ နောက်ထပ် ဝိညာဉ်ကိုယ်ပွားတစ်ခု ပျက်သွားတာပေါ့ကွ..."

ရွန်က သူ့အင်္ကျီထဲမှ ဟပ်ဖဲလ်ပတ်၏ ရွှေခွက်ကို ထုတ်ပြလိုက်သည်။

"ဟာမီယွန် ထိုးချလိုက်တာလေ.. သူလည်း အဲဒီပျော်ရွှင်မှုမျိုး ခံစားဖူးသင့်တယ်လို့ ငါထင်တယ်လေ..."

"ဟုတ်ပြီကွ..."

ဟယ်ရီက အော်ဟစ်လိုက်သည်..။ ရွန်က ပျော်ရွှင်စွာဖြင့်...

"မင်းရော အခြေအနေ ဘာထူးသေးလဲ..."

သူတို့ စကားပြောနေစဉ်မှာပင် ခေါင်းပေါ်မှ ပေါက်ကွဲသံတစ်ချက် ကြားလိုက်ရပြီး မျက်နှာကျက်မှ ဖုန်မှုန့်များ ကျလာ၏...။

ဟယ်ရီက...

"သရဖူက ဘယ်လိုပုံစံလဲ ဘယ်မှာလရှိလဲဆိုတာ ငါသိပြီ.. ငါ့ရဲ့ ဆေးရည်ဗေဒစာအုပ်ကို ဝှက်တဲ့နေရာမှာပဲ သူလည်း ဝှက်ခဲ့တာပဲ.. အဲဒီ့နေရာမှာ လူတွေအားလုံး ပစ္စည်းတွေ ဝှက်ခဲ့တာ ရာစုနှစ်နဲ့ ချီနေပြီ.. သူက သူတစ်ယောက်ပဲ သိတယ် ထင်ပုံပဲ.. လာကြ..."

နံရံများ နောက်တစ်ကြိမ် တုန်ခါလာစဉ်မှာပင် သူတို့အားလုံး ပိတ်ဆို့ထားသော နံရံကို ဖြတ်ဝင်ကာ လှေကားထစ်များအတိုင်း လိုတရ အခန်းထဲသို့ ပြေးဆင်းလာခဲ့ကြသည်..။ အခန်းထဲဝယ် အမျိုးသမီးသုံးယောက်ကို တွေ့လိုက်ရ၏..။ ဂျင်းနီ.. တွန့်ခ်နှင့် ပိုးစားထားသော ဦးထုပ်ကို ဆောင်းထားသည့် အသက်ကြီးကြီး စုန်းမအိုကြီး တစ်ယောက်တို့ ဖြစ်ကြသည်..။ နဗီးလ်၏ အဘွားမှန်း ဟယ်ရီ ချက်ချင်း မှတ်မိလိုက်သည်..။

သူမက ကမန်းကတန်းပင်...

"အား.. ပေါ်တာပါလား... ပြောစမ်းပါဦး.. ဘာတွေ ဖြစ်ကုန်ပြီလဲ..."

ဂျင်းနီနှင့် တွန့်ခ်တို့က ပြိုင်တူပင်...

"အားလုံး အခြေအနေကောင်းရဲ့လား..."

"သိသလောက်ကတော့ မဆိုးပါဘူး.. ဟော့မိဒ်ကို သွားတဲ့လမ်းမှာ လူကျန်သေးလား..."

အခန်းထဲတွင် အသုံးပြုသူများ ရှိနေသရွေ့ အခန်းမှာ ပုံစံ မပြောင်းနိုင်ကြောင်း ဟယ်ရီ သိထားသည်..။

မစ္စစ် လောင်းဘော့တွန်က...

"ငါက နောက်ဆုံး ဖြတ်လာတဲ့ လူပဲ.. ငါပိတ်ပစ်ခဲ့ပြီ.. အက်ဘာဖို့လည်း မရှိတော့ဘူးဆိုတော့ ဒီအတိုင်းကြီး ဖွင့်ထားခဲ့လို့ မဖြစ်ဘူးလေ.. ဒါနဲ့ ငါ့ရဲ့ မြေးလေးရော .. ဘယ်မှာလဲ..."

"သူ တိုက်ပွဲဝင်နေတယ်..."

အဘွားအိုကြီးက ဂုဏ်ယူစွာဖြင့်...

"သူ့ရဲ့ ထုံးစံအတိုင်းပဲပေါ့.. ကဲ.. ငါလည်း သူ့ကို သွားကူလိုက်ဦးမယ်..."

သူမမှာ အံ့သြဖွယ်ရာ လျင်မြန်မှုဖြင့် လှေကားထစ်များ အပေါ်သို့ တက်ကာ ပျောက်ကွယ်သွား၏..။

ဟယ်ရီက တွန့်ခ်ကို ကြည့်ရင်း...

"တက်ဒီနဲ့ အတူတူ အမေ့အိမ်မှာ မနေဘူးလား..."

"ဘာမှမသိရပဲ ငါ ဒီလိုကြီး မနေနိုင်ဘူး.. အမေက သူ့ကို ဂရုစိုက်မှာပါ.. ရေးမတ်စ်ကို တွေ့မိသလား..."

"သူက မြေပြင်ပေါ်က တိုက်ခိုက်ရေးအဖွဲ့ကို ဦးဆောင်နေတယ်..."

ဘာစကားမှ မပြောပဲ တွန့်ခ်တစ်ယောက် အလျင်အမြန် ထွက်ခွာသွား၏..။ ဟယ်ရီက...

"ဂျင်းနီ.. နင်ပါ ခဏလောက် အခန်းထဲက ထွက်ပေးပါလား.. ခဏလေးပါ.. ပြီးရင် ပြန်ဝင်နေပေါ့..."

ဂျင်းနီမှာ ဤနေရာမှ ထွက်ခွာရမည့် အတွက် ဝမ်းသာနေပုံပင်...။

"ပြီးရင် နင်ပြန်ဝင်နေရမယ်နော်..."

ဟယ်ရီက တွန့်ခ်နောက်သို့ အပြေးလိုက်သွားသော ဂျင်းနီကို ထပ်အော်ပြောလိုက်၏..။

"ပြီးရင် နင် အထဲကို ပြန်ဝင်နေရမှာနော်..."

ရွန်က...

"ခဏနေဦး.. ငါတို့ မေ့နေတဲ့သူတွေ ရှိသေးတယ်..."

ဟာမီယွန်က...

"ဘယ်သူတွေလဲ..."

"အိမ်စေမှင်စာလေးတွေလေ.. သူတို့ အကုန် မီးဖိုခန်းထဲမှာ မဟုတ်လား..."

ဟယ်ရီက...

"ဘာလဲ.. ငါတို့က သူတို့ကိုပါ တိုက်ပွဲဝင်ခိုင်းရမှာလား..."

ရွန်က ပြတ်သားစွာပင်...

"မဟုတ်ဘူး.. သူတို့ကို အပြင်ထွက်ခိုင်းရမယ်.. ငါတို့ နောက်ထပ် ဒေါ်ဘီလို အဖြစ်မျိုး အဖြစ်မခံနိုင်ဘူး.. ငါတို့အတွက် အသေခံပေးဖို့ အမိန့်မပေးနိုင်ဘူး..."

ဟာမီယွန်မှာ သူ့မလက်ထဲမှ ဘတ်ဆဲလစ် အစွယ်ကြီးကို လွှတ်ချလိုက်ပြီး ရွှန့်ဆီ ပြေးဖက်ကာ အားပါးတရ နမ်းလိုက်၏..။ ရွှန်ကလည်း သူ့လက်ထဲမှ အစွယ်ကြီးကို လွှတ်ချကာ ပြန်၍ ပွေ့ဖက်ထားလိုက်သည်..။

"ဒါ ဒီအချိန်လား..."

ဟယ်ရီ မေးခွန်းထုတ်လိုက်စဉ်မှာပင် ရွှန်နှင့် ဟာမီယွန်မှာ ပို၍ တင်းကျပ်စွာ ဖက်ထားကြ၏..။

"ဟေး.. အပြင်မှာ တိုက်ပွဲတွေ ဖြစ်နေပြီ..."

ရွှန်နှင့် ဟာမီယွန်မှာ လူချင်းခွဲလိုက်ကြပြီး ရွှန်က...

"ငါသိပါတယ် သူငယ်ချင်းရယ်... အခုမှ မဖက်ထားရင် နောက်ဆို အခွင့်အရေး မရတော့မှာ စိုးလို့ပါ..."

"ထားလိုက်ပါတော့ .. ဝိညာဉ်ကိုယ်ပွား ကိစ္စကို ရှင်းရဦးမယ်.. မင်းတို့ အဲဒီ့ဟာတွေကိုတော့ ဆက်ကိုင်ထားသင့်တယ်လို့ ငါထင်တယ်.."

"အင်း ဟုတ်သားပဲ .. ဆောရီး..."

ရွှန်နှင့် ဟာမီယွန်တို့မှာ မျက်နှာများ နီမြန်းလျှက် ဘတ်ဆဲလစ် အစွယ်ကြီးများကို ပြန်၍ ကောက်ကိုင်လိုက်ကြသည်...။

သူတို့ ကော်ရစ်ဒါဆီသို့ ပြန်တက်လာချိန်ဝယ် လူသူ ကင်းရှင်းလျှက် ရှိ၏..။ သူတို့ လိုတရအခန်းထဲ ဝင်နေခဲ့သော မိနစ်ပိုင်းအတွင်းမှာပင် ရဲတိုက်အတွင်းမှ အခြေအနေမှာ အကြီးအကျယ် ပြောင်းလဲသွား၏..။

နံရံများနှင့် မျက်နှာကျက်များမှာ အဆိုးဝါးဆုံး တုန်ခါနေပြီး ဖုန်မှုန့်များမှာ လေထဲတွင် ပျံ့လွင့်နေ၏..။ အနီးဆုံး ပြတင်းပေါက်မှတဆင့် အစိမ်းရောင် နှင့် အနီရောင် အလင်းတန်းများကို ရဲတိုက်အောက်ခြေတွင် နီးကပ်စွာ မြင်လိုက်ရသည်..။ ဒက်အိတာများမှာ ရဲတိုက်အနီးထိ ထိုးဖောက်ဝင်ရောက်လာပေပြီ..။

ဂရုပ်မှာ ခေါင်မိုးထိပ်မှ ကျောက်ရုပ်တစ်ခုကို လက်ထဲတွင် ကိုင်ထားရင်း မကျေမနပ် အော်ဟစ်ဌေ့ယမ်းနေ၏..။

ရွှန်က...

"သူ ဟိုကောင်တွေပေါ် တက်နင်းမိပါစေလို့ မျှော်လင့်ရမှာပဲ..."

"ငါတို့လူတွေ မဟုတ်ရင်ပေါ့..."

ထိုစကားသံနှင့်အတူ ဂျင်းနီနှင့် တွန့်ခ်တို့ကို မော်တောင်ဝှေးများ ကိုယ်စီဖြင့် မှန်များအားလုံး ကွဲနေသော ပြတင်းပေါက်အနီးတွင် တွေ့ရ၏..။ သူ ကြည့်နေစဉ်မှာပင် ဂျင်းနီက အောက်ဘက်ရှိ လူစုထဲသို့ သေချာစွာ ချိန်ရွယ်ရင်း ကျိန်စာတစ်ခု ပစ်လွှတ်လိုက်၏...။

"ကောင်းတယ်ဟေ့..."

အော်ဟစ်သံနှင့်အတူ သူတို့ဆီ ပြေးလာနေသော အက်ဘာဖို့ကို ဟယ်ရီ နောက်တစ်ကြိမ် ထပ်တွေ့လိုက်ရသည်..။ သူက ကျောင်းသားအချို့ကို ဦးဆောင်လာ၏..။

"မြောက်ဘက်က ဖောက်ဝင်ကြမယ့်ပုံပဲ.. သူတို့နဲ့အတူတူ သူတို့ရဲ့ ဘီလူးတွေပါ ပါလာတယ်..."

တွန့်ခ်က...

"ရေးမတ်စ်ကို တွေ့မိသလား..."

အက်ဘာဖို့က ပြန်အော်ပြောလိုက်သည်..။

"ဒိုလိုဟော့နဲ့ ယှဉ်တိုက်နေတာတော့ တွေ့လိုက်တယ်.. ပြီးတော့ မတွေ့တော့ဘူး..."

ဂျင်းနီက...

"တွန့်ခ်... သူ ဘာမှ မဖြစ်ပါဘူး .. သေချာပါတယ်.."

သို့ရာတွင် တွန့်ခ်မှာ အက်ဘာဖို့ နောက်ပြေးလိုက်ကာ ဖုန်လုံးကြီးများ ကြားဝယ် ပျောက်ကွယ်သွား၏..။ ဂျင်းနီက ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့ကို ကြည့်လိုက်၏..။ ဟယ်ရီက...

"သူတို့ ဘာမှ မဖြစ်နိုင်ပါဘူး ဂျင်းနီ.. ငါတို့ ခဏနေရင် ပြန်လာခဲ့မယ် ဒီနားမှာပဲနေ..."

သူ ရွန်နှင့် ဟာမီယွန်ကို ဦးဆောင်ကာ လိုတရ အခန်းတံခါးဆီသို့ နောက်ထပ် ဆုအာသစ်တောင်းရန် ပြေးလွှားခဲ့သည်..။

အားလုံး ပစ္စည်းတွေ ဝှက်ကြတဲ့ နေရာကို သွားချင်တယ်ဟု ဟယ်ရီ အတွေးထဲမှ တောင်းဆိုရင်း တတိယအကြိမ်မြောက် ဖြတ်ပြေးချိန်ဝယ် အခန်းတံခါးတစ်ခု ပေါ်လာ၏..။ သူတို့ တံခါးကိုဖွင့်၍ အထဲဝင်လိုက်ချိန်ဝယ် တိုက်ပွဲသံများမှာ လုံးဝ တိတ်ဆိတ် ပျောက်ကွယ်သွား၏..။

ဘုရားကျောင်းခန်းမကြီး တစ်ခုနီးပါး ကျယ်ကာ နှစ်ပေါင်းများစွာက ကျောင်းသားများ ဝှက်ထားသော ပစ္စည်းများ တောင်လိုပုံနေသော နေရာတစ်ခုသို့ သူတို့ ရောက်လာခဲ့ကြသည်..။ ရွန်က...

"ဘယ်သူမဆို ဒီအထဲကို ဝင်နိုင်တယ်ဆိုတာ သူမသိဘူးလား..."

"သူတစ်ယောက်ပဲ သိတယ် ထင်တာကိုး.. သူ့အတွက် ဆိုးသွားတာက ငါလည်း ပစ္စည်းဝှက်စရာကိစ္စ ပေါ်လာခဲ့တာပဲ.. ဒီဘက်ကိုလာ.. ဒီဘက်မှာလို့ ငါထင်တယ်.."

ပစ္စည်းပုံများကို ကြည့်ရင်း မည်သည့်နေရာသို့ သွားရမည်ကို ဟယ်ရီ စဉ်းစား မရတော့ပေ..။

"အက်ဆီယို ဒိုင်ယာဒမ်..."

ဟာမီယွန်က မျှော်လင့်ချက်ဖြင့် ဂါထာရွတ်လိုက်သော်လည်း မည်သည့် အရာမှ သူတို့ဆီ ပျံဝဲမလာချေ..။ ဤအခန်းမှာ ဂရင်းဂေါ့ဘဏ်ရှိ ငွေတိုက်ကဲ့သို့ပင် အထဲရှိ ပစ္စည်းများကို လွယ်လွယ်နှင့် ထုတ်ပေးမည့်ပုံ မရှိပေ..။ ဟယ်ရီက...

"လူခွဲရှာကြစို့.. အဘိုးကြီးတစ်ယောက်ရဲ့ ကျောက်ရုပ်ပေါ်မှာ အဲဒီ့သရဖူ ဆောင်းထားတယ်.. ဘီရိုတစ်ခုပေါ်မှာ ရုပ်တုက ရှိတယ်... ဒီနေရာတဝိုက်မှာပဲ ရှိရမယ်..."

ပစ္စည်းပုံများကြားဝယ် သူတို့ လူစုခွဲလိုက်၏..။ ကျန်နှစ်ယောက် ခြေသံများကို ကြားနေရသော်လည်း မြင့်မားလှသည့် ပစ္စည်းပုံကြီးများကြောင့် မမြင်ရချေ..။ ပစ္စည်းများမှာ စုံလင်လှ၏..။ ပုလင်းများ.. ဦးထုပ်များ.. ပုံးများ.. ကုလားထိုင်များ.. စာအုပ်များ.. လက်နက်များ.. တံမြက်စည်းပုံများ အစုံပင်...။

"ဒီနေရာတဝိုက်မှာပဲ..."

ဟယ်ရီ ရေရွတ်ရင်း လျှောက်လာခဲ့သည်..။ အခန်းထဲသို့ တဖြည်းဖြည်း တိုးဝင်ခဲ့ရင်း အရင်တစ်ခါက သူမြင်ဖူးခဲ့သော ပစ္စည်းကို ပြန်ရှာဖွေနေရ၏..။

သူ့အသက်ရှူသံကို သူကျယ်လောင်စွာ ပြန်ကြားနေရပြီး နောက်တွင် သူ့စိတ်ထဲဝယ် အေးစိမ့်လာသလို ခံစားလိုက်ရသည်..။ အရှေ့တွင် သူ ဆေးရည်စာအုပ်ဝှက်ခဲ့သော ဘီရိုရှိမှန်း မှတ်မိလိုက်သည်..။ ထိုဘီရိုပေါ်ဝယ် မှော်ဆရာအိုကြီး၏ ခေါင်းပေါ်၌ ဖုန်များ ထူထပ်စွာ တက်နေသော ရေဗင်ကလော သရဖူ ရှိနေ၏...။

ပေအနည်းငယ် အကွာသို့ သူအရောက်မှာပင် အနောက်ဘက်ဆီမှ...

"ရပ်လိုက်စမ်း ပေါ်တာ..."

သူရပ်တန့်ရင်း နောက်သို့ လှည့်ကြည့်လိုက်၏..။ ခရက်ဘီနှင့် ဂွိုင်လီတို့မှာ ရင်ဘောင်တန်းကာ ရပ်ရင်း မှော်တောင်ဝှေးများဖြင့် သူ့ကို ချိန်ရွယ်ထား၏..။ သူတို့နှစ်ယောက် အနောက်ဝယ် ဒရာကို မယ်လ်ဖွိုင်းကို တွေ့လိုက်ရသည်။ မယ်လ်ဖွိုင်းက...

"မင်းကိုင်ထားတာ ငါ့ရဲ့ မှော်တောင်ဝှေးပဲ ပေါ်တာ..."

ဟယ်ရီက...

"မဟုတ်တော့ဘူး... အနိုင်ရတဲ့သူက ပိုင်ရှင်ပဲ မယ်လ်ဖွိုင်း.. ဒါနဲ့ ဘယ်သူက မင်းကို မှော်တောင်ဝှေး ငှားလိုက်သလဲ..."

"ငါ့အမေပေါ့..."

ဟယ်ရီ ရယ်လိုက်၏...။ သို့ရာတွင် အခြေအနေမှာ ထင်သလောက် ရယ်စရာ မကောင်းချေ...။ ရွန်နှင့် ဟာမီယွန်တို့၏ အသံကို သူမကြားရတော့ချေ..။ သိုတို့မှာ သရဖူကို ရှာရင်း အဝေးရောက်သွားပုံပင်..။

"မင်းတို့သုံးယောက်က ဘာလို့ ဗိုဒီမော့နဲ့ အတူရှိမနေရတာလဲ..."

"ငါတို့က ဆုချီးမြှင့်ခံရတော့မှာ..."

ခရက်ဘီက ပြောလိုက်၏..။ ခရက်ဘီ၏ အသံမှာ ကလေးတစ်ယောက် သကြားလုံးထုပ်ကြီး ကောက်ရသလိုပင်...။

"ငါတို့ တမင်နေခဲ့တာ မင်းကိုဖမ်းဖို့ပဲ ပေါ်တာ..."

"အကြံကောင်းပဲ..."

ထိုမျှနီးသော နေရာရောက်ကာမှ ဤသုံးယောက်နှင့် ရင်ဆိုင်နေရသည့် အတွက် ဟယ်ရီ စိတ်ပျက်မိသည်။ ဟယ်ရီ တတ်နိုင်သရွေ့ နောက်သို့ တဖြည်းဖြည်း ဆုတ်လာခဲ့သည်..။ တိုက်ပွဲမဖြစ်ခင် ဝိညာဉ်ကိုယ်ပွားကို ရအောင် ယူနိုင်လျှင် ကောင်းမည်ဟု တွက်ဆနေမိသည်..။

ဟယ်ရီက တတ်နိုင်သရွေ့ အာရုံလွှဲရန်...

"မင်းတို့ ဒီအထဲကို ဘယ်လိုဝင်လာတာလဲ..."

မယ်လ်ဖွိုင်းက ...

"မနှစ်က တစ်နှစ်လုံး ငါ ဒီအခန်းထဲမှာ နေခဲ့တာပဲ.. ဘယ်လိုဝင်ရမလဲ ငါသိတာပေါ့..."

ဂွိုင်လီက...

"ငါတို့ အပြင်က ကော်ရစ်ဒါမှာ ပုန်းနေတာ.. ငါတို့ အခုဆိုရင် ကိုယ်ယောင်ဖျောက် ဂါထာကို သုံးတတ်နေပြီ.. ပြီးတော့ မင်းက ငါတို့ရှေ့မှာပဲ သရဖူကို ရှာရမယ်လို့ ပြောတယ်.. ဘာသရဖူလဲ..."

"ဟယ်ရီ မင်း ဘယ်သူတွေနဲ့ စကားပြောနေတာလဲ..."

ပစ္စည်းပုံကြီးတစ်ဘက်ဆီမှ ရွန့်အသံ့က ထွက်ပေါ်လာ၏။ ခရက်ဘီက ပေငါးဆယ်နီးပါးမြင့်သည့် ပစ္စည်းပုံကြီးကို မှော်တောင်ဝှေးဖြင့် ချိန်လိုက်ပြီး အော်ဟစ်လိုက်သည်။

"ဒစ်ဖန်ဒို..."

ပစ္စည်းပုံကြီးမှာ လှုပ်ခါလာပြီး အပေါ်ပိုင်း သုံးပုံတစ်ပုံခန့်မှာ အခြား တစ်ဘက် ရွန်ရပ်နေသည့် နေရာသို့ ပြိုကျသွား၏..။

"ရွန်..."

ဟယ်ရီ အော်လိုက်ချိန်မှာပင် အဝေးတစ်နေရာမှ ဟာမီယွန်၏ အော်ဟစ်သံကို ကြားလိုက်ရသည်..။ အခြားဘက်တွင် ပစ္စည်းများမှာ ဝရုန်းသုန်းကား ပြိုကျနေသံကို ဟယ်ရီ ကြားလိုက်ရသည်...။ သူက ပစ္စည်းပုံကြီးကို မှော်တောင်ဝှေးဖြင့် ချိန်ရင်း ...

"ဖိုင်းနိုက်..."

ပြိုကျမှုများ ရပ်ဆိုင်းသွား၏..။

မယ်လ်ဖွိုင်းက နောက်ထပ် ဂါထာရွတ်ရန် ကြံနေသည့် ခရက်ဘီ၏ လက်မောင်းကို ဖမ်းဆွဲထားရင်း...

"မလုပ်နဲ့.. မင်း ဒီအခန်းကို ဖောက်ခွဲပစ်လိုက်ရင် သရဖူ မြုပ်သွားလိမ့်မယ်..."

ခရက်ဘီက မယ်လ်ဖွိုင်းလက်ကို လွှတ်အောင်ရုန်းရင်း...

"ဘာအရေးကြီးလို့လဲ... မိစ္ဆာသခင်ကြီး လိုချင်တာက ပေါ်တာပဲ.. ဘယ်သူက သရဖူကို ဂရုစိုက်မှာလဲ..."

မယ်လ်ဖွိုင်းက စိတ်မရှည်နိုင်ဟန်ဖြင့်...

"ပေါ်တာ ဒီကိုလာပြီး သရဖူကို လာယူတာ.. ဒါ ဘာကို ဆိုလိုသလဲဆိုတော့..."

"ဘာကိုဆိုလိုသလဲ..."

ခရက်ဘီက မယ်လ်ဖွိုင်းဘက်သို့ လှည့်လိုက်ရင်း...

"မင်းဘာထင်ထင် ဘယ်သူက ဂရုစိုက်မှာလဲ.. မင်းအမိန့်ကို ငါတို့ မနာခံနိုင်ဘူး ဒရာကို .. မင်းနဲ့ မင်းအဖေက ဘာမှ သုံးမရတော့ဘူး..."

ရွှန်က အခြားတစ်ဘက်မှ..

"ဟယ်ရီ.. ဘာတွေ ဖြစ်ကုန်ပြီလဲ..."

ခရက်ဘီက...

"ဟယ်ရီ.. ဘာတွေ ဖြစ်ကုန်ပြီလဲ.. ဟုတ်လား.. ဟေ့ .. ပေါ်တာ.. ခရူစီယို..."

ဟယ်ရီ သရဖူကို ခုန်ယူလိုက်သည်...။ ခရက်ဘီ၏ ကျိန်စာမှာသူ့ကို မထိသော်လည်း ကျောက်ရုပ်ကို ထိကာ ပေါက်ကွဲသွားပြီး သရဖူမှာ လွင့်စင်သွားကာ အပျက်အစီးများကြားထဲတွင် ရောနှောပျောက်ကွယ်သွား၏..။

"ရပ်လိုက်.. သခင်ကြီးက သူ့ကို အရှင်လိုချင်တာ..."

မယ်လ်ဖွိုင်းက အော်ဟစ်လိုက်သည်။

ခရက်ဘီက မယ်လ်ဖွိုင်းကို တွန်းပစ်လိုက်ရင်း...

"ဘာလဲ.. ငါက ဒါနဲ့ပဲ သူ့ကို မသတ်ရတော့ဘူးလား.. ဒါပေမယ့် သခင်ကြီးကလည်း သူ့ကို သတ်ချင်နေတာပဲ.. ငါသတ်လိုက်လည်း ဘာဖြစ်လဲ..."

ကြက်သွေးရောင် အလင်းတန်းတစ်ခုက ဟယ်ရီ့အနီးမှ လက်မခန့်သာ ကပ်လွဲသွား၏..။ ဟာမီယွန်မှာ သူ့နောက် ထောင့်ချိုးမှ ရုတ်တရက် ထွက်ပေါ် လာပြီး မေ့မျောကျိန်စာကို ခရက်ဘီ့ခေါင်းတည့်တည့် ချိန်ကာ ပစ်လွှတ်လိုက်၏..။ မယ်လ်ဖွိုင်း ဆွဲဖယ်လိုက်သောကြောင့် လွဲသွားရသည်။

"မျိုးမစစ်တဲ့ ဟာမလေးပဲ.. အာဗဒါ ကာဒါဗရာ..."

ဟာမီယွန် ဒိုင်ဗင်ထိုးကာ ရှောင်တိမ်းလိုက်သည်ကို ဟယ်ရီ တွေ့လိုက်ရသည်။ သူ ခရက်ဘီ့ဆီသို့ မေ့မျောကျိန်စာတစ်ခုကို ပစ်လွှတ်လိုက်သည်။ ခရက်ဘီမှာ ရှောင်တိမ်းရင်းနှင့် မယ်လ်ဖွိုင်းကို ဝင်တိုက်မိကာ မယ်လ်ဖွိုင်း၏ မှော်တောင်ဝှေးမှာ လက်ထဲမှ လွတ်ကျသွားပြီး ကျိုးပဲ့နေသော ပရိဘောဂ ပစ္စည်းပုံကြီးအောက်သို့ လိမ့်ဝင်သွား၏..။

"မသတ်နဲ့.. သူ့ကို မသတ်နဲ့..."

မယ်လ်ဖွိုင်းက ဟယ်ရီ့ကို ချိန်ရွယ်ထားကြသော ခရက်ဘီနှင့် ဂွိုင်လီတို့အား အော်ဟစ်တားဆီးလိုက်သည်။ သူတို့ စက္ကန့်ပိုင်းမျှ တုန့်ဆိုင်းသွားချိန်ကလေးတွင် ဟယ်ရီ့အတွက် လိုအပ်သော အခွင့်အရေးကို ရလိုက်သည်။

"အိပ်စ်ပဲလီယာမတ်စ်..."

ဂွိုင်လီ့မှော်တောင်ဝှေးမှာ လက်ထဲမှ လွင့်စင်သွားကာ နောက်ဘက်ရှိ ပစ္စည်းပုံကြီးထဲဝယ် ပျောက်ကွယ်သွား၏..။ ဂွိုင်လီက ထိုပစ္စည်းပုံကြီးဆီ ပြေးကာ သူ့မှော်တောင်ဝှေးကို ပြန်ရှာနေ၏..။ မယ်လ်ဖွိုင်းက ဟာမီယွန် ဒုတိယအကြိမ် ပစ်လွှတ်လိုက်သော မေ့မျောကျိန်စာမှ လွတ်အောင် ခုန်ရှောင်လိုက်၏..။

ရွန်မှာ ရုတ်တရက်ပင် အကွယ်တစ်နေရာမှ ထွက်လာကာ ခရက်ဘီ့ထံသို့ ခြေချုပ်ကျိန်စာကို ပစ်လွှတ်လိုက်သော်လည်း ပွတ်ကာသီကာလေး လွဲသွား၏..။ ခရက်ဘီက နောက်သို့ လှည့်လိုက်ရင်း...

"အာဗဒါ ကာဒါဗရာ..." ဟု အော်ဟစ်လိုက်ပြန်၏..။ ရွန်မှာ အစိမ်းရောင် အလင်းတန်းမှ လွတ်အောင် ရှောင်ထွက်သွား၏..။ မှော်တောင်ဝှေး မရှိတော့သော မယ်လ်ဖွိုင်းမှာ ဘီရိုတစ်ခုနောက်ဝယ် ပုန်းကွယ်နေသည်။

ဟာမီယွန်က ရှေ့သို့ ပြေးတက်လာရင်း မေ့မျောကျိန်စာဖြင့် ဂွိုင်လီကို ထိမှန်အောင် ပစ်ခတ်လိုက်သည်။ ဟယ်ရီက ပစ္စည်းပုံကြီးကို ညွှန်ပြရင်း...

"ဒီနားတစ်ဝိုက်မှာပဲ .. ရှာထားလိုက်.. ငါ ရွန့်ကို သွားကူ..."

"ဟယ်ရီ..."

ဟာမီယွန်က အော်ဟစ်လိုက်သည်။ သူ့နောက်မှ ဆူဆူညံညံ အသံများ ကြားလိုက်ရသည်..။ သူလည်းကြည့်လိုက်၏..။ ရွန်နှင့် ခရက်ဘီမှာ ပစ္စည်းပုံကြီးပေါ်သို့ အပြေးတက်လာကြ၏..။ ခရက်ဘီက ပြေးရင်းလွှားရင်းနှင့်...

"ဘယ်လိုလဲ.. ကြိုက်ကြရဲ့လား..."

သို့ရာတွင် သူလုပ်လိုက်သည့်အရာကို သူထိန်းသိမ်းနိုင်စွမ်း ရှိပုံမရပေ..။ ပုံမှန်မဟုတ်ပဲ ကြီးမားလှသည့် မီးတောက်ကြီးများမှာ သူတို့နောက်လိုက်လာကာ ဘေးဘက်တွင်ရှိသည့် ပစ္စည်းပုံကြီးများကိုပါ ကူးစက်လောင်ကျွမ်းတော့သည်..။

"အက်ဂွါမန်တီ..."

ဟယ်ရီ့ အော်ဟစ်သံနှင့်အတူ သူ့မှော်တောင်ဝှေးထိပ်မှ ရေများ ပန်းထွက်လာသော်လည်း ချက်ချင်းပင် အငွေ့ပျံကာ ပျောက်ကွယ်သွား၏..။

"ပြေး..."

မယ်လ်ဖွိုင်းက မေ့မျောနေသော ဂွိုင်လီကို ဆွဲကာပြေး၏..။ ခရက်ဘီမှာ ကြောက်အားလန့်အားနှင့် ရှေ့ဆုံးမှ ပြေးနေ၏..။ ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့ ပြေးရာနောက်သို့ မီးတောက်များ လိုက်ပါလာ၏..။ မီးတောက်များမှာ သာမန်မီးတောက် မဟုတ်ပေ..။

ခရက်ဘီက ဟယ်ရီ လုံးဝမသိသော ကျိန်စာတစ်မျိုးမျိုးကို သုံးလိုက်ပုံပင်..။ သူတို့ ထောင့်ချိုးတစ်ခုကို ကွေ့လိုက်သည့်တိုင် မီးတောက်များမှာ အသက်ရှိသည့်ပမာ သူတို့နောက်မှ လိုက်မြဲလိုက်ပါလာ၏...။

ယခုအခါတွင် မီးတောက်များမှာ ပုံစံပြောင်းသွားကာ ဧရာမ မီးတောက်သတ္တဝါကြီးများ ဖြစ်ပေါ်လာ၏..။ မီးတောက်မြွေကြီးများ ခြင်္သေ့ကြီးများ နဂါးကြီးများမှာ နောက်မှ လိုက်ပါလာရင်း ရာစုနှစ်ပေါင်းများစွာက ပစ္စည်းဟောင်းများကို စားသောက်ရင်း တဖြည်းဖြည်း ကြီးမားလာကြသည်။

မယ်လ်ဖွိုင်း ခရက်ဘီနှင့် ဂွိုင်လီတို့ကို မတွေ့ရတော့ချေ..။ ဟယ်ရီ.. ရွန်နှင့် ဟာမီယွန်တို့မှာ ရပ်တန့်နေရပြီး ဧရာမ မီးတောက်သတ္တဝါကြီးများမှာ သူတို့ကို ဝန်းရံလျှက် တဖြည်းဖြည်း နီးကပ်လာကြသည်။ အပူရှိန်မှာ တဖြည်းဖြည်း ပြင်းထန်လာ၏..။

ဟာမီယွန်က ကြောက်မက်ဖွယ် မီးတောက်သံများကြားမှ...

"ငါတို့ ဘယ်လိုလုပ်ကြမလဲ.. ဘယ်လိုလုပ်ကြမလဲ..."

"ဒီမှာ..."

ဟယ်ရီ အနီးရှိ ပစ္စည်းပုံထဲမှ ခပ်ကြီးကြီး တံမြက်စည်းပျံများကို ယူကာ ရွန့်ထံ တစ်ခုပေးလိုက်၏..။ ရွန်က ဟာမီယွန့်ကို နောက်ဘက်သို့ ဆွဲတင်လိုက်သည်..။ ဒုတိယတံမြက်စည်းပေါ်သို့ ဟယ်ရီ တက်လိုက်ကာ ကြမ်းပြင်ကိုကန်၍ လေထဲသို့ ပျံတက်လိုက်သည်။

သူတို့ကို ပါးစပ်ဖြင့် ဖမ်းကိုက်လိုက်သော ရောမ မီးတောက်သတ္တဝါကြီးလက်မှ ပွတ်ကာသီကာ လွတ်သွား၏..။ အပူဒဏ်နှင့် မီးခိုးများမှာ အလွန်ဆိုးဝါးလာ၏..။ သူတို့အောက်ဝယ် မီးတောက်များမှာ နှစ်ပေါင်းများစွာက ကျောင်းသားများ ဝှက်ခဲ့သော ပစ္စည်းများကို ဝါးမျိုနေကြသည်။ မယ်လ်ဖွိုင်း ခရက်ဘီနှင့် ဂွိုင်လီတို့ကို လုံးဝမတွေ့ရတော့ချေ..။

သူ တတ်နိုင်သမျှ နိမ့်နိုင်သမျှ နိမ့်ပျံရင်း သူတို့ကို ရှာကြည့်သော်လည်း မီးတောက်များမှတပါး ဘာကိုမှ မတွေ့ရချေ..။ ဤကဲ့သို့ သေနည်းမျိုးမှာ ဆိုးဝါးလွန်းလှသည်..။ သူတို့ကို ဤကဲ့သို့ မသေစေချင်ပေ..။ ရွန်က...

"ဟယ်ရီ.. အပြင်ကို ထွက်ကြစို့..."

သူ အော်သာအော်နေရသော်လည်း မီးခိုးလုံးများကြောင့် တံခါးပေါက်ကိုပင် မမြင်ရတော့ပေ..။ ကြောက်မက်ဖွယ်ရာ တောက်လောင်နေသော မီးတောက်သံများကြားထဲမှ လူတစ်ယောက်၏ အော်သံသဲ့သဲ့ကို ဟယ်ရီ ကြားလိုက်ရသည်။

"မသွားနဲ့ အန္တရာယ် များလွန်းတယ်..."

ရွန်က အော်ဟစ်လိုက်သော်လည်း ဟယ်ရီ လေထဲတွင် တံမြက်စည်းပျံကို ဆွဲကွေ့လိုက်၏..။ သူ့မျက်မှန်က သူ့မျက်လုံးများကို အနည်းနှင့်အများတော့ မီးခိုးဒဏ်မှ အကာအကွယ် ပေးထား၏..။ သူ မီးတောက်များအပေါ်မှ ပျံသန်းရင်း သက်ရှိတစ်ယောက်ယောက်၏ လက္ခဏာကို ရှာဖွေကြည့်လိုက်သည်..။

ရုတ်တရက် သူမြင်လိုက်ရသည်။ မေ့မျောနေသော ဂွိုင်လီကို ပွေ့ဖက်ထားသည့် မယ်လ်ဖွိုင်းကို စားပွဲများ စုပုံထားသည့် အပုံကြီးထိပ်တွင် တွေ့ရ၏..။ ဟယ်ရီ အောက်သို့ ထိုးစိုက်ချလိုက်သည်။ မယ်လ်ဖွိုင်းက သူ့ကို မြင်သွားပြီး လက်တစ်ဘက်ကို မြှောက်ပေး၏..။ ဟယ်ရီ သူ့လက်ကို ဖမ်းကိုင်လိုက်သည်နှင့် အခြေအနေမဟန်မှန်း သိလိုက်သည်..။

ဂွိုင်လီမှာ အလွန်လေးလံသည့်အပြင် မယ်လ်ဖွိုင်း၏ လက်မှာ ချွေးများနှင့်မို့ ဟယ်ရီ့လက်ထဲမှ ချော်ထွက်နေ၏..။

"သူတို့အတွက်နဲ့ ငါတို့ သေရမယ်ဆိုရင် မင်းကို ငါ သတ်ပစ်မယ် ဟယ်ရီ..."

ဒေါသတကြီး အော်ဟစ်လိုက်သော ရွန့်အသံကို ကြားလိုက်ရသည်။ သူတို့အောက်မှ ဧရာမ မီးတောက်သတ္တဝါကြီးက သူတို့ကို ခုန်ဖမ်းရန် ကြိုးစားနေ၏...။

ရွန်နှင့် ဟာမီယွန်တို့က ဂွိုင်လီကို သူတို့ တံမြက်စည်းပေါ် ဆွဲတင်ကာ လေထဲသို့ ပျံတက်သွား၏..။ မယ်လ်ဖွိုင်းမှာ သူ့နောက်သို့ တက်လာ၏..။

"တံခါးဆီကိုသွား.. တံခါးဆီကို..."

မယ်လ်ဖွိုင်းက ဟယ်ရီ့နားနားကပ်ကာ အလန့်တကြား အော်ဟစ်လိုက်၏..။ ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့နောက်မှ အမြန်ပျံသန်းရင်း လိုက်သွားလိုက်သည်။ မီးခိုးများကြောင့် အသက်ရှူရသည်မှာပင် ခက်ခဲလှ၏..။

မီးတောက်များအထက်သို့ ပစ္စည်းအချို့ လွင့်စင် မြောက်တက်လာ၏...။ ရေခွက်များ ဒိုင်းများ... လည်ဆွဲများနှင့် ဟောင်းနွမ်းနေသော သရဖူတစ်ခုကို ဟယ်ရီ တွေ့လိုက်ရသည်။

"မင်း ဘာလုပ်တာလဲ.. ဘာလုပ်တာလဲ.. တံခါးက ဟိုဘက်မှာလေ..."

မယ်လ်ဖွိုင်းက အလန့်တကြား အော်၏..။ သို့ရာတွင် ဟယ်ရီ လေထဲမှာပင် တစ်ပတ်လှည့်ရင်း ဒိုင်ဗင်ထိုးချလိုက်သည်။ သရဖူမှာ အောက်သို့ တဖြည်းဖြည်း ပြန်၍ ပြုတ်ကျနေပြီး အောက်တွင် မီးတောက်မြွေကြီးတစ်ကောင်က အသင့်စောင့်နေ၏..။ သို့ရာတွင် ဟယ်ရီက အရင်ဖမ်းမိလိုက်၏..။

မီးတောက်မြွေကြီးက လှမ်းပေါက်လိုက်သည်ကို ဟယ်ရီ ရှောင်ပေးလိုက်ရင်း အပေါ်သို့ ပျံတက်ကာ တံခါးပေါက်ရှိရာသို့ ဦးတည်လိုက်သည်..။ ရွန်.. ဟာမီယွန်နှင့် ဂွိုင်လီတို့ကို မတွေ့ရတော့ပေ..။ မယ်လ်ဖွိုင်းမှာ အော်ဟစ်ရင်း ဟယ်ရီ့ကို တင်းကျပ်စွာ ဖက်ထား၏..။

ထို့နောက်တွင် မီးခိုးများကြားမှ လေးထောင့်သဏ္ဍာန်တစ်ခုကို နံရံပေါ်တွင် တွေ့လိုက်ရ၍ ထိုနေရာဆီသို့ တံမြက်စည်းကို ဦးလှည့်လိုက်သည်..။ မကြာခင်မှာပင် သန့်ရှင်းသောလေကို ရှူရှိုက်လိုက်ရပြီး ကော်ရစ်ဒါတစ်ဘက်ရှိ နံရံနှင့် သူတို့ ဝင်တိုက်မိတော့သည်။

မယ်လ်ဖွိုင်းမှာ တံမြက်စည်းပေါ်မှ ပြုတ်ကျကာ မှောက်ခုံလဲလျှက် ချောင်းတဟွတ်ဟွတ် ဆိုးနေ၏..။ ဟယ်ရီကမူ လူးလိမ့်ကာ ထရပ်လိုက်သည်..။ လိုတရအခန်းတံခါးမှာ ပျောက်ကွယ်သွားပေပြီ..။ ရွန်နှင့် ဟာမီယွန်မှာ မောဟိုက်စွာ ထိုင်နေပြီး ဂွိုင်လီမှာ သူတို့ဘေးဝယ် မေ့မျောလျှက်ပင် ရှိသေး၏..။

အသက်ရှူကျပ်နေသော မယ်လ်ဖွိုင်းက စကားပြောနိုင်သည်နှင့်...

"ခ.. ခရက်ဘီ.. ခရက်ဘီ..."

ရွန်က...

"သူသေပြီ..."

မောဟိုက်သံ ချောင်းဆိုးသံများမှ အပ အသံများ တိတ်ဆိတ်သွားပြန်၏..။ တိုက်ပွဲများမှာ သူတို့ ပတ်ဝန်းကျင်တွင် ဖြစ်ပွားနေဆဲပင်..။ အော်ဟစ်သံများကို သူကြားနေရ၏..။ သူ ရုတ်တရက် ထိတ်လန့်သွားရင်း...

"ဂျင်းနီ ဘယ်ရောက်သွားလဲ.. သူ့ကို ဒီမှာ စောင့်ခိုင်းခဲ့တာပဲ.. သူ လိုတရအခန်းထဲကို ပြန်ဝင်နေရမယ်..."

ရွန်က...

"ဒီလောက် မီးတွေ လောင်ပြီးမှတော့ အဲဒီ့အခန်းက အလုပ်ရော လုပ်ပါတော့လား..."

သို့ရာတွင် သူလည်း မတ်တတ်ရပ်လိုက်ရင်း...

"ငါတို့ လူစုခွဲပြီး ရှာကြည့်မလား..."

ဟာမီယွန်ကပါ မတ်တတ်ရပ်လိုက်ရင်း...

"မဖြစ်ဘူး..."

မယ်လ်ဖွိုင်းနှင့် ဂွိုင်လီမှာ ကော်ရစ်ဒါကြမ်းပြင်ပေါ်ဝယ် စိတ်ပျက်စွာ လဲလျောင်းနေကြ၏..။ နှစ်ယောက်စလုံးတွင် မှော်တောင်ဝှေး မရှိတော့ပေ..။

"ငါတို့ အတူတူ ရှိနေမှ ဖြစ်မယ်.. ဟယ်ရီ.. နင့်လက်ထဲက ဘာလဲ..."

"ဟင်.. အိုး.. ဟုတ်လားပဲ..."

ဟယ်ရီ သူ့လက်ထဲမှ သရဖူကို မြှောက်ကြည့်လိုက်သည်။ သရဖူမှာ ယခုထက်ထိ ပူနေပြီး မီးကျွမ်းကာ မည်းနက်နေ၏။ သူ အနီးကပ်ကြည့်လိုက်ရာ သရဖူပေါ်ရှိ စာလုံးများကို ဖတ်လိုက်နိုင်၏..။

'ဉာဏ်ပညာဆိုသည်မှာ လူသားတို့အတွက် အမြတ်ဆုံး ရတနာပင်...'

သရဖူထဲမှ သွေးကဲ့သို့ မည်းနက်နက် ပျစ်စေးစေး အရာများ ထွက်ကျနေ၏..။ သရဖူမှာ သူ့လက်ထဲ၌ ရုတ်တရက် တုန်ခါပြီးနောက် တစ်စစီ ကွဲကျေသွား၏..။ ထိုအခိုက်မှာပင် တိုးညင်းလှသော နာကျင်စွာ အော်ဟစ်လိုက်သည့်အသံကို သူ့လက်ထဲရှိ သရဖူအပိုင်းအစများထံမှ သူ ကြားလိုက်ရ၏..။ ဟာမီယွန်က ပျက်စီးကွဲကျေနေသော အစိတ်အပိုင်းများကို ကြည့်ရင်း...

"ဒါ ဖင်းဒ်ဖိုင်းယားပဲ ဖြစ်ရမယ်..."

"ဟင်.. ဘာ..."

"ဖင်းဒ်ဖိုင်းယား ကျိန်စာမီးလေ.. ဒါက ဝိညာဥ်ကိုယ်ပွားကို ဖျက်ဆီးပစ်လိုက်တာပဲ.. ဒါပေမယ့် ငါသာဆိုရင် လုံးဝမသုံးရဲဘူး.. အရမ်းအန္တရာယ်များလွန်းတယ်... ခရက်ဘီက ဘယ်လိုလုပ်ပြီးသိ..."

ဟယ်ရီက...

"ကာရိုးတွေဆီက သင်လာတာ ဖြစ်မှာပေါ့..."

ရွန်က...

"ဘယ်လိုရပ်တန့်ရမယ်ဆိုတာကို သေချာနားထောင်မိပုံ မရဘူး... သူသာ ငါတို့အားလုံးကို သတ်ဖို့ မကြိုးစားခဲ့ဘူးဆိုရင် သူသေသွားတဲ့အတွက် ငါ ဝမ်းနည်းမိမလားပဲ..."

"အခု ငါတို့သာ မြွေကို သတ်နိုင်ရင်..."

ဟာမီယွန် သူမ စကားကို အဆုံးမသတ်နိုင်ခင်မှာပင် စီးချင်းယှဉ်တိုက်ရာမှ ထွက်ပေါ်လာသော အော်ဟစ်သံများမှာ ကော်ရစ်ဒါကို ဖုံးလွှမ်းသွား၏..။ ဒက်အိတာများမှာ ဟော့ဂဝက်ကျောင်းထဲထိ ထိုးဖောက်ဝင်ရောက်လာပေပြီ..။ ဖရက်နှင့် ပါစီတို့ကို တွေ့လိုက်ရပြီး ကိုယ်စီပင် မျက်နှာဖုံးစွပ်ထားသော သူများနှင့် တိုက်ခိုက်နေ၏..။

ဟယ်ရီ ရွှန်နှင့် ဟာမီယွန်တို့မှာ ကူညီရန် ရှေ့သို့ ပြေးတက်သွားကြ၏..။ အလင်းတန်းများ နေရာအနှံ့ ပျံ့ဝဲနေပြီး ပါစီနှင့် ရင်ဆိုင်နေသူမှာ နောက်သို့ လျင်မြန်စွာ ဆုတ်သွား၏..။ ထိုအချိန်မှာပင် ခေါင်းစွပ်ကွာကျသွားသဖြင့် နဖူးပြောင်ပြောင်နှင့် ကျိုးတိုးကျဲတဲ ဆံပင်များကို တွေ့လိုက်ရသည်..။

"ဟယ်လို.. ဝန်ကြီးပါလား..."

ပါစီက အော်ဟစ်ရင်း နောက်ထပ် ကျိန်စာတစ်ခုကို သစ်ကိန်နက်စ်ထံ ပစ်လွှတ်လိုက်သည်။ သစ်ကိန်နက်စ်မှာ လက်ထဲမှ မှော်တောင်ဝှေး လွတ်ကျသွားပြီး သူ့ရင်ဘတ်ကို နာကျင်စွာ ဖိထား၏..။

"ကျွန်တော် အလုပ်ထွက်လိုက်တာ ပြောမိရဲ့လား..."

"မင်းက နောက်တတ်နေပြီလား ပါစီ..."

ဖရက်က အော်ပြောလိုက်သည်။ သူနှင့် ရင်ဆိုင်နေရသော ဒက်အိတာမှာ မေ့မျောကျိန်စာသုံးခု အထိခံရကာ လဲကျသွား၏..။

သစ်ကိန်နက်စ်မှာ ကြမ်းပြင်ပေါ်သို့ လဲကျသွားရင်း သူ့တစ်ကိုယ်လုံး မီးပွင့်ကလေးများ လင်းလက်လာ၏..။ ထို့နောက်တွင် ပင်လယ်ဖြူတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားတော့သည်..။ ဖရက်က ပါစီ့ကို ပြုံးကြည့်ရင်း...

"မင်း တကယ့်ကို နောက်နေတာပဲ ပါစီ.. မင်းနောက်တာကို ငါ မကြားရတာ..."

ထိုအချိန်မှာပင် လေထုထဲတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်သွား၏..။ သူတို့အားလုံးမှာ အတူတကွ စုဝေးနေကြခြင်း ဖြစ်သည်...။ ဟယ်ရီ ရွှန် ဟာမီယွန် ဖရက်နှင့် ပါစီတို့မှာ အန္တရာယ် ခေတ္တကင်းနေ၍ စုစည်းနေကြစဥ်မှာပင် ကမ္ဘာကြီးတစ်ခုလုံး တစ်စစီဖြစ်သွားသလို ပေါက်ကွဲသွား၏..။

ဟယ်ရီ လေထဲတွင် လွင့်တက်သွားသည်ကို သိသော်လည်း သူ လုပ်နိုင်သောအရာမှာ လက်တစ်ဘက်ဖြင့် သူ့ခေါင်းကို ကာကွယ်ထားရင်း အခြားလက်တစ်ဖက်က သူ၏ တစ်ခုတည်းသော လက်နက်ဖြစ်သည့် မှော်တောင်ဝှေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်းပင် ဖြစ်သည်..။ သူ့အဖော်များ၏ အော်ဟစ်သံများကို ကြားနေရသော်လည်း ဘာဖြစ်သွားမှန်း သူ မသိပေ..။

ပတ်ဝန်းကျင်တစ်ခုလုံး ပို၍ မှောင်မည်းသွားကာ နာကျင်မှုက ဖိစီးလာ၏..။ ကော်ရစ်ဒါ အပျက်အစီးများကြားဝယ် သူ့ကိုယ်မှာ တစ်ဝက်ခန့် မြုပ်နေ၏..။ လေအေးများ တိုက်ခတ်နေခြင်းက သူ့ကို ရဲတိုက်ဘေးနံရံကြီး ပွင့်ထွက်သွားကြောင်း ပြောနေသလိုပင်..။

သူ့ပါးပေါ်မှ ပူနွေးသော စေးပျစ်ပျစ်အရာများကြောင့် သွေးထွက်နေပြီ ဖြစ်ကြောင်း သိရ၏။ ရုတ်တရက် ကြောက်လန့်ဖွယ်ရာ အော်ဟစ်သံတစ်သံကို ကြားလိုက်ရ၍ ဟယ်ရီ ထရပ်လိုက်သည်။ ဟာမီယွန်မှာလည်း အပျက်အစီးပုံများကြားထဲမှ ကြိုးစားကာ ထရပ်နေရ၏။ ဆံပင်နီနှင့် ကောင်လေးသုံးယောက်မှာမူ နံရံပွင့်ထွက်သွားသောနေရာတွင် တစ်စုတစ်ဝေးတည်း ရှိနေကြ၏..။

ဟယ်ရီက ဟာမီယွန့်လက်ကိုဆွဲကာ အပျက်အစီးများပေါ်မှ ခက်ခက်ခဲခဲ ဆင်းသက်လာခဲ့သည်..။

"ဖရက်.. ဖရက်..."

ပါစီမှာ အော်ဟစ်ရင်း သူ့ညီကို လှုပ်နှိုးနေ၏..။ ရွန်က သူတို့ဘေးဝယ် ဒူးထောက်ထိုင်လျှက်ရှိသည်..။ ဖရက်၏မျက်လုံးများ ပွင့်နေသော်လည်း ဘာကိုမှ မြင်နိုင်တော့ဟန် မတူပေ..။ သူ့မျက်နှာပေါ်တွင်မူ နောက်ဆုံးပြုံးခဲ့သော အပြုံးက ထင်ဟပ်နေဆဲပင်...။

## ၃၂။ သေမင်းမှော်တောင်ဝှေး

ဟယ်ရီ့စိတ်ထဲဝယ် ဖရက်ဝီစလေ သေပြီဆိုသည်ကို မယုံကြည်နိုင်အောင်ပင်..။ ပတ်ဝန်းကျင်တစ်ခုလုံးရှိ အသံဗလံများကိုလည်း သူ မကြားတော့ချေ..။

ထိုအချိန်မှာပင် ပြိုကျနေသော နံရံနေရာမှ လူရိပ်များ ခုန်တက်လာကာ သူတို့ရှိရာသို့ ကျိန်စာအချို့ လွင့်ပျံလာပြီး နောက်ဘက်ရှိ နံရံများကို လာရောက် ထိမှန်၏..။

"ဝပ်နေကြ..."

ဟယ်ရီ အော်ဟစ်လိုက်ချိန်မှာပင် နောက်ထပ်ကျိန်စာများ ပျံသန်းလာပြန်၏..။ သူရော ရွန်ပါ ဟာမီယွန့်ကိုဆွဲ၍ ကြမ်းပြင်ပေါ်သို့ ဝပ်ချလိုက်ရသည်..။ ပါစီက ဖရက်၏ ခန္ဓာကိုယ်ပေါ်သို့ မှောက်ချကာ ထပ်၍မထိခိုက်အောင် ကာကွယ်ပေးထား၏..။ ဟယ်ရီက...

"ပါစီ.. ဒီဘက်ကိုလာ.. နေရာရွှေ့မှ ဖြစ်မယ်..."

သို့ရာတွင် ပါစီက ခေါင်းကိုသာ ခါယမ်းပြ၏..။

"ပါစီ..."

ရွန်မှာ မျက်ရည်များ စီးကျနေလျှက်က ပါစီ့ပခုံးကို ဆွဲခေါ်နေသော်လည်း ပါမလာချေ..။

"ပါစီ.. မင်း သူ့အတွက် ဘာမှလုပ်ပေးလို့ မရတော့ဘူး.. ကျွန်တော်တို့..."

စကားမဆုံးခင်မှာပင် ဟာမီယွန်၏ အော်ဟစ်သံကို ကြားလိုက်ရ၏..။ ဟယ်ရီ နောက်သို့ လှည့်ကြည့်လိုက်သည်နှင့် ဘာကြောင့်မှန်း ချက်ချင်း သဘောပေါက်သွားသည်။ ကားသေးသေးတစ်စီးစာခန့်ရှိမည့် ပင့်ကူကြီးတစ်ကောင်မှာ ပြုံကျနေသော နံရံအပေါက်မှ အတွင်းသို့ဝင်ရန် ကြိုးစားနေ၏..။

ရွန်နှင့် ဟယ်ရီတို့ ပြိုင်တူပစ်ခတ်လိုက်သော ဂါထာမှာ ပင့်ကူကြီးကို တည့်တည့်ထိမှန်ကာ အနောက်သို့ လွင့်စင်သွားပြီး အမှောင်ထုထဲတွင် ပျောက်ကွယ်သွား၏..။

"သူ့ အဖော်တွေပါ ပါလာတယ်.."

ဟယ်ရီ ရဲတိုက်အစွန်းရှိ နံရံပေါက်မှ ကြည့်ရင်း အော်ပြောလိုက်သည်..။ နံရံကိုကွယ်ကာ ဧရာမပင့်ကူကြီးများ တက်လာနေကြသည်..။ ဟယ်ရီ မေ့မျောကျိန်စာကို အောက်ဘက်သို့ ချိန်ကာ ပစ်ခတ်လိုက်သည်..။ ထိပ်ဆုံးမှ ခေါင်းဆောင်လာသော ပင့်ကူကြီးကိုထိကာ အခြားအကောင်များပေါ်သို့ ပြုတ်ကျသွားသည်..။ ထို့ကြောင့် နောက်မှပင့်ကူများပါ အောက်သို့ ပြန်ဆင်းပြေးသွားကြ၏..။ ထိုအချိန်မှာပင် ကျိန်စာအများအပြား ဟယ်ရီ့ခေါင်းပေါ်မှ ဖြတ်ကျော်သွားသဖြင့် အရှိန်ဟပ်ကာ သူ့ဆံပင်များပင် လှုပ်ခါသွားကြ၏..။

"ဒီနေရာက ခွာကြစို့..."

ဟာမီယွန်နှင့် ရွန်တို့ကို ရှေ့သို့ တွန်းလွှတ်ရင်း ဟယ်ရီ ဖရက်၏ ခန္ဓာကိုယ်အား မယူရန် ကြိုးစားလိုက်သည်..။ ပါစီကပါ ကူညီသဖြင့် နှစ်ယောက်စလုံး ကုန်းကုန်းကွကွနှင့်ပင် ကျိန်စာများမထိအောင် ရှောင်တိမ်းရင်း ဖရက်အား သယ်ထုတ်လာခဲ့ကြသည်..။

"ဒီမှာ..."

ဟယ်ရီ ဖရက်အား မူလက သံချပ်ကာရုပ်ရှိခဲ့သော စင်မြင့်ကလေးပေါ်တွင် တင်ထားလိုက်သည်..။ သူ ဖရက်ကို ကြာကြာ မကြည့်ရက်ချေ..။ ဖရက်၏ ခန္ဓာကိုယ်ကို ဝှက်ထားပြီးသည်နှင့် သူ ရွန်နှင့် ဟာမီယွန်တို့နောက်သို့ လိုက်လာခဲ့သည်..။ မယ်လ်ဖွိုင်းနှင့် ဂွိုင်လီတို့မှာ မူလနေရာများဝယ် မရှိကြတော့ပေ..။

ကော်ရစ်ဒါ၏ အဆုံးဝယ် ဖုန်လုံးကြီးများဖြင့် ပြည့်နှက်နေပြီး လူများစွာ ပြေးလွှားလှုပ်ရှားနေကြ၏..။ ရန်သူလား မိတ်ဆွေလား ခွဲခြားမရနိုင်ပေ..။

ပါစီက "ရွတ်ခ်ဝုဒ်" ဟု ကျယ်လောင်စွာ အော်ဟစ်ရင်း အရပ်မြင့်မြင့် လူတစ်ယောက်နောက်သို့ အပြေးလိုက်သွား၏..။

"ဟယ်ရီ.. ဒီဘက်ကိုလာ..."

ဟာမီယွန်က အော်ဟစ်လိုက်သည်..။ ဟာမီယွန်နှင့် ရွန်တို့ ပူးကပ်လုံးထွေးနေကြ၏..။ ဟာမီယွန်က ရွန့်အား ပါစီ့နောက် ပြေးမလိုက်စေရန် တားထားခြင်းပင်..။

"ရွန်.. ငါပြောတာကို နားထောင်စမ်းပါ..."

"ငါ သူ့ကို သွားကူမယ်... ငါ ဒက်အိတာတွေကို သတ်ချင်တယ်.."

ရွန့်တစ်ကိုယ်လုံးမှာ ဒေါသနှင့် ဝမ်းနည်းမှုတို့ ပေါင်းကာ တုန်ခါနေပြီး မရပ်မနား အော်ဟစ်နေ၏..။ ဟာမီယွန်က...

"ရွန်.. ဒီတိုက်ပွဲကို အဆုံးသတ်နိုင်တာ ငါတို့ပဲ... ရွန်.. ငါတို့ မြွေကို ရှင်းပစ်ဖို့ လိုလာပြီ.. ငါတို့ မြွေကို သွားသတ်ကြစို့..."

သို့ရာတွင် ရွန် မည်ကဲ့သို့ ခံစားနေရသည်ကို ဟယ်ရီ သိပေသည်..။ နောက်ထပ် ဝိညာဉ်ကိုယ်ပွားတစ်ခု နောက်လိုက်ခြင်းမှာ လက်စားချေချင်သည့် စိတ်ကို မလျော့ပါးစေနိုင်ပေ..။ သူကိုယ်တိုင်လည်း ဖရက်ကို သတ်ခဲ့သူများနောက်သို့လိုက်ကာ သေသေကျေကျေ တိုက်ခိုက်ပစ်ချင်နေ၏..။ ထို့အပြင် အခြားဝီစလေမိသားစုဝင်များ.. အထူးသဖြင့် ဂျင်းနီကို ရှာဖွေကြည့်ချင်နေမိသည်..။ သို့ရာတွင် ထိုအတွေးကို သူ့ခေါင်းထဲမှ မောင်းထုတ်လိုက်၏..။

ဟာမီယွန်က...

"ငါတို့ ဆက်တိုက်ပွဲဝင်ရဦးမယ်.. ငါတို့ မြွေဆီကို အရောက်သွားရမယ်... ငါတို့ လုပ်ရမယ့် အလုပ်ကို ပြီးအောင်လုပ်ရမယ်... ဒီတိုက်ပွဲကို အဆုံးသတ်နိုင်တာ ငါတို့ပဲ..."

သူမကိုယ်တိုင်လည်း ငိုကြွေးလျှက် ရှိသည်..။ သူမက မျက်ရည်များကို စုတ်ပြဲနေသော အင်္ကျီလက်ဖြင့် သုတ်ရင်း အသက်ပြင်းပြင်းတစ်ချက် ရှူကာ သူမကိုယ်သူမ ထိန်းသိမ်းလိုက်သည်..။ သူမက ရွန့်ကို မလွှတ်တမ်း ကိုင်ထားရင်းမှ ဟယ်ရီ့အား...

"ဗိုဒီမော့ ဘယ်မှာလဲဆိုတာ ရှာကြည့်ပေတော့ .. ဘာလို့လဲဆိုတော့ မြွေက သူနဲ့ အတူတူ ရှိနေမှာပဲ.. ဟုတ်တယ် မဟုတ်လား.. ဟယ်ရီ.. သူ့စိတ်ထဲ ဝင်ကြည့်ပေတော့..."

သူ့အတွက် ထိုကိစ္စမှာ အလွန်လွယ်ကူလှသည်..။ သူ့အမာရွတ်မှာ နာကျင်နေပြီး သူ့ကို ဗိုဒီမော့၏ အတွေးများ ပြသချင်နေသည်မှာ နာရီနှင့် ချီနေပေပြီ..။ သူ မျက်လုံးများကို ပိတ်လိုက်သည်နှင့် သူ့ပတ်ဝန်းကျင်မှ တိုက်ပွဲသံများမှာ တဖြည်းဖြည်း ဝေး၍ ဝေး၍သွားသည်× × ×

သူရပ်နေသော အခန်းမှာ ဟယ်ရီ့အတွက် စိမ်းမနေပေ..။ နံရံကပ်စက္ကူများ ကွာကျနေပြီး ပြတင်းပေါက်အားလုံးကို အသေပိတ်ဆို့ထား၏..။ ရဲတိုက်ရှိ တိုက်ပွဲသံများကို ခပ်သဲ့သဲ့သာ ကြားနေရ၏..။ တစ်ခုတည်းသော ပိတ်မထားသည့် ပြတင်းပေါက်မှတဆင့် ရဲတိုက်ဆီမှ အလင်းရောင်တန်းများကို မြင်နေရသည်..။ သို့ရာတွင် အခန်းထဲတွင်မူ မီးအိမ်တစ်လုံး၏ အလင်းရောင်မှ အပ မည်းမှောင်နေ၏..။

သူက မှော်တောင်ဝှေးကို လက်ထဲတွင် လှည့်ပတ်ကြည့်ရင်း စဉ်းစားနေ၏..။ သူ့အတွေးမှာ ရဲတိုက်ထဲရှိ သူတစ်ယောက်တည်းသာ သိသော လျှို့ဝှက်ခန်းဆီသို့ ရောက်ရှိနေ၏...။ ကောင်လေးတစ်ယောက်အနေဖြင့် သရဖူကို ဘယ်လိုမှ ရှာမတွေ့နိုင်ဟု သူ ယုံကြည်ပေသည်..။ သို့သော် ဒမ်ဘယ်လ်ဒိုး၏ ရုပ်သေးရုပ်ကလေးမှာ သူထင်ထားသည်ထက် ပို၍ ခရီးရောက်လာခဲ့သည်...။

“သခင်...”

ခြောက်ကပ်အက်ကွဲနေသော အသံတစ်သံကြောင့် သူ လှည့်ကြည့်လိုက်၏..။ လူးစီးယပ်စ်မယ်လ်ဖွိုင်းမှာ အမှောင်မိုက်ဆုံး ထောင့်တစ်နေရာတွင် ထိုင်လျှက်ရှိသည်..။ သူ့ခန္ဓာကိုယ်ပေါ်တွင် ဟယ်ရီ လွတ်မြောက်သွားစဉ်က ရခဲ့သော အပြစ်ဒဏ်ရာဒဏ်ချက်များကို ယခုထိ မြင်နိုင်သေး၏..။ သူ၏ မျက်လုံးတစ်ဖက်မှာ ဖူးယောင်ကာ ပိတ်လျှက်ရှိ၏...။

“သခင်ကြီး ... ကျွန်.. ကျွန်တော်ရဲ့ သား...”

“မင်းရဲ့ သားသေသွားရင် ငါ့အမှားမဟုတ်ဘူး လူးစီးယပ်စ် ... သူက ငါနဲ့လာပြီး မပူးပေါင်းဘူး.. ကျန်တဲ့ စလေသရင်တွေ အကုန်ရောက်လာတယ်... သူက ဟယ်ရီပေါ်တာနဲ့ မိတ်ဆွေဖွဲ့ဖို့ ဆုံးဖြတ်လိုက်ပုံပဲ...”

“မ .. မဖြစ်နိုင်ပါဘူး...”

“မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေပေါ့...”

“ပေါ်တာ တခြားတစ်ယောက်ယောက် လက်ချက်နဲ့ သေသွားမှာကို မပူဘူးလား သခင်...”

လူးစီးယပ်စ်၏ အသံမှာ တုန်ရီနေ၏...။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ.. ဒါပေမယ့် တိုက်ပွဲဝင်နေတဲ့ သူတွေကို ပြန်ခေါ်လိုက်ပြီး သခင်ကြီးကိုယ်တိုင် ရဲတိုက်ထဲဝင်ရှာတာ မကောင်းဘူးလား..."

"မင်း ဟန်ဆောင်နေတာပဲ လူးစီးယပ်စ်.. မင်းက တိုက်ပွဲကို ရပ်စေချင်တယ်.. ဒါမှ မင်းသား ဘာဖြစ်သွားလဲ မင်းသိမှာပေါ့.. ပြီးတော့ ငါ ပေါ်တာကို သွားရှာဖို့ မလိုဘူး.. သူက ငါ့ကို လာရှာလိမ့်မယ်..."

ဗိုဒီမော့ သူ့လက်ထဲမှ မှော်တောင်ဝှေးကို ပြန်၍ ငေးကြည့်လိုက်ပြန်သည်..။ သူ့ကို ထိုအရာက ဒုက္ခပေးနေ၏..။ သခင်ကြီး ဗိုဒီမော့ကို ဒုက္ခပေးသမျှ အရာအားလုံးကို စနစ်တကျ ဖြစ်အောင် ပြန်၍ ရှင်းလင်းရပေမည်..။

"သွား.. စနိပ်ကို ခေါ်လာခဲ့..."

"စနိပ်..."

"အခုချက်ချင်း စနိပ်ကို သွားခေါ် .. ငါ သူ့ကို ခိုင်းစရာ ရှိတယ်.. သွား..."

လူးစီးယပ်စ်မှာ ကြောက်ကြောက်လန့်လန့်နှင့်ပင် အခန်းထဲမှ ထွက်ခွာသွား၏..။ ဗိုဒီမော့မှာ ထိုနေရာ၌ပင်ရပ်ရင်း သူ့လက်ထဲမှ မှော်တောင်ဝှေးကို ငေးကြည့်နေ၏..။

"ဒီတစ်နည်းပဲ ရှိတော့တယ် နာဂီနီ.."

သူက တီးတိုးရေရွတ်ရင်း မြွေကြီးကို ကြည့်လိုက်၏..။ ယခုအခါ မြွေကြီးမှာ လေထဲတွင် ရောက်နေကာ ပတ်ဝန်းကျင်ကို ဂါထာမန္တန်ဖြင့် ကာကွယ်ထား၏..။ ထိုအရာမှာ စက်ဝိုင်းသဏ္ဍာန် ဖောက်ထွင်းမြင်နိုင်သော အကာအရံ တစ်ခုပင်× × ×

တအံ့တသြ အသံတစ်ခုကိုပြုရင်း ဟယ်ရီ မျက်လုံးတို့ကို ပြန်ဖွင့်လိုက်သည်..။ သူ့နားထဲသို့ ဆူညံလှသော တိုက်ပွဲသံများ ပြန်၍ တိုးဝင်လာ၏...။

"သူက သရဲခြောက်တဲ့ အိမ်ကြီးထဲမှာ.. မြွေက သူ့အနားမှာ.. ပြီးတော့ မြွေကိုလည်း မှော်ပညာနဲ့ ကာကွယ်ထားသေးတယ်.. သူက လူးစီးယပ်စ်ကို လွှတ်ပြီး စနိပ်ကို ခေါ်ခိုင်းလိုက်တယ်..."

ဟာမီယွန်က ဒေါသတကြီးဖြင့်...

"ဗိုဒီမော့က သရဲခြောက်တဲ့အိမ်ထဲမှာ ထိုင်နေတယ်.. တိုက်ပွဲတောင် မဝင်ဘူး.. ဟုတ်လား..."

"သူက တိုက်ပွဲဝင်စရာမလိုဘူးလို့ ထင်နေတယ်.. ငါက သူ့ဆီကို လာရမှာပဲလို့ တွေးနေတယ်..."

"ဘာဖြစ်လို့လဲ..."

"သူက ငါ ဝိညာဉ်ကိုယ်ပွားတွေနောက် လိုက်နေတာ သိသွားပြီ.. သူက နာဂီနီကို သူ့နားမှာပဲ ထားတော့တယ်.. ဒီတော့ မြွေဆီကိုသွားရင် သူနဲ့ ရင်ဆိုင်တိုးမှာပဲ.."

ရွန်က...

"မှန်တယ်.. ဒါဆို မင်းသွားလို့ မဖြစ်ဘူး.. သူက ဒီလိုမျိုး ဖြစ်စေချင်နေတာ.. ဒီလိုမျှော်လင့်နေတာ.. ဒီတော့ မင်း ဒီမှာနေပြီး ဟာမီယွန့်ကို စောင့်ရှောက်ထားလိုက်.. ငါသွားလိုက်မယ်..."

ဟယ်ရီက ရွန့်စကားကိုဖြတ်ကာ..

"မင်းတို့နှစ်ယောက် ဒီမှာနေခဲ့ကြ.. ငါ ကိုယ်ပျောက်ဝတ်ရုံခြုံပြီး သွားမယ်.. ငါ မြန်နိုင်သမျှ မြန်မြန်ပြန်လာ..."

ဟာမီယွန်က...

"မဖြစ်နိုင်ဘူး.. ငါပဲ ကိုယ်ပျောက်ဝတ်ရုံခြုံသွားတာက ပိုကောင်းမယ်..."

ရွန်က...

"လုံးဝ မစဉ်းစားနဲ့..."

"ရွန်.. ငါတတ်နိုင်ပါတယ်..."

ဟာမီယွန့်စကားမဆုံးခင်မှာပင် သူတို့ရပ်နေသော လှေကားထိပ်မှ ခန်းဆီးပွင့်ထွက်သွားပြီး...

"ပေါ်တာ.."

မျက်နှာဖုံးစွပ်နှင့် ဒက်အိတာနှစ်ယောက်မှာ ထိုနေရာတွင် ရပ်နေ၏..။ သို့ရာတွင် သူတို့ မှော်တောင်ဝှေးများကို မြှောက်ပင် မမြှောက်နိုင်ခင် ဟာမီယွန်က အော်ဟစ်လိုက်သည်..။

"ဂလစ်ဆီယို..."

ဟယ်ရီတို့ ခြေထောက်အောက်ရှိ လှေကားထစ်များမှာ ပြားသွားပြီး လျှောတစ်ခုသဖွယ် ဖြစ်ကာ သုံးယောက်စလုံး ကိုယ့်အရှိန် ကိုယ်မထိန်းနိုင်တော့ပဲ လျှောကျသွားကြသည်..။ အလွန်လျင်မြန်လွန်းသဖြင့် ဒက်အိတာများ၏ မေ့မျော ကျိန်စာများမှာ သူတို့ ခေါင်းများပေါ်မှ ပေများစွာမြင့်ကာ လွဲချော်သွားတော့သည်..။ သူတို့အားလုံး လှေကားရင်းမှ ခန်းဆီးစကို ဖောက်ထွက်ကာ တစ်ဘက်ရှိ နံရံနှင့် ဝင်တိုက်မိပြီး ရပ်တန့်သွား၏..။

"ဒူရိ..."

ဟာမီယွန်က သူမ၏ မှော်တောင်ဝှေးဖြင့် ခန်းဆီစကို ချိန်ကာ အော်ဟစ်လိုက်၏..။ ဝုန်းကနဲ ဆောင့်မိသံ နှစ်သံကို ကြားလိုက်ရ၏..။ ခန်းဆီးစမှာ ကျောက်သားအသွင်သို့ ပြောင်းသွားပြီး သူတို့နောက်သို့ လျှောချကာ လိုက်ပါလာသော ဒက်အိတာနှစ်ယောက်မှာ အရှိန်မထိန်းနိုင်ပဲ ဝင်တိုက်မိသွားကြ၏..။

"နောက်ကို ဆုတ်ကြ..."

ရွန်က အော်ဟစ်လိုက်သည်..။ သူရော ဟယ်ရီနှင့် ဟာမီယွန်တို့ပါ တံခါးနှင့်ကပ်နေအောင် ရပ်နေကြရ၏..။ ကဆုန်စိုင်းကာ ပြေးချလာသော စားပွဲအုပ်ကြီးမှာ ပရော်ဖက်ဆာ မက်ဂွန်နာဂေါ၏ ဦးဆောင်မှုဖြင့် သူတို့ကို ဖြတ်ကျော်သွား၏..။ သူမ၏ ဆံပင်များမှာ ပြေကျနေပြီး ပါးပေါ်တွင် ရှရာကြီးတစ်ခုကို တွေ့ရ၏..။ သူမ ထောင့်ချိုးတစ်ခုကို ကွေ့ဝင်သွားပြီးသည်နှင့် အော်ဟစ်သံကို ကြားလိုက်ရသည်..။

"တက်ကြ..."

ဟာမီယွန်က...

"ဟယ်ရီ.. နင် ကိုယ်ပျောက်ဝတ်ရုံခြုံထား... ငါတို့က အရေးမကြီးဘူး..."

သို့ရာတွင် ဟယ်ရီက သုံးယောက်စလုံးအပေါ်သို့ ကိုယ်ပျောက်ဝတ်ရုံကို လွှမ်းခြုံလိုက်သည်..။ သူတို့၏ခြေထောက်များ ပေါ်နေသော်လည်း ဤမျှ ဖုန်မှုန့်များ အပျက်အစီးများ ကျိန်စာများ ပလူပျံနေသော နေရာတွင် မည်သူမျှ သတိထားမိမည် မထင်ချေ..။

သူတို့ နောက်ထပ် လှေကားတစ်ခုကို အပြေးဆင်းပြီးချိန်ဝယ် စီးချင်း ထိုးသူများ ပြည့်နှက်နေသည့် ကော်ရစ်ဒါတစ်ခုသို့ ရောက်သွား၏..။ တိုက်ခိုက်နေသူများအား ဘေးရှိ ပန်းချီကားချပ်များမှ အော်ဟစ်ကာ အားပေးနေကြသလို အကြံဉာဏ်များလည်း ပေးနေကြ၏..။

ဒက်အိတာများနှင့် ဆရာများ ကျောင်းသားများမှာ သဲကြီးမဲကြီး ရင်ဆိုင်နေကြ၏..။ ဒင်းနက မှော်တောင်ဝှေးတစ်ချောင်း ရထားပြီး ဒိုလိုဟော့နှင့် ရင်ဆိုင်နေ၏..။ ပါဗာတီက ထရေဗာနှင့် ရင်ဆိုင်နေ၏..။ ဟယ်ရီ ရွန်နှင့် ဟာမီယွန်တို့မှာ တိုက်ခိုက်ရန် မှော်တောင်ဝှေးများကို မြှောက်လိုက်ကြသော်လည်း တိုက်ခိုက်နေသူများမှာ လုံးထွေးနေသဖြင့် ကိုယ့်လူကိုယ်ထိမည်စိုးကာ မပစ်ရဲတော့ချေ..။

သူတို့ ရပ်တန့်ကာ အခွင့်အရေး စောင့်နေစဉ်မှာပင် ရုတ်တရက် 'ဗိုး...'ဟူသော အသံကြောင့် အပေါ်သို့ မော့ကြည့်လိုက်ကြသည်..။

ဟယ်ရီ ဗီးဗက်ကို သူတို့အပေါ်တွင် တွေ့ရပြီး သူက စနာဂလပ်ဖ်အိုးများကို ဒက်အိတာများ ခေါင်းပေါ်သို့ ပစ်ချနေ၏..။ ဒက်အိတာများ၏ ခေါင်းများမှာ ချက်ချင်းပင် ရှုံ့တွနေသော အစိမ်းရောင် သခွားသီးသဏ္ဍာန် သတ္တဝါများ၏ ရစ်ပတ်ခြင်းကို ခံလိုက်ရသည်...။

"အား..."

အစိမ်းရောင်အရာတချို့ ရွန့်ခေါင်းပေါ်သို့ ကျလာပြီး အစိမ်းရောင် အမြစ်များ လေထဲတွင် ချက်ချင်း တွယ်ကပ်လာသဖြင့် ရွန်က ခါချပစ်ရန် ကြိုးစားနေရ၏..။ မျက်နှာဖုံးစွပ်နှင့် ဒက်အိတာတစ်ယောက်က..

"ကိုယ်ယောင်ပျောက်နေတဲ့ တစ်ယောက်ယောက် ဒီနားမှာ ရှိတယ်.."

ဒင်းနက ထိုသူ၏ အာရုံပြောင်းသွားမှုအပေါ် အခွင့်ကောင်းယူကာ ထိုသူ့ကို မေ့မျောကျိန်စာနှင့် ပစ်ချလိုက်သည်..။ ဒိုလိုဟော့က ထိုသူကို ပြန်သတိရစေရန် ကြိုးစားနေစဉ်မှာပင် ပါဗာတီ၏ ခြေချုပ်မန္တန် ထိမှန်ခံလိုက်ရ၏..။

"သွားကြစို့..."

ဟယ်ရီ အော်ပြောလိုက်၏..။ သူတို့ သုံးယောက်စလုံး ကိုယ်ပျောက်ဝတ်ရုံကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ တိုက်ပွဲကြားမှ ပြေးထွက်လာခဲ့ကြသည်..။ ကြမ်းပြင်များမှာ စနာဂလပ်ဖ်အပင်မှ အရည်များနှင့် ချော်နေ၏..။ အဝင်ဝ ကျောက်လှေကားဆီသို့ သူတို့ ပြေးလာခဲ့ကြသည်..။

"ကျွန်တော်က ဒရာကို မယ်လ်ဖွိုင်းပါ .. ခင်ဗျားတို့ဘက်ကပါ..."

ဒရာကိုမှာ မျက်နှာဖုံးစွပ်ထားသော ဒက်အိတာတစ်ယောက်ကို တောင်းပန်နေ၏..။ ဟယ်ရီဖြတ်သွားရင်းနှင့် ထိုဒက်အိတာကို မေ့မျောကျိန်စာနှင့် ပစ်ချခဲ့၏..။ မယ်လ်ဖွိုင်းက သူ့ကိုကယ်လိုက်သူကို လိုက်ရှာနေ၏..။

ရွှန်က ကိုယ်ပျောက်ဝတ်ရုံအောက်မှပင် မယ်လ်ဖွိုင်းကို လက်သီးနှင့် ထိုးချလိုက်၏..။ မယ်လ်ဖွိုင်းမှာ မေ့မျောနေသော ဒက်အိတာပေါ် ပစ်လဲကျသွားရင်း ပါးစပ်မှ သွေးများ ထွက်ကျလာ၏..။ ရွှန်က...

"ဒါ မင်းအသက်ကို ဒုတိယအကြိမ် ကယ်လိုက်တာပဲကွ.. နှစ်ဖက်ချွန်ကောင်.. အလကားကောင်..."

လှေကားကြီးတစ်ခုလုံးတွင်ရော ခန်းမထဲတွင်ပါ စီးချင်းထိုးနေသူများကို ပို၍ များပြားစွာ တွေ့နေရ၏..။ တံခါးမကြီးနားတွင် ရက်ဇ်လေနှင့် ဖလစ်ဝစ်တို့ ယှဉ်ပြိုင်နေကြပြီး မျက်နှာဖုံးစွပ် ဒက်အိတာတစ်ယောက်နှင့် ကင်းစလေတို့မှာ သူတို့အနောက်တွင် တိုက်ခိုက်နေကြ၏..။ ကျောင်းသားများမှာ နေရာအနှံ့တွင် ပြေးလွှားလျှက်ရှိပြီး အချို့မှာ ဒဏ်ရာရထားသူများကို ဖေးမလာကြ၏..။

ဟယ်ရီ မေ့မျောကျိန်စာတစ်ခုကို ဒက်အိတာတစ်ယောက်ထံသို့ ပစ်လွှတ်လိုက်သည်..။ သို့သော် လွဲသွားပြီး မည်သည့်နေရာမှ ပေါ်လာမှန်းမသိသော နဗီးလ်ကို ထိမှန်လုလု ဖြစ်သွား၏..။ သူ့လက်ထဲတွင် အဆိပ်ပြင်းသော တန်တာကူလာများကို သယ်လာပြီး ချက်ချင်းပင် တိုအပင်များမှာ အနီးဆုံး ဒက်အိတာတစ်ယောက်ကို ရစ်ပတ်ချည်နှောင်ထားတော့သည်...။

ဟယ်ရီ ရွှန်နှင့် ဟာမီယွန်တို့ လှေကားအတိုင်း ပြေးဆင်းလာခဲ့ကြသည်။ စလေသရင်တို့၏ အမှတ်ပေး ဖန်နာရီကြီးမှာ ကွဲကျေကာ အတွင်းမှ အမှတ်ပေး မြကျောက်လုံးများ နေရာအနှံ့ပျံ့ကျဲ့နေသဖြင့် လူများ ချော်လဲကျလျှက် ရှိသည်..။

သူတို့ မြေပြင်ပေါ် အရောက်မှာပင် လူရိပ်နှစ်ရိပ် လွင့်စင်ကာ မြေပြင်ပေါ် ကျလာ၏..။ ခြေလေးချောင်းနှင့် သတ္တဝါတစ်ကောင်က ပြေးသွားရင်း ပြုတ်ကျလာသူတစ်ယောက်ကို သွားစွယ်များဖြင့် ကိုက်ခဲလိုက်၏..။

"မလုပ်နဲ့..."

ဟာမီယွန်၏ အော်ဟစ်သံနှင့်အတူ သူမ၏ မှော်တောင်ဝှေးထိပ်မှ ပြင်းထန်စွာ ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး သမန်းဝံပုလွေ ဂရေးဘက်ခ်မှာ အားနည်းစွာ ရှုန်းကန်နေသော လာဗန်ဒါဘရောင်း၏ ခန္ဓာကိုယ်ပေါ်မှ လွင့်စင်ထွက်သွား၏..။ ဂရေးဘက်ခ် ကျောက်တိုးနံရံတစ်ခုနှင့် ဝင်ဆောင့်မိပြီး ပြန်ထနိုင်ရန် ကြိုးစားနေ၏..။ ထိုအချိန်မှာပင် အဖြူရောင် အလင်းတန်းတစ်ခုနှင့် အတူ ဖန်လုံးတစ်လုံးက သူ့ခေါင်းပေါ်သို့ ပြုတ်ကျကာ မြေကြီးပေါ်သို့ ပြန်လဲကျသွားပြီး လုံးဝ မလှုပ်ရှားတော့ချေ...။

ပရော်ဖက်ဆာ ထရီလော်နီက လှေကားလက်ရန်းပေါ်တွင် မတ်တတ်ရပ်ရင်း...

"ငါ့မှာ အမျှားကြီး ကျန်သေးတယ်.. လိုချင်တဲ့သူတွေအကုန် ရရစေ့မယ်.. ဟောဒီမှာ..."

တင်းနစ်ရိုက်လိုက်သလိုပင် သူမက နောက်ထပ် ဇရာမ ဖန်ဘောလုံးကြီးကို အိတ်ထဲမှထုတ်ကာ မှော်တောင်ဝှေးဖြင့် ရိုက်ထုတ်လိုက်၏..။ ဖန်ဘောလုံးကြီးမှာ ပြတင်းပေါက်မှန်ကိုခွဲကာ ခန်းမကြီးထဲသို့ ဝင်သွား၏..။ ထိုအခိုက်မှာပင် အရှေ့ဘက်ရှိ ဇရာမသစ်သားတံခါးကြီးမှာ 'ဝုန်း'ကနဲ ပွင့်သွားပြီး ဇရာမ ပင့်ကူကြီးများ ခန်းမကြီးထဲသို့ အတင်းဝင်ရောက်လာ၏..။

ကြောက်လန့်တကြား အော်ဟစ်သံများနှင့် အတူ တိုက်ခိုက်နေသူများ တကွဲတပြားစီ ဖြစ်သွားကြသည်..။ ဒက်အိတာများရော ဟော့ဝဂ် ကျောင်းတော်သားများပါ ဝင်ရောက်လာသည့် သတ္တဝါကြီးများကို အစိမ်းရောင် အနီရောင် အလင်းတန်းများဖြင့် ပစ်ခတ်ကာ ကြိုဆိုလိုက်ကြသည်..။ ထိုအခါ ပင့်ကူအုပ်ကြီးမှာ တကွဲတပြားစီဖြစ်ကာ ပို၍ ရှုပ်ထွေးကုန်တော့သည်...။

"ငါတို့ ဘယ်လိုလုပ် အပြင်ကို ထွက်မလဲ..."

ရွန်က အော်ဟစ်လိုက်သည်..။ ဟယ်ရီရော ဟာမီယွန်ပါ ပြန်မဖြေနိုင်ခင်မှာပင် သူတို့ကို တိုက်ကာ တစ်စုံတစ်ယောက်က လှေကားအတိုင်း ပြေးဆင်းသွား၏..။ ဟက်ဂရစ်မှာ သူ၏ ပန်းရောင်ထီးကို ကိုင်ထားရင်း အော်ဟစ်နေ၏...။

"သူတို့ကို အန္တရာယ်မပေးကြပါနဲ့..."

"ဟက်ဂရစ် မသွားနဲ့..."

ဟယ်ရီ အားလုံးကိုမေ့ကာ ကိုယ်ပျောက်ဝတ်ရုံအောက်မှ ထွက်၍ ဟက်ဂရစ်ဆီသို့ ပြေးတော့သည်..။ ပြေးလွှားရင်း လွင့်ပျံလာသော ကျိန်စာများကို နှစ်ကြိမ်တိုင်တိုင် ငုံ့ရှောင်လိုက်ရ၏..။

"ဟက်ဂရစ်.. ပြန်လာခဲ့..."

သို့ရာတွင် သူ ဟက်ဂရစ်ဆီသို့ မရောက်ခင် ခရီးတစ်ဝက်ခန့်အလိုမှာပင် ဟက်ဂရစ်မှာ ပင့်ကူများကြားတွင် ပျောက်ကွယ်သွား၏..။ ထို့နောက်တွင် ပင့်ကူများမှာ ဟက်ဂရစ်ကို သူတို့ကြားတွင် သယ်ဆောင်ရင်း ဂါထာများနှင့် ဝေးရာသို့ ဆုတ်ခွာသွားကြ၏..။

"ဟက်ဂရစ်..."

ဟယ်ရီ သူ့နာမည်ကို အော်ဟစ်ခေါ်သံ ကြားလိုက်ရသော်လည်း ရန်သူဖြစ်ဖြစ် မိတ်ဆွေဖြစ်ဖြစ် သူ ဂရုမစိုက်ချေ။ သူ လှေကားထစ်များအတိုင်း ပြေးဆင်းရင်း မြေပြင်ပေါ်ရောက်ချိန်ဝယ် ပင့်ကူများမှာ သူတို့၏ သားကောင်ကို သယ်ဆောင်ကာ အဝေးသို့ ရောက်သွားကြချေပြီ။ ဟက်ဂရစ်ကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

"ဟက်ဂရစ်..."

သူ ပင့်ကူများနောက် ပြေးလိုက်ချိန်မှာပင် သူ့ပြေးလမ်း၌ ဧရာမ ခြေထောက်ကြီးတစ်ဘက်၏ ပိတ်ဆို့ခြင်းကို ခံလိုက်ရသည်။ သူရပ်နေသော မြေပြင်တစ်ခုလုံး တုန်ခါသွား၏။ သူ မော့ကြည့်လိုက်ရာ သူ့ရှေ့တွင် ပေနှစ်ဆယ်ခန့်မြင့်သည့် ဘီလူးတစ်ကောင် ရပ်နေ၏။ ခေါင်းအထိ မမြင်ရပဲ ပြတင်းပေါက်မှ အလင်းရောင်ဖြင့် သစ်ပင်ကဲ့သို့ တုတ်ခိုင်ကာ အမွေးအမျှင်ထူလှသော ခြေသလုံးကိုသာ မြင်ရ၏။

ဘီလူးကြီးက ကြမ်းတမ်းစွာပင် လက်သီးဖြင့် အပေါ်ထပ် ပြတင်းပေါက်ကို ထိုးခွဲလိုက်ရာ မှန်ကွဲစများ ဟယ်ရီ့အပေါ် မိုးရွာသလို ကျလာသဖြင့် အနောက်ဘက် တံခါးဝဆီသို့ ပြန်ဆုတ်လိုက်ရသည်။

"အိုး... ဒုက္ခပါပဲ..."

ဟာမီယွန်က ညည်းညူလိုက်၏။ သူတို့ ဟယ်ရီ့ကို မှီလာချိန်ဝယ် ဘီလူးကြီးမှာ အပေါ်ထပ် ပြတင်းပေါက်မှတဆင့် လူများကို ဖမ်းရန် ကြိုးစားနေ၏။

"မလုပ်နဲ့..."

ရွန်က အလန့်တကြား အော်ရင်း ဟာမီယွန်၏ လက်ကို မမြှောက်နိုင်ရန် တားထားလိုက်သည်။

"သူ့ကို မေ့အောင်လုပ်လိုက်ရင် ရဲတိုက်တစ်ဝက်လောက် ပြိုကျသွားနိုင်တယ်..."

"ဟက်ဂါ..."

ဂရပ်က ရဲတိုက်ထောင့်မှ ထွက်လာ၏။ ယခုမှပင် ဂရပ်မှာ ခပ်သေးသေး ဘီလူးတစ်ကောင်သာဖြစ်မှန်း ဟယ်ရီ သဘောပေါက်နားလည်သွား၏။ အပေါ်ထပ်ရှိ လူများကို ဖမ်းရန် ကြိုးစားနေသော ဧရာမ ဘီလူးကြီးက လှည့်ကြည့်ကာ အော်ဟစ်လိုက်၏။

သူ ပြေးထွက်သွားချိန်ဝယ် ကျောက်လှေကားထစ်တစ်ခုလုံး တုန်ခါသွား၏။ ဂရပ်ကလည်း ပါးစပ်ဖြဲကာ အော်ဟစ်ရင်း နှစ်ကောင်သား အပြင်းအထန်ပင် တိုက်ခိုက်သတ်ပုတ်ကြတော့သည်။

"ပြေး..."

ဟယ်ရီ အော်ဟစ်လိုက်၏..။ ဘီလူးနှစ်ကောင် သတ်ပုတ်သံများနှင့် အော်ဟစ်သံများ ဆူညံနေ၏..။ သူ ဟာမီယွန်လက်ကို ဆွဲကာ မြေပြင်ပေါ်သို့ ဆင်းပြေးခဲ့သည်..။ ရွှန်က သူတို့နောက်မှ အပြေးလိုက်လာ၏..။ ဟယ်ရီ ဟက်ဂရစ်ကို ရှာဖွေရန် မျှော်လင့်ချက်ကို လုံးဝ မစွန့်လွှတ်သေးပေ..။ သူတို့ အသည်းအသန်ပြေးရင်း တောအုပ်ဆီရောက်ကာနီး လမ်းတစ်ဝက်မှာပင် ရပ်တန့်လိုက်ရပြန်၏..။

သူတို့အနီးတဝိုက်ရှိ လေထုမှာ ချက်ချင်းပင် အေးခဲသွားသလို ခံစားလိုက်ရသည်..။ ဟယ်ရီ အသက်ရှူရင်း ရင်ဘတ်ထဲရှိ လေများပင် အေးခဲသွားသလို ခံစားလိုက်ရသည်..။ အမှောင်ထုထဲမှ အရိပ်မည်းမည်းသဏ္ဍာန်များမှာ ရဲတိုက်ဆီသို့ ဦးတည်လာနေပြီး မျက်နှာများမှာ ခေါင်းစွပ်အောက်တွင် လုံးဝ မမြင်ရချေ...။

သူတို့ ပတ်ဝန်းကျင်ရှိ ဆူညံနေသော တိုက်ပွဲသံများမှာ လုံးဝ တိတ်ဆိတ် သွား၏..။ ဝိညာဉ်နှုတ်သတ္တဝါများမှာ အသံအားလုံးကို တိတ်ဆိတ်သွားစေပြီး ချဉ်းကပ်လာနေကြသည်..။ ဖရက် မရှိတော့သလို ဟက်ဂရစ်မှာလည်း သေလုနီးပါး အခြေအနေသို့ ရောက်နေ၏..။ သေပင်သေနေပြီလား မပြောနိုင်ပေ...။

"ဟယ်ရီ မြန်မြန်လုပ်စမ်းပါ..."

ဟာမီယွန်အသံမှာ အလွန်ဝေးကွာသော နေရာမှ လာနေသလိုပင်..။

"ဟယ်ရီ.. အစောင့်အရှောက် ဂါထာ မြန်မြန် ရွတ်စမ်းပါ..."

သူ၏ မှော်တောင်ဝှေးကို မြှောက်လိုက်သော်လည်း သူ့စိတ်ထဲတွင် မျှော်လင့်ချက် လုံးဝ ကင်းမဲ့နေသလို ခံစားရ၏..။ သူမသိသေးပဲ လူ ဘယ်လောက် များများ သေနေကြပြီလဲ..။ သူ့ဝိညာဉ်မှာ သူ့ခန္ဓာကိုယ်ထဲမှ တစ်ဝက်ခန့် ထွက်ခွာသွားသလို ထင်မိ၏..။

"ဟယ်ရီ .. မြန်မြန်.."

ဟာမီယွန်က အော်ဟစ်လိုက်၏..။

အကောင်ရေ တစ်ရာခန့်ရှိမည့် ဝိညာဉ်နှုတ်သတ္တဝါများမှာ သူတို့ဆီသို့ ဦးတည်လာနေကြသည်..။ ဟယ်ရီ၏ စိတ်ညစ်စိတ်ပျက်မှုများကို အာရုံခံစားရင်း သူတို့ထံသို့ တန်းတန်းမတ်မတ်ပင် လာနေ၏..။

ရွှန်၏ ငွေရောင်တယ်ရီယာခွေးပုလေး လေထဲသို့ ထွက်လာပြီးနောက် တစ်ချက်မျှ အားနည်းစွာ တောက်ပကာ ပျောက်ကွယ်သွား၏..။ ဟာမီယွန်၏ ဖျံမှာလည်း လေထဲတွင် တစ်ချက်မျှ တုန်ခါကာ ပျောက်ကွယ်သွားပြန်၏..။

သူ၏လက်များ တုန်ရီနေသည်ကို ဟယ်ရီ မြင်နေရသည်..။ ဖြတ်ပျက်လာမည့်အရာကိုလည်း သူ မကြောက်ပဲ ရှိနေ၏..။ ဘာခံစားချက်မှ မရှိတော့လျှင် သူ ပို၍ စိတ်သက်သာရာ ရမည်ဟု ထင်မိ၏...။

ထိုအချိန်မှာပင် ငွေရောင်ယုန် တောဝက်နှင့် မြေခွေးတစ်ကောင်တို့မှာ သူတို့ခေါင်းပေါ်မှ ကျော်ကာ ဝိညာဉ်နှုတ်သတ္တဝါများထံသို့ ဦးတည်ပြေးသွားကြသည်..။ ဝိညာဉ်နှုတ်သတ္တဝါများ ချက်ချင်းပင် နောက်သို့ ဆုတ်ပြေးကြသည်..။

လူသုံးယောက်မှာ အမှောင်ထုထဲမှ သူတို့ဘေးသို့ ရောက်လာကြသည်..။ လူနာ အာနီနှင့် ရှေးမတ်စ်တို့မှာ အစောင့်အရှောက်ဂါထာများကို ဆက်တိုက်ရွတ်ကာ အစောင့်အရှောက်သတ္တဝါများ ဖန်ဆင်းလျှက် ရှိကြသည်..။

လူနာက အားပေးသည့်လေသံဖြင့်...

“ဟယ်ရီ ... လုပ်စမ်းပါ.. ပျော်စရာတစ်ခုခုကို စဉ်းစားလိုက်စမ်းပါ...”

“ပျော်စရာ.. ဟုတ်လား...” သူ့အသံမှာ အက်ကွဲ ခြောက်ကပ်နေ၏..။ သူမက လေသံတိုးတိုးဖြင့်...

“ငါတို့အားလုံး ဒီမှာရှိနေတယ်.. ငါတို့ဆက်ပြီး တိုက်ပွဲဝင်နေတုန်းပဲ .. လုပ်စမ်းပါ.. ကြိုးစားလိုက်စမ်းပါ...”

ငွေရောင်မီးပွားကလေးများ သူ့တောင်ဝှေးထိပ်ဖျားမှ လွင့်ပျံလာပြီးနောက် အလင်းတန်းကြီးတစ်ခု ထွက်ပေါ်လာကာ သူ့တစ်သက်တွင် အကြီးမားဆုံး အားထုတ်မှုဖြင့် ငွေရောင်သမင်ဖိုကြီး ထွက်ပေါ်လာ၏..။

သမင်ဖိုကြီး ရှေ့သို့ ဒုန်းစိုင်းထွက်သွားပြီးနောက် ဝိညာဉ်နှုတ်သတ္တဝါများ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်ကုန်၏..။ ညမှာ ပုံမှန်ပြန်ဖြစ်သွားပြီး တိုက်ပွဲသံများကို ဆူညံစွာ ပြန်လည် ကြားလာရသည်..။

ရွှန်က လူနာတို့ဘက်လှည့်ရင်း...

“မင်းတို့ကို သိပ်ကျေးဇူးတင်တာပဲ.. မင်းတို့သာ ရောက်မလာရင်...”

ရွှန့်စကားမဆုံးခင်မှာပင် ကျယ်လောင်သော အော်ဟစ်သံနှင့်အတူ မြေကြီးများ တုန်ခါသွားပြီး နောက်ထပ် ဘီလူးတစ်ကောင် တောအုပ်အမှောင်ထဲမှ သူတို့အရပ်ထက်မြင့်မည့် တင်းပုတ်ကြီးကို ဝှေ့ယမ်းရင်း ပြေးထွက်လာ၏..။

"ပြေးကြ..."

ဟယ်ရီ အော်ဟစ်လိုက်သော်လည်း တကယ်တော့ တခြားလူများကို သတိပေးစရာ မလိုချေ..။ သူတို့အားလုံး တကွဲတပြား ထွက်ပြေးကြပြီး စက္ကန့်ပိုင်းအတွင်းမှာပင် သူတို့ ခုနက ရပ်နေသော နေရာသို့ ခြေထောက်ကြီး တစ်ဘက် နင်းချလာ၏..။ ဟယ်ရီ နောက်သို့ လှည့်ကြည့်လိုက်၏...။ ရွှန်နှင့် ဟာမီယွန်မှာ သူ့နောက်မှ လိုက်လာနေ၏..။ ကျန်သုံးယောက်မှာမူ တိုက်ပွဲထဲတွင် ရောထွေးပျောက်ကွယ်သွားကြ၏..။ ရွှန်က...

"ဝေးဝေးကို ပြေးကြစို့..."

ဘီလူးကြီးက သူ၏ တင်းပုတ်ကြီးကို ဝှေ့ယမ်းရင်း ကျယ်လောင်စွာ အော်ဟစ်နေ၏..။ အမှောင်ထုထဲဝယ် အနီရောင်နှင့် အစိမ်းရောင် အလင်းတန်းများကို မြင်နေရဆဲပင်...။

"မိုးမခပင်ကြီးဆီ ပြေးကြစို့..."

ဟယ်ရီက အော်ဟစ်ပြောလိုက်သည်..။

သူ့စိတ်ထဲမှ ဖရက်နှင့် ဟက်ဂရစ်အတွက် ဝမ်းနည်းမှုများ.. အခြား တိုက်ခိုက်နေသူများအားလုံးအတွက် ပူပန်မှုများကို ခေတ္တ ဖယ်ထုတ်ထားလိုက်သည်..။ အဘယ်ကြောင့်ဆိုသော် ဗိုဒီမော့နှင့် သူ၏ မြွေရှိရာသို့ အရောက်သွားရန်က ပို၍ အရေးကြီးနေသောကြောင့်ပင်...။ ဟာမီယွန်ပြောသလိုပင် ဤတစ်နည်းဖြင်သာ တိုက်ပွဲကို ရပ်တန့်ပစ်နိုင်မည် ဖြစ်သည်...။

သူ အားသွန်ကာ ပြေးလာခဲ့သည်..။ သူ့ပတ်ဝန်းကျင်တွင် ပျံဝဲနေသော အလင်းတန်းများကို လုံးဝ ဂရုမစိုက်တော့ပေ...။ သူ့တစ်သက်တာတွင် အမြန်ဆုံးနှုန်းဖြင့် ပြေးလာခဲ့သဖြင့် မိုးမခပင်ကြီးဆီသို့ အရင်ဆုံး ရောက်ရှိလာခဲ့သည်..။ မိုးမခပင်ကြီးမှာ သူ့အမြစ်များကြားရှိ လျှို့ဝှက်ချက်ကို ကာကွယ်ရန် အနီးကပ်လာသူမှန်သမျှကို သစ်ကိုင်းများဖြင့် ရိုက်ခတ်လေ့ရှိ၏..။

အသက်ကို အလုအယက်ရှူရင်း ဟယ်ရီ ရပ်တန့်လိုက်သည်..။ အမှောင်ထုကို ဖြတ်ကျော်ကာ ပင်စည်ပေါ်ရှိ သစ်ခေါက်ဘုကို ရှာကြည့်လိုက်၏..။ ရွှန်နှင့် ဟာမီယွန်တို့ သူ့အနီးသို့ ရောက်လာကြ၏..။ ဟာမီယွန်မှာ မောလွန်းအားကြီး၍ စကားပင် မပြောနိုင်ချေ..။ ရွှန်က အမောတကောဖြင့်...

"ငါ.. ငါတို့ အထဲကို ဘယ်လိုလုပ်ဝင်ကြမလဲ.. သစ်ခေါက်ဘုကြီးကိုတော့ မြင်နေရတယ်.. ခရွတ်ရှန့်သာ ပါလာရင် ကောင်း..."

"ခရွတ်ရှန့် ... ဟုတ်လား..."

ဟာမီယွန်က မောလွန်းသဖြင့် ခါးကိုင်းကာ အသက်ရှူနေရင်းမှ အော်ဟစ်လိုက်၏..။

"နင်.. စုန်းမဟုတ်ဘူးလား..."

"သြော်.. အေး... ဟုတ်သား..."

ရွန်က သစ်ခေါက်ဆီသို့ ကြည့်လိုက်ရင်း မြေပြင်ပေါ်ရှိ သစ်ကိုင်းတစ်ခုကို မှော်တောင်ဝှေးဖြင့်ချိန်ကာ...

"ဝင်ဂါးဒီးယမ်းလဗီယိုစာ..."

သစ်ကိုင်းမှာ မြေပြင်ပေါ်မှ ချာလည်လည်၍ မြောက်တက်လာပြီး လှုပ်ရမ်းနေသော သစ်ကိုင်းများကြားမှ ဖြတ်၍ အမြစ်များအနီးရှိ နေရာကို တည့်တည့်ထိမှန်ကာ လှုပ်ရမ်းနေသော သစ်ပင်ကြီး ချက်ချင်း ငြိမ်သက်သွား၏..။

"ဟုတ်ပြီ..."

ဟာမီယွန်က အမောတကောနှင့် ပြောလိုက်၏..။

"ခဏနေဦး..."

ဟယ်ရီ ခေတ္တမျှ တုံ့ဆိုင်းသွားမိသည်..။ ဗိုဒီမော့မှာ သူ့ကို ဤနေရာသို့ လာစေချင်နေသည်..။ သူ့ကြောင့် ရွန်ရော ဟာမီယွန်ပါ ထောင်ချောက်ထဲ ရောက်သွားနိုင်၏..။ သို့ရာတွင် ဤအဖြစ်အပျက်မှာ ရှောင်လွှဲ၍ မရနိုင်ပေ..။ မြွေကိုသတ်ရန်မှာ ရှေ့သို့သွားရန် တစ်လမ်းသာရှိပြီး ထိုနေရာဝယ် ဗိုဒီမော့က အသင့်စောင့်လျှက်ရှိသည်...။

"ဟယ်ရီ.. ဒီကို ရောက်လာပြီးတော့မှ ဝင်စမ်းပါ..."

ရွန်က သူ့ကို ရှေ့သို့တွန်းရင်း ပြောလိုက်၏..။

ဟယ်ရီ သစ်မြစ်ကြားရှိ အပေါက်မှတဆင့် အထဲသို့ တိုးဝင်လိုက်သည်...။ သူတို့ ပထမအကြိမ် ဝင်စဉ်ကထက် ပို၍ ကျပ်ကျပ်တည်းတည်း တိုးဝင်နေရ၏..။ လိုဏ်ခေါင်းမှာ ခပ်နိမ့်နိမ့်ဖြစ်၍

ငယ်စဉ်အခါကပင် ခါးကိုင်းဝင်ရသည် ဖြစ်ရာ ယခုအခါတွင် တွားသွားဝင်ရုံမှတပါး အခြားနည်းလမ်း မရှိတော့ချေ..။

ဟယ်ရီ ရှေ့ဆုံးမှ မှော်တောင်ဝှေး အလင်းရောင် အားကိုးဖြင့် ဝင်ခဲ့၏..။ အတားအဆီးတစ်ခုခုနှင့် တိုးမည် ထင်ထားခဲ့သော်လည်း ဘာမှ မတွေ့ရချေ..။ သူတို့ တိတ်ဆိတ်စွာပင် အထဲသို့ တိုးဝင်ခဲ့ကြသည်..။ နောက်ဆုံးတွင် လိုဏ်ခေါင်းမှာ အပေါ်သို့ တက်လာပြီးနောက် အရှေ့ဘက်တွင် အလင်းရောင်ကို မြင်လိုက်ရသည်..။ ဟာမီယွန်က သူ့ခြေထောက်ကို တို့ကာ လေသံတိုးတိုးဖြင့် ...

"ကိုယ်ပျောက်ဝတ်ရုံ ခြုံထားတော့..."

သူ အနောက်သို့ လက်လှမ်းလိုက်သည်..။ သူမက သူ့လက်ထဲသို့ ကိုယ်ပျောက်ဝတ်ရုံကို ထည့်ပေးလိုက်၏..။ ဟယ်ရီ ခက်ခက်ခဲခဲပင် ကိုယ်ပျောက်ဝတ်ရုံကို ခြုံလိုက်ရင်း သူ့မှော်တောင်ဝှေးမှ အလင်းရောင်ကို ငြိမ်းကာ ရှေ့သို့ တတ်နိုင်သမျှ တိတ်ဆိတ်စွာ တိုးလာခဲ့သည်..။ သူ့စိတ်တစ်ခုလုံး တင်းကျပ်လေးလံနေ၏..။ အချိန်မရွေး သူတို့ကို တွေ့သွားနိုင်သလို အချိန်မရွေး အစိမ်းရောင် အလင်းတန်းကြီးကို မြင်တွေ့ရနိုင်သည်...။

ထို့နောက် သူတို့ရှေ့ရှိ အခန်းမှ လာနေသော အသံများကို သူ ကြားလာရသည်..။ လိုဏ်ခေါင်းအဝတွင် ခြင်းတောင်းအဟောင်းကြီးတစ်ခုက ပိတ်ဆို့ထား၏..။ ဟယ်ရီ အသက်ပင် ရဲရဲမရှူရဲပဲ ရှေ့သို့တိုးရင်း ခြင်းတောင်းနှင့် နံရံကြားရှိ လွတ်နေသော ကြားလေးထဲမှ အသာချောင်းလိုက်သည်..။

အခန်းထဲဝယ် မီးရောင်ခပ်မှိန်မှိန်သာ ရှိ၏...။ သို့ရာတွင် သူ နာဂီနီကို မြင်လိုက်ရသည်..။ နာဂီနီမှာ မှော်ပညာဖြင့် ဖန်တီးထားသော လှောင်ချိုင့်ထဲတွင် ခွေနေပြီး လေထဲတွင် လွင့်မျောနေ၏..။ စားပွဲအစွန်းတစ်ခုနှင့်အတူ မှော်တောင်ဝှေးကို ကိုင်ဆောင်ထားသော အဖြူရောင် လက်ချောင်းရှည်များကို မြင်နေရသည်..။

ထိုအချိန်မှာပင် စနိပ်၏ စကားသံကို ကြားလိုက်ရသည်..။ စနိပ်မှာ ဟယ်ရီ ပုန်းကွယ်နေသော လိုဏ်ခေါင်းနှင့် လက်မအနည်းငယ်မျှသာ ဝေးသောနေရာ၌ ရှိနေပုံပင်..။

"သူတို့ရဲ့ ခုခံအား လျော့သွားပါပြီ သခင်..."

ဗိုဒီမော့က...

"မင်းရဲ့ အကူအညီတစ်ခုမှ မပါလိုက်ဘူး မဟုတ်လား.. ဒါပေမယ့် မင်းက တကယ်တော်တဲ့ စုန်းတစ်ယောက်ပါပဲ ဆီးဗားရပ်စ်.. ငါတို့ အောင်မြင်ခါနီးနေပြီ..."

"ကျွန်တော့်ကို သွားရာခွင့်ပြုပါ.. ပေါ်တာကို ဖမ်းခေါ်လာပါရစေ.. ကျွန်တော် သူ့ကို ရှာနိုင်ပါတယ် သခင်..."

ဟယ်ရီ နောက်သို့ အနည်းငယ်ဆုတ်လိုက်ရင်း နာဂီနီကိုသာ မျက်တောင်မခတ်စတမ်း ကြည့်နေမိသည်..။ မြွေကို ကာကွယ်ထားသော အကာအရံကို ဖောက်ထွင်းနိုင်မည့် ဂါထာမန္တန်များကို စဉ်းစားနေမိ၏..။ သို့ရာတွင် သူ တစ်ခုမှ စဉ်းစားမရပေ..။ သူ့လှုပ်ရှားမှု တစ်ချက် လွဲချော်သွားသည်နှင့် အားလုံး ဆုံးရှုံးသွားနိုင်၏..။

ဗိုဒီမော့ မတ်တတ်ထရပ်လိုက်၏..။ ယခုအခါတွင် သူ၏ အနီရောင် မျက်လုံးများကို သေချာမြင်လာရသည်..။

"ငါ့မှာ ပြဿနာ တစ်ခု ဖြစ်နေတယ် ဆီးဗားရပ်စ်..."

"သခင် ဘာကိုဆိုလိုတာလဲ..."

ဗိုဒီမော့က သူ၏ သေမင်းမှော်တောင်ဝှေးကို မြှောက်လိုက်ရင်း...

"ဒီပစ္စည်းက ဘာကြောင့် ငါ့အတွက် အလုပ်မလုပ်တာလဲ ဆီးဗားရပ်စ်..."

တိတ်ဆိတ်နေသော အခန်းထဲဝယ် မြွေတွန်သံတစ်ချက်ကို ဟယ်ရီ ကြားလိုက်ရသည်..။ စနိပ်က နားမလည်နိုင်ဟန်ဖြင့်...

"ဒီမှော်တောင်ဝှေးနဲ့ သခင် အရမ်းအစွမ်းထက်တဲ့ မှော်ပညာတွေ ဖန်တီးခဲ့တာပဲ.. ကျွန်တော် နားမလည်နိုင်ဘူး..."

ဗိုဒီမော့က...

"မဟုတ်သေးဘူး.. ဒါ ငါ စွမ်းဆောင်နေကျ ပုံမှန် မှော်ပညာပဲ.. ငါ့ရဲ့ နဂိုမူလ အစွမ်းပဲ.. ဒါပေမယ့် ဒီမှော်တောင်ဝှေးက ထင်သလို အစွမ်းမပြဘူး.. ဒီမှော်တောင်ဝှေးက အိုလီဗန်ဒါလုပ်ပေးတဲ့ မှော်တောင်ဝှေးထက် ဘာမှ ပို မထူးခြားသလိုပဲ..."

ဗိုဒီမော့၏ အသံမှာ တည်ငြိမ်နေသော်လည်း ဟယ်ရီ့အမာရွတ်မှာ စတင်ကာ နာကျင်လာ၏..။ သူ့ခေါင်းထဲဝယ် နာကျင်လာပြီး ဗိုဒီမော့ ထိန်းချုပ်ထားသော ဒေါသကို ခံစားလိုက်မိသည်..။

"ဘာမှ ပိုမထူးခြားဘူး..."

ဗိုဒီမော့က ထပ်ပြောပြန်၏..။ စနိုပ်ဆီမှ စကားသံ မကြားရချေ..။ ဟယ်ရီ စနိုပ်၏ မျက်နှာကိုလည်း မမြင်ရပေ..။ စနိုပ်တစ်ယောက် အန္တရာယ်ကို အာရုံခံမိ၍ စကားတစ်ခုခုဖြင့် ဖြေသိမ့်ရန် စဉ်းစားနေသလားဟု ဟယ်ရီ တွေးမိသည်..။

ဗိုဒီမော့မှာ အခန်းထဲဝယ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသဖြင့် ဟယ်ရီ သူ့ကို မမြင်ရတော့ချေ..။ သူ၏ စကားသံမှာ ပြောင်းလဲမှု မရှိသော်လည်း ဟယ်ရီ့ခေါင်းထဲတွင်မူ နာကျင်မှုက ပို၍ ပြင်းထန်လာ၏..။

“ငါ အကြာကြီး စဉ်းစားကြည့်နေတာ ဆီးဗားရပ်စ် .... မင်းကို ဘာကိစ္စ တိုက်ပွဲထဲက ပြန်ခေါ်သလဲ သိလား...”

ထိုအခိုက်အတန့်မှာပင် ဟယ်ရီ စနိုပ်ကို မြင်လိုက်ရသည်..။ စနိုပ်၏ မျက်လုံးများက မှော်ပညာဖြင့် ကာကွယ်ထားသော လှောင်ချိုင့်ထဲမှ မြွေကိုသာ စူးစိုက် ကြည့်နေ၏..။

“မသိပါဘူးသခင်.. ဒါပေမယ့် ကျွန်တော့်ကို တိုက်ပွဲထဲ ပြန်သွားခွင့် ပေးပါ.. ပေါ်တာကို ရှာပါရစေ...”

“မင်းရဲ့ လေသံက လူးစီးယပ်စ်နဲ့ တထေရာတည်းပဲ.. မင်းတို့နှစ်ယောက်လုံး ငါ့လောက် ပေါ်တာကို နားမလည်ကြဘူး... သူ့ကို ရှာဖို့မလိုဘူး... သူကိုယ်တိုင် ငါ့ဆီလာလိမ့်မယ်..ပေါ်တာရဲ့ အားနည်းချက်ကို ငါသိတယ်... သူ့ပတ်ဝန်းကျင်ကလူတွေ သေကျေကုန်မှာကို သူမကြည့်ရက်ဘူး.. သူ့အတွက် ဒီလိုဖြစ်ရတာလို့ သူထင်တယ်.. ဒီတော့ ဘယ်လိုဖြစ်ဖြစ် ဒီတိုက်ပွဲကို ရပ်တန့်ပစ်ဖို့ သူ ဒီကို လာလိမ့်မယ်...”

“ဒါပေမယ့် သခင်.. သူ တခြားသူတွေရဲ့ လက်ချက်နဲ့ သေချင်သေသွားနိုင်တယ်...”

“ငါ ဒက်အီတာတွေ အကုန်လုံးကို အမိန့်ပေးပြီးသား .. ပေါ်တာကို ဖမ်းရမယ်... သူ့သူငယ်ချင်းတွေကို များများသတ်နိုင်လေ ကောင်းလေပဲ.. ဒါပေမယ့် သူ့ကို မသတ်ရဘူး.. ဒါပေမယ့် အခု ငါ စကားပြောချင်တာ မင်းပဲ ဆီးဗားရပ်စ်.. ဟယ်ရီပေါ်တာ မဟုတ်ဘူး.. မင်းက ငါ့အတွက် တကယ့်ကို တန်ဖိုးရှိခဲ့ပါတယ်.. တကယ်ပါ...”

“ကျွန်တော်လုပ်သမျှ သခင့်အတွက် ချည်းပါပဲ သခင်.. ဒါပေမယ့် အခု ကျွန်တော် ကောင်လေးကို သွားရှာပါရစေ.. ကျွန်တော် ရှာနိုင်ပါတယ်...”

“မသွားရဘူးလို့ ငါပြောနေတယ်..”

ဗိုဒီမော့၏ မျက်လုံးများ နီရဲတက်လာသည်ကို ဟယ်ရီ မြင်လိုက်ရသည်..။ သူ့အမာရွတ်မှတဆင့် ဗိုဒီမော့ စိတ်မရှည်တော့မှန်း ဟယ်ရီ ခံစားလိုက်ရသည်..။

“ဒီအချိန်မှာ ငါစိတ်ပူတာက ကောင်လေးနဲ့တွေ့ရင် ဘာဖြစ်လာမလဲဆိုတာပဲ ဆီးဗားရပ်စ်...”

“သခင် .. ဒီမေးခွန်းက လုံးဝ မလိုအပ်ပါဘူး...”

“ဒါပေမယ့် အဲဒီ့မေးခွန်းက လိုအပ်နေတယ် ဆီးဗားရပ်စ်.. လိုအပ်နေတယ်...”

ဗိုဒီမော့ ရပ်တန့်နေပြန်သဖြင့် ဟယ်ရီ သူ့ကို ပြန်မြင်ရပြန်သည်..။

“ငါသုံးသမျှ မှော်တောင်ဝှေးတွေက ပေါ်တာနဲ့တွေ့ရင် ဘယ်လိုဖြစ်ပြီး ရှုံးနိမ့်ကုန်ရတာလဲ...”

“ကျွန်.. ကျွန်တော် မသိပါဘူး သခင်...”

“မသိဘူး.. ဟုတ်လား...”

ဗိုဒီမော့၏ ဒေါသမှာ ဟယ်ရီ့ခေါင်းထဲသို့ ဆူးချွန်တစ်ခုပမာ ထိုးဖောက် ဝင်ရောက်လာ၏..။ ဟယ်ရီ မအော်မိစေရန် ပါးစပ်ကို လက်နှင့် အတင်းပိတ်ထားရ၏..။ သူ့မျက်လုံးများကို မှိတ်လိုက်သည်နှင့် သူ ဗိုဒီမော့ ဖြစ်သွားကာ စနိပ်၏ ဖြူဖွေးနေသော မျက်နှာကို ကြည့်လျှက်ရှိသည်..။

“ငါ့ရဲ့ ထင်းရှူးသားနဲ့ လုပ်ထားတဲ့ မှော်တောင်ဝှေးက ငါခိုင်းသမျှ လုပ်ပေးခဲ့တယ် ဆီးဗားရပ်စ်.. ဒါပေမယ့် ဟယ်ရီပေါ်တာကို မသတ်နိုင်ခဲ့ဘူး.. နှစ်ခါတိတိ ရှုံးနိမ့်ခဲ့တယ်.. အိုလီဗန်ဒါက အူတိုင်နှစ်ခု တူနေလို့ဆိုပြီး အခြားမှော်တောင်ဝှေး ပြောင်းသုံးဖို့ ပြောတယ်.. ဒါပေမယ့် လူးစီးယပ်စ်ရဲ့ မှော်တောင်ဝှေးလည်း ပေါ်တာနဲ့ တွေ့တော့ တစ်စစီ ဖြစ်သွားပြန်ရော...”

“ကျွန်.. ကျွန်တော် ရှင်းမပြတတ်ပါဘူး သခင်...”

စနိပ်မှာ ဗိုဒီမော့ကို ကြည့်မနေပေ..။ အကာအကွယ် လှောင်ချိုင့်ထဲမှ မြွေကိုသာ ငေးကြည့်နေ၏..။

“ငါ တတိယမြောက် မှော်တောင်ဝှေးကို ရှာခဲ့တယ် ဆီးဗားရပ်စ်.. မှော်တောင်ဝှေးအားလုံးရဲ့ အရှင်သခင်ဖြစ်တဲ့ သေမင်းမှော်တောင်ဝှေးပဲ.. ငါ သူ့ရဲ့ သခင်ဟောင်းဆီက ယူလာခဲ့တာပဲ.. ငါ အဲဗက်စ်ဒမ်ဘယ်လ်ဒိုးရဲ့ အုတ်ဂူထဲက ယူလာခဲ့တာ..”

စနိပ်က ဗိုဒီမော့ကို ကြည့်လိုက်၏..။ သူ့မျက်နှာမှာ လူသေတစ်ယောက်ကဲ့သို့ ဆွတ်ဆွတ်ဖြူလျှက်ရှိပြီး မျက်လုံးများမှာ အသက်ဝိညာဉ် ကင်းမဲ့နေသလို ဖြစ်နေ၏..။

“သခင်.. ကျွန်တော့်ကို ကောင်လေးဆီ သွားခွင့်ပြုပါ..”

ဗိုဒီမော့က လေသံတိုးတိုးဖြင့်..

"တစ်ညလုံး ငါ ဒီနေရာမှာ ထိုင်နေခဲ့တယ်... ပြီးတော့ ဘာကိစ္စ သေမင်းမှော်တောင်ဝှေးက သူ့ရဲ့ အစွမ်းကို မပြတာလဲလိုက စဉ်းစားနေခဲ့တယ်... ရာဇဝင်တွေထဲက ပြောသလို ပိုင်ရှင်အတွက် အစွမ်းပြသလို ငါ့လက်ထဲမှာ အစွမ်းမရှိဘူး.. ငါ့မှာ အဖြေရှိပြီလို့ ငါထင်တယ်..."

စနိပ်မှာ စကားတစ်ခွန်းမှ မဆိုချေ..။

"မင်းသိပြီးသားလည်း ဖြစ်ချင်ဖြစ်မှာပါ.. မင်းက တကယ် လိမ်မာပါးနပ်သူပဲဟာ... မင်းက ငါ့အတွက် သစ္စာရှိတဲ့ ကျေးကျွန်တစ်ယောက်ပါပဲ.. ဒီလိုဖြစ်လာရတာကို ငါ စိတ်မကောင်းပါဘူး..."

"သခင်..."

"သေမင်းမှော်တောင်ဝှေးက ငါ့လက်ထဲမှာ အစွမ်းမပြဘူး ဆီးဗားရပ်စ်.. ဘာလို့လဲဆိုတော့ ငါက သူ့ပိုင်ရှင် သခင်အစစ် မဟုတ်လို့ပဲ.. သူ့ရဲ့ နောက်ဆုံး ပိုင်ရှင်ကို သတ်ခဲ့တဲ့ သူကသာ ဒီမှော်တောင်ဝှေးရဲ့ ပိုင်ရှင်ပဲ... မင်း အဲဗက်စ်ဒမ်ဘယ်လ်ဒိုးကို သတ်ခဲ့တယ်... ဒီတော့ မင်းအသက်ရှင်နေသရွေ့ ဒီမှော်တောင်ဝှေးက ငါ့ကို ပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှာ မဟုတ်ဘူး..."

"သခင်..."

စနိပ်က ငြင်းရန်ပြင်၍ သူ့မှော်တောင်ဝှေးကို မြှောက်လိုက်သည်..။ ဗိုဒီမော့က...

"တခြားနည်းလမ်း မရှိနိုင်ဘူး.. ငါ သေမင်းမှော်တောင်ဝှေးရဲ့ သခင်ဖြစ်ရမယ် ဆီးဗားရပ်စ်... ဒါမှ ပေါ်တာ့ကို အနိုင်ယူနိုင်မယ်.."

ဗိုဒီမော့က လေထဲတွင် မှော်တောင်ဝှေးကို ဝှေ့ယမ်းလိုက်၏..။ သို့ရာတွင် စနိပ်မှာ ဘာမှ ဖြစ်မသွားချေ..။ ဗိုဒီမော့၏ ရည်ရွယ်ချက်မှာ ချက်ချင်းပင် ထင်ရှားလာ၏..။ မြွေလှောင်အိမ်မှာ ရုတ်တရက် လည်သွားပြီး စနိပ်မှာ အော်ဟစ်ရုံမှတပါး ဘာမှ မလုပ်နိုင်ခင်မှာပင် သူ့ခေါင်းနှင့်လည်ပင်းကိုပါ လှောင်အိမ်ထဲ ရောက်သွားစေ၏..။ ဗိုဒီမော့က မြွေဘာသာစကားဖြင့် အော်ဟစ်လိုက်သည်..။

"သတ်ပစ်လိုက်..."

ကြောက်မက်ဖွယ်ရာ အော်ဟစ်သံနှင့်အတူ စနိပ်မျက်နှာပေါ်ရှိ လက်ကျန်သွေးရောင် အနည်းငယ် ပျောက်ကွယ်သွား၏..။ သူ၏ မျက်လုံးများ ပြူးကျယ်လာ၏..။ မြွေစွယ်များက သူ့လည်ပင်းကို

ခဲလျှက်ရှိပြီး မှော်ပညာဖြင့် ဖန်တီးထားသော လှောင်အိမ်ကို သူ ဖယ်၍မရချေ..။ နောက်ဆုံးတွင် သူလဲကျသွားတော့သည်..။

ဗိုဒီမော့က အေးစက်စွာပင်...

"ငါ စိတ်မကောင်းပါဘူး..." ဟု ပြောရင်း လှည့်ထွက်သွားတော့သည်..။ သူ့တွင် စိတ်ဆင်းရဲမှု ဝမ်းနည်းမှု နောင်တရမှု လုံးဝ မရှိချေ..။ ဤနေရာမှ ခွာကာ သူခိုင်းသမျှ လုပ်တော့မည့် မှော်တောင်ဝှေးနှင့် တိုက်ပွဲဝင်ရမည့် အချိန်ပင်...။ သူကမြွေလှောင်အိမ်ကို မှော်တောင်ဝှေးဖြင့် ညွှန်လိုက်သည်နှင့် အပေါ်သို့ မြောက်တက်လာ၏..။

စနိပ်မှာ လဲကျနေပြီး လည်ပင်းမှ သွေးများ ဒလဟော ထွက်လျှက်ရှိသည်...။ ဗိုဒီမော့ နောက်သို့ တစ်ချက်မှ ပြန်လှည့်မကြည့်ပဲ အခန်းထဲမှ ထွက်သွားပြီး မြွေကြီးမှာ လှောင်အိမ်နှင့်အတူ သူ့နောက်မှ လွင့်မျောရင်း ပါသွား၏..။

သူ့စိတ်နှင့် သူ့ကိုယ် ပြန်ရောက်လာသော ဟယ်ရီ မျက်လုံး ဖွင့်ကြည့်လိုက်သည်..။ သူ မအော်မိစေရန် သူ့လက်ကို ကိုက်ထားရသဖြင့် လက်ခုံတွင် သွေးများ စီးကျနေ၏..။ သူ နံရံနှင့် ခြင်းကြား အပေါက်ကလေးမှ ကြည့်ရင်း အနက်ရောင် ဘွတ်ဖိနပ်နှင့် တုန်ရီနေသော ခြေထောက်များကို မြင်နေရ၏..။

"ဟယ်ရီ..."

ဟာမီယွန်က ဟန့်တားလိုက်သော်လည်း ဟယ်ရီ သူ့မှော်တောင်ဝှေးဖြင့် အပေါက်ဝကို ပိတ်ထားသော ခြင်းကြီးကို မယူကာ ဘေးသို့ တိတ်ဆိတ်စွာ ရွှေ့လိုက်၏..။ အသံတိတ်နိုင်သမျှ တိတ်ဆိတ်စွာ သူ အခန်းတွင်းသို့ ဝင်လိုက်သည်..။

သူ ဘာကြောင့် ဤကဲ့သို့ လုပ်မိမှန်း သူ့ကိုယ်သူပင် မသိချေ..။ သူ ဘာကြောင့် သေခါနီးလူတစ်ယောက်အနား ရောက်လာမိမှန်း သူမသိပေ..။ စနိပ်၏ ဖြူဖွေးနေသော မျက်နှာနှင့် လည်ပင်းမှ သွေးများကို တားဆီးရန် ကြိုးစားနေသော လက်ချောင်းများကို အမြင်တွင် သူ ဘာကို ခံစားလိုက်ရမှန်း နားမလည်ချေ..။

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်ပြီး သူ မုန်းတီးခဲ့သူကို ငုံ့ကြည့်လိုက်သည်..။ သူ့ကိုမြင်သည်နှင့် စနိပ်မှာ တစ်စုံတစ်ခုကို ပြောရန် ကြိုးစားလိုက်သည်..။ ဟယ်ရီ ခါးကိုင်းလိုက်သည်နှင့် စနိပ်က ဟယ်ရီ့ ဝတ်ရုံစကိုဆွဲ၍ သူ့အနားသို့ ဆွဲလိုက်ရင်း .. လည်ပင်းဆီမှ ဆို့ဝါးလှသော လေသံတချို့ ထွက်ကျလာ၏...။

"ယူ... ယူ.. လိုက်.."

စနိုပ်ထံမှ သွေးထက် ထူးဆန်းသော အရာများ စီးကျလာ၏..။ ငွေရောင်ပြာလဲ့လဲ့ တောက်ပနေသော အရည်မဟုတ် အငွေ့မဟုတ်သော အရာများပင်..။ သူ၏ ပါးစပ် နားရွက်နှင့် မျက်လုံးများမှ စီးကျလာနေ၏..။ ထိုအရာများကို ဘာမှန်း ဟယ်ရီ သိသော်လည်း ဘာလုပ်ရမှန်း မသိပေ..။

ဟာမီယွန်က ဖန်ပုလင်းတစ်လုံးကို လေထဲမှ ဖန်ဆင်းယူလိုက်ရင်း သူ၏ တုန်ရီနေသော လက်ထဲသို့ ထည့်ပေးလိုက်၏..။ ဟယ်ရီ သူ၏ မှော်တောင်ဝှေးဖြင့် ငွေရောင်အရာများကို မယူကာ ဖန်ပုလင်းထဲသို့ ထည့်လိုက်၏..။

ဖန်ပုလင်း လည်ပင်းထိ ပြည့်ချိန်ဝယ် စနိုပ်၏ပုံစံမှာ သွေးဟူ၍ မကျန်တော့သကဲ့သို့ ဖြူဖွေးလျှက်ရှိပြီး ဟယ်ရီ့ဝတ်ရုံစကို ကိုင်ထားသော သူ့လက်များမှာ အားအင်လျော့နည်းလာ၏..။ သူက လေသံမျှဖြင့်...

"ငါ့.. ကို.. ကြည့်စမ်း.. ပါ..."

အစိမ်းရောင်မျက်လုံးများနှင့် အနက်ရောင်မျက်လုံးများ ဆုံတွေ့မိကြသည်..။ စက္ကန့်ပိုင်းအတွင်းမှာပင် အနက်ရောင် မျက်လုံးတစ်စုံအတွင်းရှိ အလင်းရောင်မှာ ပျောက်ကွယ်သွားပြီး သူ့ကို ငေးကြောင်ကာ ကြည့်လျှက်ရှိသည်..။ ဟယ်ရီ့ကို ဆုပ်ကိုင်ထားသော လက်များ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားပြီးနောက် စနိုပ် လုံးဝ ငြိမ်သက်သွားတော့သည်..။

**၃၃။ စနိုပ်ပြောသော ဇာတ်လမ်း**

ဟယ်ရီ စနိုပ်ဘေးတွင် ဒူးထောက်လျှက် သူ့ကို ငုံ့ကြည့်နေ၏..။ ထိုအခိုက်မှာပင် အေးစက်စက်လေသံကို အနားမှ ကပ်၍ ကြားလိုက်ရသဖြင့် သူ ခုန်ထကာ ဖန်ဘူးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း ဗိုဒီမော့များ အခန်းထဲ ပြန်ဝင်လာသလားဟု တွေးလိုက်မိသည်..။

ဗိုဒီမော့၏ အသံမှာ နံရံများ ကြမ်းပြင်များဆီမှ တုန်ခါ၍ ထွက်ပေါ်လာနေခြင်း ဖြစ်သည်..။ ဗိုဒီမော့မှာ ဟော့ဝဂ်နှင့် အနီးပတ်ဝန်းကျင်နေရာများကို စကားပြောနေခြင်း ဖြစ်ကြောင်း ဟယ်ရီ သိလိုက်သည်..။ ဟော့မိဒ်ရွာနှင့် ရဲတိုက်ထဲဝယ် တိုက်ခိုက်နေသူများအားလုံး သူ့အသံကို ဘေးနားတွင် ကပ်ပြောနေသလို ကြားရပေလိမ့်မည်..။ ဗိုဒီမော့၏ အေးစက်တင်းမာလှသော အသံက...

"မင်းတို့အားလုံး ရဲရဲဝံ့ဝံ့ တိုက်ခိုက်ခဲ့ကြတယ်.. သခင်ကြီးဗိုဒီမော့က ရဲဝံ့သူတွေကို တန်ဖိုးထားတယ်.. အခုဆိုရင် မင်းတို့အားလုံး အထိနာနေကြပြီ.. ဆက်ပြီး ခုခံနေမယ်ဆိုရင် အားလုံး သေကုန်ကြလိမ့်မယ်.. ကျုပ်အနေနဲ့ ဒီလိုဖြစ်တာကို မမြင်လိုဘူး.. မှော်ပညာရှင်တွေရဲ့ သွေးတစ်စက် မြေကျတာဟာ အစားထိုးမရတဲ့ ဆုံးရှုံးမှုပဲ..."

“သခင်ကြီးဗိုဒီမော့က ကြင်နာသနားတတ်ပါတယ်… ဒါကြောင့် ကျုပ်ရဲ့ တပ်တွေအားလုံးကို ချက်ချင်း ဆုတ်ခွာခိုင်းလိုက်မယ်…”

“မင်းတို့ကို အချိန်တစ်နာရီ ပေးမယ်.. သေတဲ့လူတွေကို ကောက်ယူဖို့ နဲ့ ဒဏ်ရာရသူတွေကို ပြုစုဖို့အတွက်ပဲ…”

“ငါ အခု ဟယ်ရီပေါ်တာကို တိုက်ရိုက် ပြောချင်တယ်.. မင်းက မင်းသူငယ်ချင်းတွေကိုပဲ သေခိုင်းပြီး ငါ့ဆီတော့ ကိုယ်တိုင် လာရင်မဆိုင်ဘူး.. ငါ တားမြစ်တောအုပ်ထဲမှာ တစ်နာရီတိတိ စောင့်နေမယ်.. အဲဒီ့အချိန်ကုန်တဲ့အထိ မင်း ငါ့ဆီကို ရောက်မလာဘူးဆိုရင် တိုက်ပွဲ ပြန်စရလိမ့်မယ်.. အဲဒီ့အချိန် ဆိုရင်တော့ ငါကိုယ်တိုင် မင်းကို လိုက်ရှာရလိမ့်မယ် ဟယ်ရီပေါ်တာ.. မင်းကို ကာကွယ်ပေးထားသမျှ လူအားလုံးကိုလည်း အပြစ်ပေးရလိမ့်မယ်.. မင်းစဉ်းစားဖို့ တစ်နာရီ အချိန်ပေးမယ်…”

ရွှန်ရော ဟာမီယွန်ပါ ခေါင်းများကို ပြိုင်တူ ခါယမ်းရင်း ဟယ်ရီ့ဘက်သို့ ကြည့်ကာ … ရွှန်က…

“သူ့စကားကို နားမယောင်နဲ့…”

ဟာမီယွန်က…

“ဘာမှ မဖြစ်နိုင်ပါဘူးဟာ.. ငါတို့ ရဲတိုက်ဆီ သွားရအောင်.. သူက တောအုပ်ထဲမှာဆိုရင် ငါတို့ အစီအစဉ်အသစ် ဆွဲရမယ်…”

သူမက စနိုပ်၏ အလောင်းကို တစ်ချက်ကြည့်လိုက်ကာ အပေါက်ဝဆီသို့ လှည့်ထွက်သွားတော့သည်..။ ရွှန်က သူမနောက်မှ လိုက်ပါသွား၏..။ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ပြန်ကောက်ယူလိုက်ရင်း စနိုပ်ကို ငုံ့ကြည့်လိုက်သည်..။ ဘာကို ခံစားမိမှန်း သူမသိချေ..။ သို့ရာတွင် စနိုပ်သေဆုံးပုံနှင့် သေဆုံးရသည့် အကြောင်းပြချက်ကိုမူ ထိတ်လန့်မိ၏..။

သူတို့ လိုဏ်ခေါင်းအတိုင်း တွားသွားကာ ပြန်ထွက်ခဲ့ကြသည်..။ ဟယ်ရီ့ခေါင်းထဲဝယ် ဗိုဒီမော့၏ စကားသံများကို ပဲ့တင်ထပ်သည့်ပမာ ထပ်ကာ ထပ်ကာ ကြားနေရသည်..။

“မင်းက မင်းသူငယ်ချင်းတွေကိုပဲ သေခိုင်းပြီး ငါ့ဆီတော့ ကိုယ်တိုင် လာရင်မဆိုင်ဘူး… ငါ တားမြစ်တောအုပ်ထဲမှာ တစ်နာရီတိတိ စောင့်နေမယ်…”

အရှဏ်တက်ရန် တစ်နာရီကျော်ကျော်ခန့်သာ လိုတော့မည်ဖြစ်သော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေဆဲပင်..။ သူတို့ အဝင်ဝရှိ ကျောက်သား လှေကားထစ်များဆီသို့ ပြန်ပြေးလာခဲ့သည်..။ သူတို့ရှေ့နားဝယ် လှေတစ်စင်း ပမာဏခန့်ရှိမည့် ခွေးကြီးတစ်ကောင် လှဲလျောင်းနေ၏..။ ဂရပ်နှင့် အခြား ဘီလူးများကိုမူ မတွေ့ရပေ..။

ရဲတိုက်တစ်ခုလုံး ထူးဆန်းစွာပင် တိတ်ဆိတ်နေ၏..။ အလင်းတန်းများကို မမြင်ရတော့သလို ပေါက်ကွဲသံ အော်ဟစ်သံများကိုလည်း မကြားရတော့ချေ..။ အဝင်ဝရှိ ကျောက်သားကြမ်းပြင်ပေါ်ဝယ် သွေးများ စွန်းထင်းနေ၏..။ မြကျောက်လုံးလေးများမှာ ယခုထိ ပြန့်ကျဲလျှက်ရှိပြီး ကျောက်တုံး အပိုင်းအစများ သစ်သားစများကိုပါ တွေ့ရ၏..။ လေ့ကားလက်ရန်း တစ်ဝက်နီးပါးမှာ ပြိုကျနေ၏..။ ဟာမီယွန်က လေသံမှုဖြင့်..

“ဘယ်ရောက်ကုန်ကြပြီလဲ...”

ရွှန်က ခန်းမကြီးဆီသို့ ဆက်ဝင်သွား၏..။ ဟယ်ရီက တံခါးဝတွင် ရပ်လျှက် ကျန်ရစ်သည်..။ အဆောင်အလိုက်ထားသော စားပွဲကြီးများ မရှိတော့ပဲ အခန်းမှာ လူများ ပြည့်ကျပ်နေ၏..။ အသက်ရှင်ကျန်နေသူများမှာ ကိုယ့်အဖွဲ့နှင့်ကိုယ် ရပ်ရင်း တစ်ယောက်ပခုံးကို တစ်ယောက် ဖက်ထားကြ၏..။

ဒဏ်ရာရသူများကို စင်မြင့်ပေါ်တွင်ထားကာ မဒမ်ပွန်ဖရေနှင့် အကူအညီပေးသူ အချို့က ကုသပေးနေကြ၏..။ ဖီရန်ဇီကို ဒဏ်ရာရသူများအကြားတွင် တွေ့ရပြီး သူ့ခန္ဓာကိုယ်ပေါ်တွင် သွေးများ ထွက်နေကာ လဲကျနေ၏..။

သေဆုံးသူများကို ခန်းမကြီးအလယ်တွင် စီတန်းချထား၏..။ ဖရက်၏ အလောင်းကို ဟယ်ရီ မတွေ့ရချေ..။ အကြောင်းမှာ သူ့မိသားစုတစ်ခုလုံးက ဝန်းရံထား၍ဖြစ်သည်..။ ဂျော့က ဖရက်၏ ခေါင်းရင်းနားတွင် ဒူးထောက်ထိုင်နေပြီး မစ္စစ်ဝီစလေမှာ ရင်ဘတ်ပေါ်ဝယ် မှောက်အိပ်ရင်း သူမ၏ ခန္ဓာကိုယ်က တသိမ့်သိမ့် တုန်ခါနေ၏..။ မစ္စတာဝီစလေက သူမ၏ဆံပင်များကို သပ်ပေးရင်း မျက်ရည်များ တိတ်ဆိတ်စွာ စီးကျနေ၏..။

ဟယ်ရီ့ကို စကားတစ်ခွန်းမှ မဆိုပဲ ရွှန်နှင့် ဟာမီယွန်တို့ ထွက်ခွာသွားကြ၏..။ ဟာမီယွန်က ဂျင်းနီအနီးသွားကာ သူမကို ပွေ့ဖက်ထားလိုက်သည်..။ ဂျင်းနီမှာ မျက်နှာတစ်ခုလုံး ရောင်ကိုင်းနေ၏..။ ရွှန်က ဘီလ် ဖလူရာနှင့် ပါစီတို့အနားသို့သွားကာ သူတို့ကို ဖက်ထားလိုက်၏..။ ဂျင်းနီနှင့် ဟာမီယွန်တို့ပါ အခြားသူများအနီးသို့ ချဉ်းကပ်သွားစဉ် ဖရက်၏အနီးရှိ နောက်ထပ် အလောင်းများကို ဟယ်ရီ သေချာမြင်လိုက်ရသည်..။

ရေးမတ်စ်နှင့် တွန့်ခ်တို့မှာ အေးချမ်းစွာ အိပ်ပျော်နေကြသည့် ပုံစံမျိုးဖြင့် လှဲလျောင်းလျှက် ရှိသည်..။

ဟယ်ရီ တံခါးဝမှ နောက်သို့ ပြန်ဆုတ်လာခဲ့စဉ် ခန်းမကြီးမှာ သူ့မြင်ကွင်းထဲ၌ သေးငယ်ကာ ပျောက်ကွယ်သွား၏..။ သူ အသက်ပင် မရှူနိုင်သလို ဖြစ်လာသည်..။ သူ နောက်ထပ်အလောင်းများကို မကြည့်ရဲတော့ပေ..။ သူ့အတွက် သေဆုံးသွားရသူများကို မကြည့်ရက်တော့ချေ..။ ဟယ်ရီ

ဝီစလေမိသားစုများ ကြားသို့လည်း မသွားဝံ့ချေယယ. သူတို့ မျက်လုံးများနှင့်လည်း ရင်မဆိုင်ရဲချေ..။ သူသာ အစကတည်းက ဗိုဒီမော့ထံ သွားလိုက်လျှင် ဖရက် သေစရာမလိုပေ...။

သူ နောက်သို့လှည့်ကာ ကျောက်တုံးလှေကားထစ်များအတိုင်း ပြေးတက်လာခဲ့သည်..။ သူ လုံးဝ မခံစားနိုင်တော့ပေ..။

ရဲတိုက်ကြီးတစ်ခုလုံး လုံးဝ တိတ်ဆိတ်ခြောက်ကပ်နေ၏..။ တစ္ဆေများပင် ခန်းမကြီးထဲ၌ စုဝေးနေကြပုံရသည်..။ ဟယ်ရီ လက်ထဲတွင် စနိပ်၏ နောက်ဆုံး မှတ်ဉာဏ်များပါသည့် ဖန်ဘူးကို ကိုင်ထားရင်း မရပ်မနား ပြေးလာခဲ့သည်..။ နောက်ဆုံးတွင် ကျောက်ရုပ်စောင့်ကြပ်နေသည့် ကျောင်းအုပ်ကြီးရုံးခန်းရှေ့သို့ သူ ရောက်လာခဲ့သည်..။

“စကားဝှက်ပြောပါ...”

“ဒမ်ဘယ်လ်ဒိုး...”

ဟယ်ရီ လုံးဝ မစဉ်းစားပဲ ပြောချလိုက်၏..။ သူ အတွေ့ချင်ဆုံးလူ၏ နာမည်ကို ထုတ်ဖော်ပြောမိခြင်းပင်..။ အံ့သြစရာကောင်းသည်မှာ ကျောက်ရုပ်ကြီးက သူ့ကို လမ်းဖယ်ပေးခြင်းပင်...။

ဟယ်ရီ အခန်းထဲသို့ အရောက်တွင် ထူးခြားချက်တစ်ခုကို တွေ့လိုက်ရသည်...။ နံရံများတွင် ချိတ်ဆွဲထားသော ပန်းချီကားချပ်များမှာ အလွတ်များ ချည်းသာ ဖြစ်နေ၏..။ သူတို့အားလုံး ရဲတိုက်နံရံများရှိ ပန်းချီကားချပ်များဆီ ကူးသန်းကာ တိုက်ပွဲကို စောင့်ကြည့်နေကြပုံပင်..။

ကျောင်းအုပ်ကြီး၏ ထိုင်ခုံအပေါ်တည့်တည့်တွင် ချိတ်ဆွဲထားသည့် ဒမ်ဘယ်လ်ဒိုး၏ ရုပ်ပုံမရှိသော ပန်းချီကားဘောင်ကြီးအား စိတ်ပျက်စွာ ကြည့်လိုက်မိသည်..။ သူ နောက်သို့ လှည့်လိုက်ရင်း ဗီရိုထဲရှိ ကျောက်ရေခွက်ကို ထုတ်ယူလိုက်သည်..။ ဟယ်ရီ စားပွဲပေါ်သို့ မတင်လိုက်ပြီး ကျောက်သားခွက်ထဲသို့ စနိပ်၏ မှတ်ဉာဏ်များကို လောင်းထည့်လိုက်သည်...။

ယခုအချိန်တွင် တစ်စုံတစ်ယောက်၏ မှတ်ဉာဏ်ထဲ သွားနေရသည်မှာ စိတ်သက်သာစရာ ကောင်းလှသည်..။ စနိပ်ချန်ထားခဲ့သော အတွေးများမှာ ယခု သူ့အတွေးများလောက် ဆိုးမည်မထင်ပေ..။ မှတ်ဉာဏ်များမှာ ငွေရောင် ဖြူလွလွဖြစ်ပြီး ကျောက်သားခွက်ထဲတွင် လည်ပတ်မျောဝင်သွား၏..။

ဟယ်ရီ လုံးဝ တုံ့နှေးမနေပဲ မှတ်ဉာဏ်များထဲသို့ ငုပ်ဝင်လိုက်သည်...။

နွေးထွေးသော နေရောင်ခြည်နှင့်အတူ မြေပြင်ပေါ်သို့ သူ ခြေချလိုက်မိသည်..။ သူ ရောက်နေသော နေရာမှာ လူသူကင်းရှင်းနေသည့် ကစားကွင်းတစ်ခုဖြစ်သည်..။ မိန်းကလေးနှစ်ယောက်မှာ ဒါန်းစီးလျှက်ရှိပြီး ခပ်ပိန်ပိန်ကောင်လေးတစ်ယောက်က ချုံပုတ်အကွယ်မှ ချောင်းကြည့်နေ၏...။ သူ၏ ဆံပင်အနက်ရောင်များမှာ အလွန်ရှည်လျားနေပြီး ဂျင်းဘောင်းဘီ တိုနံ့နံ့ကို လူကြီးတစ်ယောက်၏ ကုတ်အကျီနှင့် တွဲဝတ်ထား၏..။ ဟယ်ရီ ကောင်လေးအနီးသို့ တိုးကပ်လာခဲ့သည်...။

စနိပ်မှာ ကိုးနှစ်ဆယ်နှစ်ထက် ပိုအသက်ကြီးမည့်ပုံ မရှိချေ...။ သူက ညီအငယ်ကိုသာ ချောင်းကြည့်နေ၏..။ အငယ်မမှာ ဒါန်းကို အစ်မဖြစ်သူထက် ပို၍ မြင့်သည်ထက်မြင့်အောင် လွှဲနေ၏..။ အကြီးမက...

"လီလီ.. အဲဒီလို မလုပ်နဲ့လေ..."

ကောင်မလေးက နားမထောင်ပဲ အလွန်မြင့်သော နေရာတွင် လက်ကို လွှတ်လိုက်၏..။ သူမ လေထဲသို့ လွင့်စင်သွားပြီး လေထဲတွင် ပျော်ရွှင်စွာ အော်ဟစ်ရယ်မောနေ၏..။ မြေပြင်ပေါ်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာရမည့် အစား လေထီးနှင့် ဆင်းလာသလို ဖြည်းညင်းစွာပင် ကျလာ၏..။

"အမေက မလုပ်ရဘူးလို့ ပြောထားတယ် မဟုတ်လား..."

ပီကျူးနီးယားက ဒါန်းကို အရှိန်သတ်ကာ ခုန်ဆင်းလာရင်း...

"အမေက ဒီလို လုပ်ခွင့်မပြုဘူး လီလီ..."

လီလီက ပြုံးရင်းနှင့် ...

"ဒါပေမယ့် ငါ ဘာဖြစ်လို့လဲ အစ်မ... ဒီမှာလာကြည့်စမ်း .. ငါ ဘာလုပ်နိုင်သလဲ ပြမယ်..."

ပီကျူးနီးယားက ပတ်ဝန်းကျင်ကို ကြည့်လိုက်၏..။ ကစားကွင်းတစ်ခုလုံးဝယ် သူတို့ချည်းသာ ရှိနေ၏...။ သို့ရာတွင် စနိပ်ရှိနေသည်ကို နှစ်ယောက်လုံး မသိကြချေ..။ လီလီက စနိပ်ပုန်းနေသော ချုံပုတ်အနီးမှ ကြွေကျနေသော ပန်းတစ်ပွင့်ကို ကောက်လိုက်သည်...။

ပီကျူးနီးယားက သိချင်စိတ်ဖြင့် ရှေ့သို့ တိုးကပ်လာ၏..။ လီလီက ပီကျူးနီးယား အနီးသို့ ရောက်လာသည်အထိ စောင့်နေလိုက်ပြီး သူမ၏ လက်ဖဝါးကို ဖြန့်ပြလိုက်သည်..။ လက်ဖဝါးပေါ်ရှိ ပန်းပွင့်လေး၏ ပွင့်ချပ်များမှာ ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေ၏...။

"ရပ်စမ်း..."

ပီကျူးနီးယားက အော်ဟစ်လိုက်သည်…။

“နင့်ကို ဘာအန္တရာယ်မှ ပေးတာမှ မဟုတ်ပဲ…”

လီလီက ပြောရင်း ပန်းပွင့်ကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်..။ ပီကျူးနီးယားက ပန်းပွင့်ကို ကြည့်ရင်း…

“တစ်ခုခုတော့ မှားနေပြီ… ဒါပေမယ့် နင် ဘယ်လို လုပ်လိုက်တာလဲ…”

သူမအသံထဲတွင် သိချင်စိတ်တို့ ပြည့်နှက်နေ၏..။ စနိုပ်က ဆက်၍ ပုန်းမနေနိုင်တော့ပဲ ချုံပုတ်နောက်မှ ခုန်ထွက်လာရင်း…

“အရမ်းထူးဆန်းတယ်.. ဟုတ်တယ် မဟုတ်လား…”

ပီကျူးနီးယားမှာ အထိတ်တလန့် အော်ဟစ်ရင်း ဒါန်းဘက်သို့ ပြန်လှည့်ပြေး၏…။ လီလီမှာမူ မူလနေရာတွင်ပင် ရပ်တန့်လျှက်ရှိသည်…။ စနိုပ်က သူ အပြင်သို့ ထွက်လာမိသည်ကို နောင်တရနေဟန်ပင်..။ သူက လီလီ့ကို ရှက်သလို ကြည့်ရင်း ငြိမ်သက်နေ၏..။ လီလီက…

“ဘာများ ထူးဆန်းလို့လဲ…”

စနိုပ်မှာ စိတ်လှုပ်ရှားနေဟန် တူ၏..။ ခပ်ဝေးဝေးမှ ပီကျူးနီးယားကို တစ်ချက်ကြည့်ရင်း သူ့အသံကို နှိမ့်လိုက်ကာ…

“နင်ဘာလဲ ဆိုတာ ငါသိတယ်…”

“နင် ဘာကို ဆိုလိုတာလဲ…”

စနိုပ်က လေသံမျှဖြင့် …

“နင်က … နင်က … စုန်းပဲ…”

သူမက စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့်…

“ဒါ တစ်ယောက်ယောက်ကို ပြောစရာ စကားလား…”

သူမက နောက်သို့လှည့်ကာ သူ့အစ်မရှိရာသို့ ဦးတည်လိုက်သည်..။ ယခုအခါတွင် ညီအစ်မနှစ်ယောက်စလုံး ဒါန်းနားတွင် ရပ်နေရင်း သူ့ကို မနှစ်သက်သလို ကြည့်နေကြ၏..။

စနိုပ်က လီလီ့အား...

"နင်က တကယ့်ကို စုန်းပဲ.. ငါ နင့်ကို စောင့်ကြည့်နေတာ ကြာပြီ.. ဒါပေမယ့် ဒါ ပြဿနာ မဟုတ်ပါဘူး... ငါ့အမေလည်း စုန်းပဲ.. ငါလည်း စုန်းပဲ..."

ပီကျူးနီးယားက ရယ်လိုက်ရင်း...

"စုန်း... ဟုတ်လား..."

သူမ သတ္တိပြန်ရှိလာပုံပေါ်သည်...။

"နင့်ကို ငါသိပါတယ်.. နင်က စနိုပ်ပါ.. နင်က မြစ်ကမ်းနားနားမှာ နေတယ် မဟုတ်လား.. ဘာကိစ္စ ငါတို့ကို လာချောင်းရတာလဲ..."

စနိုပ်က မကျေမနပ်ဖြင့်...

"ငါ ချောင်းတာ မဟုတ်ဘူး.. အနည်းဆုံး နင့်ကို မချောင်းဘူး.. နင်က မက်ဂယ်ပဲ..."

ပီကျူးနီးယားမှာ ထိုစကား၏ အဓိပ္ပါယ်ကို နားမလည်သော်လည်း စနိုပ်၏ လေသံကိုမူ ကြိုက်ပုံမရပေ...။

"လီလီ.. လာခဲ့.. ငါတို့ပြန်ကြမယ်..."

လီလီက သူမ၏ အစ်မနောက်သို့ လိုက်သွားရင်း စနိုပ်ဘက်လှည့်ကာ မျက်စောင်းတစ်ချက် ထိုးသွား၏..။ သူက ညီအစ်မနှစ်ယောက်စလုံး ကစားကွင်း တံခါးဝဆီ ထွက်သွားသည်ကို စောင့်ကြည့်နေ၏..။ စနိုပ်က အလွန်ပင် မကျေမနပ် ဖြစ်နေဟန်တူ၏..။ သူက ဤအခြေအနေကို ရအောင် အတော်ပင် ကြိုစည်ခဲ့သော်လည်း တလွဲဖြစ်သွားမှန်း ဟယ်ရီ နားလည်လိုက်သည်..။

မြင်ကွင်းများက ပျောက်ကွယ်သွားပြီး ချက်ချင်းပင် ပြန်၍ ပေါ်လာပြန်သည်..။ ယခုအခါ သစ်ပင်များကြားသို့ သူရောက်နေပြီး နေရောင်ခြည်က သစ်ရွက်များကြားမှ ဖြာကျနေ၏..။ ကလေးနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လျှက်ရှိသည်..။ စနိုပ်က ယခုတော့ သူ၏ ပွယောင်းယောင်း ကုတ်အင်္ကျီကြီးကို ချွတ်ထား၏..။

"ဝန်ကြီးဌာနက ကျောင်းပြင်ပမှာ မော်ပညာသုံးရင် အပြစ်ပေးလိမ့်မယ်..နင် စာရပြီးပြီ မဟုတ်လား..."

"ငါ ကျောင်းပြင်ပမှာ မော်ပညာသုံးနေကျပဲ..."

"ငါတို့အတွက်က ပြဿနာ မရှိသေးဘူး.. ငါတို့မှာ မော်တောင်ဝေ့း မရှိသေးဘူး.. ကလေးဘဝမှာ မထိန်းနိုင်တာကို ခွင့်လွှတ်ထားတယ်.. ဒါပေမယ့် နင့်အသက် ဆယ့်တစ်နှစ်ပြည့်တာနဲ့ သူတို့က နင့်ကို စပြီး လေ့ကျင့်ပေးလိမ့်မယ်... အဲဒီနောက်ပိုင်းတော့ သတိထားရတော့မယ်..."

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် လီလီက သစ်ကိုင်းတစ်ခုကို ကောက်ယူကာ လေထဲတွင် ဝှေ့ယမ်းကြည့်နေ၏..။ မီးပွင့်ကလေးများ ထွက်လာမလားဟု သူမ မျှော်လင့်နေမှန်း ဟယ်ရီ သိလိုက်သည်..။ ထို့နောက် သူမက သစ်ကိုင်းကို လွှတ်ချလိုက်ရင်း...

"ဒါ တကယ်ပဲ မဟုတ်လား.. ငါ့ကို နောက်နေတာ မဟုတ်ဘူး မဟုတ်လား... ပီကျူးနီးယားက နင် ငါ့ကို ညာနေတာတဲ့.. ဟော့ဝဂ်ကျောင်းဆိုတာ မရှိဘူးတဲ့.. ဒါ တကယ်ပဲနော်.. ဟုတ်တယ် မဟုတ်လား..."

စနိပ်က...

"ငါတို့အတွက်ကတော့ တကယ်ပဲ.. သူ့အတွက်တော့ မဟုတ်ဘူးပေါ့... နင်နဲ့ငါ အကြောင်းကြားစာ ရလိမ့်မယ်..."

လီလီက လေသံမျှဖြင့်...

"တကယ်ပဲလား..."

"တကယ်ပေါ့..."

စနိပ်၏ မျက်နှာတွင် ယုံကြည်ချက်တို့ကို အထင်းသား တွေ့ရ၏..။

"တကယ်ပဲ စာကို ဇီးကွက်နဲ့ ပို့မှာပေါ့..."

စနိပ်က...

"ပုံမှန်ကတော့ ဒီနည်းအတိုင်းပဲ .. ဒါပေမယ့် နင်က မက်ဂယ်တွေက မွေးတာ ဆိုတော့ ကျောင်းက တစ်ယောက်ယောက်က လာပြီး နင့်မိဘတွေကို ရှင်းပြလိမ့်မယ် ထင်တယ်..."

"မက်ဂယ်မွေး ဖြစ်ရတာ ဘာတွေ ကွဲပြားခြားနားလို့လဲဟင်..."

စနိုပ်က ရုတ်တရက် တိတ်ဆိတ်သွားပြီးမှ...

"ဘာ.. ဘာမှ မကွဲပြားပါဘူး..."

လီလီက စိတ်သက်သာရာရသွားပုံဖြင့်...

"ကောင်းတာပေါ့..."

သူမ စိတ်ပူနေသည်မှာ သိသာလှသည်..။ စနိုပ်က...

"နင့်ဆီမှာ မှော်ပညာ အစွမ်းတွေ အများကြီး ရှိတယ်.. ငါ မြင်ရတယ်... နင့်ကို ငါ စောင့်ကြည့်နေတိုင်းပဲ..."

သူ့စကားမှာ မဆုံးခင် ရပ်တန့်သွား၏..။ သူမက သူ့စကားကို နားထောင်မနေပဲ နေရာမှာ ထလိုက်ရင်း...

"နင့်အိမ်မှာ အခြေအနေ ဘယ်လိုလဲ..."

စနိုပ်က မျက်မှောင်ကြုတ်လိုက်ရင်း...

"ကောင်းပါတယ်.. အဆင်ပြေပါတယ်..."

"ရန်မဖြစ်ကြတော့ဘူးလား..."

"ရန်တော့ ဖြစ်နေကြတုန်းပဲ..."

စနိုပ်က သစ်ရွက်များကို လက်တစ်ဆုပ်စာမျှ ခူးယူကာ ခြေမွပစ်ရင်း...

"ဒါပေမယ့် သိပ်မကြာခင် ငါ သွားတော့မှာပဲ..."

"နင့်ရဲ့အဖေက မှော်ပညာကို မကြိုက်ဘူးလား..."

"သူက ဘာကိုမှ မကြိုက်တာပါ..."

"ဆီးဗားရပ်စ်..."

စနိုပ်၏မျက်နှာတွင် သူမက နာမည်ခေါ်လိုက်သဖြင့် အပြုံးတစ်ခု ပေါ်လာ၏..။

"ဟင်.. ဘာလဲ..."

"ငါ့ကို ဝိညာဉ်နှုတ်သတ္တဝါတွေ အကြောင်း ထပ်ပြောပြစမ်းပါ..."

"သူတို့ကို ဘာကိစ္စ သိချင်ရတာလဲ..."

"ငါ ကျောင်းအပြင်မှာ မှော်ပညာ သုံးမိရင်..."

"အဲဒီ့အတွက်လောက်နဲ့ နင့်ကို ဝိညာဉ်နှုတ်သတ္တဝါတွေလက် မအပ်ပါဘူးဟာ... သူတို့က တကယ့် လူဆိုးကြီးတွေ အတွက်ပါ.. သူတို့က စုန်းကဝေ အကျဉ်းထောင် အက်ဇကာဘန်က အစောင့်တွေပါ.. နင်က ဘယ်လိုမှ အက်ဇကာဘန်ကို ရောက်မှာ မဟုတ်ပါဘူး... နင်က အရမ်း..."

စနိုပ်၏ မျက်နှာ နီရဲသွားပြီး သစ်ရွက်များကိုသာ ဆက်ကာ ဆက်ကာ ခြေမွနေ၏..။ ဟယ်ရီ့နောက်မှ အသံတစ်သံကြားရ၍ သူ လှည့်ကြည့်လိုက်သည်..။ ပီကျူးနီယားက သစ်ပင်နောက်တွင် ပုန်းကွယ်နေ၏..။

"ကျူးနီး..."

လီလီက အံ့သြသွားဟန်ဖြင့် ခေါ်လိုက်သော်လည်း စနိုပ်က ထိုင်နေရာမှ ခုန်ထရင်း...

"အခု ဘယ်သူက ချောင်းနေသလဲ.. ဘာလိုချင်လို့လဲ..."

ပီကျူးနီးယားမှာ လူမိသွားသဖြင့် လန့်နေပုံရသည်..။ သူမက တစ်ခုခုကို ဆင်ခြေပေးရန် ကြိုးစားနေ၏..။

"နင် ဝတ်ထားတာက ဘာလဲ.. နင့်အမေရဲ့ အကျီလား..."

သူမက စနိုပ်ကို လက်ညှိုးညွှန်ရင်း ပြောလိုက်၏..။ ထိုအခိုက်မှာပင် ဂျွတ်ကနဲ အသံတစ်ချက်နှင့်အတူ ပီကျူးနီးယား၏ ခေါင်းပေါ်မှာ သစ်ကိုင်းမှာ ကျိုးကျလာ၏..။ လီလီက အလန့်တကြား အော်ဟစ်လိုက်သည်..။ သစ်ကိုင်းမှာ ပီကျူးနီးယား၏ ပခုံးပေါ် ကျသွားပြီး သူမက နောက်ဆုတ်ရင်း မျက်ရည်များ စီးကျလာ၏..။

"ကျူနီး..."

လီလီက ခေါ်လိုက်သော်လည်း ပီကျူးနီးယားမှာ ထွက်ပြေးသွားပြီ ဖြစ်သည်...။

"နင် လုပ်လိုက်တာ မဟုတ်လား...."

"မဟုတ်ဘူး..."

စနိုပ်မှာ မလုံမလဲနှင့်ကြောက်လန့် နေပုံရ၏..။ လီလီက နောက်သို့ ဆုတ်သွားရင်း...

"နင်လုပ်တာပါ.. နင် သူ့ကို နာအောင် လုပ်လိုက်တာ..."

"မဟုတ်ဘူး.. ငါ ဘာမှ မလုပ်ဘူး..."

သို့ရာတွင် စနိုပ်၏ လိမ်ညာမှုမှာ လီလီ့အတွက် မလုံလောက်ပေ..။ သူမက နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး သူမ၏ အစ်မနောက်သို့ အပြေးလိုက်သွားတော့သည်..။ စနိုပ်တစ်ယောက် စိတ်ပျက်လက်ပျက်ဖြင့် ကျန်ရစ်ခဲ့သည်..။

ထို့နောက်တွင် မြင်ကွင်းများမှာ ပြောင်းလဲသွားပြန်၏..။ ဟယ်ရီ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်..။ သူရောက်နေသော နေရာမှာ စကြိုအမှတ် ကိုးလေးပိုင်းသုံးပိုင်း ဖြစ်သည်..။

စနိုပ်မှာ သူ့အနောက်တွင် မတ်တတ်ရပ်နေပြီး သူနှင့်အတူ ခပ်ပိန်ပိန်မိန်းမတစ်ယောက်ကို တွေ့ရ၏...။ မိန်းကလေးနှစ်ယောက်ကိုမူ သူတို့မိဘများနှင့် မလှမ်းမကမ်းတွင် တွေ့ရ၏..။ လီလီမှာ သူ့အစ်မကို တောင်းပန်နေဟန် တူသည်...။ ဟယ်ရီ အသံကြားရစေရန် အနီးသို့ တိုးလာခဲ့သည်..။

"ငါ စိတ်မကောင်းပါဘူး ကျူနီး... တကယ်ပါ..."

သူမက အစ်မဖြစ်သူ၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသော်လည်း ပီကျူးနီးယားက ဆွဲဖယ်ရန် ကြိုးစားနေ၏...။

"ငါ အဲဒီ့ကို ရောက်သွားရင် ပရော်ဖက်ဆာ ဒမ်ဘယ်လ်ဒိုးဆီသွားပြီး သူ့ကို စိတ်ပြောင်းလာအောင် ပြောပေးပါ့မယ်..."

ပီကျူးနီးယားက သူ့လက်ကို လွတ်အောင် ရုန်းထွက်လိုက်ရင်း...

"ငါ ... မသွားချင်ဘူး.. ငါ အဲဒီ့လို ရဲတိုက်ကို သွားပြီးတော့.. သင်ချင်တယ်များ ထင်..."

သူမ စကားမဆုံးခင်မှာပင် ရပ်တန့်သွား၍ ပလက်ဖောင်းတစ်ခုလုံးကို ကြည့်လိုက်မ၏..။ ကြောင်များမှာ ပိုင်ရှင်များ၏ လက်ထဲဝယ် တညောင်ညောင် အော်ဟစ်နေ၏..။ အချို့ ကျောင်းသားများလက်ထဲရှိ ငှက်လှောင်အိမ်များအတွင်းမှ ဇီးကွက်များမှာ တောင်ပံတဖျတ်ဖျတ် ခတ်နေကြ၏..။

ကျောင်းသားအချို့မှာ သူတို့၏ အနက်ရောင် ဝတ်ရုံရှည်ကြီးများကို ဝတ်ဆင်ထားကြပြီး အချို့က ပစ္စည်းများကို ကြက်သွေးရောင် ရထားကြီးပေါ်သို့ သယ်တင်လျှက် ရှိကြသည်..။

"ငါ အဲဒီလို အစုတ်အပြတ် မဖြစ်ချင်ဘူး..."

လီလီက စတင်ငိုကြွေးတော့သည်..။

"ငါ့ကို နင် ဒီလို ပြောစရာလား..."

ပီကျူးနီးယားက...

"နင်သွားမယ့်ကျောင်းက အဲဒီ့လိုနေရာပဲ.. နင်ရော စနိပ်ဆိုတဲ့ ကောင်လေးရော အတူတူပဲ.. သုံးမရဘူး... နင်တို့ ငါတို့လို ပုံမှန်လူတွေနဲ့ ဝေးနေတာ ကောင်းတယ်.. ဒါ ငါတို့အတွက် လုံခြုံတာပဲ..."

လီလီ သူ့မိဘများဆီ တစ်ချက်ကြည့်လိုက်၏..။ နှစ်ယောက်စလုံးမှာ ပတ်ဝန်းကျင်ကို ကြည့်ရင်း သဘောတကျ ဖြစ်နေကြပုံပင်..။ သူမက အစ်မဖြစ်သူဘက်သို့ ပြန်လှည့်ကာ လေသံကို နှိမ့်ချရင်း...

"နင် ကျောင်းအုပ်ကြီးဆီ စာရေးပြီး နင့်ကိုလက်ခံဖို့ တောင်းပန်တုန်းကတော့ အစုတ်အပြတ်တွေနေတဲ့ ကျောင်းလို့ မထင်ဘူး မဟုတ်လား..."

ပီကျူးနီးယား၏ မျက်နှာ နီရဲသွားပြီး...

"ငါ တစ်ခါမှ မတောင်းပန်ဖူးပါဘူး..."

"သူ့ရဲ့ ပြန်စာကို ငါ ဖတ်ရပါတယ်.. တကယ့်ကို ကြင်နာတတ်မယ့် ပုံမျိုးပဲ..."

ပီကျူးနီးယားက...

"နင် ဘာလို့ သူများ ကိုယ်ရေးကိုယ်တာကို စပ်စုရတာလဲ..."

လီလီက စနိုပ်ထံသို့ တစ်ချက်ကြည့်လိုက်သည်…။ ပီကျူးနီးယားက အလန့်တကြားဖြင့်…

"ဒီကောင်လေး တွေ့တာလား.. နင်နဲ့ဒီကောင်လေး ငါ့အခန်းထဲကို ခိုးဝင်ကြသလား…"

"မဟုတ်ဘူး.. ခိုးဝင်တာ မဟုတ်ဘူး.. ဆီးဗားရပ်စ်က စာအိတ်ကို မြင်တော့ မက်ဂယ်တစ်ယောက်က ဟော့ဝဂ်နဲ့ ဆက်သွယ်တာကို မယုံနိုင်ဘူး.. ကြည့်ရတာ စာတိုက်မှာ အယောင်ဆောင်ပြီး အလုပ်လုပ်နေတဲ့ စုန်းတစ်ယောက်ယောက်က နင့်စာကို မှားပို့ပေးလိုက်တာလို့ သူက ထင်တယ်…"

ပီကျူးနီးယားက…

"နေရာတကာကို စုန်းတွေက ဝင်ပါနေတော့တာပဲ.. အလကား ဟာတွေ…"

ထို့နောက် သူမက အဖေနှင့်အမေ အနားသို့ ပြန်ကပ်သွား၏..။

ထိုအခိုက်မှာပင် မြင်ကွင်းများက ပြောင်းလဲသွားပြန်၏…။ စနိုပ်မှာ ဟော့ဝဂ်ရထား၏ ကော်ရစ်ဒါတစ်လျှောက် အပြေးအလွှား လျှောက်လျှက်ရှိသည်..။ သူ့ခန္ဓာကိုယ်ပေါ်တွင် ကျောင်းဝတ်စုံကို ဝတ်ဆင်ထားပြီးဖြစ်သည်…။ နောက်ဆုံးတွင် သူရပ်လိုက်၏..။ ထောင့်ဆုံးရှိ ထိုင်ခုံတစ်ခုတွင် လီလီ ထိုင်လျှက်ရှိပြီး ပြတင်းပေါက်မှန်မှတဆင့် အပြင်ကို ကြည့်နေ၏..။

စနိုပ် အခန်းတံခါးကိုဖွင့်ကာ လီလီနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်…။ သူမက တစ်ချက်မျှသာကြည့်ပြီး ပြတင်းပေါက်ဘက်ကိုသာ ပြန်လှည့်ကြည့်နေလိုက်သည်..။ သူမမျက်နှာမှာ ငိုထားပုံပေါ်သည်..။ သူမက..

"ငါ နင်နဲ့ စကားမပြောချင်ဘူး…"

"ဘာလို့လဲ…"

"ကျူနီးက ငါ့ကို မုန်းသွားပြီ.. ငါတို့ ဒမ်ဘယ်လ်ဒိုးဆီက စာကို တွေ့သွားလို့…"

"အဲဒီ့တော့ ဘာဖြစ်လဲ…"

သူမက စနိုပ်အား မကျေမနပ်ကြည့်ရင်း…

"သူက ငါ့အစ်မပဲ…"

"သူက..."

စနိုပ်က သူ့စကားကို ချက်ချင်း ရပ်ပစ်လိုက်၏..။ လီလီမှာ သူမ၏ မျက်ရည်များကို သုတ်နေရ၍ သူ့စကားကို သတိမပြုမိချေ..။

"ငါတို့ အခု ဟောဂ်ဝက်ကို သွားနေရပြီပဲ..."

သူမက ခေါင်းညိတ်ရင်း ခပ်ဖျော့ဖျော့ ပြုံးလိုက်၏..။

"နင် စလေသရင် အဆောင်ရရင် သိပ်ကောင်းမှာပဲ..."

"စလေသရင်.. ဟုတ်လား..."

အခန်းထဲဝယ် ထိုင်နေသော အခြားကောင်လေးတစ်ယောက်က ရုတ်တရက် ဝင်မေးလိုက်သည်..။ ဟယ်ရီ အခုမှပင် အခန်းထဲရှိ ကျန်နှစ်ယောက်ကို အာရုံစိုက်လိုက်မိသည်..။ သူ့ဖခင်ဖြစ်သူကို ဟယ်ရီ တွေ့လိုက်ရသည်..။

"စလေသရင်မှာ ဘယ်သူ နေချင်မှာလဲ.. ငါသာဆို ချက်ချင်း ကျောင်းထွက်ပစ်မှာပဲ.. မင်းရော..."

ဂျိမ်းစ်ပေါ်တာက သူ့ရှေ့မှ ကောင်လေးကို မေးလိုက်၏..။ ထိုသူမှာ ဆီးရီးယပ်စ်မှန်း ဟယ်ရီ ချက်ချင်း မှတ်မိလိုက်၏..။ ဆီးရီးယပ်စ်က မပြုံးပဲ...

"ငါ့ တစ်မိသားစုလုံး စလေသရင်တွေချည်းပဲ..."

ဂျိမ်းစ်က ...

"ကောင်းရော .. ဒါဆို မင်းအတွက် ပြဿနာမဟုတ်ဘူးပေါ့..."

ဆီးရီးယပ်စ်က ပြုံးလိုက်ရင်း...

"ငါကတော့ အစဉ်အလာကို ချိုးဖောက်ဖြစ်မယ် ထင်တာပဲ... ဒါနဲ့ မင်းရော .. ရွေးချယ်ခွင့်ရှိမယ်ဆို ဘယ်သွားမလဲ..."

ဂျိမ်းစ်က လေထဲမှ မမြင်ရသော ဓားကို ဟန်ပါပါ မြှောက်လိုက်ရင်း...

"ဂရစ်ဖင်ဒေါ်ကိုပေါ့.. ရဲရင့်တဲ့ နှလုံးသားရှိတဲ့ သူတွေအတွက် နေရာလေ.. ငါ့အဖေလည်း ဂရစ်ဖင်ဒေါ်ပဲ..."

စနိပ်က မကျေမနပ် အသံတစ်ချက်ပြုလိုက်၏..။ ဂျိမ်းစ်က သူ့ဘက်လှည့်ရင်း...

"ဘာပြဿနာရှိလဲ သူငယ်ချင်း..."

"မရှိပါဘူး..."

ဆီးရီးယပ်စ်က...

"မင်းကရော ဘယ်ရောက်မယ်ထင်လဲ.. မင်းတို့နှစ်ယောက်လုံးကိုတော့ ဘယ်အဆောင်ကမှ ရွေးမယ်မထင်ဘူး..."

ဂျိမ်းစ် အားပါးတရ ရယ်လိုက်သည်..။ လီလီက မျက်နှာနီနီဖြင့် ထရပ်ရင်း ဂျိမ်းစ်နှင့် ဆီးရီးယပ်စ်အား မနှစ်သက်သလို ကြည့်ကာ...

"လာစမ်းပါ ဆီးဗားရပ်စ် .. တခြား အခန်းသွားရအောင်..."

"အူး ............."

ဂျိမ်းစ်နှင့် ဆီးရီးယပ်စ်တို့က ပြိုင်တူလှောင်လိုက်ကြပြီး ဂျိမ်းစ်က စနိပ်အား ခြေထိုးခံရန် ကြိုးစားလိုက်သည်..။

ထို့နောက်တွင် အခန်းတံခါးမှာ ဝုန်းကနဲ ဆောင့်ပိတ်သွားပြီးနောက် ဟယ်ရီ၏ မြင်ကွင်းများ ပြောင်းလဲသွားပြန်၏..။

ယခုတစ်ခါ၌ ဟယ်ရီမှာ စနိပ်နောက်တွင် ရပ်လျှက်ရှိသည်..။ သူတို့ရှေ့တွင် အဆောင်လေးဆောင်မှ စားပွဲများ ရှိနေ၏..။ ထို့နောက်တွင် ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်က...

"အီဗန်..လီလီ..."

သူ့မိခင် စင်မြင့်ပေါ်သို့ တုန်တုန်ရီရီ တက်သွားကာ ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်ကို ဟယ်ရီ ကြည့်နေမိသည်..။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်က အဆောင်ခွဲသည့် ဦးထုပ်ကို သူမ၏ခေါင်းပေါ် ဆောင်းပေးလိုက်သည်နှင့် စက္ကန့်ပိုင်းမျှအကြာတွင် ဦးထုပ်က...

"ဂရစ်ဖင်ဒေါ..."ဟု အော်ဟစ်လိုက်၏..။

စနိုပ် တစ်ချက်မျှ ညည်းတွားလိုက်သည်ကို ဟယ်ရီ ကြားလိုက်ရသည်..။ လီလီက ဦးထုပ်ကို မက်ဂွန်နာဂေါထံ ပြန်ပေးရင်း ဂရစ်ဖင်ဒေါ စားပွဲဆီသို့ အမြန်ဆင်းလာခဲ့သည်..။ သူမက စနိုပ်ကို တစ်ချက်ကြည့်ရင်း စိတ်ပျက်သလို ပုံစံမျိုးဖြင့် ပြုံးပြလိုက်သည်...။

ဆီးရီးယပ်စ်က သူမ ဝင်ထိုင်နိုင်စေရန် နေရာဖယ်ပေးလိုက်သည်ကို ဟယ်ရီ တွေ့လိုက်ရသည်..။ သူမက ဆီးရီးယပ်စ်ကို မှတ်မိဟန်ဖြင့် လုံးဝမကြည့်ပဲ မျက်နှာလွှဲနေ၏..။

ဆက်လက်၍ တစ်ယောက်ပြီးတစ်ယောက် ခေါ်နေသည်ကို ဟယ်ရီ စောင့်ကြည့်နေလိုက်သည်..။ လူပင် ပက်တီဂရူးနှင့် သူ့အဖေတို့မှာ လီလီနှင့် ဆီးရီးယပ်စ်တို့နားဝယ် သွားထိုင်ကြ၏..။ နောက်ဆုံး ကျောင်းသား တစ်ဒါဇင်ခန့် ကျန်သောအချိန်မှ မက်ဂွန်နာဂေါက စနိုပ်အား ခေါ်လိုက်သည်..။

ဟယ်ရီ သူနှင့်အတူ ထိုင်ခုံအနီးထိ လိုက်သွားလိုက်သည်..။ ဦးထုပ်က သူ့ခေါင်းပေါ်ရောက်သည်နှင့် "စလေသရင်"ဟု အော်ဟစ်လိုက်သည်..။

စနိုပ်က ခန်းမကြီး၏ အခြားတစ်ဖက်ရှိ စလေသရင်စားပွဲရှိရာသို့ သွား၏..။ ကျောင်းသားခေါင်းဆောင်တံဆိပ်နှင့် လူးစီးယပ်စ် မယ်လ်ဖွိုင်းက စနိုပ်ပခုံးကို ပုတ်ကာ သူ့အနီးတွင် ထိုင်ခိုင်းလိုက်၏..။

ထို့နောက်တွင် မြင်ကွင်းများမှာ ပြောင်းလဲသွားပြန်၏..။

လီလီနှင့် စနိုပ်တို့မှာ ရဲတိုက်အပြင်တွင် ငြင်းခုံရင်း လမ်းလျှောက်နေကြ၏..။ ဟယ်ရီ အမြန်ဆုံး သူတို့အနားသို့ ချဉ်းကပ်လာခဲ့သည်..။ သူ အနီးသို့ ရောက်ချိန်ဝယ် သူတို့အရပ်များ မြင့်လာကြကြောင်း သတိပြုမိလိုက်သည်..။ အဆောင်ခွဲပြီးနောက် နှစ်အနည်းငယ် ကြာခဲ့ပြီ ဖြစ်ပုံရသည်..။ စနိုပ်က ..

"ငါတို့က သူငယ်ချင်းကောင်းတွေ မဟုတ်ဘူးလား..."

"ဟုတ်ပါတယ်.. ဒါပေမယ့် နင်နဲ့ အတူတူ ရှိနေတဲ့သူတွေကို ငါ မကြိုက်ဘူး... အဆိုးဆုံးက အက်ဗရီနဲ့ မာလ်ဆစ်ဘာပဲ.. အရမ်းဆိုးဝါးလွန်းတယ်.. သူတို့ မယ်ရီ မက်ဒေါနယ်လ်ကို ကျန်ခဲ့တဲ့ရက်က ဘာလုပ်ဖို့ ကြိုးစားသလဲ နင်သိရဲလား ဆက်ဗ်..."

လီလီက စနိုပ်ကို ကြည့်လိုက်၏..။ စနိုပ်က...

"ဘာမှ မဟုတ်ပါဘူးဟာ.. သက်သက်မဲ့ နောက်တာပါ.. ရယ်စရာ လုပ်တာပါ..."

“ဒါ မိစ္ဆာမှော်ပညာပဲ .. ဒါကို နင်က ရယ်နိုင်သလား...”

“ပေါ်တာနဲ့ သူ့အဖော်တွေ လုပ်တဲ့ဟာတွေကရော .. ဘာထူးသလဲ...”

စနိုပ်မျက်နှာမှာ နီရဲစပြုလာ၏..။ လီလီက...

“ပေါ်တာက ဘာတွေလုပ်နေလို့လဲ...”

“သူတို့ ညဆို အပြင်ကို ခိုးခိုးထွက်တယ်.. လူပင်ဆိုတဲ့ကောင်က တစ်ခုခု ထူးဆန်းနေတယ်.. သူ ဘယ်ကို သွားသွားနေလဲ မသိဘူး...”

လီလီက...

“သူ နေမကောင်း ဖြစ်နေတယ်လို့ သူတို့ ပြောတယ်...”

စနိုပ်က...

“လတိုင်း.. လပြည့်ညတိုင်းပဲလား...”

လီလီက အေးစက်စက်လေသံဖြင့်...

“နင်ဘာကို ဆိုလိုချင်သလဲ ငါသိတယ် ဆက်ဗ်.. နင် ဘာဖြစ်လို့ သူတို့ကို စိတ်ဝင်စားနေရတာလဲ.. ဘာဖြစ်လို့ ညဘက် သူတို့လုပ်သမျှကို စိတ်ဝင်စားနေရတာလဲ...”

“သူတို့က တခြားလူတွေ ထင်သလို အံ့ဩစရာကောင်းလောက်အောင် တော်တဲ့အဖွဲ့ မဟုတ်ဘူးလို့ သက်သေပြမလို့....”

လီလီက အသံကို နှိမ့်ချလိုက်ပြီး...

“သူတို့က မိစ္ဆာမှော်ပညာ သုံးနေတာ မဟုတ်ဘူး.. ပြီးတော့ နင်က အရမ်း ကျေးဇူးမသိတတ်တဲ့သူပဲ.. ကျန်ခဲ့တဲ့ညက ဘာဖြစ်သလဲဆိုတာ ငါ ကြားပြီးပြီ.. နင် မိုးမခပင်အောက်က လိုဏ်ခေါင်းထဲကို ခိုးဝင်ခဲ့တယ်.. အဲဒီမှာ ဂျိမ်းစ်ပေါ်တာက နင့်ကို အန္တရာယ်ထဲကနေ ကယ်လိုက်ရတယ်...”

စနိုပ်၏မျက်နှာမှာ ရှုံ့မဲ့သွားပြီး...

"ကယ်တယ်.. ဟုတ်လား.. သူက ငါ့ကို ကယ်တာ မဟုတ်ဘူး... သူ့ကိုယ်သူရယ်.. သူ့သူငယ်ချင်းတွေရယ်ကိုပဲ ကယ်တာ.. နင် သူတို့နဲ့ မပေါင်းရဘူး.. ငါ.. ခွင့်မပြုနိုင်ဘူး..."

"ခွင့်မပြုနိုင်ဘူး.. ဟုတ်လား..."

လီလီ၏ စူးရှရှ အကြည့်နှင့် အသံကြောင့် စနိုပ် နောက်ဆုတ်လိုက်ရင်း...

"ငါ ဒီလိုဆိုလိုတာ မဟုတ်ပါဘူး... ဂျိမ်းစ်ပေါ်တာက နင့်ကို သက်သက်မဲ့ အရူးလုပ်နေတာ ငါကြည့်မနေနိုင်ဘူး.... သူက .. အားလုံးထင်သလို ကွစ်ဒစ်ချ် သူရဲကောင်းကြီး မဟုတ်ဘူး..."

စနိုပ်လေသံတွင် ခါးသီးနာကျင်မှုများဖြင့် ပြည့်နှက်နေ၏..။ လီလီက မျက်ခုံးများကို ပင့်တင်လိုက်ရင်း အံ့ဩနေဟန်ဖြင့်...

"ငါ ဂျိမ်းစ်ပေါ်တာအကြောင်းကို သိတယ်.. သူ သောင်းကျန်းတယ် ဆိုတာ ငါသိတယ်.. နင်ပြောပြဖို့ မလိုဘူး.. ဒါပေမယ့် နင့်အပေါင်းအသင်း အက်ဗရီနဲ့ မာလ်ဆစ်ဘာတို့ကမှ တကယ့် မိစ္ဆာကောင်တွေပဲ ဆက်ဗ်.. နင် သူတို့နဲ့ ဘယ်လိုလုပ် သူငယ်ချင်းဖြစ်နေလဲ ငါ နားမလည်နိုင်ဘူး..."

ထို့နောက်တွင် သူတို့နှစ်ယောက် အဝေးသို့ လျှောက်ထွက်သွားရင်း မြင်ကွင်းများမှာ ပြောင်းလဲသွားပြန်၏..။

စနိုပ်တစ်ယောက် သူ၏ မိစ္ဆာမှော်ပညာနှမ်နင်းရေး ဘာသာရပ် စာမေးပွဲဖြေပြီး ထွက်လာသည်ကို ဟယ်ရီ မြင်လိုက်ရသည်..။ သစ်ပင်အောက်ဝယ် ဂျိမ်းစ် ဆီးရီးယပ်စ် လူပင်နှင့် ပက်တီဂရူးတို့ ထိုင်နေကြ၏..။

သို့ရာတွင် ဒီတစ်ကြိမ်တော့ ဟယ်ရီ ခပ်ဝေးဝေးတွင် နေလိုက်၏..။ ဂျိမ်းစ်က စနိုပ်ကို လေထဲတွင် ဇောက်ထိုးချိတ်ထားကာ ရန်စကားပြောပေလိမ့်မည်..။ ထိုစကားများကို သူ ထပ်၍ မကြားလိုတော့ပေ..။ လီလီက စနိုပ်ဘက်မှ ကာကွယ်ရန် အနီးသို့ ချဉ်းကပ်သွားသည်ကို သူမြင်လိုက်ရသည်..။ စနိုပ်က အရှက်တကွဲဖြစ်ကာ ဒေါသတကြီး အော်ဟစ်လိုက်၏..။

"မျိုးမစစ်မ"

ထိုအချိန်မှာပင် မြင်ကွင်းများက ပြောင်းလဲသွားပြန်၏..။

"ငါ တောင်းပန်ပါတယ်..."

"ငါ စိတ်မဝင်စားဘူး..."

"ငါ တောင်းပန်ပါတယ်…"

"ပါးစပ်ပိတ်ထား…"

အချိန်မှာ ညအချိန်ဖြစ်၏..။ လီလီက ညဝတ်ဂါဝန်ကို ဝတ်ထားပြီး လက်ပိုက်ကာ မိန်းမဝဝကြီး ပန်းချီကားချပ်ရှေ့တွင် ရပ်နေ၏..။ ဂရစ်ဖင်ဒေါ ဖျော်စင်အဝတွင် ဖြစ်သည်..။

"နင်က ဒီမှာပဲ အိပ်တော့မယ်လို့ ခြိမ်းခြောက်နေလို့ ငါထွက်လာတာ…"

"ငါ နင့်ကို ဒီလိုခေါ်လိုက်ဖို့ လုံးဝ မရည်ရွယ်ပါဘူးဟာ… ငါ…"

"ရုတ်တရက် လွှတ်ကနဲ ထွက်သွားတယ် ဆိုပါတော့…"

လီလီ့စကားတွင် သနားဟန် တစ်စက်မှ မပါချေ..။

"သိပ်နောက်ကျသွားပြီ.. နင့်ကို ငါ နှစ်နဲ့ချီပြီး ကာကွယ်ပေးခဲ့တယ်… ငါ့သူငယ်ချင်းတော်တော်များများက နင့်ကို ငါဘာလို့ စကားပြောသလဲဆိုတာတောင် နားမလည်နိုင်ကြဘူး.. နင်နဲ့ နင့်ရဲ့ ဒက်အိတာ သူငယ်ချင်းတွေလေ.. နင် တစ်ခါမှ နောင်တမရဘူး မဟုတ်လား.. နင် ဘာဖြစ်လာမလဲရော သိရဲ့လား.. နင် မိစ္ဆာကောင်ကြီးနဲ့ ပူးပေါင်းချင်လှပြီ မဟုတ်လား…"

စနိပ်က တစ်ခုခုပြောရန် ပြင်လိုက်သော်လည်း ပါးစပ်ကို ပြန်ပိတ်ထားလိုက်သည်…။

"ငါ လုံးဝ သည်းမခံနိုင်တော့ဘူး.. နင်လည်း နင့်လမ်းနင်လျှောက် ငါလည်း ငါ့လမ်းငါလျှောက်တော့မယ်…"

"နေပါဦး.. ငါ ဒီလိုဆိုလိုတာ မဟုတ်ပါဘူး…"

"ငါ့ကို မျိုးမစစ်မလို့ ခေါ်တာလား.. နင် ငါ့လိုမွေးလာတဲ့ တခြားသူတွေအားလုံးကိုလည်း ဒီလိုခေါ်နေတာပဲ ဆီးဗားရပ်စ် .. ငါရော ဘာထူးမှာလဲ…"

သူ နောက်ထပ် စကားပြောရန် ကြံနေစဉ်မှာပင် လီလီက ပန်းချီကားနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်…။

ကော်ရစ်ဒါ ပျောက်ကွယ်သွားပြီးနောက် ပြန်၍မြင်ရရန် အချိန်အနည်းငယ်ကြာကြာ စောင့်လိုက်ရသည်..။ ဟယ်ရီ ရွေ့လျားနေသော အရာများ အကြားတွင် ပျံသန်းနေသလို ခံစားလိုက်ရပြီး နောက်ဆုံးတွင် တောင်ကုန်းတစ်ခုထိပ်သို့ ရောက်လာခဲ့သည်..။

အမှောင်ထုက ဖုံးလွှမ်းထားပြီး အအေးဓာတ်က ပြင်းထန်လှသည်..။ လေတိုက်ခတ်သံများမှာ တရှဲရှဲမြည်နေပြီး အရွက်ကင်းမဲ့နေသော သစ်ပင်အချို့ကို တွေ့ရ၏..။

အရွယ်ရောက်နေပြီဖြစ်သော စနိပ်မှာ အမောတကောနှင့် မှော်တောင်ဝှေးကို ချိန်ရွယ်ထားရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေ၏..။ သူ၏ ကြောက်ရွံ့မှုမှာ ဟယ်ရီ့ဆီသို့ပင် ကူးစက်လာ၏..။ သို့ရာတွင် ဟယ်ရီ ဤနေရာ၌ မည်သို့မျှ အန္တရာယ် မရှိနိုင်ပေ..။ ထို့နောက် စနိပ်စောင့်မျှော်နေသည့် သူကို ရှာဖွေ ကြည့်လိုက်သည်..။

ထိုအခိုက်မှာပင် မျက်စိကျိန်းလောက်အောင် တောက်ပသော အဖြူရောင် အလင်းတန်းတစ်ခုက လေထဲတွင် ဖြတ်သန်းသွား၏..။ မိုးကြိုးပစ်သလားဟုပင် ဟယ်ရီ ထင်လိုက်မိသည်..။ စနိပ်က ဒူးထောက်လိုက်ကာ မှော်တောင်ဝှေးကို လွှတ်ချလိုက်ရင်း...

"ကျွန်တော့်ကို မသတ်ပါနဲ့..."

"ဒါ ငါ့ရဲ့ ရည်ရွယ်ချက် မဟုတ်ပါဘူး..."

ဒမ်ဘယ်လ်ဒိုး၏ အသံမှာ လေသံနှင့်အတူ အဝေးသို့ လွင့်မျောသွားသလိုပင်..။ သူက စနိပ်ရှေ့တွင် ရပ်နေ၏..။ သူ့ဝတ်ရုံများကို လေတိုးသဖြင့် တဖျတ်ဖျတ် ခါနေကြသည်..။ သူ့မျက်နှာအား မှော်တောင်ဝှေးထိပ်မှ အလင်းရောင်က ရောင်ပြန်ဟပ်လျှက်ရှိသည်..။

"ကောင်းပြီ ဆီးဗားရပ်စ်.. ဗိုဒီမော့က ဘာများ အမှာစကား ပို့လိုက်သလဲ..."

"ဘာမှ သတင်းမပို့ပါဘူး.. ကျွန်တော့်ဘာသာ လာတာပါ..."

စနိပ်ပုံစံကို ကြည့်ရသည်မှာ ရူးသွပ်လုလု လူတစ်ယောက်လိုပင်...။

"ကျွန်.. ကျွန်တော်... သ.. သတိပေးဖို့.. မဟုတ်ဘူး.. မဟုတ်ဘူး.. တောင်းပန်စရာရှိလို့ပါ.. ကျေးဇူးပြုပြီး..."

ဒမ်ဘယ်လ်ဒိုးက သူ့မှော်တောင်ဝှေးထိပ်မှ အလင်းရောင်ကို ငြိမ်းလိုက်၏..။ လေသံများမှအပ သူတို့နှစ်ယောက်အကြားတွင် တိတ်ဆိတ်သွားခဲ့သည်...။

"ဒက်အိတာတစ်ယောက်က ငါ့ဆီက ဘာများ တောင်းဆိုစရာရှိလို့လဲ..."

"ဟောကိန်း.. ဟောကိန်း.. ထရီလော်နီရဲ့..."

"ဩော်.. ဒါလား.. မင်းတို့သခင်ကြီး ဗိုဒီမော့ကို ဘယ်လောက်များ ပြောပြလိုက်သလဲ..."

စနိပ်က...

"ကျွန်တော် .. ကြား.. ကြားသမျှ အကုန်လုံးပဲ.. အဲ.. အဲဒါကြောင့် မို့လို့ သူက လီလီအီဗန်လို့ ထင်သွားတယ်..."

ဒမ်ဘယ်လ်ဒိုးက...

"ဟောကိန်းက မိန်းမတစ်ယောက်ကို မညွှန်းထားဘူး.. ဇူလိုင်လမှာ မွေးလာမယ့် ကောင်လေးတစ်ယောက်ကိုပဲ ရည်ရွယ်တယ်..."

"ကျွန်တော် ဘာပြောချင်တာလဲ ခင်ဗျား သိပါတယ်.. အဲဒါ သူ့သားပဲလို့ သူထင်သွားတယ်.. သူက လီလီ့နောက်ကို လိုက်တော့မယ်.. အားလုံးကို သတ်ပစ်တော့မယ်..."

ဒမ်ဘယ်လ်ဒိုးက...

"လီလီက တကယ်ပဲ မင်းအတွက် အရေးပါရင် ဗိုဒီမော့က ချမ်းသာခွင့် ပေးမှာပေါ့.. မင်း ကလေးကိုပဲသတ်ပြီး အမေကို ချမ်းသာခွင့်ပေးဖို့ မပြောဘူးလား..."

"ကျွန်တော် တောင်းဆိုပြီးပြီ..."

"မင်းက အင်မတန် ရွံစရာကောင်းတာပဲ..."

ဒမ်ဘယ်လ်ဒိုး၏ ထိုကဲ့သို့သော စကားသံမျိုးကို ဟယ်ရီ့တစ်သက် မကြားဖူးခဲ့ချေ...။ စနိပ် တစ်ချက်မျှ တုန်ခါသွား၏..။

"မင်း သူ့ကလေးနဲ့ သူ့ယောကျ်ား သေမသေကို ဂရုမစိုက်ဘူး မဟုတ်လား.. မင်းလိုချင်တာရရင် သေချင်သေပစေပေါ့.. ဟုတ်လား..."

စနိပ်မှာ ဒမ်ဘယ်လ်ဒိုးကိုကြည့်ရင်း ဘာစကားမှ မပြောတော့ပေ..။ အတန်ကြာမှ သူက...

"ဒီလိုဆိုရင် သူတို့အားလုံးကို ပုန်းခိုင်းထားပေတော့.. ကျေးဇူးပြုပြီး လီလီ့ကို စောင့်ရှောက်ပေးပါ..."

"အဲဒီ့လိုလုပ်ပေးရင် မင်းက ငါ့ကို ဘာပြန်ပေးမလဲ ဆီးဗားရပ်စ်..."

စနိုပ်မှာ ခေတ္တ တိတ်ဆိတ်သွား၏..။ သူ ငြင်းဆန်လိမ့်မည်ဟု ဟယ်ရီ ထင်မိသော်လည်း...

"အားလုံး ရစေရမယ်.. ဘာပဲဖြစ်ဖြစ်ပေါ့..."

တောင်ကုန်းထိပ်ရှိ မြင်ကွင်းများ မှေးမှိန်ပျောက်ကွယ်သွားပြီးနောက် ဟယ်ရီ ဒမ်ဘယ်လ်ဒိုး၏ ရုံးခန်းထဲ ရောက်လာပြန်၏..။ တစ်စုံတစ်ယောက်မှာ ဒဏ်ရာရထားသော တိရစ္ဆာန်တစ်ကောင်နှယ် အော်ဟစ်နေ၏..။

ဒမ်ဘယ်လ်ဒိုးက စနိုပ်ကိုကြည့်ရင်း ပြုံးနေ၏..။ ခေတ္တအကြာတွင် စနိုပ်က ခေါင်းမော့လိုက်သည်..။ တောင်ကုန်းထိပ်က စနိုပ်ထက် နှစ်ပေါင်းများစွာ အိုစာကျသွားသည့်ပုံမျိုး ဖြစ်နေ၏..။

"ခင်ဗျား.. သူ့ကို.. အန္တရာယ်ကင်းအောင် ထားမယ်လို့ ထင်ခဲ့တာ..."

ဒမ်ဘယ်လ်ဒိုးက...

"သူနဲ့ ဂျိမ်းစ်တို့က သူတို့ရဲ့ ကံကြမ္မာကို မှားယွင်းပြီး လူတစ်ယောက် လက်ကို အပ်နှံမိကြတယ်.. မင်းလိုပဲပေါ့ ဆီးဗားရပ်စ် .. မင်းလည်း ဗိုဒီမော့က သူ့ကို ချမ်းသာပေးမယ်လို့ မျှော်လင့်ခဲ့တယ် မဟုတ်လား..."

စနိုပ်၏ အသက်ရှူသံမှာ တိုးတိမ်လာ၏..။ ဒမ်ဘယ်လ်ဒိုးက...

"သူ့ရဲ့ ကလေး အသက်ရှင် ကျန်ခဲ့တယ်..."

စနိုပ် ခေါင်းကို ခါယမ်းလိုက်၏..။

"လီလီရဲ့သား အသက်ရှင်နေတယ်.. လီလီ့ရဲ့ မျက်လုံးတွေအတိုင်းပဲ .. မင်း လီလီ့ရဲ့ မျက်လုံးတွေကို သတိရဦးမယ်လို့ ငါထင်တယ်..."

"မသိတော့ဘူး .. သူသေပြီ..."

စနိုပ်က အော်ဟစ်လိုက်၏..။

"ဒါ နောင်တရတာလား ဆီးဗားရပ်စ်..."

"ကျုပ် .. ကျုပ်သေသွားရင် ကောင်းမယ်..."

ဒမ်ဘယ်လ်ဒိုးက လေသံအေးအေးနှင့်ပင်...

"အဲဒီလိုဆိုရင် ဘယ်သူ့ကို အကျိုးပြုနိုင်သလဲ.. မင်း လီလီ့ကိုချစ်ရင်.. တကယ်ချစ်တယ်ဆိုရင်.. မင်းရဲ့ အနာဂတ်က ရှင်းနေတာပဲ ဆီးဗားရပ်စ်..."

စနိပ်မှာ အလွန်နာကျင်ခံစားနေရပုံ ပေါ်နေ၏..။

"ဘာ .. ဘာကိုဆိုလိုတာလဲ..."

"သူ ဘာလို့ သေရသလဲ.. ဘယ်လိုသေရသလဲ.. မင်းသိပါတယ်.. အဲဒါကို အလကား မဖြစ်စေနဲ့ပေါ့.. လီလီ့ရဲ့သားကို စောင့်ရှောက်ဖို့ ငါ့ကို ကူညီပါ..."

"သူ့ကို ကာကွယ်ပေးဖို့ မလိုတော့ဘူး.. မှောင်မိစ္ဆာသခင်ကြီး မရှိတော့ဘူး.."

"မိစ္ဆာကောင်ကြီး ပြန်လာလိမ့်မယ်.. အဲဒီ့အချိန်မှာ ဟယ်ရီပေါ်တာဟာ အန္တရာယ်ကြီးတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်..."

အချိန်အတန်ကြာသောအခါမှ စနိပ်မှာ သူ့ကိုယ်သူ ပုံမှန်နီးပါး ဖြစ်စေရန် ထိန်းသိမ်းလိုက်နိုင်သည်..။ နောက်ဆုံးတွင်မှ သူက...

"ကောင်းပြီ.. ကောင်းပြီ.. ဒါပေမယ့် ဘယ်သူ့ကိုမှ မပြောပြရဘူး ဒမ်ဘယ်လ်ဒိုး.. ဒါ ကျုပ်တို့နှစ်ယောက်ရဲ့ ကိစ္စပဲ.. ကျိန်စမ်းပါ... ဘယ်သူ့ကိုမှ မပြောပါဘူးလို့ .. အထူးသဖြင့် ပေါ်တာ့ရဲ့ သားကိုပေါ့.. ကျွန်တော် ကတိလိုချင်တယ်..."

ဒမ်ဘယ်လ်ဒိုးက စနိပ်၏ မျက်နှာကို ငုံ့ကြည့်ရင်း...

"မင်းရဲ့ တောင်းတဲ့အချက်ကို ငါက မပြောပြရဘူးပေါ့.. ငါ ကတိပေးပါတယ် ဆီးဗားရပ်စ်..."

ရုံးခန်းမှာ ချက်ချင်းပျောက်ကွယ်သွားကာ ချက်ချင်းပင် ပြန်၍ ပေါ်လာသည်..။ ယခုအခါတွင် စနိပ်မှာ ဒမ်ဘယ်လ်ဒိုး၏ ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျှောက်ရှိသည်..။

"ခပ်ညံ့ညံ့ပဲ.. သူ့အဖေလိုလည်း နိုင်ထက်စီးနင်း လုပ်တတ်တယ်.. စည်းကမ်းတွေကိုလည်း လုံးဝ ဂရုမစိုက်ဘူး.. သူ့ကိုယ်သူ နာမည်ကြီးတာကို ကျေနပ်နေပုံပဲ..."

ဒမ်ဘယ်လ်ဒိုးက သူ့လက်ထဲရှိ 'ယနေ့ခေတ် ရုပ်သွင်ပြောင်းအတတ်ပညာ' စာအုပ်မှ မျက်လုံးမခွာပဲ...

"မင်း မျှော်လင့်ထားသလိုပဲ မဟုတ်လား ဆီးဗားရပ်စ်.. တခြား ဆရာတွေကတော့ ကောင်လေးကတော်တယ်.. ခင်မင်ဖို့ကောင်းတယ်.. ဉာဏ်ကောင်းတယ်လို့ သတင်းပို့ကြတယ်..."

ဒမ်ဘယ်လ်ဒိုးက စာမျက်နှာတစ်ခုကို ထပ်လှန်ကာ အပေါ်ကို မော့မကြည့်ပဲ...

"ကွီရယ်လ်ကို ကြည့်ထားတယ် မဟုတ်လား..."

ရုတ်တရက် မြင်ကွင်းများ ပျောက်ကွယ်သွားပြီးနောက် အမှောင်ထုက ကြီးစိုးလာပြီး စနိပ်နှင့် ဒမ်ဘယ်လ်ဒိုးမှာ ခန်းမကြီး၏ အဝင်ဝတွင် ရပ်လျှက် ရှိကြသည်..။ ဒမ်ဘယ်လ်ဒိုးက...

"ဆိုစမ်းပါဦး..."

"ကာကာရော့ဖ်ရဲ့ မိစ္ဆာအမှတ်အသားလည်း ပိုပြီး မည်းနက်လာတယ်.. သူကြောက်နေတယ်.. မိစ္ဆာသခင်ကြီး မရှိတော့တဲ့အချိန်မှာ ဝန်ကြီးဌာနကို သူ အရမ်း ကူညီခဲ့တယ်လေ.. မိစ္ဆာအမှတ်အသားက ပူလောင်လာပြီဆိုရင် ကာကာရော့ဖ် ပြေးဖို့ ကြံနေတယ်..."

ဒမ်ဘယ်လ်ဒိုးက...

"သူက ဒီလိုလား .. မင်းရော.. သူနဲ့ ပူးပေါင်းဖို့ ဆန္ဒရှိသလား..."

"ဟုတ်ပါတယ်.. မင်းက အီဂေါကာကာရော့ဖ်ထက် အများကြီး ပိုရဲရင့်တဲ့သူပါ..."

ဒမ်ဘယ်လ်ဒိုးက အဝေးသို့ လျှောက်ထွက်သွား၏...။

နောက်တစ်ခါတွင်လည်း ကျောင်းအုပ်ကြီးရုံးခန်းအတွင်း၌ပင် ဟယ်ရီ ရပ်လျှက်ရှိပြန်သည်..။ အချိန်မှာ ညအချိန်ဖြစ်ပြီး ဒမ်ဘယ်လ်ဒိုးမှာ သူ့ ကုလားထိုင်ပေါ်တွင် လဲလျောင်းရင်း သတိရတစ်ချက် မရတစ်ချက် ဖြစ်နေ၏..။ သူ၏ ညာလက်မှာ ဘေးတွင် တွဲလောင်းကျနေပြီး လောင်ကျွမ်းထားသဖြင့် မည်းချိတ်နေ၏..။

စနိပ်က ဂါထာများကို ရွတ်ရင်း သူ၏ မှော်တောင်ဝှေးဖြင့် ဒမ်ဘယ်လ်ဒိုး၏ လက်ကောက်ဝတ်ကို ချိန်ရွယ်ထား၏..။ အခြား လက်တစ်ဘက်ဖြင့် ရွှေရောင် ဆေးရည်ပျစ်ပျစ်များ ခွက်အပြည့်ကို

ဒမ်ဘယ်လ်ဒိုးအား တိုက်ကျွေးလိုက်၏..။ သိပ်မကြာခင်မှာပင် ဒမ်ဘယ်လ်ဒိုး၏ မျက်လုံးများ ပွင့်လာ၏..။ စနိပ်က ချက်ချင်းပင်...

"ဘာဖြစ်တာလဲ.. ဘာဖြစ်လို့ ဒီလက်စွပ်ကို ဝတ်ရတာလဲ.. ကျိန်စာ တိုက်ထားမယ်ဆိုတာ သိသင့်တာပေါ့.. ဘာဖြစ်လို့ သွားထိရတာလဲ..."

ဒမ်ဘယ်လ်ဒိုး၏ ရှေ့စားပွဲပေါ်တွင် မာဗိုလိုဂေါင့်၏ လက်စွပ် ရှိနေ၏..။ ဒမ်ဘယ်လ်ဒိုးက ပြုံးလိုက်ရင်း...

"ငါ နည်းနည်း ရူးသွားတယ်.. စိတ်မရှည်ဘူး ဖြစ်သွားတယ်..."

"ဘာကို စိတ်မရှည်တာလဲ..."

ဒမ်ဘယ်လ်ဒိုး အဖြေမပေးချေ..။ စနိပ်က စိတ်ဆိုးနေဟန်ဖြင့်...

"ဒီကို ပြန်လာနိုင်တာကိုက အရမ်းကံကောင်းနေပြီ.. ဒီလက်စွပ်မှာ အရမ်း အစွမ်းထက်တဲ့ ကျိန်စာပါတယ်.. ဒါကို ထိန်းထားဖို့ပဲ မျှော်လင့်နိုင်တယ်... ကျွန်တော် လက်တစ်ဘက်ထဲမှာပဲ ဒီကျိန်စာကို ထိန်းထားလိုက်နိုင်တယ်..."

ဒမ်ဘယ်လ်ဒိုးမှာ သူ၏ မည်းချိတ်ကာ အသုံးမကျတော့သော လက်တစ်ဘက်ကို မြှောက်ကာ ရှေးဟောင်း ပစ္စည်းတစ်ခုကို ကြည့်သလို စိတ်ဝင်စားစွာကြည့်နေ၏..။

"မင်း တကယ်တော်တာပဲ ဆီးဗားရပ်စ်.. ငါ့မှာ အချိန် ဘယ်လောက် ကျန်သေးလဲ..."

ဒမ်ဘယ်လ်ဒိုး၏ စကားသံမှာ ခပ်အေးအေးပင်..။ မိုးလေဝသ ခန့်မှန်းချက်ကို မေးနေသည့် ပုံမျိုးပင်..။ စနိပ်က ခေတ္တမျှ တုံ့ဆိုင်းသွားပြီးမှ...

"ကျွန်တော်လည်း မပြောတတ်ဘူး.. တစ်နှစ်လောက်တော့ အချိန်ရမလားပဲ.. ဒီလိုကျိန်စာမျိုးကို အမြဲတားထားဖို့ မဖြစ်နိုင်ဘူး.. တဖြည်းဖြည်း ပျံ့နှံ့လာမှာပဲ.. ဒါ အချိန်နဲ့အမျှ အင်အားကြီးကြီးလာမယ့် ကျိန်စာမျိုးပဲ..."

ဒမ်ဘယ်လ်ဒိုးက ပြုံးလိုက်သည်..။ တစ်နှစ်ခန့်သာ အသက်ရှင်ရတော့မည်ဆိုသော သတင်းမှာ သူ့အတွက် အနည်းငယ်မျှ စိတ်ပူစရာ မရှိသလိုပင်..။

"ငါ့အတွက် မင်းရှိနေတာ တကယ့်ကို ကံကောင်းတာပဲ ဆီးဗားရပ်စ်..."

စနိုပ်က စိတ်ပျက်လက်ပျက်ဖြင့်…

"ကျွန်တော့်ကိုသာ နည်းနည်း စောစော ခေါ်လိုက်မယ်ဆိုရင် ကျွန်တော် ဒီ့ထက် ပိုလုပ်ပေးနိုင်မှာပဲ.. အချိန်ပိုရသွားနိုင်တယ်…"

သူက ကွဲကြေနေသော လက်စွပ်နှင့် ဓားကို ကြည့်ရင်း…

"လက်စွပ်ကို ဖျက်ပစ်ရုံနဲ့ ကျိန်စာ ပျယ်သွားမယ် ထင်လို့လား…"

ဒမ်ဘယ်လ်ဒိုးက…

"အဲဒီ့လို ဖြစ်မယ်ထင်တယ်.. ကယောင်ကတန်းတွေ လုပ်မိတယ်နဲ့ တူပါရဲ့…"

ဒမ်ဘယ်လ်ဒိုးက အားယူကာ ထိုင်ခုံပေါ်တွင် တည့်တည့်မတ်မတ် ထိုင်လိုက်ရင်း…

"ကဲ ဘယ်လိုပဲဖြစ်ဖြစ် ပိုပြီး အဆင်ပြေသွားတာပေါ့…"

စနိုပ်မှာ ပို၍ စိတ်ရှုပ်ထွေးသွားပုံရ၏..။ ဒမ်ဘယ်လ်ဒိုးက ပြုံးရင်း…

"ငါပြောချင်တာက ဗိုဒီမော့က ငါ့အနားမှာ ပုန်ကန်ဖို့ ကြံနေတယ်.. သူက မယ်လ်ဖွိုင်းကို ငါ့ကို သတ်ခိုင်းဖို့ ကြံနေတယ်…"

စနိုပ်က ဒမ်ဘယ်လ်ဒိုးစားပွဲရှေ့ရှိ ထိုင်ခုံပေါ်ဝယ် ထိုင်လိုက်သည်..။ သူ့စိတ်ထဲတွင် ဒမ်ဘယ်လ်ဒိုး၏ ကျိန်စာထက်ပို၍ ပြောစရာစကားများ ရှိနေမှန်း ဟယ်ရီ သိလိုက်သည်..။ စနိုပ်က…

"မိစ္ဆာသခင်ကြီးက ဒရာကိုကို အောင်မြင်မယ်လို့ မျှော်လင့်တာ မဟုတ်ဘူး.. လူးစီးယပ်စ်ရဲ့ ဆုံးရှုံးမှုအတွက် ပေးတဲ့ အပြစ်ဒဏ်ပဲ.. သူ့မိဘတွေကို စိတ်ဒုက္ခပေးချင်လို့ပဲ.. သူ မအောင်မြင်ပဲ အပြစ်ဒဏ်ပေးခံရတာကို သူ့မိဘတွေကို မြင်စေချင်လို့ပဲ…"

ဒမ်ဘယ်လ်ဒိုးက…

"ဒီကောင်လေးလဲ ငါ့လိုပဲ သေမိန့်ချခံသလို ဖြစ်နေပြီပေါ့.. အခုဆိုရင် ဒီအလုပ်ကို အောင်မြင်အောင် လုပ်နိုင်တဲ့သူကို ငါ ရွေးရတော့မယ်.. ဒရာကို မအောင်မြင်ရင် မင်းပဲ ဖြစ်လိမ့်မယ် ထင်တယ်…"

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက်…

"အင်း.. မိစ္ဆာသခင်ကြီးက ဒီလိုပဲ စီစဉ်မယ် ထင်ရတာပဲ..."

"သိပ်မကြာတဲ့ ကာလမှာဗိုဒီမော့ဟာ ဟော့ဝဂ်မှာ သူလျှိုမလိုတော့ဘူး လို့ ယူဆလိမ့်မယ် ထင်တယ်..."

"ဟုတ်တယ် ... သူက မကြာခင် ကျောင်းကို ထိန်းနိုင်မယ်လို့ မျှော်လင့်ထားပုံပဲ..."

ဒမ်ဘယ်လ်ဒိုးက...

"သူ့လက်ထဲကိုသာ ကျောင်းရောက်သွားရင် မင်းက ကျောင်းမှာ ရှိသမျှ ကျောင်းသူ ကျောင်းသားတွေကို အစွမ်းကုန် ကာကွယ်ပေးမယ် မဟုတ်လား..."

စနိပ်က ခေါင်းတစ်ချက် ညိတ်လိုက်သည်..။

"ကောင်းတယ်.. အခုဆိုရင် မင်းရဲ့ ပထမအလုပ်က ဒရာကို ဘာလုပ်နေသလဲဆိုတာ သိဖို့ပဲ.. ကြောက်လန့်နေတဲ့ လူငယ်တစ်ယောက်ဟာ အခြားသူတွေ အတွက်ရော သူ့အတွက်ပါ အန္တရာယ်ပဲ .. သူ့ကို ကူညီမယ်လို့ သွားပြောချည်.. သူက မင်းကိုနှစ်သက်တော့ မင်းရဲ့ အကူအညီကို လက်ခံမှာပဲ..."

"သူ့အဖေ နေရာပျောက်သွားကတည်းက ဒရာကိုက ကျွန်တော့်ကို သိပ်မကျေနပ်တော့ဘူး... သူ့အဖေရဲ့ နေရာကို လုတယ်လို့ ထင်နေပုံပဲ..."

"ကြိုးစားစမ်းပါ.. ငါ့ကိုယ်ငါထက် တခြားလူတွေ ဒီကောင်လေးကြောင့် အန္တရာယ်ဖြစ်ကုန်မှာကို ပိုစိုးရိမ်မိတယ်.. သူ့ကို ဘယ်လိုပဲဖြစ်ဖြစ် ဗိုဒီမော့ရဲ့ လက်ကလွတ်အောင် ကူညီရမယ်..."

စနိပ်က မျက်ခုံးကို ပင့်လိုက်ရင်း ခပ်လှောင်လှောင် လေသံဖြင့်...

"ဘာလဲ ... သူသတ်တာကို ခံချင်လို့လား..."

အချိန်အတန်ကြာသည်အထိ တိတ်ဆိတ်ငြိမ်သက်သွား၏..။ ဖော့ခ်စ် တစ်ကောင် အရိုးဝါးနေသည့် အသံသာ ကြားနေရ၏..။ စနိပ်က ခပ်လေးလေး လေသံဖြင့်...

"အခုချက်ချင်း လုပ်ပေးရမှာလား.. ဒါမှမဟုတ် ကမ္ဘည်းကျောက်စာတိုင် ရေးဖို့ အချိန်စောင့်ပေးရဦးမလား..."

ဒမ်ဘယ်လ်ဒိုးက ပြုံးရင်း...

"အိုး.. အခုမလိုအပ်သေးပါဘူး.. သူ့ဘာသာသူ အချိန်ရောက်လာပါလိမ့်မယ်... ဒီည အဖြစ်အပျက်အရတော့..."

သူက မည်းနက်နေသော လက်ကို မြှောက်ပြလိုက်ရင်း...

"တစ်နှစ်အတွင်းမှာ ဒီအစီအစဉ်ကို လုပ်ရမှာပဲ..."

စနိုပ်က...

"သေရမှာ ပြဿနာ မရှိဘူးဆိုရင် ဘာကိစ္စ ဒရာကိုကို ပေးမလုပ်တာလဲ..."

ဒမ်ဘယ်လ်ဒိုးက...

"ဒီကောင်လေးရဲ့ စိတ်ဓာတ်က ဒီလောက် မပျက်စီးသေးဘူး.. ငါ့ကြောင့် သူ့ကို လူသတ်သမား ဖြစ်မသွားစေချင်ဘူး..."

"ဒါဆို ကျွန်တော်ကရော ဒမ်ဘယ်လ်ဒိုး..."

ဒမ်ဘယ်လ်ဒိုးက...

"မင်းရဲ့ စိတ်ကျတော့ မင်းဟာ အဘိုးအိုကြီးတစ်ယောက် နာကျင်အရှက်ကွဲပြီး သေရမယ့် အဖြစ်ကို ကာကွယ်ပေးတာလေ.. ဘာဖြစ်လို့လဲဆိုတော့ ငါသေရတော့မှာက ချက်ဒလေကန်နွန်အသင်း အောက်ဆုံးအဆင့်မှာ ရာသီကုန်မှာ သေချာသလို သေချာနေတာပဲ.. တမလွန်လောကကို ခပ်မြန်မြန်နဲ့ အနာအကျင်မရှိပဲ သွားရမယ့်လမ်းကိုပဲ ငါရွေးမှာပေါ့.. ဂရေးဘက်ခ်တို့ ဘဲလ်ထရစ်တို့ လိုလူတွေကို ရွေးလို့ ဘယ်ဖြစ်မလဲ..."

ဒမ်ဘယ်လ်ဒိုး၏ အပြာရောင် မျက်လုံးများမှာ စနိုပ်ကို ထွင်းဖောက်မတတ် စူးစိုက်ကြည့်နေ၏..။ အတန်ကြာသည်အထိ သူတို့နှစ်ယောက် အသံတိတ် စကားပြောနေကြပြီး နောက်ဆုံးတွင် စနိုပ်က ခေါင်းညိတ်လိုက်သည်..။ ဒမ်ဘယ်လ်ဒိုးကို ကြည့်ရသည်မှာ ကျေနပ်သွားပုံရ၏..။

"ကျေးဇူးပဲ ဆီးဗားရပ်စ်..."

ရုံးခန်းမှာ ပျောက်ကွယ်သွား၏..။

ယခုအခါ၌ စနိုပ်နှင့် ဒမ်ဘယ်လ်ဒိုးမှာ ရဲတိုက်အပြင်ရှိ မြေပြင်ပေါ်ဝယ် ကြယ်ရောင်များ အားကိုးဖြင့် လမ်းလျှောက်နေကြ၏..။ စနိုပ်က...

"ပေါ်တာနဲ့ ဘာတွေ လုပ်နေတာလဲ.. ဒီညနေတစ်ခုလုံး သူနဲ့ အတူတူ ရှိနေတာ မဟုတ်လား..."

ဒမ်ဘယ်လ်ဒိုးက..

"ဘာဖြစ်လို့လဲ.. မင်း သူ့ကို ပိုပြီး အပြစ်ဒဏ်ပေးဖို့ ကြံနေသလား ဆီးဗားရပ်စ်..."

"သူက သူ့အဖေအတိုင်းပဲ..."

"အပြင်ပန်း ရုပ်အရတော့ ဟုတ်ပါတယ်.. ဒါပေမယ့် အတွင်းစိတ်ကတော့ လီလီနဲ့ ပိုတူတယ်.. ငါ ဟယ်ရီနဲ့ အတူရှိနေတာက သူနဲ့ ဆွေးနွေးစရာ ကိစ္စတွေ ရှိလို့ပါ.. သူ့ကို သိပ်နောက်မကျခင် သတင်း အချက်အလက်တွေ ပေးခဲ့ရမယ်..."

စနိပ်က...

"သတင်း.. ဟုတ်လား.. သူ့ကိုတော့ ယုံတယ်.. ကျွန်တော့်ကိုတော့ မယုံဘူးပေါ့..."

"ဒါ ယုံကြည်မှုနဲ့ ဆိုင်တဲ့ ပြဿနာ မဟုတ်ဘူး ဆီးဗားရပ်စ်.. မင်းရော ငါရော သိပါတယ်... အချိန်က အရမ်းနည်းနေပြီ.. ငါ ကောင်လေးကို သူလုပ်ရမယ့် အလုပ်အတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ ပေးခဲ့ရမယ်..."

"ကျွန်တော့်ကိုတော့ ဘာကိစ္စ အဲဒီ့သတင်းတွေ မပေးနိုင်ရတာလဲ...."

"ငါ့ရဲ့ လျှို့ဝှက်ချက်တွေကို တောင်းတစ်လုံးထဲကို စုပြုံထည့်ဖို့ စိတ်ကူးမရှိဘူး... ပြီးတော့ ဗိုဒီမော့နားမှာ အမြဲလိုလို ရှိနေတဲ့ တောင်းထဲကို ထည့်ဖို့က ပိုမဖြစ်နိုင်ဘူး..."

"ဒါ ခင်ဗျားရဲ့ အမိန့်အရ လုပ်နေတာလေ..."

"ဟုတ်ပါတယ်.. မင်း တကယ့်ကို ကောင်းကောင်း လုပ်နိုင်ခဲ့တာပဲ.. မင်းကြုံရနိုင်တဲ့ အန္တရာယ်ကို ငါသိပါတယ်.. ဗိုဒီမော့ကို တန်ဖိုးရှိတယ်လို့ ထင်ရနိုင်တဲ့ သတင်းပေးရင်း တကယ် အရေးကြီးသမျှကို လျှို့ဝှက်ထားရမယ့် အလုပ်ကို မင်းကလွဲလို့ ဘယ်သူ့ကိုမှ မယုံကြည်နိုင်ဘူး..."

"ဒါပေမယ့် ခင်ဗျား ကောင်လေးကို ပိုယုံတယ် မဟုတ်လား.. ကောင်လေးက စိတ်တံခါးကိုလည်း မပိတ်နိုင်ဘူး.. မှော်ပညာကလည်း သာမန်လောက်တောင် မစွမ်းဘူး.. ပြီးတော့ မိစ္ဆာသခင်ကြီးရဲ့ စိတ်နဲ့လည်း တိုက်ရိုက် ဆက်သွယ်နေသေးတယ်..."

ဒမ်ဘယ်လ်ဒိုးက...

"ဗိုဒီမော့က ဒီဆက်သွယ်မှုကို ကြောက်တယ်.. သိပ်မကြာခင်မှာပဲ ဟယ်ရီ့စိတ်နဲ့ ဆက်သွယ်မိတဲ့ အရသာကို သူ ကောင်းကောင်းသိသွားတယ်.. ဒီလို နာကျင်မှုမျိုးကို သူ တစ်ခါမှ မခံစားဖူးဘူး.. သူ ဟယ်ရီ့စိတ်ကို လွှမ်းမိုးဖို့ နောက်တစ်ခါ ကြိုးစားမှာ မဟုတ်ဘူး.. အဲဒါတော့ သေချာတယ်.. ဒီနည်းလမ်းကို ထပ်သုံးမှာ မဟုတ်ဘူး..."

"ကျွန်တော်တော့ နားမလည်နိုင်အောင်ပဲ..."

"ဗိုဒီမော့ရဲ့ ဝိညာဉ်က ဟယ်ရီ့ဝိညာဉ်နားကို မကပ်နိုင်ဘူး.. မီးတောက်ထဲကို အသားစ ထည့်မိသလိုပဲ ... မခံနိုင်ဘူး..."

"ဝိညာဉ်.. ဟုတ်လား.. ကျွန်တော်တို့က စိတ်ဓာတ်တွေအကြောင်း ပြောနေတာ..."

"ဟယ်ရီနဲ့ ဗိုဒီမော့ကိစ္စမှာ တစ်ယောက်အကြောင်းကို ပြောတာက နောက်တစ်ယောက်ကို ပြောတာနဲ့ အတူတူပဲ..."

ဒမ်ဘယ်လ်ဒိုးက ဘယ်သူမှ မရှိမှန်း သေချာစေရန် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်..။ သူတို့ လမ်းလျှောက်ရင်း တားမြစ်တောအုပ်အနီးသို့ ရောက်လာခဲ့သည်..။ သူတို့အနီးတွင် မည်သူ့ကိုမှ မတွေ့ရချေ..။

"မင်း ငါ့ကို သတ်ပြီးတာနဲ့..."

စနိပ်က ဒေါသတကြီးဖြင့် ..

"ကျွန်တော့်ကို အားလုံး ပြောပြဖို့ ငြင်းဆန်တယ်.. ဒါတောင်မှ ကျွန်တော့်ကို ခိုင်းချင်သေးလား.. ခင်ဗျား လွန်လာပြီ ဒမ်ဘယ်လ်ဒိုး.. ကျွန်တော့်ရဲ့ စိတ်ကို ပြောင်းရလိမ့်မယ်နဲ့ တူတယ်..."

"ဆီးဗားရပ်စ် .. မင်း ကတိပေးပြီးပြီလေ.. မင်းလုပ်ရမယ့် အလုပ်အတွက် ငါတို့ ဆွေးနွေးကတည်းက မင်းရဲ့ စလေသရင်ကောင်လေးကို စောင့်ရှောက်ပါ့မယ်လို့ မင်းသဘောတူခဲ့တယ် မဟုတ်လား..."

စနိပ်က စိတ်ဆိုးနေဟန်ရှိ၏..။ ဒမ်ဘယ်လ်ဒိုးက သက်ပြင်းချလိုက်ရင်း...

"ငါ့ရုံးခန်းကို ဒီည ဆယ့်တစ်နာရီမှာ လာခဲ့ ဆီးဗားရပ်စ်.. ဒီလိုဆိုရင် ငါ့ကို မင်းကို မယုံကြည်ဘူးလို့ ပြောတော့မယ် မထင်ဘူး..."

မြင်ကွင်းများ ပြောင်းလဲသွားပြီးနောက် ဒမ်ဘယ်လ်ဒိုး၏ ရုံးခန်းထဲသို့ ရောက်လာခဲ့ကြသည်..။ စနိပ်က တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေပြီး ဒမ်ဘယ်လ်ဒိုးက ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စကားပြောနေ၏..။

"ဟယ်ရီ သိလို့ မဖြစ်ဘူး… နောက်ဆုံးအချိန်ရောက်မှ သူသိရမယ်.. အဲဒီ့လို မဟုတ်ရင် သူ့မှာ ဒီကိစ္စတွေကို လုပ်ဖို့ ဘယ်လိုလုပ်ပြီး အင်အား ရှိနိုင်တော့မှာလဲ…"

"ဒါပေမယ့် သူက ဘာလုပ်ရမှာလဲ…"

"ဒါ ဟယ်ရီနဲ့ ငါ့ရဲ့ အလုပ်ပဲ.. သေချာနားထောင် ဆီးဗားရပ်စ်.. ငါ သေပြီးတဲ့နောက်မှာ အချိန်တစ်ချိန် ရောက်လာလိမ့်မည်.. ငြင်းဖို့ စကားဖြတ်ပြောဖို့ မစဉ်းစားနဲ့.. အချိန်တစ်ခု ရောက်လာရင် ဗိုဒီမော့ဟာ သူ့မြွေရဲ့ အသက်အန္တရာယ်ကို စိုးရိမ်လာလိမ့်မယ်…"

စနိပ်က အံ့သြသွားဟန်ဖြင့်…

"နာဂီနီရဲ့ အသက်ကိုလား…"

"ဟုတ်တယ်… ဗိုဒီမော့က မြွေကို သူ့အလုပ်တွေ လွှတ်ပြီး မလုပ်ခိုင်းတော့ပဲ သူ့အနားမှာ မှော်ပညာနဲ့ ကာကွယ်ထားတဲ့အချိန် ရောက်ပြီဆိုရင် ဟယ်ရီ့ကို ပြောလို့ရပြီ…"

"ဘာကို ပြောရမှာလဲ…"

ဒမ်ဘယ်လ်ဒိုးက အသက်တစ်ချက် ပြင်းပြင်းရှူလိုက်ရင်း မျက်လုံးများကို မှိတ်လိုက်ကာ…

"ဗိုဒီမော့က ဟယ်ရီ့ကို သတ်ဖို့ကြံတဲ့ညမှာ လီလီဟာ သူ့အသက်ကို ဒိုင်းအဖြစ်သုံးပြီး ဟယ်ရီ့ကို ကာကွယ်ပေးခဲ့တယ်.. သေမင်းတမန် ကျိန်စာဟာ ပြန်ကန်ထွက်သွားပြီး ဗိုဒီမော့ကို ထိသွားတယ်.. ဗိုဒီမော့ရဲ့ ဝိညာဉ် အစိတ်အပိုင်း တစ်ခုဟာ လွင့်စင်ထွက်သွားပြီး ပြိုကျနေတဲ့ အဆောက်အအုံထဲက တစ်ဦးတည်းသော သက်ရှိဆီမှာ ဝင်ခိုနေလိုက်တယ်.. ဗိုဒီမော့ရဲ့ အစိတ်အပိုင်းတစ်ခုဟာ ဟယ်ရီ့ ကိုယ်ထဲမှာ ရှိနေတယ်.. ဒါကြောင့်မို့လို့ သူ့ဆီမှာ မြွေတွေနဲ့ စကားပြောနိုင်တာတို့ ဗိုဒီမော့ရဲ့ စိတ်နဲ့ ဆက်သွယ်နိုင်တာတို့ ဆိုတဲ့ အစွမ်းတွေ ရှိနေတာပဲ.. သူကတော့ လုံးဝ နားမလည်ခဲ့ဘူး.. အဲဒီ့ အစိတ်အပိုင်းတစ်ခုကို ဟယ်ရီ့ခန္ဓာကိုယ်က ကာကွယ်ပေးထားသရွေ့ ဗိုဒီမော့ မသေနိုင်ဘူး…"

ဟယ်ရီမှာ လူနှစ်ယောက် စကားပြောနေသည်ကို အလွန်ဝေးကွာသော နေရာမှ ကြည့်နေရသလို ခံစားလိုက်ရသည်..။ စကားသံများမှာ အလွန်ဝေးသော အရပ်မှ သူ့ထံသို့ ပဲ့တင်ထပ်လာနေသလိုပင်…။

စနိပ်က…

“ဒါ .. ဒါဆို.. ကောင်လေးက သေကိုသေရမှာပေါ့...”

“ပြီးတော့ ဗိုဒီမော့ကိုယ်တိုင် သတ်ဖို့လိုတယ် ဆီးဗားရပ်စ်.. ဒီကိစ္စကို မဖြစ်မနေ ဆောင်ရွက်ရမယ်...”

အချိန်အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ စနိပ်က...

“ကျွန်တော် ဒီနှစ်ပိုင်းတွေမှာ ထင်ခဲ့တာက ခင်ဗျားက သူ့ကို လီလီ့အတွက် စောင့်ရှောက်ပေးနေတာလို့ ထင်ခဲ့တာ...”

“ငါတို့ သူ့ကို စောင့်ရှောက်ကာကွယ် ပေးထားတာက သူ့ကို သင်ကြားပေးဖို့ရယ်.. ပြုစုပျိုးထောင်ပေးဖို့ရယ်... သူ့ရဲ့ စွမ်းရည်ကို စမ်းသပ်ခွင့်ပေးဖို့ရယ်ကြောင့်ပဲ...”

ဒမ်ဘယ်လ်ဒိုးက မျက်လုံးများကို မှိတ်ရင်း ဆက်ပြော၏..။

“ဒီအချိန်အတွင်းမှာ သူတို့ရဲ့ ဆက်သွယ်မှုက ပိုပြီး အင်အားကောင်း လာလိမ့်မယ်.. သူ့ခန္ဓာကိုယ်ထဲက ကပ်ပါးဝိညာဉ်ဟာ ကြီးထွားလာလိမ့်မယ်.. တစ်ခါတစ်ခါ သူ့ကိုယ်သူတောင် သံသယရှိတယ်လို့ ကျုပ်ထင်တယ်.. သူ့ကိုယ်သူ သေဖို့အတွက် ဆုံးဖြတ်လိုက်ပြီ ဆိုရင်တော့ ဒါဟာ ဗိုဒီမော့ရဲ့ နောက်ဆုံး အချိန်ပဲ...”

ဒမ်ဘယ်လ်ဒိုးက မျက်လုံးများကို ပြန်ဖွင့်လိုက်သည်..။ စနိပ်က အလန့်တကြား ဖြစ်နေပုံရ၏..။

“ခင်ဗျား သူ့ကို အသက်ရှင်အောင် စောင့်ရှောက်ထားတာ သေသင့်တဲ့ အချိန်မှာ သေနိုင်အောင်လို့ပေါ့ ... ဟုတ်လား...”

“လန့်မသွားပါနဲ့ ဆီးဗားရပ်စ်.. လူတွေ သေကြတာကို မင်း မြင်ခဲ့ဖူးပေါင်း များလှပါပြီ...”

စနိပ်က...

“ကျွန်တော် ကယ်ဖို့ မမီလိုက်တဲ့ လူတွေပဲ သေရတာလေ.. ခင်ဗျား ကျွန်တော့်ကို အသုံးချနေတာပဲ...”

“ဘာကိုဆိုလိုချင်တာလဲ...”

“ကျွန်တော်က ခင်ဗျားအတွက် သူလျှိုလုပ်ပေးရတယ်.. ညာပေးရတယ်... အန္တရာယ်တွင်းထဲ ဆင်းနေရတယ်.. အားလုံးဟာ လီလီ့ရဲ့ သား ဘေးကင်းစေဖို့အတွက် လုပ်ပေးခဲ့တာပဲ.. အခုတော့ ခင်ဗျားက သူ့ကို မွေးမြူလာတာ ဝက်တစ်ကောင်လို အချိန်တန်ရင် သတ်ဖို့ဆိုတော့...”

ဒမ်ဘယ်လ်ဒိုးက...

“ဒါ ရှောင်လွှဲလို့ မရနိုင်ဘူး ဆီးဗားရပ်စ် .. မင်း ကောင်လေးကို ပိုပိုပြီး ဂရုစိုက်လာသလိုပဲ...”

“ကောင်လေးအတွက် .. ဟုတ်လား...”

စနိပ်က အော်ဟစ်လိုက်သည်...။

“အိပ်စပက်တို ပက်ထရိုနမ်...”

သူ့မှော်တောင်ဝှေးထိပ်မှ ငွေရောင်သမင်မတစ်ကောင် ပေါ်ထွက်လာ၏..။ ရုံးခန်းကြမ်းပြင်မှ တဆင့် ပြတင်းပေါက်မှ ခုန်ထွက်ကာ ပျံသန်းပျောက်ကွယ်သွား၏..။ ဒမ်ဘယ်လ်ဒိုးက သမင်မပျောက်ကွယ်သွား သည်အထိ ငေးကြည့်နေပြီးမှ စနိပ်ဘက်သို့ လှည့်လိုက်သည်..။ သူ့မျက်လုံးတွင် မျက်ရည်စများကို တွေ့ရ၏..။

“ဒီလောက် အချိန်တွေ ကြာခဲ့တာတောင်မှပဲလား...”

စနိပ်က...

“အမြဲတမ်း သတိရနေတုန်းပါပဲ...”

မြင်ကွင်းများမှာ ပြောင်းလဲသွားပြန်၏..။ ယခုအခါတွင် စနိပ်မှာ စားပွဲခုံနောက်ဘက်ရှိ ဒမ်ဘယ်လ်ဒိုး၏ ပန်းချီကားနှင့် စကားပြောလျှက် ရှိသည်..။ ဒမ်ဘယ်လ်ဒိုးက...

“ဟယ်ရီ သူ့ဦးလေးနဲ့ အဒေါ်အိမ်က ထွက်ခွာမယ့်ရက်စွဲကို တိတိကျကျ ပေးလိုက်.. ဒီလိုမလုပ်ရင် သံသယတွေ ပိုများလာနိုင်တယ်.. ဗိုဒီမော့က မင်းရဲ့သတင်းတွေကို ယုံနေတယ် မဟုတ်လား.. ဒါပေမယ့် အာရုံလွှဲဖို့ အကြံတစ်ခု လုပ်ထားရမယ်.. ဒါမှ ဟယ်ရီ့လုံခြုံရေးကို စိတ်ချရမယ်.. မွန်ဒန်းဂတ်စ် ဖလက်ချာကို အယုံသွင်းပေတော့.. ပြီးတော့ လိုက်ဖမ်းတဲ့ အထဲမှာပါရမယ်ဆိုရင် ပီပြင်အောင် သရုပ်ဆောင်ပါ.. ကျုပ် မင်းကို ဗိုဒီမော့ရဲ့ ယုံကြည်မှုကို တတ်နိုင်သမျှ ကြာကြာ ရစေချင်တယ်.. ဒီလိုမှ မဟုတ်ရင် ဟော့ဂဝ့်က ကာရိုးတွေလက်ထဲ ရောက်သွားလိမ့်မယ်...”

ယခုအခါတွင် စနိပ်ကို မွန်ဒန်းဂတ်စ်ဖလက်ချာနှင့် ဟယ်ရီ မရင်းနှီးသော စားသောက်ဆိုင်တစ်ခုတွင် မျက်နှာချင်းဆိုင် ထိုင်နေသည်ကို တွေ့ရ၏..။ မွန်ဒန်းဂတ်စ်၏ မျက်နှာတွင် ဘာခံစားချက်မှ မရှိချေ..။ စနိပ်က သူ့စကားများကို အာရုံစူးစိုက်စွာ ပြောနေ၏..။

“မင်း ဖီးနစ်အဖွဲ့ကို အကြံပေးရမယ်.. အတုတွေသုံးပြီး မျက်စိလှည့်ရမယ်.. ရုပ်သွင်ပြောင်းဆေးရည်ကို သုံးပြီး ခွဲမရအောင်တူတဲ့ ပေါ်တာတွေ ဖန်တီးရမယ်... ဒီနည်းနဲ့ပဲ အောင်မြင်နိုင်မယ်.. မင်းကို ငါ အကြံပေးတယ် ဆိုတာကို မေ့ပစ်လိုက်ရမယ်.. မင်းရဲ့ ကိုယ်ပိုင်အကြံဉာဏ်အဖြစ် ပြောရမယ်.. သဘောပေါက်လား...”

“သဘောပေါက်ပါတယ်...”

မွန်ဒန်းဂတ်စ်က အိပ်ရင်းယောင်နေသည့် လေသံမျိုးဖြင့် ပြော၏..။

ယခုအခါတွင် ဟယ်ရီမှာ တံမြက်စည်းပုံပေါ်၌ စနိပ်၏ဘေးမှ လိုက်ပါပျံသန်းလျှက် ရှိသည်..။ သူ့ဘေးတွင် ခေါင်းစွပ်နှင့် အခြား ဒက်အိတာများကိုပါ တွေ့ရပြီး ရှေ့တွင် လူပင်နှင့် ဟယ်ရီကို တွေ့ရ၏..။ အမှန်မှာမူ ဟယ်ရီအဖြစ် ဟန်ဆောင်ထားသော ဂျော့ဖြစ်သည်..။

ဒက်အိတာတစ်ယောက်က စနိပ်၏ရှေ့သို့ ကျော်တက်ကာ လူပင်၏ ကျောသို့ ချိန်ရွယ်လိုက်သည်..။

“ဆက်တမ်ဆမ်ပရာ...”

စနိပ်က အော်ဟစ်လိုက်သည်..။ သို့ရာတွင် ဒက်အိတာ၏ မှော်တောင်ဝှေး ကိုင်ထားသော လက်ကို ချိန်ရွယ်ထားသော ဂါထာမှာ လွဲချော်သွားပြီး ဂျော့အား သွားထိတော့သည်...။

နောက်ထပ် မြင်ကွင်းတစ်ခုတွင် စနိပ်မှာ ဆီးရီးယပ်စ်၏ အိပ်ခန်းထဲဝယ် ဒူးထောက်ထိုင်လျှက်ရှိသည်..။ လီလီ၏စာကို ဖတ်နေရချိန်ဝယ် သူ့မျက်လုံးမှ မျက်ရည်များ စီးကျနေ၏..။ ဒုတိယစာမျက်နှာတွင် စာအနည်းငယ်သာ ပါ၏..။

နဲ့ ဂဲလ်လတ်ဂရင်ဒီဝေါတို့ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတယ်တဲ့.. ယုံရမှာတောင် ခပ်ခက်ခက်ပဲ...။

သတိရနေမယ့် ...

လီလီ...

စနိပ်က လီလီ့လက်မှတ်ပါသော ဒုတိယစာရွက်အား ဖြဲလိုက်ပြီး သူ့အကျီအိတ်ထဲ ထည့်လိုက်၏..။ ထို့နောက် လီလီ့ပုံပါသော ဓာတ်ပုံကို ဆုတ်ဖြဲကာ ယူထားလိုက်ပြီး ဂျိမ်းစ်နှင့် ဟယ်ရီ့ပုံကို အံဆွဲအောက်သို့ ပြန်ထည့်ထားလိုက်သည်...။

ယခုအကြိမ်၌ စနိုပ်မှာ ကျောင်းအုပ်ကြီးရုံးခန်းအတွင်း၌ ရှိနေစဉ် ဖီးနီးယပ်စ် နစ်ဂဲလပ်စ်က သူ၏ ပန်းချီကားဘောင်အတွင်းသို့ အရေးတကြီး ဝင်လာရင်း...

"ကျောင်းအုပ်ကြီး.. သူတို့ ဒင်းနှ်တောအုပ်ထဲမှာ စခန်းချနေကြတယ်.. မျိုးမစစ်မလေး..."

"အဲဒီ့စကားလုံးကို မသုံးနဲ့..."

"ဂရန်ဂျာ ကောင်မလေးလေ.. သူ့ရဲ့ အိတ်ကိုအဖွင့်မှာ အဲဒီ့နေရာကို ပြောတာ ကြားလိုက်ရတယ်..."

"ကောင်းတယ် .. အရမ်းကောင်းတယ်..."

ကျောင်းအုပ်ကြီး ထိုင်ခုံနောက်ရှိ ဒမ်ဘယ်လ်ဒိုး၏ ပန်းချီကားထဲမှ ရုပ်ပုံက ဝမ်းသားအားရ အော်ဟစ်လိုက်သည်...။

"အခုချက်ချင်း ဓားကို သွားပေးပေတော့ ဆီးဗားရပ်စ်.. မင်းက သူ့ကို ပေးတယ်ဆိုတာ သိလို့ မဖြစ်ဘူး.. ဗိုဒီမော့သာ ဟယ်ရီ့စိတ်ကို ဖတ်ကြည့်ပြီး မင်း ဒီလိုလုပ်တာကို သိသွားရင်..."

"ကျွန်တော် နားလည်ပါတယ်..."

သူက ဒမ်ဘယ်လ်ဒိုး၏ ပန်းချီကားအနီးသို့ ချဉ်းကပ်ကာ ဘေးသို့ ဆွဲဖယ်လိုက်သည်..။ ပန်းချီကားချပ်မှာ ပွင့်သွားပြီး အနောက်ဘက်ရှိ အံဝှက်ထဲမှ ဂရစ်ဖင်ဒေါဓားကို စနိုပ် ဆွဲထုတ်ယူလိုက်သည်...။

စနိုပ်က ဝတ်ရုံရှည်ကို ခြုံလိုက်ရင်း...

"ပေါ်တာကို ဒီဓားပေးဖို့ ဘာလို့ ဒီလောက် အရေးကြီးနေတယ်ဆိုတာ ကျွန်တော့်ကို အခုထိ ပြောမပြသေးဘူးနော်..."

ဒမ်ဘယ်လ်ဒိုး၏ ပန်းချီကားချပ်က...

"ပြောပြစရာ မလိုပါဘူး... သူဘာလုပ်ရမယ်ဆိုတာ သူသိပါတယ်.. ဆီးဗားရပ်စ်.. သတိထားပါ.. မင်းကို တွေ့တာနဲ့ သူတို့ ခွင့်လွှတ်နိုင်မယ် မထင်ဘူး.. ဂျော့ရဲ့ ကိစ္စကလည်း ထပ်ဖြစ်ထားသေးတယ်..."

စနိုပ်က တံခါးဝမှ လှည့်ကြည့်ရင်း...

"စိတ်မပူပါနဲ့ ဒမ်ဘယ်လ်ဒိုး.. ကျွန်တော့်မှာ အစီအစဉ် ရှိပါတယ်..."

ထို့နောက်တွင် စနိုပ် အခန်းတွင်းမှ ထွက်ခွာသွားတော့သည်..။ ဟယ်ရီ မှတ်ဉာဏ်များထဲမှ ရှန်းထွက်လိုက်သည်..။ ခေတ္တမျှအကြာတွင် ကျောင်းအုပ်ကြီး ရုံးခန်းထဲရှိ ကော်ဇောပေါ်တွင် သူ လဲလျောင်းလျှက် ရှိတော့သည်...။

**၃၄။ တားမြစ်တောအုပ်ဆီသို့...**

နောက်ဆုံးတွင် အမှန်တရားကို သိရပေပြီ..။ သူ့မျက်နှာကို ဖုန်ထူလှသော ကော်ဇောပေါ်ဝယ်အပ်ရင်း လဲလျောင်းနေမိ၏..။ ဤနေရာဝယ် တစ်ချိန်က အောင်ပွဲအတွက် လျှို့ဝှက်ချက်များကို သင်ယူခဲ့သည်ဟု သူ ထင်မိသည်...။

နောက်ဆုံးတွင် ဟယ်ရီ နားလည်မိသည်မှာ သူ အသက်ရှင်ရန် မဖြစ်နိုင်ခြင်းပင်..။ သူလုပ်ရမည့် အလုပ်မှာ သေမင်းထံသို့ အေးချမ်းစွာ အရောက်သွားရန်သာ ဖြစ်၏..။ ဗိုဒီမော့၏ နောက်ဆုံး ဝိညာဉ်ကိုယ်ပွားကို ဖျက်ဆီးပြီးလျှင် သူ့ကိုယ်သူ ကာကွယ်ရန် လုံးဝမကြိုးစားတော့ပဲ ဗိုဒီမော့လက်သို့ ထိုးအပ်လိုက်ရုံသာ ရှိတော့၏..။

အဆုံးသတ်မှာ ရှင်းလင်းပီပြင်လှပြီး ဂိုဒရစ်ဟောလို :တွင် မပြီးစီးခဲ့သော အလုပ်ကို ယခု အဆုံးသတ်ရပေတော့မည်..။ နှစ်ယောက်စလုံး အသက်ရှင်နိုင်ကြတော့မည် မဟုတ်ပေ...။

သူ့ရင်ဘတ်ထဲရှိ နှလုံးခုန်သံကို သူ ပြန်၍ ကြားနေရ၏..။ သေခါနီး အချိန်ထိ ကြိုးစားပမ်းစား အလုပ်လုပ်နေဆဲပင်..။ သို့ရာတွင် ဤနှလုံးခုန်သံမှာ မကြာခင် ရပ်တန့်သွားရပေလိမ့်မည်..။ သူ့အတွက် အချိန် မည်မျှသာ ကျန်ပါတော့သလဲ..။ ဤနေရာမှထကာ နောက်ဆုံးအကြိမ်အဖြစ် ရဲတိုက်ကို ဖြတ်လျှောက်၍ တောအုပ်ဆီသို့ သွားရမည့် ခရီးမှာ သိပ်မကြာနိုင်ပေ..။

သူ ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေရင်း ကြောက်ရွံ့မှုက တစ်ကိုယ်လုံးကို ဖုံးလွှမ်းလာသလို အသုဘတေးသွားကို နားထဲဝယ် ကြားယောင်လာမိသည်..။ သေရမည်ကို ဘယ်လောက် နာကျင်မှုရှိသလဲ..။ အချိန်တိုင်း သူ သေနိုင်သည်ဟု တွေးဖူးသော်လည်း လွတ်မြောက်နိုင်သည် ဟူသည့် မျှော်လင့်ချက်ကလည်း ရှိနေခဲ့သည်..။

သူ့အတွက် အသက်ရှင်နေထိုင်လိုစိတ်က သေခြင်းကို ကြောက်သည့် စိတ်ထက် ပို၍ ပြင်းပြသော်လည်း ယခုအခါတွင် ဗိုဒီမော့ကို အနိုင်ယူ၍ သေမင်းလက်က လွတ်အောင်ပြေးရန်မှာ မဖြစ်နိုင်တော့ပေ..။ အရာအားလုံး ပြီးဆုံးသွားပြီဟု သူ တွေးနေမိသည်..။ သေရန်တစ်လမ်းသာ ကျန်တော့သည်..။

သူ ပရီဗက်ဒရိုက်အိမ်မှ ထွက်ခွာလာစဉ်ညက သူ၏ ဖီးနစ်ငှက်မွေး ထည့်ထားသော မှော်တောင်ဝှေးက သူ့အသက်ကို ကယ်ခဲ့သည်..။ သူသာ ဟက်ဝစ်လို ဘာမှမသိပဲ လျင်မြန်စွာ သေဆုံးသွားလျှင် ကောင်းပေလိမ့်မည်..။ သို့မဟုတ်လျှင် သူချစ်သောသူတစ်ယောက်ယောက်အတွက် ကိုယ်စား အသေခံပေးလိုက်ချင်၏..။

ဤကဲ့သို့ သေရမည့် ခရီးဆီသို့ သွေးအေးအေးနှင့် လျှောက်သွားရမည်မှာ ကွဲပြားခြားနားသော သတ္တိတစ်မျိုးလိုကြောင်း သူ သိလိုက်ရသည်..။ နံရံပေါ်ရှိ ပန်းချီကားချပ်များ အားလုံးမှာ ဗလာဖြစ်နေ၍ သူ့ကို မည်သူမှ် မမြင်ကြသော်လည်း သူ၏ လက်ချောင်းလေးများ တုန်ခါနေခြင်းကို သူ ကြိုးစားထိန်းချုပ်နေမိသည်..။

သူ ဖြည်းညင်းစွာ ထရပ်လိုက်သည်..။ ထိုအချိန်အတွင်းမှာပင် သူ့ကိုယ်သူ အသက်ရှင်နေသေးမှန်းကို ပို၍ ပို၍ သိလာ၏..။ သူ၏ အသက်ရှင်သန်နေသေးသော ခန္ဓာကိုယ်ကို ပို၍ သတိထားမိလာသည်..။ မကြာခင် အားလုံးကို သူ စွန့်ခွာသွားရပေတော့မည်..။ သူ အသက်ကို ဖြည်းညင်းစွာ ရှူရင်း သူ့ပါးစပ်များ လည်ချောင်းများ ခြောက်ကပ်နေသည်ကို သတိထားမိလိုက်သည်..။

ဒမ်ဘယ်လ်ဒိုး သူ့အပေါ် သစ္စာဖောက်သည်မှာ တကယ်တော့ ဘာမှ မဟုတ်ချေ..။ ပို၍ကြီးမားသော အလုပ်များ ရှိနေ၏..။ ဟယ်ရီ တုံးလွန်းသဖြင့်သာ ထိုအရာများကို မမြင်ခဲ့ခြင်းပင်..။ သူ တစ်ခါမှ ဘာကြောင့် ဒမ်ဘယ်လ်ဒိုး သူ့ကို အသက်ရှင်စေချင်သလဲဟု မမေးမိခဲ့ချေ..။

ယခုအခါတွင် သူ၏ သက်တမ်းမှာ ဝိညာဉ်ကိုယ်ပွားများကို ဖျက်ဆီးရန် ကြာမည့်အချိန်ထိသာရှိကြောင်း သူ သိရပေပြီ..။ ဒမ်ဘယ်လ်ဒိုးက ဝိညာဉ်ကိုယ်ပွားများ ဖျက်ဆီးရန်အလုပ်ကို သူ့လက်သို့ အပ်ခဲ့၏..။ သူကလည်း ထိုအလုပ်တာဝန်ကို လက်ခံခဲ့ပြီး ဗိုဒီမော့ကို ရှင်းလင်းပစ်ကာ သူ့အသက်ရှင်ရန် ကြိုးစားခဲ့၏..။

ဒမ်ဘယ်လ်ဒိုး၏ အစီအစဉ်များ နေရာကျလှပုံကို ဟယ်ရီ မြင်ယောင်လာ၏..။ နောက်ထပ်အသက်များကို အလကား ဖြုန်းတီးနေစရာ မလိုတော့ပေ..။ အလွန်အန္တရာယ်ကြီးလှသော အလုပ်အား နောက်ဆုံးတွင် သေကို သေရမည့် ကောင်လေးတစ်ယောက်လက်ထဲ ထည့်ပေးလိုက်ခြင်းမှာ ဗိုဒီမော့ကို ရင်ဆိုင်ရန် အကောင်းဆုံး နည်းလမ်းပင်..။

ထို့အပြင် ဒမ်ဘယ်လ်ဒိုးမှာ သူ လုံးဝ ရှောင်တိမ်းထွက်ပြေးသွားမည် မဟုတ်မှန်းလည်း ကြိုသိနေခဲ့သည်..။ မည်သို့ဖြစ်စေ သူ ဤကိစ္စကို အဆုံးသတ်ရပေလိမ့်မည်..။ သူ သေရမည်ဆိုလျှင်လည်း အဆုံးသတ်လိမ့်မည်ကို ကြိုသိခဲ့၏..။ ဒမ်ဘယ်လ်ဒိုးကလည်း ဗိုဒီမော့ကဲ့သို့ပင် သူ့ကို ကောင်းကောင်း နားလည်၏..။ ဟယ်ရီတစ်ယောက် ဤကိစ္စများကို ရပ်တန့်နိုင်အောင် အစွမ်းရှိလျှင် မည်သူ့ကိုမှ အသေမခံပဲ ကိုယ်တိုင် ဆောင်ရွက်မည်ဟု ကြိုတင်တွက်ခဲ့ပုံပေါ်သည်...။

သူ့ခေါင်းထဲတွင် ဖရက် လူပင်နှင့် တွန့်ခ်တို့၏ အလောင်းများ စီတန်းထားပုံကို မြင်လာရသည်..။ သို့ရာတွင် ဒမ်ဘယ်လ်ဒိုး သူ့အား အထင်ကြီးလွန်းသွားသည့် အချက် တစ်ချက်ရှိသည်..။ သူ လုံးဝ မအောင်မြင်ခဲ့သော အရာတစ်ခု ရှိနေ၏..။ မြွေကြီးမှာ ယခုထိ အသက်ရှင်နေသေးသည်..။

သူ သေဆုံးပြီးလျှင်ပင် ဗိုဒီမော့အား သတ်ရန်အတွက် ဝိညာဉ်ကိုယ်ပွားတစ်ခု ကျန်နေပေလိမ့်မည်..။ သို့ရာတွင် ထိုအလုပ်မှာ တစ်စုံတစ်ယောက်အတွက် လုပ်ကိုင်ရန် လွယ်ကူသွားပေပြီ..။

မည်သူ့လက်ထဲ ထိုကိစ္စကို အပ်ခဲ့ရမည်ကို ဟယ်ရီ စဉ်းစားနေမိသည်..။ ရွန်နှင့် ဟာမီယွန်တို့မှာ ဘာလုပ်ရမည်ကို ကောင်းကောင်းသိကြသည်..။ ဤအကြောင်းကြောင့် ဒမ်ဘယ်လ်ဒိုးက သူ့ကို သူငယ်ချင်းနှစ်ယောက်အား ပြောပြခွင့်ပေးခြင်း ဖြစ်ပုံရ၏..။ သူ တကယ်တမ်း ထမ်းဆောင်ရမည့်တာဝန်ကို စော၍ ထမ်းဆောင်မိလျှင်လည်း သူတို့နှစ်ယောက်က ကျန်တာဝန်များကို ဆက်လုပ်ပေလိမ့်မည်..။

သူလုပ်ရမည့် အလုပ်မှာ ရှင်းလင်းလှသည်..။ သူ မသေ၍ မဖြစ်ချေ..။ ဤကိစ္စကို အဆုံးသတ်ရလိမ့်မည်..။

ရွန်နှင့် ဟာမီယွန်တို့ကို ရှင်းပြကာ နှုတ်ဆက်မနေတော့ဟု ဟယ်ရီ ဆုံးဖြတ်လိုက်သည်..။ ဤခရီးကို သူတို့ အတူတကွ လိုက်ပါ၍ မဖြစ်နိုင်ပေ။ ထို့အပြင် သူ့ကို တားဆီးနေကြလျှင်လည်း အဖိုးတန်အချိန်များ ကုန်ဆုံးသွားလိမ့်မည်..။ သူဆယနစ်နှစ်ပြည့် မွေးနေ့တွင် လက်ဆောင်ရခဲ့သော ရွှေရောင်လက်ပတ်နာရီကို သူ ငုံ့ကြည့်လိုက်သည်...။ ဗိုဒီမော့ ပေးထားသော အချိန်ထဲမှ နာရီဝက်ခန့် ကုန်ဆုံးသွားပေပြီ..။

သူ့နှလုံးခုန်သံမှာ အလွန် လျှင်မြန်နေ၏..။ နောက်ဆုံးအချိန် နီး၍ပဲ အစွမ်းကုန် ခုန်နေသလား ဟယ်ရီ မသိနိုင်ပေ..။ ထို့နောက်တွင် ရုံးခန်းတံခါးကို ပိတ်ကာ သူ ပြန်ထွက်လာခဲ့သည်..။

ရဲတိုက်တစ်ခုလုံး ရှင်းလင်းနေ၏..။ သူတစ်ယောက်တည်း သေပြီး လမ်းလျှောက်လာသလို ခံစားနေရသည်..။ နံရံများရှိ ပန်းချီကားများမှာလည်း ဘောင်များချည်းသာ ကျန်၏..။ အားလုံးမှာ ခန်းမကြီးထဲဝယ် စုဝေးနေကြပုံ ရသည်...။

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲခြုံလိုက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်..။ နောက်ဆုံးတွင် ခန်းမကြီးဆီသို့ ရောက်လာခဲ့သည်..။ ကိုယ်ပျောက်ဝတ်ရုံကြောင့် သူ လွယ်ကူစွာပင် အရှေ့ဘက်တံခါးမကြီးဆီသို့ ရောက်လာခဲ့သည်...။

ထိုအခိုက်မှာပင် သူနှင့် နဗီးလ် ဝင်တိုက်မိလုလု ဖြစ်သွား၏..။ နဗီးလ်က အလောင်းတစ်လောင်းကို မြေပြင်ပေါ်မှ ဆွဲယူလာခြင်း ဖြစ်သည်..။ တစ်ချက်မျှကြည့်လိုက်ရင်း သူ အလွန် စိတ်ထိခိုက်သွားမိ၏..။ ကိုလင်ခရီဗီမှာ အသက်ပင်မပြည့်သေးသော်လည်း ခိုး၍ ပြန်ဝင်လာခြင်း ဖြစ်ပေလိမ့်မည်..။

“ငါ သူ့ကို တစ်ယောက်တည်း သယ်သွားနိုင်တယ် နဗီးလ်...”

အိုလီဗာဝုဒ်က ပြောရင်း အလောင်းကို ပခုံးပေါ်သို့ ထမ်းတင်ကာ ခန်းမကြီးဆီသို့ ဝင်သွားတော့သည်ါ..။

နဗီးလ်မှာ တံခါးဘောင်ကိုမှီရင်း လက်တစ်ဘက်ဖြင့် နဖူးမှ ချွေးများကို သုတ်လိုက်သည်..။ သူ့ပုံစံမှာ အိုစာကျသွားသလိုပင်..။ ထို့နောက် အောက်ဘက်သို့ ဆင်းသွားရင်း အလောင်းများကို ထပ်ရှာနေပြန်၏..။

ဟယ်ရီ ခန်းမကြီးဆီသို့ တစ်ချက် နောက်ပြန်ကြည့်လိုက်သည်..။ လူအများ လှုပ်ရှားသွားလာနေကြပြီး အချို့မှာ သေသူများအနီးတွင် ဒူးထောက်ထိုင်နေကြသည်..။ သို့ရာတွင် သူ ချစ်ခင်သော သူများကို လုံးဝ မတွေ့ရချေ..။ ဟာမီယွန် ရွန် ဂျင်နီ အခြား ဝီစလေများနှင့် လူနာတို့ကို အစအနပင် မမြင်ရပေ..။

သူ နောက်ဆုံးအကြိမ်အဖြစ် သူတို့ကို မြင်သွားလို၏..။ သို့ရာတွင် သူတို့ကို မြင်သွားလျှင် သူ ဤနေရာမှ ခွာနိုင်မည် မထင်ချေ..။ ယခုအခြေအနေသည်သာလျှင် အကောင်းဆုံး ဖြစ်ပေလိမ့်မည်..။

ဟယ်ရီ အောက်သို့ ဆင်းလာခဲ့ကာ အမှောင်ထုထဲသို့ တိုးဝင်လာခဲ့သည်..။ နံနက် လေးနာရီ ထိုးလုပေပြီ.. ။ မြေပြင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏..။ ဟယ်ရီ အလောင်းတစ်ခုကို ငုံ့ကြည့်စစ်ဆေးနေသော နဗီးလ်အနားသို့ လျှောက်လာခဲ့သည်..။

"နဗီးလ်..."

"အံမယ်လေး ဟယ်ရီရယ်.. မင်းလုပ်တာနဲ့ ငါတော့ နှလုံးရောဂါ ရတော့မှာပဲ..."

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်၏..။ ထိုအကြံဉာဏ်မှာ ရုတ်ချည်း ထွက်ပေါ်လာခြင်းဖြစ်၏..။ သူ ထိုကိစ္စကို လုံးဝ သေချာသေချင်သည်..။ နဗီးလ်က သံသယ မကင်းစွာဖြင့်...

"မင်းတစ်ယောက်တည်း ဘယ်သွားမလို့လဲ..."

"ငါ့မှာ စီစဉ်စရာလေးတွေ ကျန်သေးလို့ပါ.. ငါ လုပ်စရာ တစ်ခုရှိတယ် နဗီးလ်.. သေချာ နားထောင်ထားစမ်းပါ..."

နဗီးလ်က ရုတ်တရက် အထိတ်တလန့်ဖြင့် ...

"ဟယ်ရီ.. မင်းကိုယ်မင်းတော့ သူတို့လက်အပ်လိုက်ဖို့ မစဉ်းစားပါဘူးနော်..."

"ဟင့်အင်း..."

ဟယ်ရီ လွယ်လွယ်ပင် ညာလိုက်၏..။

"မစဉ်းစားပါဘူး... တခြားကိစ္စပါ.. ဒါပေမယ့် ငါ ခဏ သွားစရာ ရှိတယ်.. ဗိုဒီမော့မှာ နာဂီနီလို့ ခေါ်တဲ့ မြွေကြီးတစ်ကောင်ရှိတာ သိသလား နဗီးလ်..."

"အင်း.. ငါကြားဖူးတယ်.. ဘာဖြစ်လို့လဲ..."

"အဲဒီ့မြွေကို မဖြစ်မနေ သတ်ရမယ်... ရွန်နဲ့ ဟာမီယွန်လည်း သိတယ်.. ဒါပေမယ့် သူတို့..."

တစ်ခုခုဖြစ်သွားလျှင် ဟူသော အတွေးကြောင့် သူ စကား ဆက်မပြောနိုင်တော့ချေ..။ သို့ရာတွင် သူ့ကိုယ်သူ အားတင်းလိုက်၏..။ ဒမ်ဘယ်လ်ဒိုးလိုပင် သူ ခေါင်းအေးအေး ထားရမည်..။ လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် အကူများ ထားခဲ့ရမည်..။ ဒမ်ဘယ်လ်ဒိုးမှာ သေသွားသော်လည်း ဝိညာဉ်ကိုယ်ပွားများ အကြောင်းသိသူ သုံးယောက်ကို ချန်ထားရစ်ခဲ့သည်..။

ယခုအခါတွင် နဗီးလ်ကို သူ့အစား ထားရစ်ခဲ့ရပေမည်..။ သို့မှသာ လျှို့ဝှက်ချက်ကိုသိသူ သုံးယောက် ကျန်ပေလိမ့်မည်..။

"အကယ်၍ သူတို့ မသတ်နိုင်ခဲ့လို့ရှိရင်.. ပြီးတော့ မင်းလည်း အခွင့်အရေး ရခဲ့မယ်ဆိုရင်..."

"မြွေကို သတ်ပေးရမယ်ပေါ့..."

"ဟုတ်တယ်.. မြွေကို သတ်ရမယ်..."

"ကောင်းပြီ ဟယ်ရီ.. ဒါနဲ့ မင်းနေကောင်းပါတယ်နော်..."

"ငါ ဘာမှ မဖြစ်ပါဘူး နဗီးလ်.. ကျေးဇူးပဲ..."

ဟယ်ရီ လှည့်ထွက်ရန် ပြင်ချိန်မှာပင် နဗီးလ်က သူ့လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက်ရင်း...

"ငါတို့ အားလုံး ဆက်ပြီး တိုက်ပွဲဝင်ကြမှာပဲ ဟယ်ရီ.. မင်းသိတယ် မဟုတ်လား..."

"အင်း.. ငါ..."

သူ့ရင်ထဲတွင် ရုတ်တရက် ဆို့တက်လာသဖြင့် စကားမဆက်နိုင်ချေ..။ နဗီးလ်ကမူ ထူးဆန်းသည်ဟု မယူဆပဲ ဟယ်ရီ့ပခုံးကိုသာ ပုတ်ကာ လက်လွှတ်လိုက်ပြီး နောက်ထပ်အလောင်းများကို ရှာဖွေရန် အဝေးသို့ ထွက်ခွာသွားတော့သည်..။

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ပြန်ခြုံကာ ဆက်လျှောက်လာခဲ့သည်..။ တစ်စုံတစ်ယောက်မှာလည်း မြေပြင်ပေါ်တွင် လဲကျနေသူများကို လိုက်လံစစ်ဆေးနေ၏..။ ပေ အနည်းငယ်အကွာသို့ ရောက်မှပင် ဂျင်းနီမှန်း သူ သတိပြုမိလိုက်သည်..။ သူ နေရာမှာပင် ရပ်တန့်နေမိသည်..။ ဂျင်းနီမှာ ဒဏ်ရာရထားသော မိန်းကလေး တစ်ယောက်အနားတွင် ထိုင်နေရင်း...

"ဘာမှ မဖြစ်တော့ဘူး.. ငါတို့ နင့်ကို အထဲပို့ပေးမယ်..."

"ဒါပေမယ့် ငါ အိမ်ကို ပြန်ချင်တယ်.. ဆက်ပြီး မတိုက်ခိုက်ချင်တော့ဘူး...."

"ငါသိပါပြီ.. အားလုံး အဆင်ပြေသွားမှာပါ..."

ဟယ်ရီ့စိတ်ထဲတွင် ရုတ်ချည်း ဂျင်းနီကို အော်ဟစ်ခေါ်လိုက်ချင်မိသည်..။ သူ ဤနေရာတွင် ရှိနေမှန်း သူမကို သိစေချင်၏..။ သူ သွားရမည့်နေရာကို သိစေချင်၏..။ သူ့ကို တားဆီးစေချင်သည်..။ အိမ်သို့ ပြန်ပို့ပေးစေချင်သည်..။

ဂျင်းနီမှာ ဒဏ်ရာရထားသော မိန်းကလေး၏ ဘေးတွင် ဒူးထောက်ထိုင်ရင်း သူမ၏လက်ကို ဆုပ်ကိုင်ထား၏..။ အလွန်အားတင်းကာ ဟယ်ရီ ခြေလှမ်းတို့ကို ပြန်စလိုက်သည်..။ သူ ဖြတ်ကျော်သွားခိုက်တွင် ဂျင်းနီတစ်ယောက် လှည့်ပတ်ကြည့်နေသည်ကို တွေ့ရ၏..။ သို့သော် စကားပြောရန်.. နောက်လှည့်ကြည့်ရန် မကြိုးစားပဲ ရှေ့သို့ ဆက်လျှောက်လာခဲ့သည်..။

ဟက်ဂရစ်၏ တဲအိမ်ကလေးမှာ အမှောင်ထုအောက်တွင် ငြိမ်သက်တိတ်ဆိတ်နေ၏..။ ဤတဲအိမ်ကလေးသို့ အလည်လာခဲ့ပုံများနှင့် အခြား အဖြစ်အပျက်များကို သူ့ခေါင်းထဲဝယ် အစီအရီ ပြန်မြင်လာ၏..။

သူ ဆက်လျှောက်လာခဲ့ရင်း တောအုပ်အစပ်သို့ ရောက်လာချိန်မှာပင် ရပ်တန့်လိုက်ရပြန်သည်..။ ဝိညာဉ်နှုတ်သတ္တဝါများမှာ သစ်ပင်များကြားဝယ် အုပ်စုလိုက် လှုပ်ရှားသွားလာနေကြ၏..။ သူတို့ထံမှ အေးစက်သော အငွေ့အသက်ကို သူ ခံစားနေရသည်..။ ဤအတိုင်း အန္တရာယ်ကင်းစွာ ဖြတ်သွားနိုင်မည်ဟု သူ မထင်ချေ..။

သို့ရာတွင် အစောင့်အရှောက်ဂါထာကို ရွတ်ရန် သူ့တွင် အင်အား မကျန်ချေ..။ သူ့တစ်ကိုယ်လုံး တုန်ခါနေမှုကို သူ မထိန်းနိုင်ချေ..။ တကယ်တမ်း သေရမည်ဆိုသောအခါ ရင်ဆိုင်ရန် ခက်ခဲလှ၏..။ သူ ဆက်၍မသွားချင်မှန်း ပို၍ပို၍သိလာ၏..။ သို့သော် မဖြစ်မနေ သူ ဆက်သွားရပေမည်..။ ရွှေဘောလုံးကို ဖမ်းမိပြီးချိန်ကဲ့သို့ ကစားပွဲကို အဆုံးသတ်ရမည့် အချိန်ပင်..။

ရွှေဘောလုံးဟု စဉ်းစားမိသည်နှင့် တုန်ရီနေသော လက်များဖြင့် လည်ပင်းတွင် ဆွဲထားသော အိတ်ထဲမှ ရွှေဘောလုံးကို ထုတ်ယူလိုက်သည်။

"အချိန်နီးရင် ပွင့်လိမ့်မည်..."

သူ အသက်ကို ပြင်းပြင်းနှင့် မြန်မြန်ရှူရင်းမှ စာကို ဖတ်ကြည့်လိုက်သည်။ အချိန်များကို တဖြည်းဖြည်း အကုန်မြန်သည်ဟု သူ ထင်လာမိသည်။ သူ သေဆုံးရန်အချိန်မှာ တဖြည်းဖြည်း နီးကပ်လာချေပြီ။ သူ ရွှေဘောလုံးကို နှုတ်ခမ်းများနှင့် ထိလိုက်ပြီး လေသံတိုးတိုးဖြင့်...

"ငါ သေရခါနီးပြီ..."

ရွှေဘောလုံးမှာ နှစ်ပိုင်းကွဲသွား၏။ သူ မှော်တောင်ဝှေးကို မြှောက်ရင်း ဂါထာရွတ်လိုက်၏...။

"လူးမို့စ်..."

အက်ကွဲနေသော အနက်ရောင် ကျောက်တုံးလေးမှာ ရွှေဘောလုံး အကွဲနှစ်ခုကြားဝယ် ရှိနေ၏။ သေရှာပြန်မှော်ကျောက်တုံးတွင်လည်း မှော်ဝင်ရတနာ အမှတ်အသားကို တွေ့မြင်လိုက်ရသည်။

ဟယ်ရီ နောက်ထပ်အချက်တစ်ချက်ကို ထပ်၍ နားလည်လိုက်ပြန်၏။ သူတို့ကို ပြန်ခေါ်ခြင်း မခေါ်ခြင်းမှာ သူ့အတွက် တကယ်တမ်း အရေးမပါတော့ချေ။ အကြောင်းမှာ သူကိုယ်တိုင် သူတို့နှင့် သွား၍ ပူးပေါင်းရတော့မည် ဖြစ်သည်။

သူ မျက်စိမှိတ်လိုက်ရင်း ကျောက်တုံးကို လက်နှင့် သုံးကြိမ် လှည့်လိုက်၏။ တစ်စုံတစ်ခု ထူးခြားမှု ရှိလာသည်ကို သူသိလိုက်၏။ သူ့အနီးပတ်ဝန်းကျင်ဝယ် ရွေ့လျားသံများကို ကြားလိုက်ရသည်။ သူ မျက်လုံးတို့ကို ဖွင့်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

သူတို့အားလုံးမှာ တစ္ဆေများ မဟုတ်ကြသလို လူသားစစ်စစ်လည်း မဟုတ်ကြချေ။ ဒိုင်ယာရီထဲမှ ထွက်လာသော ရစ်ဒယ်၏ ခန္ဓာကိုယ်နှင့် ခပ်ဆင်ဆင်တူ၏။ လူသားအစစ်လောက် မထင်ရှားသော်လည်း တစ္ဆေထက်လည်း အများကြီး ပိုမိုထင်ရှား၏။ အားလုံး သူ့ဆီသို့ ဦးတည်လာနေကြကာ မျက်နှာများတွင် အပြုံးကိုယ်စီကို တွေ့ရ၏။

ဂျိမ်းစ်မှာ ဟယ်ရီ့အရပ်လောက်ပင် မြင့်၏။ သူသေဆုံးချိန်က ဝတ်ခဲ့သော အဝတ်အစားများနှင့်ပင် ဖြစ်ပြီး သူ့ဆံပင်များမှာ ရှုပ်ပွကာ သပ်ရပ်မှု မရှိချေ...။ သူ့မျက်မှန်မှာ မစ္စတာဝီစလေ၏ မျက်မှန်နှင့် ဆင်ဆင်တူ၏။

ဆီးရီးယပ်စ်က အရပ်မြင့်မားကာ ခန့်ညားနေပြီး ဟယ်ရီ့ဘဝတွင် မြင်ဖူးသည်ထက် များစွာ ငယ်ရွယ်နေ၏..။ သူ့လက်နှစ်ဘက်ကို ဘောင်းဘီအိတ်ထဲ နှိုက်ထားရင်း ပြုံးနေ၏..။

လူပင်မှာလည်း ခပ်ငယ်ငယ်အရွယ်ပင်ဖြစ်ကာ ပိုပိန်ပြီး ဆံပင်များမှာ ပို၍ နက်မှောင်နေ၏..။ သူ့ကိုကြည့်ရသည်မှာ သူငယ်ချင်းများနှင့် ပြန်တွေ့ရသည့်အတွက် ဝမ်းသာနေပုံရသည်..။

လီလီ့အပြုံးမှာ အားလုံးထဲတွင် အတောက်ပဆုံးပင်..။ သူမက ဆံပင်များကို နောက်သို့ သပ်တင်ကာ သူ့အနီးသို့ ချဉ်းကပ်လာရင်း သူ့မျက်နှာများနှင့် လွန်စွာဆင်တူသည့် အစိမ်းရောင်မျက်လုံးများနှင့် သူ့မျက်နှာကို အငမ်းမရ ငေးကြည့်နေ၏...။

"သား အရမ်း သတ္တိရှိတာပဲ..."

သူ စကားမပြောနိုင်ချေ..။ သူမ၏ မျက်နှာကိုသာ ငေးကြည့်နေမိ၏..။ သူမ၏ မျက်နှာကိုသာ တစ်သက်လုံး ငေးကြည့်နေရလျှင် သူ့အတွက် ပြည့်စုံလုံလောက်ပြီဟု တွေးနေမိသည်..။ ဂျိမ်းစ်က...

"မင်းရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ကာနီးပြီ ငါ့သား.. အရမ်း နီးနေပြီ.. ငါတို့အားလုံး မင်းအတွက် အရမ်း ဂုဏ်ယူတာပဲ..."

"အဲဒါ အရမ်း နာမှာလားဟင်...."

ကလေးအလွန်ဆန်သော မေးခွန်းတစ်ခုကို ဟယ်ရီ မေးလိုက်မိသည်..။ ဆီးရီးယပ်စ်က...

"သေတာလား.. လုံးဝပဲ . .. အိပ်ပျော်သွားတာထက်တောင်မှ မြန်ပြီး လွယ်ကူသေးတယ်..."

လူပင်က...

"သူကလည်း ဒါကို မြန်မြန်ပဲ ပြီးစေချင်မှာပဲ..."

ဟယ်ရီက...

"ကျွန်တော် ခင်ဗျားကို မသေစေချင်ပါဘူး... တစ်ယောက်ကိုမှ မသေစေချင်ပါဘူး.. ကျွန်တော် တကယ် စိတ်မကောင်းဘူး..."

သူက အားလုံးထက်ပင် လူပင့်ကို ဦးတည်၍ ပြောလိုက်သည်..။

"ရေးမတ်စ် ကလေးရပြီးပြီးချင်း အချိန်မှာမှ .. ကျွန်တော် တကယ့်ကို စိတ်မကောင်းပါဘူး..."

လူပင်က...

"ငါလည်းပဲ စိတ်မကောင်းပါဘူး... ငါ သူ့ကို ဘယ်တော့မှ သိခွင့်မရှိတော့ဘူး... ဒါပေမယ့် ငါ ဘာကြောင့် သေခဲ့သလဲဆိုတာ သူ နားလည်နိုင်ပါလိမ့်မယ်.. သူ ပျော်ပျော်ရွှင်ရွှင် နေနိုင်ဖို့.. လောကကို တည်ဆောက်ပေးဖို့ ကြိုးစားပေးခဲ့တာပဲ..."

တောအုပ်ထဲမှ လေအေးတစ်ချက်က သူ့ကို ဖော့ယမ်းတိုက်ခတ်သွား၏..။ သူတို့အားလုံး သူ့ကို သွားရန် တိုက်တွန်းမည် မဟုတ်မှန်း ဟယ်ရီ သိ၏..။ သူ၏ ဆုံးဖြတ်ချက်သာလျှင် အဓိကပင်..။

"ကျွန်တော့်အနားမှာ နေကြမယ် မဟုတ်လား..."

ဂျိမ်းစ်က...

"နောက်ဆုံးအချိန်အထိပေါ့..."

"သူတို့ အဖေတို့ကို မမြင်နိုင်ဘူးလား..."

ဆီးရီးယပ်စ်က...

"ငါတို့က မင်းရဲ့ အစိတ်အပိုင်းတစ်ခုပဲ.. တခြား ဘယ်သူမှ မမြင်နိုင်ဘူး..."

ဟယ်ရီ သူ့အမေကို ကြည့်လိုက်ရင်း...

"ကျွန်တော့်အနားမှာ နေပါ..."

ထို့နောက် သူ ဆက်လျှောက်လာခဲ့သည်..။ ဝိညာဉ်နှုတ်သတ္တဝါများထံမှ အအေးဓာတ်မှာ သူ့ဆီ ရောက်မလာတော့ပေ..။ သူ့အဖော်များနှင့် ဖြတ်ကျော်လာခဲ့ရာ သူတို့က သူ့အား အစောင့်အရှောက်သဖွယ် ကာကွယ်ပေးကြ၏..။

အတူတကွပင် သူတို့ တောနက်ထဲသို့ တိုးဝင်ခဲ့ကြသည်..။ ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း တောအုပ်ထဲသို့ ပို၍နက်ရှိုင်းစွာ တိုးဝင်လာခဲ့သည်..။ ဗိုဒီမော့ မည်သည့်နေရာတွင် ရှိမည်မှန်း သူ မသိသော်လည်း ရှာဖွေ၍ တွေ့လိမ့်မည်ဟု ယုံကြည်နေ၏..။ သူ့ဘေးတွင် ဂျိမ်းစ် ဆီးရီးယပ်စ် လူပင်နှင့် လီလီတို့ လိုက်ပါလာခြင်းက သူ့အတွက် အလွန်ပင် သတ္တိဖြစ်စေ၏..။

သူ့ဘေးတွင် လျှောက်၍ လိုက်ပါလာသော သေဆုံးပြီးသူများနှင့် သူ ပို၍ရင်းနှီးလာသလို ခံစားရ၏..။ ရဲတိုက်တွင် ကျန်ရစ်ခဲ့သော ရွန် ဟာမီယွန် ဂျင်နီနှင့် အခြားသူများမှာ သူနှင့် ဘဝခြားသွားသလိုပင်..။ ဗိုဒီမော့ဆီ ရောက်သည်နှင့် သူ့သက်တမ်းမှာ ကုန်ဆုံးရပေတော့မည်..။

ရုတ်တရက် တီးတိုးစကားပြောသံနှင့် လှုပ်ရှားသံများကြားရ၍ ဟယ်ရီ ရပ်တန့်လိုက်သည်..။ သူ့အဖေ အမေ ဆီးရီးယပ်စ်နှင့် လူပင်တို့ပါ ရပ်တန့်လိုက်ကြ၏..။ ခပ်ကြမ်းကြမ်း အသံတိုးတိုးတစ်သံက...

“တစ်ယောက်ယောက် ဒီနားမှာ ရှိတယ်.. ကိုယ်ပျောက်ဝတ်ရုံများ ခြုံထားသလား မသိဘူး...”

အနီးရှိ သစ်ပင်တစ်ပင်အကွယ်မှ လူနှစ်ယောက် ထွက်လာ၏..။ သူတို့၏ မှော်တောင်ဝှေးများဖြင့် အလင်းရောင်ကို ဖန်ဆင်းထားကြသဖြင့် ရက်ဇ်လေနှင့် ဒိုလိုဟော့မုန်း တွေ့လိုက်ရသည်..။ သူတို့မှာ ဟယ်ရီ တို့ဘက်သို့ တည့်တည့် ကြည့်နေသော်လည်း ဘာကိုမှ မြင်နိုင်ပုံမရချေ..။ ရက်ဇ်လေက..

“တစ်ခုခု ကြားလိုက်တာတော့ သေချာတယ်.. တိရစ္ဆာန် တစ်ကောင်ကောင်လို့ မင်းထင်သလား...”

ရက်ဇ်လေက နာရီကိုကြည့်ရင်း...

“အချိန်စေ့တော့မယ် .. ပေါ်တာလာမယ် မထင်တော့ဘူး...”

“သူက လာမယ်လို့ သေချာ တွက်ထားတာ.. သိပ်ပျော်နိုင်မယ် မထင်ဘူး...”

“အမြန်ပြန်ကြစို့.. နောက်ထပ် ဘယ်လိုစီစဉ်မယ် မသိဘူး...”

သူတို့နှစ်ယောက် တောနက်ထဲသို့ လှည့်ဝင်သွားကြသည်..။ ဟယ်ရီ သူတို့နောက်မှ လိုက်ပါသွား၏..။ သူ ဘေးသို့ တစ်ချက်ကြည့်လိုက်သည်..။ သူ့အမေက သူ့အား ပြုံးပြလိုက်ပြီး အဖေက အားပေးသလို ခေါင်းတစ်ချက် ညိတ်ပြ၏..။

မိနစ်ပိုင်းမျှ လျှောက်လာကြပြီးနောက် ရှေ့တွင် အလင်းရောင်ကို ဟယ်ရီ တွေ့လိုက်ရသည်..။ ထိုနေရာမှာ တစ်ချိန်က ပင့်ကူကြီး အာရာဂေါ့၏ နေရာမှန်း ဟယ်ရီ မှတ်မိလိုက်၏..။ သူတို့၏ အကြွင်းအကျန် ပင့်ကူအိမ်များကို တွေ့နေရသေးသော်လည်း ပင့်ကူမျိုးဆက်များကိုမူ ဒက်အိတာများက မောင်းထုတ်လိုက်ပြီး ဖြစ်ပုံရသည်..။

မြေကွက်အလယ်တွင် မီးပုံတစ်ခုရှိပြီး မီးတောက်သံမှအပ ပတ်ဝန်းကျင်ရှိ လူအားလုံးမှာ တိတ်ဆိတ်နေ၏..။ ဒက်အိတာအချို့မှာ ယခုထိ မျက်နှာဖုံးများ စွပ်ထားကြဆဲဖြစ်ပြီး အချို့မှာမူ မျက်နှာများကို ဖော်ထားကြသည်..။

ဘီလူးနှစ်ကောင်မှာ လူအုပ်စု၏ အစွန်တွင် ထိုင်နေပြီး သူတို့၏မျက်နှာများမှာ ရက်စက်ကြမ်းကြုတ်လှသည်..။ လူးစီးယပ်စ်မယ်လ်ဖွိုင်းမှာ အလွန် စိတ်ပျက်ကာ ကြောက်ရွံ့နေပုံရပြီး နာဆစ်ဆာမှာ မျက်တွင်းများ ချိုင့်ဝင်နေ၏..။

အားလုံး ဗိုဒီမော့ကိုသာ စိုက်ကြည့်နေကြ၏..။ သူက ခေါင်းငိုက်စိုက်ချကာ မတ်တတ်ရပ်ရင်း လက်ထဲဝယ် သေမင်းမှော်တောင်ဝှေးကို ကိုင်ဆောင်ထား၏..။ ဟယ်ရီ အစွန်အဖျားတွင် ရပ်ရင်း ထိုမြင်ကွင်းကို ငေးကြည့်နေမိ၏..။ ဗိုဒီမော့နောက်တွင် နာဂီနီမှာ မှော်ပညာဖြင့် ဖန်တီးထားသော လှောင်ချိုင့်ထဲတွင် ရှိနေဆဲပင်...။

ဒိုလိုဟော့နှင့် ရက်ဖ်လေတို့ လူအုပ်ထဲဝင်လိုက်ချိန်ဝယ် ဗိုဒီမော့က မော့ကြည့်လိုက်၏..။ ဒိုလိုဟော့က...

"သူ့ကို လုံးဝ မတွေ့ရပါဘူး သခင်..."

ဗိုဒီမော့၏ အမူအရာမှာ လုံးဝ ပြောင်းလဲမသွားချေ..။ သူ့အနီရောင် မျက်လုံးများမှာ မီးရောင်အောက်ဝယ် လောင်ကျွမ်းနေကြသလိုပင်..။ သူက ဖြည်းညင်းစွာပင် သေမင်းမှော်တောင်ဝှေးကို မြှောက်လိုက်သည်..။

"သခင်..."

ဘဲလ်ထရစ်က စကားစလိုက်သည်..။ သူမ၏ မျက်နှာတွင် သွေးစသွေးနများကို တွေ့ရသော်လည်း ဆိုးဆိုးဝါးဝါး ဒဏ်ရာ ရှိပုံမရချေ...။

ဗိုဒီမော့က လက်တစ်ဘက်မြှောက်ကာ သူမကို တိတ်တိတ်နေရန် တားဆီးလိုက်၏..။ သူမမှာ စကားမဆက်တော့သော်လည်း သူ့ကို အံ့ဩသလို ကြည့်နေ၏..။ ဗိုဒီမော့က သူ၏ အေးစက်စက်လေသံဖြင့်...

"ငါ သူလာလိမ့်မယ်လို့ ထင်ခဲ့တယ်.. မျှော်လင့်ခဲ့တယ်..."

မည်သူမှ စကားမဆိုဝံ့ချေ...။ သူတို့အားလုံးလည်း ဟယ်ရီ့လိုပင် ကြောက်ရွံ့နေကြဟန်တူ၏..။ ယခုအခါတွင် သူ့နှလုံးသားမှာ ထွက်ကျလုမတတ် ခုန်နေ၏..။ သူ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ကာ သူ၏ မှော်တောင်ဝှေးနှင့် အတူ အင်္ကျီရင်ဘတ်ထဲသို့ ထိုးထည့်သိမ်းဆည်းလိုက်သည်..။ သူ လုံးဝ ရင်ဆိုင် တိုက်ခိုက်ချင်စိတ် မရှိပေ..။ ဗိုဒီမော့က..

"ကြည့်ရတာ..ငါ .. မှားသွားပုံပဲ..."

“ခင်ဗျား .. မမှားပါဘူး…”

ဟယ်ရီ သူ့ထံတွင် ကျန်ရစ်သမျှ ခွန်အားကို စုစည်းကာ ကျယ်နိုင်သမျှ ကျယ်အောင် အော်ပြောလိုက်သည်..။ သူ့အသံတွင် ကြောက်ရွံ့သံ မပါစေလိုပေ..။ သေရှာပြန်မှော်ကျောက်တုံးမှာ သူ၏ ထုံကျဥ်နေသော လက်များထဲမှ လျှောကျသွားပြီးနောက် သူ့အမေ အမေ ဆီးရီးယပ်စ်နှင့် လူပင်တို့ ပျောက်ကွယ်သွားသည်ကို သူ့မျက်လုံးထောင့်စွန်းမှ မြင်လိုက်ရသည်..။

ထိုအခိုက်အတန့်မှာပင် သူ ဗိုဒီမော့မှလွဲ၍ ဘာကိုမှ မမြင်ချေ..။ ဤကိစ္စမှာ သူတို့နှစ်ယောက်ကိစ္စသာ ဖြစ်သည်..။ ဘီလူးများက အော်ဟစ်လိုက်ကြပြီး ဒက်အိတာများက နေရာမှ ထရပ်လိုက်ကြသည်..။ အော်ဟစ်သံများ အာမေဍိတ်သံ များသာမက လှောင်ရယ် ရယ်သံများကိုပါ ကြားလိုက်ရသည်..။

ဗိုဒီမော့မှာ သူ မတ်တတ်ရပ်နေသော နေရာ၌ပင် ငြိမ်သက်နေသော်လည်း သူ့ထံသို့ ဟယ်ရီ လျှောက်လာသည်ကို ကြည့်နေ၏..။ နောက်ဆုံးတွင် သူတို့ နှစ်ယောက်ကြားဝယ် မီးပုံသာ ကျန်တော့၏..။ ထိုအခိုက်မှာပင် အော်ဟစ်သံတစ်သံကို ကြားလိုက်ရသည်..။

“ဟယ်ရီ.. မလုပ်နဲ့…”

သူ လှည့်ကြည့်လိုက်ရာ အနီးရှိ သစ်ပင်တစ်ပင်တွင် ချည်နှောင်ခံထားရသော ဟက်ဂရစ်ကို တွေ့လိုက်ရ၏..။ ဟက်ဂရစ်က ရုန်းထွက်ရန် ကြိုးစားနေသောကြောင့် သစ်ကိုင်းများမှာ လှုပ်ခါနေ၏..။

“မလာနဲ့ ဟယ်ရီ.. မလာနဲ့.. မင်းဘာလုပ်…”

“တိတ်စမ်း…”

ရိုလီက အော်ဟစ်ရင်း သူ့မှော်တောင်ဝှေးကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ ဟက်ဂရစ်မှာ တိတ်ဆိတ်သွားတော့သည်..။

ဘဲလ်ထရစ်က ဟယ်ရီနှင့် ဗိုဒီမော့တို့အား စိတ်လှုပ်ရှားစွာ ကြည့်နေ၏..။ လှုပ်ရှားနေသော အရာဟူ၍ မီးတောက်များနှင့် စက်လုံးသဏ္ဌာန်လှောင်ချိုင့်ထဲမှ မြွေတို့သာ ရှိသည်..။

သူ့ရင်ဘတ်ထဲတွင် ထည့်ထားသော မှော်တောင်ဝှေးကို ဟယ်ရီ သတိရသော်လည်း ဆွဲထုတ်ရန် မကြိုးစားချေ..။ မြွေကြီးမှာ ကောင်းစွာ ကာကွယ်ထားပြီး သူသာ မှော်တောင်ဝှေးဖြင့် နာဂီနီကို ချိန်မိလျှင် ဒက်အိတာ အယောက်ငါးဆယ်ထံမှ ကျိန်စာ အခုငါးဆယ်က သူ့ကို အရင် ထိမှန်ပေလိမ့်မည်..။

ဗိုဒီမော့နှင့် ဟယ်ရီတို့မှာ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြဆဲပင်..။ ဗိုဒီမော့မှာ ခေါင်းကို အနည်းငယ်စောင်းငဲ့ရင်း သူ့ရှေ့ရှိ ကောင်လေးကို ကြည့်ကာ ပြုံးလိုက်၏..။

"ဟယ်ရီပေါ်တာ..."

သူ့အသံမှာ အလွန်ပင် ညင်သာလှ၏..။

"အသက်ရှင်ကျန်ခဲ့တဲ့ ကောင်ကလေးတဲ့လား..."

ဒက်အိတာတစ်ယောက်မှ မလှုပ်ရှားကြချေ..။ သူတို့အားလုံး စောင့်မျှော်နေကြ၏..။ ဟက်ဂရစ်က အပြင်းအထန် ရုန်းကန်နေ၏..။

ဟယ်ရီ့အတွေးထဲတွင် ဂျင်းနီက ရုတ်တရက် ဝင်ရောက်လာ၏..။

ဗိုဒီမော့က သူ၏ မှော်တောင်ဝှေးကို မြှောက်လိုက်သည်..။ သူ့တွင် ဘာဆက်ဖြစ်မလာလဲဆိုသည်ကို သိချင်စိတ် ပြင်းပြနေပုံပင်..။ ဟယ်ရီ အနီရောင် မျက်လုံးများကို စိုက်ကြည့်ရင်း သူ လျင်မြန်စွာ ကိစ္စအားလုံးကို ပြီးသွားစေချင်မိသည်..။ အချိန်ကြာလာလျှင် ကြောက်ရွံ့မှုက သူ့သတ္တိကို အနိုင်ယူသွားနိုင်၏..။

ဗိုဒီမော့၏ ပါးစပ် လှုပ်သွားပြီး အစိမ်းရောင် အလင်းတန်းများကို မြင်လိုက်ရသည်..။ ထို့နောက်တွင် ဟယ်ရီ ့အတွက် အရာအားလုံး မှောင်အတိ ကျသွားတော့သည်..။

## ၃၅။ ကင်းခရော့စ်ဘူတာရုံ

ဟယ်ရီ မှောက်လျှက်လဲကျရင်း ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်ကို သတိထားမိလိုက်သည်..။ သူတစ်ယောက်တည်းဖြစ်ပြီး သူ့ကို မည်သူမျှ စောင့်ကြည့်မနေပေ..။ သူ့ကိုယ်သူပင် မည်သည့်နေရာရောက်နေမှန်း သေချာမသိပေ..။

အချိန်အလွန်ကြာသွားချိန်တွင် သူ့ကိုယ်သူ သတိထားမိလာ၏..။ သူ ကြမ်းပြင်တစ်ခုပေါ်ဝယ် တကယ်ပင် လဲလျောင်းနေခြင်း ဖြစ်သည်..။ ထို့ကြောင့် သူ့ထံတွင် ထိခြင်းကိုသိသည့်ခံစားချက် ရှိသည်မှာ သေချာသည်..။ သူနှင့် ထိနေသော ကြမ်းပြင် ရှိနေသည်မှာလည်း သေချာသည်..။

ထိုကဲ့သို့ သူ တွက်ချက်မိသည်နှင့် သူ့ခန္ဓာကိုယ်တွင် အဝတ်အစား လုံးဝမရှိမှန်း ဟယ်ရီ သတိထားမိလိုက်သည်..။ သူ တစ်ယောက်တည်း ရှိမှန်း သေချာသည့်အတွက် ထိုအချက်မှာ ပြဿနာ မဟုတ်ပေ..။ သူ ဘယ်နေရာ ရောက်နေသလဲဟု စဉ်းစားနေမိသည်..။ သူ့တွင် ထိမှုကိုသိသော

ခံစားချက် ရှိလျှင် သူ့တွင် မြင်နိုင်သော အစွမ်းလည်း ရှိရပေမည်..။ သူ့မျက်လုံးများကို ဖွင့်ကြည့်လိုက်၏..။ သူ ကောင်းစွာ မြင်နိုင်၏..။

လင်းလက်နေသော မြူနှင်းများကြားဝယ် သူ လဲလျောင်းလျှက် ရှိနေ၏..။ သို့ရာတွင် ထိုကဲ့သို့သော မြူနှင်းမျိုးကို သူတစ်ခါမှ မတွေ့ဖူးခဲ့ချေ..။ ဘေးပတ်ဝန်းကျင်၌မူ မည်သည့်မြူနှင်းမှ မရှိချေ..။ သူ လဲလျောင်းနေသော ကြမ်းခင်းမှာ အဖြူရောင်ဖြစ်ပြီး ပူခြင်းအေးခြင်း ကင်းရှင်းနေသည်..။

သူ ထရပ်လိုက်သည်..။ သူ့ခန္ဓာကိုယ်တွင် ခြစ်ရာရှရာလေးပင် မရှိပေ..။ သူ့မျက်နှာကို သူ စမ်းကြည့်လိုက်၏..။ သူ့မျက်မှန်ကို မတွေ့ရပေ..။ ထိုအချိန်မှာပင် ဆူညံသံတစ်ခုကို ဟယ်ရီ ကြားလိုက်ရသည်..။

တစ်စုံတစ်ခုမှာ ရုန်းကန်ထွက်ရန် ကြိုးနေပုံရသည်..။ ထိုအသံများမှာ သနားစရာကောင်းနေသလိုပင်..။ သူ့ကိုယ်သူ ရှက်စရာကောင်းသည်ဟု ဟယ်ရီ ထင်လိုက်မိကာ ပထမဆုံးအကြိမ်အဖြစ် သူ အဝတ်အစားများကို တောင့်တလိုက်သည်...။

သူ့စိတ်ထဲမှ တောင့်တလိုက်သည်နှင့် မလှမ်းမကမ်းတွင် အဝတ်အစားများ ပေါ်လာ၏..။ သူ အဝတ်အစားများကို ယူဝတ်လိုက်သည်..။ အဝတ်အစားများမှာ သန့်ရှင်းနေပြီး နူးညံ့ကာ နွေးထွေးမှု ရှိ၏..။ သူလိုချင်သောအချိန်တွင် ယခုကဲ့သို့ ပေါ်လာသည်မှာ ထူးဆန်းသည်ဟု ဟယ်ရီ ထင်မိသည်..။

သူ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်..။ လိုတရ အခန်းထဲတွင် ရောက်နေသလားဟု သူ တွေးမိသည်..။ သူ သေချာကြည့်လေလေ အရာဝတ္ထုများကို ထပ်မြင်လေပင် ဖြစ်သည်..။ သူ့အပေါ်၌ အခုံးသဏ္ဍာန် ဖန်အမိုးကို နေရောင်အောက်တွင် တောက်ပနေသည်ကို တွေ့ရ၏..။ နန်းတော်တစ်ခုအတွင်း၌လားဟု သူ တွေးမိပြန်၏..။ သို့ရာတွင် အနီးအနားမှာပင် ထုဖဲ့ရိုက်နှက်ကာ လွတ်မြောက်အောင် ကြိုးစားနေသော အသံများကို မြူနှင်းများကြား၌ ကြားနေရ၏..။

ဟယ်ရီ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ပို၍ ရှင်းလင်းစွာ မြင်လာရသည်..။ အလွန်ကျယ်သော နေရာတစ်ခုဖြစ်ပြီး ရှင်းလင်းကာ အလင်းရောင်များ တောက်ပနေ၏...။ လူသူ လုံးဝ ကင်းရှင်းနေ၏..။ သူတစ်ယောက်တည်းသာ ရှိပြီး တခြားအရာဆို၍...

ဟယ်ရီ နောက်ပြန်လှည့်ကြည့်လိုက်သည်..။ ဆူဆူညံညံ အသံများ ထွက်နေသော အရာကို သူ မြင်လိုက်ရသည်..။ ကိုယ်တုံးလုံးနှင့် ကလေးငယ်လေး တစ်ယောက်ဖြစ်ပြီး မြေပြင်ပေါ်ဝယ် လဲကျနေ၏..။ သူ၏ အရေပြားမှာ ကြမ်းတမ်းလှသည်..။ ထိုင်ခုံတစ်လုံးအောက်ဝယ် လဲကျနေပြီး စွန့်ပစ်ခံထားရခြင်း ဖြစ်ပုံရကာ အသက်ကို ကြိုးစားပမ်းစား ရှူနေ၏..။

သူ ထိုကလေးအား ကြောက်ရွံ့မိသလိုပင်..။ သေးငယ်ကာ ဒဏ်ရာ ရနေဟန်တူသော်လည်း သူ အနီးသို့ မကပ်ချင်ပေ..။ သို့ရာတွင် သူ တဖြည်းဖြည်း အနီးသို့ တိုးကပ်သွားမိ၏..။ အချိန်မရွေး

နောက်ဆုတ်ပြေးနိုင်ရန် ပြင်ထား၏..။ နောက်ဆုံးတွင် သူ့လက်တစ်ကမ်းအကွာသို့ ရောက်လာခဲ့သည်..။ သို့ရာတွင် သူ မထိရဲမကိုင်ရဲသေးပေ..။ သူ ထိုအရာကို နှစ်သိမ့်ရန် ကြိုးစားချင်သော်လည်း မအောင်မြင်ချေ..။

"မင်း ကယ်လို့ မရနိုင်ဘူး..."

သူလှည့်ကြည့်လိုက်၏..။ အဲဇက်စ်ဒမ်ဘယ်လ်ဒိုးမှာ သူ့ဆီသို့ လျှောက်လှမ်းလာနေ၏..။ အပြာရောင်ရင့်ရင့် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်..။

"ဟယ်ရီ..."

သူက လက်နှစ်ဘက်ကို ဆန့်တန်းလိုက်၏..။ သူ၏ လက်များမှာ ဖြူဖွေးနေပြီး လုံးဝ ဒဏ်ရာဒဏ်ချက် မရှိချေ...။

"မင်းက တကယ်တော်တဲ့ ကောင်လေးပဲ.. အင်မတန်လည်း ရဲရင့်ပါပေရဲ့.. ငါတို့ စကားပြောကြရအောင်လား..."

ဟယ်ရီ တအံ့တသြနှင့်ပင် ဒမ်ဘယ်လ်ဒိုး၏ အနောက်မှ လိုက်ခဲ့ရင်း ညည်းညူနေသော ကလေးနှင့် ဝေးကွာသွား၏..။ ထိုနေရာတွင် ထိုင်ခုံနှစ်လုံး ရှိနေပြီး အလင်းရောင်ရသော နေရာ၏ ခပ်လှမ်းလှမ်းတွင် ရှိနေသဖြင့် ယခင်က ဟယ်ရီ သတိမပြုမိခဲ့ချေ...။

ဒမ်ဘယ်လ်ဒိုးက ထိုင်ခုံတစ်လုံးတွင်ထိုင်ကာ ဟယ်ရီက အခြားတစ်လုံးတွင် ထိုင်ရင်း ကျောင်းအုပ်ကြီး၏ မျက်နှာကို ငေးကြည့်နေမိသည်..။ ဒမ်ဘယ်လ်ဒိုး၏ ငွေရောင်ဆံပင်ရှည်များနှင့် မုတ်ဆိတ်များ.. သူ့ကို ဖောက်ထွင်းလုမတတ်ကြည့်နေသော အပြာရောင် မျက်လုံးများနှင့် ခပ်ကောက်ကောက် နှာခေါင်း.. အားလုံးမှာ သူမြင်ဖူး မှတ်မိခဲ့ဖူးသည့် အတိုင်းပင်..။ သို့သော်လည်း...

"ပရော်ဖက်ဆာက သေပြီ မဟုတ်လား..."

ဒမ်ဘယ်လ်ဒိုးက...

"အင်း... ဟုတ်တယ်လေ.. "

"ဒါဆိုရင် ကျွန်တော်လည်း သေပြီပေါ့... ဟုတ်လား..."

ဒမ်ဘယ်လ်ဒိုးက အားပါးတရ ပြုံးလိုက်ရင်း...

"ဒီမေးခွန်းကို ဖြေရမယ်ဆိုရင် ငါကတော့ မသေသေးဘူးလို့ ထင်တာပဲ.."

"မသေးသေးဘူး.. ဟုတ်လား..."

"ဟုတ်တယ်.. မသေသေးဘူး..."

"ဒါပေမယ့်..."

ဟယ်ရီ အမှတ်မထင် သူ့နဖူးမှ အမာရွတ်ကို စမ်းကြည့်လိုက်သော်လည်း သူ့အမာရွတ်မှာ ပျောက်ကွယ်နေ၏..။

"ကျွန်တော်က သေရမှာလေ.. ကျွန်တော် ကိုယ့်ကိုယ်ကို လုံးဝ မကာကွယ်ခဲ့ဘူး.. သူ့ကို သတ်ခွင့်ပေးခဲ့တာပဲ..."

ဒမ်ဘယ်လ်ဒိုးက...

"ဒါကြောင့် မို့လို့ပဲ ကွဲပြားခြားနားတဲ့ အဖြစ်အပျက်တွေ ဖြစ်လာတာပေါ့..."

ဒမ်ဘယ်လ်ဒိုးကို ကြည့်ရသည်မှာ အလွန်ပျော်ရွှင်နေပုံရသည်..။ သူ့တစ်သက်တွင် ဒမ်ဘယ်လ်ဒိုး ထိုမျှ ကျေနပ်ပျော်ရွှင်နေသည်ကို မမြင်ဖူးခဲ့ချေ...။

ဟယ်ရီက...

"ကျွန်တော့်ကို ရှင်းပြပါ..."

ဒမ်ဘယ်လ်ဒိုးက လက်မနှစ်ဘက်ကို လှည့်ပတ်ကစားရင်း...

"ဒါပေမယ့် မင်းသိပြီးသားပဲ..."

ဟယ်ရီက...

"ကျွန်တော် သူ့ကို သတ်ခွင့်ပေးခဲ့တယ်.. ဟုတ်တယ် မဟုတ်လား..."

ဒမ်ဘယ်လ်ဒိုးက ခေါင်းညိတ်ရင်း...

"ဟုတ်တယ် .. ဆက်ပြောစမ်းပါဦး..."

"ကျွန်တော့် ခန္ဓာကိုယ်ထဲမှာရှိတဲ့ သူ့ရဲ့ ဝိညာဉ်အစိတ်အပိုင်းက…"

ဒမ်ဘယ်လ်ဒိုးက ခေါင်းကို ဆက်တိုက်ညိတ်ရင်း ဟယ်ရီ့ကို ဆက်ပြောရန် အားပေးသလို ပြုံးပြနေ၏။

"ပျောက်ကွယ်သွားပြီလား…"

ဒမ်ဘယ်လ်ဒိုးက…

"အိုး… ဟုတ်တာပေါ့… သူကိုယ်တိုင် ဖျက်ဆီးပစ်လိုက်ပြီပဲ… အခုဆိုရင် မင်းရဲ့ ဝိညာဉ်တစ်ခုပဲ ကျန်တော့တယ် ဟယ်ရီ…"

"ဒါဆိုရင်…"

ဟယ်ရီ အနောက်သို့လှည့်ကာ ကုလားထိုင်အောက်မှ တုန်ရီနေသော ခပ်သေးသေး သတ္တဝါလေးကို ကြည့်ရင်း…

"အဲဒါက ဘာလဲ ပရော်ဖက်ဆာ…"

"ငါတို့ ဘယ်လိုမှ ကူညီကယ်တင်လို့ မရတော့တဲ့ သတ္တဝါပေါ့…"

"ဒါပေမယ့် ဗိုဒီမော့က သေမင်းတမန်ကျိန်စာကို သုံးတယ်… ပြီးတော့ ဒီတစ်ခါ ဘယ်သူမှ ကျွန်တော့်အတွက် သေမပေးဘူး… ကျွန်တော်က ဘယ်လိုလုပ် အသက်ရှင်နေနိုင်တာလဲ…"

ဒမ်ဘယ်လ်ဒိုးက…

"မင်းသိမယ်လို့ ငါထင်တယ်… ပြန်စဉ်းစားကြည့်စမ်းပါ… သူ ဘာတွေ လုပ်ခဲ့သလဲ… ဘာတွေကို ဥပေက္ခာပြုခဲ့သလဲ… လောဘတကြီးနဲ့ ဘာတွေကို ရက်စက်ခဲ့သလဲ…"

ဟယ်ရီ စဉ်းစားရင်း ပတ်ဝန်းကျင်ကို ငေးကြည့်နေမိသည်။ ဤနေရာမှာ ထူးဆန်းလှသည်။ ဟိုနေရာ ဒီနေရာတွင် ရထားလမ်းများကို တွေ့နေရသော်လည်း ဒမ်ဘယ်လ်ဒိုး သူနှင့် သတ္တဝါလေးတို့မှအပ အခြားသက်ရှိများကို မတွေ့ရပေ။ ထိုအချိန်မှာပင် သူ့ပါးစပ်ထဲသို့ အဖြေမှာ အလိုအလျောက် ရောက်လာ၏။

"သူ ကျွန်တော့်သွေးကို ယူထားတယ်…"

"အသေအချာပဲ.. မင်းရဲ့သွေးကို ယူသုံးပြီး သူ့ရဲ့ လက်ရှိ ခန္ဓာကိုယ်ကို ပြန်တည်ဆောက်ခဲ့တယ်.. မင်းရဲ့သွေးတွေ သူ့ခန္ဓာကိုယ်ထဲမှာ စီးဆင်းနေတယ်.. လီလီ့ရဲ့ အကာအကွယ်ဟာ မင်းတို့နှစ်ယောက်လုံးရဲ့ ကိုယ်ထဲမှာ ရှိနေတယ်.. သူ အသက်ရှင်နေသရွေ့ မင်းအသက်ရှင်နေမှာပဲ..."

"သူ အသက်ရှင်နေသရွေ့ ကျွန်တော် အသက်ရှင်နေမယ်.. ဒါပေမယ့် ကျွန်တော်က ဒီလို မထင်ဘူး.. တစ်ဘက်က ပြန်ကြည့်ရင် နှစ်ယောက်စလုံး သေရမှာပဲ မဟုတ်လား.. ဒီနှစ်ခုက အတူတူပဲ မဟုတ်လား..."

ထိုအချိန်မှာပင် ထိုင်ခုံအောက်မှ သတ္တဝါ၏ ညည်းညူသံကို ကြားရ၍ ဟယ်ရီ တစ်ချက် လှည့်ကြည့်လိုက်မိသည်..။

"ကျွန်တော်တို့ တကယ်ပဲ ဘာမှ လုပ်မပေးနိုင်ဘူးလား..."

"ဘယ်လိုမှ ကူညီဖို့ မဖြစ်နိုင်ဘူး..."

"ဒီလိုဆို များများထပ်ပြီး ရှင်းပြပါဦး..."

ဒမ်ဘယ်လ်ဒိုးက ပြုံးလိုက်ရင်း...

"မင်းဟာ ခုနှစ်ခုမြောက် ဝိညာဉ်ကိုယ်ပွားပဲ ဟယ်ရီ.. သူ လုံးဝ မရည်ရွယ်ပဲ ဖြစ်သွားတဲ့ ဝိညာဉ်ကိုယ်ပွားပေါ့.. သူက တကယ့် မကောင်းဆိုးဝါးဆန်တဲ့ လုပ်ရပ်တွေကို လုပ်ခဲ့တဲ့အတွက် သူ့ရဲ့ ဝိညာဉ်က လုံးဝ မခိုင်မြဲတော့ဘူး.. မင်းမိဘတွေကို သတ်ပြီး မင်းကိုသတ်ဖို့ ကြံတဲ့အခါမှာ သူ့ခန္ဓာကိုယ်တင်မကဘူး ဝိညာဉ်အစိတ်အပိုင်းတစ်ခုကိုပါ မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ထားရစ်ခဲ့တယ်..."

"နောက်ပြီး သူ့ရဲ့ အသိဉာဏ်ဟာ လုံးဝ မပြည့်စုံဘူး ဟယ်ရီ.. သူဟာ အိမ်စေမှင်စာလေးတွေကို ဂရုမစိုက်ဘူး.. အချစ်မေတ္တာတို့ သစ္စာရှိမှုတို့ အပြစ်ကင်းစင်မှုတို့ကို လုံးဝ စိတ်မဝင်စားဘူး.. ဗိုဒီမော့ဟာ တကယ်တော့ ဘာဆိုဘာမှ နားမလည်ဘူး.. ရှိသမျှ မှော်ပညာအားလုံးထက် ပိုအစွမ်းထက်တဲ့ အရာတွေ ရှိတယ်ဆိုတာ သူ မသိခဲ့ဘူး..."

"သူက မင်းရဲ့ သွေးကို ယူတာက ပိုပြီး သန်စွမ်းလာစေမယ်လို့ ထင်လို့ပဲ.. သူ့ရဲ့ ခန္ဓာကိုယ်ထဲကို မင်းအမေသေစဉ်က အကာအကွယ်ကို ယူထည့်မိတယ်.. ဒီတော့ သူ့ရဲ့ ခန္ဓာကိုယ်က မင်းအမေရဲ့ စတေးမှုကို ဆက်ပြီး ထိန်းသိမ်းပေးထားသလို ဖြစ်နေတော့တာပေါ့..."

ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့ကို ပြုံးကြည့်နေ၏..။ ဟယ်ရီက သူ့ကို ငေးကြည့်ရင်း...

"ဒါတွေကို သိနေခဲ့တာ ကြာပြီပေါ့ ... ဟုတ်လား..."

"ငါ ခန့်မှန်းကြည့်တာပါ.. ဒါပေမယ့် ငါ့ခန့်မှန်းချက်တွေက မှန်တတ်တယ်..."

ဒမ်ဘယ်လ်ဒိုးက ပျော်ရွှင်စွာ ပြော၏..။ သူတို့နှစ်ယောက် အချိန်အတန်ကြာသည်အထိ တိတ်ဆိတ်စွာ ထိုင်နေမိကြသည်..။ ဟယ်ရီက...

"ကျွန်တော် သိချင်တာ ရှိသေးတယ်.. ကျွန်တော့် မှော်တောင်ဝှေးက ဘာကြောင့် သူ့ငှားလာတဲ့ တောင်ဝှေးကို ချိုးပစ်လိုက်တာလဲ..."

"အဲဒီ့အဖြစ်အပျက်ကတော့ ငါလည်း မသေချာလှဘူး..."

"ဒါဆိုလည်း ခန့်မှန်းကြည့်လေ..."

ဒမ်ဘယ်လ်ဒိုးက ရယ်လိုက်ရင်း...

"မင်း နားလည်ထားရမှာက မင်းနဲ့ ဗိုဒီမော့တို့ရဲ့ မှော်ပညာနဲ့ ဆက်သွယ်ပတ်သက်မှုကို ဘယ်မှော်တောင်ဝှေးလုပ်တဲ့သူကမှ ရှင်းပြနိုင်မှာ မဟုတ်ဘူး... ဗိုဒီမော့ဟာ သူပြန်ရှင်သန်လာတဲ့ အချိန်မှာ မင်းတို့ကြားထဲက ဆက်သွယ်မှုကို နှစ်ဆပွားအောင် လုပ်သလို ဖြစ်သွားတယ်.. သူ့ရဲ့ ဝိညာဉ်တစ်စိတ်တစ်ပိုင်းဟာ မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိနေတယ်.. ဒါကို သူက ပိုပြီး စွမ်းရည်ထက်မယ်မှတ်ပြီး မင်းအမေရဲ့ အကာအကွယ်တွေ ရှိနေတဲ့ သွေးကို သူ့ခန္ဓာကိုယ်ထဲ ထည့်ခဲ့တယ်.. ဒီစတေးမှုရဲ့ အစွမ်းကိုသာ သူတကယ် နားလည်ရင် မင်းရဲ့ သွေးကို လုံးဝထိခဲ့မှာ မဟုတ်ဘူး.. ဒါပေမယ့် သူ့မှာ ဒီလိုနားလည်တဲ့ အသိဉာဏ်ရှိရင်လည်း လူတွေကို လိုက်သတ်နေတဲ့ သခင်ကြီး ဗိုဒီမော့ ဖြစ်လာမှာ မဟုတ်ဘူး..."

"ဒီဆက်သွယ်မှု နှစ်ခုကြောင့် ဗိုဒီမော့က မင်းရဲ့ မှော်တောင်ဝှေးနဲ့ တူညီတဲ့ အူတိုင်ရှိတဲ့ မှော်တောင်ဝှေးနဲ့ တိုက်ခိုက်တဲ့အခါ ဘယ်လို ထူးထူးဆန်းဆန်းတွေ ဖြစ်လာသလဲ မင်းအသိပဲ.. သူက ဒီလိုဖြစ်လာမယ်လို့ လုံးဝ ထင်မထားခဲ့ဘူး..."

"အဲဒီ့ညမှာ သူဟာ မင်းထက်ပိုပြီး ကြောက်သွားခဲ့တယ် ဟယ်ရီ.. မင်းဟာ သေခြင်းတရားကို သူ့ထက် ပိုခံနိုင်ရည်ရှိပြီး လက်ခံနိုင်တယ်.. ဗိုဒီမော့ဟာ သေခြင်းကို လုံးဝ လက်မခံနိုင်ဘူး.... အဲဒီ့အခါမှာ မင်းရဲ့ သတ္တိက အနိုင်ရသွားတယ်.. မင်းရဲ့ မှော်တောင်ဝှေးက သူ့ရဲ့ မှော်တောင်ဝှေးကို အနိုင်ယူလိုက်တယ်.. အဲဒီ့အချိန်မှာ အဲဒီ့မှော်တောင်ဝှေးနှစ်ခုကြားမှာ မင်းတို့ရဲ့ ဆက်သွယ်မှုလိုပဲ ဆက်သွယ်မှုတစ်ခု ဖြစ်သွားတယ်..."

"အဲဒီ့ညမှာ မင်းရဲ့ မှော်တောင်ဝှေးဟာ ဗိုဒီမော့ရဲ့ အစွမ်းနဲ့ သူ့ရဲ့ မှော်တောင်ဝှေးကို မှတ်မိသွားပုံပဲ.. ဒီတော့ သူလည်း မင်းနောက်လိုက်လာရော မင်းရဲ့ မှော်တောင်ဝှေးက သူ့ကို ဧရာမ ရန်သူကြီးမှန်း

မှတ်မိလိုက်တယ်... ဒါကြောင့်မို့လို့ သူ့မှာရှိတဲ့ မှော်ပညာကို ထုတ်လွှတ်ပြီး တားဆီးလိုက်တယ်.. လူးစီးယပ်စ်ရဲ့ မှော်တောင်ဝှေး စွမ်းနိုင်တာထက် အဆအများကြီးပိုတဲ့ မှော်ပညာပေါ့.. မင်းရဲ့ မှော်တောင်ဝှေးဟာ အဲဒီ့မှာ မင်းရဲ့ အင်မတန်ကြီးမားတဲ့ သတ္တိစိတ်ရယ် ဗိုဒီမော့ရဲ့ အစွမ်းရယ် ပေါင်းစပ်ပါဝင်ထားသလို ဖြစ်နေတော့ လူးစီးယပ်စ်မယ်လ်ဖွိုင်းလို လူရဲ့ မှော်တောင်ဝှေးက ဘယ့်နှယ် ခံနိုင်ရည်ရှိရှာမှာလဲ..."

ဟယ်ရီက...

"ဒါပေမယ့် ကျွန်တော့် မှော်တောင်ဝှေးက တကယ်ပဲ အစွမ်းထက်တယ်ဆိုရင် ဘယ်လိုလုပ်ပြီး ဟာမီယွန်က ချိုးပစ်လိုက်နိုင်တာလဲ..."

"အဲဒီ့အစွမ်းက ဗိုဒီမော့နဲ့ ရင်ဆိုင်ချိန်မှာပဲ အသုံးဝင်တယ်.. သူ့အတွက်ပဲ မှော်တောင်ဝှေးဟာ အစွမ်းပြတယ်.. တခြား အချိန်တွေဆိုရင်တော့ သာမန်မှော်တောင်ဝှေးတွေနဲ့ ဘာမှ မထူးခြားဘူး.. ဒါပေမယ့် တကယ်ကောင်းတဲ့ မှော်တောင်ဝှေးပါပဲ.. ဒါတော့ သေချာပါတယ်..."

ဟယ်ရီ အချိန်အတန်ကြာထိုင်ကာ စဉ်းစားနေမိသည်..။ သို့သော် စက္ကန့်ပိုင်းမျှလည်း ဖြစ်နိုင်၏..။ ဤနေရာတွင် အချိန်ကို တွက်ဆ၍ မရပေ..။

"သူက ကျွန်တော့်ကို ပရော်ဖက်ဆာရဲ့ မှော်တောင်ဝှေးနဲ့ သတ်ခဲ့တာ..."

"သူက ငါ့ရဲ့ မှော်တောင်ဝှေးကိုသုံးပြီး မင်းကို သေအောင် မသတ်နိုင်ခဲ့တာပါ..."

ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့စကားကို ပြင်ဆင်ပေးရင်း...

"မင်း မသေသေးဘူးဆိုတာ သေချာပါတယ်.. ဒါပေမယ့် မင်းခံစားခဲ့ရတာတွေကတော့ တကယ့်ကို ခက်ခဲပြင်းထန်တာ အမှန်ပဲ..."

ဟယ်ရီက သူ၏ သန့်ရှင်းကာ ဒဏ်ရာကင်းစင်နေသော လက်များကို ကြည့်ရင်း...

"ဒါပေမယ့် အခု အရမ်း နေလို့ကောင်းတာပဲ.. ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေတာလဲ..."

ဒမ်ဘယ်လ်ဒိုးက..

"ဒီမေးခွန်းကို မင်းကိုပဲ ပြန်မေးရမှာပဲ.. ဘယ်ရောက်နေတယ်လို့ ထင်သလဲ..."

ဒမ်ဘယ်လ်ဒိုး မေးခွန်းမထုတ်မီအထိ ဟယ်ရီ မသိခဲ့ပေ..။ သို့ရာတွင် ယခုအခါ၌ သူ့တွင်အဖြေက အဆင်သင့်ရှိနေ၏..။

"ကြည့်ရတာ ကင်းခရော့စ်ဘူတာရုံနဲ့ တူတယ်.. ဒါပေမယ့် လူတွေရော ရထားတွေပါ လုံးဝရှင်းနေတယ်..."

"ကင်းခရော့စ်ဘူတာရုံလား.. တကယ် ကျက်သရေနဲ့ ပြည့်စုံတဲ့ နေရာပဲ.. ကောင်းတာပေါ့.. တကယ်ပဲလား..."

ဟယ်ရီက...

"ကျွန်တော်တို့ ဘယ်ရောက်နေတယ် ထင်လို့လဲ..."

"ငါ ဘယ်သိနိုင်မလဲ ကောင်လေး.. ဒါ မင်းရဲ့ စိတ်ကြိုက်ပဲ..."

ဘာကိုဆိုလိုမှန်း ဟယ်ရီ နားမလည်ချေ..။ သူ ဒမ်ဘယ်လ်ဒိုးကို ငေးကြည့်ရင်း ဤနေရာထက် အရေးကြီးသည့် မေးခွန်းများကို သတိရလာ၏..။

"မှော်ဝင်ရတနာတွေက ..."

သူ့စကားကို ကြားသည်နှင့် ဒမ်ဘယ်လ်ဒိုးမျက်နှာမှ အပြုံးမှာ ပျောက်ကွယ်သွားသည်..။

"အင်း..."

သူ့မျက်နှာတွင် အနည်းငယ် စိုးရိမ်ပူပန်နေပုံရ၏..။

"ပြောပြပါဦး...."

ဒမ်ဘယ်လ်ဒိုး၏ မျက်နှာတွင် အမှားလုပ်မိသဖြင့် ထွက်ပြေးချင်နေသည့် ကလေးတစ်ယောက်၏ အမူအရာမျိုး ပေါ်လာ၏..။

"မင်း ငါ့ကို ခွင့်လွှတ်နိုင်မလား.. မင်းကို မယုံကြည်ခဲ့တဲ့အတွက် မပြောပြခဲ့အတွက် ခွင့်လွှတ်နိုင်မလား... ဟယ်ရီ.. ငါ့လိုပဲ မင်းလည်း ဒုက္ခရောက်သွားမှာ စိုးရိမ်လို့ပါ.. ငါမှားခဲ့သလို မင်းမှားမှာကို ငါ စိတ်ပူခဲ့မိတယ်.. ဒါပေမယ့် ဟယ်ရီ .. မင်းဟာ ပိုပြီးကောင်းတဲ့ လူတစ်ယောက်ဆိုတာ ငါသိရပြီ..."

"ဘာတွေ ပြောနေတာလဲ..."

ဒမ်ဘယ်လ်ဒိုး၏ မျက်နှာတွင် မျက်ရည်စများကို တွေ့ရ၏..။

"မှော်ဝင်ရတနာတွေလေ.. မှော်ဝင်ရတနာတွေ.. စိတ်ဓာတ်ကျနေတဲ့ သွေးပျက်နေတဲ့ လူငယ်တစ်ယောက်ရဲ့ အိပ်မက်တစ်ခုပေါ့..."

"ဒါပေမယ့် မှော်ဝင်ရတနာတွေက တကယ်ရှိတာပဲ..."

"တကယ်ရှိတယ်.. အန္တရာယ်များတယ်.. ရူးရူးမိုက်မိုက် လူတွေကို ဆွဲဆောင်တယ်..."

ဒမ်ဘယ်လ်ဒိုးက ဆက်ပြော၏..။

"ငါလည်း အဲဒီလို ရူးမိုက်ခဲ့ဖူးတယ်.. ဒါပေမယ့် မင်းသိပါတယ်.. ငါမင်းကို ဘာမှ လျှို့ဝှက်မထားပါဘူး.. မင်းသိပါတယ်..."

"ကျွန်တော်က ဘာကို သိရမှာလဲ..."

ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့ဘက်သို့ တစ်ကိုယ်လုံး လှည့်ကြည့်လိုက်၏..။ သူ၏ တောက်ပသော အပြာရောင် မျက်လုံးများတွင် မျက်ရည်စများကို တွေ့ရ၏..။

"သေမင်းရဲ့ အရှင်သခင်ဖြစ်မယ်လေ ဟယ်ရီ.. သေမင်းကို အောင်နိုင်သူ ဖြစ်မယ်.. တကယ်တော့ ငါလည်း ဗိုဒီမော့ထက် ဘာမှ ပိုမထူးပါဘူး..."

ဟယ်ရီက...

"ထူးပါတယ်.. ဘာလို့ ဒီလိုပြောရတာလဲ.. ပရော်ဖက်ဆာက ဘယ်တုန်းကမှ အလကားနေရင်း လူမသတ်ဘူး..."

"မှန်ပါတယ်.. ဒါပေမယ့် ငါလည်း သေမင်းကို အောင်နိုင်မယ့် နည်းကို ရှာခဲ့တာပဲ ဟယ်ရီ..."

"သူလုပ်သလို နည်းနဲ့မှ မဟုတ်တာပဲ..."

သူ၏ ဒမ်ဘယ်လ်ဒိုးအပေါ် ထားခဲ့မိသော ဒေါသများမှာ ထူးဆန်းစွာ ပျောက်ကွယ်နေပြီး ဒမ်ဘယ်လ်ဒိုး ကိုယ်စားပင် ကာကွယ်ပေးနေမိသည်..။

"မော်ဝင်ရတနာတွေက ဝိညာဉ်ကိုယ်ပွားမှ မဟုတ်တာ..."

ဒမ်ဘယ်လ်ဒိုးက...

"မှန်ပါတယ်.. မော်ဝင်ရတနာတွေက ဝိညာဉ်ကိုယ်ပွားနဲ့ မတူပါဘူး..."

သူတို့နှစ်ယောက် အသံတိတ်သွားချိန်ဝယ် သူတို့နောက်မှ သတ္တဝါလေး၏ ညည်းညူသံကို ကြားနေရသော်လည်း ဟယ်ရီ လှည့်မကြည့်ဖြစ်ချေ..။ သူက...

"ဂရင်ဒီဝေါလည်း ရှာခဲ့တယ် မဟုတ်လား..."

ဒမ်ဘယ်လ်ဒိုးမှာ သူ့မျက်လုံးများကို မိတ်ထားရင်း ခေါင်းညိတ်ပြလိုက်၏..။

"အဲဒီ့ပစ္စည်းတွေက ငါတို့နှစ်ယောက်ကို ပူးပေါင်းစေခဲ့တယ်.. အရမ်း ဉာဏ်ကောင်းပြီး အနိုင်အထက်လုပ်တတ်တဲ့ လူငယ်လေးနှစ်ယောက်ကို လိုချင်စိတ်တွေ အရမ်းများခဲ့တယ်.. သူက ဘာဖြစ်လို့ ဂိုဒရစ်ဟောလို းကို လာခဲ့သလဲဆိုတာ မင်း ခန့်မှန်းမိမှာပါ ဟယ်ရီ.. အစ်ဂ်နိုးတပ်စ်ပက်ဗရယ်လ်ရဲ့ အုတ်ဂူကြောင့်ပဲပေါ့.. သူက တတိယညီငယ် သေသွားတဲ့နေရာကို လာပြီး ရှာဖွေတာလေ..."

ဟယ်ရီက...

"ဒါဆို ဒါဟာ အမှန်တွေပဲပေါ့.. ပက်ဗရယ်လ်ညီအစ်ကိုတွေဟာ..."

ဒမ်ဘယ်လ်ဒိုးက ခေါင်းညိတ်လိုက်ရင်း...

"ပုံပြင်ထဲက ညီအစ်ကိုသုံးယောက်ပဲ .. ဒါပေမယ့် သူတို့ လမ်းပေါ်မှာ သေမင်းနဲ့ တွေ့ခဲ့တယ်ဆိုတာ မဖြစ်နိုင်ပါဘူး.. ဖြစ်နိုင်တာကတော့ ပက်ဗရယ်လ်ညီအစ်ကိုတွေဟာ ပါရမီထူးချွန်ပြီး အင်မတန် ကြောက်စရာကောင်းလို့သာ ဒီလို ပစ္စည်းမျိုးတွေကို တီထွင်နိုင်ခဲ့တာပဲ.. သေမင်းနဲ့တွေ့တယ် ဆိုတာကတော့ နှစ်တွေကြာလာပြီး ဒဏ္ဍာရီလို ဖြစ်သွားပုံပဲ..."

"ကိုယ်ပျောက်ဝတ်ရုံဟာ ရာစုနှစ်ပေါင်းများစွာ အဖေဆီက သား အမေဆီက သမီးကို လက်ဆင့်ကမ်းရင်း အစ်ဂ်နိုးတပ်စ်ရဲ့ နောက်ဆုံးမျိုးဆက်ဆီကို ရောက်လာခဲ့တယ်.. သူလည်းပဲ ဂိုဒရစ်ဟောလို းမှာ မွေးခဲ့တာပဲ..."

"ကျွန်တော်ပဲ မဟုတ်လား..."

"ဟုတ်တယ်.. မင်းပဲ.. ငါ့ဆီမှာ ဘာလို့ ကိုယ်ပျောက်ဝတ်ရုံ ရောက်နေခဲ့တယ်ဆိုတာလည်း မင်းခန့်မှန်းနိုင်မှာပါ ဟယ်ရီ.. ဂျိမ်းစ်က သူ မသေခင် ရက်အတော်ကြာကြာက ငါ့ကို ပြခဲ့တယ်.. ငါ မြင်ရတာကို မယုံနိုင်ခဲ့ဘူး.. ဒါနဲ့ပဲ ငှားလာပြီး စစ်ဆေးကြည့်ခဲ့တယ်.. အဲဒီ့အချိန်မှာ ငါ့ရဲ့ မှော်ဝင်ရတနာတွေကို စုဆောင်းချင်တဲ့ အိပ်မက်ကို စွန့်လွှတ်ခဲ့တာ ကြာပါပြီ.. ဒါပေမယ့် ငါ သေချာ မကြည့်ပဲ မနေနိုင်ဘူး... ဒီလို ကိုယ်ပျောက်ဝတ်ရုံမျိုး တစ်ခါမှ မမြင်ဖူးခဲ့ဘူး.. အရမ်း အိုဟောင်းနေပေမယ့် ဘယ်လိုပဲကြည့်ကြည့် အပြစ်အနာအဆာ မရှိဘူး... အဲဒီ့နောက် မင်းအဖေသေသွားခဲ့တယ်.. အဲဒီ့မှာ ငါ့လက်ထဲမှာ မှော်ဝင်ရတနာနှစ်ခု ရောက်နေခဲ့တော့တာပဲ..."

သူ့စကားသံမှာ နာကျင်နေပုံရ၏..။ ဟယ်ရီက...

"ဒါပေမယ့် ကိုယ်ပျောက်ဝတ်ရုံက သူတို့အသက်ကို မကယ်နိုင်ခဲ့ပါဘူး.. ဗိုဒီမော့က သူတို့နေရာကို သိသွားတယ်.. ကိုယ်ပျောက်ဝတ်ရုံက ကျိန်စာ မပြီးပါဘူး..."

ဒမ်ဘယ်လ်ဒိုးက သက်ပြင်းချရင်း...

"မှန်ပါတယ်..."

ဟယ်ရီ စောင့်နေသော်လည်း ဒမ်ဘယ်လ်ဒိုးမှာ ဘာစကားမှ ထပ်မပြောတော့သဖြင့် သူကပင် စ၍...

"ဒါဆို ကိုယ်ပျောက်ဝတ်ရုံကို တွေ့တဲ့အချိန်မှာ မှော်ဝင်ရတနာတွေရှာဖို့ကို စွန့်လွှတ်ခဲ့ပြီးပြီပေါ့..."

"ဟုတ်တယ်..."

ဒမ်ဘယ်လ်ဒိုးက ဖျော့တော့စွာ ပြောရင်း ဟယ်ရီ့မျက်လုံးများကို အားတင်းကာ ကြည့်လိုက်သည်..။

"ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ မင်းသိတယ် မဟုတ်လား.. ငါ့ကိုယ်ငါ အထင်သေးစက်ဆုပ်မိတာထက် မင်း ပိုပြီး မစက်ဆုပ်နိုင်ပါဘူး..."

"ကျွန်တော် တစ်ခါမှ ပရော်ဖက်ဆာ့ကို အထင်မသေးခဲ့ဖူးဘူး..."

"ဒီလိုဆိုရင် မင်း အခု အထင်သေးသင့်ပြီ..."

ဒမ်ဘယ်လ်ဒိုးက သက်ပြင်းတစ်ချက်ချရင်း...

"ငါ့ညီမရဲ့ လျှို့ဝှက်ချက်နဲ့ သူဘာဖြစ်သွားသလဲ မင်းသိပါတယ်... ငါ့အဖေ အက်ဇကာဘန်မှာ ဘယ်လို သေသွားသလဲဆိုတာလည်း မင်းသိပါတယ်.. အာရီယာနာကို စောင့်ရှောက်ရင်း ငါ့အမေ ဘယ်လိုသေသွားတယ်ဆိုတာလည်း မင်းသိပါတယ်..."

ဟယ်ရီက...

"ကျွန်တော် ကြားပြီးပါပြီ..."

ဒမ်ဘယ်လ်ဒိုးက အေးစက်စွာပင်...

"ငါဟာ သိပ်တော်တယ်.. အောင်မြင်မှုကို လိုချင်တယ်.. အဲဒီ့အဖြစ်တွေက လွတ်မြောက်ချင်တယ်.. ငါ့ကို အထင်မလွဲပါနဲ့..."

သူ့မျက်နှာတွင် နာကျင်မှုတို့ ဖြတ်ပြေးသွားကြ၏..။

"ငါ သူတို့ကို ချစ်တယ်.. ငါ့မိဘ ငါ့ညီမနဲ့ ငါ့ညီကို ချစ်တယ်.. ဒါပေမယ့် ငါ တစ်ကိုယ်ကောင်းဆန်ခဲ့မိတယ် ဟယ်ရီ.. မင်းလို အများအတွက် မကြည့်ခဲ့မိဘူး... မင်းလောက် အများအတွက် ကြည့်ပေးနိုင်တဲ့သူ ငါ မတွေ့ဖူးခဲ့ဘူး..."

"ဒီလိုနဲ့ ငါ့အမေသေတဲ့အချိန်မှာ ညီမနဲ့ညီရဲ့ တာဝန်ကို ငါယူရတယ်.. ငါ ရွာကို ဒေါသတွေနဲ့ စိတ်ပျက်လက်ပျက် ပြန်လာခဲ့တယ်.. အဲဒီ့မှာပဲ ပိတ်မိနေပြီး အကျိုးရှိမှာ မဟုတ်ဘူးလို့ ငါ တွေးခဲ့တယ်.. အဲဒီ့အချိန်မှာ သူရောက်လာတာပဲ..."

ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်ရင်း...

"ဂရင်ဒီဝေါပေါ့... သူ့ရဲ့အကြံတွေက ငါ့ကို ဘယ်လောက် ဆွဲဆောင်ခဲ့တယ်ဆိုတာ မင်းသိမှာ မဟုတ်ဘူး ဟယ်ရီ.. မက်ဂယ်တွေကို ဖယ်ရှားပစ်မယ်.. ငါတို့ စုန်းကဝေတွေက လွှမ်းမိုးချုပ်ကိုင်မယ်.. ပုန်ကန်မှုကို ငါရယ် ဂရင်ဒီဝေါရယ်က ခေါင်းဆောင်မယ်..."

"ဒါက အားလုံး ကောင်းဖို့အတွက်ပဲလို့ ငါတွေးခဲ့တယ်.. အထိအခိုက် အပျက်အစီး အဆုံးအရှုံး တွေရှိနိုင်ပေမယ့် စုန်းကဝေတွေအတွက် အများကြီး အကျိုးရှိမယ်.. ဂရင်ဒီဝေါရဲ့ နှလုံးသားက ဘယ်လိုဆိုတာ ငါမသိဘူးထင်သလား.. ငါသိပါတယ်.. ဒါပေမယ့် မျက်စိမှိတ်ထားခဲ့တယ်..."

"ငါတို့ တကယ်လိုချင်ခဲ့တာကတော့ မှော်ဝင်ရတနာတွေပဲ.. သူရောငါပါ အရမ်း လိုချင်ခဲ့တာပေါ့.. ဘယ်တော့မှ မရှုံးနိုင်တဲ့ မှော်တောင်ဝှေးကြောင့် ငါတို့ အာဏာရလာမယ်.. သေရွာပြန်မှော်ကျောက်တုံးက သူ့အတွက်တော့ ငါ မသိချင်ယောင်ဆောင်နေခဲ့ပေမယ့် အင်ဖာရီ

ဖုတ်ကောင်တပ်ဖွဲ့ကြီး ဖွဲ့ဖို့ အတွက်ပဲ.. ငါ့အတွက်ကတော့ ငါ့မိဘတွေ ပြန်ရောက်လာမယ်.. ငါ့ပခုံးပေါ်က တာဝန်တွေ အကုန်ပေါ့သွားမယ်ပေါ့..."

"နောက်ပြီး ကိုယ်ပျောက်ဝတ်ရုံ.. ဒါပေမယ့် ငါတို့ တစ်ခါမှ ကိုယ်ပျောက်ဝတ်ရုံအကြောင်း သေချာမဆွေးနွေးဖြစ်ဘူး ဟယ်ရီ.. ငါတို့နှစ်ယောက်စလုံး ကိုယ်ပျောက်ဝတ်ရုံမပါပဲ ကောင်းကောင်း ကိုယ်ဖျောက်နိုင်ကြတယ်... ဝတ်ရုံက ဝတ်တဲ့သူကို ဒိုင်းလို ကာကွယ်ပေးမှာကတော့ သေချာတယ်.. ငါ့အတွက်ကတော့ ရှာတွေ့ခဲ့ရင် အာရီယာနာကို ဖုက်ဖို့လောက်ပဲ စိတ်ဝင်စားတယ်.. ပစ္စည်းသုံးခု ပြည့်ဖို့အတွက်လောက်ပဲ ငါတို့ ကိုယ်ပျောက်ဝတ်ရုံကို စိတ်ဝင်စားခဲ့တယ်.. မှော်ဝင်ရတနာသုံးခုလုံးကို ပိုင်တဲ့သူဟာ သေမင်းရဲ့ အရှင်သခင်လို့ ဆိုတယ် မဟုတ်လား.. ငါတို့က ဒါကို မသေနိုင်တဲ့ အစွမ်းရမယ်လို့ တွက်ခဲ့တယ်..."

"မသေနိုင်တဲ့ စွမ်းအားရှင် ဂရင်ဒီဝေါနဲ့ ဒမ်ဘယ်လ်ဒိုးရယ်ပေါ့.. နှစ်လနီးပါး ရက်စက်တဲ့အိပ်မက်တွေနဲ့ ရူးသွပ်ခဲ့မိတယ်.. ငါ့မိသားစုရဲ့ လက်ကျန်မိသားစုဝင်နှစ်ယောက်ကို ငါ ဥပေက္ခာပြုခဲ့မိတယ်..."

"အဲဒီ့နောက်မှာ ဘာဖြစ်ခဲ့သလဲ မင်းသိပါတယ်... ငါ့ညီက ငါ့ကို အမှန်တွေပြောပြီး အော်ဟစ်သောင်းကျန်းတယ်.. သူပြောတာကို ငါ မကြားချင်ခဲ့ဘူး.. ငါ့ညီမကို စောင့်ရှောက်နေရလို့ မှော်ဝင်ရတနာတွေ မရှာရဘူးဆိုတာ ငါ မကြားလိုခဲ့ဘူး..."

"အဲဒီ့နောက်မှာ ငါတို့ ငြင်းခုံရာကနေ ရန်ထဖြစ်ကြတယ်.. ဂရင်ဒီဝေါဟာ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်တော့ဘူး.. တကယ်တော့ သူ ဘယ်လိုလူဆိုတာ ငါ သိပြီးသားပါ.. ငါ မသိဟန်ဆောင်နေခဲ့တာပဲ.. အဲဒီ့တိုက်ပွဲပြီးတဲ့အချိန်မှာ အာရီယာနာ သေဆုံးသွားခဲ့တယ်..."

ဒမ်ဘယ်လ်ဒိုးမှာ စတင်ငိုကြွေးတော့၏..။ ဟယ်ရီ လက်လှမ်းလိုက်ရင်း သူ့ကို ထိကိုင်၍ရသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရသည်..။ သူ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း ဒမ်ဘယ်လ်ဒိုးမှာ တဖြည်းဖြည်း ပြန်၍ ထိန်းသိမ်းနိုင်လာ၏..။

"အဲဒီ့နောက်မှာ အားလုံးထင်တာက ဂရင်ဒီဝေါ ထွက်ပြေးသွားတယ်ပေါ့.. ဒါပေမယ့် ငါက ကြိုတွက်ပြီးသားပါ..။ သူပျောက်သွားတာက သူ့အကြံအစည်ကို အကောင်အထည်ဖော်ချင်လို့ပဲ.. မက်ဂယ်တွေကို ဒုက္ခပေးမယ်.. မှော်ဝင်ရတနာတွေကို ရှာမယ်.. အဲဒီ့ကိစ္စအားလုံးမှာ ငါ့အပြစ်နဲ့ငါ အရမ်း ဝမ်းနည်းပြီး ရှက်မိတယ်..."

"နှစ်တွေ အတော်ကြာတဲ့အချိန်မှာ ကောလဟာလသတင်းတွေ ကြားလာရတယ်.. သူက အင်မတန် အစွမ်းထက်တဲ့ မှော်တောင်ဝှေးကို ပိုင်ဆိုင်သွားပြီတဲ့.. အဲဒီ့အချိန်မှာပဲ ငါ့ကို မှော်ဝန်ကြီးရာထူးအတွက် ကမ်းလှမ်းခဲ့ကြတယ်.. တစ်ကြိမ်တောင်မကဘူး အကြိမ်ကြိမ် အခါခါပဲ..

ဒါပေမယ့် ငါ အမြဲ ငြင်းခဲ့တယ်.. ငါ့ကိုယ်ငါ အာဏာနဲ့ပတ်သက်လာရင် ယုံစားလို့ မဖြစ်ဘူးဆိုတာ သိခဲ့ရပြီလေ…"

ဟယ်ရီက ဒေါသတကြီးဖြင့် အော်ပြောလိုက်၏..။

"ဒါပေမယ့် ပရော်ဖက်ဆာသာဆိုရင် ဖေ့ချ်တို့ စကရင်ဂျီယော်တို့ထက် အများကြီးသာမှာပဲ…"

ဒမ်ဘယ်လ်ဒိုးက…

"သာပါ့မလား.. ငါတော့ သိပ်မသေချာလှဘူး.. ငါငယ်ငယ်တုန်းကတည်းက တန်ခိုးအာဏာတွေဟာ ငါ့ရဲ့ အားနည်းချက်ဆိုတာ သဘောပေါက်ခဲ့တယ်.. တန်ခိုးစွမ်းအင်တွေနဲ့ အထိုက်တန်ဆုံးလူဟာ တစ်ခါမှ မတောင့်တတဲ့လူပဲ ဖြစ်မယ် ဟယ်ရီ.. မင်းလိုလူမျိုးပေါ့… အားလုံးက မင်းရဲ့ စိတ်ဓာတ်နဲ့ ဦးဆောင်မှုကို ယုံကြည်ကြတယ်.. ငါ့ကိုယ်ငါ ဟော့ဝက်မှာ မြှုပ်နှံဖို့ ဆုံးဖြတ်လိုက်တယ်.. ငါဟာ ဆရာကောင်းတစ်ယောက် ဖြစ်နိုင်တယ်လို့ ထင်တယ်လေ.."

"ပရော်ဖက်ဆာက အကောင်းဆုံး ဆရာတစ်ယောက်ပါပဲ…"

"ဒါပေမယ့် ငါစာသင်နေတဲ့အချိန်မှာ ဂရင်ဒီဝေါက အင်အား စုစည်းမိလာပြီလေ.. သူတို့ကပြောတော့ သူက ငါ့ကို ကြောက်တယ်တဲ့.. ဖြစ်ကောင်းဖြစ်နိုင်ပါတယ်… ဒါပေမယ့် ငါက ပိုကြောက်ခဲ့တယ်…"

ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ၏ မေးခွန်းထုတ်ချင်ဟန်တူသော မျက်နှာကို မြင်သည်နှင့်…

"သေမှာကို ကြောက်တာမဟုတ်ပါဘူး.. သူ ငါ့ကို မှော်ပညာနဲ့ လုပ်နိုင်တဲ့ဟာတွေကို ကြောက်တာမဟုတ်ပါဘူး.. ငါတို့နှစ်ယောက်က လက်ရည်သိပ်မကွာပါဘူး.. ငါကတောင် ပိုပြီး ကျွမ်းကျင်မှုနည်းနည်း သာမယ်ထင်တယ်.. ငါကြောက်တာက ဒီတိုက်ပွဲမှာ ဘယ်သူက ငါ့ညီမလေးကို သေစေတဲ့ ကျိန်စာကို ထပ်သုံးမိမယ် မသိတာပဲ…"

"သူလည်း ငါ ဘာကိုကြောက်နေမှန်း သိပုံပဲ.. ငါ့ရဲ့ နှောင့်နှေးမှုဟာ နောက်ဆုံးမှာ သိပ်ရှက်စရာကောင်းလာတယ်.. လူတွေ သေနေကြတယ်.. သူ့ကို တားနိုင်မယ့်သူ မရှိတော့ဘူး.. ဒီတော့ ငါလုပ်သင့်တာကို လုပ်ရတော့မယ်.. နောက်ပြီးတော့ ဘာဖြစ်သွားခဲ့သလဲ မင်းသိပါတယ်.. ငါ အနိုင်ရလိုက်ပြီး သေမင်းမှော်တောင်ဝှေးကို ပိုင်လိုက်တယ်…"

နောက်တစ်ခါ တိတ်ဆိတ်သွားပြန်၏..။ ဟယ်ရီ အာရီယာနာကို သေစေသော ကျိန်စာကို ဖန်တီးသူကို သိသလားဟု ဒမ်ဘယ်လ်ဒိုးအား မမေးဖြစ်ပေ..။ သူ မသိချင်သလို ဒမ်ဘယ်လ်ဒိုးကိုလည်း မပြောစေချင်ပေ…။

သူတို့နှစ်ယောက် အချိန်အတော်ကြာသည်အထိ တိတ်ဆိတ်စွာ ထိုင်နေမိကြသည်..။ နောက်ဆုံးတွင် ဟယ်ရီက...

"ဂရင်ဒီဝေါက ဗိုဒီမော့ကို မှော်တောင်ဝှေးနောက် မလိုက်အောင် တားဆီးခဲ့တယ်.. သူ့မှာ တစ်ခါမှ မရှိခဲ့ဖူးသလို ညာခဲ့တယ်..."

ဒမ်ဘယ်လ်ဒိုးက ခေါင်းညိတ်လိုက်သည်..။

"နောက်ပိုင်းရက်တွေမှာ အကျဉ်းထောင်ထဲမှာ သူ နောင်တရခဲ့တယ်လို့ ပြောတာပဲ.. မှန်လိမ့်မယ်လို့ ထင်ရတယ်.. ဒါကြောင့် ဗိုဒီမော့ကို လိမ်ညာပြီး မှော်ဝင်ရတနာတွေ မရနိုင်အောင် တားဆီးတာ ဖြစ်ရမယ်..."

"ဒါမှမဟုတ်ရင် ပရော်ဖက်ဆာရဲ့ အုတ်ဂူကို မဖောက်အောင်လို့ ဖြစ်ရမယ်..."

အချိန်အနည်းငယ်ကြာပြီးနောက် ဟယ်ရီက...

"ပရော်ဖက်ဆာက သေရွာပြန်မှော်ကျောက်တုံးကို သုံးဖို့ ကြိုးစားခဲ့တယ် မဟုတ်လား..."

ဒမ်ဘယ်လ်ဒိုးက ခေါင်းညိတ်ပြလိုက်သည်...။

"ငါရှာတွေ့တဲ့အချိန်မှာ အဲဒီ့မှော်ဝင်ရတနာဟာ ငယ်ငယ်ကတည်းက အရမ်းလိုချင်ခဲ့တဲ့ အရာလေ.. ငါ လုံးဝ အသိစိတ်ပျောက်သွားတယ်.. အခု ဝိညာဉ်ကိုယ်ပွား ဖြစ်နေပြီ ဆိုတာ မေ့သွားတယ်.. ကျိန်စာ သေချာပါလာမှာပဲ ဆိုတာ မေ့သွားတယ်.. ငါ လက်စွပ်ကို ဝတ်လိုက်မိတယ်.. အဲဒီ့အချိန်ကလေးမှာ အာရီယာနာရယ် အမေနဲ့အဖေရယ်ကို တွေ့ရပြီး ငါ ဘယ်လောက် စိတ်မကောင်း ဖြစ်ရတယ်ဆိုတာ ပြောခွင့်ရမယ်လို့ ထင်ခဲ့တယ်..."

"ငါက တကယ့် အရူးပဲ ဟယ်ရီ.. ဒီနှစ်တွေထဲမှာ ငါ ဘာမှ သိမလာခဲ့ဘူး.. ငါဟာ မှော်ဝင်ရတနာတွေကို စုစည်းဖို့ ထိုက်တန်တဲ့သူ မဟုတ်ဘူး.. ဒါဟာ နောက်ဆုံး သက်သေပဲ..."

ဟယ်ရီက...

"ဘာဖြစ်လို့လဲ.. ဒါ သဘာဝပဲ.. သူတို့ကို ပရော်ဖက်ဆာ ပြန်တွေ့ချင်တာ ဘာမှားလို့လဲ..."

"လူတစ်သန်းမှာ တစ်ယောက်တောင် မှော်ဝင်ရတနာတွေကို စုစည်းဖို့ ခက်တယ် ဟယ်ရီ.. ငါလည်း တစ်ခုပဲ ပိုင်ဆိုင်ခွင့်ရခဲ့တယ်.. ငါဟာ သေမင်းမှော်တောင်ဝှေးနဲ့ ထိုက်တန်ခဲ့တယ်..

အသုံးပြုခွင့်ရခဲ့တယ်.. ဘာလို့လဲဆိုတော့ ငါ့ကိုယ်ကျိုးအတွက် မဟုတ်ပဲ အခြားလူတွေကို ကာကွယ်ဖို့ ယူခဲ့တဲ့အတွက်ကြောင့်ပဲ…"

"ကိုယ်ပျောက်ဝတ်ရုံကို ကျတော့ ငါက သိချင်စိတ်သက်သက်နဲ့ ယူလာခဲ့တယ်… အဲဒါက မင်းကို ကာကွယ်ပေးသလို ငါ့ကို ကာကွယ်ပေးမှာ မဟုတ်ဘူး.. ငါက ပိုင်ရှင်အစစ်မှ မဟုတ်တာပဲ… သေရွာပြန်မှော်ကျောက်တုံး ကျတော့လည်း အေးအေးချမ်းချမ်း နေတဲ့သူတွေကို ငါ့ကိုယ်ကျိုးအတွက် ပြန်ခေါ်မိတာပဲ.. တကယ်တော့ မှော်ဝင်ရတနာတွေအတွက် ထိုက်တန်တဲ့ ပိုင်ရှင်ဟာ မင်းပဲ ဟယ်ရီ … မင်းပဲ…"

ဒမ်ဘယ်လ်ဒိုးက ဟယ်ရီ့လက်ကို ဆုပ်ကိုင်ထားလိုက်သည်..။ ဟယ်ရီ မော့ကြည့်ရင်း ပြုံးပြလိုက်သည်..။ ယခုအချိန်တွင် ဒမ်ဘယ်လ်ဒိုးကို သူ ဘယ်လိုမှ စိတ်ဆိုး၍ မရတော့ချေ..။

"ဘာလို့ အရမ်း ခက်ခဲအောင် လုပ်ပစ်ခဲ့ရတာလဲ…"

ဒမ်ဘယ်လ်ဒိုးက သဘောတကျပြုံးလိုက်ရင်း…

"မင်းကို နှေးအောင်လုပ်ဖို့ ငါ မစ္စစ်ဂရန်ဂျာကို ယုံခဲ့တယ်.. မင်းရဲ့ ခပ်လောလောစိတ်က မင်းရဲ့ နှလုံးသားကို အနိုင်ယူသွားမှာ ကြောက်လို့ပဲ.. မင်းသာ မှော်ဝင်ရတနာတွေကို စောစောသိခဲ့ရင် ငါ့လိုပဲ မှော်ဝင်ရတနာတွေကို မသင့်တော်တဲ့ အချိန်မှာ မှားယွင်းတဲ့ အကြောင်းပြချက်နဲ့ ရယူမိမှာကို စိုးရိမ်မိတယ်.. မင်းကို မှော်ဝင်ရတနာတွေကို အန္တရာယ်ကင်းကင်းနဲ့ ပိုင်ဆိုင်စေချင်တယ်.. မင်းသာ တကယ့်သေမင်းကို အောင်နိုင်သူပဲ.. ဘာလို့လဲဆိုတော့ တကယ် အောင်နိုင်တဲ့သူဟာ သေမင်းလက်က ထွက်မပြေးဘူး.. သေခြင်းတရားကို လက်ခံတယ်.. သေတာထက်ဆိုးတဲ့အဖြစ်တွေ သက်ရှိလောကထဲမှာ ရှိတယ်ဆိုတာ သဘောပေါက်တယ်…"

"ဗိုဒီမော့က မှော်ဝင်ရတနာတွေအကြောင်း လုံးဝ မသိဘူးလား…"

"မသိဘူးလို့ ထင်တာပဲ.. ဘာလို့လဲဆိုတော့ သေရွာပြန်မှော်ကျောက်တုံးကို သူ ဝိညာဉ်ကိုယ်ပွားအဖြစ် ပြောင်းပစ်တယ်.. ဒါပေမယ့် သူ မှော်ဝင်ရတနာတွေ အကြောင်း သိခဲ့ရင်လည်း ပထမဆုံးရတနာကလွဲလို့ စိတ်ဝင်စားမယ် မထင်ဘူး ဟယ်ရီ.. သူ့အတွက် ကိုယ်ပျောက်ဝတ်ရုံလိုတယ်လို့ ထင်မှာ မဟုတ်ဘူး.. သေရွာပြန်မှော်ကျောက်တုံးကျတော့ရော.. ဘယ်သူ့ကို သူ ပြန်ခေါ်ချင်မှာလဲ.. သူက သေမှာကို အရမ်းကြောက်တာပဲ.. လက်ခံနိုင်တာမှ မဟုတ်တာ…"

"ဒါပေမယ့် သူ မှော်တောင်ဝှေးနောက် လိုက်လိမ့်မယ်ဆိုတာ ပရော်ဖက်ဆာ တွက်မိတယ် မဟုတ်လား…"

“သူ ကြိုးစားလိမ့်မယ်ဆိုတာ သေချာတာပေါ့.. ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ မှော်တောင်ဝှေးက ဗိုဒီမော့ကို ဟန်ဂလီတန် သင်္ချိုင်းထဲမှာ စပြီး အနိုင်ယူခဲ့တယ်လေ.. ပထမတော့ သူက မင်းရဲ့အစွမ်းက သူ့ထက်ပိုတယ်ထင်ပြီး လန့်နေခဲ့ပုံပဲ.. ဒါပေမယ့် အိုလီဗန်ဒါကို ဖမ်းပြီးတဲ့အချိန်မှာ မှော်တောင်ဝှေးနှစ်ခုရဲ့ ဆက်စပ်မှုကို သူသိသွားတယ်.. ဒါဟာ အဖြေပဲလို့ သူတွက်ခဲ့တယ်.. ဒါပေမယ့် ငှားလာတဲ့ မှော်တောင်ဝှေးကလည်း မင်းရဲ့ မှော်တောင်ဝှေးကို မနိုင်ပြန်ဘူး.. ဒီတော့ မင်းမှာရှိတဲ့ အစွမ်းနဲ့ မင်းမှော်တောင်ဝှေးရဲ့ အစွမ်းကို သူ မစဉ်းစားတော့ပဲ ဘယ်တော့မှ မရှုံးနိုင်ဘူးဆိုတဲ့ သေမင်းမှော်တောင်ဝှေးနောက်ကို လိုက်တော့တာပဲ.. သေမင်းမှော်တောင်ဝှေးဟာ သူ့ရဲ့ အားနည်းချက်တွေကို ဖယ်ရှားပေးပြီး သူ့ကို မသေနိုင်တဲ့ စွမ်းအားရှင်ဖြစ်စေလိမ့်မယ်လို့ ထင်ထားပုံပဲ.. သနားစရာ ကောင်းတာက ဆီးဗားရပ်စ်ပဲ...”

“စနိပ်ကို ပရော်ဖက်ဆာ့ကို သတ်ခိုင်းတာ သေမင်းမှော်တောင်ဝှေးကို အဆုံးသတ်စေချင်လို့ မဟုတ်လား...”

“ဒါ ငါ့ရဲ့ ရည်ရွယ်ချက်ဆိုတာ ဝန်ခံပါတယ်.. ဒါပေမယ့် ငါ ရည်ရွယ်သလို ဖြစ်မလာခဲ့ဘူး...”

ဟယ်ရီက...

“ဟုတ်တယ်.. အဲဒီ့တစ်ခုတော့ ဖြစ်မလာခဲ့ဘူး...”

သူတို့နောက်ရှိ သတ္တဝါမှာ ညည်းညူနေ၏..။ ဟယ်ရီနှင့် ဒမ်ဘယ်လ်ဒိုးလည်း စကားမပြောပဲ အကြာကြီး ထိုင်နေမိကြသည်..။ နောက်ထပ် ဘာဆက်လုပ်ရမည်ကို ဟယ်ရီ တဖြည်းဖြည်းချင်း သဘောပေါက်လာ၏..။

“ကျွန်တော် ပြန်သွားရမယ် .... ဟုတ်တယ် မဟုတ်လား...”

“ဒါက မင်းအပေါ်မှာပဲ မူတည်တယ်...”

“ကျွန်တော့်မှာ ရွေးချယ်ခွင့်ရှိသလား...”

ဒမ်ဘယ်လ်ဒိုးက ပြုံးလိုက်ရင်း...

“ရှိတာပေါ့.. ကင်းခရော့စ်ဘူတာရုံမှာလို့ မင်းပြောတယ်နော်.. ပြန်မသွားဘူးလို့ ဆုံးဖြတ်ရင် မင်း ရထားပေါ် တက်လိုက်သွားရုံပဲပေါ့...”

“အဲဒါဆို ကျွန်တော် ဘယ်ရောက်သွားမလဲ...”

ဒမ်ဘယ်လ်ဒိုးက အေးဆေးစွာပင်...

“တမလွန် ခရီးကို ဆက်ရုံပေါ့...”

အတန်ကြာ တိတ်ဆိတ်သွားပြီးမှ...

“ဗိုဒီမော့ သေမင်းမှော်တောင်ဝှေးကို ရထားတယ်...”

“မှန်တယ်.. ဗိုဒီမော့ဆီမှာ သေမင်းမှော်တောင်ဝှေး ရှိတယ်...”

“ဒါပေမယ့် ပရော်ဖက်ဆာက ကျွန်တော့်ကို ပြန်သွားစေချင်တယ် မဟုတ်လား...”

ဒမ်ဘယ်လ်ဒိုးက...

“ငါထင်တယ်.. မင်းသာပြန်သွားရင် သူ့ကို ရှင်းပစ်နိုင်ဖို့ အခွင့်အရေး ရှိမယ် ထင်တယ်.. ငါ အာမတော့ မခံနိုင်ဘူး.. ဒါပေမယ့် သေချာတာကတော့ ဒီနေရာကို ပြန်လာရမယ်ဆိုရင်လည်း မင်းက သူ့လောက် မကြောက်ပါဘူး...”

အဝေးရှိ ထိုင်ခုံအောက်ဝယ် တုန်ခါကာ အသက်ရှူကျပ်နေဟန်တူသော သတ္တဝါကို ဟယ်ရီ တစ်ချက် ကြည့်လိုက်မိသည်..။

“သေရမှာကို မကြောက်ပါနဲ့ ဟယ်ရီ.. ချစ်ခြင်းမေတ္တာမရှိပဲ အသက်ရှင်နေရတာ ပိုကြောက်စရာ ကောင်းပါတယ်.. မင်းပြန်သွားရင် ဒုက္ခရောက်မယ့် လူ နည်းသွားမယ်.. တကွဲတပြား ဖြစ်ရမယ့် မိသားစုတွေ နည်းသွားမယ်.. ဒီလိုခရီးဟာ ထိုက်တန်တယ်လို့ မင်းထင်ရင် ငါတို့ အခု နှုတ်ဆက်ဖို့ အချိန်ရောက်ပြီ..”

ဟယ်ရီ သက်ပြင်းချရင်း ခေါင်းညိတ်လိုက်သည်..။ ဤနေရာကို ခွဲခွာရခြင်းမှာ တောအုပ်ထဲ ဝင်ရောက်ခြင်းကဲ့သို့ပင် ခက်ခဲပေလိမ့်မည်..။ ဤနေရာတွင် နွေးထွေးလုံခြုံကာ အေးချမ်းလှ၏..။ သူပြန်သွားလျှင် အနည်းနှင့် အများတော့ နာကျင်မှု ကြောက်ရွံ့မှု ဝမ်းနည်းမှုများနှင့် ကြုံတွေ့ရလိမ့်မည်..။

သူ မတ်တတ်ရပ်လိုက်ရာ ဒမ်ဘယ်လ်ဒိုးပါ လိုက်၍ ရပ်လိုက်၏..။ သူတို့နှစ်ယောက် အချိန်အတန်ကြာသည်အထိ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေမိကြသည်..။ ဟယ်ရီက...

“ကျွန်တော့်ကို နောက်ဆုံး မေးခွန်းတစ်ခု ဖြေပေးပါ.. ဒါ တကယ်ပဲလား.. ဒါမှမဟုတ် ကျွန်တော့်ခေါင်းထဲမှာ ဖြစ်နေတာလား...”

ဒမ်ဘယ်လ်ဒိုးက အားပါးတရ ပြုံးလိုက်သည်..။ ထိုအချိန်မှာပင် တောက်ပလှသော မြူနှင်းများက သူ့ကို တဖြည်းဖြည်း ဖုံးလွှမ်းသွားသော်လည်း ဒမ်ဘယ်လ်ဒိုး၏ စကားသံကို သူ့နားထဲတွင် ရှင်းလင်းပီသစွာ ကြားလိုက်ရသည်...။

"ဟယ်ရီ.. ဒါတွေအားလုံးဟာ မင်းရဲ့ခေါင်းထဲမှာပဲ ဖြစ်ပျက်နေတာပါ.. ဒါပေမယ့် ဒါကို တကယ် မဟုတ်ဘူးလို့ ပြောဖို့ လုံးဝ မဖြစ်နိုင်ဘူး..."

**၃၆။ လွဲချော်သွားသော အစီအမံ**

သူ မြေပြင်နှင့် မျက်နှာအပ်ကာ လဲကျနေပြန်၏..။ ဒီတစ်ခါတော့ သစ်တောထဲမှ အနံ့အသက်များကို သူ ရလိုက်သည်..။ သူ့ပါးပြင်အောက်ဝယ် အေးစက်သော မြေကြီးရှိနေပြီး သူ့မျက်မှန်မှာ စောင်းနေ၏..။

သူ့ခန္ဓာကိုယ်တစ်ခုလုံး နေရာမလပ်ကိုက်ခဲနေကာ သေမင်းတမန် ကျိန်စာထိသော နေရာတည့်တည့်တွင် သံလက်သီးနှင့် အထိုးခံရသလို နာကျင်ဖူးယောင်နေ၏..။ သူ လုံးဝမလှုပ်ပဲ လဲကျနေသည့်အတိုင်း ငြိမ်သက်နေလိုက်သည်..။ သူ၏ ဘယ်ဘက်လက်မှာ ကွေးကောက်လျှက်ရှိပြီး ပါးစပ်မှာ အဟောင်းသား ပွင့်လျှက် ရှိသည်...။

သူ သေသွားသည့်အတွက် ဝမ်းသာအားရ အော်ဟစ်အားပေး ချီးကျူးကြလိမ့်မည်ဟု ဟယ်ရီ မျှော်လင့်မိသည်..။ သို့ရာတွင် ခပ်သွက်သွက်ပြေးသွားသော ခြေသံများ တီးတိုးရေရွတ်သံများကိုသာ ကြားနေရ၏..။

"သခင်ကြီး .. သခင်ကြီး..."

ဘဲလ်ထရစ်၏ အသံကို ကြားလိုက်ရသည်..။ ဟယ်ရီ မျက်လုံး ဖွင့်မကြည့်ရဲသော်လည်း အခြားအာရုံများကို အစွမ်းကုန်သုံးကာ ဘာဖြစ်နေသလဲကို ခန့်မှန်းကြည့်လိုက်သည်..။ သူ၏ မှော်တောင်ဝှေးမှာ ယခုထိ သူ သိမ်းဆည်းထားသည့်အတိုင်း ရှိနေသေး၏..။ သူ့ရင်ဘတ်နှင့် မြေကြီးကြားတွင် ဖိမိနေသဖြင့် သိရခြင်းပင်..။ သူ့ဝမ်းဗိုက်နေရာတွင် နူးညံ့သော အရာတစ်ခု ခံနေခြင်းကလည်း ကိုယ်ပျောက်ဝတ်ရုံ ရှိနေသေးကြောင်း ပြခြင်းပင်...။

"သခင်ကြီး..."

ဗိုဒီမော့က...

"ပြဿနာတစ်ခု ရှင်းသွားပြီပဲ..."

ခြေသံများစွာ ထပ်ကြားရပြီး လူများစွာ နောက်သို့ ဆုတ်သွားကြ၏..။ ဘာဖြစ်နေလဲ သိချင်စိတ်နှင့်အတူ ဟယ်ရီ မျက်လုံးကို အနည်းငယ် ဖွင့်ကြည့်လိုက်သည်...။

ဗိုဒီမော့မှာ လဲကျနေရာမှ ပြန်ထလာပုံရသည်..။ ဒက်အိတာအများစုမှာ အဝေးသို့ ပြန်ဆုတ်ပြေးရင်း တန်းစီရပ်နေကြ၏..။ ဘဲလ်ထရစ်မှာ ဗိုဒီမော့အနားဝယ် ဒူးထောက်ထိုင်နေဆဲပင်...။

ဟယ်ရီ မျက်လုံးကိုပြန်ပိတ်ကာ သူမြင်ခဲ့သော မြင်ကွင်းကို ပြန်စဉ်းစားကြည့်လိုက်သည်..။ ဒက်အိတာများမှာ မြေပြင်ပေါ် လဲကျသွားဟန်တူသည့် ဗိုဒီမော့ အနီးတွင် စုဝေးနေကြ၏..။ သူ ဟယ်ရီ့အား သေမင်းတမန် ကျိန်စာဖြင့် တိုက်ခိုက်လိုက်စဉ် တစ်ခုခု ဖြစ်သွားပုံပင်..။ ဗိုဒီမော့ပါ လဲကျသွားခဲ့သလား..။ ကြည့်ရသည်မှာ သူပါ လဲကျသွားခဲ့ပုံရသည်..။ သူတို့နှစ်ယောက်လုံး လဲကျ မေ့မြောသွားပြီး ယခုအခါတွင် နှစ်ယောက်လုံး သတိပြန်ရလာပေပြီ..။

"သခင်.. ကျွန်မ ကူ..."

"ငါ ဘယ်သူ့အကူအညီမှ မလိုဘူး..."

သူ မမြင်ရသော်လည်း ဘဲလ်ထရစ်ခမျာ ကူညီမည့်လက်များကို အမြန် ရုပ်သိမ်းလိုက်ရမည်မှာ သေချာ၏..။

ဗိုဒီမော့က...

"ဟိုကောင်လေးရော .. သေပြီလား..."

အသံဗလံအားလုံး တိတ်ဆိတ်သွား၏..။ မည်သူမှ ဟယ်ရီ့အနား ကပ်မလာချေ..။ သို့ရာတွင် အားလုံး သူ့ကို စူးစိုက်ကြည့်နေကြသည်ကိုမူ ခံစားလိုက်ရသည်..။ သူ့လက်ချောင်းတစ်ချောင်း မျက်ခွံတစ်ခု လှုပ်သွားမည်ကိုပင် ဟယ်ရီ ကြောက်နေမိသည်..။

ရုတ်တရက် ဒိုင်းကနဲ အသံတစ်ချက်နှင့်အတူ နာကျင်စွာ အော်ဟစ်သံတစ်ချက်ကို ကြားလိုက်ရပြီး ဗိုဒီမော့က...

"သွားစစ်စမ်း.. သေမသေ ငါ့ကိုပြော..."

သူ့ကို စစ်ရန် မည်သူ့ကို လွှတ်လိုက်သလဲ ဟယ်ရီ မသိပေ..။ သူ ဤနေရာတွင် လဲကျနေပြီး သူ့နှလုံးမှာ အဆက်မပြတ် ခုန်နေရင်း အစစ်ဆေးခံရန် စောင့်နေရုံသာ တတ်နိုင်၏..။ သို့ရာတွင် အနည်းငယ်

စိတ်သက်သာရာ ရစေသည့် အချက်မှာ ဗိုဒီမော့ သူ့အနား မကပ်ရဲခြင်းပင်..။ သူ့အစီအစဉ်အတိုင်း ဖြစ်မဖြစ်ကို သံသယ ဝင်နေပုံပင်...။

သူ မျှော်လင့်ထားသည်ထက် နူးညံ့သည့် လက်တစ်ဘက်က ဟယ်ရီ့မျက်နှာကို လာ၍ စမ်းသပ်၏..။ မျက်ခွံများကို လှန်ကြည့်၏..။ သူ့ရုပ်အင်္ကျီအောက်မှ ရင်ဘတ်ပေါ် လက်တင်ကာ နှလုံးခုန်မခုန် စစ်ဆေး၏..။ ထိုမိန်းမ၏ အသက်ရှူသံပြင်းပြင်းနှင့် ဆံပင်ရှည်များက သူ့မျက်နှာကို လာထိနေ၏..။ သူမ သူ၏ နှလုံး ခုန်နေသေးကြောင်းကို စမ်းသပ်သိရှိမည်မှာ သေချာလှသည်...။

“ဒရာကို အသက်ရှင်နေသေးလား .. ရဲတိုက်ထဲမှာ ရှိသေးလား...”

သူမ၏ တီးတိုးစကားသံမှာ ကြားရရုံသာ ရှိ၏..။ သူမ၏ နှုတ်ခမ်းများမှာ သူ့နားနှင့် တစ်လက်မခန့်သာကွာပြီး သူမ အလွန်ငုံ့ကိုင်းထားသဖြင့် ဆံပင်ရှည်များက သူ့မျက်နှာကို အခြားသူများမြင်ကွင်းမှ ကာကွယ်ပေးထားသည်..။

“အင်း...”

သူ အသံခပ်တိုးတိုးနှင့် ပြန်ဖြေလိုက်၏..။ သူ့ရင်ဘတ်ပေါ်တင်ထားသော သူမ၏ လက်များ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်ကို ခံစားလိုက်ရသည်..။ ထို့နောက် သူမက မတ်တတ်ရပ်လိုက်ရင်း...

“သူသေပြီ...”

နာဆစ်ဆာ မယ်လ်ဖွိုင်းက အားလုံးသိအောင် ကြေငြာလိုက်သည်...။

ယခုအခါတွင် သူတို့အားလုံး အောင်မြင်မှုအတွက် အော်ဟစ်လိုက်ကြသည်..။ အချို့က ခုန်ပေါက်နေကြ၏..။ သူ့မျက်ခွံများအောက်မှ တဆင့် အနီရောင်နှင့် ငွေရောင် အလင်းတန်းများကို လေထဲသို့ ပစ်လွှတ်ကာ အောင်ပွဲခံနေကြသည်ကို တွေ့ရသည်..။

မြေပြင်ပေါ်တွင် သေဟန်ဆောင်နေရင်း သူ နားလည်လိုက်သည်..။ ဟော့ဝက်ကျောင်းအတွင်းသို့ဝင်ကာ သူမ၏သားကို ရှာခွင့်ရဖို့ တစ်ခုတည်းသော နည်းလမ်းမှာ အောင်ပွဲခံ၍ ဝင်ရောက်ရန်ပင်ဖြစ်ကြောင်း နာဆစ်ဆာသိသည်..။ ဗိုဒီမော့ နိုင်ခြင်း ရှုံးခြင်းကို သူမ ဂရုမစိုက်ချေ..။

ဗိုဒီမော့က ဆူဆူညံညံလုပ်နေသူများအားလုံး ကြားစေရန် အော်ပြောလိုက်သည်...။

“မြင်ကြပြီလား.. ဟယ်ရီပေါ်တာ ငါ့လက်ချက်နဲ့ သေသွားပြီ... ဘယ်သက်ရှိလူသားမှ ငါ့ကို မခြိမ်းခြောက်နိုင်တော့ဘူး.. ဒီမှာကြည့်ကြ .. ခရူစီယို...”

ဟယ်ရီ မျှော်လင့်ထားပြီးသားပင်..။ သူ့ခန္ဓာကိုယ်ကို တောအုပ်မြေပြင်ပေါ်တွင် ဒီအတိုင်းထားမည်မဟုတ်ပေ..။ ဗိုဒီမော့၏ အောင်မြင်မှုအတွက် သက်သေအဖြစ် သုံးပေလိမ့်မည်..။ သူ့ခန္ဓာကိုယ်တစ်ခုလုံးကို တတ်နိုင်သရွေ့ ဖျော့ထားသော်လည်း သူမျှော်လင့်ထားသည့် နာကျင်မှုက ရောက်မလာချေ..။ သူ့ခန္ဓာကိုယ်ကို လေထဲတွင် သုံးကြိမ်သုံးခါ ပစ်မြှောက်ခြင်း ခံလိုက်ရပြီး သူ့မျက်မှန်မှာ လွင့်စင်သွား၏..။ သူ့မော်တောင်ဝေးမှာ ဘေးသို့ အနည်းငယ် ရွေ့သွား၏..။

သို့ရာတွင် သူ့ကိုယ်သူ လုံးဝ ပျော့ဖတ်နေစေပြီး အသက်ကင်းမဲ့နေသလို နေလိုက်၏..။ နောက်ဆုံးအကြိမ် မြေပြင်ပေါ်ပြန်အကျဝယ် လှောင်ပြောင်ရယ်မောသံများ သရော်သံများကို ကြားလိုက်ရသည်..။ ဗိုဒီမော့က...

"ကဲ .. ငါတို့ ရဲတိုက်ကိုသွားပြီး သူတို့ရဲ့ သူရဲကောင်းကြီး ဘာဖြစ်သွားတယ်ဆိုတာ ပြရအောင်.. ဘယ်သူ အလောင်းကို ဆွဲခဲ့မလဲ.. ခဏနေဦး.. ခဏနေဦး..."

ရုတ်တရက် ရယ်မောသံများကို ဆူညံစွာ ကြားလိုက်ရပြီးနောက် ခဏအကြာတွင် သူ့အောက်ရှိ မြေပြင်တုန်ခါလာသည်ကို ဟယ်ရီ ခံစားလိုက်ရသည်..။ ဗိုဒီမော့က...

"မင်း သူ့ကို သယ်ခဲ့ပေတော့ .. မင်းလက်ထဲမှာ ဆိုရင် ပိုပြီး ထင်သာမြင်သာ ရှိမယ်.. မဟုတ်ဘူးလား.. မင်းရဲ့ကောင်လေးကို သယ်ခဲ့ပေတော့ ဟက်ဂရစ်.. နေဦး.. မျက်မှန်တပ်ပေးလိုက်ကြမ်း.. သူ့ကို သေချာမှတ်မိကြမှ ဖြစ်မယ်..."

တစ်စုံတစ်ယောက်က မျက်မှန်ကို ခပ်ကြမ်းကြမ်း တပ်ပေးလိုက်၏..။ သို့ရာတွင် သူ့ကို ပွေ့ချီလိုက်သော ဧရာမ လက်များမှာ အလွန်တရာ သိမ်မွေ့လှသည်..။ ဟက်ဂရစ်၏လက်များမှာ ငိုကြွေးနေသဖြင့် တုန်ရီနေ၏..။ ဟက်ဂရစ် သူ့ကို ပွေ့ချီလိုက်သည်နှင့် သူ့ခန္ဓာကိုယ်ပေါ်သို့ ဧရာမ မျက်ရည်စက်ကြီးများ ကျလာ၏..။

ဟယ်ရီ လုံးဝမလှုပ်ရှားရဲသလို အသံလည်း မထွက်ဝံ့ချေ..။ ဗိုဒီမော့၏...

"သွားစမ်း..."ဟူသော အသံနှင့်အတူ ဟက်ဂရစ်မှာ ရှေ့သို့ တွန်းပို့ခြင်း ခံလိုက်ရသည်..။ ရှုပ်ထွေးစွာ ပေါက်နေသော သစ်ပင်များကြားမှ ဖြတ်ကာ တောအုပ်ထဲမှ ပြန်ထွက်ခဲ့ကြသည်..။

သစ်ကိုင်းများက ဟယ်ရီ့ဝတ်ရုံနှင့် ဆံပင်များကို ပွတ်တိုက်သွားကြသော်လည်း ဟယ်ရီ လုံးဝမလှုပ်ချေ..။ သူ့ပါးစပ်မှာ ပွင့်ဟလျှက်ရှိပြီး မျက်လုံးများကို မှိတ်ထား၏..။ ဒက်အိတာများမှာ သူ့အနီးတဝိုက်တွင် ဝန်ရံကာ လိုက်ပါလာကြသည်..။ ဟက်ဂရစ်မှာ အပြင်းအထန်ပင် ငိုရှိုက်လျှက်ရှိသည်...။ ဟယ်ရီ့လည်ပင်းတွင် သွေးတိုးလျှက်ရှိသည်ကို အမှောင်ထုထဲတွင် မည်သူမှ သတိထားမကြည့်ကြချေ...။

ဘီလူးနှစ်ကောင်က ဒက်အိတာများဘေးတွင် လိုက်ပါလာ၏..။ သူတို့ဖြတ်သွားသော လမ်းတလျှောက်တွင် သစ်ပင်များ ကျိုးပဲ့လဲကျသံများကို ကြားနေရ၏..။ သစ်ပင်များပေါ်ရှိ ငှက်များ လန့်ဖျတ်ကာ ပျံပြေးကြသဖြင့် ဒက်အိတာများ၏ အသံများပင် တိုးသွားသလို ထင်ရသည်..။

သူတို့ ချီတက်လာကြသည်မှာ တဖြည်းဖြည်း သစ်တောအပြင်သို့ ရောက်လာ၏..။ သစ်ပင်များ ကျဲပါးသွားကြောင်းကို သူ၏ ပိတ်ထားသော မျက်ခွံများအပေါ် ကျလာသည့် အလင်းရောင်များကြောင့် သိလိုက်ရသည်..။

"ဘိန်း..."

ဟက်ဂရစ်၏ ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်သံကြောင့် ဟယ်ရီ မျက်လုံးများကို ဖွင့်မိလုမတတ် ဖြစ်သွား၏..။

"မင်းတို့ အခုပျော်နိုင်ပြီလား ဟင်.. ငကြောက်တွေ.. အခု ပျော်နိုင်သလား.. ဟယ်ရီပေါ်တာ.. သေ.. သေပြီလေ..."

ဟက်ဂရစ်မှာ စကားဆက်မပြောနိုင်ပဲ မျက်ရည်များ စီးကျလာပြန်၏..။ ဆန်တော်သတ္တဝါ ဘယ်လောက်များများ စောင့်ကြည့်နေသလဲဟု ဟယ်ရီ တွေးနေမိသည်..။ သို့ရာတွင် သူ မျက်လုံးဖွင့်မကြည့်ရဲချေ..။ ဒက်အိတာအချို့မှာ ဆန်တော်များကို ဖြတ်ကျော်လာစဉ်တွင် အော်ဟစ်ရန်စနေကြ၏..။ နောက်ထပ် အချိန်အနည်းငယ်အကြာတွင် လတ်ဆတ်လာသည့် လေထုကြောင့် တောအုပ်အစပ်သို့ ရောက်လာပြီမှန်း ဟယ်ရီ သိလိုက်သည်...။

"ရပ်တော့..."

ဗိုဒီမော့၏ အသံနှင့်အတူ ဟက်ဂရစ်မှာ မမြင်ရသော အင်အားတစ်ခုကြောင့် တုံ့ကနဲ ရပ်တန့်သွားရသည်..။ သူတို့ရပ်နေသော နေရာတွင် ရုတ်တရက် အေးစိမ့်သွားပြီး ဝိညာဉ်နှုတ်သတ္တဝါများ၏ ခပ်ကြမ်းကြမ်း အသက်ရှူသံများကို ကြားလိုက်ရသည်..။ ယခုအခါတွင် ဝိညာဉ်နှုတ်သတ္တဝါများမှာ သူ့အား ဒုက္ခမပေးနိုင်တော့ပေ...။

သူ အသက်ရှင်နေသေးသော အချက်မှာ အားအင်တစ်ခုပမာ သူ့နှလုံးသားထဲတွင် လောင်ကျွမ်းနေ၏..။ ထိုအရာမှာ ဝိညာဉ်နှုတ်သတ္တဝါများ၏ အန္တရာယ်မှ လုံးဝ အကာအကွယ်ပေးထား၏..။

သူ့နံဘေးမှ တစ်စုံတစ်ယောက် ဖြတ်လျှောက်သွားမှန်း ဟယ်ရီ သိလိုက်သည်..။ ခဏအကြာတွင် အသံကို မှော်ပညာဖြင့်မြှင့်ကာ အော်ဟစ်ပြောဆိုလိုက်သောကြောင့် ထိုသူမှာ ဗိုဒီမော့မှန်း သူသိလိုက်သည်...။

"ဟယ်ရီပေါ်တာ သေပြီ.. သူမသေအောင် တစ်ယောက်တည်း ကိုယ်လွတ် ရုန်းပြေးတုန်း အသတ်ခံလိုက်ရတာပဲ.. မင်းတို့က သူ့အတွက် အသက်ပေးပြီး တိုက်ပွဲဝင်ချင်သေးလား.. ငါတို့ သူ့ရဲ့ အလောင်းကို ယူလာတယ်.. မင်းတို့ သူရဲကောင်းကြီး မရှိတော့ဘူး..."

"ငါတို့ ဒီတိုက်ပွဲမှာ နိုင်သွားပြီ.. မင်းတို့ရဲ့ အင်အားတစ်ဝက်လောက် ကျဆုံးကုန်ပြီ.. ငါ့ရဲ့ ဒက်အိတာတွေက မင်းတို့ထက် အဆမတန် အင်အား သာနေပြီ.. ဟယ်ရီပေါ်တာလည်း သေပြီ.. ဘာတိုက်ပွဲမှ ဆက်ဖြစ်စရာ မရှိတော့ဘူး.. ဆက်ပြီး ခုခံနေဦးမယ်ဆိုရင် ယောကျ်ား မိန်းမ ကလေး ဘာပဲဖြစ်ဖြစ် အကုန်သတ်ပစ်မယ်.. ရှိသမျှ မိသားစုဝင်တွေပါ အကုန်သေရမယ်.. ရဲတိုက်ထဲက အခု ထွက်လာခဲ့ကြ.. ငါ့ရှေ့မှာ ဒူးထောက်ကြ.. မင်းတို့ကို ချမ်းသာပေးမယ်.. မိသားစုဝင်အားလုံးကို ခွင့်လွှတ်မယ်.. ပြီးရင် ငါ တည်ဆောက်မယ့် လောကအသစ်မှာ မင်းတို့ ပါဝင်ခွင့်ရမယ်..."

မြေပြင်တစ်ခုလုံးရော ရဲတိုက်တစ်ခုလုံးပါ တိတ်ဆိတ်ငြိမ်သက်သွား၏..။ ဗိုဒီမော့မှာ သူနှင့် အလွန်နီးကပ်နေသဖြင့် ဟယ်ရီ သူ့မျက်လုံးများကို လုံးဝ မဖွင့်ရဲချေ..။

"လာခဲ့ကြ..."

ဗိုဒီမော့ အရှေ့သို့ လျှောက်သွားသည်နှင့် ဟက်ဂရစ်ကိုပါ အတင်းရှေ့သို့ ခေါ်သွားကြ၏..။ ဟယ်ရီ မျက်လုံးကို အနည်းငယ် ဖွင့်ကြည့်လိုက်ရာအရှေ့ဆုံးတွင် ဦးဆောင်သွားနေသော ဗိုဒီမော့ကို တွေ့လိုက်ရသည်..။ ပခုံးပေါ်တွင် မြွေကြီး နာဂီနီကို ပတ်လျှက် လိုက်ပါလာသည်ကို တွေ့ရ၏..။ ယခုအခါတွင် နာဂီနီမှာ မှော်ပညာဖြင့် ဖန်ဆင်းထားသော လှောင်ချိုင့်ထဲ၌ မဟုတ်တော့ပေ..။

သို့ရာတွင် ဟယ်ရီ သူ့အကျႌရင်ဘတ်ထဲမှ မှော်တောင်ဝှေးကို ဆွဲထုတ်ရန် အခွင့်အရေး မရပဲ ရှိနေ၏..။ အကြောင်းမှာ ဒက်အိတာများမှာ သူ့နံဘေးတွင် စီတန်းချီတက်လျှက် ရှိနေပြီး အမှောင်ထုမှာ လျော့ပါးလာသောကြောင့်ပင်...။

"ဟယ်ရီ.. အိုး.. ဟယ်ရီ..."

ဟက်ဂရစ်မှာ သူ့နာမည်ကို ခေါ်ရင်း ငိုကြွေးနေ၏..။ ဟယ်ရီ သူ့မျက်လုံးများကို ပြန်ပိတ်ထားလိုက်သည်..။ ရဲတိုက်အနီးသို့ ရောက်လာပြီဖြစ်၍ အကြားအာရုံကိုသာ ပို၍ အလုပ်ပေးထားရတော့သည်..။

"ရပ်တော့..."

ဒက်အိတာများ ရပ်တန့်လိုက်ကြသည်..။ သူတို့အားလုံး ကျောင်းတံခါးရှေ့တွင် ဖြန့်ကျက်နေရာ ယူလိုက်သည့်အသံများကို ဟယ်ရီ ကြားနေရ၏..။ သူ့မျက်လုံးများ ပိတ်ထားသည့်တိုင် ခန်းမကြီးထဲမှ ထွက်ပေါ်လာသည့် မီးအလင်းရောင်ကို မြင်နေရသေး၏..။ သိပ်မကြာခင် အချိန်အတွင်းမှာပင် သူ

အသေခံကာ ကာကွယ်ပေးရန် ကြိုးစားခဲ့သူများမှာ ဟက်ဂရစ်၏ လက်ထဲတွင် သေဟန်ဆောင်နေသော သူ့အား တွေ့ကြပေတော့မည်...။

"မဖြစ်နိုင်ဘူး..."

အော်ဟစ်လိုက်သော အသံမှာ အလွန်ပင် ဆိုးဝါးလှ၏..။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါ ထိုကဲ့သို့ ကြေကြေကွဲကွဲ အော်ဟစ်လိမ့်မည်ဟု ဟယ်ရီ တစ်ခါမှ အိပ်မက်ပင် မမက်ဖူးချေ..။ နောက်ထပ် မိန်းမတစ်ယောက်ရယ်သံကို ဟယ်ရီ ကြားလိုက်ရသည်..။ မက်ဂွန်နာဂေါ၏ ဝမ်းနည်းကြေကွဲမှုကို ဘဲလ်ထရစ်က လှောင်ရယ်ရယ်နေခြင်းပင်..။

သူ တစ်ချက်မျှ မျက်စိဖွင့်ကြည့်လိုက်ရာ တံခါးဝတွင် လူများနှင့် ပြည့်နှက်နေသည်ကို တွေ့ရ၏..။ တိုက်ပွဲတွင် အသက်ရှင် ကျန်ရစ်သူများမှာ ဟယ်ရီ တကယ် သေမသေကို ထွက်ကြည့်နေကြခြင်းပင်..။ သူ့အရှေ့ မလှမ်းမကမ်းတွင် ဗိုဒီမော့က နာဂီနီအား လက်ချောင်းတစ်ချောင်းဖြင့် ပွတ်သပ်ရင်း ရပ်နေ၏..။ သူ မျက်လုံးများကို ပြန်ပိတ်ထားလိုက်သည်..။

"ဟယ်ရီ..."

"ဟယ်ရီ.. ဟယ်ရီ..."

ရွန် ဟာမီယွန်နှင့် ဂျင်နီတို့၏ အော်ဟစ်သံများမှာ မက်ဂွန်နာဂေါထက် ပို၍ ဆိုးဝါးနေ၏..။ ဟယ်ရီ သူတို့ကို ပြန်ထူးလိုက်ချင်သော်လည်း တိတ်ဆိတ်စွာပင် လှဲလျောင်းနေလိုက်သည်..။ သူတို့သုံးယောက်၏ အော်ဟစ်သံမှာ ခလုတ်နှိပ် အချက်ပေးလိုက်သလိုပင် အသက်ရှင်ကျန်ရစ်သူ အားလုံး ဒက်အိတာများကို ဆဲဆိုကြိမ်းမောင်းကြတော့သည်..။

"တိတ်ကြစမ်း..."

ဗိုဒီမော့၏ အော်ဟစ်သံနှင့်အတူ ဒိုင်းကနဲ အသံနှင့် အလင်းတန်းတစ်ခုက အားလုံး၏ အသံများကို တိတ်ဆိတ်သွားစေ၏...။

"အားလုံး ပြီးသွားပြီ.. သူ့ကို ချထားလိုက်စမ်း ဟက်ဂရစ်.. ငါ့ခြေရင်းမှာ ချထားလိုက်.. ဒါ သူ့ရဲ့ နေရာအမှန်ပဲ..."

ဟယ်ရီ မြက်ခင်းပေါ်သို့ ရောက်သွားမှန်း သိလိုက်သည်...။

"တွေ့ကြလား..."

ဟယ်ရီ သူ့ခန္ဓာကိုယ် ရှေ့တိုးနောက်ငင် လှုပ်ရှားနေသည်ကို ခံစားလိုက်ရ၏..။

"ဟယ်ရီပေါ်တာ သေပြီ.. မင်းတို့အားလုံး အခု နားလည်ကြပြီ မဟုတ်လား.. သူက အလကားပဲ.. ဘာမှ မဟုတ်ဘူး.. သူ့အသက်ရှင်ဖို့ တခြားသူတွေကို စတေးပြီး နေရတဲ့ ကောင်လေးပဲ..."

"သူက ခင်ဗျားကို နိုင်ခဲ့ဖူးတယ်..."

ရွှန်က အော်ဟစ်လိုက်၏..။ ဗိုဒီမော့၏ အသံတိတ် မန္တန်အစွမ်းမှာ ပျက်ပြယ်သွားပြီး ဟော့ဝဂ်ကျောင်းမှ ခုခံသူများမှာ အော်ဟစ်ဆူပူကြပြန်၏..။ သို့ရာတွင် ဒုတိယအကြိမ် ဒိုင်းကနဲ အသံနှင့်အတူ အသံဗလံအားလုံး တိတ်ဆိတ်သွားပြန်သည်...။

"ရဲတိုက်ကနေ တိတ်တိတ်လေး ထွက်ပြေးဖို့ ကြိုးစားနေတုန်း သူ အသတ်ခံလိုက်ရတာပဲ..."

သို့ရာတွင် ဗိုဒီမော့ စကားမဆက်နိုင်ချေ..။ ဟယ်ရီ အော်ဟစ်သံ တစ်သံကို ကြားလိုက်ရပြီး ဝုန်းကနဲ အသံနှင့် အလင်းတန်းကို မြင်လိုက်ရကာ နာကျင်စွာ အော်ဟစ်သံကို ကြားရ၏..။ သူ မျက်လုံးကို အနည်းငယ် ဖွင့်ကြည့်လိုက်ပြန်သည်..။

တစ်စုံတစ်ယောက်မှာ လူအုပ်ထဲမှ လွတ်ထွက်လာကာ ဗိုဒီမော့ထံသို့ ပြေးဝင်တိုက်ခိုက်ခြင်းပင်..။ ထိုသူမှ လွင့်စင်ကာ မြေပြင်ပေါ်သို့ ပြုတ်ကျပြီး သူ၏ မှော်တောင်ဝှေးမှာ ဗိုဒီမော့၏ အဝေးသို့ လွင့်ပစ်ခြင်းကို ခံလိုက်ရသည်..။ ဗိုဒီမော့က မြွေတစ်ကောင်နှင့် တူလှသော အသံဖြင့်...

"ဒါက ဘယ်သူလဲ.. ဘယ်သူက ရှုံးပြီးတဲ့ တိုက်ပွဲကို ဆက်တိုက်ရင် ဘာဖြစ်တတ်သလဲဆိုတာကို ဒီလောက် သရုပ်ပြချင်တာလဲ..."

ဘဲလ်ထရစ်က တစ်ချက်ရယ်လိုက်ရင်း...

"ဒါ နဗီးလ်လောင်းဘော့တွန်ပဲ သခင်.. ကာရိုးမောင်နှမကို ပြဿနာ အများကြီး တက်အောင် လုပ်တဲ့ ကောင်လေးပေါ့.. အော်ရာနှစ်ယောက်ရဲ့သားလေ.. မှတ်မိတယ် မဟုတ်လား..."

"အား.. ဟုတ်ပြီ.. ငါမှတ်မိလာပြီ..."

ဗိုဒီမော့က နဗီးလ်ကို ငုံ့ကြည့်ရင်း ပြော၏..။ နဗီးလ်မှာ လူးလဲကာ ပြန်ထလာ၏..။ သူ့တွင် မှော်တောင်ဝှေး မရှိတော့ပေ..။ ဒက်အီတာများနှင့် ဟော့ဝဂ်မှ အသက်ရှင်ကျန်ရစ်သူများ အကြားရှိ မြေပြင်ပေါ်ဝယ် တစ်ယောက်တည်း ရပ်လျှက်ရှိသည်..။

"ဒါပေမယ့် မင်းက စုန်းကဝေ မျိုးရိုးစစ်စစ် မဟုတ်လား ကောင်လေး..."

ဗိုဒီမော့က နဗီးလ်အား မေးခွန်းထုတ်လိုက်သည်..။ နဗီးလ်က သူ့ကို မျက်နှာချင်းဆိုင်လျှက် လက်နှစ်ဘက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်းမှ...

"ဟုတ်တယ် ဆိုရင် ဘာဖြစ်လဲ..."ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်သည်...။

"မင်းမှာ စိတ်ဓာတ်နဲ့ သတ္တိရှိတယ်.. ပြီးတော့ မျိုးရိုးလည်း ကောင်းတယ်.. မင်းဟာ အင်မတန်တော်တဲ့ ဒက်အိတာ ဖြစ်လာနိုင်တယ်.. ငါတို့ဆီမှာ မင်းလိုလူမျိုးတွေ လိုအပ်နေတယ် နဗီးလ်..."

နဗီးလ်က...

"ငရဲမှာ ရေခဲ့တဲ့အချိန်ကျမှ ခင်ဗျားနဲ့ ပူးပေါင်းဖို့ စဉ်းစားမယ်... ဒမ်ဘယ်လ်ဒိုး အဖွဲ့ဝင်တဲ့ကွ..."

နဗီးလ်၏ အော်ဟစ်သံနှင့်အတူ အဖွဲ့ဝင်များထဲမှ အော်ဟစ်အားပေးသံများ ဆူညံစွာ ထွက်ပေါ်လာ၏..။ ဗိုဒီမော့၏ အသံတိတ် မန္တန်လည်း စွမ်းနိုင်ပုံ မရတော့ချေ..။

"ကောင်းပြီ..."

ဗိုဒီမော့၏ အသံတွင် ကျိန်စာများစွာထက် ပို၍ အန္တရာယ်ကြီးသည့် အရိပ်အယောင်ကို ဟယ်ရီ တွေ့လိုက်ရသည်..။

"ဒါ မင်းရဲ့ ရွေးချယ်မှု ဆိုရင်လည်း ငါတို့ အစီအစဉ်ပြောင်းကြတာပေါ့.. မင်းရဲ့ ခေါင်းပေါ်ကို..."

ဗိုဒီမော့ မှော်တောင်ဝှေး ဝှေ့ယမ်းလိုက်သည်ကို ဟယ်ရီ မျက်တောင်များကြားမှ မြင်လိုက်ရ၏..။ စက္ကန့်ပိုင်းအကြာတွင် ရဲတိုက်ပြတင်းပေါက်မှ ငှက်လို သဏ္ဌာန်တစ်ခုမှာ ပျံသန်း၍ ဗိုဒီမော့လက်ထဲ ရောက်လာ၏..။ ထိုအရာမှာ အဆောင်ခွဲပေးသည့် ဦးထုပ်ဟောင်းကြီးပင်...။ ဗိုဒီမော့က...

"ဟော့ဝဂ်ကျောင်းမှာ အဆောင်ခွဲစရာ မလိုတော့ဘူး.. ဘာအဆောင်မှလည်း မရှိရတော့ဘူး.. ကျုပ်ရဲ့ ဘိုးအေဖြစ်တဲ့ စလေဇာစလေသရင်ရဲ့ တံဆိပ်ပဲ အားလုံးဆီမှာ ရှိရမယ်.. မဟုတ်ဘူးလား နဗီးလ်လောင်းဘော့တွန်..."

သူက မှော်တောင်ဝှေးကို နဗီးလ်ထံ ညွှန်လိုက်ရာ နဗီးလ်တစ်ကိုယ်လုံး တောင့်တောင့်ကြီး ဖြစ်သွား၏..။ ထို့နောက် ဦးထုပ်ကို အတင်းဆောင်းပေးလိုက်ရာ နဗီးလ်၏ မျက်လုံးများကိုပင် ဖုံးအုပ်သွား၏..။ ရုတ်တရက် ရဲတိုက်ရှေ့မှ လူအုပ်ကြီးက လှုပ်ရှားရန် ပြင်လိုက်သော်လည်း

ဒက်အိတာများက မော်တောင်ဖုံးများကို မြောက်ကာ ရှေ့သို့ တိုးမလာစေရန် ထိန်းထားလိုက်ကြသည်...။

"နမီးလ်က ငါ့ကို ဆက်ပြီး ခုခံတဲ့ အရှုးတွေ ဘာဖြစ်သွားမလဲဆိုတာကို သရုပ်ပြလိမ့်မယ်..."

ဗိုဒီမော့က ပြောရင်း သူ့မော်တောင်ဖုံးကို တစ်ချက် ဖုံ့ယမ်းလိုက်ရာ ဦးထုပ်မှာ ချက်ချင်းပင် မီးထတောက်တော့သည်...။

အော်ဟစ်သံများ ဆူညံသွား၏..။ နမီးလ်မှာ နေရာတွင် လုံးဝမလှုပ်နိုင်ပဲ မီးတင်ရှို့ခြင်း ခံနေရ၏..။ ဟယ်ရီ လုံးဝ သည်းမခံနိုင်တော့ပေ..။ သူ တစ်ခုခု လုပ်ရပေတော့မည်..။

ထိုအချိန်ကလေးမှာပင် အဖြစ်အပျက်များစွာ တစ်ပြိုင်နက် စုပြုံဖြစ်သွား၏..။

ကျောင်း၏ အခြားတစ်ဘက်ဆီမှ အော်ဟစ်သံများနှင့်အတူ လူပေါင်းရာချီ ပြေးလာသကဲ့သို့ အသံများကို ကြားလိုက်ရပြီး ထိုအခိုက်မှာပင် ဂရပ်မှာ ရဲတိုက်တစ်ဘက်မှ ပေါ်လာကာ 'ဟက်ဂါ'ဟု အော်ဟစ်လိုက်သည်...။

သူ့အော်ဟစ်သံကြောင့် ဗိုဒီမော့၏ ဘီဘူးများကပါ အော်ဟစ်လိုက်ကြပြီး ဂရပ်ထံသို့ အတင်းပြေးဝင်သွားရာ မြေပြင်တစ်ခုလုံး တုန်ခါသွား၏..။ ထိုအခိုက်မှာပင် ခွာသံများနှင့် လေးပစ်သံများကို ကြားလိုက်ရပြီး မြားတံများမှာ ဒက်အိတာများအပေါ် မိုးရွာသလို ကျလာ၏..။ အားလုံးမှာ အလန့်တကြားအော်ဟစ်ရင်း လူစုကွဲကုန်ကြသည်...။

ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်ကာ ခြုံလိုက်ပြီး နေရာမှ ခုန်ထလိုက်ချိန်မှာပင် နမီးလ်ကလည်း လှုပ်ရှားလိုက်သည်..။

အလွန်လျှင်မြန်သော အချိန်လေးအတွင်းမှာပင် နမီးလ်တစ်ယောက် ခြေချုပ်ကျိန်စာမှ လွတ်လာကာ မီးတောက်နေသော ဦးထုပ်မှာ သူ့အပေါ်မှ ကျွတ်ကျသွား၏..။ သူက ဦးထုပ်အတွင်းမှ ငွေရောင်တောက်ပနေသော ပတ္တမြား တစ်လုံး လက်ကိုင်ရိုးတွင် မြှုပ်ထားသော ဓားတစ်လက်ကို ဆွဲထုတ်လိုက်သည်..။

ဓားကို ခုတ်ချလိုက်သံမှာ လူများ၏ အော်ဟစ်သံများ ဘီလူးများ သတ်ပုတ်နေသံများ ဆန်တော်များ ပြေးလွှားနေသော ခွာသံများကြားတွင် လုံးဝ မကြားရသော်လည်း အားလုံး ငေးကြည့်နေမိကြသည်..။ ဓားချက်တစ်ချက်တည်းဖြင့်ပင် နမီးလ်မှာ ဧရာမ မြွေကြီးအား ခေါင်းဖြတ်ပစ်လိုက်၏..။ မြွေခေါင်းမှာ လေထဲသို့ ချာလပတ်လည်ကာ မြောက်တက်သွားသည်ကို ခန်းမကြီးဆီမှ ဖြာကျလာသော မီးရောင်အောက်ဝယ် တွေ့လိုက်ရသည်..။

ဗိုဒီမော့မှာ ဒေါသတကြီး အော်ဟစ်လိုက်သော်လည်း မည်သူမျှ မကြားရပေ..။ မြွေ၏ခန္ဓာကိုယ်မှာ သူ့ခြေရင်းသို့ ပြုတ်ကျသွား၏..။

ကိုယ်ပျောက်ဝတ်ရုံအောက်မှပင် ဟယ်ရီ ဒိုင်းအကာအကွယ်တစ်ခုကို နဗီးလ်နှင့် ဗိုဒီမော့ကြားတွင် ဖန်ဆင်းလိုက်၏..။ ထိုအချိန်မှာပင် တိုက်ပွဲသံများ ဆူညံနေသည့်ကြားမှ ဖောက်ထွက်လာသည့် ဟက်ဂရစ်၏ အော်ဟစ်သံကို ကြားလိုက်ရသည်..။

"ဟယ်ရီ ... ဟယ်ရီ .. ဘယ်ရောက်သွားလဲ..."

ဝရုန်းသုန်းကား တိုက်ပွဲကြီး ပြန်၍ စတင်လေပြီ..။ အတင်းပြေးဝင်လာသော ဆန်တော်များကြောင့် ဒက်အိတာများမှာ တကွဲတပြားစီ ဖြစ်သွား၏..။ လူအားလုံးမှာ ဘီလူးများ၏ ခြေထောက်များအောက်မှ လွတ်အောင် ပြေးလွှားနေကြသည်...။

မည်သည့်နေရာမှ ရောက်လာမှန်းမသိသည့် စစ်ကူများ၏ အော်ဟစ်သံများမှာ နီးသည်ထက် နီးလာ၏..။ ဗိုဒီမော့၏ ဘီလူးများခေါင်းနားဝယ် လှည့်ပတ်ပျံဝဲနေသော ဇရာမ တောင်ပံနှင့် သတ္တဝါများကို ဟယ်ရီ မြင်လိုက်ရသည်...။

အရိုးစုမြင်းပျံ သီစရယ်လ်များနှင့် နယားပျံကြီး ဘတ်ဘိခ်တို့မှာ ဘီလူးများ၏ မျက်နှာများ မျက်လုံးများကို ကုတ်ဖဲ့နေစဉ်ဝယ် ဂရပ်က သူတို့အား စိတ်ကြိုက်ပင် ထုနှက်နေ၏..။ ယခုအခါတွင် ဟော့ဝက်မှ ခုခံကာကွယ်သူများရော ဒက်အိတာများပါ ရဲတိုက်ထဲသို့ ဝင်ပြေးလာကြရ၏..။

ဟယ်ရီမှာ သူ့မျက်စိထဲတွင် မြင်သမျှ ဒက်အိတာများအား ကျိန်စာများဖြင့် ပစ်ခတ်ပစ်ခဲ့၏..။ သူတို့အားလုံးမှာ မည်သူက မည်သည့် ကျိန်စာဖြင့် ပစ်လိုက်မှန်းပင် မသိရပဲ လဲပြိုကျကာ သူတို့ ခန္ဓာကိုယ်များကို ရဲတိုက်ထဲ ဆုတ်လာသူများက တက်နင်းသွားကြတော့သည်..။

ကိုယ်ပျောက်ဝတ်ရုံခြုံလျှက်နှင့်ပင် ဟယ်ရီ ခန်းမကြီးထဲ ပြေးလွှားရင်း ဗိုဒီမော့ကို ရှာဖွေလိုက်သည်..။ ဗိုဒီမော့မှာ အခန်းကိုဖြတ်ကာ ခန်းမကြီးဆီသို့ ဦးတည်ရင်း လမ်းတွင် တွေ့သမျှလူများအား ကျိန်စာများဖြင့် ဘယ်ပြန်ညာပြန် ပစ်ခတ်နေ၏..။ သူ၏ ဒက်အိတာများကိုလည်း အမိန့်များ အော်ဟစ်ပေးနေ၏..။

ဟယ်ရီတစ်ယောက် ဒိုင်းအကာအကွယ်များကို ထပ်မံဖန်တီးရင်း ဗိုဒီမော့ အန္တရာယ်ပေးနိုင်မည့်သူများကို ကာကွယ်ထားလိုက်သည်..။ ရှေးမတ်စ်နှင့် ဟာနာအတ်ဘော့တို့မှာ သူ့ကို ဖြတ်ကျော်ပြေးကာ ခန်းမကြီးထဲရှိ တိုက်ပွဲကြားသို့ ဝင်ရောက်သွားကြသည်..။

ယခုအခါတွင် အရှေ့ဘက်လှေကားဆီမှ လူများစွာ ထပ်၍ ပြေးတက်လာကြ၏..။ ချာလီဝီစလေက ဟိုရေ့စ်စလပ်ဟွန်းကို ကျော်တက်သွားသည်ကို ဟယ်ရီ တွေ့လိုက်ရသည်..။ ဟော့ဝက်တွင်

တိုက်ခိုက်ရန် ကျန်နေခဲ့သည့် ကျောင်းသားများ အားလုံး၏ မိသားစုဝင်များနှင့် သူငယ်ချင်း မိတ်ဆွေများ ရောက်လာကြသလို ဟော့မိဒ်ရွာမှ ရွာသားများ ဆိုင်ရှင်များကိုပါ တွေ့ရသည်…။ ဆန်တော်များဖြစ်သည့် ဘိန်း ရှိုနန်နှင့် မာဂိုရီယန်တို့မှာ ခန်းမကြီးထဲသို့ ဒုန်းစိုင်းဝင်လာကြသည်..။ ထိုအခိုက်မှာပင် ဟယ်ရီ့ အနောက်ဘက်ရှိ မီးဖိုချောင်တံခါးမှာ ပတ္တာမှ ဝုန်းကနဲ ပွင့်ထွက်သွား၏..။

ဟော့ဝဂ်ကျောင်းမှ မှင်စာလေးများ ခန်းမကြီးထဲသို့ ပြေးလွှား ဝင်ရောက်လာကြသည်..။ အော်ဟစ်ရင်း လက်ထဲတွင် ဓားများနှင့် ဓားမကြီးများကို ဝှေ့ယမ်းလာကြ၏..။ အားလုံး၏ ထိပ်ဆုံးတွင် ရင်ဘတ်ပေါ်ဝယ် ရီဂူလပ်စ် ဘလက်၏ ဆွဲကြိုးဆွဲထားသော ခရီချာကို တွေ့ရပြီး သူ၏ ဖားကြီး တစ်ကောင်လို အသံက အားလုံးကို လွှမ်းသွားကာ ကြားလိုက်ရသည်..။

“တိုက်ကြ.. တိုက်ကြ.. ငါ့သခင်အတွက် တိုက်ကြ.. မှင်စာလေးတွေကို ကာကွယ်ပေးသူအတွက် တိုက်ကြ.. မိစ္ဆာသခင်ကြီးကို တိုက်ကြ.. သူရဲ့ကောင်း ရီဂူလပ်စ်အတွက် တိုက်ကြ…”

သူတို့မှာ ဒက်အိတာများ၏ ခြေသလုံးများကို ဓားနှင့် ခုတ်ကြ ထိုးကြ၏..။ သူတို့၏ မျက်နှာများတွင် ခါးသီးစွာ မုန်းတီးနေကြောင်းကို တွေ့နေရသည်..။ နေရာတိုင်းတွင် ဒက်အိတာများမှာ အင်အားမမျှပဲ အကြီးအကျယ် ရှုံးနိမ့်နေသည်ကို ဟယ်ရီ တွေ့လိုက်ရသည်..။ ဂါထာမန္တန်များ စုပြုံထိမှန်ခံနေရ၏..။ မြားများ ထိမှန်ခံနေရသလို ခြေထောက်များကိုလည်း မှင်စာလေးများက ခုတ်ထစ်နေကြ၏..။ ထွက်ပြေးရန် ကြံသူများမှာလည်း ထပ်ရောက်လာနေသည့် စစ်ကူများကြားတွင် တစ်စစီ ဖြစ်ကုန်ကြတော့သည်..။

သို့သော် တိုက်ပွဲမှာ မပြီးဆုံးသေးပေ..။ ဟယ်ရီ ခပ်သွက်သွက်ပင် တိုက်ခိုက်နေသူများကြားမှ ဖြတ်ကာ ခန်းမကြီးထဲသို့ ပြေးဝင်လာခဲ့သည်..။

ဗိုဒီမော့မှာ တိုက်ပွဲအလယ်ဗဟိုတွင် ရှိနေပြီး လက်လှမ်းမီသမျှကို ကျိန်စာများဖြင့် ပစ်ခတ်နေ၏….။ ဟယ်ရီ့အတွက် ပစ်ကွင်းမှာ မရှင်းလှပေ..။ ထို့ကြောင့် သူ ကိုယ်ပျောက်ဝတ်ရုံအောက်မှပင် နီးသည်ထက် နီးအောင် တိုးကပ်လာခဲ့သည်..။ ခန်းမကြီးထဲတွင်လည်း လူများ ပို၍ များသည်ထက် များလာ၏..။

ဂျော့နှင့် လီဂျော်ဒန်တို့ လက်ချက်ဖြင့် ရက်ဇ်လေ လဲကျသွားသည်ကို ဟယ်ရီ တွေ့လိုက်ရသည်..။ ဖလစ်ဝစ်၏ လက်ချက်ဖြင့် ဒိုလိုဟော့မှာ အော်ဟစ်ရင်း လဲကျသွား၏..။ မက်နီးယားမှာ ဟက်ဂရစ်၏ ကိုင်ပေါက်ခြင်းကို ခံရကာ ကျောက်သားနံရံနှင့် ဝင်ဆောင့်မိပြီး မြေပြင်ပေါ်ဝယ် မေ့မျောနေ၏..။

သမန်းဝံပုလွေ ဂရေးဘက်ခ်မှာ ရွန်နှင့် နဗီးလ်တို့ လက်ချက်ဖြင့် ရှုံးနိမ့်သွားသလို ရွှတ်ဝုဒ်မှာလည်း အက်ဘာဖို့၏ မေ့မျောကျိန်စာ ထိမှန်ခြင်း ခံလိုက်ရသည်..။ အာသာနှင့် ပါစီတို့မှာ သစ်က်နက်ခ်အား

အနိုင်ယူလိုက်သည်..။ လူးစီးယပ်စ်နှင့် နာဆစ်ဆာ မယ်လ်ဖွိုင်းတို့မှာ လူအုပ်ကြားတွင် ပြေးလွှားကာ တိုက်ခိုက်ရန် လုံးဝ မကြိုးစားပဲ သူတို့သားကိုသာ အော်ဟစ်ရင်း လိုက်ရှာနေကြသည်...။

ဗိုဒီမော့မှာ ယခုအခါတွင် မက်ဝွန်နာဂေါ် စလပ်ဟွန်း ကင်းစလေတို့နှင့် တစ်ပြိုင်နက် တိုက်ခိုက်နေ၏..။ သူ့မျက်နှာမှာ အေးစက်တင်းမာနေပြီး ကျန်သုံးယောက်မှာ ရှောင်ရင်းတိမ်းရင်းနှင့် သူ့အား မရှင်းနိုင်ပဲ ရှိနေ၏...။

ဘဲလ်ထရစ်မှာလည်း ဗိုဒီမော့နှင့် ကိုက်ငါးဆယ်ခန့်အကွာတွင် တိုက်ခိုက်လျှက် ရှိဆဲပင်..။ သူမ၏ သခင်ကဲ့သို့ပင် သုံးယောက်နှင့် တစ်ပြိုက်နက် ရင်ဆိုင်နေရ၏...။ ဟာမီယွန် ဂျင်းနီနှင့် လူနာတို့မှာ အစွမ်းကုန်တိုက်ခိုက် နေကြသော်လည်း ဘဲလ်ထရစ်မှာ သူမတို့ သုံးယောက်ပေါင်းအားနှင့် ညီမျှနေ၏..။ ဟယ်ရီ့အာရုံမှာ ချက်ချင်းပင် ထိုတိုက်ပွဲဆီသို့ ရောက်သွား၏..။ အကြောင်းမှာ ဘဲလ်ထရစ်၏ သေမင်းတမန်ကျိန်စာမှာ ဂျင်းနီအနီးမှ လက်မအနည်းငယ်သာ လွဲချော်သွား၍ပင်...။

သူ ချက်ချင်းပင် လမ်းကြောင်းပြောင်းကာ ဘဲလ်ထရစ်ထံသို့ ဦးတည်ပြေးလွှားသွားသည်..။ သို့သော် ခြေလှမ်းအနည်းငယ် လှမ်းမိစဉ်မှာပင် သူ့ကို တစ်စုံတစ်ယောက်က ဝင်တိုက်ကာ ကျော်တက်သွား၏..။

"ငါ့သမီးကို မထိနဲ့ .. မိစ္ဆာမ..."

မစ္စစ်ဝီစလေက အော်ဟစ်ကာ မိန်းကလေးသုံးယောက်ကို နှင်ထုတ်လိုက်ပြီးနောက် သူမ၏ မှော်တောင်ဝှေးကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်တော့သည်..။ ဟယ်ရီ ကြောက်ရွံ့မှုနှင့် တက်ကြွမှုတို့ကို ရောထွေးခံစားရင်း မော်လီဝီစလေ တိုက်ပွဲဝင်နေသည်ကို ငေးကြည့်နေမိသည်...။

ဘဲလ်ထရစ်၏ မျက်နှာပေါ်မှ အပြုံးရိပ်မှာ ပျောက်ကွယ်သွားပြီး မကျေမနပ် အော်ဟစ်ကာ ပြန်လည်တိုက်ခိုက်တော့၏..။ အလင်းတန်းများ မှော်တောင်ဝှေး နှစ်ခုလုံးဆီမှ လွင့်ပျံထွက်လာကြပြီး သူတို့ ခြေထောက်အောက်မှ ကျောက်ပြားများမှာ ပူလောင်အက်ကွဲကုန်၏..။ နှစ်ယောက်စလုံးမှာ အသေအကျေ သတ်ရန် ရည်ရွယ်နေကြပေပြီ...။

"မလာကြနဲ့.. နောက်ဆုတ်ကြ.. သူ့ကို ငါရှင်းမယ်..."

မစ္စစ်ဝီစလေက သူမကို ကူညီရန် ပြေးလာကြသော ကျောင်းသားများကို ဟန့်တားလိုက်သည်..။

ယခုအခါတွင် လူရာပေါင်းများစွာမှာ နံရံအနီးတွင် စီတန်းရပ်နေကြကာ တိုက်ပွဲနှစ်ခုကို ကြည့်နေကြ၏..။ ဗိုဒီမော့နှင့် ပြိုင်ဘက် သုံးယောက်တို့၏ တိုက်ပွဲနှင့် မော်လီနှင့် ဘဲလ်ထရစ်တို့၏ တိုက်ပွဲပင်..။ ဟယ်ရီမှာ တိုက်ပွဲနှစ်ခု၏ အလယ်တွင် ကိုယ်ပျောက်ကာ ရပ်လျှက် တိုက်ခိုက်ရကောင်းနိုး ကာကွယ်ပေးရ ကောင်းနိုးနှင့် ဘာလုပ်ရမှန်း မသိပဲ ဖြစ်နေ၏..။

ဘဲလ်ထရစ်က မော်လီ၏ ကျိန်စာများကို ရှောင်တိမ်းရင်း...

"ငါ နင့်ကို သတ်လိုက်ရင် နင့်ကလေးတွေ ဘယ်လိုဖြစ်သွားမလဲ ဖရက်လိုပဲ နင်ပါ ဖြစ်သွားရင်..."

"နင် ငါ့ကလေးတွေကို နောက်ထပ် မထိနိုင်တော့ဘူး..."

မစ္စစ်ဝီစလေက အော်ဟစ်လိုက်သည်..။

ဘဲလ်ထရစ်က ရယ်မောလိုက်၏..။ သို့ရာတွင် ဘာဖြစ်သွားသလဲ ဆိုသည်ကို ဟယ်ရီ ရုတ်တရက် တွေ့လိုက်ရသည်...။ မော်လီ၏ ကျိန်စာမှာ ဘဲလ်ထရစ်၏ ဆန့်တန်းထားသော လက်အောက်မှ ဖြတ်ဝင်လာပြီး သူမ၏ နှလုံးသား နေရာ တည့်တည့်သို့ ထိမှန်သွားတော့သည်..။

ဘဲလ်ထရစ်၏ ရယ်သံမှာ ရပ်တန့်သွားပြီး သူမမျက်လုံးများမှာ ပြူးကျယ်လာ၏..။ ရုတ်တရက် ဘာဖြစ်သွားသလဲကို သူမ သဘောပေါက်လိုက်ချိန်ဝယ် လဲပြိုကျသွားပြီး ကြည့်နေသော လူအုပ်ကြီးမှာ ဝမ်းသာအားရ အော်ဟစ်လိုက်၏..။

ဗိုဒီမော့က ဒေါသတကြီး အော်ဟစ်လိုက်၏..။ ဟယ်ရီ နောက်သို့ လျှပ်တပြက် လှည့်ကြည့်လိုက်၏..။ မြင်ကွင်းအားလုံးကို အနှေးပြကွက်တစ်ခုလို သေချာမြင်လိုက်ရသည်..။ မက်ဂွန်နာဂေါ် ကင်းစလေနှင့် စလပ်ဟွန်းတို့မှာ ဗိုဒီမော့၏ လက်ချက်ဖြင့် လေထဲတွင် အနောက်သို့ လွင့်စင်ထွက်သွားကြသည်..။

ဗိုဒီမော့မှာ သူ၏ နောက်ဆုံး သစ္စာရှိကျေးကျွန် ကျဆုံးသွားသည်ကို တွေ့ရသောအခါ သူ၏ ဒေါသများက ဗုံးတစ်လုံးပမာ ပေါက်ကွဲသွားတော့သည်..။ ဗိုဒီမော့ သူ၏ မှော်တောင်ဝှေးကို မြှောက်လိုက်ရင်း မော်လီဝီစလေထံသို့ ချိန်ရွယ်လိုက်သည်...။

"ပရိုတီဂို..."

ဟယ်ရီ့ အော်ဟစ်သံနှင့်အတူ ဒိုင်းအကာအကွယ်တစ်ခုမှာ ခန်းမကြီးကို ကန့်လန့်ဖြတ်လျှက် ပေါ်လာ၏..။ ဗိုဒီမော့မှာ သူ့အား နှောင့်ယှက်သူကို လိုက်ရှာနေစဉ်မှာပင် ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပစ်လိုက်သည်..။

အလန့်တကြား အော်ဟစ်သံများ ဝမ်းသာအားရ အော်ဟစ်သံများကို နေရာအနှံ့မှ ကြားနေရ၏..။

"ဟယ်ရီ..."

"သူ မသေဘူး..."

ထို့နောက်တွင် လူအားလုံးမှာ ကြောက်လန့်ကာ ရုတ်တရက် တိတ်ဆိတ်သွားကြသည်..။ အကြောင်းမှာ ဟယ်ရီနှင့် ဗိုဒီမော့တို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်ရင်း စက်ဝိုင်းစသဏ္ဍာန်လှည့်ပတ်ကာ လျှောက်ရင်း တိုက်ခိုက်ရန် အခွင့်အရေးကို ချောင်းနေကြ၍ပင်...။

"ဘယ်သူမှ ဝင်မကူညီရဘူး..."

ဟယ်ရီ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်..။ ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်နေသဖြင့် သူ့အသံမှာ ဟိန်းထွက်လာ၏..။

"ဒီတိုက်ပွဲဟာ ဒီအတိုင်းပဲ ဖြစ်ရမယ်.. ဒီတိုက်ပွဲကို တိုက်ရမှာက ကျွန်တော်ပဲ..."

ဗိုဒီမော့က...

"မင်း တကယ်ပြောချင်တာ ဒီလို ဟုတ်ရဲ့လား ပေါ်တာ.. မင်းရဲ့ ပုံစံက ဒီလိုမဟုတ်ပါဘူး.. ဒီနေ့ ဘယ်သူ့ကို ဒိုင်းလို အကာအကွယ် ယူဦးမလဲ ပေါ်တာ..."

ဟယ်ရီက ခပ်အေးအေးပင်...

"ဘယ်သူမှ မရှိဘူး.. ဝိညာဉ်ကိုယ်ပွားတွေလည်း တစ်ခုမှ မကျန်တော့ဘူး.. ခင်ဗျားနဲ့ ကျွန်တော်ပဲ ကျန်တော့တယ်.. တစ်ယောက် အသက်ရှင်နေရင် နောက်တစ်ယောက်က အသက်မရှင်နိုင်ဘူး.. ဒီတော့ ကျွန်တော်တို့ နှစ်ယောက်ထဲက တစ်ယောက်ကတော့ သေကို သေရတော့မယ်..."

"ငါတို့ နှစ်ယောက်ထဲက တစ်ယောက် ... ဟုတ်လား..."

ဗိုဒီမော့က အံကြိတ်ရင်း မေး၏..။ သူ၏ အနီရောင် မျက်လုံးများမှာ တောက်ပလာပြီး သူ့ပုံစံမှာ အချိန်မရွေး ထပေါက်တော့မည့် မြွေတစ်ကောင်လိုပင်...။

"အဲဒီ့လူဟာ မင်းပဲလို့ ထင်တယ် .. ဟုတ်တယ် မဟုတ်လား ပေါ်တာ.. မင်းဟာ မတော်တဆ ဖြစ်ရပ်ကြောင့် အသက်ရှင်ခဲ့တဲ့ ကောင်လေးတစ်ယောက်ပဲ... ပြီးတော့ ဒမ်ဘယ်လ်ဒိုးကြောင့် အသက်ရှည်နေခဲ့တာပဲ..."

"မတော်တဆ ... ဟုတ်လား.. ကျွန်တော့်အမေက ကျွန်တော့်ကို ကယ်ဖို့အတွက် အသက်ပေးခဲ့တယ်..."

ဟယ်ရီက မေးခွန်း ထုတ်လိုက်သည်..။ သူတို့နှစ်ယောက်မှာ မျက်နှာချင်းဆိုင်ရင်း စက်ဝိုင်းသဏ္ဍာန် ပတ်လျှောက်နေကြသည်..။ ဟယ်ရီ ဗိုဒီမော့၏ မျက်နှာမှအပ ဘာကိုမှ မမြင်ချေ..။

"ကျွန်တော် သင်္ချိုင်းထဲမှာ ခုခံတိုက်ခိုက်ခဲ့တာကရော မတော်တဆပဲလား.. ဒီနေ့ညမှာ လုံး၀ ကိုယ့်ကိုယ်ကို မကာကွယ်ခဲ့ဘူး.. ဒါပေမယ့် အခု အသက်ရှင်နေပြီး ပြန်တိုက်ခိုက်တာကရော မတော်တဆဖြစ်တာပဲလား..."

"မတော်တဆ ဖြစ်ရပ်တွေချည်းပဲ..."

ဗိုဒီမော့က အော်ဟစ်လိုက်သည်..။ သို့သော် သူ ယခုအချိန်ထိ မတိုက်ခိုက်သေးပေ..။ ကြည့်နေသော လူအုပ်ကြီးမှာ ကျောက်ဖြစ်ဂါထာနှင့် ပြုစားခံထားရသလို မလှုပ်မယှက် ရပ်နေကြပြီး အသက်ရှူရန်ပင် သတိရကြဟန် မတူချေ..။

"မတော်တဆ ဖြစ်သွားတာတွေရယ်.. တခြားလူတွေက မင်းကို ကာကွယ်ပေးတာတွေရယ်.. မင်းအတွက် သေပေးနေတာတွေရယ်ကြောင့် မင်း အသက်ရှင်နေတာပဲ.. ဒီ့ထက် ဘာမှ မပိုဘူး..."

ဟယ်ရီက ပတ်ချာလည် လှည့်လျှောက်ရင်းမှ ဗိုဒီမော့၏ အနီရောင် မျက်လုံးများကို စူးစိုက်ကြည့်ကာ...

"ခင်ဗျား ဒီည ဘယ်သူ့ကိုမှ ထပ်မသတ်နိုင်တော့ပါဘူး.. နောက်ထပ်လည်း သတ်ခွင့်မရှိတော့ဘူး.. ခင်ဗျား နားမလည်သေးဘူးလား.. ကျွန်တော်က ဒီလူတွေ ဒုက္ခရောက်မှာစိုးလို့ အသေခံပေးခဲ့တယ်..."

"ဒါပေမယ့် မင်း မသေသေးဘူးလေ..."

"ကျွန်တော် သေဖို့ ဆုံးဖြတ်ခဲ့တယ်.. အဲဒါက အဓိကပဲ.. ကျွန်တော့် အမေလုပ်ခဲ့တဲ့ အလုပ်ကို ကျွန်တော် ထပ်လုပ်ဖြစ်ခဲ့တယ်.. သူတို့အားလုံးကို ကာကွယ်ပေးပြီးသားပဲ.. သူတို့အပေါ် ခင်ဗျားလုပ်သမျှ ဂါထာတွေ တစ်ခုမှ အလုပ်မဖြစ်ဘူးဆိုတာ သတိမထားမိဘူးလား.. ခင်ဗျား သူတို့ကို နှိပ်စက်လို့ မရဘူး.. ထိလို့မရဘူး.. ခင်ဗျားရဲ့အမှားတွေကို ခုထိ နားမလည်သေးဘူး မဟုတ်လား ရစ်ဒယ်လ်..."

"မင်း ငါ့ကို ဒီလို ပြောရဲသလား..."

"ပြောရဲတာပေါ့.. ခင်ဗျား မသိတာတွေ ကျွန်တော် သိတယ် တွမ် ရစ်ဒယ်လ်.. ခင်ဗျား မသိတဲ့ အရေးကြီးတဲ့ အချက်အလက်တွေ ကျွန်တော်သိတယ်.. နည်းနည်းလောက် နားထောင်ကြည့်မလား.. နောက်ထပ် အမှားကြီး တစ်ခု ထပ်မလုပ်နိုင်ခင်လေ..."

ဗိုဒီမော့မှာ စကားမပြောပဲ စက်ဝိုင်းသဏ္ဍာန်သာ လှည့်ပတ်နေ၏..။ သူ ဘာတွေ သိထားသလဲဟု ဗိုဒီမော့ စဉ်းစားရင်း လက်တွန့်နေပုံရသည်..။ ဗိုဒီမော့က...

"ဒီတစ်ခါလည်း ချစ်ခြင်းမေတ္တာပဲလား.. ဒမ်ဘယ်လ်ဒိုး သိပ်ကြိုက်တဲ့ ဖြေရှင်းချက်လေ.. ချစ်ခြင်းမေတ္တာနဲ့ သေခြင်းကို အနိုင်ယူမယ်ဆိုတာ သူ့ရဲ့ ပြောနေကျ စကားပဲ.. ဒါပေမယ့် မျှော်စင်ပေါ်က ပြုတ်ကျပြီး တစ်စစီ ဖြစ်သွားမှာကိုတော့ သူ့ရဲ့ ချစ်ခြင်းမေတ္တာက မတားနိုင်ရှာဘူး.. မင်းရဲ့ မျိုးမစစ်တဲ့ အမေကိုလည်း အဲဒီ့ချစ်ခြင်းမေတ္တာက မကာကွယ်နိုင်ဘူး ပေါ်တာ.. ဒီတစ်ခါတော့ ဘယ်သူမှ မင်းရှေ့ကို ဝင်လာပြီး ငါ့ကျိန်သာကို ခံပေးရလောက်အောင် မင်းကို ချစ်တဲ့သူ မရှိတော့ဘူး.. ဒီတော့ ငါ တိုက်ခိုက်လိုက်တာနဲ့ မင်း သေကို သေရတော့မယ်.. ဘယ်အရာက တားနိုင်တော့မှာလဲ..."

ဟယ်ရီက...

"တစ်ခုကျန်ပါသေးတယ်..."

ဗိုဒီမော့က...

"မင်းကို ကယ်နိုင်မှာ ဒီတစ်ခါ ချစ်ခြင်းမေတ္တာ မဟုတ်တော့ဘူး.. ဒီတော့ မင်းမှာ ငါ့ထက်သာတဲ့ မှော်ပညာအစွမ်းရှိသလား.. ဒါမှမဟုတ် ငါ့လက်နက်ထက် ပိုအစွမ်းထက်တဲ့ လက်နက်ရှိသလား..."

"နှစ်မျိုးလုံး ရှိတယ်လို့ ယုံထားတယ်..."

ဗိုဒီမော့၏ မြွေနှင့်တူလှသော မျက်နှာပေါ်ဝယ် အံ့ဩမှုကို ရုတ်တရက် တွေ့လိုက်ရသည်..။ သို့ရာတွင် ထိုအမူအရာက ချက်ချင်း ပျောက်ကွယ်သွားပြီးနောက် သူက စတင်ရယ်မောတော့သည်..။ သူ၏ ရယ်သံမှာ အော်ဟစ်သံထက် ပို၍ ကြောက်စရာကောင်းပြီး ရက်စက်ရူးသွပ်မှုက ဖုံးလွှမ်းနေ၏..။

"မင်းက ငါ့ထက် မှော်ပညာမှာ ပိုသာတယ်.. ဟုတ်လား.. သခင်ကြီး ဗိုဒီမော့ထက် သာတယ်.. ငါလုပ်ခဲ့တဲ့ မှော်ပညာမျိုးကို ဒမ်ဘယ်လ်ဒိုးတောင် အိပ်မက် မမက်ခဲ့ဖူးဘူးကွ..."

ဟယ်ရီက...

"သူ အိပ်မက်မက်ခဲ့ဖူးပါတယ်.. ဒါပေမယ့် သူက ခင်ဗျားထက် ပိုသိတယ်.. ခင်ဗျားလုပ်သမျှဟာတွေကို မလုပ်သင့်ဘူးဆိုတာ သူ နားလည်ခဲ့တယ်..."

ဗိုဒီမော့က...

"မင်း ဆိုလိုချင်တာက သူက ပျော့ညံ့တယ်ဆိုတာလား.. သူ့အတွက် စွမ်းအားရလာမယ့် အခွင့်အရေးကို ကြောက်ပြီး စွန့်လွှတ်ခဲ့တော့ အခု ငါ ပိုင်ဆိုင်လာတာပေါ့..."

ဟယ်ရီက...

"မဟုတ်ဘူး.. သူက ခင်ဗျားထက်ပိုပြီး လိမ်မာပါးနပ်တယ်.. ပိုတော်တယ်.. ပိုအသိဉာဏ်ရှိတယ်..."

"ငါ အဲဗက်စ်ဒမ်ဘယ်လ်ဒိုးကို သေအောင် ကြံခဲ့တာကွ..."

"အဲဒါ ခင်ဗျား အထင်ပဲ ... ဒါပေမယ့် မှားနေတယ်..."

ပထမဆုံးအကြိမ်အဖြစ် စောင့်ကြည့်နေသော လူအုပ်ကြီးထံမှ တအံ့တသြ အသံများ ပြိုင်တူ ထွက်ပေါ်လာ၏..။

ဗိုဒီမော့က ဟယ်ရီ့စကားများကို မခံမရပ်နိုင်စွာဖြင့် ပြန်အော်လိုက်သည်..။

"ဒမ်ဘယ်လ်ဒိုး သေပြီ.. သူ့ခန္ဓာကိုယ်ဟာ အုတ်ဂူထဲမှာ ဆွေးမြေ့ပျက်စီးနေပြီ.. ငါမြင်ခဲ့ပြီးသား ပေါ့တာ.. သူ ပြန်မလာနိုင်တော့ဘူး..."

ဟယ်ရီက ခပ်အေးအေးပင်...

"ဟုတ်ပါတယ် ဒမ်ဘယ်လ်ဒိုး သေပါပြီ.. ဒါပေမယ့် ခင်ဗျား လက်ချက်နဲ့ သူသေတာ မဟုတ်ဘူး.. သူ ဘယ်လိုသေရမလဲဆိုတာ မသေခင် ကြိုရွေးချယ်ထားပြီးသား.. ခင်ဗျားက ခင်ဗျား ကျေးကျွန်လို့ ထင်တဲ့သူကို သုံးပြီး သူ့ရဲ့ သေလမ်းကို စနစ်တကျ ရွေးချယ်သွားခဲ့တာပဲ..."

"တကယ့် ကလေးစိတ်ကူးပဲ..."

ဗိုဒီမော့က ဟယ်ရီ့မျက်လုံးများကို စူးစိုက်ကြည့်ရင်း မတိုက်ခိုက်သေးပေ..။ ဟယ်ရီက...

"ဆီးဗားရပ်စ် စနိပ်က ခင်ဗျားလူ မဟုတ်ဘူး.. ဒမ်ဘယ်လ်ဒိုးရဲ့ သူလျှိုပဲ.. ကျွန်တော့်အမေနောက်ကို ခင်ဗျားလိုက်ကတည်းက ဒမ်ဘယ်လ်ဒိုးရဲ့လူ ဖြစ်ခဲ့တာပဲ.. ခင်ဗျား ဘယ်တုန်းကမှ မရိပ်မိခဲ့ဘူး မဟုတ်လား.. အဲဒီ့လို ကိစ္စတွေကို ခင်ဗျား နားမလည်ပါဘူး.. စနိပ် အစောင့်အရှောက်ဂါထာ ဖန်ဆင်းတာ ခင်ဗျား တစ်ခါမှ မတွေ့ဖူးဘူး... ဟုတ်တယ် မဟုတ်လား ရစ်ဒယ်လ်..."

ဗိုဒီမော့က အဖြေမပေးချေ..။ သူတို့နှစ်ယောက် စက်ဝိုင်းသဏ္ဍာန်ပတ်ရင်း ကျားချောင်းသလို ချောင်းနေကြဆဲပင်..။ ဟယ်ရီက...

"စနိပ်ရဲ့ အစောင့်အရှောက်က သမင်မပဲ.. ကျွန်တော့်အမေရဲ့ အစောင့်အရှောက်နဲ့ အတူတူပဲ.. ဘာလို့လဲဆိုတော့ သူက တစ်သက်လုံး ချစ်ခဲ့တာကိုး.. သူတို့ ငယ်ငယ်တုန်းကတည်းက

သိခဲ့ကြတယ်.. ခင်ဗျား သိသင့်တယ်.. သူက လီလီ့ကို ချမ်းသာပေးဖို့ ခင်ဗျားဆီမှာ တောင်းဆိုတယ် မဟုတ်လား..."

ဗိုဒီမော့က...

"သူက နည်းနည်းကြိုက်နေတယ်.. ဒါလောက်ပါပဲ.. သေသွားတော့လည်း တခြား မျိုးရိုးစစ်တဲ့ မိန်းမတွေ အများကြီးပဲဆိုတာ သူ လက်ခံခဲ့တာပဲ..."

ဟယ်ရီက...

"ဟုတ်တယ်.. သူကတော့ ဒီအတိုင်းပြောမှာပဲ.. ဒါပေမယ့် ခင်ဗျား ကျွန်တော့်အမေကို ရန်ပြုဖို့ ကြိုးကတည်းက သူက ဒမ်ဘယ်လ်ဒိုးရဲ့ သူလျှိုဖြစ်သွားပြီ.. အဲဒီ့ကတည်းက ခင်ဗျားကို ဆန့်ကျင်ခဲ့တာပဲ.. စနိပ် ဒမ်ဘယ်လ်ဒိုးကို သတ်လိုက်တဲ့အချိန်မှာ ဒမ်ဘယ်လ်ဒိုးဟာ သေခါနီးအချိန် ရောက်နေပြီ..."

ဗိုဒီမော့က သူ့စကားများကို အာရုံစိုက် နားထောင်နေပြီးနောက် အားပါးတရ ရယ်မောလိုက်ရင်း...

"ဒီကိစ္စက ဘာမှ အရေးမပါတော့ဘူး.. စနိပ်က ဘယ်ဘက်ကပဲဖြစ်ဖြစ် အရေးမကြီးဘူး.. ငါ့လမ်းကြောင်းမှာ တားဆီးတဲ့ အရာမှန်သမျှ ရှင်းပစ်ရမှာပဲ...အခု ဘယ်သူ ကျန်သေးလို့လဲ.. ဒမ်ဘယ်လ်ဒိုးက သေမင်းမှောင်တောင်ဝေးကို စနိပ်ရသွားအောင် စီမံပစ်ခဲ့တယ်.. ဒါပေမယ့် ငါ မင်းထက်အရင် တောင်ဝေးရှိတဲ့နေရာကို ရောက်ခဲ့တယ် ကောင်လေး.. ငါ မင်းမသိခင် အမှန်တရားကို သိခဲ့တယ်... လွန်ခဲ့တဲ့ သုံးနာရီလောက်ကပဲ ဆီးဗားရပ်စ် စနိပ်ကို ငါ သတ်ခဲ့ပြီ.. အခုဆိုရင် မှော်တောင်ဝေးအားလုံးရဲ့ အရှင်သခင်ဖြစ်တဲ့ သေမင်းမှော်တောင်ဝေးကို ငါပိုင်ပြီ.. ဒမ်ဘယ်လ်ဒိုးရဲ့ နောက်ဆုံး အစီအမံက လွဲသွားခဲ့ပြီး ဟယ်ရီပေါ်တာ..."

ဟယ်ရီက...

"ဟုတ်ပါတယ်.. အဲဒီ့တစ်ခုတော့ လွဲချော်သွားတယ်.. ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို မသတ်ခင် ခင်ဗျား ဘာတွေ လုပ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားစေချင်တယ်.. စဉ်းစားစမ်းပါ.. နောင်တလေးများ နည်းနည်း ရလာမလားလို့ ရစ်ဒယ်လ်.."

"ဘယ်အကြောင်းကိုလဲ..."

ဟယ်ရီ ပြောသမျှ စကားအားလုံးတွင် ယခုစကားမှာ ဗိုဒီမော့ကို လုံးဝ အံ့ဩထိတ်လန့်သွားစေ၏..။ သူ၏ မျက်လုံးသူငယ်အိမ် ကျဉ်းသွားကာ မျက်မှောင်ကြုတ်လိုက်သည်ကို ဟယ်ရီ တွေ့ရသည်..။ ဟယ်ရီကပင် ဆက်၍...

"ဒါ ခင်ဗျားအတွက် နောက်ဆုံး အခွင့်အရေးပဲ.. ဒါ နောက်ဆုံး ကြိုးစားခွင့်ပဲ .. လူပီသသွားအောင် နည်းနည်းလောက် နောင်တရကြည့်စမ်းပါ..."

ဗိုဒီမော့က..

"မင်း ငါ့ကို ဒီလို ပြောရဲသလား..."

ဟယ်ရီက...

"ပြောရဲတယ်.. ဒမ်ဘယ်လ်ဒိုးရဲ့ နောက်ဆုံး အစီအမံက လွဲချော်သွားပေမယ့် ကျွန်တော့်အတွက် ပြဿနာ မဟုတ်ဘူး.. ခင်ဗျားအတွက်ပဲ ပြဿနာ ဖြစ်နေတယ် ရစ်ဒယ်လ်..."

ဗိုဒီမော့၏ သေမင်းမှော်တောင်ဝှေးကို ကိုင်ထားသော လက်များမှာ တုန်ယင်လာ၏..။ ဟယ်ရီကမူ ဒရာကို၏ မှော်တောင်ဝှေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း သူ စောင့်မျှော်နေသည့် အချိန်မှာ စက္ကန့်ပိုင်းမျှသာ လိုတော့ကြောင်း သိလိုက်သည်..။

"ဒီမှော်တောင်ဝှေးက ခင်ဗျားအတွက် လုံးဝအဆင်ပြေမှာ မဟုတ်ဘူး.. ဘာလို့လဲဆိုတော့ ခင်ဗျား လူမှားသတ်မိတာကိုး.. ဆီးဗားရပ်စ်က ဘယ်တုန်းကမှ သေမင်းမှော်တောင်ဝှေးရဲ့ အရှင်သခင် မဖြစ်ခဲ့ဘူး.. သူ ဘယ်တုန်းကမှ ဒမ်ဘယ်လ်ဒိုးကို မနိုင်ခဲ့ဘူး..."

"သူ သတ်ခဲ့တယ်လေ..."

"ခင်ဗျား သေချာနားထောင်နေရဲ့လား ... စနိပ်က ဘယ်တုန်းကမှ ဒမ်ဘယ်လ်ဒိုးကို အနိုင်မရခဲ့ဘူး.. ဒမ်ဘယ်လ်ဒိုး သေတာက သူတို့နှစ်ယောက်ရဲ့ အစီအစဉ်အတိုင်း သေတာပဲ.. ဒမ်ဘယ်လ်ဒိုးက ဘယ်တော့မှ မရှုံးပဲနဲ့ မှော်တောင်ဝှေးရဲ့ နောက်ဆုံးသခင်အဖြစ် သေဖို့ ကြိုးစားတာပဲ.. အဲဒီ့ အစီအစဉ်အတိုင်း ဖြစ်လာမယ်ဆိုရင် မှော်တောင်ဝှေးရဲ့ အစွမ်းကလည်း သူနဲ့အတူတူ လိုက်သေသွားမှာပဲ.. သူ့ဆီက အနိုင်ရလိုက်တဲ့သူ ဘယ်သူမှ မရှိတော့ဘူးကိုး..."

ဗိုဒီမော့က ဝမ်းသာအားရ လေသံဖြင့် ...

"ဒါပေမယ့် ပေါ်တာ... ဒမ်ဘယ်လ်ဒိုးက ငါ့ကို ဒီမှော်တောင်ဝှေးကို ပေးခဲ့တာပဲ.. နောက်ဆုံးသခင်ရဲ့ အုတ်ဂူထဲက ငါ ခိုးယူခဲ့တယ်.. နောက်ဆုံး သခင်ရဲ့ဆန္ဒကို ဆန့်ကျင်ပြီး ယူခဲ့တယ်.. အဲဒီ့တော့ ငါပိုင်ပြီပေါ့..."

"ခင်ဗျား အခုထက်ထိ နားမလည်နိုင်သေးပါလား ရစ်ဒယ်လ်.. မှော်တောင်ဝှေးဆိုတာ ပိုင်ဆိုင်ထားရုံနဲ့ မလုံလောက်ဘူး.. လက်ထဲမှာ ကိုင်ထားတယ်.. အသုံးပြုတယ်.. အဲဒါနဲ့လည်း ခင်ဗျား ပိုင်တာပါလို့ မပြောနိုင်ဘူး.. အိုလီဗန်ဒါပြောတာကို နားမထောင်ဖူးဘူးလား.. မှော်တောင်ဝှေးက စုန်းကဝေကို ရွေးချယ်တယ်တဲ့.. သေမင်းမှော်တောင်ဝှေးဟာ ဒမ်ဘယ်လ်ဒိုး မသေခင်လေးမှာ သူ့ရဲ့သခင်အသစ်ကို ရွေးချယ်လိုက်တယ်.. အဲဒီ့သူက မှော်တောင်ဝှေးကို တစ်ခါမှ မကိုင်ဖူးလိုက်ဘူး.. သခင်အသစ်ဟာ ဒမ်ဘယ်လ်ဒိုး လက်ထဲက မှော်တောင်ဝှေးကို သူ့ရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး ဖယ်ရှားပစ်ခဲ့တယ်.. သူ ဘာလုပ်မိသလဲ သေချာမသိရှာဘူး... ကမ္ဘာပေါ်မှာ အန္တရာယ်အကြီးဆုံး မှော်တောင်ဝှေးက သူနဲ့ ပူးပေါင်းချင်တာကို မသိလိုက်ရှာဘူး..."

ဗိုဒီမော့၏ ရင်ဘတ်မှာ မြင့်လိုက်နိမ့်လိုက်ဖြစ်ကာ မှော်တောင်ဝှေးဆီမှ ကျိန်စာထွက်ပေါ်လာတော့မည်ကို ဟယ်ရီ သတိပြုမိလိုက်သည်...။

"သေမင်း မှော်တောင်ဝှေးရဲ့ တကယ့် သခင်အစစ်က ဒရာကို မယ်လ်ဖွိုင်းပဲ..."

ဗိုဒီမော့၏ မျက်နှာတွင် ရုတ်တရက် ထိတ်လန့်မှုတစ်ခုကို မြင်လိုက်ရပြီးနောက် ချက်ချင်းပင် ပျောက်ကွယ်သွား၏..။ သူက ခပ်အေးအေးပင်...

"ဒါပေမယ့် ဘာများ အရေးကြီးလို့လဲ.. မင်းပြောတာ မှန်တယ်ပဲ ထားပါဦး ပေါ်တာ.. မင်းနဲ့ငါ့အတွက် ဘာများ ထူးခြားသွားမှာလဲ.. မင်းမှာ မင်းရဲ့ ဖီးနစ်ငှက်တောင်ဝှေး မရှိတော့ဘူး.. ငါတို့ စွမ်းရည်သက်သက်ကိုပဲ သုံးပြီး ရင်ဆိုင်ရတော့မယ်.. ပြီးတော့ ငါ မင်းကို သတ်ပြီးရင် ဒရာကို မယ်လ်ဖွိုင်းကို ရှင်းပစ်လိုက်မှာပေါ့..."

ဟယ်ရီက..

"ဒါပေမယ့် ခင်ဗျား နောက်ကျသွားပြန်ပြီ.. ခင်ဗျား အခွင့်အရေးကို လက်လွှတ်လိုက်ရပြီ.. အဲဒီ့နေရာကို ကျွန်တော် အရင် ရောက်ခဲ့တယ်.. လွန်ခဲ့တဲ့ ရက်အတော်ကြာကြာကပဲ ဒရာကိုကို ကျွန်တော် အနိုင်ယူခဲ့ပြီးပြီ.. ဒီမှော်တောင်ဝှေးကို သူ့ဆီက လုယူခဲ့တာပဲ..."

ဟယ်ရီ သူ့လက်ထဲမှ မှော်တောင်ဝှေးကို ပြလိုက်၏..။ အားလုံး ထိုမှော်တောင်ဝှေးကိုသာ စူးစိုက်ကြည့်နေကြသည်..။ ဟယ်ရီက..

"ဒီလောက်ဆိုရင် ရှင်းသွားလောက်ပါပြီ.. ခင်ဗျား လက်ထဲက မှော်တောင်ဝှေးက သူ့ရဲ့ နောက်ဆုံးသခင် ရှုံးနိမ့်သွားပြီဆိုတာကို သိနိုင်သလား.. တကယ်လို့ သိခဲ့ရင်တော့ သေမင်းမှော်တောင်ဝှေးရဲ့ ပိုင်ရှင်အစစ်က ကျွန်တော်ပဲ..."

ထိုအချိန်မှာပင် နံနက်ခင်း နေရောင်ခြည်က ပြတင်းပေါက်တစ်ခုမှနေ၍ သူတို့အပေါ်သို့ ဖြာကျလာ၏..။ အလင်းရောင်မှာ သူတို့နှစ်ယောက်စလုံးကို ပြိုင်တူထိတွေ့သဖြင့် နေရောင်အောက်ဝယ် ဗိုဒီမော့၏ မျက်နှာမှာ ရုတ်တရက် မှုန်ဝါးသွား၏..။

ဗိုဒီမော့၏ အေးစက်စက်အသံဖြင့် အော်ဟစ်လိုက်သံကို ဟယ်ရီ ကြားလိုက်ရသည်..။ ဟယ်ရီကိုယ်တိုင်လည်း အကောင်းဆုံးအခြေအနေကို မျှော်လင့်ရင်း ဒရာကို၏ မှော်တောင်ဝှေးဖြင့် ချိန်ရွယ်ကာ.. အော်ဟစ်လိုက်သည်...။

"အာဗဒါ ကာဒါဗရာ..."

"အိပ်စ်ပဲလီယာမတ်စ်..."

ပေါက်ကွဲသံမှာ အမြောက်ကျည် ကျရောက်ပေါက်ကွဲသည့်အတိုင်းပင် ကျယ်လောင်လွန်းလှသည်..။ ရွှေရောင် မီးတောက်တစ်ခုမှာ ဂါထာနှစ်ခု ထိပ်တိုက်ဆုံသည့်နေရာတွင် ရုတ်တရက် ပေါ်ပေါက်လာ၏...။

ဗိုဒီမော့ ပစ်လွှတ်လိုက်သည့် အစိမ်းရောင် အလင်းတန်းမှာ ဟယ်ရီ၏ ဂါထာနှင့် ထိတွေ့ပြီးနောက် သေမင်းမှော်တောင်ဝှေးမှာ လက်ထဲမှ လွင့်စင်ထွက်သွားပြီး ချာလပတ်လည်ကာ သူ၏ ပိုင်ရှင်အစစ်အမှန်ဆီသို့ ဦးတည်လွင့်ပျံလာ၏..။ ဟယ်ရီက ရွှေဘောလုံးသမားတစ်ယောက်၏ အလွန်လျင်မြန်လှသည့် အရည်အချင်းဖြင့် လွတ်နေသော လက်နှင့် သေမင်းမှော်တောင်ဝှေးကို အမိအရ ဖမ်းလိုက်သည်..။

ဗိုဒီမော့မှာ ခြေကားရားလက်ကားရားနှင့် နောက်သို့ လွင့်စင်သွား၏..။ တွမ်ရစ်ဒယ်လ် ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး ပိန်ချုံးကျသွား၏..။ မြွေကဲ့သို့မျက်နှာမှာ လုံးဝမရှိတော့ပဲ ရုပ်သွင်ပျောက်ဆုံးသွား၏..။ ဗိုဒီမော့ သူကိုယ်တိုင် ပစ်လွှတ်လိုက်သော သေမင်းတမန် ကျိန်စာ တန်ပြန်ထိခြင်းကို ခံလိုက်ရပြီး သေဆုံးသွားချေပြီ..။ ဟယ်ရီ မှော်တောင်ဝှေး နှစ်ခုကိုကိုင်ရင်း သူ၏ မဟာရန်သူတော်ကြီး၏ အလောင်းကို ငုံ့ကြည့်နေမိသည်..။

တစ်စက္ကန့်မျှ တိတ်ဆိတ်နေပြီးနောက်တွင် ဟယ်ရီ့ ပတ်ဝန်းကျင်၌ ချက်ချင်းပင် ဝရုန်းသုန်းကား အသံမျိုးစုံ ထွက်ပေါ်လာတော့သည်..။ အော်ဟစ်ကောင်းချီးပေးသံမျိုးစုံမှာ လေထဲတွင် လွင့်ပျံကာ ခန်းမကြီးတစ်ခုလုံး တုန်ဟည်းသွား၏..။

အားလုံး သူ့ဆီ ပြေးလာကြချိန်ဝယ် နေရောင်ခြည်မှာ ပြတင်းပေါက်များမှ တောက်ပစွာ ဝင်ရောက်လာပြီ ဖြစ်သည်..။ ပထမဆုံး သူ့ဆီရောက်လာသူများမှာ ရွန်နှင့် ဟာမီယွန်တို့ဖြစ်ပြီး သူ့အား ဝမ်းသာအားရ ပွေ့ဖက်ကာ အော်ဟစ်သံများမှာ နားတစ်ခုလုံး ပွင့်ထွက်မတတ်ပင်..။

ထို့နောက်တွင် ဂျင်နီ နဗီးလ် လူနာတို့ ရောက်လာပြီးနောက် ဝီစလေ မိသားစုဝင်အားလုံးနှင့် ဟက်ဂရစ် ကင်းစလေ မက်ဂွန်နာဂေါ် ဖလစ်ဝစ်နှင့် စပရောက်တို့ ရောက်လာကြသည်..။ မည်သူက မည်သည့်စကားကို အော်ဟစ်နေကြောင်း ဟယ်ရီ မကြားနိုင်တော့ချေ..။ သူ့ကို မည်သူက ပွေ့ဖက်ထားမှန်းလည်း မသိတော့ချေ..။ လူအုပ်ကြီးထဲဝယ် သူ နစ်မြုပ်သွား၏..။ ပွေ့ဖက်ကြ၏..။ လက်ဆွဲနှုတ်ဆက်ကြ၏..။ အားလုံးမှာ အသက်ရှင်ကျန်ခဲ့သော ကောင်လေးအား ထိကိုင်ရန် ဆန္ဒရှိနေကြပုံရသည်..။ ယခုအခါ အားလုံး၏ မျှော်လင့်ချက်များကို ဟယ်ရီက ဖြည့်ဆည်းပေးလိုက်ချေပြီ...။

နေရောင်ခြည်မှာ တဖြည်းဖြည်း ဟော့ဝဂ်ထဲ ဝင်ရောက်လာသလို ခန်းမကြီး တစ်ခုလုံးတွင်လည်း လူများဖြင့် ပြည့်နှက်နေ၏..။ ဟယ်ရီမှာ သူတို့၏ အောင်ပွဲအတွက် .. ပျော်ရွှင်ပွဲအတွက် မရှိမဖြစ် လိုအပ်နေ၏...။ သူတို့ အားလုံး၏ ခေါင်းဆောင်အဖြစ်လည်းကောင်း ရှေ့ဆောင်လမ်းပြအဖြစ် လည်းကောင်း သူတို့အားလုံးကို ကယ်တင်သူအဖြစ်လည်းကောင်း ရှိနေစေချင်ကြသည် ဖြစ်ရာ သူ လုံးဝ မအိပ်ရတော့ချေ..။

နံနက်လင်းလာပြီ ဖြစ်သဖြင့် သတင်းကြားကာ ရောက်လာသူများမှာလည်း မနည်းလှပေ..။ သူ့မှာ အားလုံးကို လက်ခံစကားပြောနေရသည်..။ ဒက်အိတာများမှာ ထွက်ပြေးသူများက ပြေးကြသလို အများစုမှာ အဖမ်းခံလိုက်ကြရသည်..။ အက်ဇကာဘန် အကျဉ်းထောင်ရှိ အပြစ်မရှိသူများ လွတ်လာပြီး ကင်းစလေ ရှက်ကယ်ဘော့မှာ ဟာယီ မော်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်..။

ဗိုဒီမော့၏ အလောင်းကို ခန်းမကြီးအတွင်းမှ ဖယ်ထုတ်ကာ အခန်းတစ်ခုအတွင်း ပစ်ထားလိုက်ကြသည်..။ ဖရက် တွန့်ခ် လူပင် ကိုလင်ခရီဗီနှင့် တိုက်ပွဲတွင် သေဆုံးခဲ့သူ အယောက်ငါးဆယ်တို့နှင့် ရောထွေးမထားလိုကြချေ..။

မက်ဂွန်နာဂေါက အဆောင်လေးခု၏ စားပွဲများကို မူလအတိုင်း ပြန်ထားလိုက်ပြီ ဖြစ်သော်လည်း မည်သူမှ အဆောင်အလိုက် မထိုင်ကြချေ..။ အားလုံး စုစည်းထိုင်နေကြ၏..။ ဆရာများနှင့် တပည့်များ တစ္ဆေများနှင့် မိဘများ ဆန်တော်များနှင့် မှင်စာများအားလုံး စုစည်းထိုင်နေပြီး ဖီရန်ဇီမှာ ထောင့်တစ်နေရာတွင် လဲလျောင်းနေ၏..။ သူ၏ ဒဏ်ရာမှာ သက်သာစပြုနေပေပြီ..။

ဂရပ်မှာ ပြတင်းပေါက်အကွဲတစ်ခုမှ အတွင်းသို့ကြည့်နေပြီး လူများက သူ၏ ရယ်နေသော ပါးစပ်ထဲသို့ အစားအသောက်များကို ပစ်ထည့်ပေးနေကြသည်..။ သိပ်မကြာခင်အချိန်မှာပင် ဟယ်ရီတစ်ယောက် အလွန်မောပန်းစွာဖြင့် လူနာ့နံဘေးရှိ ခုံတွင် ထိုင်လိုက်မိသည်...။ လူနာက...

“ငါသာ နင့်နေရာမှာဆိုရင် ခဏလောက်ဖြစ်ဖြစ် အေးအေးဆေးဆေး နေချင်မိမှာပဲ...”

“ငါလည်း နေချင်ပါတယ်...”

"ဒါဆို ငါ သူတို့ကို အာရုံလွှဲလိုက်မယ်.. နင် ကိုယ်ပျောက်ဝတ်ရုံခြုံလိုက်..."

သူ ဘာမှ ပြန်မပြောနိုင်ခင်မှာပင် သူမက အော်ဟစ်လိုက်၏..။

"အိုး... ကြည့်ကြစမ်း.. ဟမ်ဒင်ဂျာ သတ္တဝါလေးပါလား..."

အားလုံး သူမညွှန်ပြသည့် ပြတင်းပေါက်ဆီသို့ ကြည့်လိုက်စဉ်မှာပင် ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံခြုံကာ မတ်တတ်ထရပ်လိုက်သည်..။ ယခုအခါ၌ ခန်းမကြီးထဲတွင် အနှောင့်အယှက် ကင်းကင်းဖြင့် သွားလာနိုင်ပေပြီ...။

ဂျင်နီက သူမအမေ၏ ပခုံးကို မီလျှက် ထိုင်နေသည်ကို တွေ့ရသည်..။ သူမနှင့် နောက်မှ စကားပြောရန် အချိန်ရှိပေသေးသည်..။ နမီးလ်အား ပန်းကန်ဘေးတွင် ဂရစ်ဖင်ဒေါ်ဓားချထားပြီး နံနက်စာ စားသောက်နေသည်ကို တွေ့ရ၏..။ သူ့အား လေးစားသူများ ဝိုင်းအုံနေ၏..။

စားပွဲများအကြား သူလျှောက်လာရင်း မယ်လ်ဖွိုင်းမိသားစု သုံးယောက်ကို တွေ့လိုက်ရသည်..။ သုံးယောက်စလုံး တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်ကာ ထိုင်နေကြပြီး မည်သူကမှ သူတို့ကို အရေးမလုပ်ကြချေ..။ သူကြည့်သမျှ နေရာတိုင်းတွင် မိသားစုဝင်များ ပြန်လည် စုစည်းနေကြသည်ကို တွေ့ရ၏..။ နောက်ဆုံးတွင် သူ အလွန်တွေ့ချင်နေသူ နှစ်ယောက်ကို တွေ့လိုက်ရသည်..။ သူ သူတို့နှစ်ယောက်ကြားသို့ တိုးဝင်ရင်း...

"ငါပါ ငါနဲ့ လိုက်ခဲ့ကြပါလား..."

သူတို့က ချက်ချင်း ထရပ်လိုက်ကြသည်..။ ထို့နောက်တွင် သူ ရွန်နှင့် ဟာမီယွန်တို့ ခန်းမကြီးထဲမှ ထွက်လာခဲ့သည်..။ ကျောက်လှေကားဝယ် လက်ရန်းတစ်ဝက်နီးပါး ပြိုကျနေပြီး လှေကားထစ်တိုင်းတွင် သွေးကွက်များ အပျက်အစီးများ စုပုံနေ၏..။

ခပ်ဝေးဝေး တစ်နေရာတွင် ပီးဗက်မှာ ကော်ရစ်ဒါတလျှောက် ပျံသန်းရင်း သူ၏ ကိုယ်ပိုင် စပ်ဆိုထားသော အောင်ပွဲသီချင်းကို သီဆိုနေ၏...။

တို့တတွေ နိုင်ပြီ မိစ္ဆာမော်ရဲ့ ကျဆုံးခြင်းကို ရောက်ခဲ့ပြီ ဗိုဒီမော့တစ်ယောက်တော့ သွားရှာပြီ ပေါ်တာသာလျှင် အစွမ်းအထက်ဆုံး အားလုံး အားလုံး ပျော်လိုက်ကြပါစို့

ဟယ်ရီ့အတွေးထဲဝယ် ပျော်ရွှင်နေမိသည်ဟု ထင်သော်လည်း ရုတ်တရက်ပင် ပင်ပန်းနွမ်းနယ်သွားသလို ခံစားလိုက်ရသည်..။ သူ လှေကားတစ်ထစ်တက်လိုက်တိုင်း ဖရက် တွန့်ခ်နှင့် လူပင်တို့ကို ဆုံးရှုံးခဲ့ခြင်းက ဒဏ်ရာတစ်ခုလို ပို၍ပို၍ နာကျင်လာ၏..။အထူးသဖြင့် စိတ်လျှော့ချလိုက်၍လားမသိ.. သူ အလွန် အိပ်ချင်လာမိသည်..။ သို့ရာတွင် အရင်ဆုံး ရွန်နှင့် ဟာမီယွန်ကို သူ ရှင်းပြစရာများ

ကျန်သေးသည်..။ သူနှင့် ကြာရှည်စွာ လက်တွဲခဲ့သူ သူတို့အား အမှန်အတိုင်း သူ ပြောပြသင့်ပေသည်...။

သူ စနိုပ်၏ မှတ်ဉာဏ်ထဲတွင် မြင်တွေ့ခဲ့ရသော အချက်များနှင့် တောအုပ်ထဲတွင် ဖြစ်ပျက်ခဲ့သမျှတို့ကို အစအဆုံး ပြန်ပြောလိုက်သည်..။ သူတို့၏ အံ့သြထိတ်လန့်မှုကို ထုတ်ဖော်ပြောရန် အချိန်မရမီမှာပင် သူတို့ မတိုင်ပင်ပဲ လျှောက်လာခဲ့သော နေရာသို့ ရောက်လာခဲ့သည်..။

ကျောင်းအုပ်ကြီး ရုံးခန်းကို စောင့်သော ကျောက်ရုပ်မှာ ဘေးသို့ ရောက်နေပြီး အရက်မူးသလို ယိုင်တိယိုင်တိုင် ဖြစ်နေသဖြင့် မည်သည့် စကားဝှက်ကိုမှ ခွဲခြားနိုင်မည်ဟု ဟယ်ရီ မထင်ပေ..။ သူက ရုပ်တုအား...

"ကျွန်တော်တို့ အပေါ်တက်လို့ ရမလား..."

"ရတယ်.. ရတယ်..."

ရုပ်တုက ညည်းညူရင်း ပြော၏..။ ထို့နောက် သူတို့ ကြောင်လိမ်လှေကားပေါ်သို့ တက်လိုက်ရာ စက်လှေကားပမာ သူတို့ကို အပေါ်ထပ်သို့ သယ်ဆောင်သွားတော့သည်..။ဟယ်ရီ အခန်းတံခါးကို တွန်းဖွင့်လိုက်၏..။

သူ ရုံးခန်းထဲသို့ လှမ်းဝင်လိုက်ချိန်မှာပင် အလွန်ကျယ်လောင်လှသော အသံများကို ကြားလိုက်ရသဖြင့် ဗိုဒီမော့ အသက်ပြန်ရှင်လာပြီး ဒက်အိတာများ ပြန်ရောက်လာပြီလားဟု အလန့်တကြား ဖြစ်သွားမိသည်..။ သို့ရာတွင် ထိုအသံများမှာ ကောင်းချီးပေးသံများသာ ဖြစ်သည်..။

နံရံတစ်ခုလုံးတွင် ရှိသမျှ ကျောင်းအုပ်ဆရာကြီးများ ဆရာမကြီးများ အားလုံးမှာ သူ့ကို အော်ဟစ်ဂုဏ်ပြုနေကြ၏..။ သူတို့၏ဦးထုပ်များ ဆံထုံးတုများကို ဝှေ့ယမ်းနှုတ်ဆက်နေကြ၏..။

ပန်းချီကားတစ်ချပ်မှ တစ်ချပ်သို့ ကူးသန်းရင်း လက်ဆွဲနှုတ်ဆက်နေကြသည်..။ သူတို့၏ ပန်းချီကားဘောင်များထဲတွင် ပျော်ရွှင်စွာ ကခုန်နေကြ၏..။ အချို့မှာ မရှုက်နိုင်ပဲ ရှိုက်ငိုနေသလို အချို့မှာ ဝမ်းသာအားရ အော်ဟစ်နေကြသည်..။

ဖီးနီးယပ်စ် နစ်ဂဲလပ်စ်က...

"စလေသရင် ကျောင်းဆောင်ကလည်း သူ့ရဲ့ ကျရာ အခန်းကဏ္ဍမှာ ပါဝင် တိုက်ပွဲဝင်ခဲ့တယ်နော်.. ငါတို့ စလေသရင်တွေရဲ့ စွမ်းဆောင်မှုကိုလည်း မမေ့ပါနဲ့..."

ဟယ်ရီ ကျောင်းအုပ် ကုလားထိုင်နောက်ရှိ အကြီးဆုံး ပန်းချီကားချပ်ကြီးကို ငေးကြည့်မိသည်..။ မျက်ရည်များမှာ လခြမ်းသဏ္ဍာန်မျက်မှန်အောက်မှ စီးကျလျှက်ရှိပြီး ဂုဏ်ယူမှုနှင့် ကျေးဇူးတင်ခြင်းတို့ ရောယှက်နေသောအကြည့်က ဟယ်ရီ့ကို ဖီးနစ်ငှက်သီချင်းသံကြားလိုက်ရသလို အားအင်တက်ကြွစေ၏..။

နောက်ဆုံးတွင် ဟယ်ရီ လက်ကို မြှောက်လိုက်၏..။ ပန်းချီကားချပ်များအားလုံးမှာ လေးစားစွာပင် တိတ်ဆိတ်သွားကြသည်..။ ပြုံးရင်း မျက်ရည်များ သုတ်ရင်းနှင့် သူပြောမည့်စကားကို စောင့်မျှော်နေကြ၏..။

သူ ဒမ်ဘယ်လ်ဒိုးကို ဦးတည်၍ စကားပြောလိုက်၏..။ သို့ရာတွင် စကားလုံးများကို အထူးဂရုစိုက်ကာ ရွေးချယ်လိုက်သည်..။ သူ အလွန်ပင်ပန်း နေပြီဖြစ်သော်လည်း နောက်ဆုံးအနေဖြင့် အကြံဉာဏ်ရယူလိုပေသေးသည်...။

“ရွှေဘောလုံးထဲ ထည့်ထားတဲ့ ပစ္စည်းကို ကျွန်တော် တောအုပ်ထဲမှာ ကျပျောက်ခဲ့တယ်... ဘယ်နေရာလဲ သေချာမသိဘူး... ဒါပေမယ့် ကျွန်တော် ထပ်သွားပြီး မရှာတော့ဘူး... သဘောတူလား ပရော်ဖက်ဆာ...”

ဒမ်ဘယ်လ်ဒိုးက...

“သဘောတူပါတယ် ကလေး.. တကယ့်ကို လိမ်မာပါးနပ်ပြီး ရဲရင့်တဲ့ ဆုံးဖြတ်ချက်ပဲ.. ဒါပေမယ့် မင်းဒီလိုလုပ်လိမ့်မယ်လို့ ငါ မျှော်လင့်ပြီးသားပါ.. တခြား ဘယ်သူတွေ အဲဒီ့နေရာကို သိသေးလဲ...”

ပတ်ဝန်းကျင်ရှိ ပန်းချီကားပုံများမှာ နားမလည်နိုင်သလို သိချင်စိတ်ပြင်းပြနေကြဟန် တူ၏..။

“ဘယ်သူမှ မသိဘူး...”

ဒမ်ဘယ်လ်ဒိုးက စိတ်ကျေနပ်သလို ခေါင်းညိတ်ပြလိုက်သည်..။

“ဒါပေမယ့် ကျွန်တော် အစ်ဂ်နိုးတပ်စ်ရဲ့ လက်ဆောင်ကိုတော့ သိမ်းထားရလိမ့်မယ်...”

ဒမ်ဘယ်လ်ဒိုးက ပြုံးရင်း...

“မှန်တာပေါ့ ဟယ်ရီ.. ဒါက မင်းရဲ့ပစ္စည်းပဲ.. မင်းလက်ဆင့်ကမ်း မပေးသရွေ့ပေါ့...”

“နောက်ပြီးတော့ ဒီဟာ...”

ဟယ်ရီ သေမင်းမှော်တောင်ဝှေးကို မြှောက်ပြလိုက်သည်..။ ရွန်နှင့် ဟာမီယွန်တို့က တလေးတစား ကြည့်လိုက်၏..။

"ကျွန်တော် မလိုချင်ဘူး..."

ရွန်က ကျယ်လောင်စွာပင်...

"ဘာပြောတယ်.. မင်းရူးနေသလား..."

"ဒီမှော်တောင်ဝှေးက အရမ်းစွမ်းမှန်း ငါသိပါတယ်.. ဒါပေမယ့် ငါ့မှော်တောင်ဝှေးကိုပဲ ငါပိုကြိုက်တယ်.. ဒီတော့..."

သူ့လည်ပင်းမှ အိတ်ထဲကို မွှေနှောက်ရှာဖွေကာ သူ၏ မှော်တောင်ဝှေးကျိုးနှစ်ပိုင်းကို ထုတ်ယူလိုက်သည်..။ ဟာမီယွန်က ပြင်၍ မရနိုင်အောင် ပျက်စီးသွားပြီဟု ပြောသော်လည်း သူ ဂရုမစိုက်ပေ..။ သူ တစ်ခု သေချာသိသည်မှာ ယခုအခါမှ ပြင်မရလျှင် ဘာနှင့်မှ ပြင်၍ မရနိုင်တော့ခြင်းပင်..။ မှော်တောင်ဝှေးကျိုးနှစ်ပိုင်းကို ကျောင်းအုပ်ကြီး စားပွဲပေါ်တင်ထားပြီး သေမင်းမှော်တောင်ဝှေးထိပ်နှင့် တို့ထိကာ...

"ရီပရို..."

သူ၏ မှော်တောင်ဝှေးမှာ ပြန်ဆက်သွားပြီး အနီရောင် မီးပွားများ လွင့်ပျံထွက်လာ၏..။ သူ အောင်မြင်သွားပြီဟု ဟယ်ရီ သိလိုက်သည်။ သူ၏ မှော်တောင်ဝှေးကို ကောက်ကိုင်လိုက်ရာ သူ့လက်ချောင်းများတွင် နွေးထွေးမှုကို ခံစားလိုက်ရပြီး သူ့လက်နှင့် မှော်တောင်ဝှေးတို့ တစ်ခုတည်း ပေါင်းစည်းသွားသလို ခံစားလိုက်ရသည်..။ သူက ဒမ်ဘယ်လ်ဒိုးအား..

"ကျွန်တော် သေမင်းမှော်တောင်ဝှေးကို သူ့နောက်ဆုံးနေရာမှာပဲ ပြန်ထည့်ထားလိုက်မယ်.. အဲဒီမှာပဲ နေပါစေ..။ ကျွန်တော် သဘာဝတရားအတိုင်း သေဆုံးသွားတဲ့အချိန်ကျရင် သူ့ရဲ့ အစွမ်းလည်း ပျောက်ပျက်သွားလိမ့်မယ်.. ဟုတ်တယ် မဟုတ်လား.. နောက်ဆုံးသခင်က ဘယ်တုန်းကမှ မရှုံးနိမ့်ခဲ့ဘူး.. ဒီနည်းနဲ့ပဲ အဆုံးသတ်ပေးရမှာပဲ..."

ဒမ်ဘယ်လ်ဒိုးက ခေါင်းညိတ်ပြ၏..။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပြုံးကြည့်နေကြသည်..။ ရွန်က...

"မင်း သေချာရဲ့လားကွာ..."

သေမင်းမော်တောင်ဝှေးကို ကြည့်ကာ ပြောသော ရှန့်စကားသံတွင် နှမြောစိတ် အနည်းငယ် ပါနေ၏..။ ဟာမီယွန်က..

"ဟယ်ရီ မှန်တယ်လို့ ငါထင်တယ်..."

ဟယ်ရီက...

"ဒီမော်တောင်ဝှေးက ပိုင်ဆိုင်ထားရင် ဒုက္ခသိပ်ပေးနိုင်တယ်.. ပြီးတော့ အရိုးသားဆုံး ဝန်ခံရရင် ငါ့အတွက် ဒုက္ခတွေက တစ်သက်စာ ဖူလုံပြီးသားပါ.. ထပ်ပြီး မလိုချင်တော့ဘူး...."

ဟယ်ရီ့စိတ်ထဲတွင် ဂရစ်ဖင်ဒေါ မျှော်စင်ရှိ သူ၏ ကုတင်ဆီသို့သာ သွားချင်နေတော့သည်..။ ခရီချာသာ သူ့အတွက် နံနက်စာကို ထိုနေရာသို့ ယူလာပေးလျှင် ပိုကောင်းပေလိမ့်မည်...။

# ဆယ့်ကိုးနှစ်ကြာသောအခါ...

စက်တင်ဘာလ၏ ပထမဆုံး နံနက်ခင်းတွင် မိသားစုတစ်စုမှာ ကားများ ရှုပ်ထွေးနေသည့် လမ်းမကြီးကို ဖြတ်ကူးကာ ဘူတာရုံဆီသို့ ဦးတည်သွားနေကြ၏..။ မိဘနှစ်ယောက်တွန်းလာသော လက်တွန်းလှည်းပေါ်တွင် လှောင်အိမ်ကြီးနှစ်ခုရှိပြီး အထဲရှိ ဇီးကွက်များမှာ ဆူညံသံပြုနေကြ၏..။ ဆံပင်အနီရောင်နှင့် ကောင်မလေးမှာ သူမအစ်ကိုများနောက်မှ မျက်ရည်စက်လက်နှင့် လိုက်ပါလာပြီး သူမ ဖခင်၏ လက်ကို ဆွဲထား၏..။

ဟယ်ရီက သူမအား...

"သိပ်မကြာတော့ပါဘူး.. သမီးလည်း သွားရတော့မှာပါ..."

လီလီက ရှိုက်လိုက်ရင်း...

"နှစ်နှစ်တောင် လိုသေးတယ်.. သမီးက အခု သွားချင်တာ..."

လူများမှာ ဓါးကွက်များကို အထူးအဆန်းလို ကြည့်နေစဉ်မှာပင် သူတို့မိသားစုက စကြီးအမှတ်ကိုးနှင့် တစ်ဆယ်ကြားသို့ ဦးတည်လာခဲ့သည်။ အဲဗက်စ်၏ အသံမှာ ဟယ်ရီ့နားထဲသို့ ရောက်လာပြန်၏..။ ကားပေါ်တွင် ငြင်းခုံခဲ့သည့် ဓာတ်လမ်းကို ပြန်ဆက်နေကြပြန်သည်..။

"မဖြစ်နိုင်ဘူး ... ကျွန်တော် စလေသရင် မဖြစ်နိုင်ဘူး..."

ဂျင်နီက...

"ဂျိမ်းစ် .. မစနဲ့တော့..."

ဂျိမ်းစ်က သူ့ညီအား ပြုံးကြည့်ရင်း...

"ကျွန်တော်က ဖြစ်နိုင်တယ်လို့ပဲ ပြောတာ.. ဘာများမှားလို့လဲ.. သူ စလေသရင် ဖြစ်နိုင်..."

သို့ရာတွင် ဂျိမ်းစ်တစ်ယောက် သူ့အမေ၏ မျက်လုံးများနှင့် ရင်ဆိုင်တွေ့ကာ တိတ်ဆိတ်သွား၏..။ ပေါ်တာမိသားစု ငါးယောက် အဝင်ဝဆီသို့ ဦးတည်လာခဲ့ကြသည်..။ ဂျိမ်းစ်က ဟိုဟိုဒီဒီ တစ်ချက်ကြည့်ပြီးနောက် သူ့အမေလက်ထဲက တွန်းလှည်းကို ယူကာ ပြေးသွားရင်း ခဏအကြာတွင် ပျောက်ကွယ်သွား၏..။

အဲဗက်စ်က သူ့အစ်ကို ပျောက်ကွယ်သွားသည်နှင့်..

"သားဆီ စာရေးကြမယ် မဟုတ်လား..."

ဂျင်နီက...

"ရေးစေချင်ရင် နေ့တိုင်း ရေးပေးပါ့မယ် သားရယ်..."

အဲဗက်စ်က အလျင်အမြန်ပင်...

"နေ့တိုင်းမရေးပါနဲ့ .. ဂျိမ်းစ်က ပြောတော့ လူတော်တော်များများက အိမ်ကစာကို တစ်လတစ်ခါလောက်ပဲ ရတာတဲ့..."

ဂျင်နီက...

"မနှစ်က ဂျိမ်းစ်ဆီကို မေမေတို့ တစ်ပတ်ကို သုံးခါ စာထည့်တယ်..."

ဟယ်ရီက....

“ပြီးတော့ သူ့လျှောက်ပြောသမျှ ဟော့ဝင်ကျောင်းအကြောင်းတွေကို မယုံလေနဲ့.. မင်းအစ်ကိုက လူနောက်...”

သူတို့အားလုံး ဘေးချင်းယှဉ်လျှောက်ရင်း လှည်းကို တွန်းကာ အရှိန်မြင့်လိုက်ကြသည်..။ အဲဗက်စ်မှာ နံရံရှေ့အရောက်တွင် မျက်စိတစ်ချက် မှိတ်လိုက်သော်လည်း မည်သည့်အရာနှင့်မှ မတိုက်မိပဲ စကြိုအမှတ် ကိုးလေးပိုင်းသုံးပိုင်းသို့ မိသားစုတစ်ခုလုံး ရောက်လာခဲ့ကြသည်..။ ကြက်သွေးရောင် ရထား စက်ခေါင်းကြီးမှာ အဖြူရောင် ရေနွေးငွေ့များ တလူလူ ပျံ့လွင့်နေ၏..။ လူများကြားဝယ် ဂိုမ်းစ်မှာ ပျောက်ကွယ်သွားပြီ ဖြစ်သည်..။

“သူတို့ ဘယ်ရောက်ကုန်ပြီလဲ...”

အဲဗက်စ် စိုးရိမ်စွာ မေးလိုက်သည်။

ဂျင်းနီက...

“မေမေတို့ ရှာလို့ တွေ့မှာပါ.. မပူပါနဲ့...”

သို့ရာတွင် ပလက်ဖောင်းပေါ်တွင် ပျံ့လွင့်နေသော ရေနွေးငွေ့များမှာ ထူထပ်လှရာ မျက်နှာများကိုပင် သဲကွဲစွာ မမြင်ရချေ..။ ပါစီ တစ်ယောက် တံမြက်စည်းပျံများအကြောင်းကို ကျယ်ကျယ်လောင်လောင် ဆွေးနွေးနေသံကို ဟယ်ရီ ကြားလိုက်ရသည်။ ရပ်၍နှုတ်ဆက်စရာ မလိုသည်ကို သူ ဝမ်းသာမိ၏..။

ဂျင်းနီက...

“ဟိုမှာ သူတို့ မဟုတ်လား အဲလ်...”

လူလေးယောက်မှာ ရေငွေ့များကြားမှ ထွက်လာပြီး နောက်ဆုံးတွဲရှေ့ဝယ် ရပ်လိုက်ကြသည်..။ ဟယ်ရီ.. ဂျင်းနီ.. လီလီနှင့် အဲဗက်စ်တို့ အနီးရောက်မှပင် သူတို့ မျက်နှာများကို သေချာစွာ မြင်ရတော့သည်။

“ဟေး...”

အဲဗက်စ်က စိတ်သက်သာရာ ရသွားသလို နှုတ်ဆက်လိုက်၏..။ ဟော့ဝင် ကျောင်းဝတ်စုံအသစ်စက်စက်ကို ဝတ်ထားပြီဖြစ်သော ရို့စ်က သူ့ကို ပြုံးပြလိုက်သည်..။

ရွှန်က ဟယ်ရီ့အား…

"ကားရပ်ရတာ အဆင်ပြေရဲ့လား.. ဟာမီယွန်က ငါ မက်ဂယ်ကား လိုင်စင် ရလာတာကို မယုံဘူး ဖြစ်နေတယ်.. ငါက စစ်ဆေးတဲ့ အရာရှိကို ပြုစားလိုက်တယ်လို့ သူထင်နေတယ်…"

ဟာမီယွန်က…

"မထင်ပါဘူး.. ငါ နင့်ကို လုံးဝယုံပါတယ်.."

ရွှန်က ဟယ်ရီ့နားနားကပ်ကာ လေသံတိုးတိုးဖြင့်…

"အမှန်ကို ဝန်ခံရရင် ငါ ပြုစားလိုက်တာကွ.. ငါက နောက်ကြည့်မှန်ကြည့်ဖို့ မေ့ရှိတင်ပါကွာ.. ဒီလောက်ကတော့ စူပါအာရုံဂါထာ မန်းထားရုံနဲ့ အလုပ်ဖြစ်ပါတယ်…"

ပလက်ဖောင်းပေါ်တွင် လီလီနှင့် ရို့စ်၏ မောင်လေး ဟူဂို တို့ကို တွေ့ရ၏..။ အသက်စေ့ချိန်ဝယ် သူတို့ ရောက်နိုင်သည့် အဆောင်များအကြောင်းကို စိတ်လှုပ်ရှားစွာ ဆွေးနွေးနေကြသည်။

ရွှန်က…

"ဖိအားပေးတာတော့ မဟုတ်ပါဘူး.. ဂရစ်ဖင်ဒေါမှာ အရွေးမခံရလို့ကတော့ မင်းတို့ကို အမွေပြတ် စွန့်လွှတ်လိုက်မယ်…"

"ရွှန်…"

လီလီနှင့် ဟူဂိုတို့က ရယ်လိုက်သည်..။ သို့ရာတွင် အဲဗက်စ်နှင့် ရို့စ်တို့၏ မျက်လုံးများ တည်သွားကြ၏..။

ဟာမီယွန်နှင့် ဂျင်နီတို့က ပြိုင်တူပင်…

"သူ တကယ်ပြောတာ မဟုတ်ပါဘူး…" ဟု နှစ်သိမ့်လိုက်ကြသည်။

ရေငွေ့နွေးငွေ့များ ရုတ်တရက် ပါးသွားချိန်ဝယ် ခပ်ဝေးဝေးတစ်နေရာ၌ ရပ်နေသူ သုံးယောက်ကို တွေ့လိုက်ရသည်..။

"ကြည့်စမ်း .. ဘယ်သူတွေလဲလို့…"

ဒရာကို မယ်လ်ဖွိုင်းမှာ သူ့ဇနီး သားတို့နှင့်အတူ ထိုနေရာဝယ် ရပ်နေသည်..။ သူတို့၏သား ဒရာကိုနှင့် ဆင်သည်မှာ အဲဗက်စ် ဟယ်ရီနှင့် တူသည်ထက် မလျော့ချေ..။ ဒရာကိုမှာ ဟယ်ရီ.. ဂျင်နီ.. ရွန်နှင့် ဟာမီယွန်တို့ သူ့ကို ကြည့်နေသည်ကို တွေ့သည်နှင့် ခေါင်းတစ်ချက် ဆတ်ကနဲ ညိတ်ပြရင်း တစ်ဘက်သို့ ပြန်လှည့်သွား၏..။

ရွန်က...

"ဒါ သူတို့ရဲ့ စလေသရင် အသေးစားလေးပဲ ဖြစ်ရမယ်.. ရှိသမျှ စာမေးပွဲတွေမှာ သူ့ကို နိုင်အောင် လုပ်စမ်းပါ ရို့စ်.. ကံကောင်းတာက သမီးအမေရဲ့ ဦးနှောက်ကို သမီးအမွေရထားတာပဲ..."

ဟာမီယွန်က...

"ရွန်.. ကျောင်းတောင် စမတက်ရသေးဘူး ... ကလေးတွေကို ရန်တိုက်ပေးမနေပါနဲ့..."

ရွန်က...

"ဟုတ်ပါတယ် ဆောရီးပဲ..."

သို့ရာတွင် သူ့ကိုယ်သူ မထိန်းနိုင်ပဲ ဆက်ပြောလိုက်၏..။

"အဲဒီ့ကောင်လေးနဲ့ သိပ်မပေါင်းနဲ့ ရိုစီ.. ဘိုးဘိုးဝီစလေက သမီးသာ သွေးသန့်စုန်းနဲ့ လက်ထပ်မယ်ဆို ခွင့်လွှတ်မှာ မဟုတ်ဘူး..."

"ဟေး..."

ထိုအခိုက်မှာပင် ဂျိမ်းစ် ပြန်ရောက်လာ၏..။ သူက အသက်ပင် မရှူနိုင်သေးပဲ...

"တက်ဒီ ဟိုအနောက်မှာ..."

သူက အနောက်ဘက်သို့ လက်ညှိုးညွှန်ပြရင်း...

"အခုပဲ တွေ့ခဲ့တယ်.. ပြီးတော့ သူဘာလုပ်နေတယ် ထင်သလဲ... ဗစ်တိုးရီးယားကို နမ်းနေတယ်..."

သူက လူကြီးများကို မော့ကြည့်လိုက်ပြီး ဘာအမူအရာမှ ထူးခြားမှု မရှိသဖြင့် စိတ်ပျက်သွားဟန်ဖြင့်...

"ကျွန်တော်တို့ရဲ့ တက်ဒီ... တက်ဒီလူပင်... က ဗစ်တိုးရီးယားကို နမ်းနေတယ်.. ကျွန်တော်တို့ရဲ့ အစ်မဝမ်းကွဲလေ.. ကျွန်တော်က တက်ဒီ့ကို ဘာလုပ်နေသလဲလို့ မေးတော့..."

ဂျင်းနီက..

"မင်း ဝင်ရှုပ်ခဲ့တယ် ဟုတ်လား.. မင်းဟာလေ.. ရွှန့်အကျင့်အတိုင်းပဲ..."

"သူက သက်သက်မဲ့ ဗစ်တိုးရီးယားကို လာတွေ့တာတဲ့... ပြီးတော့ ကျွန်တော့်ကို မောင်းထုတ်လိုက်ပြီး ထပ်နမ်းကြပြန်ရော..."

ဂျိမ်းစ်က သေချာရှင်းပြနေ၏..။ လီလီက လေသံတိုးတိုးဖြင့်။။။

"သူတို့သာ လက်ထပ်ကြရင် သိပ်ကောင်းမှာပဲ .. ဒါဆိုရင် တက်ဒီက တကယ့် မိသားစုဝင် ဖြစ်သွားပြီ..."

ဟယ်ရီက...

"အခုလည်း သူ ညစာကို အိမ်မှာ တစ်ပတ်ကို လေးခါလောက် လာစားနေတာပဲ.. ဘာလို့ သူ့ကို အိမ်မှာပဲနေပါလို့ မခေါ်နိုင်ရမှာလဲ..."

ဂျိမ်းစ်က စိတ်လှုပ်ရှားစွာဖြင့်...

"ကောင်းတယ်.. ကျွန်တော် အဲလ်နဲ့ တူတူနေပေးမယ်.. တက်ဒီ့ကို ကျွန်တော့်အခန်း ပေးလိုက်ပေါ့..."

ဟယ်ရီက ပြတ်သားစွာပင်...

"မဖြစ်ဘူး.. ငါ့အိမ်ကို ဖောက်ခွဲပစ်ချင်တဲ့ အချိန်ကျမှ မင်းနဲ့ အဲလ်ကို တစ်ခန်းတည်း ထားလို့ ဖြစ်မယ်..."

ထို့နောက် သူ၏ အိုမင်းနေပြီဖြစ်သော လက်ပတ်နာရီကို ကြည့်လိုက်ရင်း...

"ဆယ့်တစ်နာရီ ထိုးတော့မယ်.. အားလုံးတက်ကြတော့..."

ဂျင်းနီက ဂျိမ်းစ်ကို ပွေ့ဖက်နှုတ်ဆက်ရင်း...

"နဗီးလ်ကို မေမေတို့ သတိရကြောင်း ပြောလိုက်ပါဦး..."

ဂျိမ်းစ်က ပြောင်ချော်ချော် အမူအရာဖြင့်...

"မေမေ.. ပရော်ဖက်ဆာကို အဲဒီ့လိုလုပ်လို့ မဖြစ်ဘူးထင်တယ်..."

"ဘာဖြစ်လို့လဲ .. မင်း နဗီးလ်ကို သိတာပဲ..."

"အပြင်မှာတော့ ဟုတ်တာပေါ့.. ဒါပေမယ့် ကျောင်းမှာက သူက ပရော်ဖက်ဆာ လောင်းဘော့တွန်လေ.. ကျွန်တော်က သူ့ရဲ့ နွယ်မြက်ဆေးပင်ဗေဒ အခန်းထဲ ဝင်သွားပြီး သတိရတာတွေ သွားပြောလို့ ဘယ်ရပါ့မလဲ..."

ဂျိမ်းစ် သူ့အမေ၏ နားမလည်သလို ဖြစ်သွားသော အကြည့်ကို မသိချင်ယောင်ဆောင်ကာ တစ်ဘက်သို့ လှည့်လိုက်၏။ ထို့နောက် အနီးရှိ အဲဗက်စ်ကို တစ်ချက် လှမ်းကန်လိုက်ရင်း...

"နောက်မှ တွေ့မယ် အဲလ် .. သီစရယ်လ်မြင်းတွေကို သတိထား..."

"သူတို့ကို မမြင်ရဘူး မဟုတ်လား..."

ဂျိမ်းစ်က အဖြေမပေးပဲ ရယ်ရင်း အမေ၏ အနမ်းကို ခံကာ အဖေဖြစ်သူကို တစ်ချက်ဖက်ရင်း ရထားပေါ်သို့ ခုန်တက်သွားတော့သည်..။ ထို့နောက် လက်ပြနှုတ်ဆက်ရင်း သူငယ်ချင်းများကို ရှာဖွေရန် ပြေးလွှားထွက်ခွာသွားသည်။

ဟယ်ရီက အဲဗက်စ်အား..

"သီစရယ်လ်မြင်းတွေက စိတ်ပူစရာ မဟုတ်ပါဘူး.. သူတို့က အင်မတန် သိမ်မွေ့ကြတယ်.. ဘာမှ ကြောက်စရာ မလိုဘူး... ပြီးတော့ သားတို့က ကျောင်းကို ရထားလုံးစီးသွားရဦးမှာ မဟုတ်ဘူး.. ဒီနှစ်က လှေနဲ့ သွားရမှာ..."

ဂျင်းနီက အဲဗက်စ်အား နမ်းရင်း နှုတ်ဆက်လိုက်သည်။

"ခရစ်စမတ်ကျမှ တွေ့မယ်..."

ဟယ်ရီက သူ့သားကို ပွေ့ဖက်နှုတ်ဆက်ရင်း...

“ဟက်ဂရစ်က သားကို နောက်တစ်ပတ် သောကြာမှာ လက်ဖက်ရည်သောက် ဖိတ်ထားတာ မမေ့နဲ့.. ပီးဗက်ကို သွားမရှုပ်နဲ့.. သေချာမသင်ရသေးပဲနဲ့ ဘယ်သူနဲ့မှ စီးချင်းမထိုးနဲ့.. ဂျိမ်းစ်နောက်သမျှကိုလည်း တကယ်မထင်နဲ့...”

“ကျွန်တော် စလေသရင် ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ.....”

အဲဗက်စ်က သူ့အဖေသာ ကြားစေရန် တီးတိုးပြောလိုက်သည်။ အဲဗက်စ် အလွန် စိုးရိမ်ပူပန်နေမှန်း ဟယ်ရီ သိလိုက်သည်။

ဟယ်ရီ ခါးကိုင်းကာ အဲဗက်စ်မျက်နှာအနီး ကပ်ကြည့်လိုက်သည်။ ဟယ်ရီ့ကလေးသုံးယောက်တွင် အဲဗက်စ်သာ လီလီ့မျက်လုံးမျိုး အမွေရခဲ့သည်။

ဟယ်ရီ တိတ်ဆိတ်စွာ ပြောလိုက်သော စကားကို ဂျင်းနီသာ ကြားရပြီး သူမက ရှို့စ်ကို လက်ပြနေလိုက်ကာ မကြားချင်ယောင် ဆောင်နေလိုက်သည်။

“အဲဗက်စ်ဆီးဗားရပ်စ်.. သားကို ဟော့ဂဝ်က ကျောင်းအုပ်ကြီး နှစ်ယောက်ရဲ့ နာမည်မှည့်ထားတယ်.. တစ်ယောက်က စလေသရင်အဆောင်ကပဲ ... ပြီးတော့ ဖေဖေမြင်ဖူးသိဖူးသမျှထဲက အရဲရင့်ဆုံးလူတစ်ယောက်လည်း ဖြစ်တယ်...”

“ဒါ.. ဒါပေမယ့်...”

“ဒီလိုဖြစ်သွားခဲ့ရင်လည်း စလေသရင်အဆောင်က တကယ် ထူးချွန်တဲ့ ကျောင်းသားတစ်ယောက်ကို ရသွားတာပေါ့.. မဟုတ်ဘူးလား.. ဖေဖေတို့အတွက် အဲဒီ့ကိစ္စက ဘာမှ အရေးမပါဘူး အဲလ်.. ဒါပေမယ့် သားအတွက် ပြဿနာ ရှိတယ် ဆိုရင်တော့ စလေသရင်ကို ချန်ထားပြီး ဂရစ်ဖင်ဒေါကို ရွေးချယ်နိုင်တယ်...အဆောင်ခွဲတဲ့ ဦးထုပ်က သားရဲ့ ရွေးချယ်မှုကိုပါ ထည့်တွက်လိမ့်မယ်...”

“တကယ်လား...”

“ဖေဖေတုန်းကတော့ တကယ်ပဲ...”

သူ့ကလေးတစ်ယောက်ကိုမှ ထိုအကြောင်းကို ဟယ်ရီ ပြောမပြဖူးချေ..။ အဲဗက်စ်မျက်နှာတွင် စဉ်းစားနေသော အရိပ်အယောင်များကို တွေ့ရ၏..။ ထိုအခိုက်မှာပင် ရထားကြီး၏ တံခါးများမှာ ပိတ်လိုက်ပြီး နှုတ်ဆက်ကြသော မိဘများနှင့် ရှုပ်ယှက်ခတ်သွား၏..။ အဲဗက်စ်က ရထားတွဲထဲ ခုန်ဝင်လိုက်ပြီး ဂျင်းနီက တံခါးပိတ်ပေးလိုက်သည်။ ကျောင်းသားအများစုမှာ သူတို့အနီးရှိ ပြတင်းပေါက်များမှ အပြင်သို့ ကြည့်နေကြ၏..။ ရထားအပေါ်မှရော ရထားအောက်မှပါ

မျက်နှာပေါင်းများစွာက ဟယ်ရီရှိရာသို့ လှည့်ကြည့်နေကြ၏..။ အဲဗက်စ်က ကျောင်းသားများကို ကြည့်ရင်း...

"သူတို့ ဘာလို့ ငေးကြည့်နေကြတာလဲ..."

ရွန်က...

"စိတ်မပူပါနဲ့ကွာ.. သူတို့က ငါ့ကို ကြည့်နေတာပါ.. ငါက အရမ်း ထင်ရှား ကျော်ကြားတယ်လေ..."

အဲဗက်စ်.. ရိုစ်.. ဟူဂိုနှင့် လီလီတို့ ရယ်လိုက်ကြသည်။ ရထားမှာ စတင်ရွေ့လျားပြီမို့ ဟယ်ရီတို့ ဘေးမှ လမ်းလျှောက်လိုက်ပါလာခဲ့သည်။ ဟယ်ရီ ပြုံးရင်း လက်ဝှေ့ယမ်းပြလိုက်၏..။ ရထား ထောင့်ချိုးတစ်ခုအကွယ်၌ ပျောက်ကွယ်သွားသည်အထိ ဟယ်ရီ လက်ပြနေဆဲပင်..။ ဂျင်နီက...

"စိတ်မပူပါနဲ့.. သူ အဆင်ပြေမှာပါ..."

ဟယ်ရီက သူမကို ကြည့်ရင်း ရုတ်တရက် သတိမထားမိပဲ သူ၏ မိုးကြိုးသွားသဏ္ဍာန် အမာရွတ်ကို ပွတ်သပ်နေမိသည်။

"ကိုယ်သိပါတယ်..."

သူ၏ အမာရွတ်မှာ မနာကျင်ခဲ့သည်မှာ ဆယ့်ကိုးနှစ်တိတိ ရှိခဲ့ပေပြီ..။ အားလုံး အဆင်ပြေချောမွေ့နေလေပြီ...။

**ကောင်းမြတ်လွန်းသော်**